# သမ္မမင်္ဂလာဓမ္မဒေသနာ

(အရှင်ဝါသဝါဘိဝံသ)



"သဗ္ဗမင်္ဂလ ဓမ္မဒေသနာ" ကျမ်းပြု ဆရာတော်
အရှင်ဝါသဝါဘိဝံသ မဟာထေရ်

ဘာသာရေးဆိုင်ရာစာပေ ခွင့်ပြုချက် အမှတ် (၂၁၀)
မျက်နှာဖုံး ခွင့်ပြုချက်အမှတ် (၉၂၆)
ကင်းလွတ်ခွင့် အမှတ် (၉၁)

* * *

ပဌမ - အကြိမ်၊ အုပ်ရေ - ၂၀၀၀
(ဓမ္မဒါန)

သာသနာ သက္ကရာဇ် ၂၅၂၃
ကောဇာ သက္ကရာဇ် ၁၃၄၁-ခု၊ ပြာသိုလ
ခရစ် သက္ကရာဇ် ၁၉၈၀-ခု၊ ဇန်နဝါရီလ
တွင်
ရိုက်နှိပ်ပြီးစီးသည်။

* * *

ထုတ်ဝေသူ
ဒေါ်ပွင့်မာစိုး၊ အမှတ်-၃၊ မဂ္ဂင်လမ်း၊
ကျောက်ကုန်း၊ ရန်ကုန်မြို့။

ပုံနှိပ်သူ
ဦးအုန်းစိန်၊ မှတ်ပုံတင်အမှတ် (မြ-၀၇၀၀)
အောင်မိတ်ဆက် စာပုံနှိပ်တိုက်

# သဗ္ဗမင်္ဂလ ဓမ္မဒေသနာ

## မာတိကာ


| ဦးရေ | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| | **နိဒါနကထာ မိတ်ဆက်အမှာ** | | |
| ၁။ | ဤကျမ်းအမည် ဖြစ်ပေါ်လာခြင်းအကြောင်း | .... | ဍ |
| ၂။ | မဟာဝိသုဒ္ဓါရုံ တိုက်သစ် ပေါ်ထွန်းလာ | .... | ဎ |
| ၃။ | ပါဠိတက္ကသိုလ်ဖြစ်လာ | .... | တ |
| ၄။ | ဤကျမ်းစာ ဖြစ်လာရခြင်း အကြောင်းနှင့် ကျေးဇူးတရားများကို ဖော်ပြချက် | .... | ဓ |
| ၅။ | ပဏာမ ဒေသနာ | .... | ပ |
| ၆။ | ဥယျောဇန ဒေသနာ | .... | ဖ |
| ၇။ | အာသီသ ဒေသနာ | .... | ဗ |
| ၈။ | သံဝေဇနိယနှင့် ဥပကာရ ဒေသနာ | .... | ဘ |
| | **ရေဒီယိုမှ အသံလွှင့် ဟောကြားတော်မူအပ်သော နှစ်သစ်အခါ ကျက်သရေမင်္ဂလာဒေသနာ** | .... | ၁ |
| ၉။ | သဗ္ဗမင်္ဂလ ဂါထာ | .... | ၂ |
| ၁၀။ | ရုပ်, နာမ်-သိဘို့ အရေးကြီး | .... | ၃ |
| ၁၁။ | ပဋ္ဌဂပုဏ္ဏား ဝတ္ထု | .... | ၄ |
| ၁၂။ | ရုပ်,နာမ်-သဘာဝ | .... | ၅ |
| ၁၃။ | မင်္ဂလာ | .... | ၇ |
| | **ဩကာသ အကြောင်းအရာ** | | |
| ၁၄။ | ဩကာသကို ရရှိသူ နည်းပါးလာပုံ | .... | ၈ |
| ၁၅။ | ရှေးမူဟောင်း ဩကာသ ကန်တော့ခန်း | .... | ၉ |
| ၁၆။ | ဩကာသ | .... | ၁၀ |
| ၁၇။ | ဒုစရိုက်တရား ၁၀-ပါး | .... | ၁၁ |
| ၁၈။ | ဒုစရိုက်တရား ၁၀-ပါး၌ သုရာပါန သွင်းယူရကြောင်း | .... | ၁၁ |
| ၁၉။ | လောက ပျက်စီးကြောင်းတရား ၁၀-ပါး | .... | ၁၂ |
| ၂၀။ | ဒုစရိုက် လေးဆယ် | .... | ၁၃ |
| ၂၁။ | သုစရိုက်တရား ၁၀-ပါး | .... | ၁၄ |

| ဦးရေ | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၂၂။ | လောက ကြီးပွါးကြောင်းတရား ၁၈-ပါး | .... | ၁၄ |
| ၂၃။ | မဟာကပ္ပိနမင်းကြီး ဝတ္ထု | .... | ၁၅ |
| ၂၄။ | ဗရားသံ ကြားရခဲ | .... | ၁၇ |
| ၂၅။ | မာန်ချ ကန်တော့သည့် အကျိုး | .... | ၁၈ |
| ၂၆။ | မာန် မချ မကန်တော့သည့်အပြစ် | .... | ၁၉ |
| ၂၇။ | အပါယ်လေးပါး, ကပ်သုံးပါး, ရပ်ပြစ်ရှစ်ပါး | .... | ၂၂ |
| ၂၈။ | ရန်သူမျိုးငါးပါး, ဝိပတ္တိတရားလေးပါး, ဗျသနတရားငါးပါး | .... | ၂၂ |
| ၂၉။ | သီလတောင်း | .... | ၂၅ |
| ၃၀။ | ဗရားရှိခိုး, နမော တဿ-ဖြင့် ရှိခိုးသူများ | .... | ၂၆ |
| ၃၁။ | ဥရောပ ဗုဒ္ဓဘာသာ အလင်းပြကျမ်း ပဏာမ | .... | ၂၇ |
| ၃၂။ | နမော တဿ-ဖြင့် ရှိခိုးသူများ | .... | ၂၉ |
| ၃၃။ | ငါးပါးသီလ | .... | ၃၁ |
| ၃၄။ | သရဏဂုံ သုံးပါး ပုတီးစိပ်ပုံ စသည်များ | .... | ၃၂ |
| ၃၅။ | သရဏဂုံ သုံးခန်း ပုတီးစိပ်ပုံ စသည်များကို ဝတ္ထုသာဓကများနှင့်တကွ ပြဆိုပုံ | .... | ၃၄ |
| ၃၆။ | သရဏဂုံ ဆောက်တည်ပုံ, သရဏဂုံ တည်သူ၌ လှူဒါန်းရကျိုး | .... | ၃၄ |
| ၃၇။ | သုံးပါးသရဏဂုံ မြင့်မြတ်လှပုံ, ဝေလာမသုတ် | .... | ၃၅ |
| ၃၈။ | သရဏဂုံ သုံးပါး သြဝါဒကထာ | .... | ၃၉ |
| ၃၉။ | သရဏဂုံ ပုတီးစိပ်ပုံ | .... | ၄၁ |
| ၄၀။ | ဤကျမ်းပြုမဟာထေရ်၏ ပုတီးစိပ်နည်း | .... | ၄၃ |
| ၄၁။ | သရဏဂုံ သုံးဆယ် | .... | ၄၇ |
| ၄၂။ | ငါးပါးသီလ အကျိုး, မဟာဓမ္မပါလဇာတ် | .... | ၅၀ |
| ၄၃။ | သီလ မျိုးမည် | .... | ၅၁ |
| ၄၄။ | တိသရဏ ဂမနိယ မထေရ် ဝတ္ထု | .... | ၅၂ |
| ၄၅။ | သရဏဂုံ အကျိုး ၈-ပါး | .... | ၅၄ |


## ငါးပါးသီလ အကျိုး အပြစ်များ


| | | | |
|---|---|---|---|
| ၄၆။ | ငါးဆယ့်ငါးနှစ်ကာလ နန္ဒ န္ဒားသတ်သမားအကြောင်း | .... | ၅၉ |
| ၄၇။ | တကြိမ် သတ်ရုံမျှဖြင့် ခံရသော အပြစ် | .... | ၅၉ |
| ၄၈။ | မိစ္ဆာစာရကံ အပြစ်, မိစ္ဆာစာရကံပြု သူဌေးသား လေးယောက် | .... | ၆၃ |
| ၄၉။ | ဒု,သ,န,သော | .... | ၆၄ |
| ၅၀။ | မိစ္ဆာစာရကံပြု အမျိုးသမီးများ, ဣသိဒါသီ ရဟန္တာမ အလောင်း | | ၅၆ |
| ၅၁။ | မုသာဝါဒကံ၏ အပြစ်ကိုပြသော စေတိယမင်း ဝတ္ထု | .... | ၆၈ |

| ဦးရေ | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၅၂။ | သုရာပါနကံ၌ အရက်တန်ခိုး အလွန်ဆိုး | .... | ၇၁ |
| ၅၃။ | အရက်၏ အစ ဖြစ်ပေါ်ရာ ကာလ, အရက်ဖျက် ပြည်ပျက် | .... | ၇၃ |
| ၅၄။ | သေရည်သောက်ခြင်းကြောင့် ယခုဘဝ၌ ရရှိသော အပြစ်(၆)ပါး | .... | ၇၆ |
| ၅၅။ | သေရည်သောက်ခြင်းမှ ရှောင်ခြင်းကြောင့် ရသောအကျိုးများ | .... | ၇၇ |
| ၅၆။ | ဆရာသမား ရွေးချယ်ကိုးကွယ် | .... | ၇၉ |
| ၅၇။ | ကုသိုလ်ကောင်းမှု ပြုလုပ်ကြ, ပုထုဇဉ်အရူး | .... | ၈၁ |
| ၅၈။ | ဝဋ္ဋရထားစီးပြီး ဘုံ ၃-ပါး ခရီးထွက်နေပုံ | .... | ၈၂ |
| ၅၉။ | မဂ္ဂင်ယာဉ်ကြီး ပြောင်းစီးကြ | .... | ၈၄ |
| ၆၀။ | သွားရမည့် သံသရာခရီး | .... | ၈၅ |
| ၆၁။ | သံသရာ အရှည်နှင့် ပုထုဇဉ်အရူး, ယုဂ် ၄ မျိုး | .... | ၈၆ |
| ၆၂။ | ကိုယ့်ကိုယ်သာ အပြစ်တင် | .... | ၈၈ |
| ၆၃။ | အပါယ်ရောက် တရား | .... | ၈၉ |
| ၆၄။ | ရှစ်ပါးသီလကို ဥပုသ်(ဥပေါသထ)ဟု ခေါ်ဆိုရခြင်းအကြောင်း | | ၉၀ |
| ၆၅။ | ဥပုသ် အမျိုးမျိုး | .... | ၉၁ |
| ၆၆။ | သီလဆောက်တည်ရန် အညွှန်း | .... | ၉၂ |
| ၆၇။ | ပါဠိဘာသာဖြင့် ရှစ်ပါးသီလ ဆောက်တည်ပုံ | .... | ၉၂ |
| ၆၈။ | ပါဠိဘာသာသည် ပဋိသမ္ဘိဒါဉာဏ်ရကြောင်း | .... | ၉၃ |
| ၆၉။ | ပဋိသမ္ဘိဒါဉာဏ် ၄-ပါး, မာဂဓဘာသာ ပြောဆိုသူ ၄-ဦး | .... | ၉၄ |
| ၇၀။ | မြန်မာဘာသာဖြင့် ရှစ်ပါးသီလ ဆောက်တည်ပုံ | .... | ၉၅ |
| ၇၁။ | ဗိုလ်ချုပ်အောင်ဆန်း လျှောက်ထားချက် | .... | ၉၆ |
| ၇၂။ | ရှစ်ပါးသီလ ဆောက်တည်ရကျိုး | .... | ၉၇ |
| ၇၃။ | နေ့ထက်ဝက် ဥပုသ်ကျိုး ဝတ္ထု | .... | ၉၇ |
| ၇၄။ | **ဗုဒ္ဓါဘိသေက (ဘုရားအနေကဇာတင်)မင်္ဂလာဒေသနာ** | .... | ၁၀၀ |
| ၇၅။ | **ရှင်ပြု အလှူမင်္ဂလာ ဒေသနာ** | .... | ၁၁၃ |
| ၇၆။ | **ပဗ္ဗဇ္ဇမင်္ဂလာ ဒေသနာ** (မိဘ အပေါ် သားသမီးတို့ လိုက်နာကျင့်ကြံရမည့် ဝတ်တရား စသည်တို့ ပါရှိသည်) | .... | ၁၂၄ |
| ၇၇။ | **ကျောင်းအလှူ ပူဇော်ပွဲ ဒေသနာ** | .... | ၁၄၆ |
| ၇၈။ | **ကျောင်းလှူ ပူဇော်ပွဲ ဓမ္မဒေသနာ** | .... | ၁၇၄ |
| ၇၉။ | **ကထိန်တရား ဒေသနာ** | .... | ၁၉၃ |
| ၈၀။ | **အိမ်တက်မင်္ဂလာ ဒေသနာ** | .... | ၂၀၇ |

## မာတိကာ


| ဦးရေ | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| | **တိပိဋကဓရနှင့် ဝိနယဓရ ပူဇော်ပွဲ** | | |
| ၈၁။ | ၎င်းပူဇော်ပွဲ၌ အဘိဓဇမဟာရဋ္ဌဂုရု, မစိုးရိမ်ဆရာတော်ကြီး ဩဝါဒ | — | ၂၁၀ |
| ၈၂။ | ၎င်းပူဇော်ပွဲ၌ ရွှေကျင်ဂိုဏ်းဥက္ကဋ္ဌ, အဂ္ဂမဟာပဏ္ဍိတ, မြောင်းမြဆရာတော်ကြီး ဩဝါဒ | .... | ၂၁၂ |
| ၈၃။ | သာသနာကွယ်မှု ၃-ရပ် | .... | ၂၁၃ |
| ၈၄။ | ၎င်းပူဇော်ပွဲ၌ ရန်ကုန်၊ မဟာဝိသုဒ္ဓါရုံ ဆရာတော် ဟောကြားတော်မူသော တရား | .... | ၂၁၅ |
| ၈၅။ | ငယ်ငယ်ရွယ်ရွယ် ပုဂ္ဂိုလ်များ မြတ်စွာဘုရား သက်ညှာတော်မူပုံ | .... | ၂၁၇ |
| ၈၆။ | ချီးမြှောက်သင့် ချီးမြှောက်ထိုက်တဲ့ ပုဂ္ဂိုလ်များ | .... | ၁၁၈ |
| ၈၇။ | ပရိယတ္တိ ကျွမ်းကျင်သူများ ဗရားမည်ပုံ | — | ၂၂၀ |
| ၈၈။ | ရွှေကျင်, ဒိုပဲရင်း, အလုံ, လယ်တီ, မြောင်းမြ ဆရာတော်ကြီးတို့၏ ဩဝါဒများ | .... | ၂၂၃ |
| ၈၉။ | အမြတ်ဆုံး ကုသိုလ် | — | ၂၂၇ |
| ၉၀။ | ၎င်းပူဇော်ပွဲ၌ တိပိဋက, ဆရာတော်-အရှင်ဝိစိတ္တသာရ တရား | .... | ၂၂၈ |
| ၉၁။ | ဒကာ, ဒကာမတို့အား အားပေးစကား ဟောကြားခြင်း | .... | ၂၂၉ |
| ၉၂။ | ပိဋကသုံးဖြာနှင့် သာသနာ သုံးရပ်ကို စပ်ဟပ်မိန့်ကြားခြင်း | — | ၂၃၃ |
| ၉၃။ | ရန်ကုန်, မဟာဝိသုဒ္ဓါရုံ သာသနာ့ အာဇာနည်များ | — | ၂၃၄ |
| | **မရဏာနုဿတိ ဘာဝနာ ဒေသနာ** | | |
| ၉၄။ | ခုမြင် ခုပျောက် | .... | ၂၃၆ |
| ၉၅။ | သေခြင်းတရား အလွန်လျင်မြန်ပုံ | — | ၂၃၇ |
| ၉၆။ | အာယုသင်္ခါရ ၂-မျိုး | .... | ၂၃၇ |
| ၉၇။ | သေခြင်း ၄-မျိုး, ခြေတလှမ်း ရွှေတသန်း | .... | ၂၃၈ |
| ၉၈။ | စိတ်ထားတူလျှင် အကျိုးပေးတူပုံနှင့် ၎င်းပြ ဝတ္ထုသာဓက | .... | ၂၃၉ |
| ၉၉။ | ဗုဒ္ဓအဂါရဝ မဖြစ်ဘို့ အရေးကြီးပုံ | — | ၂၄၁ |
| ၁၀၀။ | ရှင်မောဂ္ဂလာန်ထိုး နှလုံးသွင်းကြ | .... | ၂၄၂ |
| ၁၀၁။ | ဆရာကိုးကွယ်မှု မမှားသင့်ပုံ | .... | ၂၄၃ |
| ၁၀၂။ | အလှူခံ မသုံးဆောင်သော်လည်း လှူသူမှာ ကုသိုလ်ရပုံ | .... | ၂၄၄ |
| ၁၀၃။ | သတ္တဝါတို့ မသိနိုင်သော တရား ငါးပါး | .... | ၂၄၅ |
| ၁၀၄။ | (လေယာဉ်ပျက်သေသူ)ဒေါ်ဝင်းမြင့် စိတ်ထား မှတ်ဖွယ်ကောင်းပုံ | | ၂၄၆ |
| ၁၀၅။ | သံဝေဂ ဝတ္ထု ၈-ပါး | .... | ၂၄၇ |

| ဦးရေ | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၁၀၆။ | တဦးနှင့်တဦး မကယ်နိုင်တဲ့တရား ၃-ပါး(လင်္ကာပါ) | .... | ၂၄၈ |
| ၁၀၇။ | နောက်ဘဝအတွက် ယူလိုရသည့် ဥစ္စာ | .... | ၂၅၀ |
| ၁၀၈။ | ဘုရားသော်မှ မလွန်ဆန်နိုင်တဲ့တရား | .... | ၂၅၂ |
| ၁၀၉။ | သံသရာ ခရီးသွား ညှော်သည် | .... | ၂၅၃ |
| ၁၁၀။ | ဝိပဿနာရှုရန် | .... | ၂၅၅ |
| ၁၁၁။ | အတုယူစရာ မလ္လိကာ ဝတ္ထု | .... | ၂၆၁ |
| ၁၁၂။ | အဿကမင်းကြီး ဝတ္ထု(သေသူအပေါ် အစွဲအလမ်းမထားသင့်ပုံ) | | ၂၆၂ |
| ၁၁၃။ | ဥပရိဒေဝီ ဝတ္ထု | .... | ၂၆၃ |
| ၁၁၄။ | ပဋာစာရီ ဝတ္ထု | .... | ၂၆၃ |
| ၁၁၅။ | သိကြားမင်း ရွတ်ဆိုသည့်ဂါထာ(သံဝေဂယူစရာ) | .... | ၂၆၇ |
| ၁၁၆။ | နန္ဒိဝိသာလ ဝတ္ထု(စကားပြောရာ၌ ဆင်ခြင်စရာ) | .... | ၂၆၉ |
| ၁၁၇။ | ဂေါဒတ္တထေရ ဝတ္ထု | .... | ၂၇၀ |
| ၁၁၈။ | လောကဓံ တရားတော် | .... | ၂၇၂ |
| ၁၁၉။ | ကျွဲ, နွားများကို ညှာတာရန် လင်္ကာများ | .... | ၂၇၃ |
| ၁၂၀။ | ဗုဒ္ဓမြတ်စွာ၏ အဆိပ်ကင်းဝေး ဆေးတော်ကြီး | .... | ၂၇၄ |
| ၁၂၁။ | ခန္ဓသုတ်ပရိတ်တော် ဘုရားဟောကြားတော်မူပုံ | .... | ၂၇၅ |
| ၁၂၂။ | ဥပသေန မထေရ် | .... | ၂၇၆ |
| ၁၂၃။ | ပရိတ်ရွတ်သူ, နာသူတို့၌ အင်္ဂါသုံးပါးစီ | .... | ၂၇၇ |
| ၁၂၄။ | ခန္ဓသုတ် ပရိတ်ကြီး ပါဠိတော် | .... | ၂၇၈ |
| ၁၂၅။ | ခန္ဓသုတ် ပရိတ်ကြီး အနက်နှင့် စကားပြေ | .... | ၂၇၉ |
| ၁၂၆။ | မေတ္တာတရား ပွါးများသင့်လှပုံ | .... | ၂၈၄ |
| ၁၂၇။ | မေတ္တာတန်ခိုး ကြီးမားပုံ(ရဟန်းငါးရာဝတ္ထု) | .... | ၂၈၅ |
| ၁၂၈။ | မေတ္တာအကျိုးပြ သာမာဝတီဝတ္ထု | .... | ၂၈၅ |
| ၁၂၉။ | ဝိသာခ ရဟန်း၏ မေတ္တာစွမ်းအင် | .... | ၂၈၇ |
| ၁၃၀။ | အမိ နွားမကြီး၏ မေတ္တာစွမ်းအင် | .... | ၂၈၈ |
| ၁၃၁။ | မေတ္တာပို့သကျိုး ၁၁-မျိုးနှင့် လင်္ကာ | .... | ၂၈၈ |
| ၁၃၂။ | မေတ္တသုတ်လာ ဒုကနည်း, တိကနည်းဖြင့် မေတ္တာပွါးများပုံ | .... | ၂၈၉ |
| ၁၃၃။ | တနည်း မေတ္တာပို့ပုံ | .... | ၂၉၃ |
| ၁၃၄။ | ၅၂၈-သွယ် မေတ္တာယူနည်း | .... | ၂၉၄ |
| ၁၃၅။ | ရဟန်းဝတ်တရား ခြောက်ပါး | .... | ၂၉၅ |
| ၁၃၆။ | တိုင်းပြည် ခေါင်းဆောင်ကြီးများအား မေတ္တာပွားများပုံ | .... | ၂၉၆ |
| ၁၃၇။ | ဆရာဝန်ကြီးများနှင့် ဆရာ, ဆရာမများ မေတ္တာပွါးများပုံ | .... | ၂၉၇ |

| ဦးရေ | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၁၃၈။ | လူမမာများအား မေတ္တာပွါးများပုံ | .... | ၂၉၇ |
| ၁၃၉။ | ဆေးရုံတက်စဉ် တရားဆင်ခြင် | .... | ၂၉၈ |
| ၁၄၀။ | ဝသဘမင်းကြီး လျှောက်ထားချက်, အသက်ရှည်ကြောင်းတရား ၆-ပါး | .... | ၃၀၅ |
| ၁၄၁။ | အကုသိုလ်ကံ ပေးချိန်တန်က | .... | ၃၀၈ |
| ၁၄၂။ | စက် ၄-ပါးနှင့် ကြုံမှ အကျိုးပေးခွင့်ရ | .... | ၃၀၉ |
| ၁၄၃။ | ဆေးရုံတက်စဉ် တရားနှလုံးသွင်းပုံနှင့် လက်ာ | .... | ၃၁၀ |
| ၁၄၄။ | စည်ရှင်ဆရာတော်ကြီး၏ သမ္ဗုဒ္ဓေဂါထာ ပါဌ်, အနက် | .... | ၃၁၁ |
| ၁၄၅။ | သမ္ဗုဒ္ဓေ=အန္တရာယ်ကင်း အမွန်းတင် ပါဌ်, အနက် | .... | ၃၁၂ |
| ၁၄၆။ | ဗဟုသုတဖြစ်ဖွယ်=နှုတ်ခမ်းမွေး ဦးဉာဏဝံသ | .... | ၃၁၅ |
| ၁၄၇။ | ဘုန်းကြီးကိုယ်တွေ့ | .... | ၃၁၇ |
| ၁၄၈။ | ဆေးရုံတက်ခိုက် ဆရာတော်အရှင်ဇနကာဘိဝံသမှ ဩဝါဒ(ပေးစာ) | | ၃၁၈ |
| ၁၄၉။ | အရှင်ဇနကာဘိဝံသ အထံတော် ပြန်ကြားစာ | .... | ၃၁၉ |
| ၁၅၀။ | ရုပ်, နာမ် တရား | .... | ၃၂၀ |
| ၁၅၁။ | ရုပ် နာမ် တရား, ကျက်မှတ်ရန် လက်ာ | .... | ၃၂၂ |
| ၁၅၂။ | အကျိုးတရားနှင့် အကြောင်းတရားများ | .... | ၃၂၃ |
| ၁၅၃။ | ခန္ဓာငါးပါး သိဘွယ်များ | .... | ၃၂၄ |
| ၁၅၄။ | ခန္ဓာငါးပါး ကျက်မှတ်ရန် လက်ာ | .... | ၃၂၅ |
| ၁၅၅။ | ခန္ဓာငါးပါး ဝိပဿနာရှုပုံ | .... | ၃၂၇ |
| ၁၅၆။ | ဓာတ်ခြောက်ပါး | .... | ၃၂၉ |
| ၁၅၇။ | ဓာတ်ခြောက်ပါး ဝိပဿနာရှုပုံ | .... | ၃၃၁ |
| ၁၅၈။ | ကာယာနုပဿနာ ရှုပွါးဘွယ် | .... | ၃၃၂ |
| ၁၅၉။ | တစပဉ္စက ကမ္မဋ္ဌာန်း၌ ရှုပွါးဘွယ် | .... | ၃၃၃ |
| ၁၆၀။ | ကောဋ္ဌာသ ကမ္မဋ္ဌာန်းကို ပွါး၍ တရားထူးရသူများ | .... | ၃၃၄ |
| ၁၆၁။ | အရိုးစု(အဋ္ဌိက)ကမ္မဋ္ဌာန်း ပွါးများသင့်ပုံ(ကျေးသားဝတ္ထု) | .... | ၃၃၇ |
| ၁၆၂။ | ဦးစွာပွါးရမည့် တရား ၃-ပါး | .... | ၃၄၀ |
| ၁၆၃။ | အရိုးစု ကမ္မဋ္ဌာန်း ပွါးများပုံ | .... | ၃၄၀ |


## ဗုဒ္ဓါနုဿတိ သမထဘာဝနာ အကြောင်း


| | | | |
|---|---|---|---|
| ၁၆၄။ | အံ့ဘွယ် ဂုဏ်တော်များ | .... | ၃၄၃ |
| ၁၆၅။ | ပိဋကသုံးပုံနှင့် အဆီအနှစ် | .... | ၃၄၄ |
| ၁၆၆။ | ဗုဒ္ဓါနုဿတိဂုဏ်တော် အမြတ်ဆုံး | .... | ၃၄၅ |

| ဦးရေ | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၁၆၇။ | ဗုဒ္ဓါနုဿတိ အဓိပ္ပါယ် | .... | ၃၄၅ |
| ၁၆၈။ | စိပ်ပုတီး အကြောင်း | .... | ၃၄၆ |
| ၁၆၉။ | စိပ်ပုတီး အသုံးဝင်ပုံနှင့် စိပ်ပုတီးစိပ်သူကို အပြစ်မပြောသင့် | .... | ၃၄၇ |
| ၁၇၀။ | ဃောသက ဝင်ရှုလိုက်ပုံ | .... | ၃၄၈ |
| ၁၇၁။ | ဂုဏ်တော်ထုံပွါး နာမည်ကြီး ပုဂ္ဂိုလ်များ | .... | ၃၄၉ |
| ၁၇၂။ | ဂုဏ်တော်ပွါး၍ ပညာတေဇဂ်ရပုံ | .... | ၃၅၀ |
| ၁၇၃။ | ဘုရားဂုဏ်တော် ပွါးရကျိုးများ | .... | ၃၅၁ |
| ၁၇၄။ | သာသနာတွင်း ကုသိုလ် အကျိုးကြီးလှပုံ | .... | ၃၅၄ |
| ၁၇၅။ | သတ္တဝါတွေကို စိတ်ကသာ ပြုပြင်ဆောင်ရွက်နေပုံ | .... | ၃၅၅ |
| ၁၇၆။ | ဂုဏ်တော် ပါဠိ ရွတ်ဖတ်နည်း | .... | ၃၅၆ |
| ၁၇၇။ | ဂုဏ်တော် ၉-ပါး, ၁၀-ပါး ဘုရားရှိခိုးပုံ | .... | ၃၅၇ |
| ၁၇၈။ | အရဟံ ဂုဏ်တော် အဓိပ္ပါယ် | .... | ၃၅၉ |
| ၁၇၉။ | ပစ္စေကဗုဒ္ဓါ, ရဟန္တာ ဝါသနာ မပယ်နိုင်ပုံ | .... | ၃၆၀ |
| ၁၈၀။ | သမ္မာသမ္ဗုဒ္ဓ ဂုဏ်တော် အဓိပ္ပါယ် | .... | ၃၆၁ |
| ၁၈၁။ | သစ္စာလေးပါး အဆင့်ဆင့်ဟောခြင်းအကြောင်း | .... | ၃၆၂ |
| ၁၈၂။ | စာမေးပွဲအောင်ရန် သမ္မာသမ္ဗုဒ္ဓဂုဏ်တော်ပွါးများ | .... | ၃၆၃ |
| ၁၈၃။ | ဝိဇ္ဇာ, စရဏသမ္ပန္န ဂုဏ်တော်အဓိပ္ပါယ် | .... | ၃၆၄ |
| ၁၈၄။ | သုဂတ ဂုဏ်တော်နှင့် လောကဝိဒူ ဂုဏ်တော်အဓိပ္ပါယ် | .... | ၃၆၅ |
| ၁၈၅။ | အနုတ္တရော ပုရိသဒမ္မသာရထိ ဂုဏ်တော်အဓိပ္ပါယ် | .... | ၃၆၆ |
| ၁၈၆။ | အနုတ္တရော ဂုဏ်တော်နှင့် ပုရိသဒမ္မသာရထိ ဂုဏ်တော်အဓိပ္ပါယ် | .... | ၃၆၇ |
| ၁၈၇။ | သတ္ထာဒေဝမနုဿာနန္နှင့် ဗုဒ္ဓဂုဏ်တော် အဓိပ္ပါယ် | .... | ၃၆၈ |
| ၁၈၈။ | ဘဂဝါ ဂုဏ်တော်အဓိပ္ပါယ် | .... | ၃၆၈ |
| ၁၈၉။ | ယောဂီအင်္ဂါ ၅-ဖြာ, ၇-ဖြာ | .... | ၃၆၉ |
| ၁၉၀။ | မဂ်, ဖိုလ်ရကြောင်းများ | .... | ၃၇၁ |
| ၁၉၁။ | ပုတီးစိပ်ရာ၌ အထူးသိဘွယ်နှင့် ပုတီးစိပ် အင်္ဂါ ၅-ချက် | .... | ၃၇၂ |
| ၁၉၂။ | ဂုဏ်တော်အကျဉ်း, အကျယ် ပွါးများပုံ | .... | ၃၇၄ |
| ၁၉၃။ | ဘုရားဂုဏ်တော်ကြောင့် လေနာပျောက် | .... | ၃၈၇ |
| ၁၉၄။ | ဘုရားဂုဏ်တော်ကြောင့် မဲမဲကြီးထွက်ပြေး | .... | ၃၈၈ |
| ၁၉၅။ | ဘုရားဂုဏ်တော်ကြောင့် ပြန်ပေးဆွဲ မခံရ | .... | ၃၈၈ |
| ၁၉၆။ | ဘုရားဂုဏ်တော်ကြောင့် လေငြိမ်သွားခြင်း | .... | ၃၈၉ |
| ၁၉၇။ | ဘုရားဂုဏ်တော်ကြောင့် ထုံဆေးထိုး ခံနိုင်ခြင်း | .... | ၃၉၀ |

| ဦးရေ | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၁၉၈။ | နန္ဒိဝါဏိဇ္ဇ ဥပါသကာဝတ္ထု (ဂုဏ်တော်တန်ခိုးပြ) | .... | ၃၉၀ |
| ၁၉၉။ | ဗုဒ္ဓါရမ္မဏ ဥဗ္ဗေဂါပီတိ အစွမ်း | .... | ၃၉၀ |

## စတုရာရက္ခတရား လေးပါး


| | | | |
|---|---|---|---|
| ၂၀၀။ | ဗုဒ္ဓါနုဿတိနှင့် မေတ္တာ သမထဘာဝနာ | .... | ၃၉၂ |
| ၂၀၁။ | အသုဘ သမထဘာဝနာနှင့် အသုဘ ၁၀-ပါး ပွါးများပုံ | .... | ၃၉၃ |
| ၂၀၂။ | ရှင်တုန်းမှာလည်း အသုဘပင် | .... | ၃၉၄ |
| ၂၀၃။ | မရဏဿတိ သမထဘာဝနာနှင့် သေခြင်းတရားလေးပါး | .... | ၃၉၆ |
| ၂၀၄။ | မရဏဿတိ (သေခြင်းတရား)ပွါးများပုံနှင့် ၎င်းတရားလင်္ကာ | .... | ၃၉၇ |


## ဝိပဿနာ ဘာဝနာ ဒေသနာ


| | | | |
|---|---|---|---|
| ၂၀၅။ | အနာထ ပိဏ္ဍိကောဝါဒ သုတ် | .... | ၄၀၂ |
| ၂၀၆။ | ဝိပဿနာ ကိုးဟန်နှင့် အာယတန ၁၂-ပါးလင်္ကာ | .... | ၄၀၄ |
| ၂၀၇။ | အဇ္ဈတ္တိကာယတန ၆-ပါး(ဒွါရ ၆-ပါး) | .... | ၄၀၅ |
| ၂၀၈။ | ဗာဟိရာယတန ၆-ပါး (အာရုံ ၆-ပါး) | .... | ၄၀၆ |
| ၂၀၉။ | အာယတန ၁၂-ပါး, မီး ၁၁-ပါး လောင်ပုံ | .... | ၄၀၆ |
| ၂၁၀။ | မီး ၁၁-ပါး လင်္ကာနှင့် ဇာတိ ဒုက္ခ | .... | ၄၀၇ |
| ၂၁၁။ | ပဋိသန္ဓေ ၄-မျိုး | .... | ၄၁၀ |
| ၂၁၂။ | မဟာကရုဏာတော် ကြီးမားခြင်း | .... | ၄၁၁ |
| ၂၁၃။ | ဒွါရ (အဇ္ဈတ္တိကာယတန) ၆-ပါး အဓိပ္ပါယ် | .... | ၄၁၁ |
| ၂၁၄။ | လက္ခဏာရေး ၃-ပါးနှင့် အနိစ္စလက္ခဏာ မထင်နိုင်ပုံ | .... | ၄၁၃ |
| ၂၁၅။ | မီးစက်ပိုင်း ဥပမာနှင့် မြစ်ရေ ဥပမာ | .... | ၄၁၄ |
| ၂၁၆။ | ဒုက္ခ လက္ခဏာနှင့် အနတ္တလက္ခဏာ မထင်နိုင်ပုံ | .... | ၄၁၅ |
| ၂၁၇။ | မိစ္ဆာအမှား သတိထား | .... | ၄၁၆ |
| ၂၁၈။ | အနိစ္စ, ဒုက္ခ, အနတ္တ-လက္ခဏာ မထင်ပုံ ဆောင်ပုဒ် | .... | ၄၁၈ |
| ၂၁၉။ | အနိစ္စထင် မာနစင်, ဒုက္ခထင် တဏှာစင်, အနတ္တထင် ဒိဋ္ဌိစင် | .... | ၄၁၈ |
| ၂၂၀။ | ဒွါရ (အဇ္ဈတ္တိကာယတန) ၆-ပါး ဝိပဿနာရှုပုံ | .... | ၄၂၀ |
| ၂၂၁။ | အာရုံ (ဗာဟိရာယတန) ၆-ပါး လင်္ကာများ | .... | ၄၂၂ |
| ၂၂၂။ | အာရုံ ၆-ပါး ဝိပဿနာ ရှုပွါးပုံ | .... | ၄၂၂ |
| ၂၂၃။ | ဝိညာဏ် ၆-ပါးဖြစ်ပုံနှင့် ဝိညာဏ် ၆-ပါး ဝိပဿနာ ရှုပွါးပုံ | .... | ၄၂၄ |
| ၂၂၄။ | ဖဿ ၆-ပါးဖြစ်ပုံနှင့် ဖဿ ၆-ပါး ဝိပဿနာ ရှုပွါးပုံ | .... | ၄၂၆ |
| ၂၂၅။ | ဝေဒနာ ၆-ပါးဖြစ်ပုံနှင့် ဝေဒနာ ၆-ပါး ဝိပဿနာ ရှုပွါးပုံ | .... | ၄၂၈ |

| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၂၂၆။ | ဒွါရ ၆-ပါး, အာရုံ ၆-ပါး တရားလင်္ကာ .... | ၄၃၁ |
| ၂၂၇။ | ဝိညာဏ် ၆, ဖဿ ၆, ဝေဒနာ ၆, နှင့် ဓာတ် ၆-ပါး တရားလင်္ကာ | ၄၃၂ |
| ၂၂၈။ | ခန္ဓာ ၅-ပါး, အရူပဈာန် ၄-ပါး, စည်းစိမ် ၂-ပါး တရားလင်္ကာ.... | ၄၃၄ |
| ၂၂၉။ | ဒိဋ္ဌာဒိဝါရ တရားလင်္ကာနှင့် အထူး တိုက်တွန်း နှိုးဆော်ချက် .... | ၄၃၅ |
| ၂၃၀။ | သာသနာပိုင် ဆရာတော်ကြီးများ ဩဝါဒ .... | ၄၃၆ |
| ၂၃၁။ | နဝင်္ဂသီလ ဝိနိစ္ဆယ (ကိုးပါးသီလ အဆုံးအဖြတ်)ဒေသနာ .... | ၄၃၇ |
| ၂၃၂။ | စေတီယင်္ဂဏ ဝိနိစ္ဆယ(စေတီရင်ပြင် အဆုံးအဖြတ်)ဒေသနာ .... | ၄၅၆ |
| ၂၃၃။ | စေတီ လေးမျိုး .... | ၄၅၆ |
| ၂၃၄။ | စေတီ မည်ခြင်းအကြောင်းနှင့် စေတီယင်္ဂဏ-စေတီရင်ပြင်ယူပုံ .... | ၄၅၇ |
| ၂၃၅။ | အထူး သတိထားဘွယ်များ .... | ၄၆၀ |
| ၂၃၆။ | ယာဉ် အမျိုးအစား .... | ၄၆၁ |
| ၂၃၇။ | ကုတင်ဖြင့် စေတီရင်ပြင်သို့ ဆောင်သော ဝတ္ထု .... | ၄၆၁ |
| ၂၃၈။ | စေတီရင်ပြင်နှင့် အင်းပျဉ်ကုလားထိုင် .... | ၄၆၃ |
| ၂၃၉။ | သံဃိကကျောင်း ရေစက်ချ ဝိနိစ္ဆယ .... | ၄၆၅ |
| ၂၄၀။ | ပတ္ထနာ ဝိနိစ္ဆယ (ဆုတောင်းပုံ အဆုံးအဖြတ်) ဒေသနာ .... | ၄၇၁ |


## ပရိယတ္တိ သာသနာသည်သာ ပဓာနဖြစ်ကြောင်း


| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၂၄၁။ | သာသနာစဉ်ဆက် အမြွက်မျှ .... | ၄၇၆ |
| ၂၄၂။ | တာဝန်ရှိသူ သုံးမျိုး .... | ၄၇၇ |
| ၂၄၃။ | ဆရာ, ဒကာ မှီတင်း အားထုတ်ကြ .... | ၄၇၈ |
| ၂၄၄။ | စာမေးပွဲများ ကျင်းပပေးခြင်း .... | ၄၇၈ |
| ၂၄၅။ | မမေ့သင့်သော စာမေးပွဲကြီး .... | ၄၇၉ |
| ၂၄၆။ | ရေသောက်မြစ်နှင့် ပရိယတ္တိသာသနာ .... | ၄၈၂ |
| ၂၄၇။ | ကန်ဘောင်ရိုး, နွားမ, အကွာရာတံဆိပ်တို့နှင့် ပရိယတ္တိ သာသနာ.... | ၄၈၃ |
| ၂၄၈။ | ဘာဝနာကုသိုလ်ဖြစ်ပုံ .... | ၄၈၄ |
| ၂၄၉။ | ပရိယတ်ကို မပစ်ခတ်ကောင်း .... | ၄၈၄ |
| ၂၅၀။ | ပရိယတ်နှင့် ပဋိပတ် ဘယ်ဟာက မူလဖြစ်ကြောင်း ငြင်းခုံကြပုံ .... | ၄၈၅ |
| ၂၅၁။ | ရဟန်းတပါး စာအံနေရင်း ရဟန္တာဖြစ်သွားပုံ(ဝတ္ထု) .... | ၄၈၆ |
| ၂၅၂။ | ပုဂံခေတ်နှင့် ပရိယတ္တိ သာသနာ .... | ၄၈၇ |
| ၂၅၃။ | ပရိယတ် တတ်မြောက်သူကို မြတ်စွာဘုရား ချီးမြှောက်တော်မူပုံ .... | ၄၈၇ |
| ၂၅၄။ | အဘယ့်ကြောင့် ဒီလောက် ချီးမြှောက်တော်မူပါသနည်း .... | ၄၈၈ |
| ၂၅၅။ | ပရိယတ် တတ်မြောက်သူကို နတ်ဗြဟ္မာတို့ကလည်း ချီးမွမ်းကြပုံ .... | ၄၈၉ |

| ဦးရေ | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၂၅၆။ | သာသနာ ကွယ်ကြောင်းတရား ၁၅-ပါးနှင့် ၎င်းလင်္ကာ | .... | ၄၉၀ |
| ၂၅၇။ | သာသနာ တည်ကြောင်းတရား ၁၅-ပါး လင်္ကာ | .... | ၄၉၂ |
| ၂၅၈။ | ဓမ္မကထိက အရှင်မြတ်များအား တိုက်တွန်းတောင်းပန်ခြင်း | .... | ၄၆၄ |
| ၂၅၉။ | ပရိယတ္တိ မာမကညီတော်,နောင်တော်များအား တိုက်တွန်းခြင်း | .... | ၄၉၆ |
| ၂၆၀။ | စာချပုဂ္ဂိုလ် များထိုထိုတို့အား သတိပေးခြင်း | .... | ၄၉၇ |


## အလှူအကျိုးတရား


| | | | |
|---|---|---|---|
| ၂၆၁။ | အလှူ၏ အကျိုးတရားများကို အထူးအားဖြင့် သိသင့် သိထိုက်ပုံ | .... | ၄၉၉ |
| ၂၆၂။ | ကုသိုလ် ၃-မျိုး (ဟီန, မဇ္ဈိမ, ပဏီတ) | .... | ၅၀၁ |
| ၂၆၃။ | သမ္ပဇာန ကုသိုလ်နှင့် အသမ္ပဇာနကုသိုလ် | .... | ၅၀၂ |


## အလှူ အမျိုးမျိုးတို့၏ အကျိုးပြ လင်္ကာများ


| | | | |
|---|---|---|---|
| ၂၆၄။ | ကျောင်းလှူကျိုး လင်္ကာများ | .... | ၅၀၅ |
| ၂၆၅။ | ဗုရားဂုဏ်တော် ပွါးကျိုးများ | .... | ၅၀၆ |
| ၂၆၆။ | သင်္ကန်းပရိက္ခရာ ဒါနအကျိုးပြ လင်္ကာများ | .... | ၅၀၉ |
| ၂၆၇။ | သင်္ကန်းကို ရှိခိုးရကျိုးနှင့် အဖျော်ယမကာ လှူဒါန်းရကျိုး | .... | ၅၁၁ |
| ၂၆၈။ | သပိတ်, ဆွမ်း, ယာဂု, ရေ, ဆေး-လှူဒါန်းရကျိုး ၁၀-မျိုးစီ | .... | ၅၁၂ |
| ၂၆၉။ | အခိုးအထုံနံ့, ကရားရေဗူး-လှူဒါန်းရကျိုး ၁၀-မျိုးစီ | .... | ၅၁၄ |
| ၂၇၀။ | ထီး, ပဲကွပ် (သင်ဓုန်း)လှူဒါန်းရကျိုး ၈-မျိုးစီ | .... | ၅၁၅ |
| ၂၇၁။ | ဓား, ယပ်ခပ်, မျက်စဥ်း-လှူဒါန်းရကျိုး ၈-မျိုးစီ | .... | ၅၁၆ |
| ၂၇၂။ | နှာနှပ်တံ, ကောက်ဦး သစ်သီး-လှူဒါန်းရကျိုး ၈-မျိုးစီ | .... | ၅၁၇ |
| ၂၇၃။ | ဒိုင်းမြှား အခြင်ယနယ် လှူဒါန်းရကျိုး ၈-မျိုး | .... | ၅၁၈ |
| ၂၇၄။ | တနည်း ရေ လှူဒါန်းရကျိုး ၇-မျိုး | .... | ၅၁၈ |
| ၂၇၅။ | သားရေနယ်ခင်း, ခါးပန်းကြိုး, တောင်ဝှေးလှူကျိုး ၆-မျိုးစီ | .... | ၅၁၉ |
| ၂၇၆။ | မွေးညှပ်,ဘုံလျှိအခင်း-လှူကျိုး ၆,စောင်းတန်းလှူကျိုး ၅-မျိုး | .... | ၅၂၀ |
| ၂၇၇။ | အပ်, မျက်နှာသုတ်ပုဝါ, ဓါးငယ်-လှူရကျိုး ၅-မျိုးစီ | .... | ၅၂၁ |
| ၂၇၈။ | သွားတိုက်တံ, ရေစစ်, ရေသနုပ်ပုဆိုး လှူရကျိုး ၅-မျိုးစီ | .... | ၅၂၂ |
| ၂၇၉။ | သပိတ်ခြေ, လှေကား, ခြေသုတ်လှူရကျိုး ၅-မျိုးစီ | .... | ၅၂၃ |
| ၂၈၀။ | အာယောဂပတ်, နားဖာကော်, ပီဋပလ္လင်-လှူရကျိုး ၅-မျိုးစီ | .... | ၅၂၄ |
| ၂၈၁။ | ခေါင်းအုံး, ခြေနယ်ဆီ, ဆီ-လှူရကျိုး ၅-မျိုးစီ | .... | ၅၂၅ |
| ၂၈၂။ | ဒန်ပူ, တံတား, အပဒါန်လာ ယာဂု-လှူရကျိုး ၅-မျိုးစီ | .... | ၅၂၆ |
| ၂၈၃။ | ဆွမ်း, လက်သုတ်ပုဝါ-လှူရကျိုး ၅-မျိုးစီ | .... | ၅၂၇ |

| ဦးရေ | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၂၈၄။ | ကြီးသူတို့အား ရှိသေရကျိုး, တံမျက်လှည်းရကျိုး ၅-မျိုးစီ | .... | ၅၂၇ |
| ၂၈၅။ | ထောပတ်, တိုင်, လှူကျိုး, သိလစောင့်ရကျိုး ၅-မျိုးစီ | .... | ၅၂၈ |
| ၂၈၆။ | ပျားရည်, ပွတ်လုံး ပွတ်တိုင်, အသားရည် လှူကျိုး ၄-မျိုးစီ | .... | ၅၂၉ |
| ၂၈၇။ | ဆီမီးတိုင်, အပ်အိမ်, အံသကိုဋ်, အိုးခွက်-လှူကျိုး ၃-မျိုးစီ | .... | ၅၃၀ |
| ၂၈၈။ | ဆွမ်းစားခွက်, ဘိနပ်, အခိုးတံ, ဆီပီးခွက်-လှူကျိုး ၃-မျိုးစီ | .... | ၅၃၁ |
| ၂၈၉။ | ဟင်းလျာ, မှိအုံး လှူရကျိုး ၃-မျိုးစီ | .... | ၅၃၂ |
| ၂၉၀။ | မြင်းခုံ ခွေးခြေ, ခြေဆေးအင်းပျဉ်, သော့ခလောက်လှူကျိုး | .... | ၅၃၂ |
| ၂၉၁။ | သော့တံ, ခြေနင်း, နို့ဓမ်း, နွားနို့, ဆီမီး, ပန်းတပွင့်-လှူကျိုး | .... | ၅၃၃ |
| ၂၉၂။ | တံခွန်, တံကဲ, စကြာ, ကူတို့, စာရွက်, ပိဋကပြုစု-လှူကျိုး | .... | ၅၃၄ |
| ၂၉၃။ | ပိဋကတ်, ဗောဓိပင်, ဗောဓိပင်စိုက်-ပူဇော်ရကျိုး | .... | ၅၃၅ |
| ၂၉၄။ | ဗောဓိပင် တံမျက်လှည်းရကျိုး, ညောင်ရေသွန်းလောင်းရကျိုး | .... | ၅၆၃ |
| ၂၉၅။ | သရဏဂုံ ဆောက်တည်ကျိုး, မျက်နှာသုတ်ပုဝါ-လှူရကျိုး | .... | ၅၃၇ |
| ၂၉၆။ | အသက်ရှည်ကြောင်းတရား ၆-ပါး | .... | ၅၃၇ |
| ၂၉၇။ | သီးသီး, ဒူးရင်းသီး စသည်လှူကျိုး, သီးမျိုးစုံ ပဒေသာပင် လှူကျိုး | | ၅၃၈ |
| ၂၉၈။ | ဆီမီးတထောင် လှူကျိုးနှင့် ကံငါးပါးမှ ရှောင်ကြဉ်ကျိုးအမျိုးမျိုး | | ၅၃၈ |
| ၂၉၉။ | စကြံသွားရကျိုး ၅-မျိုး | .... | ၅၄၁ |
| ၃၀၀။ | ဆရာတော်ဗရားကြီးတို့၏ ဗရားရှိခိုးနှင့် ဆုပေး, ရေစက်ချ သြဝါဒ | | ၅၄၃ |


## ရန်ကုန်မြို့၊ မဟာဝိသုဒ္ဓါရုံ ကျောင်းတိုက်
## သာသနာရေး လုပ်ဆောင်ချက် မှတ်တမ်း


| | | | |
|---|---|---|---|
| ၃၀၁။ | ခဲယဉ်းပင်ပန်းစွာ ထူထောင်ခဲ့ရသော သာသနာ | .... | ၅၈၁ |
| ၃၀၂။ | သာသနာ ၃-ရပ် | .... | ၅၈၂ |
| ၃၀၃။ | သာသနာ တည်ရှိမှ ဗုဒ္ဓသာသနာ ပွင့်လင်းခြင်း | .... | ၅၈၃ |
| ၃၀၄။ | သာသနတာဝန် ထမ်းဆောင်သူ ၂-မျိုး | .... | ၅၈၃ |
| ၃၀၅။ | သာသနာ တည်တံ့ရေးအတွက် ပရိယတ်သည် အဓိက(မူလ) | .... | ၅၈၄ |
| ၃၀၆။ | နွားထီး နွားမ, ရွှေအိုးကြီး, ကန်ဘောင် ကန်သင်း-ဥပမာများ | .... | ၅၈၈ |
| ၃၀၇။ | ဒါန နှစ်မျိုး, အနုဂ္ဂဟ နှစ်မျိုး | .... | ၅၈၉ |
| ၃၀၈။ | ဗရားရှင်၏ အဓိက ရည်ရွယ်ချက် | .... | ၅၉၀ |
| ၃၀၉။ | ရေသောက်မြစ်ပမာ ပရိယတ္တိ သာသနာ | .... | ၅၉၁ |
| ၃၁၀။ | ရဟန်းသည် ရဟန်းပီသလေလေ ကြီးပွါးလေလေ | .... | ၅၉၄ |
| ၃၁၁။ | ရွှေကျင်ဆရာတော်၏ ဥပဒေ ကျင့်ထုံးကြီး | .... | ၅၉၄ |
| ၃၁၂။ | ရန်ကုန်၊ မဟာဝိသုဒ္ဓါရုံ,ရွှေကျင်တိုက် စည်းမျဉ်းဥပဒေ(အကျဉ်း) | | ၅၉၅ |

# မာတိကာ


| ႏေရ | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၃၁၃။ | မဟာဝိသုဒ္ဓါရုံနှင့် ပဋိပတ္တိသာသနာ | .... | ၅၉၇ |
| ၃၁၄။ | ဝတ်အကျင့် ပြုကြရပုံနှင့် ဆွမ်းခံ နှစ်ကြိမ်ကြွရခြင်း | .... | ၅၉၈ |
| ၃၁၅။ | ဆွမ်းခံတာလဲ သာသနာပြုတာဘဲ | .... | ၅၉၉ |
| ၃၁၆။ | ဗရားဝတ်တက်လည်း ၂-ကြိမ်ပင် | .... | ၅၉၉ |
| ၃၁၇။ | ရှင်အာနန္ဒာသည် တနေ့ ၁၈-ကြိမ် ဗရားထံ ဆည်းကပ်ခြင်း | .... | ၅၉၉ |
| ၃၁၈။ | သေလျှင် ပစ်ထားခဲ့ရမည့် ပါးစပ်ကို မသေမီ များများကြီး အသုံးချရမည် | .... | ၆၀၀ |
| ၃၁၉။ | ဣဏပရိဘောဂမှ လွတ်မြောက်ရေး | .... | ၆၀၁ |
| ၃၂၀။ | အဆုံးအမ ဩဝါဒကို လိုက်နာကြပုံနှင့် ပရိယတ္တိလုပ်ငန်း | .... | ၆၀၂ |
| ၃၂၁။ | တိုက်မှအပ နှင်ထုတ်ခြင်း | .... | ၆၀၃ |
| ၃၂၂။ | ညဉ့်-နံနက် ဝတ်ရွတ်စဉ်များ | .... | ၆၀၅ |
| ၃၂၃။ | ပဗ္ဗဇိတ အဘိဏှသုတ်နှင့် အာဝေဏိက ဂုဏ်တော်ပါဠိ | .... | ၆၁၃ |
| ၃၂၄။ | ဥဒါနဂါထာ ပါဠိ | .... | ၆၁၄ |
| ၃၂၅။ | ပဋိစ္စသမုပ္ပါဒ်, ဥဒါန, ပစ္စယုဒ္ဒေသ ပါဠိများ | .... | ၆၁၅ |
| ၃၂၆။ | နာညတြစသော(၆)ဂါထာ ပါဠိနှင့် ဗောဇ္ဈင်သုတ် ပါဠိများ | .... | ၆၁၆ |
| ၃၂၇။ | မေတ္တာဗို ပါဠိ | .... | ၆၁၇ |
| ၃၂၈။ | သမထ ဘာဝနာနှင့် ဝိပဿနာ ဘာဝနာ ပွါးများနည်း ပါဠိများ | .... | ၆၁၈ |
| ၃၂၉။ | အာဝေဏိက ဂုဏ်တော်အနက် | .... | ၆၂၀ |
| ၃၃၀။ | ဥဒါန်းဂါထာ အနက် | .... | ၆၂၂ |
| ၃၃၁။ | ပဋိစ္စသမုပ္ပါဒ် ပါဠိ အနက် | .... | ၆၂၃ |
| ၃၃၂။ | ဥဒါနကထာနှင့် သမထဘာဝနာပွါးနည်း အနက် | .... | ၆၂၄ |
| ၃၃၃။ | ဝိပဿနာ ဘာဝနာ ပွါးများနည်း ပါဠိ အနက် | .... | ၆၂၅ |
| ၃၃၄။ | တရားနိဂုံး ဆုတောင်း မေတ္တာဗို ဂါထာများ ပါဠိနှင့် အနက် | .... | ၆၂၇ |
| ၃၃၅။ | ကျမ်းပြီးအဆုံး နိဂုံး (၂)ဂါထာ | .... | ၆၂၉ |
| ၃၃၆။ | ဆရာတော်ဗရားကြီးများနှင့် သီတင်းသုံးဖော် စသည်တို့၏ ချီးမြှောက်မှုကို ခံယူရခြင်း (နောက်ဆက်တွဲ) | .... | ၆၃၁ |
| ၃၃၇။ | ဓမ္မဒါန ကုသိုလ်ရှင်များစာရင်း | .... | ၆၃၅ |
| ၃၃၈။ | အမှား အမှန် ပြင်ဆင်ချက် | .... | ၆၄၁ |


× × × ×

# နိဒါန ကထာ-မိတ်ဆက်အမှာ

**မေး**—တဂါထာ။ သမ္ဗုဒ္ဓယ် မင်္ဂလာလို့၊ မည်သညာ သရေတင့်၊ ကျမ်းဖွင့်
ထင်စွာ။ ငါးနိကာယ် ပင်လယ်ထဲမှာလ၊ လွန်ကဲတဲ့ သည်ဂါထာ၊
ဉာဏ်မဟာ ကိုင်ပမ်း။နက်ကျယ်စွာ၊ သမုဒ်ရေ အဏ္ဏဝါ၌၊ အာနန္ဒာ
မွေလို့ နှောက်သည့်နှယ်၊ ဘုန်းထက် အောက်စမ်း။ ။

မန်လည်ဆရာတော်

**ဖြေ**—တဂါထာ။ သမ္ဗုဒ္ဓယ် မင်္ဂလာလို့၊ မည်သညာ သရေတင့်၊ ကျမ်းဖွင့်
ထင်စွာ။ ငါးနိကာယ် ပင်လယ်ဝတွင်ပ၊ နိဒါနသံယုတ်မှာ၊ 'ဒိဝါ'
စချီကျူး။ နက်ကျယ်စွာ၊ ငါးနိကာယ် အဏ္ဏဝါ၌၊ အာနန္ဒာ
သာလွန်ကျူးအောင်၊ ဘုန်းဉာဏ် ကွန့်မြူး။ ။

မင်းကွန်းတောရဆရာတော်

## ဤကျမ်းအမည် ဖြစ်ပေါ်ခြင်းအကြောင်း

**သမ္ဗုဒ္ဓင်္မလာ။** ။မင်္ဂလာဟူသော အမည်မှာ အလွန် သုတိ သာယာလှသော အမည် ဖြစ်ပေသည်၊ မင်္ဂလာကို လူတိုင်း အလိုရှိသည်၊ ထို့ကြောင့် လူတို့သည် မင်္ဂလာရှိသော စကားကိုသာ ကြားချင်၍ မင်္ဂလာရှိသောအမှု အပြုအမူတို့ကိုသာ တွေ့လို မြင်လိုကြသည်၊အမြင် အကြား အတွေ့တို့ကို ဇေ့ဇေ့မြွေမြွေ လေ့လာ၍"အဘယ်တရားသာ မင်္ဂလာဖြစ်လေသနည်း"ဟူ၍ တဆယ့်နှစ်(၁၂)နှစ်တိုင်အောင်ပင် ကြံကြ စည်ကြ ဆွေးနွေးကြနှင့် အုတ်အုတ် ကျက်ကျက် ဖြစ်ခဲ့ကြရသည်၊ ထို့နောက်မှ ဗုဒ္ဓရှင်ကိုယ်တော်မြတ်က သုံးဆယ့်ရှစ်ဖြာ မင်္ဂလာတရားကို ဟောပြမှ ကျေနပ် နှစ်သိမ့်၍ သွားကြရသည်၊ ဤမျှ မင်္ဂလာကို အရေးထားခဲ့ကြပါ၏။

ထို့ထက် တဆင့်တိုး၍ သမ္ဗုမင်္ဂလာ ဂါထာကို သာသနာ တလျှောက်လုံးတွင် အရေးထားခဲ့သေး၏၊ ယင်းဂါထာကား ဗုဒ္ဓဟောဂါထာ စစ်စစ်ဖြစ်၏၊ ဓမ္မပဒ ပါဠိတော်ဖြာဟ္မဏဝဂ်၌လာသော 'ဒိဝါ တပတိ အာဒိစ္စော' စသော ဂါထာပင် ဖြစ်လေသည်။

အရှင်အာနန္ဒာ မထေရ်၏ လျှောက်ထားချက်အရ ဗုဒ္ဓရှင် ကိုယ်တော်တိုင် ဟောတော်မူသော ဂါထာဖြစ်၍ ပို၍ပြီး လေးနက်သော မင်္ဂလာဂါထာကြီးပင် ဖြစ်လေသည်၊ ယင်းကို သာသနာနှစ် (၄၀၀)လေးရာကျော်တွင် ဘာတိကမင်းက "ရတနာသုံးပါးတို့နှင့် မလွတ်သော မင်္ဂလာဂါထာ တပုဒ် ရွတ်ဆိုလော"ဟု ပညာရှိအမတ်ကြီးအား စေခိုင်းရာ ပညာရှိအမတ်ကြီးက မဆိုင်းမတွ ဤ ဂါထာကိုရွတ်ဆိုကြောင်းအဋ္ဌကထာ(သံ၊ဋ္ဌ၊၂၊၂၂၆) တွင် ပါရှိခဲ့ပေသည်၊ ယင်းကိုပင် ရည်ရွယ်၍ ဤ စာအစတွင်ပါရှိသော သတပဒိက ကျမ်း

လာ အချိုးကဗျာ တစုံတွင် မန်လည်ဆရာတော်ဘုရားကြီး၏ အမေးကို မင်းကွန်းတောရ ဆရာတော်ဘုရားကြီးက "ငါး နိကာယ် ပင်လယ်ဝတွင်ပ၊ နိဒါနသံယုတ်မှာ၊ 'ဒိဝါ'-စ ချီကျူး"-ဟု 'ဒိဝါ တပတိ အာဒိစ္စော' ဂါထာသည်ပင် သဗ္ဗမင်္ဂလာ ဂါထာမည်ကြောင်း ဖြေကြားထားပေသည်။

ဗုဒ္ဓဘာသာ သာသနာတော်တွင် အန္တရာယ်ကင်းဂါထာ အမြောက်အမြား ရှိပါသည်၊ အမှန်အားဖြင့် ရတနာသုံးပါးနှင့် စပ်သွယ်၍ အန္တရာယ်ကင်းစရာ ဂါထာပါဠိတို့ကို နောက်ဆရာတို့ စီကုံးထားကြသည်က များပါသည်၊ ကျော်ကြားသော သမ္ဗုဒ္ဓေ ဂါထာမှအစ အန္တရာယ်ကင်းဂါထာ များစွာတွင် ဗုရားကိုယ်တော်တိုင် ဟောကြားတော်မူသော ဂါထာကား ရှာမှ ရှားပင် ဖြစ်ပါ၏၊ ဤသို့ ရှာမှ ရှားထဲတွင် ဤသဗ္ဗမင်္ဂလာ ဂါထာတော်ကြီးသည် တပုဒ်အပါအဝင် ဖြစ်ပါသည်၊ သဗ္ဗမင်္ဂလာ ဂါထာသည် အန္တရာယ် ကင်း ဂါထာတော်ကြီး အစစ်ဖြစ်၍ အလုံးစုံသော ကျက်သရေမင်္ဂလာနှင့်လည်း ပြည့်စုံ၏၊ ယင်းသည် ဗုဒ္ဓရှင်တော်ဗုရား ကိုယ်တော်တိုင် ဟောကြားသည့် လွန်စွာ လွန်စွာ ရှားပါးလှသော ဗုဒ္ဓဘာသိတ အန္တရာယ်ကင်း ဂါထာတော်ကြီး ဖြစ်ပါပေသည်၊ ကျိုက်လတ်မြို့၊ ရွှေကျင် သာသနာပိုင် ဖြစ်တော်မူသော ပစ္ဆိမာရုံ ဆရာတော် ဗုရားကြီးသည် အလုံးစုံ ကျက်သရေမင်္ဂလာနှင့် ပြည့်စုံသည့် "ဒိဝါ တပတိ"အစရှိသော ဤဂါထာကို အမြဲပုတီးစိပ် တော်မူပါသည်။

ဤ စာနိဒါန်းတွင် ဤ စကားကို အစချီရသည်မှာ-ရန်ကုန်မြို့၊ ဗဟန်းရပ်၊ နန္ဒဝန် လမ်း၊ မဟာဝိသုဒ္ဓါရုံ (ပါဠိတက္ကသိုလ်) ရွှေကျင်ကျောင်းတိုက် ပဓာန မဟာနာယက ဆရာ တော်ဘုရားကြီးက သက်တော် (၇၀)ပြည့် ဤ မွေးနေ့မင်္ဂလာ **မဟာဝိဇာယနသဘင်** တွင် ဓမ္မဒါန ပူဇော်မူလိုသော ဆရာတော်ဘုရား၏ သဗ္ဗမင်္ဂလ ဓမ္မဒေသနာ နှုတ်မြွက် စာတော် မူကို ဤ နိဒါန်းရေးသူအား ဖတ်ရှု ပြင်ဆင်ပေးရန် အပ်နှံလာသဖြင့် လက်ခံရယူ၍ စာမူကို ကြည့်ရှုမိလျှင်ပင် ဆရာတော်ဘုရား၏ နှုတ်မြွက်ဒေသနာ တရားတော်အားလုံးမှာပင် ဤ သဗ္ဗမင်္ဂလာ ဂါထာတို့နှင့် အစချီထားသည်ကို ဖတ်ရှုရသောကြောင့်ပင် ဖြစ်၏။

**မဟာဝိသုဒ္ဓါရုံတိုက်သစ် ပေါ်ထွန်းလာ။** ။ဤ အမည်ပါ မဟာဝိသုဒ္ဓါရုံကျောင်းတိုက်နှင့် ဆရာတော်ဘုရား အကြောင်းကို ဤနေရာ၌ အနည်းငယ် ဖော်ပြသင့်ပေသည်၊ မြန်မာသက္ကရာဇ် ၁၃၂၀-ခုနှစ်၊ ဟိုမှာ ဘက်တွင် ဤ မဟာဝိသုဒ္ဓါရုံ ကျောင်းတိုက်နေရာ၌ **ဣစ္ဆာသယကျောင်း** ဟူသောအမည်ဖြင့် တပါးနေ ကျောင်းကလေး တကျောင်းရှိနေသည်၊ ၎င်း ဣစ္ဆာသယကျောင်းကုန်းမြေကို ရန်ကုန်မြို့ ကြည့်မြင်တိုင် ကန္နားလမ်း၊ အမှတ် (၂၀၀)နေ ဦးမောင်ဟန် – ဒေါ်စမ်းခင် မိသားစု တို့က လှူဒါန်းထားခြင်း ဖြစ်ပေသည်၊ ထို-ကျောင်း၏ ပတ်ဝန်းကျင်တွင် ကုန်းမြေ အပြည့်မျှ လူနေအိမ်များ ပြွမ်း၍လည်း နေ၏၊ ဣစ္ဆာသယကျောင်း ဆရာတော်ဘုရားကြီး ကား သက်တော်ကြီးရင့်လှပြီ၊ ဤ ကုန်းမြေ၌ ပရိယတ္တိ သာသနာ ထွန်းကားလာစေလို သော ဆန္ဒရှိသော်လည်း ဆရာတော်ကြီးအနေဖြင့် အင်အားမရှိလှ၊ သို့သော် စိတ်ဓာတ်

ပြင်းပြလှသော ဇာဂရာသယ ဆရာတော်ဘုရားကြီးသည် "ဤကုန်းမြေ၌ ပရိယတ္တိသာသနာ မှုချ ထွန်းကားလာရမည်" ဟူသော သဒ္ဓာယာပိုင်း ကုန်းပေါ်ရှိ လူနေအိမ်ခြေများကို တဖြည်းဖြည်းချင်း ရှင်းလင်း၍ စာသင်တိုက် တကိုက် ဖြစ်ပေါ်လာမည့် အခွင့်အလမ်း ကိုသာ ရှာကြံလျက် နေလေသည်။

**သံတော်ဆင့် ဆရာတော်အားလွှဲအပ်။** ။ထို ၁၃၂၀-ပြည့်နှစ်ထဲတွင် ရန်ကုန်မြို့၊ နတ်မောက်လမ်း၊ ဦးကျော်စိန်-ဒေါ်အုန်းစိန် တို့ ရှင်ပြုအလှူတွင် မန္တလေးမြို့မဟာဝိသုဒ္ဓါရုံတိုက်သစ်မှ သံတော်ဆင့်ဆရာတော်ဘုရားကြီး ကြွရောက်တော်မူလာ၏၊ ထိုအခါ ဖော်ပြပါ ဇာဂရာသယဆရာတော်ဘုရားကြီးသည် သံတော်ဆင့်ဆရာတော် ဘုရားကြီးအား သွားရောက် ပူးမြော်လျက် မိမိ၏ ဆန္ဒရင်းဖြစ်သော ဇာဂရာသယ ကုန်း၌ ပရိယတ္တိ သာသနာ ထွန်းကားရေးကို ဆွေးနွေးတော်မူလေ၏၊ ထိုအရေးကို ဖြစ်မြောက် အောင် ဆောင်ရွက်နိုင်ရန်လည်း ထိုစဉ်က တသိန်းကျော် တန်ဘိုးရှိသော ဇာဂရာသယ ကျောင်းကုန်းကို သံတော်ဆင့် ဆရာတော်ဘုရားကြီးအား လွှဲအပ်လှူဒါန်းတော်မူ၏။

(ထို ဆရာတော်ဘုရားကြီး နှစ်ပါးမှာ မူလကပင် ရင်းနှီးသော ဒဠှမိတ္တာသဟာယစစ် သဗြဟ္မစာရီ ဖြစ်တော်မူကြသည်၊ ယင်း ဆရာတော်ဘုရားကြီး နှစ်ပါးတွင် သံတော်ဆင့် ဆရာတော်ဘုရားကြီးသည် ၁၃၃၂-ခုနှစ်၊ သီတင်းကျွတ်လ၊ သက်တော် (၉၁)နှစ် အရောက်တွင် ပျံလွန်တော်မူခဲ့၍ ဇာဂရာသယ ဆရာတော်ဘုရားကြီးသည် ၁၃၃၈-ခုနှစ်၊တပေါင်းလ၊ သက်တော် (၉၆) နှစ် အရောက်၌ ပျံလွန်တော်မူခဲ့ လေပြီ၊ ရုပ်, နာမ် တို့၏ သခါရဓမ္မ သဘောတရားတို့ကို လက်တွေ့ဟောကြားပြသ၍ သွားတော်မူကြသည့်သဖွယ်ပါတည်း။)

**အရှင်ဝါသဝါဘိဝံသအား လွှဲအပ်။** ။ထိုအခါ သံတော်ဆင့် ဆရာတော်ဘုရားကြီးက မိမိ၏ တပည့်ရင်း ဖြစ်သော အရှင်ဝါသဝါဘိဝံသ အား စာသင်တိုက်တည်ထောင်ရန် လွှဲအပ်တော်မူသည်၊ သို့ရာတွင် အရှင်ဝါသဝါဘိဝံသ သည် မန္တလေးမြို့၌ ကျော်ကြားသော စာချ ဆရာတော်တပါး ဖြစ်သည်နှင့် အညီ မန္တလေးမြို့ ပရိယတ္တိ နယ်ပယ်ကို စွန့်ခွါ၍ ရန်ကုန်မြို့သို့ ပြောင်းရွှေ့ နေထိုင်ရန် ခက်ခဲနေသဖြင့် ရုတ်တရက် ဝန် မခံသာဘဲ ဖြစ်နေသေးသည်၊ အဘယ်ကြောင့် ဆိုသော် အရှင်ဝါသဝါဘိဝံသ သည် ဝိသုဒ္ဓါရုံ စာချဟု ဆိုသော်လည်း အမှန်အားဖြင့် မန္တလေး တမြို့လုံး၏ စာချကဲ့သို့ဖြစ်၍ နေသည်၊ အရှင် ဝါသဝါဘိဝံသ၏ စာဝါတိုင်းတွင် ဝိသုဒ္ဓါရုံမှသာမက အခြားကျောင်း တိုက်များက စာသင်သား သံဃာများပါ ဂိုင်းဝန်းလာရောက်၍ စာလိုက်သဖြင့် စာလိုက် သံဃာ အုံ့ဩလောက်အောင် များပြားလှသည်၊ မန္တလေးမြို့တွင် ဤသို့ အများကြိုက် ကျော် ကြားသော စာချပုဂ္ဂိုလ်တပါး ဖြစ်လာရန် လွယ်ကူသည် မဟုတ်ချေ၊ စာချရာ၌ ရှင်းလင်း ပြတ်သားခြင်း, ဆွဲဆောင်နိုင်သော ပြောဆိုမှုရှိခြင်း, အချိန်မှန်ကန်ခြင်း, ဇွဲ လုံ့လ ဝီရိယ ရှိခြင်း စသော စာသင်သားကြိုက် အရည်အချင်းရှိဘို့ လိုလေသည်။

အရှင်ဝါသဝါဘိဝံသကား ထိုအရည်အချင်းများနှင့် ပြည့်စုံလေသည်၊ ထို့ကြောင့် စာဝါတိုင်းတွင် စာလိုက်သံဃာများ တနေ့ထက် တနေ့၊ တဝါထက် တဝါ တိုးတက်၍ နေလေရာ ထိုစာဝါ ထိုစာသင်သားတို့အား ဖြတ်တောက်ပစ်ခွါ၍ ဤနေရာသို့ လာရောက်နေထိုင်ရန် ရုတ်တရက် မလွယ်ကူဘဲဖြစ်၍ နေရသည်၊ သို့သော် နောက်ဆုံးတွင် ကျေးဇူးရှင်ဆရာတော်ဘုရားကြီး နှစ်ပါးနှင့် ကျောင်းဒကာ ကျောင်းအမများ၏ မငြင်းသာအောင် တိုက်တွန်းမှုကြောင့် လက်ခံခဲ့ရလေသည်၊ သို့နှင့် ဤ ဣစ္ဆာသယကုန်းမြေတွင် **မဟာဝိသုဒ္ဓါရုံ ရွှေကျင်ကျောင်းတိုက်** ဟူသော ပရိယတ္တိကျောင်းတိုက် တတိုက်သည် ၁၃၂၀-ခုနှစ်တွင် ပေါ်ပေါက်၍ လာလေတော့သည်။

ဤသို့ မဟာဝိသုဒ္ဓါရုံတိုက်ဟု အမည်မှည့်ရသည်မှာလည်း သံတော်ဆင့် ဆရာတော်ဘုရားကြီးကိုယ်တိုင်ကပင် ကျေးဇူးရှင် မူလမဟာဝိသုဒ္ဓါရုံတိုက် ဆရာတော်ဘုရားကြီး၏ ဂုဏ်ကျေးဇူးကို ရည်စူး၍ မှည့်ထားပေးခြင်းဖြစ်ရာ ထိုအမည်ကို ကျေးဇူးရှင် သက်တော်ရှည် အဘိဓဇမဟာရဋ္ဌဂုရု စံကင်းဆရာတော်ဘုရားကြီး ကိုယ်တော်တိုင်ပင် မန္တလေး မဟာဝိသုဒ္ဓါရုံတိုက် သံဃာအလယ်၌ ကျေနပ်ဝမ်းမြောက်စွာ ကြေငြာပေးတော်မူစေခဲ့လေသည်။

မိမိအား ကျေးဇူးများစွာ အရာရာ အားပေး ချီးမြှောက်တော်မူသွားသော ကျေးဇူးတော်ရှင် ရွှေကျင်နိကာယ ဓမ္မသေနာပတိ အဘိဓဇ မဟာရဋ္ဌဂုရု မဟာဝိသုဒ္ဓါရုံ သက်တော်ရှည် စံကင်းဆရာတော်ဘုရားကြီးသည်—

"ပရိပုဏ္ဏာရှုပဓမ္မော၊ မဟာပုညာဒိပါရဂေါ။
ဇိနော မစ္စုနိပါတေန၊ အဂ္ဂိက္ခန္ဓောဝ သမ္မတိ။"

ဟူသော ဒေသနာတော်အရ ဘုရားသော်မှ ရှောင်လွှဲ၍ မရသော ဓမ္မတာသဘာဝ မစ္စုနိပါတကြောင့် သက်တော် (၁၀၂)နှစ် သိက္ခာတော် (၈၂) ဝါမျှ ရရှိတော်မူသည့် ၁၃၃၄-ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် (၁၀)ရက်၊ နံနက် (၈)နာရီ ၄၅-မိနစ်အချိန် ဇီဝိန်ရုပ်သိမ်းလျက် ချုပ်ငြိမ်းတော်မူ၍ သွားခဲ့လေပြီ။

**ပါဠိတက္ကသိုလ်ဖြစ်လာ**။ ။ထိုနှစ်မှစ၍ ကျောင်းဒကာများ၏ ကြိုးပမ်းမှုကြောင့် စာသင်တိုက်မှာ တစတစ အဆောက်အဦများ တိုးတက်၍ လာလေသည်၊ မန္တလေးမြို့မှ လိုက်ပါလာသော စာသင်သား (၃၀) ခန့်ဖြင့် စတင် တည်ထောင်ခဲ့သော်လည်း ဆရာတော် အရှင်ဝါသဝါဘိဝံသ၏ အရည်အချင်း လုံ့လ ဝီရိယ တို့ကြောင့် နှစ်အနည်းငယ်အတွင်း စာသင်သား (၆၀)ကျော် ဖြစ်လာလေသည်။

ထူးထူးကဲကဲ အံ့ဩဘွယ်ရာ အောင်မြင်မှု တရပ်မှာ မဟာဝိသုဒ္ဓါရုံ ရွှေကျင်ကျောင်းတိုက် ဟူသော အမည်ဖြင့် ပရိယတ္တိစာသင်တိုက် တည်ထောင်ပြီး (၃)နှစ်မျှသော အချိန်အတွင်းမှာပင် **ပါဠိတက္ကသိုလ်** အရည်အချင်းပြည့် စာသင်တိုက်တတိုက် ဖြစ်ပေါ်လာသည်နှင့်အညီ ပြည်ထောင်စု မြန်မာနိုင်ငံအစိုးရ သာသနာရေးဌာနမှ **ပါဠိတက္ကသိုလ်** ကျောင်း

တိုက်အဖြစ် မှတ်တမ်းတင်ခဲ့ရလေသည်၊ ထို အချိန်မှာ ကျောင်းတိုက် တည်ကောင်ပြီး(၃) နှစ်မျှသာ ရှိသေးသော ၁၃၂၃-ခု၊ ဒုတိယဝါဆိုလ (၁-၇-၆၁)တွင်ဖြစ်လေသည်။

ပါဠိတက္ကသိုလ် ကျောင်းတိုက်ဟူ၍ ဖြစ်ပေါ်လာသောအခါ၌ကား စာသင်သားတို့မှာ လက်ခံနိုင်သော အဆင့်ထက် ပိုလွန်နေအောင် လာရောက်နေသဖြင့် ကန့်သတ်၍ လက်ခံနေရသည်၊ အမှန်အားဖြင့် အရည်အချင်းအားလျော်စွာ တိုးတက်လာနေသော်လည်း မဟာဝိသုဒ္ဓါရုံ ကျောင်းတိုက် တည်ရာကုန်းမြေမှာ တကေ-သာသာကလေးမျှသာ ဖြစ်၍ ပါဠိတက္ကသိုလ် ဖြစ်လာသော စာသင်တိုက်ကြီး တတိုက်အနေနှင့် ဆိုသော် အတန်ပင် ကျဉ်းမြောင်းလှပေသည်၊ မြေကကျဉ်းသဖြင့်လည်း စာသင်သားလာသမျှ လက်ခံနိုင်လောက်သော ကျောင်းတိုက်ကြီး တတိုက်အနေဖြင့် တိုးချဲ့ရန် မဖြစ်နိုင်တော့ပေ။

ထို့ကြောင့် ဆရာတော်နှင့် ကျောင်း ဒကာ, ဒကာမများမှာ အရေ အတွက်မှ **အရည်အချင်းသို့** ဟူသော ဆောင်ပုဒ်ကို 'လက်ကိုင်ပြုကာ ခေတ်မီသော အစီအမံ အအုပ်အချုပ်တို့ဖြင့် ကျဉ်းမြောင်းသော မြေပေါ်မှာပင် လက်ရွေးစင် စာသင်သားများဖြင့်သာ ကျစ်လစ် သေသပ်သော စာသင်တိုက်တတိုက် ဖြစ်လာရေးအတွက် ကြိုးစားကြသည်၊ ထို ဆရာ, ဒကာတို့၏ လုံ့လနှင့် စေတနာအတိုင်းပင် ယခုသော် သာယာကြည်နူးဘွယ်ကောင်းသော အခြေအနေသို့ ရောက်ရပေပြီ၊ ထိုမျှမက တိပိဋကဓရ ပုဂ္ဂိုလ်နှစ်ပါး အပါအဝင် ဒွိပိဋကဓရစသည့် သာသနာ့ အာဇာနည်ပေါင်းများစွာ ပေါ်ပေါက်ခဲ့လေပြီ၊ သာသနာတော်ကြီးအတွက် အတိုင်းမသိသော အားတက်ဝမ်းမြောက်ဖွယ်ကြီးပေတည်း။

## နှုတ်မြွက် တရားတော်များ

ဤ နိဒါန်းရေးသူသည် ရန်ကုန်မြို့၊ မဟာဝိသုဒ္ဓါရုံ ( ပါဠိ တက္ကသိုလ် ) ရွှေကျင်ကျောင်းတိုက် ဆရာတော်ဘုရား၏ တရားပွဲပေါင်းများစွာကို ကြားနာခဲ့ရဘူးပါသည်၊ တရားပွဲပေါင်း များစွာဆိုသဖြင့် ညတရားပွဲကြီးများကို မဆိုလိုပါ၊ဆရာတော် ဘုရားကား မကင်းရာ မကင်းကြောင်း အလှူမင်္ဂလာ စသည်တို့၌သာ ဟောတော်မူလေ့ရှိရာ ဤ နိဒါန်းရေးသူနှင့် ကြုံဆုံအဆင်သင့်၍ အခွင့်အားလျော်စွာ ကြားနာရခြင်းမျိုးပါတည်း။

ဆရာတော်ဘုရားသည် တကမ္ဘာလုံး အန္တရာယ်ကင်းရှင်းကာ ကျက်သရေမင်္ဂလာတို့နှင့် ပြည့်စုံရန် ရည်ရွယ်၍ တရားပွဲ စတင်တိုင်း ဤ သမ္ဗုမင်္ဂလာ ဂါထာတော်ကြီးကို အမြဲ ကျူးရင့်တော်မူသည်ကို ကြားနာရပါသည်၊ ဓမ္မဒေသနာပါ တရားတိုင်း လိုလိုတွင် ဆရာတော်ဘုရား လက်သုံး ဤ သမ္ဗုမင်္ဂလာဂါထာတော်ကြီးကို တွေ့မြင်နိုင်ပေသည်၊ ဤ ဂါထာတော်ကြီးနှင့် အစချီထားသဖြင့်လည်း ဆရာတော်ဘုရား၏ တရားတော်တိုင်းပင် မင်္ဂလာဖြိုးစေ၍ မင်္ဂလာမိုးစွေနေသကဲ့သို့ ဖြစ်ရပေသည်၊ ဆရာတော်ဘုရား၏ တရားတို့သည် အဆန်းမဖက် အရိုးခံ သက်သက်သာဖြစ်သည်၊ သို့သော် သမ္ဗုမင်္ဂလာဂါထာကြီးနှင့် အစချီသောကြောင့်ဟု ဆိုရမည်လား မသိ၊ ယင်း အရိုးခံတရားလေးများမှာ ဖတ်၍ မငြီးဘွယ်ရာ မင်္ဂလာကျက်သရေ ရွှန်းရွှန်းဝေ၍သာ နေပေသည်။

ထို့ကြောင်လည်း ဤ တရားတော်များကို စုပေါင်း၍ စက်တင် ပုံနှိပ်ထားသော ဤ စာတော်မူကို "**သဗ္ဗမင်္ဂလ ဓမ္မဒေသနာ**"ဟု အမည်တံဆိပ် ခပ်နှိပ်ထားခြင်းပင် ဖြစ်ပါသည်။

ဤ သဗ္ဗမင်္ဂလ ဓမ္မဒေသနာ တရားစာအုပ်ကား ဆရာတော်ဘုရား ကိုယ်တော်တိုင် ရေးသားချက်များကား မဟုတ်ပေ၊ ဖော်ပြပါအတိုင်း မကင်းရာ မကင်းကြောင်း သောင်းပြောင်းထွေလာ အလှူမင်္ဂလာပွဲတို့တွင် ဆရာတော်ဘုရားဟောကြားတော်မူစဉ်က "ကက်ဆက် ရီကော်ဒါ"တို့ဖြင့် ဆိုင်ရာ ဒကာ, ဒကာမတို့က အသံဖမ်းယူပူဇော်လျက် သင့်လျော်သလို သင့်လျော်သလို ဖွင့်လှစ်နာယူနေကြသော နှုတ်မြွက်တရားများပင် ဖြစ်သည်၊ယင်းနှုတ်မြွက် တရားတော်များကိုပြန်လည်စုပေါင်း၍ ကူးယူရေးသားလျက် လိုအပ်ချက်များဖြည့်စွက်ကာ တပည့်များ၏ဆန္ဒအရ ဤ **ဇာတဒိဝသ** မင်္ဂလာအခါတော်၌ ဓမ္မဒါနပြုကြခြင်းပင်ဖြစ်ပါ၏။

ဤ စာအုပ်တွင် အသံလွှင့်မင်္ဂလာ တရားတော်မှစ၍ ဆရာတော်ဘုရား၏ နှုတ်မြွက် ဒေသနာ တရားတော်ဆယ်ပုဒ်နှင့် ကျက်မှတ်ဘွယ်ရာ အဖြာဖြာများဖြစ်သော မေတ္တာ ဘာဝနာအကျယ်၊ ဩကာသ အဓိပ္ပါယ်၊ သရဏဂုံ သုံးပါးအကျယ်၊ ကြာယကံ, ဝစီကံ စသည့် ဒုစရိုက်, သုစရိုက်အကျယ်၊ အရုဏ်အပြစ်အကျယ်၊ အရဟံစသော ဂုဏ်တော်ပုတီးစိပ် အကျိုး၊ **နဝင်္ဂသီလ** ဝိနိစ္ဆယစသည့် ဝိနိစ္ဆယများနှင့်တကွ အန္တရာယ်ကင်း စသည်များ၊ အနုဿတိ ပွါးများပုံများ၊သမထဘာဝနာ၊ဝိပဿနာဘာဝနာ အကျယ်နှင့် နောက်ဆက်တွဲ တိုက်တာ ဥပဒေများနှင့်တကွ နံနက် / ည သံဃာတော်များ ဝတ်ပြုပုံစသည်ကိုပါ ဆက်တွဲလျက် တအုပ်တည်းနှင့်အပြီး ပါရှိလေသည်။

ထိုမှတပါး ရှေးဆရာတော်ဘုရားကြီးများ၏ သီလပေး ရေစက်ချတို့ကိုပါ နောက်ဆုံး၌ ထည့်သွင်း ဖော်ပြထားသဖြင့် သီးမျိုးစုံလင် ပဒေသာပင်ကြီးပမာ လှန်စွာပြည့်စုံ၍ ကုံလုံ လှပသော ဓမ္မဒါန စာအုပ်တအုပ်ပင် ဖြစ်ပေသည်။

ဤ စာအုပ်ကို ဖတ်ရှုရသူအဖို့ ရှင်ပြုတရား မိဘကျေးဇူးတရား ကျောင်းတရားမှ စ၍ တရားဟောလိုသူ ရဟန်းရှင်လူတို့ အတုယူ ကျက်မှတ်၍ ရွတ်ဖတ် ဟောကြားစရာ တရားများအပြင် လူဒါယကာ-ဒါယိကာမ တို့အတွက် ဘာသာရေးဆိုင်ရာ သိမှတ်စရာများ ပါ စုံလင်သဖြင့် ရာသက်ပန် လက်ကိုင်ထားရမည့် စာအုပ် တအုပ်ပင် ဖြစ်နေလေသည်။

ထို့ကြောင့် ဤစာအုပ်ကို လက်ကိုင်ရရှိထားသူသည် ကြည့်လည်းကြည့် ကျက်လည်း ကျက်၍ ကျင့်လည်းကျင့်ကြံရန် ရာသက်ပန်အားထားရမည့် မေတ္တာတရားစသည်တို့ဖြင့် နေ့ ညမရွေး ပွါးထုံလျက် နိဗ္ဗာန်ဘုံ အထက်စခန်းအထိ တက်လှမ်းနိုင်ကြပါစေသော် — ဟု မနောပဏိဓိ မင်္ဂလာဖြင့် ဆုတောင်းပတ္ထနာ ပြုလိုက်ရပါသည်။

**အရှင်တိလောကသာရ**
**မြို့သစ်ကျောင်းတိုက်၊**
**မလှိုင်မြို့။**

# ဤကျမ်းစာဖြစ်ပေါ်လာရခြင်းအကြောင်းနှင့် ကျေးဇူးတရားများကို ဖော်ပြချက်

ဤ သဒ္ဒမင်္ဂလ ဓမ္မဒေသနာကျမ်းစာ ဖြစ်ပေါ်လာရခြင်းအကြောင်းမှာ ဘုန်းကြီးသည် ကင်ဆာရောဂါ ဝေဒနာဖြင့် ဆေးရုံသို့ ရှစ်ကြိမ်ခန့် တက်ရောက်ရစဉ်အခါက နေ့နေ့ညည အမြဲအထူးနှလုံးသွင်းသော တရားများကို မိမိအလားတူ ဆေးရုံတက်သူတို့အား ပွါးများနှလုံးသွင်းကြစေလိုခြင်းကိုရင်း၊ ရှေးက မကောင်းစကောင်းသော အလှူမင်္ဂလာစသည်၌ ဟောထားသော ကြိုးခွေမှ တရားများကို တပည့်များက ကူးယူရေးသားခြင်းကိုရင်း၊ ယခုလို ကျန်းမာရေး ရှေးကလို မပြည့်စုံသေးမီပင် အဝေးအနီးမှ သီတင်းသုံးဖော် ကြီး/ငယ်တို့က ကျမ်းစာ မရေးသားရန်နှင့် ရင်းနှီးသော ပစ္စည်းလေးပါး ဒကာ-ဒကာမများကလဲ မရေးသားရန် အဖန်ဖန် တောင်းပန်ကြသော်လဲ မိမိ၏ ကျန်းမာရေးသည် နောင်အခါတွင် ယခုလောက်မှ ပြည့်စုံပါမည်လားဟု သံသယဖြစ်မိ၍ သတိများစွာတို့ဖြင့် နံနက် နေ့ည အချိန်ကာလမရွေး ထိုထို ကျမ်းပေါင်းများစွာတို့ကို ရှာဖွေဖော်ထုတ် ညှိနှိုင်းပြီး ရေးခဲ့ရသော ဤ ကုသိုလ်စေတနာ များစွာတို့သည် မိမိ၏ ကျန်းမာရေး အကူအညီကို ရရှိထောက်ပံ့လိမ့်မည်ဟု ယုံကြည်ချက်အရဖြင့် နောက်ထပ်တဖန် လူ့ရှင်အပေါင်းတို့အား အလွန်အကျိုးများမည်ဖြစ်သော အချက်အလက်တို့ကို ထိုထို ပါဠိ, အဋ္ဌကထာ, ဋီကာတို့နှင့် ညိညွတ်စွာသာ ဖြည့်စွက် ရေးသားချက်များကိုရင်း အကြောင်းပြု၍ ဤ ကျမ်းစာဖြစ်ပေါ်လာရပါသည်။

သို့ ဖြစ်ပေါ်လာရာ၌လဲ မိမိသည် အရာရာ ကျန်းမာရေးချို့တဲ့မှုကြောင့် အတပ်ထပ် သုံးသပ်ဆင်ခြင် ပြုပြင်ခြင်းငှာ အခွင့်မရသည်ဖြစ်၍ အခွင့်ရစွမ်းနိုင်သော သီတင်းသုံးဖော် ဆရာတော်တို့ထံ ပြင်ဆင်တည်းဖြတ်ရန် အဖန်ဖန် တင်ပြခြင်းတို့ဖြင့် ဤ သဒ္ဒမင်္ဂလ ဓမ္မဒေသနာကျမ်းစာမူကို တာစူခဲ့ရပေသည်၊ ယင်းသို့ ဤကျမ်းစာမူကို တာစူရာ၌ သာသနာ့ နောင်တော် ညီတော် သဗြဟ္မစာရီ သီတင်းသုံးဖော် စာရေးအကျော် အမော်များဖြစ်တော်မူကြ၍ ထူးထူးကဲကဲ အကူအညီပေးကြသော ပုဂ္ဂိုလ်များမှာ မလှိုင်မြို့၊ သိဒ္ဓိသောမာရုံ ဆရာတော် ကာဗျဝိဒူအရှင်စန္ဒဇောတိမထေရ်၊ ယခင် သပြေကန်၊ ယခု ရန်ကုန်မြို့၊ ပုဇွန်တောင် ရွှေကျင်ကျောင်းသစ် ဆရာတော် **အရှင်ဝါသေဋ္ဌာဘိဝံသမထေရ်**နှင့် မ ပိုင်မြို့၊ မြို့သစ်ကျောင်း **အရှင်တိလောကသာရမထေရ်**-ဤသုံးပါးတို့ပင် ဖြစ်ကြပါသည်။

ထို ဆရာတော်သုံးပါးတို့၏ ကြိုးစားပေးမှု အရေးတယူ တည်းဖြတ်ပေးမှုကြောင့် ဤ ကျမ်းစာမှာ မင်္ဂလာဖိုးဝေ အသရေတင့်ရှန်းလျက် တောက်လျှန်း ပြောင်လက်၍ လာရ ပါသဖြင့် ထို ဆရာတော် အရှင်မြတ်သုံးပါးတို့အား ဤကျမ်းစာရှင်နှင့်တကွ ကျမ်းစာ ဖြစ်ပေါ်ရန် အားသစ်ကြိုးစားကြသော တပည့် ကြီး, ငယ်များ၊ ဝိသုဒ္ဓါရုံ ပစ္စည်းလေးပါး ထောက်ပံ့ရေးအဖွဲ့ ဒကာ, ဒကာမများ၊ ဓမ္မဒါန ကုသိုလ်ရှင် ဒကာ, ဒကာမများက အထူးပင် ကြည်ညိုလေးစားလျက် များစွာ ကျေးဇူးတင်ရှိကြောင်း ဖော်ပြပါသည်။

– ဝေပုလ္လော စ မဟာထေရော၊ မန္တလေး ပုရဝါသိနော။
ဇာဂရော စ တိလောကော စ၊ ပညာသိရီ စ ကုဏ္ဍလော။

– ဝါသီ ရန်ကုန် ပုရေ တေဇ၊ ဝဏ္ဏော, ခေမိန္ဒ, ဇာဂရာ။
ကောဏ္ဍညော, ဇဋိလော မေဓော၊ ရာဇိန္ဒော, စူပထမ္ဘကာ။

မှတ်ချက်။　။ဤ ကျမ်းကြည့်ရှုသူ ရှင်လူအများတို့ အသိဉာဏ် သန့်ရှင်း ဉာဏ်မြင် လင်းအောင် ပါဠိများကို အတတ်နိုင်ဆုံး ရှောင်ကွင်း၍ အကိုး သာဓကများကို ကျမ်းအမည်နှင့် မျက်နှာနံပါတ်တို့ဖြင့် ဖော်ပြထားပါသည်။

[ဒါနအကျိုး အမျိုး(၁၀၀) တရာကျော်နှင့် နဝင်္ဂသီလစသော ဝိနိစ္ဆယ အဆုံးအဖြတ်များလည်း ပါရှိသည်]။

အရှင်ဝါသဝါဘိဝံသ
မဟာထေရ်

# ပဏာမ ဒေသနာ

ဗုဒ္ဓံ ဓမ္မံ ဂတံ သံဃံ၊ မမာစေရေစ နမ္မိမံ။
မင်္ဂလဝုတ္တိယာ ကဿ၊ မုစ္စာရိတံ လိခါပယံ။   ။

ဂတံ၊ အနုပါဒ ပရိနိဗ္ဗာန် ဝင်စံကြွသွားတော်မူပြီးသော။ ဗုဒ္ဓံ စ၊ သစ္စာလေးပါး ငွေ့ယျငါးကို ပိုင်းခြားသိပေ့ သိစေတော်မူတတ်သော မြတ်စွာဗုရားကိုရင်း။ (ဝါ) သိဘွယ်ရှိသမျှ လုံးဝမချန် ရွှေဉာဏ်နှောက်မွေ့ သိပေတတ်ငြား၊ သူတပါးကိုလည်း သိစေတော်မူတတ်သော မြတ်စွာဗုရားကိုရင်း။ ဂတံ၊ နိဗ္ဗာန်ရောက်ကြောင်း အကောင်းမြတ်ဆုံး ဖြစ်ပေသော။ ဓမ္မံ စ၊ မဂ်၊ဖိုလ်၊နိဗ္ဗာန်၊ဓမ္မက္ခန်ဟု ဆယ်တန်သော တရားတော်မြတ်ကိုရင်း။ ဂတံ၊ နိဗ္ဗာန်သို့ မျက်မှောက်ပြုရောက်လတ့်၊ ရောက်တော်မူပြီး ဖြစ်တော်မူသော။ သံဃံ စ၊ ယခုလက်ရှိ သမ္မုတိနှင့် အရိယာရှစ်ဖော် သံဃာတော်မြတ်ကိုရင်း။ မမ၊ ရုပ်ခါတ်၊ နာမ်ခါတ် ပရမတ်ကို ပညတ်ဖော်ထုတ် **ဝါသဝါဘိဝံသ** မည်သော အကျွန်ုပ်၏။ ဂတော၊ ဘဝနတ်ထံ ပျံလွန်တော်မူပြီးဖြစ်ကုန်သော။ အာစေရေ စ၊ ဗုရားသာသနာ အရာရာ ခရီးရောက်အောင် ချီးမြှောက်ပေတတ် သကတ်ဝင့်ကြွား သံတော်ဆင့်ဆရာတော်ဗုရား၊ ဇလွှာသယ ဆရာတော်ဗုရား၊ ရှက္ခမူ ဆရာတော်ဗုရား၊ ဂန္ဓာရုံဆရာတော်ဗုရား အစထား၍ များစွာကျေးဇူး ရှိပေဘူးသည့် အထူးထူးသော ဆရာသခင် အရှင်သူမြတ်ကြီးတို့ကိုရင်း။ အဟံ၊ မြို့ကြီးရန်ကုန် ဝိသုဒ္ဓါရုံ၌ ပခါန မဟာနာယက **ဝါသဝါဘိဝံသ** သမုတ် အကျွန်ုပ်သည်။ (ဝါ) ရုပ်၊ နာမ် နှစ်ဖြာ ငါးခန္ဓာကို မှိုက်ပြုဘိ သမ္မုတိဖြင့် သုတိသာယာ **ဝါသဝါဘိဝံသ** ဘွဲ့ရထားသည့် ဗုရားတပည့်တော်သည်၊ နမ္မ-နမာမိ၊ နိဗ္ဗာန်ပြည်တော် တောင့်တမျှော်၍ ကော်ရော်မြတ်နိုး လက်စုံမိုး၍ ရှိခိုးပါ၏ဗုရား။ (ဝါ) ကိုးဆယ့်ခြောက်ပြာ ဘေးဘယာတို့ ဝေးကွာမသန်း ဤသည့်ကျမ်းကို ဆုံးခန်းတိုင်ရောက် ပြီးမြောက်စေရန် စိတ်ရည်သန်လျက် ဖန်ဖန်ရိုကျိုး လွန်အားကိုး၍ ရှိခိုးပါ၏ဗုရား။ နမ္မ-နမိတွာ၊ ဗုရား၊ တရား၊ သံဃာ ရတနာမြတ်သုံးပါး ဆရာသမားတို့အား ဝတ်တွားရိုကျိုး ရှိခိုးပြီး၍။ သတံ၊ တရားလိုက်စားစိတ်ထားပျော့ပျောင်း သူတော်ကောင်းအပေါင်းတို့၏။ မင်္ဂလဝုတ္တိယာ၊ လုံးစုံများစွာ မင်္ဂလာဆင့်တိုး စည်ပင်ဖွံ့ဖြိုးခြင်းငှာ။ ဥစ္စာရိတံ၊ မနသာ ဝဝတ္ထာပိတ ဉာဏ်ကရှေ့သွား နှုတ်ဖျားမှာတင် ကိုယ်တိုင်ရွတ်ဆိုအပ်သော စကားစဉ်ကို။ လိခါပယံ-လိခါပေန္တော၊ စာချအသီးသီး တပည့်ကြီးတို့ နည်းမှီးလှစ်ဖွေ နောက်မှလိုက်ရေးစေလျက်။ (ဝါ) စာချတွေကို ဆရာထေရ်က နှုတ်မြွက်ဟ၍ နည်းပြ ညွှန်ပေး ရေးသားစေလျက်။ အဟံ၊ မထောင်မလွှား မာန်မထားဟု တရားဓမ္မ နိဝါတဖြင့် မာနသိမ်းချုပ် သမုတ်ဝေါဟာ **ဝါသဝါဘိဝံသမည် ငါမထေရ်သည်**။ ဣမံ၊ **သဗ္ဗမင်္ဂလ ဓမ္မ ဒေသနာ** ဤကျမ်းစာကို။ ကဿံ-ကရိဿာမိ၊ ဗုရားစကား လိုက်နာပွါးဘို့ တရားဖြန့်ဝေ ပြုစုပေအံ့။ (ဝါ) ဗုရားသာသနာ ကြုံခဲစွာမို့ ကြုံလာရခိုက် လုံ့လစိုက်၍ ရေးလိုက်ပေအံ့။ (ဝါ) ခန္ဓာဘိဇ္ဇန စိတ်မချသဖြင့် အနိစ္စဓမ္မတာ ပျက်ရပါလည်း လက်ရာ ခြေရာ နောက်မှာ ကျန်စေ ပြုစီရင်ပေအံ့သတည်း။

# ဥယျောဇန ဒေသနာ

မဃာ ကတော အယံ ဂန္ထော၊ ဟေဿတေ ဗဟုကာရကော။

တေနတ္တာနံ ဟိတတ္ထာယ၊ တမ္ပသ္သန္တု သုတေသိနော။

မဃာ၊ ရန်ကုန်ပဝတ္တိ ဇာတိချင်းယား မွေးဖွားဖြစ်လာ မထေရ်ငါသည်။ (၀၁) ရှေးခေတ်ဝေါဟာ ထီလာခရိုင် မလှိုင်မြောက်လက် ရေတွက် **ဆယ့်လေးမိုင်** ကွာဝေးမှန် ရှေးကံပစ်ချ ရွာမချင်းယား မွေးဖွားဖြစ်လာ **ဝါသဝါဘိဝံသ** မည် မထေရ်ငါသည်။ကတော၊ အများကောင်းကျိုး မျှော်ကိုးရည်မှတ် ပြုစုအပ်သော။ အယံ ဂန္ထော၊ **သဗ္ဗမင်္ဂလ ဓမ္မဒေသနာ** ဤကျမ်းစာသည်။ ဗဟုကာရကော၊ သူတော်ကောင်းများစွာ နောင်လာ နောက်သား ကျေးဇူးများသည်။ ဟေဿတေ၊ မုချမသွေ ဖြစ်လိမ့်ပေသတည်း။ တေန၊ ထိုကဲ့သို့ ကျေးဇူးများမည် ဖြစ်လေသောကြောင့်။ သုတေသိနော၊ ကျင့်ကြံရေး လမ်းမှန်ဘို့ ကျမ်းဂန်သုတ ရှာမှီးကြကုန်သော ဒကာ,ဒကာမအပေါင်း သူတော်ကောင်းတို့သည်။သုတေသိနော၊ ဗုဒ္ဓဘာသာဝင် ဆိုင်းဘုတ်တင် အမည်ခံသည့် ပြည်တန်တဲ့ကျောက် ဆိုလောက်ပေပြေား သူတော်ကောင်း ဒကာ,ဒကာမများတို့သည်။ အတ္တာနံ၊ မိမိတို့၏။ ဟိတတ္ထာယ၊ မျက်မှောက် သံသရာ ကံမှာ မညှိုး တန်ခိုးကြီးမား အကျိုးစီးပွါး အလို့ငှါ။ တံ(ဂန္ထံ)၊ **သဗ္ဗမင်္ဂလ ဓမ္မဒေသနာ** ငါစီရင်အပ်သော ထိုကျမ်းစာကို။ ပဿန္တု၊ စာပေကိုချစ် အပြစ်မပြော အပြုသဘောဖက်ကာ အသက်ပါအောင် လက်မှာစွဲကိုင် သုံးသပ်ရှုမြင်နိုင်ကြပါစေ ကုန်သတည်း။

# အာသိသ ဒေသနာ

လဒ္ဓါ ဓမ္မရတိံ မာယ၊ ပမောဒတံ မဟာဇနော။
ဟေဿတေ ဟိ အယံ ဓမ္မ၊ ရသဿာဒါယ သာဓုနံ။

မဟာဇနော၊ ဤကျမ်းမျိုးမှန် အဖိုးတန်ကို သိဉာဏ်ရရေး အလေးပေးလျက် လေးလေးမြတ်မြတ် ကြည့်ဖတ်သသူ ရှင်လူအပေါင်းသည်။ ဣမာယ၊ **သဗ္ဗမင်္ဂလ ဓမ္မဒေသနာ** ဟု ဝေဆာတင့်ဆန်း ကြည်လန်းစရာ ဤကျမ်းစာဖြင့်။ ဓမ္မရတိံ၊ ပန်းအလီလီ ဝတ်ရည်စားသုံး ပျားပိတုံးထပေဘ် ရှင်ပျော်သည့်လား တရားအရသာ ခံစားကာဖြင့် သာယာအဖော် တရားအပျော်မျိုးကို။ လဒ္ဓါ၊ ပီတိဖြင့်ဖုံး နှသုံးရှင်ပျ ရရှိသည်ဖြစ်၍။ ပမောဒတံ-ပမောဒတု၊ တရားအနှစ် အဆီယစ်လျက် နှစ်သက်လန်းကာ ဝမ်းအသာကြီး သာပါစေသတည်း။ ဟိ၊ ရှုသူများစွာ သူငါငါတို့ ဝမ်းသာဖို့တွက် တောင့်တချက်မှာ သင့်မြတ်လှပါပေ၏။ အယံ၊ တရားအရာ သိပါစေသား မြင်စေသားဟု ကြိုးစားတင်ပြ အမြင်လှသည့် **သဗ္ဗမင်္ဂလ ဓမ္မဒေသနာ** ဟု ကြေငြာညွှန်းအပ် ဤကျမ်းမြတ်သည်။ သာဓုနံ၊ ပုဗ္ဗေကတ အခြေလှလျက် ဓမ္မဘက်တွင် အချက်မြင်အောင် သက်ဝင် ကျက်စား သူတော်ကောင်းအများတို့၏။ ဓမ္မရသဿာဒါယ၊ ကြည့်တိုင်း စိတ်ရှင် မြင်တိုင်း ပျော်မွေ့ အောက်မေ့တိုင်းဝယ် နှစ်သက်ဖွယ်ရ ဓမ္မဩဇာ အရသာကို ခါခါမကင်း သာယာခြင်းငှါ။ ဟေဿတေ၊ **'သဗ္ဗရသံ ဓမ္မရသော ဇိနာတိ'** စာရှိအရ ပါဠိပြကြောင့် အားရဖွယ်ရာ ဖြစ်လိမ့်မည်သာတကား။ ။

# သံဝေဇနီယနှင့် ဥပကာရ ဒေသနာ

အနုတ္တာမှိ အဟာနုတ္တ၊ ဝသာနုဂေါ ဇရာတုရော။
အနုတ္တတဉ္စ ဘာဝေသိံ၊ ဣမ ထေရာ မမံ ဗဟူ။

အနုတ္တာ အဟံ၊ ပုဂ္ဂိုလ်သတ္တဝါ ငါ, သူတပါး မဟုတ်ငြားဘဲ နှစ်ပါးနာမ်ရုပ် ပေါင်းစပ်ချုပ်၍ သမုတ်သညာ မိမိငါသည်။ (ဝါ) ရန်ကုန်မြို့ ထက်ဗဟို မဟာဝိသုဒ္ဓါရုံ ပါဠိတက္ကသိုလ် ရွှေကျင်တိုက်ကြီး၏ ဦးစီး မဟာနာယက **အရှင်ဝါသဝါဘိဝံသ** ဘွဲ့မည် ရသည့် အတ္တမဟုတ် နာမ်ရုပ်နှစ်ဖြာ မိမိငါသည်။ အနုတ္တဝသာနုဂေါ၊ ကိုယ့်အလို သူမလိုက်, ကိုယ့်အကြိုက် သူမပါ သူလိုရာသူဖြစ် အနှစ်သာရ ရှာမရသည့် အနုတ္တစရိုက် ဓမ္မတာလိုက်စား ရသည်ဖြစ်၍။ ဇရာတုရော၊ ဤကိုယ်ခန္ဓာ ကျင်နာခံခက် ဘေးဒဏ်ချက်ကြောင့် ပက်လက် တခါ မှောက်တခါနှင့် ဘယ်ညာပြောင်းလှည့် စောင်းငဲ့ပြန်လှန် ဖန်ဖန်ထူကာ မကျန်းမာ သည်။ အမှိ၊ စင်စစ်မသွေ ဖြစ်ရပေ၏။ (ဝါ) ရှစ်ကြိမ်တက်ခါ ဆေးရုံမှာလျှင် ဝေဒနာ ခံစား သူနာပြုများနှင့် သမားလူရည်ချွန် ဆရာဝန်တို့ ကောင်းမွန်ပြုစု ယုယုယယ ကုသ ခံကာ နေရပါ၏။ တသ္မာ၊ ထိုသို့ ဖိစီးဝေဒနာ ဘေးရောဂါကြောင့် မကျန်းမာဘဲ ဆေးရုံ ထဲတွင် လူးလဲခံစား နေရပါသောကြောင့်။ အနုတ္တတံ၊ ငါဟုဆိုစရာ အားကိုးစရာအဖြစ် အနှစ်မပါ အကာလုံးလုံး အသုံးမကျ အနုတ္တ၏အဖြစ်ကို။ ဘာဝေသိံ၊ ဝေဒနာနုဿနာ ရှုကာမပြတ် အထပ်ထပ် ပွားများခဲ့လေပြီ။(ဝါ)ခန္ဓာကိုယ်တွင်း သွေးကိုသွင်းစဉ် ကျဆင်း ဆက်ဆက် သွေးတစက်စက်၌ ဖြစ်ပျက်ရုပ်နာမ် မမြဲဟန်ကို အဖန်ဖန် အထပ်ထပ် ရှုမှတ် ပွားများခဲ့ပါပြီ။ မမံ၊ ရုပ်နာမ်နှစ်ဖြာ ငါးခန္ဓာကို မှီကာပြုဘိ သမ္မုတိဖြင့် သုတိသာယာ **ဝါသဝါဘိဝံသ** မည် ငါမထေရ်၏။ ဣမ၊ ခန္ဓာဘိဇ္ဇန စိတ်မချရသဖြင့် အနိစ္စ သဘောတရား ပြောင်းလဲသွားသော် ကိုယ်စားရည်မှတ် ကျင့်ကြံတတ်ဘို့ အမြတ်မှန်လှ **သဗ္ဗမင်္ဂလ ဓမ္မ ဒေသနာ** ဤကျမ်းစာကို ဋီကာလာရှိ ပါဠိ, အဋ္ဌကထာ အာစရိယဝါဒ ညွှန်ပြနည်းကောင်း များစုပေါင်းလျက် ကောင်းနိုးရာရာ ဤရေးသားရာ၌။ ထေရော စ၊ ဝိသုဒ္ဓါရုံ တိုက်ရွှေဘုံမှ ငယ်လှသိက္ခာ ရှစ်ဝါရကာ တိပိဋကဓရ ကောဝိဒမည် ဂုဏ်ရည်ထွန်းဖူး ဆွတ်ခူးအောင်မြင် **အရှင်သုမင်္ဂလာလင်္ကာရ** မထေရ်ကျော်သည်၎င်း။ ထေရာ စ၊ မန်းနှင့်ရန်ကုန် ထက်အောက် စုံလျက် မဟာဝိသုဒ္ဓါရုံ တိုက်ရွှေဘုံဝယ် ခိုလှုံဆည်းကပ် ပရိယတ် ပဋိပတ်ကို မပြတ်နေ့ည သင်ပြကျင့်ကာ **ဇနှင့် ဇာ** နှစ်လီ အာဇာနည်ပီသ စာချထင်ပေါ် ထေရ်မဟော်တို့သည်၎င်း။ **(ဇ-ရန်ကုန် အရှင်ဇဋိလဝံသ, ဇာနှစ်လီ-ရန်ကုန်အရှင်ဇာဂရနှင့် မန္တလေး အရှင်ဇာဂရ)**မမံ၊ အလွန်ဆိုးစွာ ရိုးကင်ဆာလည်း ပြင်းစွာနှိပ်စက် မျက်စိနှစ်လုံး သလာဖုံးပိတ် မခွဲစိတ်မိ သိသိမှုမှား မြင်ရငြားလည်း သွေးသားခန်းညှိုး အရိုးကြေကြေ အရေခြောက်ခြောက် နောက်မဆုတ်တမ်း လုံ့လစွမ်းဖြင့် ကြိုးပမ်းရေးသား ငါမထေရ်အား၊ ဗဟူ-ဗဟုပကာရာ၊ သာမန်လူများ မဆိုထားနှင့် သိကြားဒေဝါ ဗြဟ္မာမဟော လျှာကုဋေဖြင့် ထွေထွေကျေးဇူး ချီးကျူးမကုန် လုံးစုံများစွာ အလွန်တရာ ကျေးဇူးများလှပါကုန်တကား။

## ရန်ကုန်မြို့၊ ဗဟန်း၊ နန္ဒဝန်လမ်း၊ မဟာဝိသုဒ္ဓါရုံ (ပါဠိတက္ကသိုလ်) ကျောင်းတိုက်
## ပဓာန မဟာနာယက ဆရာတော် အရှင်ဝါသဝါဘိဝံသ၏
## ကောဇာသက္ကရာဇ် (၁၃၃၆) ခုနှစ်
## မြန်မာနှစ်ဆန်းတရက်နေ့၌ရေဒီယိုမှ အသံလွှင့် ဩဟာကြားတော်မူအပ်သော
# နှစ်သစ်အခါ ကျက်သရေမင်္ဂလာ ဒေသနာ

ယော မာရသေန မာသန္န၊ မာသန္န ဝိဇယုဿဝေါ။
တိဏ္ဏာယပိ န မညိတ္ထ၊ သော ဝေါ ဒေတု ဇယံ ဇိနော[၁]။

အာသန္နဝိဇယုဿဝေါ၊ များစွာတင်းမာန် အတွင်းရန်ကို ပြင်းထန်သတ်ညှဉ်း အောင်တပ်ခင်း၍ အောင်ခြင်းကိုမျှော် အောင်ပွဲရခါနီး ဖြစ်တော်မူသော။ ယော ဇိနော၊ အပရာဇိတ ဗောဓိမဏ္ဍိုင် ခန်းဝါမြိုင်ဝယ် ကြံ့ခိုင်ဖွဲ့ခွေ ထိုင်နေတော်မူစဉ် အကြင်ဗုဒ္ဓရှင် ကိုယ်တော်မြတ်ကြီးသည်။ အာသန္နံ၊ ပလ္လင်လုရန် စိတ်အကြံနှင့် အထံတော်မြတ်သို့ ချဉ်းကပ်လိုလာသော။ မာရသေနံ၊ တောင်ကြီးရော လှိမ့်၍ လာသို့ လွန်စွာကြောက်ဘွယ် ကြီးကျယ်ဘိတောင်း မာရ်စစ်သည်အပေါင်းကို။ တိဏ္ဏာယပိ န မညိတ္ထ၊ အမှိုက်မြက်ပမာ မဖက်သာသို့ မျက်နှာတော် ကြည်ကြည်လင်လင်နှင့် ထိထင်တော်မမူခဲ့ပေ။ သော ဇိနော၊ ကိုယ်တော်တိုင်လျှင် အောင်ပွဲဝင်၍ သခင်များစွာ ဝေနေယျာလည်း မကွာအတူ အောင်စေတော်မူတတ် ထိုဗုဒ္ဓရှင် ကိုယ်တော်မြတ်ကြီးသည်။ ဝေါ (တုမှာကံ)၊ မအောင်သေးခင် အောင်ကြွေးတင်၍ အောင်မြင်ရန်မျှော် နိုင်ငံတော်သူ နိုင်ငံတော်သား ကမ္ဘာသူ ကမ္ဘာသား ဖြစ်ကြသော သင်လူအများတို့အား။ ဇယံ၊ ဘေးအတန်တန် ရန်အသွယ်သွယ် အန္တရာယ် ဟူသမျှ မှုမျှမကျန် ပယ်ခွါလှန်လျက် အောင်ရန်အသင့် အောင်လံလွှင့်ဘို့ အောင်ခွင့်မင်္ဂလာ အောင်ချမ်းသာနှင့် အောင်ရာ အောင်ကြောင်း အောင်ဆုအပေါင်းကို။ ဒေတု၊ နှစ်သစ်မင်္ဂလာ ဤချိန်ခါ၌ သားရာဟုလာ ကဲ့ပမာသို့ ကရုဏာပွား မေတ္တာအားဖြင့် ပေးသနားတော်မူပါ အရှင်မြတ်ကြီးဗုဒ္ဓ။ ။

ယနေ့ နှစ်ဟောင်းကုန်လို့ နှစ်သစ်သို့ ကူးပြောင်းလာရာ မင်္ဂလာအခါနေ့ဖြစ်ပါတယ်၊ ဘယ်သူတို့၏ နှစ်သစ်မင်္ဂလာ အခါနေ့လဲဆိုလျှင် ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်ရှိ နိုင်ငံတော်သူ နိုင်ငံတော်သား ရှင်လူအများတို့၏ နှစ်သစ်မင်္ဂလာ အခါနေ့ ဖြစ်ပါတယ်။

ဘာသာမရွေး လူမျိုးမရွေး အယူဝါဒ မရွေး ပုဂ္ဂိုလ်တိုင်း မိမိတို့၏ အယူဝါဒ မလေ့ထုံးစံ ရှိကြသည့်အားလျော်စွာ နှစ်ဦးအစ အချိန်ကာလမှာ မင်္ဂလာကို ယူကြပါတယ်၊

---

၁။ အလင်္ကာကျမ်း၊ နှာ-၂၁၆၊ ဂါထာ-၁၀၆။

နှစ်ဦးအစ ရက်ကို နေ့ထူးနေ့မြတ် ရက်ထူးရက်မြတ်ရယ်လို့ သတ်မှတ်ကြပါတယ်၊ ပျော်ပွဲရွှင်ပွဲတွေကို မျက်နှာလွှဲ၍ ကုသိုလ်ပွဲတွေကို ဆင်နွှဲကြပါတယ်၊ မကောင်းသော အလုပ်, မကောင်းသော အမူအရာများကို ရှောင်ရှား၍, ကောင်းသောအလုပ်, ကောင်းသော အမူအရာများကို ပြုကြကာ ပတ္ထနာဆုများကို တောင်းကြပါတယ်၊ ကောင်းသော အဆင်းရူပါရုံကို တွေ့မြင်လိုကြပြီး ယခုလို တရားစကားနှင့်စပ်တဲ့ ကောင်းသောအသံ သဒ္ဒါရုံကို နား သောတ ဆင်လိုကြပါတယ်။

နှစ်ဦးအစ နေ့ထူး နေ့မြတ်ဖြစ်လို့ အလွန်ကောင်းမြတ်တဲ့ ကျက်သရေမင်္ဂလာတို့နှင့် အထူးပြည့်စုံလိုကြသည်အားလျော်စွာ မြို့တော်ရန်ကုန်မှစ၍ ရေဒီယိုမှ နားသောတ ဆင်ကြကုန်သော ရှင်, လူအများနှင့် တိုင်းသူ ပြည်သား ကမ္ဘာသူ ကမ္ဘာသား လူအများတို့အား ကျက်သရေမင်္ဂလာတည်းဟူသော ပန်းကောင်း, ပန်းမြတ် ကို ဆင်းမြန်း ပန်ဆင် နိုင်ကြပါစေ—ဟု မျှော်မှန်းပြီးသကာလ ဘုန်းကြီးက မြတ်စွာဗုဒ္ဓ ဟောကြားထားတဲ့ ကျက်သရေမင်္ဂလာတို့နှင့် အပြည့်စုံဆုံးဖြစ်တဲ့ 'ဒိဝါ တပတိ' အစရှိသော ဂါထာကို ဟောဆို ရွတ်ပြလိုပါတယ်။

## သဗ္ဗမင်္ဂလ ဂါထာ

ဗုဒ္ဓ ဟော တရားတော်မှန်သမျှ ကျက်သရေမင်္ဂလာနှင့် ပြည့်စုံတာချည်းပါဘဲ၊ သို့ရာတွင် အဋ္ဌကထာ [၁] ဆရာရှင်က ဤ'ဒိဝါ တပတိ' စတဲ့ ဂါထာတော်ကြီးကိုသာ အလုံးစုံ ကျက်သရေမင်္ဂလာနှင့်ပြည့်စုံတဲ့ မင်္ဂလာဂါထာလို့ အထူးဖွင့်ဆိုထားပါတယ်၊ ဒါကြောင့်—

ဒိဝါ တပတိ အာဒိစ္စော၊ ရတ္တိမာဘာတိ စန္ဒိမာ။
သန္နဒ္ဓေါ ခတ္တိယော တပတိ၊ ဈာယီ တပတိ ဗြာဟ္မဏော။
အထ သဗ္ဗမဟောရတ္တိံ၊ ဗုဒ္ဓေါ တပတိ တေဇသာ [၂]။
ဣမိနာ တေဇသမ္ပန္နာ၊ သာဓဝေါ ဟောန္တု သဗ္ဗဒါ။

အာဒိစ္စော၊ ရောင်ခြည်တထောင် မကဆောင်သည့် ထွန်းပြောင်ထိန်လင်း ရှင်နေမင်းသည်။ ဒိဝါ၊ မိုက်မှောင်ပယ်ခွင်း အလင်းရောက်လာ နေ့အခါ၌သာလျှင်။ တပတိ၊ ထွန်းလင်းကျက်သရေ တင့်တယ်နိုင်ပါပေ၏။ စန္ဒိမာ၊ အေးမြချမ်းသာ ရောင်ဝါပဝင်း ရွှေလမင်းသည်။ ရတ္တိံ၊ အလင်းရောင်ကွယ်ပျောက် မိုက်မှောင်ရောက်ရာ ညဥ့်အခါ၌သာလျှင်။ အာဘာတိ၊ ထွန်းလင်းကျက်သရေ တင့်တယ်နိုင်ပါပေ၏။ ခတ္တိယော၊ ရေမြေသဉ္ဇနင်း ပြည့်ရှင်မင်းသည်။ သန္နဒ္ဓေါ၊ ရတနာစိန်ကျောက် ထိန်ထိန်တောက်သည့် မင်းမြောက်တန်ဆာ ဝတ်စားဆင်ယင်မှသာလျှင်။ တပတိ၊ ထွန်းလင်းကျက်သရေ တင့်တယ်နိုင်ပါ

---

၁။ နိဒါနဝဂ္ဂသံယုတ် အဋ္ဌကထာ၊ နှာ-၂၂၆။
၂။ နိဒါနသံယုတ်ပါဠိတော်၊ နှာ-၄၇၁။

ပေ၏။ ဗြဟ္မဏော၊ အာသဝေါကင်းကွာ ရဟန္တာအရှင်မြတ်သည်။ ဈာယိ၊ ဈာန်အဘိညာဏ် သမာပတ်ကို ဝင်စားမှုသာလျှင်။ တပတိ၊ ကွန်းလင်းကျက်သရေ တင့်တယ်နိုင်ပါပေ၏။

အထ၊ ထိုသို့မဟုတ်။ ဗုဒ္ဓေါ၊ သုံးလောကကျော်ကြား ရှင်တော်မြတ်ဗုဒ္ဓကြီးသည်ကား။ သဗ္ဗမဟောရတ္တိံ၊ နေ့ရောညဉ့်ပါ ဘယ်ခါမဆိုင်း အချိန်ရှိတိုင်းသာလျှင်။ တေဇသာ၊ ကျက်သရေတန်ခိုး တင့်တယ်ခြင်းအမျိုးမျိုးဖြင့်။ တပတိ၊ ကွန်းလင်းကျက်သရေ ဂုဏ်တက် ဝေအောင် ထူးထွေဆန်းကြယ် အံ့ဩဘွယ်လျှင် တကယ်ပင် တင့်တယ်တော်မူပါပေ သတည်း။

ဣမိနာ၊ ဤသို့နှစ်သစ်အခါ ကျက်သရေ မင်္ဂလာနှင့် စပ်သောစကား အမှန်အားဖြင့် မြွက်ကြား ပြောဆိုရလေသောကြောင့်။ သာဝဝေါ၊ ကိုယ့်ရပ်ဒေသ ကိုယ့်ရွာနဂ္ဂ နှစ်ခြိုက် ရှင်ပျော် နိုင်ငံတော်သူ နိုင်ငံတော်သား ကမ္ဘာသူ ကမ္ဘာသားဖြစ်ကြတဲ့ သူတော်ကောင်း အများတို့သည်။ သဗ္ဗဒါ၊ နေ့ရော ညဉ့်ပါ အခါခပ်သိမ်း။ တေဇ သမ္ပန္နာ၊ ကျက်သရေ တန်ခိုး တင့်တယ်ခြင်းအမျိုးမျိုးနှင့် ပြည့်စုံကြကုန်သည်။ ဟောန္တု၊ ဆိုခဲ့ပြီးရာ သစ္စာ စကား မှန်ကန်အားကြောင့် အလားတူစွာ ဖြစ်ကြပါစေကုန်သတည်း။

အဝိပ္ပါယ်ကတော့ လောကမှာ ကျက်သရေမင်္ဂလာနှင့် ပြည့်စုံသောအရာဌာန ငါးမျိုး ရှိပါတယ်၊ ထိုငါးမျိုးတို့တွင် ရှေ့လေးမျိုးကိုတော့ အချိန်ကာလ တိုတောင်းလှသဖြင့် ပြောဆိုခွင့်မရဘဲ နောက်ဆုံးဖြစ်တဲ့ ဗုဒ္ဓရှင်ကိုယ်တော်မြတ်ကြီး၏ ကျက်သရေမင်္ဂလာနှင့် ပြည့်စုံပုံကိုသာ ဟောပြလိုပါတယ်။

ရှေ့လေးမျိုးတို့မှာ အခါကာလအားလျော်စွာ ကျက်သရေမင်္ဂလာနှင့် ပြည့်စုံကြ ပါတယ်၊ မြတ်စွာဗုဒ္ဓရှင် ကိုယ်တော်မြတ်ကြီးမှာတော့ မင်္ဂလာ အစိုင်အခဲကြီး မင်္ဂလာ အတုံးအခဲကြီး ဖြစ်တော်မူ၍ ရှေးရှေးသော ဘဝအထူးတို့က ဖြည့်ဆည်းပူးတော် မူခဲ့သော ပါရမီပေါင်းစုံ ကုသိုလ်တော် အဟုန်တို့ကြောင့်ဖြစ်တဲ့ သီလ, သမာဓိ, ပညာတော်ဖြင့် တလောကလုံးကို လွှမ်းကျော်သိမ်းကျုံး၍ အံ့မဆုံးအောင် နေ့ရော ညဉ့်ပါ အခါမရွေး အချိန် မရွေး တင့်တယ်တော်မူပါတယ်၊ ကျက်သရေ မင်္ဂလာနှင့် ပြည့်စုံတော်မူပါတယ်၊ ဤကဲ့သို့ မှန်ကန်သော သစ္စာစကားကို မြွက်ကြားပြောဆိုရလေသောကြောင့် ရေဒီယိုမှ နားသောတ ဆင်သူအများနှင့် နိုင်ငံတော်သူ နိုင်ငံတော်သား ကမ္ဘာသူ ကမ္ဘာသား လူအများတို့အား မိမိတို့ လိုလားနေကြတဲ့ ကျက်သရေမင်္ဂလာများနှင့် ကေန်မသွေ ပြည့်စုံကြပါစေ-ဟု အထူး ဆုတောင်းလျက် ဘုန်းကြီးက ဤဂါထာကို ရွတ်ဆိုလိုက်ရပါတယ်။

အဲ ယခုပြောပြခဲ့ပြီးသော ကျက်သရေမင်္ဂလာ အရှိဆုံးဖြစ်တဲ့ ဗုဒ္ဓရှင် ကိုယ်တော် မြတ်ကြီး တည်ထောင်ဖန်ဆင်းထားတဲ့ သာသနာတော်မြတ်ကြီးကို တိုက်ဆိုင် ကြုံကြိုက်ကြဘို့ ခဲယဉ်းတယ်ဆိုတာ အထူးပြောဘို့ မလိုတော့ပါဘူး၊ ကံကောင်းထောက်မလို့ အဲဒီ ခဲယဉ်း လှတဲ့ သာသနာတော်မြတ်ကြီးကို ယခု တွေ့ကြုံနေကြရတဲ့ အချိန်အခါမှာ လောကရေးရာ တွေနှင့်သာ အချိန်ကုန်နေကြမယ်ဆိုရင် အဘိုးတန်ရတနာတွေကို တွေ့မြင်ရသော်လည်း ထို ရတနာတွေကို အသုံးမချတတ်တဲ့ တောသားသမင်တွေလို ဖြစ်နေကြပြီးတော့ သာသနာ

တော်မြတ်ကြီးနှင့် တွေ့ကျုံးမနပ်ကြဘဲ အခါကောင်းသင့် အခွင့်ကောင်း ကြုံလာတဲ့ဘဝ တွက်တာ အနှစ်အနာကြီး နစ်နာကြပါလိမ့်မယ်၊ အဲဒါကို ဘုန်းကြီးက အလွန်ပင် သတိပြု စေချင်ပါတယ်၊ အတိုချုပ် ပြောလိုတာကတော့—

**ရုပ်,နာမ် သိဘို့ အရေးကြီး။** ။'မာဝေါ ခဏံ ဝိရာဓေထ၊ ခဏာတီတာ ဟိ သောစရေ'-[1] လို့ ကျမ်းဂန် လာရှိသည့်အတိုင်း အခွင့်ကောင်း အခါ ကောင်းကြီးကို မလွဲချော်ဘို့ရာ အရေးကြီးပါတယ်။ ဒါကြောင့် ယခုလို ကြုံတောင့် ကြုံခဲ ဖြစ်တဲ့ မြတ်စွာဗုဒ်ရားတည်းဟူသော နေမင်း လမင်းကြီးတွေ ပေါ်ထွန်း ထွက်ပြူလာတဲ့ သာ သနာတွင်း အချိန်အခါမှာ အန္ဓပုထုဇဉ်အဖြစ်မှ လွတ်မြောက်၍ ကလျာဏ ပုထုဇဉ်အဖြစ်သို့ ရောက်ဘို့ရန် ရုပ်,နာမ် တရားတွေကို ပိုင်းခြားသိဘို့ အရေးကြီးဆုံး အချက်ကြီးဟု နားလည် ထားကြရမည်။

ဘာကြောင့်လဲလို့ဆိုတော့ သာသနာပ အခါကာလမှာ ရုပ်,နာမ်တို့ရဲ့ သဘာဝကို သိဘို့ မဆိုထားပါနဲ့ ရုပ်,နာမ်ဆိုတဲ့ အသံကိုမျှ မကြားရ မကြားနိုင်ပါဘူး။ မျက်စိနှစ်ဘက် ဘယ်လိုပင် ကောင်းပါသော်လည်း ရုပ်, နာမ်ကို မသိက အန္ဓပုထုဇဉ် အကန်း ပုထုဇဉ်လို့ ခေါ်ရပါတယ်၊ ရုပ်ဓာတ်,နာမ်ဓာတ် ပရမတ်ကိုသိတဲ့ မျက်စိ အမြင်ရှိသူမှသာ ကလျာဏ ပုထုဇဉ်ကောင်းဖြစ်ပါတယ်၊ ဒါကြောင့် ရုပ်,နာမ်,ခန္ဓာ, အာယတန, ဓာတ်, ပဋိစ္စသမုပ္ပါဒ် စတဲ့ တရားတွေကို ယခုလို နာခြင်း,ဆွေးနွေးခြင်း, မေးမြန်းခြင်း,ဆောင်ရွက်လေ့ကျက်ခြင်း ပြုမှသာလျှင် ကလျာဏ ပုထုဇဉ်အဖြစ်သို့ ရောက်ပြီး မိမိတို့ တောင့်တနေကြတဲ့ မဂ်ဖိုလ် နိဗ္ဗာန်ကို ဧကန် ရောက်ရှိကြပါလိမ့်မယ်။

**ပဉ္စဂ္ဂပုဏ္ဏားဝတ္ထု။** ။ဤနေရာ၌ နာမ်,ရုပ်နှင့် ပတ်သက်၍ ပုဏ္ဏားလင်မယား နှစ်ယောက် တို့၏အကြောင်း[2] ကို ပြောချင်ပါသေးတယ်၊ သာဝတ္ထိပြည် မြတ်စွာ ဗုဒ်ရားဆွမ်းခံကြွသောအခါ ပဉ္စဂ္ဂပုဏ္ဏားလင်မယား ထမင်းစားနေခိုက် အိမ်ပေါက်သို့ မြတ်စွာ ဗုဒ်ရား ဆွမ်းခံကြွလာသဖြင့် ပုဏ္ဏားကြီးစား၍ ထက်ဝက်ဖြစ်နေသော ထမင်းပွဲကို ချီမ၍ "အလှူခံကောင်းပါသလားဗုဒ်ရား"ဟု လျှောက်ထားသောအခါ မြတ်စွာဗုဒ်ရားက "ဗုဒ်ရား တို့မည်သည် သူတပါးပေးကမ်းသည်ကိုမှီ၍ အသက်မွေးခြင်းရှိကြသည်၊ မစားသေး ဦးဦး ဖျားဖျားကိုလည်း အလှူခံကောင်းသည်၊ စားပြီး၍ ထက်ဝက်ကိုလည်း အလှူခံကောင်းသည်၊ စားကြွင်းစားကျန်ကိုလည်း အလှူခံကောင်းသည်"ဟု မိန့်တော်မူသဖြင့် စားဆဲကို လှူဒါန်း ပြီးလျှင် "မြတ်စွာဗုဒ်ရား-အရှင်ဗုဒ်ရား၏တပည့်ရဟန်းတွေကို'ဘိက္ခု'ဟု ခေါ်တော်မူလေ့ရှိပါ သည်၊ဘယ်လိုပုဂ္ဂိုလ်မျိုးကို'ဘိက္ခု'ဟု ခေါ်ကြောင်းမိန့်တော်မူပါ"ဟု လျှောက်ထားသော အခါ မြတ်စွာဗုဒ်ရားက "ဤ ပုဏ္ဏား ဇနီးခင်ပွန်း နှစ်ယောက်တို့သည် ကဿပ မြတ်စွာဗုဒ်ရား

---

၁။ အပ၊ ၁။ ၅၁။ အပ၊ ဋ္ဌ၊ ၁။ ၃၃၀။ ထေရ၊ ဋ္ဌ၊ ၁။ ၄၇၄။

၂။ ဓမ္မပဒ၊ နှာ-၆၆။ ဓမ္မပဒ၊ ဋ္ဌ၊ ဒု-တွဲ၊ နှာ-၃၆၇-၉။

လက်ထက်က နာမ်ရုပ်ဟုဆိုသော ရဟန်းတို့၏စကားကို ကြားနာဘူးကြသည်၊ နာမ်ရုပ်ကို မစွန့်လွှတ်နိုင်ကြသော ဟောခြင်းငှာသင့်၏”ဟု ဆင်ခြင်တော်မူပြီး–

“သဗ္ဗသော နာမရူပသ္မိံ၊ ယဿ နတ္ထိ မမာယိတံ။
အသတာ စ န သောစတိ၊ သ ဝေ ဘိက္ခူတိ ဝုစ္စတိ”။”

ဟုဟောတော်မူပါတယ်။

ယဿ၊ အကြင်သူအား။ နာမရူပသ္မိံ၊ နာမ်ရုပ်နှစ်ပါးအပေါ်၌။ မမာယိတံ၊ ငါ့ကိုယ် ငါဟာ ငါဥစ္စာဟု တွယ်တာသောအား သိမ်းပိုက်ကာခြင်းသည်။ သဗ္ဗသော၊ အချင်း ခပ်သိမ်း။ နတ္ထိ၊ တစိုးတစိမျှမရှိပေ။ အသတာ စ၊ မရှိသောအား ပျက်စီးသွားသော်လည်း။ န သောစတိ၊ စိုးရိမ်ပူဆွေး မငိုကြွေးတော့ပေ။ သ–သော၊ ထိုသို့သဘောရှိသောသူကို။ ဝေ၊ စင်စစ်။ ဘိက္ခူတိ၊ ဘိက္ခုဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

ဤသို့ဟောတော်မူလိုက်ရာ ထိုပဉ္စဂ္ဂ ပုဏ္ဏားကြီး ငါးယောက်တို့ဟာ နာမရူပသ္မိံ နာမ် ရုပ် ဆိုတဲ့ အသံကြားလိုက်ရသဖြင့် ဂါထာအဆုံး၌ လင်မယားနှစ်ယောက်စလုံး အနာဂါမ်တည်ကြလေသည်၊ သူတို့ဟာ ရှေးအခါ ကဿပဘုရား လက်ထက်တော်က နာမ်ရုပ်လို့ ပြောဆိုကြတဲ့ရဟန်းတို့၏ စကားကို ကြားနာဘူးခဲ့သည့် အာသေဝန ကောင်းမှု အကြောင်း ကိုရသောကြောင့် ယထာဘူတဉာဏ် နိဗ္ဗိန္ဒာဉာဏ် အမြင်သန့်ပြီး လောကကိုထိုးဖောက်၍ လောကုတ္တရာနယ်သို့ ရောက်သွားကြသည်ကို ထောက်ထား၍ နာမ်တရား ရုပ်တရားများကို ဘယ်လောက်မှတ်သားလေ့လာထိုက်သည်ကို အထူးသတိပြုကြစေလိုပါတယ်။

**ရုပ်နာမ်သဘာဝ။** ။သို့သော်လည်း ရုပ်နာမ်တရားတို့၏ သဘာဝကို မြင်ဘို့ဆိုတာကပကတိ မျက်စိနှင့် မမြင်နိုင်ပါဘူး၊ ဘုရားပေးတဲ့ ဉာဏ်မျက်စိနှင့် ကြည့်တတ်မှ သာလျှင် မြင်နိုင်ပါတယ်၊ ဒါကြောင့် ရုပ်နာမ်တွေရဲ့ သဘာဝကို ပြောဘို့ရာ အခွင့်ဆိုက်လာ ပြန်တယ်၊ ရုပ်နာမ်ဆိုတာက မသိတာရုပ်၊ သိတာနာမ်ဖြစ်ပါတယ်၊ ဥပမာပြောရရင် ယခု ဘုန်းကြီးထိုင်နေတဲ့ ကုလားထိုင်ဟာ အဋ္ဌကလာပ်ရုပ်တွေ ပေါင်းစုနေတဲ့ ဥတုဇရုပ်တရား ကြီးတွေ ဖြစ်ပါတယ်၊ ထိုရုပ်တရားဖြစ်သော ကုလားထိုင်ကြီးက ငါ၏အပေါ်မှာ ယခု ဘုန်းကြီး ထိုင်နေတယ်လို့ သူမသိပါဘူး၊ ဘုန်းကြီးရဲ့ ခန္ဓာကိုယ် ရုပ်တရားကြီးကလဲ ငါ ခု ကုလားထိုင်ပေါ်မှာ ထိုင်နေတယ်လို့ သူမသိပါဘူး၊ ထိုင်နေတယ်လို့ သိတာက နာမ်တရား ဖြစ်ပါတယ်၊ ဒါကြောင့် မသိလျှင်ရုပ် သိလျှင်နာမ်လို့ မှတ်စေချင်ပါတယ်။

ဘိနပ် ဆိမ်း၊ ထိး တောင်ဝှေး စ၊ အာဟာရ နှင့်၊ သုံးသမျှပင်၊ ဇီဝ ကင်းလတ်၊ သုံးဆောင် တတ်ပါ၊ သတ္တဝါလည်း၊ သူ ငါ မဟုတ်၊ ဘုတ်နှင့် ဘုတ်ချင်း၊ သုံးဆောင်လျှင်းသည်၊ ချင်းချင်း မသိကြလေဘူး တကား။

---

၁။ ဓမ္မပဒ၊ နှာ-၆၆။ ဓမ္မပဒ၊ ဋ္ဌ၊ ၃-တွဲ၊ နှာ-၃၆၇-၉။

ဤနေရာ၌ အချုပ်အားဖြင့် ပြောရလျှင် သုံးဆယ့်တဘုံနှင့် သုံးဆယ့်တဘုံသားတွေကို အကျဉ်းပေါင်းစု လိုက်မယ်ဆိုရင် ရုပ်နာမ်နှစ်ပါးမျှသာ ရှိပါတယ်၊ ဤရုပ်နာမ်နှစ်ပါးမှ တပါး အခြားတစုံတရာ ဘာမျှမရှိပါဘူး၊ သို့သော်လည်း ပုထုဇဉ်သတ္တဝါတွေက ဒီရုပ်နာမ်ကို ရုပ်နာမ်လို့ မမြင်နိုင်ကြဘဲ မာနစွဲကြောင့် ငါဘဲ သူဘဲ၊ တဏှာစွဲကြောင့် ငါ့ဟာ သူ့ဟာ၊ ဒိဋ္ဌိစွဲကြောင့် ငါကောင် သူကောင်လို့ အထင်မှား အမြင်မှား နေကြပါတယ်။ ဤကဲ့သို့ ရုပ်နာမ်ကို ပိုင်ပိုင်နိုင်နိုင် အဟုတ်သိ တကယ်သိမှ သူငါ စသည်ထင်တဲ့ မဟုတ် ပညတ်တွေ ကွယ်ပျောက်မယ်၊ ပညတ်တွေ ကွယ်ပျောက်မှ တဏှာ့ မာန့ ဒိဋ္ဌိကင်းပြတ်မယ်၊ တဏှာ မာန ဒိဋ္ဌိကင်းပြတ်မှလဲ အပါယ်လေးရပ်နှင့် အမြဲကင်းပြတ်လို့ အိုလက်စ နာလက်စ သေလက်စ ဘဝဇာတ်သိမ်းပြီး ငြိမ်းကြီးငြိမ်းကြရ၊ အေးကြီး အေးကြရပါလိမ့်မယ်။

ငြိမ်းကြပါစေ အေးကြပါစေ၊ ဝိပဿနာ အနေနှင့် ပြောရလျှင် အတိတ်ဘဝက ဖြစ်ခဲ့တဲ့ ရုပ်နာမ်တွေဟာ အတိတ်ဘဝကဘဲ ခဏမစဲ ချုပ်ပျောက်ပျက်စီး ခဲ့ကြပါကုန်ပြီ၊ ယခု သကြိန်တွင်းကဖြစ်တဲ့ ရုပ်နာမ်တွေလဲ သကြိန်တွင်းကဘဲ ခဏမစဲ ချုပ်ပျောက်ပျက်စီး ခဲ့ကြပါကုန်ပြီ၊ ယခု ပြောဟောနေဆဲ အခိုက်အတန့်၌ မရေမတွက်နိုင်အောင် ဖြစ်နေတဲ့ ရုပ်နာမ်တွေလဲ မရေမတွက်နိုင်အောင်ဘဲ ချုပ်ပျောက် ပျက်စီးနေဆဲပါ၊ နောင်အခါ အနာဂတ်ဖြစ်မဲ့ ရုပ်နာမ်တွေလဲ ကေန်ချုပ်ပျောက် ပျက်စီးရမှာ အမှန်ပါဘဲ။

ဘိဇ္ဇိံသု တီတသင်္ခါရာ၊ ပစ္စုပ္ပန္နာ စ ဘိဇ္ဇရေ။
အနာဂတာ ဘိဇ္ဇိဿန္တိ၊ သဗ္ဗေပိ ဘာယိတဗ္ဗကာ။

အတီတသင်္ခါရာ၊ ရှေးရှေးဘဝ ရှေးကာလက ဖြစ်ကြပြီးငြား ရုပ်နာမ် သင်္ခါရတရားတို့သည်။ ဘိဇ္ဇိံသု၊ ငါ၏သန္တာန် အဖန်ဖန်ဖြင့် မှန်မှန်ကုန်ဆုံး ပျက်ပြုန်းခဲ့ကြလေကုန်ပြီ။ ပစ္စုပ္ပန္နာ စ၊ ယခုလက်ငင်း ပက်ပင်းတွေ့ကြုံ ဖုံဖုံဖြစ်ပွား ရုပ်နာမ် သင်္ခါရတရားတို့သည်လည်း။ ဘိဇ္ဇရေ၊ နှမ်းအိုးကင်းထက် နှမ်းတွေကျက်သို့ ရတ်တရက်ပေ ချုပ်ပျက်၍နေကြလေကုန်၏။ အနာဂတာ စ၊ နောက်နောင်ကာလ နောက်ဘဝ၌ ဖြစ်ကြရန်သင့် အဆင့်ဆင့်ပွား ရုပ် နာမ် သင်္ခါရ တရားတို့သည်လည်း။ဘိဇ္ဇိဿန္တိ၊ ဒီပုတ်ထဲက ဒီပဲအနေ ချုပ်ပျက်ကြလေကုန်လိမ့်လတ္တံ့။ သဗ္ဗေပိ၊ ယခုရှေ့နောက် ငါ့ထံရောက်လည်း ချုပ်ပျက်ကုန်ဆုံး ရုပ်နာမ်အားလုံးတို့သည်ပင်။ ဘာယိတဗ္ဗကာ၊ ကြောက်ဘွယ် ရွံစရာ မလွန့်သာကြ စွန့်ခွါမှ အေးဘွယ် အော် – ဘေးအသွယ်သွယ်တို့ ပါတကား။

ဒါကြောင့် ဤရုပ်နာမ်တို့သည် ဖြစ်ပြီးက ပျက်စီးရမလွဲ အမြဲမရှိသောကြောင့် အနိစ္စ အနိစ္စ၊ ဤရုပ်နာမ်ဘုံသည် ဖြစ်ချည် ပျက်ချည် အတည်မကျ ခံနေရသဖြင့် ဆင်းရဲလှသောကြောင့် ဒုက္ခ ဒုက္ခ၊ ဤရုပ်နာမ်တို့သည် မဖြစ် မပျက်ရအောင် မည်သူ တဦးတယောက်မျှ တားမနိုင် ဆည်းမရ အစိုးမရသောကြောင့် အနတ္တ အနတ္တ။ ဤမှတပါး နှစ်ဦးအစ မင်္ဂလာယူကြတဲ့ အစဉ်အလာသည် လူမျိုး တိုင်း မှာ ရှိနေ တော့ မင်္ဂလာဆိုတဲ့ အဓိပ္ပါယ်ကို သိလွယ်အောင် အနည်းငယ် မြန်မာလို ပြောပြချင်ပါတယ်။

**မင်္ဂလာ။** ။ကိုယ် စိတ် နှစ်ပါး ဆင်းရဲကြောင်းဖြစ်တဲ့ အကုသိုလ်တရားများကို ပယ်ရှား ဖျက်ဆီးပြီး ကုသိုလ်တရားတွေဖြစ်နေတာ မင်္ဂလာလို့ ဆိုကြပါတယ်။ "မင်္ဂလသဒ္ဒ ဂုဏ်ကာရကော" အရရှိတဲ့ အဋ္ဌကထာရဲ့အရ ပြောရရင် အများပဲသိပ်း ပြီးမြောက်ပြည့်စုံခြင်း၏ အကြောင်းကို မင်္ဂလာ၊ သက္ကဝါတို့၏ တိုးတက်ကြီးပွားကြောင်းကိုလည်း မင်္ဂလာ၊ အလုံးစုံ စည်းစိမ်တို့ကို ရရှိခြင်း၏ အကြောင်းကိုလဲ မင်္ဂလာလို့ပဲ ဆိုရပါတယ်။

သို့ဖြစ်၍ မင်္ဂလာတရားနှင့် ပြည့်စုံလျှင် ကုသိုလ်တရားတွေ ဖြစ်ပွါးနေတယ်ဆိုတာ ထင်ရှားပါတယ်၊ ဥပမာ - လူမိုက်တို့နှင့် မပေါင်းသင်းရဘူးဆိုတဲ့ "အသေဝနာ စ ဗာလာနံ" မင်္ဂလာ၌ ဗာလာနံအရ သူ့အသက်သတ်မှု အစရှိတဲ့ အကုသိုလ်တရားတွေနှင့် ပြည့်စုံသောပုဂ္ဂိုလ်ကို ယူရ၍ အသေဝနာအရ ထိုပုဂ္ဂိုလ်ကို ရှောင်ကြဉ်သော အားဖြင့် ဖြစ်တဲ့ ကုသိုလ်စိတ်ကို ယူရပါတယ်၊ ပညာရှိများနှင့် ပေါင်းသင်းရမယ်ဆိုတဲ့ "ပဏ္ဍိတာနဉ္စ သေဝနာ" မင်္ဂလာ၌ ပဏ္ဍိတာ အရ ကုသိုလ်တရားနှင့် ပြည့်စုံသော ပုဂ္ဂိုလ်ကို ယူရ၍ သေဝနာအရ ထိုပုဂ္ဂိုလ်ကို ဆည်းကပ်သောအားဖြင့် ဖြစ်တဲ့ကုသိုလ်ကို ယူရပါတယ်၊

"ပူဇာ စ ပူဇနေယျာနံ" မင်္ဂလာ၌လည်း ပူဇနေယျာနံအရ ပူဇော်သင့် ပူဇော်ထိုက် သော ဆရာမိဘ အစရှိသော ပုဂ္ဂိုလ်များကိုယူရ၍ ပူဇာအရ ထိုပုဂ္ဂိုလ်တို့ကို ကိုင်းညွှတ်ပူဇော် သောအားဖြင့် ဖြစ်တဲ့ကုသိုလ် စိတ္တုပ္ပါဒ်ကို ယူရပါတယ်။ ဤသို့သောညွှန် သုံးဆယ့်ရှစ်ပြား မင်္ဂလာတရားကို မြတ်စွာဘုရား ဟောကြားတော်မူပြီးသည့်အဆုံး၌ ကုဋေတသိန်းမျှသော ဗြဟ္မာတွေ ရဟန္တာဖြစ်ကြပါတယ်၊ သောတာပန်, သကဒါဂါမ်, အနာဂါမ်ဖြစ်တဲ့သူတွေ ကိုတော့ မရေတွက် မပိုင်းခြားနိုင်အောင် များပြားလှကြောင်းကို ခုဒ္ဒကပါဌ အဋ္ဌကထာ, သုတ္တနိပါတ် အဋ္ဌကထာများ၌ အထင်အရှားပြဆိုထားပါတယ်၊ ဤကဲ့သို့ ကျေးဇူးများပြား လှသောကြောင့် မင်္ဂလာတရားနှင့် ပြည့်စုံအောင် နေထိုင်ကြပါလို့ ဘုန်းကြီးက အဘူးဘဲ တိုက်တွန်းလိုက်ပါတယ်။

ဘုရားလက်ထက်တော်မှစ၍ ဤမင်္ဂလသုတ် ဒေသနာတော်ကို ဆရာ အဆက်ဆက် ဆောင်ရွက်လေ့ကျင့် လိုက်နာခဲ့သောကြောင့် ယနေ့တိုင်အောင် လောကရေးရာ ဓမ္မရေးရာ များ၌ လွန်စွာ ကျေးဇူးများလျက် ရှိပါတယ်၊ ဤ မင်္ဂလသုတ် ဒေသနာတော်ကို သံဃာ တော်များ အခုရွက်ဆိုတော် မူကြပါလိမ့်မယ်၊ ရိုရိုသေသေ လေးလေးစားစား ကုသိုလ် ဘာရား တိုးပွါးအောင် ကြိုးစားလိုက်နာနိုင်ကြပါစေ၊ ဘေးရန်ခပ်သိမ်း ကင်းငြိမ်းကြပါစေ၊ သက်ရှည်ကျန်းမာ ချမ်းသာစွာဖြင့် လိုရာဆန္ဒ ကျက်သရေ မင်္ဂလာ ဟူသမျှတို့နှင့် ပြည့်စုံကြ ပါစေကုန်သတည်း။ ။

# ဩကာသအကြောင်းအရာ

ဤဩကာသ အကြောင်းအရာကို ထိုထို ကျမ်းစာအုပ် ကြီးငယ်တို့၌ များစွာပင် ပါရှိရေးသားကြပြီး ဖြစ်ပါသော်လည်း မေတ္တာနှင့် ကရုဏာ သဒ္ဓါရွှေပြေး စိတ်ကောင်း မွေးလျက် ရေးထိုက်၍ တဖန်ထည့်စွက် ရေးလိုက်ရပြန်ပါသတည်း။

ယခုအခါ အနှစ်သာရ လွန်ပြည့်ဝသော ရှေးမူဟောင်း ဩကာသ တိုတို တုတ်တုတ် ကိုမျှ မရရှိသူတွေနှင့် အဓိပ္ပါယ်ကို နားမလည်သူတွေ တနေ့တခြား များပြားလာသည်ကို တွေ့ရှိရပေပြီ၊ ဘာသာရေးမျက်စိ ရှုထောင့်အနေနှင့် ကြည့်ရသော် အလွန်ဝမ်းနည်းဘွယ် ကောင်းလှပါသည်။

## ဩကာသကို ရရှိသူ နည်းပါးလာပုံ

ဘုန်းကြီးတို့၏ တပည့် စာချဘုန်းကြီးဘပါးသည် မြစ်ဝကျွန်းပေါ်၌ သီတင်းသုံး နေထိုင်ပါသည်၊ တနေ့သောအခါ ဥပုသ်စောင့်လိုကြသဖြင့် ရွာငယ် တရွာမှ အဆိုပါ ဘုန်းတော်ကြီးကို လာရောက် ပင့်ကြ၍ ကြွသွားတော်မူရာ ပရိသတ် ပြည့်စုံသဖြင့် ခေါင်း ဆောင်ဒကာကြီးတဦးက အရှင်ဘုရား တပည့်တော်တို့ တ ရွာ လုံး မှ ဩ ကာ သ ရရှိသူ နှစ်ယောက် သုံးယောက်မျှသာ ရှိပါသည်၊ ဩကာသကိုကား အရှင်ဘုရား ချပေးတော် မူပါဟု လျှောက်ထားသဖြင့် ဆုမပေးမီ ဩကာသကိုပါ ချပေးရကြောင်းကို အတိအကျ သိရှိရပါသည်၊ ဆယ့်လေးနှစ် ဆယ့်ငါးနှစ်အရွယ် ကျောင်းသားများပင် ခေတ္တ သက်နီး ဝတ်လို၍ ကျောင်းတိုက်သို့ ရောက်လာလျှင် ဩကာသ ကန်တော့ခန်း ရရှိသူ မရှိသလောက် ကိုပင် တွေ့ရပါသည်။

ဒုလ္လဘ ဝတ်ခိုက်—

၁။ ပုတီးစိပ်လေးပုဒ်၊
၂။ ဩကာသ ကန်တော့ခန်း၊
၃။ ဘုရား ဂုဏ်တော် စသော ဂုဏ်တော်သုံးမျိုး၊
၄။ ဘုရားဂုဏ်တော်ကိုးပါး မြန်မာပြန်ကို တိုတိုတုတ်တုတ်နှင့် ပုတီးစိပ်ပုံ၊
၅။ တောတွင် မွေးဖွား ကျေးသားကလေးများပင် ပွားများနိုင်သော အလွယ်ကူဆုံး အဠိက ကမ္မဋ္ဌာန်းကို အဆိုခိုင်းရပါသည်။

ဤသို့ အထူးဂရုစိုက်၍ အရေးကြီးစွာ သင်ကြားလိုက်ရသော်လည်း ဆိုင်ရာ မိဘ တို့က အိမ်သို့ ပြန်ရောက်လျှင် မမေ့ပျောက်အောင် လေ့လာမှု မပြုစေလျှင် ဝမ်းနည်း ဘွယ်ရာ ကေန်မေ့ပျောက်သွားမည်သာ အမှန်ဖြစ်ပါသည်။

## ဩကာသ အဓိပ္ပါယ်ကို သိရှိသူနည်းပါးလာပုံ

စစ်ကိုင်းတောင်ရိုး အဂ္ဂမဟာပဏ္ဍိတ အနှိုးစခန်း ဆရာတော်ဘုရားကြီးနှင့် ရန်ကုန်မြို့တွင်းသို့ ဆွမ်းစားလိုက်ပါသွားရာ တိုက်ပေါ်သို့ ရောက်ရှိသောအခါ အပ်မကပ်ပီ လူကြီးလူကောင်းတွေ အတော်များများဝိုင်းဖွဲ့၍ တရားစကားကို ပြောဆို ဆွေးနွေးနေကြဟန်တူပါသည်၊ ထိုအထဲမှ တဦးသော ဒါယကာကြီးသည် လေယူ လေကား ခပ်တွားတွားဖြင့် ဩကာသ အဓိပ္ပါယ်ကို ရှင်းလင်းပြောပြနေသည်မှာ "ဒါးကောင်းကျိုက်ဘခြားတင်တခြား"ဆိုသကဲ့သို့ အလွန်ပင် လွဲမှားနေပါသည်။ အခြားလူကြီးများလည်း ဘာမျှမပြောဘဲ နားထောင်နေကြပါသည်။ ထိုအခါ ဘုန်းကြီးက "ဒါယကာကြီး မဟာဝိသုဒ္ဓါရာမ ဆရာတော်ဘုရားကြီးကတော့ ဒီလိုရေးထားပါတယ်။ ရှိခိုးခြင်း၏ တည်ရာ မြတ်နိုးခြင်း၏တည်ရာ ပူဇော်ခြင်း၏ တည်ရာ အရိုအသေပြုခြင်း၏ တည်ရာ အလေးအမြတ်ပြုခြင်းတို့၏ တည်ရာ ဩကာသ ဖြစ်တော်မူပါပေသော မြတ်စွာဘုရား မြတ်စွာဘုရား ..." ဤသို့ရွတ်ဆိုပြလိုက်မိသဖြင့် ကျောင်းတိုက်သို့ ပြန်ရောက်သောအခါ အနှိုးစခန်း ဆရာတော်ဘုရားကြီးက "စာချဘုန်းကြီး ဘာပြုလို့ ဩကာသအဓိပ္ပါယ်ကို ဝင်ပြီးပြောရတာတုံ၊ ထိုဒါယကာကြီးဟာ စိတ်မချမ်းသာသော အမူအရာနှင့် ခဏခြင်းပြီး ပြန်ဆင်းသွားတယ်"လို့ အမိန့်ရှိတော့မှ မိမိမှားကြောင်း သတိရရှိမိပါသည်။

ဤဆရာတော်ဘုရားကြီး၏ အဆုံးအမ ဩဝါဒကို ရရှိထားသဖြင့် ဘုရားကြီးမြောက်မုခ်အဆင်း၌ အသံကျယ်ကျယ်ဖြင့် ပုတီးစိပ်ထားသွင်းနေသော ဒါယကာကြီးကို မှားနေကြောင်း မပြောဝံ့တော့ပုံကို ဆိုင်ရာပုတီးစိပ် အခန်း၌ တွေ့ရှိရပါလိမ့်မည်။ ဤကဲ့သို့ အသက်အရွယ် ကြီးမားသော သူများပင် ဩကာသ၏ အမှန်သဘာဝကို မသိကြလျှင် "ရှင်ကြီး ကျောင်းခေါ်တက်၊ ရှင်ငယ်တွေ ဘယ်လိုနေလိမ့်..." ဟူသကဲ့သို့ လူငယ်တွေ အဘယ်သို့ သိနိုင်ကြပါမည်နည်း။

## ရှေးပူဟောင်း ဩကာသ ကန်တော့ခန်း

ဩကာသ ဩကာသ ဩကာသ၊ ကာယကံ ဝစီကံ မနောကံ သဗ္ဗဒေါသ ခပ်သိမ်းသော အပြစ်တို့ကို ပျောက်ပါစေခြင်း အကျိုးငှာ ပဌမ ဒုတိယ တတိယ တကြိမ် နှစ်ကြိမ် သုံးကြိမ် မြောက်အောင် ဘုရားရတနာ တရားရတနာ သံဃာရတနာ ရတနာမြတ်သုံးပါးတို့ကို အရိုအသေ အလေးအမြတ် လက်အုပ်မိုး၍ ရှိခိုးပူဇော် ဖူးမျှော်မာန်လျှော့ ကန်တော့ပါ၏အရှင်ဘုရား။

ကန်တော့ရသော အကျိုးအားကြောင့် အပါယ်လေးပါး, ကပ်သုံးပါး, ရပ်ပြစ်ရှစ်ပါး, ရန်သူမျိုးငါးပါး,ဝိပတ္တိ တရားလေးပါး, ဗျသန တရား ငါးပါးတို့မှ အခါခပ်သိမ်း ကင်းလွတ်ငြိမ်းသည်ဖြစ်၍ မဂ်တရား ဖိုလ်တရား နိဗ္ဗာန်တရားတော်မြတ်ကို ရပါလို၏ အရှင်ဘုရား။

**မှတ်ချက်။** ။ယခုကန်တော့ခန်းမှာ ကျမ်းဂန်လာ စကားမဟုတ်သောကြောင့် မူအမျိုးမျိုးရှိသည်ကို အပြစ်မဆိုသာ။ ဤဩကာသ ကန်တော့ခန်း မူရင်းကို

ရှင်အရဟံက အနော်ရထာမင်းအား ရေးပေးခဲ့သည်ဟု အဆိုရှိ၍ ထိုခေတ် ထိုအခါက စတင်ဖြစ်ပေါ်လာသည်ဟု ဆိုဘွယ်ရှိ၏။

ဗုဒ္ဓဘာသာတို့ ယဉ်ကျေးမှု ထုံးတမ်းစဉ်လာအရ ထိုထို သာသနာရေး ကောင်းမှု ကုသိုလ်သဘင်ပွဲများ၌ ဗုဒ္ဓဘာသာ သူတော်စင်တို့ စုံညီစည်းဝေးမိကြလျှင် နိဗ္ဗာန်ဆော် ပြုလုပ်တဲ့ ပုဂ္ဂိုလ်က "ရတနာသုံးပါးကန်တော့ကြပါစို့" ဆိုတဲ့ ဓမ္မဃောသက တရားမိုးချုန်း သံပေးလိုက်ရင် လောကဥပမာ မိုးဦးကျ တောင်က မိုးချုန်းလိုက်လျှင် တောထဲမှာရှိတဲ့ ရွှေဥဒေါင်းတွေသည် တပြိုင်နက် "ကေကာ - ကေကာ" လို့ဝမ်းမြောက်ဝမ်းသာ သာယာ တွန်ကျူးတဲ့ အသံတွေ ပြိုင်မြီးတော့ ထွက်လာတယ်။ ထို့အတူ ဗုဒ္ဓဘာသာ သူတော် ကောင်း အပေါင်းတည်းဟူသော ရွှေဥဒေါင်းတွေသည် နိဗ္ဗာန်ဆော်ပြုလုပ်တဲ့ ပုဂ္ဂိုလ်က "ရတနာသုံးပါးကန်တော့ကြပါစို့" ဆိုတဲ့ တရားမိုးချုန်းသံပေးလိုက်ရင် တပြိုင်နက် တညီ တညွတ် ဩကာသ ဩကာသ ဩကာသ ဒီကစပြီး ကန်တော့တဲ့စာတမ်းကို ရွတ်ကြတယ်၊ ဤတွင် ပထမ ဩကာသ, ဒုတိယ ဩကာသ, တတိယ ဩကာသ ဩကာသ သုံးပုဒ်ဖြင့် ဗုဒ္ဓဘာသာ သူတော်စင်များ ရတနာသုံးပါး ဦးထိပ်ထားပြီးတော့ လူဖြစ်လာတဲ့အတိုင်း အခုသာသနာရေးကိစ္စ၌ ရတနာသုံးပါးကို ဦးတည်လိုက်တဲ့ 'ပါဠိလို ဦးတည်တိုင်တယ်တဲ့' စကား ဖြစ်ပါတယ်။

**ဩကာသ။** ။ဩကာသ ရှိခိုးခြင်း မြတ်နိုးခြင်း ပူဇော်ခြင်း အရိုအသေပြုခြင်း အလေး အမြတ်ပြုခြင်း၏ တည်ရာလို့ အနက်အဓိပ္ပါယ် ရှိပါတယ်။ ဤတွင် ဘုရား ရတနာမှာ အရဟတာ အစရှိသော ဂုဏ်တော်ကိုးပါး၊ တရားရတနာမှာ သွာက္ခာတတာ အစရှိသော ဂုဏ်တော်ခြောက်ပါး၊ သံဃာရတနာမှာ သုပ္ပဋိပန္နတာ အစရှိသော ဂုဏ်တော် ကိုးပါး အသီးအသီး ရှိကြတဲ့အတွက် ဘုရားရတနာသည် ရှိခိုးခြင်း မြတ်နိုးခြင်း ပူဇော်ခြင်း အရိုအသေပြုခြင်း အလေးမြတ်ပြုခြင်း၏ တည်ရာဖြစ်လို့ ပထမဩကာသ၊

တရားရတနာလဲဘဲ ဂုဏ်ကျေးဇူးခြောက်ပါးနှင့် ပြည့်စုံသော ကြောင့် ရှိခိုးခြင်း မြတ်နိုးခြင်း ပူဇော်ခြင်း အရိုအသေပြုခြင်း အလေးအမြတ်ပြုခြင်း၏ တည်ရာဖြစ်လို့ ဒုတိယ ဩကာသ၊

သံဃာ ရတနာလဲဘဲ သုပ္ပဋိပန္နတာ အစရှိသော ဂုဏ်တော်ကိုးပါးနှင့် ပြည့်စုံသော ကြောင့် ရှိခိုးခြင်း မြတ်နိုးခြင်း ပူဇော်ခြင်း အရိုအသေပြုခြင်း အလေးအမြတ်ပြုခြင်း၏ တည်ရာဖြစ်တဲ့အတွက် တတိယ ဩကာသ ဖြစ်ပါတယ်။

အဲဒီလို ဘုရား တရား သံဃာ ရတနာသုံးပါး တိုင်တည်ပြီးတဲ့အခါ၌ ကာယကံ ဝစီကံ မနောကံ သဗ္ဗဒေါသ ဆိုရာဝယ် ကာယကံ အစရှိသော သုံးမျိုးတို့၏ အဓိပ္ပါယ်ကို သက်ဆိုင်သဖြင့် အများသိစေကြရန် ဖော်ပြလိုပါသည်။

## ဒုစရိုက် ၁၀-ပါး

**ကာယကံ ၃-ပါး။** ။ကိုယ်အမူအရာဖြင့် ပြုအပ်သော ကံသည် **ကာယကံ** မည်၏။ ထို ကာယကံ သည်—

၁။ ပါဏာတိပါတ=သူ့အသက်သတ်ခြင်း။

၂။ အဒိန္နာဒါန=သူ့ဥစ္စာကိုခိုးခြင်း။

၃။ ကာမေသု မိစ္ဆာစာရ = ကာမ တို့၌ မှားယွင်း လွန်ကျူးခြင်း ဟူ၍ သုံးပါးရှိ၏။

* သူ့သက် သတ်ခြင်း၊ ခိုးယူခြင်းနှင့်၊ မှားယွင်းအိမ်ရာ၊ ဤသုံးဖြာ၊ မှတ်ပါကာယကံ။

**ဒုစရိုက် ၁၀-ပါး၌ သုရာပါန သွင်းယူရကြောင်း။** ။ဒုစရိုက်(၁၀)ပါး ပြဆိုရာ၌ နောက်ဆုံးဖြစ်သော သေအရက် သောက်မှု သုရာပါန ကံကို ရသာရုံဟုဆိုအပ်သော ဝတ္ထုအာရုံ ကာမဂုဏ်တို့၌ မှားသော အကျင့်မျိုး ဖြစ်သောကြောင့် ကာမေသု မိစ္ဆာစာရ သုံးခုမြောက်ကံ၌ သွင်းယူရမည်ဟူ၍ ဋီကာကျော်၊ အနုဋီကာတို့၌ ပြဆိုထား၏။

တနည်းလည်း သုတ္တနိပါတ်ပါဠိတော်၊ ၎င်းအဋ္ဌကထာတို့ အလိုအားဖြင့်—

ပါဏာတိပါတာဒီနိ သဗ္ဗာကုသလာနိ ကရောန္တိ ဗာလာ။

ဗာလာ၊ ကင်းမဲ့ပညာ မလိမ္မာသူ မိုက်သောလူတို့သည်။ ပါဏာတိပါတာဒီနိ၊ သူ့အသက်သတ်ခြင်း အစရှိကုန်သော။ သဗ္ဗာကုသလာနိ၊ အလုံးစုံသော အကုသိုလ်တို့ကို။ မဒါ၊ သေအရက် သောက်စားမူးယစ်ခြင်းဟူသော အကြောင်းကြောင့်။ ကရောန္တိ၊ မကြောက်မရွံ့ ပြုဝံ့ကြကုန်၏။

ဤသို့ မိန့်ဆိုထားသောကြောင့် သေအရက်သောက်မှု သုရာပါနကံကို ပြုမိက သူ့အသက်သတ်ခြင်း အစရှိသော အလုံးစုံသော အကုသိုလ်မှုတို့ကိုပင် ရဲတင်းစွာ ပြုဝံ့ခြင်းငှာ မခဲယဉ်းတော့ပြီဖြစ်သောကြောင့် အလုံးစုံသော ဒုစရိုက်ဆယ်ပါးတို့၌ သွင်းယူသင့် သွင်းယူထိုက် သွင်းယူရမည်ဟု မိန့်ဆိုတော်မူကြသည်။

ဤပါဠိ အဋ္ဌကထာတို့ အလိုကိုထောက်က ပို၍ သတိပြုဘွယ် ကောင်းလှပါ၏။ အကြောင်းကို ဆိုသော် **သုရာပါန** ဟု ဆိုအပ်သော သောက်စားမူးယစ်မှု အကုသိုလ်ကံ တခုကိုသာ ပြုလုပ်လွန်ကျူးသော် သူ့အသက်သတ်မှု ပါဏာတိပါတ အစရှိသော ဒုစရိုက် ဆယ်ပါးလုံးတို့ကို ပြုလုပ်လွန်ကျူးနိုင်လေသောကြောင့် ဖြစ်ပါသည်။

ယခုအခါ၌ ပုဂ္ဂိုလ်အချို့ကား သေအရက်လို့ အမှတ်မပြုဘဲ သောက်လိုက သောက် နိုင်သည်ဟု ပြောဆိုကြသည်ကို ကြားသိရပါ၏။ မင်းတုန်းမင်းကြီး လက်ထက်က ဆူးခါး ဆရာတော်ဘုရားကြီးသည် သေအရက်ကို သောက်က အပါယ်မရောက် အပါယ်မကျဟူ၍

ဟောပြောနေသောကြောင့် ဆူးခါးဆရာတော်ကို နန်းတွင်းသို့ ပင့်လျှောက်၍ မင်းတုန်းမင်းတရားကြီးက အရှင်ဘုရား ဓမ္မက္ခန္ဓာရှစ်သောင်းလေးထောင်မျှ ရှိသည့်အနက် သုရာပါန သိက္ခာပုဒ် ဓမ္မက္ခန္ဓာ တပါးကို ချန်ထားတော်မူလျက် ကြွင်းသောဓမ္မက္ခန္ဓာရှစ်သောင်းသုံးထောင်ကိုးရာ့ကိုးဆဲ့ကိုးခုကိုသာ ဟောတော်မူပါဘုရားဟု လျှောက်ထားကြောင်းကို ကြားသိရဘူး၏။

ဤဆိုအပ်ပြီးကိုထောက်၍ သေရည်ကိုသောက်လျှင် သူ့အသက်သတ်ခြင်း စသည်ကို ပြုမှသာ မကောင်းမှုဖြစ်သည်။ ဆေးဝါးအထူး မယစ်မူးလောက် အနည်းငယ်မျှ သောက်ပြီး၍ ဝမ်းမြောက်ဝမ်းသာ ကြည်သာရွှင်ပြုံး တရားကျင့်သုံး နှလုံးသွင်းဘိမူ အပြစ်မရှိဟု သူအချို့တို့ ဆိုကြသောစကားကို မသင့်မြတ်ကြောင်း ကျေးဇူးရှင် မဟာဝိသုဒ္ဓါရာမ ဆရာတော်ဘုရားကြီး ဆုံးဖြတ်တော်မူ၏။

**ဝစီကံ ၄-ပါး။** ။နှုတ်ဖြင့် ပြောဆိုလွန်ကျူးအပ်တဲ့ ကံသည် **ဝစီကံ** မည်၏၊ ထိုဝစီကံသည်-

၁။ မုသာဝါဒ=လိမ်လည်လှည့်စားပြောဆိုခြင်း။
၂။ ပိသုဏဝါစာ=ကုန်းတိုက်ခြင်း။
၃။ ဖရုသဝါစာ=ကြမ်းတမ်းစွာ ဆဲရေးခြင်း။
၄။ သမ္ဖပ္ပလာပ=ပြိန်ဖျင်းစကားပြောကြားခြင်း ဟူ၍လေးပါးရှိ၏။

* လှည့်စား ကုန်းချော အဖျင်း ပြောနှင့်၊ ကြမ်းသော ဆဲစကား၊ ဤလေးပါး၊ မှတ်သား ဝစီကံ။

**မနောကံ ၃-ပါး။** ။စိတ်ဖြင့် ကြံစည်အပ်သောကံသည် **မနောကံ** မည်၏။ ထိုမနောကံသည်-

၁။ အဘိဇ္ဈာ=သူတပါး ဥစ္စာကို ကိုယ့်ဥစ္စာ ပြုလိုမှုဖြင့် ရှေးရှုကြံစည်ခြင်း။
၂။ ဗျာပါဒ=သူတပါးကို ပျက်စီးစေလိုခြင်း။
၃။ မိစ္ဆာဒိဋ္ဌိ=ဖောက်ပြန် အယူမှားခြင်းဟူ၍ သုံးပါးရှိ၏။

* သူ့ဟာလိုချင်၊ ပျက်စေချင်နှင့်၊ အမြင်ဖောက်ပြား၊ ဤသုံးပါး၊ မှတ်သား မနောကံ။

ဆိုအပ်ပြီးသော ကာယကံသုံးပါး ဝစီကံလေးပါး မနောကံသုံးပါး ဤဆယ်ပါးတို့ကို မကောင်းသောအကျင့် မသူတော်တို့၏ အကျင့်မျိုးဖြစ်သောကြောင့် ဒုစရိုက်တရားဆယ်ပါးဟူ၍ ခေါ်ဆိုရ၏။ တနည်း အပါယ်ဒုဂ္ဂတိလားရောက်ကြောင်း အကုသိုလ်ကံမျိုးဖြစ်သောကြောင့် အကုသလ ကမ္မ ပထတရားဆယ်ပါး ဟူ၍လည်း ခေါ်ဆို၏။

**လောကပျက်စီးကြောင်းတရား ၁၈-ပါး။** ။ဤဒုစရိုက်တရား ဆယ်ပါးနှင့်

အမိကို မလုပ်ကျွေးခြင်း၊
အဘကို မလုပ်ကျွေးခြင်း၊

ရဟန်းကို မလုပ်ကျွေးခြင်း၊
ရဟန္တာကို မလုပ်ကျွေးခြင်း၊
မိမိထက် အသက်အရွယ်ကြီးသူတို့ကို ရိုသေခြင်းကင်းမဲ့၍ မလုပ်ကျွေးခြင်း၊

မသင့်လျော်သော အရာဌာနတို့၌ တပ်နှစ်သက်ခြင်း=အဓမ္မရာဂ၊
အလွန်အားကြီးသော လိုချင်မှု=ဝိသမလောဘ၊
ဖောက်ပြန်သော ကျား+ကျားချင်း၊ မ+မချင်း(အမေ့မိတွေး စသည်တို့၌)
မှားယွင်းသော ရာဂတရား မိစ္ဆာဓမ္မ၊ (ဒီ၊ဌ၊၃၊၃၆၊ဒီ၊ဋ္ဌ၊၃၊၃၀)

ဤတဆယ့်ရှစ်မျိုးသော တရားဆိုးတို့ တိုးတက်ကြီးပွါးလျှင် လောကကြီးဆုတ်ယုတ်ပျက်စီးမည်ဟု ဟောတော်မူ၏။

**ဒုစရိုက်လေးဆယ်။** ။ထို ဒုစရိုက်တရား အကျဉ်းဆယ်ပါးကို အကျယ်အားဖြင့် ဆိုရလျှင်-

၁။ သာဟတ္ထိက=ကိုယ်တိုင်ပြုခြင်း ဆယ်ပါး၊
၂။ အာဏတ္တိက=တိုက်တွန်းခြင်း ဆယ်ပါး၊
၃။ ဝဏ္ဏဘာသန=ချီးမွမ်းခြင်း ဆယ်ပါး၊
၄။ သမနုညာ=စိတ်သဘောတူခြင်း ဆယ်ပါး။

ဤသို့အားဖြင့် ပါဏာတိပါတ အစရှိသော ဒုစရိုက် တပါးတပါး၌ ဆယ်ပါးစီဖြစ်သောကြောင့် အကျယ်လေးဆယ်ဖြစ်၏။

* ကိုယ်တိုင် တိုက်တွန်း၊ ချီးမွမ်း စိတ်တူ၊ မြောက်ပွါးမူ၊ မှတ်ယူ ဒုစရိုက်လေးဆယ်တည်း။

* ဒုစရိုက်လေးဆယ်၊ တနည်းဝယ်ကာ၊ အပါယ်လေးဝ၊ လားလေရကြောင့်၊ မုချအကုသလ၊ ကမ္မပထ၊ ခေါ်ဆိုကြ၏။

**သတိပေးချက်။** ။ဤဆိုခဲ့ပြီးသော အပါယ်လားကြောင်း မကောင်းသော အကုသိုလ်ကံ အစရှိသော ဒုစရိုက်တရား အကုသလ ကမ္မပထ တရားများကို မိမိတို့သန္တာန်၌ နည်းသည်ဖြစ်စေ၊ များသည်ဖြစ်စေ၊ မဖြစ်မပွါးရလေအောင် အထူး သတိဆောင်၍ ရှောင်ကြစေလိုပါသည်။

ဥပမာ-ကျောက်ခဲသည် ငယ်သည်ဖြစ်စေ၊ ကြီးသည်ဖြစ်စေ ရေထဲသို့ပစ်ချလိုက်လျှင် နစ်မြုပ်မြဲဓမ္မတာဖြစ်သကဲ့သို့ အကုသိုလ်ကံသည်လည်း နည်းသည်ဖြစ်စေ၊ များသည်ဖြစ်စေ၊ အပါယ်လေးပါးသို့ ပို့ဆောင်မည်သာဖြစ်၏။ ထို့ကြောင့် ဓမ္မပဒအဋ္ဌကထာ ပ-တွဲ၊ နှာ-၁၀ဂ၊ ဒု-တွဲ၊ နှာ-၁၀-၌-

ပါပကမ္မံ နာမေတံ အပ္ပကမ္ပိ န အဝမညိတဗ္ဗံ၊

ဟု ဆိုထား၏။

ဧတံ ပါပကမ္မံ နာမ၊ ဤမကောင်းမှု အကုသိုလ်ကံမည်သည်ကား။ အပ္ပကမ္ပိ၊ မကြီးကျယ်လှ အနည်းငယ်မျှဟူ၍။ န အဝမညိတဗ္ဗံ၊ မထေမဲ့မြင်မပြုအပ်။

ယခုအခါ ကြုံခဲလှစွာ ဗုဒ္ဓမြတ်စွာ သာသနာနှင့် ကြုံလာကြ၍ ကံကောင်းထောက်မ မြင့်မြတ်လှသော လူ့ဘဝကို ရရှိကုန်ငြား တရားချစ်ခင် သူတော်စင်အများတို့သည် အပရာပရိယအတိတက ပြုကျင့်ခဲ့မိသမျှသော မကောင်းမှုကံတို့ကို လက်ခံစင်စစ် သဘောတူဖြစ်ဘတ်သော ခုပစ္စက္ခမှာ အဆိုပါဒုစရိုက် အကုသိုလ်ကံတို့ကို တရံဘဆစ်မျှ မဖြစ်စေကြရအောင် ကြိုးပမ်းဆောင်၍ ရှောင်ရှားပယ်စွန့်နိုင်ကြကုန်ရာသတည်း။

**သုစရိုက်တရား ၁၀-ပါး။** ။ဤနေရာဝယ် စကား အလျဉ်းသင့် သဖြင့် သုစရိုက် တရား ဆယ်ပါး၊ ကုသိုလ် ကမ္မပထ တရား ဆယ်ပါးတို့ ကိုလည်း သိသင့် သိထိုက်ပြန်သည်ဖြစ်ရာ ပါရမီပြည့်ညောင်း သူတော်ကောင်းတို့သည် ကောင်းစွာကျင့်သဖြင့် ပယ်အပ်ကြဉ်ရှောင်အပ်သော ဒုစရိုက်ဆယ်ပါးတို့ကို သတိ ပညာ သဒ္ဓါ ဝီရိယစသော တရားတို့ဖြင့် မပြုပယ်ရှား ကြဉ်ရှောင်ခြင်းကိုပင် သုစရိုက်တရား ဆယ်ပါး ဟူ၍ဆိုအပ်၏။ အကုသလ ကမ္မပထကို မပြုရှောင်ကြဉ်သောအားဖြင့် သုဂတိသို့လားကြောင်း ဖြစ်သော ကုသိုလ်ကံတရား အပေါင်းသည် ကုသိုလ်ကမ္မပထ တရားဆယ်ပါးမည်၏။

ထိုသုစရိုက်တရား အကျဉ်းဆယ်ပါးကား —

- ❋ သူ့သက်မသတ်၊ မခိုးလတ်နှင့်၊ ရှောင်အပ်အိမ်ရာ၊ ဤသုံးဖြာ၊ မှတ်ပါကာယကံ။
- ❋ မလိမ်ကုန်းချော၊ ဖျင်းမပြောနှင့်၊ နုသောပြောစကား၊ ဤလေးပါးမှတ်သား ဝစီကံ။
- ❋ မလိုသူ့ဟာ၊ မဖျက်ပါဘဲ၊ မှန်စွာယူငြား၊ ဤသုံးပါး၊ မှတ်သားမနောကံ။

ဟူ၍ သယ်ပါး။

- ❋ သုစရိတ ကမ္မပကဝယ်၊ ကျဉ်းအကျယ်၊ နှစ်သွယ်ဘယ်သို့နည်း။
- ❋ ဒုစရိုက်တရား၊ ရှောင်ရှားသမျှ၊ ကောင်းအောင်ပြု၊ မှတ်ရှု သုစရိုက် ကျဉ်းကျယ်တည်း။
- ❋ ကမ္မပထမှု၊ အလားတူ၊ မှတ်ယူ ကျဉ်းကျယ်တည်း။

**လောကကြီးပွါးကြောင်းတရား ၁၇-ပါး။** ။ဤသုစရိုက်တရားဆယ်ပါးနှင့်

အမိကိုလုပ်ကျွေးခြင်း၊
အဘကိုလုပ်ကျွေးခြင်း၊

ရဟန်းကို လုပ်ကျွေးခြင်း၊
ရဟန္တာကို လုပ်ကျွေးခြင်း၊
မိမိထက် အသက်အရွယ် ကြီးသူတို့ကို ရိုသေလုပ်ကျွေးခြင်း၊
ဓမ္မရာဂ၊
သမလောဘ၊
သမ္မာဓမ္မ၊

ဤတရားတဆယ့်ရှစ်ပါးတို့ ကြီးပွါးတိုးတက်ခဲ့သော် လောကကြီးလည်း တိုးတက် စည်ကား ကြီးပွါးမည်သာ ဖြစ်၏ဟု ဟောတော်မူ၏။

ဤသို့ အကုသိုလ် ကုသိုလ် နှစ်မျိုးရှိပုံကို ပြဆိုလိုက်သော်လည်း ဤကန်တော့သော အခန်း၌ အကုသိုလ် ကာယကံ အကုသိုလ် ဝစီကံ အကုသိုလ် မနောကံတို့နှင့်သာ သက်ဆိုင်သည်ဖြစ်ရာ မိမိတို့သည် အကယ်၍ ရတနာသုံးပါး ဆရာသမား လူကြီး မိဘများအား မတော်တဆ ပြုမှား ပြောမှား ကြံမှားခဲ့သော် ထိုအပြစ် အညစ်အကြေးတွေ ကင်းဝေး စင်ကြယ်ဘို့ရာ ရည်သန်ချက်နှင့် ကာယကံ ဝစီကံ မနောကံ သဗ္ဗဒေါသ ခပ်သိမ်းသော အပြစ်တို့ကို ပျောက်ပါစေခြင်းအကျိုးငှါ ဘုရားရတနာ တရားရတနာ သံဃာရတနာ ရတနာမြတ်သုံးပါးတို့ကို ရိုသေမြတ်နိုး လက်အုပ်မိုး၍ ရှိခိုးပူဇော် ဖူးမျှော်မာန်လျှော့ ကန်တော့ပါ၏ဆိုတဲ့ ဒီအက္ခရာလေးတွေ ဒီအသံလေးတွေ တလုံး တလုံးလျှင် ဘုရား တရား သံဃာ ရတနာသုံးပါးတို့ကို ညွှတ်ကိုင်းတဲ့ ပဏာမ မဟာကုသိုလ်စိတ် စေတသိက် ပေါင်း လေးဆဲ့ကိုးခါ လေးဆဲ့ကိုးခါစီ မိမိတို့ ဟဒယဝတ္ထုမှာ ဖြစ်ခဲ့တယ်။

ဤမျှသာ မကသေးပါ ဤဘုရားရတနာ တရားရတနာ သံဃာရတနာ ဟူသော စကားသုံးခွန်းတို့ကို ကြားရရုံမျှနှင့်ပင် ရတနာတမျိုးလျှင် လေးသိန်းမျှဖြစ်၍ တသန်း နှစ်သိန်းတန်ဘိုး ထိုက်တန်ထားပြီး ကြီးမားစွာ ရိုကြိုး မြတ်နိုးကော်ရော် ပူဇော်ကြကုန်သေး၏။

**မဟာကပ္ပိနမင်းကြီး ဝတ္ထု** [၁]။ ။ရှေးရှေးသော ဘဝ အထူးဟိုက ဖြည့်ဆည်းပူးခဲ့သော ကုသိုလ်ထူး ပါရမီ ရင့်ညောင်း မဟာကပ္ပိန မင်းကြီး အနော်ဇာ မိဖုရားစသော သူတော်ကောင်းတို့က မဂ်ဖိုလ်တရားကို ရဘို့ရန် နီးကပ်သဖြင့် အံ့ချီး၍ မကုန်နိုင်အောင် ဖြစ်ရှိပါပြီ။ မဟာကပ္ပိန မင်းကြီးသည် အမတ်တထောင် ခြံရံ၍ ဥယျာဉ်သို့ထွက်ရာ၌ မိမိတို့နေရာ ကုက္ကုဋဝတီပြည်သို့ ယူဇနာ တရာ့နှစ်ဆယ် ဝေးကွာသော သာဝတ္ထိယပြည်မှ လှည်းကုန်သည်ငါးရာတို့ ရောက်ရှိလာသဖြင့် မင်းကြီးက ထိုလှည်း ကုန်သည်တို့ကို ခေါ်စေ၍ သတင်းထူး သတင်းဆန်းကို မေးမြန်းစုံစမ်းရာ ကျွန်တော်တို့ တိုင်းပြည်၌ ထူးဆန်းသော သတင်းကောင်းကား —

---

၁။ ဓမ္မပဒအဋ္ဌကထာ၊ပ-တွဲ၊ နှာ-၃၅၁-၉။ နိဒါနဝဂ္ဂသံယုတ်အဋ္ဌကထာ၊ နှာ-၂၂၃-၆။

"ဘုရားရတနာ ပွင့်ပေါ်တော်မူနေပါသည်"ဟု ကုန်သည်တို့က လျှောက်ထားရာ မင်းကြီးသည် ဘုရားဟူသောအသံကို ကြားလိုက်ရလျှင် ဗုဒ္ဓါရမ္မဏ ပီတိ ကြီးစွာဖြစ်၍ သုံးကြိမ်တိုင်တိုင် သတိလစ် မေ့မြောသွားလေ၏။ လေးကြိမ်မြောက် သတိရသော အခါ ဘုရားရတနာဟူသော သတင်းထူးကိုကြားရ၍ ကုန်သည်တို့အား တသိန်းဆုပေး၏။

နောက်ထပ်တဖန် ဘယ်သတင်းထူးများ ရှိပြန်သေးသလဲဟု မေးမြန်းရာ "တရားရတနာလဲ ဖြစ်ပေါ်နေပါကြောင်း" လျှောက်ထားရာ ရှေးနည်းအတူ သုံးကြိမ်တိုင်သတိလစ် မေ့မြောသွားပြန်၏။ လေးကြိမ်မြောက်မှာ တရားရတနာအတွက် တသိန်းဆုပေးပြန်၏။

နောက်ထပ် သတင်းထူးများရှိက ပြောပါဦးဟု မေးရာ"သံဃာရတနာလဲ ဖြစ်ပေါ်နေပါကြောင်း"လျှောက်ထားလိုက်လျှင် ရှေးနည်းအတူ သုံးကြိမ်တိုင် သတိလစ် နစ်မြောသွားပြန်၏။ လေးကြိမ်မြောက်မေးမြန်းပြီး သံဃာရတနာဟူသော စကားကိုကြားရမှုအတွက် ကုန်သည်တို့အား ဆုတသိန်းပေးပြန်၏။

ထိုအခါ မဟာကပ္ပိနမင်းကြီးသည် နန်းတော်သို့ မပြန်တော့ဘဲ "အမောင်တို့ သင်တို့သည် နန်းတော်သို့သွား၍ မင်းကြီးသည် ရဟန်းပြုရန် ထွက်ခွါသွားပြီ ဖြစ်ကြောင်းနှင့် အားလုံး ပစ္စည်း ဥစ္စာ ရတနာတို့ကို မိဖုရားကြီး အလိုရှိသလို အသုံးပြုရန် လွှဲအပ်သွားကြောင်း" ကို မင်းကြီးက ပြောကြားစေလိုတဲ့အတိုင်း ပြောကြား၍ ကျွန်တော်တို့အား ဘုငွေသုံးသိန်းပေးရန်ကိုလည်း မှာကြားသွားပါသည် ပြောကြားသော်—

အနော်ဇာ မိဖုရားကြီးက အမောင်တို့ မင်းကြီးအတွက် ဘယ်အကျိုး ဆောင်ရွက်လို့ ဒုလို ဆုတွေ အများကြီး ပေးသွားပါနည်းဟုမေးရာ ကုန်သည်တို့က အခြားမဟုတ်ပါ၊ ကျွန်တော်တို့တိုင်းပြည်၌ ဘုရားရတနာ ပွင့်ပေါ်နေကြောင်း သတင်းကောင်းကို ပြောကြားလျှောက်ထားလို့ပါဟု ဆိုရာ မိဖုရားကြီးလည်း မင်းကြီးလိုပင် ဘုရားဟူသောအသံကို ကြားလိုက်ရစဉ် ဘုရားကိုအာရုံပြုသော ဗုဒ္ဓါရမ္မဏပီတိ ကြီးစွာဖြစ်၍ သုံးကြိမ်တိုင် သတိလစ်ပြီး နစ်မြောသွားလေ၏။ လေးကြိမ်မြောက် သတိရသောအခါ ငါကား အမောင်တို့အား မင်းကြီးထက်ပိုပြီး သုံးသိန်းဆုပေးမည်ဟု ပြောကြား၏။

ထိုနည်းအတူ တရားရတနာကို ကြားရ၍ သုံးသိန်း, သံဃာရတနာ သတင်းထူးကို ကြားရ၍ သုံးသိန်း, ပေါင်း တသန်းနှစ်သိန်းမျှသော ဆုတို့ကို ကုန်သည်တို့အား ချီးမြှောက်ပေးကမ်း၏။ ဤအချိန်၌ အတိတ်ဝေးကွာ ရှေးအခါက ကုသိုလ်ရေစက် အတူ ပြုဘက်ဖြစ်ကြသော မင်းကြီးနှင့် အမတ်တထောင်တို့သည် ရဟန်းပြုကြရန် မြစ်သုံးတန် ကျော်မြောက်ပြီး ဘုရားထံမှောက် အရောက်သွားကြရန် ဆုံးဖြတ်ကြလေ၏။

မြတ်စွာဘုရားလည်း တဆယ့်နှစ်ယူဇနာ ဝေးကွာသော မြစ်ကမ်းရှိ ပင်ညောင်ပင် အောက်၌ ကြွရောက်၍ မင်းအမတ်တို့အား ကြိုဆိုသောအားဖြင့် ရောင်ခြည်တော်ခြောက်ပါးကို လွှတ်လျက်.သီတင်းသုံးနေတော်မူ၏။

ဤနေရာ၌ အဆင့်ဆင့် ကြီးမား နက်ကျယ်လှစွာသော မြစ်ကြီးသုံးတန်တို့အနက် တဂါဝုတ်အနက်ရှိ၍ နှစ်ဂါဝုတ်ကျယ်သော **အပရစ္ဆာမြစ်ကြီး**ကို ကူးရာ၌ "ဗုဒ္ဓါတိပိ သော

ဘဂဝါ အရဟံ သမ္မာသမ္ဗုဒ္ဓေါ” အစရှိသည်ဖြင့် ဘုရားကို အာရုံပြုပြီး ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်းကို အဖန်ဖန်စီးဖြန်း၍ ရဘနာသုံးပါး ဂုဏ်ကျေးဇူးကြောင့် အခြံအရံနှင့်တကွ မြင်းတထောင်ဖြင့် မြစ်ပြင် ကူးသန်းကြရာ ကျောက်အပြင်၌ သွားပသကဲ့သို့ မြင်းတို့၏ ခွါဖျားမျှသာ ရေစွတ်စိုလေ၏။ ထိုနောက် ထိုထက်အလွန် နက်ကျယ်လှစွာသော **နီလဝါဟိနီ မြစ်, စန္ဒဘာဂါမြစ်ကြီး** တို့ကိုလဲ သွာက္ခာတတာ အစရှိသော တရားတော်ဂုဏ်, သုပ္ပဋိပန္နတာ အစရှိသော အရိယာ သံဃာတော်ဂုဏ် အာရုံပြုပြီး ရှေးနည်းအတူပင် ကူးကြပြန်ရာ အောင်မြင်ထမြောက် ဘုရားထံမှောက်သို့ ရောက်ကြလေ၏။

ထိုမှနောက် ကျန်ရစ်နေသူ အနော်ဇာဒေဝီမိဖုရားနှင့် အမတ်ကတော် တထောင်တို့ သည်လည်း မိမိတို့စည်းစိမ်တို့ကို စွန့်လွှတ်ပြီးလျှင် ရထားတထောင်နှင့် မင်းကြီးများအတူ ဘုရားထံ ရဟန်းမ ပြုကြရန် စိတ်အကြံနှင့် မြစ်သုံးတန် ကူးကြပြန်ရာ၌လည်း မိဖုရားသည် ရတနာသုံးပါး၏ ဂုဏ်ကျေးဇူးကို အဖန်ဖန် အာရုံပြုပွါးများ ဆင်ခြင်လျက် ထိုရတနာသုံး ပါး၏ ဂုဏ်ကျေးဇူးကြောင့် ဤရေပြင်သည် ကျောက်ဖြာအပြင်ကဲ့သို့ ဖြစ်စေသတည်းဟု အဓိဋ္ဌာန်၍ ရထားဘထောင်တို့ကို မောင်းနှင်ကူးသွားရာ ချောမောစွာ အောင်မြင်သွား လေ၏။ ဤသို့သော နည်းဖြင့်သာလျှင် ကြွင်းကျန်သော မြစ်နှစ်တန်ကို ကူးမြောက်ပြီး နောက် ဘုရားထံမှောက်သို့ ရောက်ကြလေကုန်၏။

မင်းကြီးနှင့် အမတ်တထောင်တို့သည် ဘုရားတရားနာရ၍ သက်န်းအလှူ လှူခဲ့ဘူး သောကောင်းမှုကြောင့် ဧဟိဘိက္ခု ရဟန္တာချည်း ဖြစ်ကြကုန်၏။

**မှတ်ချက်။** ။ရှေးပါရမီရှိပြီးသူတို့အဘို ရတနာသုံးပါး၏ တန်ဘိုးနှင့် ရတနာသုံးပါး တို့၏ ဂုဏ်ကျေးဇူးတွေကို လူတို့အနေဖြင့် မထိုသာ ဖြပမ္မာတတွေ လျှာကုဋ္ဌေ ဖြင့် ထွေထွေဂုဏ်ထူး အံ့သြချီးကျူး၍ မကုန်နိုင်အောင်ပင် ရှိပါပေစွ။

**ဘုရားသံ ကြားရခဲ။** ။ယခုကာလ—

> စတုပါရိသုဒ္ဓိသီလလည်း ခပ်ချာချာ၊
> သမာဓိလည်း ဗလာ၊
> ဝိပဿနာမှာ ဝေလာဝေး၊

ဟူ၍ မဟာဝိသုဒ္ဓါရာမ ဆရာတော်ဘုရားကြီး အမိန့်ပေး ဆုံးမတော်မူသွားသကဲ့သို့ မဂ်ကိုမရသေး၊ ဖိုလ်ကားဝေးစွ၊ ရှေးပါရမီ ချာချီသေးနုတ် သံသရာဝဲစလုတ်၌ နစ်မြုပ်လို့ အတောမသတ် တမျောထဲမျောနေကြသော ငါတို့တတွေမှာ မဟာကပ်ကမ္ဘာပေါင်း သိန်း ပေါင်းများစွာ ကာလမြင့်ကြာ လှပါသော်လည်း—

> ဃောသောပိ ခေါ ဧသော ဂဟပတိ ဒုလ္လဘော လောကသ္မိံ၊ ယဒိဒံ
> ဗုဒ္ဓေါ ဗုဒ္ဓေါတိ (ဝိ၊ ၄၊ ၁၀၂)

ဂဟပတိ၊ အနာထပိဏ်သူဌေးမင်း။ ဗုဒ္ဓေါ ဗုဒ္ဓေါတိ၊ ဗုဒ္ဓေါ ဗုဒ္ဓေါ ဟူသော ဘုရား ဘုရားဟူသော။ ယဒိဒံ ယော အယံ ဃောသော၊ အကြင်အသံသည်။ အတ္ထိ၊ ဧကန်မသေ့

ရှိပါပေ၏။ ဒေသာပိ ဿောသော၊ ဘုရားဟူသော ဤအသံကိုမျှ သော်လည်း။ လောကသ္မိံ၊ လူ နတ် ဗြဟ္မာ သတ္တဝါတို့၏ဖြစ်ရာ ဤကမ္ဘာလောကဓာတ်ကြီးအတွင်း၌။ ဒုလ္လဘော၊ ကြုံကြိုက်ဖို့ ရခဲလှစွာ၏။

ဘိုလိုရင်းမှာ ဘုရားနှင့် တွေ့ကြဘို့ မဆိုထားပါနှင့်၊ ဘုရားဆိုတဲ့ အသံကိုမျှ ကြားဘို့ရန် ဤမျှလောက် ခဲယဉ်းလှပါ၏ဟူ၍ ဓမ္မပဒအဋ္ဌကထာ၌ ပြဆိုထားပါ၏၊ ယခုကြုံခဲလှစွာ အမျှားသူငါတို့ ဗုဒ္ဓမြတ်စွာ သာသနာနှင့် (ဝါ) ဘုရားပွင့်ရာ အခါကောင်း သင့် အခွင့်ကောင်းလည်းကြုံလာ ရှေးကံကောင်းထောက်မှ မြင့်မြတ်လှသည့် လူ့ဘဝကိုလည်း ရရှိပြီး နေကြပါလျက် အမေ့ဖက်၍ နေ့ရက်များပြား ဘုရားရတနာ၊ တရားရတနာ၊ သံဃာရတနာ ဤသုံးခွန်းသောစကားတို့ကို မိရိုးဖလာကဲ့သို့ တန်ဘိုးမထား မတော်တဆ သတိမျှားချွတ်ယွင်းနေထိုင်မိခဲ့ကြလျှင် အလွန်ပင် ဝမ်းနည်းစရာကြီး ကောင်းလှပါပေစွ။ လူဖြစ်ကျိုး သာသနာနှင့် တွေ့ရကျိုး အနပ်ကြီးနပ်ကြအောင် အထူးသတိပြုကြစေလိုပါ၏။

သူငါကစ တဘဝကံရှိန် ကုန်သည့်ချိန်၌ ဇီဝိန်ပြတ်ကြွေ သေကြရသောအခါတွင် ကေန်ပင် ပစ်ထားခဲ့ကြရမည်။ မိမိတို့ပါးစပ်ကို မသေမီကာလ အသုံးချသော အနေအားဖြင့် ဘုရားဂုဏ်၊တရားဂုဏ်၊သံဃဂုဏ်ကို ယုံကြည်နှစ်ခြိုက် စူးစူးစိုက်စိုက် အာရုံပြုလိုက်ကြကုန်ပြီးလျှင် ဘုရားရတနာ တရားရတနာ သံဃာရတနာ ဤသို့ အကြိမ်ကြိမ် အခေါက်ခေါက်မရေတွက်နိုင်အောင် ရွတ်ဆိုသင့် ရွတ်ဆိုထိုက်လှပါ၏။ မရေမတွက်နိုင်လောက်အောင်သော ကုသိုလ်တွေကိုလည်း ကေန်ရရှိမည် ဖြစ်ပါသတည်း။

**မာန်ချ ကန်တော့ကျိုး။** ။ရှိခိုးပူဇော် ဖူးမျှော်မာန်လျှော့ ကန်တော့ပါ၏-ဆိုရာ၌မာန်ကို ချ၍ ကန်တော့နိုင်သောအကျိုးနှင့် မကန်တော့နိုင်ခြင်းကြောင့် ရသောအပြစ်ကို အနည်းငယ်မျှ ပြဆိုလိုပါ၏။

အရှင် ပိလိန္ဒဝစ္ဆ မထေရ်သည် ဘဝပေါင်းများစွာက မင်းဖြစ်ခဲ့ဘူးသောကြောင့် ရဟန္တာပင်ဖြစ်သော်လည်း၊ ရှေးကပါလာသော အထုံဝါသနာစရိုက်ကို မပယ်နိုင်သဖြင့် တဦးတယောက်တွေ့လျှင် "ဟေ့ကောင် ဟဲ့လူယုတ်" ဤသို့ပြောဆိုသော အလေ့အထရှိပါသည်။ လှည်းသမားတယောက်သည် ပိတ်ချင်းသီးတွေကို အပြည့်တင်ပြီး လှည်းမောင်းလာရာ ထိုအခါ အရှင်ပိလိန္ဒဝစ္ဆ မထေရ်က "ဟဲ့ သူယုတ်မာ မင်းလှည်းပေါ်၌ ဘာတွေလဲ" ဤသို့မေးလိုက်ရာ လှည်းသမားက သူ့ကို သူယုတ်မာလို့ ဆိုရမလားဟု စိတ်ဆိုးပြီး "ကြွက်ချေးတွေ ကိုယ်တော်-ကြွက်ချေးတွေ" ဤသို့ပြောဆိုပြီးနောက် အိမ်သို့ရောက်လျှင် ပိတ်ချင်းသီးအားလုံး ကြွက်ချေးတွေချည်း ဖြစ်လို့နေ၏။ ထိုအခါ ပညာရှိတယောက်က ထိုပိလိန္ဒဝစ္ဆ မထေရ်ထံသို့ သွားရောက် ကန်တော့ရမည်ဟု ပြောတဲ့အတိုင်း ကန်တော့ပြီး၍ ပြန်လာသော အခါ ကြွက်ချေးအဖြစ်မှ ပိတ်ချင်းသီးအားလုံးပင် ပြန်၍ဖြစ်ကြကုန်၏။ ဤကား မာန်ကို လျှော့၍ ကန်တော့နိုင်ခြင်း၏ အကျိုးကေန်ပင် ဖြစ်ပါ၏။

**မှတ်ချက်။** ။ရဟန္တာ အရှင်မြတ်အားလုံးတို့သည်ပင် ကိလေသာကိုသာ မဂ်ဖြင့်ပယ်နိုင်၍ ဘဝများစွာက ပါလာသော ဝါသနာ အထုံ သတ္တိကိုကား မပယ်နိုင်ပါ၊

မြတ်စွာဘုရားရှင်သည်သာ အထုံဝါသနာနှင့် တကွ ကိလေသာတို့ကို မင်ဖြင့် ပယ်နိုင်ပါ၏။

ထိုကြောင့်-

အရဟံ ဝတ သော ဘဂဝါ၊

သောဘဂဝါ၊ ဘုန်းတော်ခြောက်ပါး သခင် ထိုဘုရားရှင်ကိုယ်တော်မြတ်ကြီးသည်။ အရဟံ ဝတ၊ ဝါသနာနှင့်တကွ တထောင့်ငါးရာ ကိလေသာတို့မှ လွန်စွာ ဝေးကွာတော်မူလှပါပေစွတကား။ (ဤသို့စိတ်၌ ကြည်နူး ပီတိမြူးအောင် အထူးကြည်ညိုနိုင်ကြစေခလို)။

**မာန်မချ, မကန်တော့သည့် အပြစ်။** ။မာန်မလျှော့ မကန်တော့နိုင်သောကြောင့် ရရှိသော အပြစ်မှာ စန္ဒပဇ္ဇောတမင်းကြီးသည် ဆင်ချစ်သော စောင်းနှင့် ဥတေနမင်းကို တနေ့တွင် အနိုင်ရ ဖမ်းဆီးမိပြီးလျှင် အချုပ်ဘဲ၌ ညှဉ်းဆဲသကဲ့သို့ ဆင်းရဲစွာ ဥတေနမင်းကိုထား၏။ စန္ဒပဇ္ဇောတ မင်းကြီးသည်ကား စစ်ပွဲနိုင်သဖြင့် အောင်ပွဲကျင်းပလျက် အောင်သေသောက်လျက် နေ၏။ ထိုအခါ ဥတေနမင်းကြီးသည် မိမိ အနီးအပါးရှိ အစောင့်အရှောက် အမှုထမ်းတို့ကို ''သင်တို့၏ မင်းကြီးသည် ဘာလုပ်နေသလဲ ငါ့ကိုလွှတ်မှာဖြင့်လဲလွှတ် သတ်မှာဖြင့်ရင်လဲ သတ်ပါ'' ဟူ၍ ရဲရဲတောက်ပြောဆို၏။

စန္ဒပဇ္ဇောတ မင်းကြီးသည် ထိုစကားကို ကြား၍ ကိုယ်တိုင်လာပြီး 'ဥတေနမင်း သင့်ကို မသတ်ပါဘူး လွှတ်မှာပါ၊ ဒါပေမဲ့ ဒီအတိုင်း မလွှတ်နိုင်ဘူး သင်တတ်ထားတဲ့ **ဟတ္ထိကန္တ** = ဆင်ချစ်တဲ့မန္တန်ကို ငါ့အား သင်ကြားပေးပြီးမှ လွှတ်ပါမည်' ဟု ပြောရာ ထိုအခါဥတေနမင်းက 'အလကား သင်မပေးနိုင်ဘူး ငါ့ကိုရှိခိုးပြီးမှသာ သင်ပေးနိုင်မည်' ဟု ပြောလိုက်သည်။ အတတ်ကို သင်လိုသော်လည်း မာနပိစီးပြီး ရှိမခိုးနိုင်သော စန္ဒပဇ္ဇောတ မင်းကြီးသည် သမီးကို သင်ယူစေ၍ သမီးထံမှတဖန် သင်ယူမည့်အကြံဖြင့် သမီးကို ကန့်လန့်ကာ အတွင်း၌ထား၍ ထိုကန့်လန့်ကာ ပြင်ဘက်မှ ဥတေနမင်းကို နေစေ၍ ထိုခဲ့ပြီး မန္တန်အတတ်ကို သင်ကြားပေးရလေ၏။

တနေ့တွင် မင်းသမီးနှင့် ဥတေနမင်းတို့ တဦးအကြောင်း တဦးသိ၍ 'အိုးချင်းထား အိုးချင်းထိ, ကျိုးချင်းထား ကျိုးချင်းညိ' ဆိုသကဲ့သို့ မေတ္တာသက်ဝင် သံယောဇဉ်ဖြစ်ကြကာ ဥတေနမင်းက စန္ဒပဇ္ဇောတမင်း၏ သမီးချော သမီးလှ ဝါသုလဒတ္တာကို သဘောတူသဖြင့် ခိုးယူထွက်ပြေးလေ၏။

ဤကား မာန်မလျှော့ဘဲ မကန်တော့နိုင်ခြင်းကြောင့် မိမိတတ်လိုသော အတတ်ပညာကို မသင်ကြားရခြင်း သမီးချစ်ဆုံးရှုံးရခြင်းအပြစ်ကိုလည်း ရရှိလေ၏။ (သတိပြုဘွယ်)

မြတ်စွာဘုရားက (ပပဥ္စ)သံသရာနယ်ချဲ့ တရားသုံးပါးတို့တွင် အဝင်အပါ မာန်မာန တရားကြောင့် အမျိုးယုတ် အမျိုးညံ့၌ ဖြစ်ရတတ်ကြောင်းကို သု ဘ လု လင် အား ဟောကြားတော်မူ၏။

မိမိယုံကြည်မှု သဒ္ဓါတရား၊ စောင့်ထိန်းမှုသီလ၊ အကြားအမြင် ဗဟုသုတ၊ ပေးကမ်းစွန့်ကြဲခြင်း စာဂ၊ အတတ်ပညာ။ ဤငါးပါးတို့ကို အကြောင်းပြုပြီး မာနတရားကို ဖြစ်စေတတ်ကြောင်း ပဌာန်းပါဠိတော်၌ ဟောကြားတော်မူ၏။

ဟိ တောပဒေသ လောကီကျမ်း၌လည်း—

မာနံ ပရာဘဝတော မုခံ၊

မာနံ၊ မိုးစွန်မြင့်မား တံခွန်လားသို့ ထောင်လွှားကြီးမားသော မာန်မာန တရားသည်။ ပရာဘဝတော၊ ပျက်စီးခြင်း၏။ မုခံ၊ အကြောင်းပေတည်း ဟူ၍ ဆိုထား၏။

ထိုမာနမျိုးကို နှိမ်ချိုးကင်းဘိ မရှိစေလိုသောအားဖြင့် ကျေးဇူးရှင် **ရွှေကျင်ဆရာတော်ဘုရားကြီးက**-

* စာမတတ်မူ၊ အခေါက်ထူ၊ လူထဲ ရှင်ထဲ သုံးမကြ။
* စာတတ်ပြန်လျှင်၊ စိတ်ကြီးဝင်၊ လူမြင်တိုင်းက အော့ချင်ကြ။
* သို့မဖြစ်အောင်၊ သတိဆောင်၊ အမောင်ခဲပါမှ။

ဤသို့ ဆုံးမတော်မူထား၏။

**လယ်တီဆရာတော်ဘုရားကြီးကလည်း**-

* တပိုင်းကြောင်၊ ကျက်စာရရုံနှင့်၊ ခက်ပါလှသတောဉာဏ်၊ တက်မာန အပြောသန်တယ်၊ ဒေါသမာန်ထူပွါး၊

ဤသို့စသည်ဖြင့် သူ့ဝါဒ ငါ့ဝါဒ သူ့အယူကမှန်သည် ငါ့အယူကမှန်သည် စသည်အားဖြင့် ငြင်းခုံကြ၍ မာန်မာနအစွယ်ထောင်လျှင် အပါယ်ဘောင် ဆင်းရလိမ့်မည်ဟု ဆုံးမတော်မူသည်။

**မဟာဝိသုဒ္ဓါရာမ ဆရာတော်ဘုရားကြီးကလည်း**-

ထိုမာန်မာနအတွက် မပျက်စီးကြစေလိုသောကြောင့် မာန်လွတ်တရား မာန်လွတ်ဂါထာ မာန်လွင့်ဂါထာများကို-

"နမာနေ မာနနံ မာနော၊ ဗာလ မိတ္တောတိ မာနဝါ။"

ဤသို့ အစရှိသည်အားဖြင့် အမျိုးနှင့် သက်ဆိုင်သော မင်း သူဌေး စစ်ဗိုလ်ကြီး ဘုန်းကြီးပါမကျန် သံဝေဂဉာဏ်ရရှိ၍ ထိုမာန်ကို ရှောင်ကြဉ်ရန် ဝတ္ထုသာဓကများနှင့် တကွ အလွန်ကျယ်ဝန်းလှစွာ **ဆိဒ္ဓပိဝနနီ** ကျမ်း၌ ရေးသား ဆုံးမတော်မူသွား၏။

(ခန္ဓာကိုယ်ဆိုး၌ ထိုမာနမျိုးကို ဖျက်ချိုးနှိမ်နင်း လွင့်စင်ကင်းအောင်၊ သတိဆောင်၍ ရှောင်ရှားနိုင်ကြပါစေ)

**မှတ်ချက်။** ။တဦးသော ပုဂ္ဂိုလ်အား ပြစ်မှားမိ၍ မိမိအပေါ် အပြစ်ရှိသော် ဝန်မလေးမနှံ့နေးဘဲ ကန်တော့ နိုင်ကြမှုကို အထူးသတိပြုစေလို၏။

ထိုပြဆိုအပ်ခဲ့ပြီးသော မဟာကုသိုလ် စိတ် စေတသိက်တွေကို ပဏာမ ရေကြည် ရေအေးလို့ ဆိုကြပါစို့၊ ထိုပဏာမတည်းဟူသော စိတ် စေတသိက် ရေကြည် ရေအေးတို့ဖြင့် မိမိတို့ကိုယ်ကို ဆေးကြော ဖွပ်လျှော်လိုက်တယ်၊ ဒီလို ဆေးကြောဖွပ်လျှော်လိုက်တဲ့အခါ မိမိက မာန်မာနချကာ ရတနာသုံးပါးကို ညွတ်ကိုင်းတဲ့ မဟာကုသိုလ်စိတ် စေတသိက်တို့ဖြင့် စိတ်က ညွတ်ကိုင်း မာနချ တောင်းပန် ကန်တော့တဲ့အတွက် ဒီအချိန်မှာ မိမိတို့သန္တာန်၌ ရတနာသုံးပါးနှင့်စပ်သော ကာယကံ အပြစ်ဘေး အညစ်အကြေးတွေ, ဝစီကံအပြစ်ဘေး အညစ်အကြေးတွေ, မနောကံအပြစ်ဘေး အညစ်အကြေးတွေ ကင်းဝေးစင်ကြယ်ပြီး ရေမိုးချိုးပြီးစ လူလိုဘဲ အဲဒီလို အပြစ်ကင်းဝေး စင်ကြယ်ပြီဆိုလျှင်....

လောက ဥပမာအားဖြင့် အညစ်အကြေး ကင်းဝေးစင်ကြယ်သော အဝတ်တခုကို ဖွပ်လျှော်လို့ အညစ်အကြေး ကင်းဝေးစင်ကြယ်သလို ထိုအဝတ်ပေါ်မှာ ကိုယ်ကြိုက်တဲ့ မဲပြာလေး အပြာနုလေးလဲ ဆိုးတတ်၏၊ အဝါနုလေးလဲ ဆိုးတတ်၏၊ အစိမ်းနုလေးလဲ ဆိုးတတ်၏၊ မရန်းရောင်လေးလဲ ဆိုးတတ်၏၊ ကိုယ်နှစ်သက်သလို ကြိုက်တဲ့ဆေးဆိုးသလို ထို့အတူ ဗုဒ္ဓဘာသာ သူတော်စင်တို့လဲဘဲ ကန်တော့ရသော ကုသိုလ်ကံ စေတနာတို့ကြောင့်ဟူ၍ဖြစ်စေ ကန်တော့ရသော အကျိုးအားကြောင့် ဟူ၍ဖြစ်စေ ဆိုနိုင်ပါသည်။

သို့ရာတွင် အချို့က ကန်တော့ရသော အကျိုးအားကြောင့်ဟု ဆိုခြင်းကို မနှစ်သက်ပါ၊ ထိုပုဂ္ဂိုလ်များသည် "တဿ ကမ္မဿ ဝိပါကေန" ဟူသော ကျမ်းဂန်လာစကားကို သတိမပြုမိသောကြောင့်ဖြစ်ပေမည်၊ (တဿ ကမ္မဿ၊ ထိုကန်တော့ရသော ကုသိုလ်ကံ၏။ ဝိပါကေန၊ အကျိုးအားကြောင့်။) အကျိုးအားကြောင့် ဆိုပေမယ်လို့ ကိုယ်ရမဲ့ အကျိုးတရားများကိုတော့ သိထားရမည်ဖြစ်ပါတယ်၊ ၎င်းတို့မှာ-

'အပါယ်လေးပါး၊ ကပ်သုံးပါး၊ ရပ်ပြစ်ရှစ်ပါး၊ ရန်သူမျိုးငါးပါး၊ ဝိပတ္တိတရားလေးပါး၊ ဗျသနတရားငါးပါးတို့မှ အခါခပ်သိမ်း ကင်းလွတ်ငြိမ်းသည်ဖြစ်၍' ဆိုဒါက စကားခြောက်ခွန်း တခွန်းထဲပေါင်းပြီးတော့ ပြောလိုက်တဲ့စကားဘဲ ဖြစ်ပါတယ်၊ တနည်းအားဖြင့် ဘုန်းကြီးတို့ အလက်ာသဘော ပြောရင် စကားဟာ သမာသ်=အကျဉ်းချုံးပြီး ပြောလို့ ဒီစာပုဒ်တို့က ဩဇာဂုဏ်ဆောက်နေတယ်၊ ဩဇာဂုဏ်ရောက်တဲ့ စာပုဒ်ကို ဖြန့်လိုက်ရင်-

အပါယ်လေးပါးတို့မှလဲဘဲ အခါခပ်သိမ်း ကင်းလွတ်ငြိမ်းတဲ့ကိုယ် ဖြစ်ရပါလို၏။

ကပ်သုံးပါးတို့မှလဲဘဲ အခါခပ်သိမ် ကင်းလွတ်ငြိမ်းတဲ့ကိုယ် ဖြစ်ရပါလို၏။

ရပ်ပြစ်ရှစ်ပါးတို့မှလဲဘဲ အခါခပ်သိမ်း ကင်းလွတ်ငြိမ်းတဲ့ကိုယ် ဖြစ်ရပါလို၏။

ရန်သူမျိုးငါးပါးတို့မှလဲဘဲ အခါခပ်သိမ်း ကင်းလွတ်ငြိမ်းတဲ့ကိုယ် ဖြစ်ရပါလို၏။

ဝိပတ္တိတရားလေးပါးတို့မှလဲဘဲ အခါခပ်သိမ်း ကင်းလွတ်ငြိမ်းတဲ့ကိုယ် ဖြစ်ရပါလို၏။

ဗျသနတရား ငါးပါးတို့မှလဲဘဲ အခါခပ်သိမ်း ကင်းလွတ်ငြိမ်းတဲ့ကိုယ် ဖြစ်ရပါလို၏ လို့ဖြန့်လိုက်ရင်-

စကားခြောက်ခွန်း ခြောက်ဝါကျ ဖြစ်လာတယ်၊ ထွက်လာတယ်၊ ဆိုလိုတဲ့အဓိပ္ပါယ် ဒီအတိုင်းရှိတယ်၊ ဒီတွင် မိမိတို့ ကင်းလွတ်ငြိမ်းလိုသော အပါယ်လေးပါး၊ အောက်ကို ကြည့်လိုက်ရင် ငရဲရှိတယ်၊ တိရစ္ဆာန်ရှိတယ်၊ ပြိတ္တာရှိတယ်၊ အသူရကာယ်ရှိတယ်၊ အဲဒီ လေးပါးကို အပါယ်လေးပါးခေါ်တယ်၊ ထို အပါယ်လေးပါးတို့မှလဲ ဘဝတိုင်း ဘဝတိုင်း ကင်းလွတ်ငြိမ်းတဲ့ကိုယ် ဖြစ်ရပါလို၏ ဟု ဆုတောင်းခြင်းဘဲ ဖြစ်ပါတယ်။

**အပါယ်လေးပါး။** ။င, တိ, ပြိတ်, ကာယ်၊ လေးအပါယ်၊ ကြောက်ဘွယ်ကောင်းလှသည်။

**ကပ်သုံးပါး။** ။သတ္ထံ, ရောဂံ, ဒုဗ္ဘိက္ခံ, သုံးတန်ကပ်လည်း၊ ကြောက်ဘွယ်ကြီး။

သတ္တဝါတွေ ဒေါသအားကြီးရင် သတ္ထန္တရ=ဓါးလက်နက်တို့ဖြင့် ရိုက်နှက်ပုတ်ခတ် ထိုးခုတ် သတ်ဖြတ် သေကြေပျက်စီးတဲ့ အချိန်ပိုင်းကို သတ္ထန္တရကပ် ဆိုက်တယ်လို့ ဆိုလိုပါတယ်၊ အဲဒီကပ်မှလဲဘဲ တပည့်တော်တို့ လွတ်မြောက်ရပါလို၏။

သတ္တဝါတွေ မောဟထူပြောရင် မလုပ်သင့်ဒါတွေလုပ် မစားသင့်ဒါတွေစား ဣရိယာပထ အပြုအပြင် အဆင်အခြင် ကင်းမဲ့ကုန်တော့ မရောက်သင့်သော ကပ်ရောဂါများ ရောက်ပြီးတော့ သေကြေပျက်စီးကြတယ်၊ အဲဒါကို ရောဂန္တရကပ် ဆိုက်တယ်လို့ ဆိုလိုပါတယ်၊ အဲဒီလိုကပ်မျိုးမှလဲဘဲ ဘဝတိုင်း ဘဝတိုင်း လွတ်မြောက်တဲ့ကိုယ် ဖြစ်ရပါလို၏။

သတ္တဝါတွေ လောဘအားကြီးရင် အစာရေစာခေါင်းပါးတယ်၊ အဲဒီလိုခေါင်းပါးပြီး ပျက်စီးခြင်းကို ဒုဗ္ဘိက္ခန္တရကပ် ဆိုက်တယ်လို့ဆိုလိုပါတယ်။ ထိုဒုဗ္ဘိက္ခန္တရကပ်မှလဲဘဲ တပည့်တော်များ အခါခပ်သိမ်း ကင်းလွတ်ငြိမ်းတဲ့ကိုယ် ဖြစ်ရပါလို၏-ဒီလိုဆုတောင်းခြင်း ဖြစ်ပါတယ်။

**ရပ်ပြစ်ရှစ်ပါး။** ။ဘုရားပွင့်ထ၊ ပါယ်သုံးဝနှင့်၊ အသညသတ်၊<br>ဖြစ်လတ်ပစ္စန်၊ မိစ္ဆာဉာဏ်ရှိ၊ ချို့ဘိအင်္ဂါ၊<br>သာသနာကွယ်လစ်၊ ခါဝယ်ဖြစ်သည်၊ ရပ်ပြစ်ရှစ်ပါး မှတ်ရန်တည်း။

အရပ်ပြစ်ရှစ်ပါး အပြစ်သင့်သော အရပ်ရှစ်မျိုးလို့ ဆိုလိုတယ်၊ အောက်က ငရဲရယ်, တိရစ္ဆာန်ရယ်, ပြိတ္တာရယ်, အဲဒီသုံးဘုံ အပြစ်သင့်နေတယ်၊ ဘာအပြစ်သင့်နေသလဲ၊ အဲဒီသုံးဘုံမှာ အသူရကာယ်ကို ပြိတ္တာထဲထည့်ထားတယ်၊ ပြိတ္တာဆိုတဲ့စကားထဲမှာ အသူရကာယ်ဘုံပါ ထည့်သွင်းထားတယ်၊ ဘာပြုလို့ထည့်သွင်းရသလဲ သူ့ကို သီးခြား ဘာပြုလို့ မဆိုရသလဲဆိုတော့ ပြိတ္တာနှင့် အသူရကာယ်ဘုံဟာ အဆက်အသွယ်ရှိတယ်၊ အကူးအလူး အဆက်အဆံရှိတယ်၊ ဒါကြောင့် ပြိတ္တာဆိုလိုက်ရင် အသူရကာယ်ဟာ ပါပါစေ၊ ငရဲမှာဘဲဖြစ်ဖြစ် တိရစ္ဆာန်မှာဘဲဖြစ်ဖြစ် ပြိတ္တာ အသူရကာယ်မှာဘဲဖြစ်ဖြစ် အဲဒီအောက်မှာ သွားဖြစ်ရင် ထိုဘဝ မဂ်ဖိုလ် မရတော့ဘူး၊ ဒါကြောင့် မဂ်ဖိုလ် နိဗ္ဗာန်ရဲ့ အန္တရာယ် အပြစ်သင့်နေတဲ့ အရပ်မို့ အပြစ်သင့်သော အရပ်လို့ ဆိုလိုပါတယ်။

တခါ အထက်ကို ကြည့်လိုက်တော့ ရူပါဝစရ ဗြဟ္မာ့ဘုံ ဆယ့်ခြောက်ဘုံရှိသည့် အနက်က အသညသတ်ဗြဟ္မာ့ဘုံဆိုတာ မဟာကပ်ငါးရာ အသက်ရှည်ကြတယ်၊ ရုပ်ချည်း

သက်သက် နာမ်မရှိဘူး၊ အဲဒီဘုံရောက်လို့ကတော့ မဟာကပ်ငါးရာအသက်က ရှည်နေတယ်၊ အဲဒီဘုံမှာလဲဘဲ မဂ်ဖိုလ်ကို ရ မဖြစ်ဘူး၊ ဒါကြောင့် အဲဒီဘုံလဲဘဲ မဂ်ဖိုလ်ရဲ့အန္တရာယ်အပြစ်သင့်နေသောအရပ်လို့ သူ့ကို ရပ်ပြစ်တပါးထဲ ဒီလိုတွက်ရတယ်။

လူ့ပြည်မှာ ရပ်ပြစ်လေးပါးရှာရအောင်-သာသနာ မထွန်းကားသော တိုင်းစွန်ပြည်နား အရိုင်းအစိုင်းဖြစ်တဲ့ ဒေသမှာ သွားဖြစ်နေရင်လဲဘဲ မဂ်ဖိုလ်နိဗ္ဗာန် ရ မဖြစ်ဘူး၊ မဂ်ဖိုလ်နိဗ္ဗာန်ရဲ့ အန္တရာယ်အပြစ်သင့်လို့ ရပ်ပြစ်တပါးလို့ဆိုရတယ်။

ဒီလူ့ပြည်မှာဘဲ သာသနာထွန်းကားတယ်၊ မဇ္ဈိမဒေသ အရပ်မှာဘဲဖြစ်တယ် ထားပါဦးတော့၊မိမိကိုယ်က မျက်စိ နား နှာ အင်္ဂါကြီးငယ် ချို့တဲ့နေရင် ထိုဘဝ မဂ်ဖိုလ်မရနိုင်၊ ဘာဖြစ်လို့လဲဆိုတော့ မျက်စိမှ မပါဘဲ ဗုဒ္ဓဘုရားဘယ်လိုဖူးမယ်၊ နားမှ မပါဘဲ တရားဘယ့်နှယ်လုပ် နာမယ်၊ ဒီလိုတရားမှ မနာရရင် ပရတောဃောသ ဆိုတဲ့ပစ္စည်း ချို့တဲ့သွားပြီး တရားမနာရရင် ယောနိသော မနသိကာရ မဖြစ်နိုင်ဘူး၊ ဒီလိုမဖြစ်နိုင်ရင် ဓမ္မာနု ဓမ္မပဋိပတ် မကျင့်နိုင်ဘူး၊ မကျင့်နိုင်ရင် မဂ်ဖိုလ်နိဗ္ဗာန်မရ၊ ဒါကြောင့် မျက်စိ နား နှာ အင်္ဂါကြီးငယ်ချို့တဲ့ခြင်းသည် မဂ်ဖိုလ်နိဗ္ဗာန်ရဲ့ အန္တရာယ်အပြစ်သင့်တဲ့ သူလို့ ဆိုရတယ်။

ဒါကတော့ အရပ်မဟုတ်ဘူး၊ အရပ်က များလို့ ရပ်ပြစ်ရှစ်ပါးလို့ပြောတာ၊ သာသနာ ထွန်းကားတဲ့ မြန်မာ သီဟိုဠ် လာအို ယိုးဒယား ကမ္ဘောဒီးယား အရပ်မှာပင် ဖြစ်လင့်ကစား မိမိကိုယ်တိုင်က ဗုဒ္ဓဘာသာ မဟုတ်တဲ့ မိစ္ဆာအယူဝါဒဖြစ်နေရင်လဲ မဂ်ဖိုလ်နိဗ္ဗာန် ရ မဖြစ်ဘူး၊ မဂ်ဖိုလ်နိဗ္ဗာန်ရဲ့ အန္တရာယ်အပြစ်သင့်နေဒါဘဲ၊ ဒါကြောင့် အယူဖောက်ပြားမှားယွင်းနေခြင်းလဲဘဲ ရပ်ပြစ်တပါးလို့ ခေါ်ရတယ်၊ သာသနာပြင်ပ အချိန်မျိုးလဲဘဲ ရပ်ပြစ်တပါးလို့ ဆိုရတယ်၊ ဒီလို ရပ်ပြစ်ရှစ်ပါးမှလဲ တပည့်တော် ဘဝတိုင်း ဘဝတိုင်း ကင်းလွတ်ငြိမ်းတဲ့သူ ဖြစ်ရပါလို၏လို့ ဆုတောင်းခြင်းဖြစ်တယ်။

**ရန်သူမျိုးငါးပါး။** ။ရေ မီး သူခိုး၊ မွေခံဆိုး၊ မင်းဆိုး ရန်မျိုးငါး။

၁။ ဖောက်ပြန်သော ရေ၊ ၂။ ဖောက်ပြန်သော မီး၊ ၃။ ဖောက်ပြန်သော မင်း၊ ၄။ သူခိုး၊ ၅။ အမွေခံဆိုး။

ရေသည် ပကတိအားဖြင့် လူ့ရဲ့အသက်သခင် ကျေးဇူးရှင်ဘဲ၊ သို့သော် ဖောက်ပြန် ပျက်စီးလာတဲ့ ရေကျတော့ လူကို အန္တရာယ်ပြုတယ်၊ ဒီလိုအန္တရာယ်ပြုလာရင် ဒါရန်သူ တမျိုးဘဲ။

မီးလဲဘဲ ပကတိအားဖြင့် လူ့ရဲ့မိတ်ဆွေဘဲ၊ သို့သော် ဖောက်ပြန်ပျက်စီးပြီးလာတဲ့ မီးကျတော့ မြို့လောင် ရွာလောင် အဲဒီလို လောင်ကျွမ်းလာရင် ဒါရန်သူတမျိုးဘဲ။

မင်းလဲ တိုင်းသူပြည်သားအပေါ်မှာ ရင်ဝယ်သားကဲ့သို့ သဘောထားပြီး ရာဇဓမ္မ တွေနှင့် ညီညွတ်စွာ အုပ်ချုပ်လျှင် ထိုမင်းဟာ ပြည်သူ ပြည်သားတို့ရဲ့ မိဘဘဲ၊ သို့သော်လဲ ရာဇဓမ္မတွေ ကင်းကွာနေရင် ရန်သူစာရင်းတွင် ထည့်သွင်းရခြင်းဖြစ်ပါတယ်။

သူခိုးနှင့် အလားတူဖြစ်တဲ့ လူဆိုး သူဆိုးလဲ ရန်သူတမျိုးဘဲ။

အမွေခံသားဆိုး သမီးဆိုးလဲ ရန်သူတမျိုးဘဲ။

ဒီရန်သူမျိုး ငါးပါးတို့မှလဲ ဘဝတိုင်း ဘဝတိုင်း ကင်းလွတ်မြောက်တဲ့သူ ဖြစ်ရပါလို၏လို့ ဆုတောင်းခြင်းဖြစ်ပါတယ်။

**ဝိပတ္တိလေးပါး။** ။ဂတိ ဥပ၊ ပယောဂ၊ ကာလ ဝိပတ်လေး။

၁။ ကာလ ဝိပတ္တိ၊ ၂။ ဥပဓိ ဝိပတ္တိ၊ ၃။ ပယောဂ ဝိပတ္တိ၊ ၄။ ဂတိ ဝိပတ္တိ လေးပါးရှိတယ်။

ဒုတိယ ကမ္ဘာစစ်တုန်းကလို ကုသိုလ်ကောင်းမှုပြုလို့မလွယ်ကူတဲ့ အခါပျက်မျိုးကို **ကာလဝိပတ္တိ** လို့ခေါ်တယ်၊ မိမိမှာ မျက်စိ နား နှာ အင်္ဂါကြီးငယ်ချို့တဲ့နေခြင်းကို **ဥပဓိဝိပတ္တိ** လို့ခေါ်တယ်၊ ဒီ ဝိပတ္တိတွေနှင့် ကြုံနေရင် အကုသိုလ်ကံတွေဝင်ပြီးတော့ မကောင်းကျိုးကိုပေးတယ်၊ အဲဒါကြောင့် ဒီ ဝိပတ္တိတွေမှ ကြောက်ပြီး လွတ်ချင်ရတယ်၊ မိမိပြုလုပ်တဲ့ အလုပ်သည် ကောင်းကျိုးရဘို့ မဟုတ်ဘဲ ဆိုးပြစ်ရဘို့ အလုပ်ကို အားထုတ်မိခြင်းသည် **ပယောဂဝိပတ္တိ** လို့ ခေါ်တယ်၊ အောက်အပါယ်ဘုံကို **ဂတိဝိပတ္တိ** လို့ခေါ်တယ်၊ ဒီ ဝိပတ္တိလေးပါး ဆိုက်ရောက်နေရင် အကုသိုလ်ကံတွေက ဒီ ဝိပတ္တိနှင့်ပေါင်းပြီး မကောင်းကျိုးပေးတတ်တယ်။

မိမိတို့မှာ ရှိရင်းစွဲ အပရာပရိယဝေဒနီယကံ-က ဤဝိပတ္တိအဖော်ရရင် မကောင်းကျိုးပေးခွင့်ရတယ်၊ ဒါကြောင့် ဒီ ဝိပတ္တိ တရားလေးပါးတို့မှလဲဘဲ အခါခပ်သိမ်း ကင်းလွတ်ငြိမ်းတဲ့သူ ဖြစ်ရပါလို၏လို့ ဆုတောင်းခြင်းဖြစ်ပါတယ်။

ဒီကပြန်လိုက်ရင် သမ္ပတ္တိလေးပါး၊ သမ္ပတ္တိလေးပါးဖြစ်လို့ရှိရင် ကုသိုလ်အပရာပရိယဝေဒနီယကံတွေက ကောင်းကျိုးပေးခွင့်ရတယ်၊ ကောင်းသောအကျိုးကိုပေးပြီး ဘဝခရီးမှာ ချမ်းချမ်းသာသာ သွားလာရ၍ သူတို့ကိုတော့ လိုအပ်တယ်။

**ဗျသန တရားငါးပါး။** ။ဉာ,ဘော,ရောဂ၊ သီလာ,ဒိဋ္ဌိ၊ ငါးပါးရှိ၊ မှတ်သိ ဗျသန။

၁။ ဉာတိဗျသန ၂။ ဘောဂဗျသန။ ၃။ ရောဂဗျသန။ ၄။ သီလဗျသန။ ၅။ ဒိဋ္ဌိဗျသန။ အကျဉ်းချုပ် ဒီလိုအခေါ်ရှိတယ်။

ဆွေမျိုးတွေ ပျက်စီးပြီး တကောင်ကြွက် တချက်နှာ ခိုကိုးရာမဲ့ဖြစ်ခြင်းမျိုးကို **ဉာတိဗျသန**လို့ ခေါ်တယ်၊ စီးပွါးဥစ္စာ ကုန်းကောက်စရာမရှိအောင် ပျက်စီးဆုံးရှုံးခြင်းမျိုးကို **ဘောဂဗျသန**လို့ ခေါ်တယ်၊ မိမိမှာ ရောဂါဝေဒနာ စွဲကပ်ခြင်းမျိုးကို **ရောဂဗျသန**လို့ ခေါ်တယ်၊ ကိုယ်ကျင့်တရား ငါးပါးသီလ ပျက်ပြားခြင်းမျိုးကို **သီလဗျသန**လို့ ခေါ်တယ်၊ အယူဖေါက်ပြား မိစ္ဆာအယူများကို ယူခြင်းမျိုးကို **ဒိဋ္ဌိဗျသန**လို့ ခေါ်တယ်။

အဲဒီ ဗျသန ငါးမျိုးအနက် ဒိဋ္ဌိဗျသနနှင့် သီလဗျသနမှာ ပစ္စုပ္ပန်မှာသာ ဆင်းရဲစေသည်မဟုတ်ဘူး၊ သံသရာမှာလဲဘဲ အပါယ်လေးပါးကျပြီးတော့ ဆင်းရဲစေတတ်တယ်၊ သူက ပိုပြီးတော့ ကြောက်စရာကောင်းတယ်၊ အဲဒီ ဗျသနငါးမျိုး တရားဆိုးတို့မှလဲဘဲ အခါ ခပ်သိမ်း ကင်းလွတ်ငြိမ်းတဲ့သူ ဖြစ်ရပါလို၏လို့ ဆုတောင်းခြင်း ဖြစ်ပါတယ်။

ယင်းသို့ ကင်းလွတ်ငြိမ်းပြီးလျှင် 'မဂ်တရား ဖိုလ်တရား နိဗ္ဗာန်တရားတော်မြတ်ကို ရ-ရပါလို၏ အရှင်ဘုရား'လို့ သူတော်စင်ဓတွေက နှုတ်က မြွက်ဆိုဆုတောင်းကြတယ်၊ ဆုတောင်းပြီးနောက် ဆုပေးတဲ့ကိုယ်တော်က ဘာဆုများပေးစရာ ကောင်းသလဲဆိုတော့ ...

ဣစ္ဆိတံ ပတ္ထိတံ တုယှံ၊ ခိပ္ပမေဝ သမိဇ္ဈတု။

တုယှံ၊ သင်၏။ ဣစ္ဆိတံ၊ အလိုရှိအပ်သော။ ပတ္ထိတံ၊ တောင့်တအပ်သော ဆုအဝဝသည်။ ခိပ္ပမေဝ၊ လျင်မြန်ဆောစွာသာလျှင်။ သမိဇ္ဈတု၊ ပြည့်စုံပါစေသတည်း-လို့ဆိုတဲ့.... ပစ္စေကဗုဒ္ဓါဆုပေးမျိုးဂါထာနှင့် ကိုက်ညီအောင် အလိုရှိအပ် တောင့်တအပ်သော ဆုမြတ်အပေါင်းနှင့် တလုံးတဝတည်း လျင်မြန်စွာ ပြည့်စုံကြပါစေ .. လို့ဆိုပြီးပေးရင် အတော်ကောင်းမယ်၊ ဒါဟာ ဆုတောင်းနဲ့ ဆုပေး ပေးမလွဲတဲ့ ဆုပေးမျိုးဖြစ်ပါတယ်။

**သီလတောင်း။** ။အဲဒီလို ဆုပေးပြီးတဲ့အခါကျတော့ ဗုဒ္ဓဘာသာ သူတော်စင်တွေက-

အဟံ ဘန္တေ တိသရဏေန သဟ ပဉ္စသီလံ ဓမ္မံ ယာစာမိ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေ ဘန္တေ-လို့ ဆိုကြတယ်။

ရေမိုးချိုးပြီးတဲ့ သားကောင်း သမီးကောင်းများသည် မိဘထံမှာ ပန်းကောင်း ပန်ချင်လို့ပန်းပေးပါ၊ အဝတ်ဝတ်ချင်လို့ အဝတ်ကောင်းပေးပါ၊ နံ့သာလိမ်းချင်လို့ နံ့သာကောင်းပေးပါ တောင်းသလိုဘဲ—

ဗုဒ္ဓဘာသာ သူတော်စင်တွေရဲ့ကိုယ်မှာ ကာယကံ ဝစီကံ မနောကံ အပြစ်တေးအညစ်အကြေးတွေကို ပဏာမ ရေကြည် ရေအေး ရေမိုးချိုး ဆေးကြော ဖွပ်လျှော်ပြီးလို့ ခန္ဓာကိုယ် စင်ကြယ်နေသော ဤအချိန် အခါ၌ သရဏဂုံ တည်းဟူသော ဦးစိုက်ပန်း, ငါးပါးသီလ တည်းဟူသော ဝတ်ကောင်းငါးမျိုး နံ့သာကောင်း ငါးမျိုးကို ပန်လို လိမ်းလို ခြယ် လယ် လိုပါတယ် ဗုရား လို့ တောင်းဆိုကြပါတယ်။ ။(ဇာတက၊ ဆက္ကနိပါတ်၊ တုဏ္ဍိလဇာတ် နှာ-၁၄၈-၌ နံ့သာလို့ အဟောရှိပါတယ်။)

ဘန္တေ၊ အရှင်ဗုရား။ အဟံ၊ တပည့်တော်သည်။ တိသရဏေန၊ သရဏဂုံသုံးခန်း ဦးစိုက်ပန်းနှင့်။ သဟ၊ တကွ။ ပဉ္စသီလံ၊ ငါးပါးသီလ ကိုယ်ကျင့်တရားဟု ဆိုအပ်သော ဝတ်ကောင်းငါးမျိုး နံ့သာကောင်းငါးမျိုးကို။ ယာစာမိ၊ ပန်ရလိုကြောင်း ဝတ်ရလိုကြောင်း လိမ်းရလိုကြောင်း တောင်းခံပါ၏။ ဘန္တေ၊ အရှင်ဗုရား။ အနုဂ္ဂဟံ၊ ချီးမြှောက်ခြင်းကို။ ကတွာ၊ ပြု၍။ မေ၊ တပည့်တော်အား။ သီလံ၊ သရဏဂုံသုံးခန်း ဦးစိုက်ပန်းနှင့်တကွ ငါးပါးသော သီလတည်းဟူသော ဝတ်ကောင်း စားလှငါးမျိုး, နံ့သာကောင်း နံ့သာပျောင်း ငါးမျိုးကို။ ဒေထ၊ ကရုဏာရှေးရှု ပေးတော်မူကြပါဗုရား-လို့ တောင်းဆိုကြတယ်။ ဒါ ဘာနှင့်သွားပြီး တူသလဲဆိုတော့ မိဘများထံ သားသမီးများက ပန်း အဝတ် နံ့သာကောင်းများ တောင်းသလို အင်မတန် တူပါတယ်။

တောင်းတာမှ တကြိမ်မဟုတ်ဘူး၊ ဒုတိယမ္ပိ-နှစ်ကြိမ်မြောက်လည်း တောင်းပြန်တယ်။ တတိယမ္ပိ-သုံးကြိမ်မြောက်လည်း ဒီအတိုင်းဘဲ တောင်းပြန်တယ်၊ ဤသို့ သူတော်

စင်များက ပါဠိလို သရဏဂုံ, သီလ တောင်းပြီးနောက် သီလပေးတဲ့ ဘုန်းကြီးက သရဏဂုံ တည်းဟူသော ဦးစိုက်ပန်း, ငါးပါးသီလ တည်းဟူသော ဝတ်ကောင်း စားလှ ငါးမျိုး နဲ့သာကောင်း ငါးမျိုးကို ရော့-ပန်တော့ ဝတ်တော့ လိမ်းတော့လို့ အထည်ဒြပ် ကိုင်ပြီး ပေးလို့ရကောင်းတာ မဟုတ်တော့ နှုတ်ကမြွက်ဆိုပြီး ဆောက်တည်မှ ရကောင်းတာ ဖြစ်လို့ ဒီဆောက်တည်ပုံ ပါဠိ မမှားအောင် ရှေ့က ဆိုပေးမယ် လိုက်ဆိုကြလို့၊ ဒီအဓိပ္ပါယ်နှင့် သီလပေးတဲ့ကိုယ်တော်က 'ယမဟံ ဝဒါမိ၊ တံ ဝဒေထ' လို့ ဆိုလိုက်တယ်။

သာဓဝေါ၊ နှလုံးပျော့ပျောင်း သူတော်ကောင်းတို့။ ယံ၊ အကြင် သရဏဂုံဆောက်တည်ပုံ, ငါးပါးသီလ ခံယူပုံကို။ အဟံ၊ ငါသည်။ ဝဒါမိ၊ ရှေ့က တိုင်တည်လို့ပေးပါအံ့။ တံ၊ ထို ငါဆိုအပ်တဲ့ ပါဠိကို။ တုမှေ၊ သင်သူတော်ကောင်းတို့သည်။ ဝဒေထ၊ အတူလိုက်ကာ မမှားအောင်ဆိုကြပါ။

ဒီအဓိပ္ပါယ်နှင့် သီလပေးတဲ့ ကိုယ်တော်က 'ယမဟံ ဝဒါမိ၊ တံဝဒေထ' ပါဠိလို ပြောလိုက်တာ သူတော်စင်တွေက 'အာမ ဘန္တေ' လို့ဆိုလိုက်တယ်။ ဘန္တေ၊ အရှင်ဘုရား။ အာမ သာဓု၊ ကောင်းပါပြီ အရှင်ဘုရားလို့ ဝန်ခံလိုက်တာနော်-

**ဘုရားရှိခိုး။** ။ပြီးတော့မှ သီလပေးတဲ့ ကိုယ်တော်က—

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ—

ဆိုတဲ့ စာပိုဒ်ကို သရဏဂုံ မဆောက်တည်ခင် တိုတိုတုတ်တုတ်နှင့် ဘုရားရှိခိုးကြအုံးစို့ ဒီအဓိပ္ပါယ်နှင့် ချပေးတယ်၊ သူတော်စင်တွေက သုံးခေါက်ဆိုတယ်။

မိဘဘိုးဘွားက သားတို့သမီးတို့ ဒီ 'နမော တဿ' ဆိုတဲ့ ဘုရားရှိခိုးဟာ အင်မတန် တန်ဘိုးရှိဘဲ့ ဗုဒ္ဓါးရှိခိုးဖြစ်တယ်။ ဒီဘုရားရှိခိုးကို သီလပေးတဲ့ ကိုယ်တော်က တခေါက်ဆို ပေးပြီး တိုင်တည်ပေးပေးမယ်လို့ သားသမီးမြေးတို့က သုံးခေါက်ဆိုကြပါလို့ ဆိုရိုးပြုပေး ခဲ့တယ်၊ ပြုပေးခဲ့တဲ့အတိုင်း ယနေ့လဲ အမျိုးကောင်းသား အမျိုးကောင်းသမီးတွေ သုံး ခေါက်ဆိုကြတယ်။

ဘဂဝတော၊ ဘဂဝါဂုဏ်တော်ရှင် ဖြစ်တော်မူထသော။ အရဟတော၊ အရဟံဂုဏ် တော်ရှင်ဖြစ်တော်မူထသော။ သမ္မာသမ္ဗုဒ္ဓဿ၊ သမ္မာသမ္ဗုဒ္ဓ ဂုဏ်ရှင်ဖြစ်တော်မူထသော။ သတ္တဝါတို့နှုတ်ဖျား အလွန်ထင်ရှား အလွန်ရေပန်းစားတဲ့ ဘဂဝါဂုဏ်,အရဟံဂုဏ်,သမ္မာ သမ္ဗုဒ္ဓဂုဏ်တော်ကြီးသုံးပါးတို့ဖြင့် ချီးကျူး၍ မြတ်စွာဗုဒ္ဓါး ရှိခိုးတဲ့ စာပိုဒ်ပါ၊ ဒါကြောင့် ဒီ'နမောတဿ'ကို သုံးခေါက်ဆိုကြတယ်။

**နမော တဿ ရှိခိုးသူများ။** ။ဒီ 'နမော တဿ'စာပုဒ်ကို သိကြားမင်းလဲဘဲ မြတ်နိုးတယ်၊ သက္ကပဉ္စသုတ်၌ ဣန္ဒသာလ လိုဏ်ဂူမှာ သိကြားဘဝအသစ် ရ၍ အရိယာ သောတာပန်ဖြစ်ပြီး ပြန်တော့မယ်ဆိုတော့ မြေကြီးကို ပုတ်ပုတ်ပြီး တော့ "နမော တဿ"ဖြင့် သုံးခေါက်ဆိုပြီး မြတ်စွာဗုဒ္ဓါးကို ရှိခိုးတယ်၊ သဟမ္ပတိ ဗြဟ္မာကြီး များ ဗုဒ္ဓါးထံ လာတယ်ဆိုရင် ဒီ 'နမော တဿ'ဖြင့် တမြတ်တနိုး သုံး ခေါက် ရှိ ခိုး တယ်၊

ပြဟ္မာပညာရှိ နတ်ပညာရှိတွေ ရှိခိုးသလို ဘုရားလက်ထက်တုန်းက ပသေနဒီ ကောသလတို့၊ ဗိမ္ဗိသာရ အစရှိသော မင်းပညာရှိတွေရော၊ ပေါက္ခရသာတိတို့၊ ပြဟ္မာယုတို့ ပုဏ္ဏား ပညာရှိတွေရော ဒီ'နမော တဿ'ကို တမြတ်တနိုး ရှိခိုးကြတယ်။ အဲဒါကြောင့် ဒီ'နမော တဿ' ဆိုတဲ့ စာပုဒ်ဟာ ဗုဒ္ဓဘာသာစာပေ၊ ဗုဒ္ဓဘာသာနယ်ပယ်မှာ အလွန်တွင်ကျယ်ပါတယ်။ 'နမော'စသည်ဖြင့် ငါးပုဒ်ရှိတဲ့အတွက် **ပဥ္စပဒိကဂါထာ**လို့လဲ ခေါ်ပါတယ်။

(သံ၊ ၃၊ ၁၊ ၂၅၄)

ဗုဒ္ဓစာပေနှင့် ပတ်သက်သော စာအုပ်မှန်သမျှကို ကြည့်လိုက်'နမော တဿ'က စတာချည်းဘဲ၊ ပါးပါးထူထူ ငယ်ငယ် ကြီးကြီး 'နမော တဿ' မပါရင် ဗုဒ္ဓဘာသာ စာပေ မဟုတ်ဘူးလို့ အပြောခံရတတ်တယ်၊ စာအုပ်ပေါင်းများစွာ 'နမော တဿ'မပါတဲ့ စာအုပ်ရယ်လို့ ဘုန်းကြီးတို့ မတွေ့ရဘူး။

နိကာယ်ငါးရပ် ပိဋကတ်သုံးပုံ ပါဠိတော် အဋ္ဌကထာ ဋီကာ အနု မဓု အစရှိသော ကျမ်းဂန်အားလုံးတို့၌လည်း ဤ'နမော တဿ'ပါရှိတာပါဘဲ၊ ယခုအခါ အလွန်ကျော်ကြား ထင်ရှားနေတော်မူသော မင်းကွန်းတောင်ရိုး ဂုဏဝုဒ္ဓိ ဝယဝုဒ္ဓိ ဂုဏ်ထူးရှိသူ **တိပိဋက, ဓရ ဓမ္မဘဏ္ဍာဂါရိက အရှင်ဝိစိတ္တသာရာဘိဝံသ** ဆရာတော်ဘုရားကလည်း ငါးရာ့ငါးဆယ် ဘာသာပြန်စာအုပ် မူကြမ်းကို လာပြစဉ်က ရေးသူအား ကျမ်းအစ၌ 'နမော တဿ' မပါသဖြင့် ထည့်ဘို့ အထူးတိုက်တွန်းလိုက်သော်လည်း စာအုပ်ဖြစ်လာသောအခါ မထည့်ဘဲပင် ထိုငါးရာ့ငါးဆယ် ဘာသာပြန်စာအုပ် တအုပ်တည်းကိုသာ ကျမ်းအစ၌ 'နမော တဿ' မပါရှိသည်ကို တွေ့ရကြောင်း အမိန့်ရှိပါတယ်၊ နာမည်ကျော်ကြားသော **လယ်တီဆရာတော်ဘုရားကြီး**သည် ဥရောပ ဗုဒ္ဓဘာသာ အလင်းပြကျမ်းကို ပြုစုတော်မူရာ၌ ဤ'နမော တဿ'ကို အစထား၍ ရှိခိုးမှု ကျမ်းဦးပဏ္ဍာမကို ပြုစုရေးသားတော် မူပါတယ်၊ အားလုံးပင် နေ့နေ့ ညည ဗရားဝတ်တက်၍ ရွတ်ဆိုကြရန် အလွန်ကောင်းလှသဖြင့် ဖော်ပြလိုက်ပါသည်။

## ဥရောပ ဗုဒ္ဓဘာသာ အလင်းပြကျမ်း ပဏ္ဍာမ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။
နမော ဓမ္မဿ,နမော သံဃဿ,နမော အာစရိယာနံ။
တိဋ္ဌန္တု သိသေ မေ ဧတေ၊ အန္တရာယာ သမေန္တု မေ။

ဘဂဝတော၊ ဣဿရိယ, ဓမ္မ, ယသ, သိရီ, ကာမ, ပယတ္တ တည်းဟူသော ခြောက်ဝ ဘုန်းဟုံ ကျေးဇူးဂုဏ်နှင့် ပြည့်စုံတော်မူထသော။ အရဟတော၊ ကိလေသာ ကင်းပြတ်သဖြင့် မြတ်သောအလှူကို ခံယူတော် မူထိုက်ထသော။ တဿ သမ္မာသမ္ဗုဒ္ဓဿ၊ မဖေါက်မပြန် သယမ္ဘူဉာဏ်ဖြင့် အမှန်ထိုးထွင်း၍ သိမြင်တော်မူသော ထိုမြတ်စွာဗုရားသခင်အား။ နမော၊ ရှိခိုးပါ၏။

ဓမ္မဿ၊ မြတ်စွာဗုရား ဟောကြားတော်မူအပ်သော တရားတော်မြတ်အား။ နမော၊ ရှိခိုးပါ၏။ သံဃဿ၊ မြတ်စွာဗုရား၏ တပည့်သား သံဃာတော်မြတ်အား။ နမော၊ ရှိခိုး

ပါ၏။ အာစရိယာနံ၊ ပညာသိပ္ပ ညွှန်ပြ သွန်သင် ကျေးဇူးရှင် ဆရာမြတ်တို့အား။ နမော၊ ရှိခိုးပါ၏။

တေ၊ ထိုဗုဒ္ဓ တရား သံဃာ ဆရာအရှင်မြတ်တို့သည်။ မေ၊ အကျွန်ုပ်၏။ သီသေ၊ ဦးခေါင်းရတနာ မြတ်အင်္ဂါထက်၌။ တိဋ္ဌန္တု၊ တည်နေ ကိန်းဝပ်တော် မူကြပါစေကုန်သတည်း။ မေ၊ အကျွန်ုပ်အား။ အန္တရာယာ၊ ဘေးအတန်တန် ရန်အသွယ်သွယ် အန္တရာယ်ဟူသမျှတို့သည်။ သမေန္တု၊ ကင်းငြိမ်းလွင့်စင် ကြပါစေကုန်သတည်း။

**မှတ်ချက်။** ။(ဆိုခဲ့ပြီး ဂါထာ ပါဠိအနက်ကို အရကျက်၍ ရွတ်ဘာသ်သရဇ္ဈာယ်ကြလျှင် ဘေးအန္တရာယ် ကင်းရှင်း၍ စီးပွားဥစ္စာ တိုးတက်လျက် ဘုန်းကျက်သရေ ကြီးမားတတ်သည်၊ ကျက်မှတ် သရဇ္ဈာယ်ကြပါကုန်။)

ဤသို့လျှင် ကျေးဇူးရှင် ဆရာတော်ဘုရားကြီးက အမှာအထား ရေးသွားတော်မူပါသည်၊ အန္တရာယ်ကင်း ကိုယ်တွေ့ဖြစ်သော ဘုန်းကြီးသည်ကား ကျန်းမာသည် ဖြစ်စေ မကျန်းမာသည့်အခါ၌ ဖြစ်စေ ညအခါ သုံးခေါက်မျှ မရွတ်ရလျှင် အိပ်လို့ပင် မရသကဲ့သို့ ရှိပါ၏။

ဤမှတပါး စစ်ကိုင်းဘက်သို့ တောထွက်တော်မမူခင် ကျေးဇူးရှင် **မြတောင် ဆရာတော်ဘုရားကြီးသည်** မြတောင်တိုက် ရှင်ဘုရင် ဆောက်လှူသော ရွှေကျောင်းကြီးပေါ်၌ ဋီကာကျော်ကျမ်းကို ချပို့တော်မူစဉ်အခါက "ဦးပဥ္စင်းတို့-ကိုယ့်သီလကို မလုံခြုံမစင်ကြယ်ဟု အထင်ရှိက ဒကာ+ဒကာမတို့၏ ရှိခိုးပူဇော်မှု ခံထိုက်အောင် ဤ'နမော တဿ' မျှကိုပင် စိတ်ထဲက နှလုံးသွင်း ရွတ်ဆိုလိုက်ကြရမည်" ဟူ၍ အမိန့်ရှိသွားတော်မူသည်ကို အလွန် မှတ်သားထိုက်လှပါ၏။

ဤမှတပါး မင်းကွန်းတောင်ရိုး ငွေတောင်တောရ ရွှေကျင်တိုက် **အဂ္ဂမဟာပဏ္ဍိတ ပက္ကမြားဆရာတော်ဘုရားကြီး** သည် ဗောဓိပူဇနိယ ကျမ်း၏ အဆုံးကို နိဂုံးရေးတော်မူပြီး နောက် ဂုဏ်တော်ကိုးပါး စသည်များကို ရေးသားတော်မူလိုရာ၌-

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ-

ဤ'နမော တဿ'ကိုပင် အစထား၍ လေးစားမြတ်နိုး ရှိခိုးတော်မူ၏၊ ၎င်း'နမော တဿ'၏ အနက်ကို ဤ သာသနာတွင် 'ဗုဒ် အစ ဗုဒ် အဆုံး'ဟု ရှေးက ဆိုထုံးရှိသော ဆရာတော်ဘုရားကြီး ဦးဗုဒ် ရေးသား ထားတော်မူခဲ့သော အနက်ကို သာသနာရေး လောက၌ စာချ စာသင် ပုဂ္ဂိုလ်အရှင်တို့ အလွန်နှစ်သက်ယူဘွယ် ကောင်းလှသည့် နိပါတ်, အနိယတ်၊ ဝိသေသန, ဝိသေသျ တို့ဖြင့် စုံလင်စွာတန်ဆာဆင်ပြီး ပရိတ်ကြီး နိဿယ၌ ရေးသား တော်မူထားသည့်အတိုင်း ဖော်ပြလိုက်ပါသည်။

**နမောတဿ အနက်။** ။ယော ဗုဒ္ဓေါ၊ အကြင်မြတ်စွာဗုရားသည်။ ဘဂဝါ၊ ဘုန်းတော်ခြောက်ပါးရှိတော်မူ၏။ အရဟံ၊ သံသရာစက်၏ အကန့်အကွက်တို့ကို ဖျက်ဆီးတော်မူတတ်၏။ သမ္မာသမ္ဗုဒ္ဓေါ၊ သစ္စာလေးပါး တရားတို့ကို မဖောက် မပြန်

သဃမ္ဘူညာဏ်ဖြင့် မိမိ အလိုလို ကိုယ်တော်တိုင် သိမြင်တော်မူတတ်၏။ ဘဂဝတော၊ ဘုန်းတော်ခြောက်ပါး ရှိတော်မူသော။ အရဟတော၊ သံသရာစက်၏ အကန့်အကွက်တို့ကို ဖျက်ဆီးတော်မူတတ်သော။ သမ္မာသမ္ဗုဒ္ဓဿ၊ သစ္စာလေးပါး တရားတို့ကို မဖောက်မပြန် သဃမ္ဘူညာဏ်ဖြင့် မိမိအလိုလို ကိုယ်တော်တိုင် သိတော်မူသော။ တဿဗုဒ္ဓဿ၊ ထိုမြတ်စွာ ဗုရားအား။ နော၊ အကျွန်ုပ်တို့၏။ နမော၊ ရှိခိုးခြင်းသည်။ အတ္ထု၊ ဖြစ်စေသတည်း။

ဤသို့ ပိဋကတ်ကို ခေါင်ချင်းအောင် ထိုးတွင်း ဖောက်ထွက် တတ်မြောက်တော်မူကြပြီးသော ကျေးဇူးရှင် ဆရာတော်ဘုရားကြီးများနှင့်တကွ ဗုဒ္ဓဘာသာ တသာသနာလုံးတွင် နတ်တို့ သုခ၁ နတ်ဩဇာကို နတ်ဒေဝါတို့ မမှန်းနိုင် ဆိုသကဲ့သို့ ရှေးထုံးစဉ်ဆက် မပျက်လွန်စွာ ခုခါတိုင်များ အများလေးစား လာခဲ့ကြသော 'နမော တဿ' ကို မလေးမစား ပယ်ရှားသကဲ့သို့ ဖြစ်လာသည်မှာ အံ့ဩဘွယ်ရာ ကောင်းလှပါဘိ။

'ခါချဉ်ဉာဏ် မာန်ဖိစီးလို့၊ တောင်ကြီးကို ဖြိုမည့်ကြံ၊ ခါးကမသန်' ဆိုသကဲ့သို့ ခါချဉ်ဉာဏ် မာန်ဖိစီးပြီး 'နမော တဿ' ရွှေတောင်ကြီးကို မဖျက်ဆီးမိ ပါစေ နှင့်ဟု ကရုဏာ တရား ရှေ့ထား၍ သတိပေး ရေးသားလိုက်ပါ၏။

**'နမော တဿ' ဖြင့် ရှိခိုးသူများ။** ။ဤနေရာ၌သာ ဗုဒ္ဓမြတ်စွာ စိန္တေယျာ ရှင်တော်မြတ်ကို 'နမော တဿ' ဖြင့် ရှိခိုးကြသော ပညာရှိပုဂ္ဂိုလ်ကြီးများ-

* ဇာနုသောဏိပုဏ္ဏား (မူလ ပဏ္ဏာသ စူဠဟတ္ထိ ပဒေါပမသုတ်-မူ၊ ၁၊ ၂၃၅)
* ကောသလမင်းကြီး (မဇ္ဈိမပဏ္ဏာသ ပိယဇာတိကသုတ်-မ၊ ၂၊ ၃၁၄)
* ဗြဟ္မာယု (မဇ္ဈိမ ပဏ္ဏာသ ဗြဟ္မာယုသုတ်-မ၊ ၂၊ ၃၄၁)
* ဘာရဒွါဇ အမျိုးအနွယ်=ဓနဉ္စာနိ ပုဏ္ဏေးမ (သဂါထာဝဂ္ဂ ဗြာဟ္မဏသံယုတ်-သံ၊ ၁၊ ၁၆၂)
* သင်္ဂါရဝ၏ မရည်းတော် ဓနဉ္စာနိ ပုဏ္ဏေးမ (မဇ္ဈိမ ပဏ္ဏာသ-သင်္ဂါရဝသုတ်-မ၊ ၂၊ ၄၂၄)
* အာရာမဒဏ္ဍ ပုဏ္ဏား (အင်္ဂုတ္တရ ဒုကနိပါတ် သမစိတ္တဝဂ်-အံ၊ ၁၊ ၆၂)
* ကာရဏပါလိ ပုဏ္ဏား (အင်္ဂုတ္တရ ပဉ္စကနိပါတ်-အံ၊ ၁၊ ၂၀၆)
* သိကြားမင်း (ဒီဃနိကာယ် မဟာဝဂ္ဂသက္ကပဉ္စသုတ်-ဒီ၊ ၂၊ ၂၃၀)
* ဖုဿဗုရား၏ ခမည်းတော် မဟိန္ဒမင်းကြီး (ဓမ္မ၊ ၄၊ ၁၊ ၆၄)

မဟိန္ဒော ဇာနုသောဏိ စ၊ ဓနဉ္စာနိ စ ကောသလော။
ဗြဟ္မာယု အာရာမဒဏ္ဍော၊ သက္ကော ကာရဏပါလိ စ။

ထိုမှတပ လောက၌ သဘာဝ ယုတ္တိမရှိ ၆တန်လှ ပြောဆိုကြပြန်သည်မှာ=

သာတာဂိရိ နတ်သည် နမော ဟူ၍ ရှိခိုးကြောင်း၊

အသုရိန် နတ်သည် တဿ ဟူ၍သာ ရှိခိုးကြောင်း၊

မဟာရာဇ် နတ်သည် ဘဂဝတော ဟူ၍သာ ရှိခိုးကြောင်း၊

သိကြားမင်းသည် အရဟတော ဟူ၍သာ ရှိခိုးကြောင်း၊

ဗြဟ္မာသည် သမ္မာသမ္ဗုဒ္ဓဿ ဟူ၍သာ ရှိခိုးကြောင်းကို-

သာတာဂိရိ နမော ယက္ခော၊ တဿ စ အသုရိန္ဒကော။

ဘဂဝတော မဟာရာဇာ၊ သက္ကော အရဟတော တထာ။

သမ္မာသမ္ဗုဒ္ဓဿ ဗြဟ္မာ၊ ဧတေ ပဉ္စ နမဿန္တိ။

ဤသို့ဂါထာဗန္ဓ ဖွဲ့စီကြ၍ သဒ္ဒဗျူဟာ သဒ္ဒါငယ်ကျမ်း, သဟဿပုစ္ဆာ, ယိုးဒယား နိုင်ငံမော်ကွန်း. ကစ္စာယနဘေဒဋီကာသစ် များ၌ ပါရှိသော်လည်း ပြဆိုအပ်ခဲ့ပြီးသော ပါဠိတော် အဋ္ဌကထာလာ ဝတ္ထုသာဓက တို့နှင့် မကိုက်ညီ၊ သမန္တစက္ခုဒီပနီ ၌လည်း– ယုတ္တိ မဘန်လှဟု မိန့်ဆိုထားသည်ကို တွေ့ရှိရ၍ ဗဟုသုတ အလို့ငှါ ဖော်ပြလိုက်ရပါသည်။

**သရဏဂုံ ၃-ပါး။** ။ဤသို့ 'နမော တဿ'ဖြင့် ဗုဒ္ဓ ရှိခိုးပြီးတော့မှ သီလပေးတဲ့ ကိုယ်တော်က–

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ

ဓမ္မံ သရဏံ ဂစ္ဆာမိ

သံဃံ သရဏံ ဂစ္ဆာမိ-လို့ ဆိုလိုက်တယ်။

ဗုဒ္ဓံ၊ မြတ်စွာဘုရားကို။ သရဏံ၊ ကိုးကွယ်ရာဟူ၍။ ဂစ္ဆာမိ၊ တပည့်တော် တပည့်တော်မတို့ မှီဝဲဆည်းကပ် သိမှတ်ပါ၏ဘုရား။ ဓမ္မံ၊ တရားတော်မြတ်ကို။ သရဏံ၊ ကိုးကွယ်ရာဟူ၍။ ဂစ္ဆာမိ၊ တပည့်တော် တပည့်တော်မတို့ မှီဝဲဆည်းကပ် သိမှတ်ပါ၏ဘုရား။ သံဃံ၊ သံဃာတော်မြတ်ကို။ သရဏံ၊ ကိုးကွယ်ရာဟူ၍။ ဂစ္ဆာမိ၊ တပည့်တော် တပည့်တော်မတို့ မှီဝဲဆည်းကပ် သိမှတ်ပါ၏ ဘုရား လို့....ဒီအဓိပ္ပါယ်နှင့် သီလပေးတဲ့ ကိုယ်တော်က-ဆိုပေးတော့ သူတော်စင်တွေက ဝမ်းပန်းတသာ နောက်က လိုက်ဆိုကြတယ်။

ဤစကားရပ်ကို ဘုန်းကြီးတို့ ဥပမာ အလင်္ကာနှင့် ပြောလို့ရှိရင်–

ဗုဒ္ဓ သရဏဂုံ ပန်းပွင့်ကြီး

ဓမ္မ သရဏဂုံ ပန်းပွင့်ကြီး

သံဃ သရဏဂုံ ပန်းပွင့်ကြီး-သုံးဆင့်

စွင့်စွင့်ပွင့်နေသော သရဏဂုံ ပန်းခိုင်ကြီးသုံးခိုင် ရေ့လို့ ပေးလိုက်တယ်၊ သူတော်စင်တွေကလဲဘဲ နှပ်လိုအားရ ဝမ်းပန်းတသာ ပန်းပွင့်သုံးဆင့် ပန်းသုံးပွင့် တင့်တင့်ကြီး

ပွင့်နေသော သရဏဂုံ ပန်းခိုင်ကို လိုက်ဆိုယူတော့ မိမိတို့ ခေါင်းပေါ်မှာ သရဏဂုံ ပန်းခိုင်ကြီး တခိုင် စိုက်ပြီးသား ဖြစ်သွားပါတယ်။

ဒီအခါမှာ သီလပေးတဲ့ ကိုယ်တော်က ဒုတိယမ္ပိ နှစ်ကြိမ်မြောက်လည်း သရဏဂုံ ပန်းခိုင်ကြီးတခိုင် ပေးပြန်တယ်၊ သူတော်စင်တွေကလဲဘဲ ဒုတိယမြောက် သရဏဂုံ ပန်းခိုင်ကြီး ပန်လိုက်ပြန်တယ်၊ တတိယမ္ပိ သုံးကြိမ်မြောက် သရဏဂုံ ပန်းခိုင်ကြီးတခိုင် ပေးပြန်တယ်၊ ဒီတော့ သရဏဂုံ ပန်းခိုင်သုံးခိုင်ဟာ ဘယ်တခိုင် ညာတခိုင် အလယ်ခေါင်ကတခိုင် ငွင့်ငွင့် သူတော်စင်တို့ ခေါင်းပေါ်မှာ ပန်ပြီးသွားပြီ၊ ဒီအချိန်မှာ မိဘက သားသမီးများကို အဝတ်နံ့သာကောင်းများပေးချင်လို့ ပန်းပန်ပြီးကြပြီလားလို့ မေးသလို သီလပေးတဲ့ ကိုယ်တော်က 'သရဏဂမနံ ပရိပုဏ္ဏံ' လို့ မေးလိုက်တယ်။

သာဓုဝေါ၊ သူတော်ကောင်းတို့။ သရဏဂမနံ၊ သရဏဂုံသည်။ ပရိပုဏ္ဏံ၊ သရဏဂုံ ပန်း ဆင်မြန်းတာ ပြည့်စုံပြီးစီးကြပြီလား လို့မေးတယ်။ ဒီတော့ သူတော်စင်တွေက အာမ ဘန္တေ၊ တပည့်တော်တို့ သရဏဂုံပန်း လန်းလန်းငွင့်ငွင့် ပန်ဆင်ပြီး ပြည့်စုံပါပြီဘုရား လို့ ဖြေကြတယ်။

**ငါးပါးသီလ။** ။သီလပေးတဲ့ ကိုယ်တော်က အဝတ်ကောင်း တထည်, တထည် နံ့သာကောင်းတမျိုး,တမျိုး ရေ့ဝတ် ရေ့လိမ်း ဆိုသလို...ပါဏာတိပါတာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ၊ စသော သိက္ခာပုဒ် ငါးပါး တပါးစီ တပါးစီ တိုင်တည်ပေးတယ်။ သူတော်စင် တွေကလဲဘဲ တပါးစီ တပါးစီ ဝမ်းပန်းတသာ လိုက်ဆိုယူ ဆောက်တည်ကြတယ်။

ဒီစကားရပ်တွေကို ဥပမာ အလင်္ကာသဘောဖြင့် ပြောရင် ပါဏာတိပါတာ ဝိရတိ သီလ တည်းဟူသော ဝတ်ကောင်းစားလှ နံ့သာကောင်းတမျိုး၊ အဒိန္နာဒါနာ ဝိရတိ သီလ တည်းဟူသော ဝတ်ကောင်းစားလှ နံ့သာကောင်းတမျိုး၊ ကာမေသု မိစ္ဆာစာရ ဝိရတိ သီလ တည်းဟူသော ဝတ်ကောင်းစားလှ နံ့သာကောင်းတမျိုး၊ မုသာဝါဒါ ဝိရတိ သီလ တည်း ဟူသော ဝတ်ကောင်းစားလှ နံ့သာကောင်းတမျိုး၊ သုရာပါန ဝိရတိ သီလ တည်းဟူသော ဝတ်ကောင်းစားလှ နံ့သာကောင်းတမျိုး၊ ပေါင်း အဝတ်ကောင်းငါးမျိုး နံ့သာကောင်း ငါးမျိုးကို ဝတ်ပြီး လိမ်းပြီး ခြယ်လယ်ပြီး ကြပြီ။

ဒီအချိန်မှာ မိဘ လုပ်တဲ့သူက ဒီ ပန်းအဝတ်နံ့သာတွေနှင့် ငါ့သား ငါ့သမီးများ သိပ်ပြီးတော့ တင့်တယ်ဒါဘဲ၊ ဒါကြောင့် ဒီ ပန်းတွေ နွမ်းမသွားအောင် ဒီအဝတ်တွေ ညစ်မသွားအောင် ဒီ နံ့သာတွေ ပျက်မသွားအောင် ဂရုစိုက်ပြီးတော့ ငါ့သား ငါ့သမီးများ ထိန်းသိမ်း စောင့်ရှောက်ပါလို့ ပြောသလို —

သီလပေးတဲ့ ကိုယ်တော်က —

တိသရဏေန သဟ ပဉ္စသီလံ သာဓုကံ ကတွာ အပ္ပမာဒေန သမ္ပာဒေထ လို့ —

ရွတ်ဆိုပြီး သတိပေးလိုက်တယ်။

သာဓဝေါ၊ နှလုံးပျော့ပျောင်း သူတော်ကောင်းတို့။ တုမ္ဟေ၊ သင် သူတော်ကောင်းတို့သည်။ တိသရဏေန၊ သရဏဂုံ သုံးခန်း ဦးစိုက်ပန်းနှင့်။ သဟ၊ တကွ။ ပဉ္စသီလံ၊ ငါးပါးသီလဟုဆိုအပ်သော ဝတ်ကောင်းစားလှငါးမျိုး နံ့သာကောင်း နံ့သာပျောင်းငါးမျိုးကို။ သာဓုကံ ကတွာ၊ ကောင်းမွန်ရိုသေသည်ကိုပြု၍။ အပ္ပမာဒေန၊ မမေ့မလျော့ မပေါ့မတန် ထက်သန်သော သတိတရားဖြင့်။ သမ္ပာဒေထ၊ သရဏဂုံပန်းများ နွမ်းမသွားအောင် ငါးပါးသီလ အဝတ်တွေမညစ်ပေရအောင်, ငါးပါးသီလတည်းဟူသော နံ့သာပျောင်းတွေ ပျက်မသွားအောင်, မကျိုးမပေါက် မပြောက်မကျား ရလေအောင် ထိန်းသိမ်းစောင့်ရှောက် ပြည့်စုံကြပါစေလို့....အဲဒီလို ရွတ်ဆိုသတိပေး ပြောလိုက်ပါတယ်။

ဒီတော့ သူတော်စင်များက ...အာမ ဘန္တေ၊ ကောင်းပါပြီ အရှင်ဘုရားလို့ ဝန်ခံပြီး လျှောက်ထား ပြောဆိုကြတယ်။

## သရဏဂုံ ၃-ပါး ပုတီးစိပ်ပုံ စသည်များ

ဤပြဆိုအပ်ခဲ့ပြီးသော စကားရပ်တို့တွင် သရဏဂုံ သုံးခန်း ဦးစိုက်ပန်း ဦးဆောက်ပန်းဆိုရာ၌ သရဏဂုံသုံးခန်း ပုတီးစိပ်ပုံ စသည်များကို အတော်အတန် ပြည့်စုံအောင် ဝတ္ထုသာကေ ဒါကျိုးများနှင့်တကွ ဗဟုသုတ အလို့ငှါ ဖေါ်လိုပြန်ပါ၏။

'ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ'ရှေးဦးစွာ ဦးဆောက်ပန်းကို ပန်ဆင်ရာ စသည်၌ —

၁-ဗုဒ္ဓံ၊ ၂-ခမ္မံ၊ ၃-သံဃံ၊ ၄-သရဏံ၊ ၅-ဂစ္ဆာမိ အရတို့ကို တိုတို့ တုတ်တုတ် ထုတ်ပြပါအံ့။

၁။ သတ္တဝါတို့၏ ဘဝအခက်အခဲကို ဖြိုခွဲဖြေရှင်း ကယ်တင်သောအားဖြင့် ထုတ်ဆောင်တတ်သောကြောင့်ရင်း၊ သံသရာခရီးလမ်း၌ အလွန်ပင်ပန်း ရှိုက်မိန်းနေသူ များဗိုလ်လူတို့အား သက်သာမှုရအောင် တရားရေအေး တိုက်ကျွေးပေးတော်မူသောကြောင့်ရင်း၊ လူနတ်ဗြဟ္မာ သတ္တဝါတို့၏ အိုနာသေရေး ဒုက္ခဘေးစသည်ကို ညှဉ်းဆဲဖျက်ဆီးတော် မူတတ်သောကြောင့်ရင်း၊ **ဗုဒ္ဓ ဗရားရတနာ**ဟု ခေါ်ဆိုရပါသည်။

* ဘဝခက်ခဲ၊ ဖြိုခွဲကယ်တင်၊ လွန်လျှင်ပင်ပန်း၊ သက်သာလမ်းကို၊
နည်းညွှန်ဟောလတ်၊ ဘေးပယ်တတ်၊ မြတ်ဗုဒ္ဓဟုခေါ်။

၂။ သတ္တဝါတို့၏ အစီးအပွားမဲ့ကို တားမြစ်နှစ်ချေ၍ အစီးအပွားရှိမှုကိုသာ ဖြစ်စေသောအားဖြင့် ထိုသတ္တဝါတို့၏ ဘေးဆိုးရန်ဆိုးအမျိုးမျိုးကို နှိမ်ချိုးပြီး ဖျက်ဆီးတတ်သောကြောင့် **ဓမ္မ တရားရတနာ**ဟု ခေါ်ဆိုရပါသည်။

* အပါယ်လေးတွေ၊ မကျစေငြား၊ စီးပွားမဲ့တွေ၊ မဖြစ်စေတတ်၊
စီးပွားကိုသာ၊ ဖြစ်လာစေမှု၊ ဘေးပယ်ပြု၊ မှတ်ရှုဓမ္မခေါ်။

မဂ်လေးတန် ဖိုလ်လေးတန် နိဗ္ဗာန် ၊ ပရိယတ်အားဖြင့် ဤဆယ်ပါးသော တရားတို့ကို ဓမ္မ၏ အရယူရသည်၊ (ဓမ္မော ဟဝေ ရက္ခတိ ဓမ္မစာရိံ)တရားတော်သည် တရားကျင့်သူကို စင်စစ် ဘေးမရောက်အောင် စောင့်ရှောက်တတ်၏ဟူ၍ ဓမ္မပဒ၌ ဟောတော်မူသည့်အတိုင်း တရားကျင့်ကြံသော မိမိတို့ကို အပါယ်လေးပါးသို့ မကျ မရောက်အောင်ပြု၍ ဆောင်ရွက်တတ်သောကြောင့်တည်း။ ဓမ္မံ၊ ဓမ္မ-တရား ရတနာဟု ခေါ်ဆိုရပါသည်။ အပါယ်လေး ပါးသို့ မကျအောင် ဆောင်ရွက်ဆိုသည်မှာ ထိုအပါယ်လေးပါးတို့၌ ကျရောက် စေတတ်တဲ့ ဖြစ်စေတတ်တဲ့ အကုသိုလ်ကိလေသာ တရားများ ပယ်ရှား ဖျက်ဆီးခြင်းကိုပင် ဆိုလိုသည်ဟု ဋီကာကျော်၌ပြဆိုထား၏။

ဤနေရာ၌ ဓမ္မံ ပုဒ်၏အရ သုတ် ဝိနည်း အဋ္ဌကထာတို့အလို ပရိယတ်ကိုပါ ထည့် သွင်း၍ တရားဆယ်ပါးလုံးတို့ကို ယူရမည်ဟု ဖွင့်ပြထားသောကြောင့် မိမိတို့ ကိုးကွယ် ဆည်းကပ်ဆောက်တည်နေကြသော 'ဓမ္မံ သရဏံ ဂစ္ဆာမိ'၌ ဓမ္မံဟူသောပုဒ်အရတွင် မဂ်ဖိုလ် နိဗ္ဗာန်ရခြင်း၏ အကြောင်းဖြစ်သောကြောင့် ပရိယတ်တရားကို တပါးအပါအဝင်အဖြစ် သွင်းယူရပါသည်၊ သို့ဖြစ်ပါလျက် ထိုပရိယတ်တရားဟာ သံသရာဝဋ်ဆင်းရဲမှ ထွက်မြောက် ရာ ထွက်မြောက်ကြောင်း မဟုတ်ပါဟု ပြောဆိုမိလျှင် ဗုဒ္ဓရှင်၌ ပုတ်ခတ်ရာ ရောက်နေ ကြောင်း အဋ္ဌကထာမှ၍"ကိုယ့်ပေါင် ကိုယ်လှန်ထောင်း"ဆိုသော ရှေးစကားဟောင်းကဲ့သို့ မပြောဆိုမိဘို့ရန် အထူးသတိပြုကြရာ၏။

၃။ အနည်းငယ်မျှသော ကုသိုလ်ကောင်းမှုတို့ကို ပြုသော်လည်း'ညောင်စေ့လောက် လှူက ညောင်ပင်ကြီးလောက် အကျိုးရ'ဆိုသကဲ့သို့ ကြီးကျယ်ဖွံ့ဖြိုး အကျိုးရမှုကို ပြုတတ် သောကြောင့်၎င်း၊ ထိုထို သတ္တဝါတို့၏ ဘေးဆိုး ရန်ဆိုး အမျိုးမျိုးတို့ကို နှိမ်ချိုးပြီး ဖျက် ဆီး ပယ်သတ်မှုကို ပြုတတ်သောကြောင့်၎င်း၊ **သံဃံ-သံဃာ ရတနာ**ဟု ခေါ်ဆိုရပြန်ပါသည်။

* နည်းငယ်ကောင်းမှု၊ ကုသိုလ်ပြုလည်း၊ ကြီးကျယ်ဖွံ့ဖြိုး၊ အကျိုးရမှု၊
အမှန်ပြုတတ်၊ ဘေးပယ်သတ်၊ မြတ်သံဃာဟုခေါ်။

၄။ ထိုထိုသတ္တဝါအပေါင်းတို့၏ ကိလေသဝဋ်၊ ကမ္မဝဋ်၊ ဝိပါကဝဋ် တည်းဟူ သော ဒုက္ခသစ္စာ ဝဋ်မီးစာ ဘေးဆိုးကြီးကို နှိမ်ချိုး ဖျက်ဆီးတတ်၍ စိတ်၌ ပြင်းစွာတုန်လှုပ် ထိတ်လန့်ခြင်းနှင့် ကိုယ်၏ ဆင်းရဲမှု ကာယိကဒုက္ခ အပါယ်လေးဝ ဒုဂ္ဂတိ ဌာန၌ လွန်စွာ ညှဉ်းပန်းနှိပ်စက်ခံရခြင်း,ပင်ပန်းစေတတ် ပူပန်စေတတ်သော ကိလေသာတို့ကို ပယ်ဖျောက် ဖျက်ဆီးတတ်သောကြောင့် ဗုဒ္ဓ တရား သံဃာ ရတနာသုံးပါးတို့ကို အားထား ကိုးကွယ် ရာ **သရဏ** ဟူ၍ ခေါ်ဆိုရပါ၏။

* ကိုးကွယ်ဆည်းကပ်၊ ကုသိုလ်မြတ်ဖြင့်၊ ဝဋ်ဘေး ပယ်ဘေး၊
ထိတ်လန့်ဘေးနှင့်၊ အိုရေးဆင်းရဲ၊ ညှဉ်းဆဲပြင်းထန်၊ ပူပန်စေတတ်၊
ကိလေခတ်ကို၊ ပယ်သတ်ဖျက်မှု၊ အကြောင်းစု၊ မှတ်ရှု'သရဏ'ခေါ်။

၅။ ဗုဒ္ဓမြတ်စွာ စိန္တေယျသည် ငါ၏ ကိုးကွယ်ရာ ငါ၏ မကောင်းမှုကို ကယ်ဆယ်စောင့်ရှောက်၍ စီးပွားဉစ္စာကိုလည်း စီမံတော်မူတတ်ပါပေ၏ ငါ၏ အမှန် လည်းလျောင်းမြတ်သောကိန်းအောင်း မှီခိုရာလည်းဖြစ်ပါ၏၊ ဤသို့သော အလိုအားဖြင့် မတုန်မလှုပ်သော သဒ္ဓါဟုန်နှင့် သက်ဝင် ယုံကြည်အားကိုး မြတ်နိုးစိတ်စွဲ မှီဝဲ ဆည်းကပ် မှု ကိုရင်း၊ ဗုဒ္ဓမြတ်စွာသည် ငါ၏အားသားရာအစစ် ကိုးကွယ်ရာဖြစ်၏ဟု သိမှုကိုရင်း **'ဂစ္ဆာမိ'** အရဆိုရပါသည်၊ သတိပြုပါ။

* ဗုဒ္ဓမြတ်စွာ၊ စိန္တေယျသည်၊ ငါ၏ကိုးကွယ်၊ ငါ့ကိုကယ်၏၊
ငါ့နှယ်မခြား၊ ဝေနေများပေါင်း၊ မကောင်းပယ်ရှား၊
စီးပွားစီမံ၊ အမှန်လည်းလျောင်း၊ မှီခိုညောင်း၍၊ ပုန်းအောင်းရာပါတည်း။ ။

* ဤသို့လာထ၊ အလိုမျှဖြင့်၊ မလှုပ်မတုန်၊ သဒ္ဓါဟုန် ဖြင့်၊ ယုံကြည် အား ကိုး၊
မြတ်နိုးစိတ်စွဲ၊ မှီဝဲဆည်းကပ်၊ သိမှတ်လေဘိ၊ ဂစ္ဆာမိဟုခေါ်။

## သရဏဂုံ(၃)ခန်း ပုတီးစိပ်ပုံ စသည်များကို ဝတ္ထုသာဓကများနှင့်တကွ ပြဆိုပုံ

**သရဏဂုံ ဆောက်တည်ပုံ။** ။ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ၊ ဤသို့စသည်ဖြင့်၊ ဗုဒ္ဓံ၊ မြတ်စွာဗုရားကို။ သရဏံ၊ ဘေးရန်ကိုပယ် ကိုးကွယ်အားထားရာဟူ၍။ ဂစ္ဆာမိ၊ သက်ဝင် ယုံကြည်စွာ မှီဝဲဆည်းကပ် သိမှတ်ပါ၏။ ဓမ္မံ၊ ဆယ်ပါးသော တရားတော်မြတ်ကို။ သရဏံ၊ ဘေးရန်ကိုပယ် ကိုးကွယ်အားထားရာဖြစ်၏ ဟူ၍။ ဂစ္ဆာမိ၊ သက်ဝင်ယုံကြည်စွာ မှီဝဲဆည်းကပ် သိမှတ်ပါ၏။ သံဃံ၊ အရိယာရှစ်ဖေါ် သံဃာတော်ကို။ သရဏံ၊ ဘေးရန်ကိုပယ် ချမ်းသာကြွယ်၍ ကိုးကွယ်ရာအစစ် အားထားရာဖြစ်၏ဟူ၍။ ဂစ္ဆာမိ၊ သက်ဝင်ယုံကြည်စွာ မှီဝဲဆည်းကပ် သိမှတ်ပါ၏။ (ဝါ) တနည်း–သရဏံ၊ ဘေးရန်ဖယ်ရှား ချမ်းသာပွါး၍ အားထားရာအစစ် ကိုးကွယ်ရာဖြစ်၏ဟူ၍။ ဂစ္ဆာမိ၊ ယုံကြည်အားကိုး မြတ်နိုးစိတ်စွဲ မှီဝဲဆည်းကပ် သိမှတ်ပါ၏။

**သရဏဂုံတည်သူ၌ လှူဒါန်းရကျိုး။** ။ဤပြဆိုပြီးခဲ့သောအတိုင်း သရဏဂုံ သုံးပါးကို ဆောက်တည်၍ ထိုသရဏဂုံ တည်သောပုဂ္ဂိုလ်သည် အယုတ်ညံ့ဆုံး အနေအားဖြင့် ပြောဆိုရလျှင် ယောကျ်ားဘဲ ဖြစ်စေ မိန်းမဘဲ ဖြစ်စေ သောတာပတ္တိဖိုလ်ကို မျက်မှောက်ပြုရန် ကျင့်ကြံအားထုတ်နေဆဲ **သောတာပတ္တိဖလသစ္ဆိကိရိယာယ ပဋိပန္န ပုဂ္ဂိုလ်** မည်၏၊ ထိုသရဏဂုံ သုံးပါး တည်ရှိသူ လူပုဂ္ဂိုလ်များ၌ ကျွေးမွေး လှူဒါန်းရခြင်းသည် **အသင်္ချေယျ** ဤရွေ့ ဤမျှ ဂဏန်းပြလျက် မရေတွက်နိုင်အောင် အကျိုးကိုရ၏၊ **အပ္ပမေယျ** ဤရွေ့ ဤမျှ တိုင်းတာ နှိုင်းယှဉ် ဉာဏ်စွမ်းပိုင်ပိုင် မရနိုင်မျှ အကျိုးကိုရ၏-ဟု ဥပရိပဏ္ဏာသ ဒက္ခိဏ ဝိဘင်္ဂသုတ် အဋ္ဌကထာ (မ၊ ဋ္ဌ၊ ၄၊ ၂၂၃)၌ ပြဆိုထားသည်။

ဘုန်းကြီးတို့ ဗုဒ္ဓဘာသာဝင် သူ့တော်စင်တို့မှာ ယခုကဲ့သို့ သာသနာတော်တွင်းကာလ၌ လူဖြစ်ကြ၍ ဗုဒ္ဓမြတ်စွာ သာသနာတော်မြတ်ကို ဆည်းကပ်မှီခို ကြည်ညိုလေးစားကြကုန်သော မိကောင်း ဘကောင်း ဘိုးကောင်း ဘွားကောင်း ဆရာကောင်း သမားကောင်းတို့၏ အဆုံးအမ ဩဝါဒကို လိုက်နာကျင့်သုံးကြ၍ ငယ်ရွယ်သည်ကအစ သေသည်ကာလတိုင်အောင် ဤသရဏဂုံ ကုသိုလ်တည်ရှိနေကြရသည်မှာ သံသရာ ခရီးလမ်းတလျှောက်၌ စောင့်ရှောက်မည့် ဓမ္မတာ ရေမ အားထားရာကြီး အားကိုးရာကြီး ဝဋ္ဋမီးငြိမ်းရာ လောကုတ္တရာ အခြေခံ ကေန်အစစ်ကြီးဖြစ်ရာ ဝမ်းသာလို့မဆုံး ဝမ်းမြောက်လို့မဆုံး စိတ်နှလုံး၌ ရွှင်ပြုံးပီတိ ဂွမ်းဆီထိသို့ နှစ်လိုအားရစရာ ကောင်းလှပါတော့သည်။

ဤသာသနာတွင်း၌ ဖြစ်ပေါ်လာခြင်း သုံးပါးသော သရဏဂုံ ကုသိုလ်မျှသည်ပင် မဂ်၏ အခြေခံ ဖိုလ်၏ အခြေခံ နိဗ္ဗာန်၏ အခြေခံ ကေန်မှန်၍ မဂ်ဖိုလ် နိဗ္ဗာန်ကို ရနိုင်ပါ၏။ သာသနာပ၌ လောကီစျာန် သမာပတ် အဘိညာဏ်စသော အထက်တန်း ကျလှသော ကုသိုလ်မျိုးပင် ဖြစ်သော်လည်း ဝဋ္ဋဆင်းရဲ၏ အခြေခံသာဖြစ်၍ ဝဋ္ဋမှ ထွက်မြောက်ကြောင်းမဟုတ်ပေ(မူလပဏ္ဏာသ အဋ္ဌကထာ)။

ဗရားအလောင်းတော် ဝေလာမပုဏ္ဏား ဘဝက(၇)နှစ်နှင့်(၇)လတိုင်တိုင် ထမင်းရည်ချောင်းစီး အလှုန်ကြီးကျယ်သော အလှူကြီးကို ပေးလှူခဲ့ရာ၌ အလှူခံ ပုဂ္ဂိုလ်များဘက်က သာသနာပ အခါကာလဖြစ်၍ ဤသရဏဂုံတည်သူ တဦးတယောက်မျှ မပါရှိချေ၊ ထိုသရဏဂုံ၏ အကျိုးကား ပြဆိုခဲ့သော ငယ်ရွယ်စဉ်ကစ၍ သေသည်ကာလတိုင် တသက်လုံး အဘို့ တည်ရှိနေသူကို မဆိုထားနှင့်၊ သေခါနီး အိပ်ယာထဲ၌ လည်းလျောင်းနေရာအခိုက် ရောက်ရှိမှ ရဟန်းတော်တပါးက သရဏဂုံ သုံးပါးကို ဆောက်တည်စေသဖြင့် ဤတကြိမ်မျှ ဆောက်တည်၍ သေပြီးသွားသော ဓမ္မိက သတင်းသည် ဥပါသကာသည် နတ်ပြည်၌ ဖြစ်ရလေ၏။

## သုံးပါးသရဏဂုံ မြင့်မြတ်လှပုံ

**ဝေလာမသုတ်။** ။လွန်လေပြီးရာအခါ ဗာရာဏသီပြည်၌ ရှစ်သောင်းလေးထောင်သော ထီးဆောင်း မင်းအပေါင်းတို့၏ ဆရာဖြစ်သော ငါတို့၏ ဗရားအလောင်းတော် ဝေလာမ ပုဏ္ဏားကြီးသည် တဆယ့် နှစ်ယူဇနာ ကျယ်စွာသော အရပ်၌ ထမင်းချက်တဲ စသည်တို့ကို စည်းကမ်းတကျ ဆောက်လုပ်စေပြီးလျှင် ရွှေဖြင့်ပြီးသော ရွှေခွက်ကြီးပေါင်း ရှစ်သောင်း လေးထောင်, ငွေဖြင့်ပြီးသော ငွေခွက်ကြီးပေါင်း ရှစ်သောင်း လေးထောင်, ရတနာ ခုနစ်ပါးတို့ဖြင့်ပြီးသော ကြေးခွက်ပေါင်း ရှစ်သောင်း လေးထောင်, အလုံးစုံသော တန်ဆာတို့ဖြင့် တန်ဆာဆင်အပ်သော ဆင် ရှစ်သောင်း လေးထောင်, မြင်း ရှစ်သောင်း လေးထောင်, ရထား ရှစ်သောင်း လေးထောင်,နွားမ ရှစ်သောင်း လေးထောင်, သတို့သမီး ရှစ်သောင်း လေးထောင်,ပလ္လင် ရှစ်သောင်း လေးထောင်-ဤသို့ စသည်ဖြင့် မရေမတွက်နိုင်လောက်အောင် များပြားလှစွာသော ပစ္စည်းဥစ္စာတို့ဖြင့် ခုနစ်နှစ်နှင့် ခုနစ်လတိုင်တိုင် ချက်ပြုတ် ကျွေးမွေး ပေးလှူဘူး၏။

ထိုဝေလာမပုဏ္ဏားအလှူကြီးထက် တယောက်သော သောတာပန်အား တကြိမ်မျှသော ဆွမ်းကို ပေးလှူရခြင်းသည် သာလွန်အကျိုးကြီး၏။

တရာသော သောတာပန် ပုဂ္ဂိုလ်အား ဝေလာမပုဏ္ဏားအလား ကြီးမားစွာ လှူရသောထက် တယောက်သော သကဒါဂါမ် ပုဂ္ဂိုလ်အား ဆွမ်းတကြိမ်မျှ လှူရခြင်းသည် သာလွန်အကျိုးကြီး၏။

သကဒါဂါမ် တရာအား လှူရသောထက် အနာဂါမ်တပါးကို လှူရခြင်းက သာလွန်ပြီး အကျိုးကြီး၏။

အနာဂါမ် တရာအား လှူရသောထက် ရဟန္တာတပါးကို ပေးလှူရခြင်းက သာလွန်ပြီး အကျိုးကြီး၏။

ရဟန္တာအား လှူရခြင်းထက် ပစ္စေက ဗုဒ္ဓါအား လှူရခြင်းက သာလွန်ပြီး အကျိုးကြီး၏။

ပစ္စေက ဗုဒ္ဓါအား တကြိမ်မျှ လှူရသောထက် သမ္မာ သမ္ဗုဒ္ဓ မြတ်စွာဘုရားအား တကြိမ်လှူရခြင်းက သာလွန်ပြီး အကျိုးကြီး၏။

မြတ်စွာဘုရားအား ဆွမ်းစသည်ကို ကပ်လှူရဒါထက် ဘုရားအမှူးရှိသော သံဃာအား ကပ်လှူရခြင်းက သာလွန်ပြီး အကျိုးကြီး၏။

ဘုရားအမှူးရှိသော သံဃာအား ဝေလာမပုဏ္ဏား အလား ကြီးမားစွာ ကပ်လှူရခြင်းထက် သံဃိကကျောင်းကို ဆောက်လှူရခြင်းက သာလွန်ပြီး အကျိုးကြီး၏။

သံဃိက ကျောင်းကို ဆောက်လှူရခြင်းထက် တကြိမ်မျှ သရဏဂုံ သုံးပါး ဆောက်တည်ရခြင်းက သာလွန်ပြီး အကျိုးကြီးမြတ်၏။

ဤကား သရဏဂုံ မြင့်မြတ်လှပုံတည်း။

သရဏဂုံ ဆောက်တည်ရသော ကုသိုလ်ထက် သရဏဂုံနှင့်တကွ အင်္ဂါငါးပါးရှိသော ပဥ္စင်္ဂသီလ ဆောက်တည်ရခြင်းသည် သာလွန်ပြီးအကျိုးကြီးမြတ်၏။

သရဏဂုံနှင့်တကွ ငါးပါးသီလကို ဆောက်တည်ရသော ကုသိုလ်ထက် ရှစ်ပါး,ဆယ်ပါး,စသော သီလတို့ကို စောင့်ပြီးလျှင် နို့သာ တနှမ်း, နွားနို့ တညှစ်,ကာလမျှ မေတ္တာစိတ်ကို ပွါးများရခြင်းက သာလွန်ပြီး အကျိုးကြီးမြတ်၏။

သီလနှင့်တကွ မေတ္တာစိတ်ကို ပွါးရသော ကုသိုလ်ထက် လက်ဖြစ်တတွက် လျှပ်တပြက်မျှ ကာလဖြင့် အနိစ္စသညာ ဒုက္ခသညာ အနတ္တသညာ ဘာဝနာတို့ကို ပွါးများအားထုတ်ရခြင်းသည် လွန်ကဲထူးသောကြောင့် ဤရွေ့ ဤမျှ ဟု မပြနိုင်လောက်အောင် အကျိုးရှိသူ ဟု (အင်္ဂုတ္တိုရ် နဝကနိပါတ်)ဝေလာမသုတ် နှာ-၁၉၅-၇ ၌ ဟောတော်မူ၏။

ဝေလာမသုတ် အဋ္ဌကထာ (အံ၊ ဋ၊ ၃၊ ၂၇၂)၌ သရဏဂုံ အရကို မဂ်ဖြင့်ပြီးတဲ့ သရဏဂုံကို ဆိုထားပါတယ်၊ ငါးပါးသီလ အရကိုလည်း မဂ်ဖြင့်ပြီးတဲ့ သီလလို့ ဆိုထားပါတယ်၊ ဒီလိုဆိုရင် သရဏဂုံနှင့် ငါးပါးသီလဟာ တန်းတူဘဲ ဖြစ်နေဟန်ရှိပါတယ်။

'သိက္ခာပဒါနိ သမာဒိယေယျ'-ဆိုတဲ့ ပါဠိတော်နှင့် ညီ မညီလဲ စဉ်းစားစရာရှိပါတယ်၊ မဂ်သီလဆိုဒါ မဆောက်တည်ရဘဲ အလိုလိုပြီးတဲ့ သီလဖြစ်ပါတယ်၊ ဒါကြောင့် လေးလေး နက်နက် ဆောက်တည်တဲ့ သရဏဂုံနှင့် သီလကိုဘဲ ယူဒါက သာပြီးတော့ သင့်ပါတယ်၊ ကျင့်တဲ့ လူများအတွက်လည်း သာပြီး အကျိုးရှိပါတယ်။

(ကျောင်းအနုမောဒနာတရားတော်-၃၆)

ဤသရဏဂုံနှင့် ငါးပါးသီလတို့ကို သီလက္ခန် အဋ္ဌကထာ ကူဋဒန္တသုတ်၌ လောကီ လောကုတ္တရာ အထူးမခွဲခြားဘဲ သာမညအားဖြင့် ပြဆိုထားပါသည်။ (ဤနေရာ၌ ဋီကာဟောင်း/သစ်တို့လည်း အထူးမဖွင့်ဆိုကြပါ)

သရဏဂုံထက် ငါးပါးသီလက မြတ် ဆိုသည်မှာ သရဏဂုံ ဆောက်တည်ပြီးမှ ဆောက်တည်သော ငါးပါးသီလသာ ဖြစ်ကြောင်းကို ပြဆိုပါသည်၊ အမှန်စင်စစ်အားဖြင့် သရဏဂုံနှင့် ငါးပါးသီလတို့ကို တပါးခြင်း နှိုင်းယှဉ်ကြည့်ပါ၊ လုံးဝမတူနိုင်ကြပါ၊ သရဏဂုံ သုံးပါးမှာ ယခုလို သာသနာတွင်း၌သာဖြစ်ပြီး မဂ်ဖိုလ် နိဗ္ဗာန်၏ အခြေခံရကြောင်း မှန်ပါ၏၊ ငါးပါးသီလမှာ သာသနာတွင်း သာသနာပ ဌာန-နှစ်ပါး၌ ဖြစ်နိုင်သည်၊ သာသနာပ အခါကာလ၌မူ မဂ်ဖိုလ် နိဗ္ဗာန်၏ အခြေခံ မဖြစ်နိုင်ဘဲ ဝဋ္ဋဆင်းရဲ၏ အခြေခံသာ ဖြစ်နိုင်ပါလိမ့်မည်၊ သာသနာပ၌ ဖြစ်ကြသော မြင့်မြတ်သည့် လောကီဈာန် သမာပတ် အဘိညာဏ်ကုသိုလ်တို့ပင်သော်လည်း ဝဋ္ဋဆင်းရဲ၏ အခြေခံသာဖြစ်ကြောင်း အဋ္ဌကထာ၌ ဆိုထားသည်ကို အထောက်အထား ပြုပါသည်။ မူလပဏ္ဏာသ အဋ္ဌကထာ(မ၊ ဋ္ဌ၊ ၁၊ ၁၉၀)။

မေတ္တာတရား မြင့်မြတ် ဆိုသည်မှာ အပ္ပနာဈာန်နှင့်ယှဉ်သော မေတ္တာဟုရင်း, အနိစ္စသညာ စသည်မှာလည်း မဂ်အား ကျေးဇူးပြုသော ဗလဝ ဝိပဿနာဟုရင်း ဝေလာမသုတ် အဋ္ဌကထာ (နှာ-၂၇၂)၌ ညွှန်ထား၏။

## သရဏဂုံ အကျိုး

ယေ ကေစိ ဗုဒ္ဓံ သရဏံ ဂတာသေ[၁]....အစရှိသော ဒေသနာတော်အရ ယောကျ်ားမိန်းမ မည်သူမဆို အကြင်ပုဂ္ဂိုလ်တို့သည် ဗုဒ္ဓ တရား သံဃာ ရတနာ မြတ် သုံး ပါး ကို အားထားရာအစစ် ကိုးကွယ်ရာဖြစ်၏-ဟု ယုံကြည်လေးမြတ် ဆည်းကပ်ကြကုန်၏၊ ထိုပုဂ္ဂိုလ် အပေါင်းတို့သည် ဤသို့ဆောက်တည်သော သရဏဂုံ သုံးရပ် ကုသိုလ်မြတ် စေ တ နာ ၏ အစွမ်းကြောင့် ချမ်းသာကင်းမြဲ ပါယ်လေးဘုံသို့ မရောက်ကြကုန်ဘဲ မြေအိုး မြေခွက်ပမာ လူ့ခန္ဓာ ကို ပယ်စွန့်ခွါ၍ ရွှေအိုး ရွှေခွက်ပမာ နတ်တို့ ခန္ဓာ ကို ရရှိကြကုန်ပြီး များစွာသော နတ်တို့၏ စည်းစိမ်ချမ်းသာကို ခံစား စံစားရကုန်လတ္တံ့၊ လူ့ပြည်၌ ဖြစ်၍ မည်သည့် စည်းစိမ်ချမ်းသာကို ခံစား စံစားရခြင်း၌ကား ဆိုဘွယ်ရာ မရှိတော့ချေ။

---

၁။ သံ ၁၊၂၅

ထိုမှ တဥာန ချစ်သား ချစ်သမီးတို့ အကြင်ပုဂ္ဂိုလ်တို့သည် ရတနာမြတ်သုံးပါး၌ အားထား မှီခို ကြည်ညိုကြကုန်၏၊ ထိုသူတို့သည် လောကဓာတ် အားလုံးတွင် အမြတ်ဆုံး၌ ကြည်ညိုရာရောက်ကြကုန်၏၊ ထိုသို့ အမြတ်ဆုံး၌ အားထားမှီခို ကြည်ညိုကြသော အမျိုးကောင်းသား အမျိုးကောင်းသမီး အပေါင်းတို့အား အမြတ်ဆုံးဖြစ်သော အကျိုးတရားများကို ခံစားရရှိလေ၏။ (အင်္ဂုတ္တိုရ် ပါဠိတော် ပ-တွဲ၊ နှာ-၃၄၃-၄)

ထိုမှတဖန် ပိဋကတ်သုံးပုံဆောင် အနာဂါမ် စိတ္တသူဌေး ကွယ်လွန်ခါနီး ဆဲဆဲ၌ မိတ်ဆွေ ဆွေမျိုးအပေါင်းတို့က အဆုံးအမ ဩဝါဒကို ပေးခဲ့ပါဦး-ဟု တောင်းပန်ကြသဖြင့် စိတ္တသူဌေးက —

အရဟံ အစ ဘဂဝါ အဆုံးရှိသော ဂုဏ်တော်ကိုးပါးတို့နှင့် ပြည့်စုံတော်မူသော မြတ်စွာဗုဒ္ဓ၌ (ဗုဒ္ဓရတနာ၌)မလှုပ် မတုန် သက်ဝင်ယုံကြည်သော သဒ္ဓါတရားနှင့် ပြည့်စုံသူတို့ ဖြစ်ကြရမယ်။

သွာက္ခာတတာ အစဖြာသော ဂုဏ်တော် ခြောက်ပါးနှင့် ပြည့်စုံသော တရားတော်၌ (တရားရတနာ၌)မလှုပ် မတုန် သက်ဝင်ယုံကြည်သော သဒ္ဓါတရားနှင့် ပြည့်စုံသူတို့ ဖြစ်ကြရမယ်။

သုပ္ပဋိပန္န အစရှိသော ဂုဏ်ကိုးဝနှင့် ပြည့်စုံတော်မူကြသော အရိယာရှစ်ဖော် သံဃာတော်၌ (သံဃာရတနာ၌) မလှုပ် မတုန် သက်ဝင်ယုံကြည်သော သဒ္ဓါတရားနှင့် ပြည့်စုံသူတို့ ဖြစ်ကြရမယ်။

အိမ်၌ရှိသော ပေးလှူဘွယ်ဟူသမျှကို သီလရှိ၍ အကျင့်ကောင်းသူတို့နှင့် မခွဲခြားဘဲ သင်တို့ ကျင့်ရမည်ဟု ဆိုဆုံးမ၏။

ဆုံးမပြီးနောက် ဗုဒ္ဓ၊တရား၊သံဃာ၊စွန့်ကြဲခြင်း ဤလေးမျိုး၌ ကျင့်ကြကုန် ပြောပြီး ကွယ်လွန်သွား၏[၁]။

ဤနေရာ၌ လေးမျိုးကို ပြဆိုရာတွင် အိမ်၌ရှိသော ပေးလှူ ဘွယ် ဟူသမျှလို့ဆိုသော နောက်ဆုံးအချက်၌ ဂိလာနဒဿနသုတ် သံယုတ်အဋ္ဌကထာ(သံ၊ ဋ္ဌ၊ ၃၊၁၃၉)မှာ ဆရာက ဤမျှ ပစ္စည်းကို ရဟန်းသံဃာအား ပေးလှူအံ့၊ ဤမျှပစ္စည်းဥစ္စာကိုကား မိမိသုံးဆောင်အံ့၊ ဤသို့ မခွဲခြားဘဲ ရဟန်း သံဃာအားလုံးတို့နှင့် ဆက်ဆံသည်ကိုသာ နှလုံးသွင်း ကျင့်ကြံရမည်ဟု ဖွင့်ဆိုထား၏။

(မိမိရှိ ပစ္စည်းအားလုံးကို အလှူခံ သီလရှိ ပုဂ္ဂိုလ်များနှင့်အတူ ဆက်ဆံပုံကို နှလုံးသွင်းနိုင်က ကုသိုလ်စေတနာ များများကြီးရရှိပြီး ထိုပစ္စည်းကို မိမိသုံးဆောင်သော်လည်း အပြစ်မရှိ၊ လှူရန်အဘို့အတွက် တစိတ်တဒေသ ရည်ရွယ်ထားက တစိတ်တဒေသမျှသာ ကုသိုလ်ဖြစ် ကုသိုလ်ရ၏ဟု ဆိုလိုပါသည်။)

---

၁။ သံ၊ ၂။ ၄၉၂။

## သရဏဂုံသုံးပါး ဩဝါဒကထာ

ကျေးဇူးရှင် ပဌမ ဥပဇ္ဈာယ် ရွှေကျင်နိကာယ ရတ္တညူ မဟာ နာယက သက်တော် (၉၁)နှစ်ရှိ **သံတော်ဆင့် ဆရာတော်ဘုရားကြီးသည်** ပြဆိုလတ္တံ့အတိုင်း သရဏဂုံနှင့်စပ်၍ အဆုံးအမ ဩဝါဒကို ပေးတော်မူလေ့ရှိပါတယ်။

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။ ဓမ္မံ သရဏံ ဂစ္ဆာမိ။ သံဃံ သရဏံ ဂစ္ဆာမိ။

ဤပါဠိစကားကို ဗုဒ္ဓဘာသာမှန်ယင် ကိုယ်စီ ကိုယ်ငှ နှုတ်တက်ကြတဲ့ သူတွေချည်းဘဲ၊ အဲဒီ ပါဠိစကားကို...ဘုရားကို ကိုးကွယ်ပါ၏။ တရားကို ကိုးကွယ်ပါ၏။ သံဃာတော်ကို ကိုးကွယ်ပါ၏။ ဤသို့ မြန်မာလို နားလည်ရတယ်။

တပည့်တို့ ဘုရားကို ကိုးကွယ်ပါ၏။ ဒီလောက်ဘဲ မြင်လို့ မဖြစ်သေးဘူး၊ ဘေးဒဏ် ရန်မာန် အန္တရာယ် ဆိုက်ရောက်လာယင် ဘုရားကို ကိုးကွယ်မယ်၊ ဘုရားနှင့် ကာကွယ်မယ်၊ ဘေးဒဏ် ရန်မာန် အန္တရာယ် ဆိုက်ရောက်လာယင် တရားကို အားကိုးမယ်၊ တရားနှင့် ကာကွယ်မယ်၊ ဘေးဒဏ် ရန်မာန် အန္တရာယ် ဆိုက်ရောက်လာယင် သံဃာတော်ကို အားကိုးမယ်၊ သံဃာတော်နှင့် ကာကွယ်မယ်၊ ဒီလိုကျအောင် သိထား မှတ်ထားရမယ်၊ သရဏဂုံသုံးပါးကို သိမှတ် ထားတဲ့အတိုင်း အသုံးချတတ်ရမယ်။

ဒီလို အသုံးကျတယ်ဆိုဒါ သိမှတ်ထားတော့ မိမိတို့ ညအိပ်ခါနီး မအိပ်မီ ရှေးအဘိုး၌ ဒီ သရဏဂုံကို ရွတ်ရွတ်ပြီးတော့ သိပ်ပြီး ပီတိတွေဖြစ်နေဒါဘဲ....တော်တော်နဲ့ အိပ်မပျော်ဘူး ဝမ်းမြောက်လွန်းလို့၊ ငါတို့ ဘုရားရှင် ညွှန်ပြတဲ့စကား အားကိုးလေး တခုဘဲလို့ ဆိုပြီး တညလုံးထပြီး ဘုရားရှိခိုးချင်သလိုလို တရားနာချင်သလိုလို တနေ့လုံးဘဲ သံဃာတော်နှင့် အတူ နေချင်သလိုလို ဖြစ်လာတယ်။

အင်မတန် အရေးကြီးတဲ့ အကြောင်းတခုနှင့်တွေ့ယင် သရဏဂုံ သုံးပါးနှင့် ကာကွယ်ကြ၊ သရဏဂုံ သုံးပါးကို အားကိုးကြ၊ လေးစားကြ၊ အားထားကြ၊ ဤသို့ စသည်ဖြင့် ဆုံးမသော ဩဝါဒစကားကို မှတ်သားဘွယ်ကောင်းလှ၍ ထုတ်ပြလိုက်ပါသည်။

× × × ×

သီဟိုဠ်ကျွန်းမှာ ကာလကြာမြင့်စွာ သီတင်းသုံးပြီးလျှင် ဗောဓိပင်သို့ ဆယ်ခေါက်မျှ ဘုရားဖူး ကြွရောက်တော်မူသွားသော ရွှေကျင်နိကာယ ရတ္တညူ မဟာနာယက ဝိနည်းပြန် သုံးဌာနချုပ် ဥက္ကဋ္ဌ သက်တော် (၉၆)နှစ် လွန်တော်မူသော ကျေးဇူးရှင် '**ဣစ္ဆာသယ ဆရာတော်ဘုရားကြီး**သည် ပြဆိုလတ္တံ့အတိုင်း သရဏဂုံ သုံးပါးနှင့် စပ်၍ အချို့ ‌‌သောဒကာ ဒကာမတို့အား လိုက်ဆိုကြဟု ချပေတော်မူလေ့ရှိပါသည်။

ဘုရားတပည့်တော်တို့သည် ယခုဘဝ၌ သမ္မာဒိဋ္ဌိ အယူနှင့်တကွ ဘုရား တရား သံဃာကို ငွေ နှစ်သိန်း သုံးသိန်းပေး၍ စွန့်ရမည်ဆိုသော်လည်း မစွန့်တော့ပါ၊

ပယ်ရမည် ဆိုသော်လည်း မပယ်တော့ပါ၊ ယနေ့ ယခု အချိန်ကစ၍ အသက်သေသည်တိုင်အောင် ဤ သစ္စာအဓိဋ္ဌာန်ဖြင့် သမ္မာဒိဋ္ဌိ အယူနှင့်တကွ ဗုဒ္ဓ ဘုရား တရားသံဃာကို မစွန့်မပယ်တော့ပါဘုရား။

မှတ်ချက်။ ။(ဤအဆုံးအမ ဩဝါဒ၌ မှန်မြတ်သော သစ္စာအဓိဋ္ဌာန် ပါရမီမျိုးဖြစ်၍ မှတ်သားဘွယ်ကောင်းလှ၏)

မိတ္ထီလာနယ်တွင် ရဟန္တာဟုပင် ထင်ပေါ်ကျော်ကြားတော်မူသော **တောင်ပုလု ဆရာတော်ဘုရားကြီး**သည်လည်း ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့အား ဤသရဏဂုံ သုံးပါးကိုပင် ပဓာန အဓိကထား၍ ဟောကြားဆုံးမတော်မူသည်ကို အများအသိပင်ဖြစ်၏။

× × × ×

**သတိပြုရန်။** ။ဤသို့ သရဏဂုံနှင့်စပ်၍ ပြဆိုအပ်ပြီးသော စကားအရပ်ရပ်တို့ကိုထောက်ထားသိရှိကြသဖြင့် ဤမျှ ဤသရဏဂုံသုံးပါး ကုသိုလ်များကို တပြားတကျပ်မှ မကုန်ကျဘဲနှင့် သံသရာခရီးခဲဝယ် ကိုးကွယ်ရာ အားထားဘွယ်ရာ မှီခိုပုန်းအောင်းလည်းလျောင်းရာ အမြတ်ဆုံး အစစ်လည်း ဖြစ်ကြီး ဖြစ်ပါလျက် အချို့ အချို့သော အမျိုးသား အမျိုးသမီးတို့၏ နေအိမ်၌ကား **ဘိုးဘိုးကြီး တို့ ဘိုးဘိုးအောင် တို့ ဘိုးမင်းခေါင်တို့ ထွက်ရပ်ပေါက်တို့** - ဆိုဒါ တွေကို ရည်ရွယ်ပြီး ပြင်ထားတဲ့ ကန်တော့ပွဲတွေကို တွေ့ရတယ်၊ တချို့အိမ်မှာဆိုယင် အဲဒီ ဂိုဏ်းပွဲ နတ်ပွဲတွေက ဗုဒ္ဓ ဘုရားပွဲထက် သာနေဒါကိုတွေ့ရတယ်၊ ဘုရားထက် ဂိုဏ်းတွေ နတ်တွေကို အားကိုးယုံကြည်နေတဲ့ သဘောဖြစ်နေပါတယ်။

"ပရိတ်တော၊ မီးလောင်"ဆိုသော စကားကဲ့သို့ အချို့သော ဘုန်းကြီးများသည်ပင် ဗုဒ္ဓ ဘုရားပွဲထက် နတ်ပွဲကို အလေးတမူ အရေးယူ၍ ပေးလှူဝေဆာ တင့်တယ်စွာ ပြုစုပြင်ဆင်ထားသည်ကို ကိုယ်တိုင်တွေ့မြင်ခဲ့ရဘူးပါတယ်။ ။မကောင်းစကောင်း၍ အထိုက်အလျောက်ကိုးကွယ်မှု ပြုထိုက်ပါသော်လည်း ရတနာသုံးပါးထက် မြတ်မြတ် နိုးနိုး ယုံကြည်အားကိုးမှုကိုကား မပြုသင့်ပုံ သတိပြုကြကုန်ရာ၏။

ဆိုခဲ့ပြီး နတ်အမျိုးမျိုးတို့မှာ သာသနာတွင်း သာသနာပ အချိန်ကာလမရွေး တွေ့လွယ် ရလွယ်ကုန်၏၊ ယခုကဲ့သို့ ဗုဒ္ဓ ဘုရားပွင့်တော်မူသော သာသနာတော်တွင်း အခါကာလ မျိုး၌သာ တွေ့ရ ကြုံရ ဖူးတွေ့ကြရသော ရတနာမြတ်သုံးပါးကို သရဏဂုံ ဆောက်တည်ရာ၌ ဖြစ်စေ၊ ပုတီးစိပ်ရာ၌ဖြစ်စေ၊ သာမန် အမှတ်တမဲ့ မိရိုးဖလာအနေအားဖြင့် မဖြစ်မိစေကြဘဲ စွဲစွဲမြဲမြဲ နှစ်နှစ် သက်သက် လေးလေး နက်နက် ယုံကြည်လျက် တသက်တခါ ကြုံခဲ့စွာမှ ကြုံလာရခိုက် စူးစူး စိုက်စိုက် လွန်နှစ်ခြိုက်၍ အားတိုက် အင်တိုက် ဆောက်တည်ထိုက်လှပါ၏၊ မြတ်မြတ် နိုးနိုး အားကိုးလှစွာ ဝမ်းသာ ဝမ်းမြောက် ဆောက်တည်နိုင်ကြပါစေ။

## သရဏဂုံ ပုတီးစိပ်ပုံ

**သရဏဂုံ ၄-မျိုး။** ။သရဏဂုံ သုံးပါးကို ပုတီး မစိပ်မီ ရှေးဦးစွာ ဤသရဏဂုံ လေးမျိုးကို သတိပြုပါဦး။

၁။ မိမိကိုယ်ကို ရတနာသုံးပါး အပ်နှင်းသော အမူအရာဖြင့် ဖြစ်သော **အတ္တသန္နိယျာတန သရဏဂုံ**။

၂။ ရတနာမြတ် သုံးပါးနတ်၌ ညွတ်ကိုင်း လည်းလျှောင်းသော အမူအရာဖြင့် ဖြစ်သော **တပ္ပရာယန သရဏဂုံ**။

၃။ တပည့်အဖြစ်သို့ ကပ်သော အမူအရာအားဖြင့် ဖြစ်သော **သိဿဘာဝူပဂမန သရဏဂုံ**။

၄။ ရတနာ သုံးပါး၌ လွန်စွာ ရိုသေသော အမူအရာအားဖြင့် ဖြစ်သော **ပဏိပါတ သရဏဂုံ**။

ဤလေးမျိုးတို့တွင် —

> အဇ္ဇာဒိံ ကတွာ အဟံ အတ္တာနံ ဗုဒ္ဓဿ နိယျာတေမိ၊
> ဓမ္မဿ နိယျာတေမိ၊ သံဃဿ နိယျာတေမိ[၁]။

ငါသည် ယနေ့ကစ၍ မိမိကိုယ်ကို မြတ်စွာဗုဒ္ဓအား အပ်နှင်းပေးလှူပါ၏၊ တရားတော်အား အပ်နှင်းပေးလှူပါ၏၊ သံဃာတော်အား အပ်နှင်းပေးလှူပါ၏၊ ဤသို့ အတ္တသန္နိယျာတန သရဏဂုံဖြင့် ရှေးဦးစွာ လှူဒါန်းပြီးမှ သို့မဟုတ်—

> အဇ္ဇာဒိံ ကတွာ အဟံ ဗုဒ္ဓပရာယဏော၊ ဓမ္မပရာယဏော၊
> သံဃ ပရာယဏောတိ။

ငါသည် ယနေ့မှစ၍ မြတ်စွာဗုဒ္ဓ-တရားတော်-သံဃာတော်သာလျှင် ညွတ်ကိုင်း လည်းလျှောင်းရာ ရှိသူဖြစ်ပါ၏၊ ဤသို့ တပ္ပရာယန သရဏဂုံ ဆောက်တည်ပြီးမှသော်လည်း၊ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ-ဟု ဆင်ခြင်ပွားများ ပုတီးစိပ်ပါ။

ထိုသို့ ပုတီးစိပ်ရာ၌လည်း ဉာဏသမ္ပယုတ် ကုသိုလ်၊ ဉာဏဝိပ္ပယုတ် ကုသိုလ်၊ ဟူ၍ နှစ်မျိုးရှိရာ သရဏဂုံနှင့် ၎င်းအကျိုးကို ယုံကြည်သဒ္ဓါ၊ အသိဉာဏ် ပညာ နှစ်ပါးပြဋ္ဌာန်းသော ဉာဏသမ္ပယုတ် တိဟိတ် ဥက္ကဋ္ဌဖြစ်သော ကုသိုလ်စိတ် ဖြစ်ဘို့ကိုလည်း သတိပြုရန်

---

၁။ ဒီ၊ ဋ္ဌ၊ ၁။ ၂၀၆။

လိုအပ်ပါသည်၊ ထိုသို့ သဒ္ဓါ, ဉာဏ်,နှစ်ပါး မပါ၊ သဒ္ဓါသာရှိသော မိဘတို့က ရှိခိုးလိုက်ဟဲ့ စသည် ခိုင်းရာ၌ ကလေးများ သန္တာန်တွင် ဉာဏ်မယှဉ် အသိဉာဏ် မပါဝင်သော ဉာဏဝိပ္ပယုတ် ကုသိုလ်မျိုးဖြစ်က အားမကိုးလောက်သေးပါ။

သို့ဖြစ်ရာ ပုတီးပတ် များများရဘို့ကိုသာ ရှေးရှုအာရုံမပြုဘဲ ပုတီးအလုံးတိုင်း အလုံးတိုင်း၌ ယုံယုံကြည်ကြည် လေးလေးမြတ်မြတ် အသိဉာဏ်ခတ်ဖြင့် အပြင်ရပ်မှ မကောင်းဆိုးဝါး အာရုံများကို အဝင်မခံဘဲ မိမိစိတ်ခတ်ကိုလည်း ပြင်ပ အာရုံတပါးသို့ မထွက်မသွားစေဘဲ တည်ကြည်စွဲမြဲသောစိတ်ထားဖြင့် အနက် မြန်မာများကိုလည်း ဆင်ခြင်စဉ်းစား၍ ပွားများ အားထုတ်ခြင်းသည် အလွန်ကောင်းလှ၍ ဗုဒ္ဓါနုဿတိ သမထဘာဝနာ ကမ္မဋ္ဌာန်းကို စီးဖြန်း ပွားများ အားထုတ်သည် မည်ပါ၏၊ အားထုတ် ပြီးနောက်လည်း မမေ့ပျောက်ဘဲ အမြဲတမ်း အလေးအမြတ် ပြုနေဘို့ လိုပါတယ်၊ ပြုနိုင်ကြပါစေ။

ပြဆိုပြီး သရဏဂုံလေးပါး စသည်များမှာ သီလက္ခန် အဋ္ဌကထာ သာမညဖလသုတ်၌ ပြထားသည့်အတိုင်း ပေါင်းရုံးလုံးထွေး ဆိုထားရာဖြစ်၍ အသီးအသီး အသေးစိတ် တခုစီ တခုစီ ယှဉ်တွဲ စပ်ဟပ်၍ ပြပါဦးအံ့။

၁။ အဇ္ဇတဂ္ဂေ ပါဏုပေတံ သရဏံ ဂတံ ဗုဒ္ဓံ ဓမ္မံ သံဃံ ပဏိပါတေမိ။

ယနေ့ကစ နိဗ္ဗာန်ရသည့်တိုင် ငါသည် မိမိကိုယ်ခန္ဓာကို သုံးလူ့ထွဋ်ထား မြတ်ဗုဒ္ဓအား အပ်နှင်းပေးလှူပါ၏၊ ဤသို့ အတ္တသန္နိယျာတန သရဏဂုံဖြင့် အပ်လှူပြီးမှ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဤသို့စသဖြင့် ဖြေးညှင်းသာယာစွာ မြတ်စွာ ဗုဒ္ဓ ဂုဏ်တော် အာရုံမျှော်၍ ကော်ရော်မြတ်နိုး ပူဇော်ရှိခိုးသည်အလား စိတ်ထားဖြင့် ပုတီးသို့လည်း စိတ်မရောက်စေဘဲ တိတ်ဆိတ် တည်ငြိမ်စွာ စိပ်ပါလေ။

ရှေးဦးစွာ ဤအနက်များကိုလည်း ကြိုက်ရာကို အရ ကျက်ဆောင် ထားမှ ပိုပြီး ကောင်းပါမည်။ ။ဗုဒ္ဓံ၊ သုံးလူ့ထွဋ်ထား မြတ်ဗုဒ္ဓကို။ သရဏံ၊ ဘေးရန် ပယ်ရှား အားထားကိုးကွယ်ရာဟူ၍။ ဂစ္ဆာမိ၊ ယုံကြည်စွဲမြဲ မှီဝဲဆည်းကပ်ပါ၏။

**အနက် တနည်း။** ။ဗုဒ္ဓံ၊ သစ္စာလေးပါး ဉေယျငါးကို ပိုင်းခြားသိပေ သိစေတော်မူတတ်ငြား မြတ်ဗုဒ္ဓကို။ သရဏံ၊ ဘေးရန်ကင်းပျောက် ချမ်းသာရောက် အောင် စောင့်ရှောက် ကွယ်ကာ ကိုးကွယ်ရာဟူ၍။ ဂစ္ဆာမိ၊ ယုံကြည်အားကိုး မြတ်နိုး စိတ်စွဲ မှီဝဲဆည်းကပ်ပါ၏။

**အနက် တနည်း။** ။ဗုဒ္ဓံ၊ လေးပါးသစ္စာ ပုဒ်အာကို ဆရာမကူ သယမ္ဘူဉာဏ်ဖြင့် ကေန်သိပေ သိစေတော်မူငြား မြတ်ဗုဒ္ဓကို။ သရဏံ၊ အပါယ်ငရဲ ဝဋ်ဆင်းရဲမှ ပြတ်စဲ ကင်းပျောက် နိဗ္ဗာန်ရောက်ဘို့ ထောက်ရာ တည်ရာ အားထားကိုးကွယ်ရာဟူ၍။ ဂစ္ဆာမိ၊ မလှုပ် မတုန် သဒ္ဓါဟုန်ဖြင့် ယုံကြည်အားကိုး မြတ်နိုးစိတ်စွဲ မှီဝဲဆည်းကပ် သိမှတ်ပါ၏။

## ဤကျမ်းပြုမထေရ်၏ ပုတီးစိပ်နည်း

ဘုန်းကြီး၏ အမြဲပုတီးစိပ်သောနည်းများကို လိုလားနှစ်သက်က
ကျက်မှတ်ရန် ထည့်စွက်လိုက်၏။

ဗုဒ္ဓေါ မေ သရဏံ နာည်။

ဗုဒ္ဓေါ မေ သရဏံ ဝရံ။

အဇ္ဇတဂ္ဂေ ပါဏုပေတံ ယာဝ နိဗ္ဗာနံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။

ဤသို့ ပါဠိ နှစ်ခေါက်ရွတ်ဆိုပြီးမှ အနက်တခေါက် ဆိုလတ္တံ့အတိုင်း ရွတ်ဆိုပါသည်။

ဗုဒ္ဓေါ၊ သုံးလူ့ထွဋ်ထား မြတ်ဗုဒ္ဓသည်။ မေ၊ ငါ၏။ (ဝါ)ရုပ်နာမ်နှစ်ဖြာ ငါးခန္ဓာကို ငါ့ဥစ္စာငါ ငါ့လိပ်ပြာထင် ဉာဏ်မြင်သေးနုပ် သေရလတ္တံ့ဖြစ်ပါသော အကျွန်ုပ်၏။ သရဏံ၊ အားထားရာအစစ် ကိုးကွယ်ရာဖြစ်ပါပေ၏။ အညံ၊ ဗုဒ္ဓမှတပါး အားထား ကိုးကွယ်ရာသည်။ မေ၊ ငါ့အား။ (ဝါ) ရုပ်နာမ်နှစ်ဖြာ ငါးခန္ဓာကို ငါဟုသမုတ် အကျွန်ုပ်အား။ န အတ္ထိ၊ လူ့ဘုံနတ်ရောက် ပြဟ္မာပေါက်အောင် မွေ့နှောက်ရှာဖွေ မရှိပါချေ။

ဗုဒ္ဓေါ၊ ပြဟ္မာလူနတ် သုံးလူ့ထွဋ်ထား မြတ်ဗုဒ္ဓသည်။ ဝရံ၊ တောင့်တအပ် လိုလားအပ်သဖြင့် မြင့်မြတ်လှစွာသော။ မေ၊ တဏှာ မာန ဒိဋ္ဌိတပဲ့ အစွဲပြင်းစွာ ငါ့ဥစ္စာ ငါ ငါ့လိပ်ပြာထင် ဉာဏ်အမြင်နဲ့ သံသာထဲ၌ ချော်လဲနစ်မြုပ် သေရလတ္တံ့ ဖြစ်ပါသော အကျွန်ုပ်၏။ သရဏံ၊ မှီခိုကိုးစား အားထား ကိုးကွယ်ရာပါတည်း။

အဇ္ဇတဂ္ဂေ၊ ယနေ့ကို အစပြု၍။ ပါဏုပေတံ၊ အသက်ထက်ဆုံး။ ယာဝ နိဗ္ဗာနံ၊ နိဗ္ဗာန်တိုင်အောင်။ ဗုဒ္ဓံ၊ သခါရ ဝိကာရ လက္ခဏာ နိဗ္ဗာန် ပညတ် ဟု ဆိုအပ်သော ဉေယျဓံ တရားငါးပါးကို ပိုင်းခြားသိပေ သိစေတော်မူတတ်သော မြတ်စွာဗုဒ္ဓကို။ သရဏံ၊ ဘေးရန်ပယ်ရှား ချမ်းသာပွါး၍ နိဗ္ဗာန်လားဘို့ အားထားရာဖြစ် ကိုးကွယ်ရာအစစ်ဟူ၍။ အဟံ၊ **ဝါသဝ** မည် ငါမထေရ်သည်။ ဂစ္ဆာမိ၊ မလျှပ်မတုန် သဒ္ဓါဟုန်ဖြင့် ယုံကြည်အားကိုး မြတ်နိုးစိတ်စွဲ မှီဝဲဆည်းကပ် သိမှတ်ပါ၏။

ဤသို့အနက်ကို ရွတ်ဆိုပြီးမှ၊ 'ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ' စသည်ဖြင့် အကြိမ်ကြိမ် ပုတီးဖြင့် ပွါးများပါ၏။

၂။ အဇ္ဇာဒိံ ကတွာ အတ္တာနံ ဓမ္မဿ နိယျာတေမိ။

ယနေ့ကစ နိဗ္ဗာန်ကျအောင် ငါသည် မိမိကိုယ်ခန္ဓာ ကို ဆယ်ပါးသော တရားတော်မြတ်အား အပ်နှင်းပေးလှူပါ၏။

ဓမ္မော မေ သရဏံ နာညံ။
ဓမ္မော မေ သရဏံ ဝရံ။
အဇ္ဇတဂ္ဂေ ပါဏုပေတံ ယာဝ နိဗ္ဗာန် ဓမ္မံ သရဏံ ဂစ္ဆာမိ။
(ပါဠိလို နှစ်ခေါက်ရွတ်။)

ဓမ္မော၊ မဂ်လေးတန် ဖိုလ်လေးတန် နိဗ္ဗာန် ပရိယတ် ဟုဆိုအပ်သော ဆယ်ပါးသော တရားတော်မြတ်သည်။ မေ၊ ရုပ်နာမ်နှစ်ဖြာ ငါးခန္ဓာကို တဏှာ မာန ဒိဋ္ဌိတပဲ အစွဲပြင်းစွာ ငါ့ဥစ္စာငါ ငါ့လိပ်ပြာထင် ဉာဏ်မြင်သေးနုပ် သေရလတ္တံ့ဖြစ်ပါသော အကျွန်ုပ်၏။ သရဏံ၊ မှီခိုကိုးစား အားထားကိုးကွယ်ရာ ဖြစ်ပါပေ၏။ အညံ၊ တရားဆယ်ပါးမှတပါး အားထားကိုးကွယ်ရာသည်။ မေ၊ ရုပ်နာမ်နှစ်ဖြာ ငါးခန္ဓာကို တဏှာမာန ဒိဋ္ဌိတပဲ အစွဲပြင်းစွာ ငါ့ဥစ္စာငါ ငါ့လိပ်ပြာထင် ဉာဏ်မြင်သေးနုပ် သေရလတ္တံ့ဖြစ်ပါသော အကျွန်ုပ်အား။ န အတ္ထိ၊ လူ့ဘုံ နတ်ရောက် ဗြဟ္မာပေါက်အောင် မွေနှောက်ရှာဖွေ မရှိပါချေ။

ဓမ္မော၊ မဂ်ဖိုလ် နိဗ္ဗာန် ဓမ္မက္ခန် ဟု ဆယ်တန်သော တရားတော်မြတ်သည်။ ဝရံ၊ တောင့်တအပ် လိုလားအပ်သဖြင့် မြတ်လှစွာသော။ မေ၊ ရုပ်နာမ်နှစ်ဖြာ ငါးခန္ဓာကို တဏှာ မာန ဒိဋ္ဌိတပဲ အစွဲပြင်းစွာ ငါ့ဥစ္စာ ငါ ငါ့လိပ်ပြာထင် ဉာဏ်အမြင်နဲ့ သံသာထဲ၌ ချော်လဲနစ်မြုပ် အမြဲသေရလတ္တံ့ ဖြစ်ပါသော အကျွန်ုပ်၏။ သရဏံ၊ မှီခိုကိုးစား အားထားရာပါတည်း။

အဇ္ဇတဂ္ဂေ၊ ယနေ့ကိုအစပြု၍။ ပါဏုပေတံ၊ အသက်ထက်ဆုံး။ ယာဝ နိဗ္ဗာနံ၊ နိဗ္ဗာန်တိုင်အောင်။ ဓမ္မံ၊ မဂ်ဖိုလ်နိဗ္ဗာန် ဓမ္မက္ခန်ဟု ဆယ်တန်သော တရားတော်မြတ်ကို။ သရဏံ၊ အပါယ်ငရဲ ဝဋ်ဆင်းရဲမှ ပြတ်စဲကင်းပျောက် နိဗ္ဗာန်ရောက်ဘို့ ထောက်ရာ တည်ရာ ကိုးကွယ်ရာဟူ၍။ ဂစ္ဆာမိ၊ မလှုပ်မတုန် သဒ္ဓါဟုန်ဖြင့် ယုံကြည်အားကိုး မြတ်နိုးစိတ်စွဲ မှီဝဲဆည်းကပ်သိမှတ်ပါ၏။ * (ဤလည်း ဓမ္မာနုဿတိ ဘာဝနာ ပွါးများပုံပင်ဖြစ်၏) ဤသို့ရွတ်ဆိုပြီးမှ 'ဓမ္မံ သရဏံ ဂစ္ဆာမိ' စသည်ဖြင့် အကြိမ်ကြိမ် ပုတီးဖြင့် ပွါးများပါလေ။ *

၃။ အဇ္ဇာဒိံ ကတွာ အဟံ အတ္တာနံ သံဃဿ နိယျာတေမိ။

ယနေ့ကစ နိဗ္ဗာန်ကျအောင် မိမိကိုယ်ခန္ဓာကို သံဃာတော်မြတ်အား အပ်နှင်းပေးလှူပါ၏။

ဤ သို့ အတ္တ သန္နိ ယျာတန သ ရ ဏ ဂုံ ဆောက်တည်ပြီးမှ သံဃံ သရဏံ ဂစ္ဆာမိ စသည် ပွါးများပါလေ။ ။သံဃံ၊ အရိယာရှစ်ဖော် သံဃာတော်ကို (ဝါ) ယခုလက်ရှိ သမုတိနှင့် အရိယာရှစ်ဖော် သံဃာတော်ကို။ သရဏံ၊ မှီခိုကိုးစား အားထားကိုးကွယ်ရာဟူ၍။ ဂစ္ဆာမိ၊ ယုံကြည်သိမှတ် ဆည်းကပ်ပါ၏။ (တနည်းစသော အနက်များတူပြီ)

သံဃော မေ သရဏံ နာညံ။ သံဃော မေ သရဏံ ဝရံ။
အဇ္ဇတဂ္ဂေ ပါဏုပေတံ ယာဝနိဗ္ဗာနံ သံဃံ သရဏံ ဂစ္ဆာမိ။

သံဃော၊ အရိယာရှစ်ဖော် သံဃာတော်သည်။ မေ၊ ရုပ်နာမ်နှစ်ဖြာ ငါးခန္ဓာကို တဏှာ မာန ဒိဋ္ဌိတပ် အစွဲပြင်းစွာ ငါ့ဥစ္စာငါ ငါ့လိပ်ပြာထင် ညာဏ်အမြင်နဲ့ သံသာထဲ၌ ချော်လဲနစ်မြုပ် အမြဲသေရလတ္တံ့ဖြစ်ပါသော အကျွန်ုပ်၏။ သရဏံ၊ မှီခိုကိုးစား အားထားရာအစစ် ကိုးကွယ်ရာဖြစ်ပါပေ၏။ အညံ၊ သံဃာတော်မှတပါး အားထား ကိုး ကွယ်ရာသည်။ မေ၊ ရုပ်နာမ်နှစ်ဖြာ ငါးခန္ဓာကို တဏှာမာန ဒိဋ္ဌိတပ် အစွဲပြင်းစွာ ငါ့ဥစ္စာ ငါ ငါ့လိပ်ပြာထင် ညာဏ်အမြင်နဲ့ သံသာထဲ၌ ချော်လဲနစ်မြုပ် အမြဲသေရလတ္တံ့ ဖြစ်ပါသော အကျွန်ုပ်အား။ န အတ္ထိ၊ လူ့ဘုံနတ်ရောက် ဗြဟ္မာပေါက်အောင် မွှေနှောက် ရှာဖွေ မရှိပါချေ။

သံဃော၊ ယခုလက်ရှိ သမုတိနှင့် အရိယာရှစ်ဖော် သံဃာတော်သည်။ ဝရံ၊ တောင့် တအပ် လိုလားအပ်သဖြင့် မြင့်မြတ်လှစွာသော။ မေ၊ ရုပ်နာမ်နှစ်ဖြာ ငါးခန္ဓာကို တဏှာ မာန ဒိဋ္ဌိတပ် အစွဲပြင်းစွာ ငါ့ဥစ္စာ ငါ ငါ့လိပ်ပြာထင် ညာဏ်အမြင်နဲ့ သံသာထဲ၌ ချော်လဲ နစ်မြုပ် အမြဲသေရလတ္တံ့ဖြစ်ပါသော အကျွန်ုပ်၏။ သရဏံ၊ မှီခိုကိုးစား အားထားရာအစစ် ကိုးကွယ်ရာဖြစ်ပါပေ၏။

အဇ္ဇတဂ္ဂေ၊ ယနေ့ကို အစပြု၍။ ပါဏုပေတံ၊ အသက်ထက်ဆုံး။ ယာဝနိဗ္ဗာနံ၊ နိဗ္ဗာန် တိုင်အောင်။ သံဃံ၊ ယခုလက်ရှိ သမုတိနှင့် အရိယာရှစ်ဖော် သံဃာတော်မြတ်ကို။ သရဏံ၊ အပါယ်ငရဲ ဝဋ်ဆင်းရဲမှ ပြတ်စဲကင်းပျောက် နိဗ္ဗာန်ရောက်ဘို့ တောက်ရာ တည်ရာ အား ထား ကိုးကွယ်ရာဟူ၍။ ဂစ္ဆာမိ၊ မလှုပ်မတုန် သဒ္ဓါဟုန်ဖြင့် ယုံကြည်အားကိုး မြတ်နိုး စိတ်စွဲ မှီဝဲဆည်းကပ် သိမှတ်ပါ၏။ ။ဤသို့ ရွတ်ဆိုပြီးမှ 'မပ္ပံ သရဏံ ဂစ္ဆာမိ' စသည် ဖြင့် အကြိမ်ကြိမ် ပုတီးဖြင့် ပွါးများပါလေ။ (ဤလည်း သံဃာနုဿတိ ပွါးများပုံပင် ဖြစ်၏။)

ဤနေရာ၌ မြန်မာလို နှလုံးသွင်း ဆင်ခြင် ပွါးများလိုက ယနေ့ကစ နိဗ္ဗာန် ကျအောင် ငါ့ကိုယ်ခန္ဓာကို ဘုရားအား ပေးလှူပါ၏၊ ဘုရားသည် ငါ၏ကိုးကွယ်ရာ အစစ် တည်း၊ ငါ့အား ဘုရားမှတပါး ကိုးကွယ်ရာမရှိ၊ ဘုရားသည် မြင့်မြတ်လှသော ငါ၏ ကိုးကွယ်ရာတည်း၊ ယနေ့ကို အစပြု၍ အသက်ထက်ဆုံး နိဗ္ဗာန်တိုင်အောင် ဘုရားကို အားထား ကိုးကွယ် ဆည်းကပ်ပါ၏။

ယနေ့ကစ နိဗ္ဗာန်ကျအောင် ငါ့ခန္ဓာကိုယ်ကို တရားတော်မြတ်အား အပ်နှင်းပေး လှူပါ၏၊ ဆယ်ပါးသော တရားတော်မြတ်သည် ငါ၏ကိုးကွယ်ရာတည်း၊ ငါ့အား တရား မှတပါး အားထားကိုးကွယ်ရာမရှိ၊ ဆယ်ပါးသော တရားတော်မြတ်သည် အမြင့်မြတ်ဆုံး သော ငါ၏ ကိုးကွယ်ရာတည်း၊ ယနေ့ကိုအစပြု၍ အသက်ထက်ဆုံး နိဗ္ဗာန်တိုင်အောင် ဆယ်ပါးသော တရားတော်ကို အားထားကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏၊ အားထားရာ ဟူ၍ သိမှတ်ပါ၏။

ယနေ့ကစ နိဗ္ဗာန်ကျအောင် ငါ့ခန္ဓာကိုယ်ကို သံဃာတော်မြတ်အား အပ်နှင်းပေးလှူပါ၏၊ ထိုရှစ်ဖော်သော အရိယာ သံဃာတော်မြတ်သည် ငါ၏ ကိုးကွယ် ဆည်းကပ်ရာတည်း၊ ငါ့အား သံဃာတော်မှတပါး အားထားကိုးကွယ်ဘွယ်မရှိ၊ သံဃာတော်မြတ်သည် အမြင့်မြတ်ဆုံးသော ငါ၏ အားထား ကိုးကွယ်ရာ အစစ်ပါတည်း၊ ယနေ့ကို အစပြု၍ နိဗ္ဗာန်တိုင်အောင် သံဃာတော်မြတ်ကို မှီခိုကိုးစား အားထားကိုးကွယ်ရာဟူ၍ ယုံကြည် လေးမြတ် ဆည်းကပ်ပါ၏၊ ကိုးကွယ်ရာဟူ၍ သိမှတ်ပါ၏။

မှတ်ချက်။ ။ဤနေရာ၀ယ် ဝိနယတ္ထ မဉ္ဇူသာ ကင်္ခါဝိတရဏီ ဋီကာ (နှာ-၁၂၁)-သိဟဠ ဥပသကာလင်္ကာရ ဋီကာ ကျမ်းတို့၌—

ပေါပုထုဇ္ဇနိကသံဃဿာပိ ပုဗ္ဗာဘာဂပဋိပဒါယ ဋ္ဌိတတ္တာ-ဤသို့အစ ရှိသည်ဖြင့် မလှူမီ ရှေးအဘို့၌ ဖြစ်သော စေတနာကို ဒါနစေတနာ၌ သွင်းယူအပ်ဘိသကဲ့သို့ ထို့အတူ ကလျာဏ ပုထုဇဉ် သံဃာ၏လည်း မဂ်၏ရှေးအဘို့၌ ဖြစ်သော အကျင့်၌ တည်သည်၏ အဖြစ်ကြောင့်ရင်း, အရိယာသံဃာနှင့် အယူ သီလ တူမျှသောအားဖြင့် ဝဋ္ဋမှလွတ်မြောက်ကြောင်း အဘို့၌ တည်သော ကြောင့်ရင်း ကလျာဏ သီလဝန် ပုထုဇဉ် သံဃာကိုလည်း 'သံဃ' ပုဒ်အရ အရိယာ သံဃာ၌သွင်းယူနိုင်ပုံကို ပြဆိုတော်မူကြ၏။

ထိုမှတပါး ဒါဠှာ ဓာတုဝင် စသော ကျမ်းတို့၌လည်း သီလဝန္တ ပုထုဇဉ် သံဃာ၏ သရဏဂုံထိုက်ကြောင်း စသည်တို့ကို များစွာပင် မိန့်ဆိုကြကုန်၏။ သို့ရာတွင် ပုထုဇဉ် သံဃာအား အရိယာ သံဃာတော်အလား စိတ်နှလုံးထားပြီး ရည်စူးလှူတတ်မှ အကျိုးကြီးကြောင်းကို ဝိမာနဝတ္ထု ပါဠိတော်၌ ချီးမွမ်းဟောကြားတော်မူ၏။

ဤသို့ အကျယ်ကို မတတ်နိုင်က—

ဗုဒ္ဓေါ မေ သရဏံ အညံ နတ္ထိ၊
ဓမ္မော မေ သရဏံ အညံ နတ္ထိ၊
သံဃော မေ သရဏံ အညံ နတ္ထိ။

ဤသို့ အကျဉ်းအားဖြင့် ဗုဒ္ဓ တရား သံဃာ အားလျော်စွာ အကျဉ်းချုပ် ရွတ်ဆိုပြီးမှ ပုတီးစိပ် ပွါးများပါလေ။

## ပွါးများပုံ

ဗုဒ္ဓေါ၊ မြတ်စွာဗုရားသည်။ မေ၊ ငါ၏။ သရဏံ၊ အားထား ကိုးကွယ်ရာတည်း။ အညံ၊ ဗုရားမှတပါး ငါ့အား ကိုးကွယ်ရာသည်။ နတ္ထိ၊ မရှိတော့ပြီ။ ဤသို့ အာရုံပြုပြီး 'ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ' စသည်ဖြင့် ပွါးများပါလေ။

ဓမ္မော၊ တရားတော်မြတ်သည်။ မေ၊ ငါ၏။ သရဏံ၊ အားထား ကိုးကွယ်ရာတည်း။ အညံ၊ တရားတော်မှတပါး ငါ့အား အားထားကိုးကွယ်ရာသည်။ နတ္ထိ၊ မရှိတော့ပြီ။ ဤသို့ အာရုံပြုပြီးမှ 'ဓမ္မံ သရဏံ ဂစ္ဆာမိ' စသည်ဖြင့် ပွါးများပါလေ။

သံဃော၊ သံဃာတော်သည်။ မေ၊ ငါ၏။ သရဏံ၊ အားထား ကိုးကွယ်ရာတည်း။ အညံ၊ သံဃာတော်မှတပါး ငါ့အား-အားထား ကိုးကွယ်ရာသည်။ နတ္ထိ၊ မရှိတော့ပြီ။ ဤသို့ အာရုံပြုပြီးမှ 'သံဃံ သရဏံ ဂစ္ဆာမိ' စသည်ဖြင့် ပွါးများပါလေ။

ဗုဒ္ဓါနုဿတိ ဓမ္မာနုဿတိ သံဃာနုဿတိ သမထဘာဝနာ ကမ္မဋ္ဌာန်း စီးဖြန်းခြင်း ဖြစ်၏။ ဤကား အကျဉ်းနည်း အလတ်နည်း အကျယ်နည်း အားဖြင့် ပွါးများပုံတည်း။

**မှတ်ချက်။** ။ဆိုခဲ့ပြီး သက်ဆိုင်ရာ အနက်များကို တတ်နိုင်သလောက် အရကျက်ပါမှ ကျေးဇူးများမည်ဖြစ်၏။ ထို့ထက် အကျယ်ပွါးများလိုသူများအတွက် —

## သရဏဂုံ သုံးထယ်

၁။ ဇာတိပရိယန္တံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ပဋိသန္ဓေ တည်နေမှုဆုံးသည်တိုင်အောင် ဗုရားကို ကိုးစားယုံကြည်ပါ၏။

၂။ ဇာတိပရိယန္တံ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ ပဋိသန္ဓေ တည်နေမှု ဆုံးသည်တိုင်အောင် တရားတော်ကို ကိုးစားယုံကြည်ပါ၏။

၃။ ဇာတိပရိယန္တံ သံဃံ သရဏံ ဂစ္ဆာမိ၊ ပဋိသန္ဓေ တည်နေမှု ဆုံးသည်တိုင်အောင် သံဃာကို ကိုးစား ယုံကြည်ပါ၏။

၄။ ဘောဂပရိယန္တံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ စည်းစိမ်ချမ်းသာ ကုန်ဆုံးသည်တိုင်အောင် ဗုရားကို ကိုးစားယုံကြည်ပါ၏။

၅။ ဘောဂပရိယန္တံ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ စည်းစိမ်ချမ်းသာ ကုန်ဆုံးသည် တိုင်အောင် တရားကို ကိုးစားယုံကြည်ပါ၏။

၆။ ဘောဂပရိယန္တံ သံဃံ သရဏံ ဂစ္ဆာမိ၊ စည်းစိမ်ချမ်းသာ ကုန်ဆုံးသည်တိုင်အောင် သံဃာကို ကိုးစားယုံကြည်ပါ၏။

၇။ ဇီဝိတပရိယန္တံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ အသက်ကုန်ဆုံးသည်တိုင်အောင် ဗုရားကို ကိုးစားယုံကြည်ပါ၏။

၈။ ဇီဝိတပရိယန္တံ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ အသက်ကုန်ဆုံးသည်တိုင်အောင် တရားကို ကိုးစားယုံကြည်ပါ၏။

၉။ ဇီဝိတပရိယန္တံ သံဃံ သရဏံ ဂစ္ဆာမိ၊ အသက်ကုန်ဆုံးသည်တိုင်အောင် သံဃာကို ကိုးစား ယုံကြည်ပါ၏။

၁၀။ ယာဝဇီဝံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ အသက်ရှည်သမျှ ကာလပတ်လုံး ဗုဒ္ဓကို ကိုးစား ယုံကြည်ပါ၏။

၁၁။ ယာဝဇီဝံ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ အသက်ရှည်သမျှ ကာလပတ်လုံး တရားကို ကိုးစား ယုံကြည်ပါ၏။

၁၂။ ယာဝဇီဝံ သံဃံ သရဏံ ဂစ္ဆာမိ၊အသက်ရှည်သမျှ ကာလပတ်လုံး သံဃာကို ကိုးစား ယုံကြည်ပါ၏။

၁၃။ မရဏကာလံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ သေသည့် ကာလတိုင်အောင် ဗုဒ္ဓကို ကိုးစား ယုံကြည်ပါ၏။

၁၄။ မရဏကာလံ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သေသည့် ကာလတိုင်အောင် တရားကို ကိုးစား ယုံကြည်ပါ၏။

၁၅။ မရဏကာလံ သံဃံ သရဏံ ဂစ္ဆာမိ၊ သေသည့် ကာလတိုင်အောင် သံဃာကို ကိုးစား ယုံကြည်ပါ၏။

၁၆။ မရဏပရိယန္တကာလံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ သေခြင်း ဆုံးရာတိုင်အောင် ဗုဒ္ဓကို ကိုးစား ယုံကြည်ပါ၏။

၁၇။ မရဏပရိယန္တကာလံ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သေခြင်း ဆုံးရာတိုင်အောင် တရားကို ကိုးစားယုံကြည်ပါ၏။

၁၈။ မရဏပရိယန္တကာလံ သံဃံ သရဏံ ဂစ္ဆာမိ၊သေခြင်း ဆုံးရာတိုင်အောင် သံဃာကို ကိုးစားယုံကြည်ပါ၏။

၁၉။ ယာဝ အရဟတ္တံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ အရဟတ္တဖိုလ် ရသည်တိုင်အောင် ဗုဒ္ဓကို ကိုးစားယုံကြည်ပါ၏။

၂၀။ ယာဝ အရဟတ္တံ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ အရတ္တဖိုလ် ရသည်တိုင်အောင် တရားကို ကိုးစားယုံကြည်ပါ၏။

၂၁။ ယာဝ အရဟတ္တံ သံဃံ သရဏံ ဂစ္ဆာမိ၊ အရဟတ္တဖိုလ် ရသည်တိုင်အောင် သံဃာကို ကိုးစားယုံကြည်ပါ၏။

၂၂။ အရဟတ္တပရိယောသာနကာလံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ အရဟတ္တဖိုလ်ရ၍ ဘဝ ဆုံးသည်တိုင်အောင် ဗုဒ္ဓကို ကိုးစားယုံကြည်ပါ၏။

၂၃။ အရဟတ္တပရိယောသာနကာလံ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ အရဟတ္တဖိုလ်ရ၍ ဘဝ ဆုံးသည်တိုင်အောင် တရားကို ကိုးစားယုံကြည်ပါ၏။

၂၄။ အရဟတ္တပရိယောသာနကာလံ သံဃံ သရဏံ ဂစ္ဆာမိ၊ အရဟတ္တဖိုလ်ရ၍ ဘဝ ဆုံးသည်တိုင်အောင် သံဃာကို ကိုးစားယုံကြည်ပါ၏။

၂၅။ နိဗ္ဗာနကာလံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ နိဗ္ဗာန်ရောက်သော ဘဝတိုင်အောင် ဗုဒ္ဓကို ကိုးစားယုံကြည်ပါ၏။

၂၆။ နိဗ္ဗာနကာလံ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ နိဗ္ဗာန်ရောက်သော ဘဝတိုင်အောင် တရားကို ကိုးစား ယုံကြည်ပါ၏။

၂၇။ နိဗ္ဗာနကာလံ သံဃံ သရဏံ ဂစ္ဆာမိ၊ နိဗ္ဗာန်ရောက်သော ဘဝတိုင်အောင် သံဃာကို ကိုးစား ယုံကြည်ပါ၏။

၂၈။ နိဗ္ဗာနကာလ ပရိယန္တံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ပရိနိဗ္ဗာန် စံသည်တိုင်အောင် ဗုဒ္ဓကို ကိုးစား ယုံကြည်ပါ၏။

၂၉။ နိဗ္ဗာနကာလပရိယန္တံ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ ပရိနိဗ္ဗာန် စံသည်တိုင်အောင် တရားကို ကိုးစား ယုံကြည်ပါ၏။

၃၀။ နိဗ္ဗာနကာလပရိယန္တံ သံဃံ သရဏံ ဂစ္ဆာမိ၊ ပရိနိဗ္ဗာန် စံသည်တိုင်အောင် သံဃာကို ကိုးစား ယုံကြည်ပါ၏။

မှတ်ချက်။ ။သရဏဂုံပွါးဘွယ် ခြောက်ဆယ်ကိုးဆယ် အကျယ်လိုလားက မ တလုံးကျေ တပြည်လုံးကျော် ခင်ကြီးဖျော်ခေါ် ဆရာတော်ဘုရား ရေးသားထားသည့် ဝိဇ္ဇာမယ သိဒ္ဓိ ကြည့်ပါလေ။ ။

တနည်း တဖုံ၊ သရဏဂုံသုံးပါး၊ ကျယ်လိုလားက၊ ကျော်လှပါဘိ၊ မိပတိ မေမ္မ ဘဏ္ဍာဂါရိ၊ ရေးပြီး ရှိပြင်၊ ဗုဒ္ဓဝင်၊ လိုလျှင် ကြည့်ပါလေ။ ။

ဤဆိုအပ်ပြီးသော ဝတ်ကောင်းစားလှ အထည်ကောင်း အထည်မြတ် နံ့သာပြောင်း နံ့သာကောင်းနှင့်တူသော **တုလ္လိလ** ဇာတ်လာ ငါးပါးသီလမှာ လူတို့ဝိနည်း လူတို့ကိုယ် ကျင့်တရားဖြစ်၍ မချွတ်ကျင့်ကြံ လုံခြုံရန် စောင့်ရှောက် ထိန်းသိမ်းရမည်၊ မထိန်းသိမ်းက အပါယ်လေးဝသို့ ရောက်ကြမည်၊ ထို သီလသည် ဝါရိတ္တသီလ စာရိတ္တသီလဟူ၍ နှစ်မျိုး ရှိ၏-ငါးပါးသီလဖြစ်သော ဝါရိတ္တ သီလကို ရဟန်းတို့ ကျင့် ဝတ် ဝိနည်းကို မလိုက် နာ မကျင့်သုံးက ကေန် အာပတ်အပြစ်ရှိသကဲ့သို့ လူတို့မှာလည်း လူတို့ ဝိနည်းမည်သော ငါးပါးသီလ မလုံခြုံ လွန်ကြူးက ကေန်ပင် အပြစ်ရှိ၏၊ ရှစ်ပါးသီလ စသည်ကို လူတို့ မကျင့်သုံးက အပြစ်မရှိ စောင့်သုံးနိုင်က အလွန်အကျိုးရှိ၍ စာရိတ္တ သီလမျိုးဖြစ်၏။

ဒုစရိုက်ဆယ်ပါးမှ ရှောင်ကြဉ်၍ သဒ္ဓါ,သတိ ပြဋ္ဌာန်းသော ကုသိုလ်စိတ္တုပ္ပါဒ်တို့ဖြင့် မပြုမကျင့် သူ့သက်သတ်မှု စသည် မပြုမကျင့်ခြင်းသည် ဝါရိတ္တသီလ၊ ဥပဇ္ဈာယဝတ် အာစရိယဝတ် အစရှိသော အာဘိသမာစာရိက သီလသည် သဒ္ဓါ စေ တ သိက်, ဝိ ရိ ယ စေတသိက်,တို့ဖြင့် ပြဋ္ဌာန်းသော ကုသိုလ် စိတ္တုပ္ပါဒ်တို့ဖြင့် ပြုပြင်ခြင်းသည် စာရိတ္တသီလ၊ ဤသို့ နှစ်မျိုးရှိကြောင်း ဝိသုဒ္ဓိမဂ်၌ရင်း, အပါဒါန် အဋ္ဌကထာ၌ရင်း, နှစ်မျိုးစီပြဆိုထား ၏၊ဤနေရာ၌ အချို့မသိသူ ရှင်လူတို့က ငါးပါးသီလ အာစာရသည် နိဗ္ဗာန်ရောက်ကြောင်း

သီလမဟုတ် သီလပုပ် သီလသိုးဟူ၍, ဗုဒ္ဓမပွင့်ရာ သာသနာပ အခါကာလ၌သာဖြစ်သော သီလဟူ၍ မလေးမစား ပြစ်မှားသော စိတ်ထားဖြင့် လွဲမှားစွာ ပြောကြားသည်ကို ကြားရ တွေ့ရ၏။ အပြောမမှားကြရန် ရေးသားဦးအံ့။

ဘုန်းကြီးတို့ ဗုဒ္ဓဘာသာဝင် သူတော်စင် ရှင်လူ ပြည်သူပြည်သားတို့မှာ သူဌေး ကြီးအလား (ဘုရား အမွေပိုင်၏) အမွေဆိုင် အမွေခံ သားသမီးများဖြစ်၏။

သို့ဖြစ်သော်လည်း ငါးပါးသီလမျှကို မလုံခြုံသော အမျိုးကောင်း သား, သမီး, တို့ မှာ အမွေပိုင် ဘုရား၏ အမွေဆိုင် အမွေခံ သားဆိုး သမီးဆိုးများဖြစ်ကြသည်ဟူ၍ လယ်တီ ဆရာတော် ဘုရားကြီး မိန့်ကြားတော်မူခဲ့ပါသည်။

စစ်ကိုင်းတောင်ရိုး ရွှေကျင်ဂိုဏ်း ဥက္ကဋ္ဌ မဟာနာယက ဖြစ်တော်မူသော **အဂ္ဂမဟာ ပဏ္ဍိတ အတိသုဒ္ဓါရုံ** ဆရာတော်ဘုရားကြီးက ယခုကာလ ဝိပဿနာ လုပ်ငန်းတွေ အားထုတ် နေကြသည်မှာ 'အဖျားတက် အမှည့်စားရနိုးနိုး' ဆိုသကဲ့သို့ မချွတ်ကျင့်ရမည့်ကိုယ်ကျင့်တရား ငါးပါးသီလကိုတော့ သတိပြုမိခဲ့ကြသည်၊ 'ခေါင်းပေါင်းကို ညွတ်အောင်ပေါင်း၍ တိုက်ပုံ အင်္ကျီ ကျနစွာ ဝတ်ဆင်ပြီးလျှင် အောက်က ခုံဘိနပ်ကို စီးပြီး ခါးဝတ်ပုဆိုးမပါသော သူ နှင့် တူလှ၏' ဟု မကြာခဏ မိန့်တော်မူခဲ့ဘူးပါသည်၊ ဤဆရာတော် ဘုရားကြီးက ငါးပါး သီလကို မကျိုး မပေါက် ဝါစွဲပြောက် နွားအလားကဲ့သို့ မပြောက် မကျား ရအောင် လုံလုံခြုံခြုံ စောင့်ရှောက်ပြီးမှ ဝိပဿနာ အလုပ်ကို လုပ်စေလို၏-ဟု ဆိုလိုပါသည်။

## ၅-ပါးသီလအကျိုး

**မဟာဓမ္မပါလဇာတ်**[၁]။ ။ဤငါးပါးသီလအကျိုးကို တိုတိုတုတ်တုတ် ဦးစွာပြလိုပြန်ပါ သည်၊ အတိတ်ဝေးကွာ ရှေးအခါက ဓမ္မပါလ ရွာမှ ရွာအုပ် ကြီး၏ သားကို ငွေတာထောင်နှင့် တက္ကသိုလ်ပြည်သို့ အတတ်ပညာသင်ကြားရန် ပို့လွှတ် လိုက်၍ ရောက်ရှိသွားသဖြင့် အသက်အရွယ် ငယ်ရွယ်သော ကလေးသူငယ်များ ထုံးစံအတိုင်း သေကျေ ပျက်စီးသည်ကို တွေ့ရသောအခါ ဓမ္မပါလ ရွာအုပ်ကြီး၏ သားက ရယ်မောပြီး ကျွန်ုပ်တို့ ဓမ္မပါလရွာမှာ ငယ်ရွယ်သူများ သေရိုးထုံးစံမရှိပါဘူး အသက်(၁၂၀)ရှိမှသာ သေကြသည်ဟု ပြောသည်ကို တက္ကသိုလ်ဆရာကြီးက ယုံကြည်မှုမရှိဘဲ မခံမရပ်နိုင်အောင် ဖြစ်တော့၏။

မဃဒေဝ-၌ကား-'ငယ်ရွယ်မသေ၊ထောင်သက်နေ၏' ဟု အသက်တထောင် ရှိမှသာ သေကြောင်း ပြဆိုထား၏။

တနေ့သောအခါ ဆိတ်ရိုးကို ဖွေးဖြူအောင် ဆေးကြော၍ လွယ်အိတ်ထဲထည့် ယူ ဆောင်ပြီးလျှင် ဓမ္မပါလရွာ ရွာအုပ်ကြီးအိမ်သို့ သွားရောက်၍ ကျွန်တော်ဟာ တက္ကသိုလ်

---

၁။ ဇာ။ နှာ၊ ၅။ ၅၀။ (မဟာဓမ္မပါလဇာတ်)

ပြည်က ဒိသာပါမောက္ခဆရာကြီးပါဘဲ၊ မပြောမပြီး မတီးမမြည် ဆိုသကဲ့သို့ ပြောစရာကိစ္စလေးရှိ၍ လာခဲ့ရခြင်းဖြစ်ပါတယ်၊ ကျွန်တော်၏ ထံ ပညာသင်ကြားရန် ပို့လွှတ်လိုက်သော ရှာအုပ်ကြီး၏ သားမှာ ယခု သေဆုံးပျက်စီးသွားပါပြီ၊ ဤသို့ပြောသောအခါ ရှာအုပ်ကြီးက သူ့သား မသေပါဘူး ဆိုပြီး လက်ခုတ် လက်ဝါးတီးလို့ ရယ်သတဲ့။

ထိုအခါ လွယ်အိတ်ထဲမှ အရိုးကို ကြည့်ပါဦးဟု ထုတ်ပြလိုက်တယ်၊ ရှာအုပ်ကြီးက ဒီအရိုးဟာ ဆိတ်အရိုး ခွေးအရိုး တမျိုးမျိုးဖြစ်ရမည်လို့ ပြောလိုက်တော့ တက္ကသိုလ်ဆရာကြီးက ရှာအုပ်ကြီးတို့ ဓမ္မပါလရှာ ဓမ္မပါလ အမျိုးသမီး အမျိုးသားတို့မှာ ငယ်ရွယ်စဉ်က မသေဘဲ အသက်(၁၂၀)ရှည်အောင် ဘာကြောင့် နေရပါသနည်း မေးသောအခါ ကျွန်ုပ်တို့ ဓမ္မပါလအမျိုးထဲမှ ငါးပါး သီလ မလုံခြုံသူ တဦးတယောက်မျှမရှိပါ၊ ဤသို့ငါးပါးသီလ ခါးဝတ်ပုဆိုးကဲ့သို့ မြဲကြပါသည် ဟု ပြောသဖြင့် ဒိသာပါမောက္ခဆရာကြီးသည် သဘောကျပြီး မိမိတက္ကသိုလ်ပြည်သို့ ပြန်သွားလေ၏။

ထိုအခါကာလ၌ ဓမ္မပါလ အမျိုးမှတပါး အခြားရပ်ရှာ တိုင်းပြည်တို့၌ကား ငါးပါးသီလ မမြဲကြသဖြင့် ယခု ကာလကဲ့သို့ ငယ်ရွယ်သူတွေလဲ တဖွဲဖွဲ သေမြဲသေနေ၏။

ဤမျှ မကပါ ငါးပါးသီလ ကုသိုလ် စေတနာသည် **ကုရုဓမ္မ** ဇာတ်တော် အလို အားဖြင့် မိုးကို ရှာစေတတ်ကြောင်း မိုးကောင်းကြောင်းကိုလည်း ဟောထားပါ၏။

**မှတ်ချက်။** ။ဤဒေသနာတော်များအရ မင်းနှင့်တကွ တိုင်းသူပြည်သား အားလုံး အုန်းအုန်းကျွက်ကျွက် နှလုံးသက်၍ မပျက်မကွက် ကတိဝတ်ထား၍ ငါးပါးပဉ္စသီ ညီညွတ်ရှင်ပြုံး စောင့်သုံးနိုင်ကြပါမူကား အဟောဝတ ဘယ်ညာ ရိုက်ဟီး လက်ဖျစ်တီး၍ အံ့ချီးဘွယ်ရာ ကောင်းလှပါပေစွ။

**သီလ မျိုးမည်။** ။ဝေနေယျ ဖြစ်သူ အပေါင်း လူတို့သည် အကုသိုလ် ကာယကံ ဝစီကံ မနောကံတို့ကို မပြုရှောင်ကြဉ် ဝိရတီနှင့် ယှဉ်သော ကုသိုလ်စိတ် အစဉ်သည် **သီလ** မည်၏၊ ငါးပါး သီလကို လူများ ဝတ်ထားသော ခါးဝတ်ပုဆိုးကဲ့သို့ အမြဲစောင့်ရှောက်ရမည့် **နိစ္စ သီလမျိုး**၊ ရှစ်ပါး သီလကို ဥပုသ်နေ့တို့၌သာ စောင့်သုံးအပ်သောကြောင့် **ဥပေါသထ သီလမျိုး**၊ ဆယ်ပါး သီလကို ရှင်အာနန္ဒာအလောင်း သုမန မင်းသားများကဲ့သို့ ပက္ခ လ နှစ် စသည်ကို မှတ်၍ စောင့်သုံးအပ်သောကြောင့် **နိယမသီလ မျိုး**ဟူ၍ ဥဒါန်း အဋ္ဌကထာ, ဣတိဝုတ် အဋ္ဌကထာတို့၌ ပြဆိုထား၏။

ဝိသုဒ္ဓိမဂ် အဋ္ဌကထာ (ပ-တွဲ၊ နှာ-၁၅) အလိုအားဖြင့်ကား ဆယ်ပါး သီလကို ဃဋိကာရ အိုးထိန်းသည်တို့ကဲ့သို့ အသက်ထက်ဆုံး စောင့်အပ်သောကြောင့် နိစ္စသီလမျိုး ဟူ၍ လည်း ဆိုထား၏၊ ထို့ကြောင့် ဆယ်ပါးသီလလည်း **နိယမ နိစ္စ သီလ** နှစ်မည်ရ၏။

ဇာတ်ပါဠိတော် အဋ္ဌကထာ၌ကား ဗုဒ္ဓအလောင်း သူတော်ကောင်းတို့သည် အလေး အမြတ် ပြု အပ် သော ကြောင့် ငါးပါးသီလသည် **ဂရုဓမ္မသီလ** မည်ကြောင်းကို ပြဆိုထား၏။

တေဝိဇ္ဇသုတ် ပါဠိတော် အဋ္ဌကထာ နှာ-၃၃၄-၌ကား မြင့်မြတ်မှုကို ပြုတတ်သော ကြောင့် ဗြဟ္မဏ **ကာရက သီလ** မည်ကြောင်းကို ပြဆိုထား၏။

မဟာပရိနိဗ္ဗာနသုတ် ပါဠိတော် အဋ္ဌကထာ နှာ-၁၃၄-၌ကား အရိယာပုဂ္ဂိုလ် သူမွန်သူမြတ်တို့သည် အသက်နှင့် လဲလှယ်၍ တကယ်ပင် ချစ်ခင် မြတ်နိုးအပ်သောကြောင့် **အရိယကန္တ သီလမျိုး** ဟူ၍ မိန့်ဆိုထား၏။

ပဥ္စင်္ဂုတ္တရ ပါဠိတော် အဋ္ဌကထာ နှာ-၆၃-၌ကား ဗုဒ္ဓဘုရားတပည့်သား ဖြစ်ကြောင်း အရိယာပုဂ္ဂိုလ် အပေါင်းတို့သည် ကျင့်အပ်သော သီလမျိုးဖြစ်သောကြောင့် **အရိယာဓမ္မ သီလမျိုး** ဟူ၍လည်း ပြဆိုထား၏။

ပဋိသမ္ဘိဒါမဂ် အဋ္ဌကထာ,သာရတ္ထ ဋီကာတို့၌ မြောက်ကျွန်းသူ မြောက်ကျွန်းသား လူအများတို့၏ ပကတိ သဘောအားဖြင့် စောင့်ရှောက်မှု ကိစ္စ ပြီးစီးပြီး ဖြစ်သောကြောင့် **ပကတိ သီလမျိုး** ဟူ၍ ပြဆိုထား၏။ ထိုသို့ မြောက်ကျွန်းနေသူ အပေါင်း လူတို့သည် ငါးပါးသီလ မြဲသောကြောင့် အသက် (၁၀၀၀)တထောင်ရှည်ကြရ၏။

သင်္ဂီတိသုတ် အဋ္ဌကထာ နှာ-၁၇၅-၌ မြတ်သော အမြိုက်နိဗ္ဗာန်သို့ ရောက်ကြောင်း မှန်သောကြောင့် ထိုငါးပါးသီလကို လွန်ကဲသော **အဓိသီလမျိုး** ဟူ၍ ဆိုထား၏။

သံယုတ္တ အဋ္ဌကထာ,မဟာ ဋီကာတို့၌ ဘဝ၏ကင်းရာ ချုပ်ငြိမ်းရာမှန်သော နိဗ္ဗာန် သို့ သွားကြောင်း ရောက်ကြောင်း သီလမျိုးဖြစ်သောကြောင့် ဝိဘဝဂါမီ သီလမျိုးဟူ၍ ဆိုထား၏၊ ဝဋ်မှ ထွက်မြောက်ရာ **ဝိဝဋ္ဋနိဿိတ သီလမျိုး** ဟူ၍လည်း ဆိုရ၏။

ဗုဒ္ဓဘုရားရှင် လက်ထက်တော်ကလည်း အနာထပိဏ် ဝိသာခါ စသော လူသောတာပန် အရိယာတို့သည်၊ ၎င်း ငါးပါးသီလကိုပင် **အဓိသီလ သိက္ခာ** အဖြစ်ဖြင့် ဆောက်တည်၍ မဂ်ဖိုလ်ကို ရသွားကြလေကုန်ပြီ။

**မှတ်ချက်။** ။ဤသို့ပြဆိုအပ်ခဲ့ပြီးခြား ပါဠိ အဋ္ဌကထာ ဋီကာများကို ထောက်ထားလျက် အထက်ပါ အပြောမှား စကားကို မမှတ်မသား ပယ်ရှား ရှောင် ကြဉ် နိုင် ကြပါစေ။

## တိသရဏ ဂမနိယ မထေရ် ဝတ္ထု[၁]

သရဏဂုံရဲ့ အကျိုးကို ပေါ်လွင်စွာ တွေ့ရတဲ့ အပဒါန် ပါဠိတော်လာ သရဏ ဂမနိယ မထေရ်၏ ဝတ္ထုကို ဤနေရာ၌ ဖော်ပြပါမည်၊ ဖော်ပြလတ္တံ့မှာ အပဒါန်မှ လာ တဲ့ ဝတ္ထုဖြစ်၍ အပဒါန်လာ ဝတ္ထုများ၏ ထုံးစံအတိုင်း ရဟန္တာအရှင်များက သူတို့ တတွေ လာခဲ့တဲ့ ဖြည့်ခဲ့တဲ့ ပါရမီ လမ်းခရီးကို အဘိညာဏ်ဖြင့် ကိုယ်တိုင် သိမြင်ပြီး ဟော ကြားသော ဝတ္ထုများထဲမှ ဝတ္ထုဖြစ်ပါတယ်။

---

၁။ အပ၊ ၁၊ နှာ-၀၂-၄။

ဤ ဘဒ္ဒကမ္ဘာမှ ပြန်၍ ရေတွက်လျှင် လွန်ခဲ့သော ကမ္ဘာတသိန်းထက် အနောမဒဿီဗုဒ္ဓရားရှင်၏ သာသနာတော် ထွန်းကားရာ စန္ဒဝတီမြို့တော်မှာ စက္ကုနှစ်ကွင်း အလင်းမရ ဒုက္ခိတ ဖြစ်နေကြသော မိခင် ဘခင် ကျေးဇူးရှင် နှစ်ဦးကို အမြဲမပြတ် လုပ်ကျွေးသော အမျိုးကောင်းသားတဦးရှိခဲ့ပါတယ်၊ အဲဒီ အမျိုးကောင်းသားသည် ပင်ကိုယ်က ကျေးဇူးရှင် မိဘ နှစ်ဦးကို အမြဲမပြတ် ပြုစုလုပ်ကျွေးသော သူတော်ကောင်း စိတ်ဓာတ်အခံရှိသူဖြစ်၍ သူတော်ကောင်းပီသစွာ ဆိတ်ငြိမ်ရာ အရပ်မှာ တယောက်ထည်း ထိုင်ပြီးတော့ "ငါ့မှာ စက္ခုနှစ်ကွင်း အလင်းမရ ဒုက္ခိတဖြစ်နေကြတဲ့ မိဘ နှစ်ဦးကို အမြဲမပြတ် လုပ်ကျွေး နေရလို့ ရဟန်းအဖြစ်ကိုလည်း မရနိုင်ဘူး" လို့ စဉ်းစားပါတယ်။

ဒီ အမျိုးကောင်းသားသည် သူတော်ကောင်းပီပီ ကုသိုလ်များများရလိုတဲ့ ပုဂ္ဂိုလ်ဖြစ်လို့ 'ကုသိုလ်များများ ရနိုင်ရန် ရဟန်းဘဝကို စိတ်ကူးခြင်းပါဘဲ၊ ဒီ စိတ်ကူးဟာ မှန်ကန်သော စိတ်ကူးလဲဖြစ်ပါတယ်၊ မှန်ကန်သော စိတ်ကူးလို့ ဆိုရဒါကတော့ ဗုဒ္ဓရားရှင် ကိုယ်တိုင်က—

'သမ္ဗာဓော ဃရာဝါသော'[၁] လူ့ဘောင် လူ့ဘဝ ဆိုတာ ကုသိုလ်ရရန် အခွင့်အလမ်းနည်းပါး၍ ကျဉ်းမြောင်းတယ်။

'အဗ္ဘောကာသော ပဗ္ဗဇ္ဇာ'[၂] ရဟန်းဘဝသည်သာ ကုသိုလ်ရရန် အခွင့်အလမ်းသာတယ် ကျယ်ပြန့်တယ်' လို့ ဟောကြားခဲ့လို့ပါဘဲ။

အမျိုးကောင်းသားက ရဟန်းပြုရန် မလွယ်ကူတဲ့အတွက် မိမိဘဝကို တွေးပြီးနောက် လောကကြီးမှာ ရှိသမျှ သတ္တဝါတွေရဲ့ အခြေအနေကို ဆက်၍ "သတ္တဝါမှန်သမျှ မောဟ အမှောင်ကြီး၏ ပိတ်ဖုံးတားဆီးမှု ခံရပုံ၊ ရာဂ ဒေါသ မောဟ ဆိုတဲ့ မီးကြီး ၃-ပါး၏ လောင်ကျွမ်းမှုကို ခံရကြောင်း" ကိုလည်း စဉ်းစားမိပြန်ပါတယ်။

ဒီ နေရာမှာ ကြားဖြတ်၍ အမျိုးကောင်းသား၏ အခြေအနေကို အကဲဖြတ် စဉ်းစားလျှင် တော်တော် အဆင့်အတန်း မြင့်သော ဉာဏ်ရှိသူ ဖြစ်ကြောင်း သိနိုင်ပါတယ်၊ ဒါကြောင့်လဲ သာမည လူတို့ မမြင်ကြတဲ့ လောကရဲ့ အခြေအနေကို အမှန်အတိုင်း သိနိုင်ခြင်းဖြစ်ပါတယ်၊ အများအားဖြင့် သာယာဘွယ်လို့ မြင်ကြတဲ့ လောကကြီး၏ အတွင်းသဘောကို နက်နဲစွာ စဉ်းစားနိုင်သော အမျိုးကောင်းသားမို့ ဉာဏ်အဆင့်အတန်း မြင့်သော အမျိုးကောင်းသား တယောက်ဟု မှတ်ယူရပါမယ်။

လောကကြီး၏ သဘောမှန်ဖြစ်တဲ့ မောဟ အမှောင် ဖုံးလွှမ်းခံနေရကြောင်းနှင့် မီးကြီးသုံးခု လောင်နေကြောင်းကို အမှန်အတိုင်း မြင်ပြီးနောက် ဒါလောက် ကြောက်စရာကောင်းတဲ့ လောကကြီးထဲမှ ရုန်းထွက်ရန် မလွယ်ကူကြောင်း စဉ်းစားပြီးနောက် မလွယ်

---

၁-၂။ ဒီ၊ ၁၊ နှာ-၅၉။

တဲ့ လောကကြီးထဲမှ ရှန်းထွက်ရန် နည်းလမ်းအဖြစ် သရဏဂုံ ကို ထိန်းသိမ်းမယ်လို့ ဆုံးဖြတ်ချက် ချလိုက်ပါတယ်၊ ဆုံးဖြတ်ချက်ချပြီးနောက် အနောမ ဒဿီ ဗုဒ္ဓရှင်၏ လက်ျာတော်ရံ အဂ္ဂသာဝက နိသဘ မထေရ်မြတ်ထံ ချဉ်းကပ်၍ သရဏဂုံ ဆောက်တည်ခဲ့တယ်၊ ဆောက်တည်ပြီး နောက်လဲ တသက်လုံး မညှိုးမနွမ်းရလေအောင် ထိန်းသိမ်းခဲ့ပါတယ်၊ အဲဒီအချိန်က လူတို့ရဲ့ သက်တမ်းဟာ တသိန်းတမ်းဖြစ်လို့ အနှစ်တသိန်း ထိန်းသိမ်းခဲ့တယ်လို့ ဆိုရပါမယ်။

တဘဝလုံး မညှိုးနွမ်းရအောင် ထိန်းသိမ်းခဲ့တဲ့ သရဏဂုံကောင်းမှု အာစိဏ္ဏကံ အစွမ်းကြောင့် ကွယ်လွန်ပြီးနောက် တာဝတိံသာ နတ်ပြည်သို့ ရောက်ပါတယ်၊ တာဝတိံသာနတ်ပြည်မှ သက်တမ်းစေ့၍ လူ့ပြည်သို့ ပြန်လာတဲ့အခါမှာ ကုသိုလ်ကောင်းမှု၌ အမြဲမပြတ် တည်ကြည်သော စိတ်ထားရှိခဲ့တယ်လို့ မထေရ်က မိန့်မြွက်ထားပါတယ်။

ဒီ မိန့်ကြားချက် အရ သရဏဂုံကြောင့် ကုသိုလ်ကောင်းမှုဘက်၌ အမြဲမပြတ် တည်ကြည်သော စိတ်ထားရှိခြင်းဆိုတဲ့ အကျိုးတခုကို ကြည့်အုံးတော့ ဗုဒ္ဓဘာသာ သူတော်စင်များ အနေနှင့် အင်မတန် လိုလားနှစ်သက်အပ်တဲ့ အကျိုး, အားကိုးလောက်တဲ့ အကျိုး ဖြစ်တယ်လို့ ဆိုရပါမယ်၊ ဘာကြောင့်လဲဆိုတော့ သတ္တဝါများရဲ့ စိတ်ထားဟာ မကောင်းမှု၌ မွေ့လျော်တတ်လို့ပါဘဲ၊ မကောင်းမှု၌ မွေ့လျော်တဲ့ စိတ်ထားက မွေ့လျော်တဲ့ ပုဂ္ဂိုလ်ကို အပါယ်ဆင်းရဲသို့ ဆွဲချနိုင်၍ ကောင်းမှု၌ တည်ကြည် မွေ့လျော်တဲ့ စိတ်ထားက ကုသိုလ်ရှင်ကို သုဂတိဘုံ အဆင့်ဆင့်သို့ ပို့ဆောင်၍ နိဗ္ဗာန်အထိ အထောက်အကူ ပြုနိုင်လို့ပါဘဲ။

**သရဏဂုံ အကျိုး ၈-ပါး။** ။ဒီအကျိုးများအပြင် ရောက်လေရာ ဘဝတိုင်းမှာ ချမ်းသာကြောင်းဖြစ်တဲ့ အကျိုး (၈) မျိုး ရနိုင်ကြောင်းကိုလည်း ဆက်၍ မထေရ်မြတ်က အမိန့်ရှိပါတယ်။ ဒီ အကျိုး(၈)မျိုးက—

၁။ အရပ်မျက်နှာတိုင်းက အပူဇော်ခံရခြင်း၊

၂။ ဉာဏ်ပညာ ထက်မြက်ခြင်း၊

၃။ နတ်အားလုံးက သရဏဂုံ ဆောက်တည်သူ၏ အလိုကြ ဆောင်ရွက်ပေးရခြင်း၊

၄။ မနိုင်းယှဉ် မရေမတွက်နိုင်အောင် များပြားသော စည်းစိမ် ဥစ္စာတွေကို ရခဲ့ခြင်း၊

၅။ ရွှေအဆင်းတမျှ အလွန်လှပခြင်း၊

၆။ လူအများ၏ နှစ်သက်မှု ခံရခြင်း၊

၇။ မိတ်ဆွေများ မပျက်မပြယ် တည်တံ့ ခိုင်မြဲခြင်း၊

၈။ ကျော်စောမှု ဂုဏ်သတင်းကလည်း ပြန့်နှံ့၍ တက်ခြင်း တို့ပါဘဲ။

* အရပ်တိုင်းက၊ ပူဇော်ကြ၊ ဉာဏ်က ထက်မြက်သည်၊
နတ်အားလုံးက၊ လိုလိုက်ကြ၊ ဓန မောက်ဖွိုးသည်၊
ရွှေဆင်းတမျှ၊ အလှန်လှ၊ မြင်သမျှ ချစ်ကြသည်၊

* မိတ်ဆွေမှန်သမျှ၊ ခိုင်မြဲလှ၊ ယသ လျှံတက်သည်၊
ဘဝတိုင်းသာ၊ ဤရှစ်ဖြာ၊ မှန်စွာ ရခဲ့သည်။

ဒီအကျိုးများအပြင် သရဏဂုံကောင်းမှု၏ အကျိုးအဖြစ် နတ်ပြည်မှာ နတ်တို့ သေဌ်နင်း သိကြားမင်းအဖြစ်ဖြင့် နတ်သမီးများစွာ ခြံရံ၍ နတ်စည်းစိမ်ချမ်းသာ ခံစားခဲ့ရတဲ့ ဘဝပေါင်းက အကြိမ်(၈၀)၊ လူ့ပြည်မှာ တမြေပြင်လုံးကို အုပ်စိုးနိုင်တဲ့ စကြာမင်းအဖြစ်က (၇၅)ကြိမ်၊ တပြည်ထောင် နှစ်ပြည်ထောင်လောက် အုပ်စိုးတဲ့ ပဒေသရာဇ်မင်းအဖြစ်ကတော့ များလွန်းလို့ အရေအတွက်ကိုတောင် မပြောပြနိုင်ဘူးလို့ မထေရ်မြတ်က အမိန့်ရှိထားပါတယ်။

* တာဝတိံသ ဝယ်၊ ကြိမ်ရှစ်ဆယ်၊ တင့်တယ် သိကြားဖြစ်ရသည်။
ခုနစ်ဆယ့်ငါးကြိမ်၊ လူ့စည်းစိမ်၊ ထိန်လှ စကြာဖြစ်ရသည်။

နောက်ဆုံး ကျွတ်တန်းဝင် ဘဝရောက်တဲ့ အခါမှာကျတော့လဲ သာဝတ္ထိမြို့တော်မှာ အလွန်ကြွယ်ဝသော ဆွေကြီး မျိုးကြီးထဲမှာဖြစ်ရ၍ ကောင်းမှုကုသိုလ်၌ တည်တံ့သော စိတ်ထားရှိသော အမျိုးကောင်းသား ဖြစ်ရပါတယ်။

ဒီ နောက်ဆုံးဘဝမှာ မြို့မှထွက်၍ ခလေးငယ်အပေါင်းတစုနှင့် ပျော်ပျော်ပါးပါး ဆော့ကစားရင်းဘဲ ကျောင်းတော်သို့ ရောက် လာ ခဲ့ ပါ တယ်၊ ကျောင်း တော် ရောက် ပြီး နောက် ရဟန္တာအရှင်မြတ် တပါးကို ဖူးတွေ့ရ၊ ထိုရဟန္တာအရှင်မြတ်၏ တရားကို နာယူပြီး နောက် ထိုရဟန္တာအရှင်မြတ်ထံမှာပင် သရဏဂုံ ဆောက်တည်ပါတယ်၊ ဒီသရဏဂုံ ဆောက်တည်ချိန်မှာဘဲ လွန်ခဲ့သော ကမ္ဘာတသိန်းထက်က ထိန်းသိမ်းခဲ့တဲ့ သရဏဂုံ ကောင်းမှုက သူ၏ စိတ်အစဉ်မှာ ပေါ်ထင်လာပါတယ်၊ ရှေးက ထိန်းသိမ်းခဲ့တဲ့ သရဏဂုံ၏ ကျေးဇူးပြုမှုကြောင့် အဲဒီ တထိုင်ထဲမှာဘဲ ရဟန္တာ အဖြစ်သို့ ရောက်ခဲ့တယ်၊ ရဟန္တာဖြစ်ချိန်မှာ ခုနစ်နှစ်သာ ရှိပါသေးတယ်၊ ဗုဒ္ဓရှင်က သူ၏ အရဟတ္တဖိုလ်ဂုဏ်ကိုသိ၍ ရဟန်းပြုပေးခဲ့ကြောင်း မထေရ်မြတ်က အမိန့်ရှိပါတယ်၊ မထေရ်မြတ်က ဆက်၍ လွန်ခဲ့သော ကမ္ဘာတသိန်းထက်က သရဏဂုံကို ထိန်းသိမ်းခဲ့တဲ့ ကောင်းမှုကြောင့် အခြံအရံ စည်းစိမ်များစွာ ခံစား၍ အရဟတ္တဖိုလ်ကို ပဋိသမ္ဘိဒါ၊ ဝိမောက္ခ၊ အဘိညာဏ်၊ တည်းဟူသော ဂုဏ်ထူးဝိသေသ များနှင့် ရောက်ခဲ့ရကြောင်း ကမ္ဘာတသိန်းလုံးလုံး ဒုဂ္ဂတိဘဝသို့ လုံးဝ မရောက်ခဲ့ရကြောင်းကို ဆက်၍ မိန့်မြွက်ထားပါတယ်။

✱ ငှ,တိ,ပြိတ်,ကာယ်၊ ပါယ်လေးသွယ်၊ တကယ်မကျသည်၊
အမျိုးကောင်းယောကျ်ား၊ ဇနီးများနှင့်၊ သမီးသားတို့၊
သုံးပါးသရဏဂုံ၊ ငါးစုံသီလ၊ ဆောက်တည်ကြလျှင်၊ စူဠသောတာ၊
တူလှစွာကြောင့်၊ ချမ်းသာကင်းပ၊ ပါယ်လေးဝသို့၊ မကျရောက်ဘဲ၊
ဂတိမြဲသည်... မှတ်စွဲကျမ်းဝယ် မိန့်သတည်း။

၎င်းနောက် မထေရ်မြတ်က ကိုယ်တိုင် သံသရာမှာ ချမ်းချမ်း သာသာ ကျင်လည် ခဲ့ရ နောက်ဆုံးဘဝမှာလဲ လွယ်ကူချမ်းသာစွာ အရဟတ္တဖိုလ် ရသလို ချမ်းသာစေလိုသော စိတ်ထားဖြင့် တိုက်တွန်းသော အောက်ပါ ဂါထာများကို ဆက်၍ ဟောကြားပါတယ်။

ဗုဒ္ဓေါ လောကေ သမုပ္ပန္နော၊ ဝတ္တတေ ဇိနသာသနံ။
အမတာ ဝါဒိတာ ဘေရီ၊ သောကသလ္လဝိနောဒနာ ၁။

ဘောန္တော၊ သူတော်စိတ်ဓာတ် ကိန်းဝပ်ကြငြား အိုဒါယကာ ဒါယိကာမ အများ တို့။ လောကေ၊ ငါတို့နေထိုင်ရာ ဤကမ္ဘာလောကကြီး အတွင်း၌။ ဗုဒ္ဓေါ၊ အမြတ်ထိပ်တင် ဗုဒ္ဓဘုရားရှင်သည်။ သမုပ္ပန္နော၊ ပွင့်ထွန်း ပေါ်ပေါက်နေပေပြီ။ ဇိနသာသနံ၊ ဗုဒ္ဓဘုရားမြတ်စွာ သာသနာ၏ အရောင်အဝါသည်။ ဝတ္တတေ၊ တရွှန်းရွှန်းတဝေဝေ ထွန်းလင်း၍ နေလေ ကြပြီ။ သောကသလ္လဝိနောဒနာ၊ သောက ညစ်ဆိုး ငြောင့်တန်မျိုးကို ပယ်ချိုး နုတ်ပယ် ကြောင်းဖြစ်သော။ အမတာ ဘေရီ၊ မသေရာမှန် မြတ်နိဗ္ဗာန်သို့ ကေန်ပို့မည့် တရားတည်း ဟူသော စည်တော်ကြီးကို။ ဝါဒိတာ၊ ကရုဏာရှေ့ထား ဉာဏ်တော်အားဖြင့် ဟောကြား တီးခတ်တော် မူခဲ့ချေပြီ။

ယထာသကေန ထာမေန၊ ပုညက္ခေတ္တေ အနုတ္တရေ။
အဓိကာရံ ကရေယျာထ၊ ပဿယိဿထ နိဗ္ဗုတိံ ၂။

ဘောန္တော၊ သူတော်စိတ်ဓာတ် ကိန်းဝပ်ကြငြား အိုဒါယကာ ဒါယိကာမ အများ တို့။ တုမှေ၊ ဒကာ ဒကာမ အပေါင်း သင်သူတော်ကောင်းတို့သည်။ အနုတ္တရေ ပုညက္ခေတ္တေ၊ ကုသိုလ်ကောင်းမှု မျိုးစေ့စု၏ ကြီးထုမြင့်မား ဖွင့်ထွားစေရာ သာသနာမို့ ယှဉ်လာလျှင် ယှဉ်လာသူ ရှုံးရစေမည့် အမြတ်ဆုံး တုမရှိ ဒိုဗ္ဗဘုရားရှင်၏ သာသနာတော် တည်းဟူသော လယ်ယာမြေကြီး အတွင်း၌။ ယထာသကေန ထာမေန၊ မိမိ စွမ်းအား ရှိသည်များဖြင့် (ဝါ) ဓနဉာဏ သဒ္ဓါစသား စွမ်းအားများဖြင့်။ အဓိကာရံ၊ အလွန်ပြုအပ်

၁-၂။ အပ၊ ၁။ နှာ-၈၄။

ကောင်းမှုမြတ်ကို။ ကရေယျာထ၊ ယခုကစ၍ ပြုကြကုန်လော။ (တေန၊ ထိုထိုကောင်းမှုမြတ်အစုကြောင့်) နိဗ္ဗုတိံ၊ အေးငြိမ်းရာမှန် မြတ်နိဗ္ဗာန်ကို။ ပဿယိဿထ၊ ဗရားစသားသူတော်များတို့ မခြားတမူ အလားတူပင် သိမြင်နိုင်ကြပါလိမ့်လတ္တံ့။

ပဂ္ဂယှ တီဏိ သရဏေ၊ ပဉ္စသီလာနိ ဂေါပိယ။
ဗုဒ္ဓေ စိတ္တံ ပသာဒေတွာ၊ ဒုက္ခဿန္တံ ကရိဿထ။
သမ္မာ ဓမ္မံ ဘာဝိတွာန၊ သီလာနိ ပရိဂေါပိယ။
အ စိရံ အရဟတ္တံ ဝေါ၊ သဗ္ဗေပိ ပါပုဏိဿထ[၁]။

ဘောန္တော၊ သူတော်စိတ်ဓာတ် ကိန်းဝပ်ကြငြား အိုဒကာ ဒကာမ အများတို့။ တုမှေ၊ သူတော်စိတ်ဓာတ် ကိန်းဝပ်ခိုအောင်း သင်သူတော်ကောင်းတို့သည်။ တီဏိသရဏေ၊ ဗရား တရား သံဃာ အားဖြင့် သုံးပါးအစုံ မြတ်သရဏဂုံတို့ကို။ ပဂ္ဂယှ၊ မညိုး မနွမ်း ပွင့်သစ်ပန်းသို့ ရွှင်လန်း ကြည်ကြည် ကျင့်ဆောက်တည်၍။ (ဝါ) မညိုးမနွမ်း ပွင့်သစ်ပန်းသို့ ရွှင်လန်း ကြည်ကြည် ကျင့်ဆောက်တည်ခြင်းကြောင့်။ ပဉ္စသီလာနိ၊ ဂရုဓမ္မ နိစ္စခေါ်အပ် ငါးပါးသော သီလတော်မြတ်တို့ကို။ ဂေါပိယ၊ မကျိုးမပေါက် မကျားပြောက်ရအောင် ထိန်းသိမ်းစောင့်ရှောက်ပြီး၍။ (ဝါ) မကျိုးမပေါက် မကျားပြောက်ရအောင် ထိန်းသိမ်းစောင့်ရှောက်ခြင်းကြောင့်။ ဗုဒ္ဓေ၊ အမြတ်ထိပ်တင် ဗရားရှင်၌။ စိတ္တံ၊ ဂုဏ်တော်အာရုံကောင်းစွာ ထုံ၍ မှိဝဲစွဲသုံး စိတ်နှလုံးတည်းဟူသော ကြာပန်းကို။ ပသာဒေတွာ၊ သဒ္ဓါကြည်လင် မြတ်ရေစင်ဖြင့် အစဉ်ပက်ဖြန်း ရွှင်လန်းစေပြီး၍။ (ဝါ) သဒ္ဓါ ကြည်လင် မြတ်ရေစင်ဖြင့် အစဉ်ပက်ဖြန်း ရွှင်လန်းစေခြင်းကြောင့်။ ဒုက္ခဿန္တံ၊ သံသရာဆိုး ဒုက္ခမျိုး၏ ကုန်ဆုံးရာမှန် မြတ်နိဗ္ဗာန်ကို။ ကရိဿထ၊ သရဏဂုံ သီလ ဆောက်တည်ကြ၍ ဗုဒ္ဓအာရုံ စိတ်ဝယ်ထုံငြား ကောင်းမှုများဖြင့် ပြုနိုင်ကြပါကုန်လိမ့်မည်။

ဘောန္တော၊ သူတော်စိတ်ဓာတ် ကိန်းဝပ်ကြငြား အိုဒကာ ဒကာမ အများတို့။ သမ္မာ၊ ကောင်းမွန်လှစွာ၊ ဓမ္မံ၊ သရဏဂုံစသား မြတ်တရားကို။ ဘာဝိတွာန၊ ထိန်းသိမ်းသောအား ပွားများကြပြီး၍။ သီလာနိ၊ ဂရုဓမ္မ နိစ္စခေါ်အပ် ငါးပါးသော သီလတော်မြတ်တို့ကို။ ပရိဂေါပိယ၊ မကျိုးမပေါက် မကျား ပြောက်ရအောင် ထိန်းသိမ်း စောင့်ရှောက်ပြီး၍။ (ဝါ) မကျိုး မပေါက် မကျားပြောက်ရအောင် ထိန်းသိမ်းစောင့်ရှောက်ခြင်းကြောင့်။ သဗ္ဗေပိ၊ ကြွင်းမဲ့ဥဿုံ အလုံးစုံလည်း ဖြစ်ကုန်သော။ ဝေါ၊ သူတော် စိတ်ဓာတ် ကိန်းဝပ်ခိုအောင်း သင် သူတော်ကောင်းတို့သည်။ အရဟတ္တံ၊ ဘဝဆုံးသတ် အရဟတ္တဖိုလ်မြတ်သို့။ အ စိရံ၊ မကြာမတင် ဆောလျင်စွာ။ ပါပုဏိဿထ၊ ကေန် ထုတ်ချောက် ရောက်နိုင် ကြပေကုန်တော့သတည်း။ ။

၁။ အပ၊ ၁။ ၃၁-၈၄။

အမှာ။ ။ကျွန်ုပ်ထူး၌ ပါဠိတော်နှင့် အဋ္ဌကထာ မတွေ့တတ်ပါ၊ အဋ္ဌကထာ၌ လွန်ခဲ့သော ကိုးဆယ့် တကမ္ဘာထက် ဝိပဿီဗုဒ္ဓရှင် လက်ထက်ဟု ဆိုပါသည်။

သို့သော်

"နိဿဘော နာမ သမဏော၊ဗုဒ္ဓဿ အဂ္ဂသာဝကော" စသော ဂါထာများကို ထောက်၍ လွန်ခဲ့သော ကမ္ဘာတသိန်းထက် အနောမဒဿီ ဗုဒ္ဓလက်ထက် ဟု ရေးသားထားပါသည်။ ။

တိသရဏဂမနိယမထေရ်ဝတ္ထု ပြီး၏။

# ငါးပါးသီလ အကျိုး အပြစ်များ

ဤပါဏာတိပါတ သူ့သက်သတ်ခြင်း အစရှိသော ကံငါးပါး၌ ဆိုင်ရာအပြစ်တို့ကို ဝတ္ထုသာဓက လက်ာနှင့် တကွ ထုတ်ပြ ပေအံ့

## ငါးဆယ့် ငါးနှစ်ကာလ နန္ဒ နွားသတ်သမား အကြောင်း

သာဝတ္ထိပြည် နန္ဒ နွားသတ် သမားသည် နွားသား အမဲနှင့် ကင်း၍ ထမင်းတနပ်မျှ စားလို့မဖြစ် ငါးဆယ့်ငါးနှစ် ကာလမျှ နွားသတ်၍ အသက်မွေး၏၊ တနေ့သောအခါ စားဘို့ ရာ ထားသော အမဲသားကို သူတပါး ယူဆောင်သွားသဖြင့် နွားခြံ၏ အတွင်း၌ ရှိသော နွားတကောင်၏ လျှာကို အရင်းမှဖြတ်၍ မယားအား"ကင်လေ"ဟု ပေးအပ်လိုက်၏၊ လျှာ ဖြတ်ခံရသော နွားသည် ချာချာလည်ပြီး သွေးချောင်းစီးကာ ကြီးစွာဟစ်အော်၏၊ နန္ဒ နွားသတ်သမား ငမိုက်သားလည်း နွားလျှာကင်ကို လျှာသို့ တင်လျှင် တင်ခြင်း လျှာရင်း ပြတ်ကျ၍ နွားကဲ့သို့ ဟစ်အော် သေဆုံးရသဖြင့် အဝီစိ ငရဲကြီးသို့ ကျရလေ၏။ (ဤကား အကြိမ်များစွာ သတ်၍ ခံရသော အပြစ်ပေတည်း) ဓမ္မပဒ အဋ္ဌကထာ ဒု-တွဲ၊ နှာ-၂၁၃။

## တကြိမ် သတ်ရုံမျှဖြင့် ခံရသော အပြစ်

ဓမ္မဒိန္နာ ထေရီမ အလောင်း အမျိုးကောင်းသမီးသည် ဗာရာဏသီ ပြည်တွင် သူဆင်းရဲမ ဘဝ၌ ဖြစ်စဉ် အိမ်သို့ဝင်လာသော ညီ့သည်ကို ကျွေးမွေးရန် ဆိတ်မတကောင်ကို လည်ပင်းဖြတ် သတ်ခဲ့မိ၏၊ ထိုအကုသိုလ် မကောင်းမှု ကံကြောင့် ငရဲမှာ ကာလ ကြာမြင့်စွာ ခံခဲ့ရပြီးလျှင် – ဆိတ်၏ အမွေး အရေအတွက်နှင့်အမျှ လည်ပင်းဖြတ် အသတ်ခံခဲ့ရ၏၊ ဤနောက်ဆုံးဘဝ၌ကား အသတ်မခံရ အရဟတ္တဖိုလ်ပေါက် နိဗ္ဗာန်သို့ ရောက်လေ၏။

တရာ့တပါးသော မင်း, မိဖုရားများကို သတ်မည်ပြုနေသော ဗာရာဏသီ မင်းအား ဓမ္မဒိန္နာထေရီမက ကိုယ်တွေ့ သက်သေပြ၍ ဟောကြားသဖြင့် မသတ်ဖြစ်တော့ချေ။ (ဤကား တကြိမ်မျှ ပြုသောကြောင့် ခံရသော အပြစ်ပေတည်း [၁])

**မှတ်ချက်။** ။ဆိုအပ်ပြီးကို ထောက်ဆ လွန်ကြောက်ကြလျက် နောက်ကာလ၌ ပါဏာတိပါတကံ တရံတဆစ်မျှ မဖြစ်ကြစေဘဲ အမြဲရှောင်လွှဲကြရာ၏။

✱ ဘဝထိုထို၊ သူတပါးကို၊ မသတ်ရပါလို့။
မိမိအားလည်း၊ သူတပါးတို့ မသတ်နိုင်ပါစေသတည်း။ ဤသို့လည်း –
ဆုတောင်းသင့်၏။

---

၁။ ဓမ္မပဒ၊ ဋ္ဌ၊ ဒု-တွဲ၊ နှာ-၂၉၁-၂။

သတ်မှုအပြစ် လင်္ကာ။ ❋ ပါဏာတိပါတ်၊ သူ့သက်သတ်က၊ ချို့လတ်အင်္ဂါ၊ မွဲပြာ ရုပ်သွင်၊ အားအင်ယိုယွင်း၊ လျင်ခြင်းလည်းဝေး၊ ဘေးကို ကြောက်တတ်၊ အသတ်ခံရာ၊ အနာများလျက်၊ ခြွေရံပျက်၍၊ အသက်တိုလျ၊ ပြစ်များစွ၏။

## သူ့သက်သတ်ခြင်းမှ ရှောင်ကြဉ်မှုကြောင့် ရရှိသောအကျိုးများ

၁။ အင်္ဂါကြီးငယ်နှင့် ပြည့်စုံရခြင်း၊
၂။ လုံးရပ်သဏ္ဌာန်နှင့် ပြည့်စုံခြင်း၊
၃။ လျင်မြန်ခြင်းအားနှင့် ပြည့်စုံခြင်း၊
၄။ အညီအညွတ် ကောင်းစွာထိသော ခြေရှိခြင်း၊
၅။ သနားဘွယ်ရှိခြင်း၊
၆။ သိမ်မွေ့နူးညံ့ခြင်း၊
၇။ သန့်ရှင်းစင်ကြယ်ခြင်း၊
၈။ ရဲရင့်ခြင်း၊
၉။ ခွန်အားဗလ ကြီးရခြင်း၊
၁၀။ ရှုံကြောက်ခြင်းကင်းသဖြင့် ပကတိ သန့်ရှင်း ပြေပြစ်သော စကားရှိရခြင်း၊
၁၁။ မပြိုမကွဲသော ပရိသတ်ရှိရခြင်း၊
၁၂။ ကိုယ်လက်ခက်ထန်မှု မရှိရခြင်း၊
၁၃။ မပျက်စီးနိုင်ရခြင်း၊
၁၄။ သူတပါး လုံ့လဖြင့် မသေရခြင်း၊
၁၅။ အဆုံးမရှိ အတိုင်းမသိ များသော အခြံအရံ ရှိရခြင်း၊
၁၆။ ကောင်းသော အဆင်းရှိရခြင်း၊
၁၇။ ကောင်းသောသဏ္ဌာန် ရှိရခြင်း၊
၁၈။ နည်းသော အနာရှိရခြင်း၊
၁၉။ စိုးရိမ်ကြောင့်ကြ ကင်းရခြင်း၊
၂၀။ လူဝပ်သိမ်းတို့ ချစ်မြတ်နိုးခံရခြင်း၊
၂၁။ ချစ်မြတ်နိုးအပ် နှစ်လိုအပ်ကုန်သော သူတို့နှင့် မကွေမကွင်းရခြင်း၊
၂၂။ အသက်ရှည်ခြင်း အစရှိကုန်သော အကျိုးများကို ရရှိခံစားရကုန်၏။

* သူ့သက်မသတ်၊ ရလတ်အကျိုး၊ အမျိုးမျိုးမှာ၊
အင်္ဂါလုံးရပ်၊ ဖြတ်လတ်လျင်စွာ၊ ကြင်နာသနား၊
ခြေများညီပေ့၊ သိမ်မွေ့သန့်ရှင်း၊ ရဲတင်းခွန်အား၊
စကားရှိကြောက်၊ ကင်းပျောက်မကွဲ၊ မြဲပရိသတ်၊
ဆမ္ဘိတတ်ကင်း၊ သူခပ်သိမ်းချစ်၊ များလစ်ခြံရံ၊
တဖန်မပျက်၊ များသက်ချက်ဖြင့်၊ သက်မသေရ၊
လှပအဆင်း၊ ကောင်းခြင်းသဏ္ဌာန်၊ နည်းပြန်အနာ၊
ကင်းကွာသောက၊ ချစ်ကြချင်းချင်း၊ ကွေကွင်းမဲ့ငြား၊
ရှည်လျားအသက်၊ အကျိုးဆက်သည်၊ သူ့သက်မသတ် ရှောင်ကျိုးတည်း။

## သူ့ဥစ္စာကို ခိုးသောအပြစ်

ကာသိမည်သော တိုင်းပြည်၌ ကိုးဆယ့်နှစ်ကမ္ဘာ ဖုဿ ဗုဒ္ဓရှင်၏ လက်ထက်တော်မှာ ထိုဗုဒ္ဓ၏ ညီတော် သုံးယောက်တို့သည် ကြီးကျယ်လှသော အဆောက်အဦတို့ကို ဆောက်လုပ်၍ ဖုဿ ဗုဒ္ဓအမှူးရှိသော သံဃာအား လှူဒါန်းလျက် နိယုတ္တက အမတ်ကို ဝါတွင်းသုံးလ ကာလပတ်လုံး တသိန်းနှစ်သောင်းသော လူအပေါင်းတို့ကို ဦးစီးစေလျက် ကြီးကြပ်လုပ်ကျွေးစေ၏၊ ထိုလူအပေါင်းတို့တွင် နိယုတ္တက အမတ် ဘဏ္ဍာစိုး လင်မယားတို့နှင့် သုံးသောင်း ခြောက်ထောင်သော လူအပေါင်းတို့မှာ သဒ္ဓါကြည်ဖြူ ကပ်လှူလုပ်ကျွေးကြကုန်၏၊ ကြွင်း ရှစ်သောင်း လေးထောင်သော လူတို့ကား မြတ်စွာဗုဒ္ဓနှင့်တကွ သံဃာတော်တို့၏ ဥစ္စာဖြစ်သော-ဆီ၊ ဆန်၊ ထောပတ် အစရှိသော ပစ္စည်းတို့ကို ခိုးယူ သုံးစွဲကြကုန်၏၊ ပြီးလျှင် လှောင်ထားရာ ကျီတိုက်တာ အဆောက်အဦတို့ကို မီးရှို့ ဖျက်ဆီး ကြကုန်၏၊ ထို ခိုးယူသုံးစွဲသော များစွာသော သူတို့သည် ကိုးဆယ့်နှစ်ကမ္ဘာ ငရဲမှာ ဆင်းရဲစွာ ဆက်ကာဆက်ကာ ခံခဲ့ကြရကုန်ပြီးမှ ဤဘဒ္ဒကမ္ဘာ၌ အဝတ်မပါ ဗလာချည်းနှီး ဆင်းရဲကြီးစွာ ခုပ္ပိပါသ ထမင်း ရေစာ ငတ်မွတ်လှသော ပြိတ္တာများဖြစ်ကြ၍ ဗုဒ္ဓလေးဆူတို့၏ အကြား၌ ကြီးမားလှစွာသော ဒုက္ခ ဝေဒနာကို ခံစားပြီးမှ ယခု-ဘုန်းကြီးတို့ ဗုဒ္ဓလက်ထက် ရာဇဂြိုဟ်ပြည်တွင် ဘုရင်ဗိမ္ဗိသာရ မင်းကြီးသည် ဗုဒ္ဓအမှူးရှိသော ငါးရာသော သံဃာတော်မြတ်တို့အား အလှူကြီးပေး၍ အမျှတန်းဝေသောအခါ အနုမောဒနာပြု သာဓုခေါ်ကာ အမျှရကြပြီး ထို ပြိတ္တာဘဝမှ လွတ်မြောက်ကြရကြောင်း တိရောကုဋ္ဋ သုတ်၌ လာရှိသည်။

* အံအဲစွာမြို့၊ ပြိတ္တာတို့ကား၊ မည်သို့ခြင်းရာ၊ မတူသာခဲ့၊
ပမာနည်းထုံး၊ ဆိုးဘွယ်ဆုံးမှ၊ နှစ်သုံးလေးငါး၊ ဗုဒ္ဓရှင်တော်၊
ပွင့်ငြားသော်လည်း၊ ကျွတ်သော်ဝေးလံ၊ နံသည်မတား၊
လျှာဖျားဆွတ်လောက်၊ ရေမိုးပေါက်မျှ၊ မသောက်ရတွန်၊ ပူဆာထန်၏။

မှတ်ချက်။ ။ယခုအခါ ပညာရှင် သူဟော်စင်တို့မှာ ချမ်းသာကင်းမြဲ ဆင်းရဲ ငတ်မွတ် ပါယ်ရပ်လားကြောင်း မကောင်းမှုမှာ အာဒိန္နာဒါန် ကံကို တရံတဆစ်မျှ မဖြစ်စေမိဘို့ သတိပြုကြရာ၏။

ဘဝထိုထို သူ့ဥစ္စာကို မခိုးရပါလို့ မိမိဥစ္စာကိုလည်း ကိုယ်မပေးလျှင် ချည်တမျှင်မျှ မခိုးဝှက်နိုင်ပါစေသတည်း ဟု ဆုလည်းတောင်းသင့်၏။

× × × ×

ခိုးမှုအပြစ် လင်္ကာ။ ႈ သူများဥစ္စာ၊ ခိုးမိပါမူ၊ ဥစ္စာနည်းမွဲ၊ ဆင်းရဲငတ်ထ၊
လိုမရနှင့်၊ ဘောဂပျက်စီး၊ ရေမီးသူခိုး၊ မွေခံဆိုးနှင့်၊
မင်းဆိုးအပြား၊ရန်မျိုးငါးကြောင့်၊ပျက်ပြားဥစ္စာ၊ပြစ်များစွာ၏။

## သူ့ဥစ္စာ ခိုးယူခြင်းမှ ရှောင်ကြဉ်မှုကြောင့် ရရှိသောအကျိုးများ

၁။ များသော ဥစ္စာရှိသူဖြစ်ရခြင်း၊

၂။ များသောဥစ္စာစပါး ရှိသူဖြစ်ရခြင်း၊

၃။ အဆုံးမရှိ အတိုင်းမသိသော စည်းစိမ်ရှိသူဖြစ်ရခြင်း၊

၄။ မဖြစ်သေးသော စည်းစိမ်ဥစ္စာ ဖြစ်ပေါ်လာရခြင်း၊

၅။ ဖြစ်ပြီးသော စည်းစိမ်ဥစ္စာ၏ မြဲမြံစွာ တည်သည်၏အဖြစ်ကို ရရှိခြင်း၊

၆။ အလိုရှိအပ်ကုန်သော စည်းစိမ်ချမ်းသာတို့ကို လျင်မြန်စွာ ရလွယ်ခြင်း၊

၇။ ရေ မီး မင်း ခိုးသူ မချစ် မနှစ်လိုသော အမွေခံတို့နှင့် မဆက်ဆံသော စည်းစိမ်ရှိသည်၏ အဖြစ်ကို ရရှိခြင်း၊

၈။ သူတပါးတို့နှင့် မဆက်ဆံသော စည်းစိမ် ဥစ္စာတို့ကို ရရှိခြင်း၊

၉။ လူအပေါင်းတို့ထက် မြတ်သောသူ ဖြစ်ရခြင်း၊

၁၀။ မရှိသည်၏အဖြစ်ကို မကြားရခြင်း၊

၁၁။ မသိသည်၏ အဖြစ်ကို မကြားရခြင်း၊

၁၂။ ချမ်းသာစွာ နေရခြင်း အစရှိသော အကျိုးများကို ရရှိခံစားရကုန်၏။

* မခိုးသူ့ဟာ၊ ရလာအကျိုး၊ အမျိုးမျိုးမှာ၊
ဥစ္စာစပါး၊ များပြားစည်းစိမ်၊
ကောက်မိမပြုန်း၊ မဆုံးနိုင်ပ၊ မဖြစ်ကြသေး၊

စည်းစိမ်လေးလဲ၊ ဖြစ်ရေးတဖြာ၊
ဖြစ်လာစည်းစိမ်၊ တည်ငြိမ်မြဲလှ၊ လိုတရလွယ်၊
ရန်ဝယ်ငါးမျိုး၊ ဘေးဆိုးများဘက်
မဆက်ဆံဘိ၊ စည်းစိမ်ရှိတည်း၊
တနည်းအများ၊ မတူခြားသည့်၊
များပြားဥစ္စာ၊ ရရှိလာသည်၊
များစွာလူထက်၊ မြတ်ထက်မြတ်၏၊
မရှိမသိ၊ မကြားဘိပါ၊
ချမ်းသာစွာပ၊ နေရတသက်၊
အကျိုးဆက်သည်၊ ခိုးဝှက်မပြု
ရှောင်ကျိုးတည်း။

## မိစ္ဆာစာရ ကံအပြစ်

**မိစ္ဆာစာရကံပြု သူဌေးသားလေးယောက်**[၁]။ ။ဗာရာဏသီပြည် ကဿပဗုဒ္ဓ သာသနာ၌ ကုဋေလေးဆယ်မျှ ကြွယ်ဝသော သူဌေးသား လေးယောက်တို့သည် ကုသိုလ်ကောင်းမှု မပြုကြဘဲ သူတပါး မယားကိုသာ များစွာ ဥစ္စာပေး၍ အသက်ရှည်သမျှ ကြူးလွန်ပျော်ပါးကြကုန်၏၊ ဤအကုသိုလ်ကံကြောင့် ထိုသူလေးယောက်တို့သည် မဟာအဝီစိ ငရဲကြီး၌ ဤမြေကြီး တယူဇနာနှင့် သုံးဂါဝုတ် အပေါ်သို့တက်အောင် ရှည်မြင့်စွာ ခံရပြီးမှ လောဟကုမ္ဘီ ကြေးနီ သံအိုး ငရဲတွင် ဦးခေါင်းစောက်ထိုးကျ၍ ပွက်ဆဲသော ယာဂုအိုး၌ ငုပ်လျှိုးသော ဆန်လုံးကဲ့သို့ အနှစ်သုံးသောင်း နစ်မြုပ်ပြီးမှ တဖန် အနှစ်သုံးသောင်း ကာလကြာ တက်ရသဖြင့် အိုးဝသို့ ရောက်ရှိသည့် ကာလ မိမိတို့အချင်းချင်း မှားယွင်းခဲ့ကြပုံကို ပြောဆိုကုန်သဖြင့်၊ ဒု-သ-န-သော အက္ခရာ တလုံးစီ ရွတ်မိလျှင် ပြောလိုသော အဓိပ္ပါယ် ဂါထာ မပြီးဆုံးမီ တဖန် ငရဲ၌ ငုပ်မြဲငုပ်ကြရလေ၏။

ဒု-သ-န-သော ဟု ရွတ်ဆိုသော အသံကြီး လေးသံကို ဗုဒ္ဓထံသို့ သွားရောက်ပြီး ကောသလမင်းကြီးက လျှောက်ထားရာ—

**ဒု-အက္ခရာအတွက်-**

၁။ ဒုဇ္ဇီဝိတ မဇီဝိမှ၊ ယေသံ နော[၂] န ဒဒမှ သေ။
ဝိဇ္ဇမာနေသု ဘောဂေသု၊ ဒီပံ နာ ကမှ အတ္တနော[၁]။

---

၁။ ဇာတကပါဠိ၊ ပ-တွဲ၊ နှာ-၁၀၀။ ဓမ္မပဒ၊ ဌ၊ ပ-တွဲ၊ နှာ-၂၇၄-၈။
၂။ ဆဋ္ဌမူ၌ ယေ သန္တေ-ဟု ရှိသည်။

ဤသို့ ဒု-တလုံးမျှသာ ပြောနိုင်၍ ငရဲ၌ နှစ်မြုပ်ရပြန်၏။

မြန်မာပြန်ကား - အချင်းတို့ ငါတို့သည် ပစ္စည်း ဥစ္စာ ပြည့်စုံကုန်ပါလျက် မပေးလှူ မိကုန်၊ မိမိတို့ အားကိုးရာ ကျွန်းပမာဏ ကုသိုလ်ကိုလည်း မပြုမိကြကုန်၊ ငါတို့ အမှား ဘက်၌ အသက်မွေးမိကြကုန်၏၊ ဤကား ဒု-အက္ခရာအရ အကျယ်တည်း။

သ-အက္ခရာအတွက်-

၂။ သဋ္ဌိ ဝဿ သဟဿာနိ၊ ပရိပုဏ္ဏာနိ သဗ္ဗသော။
နိရယေ ပစ္စမာနာနံ၊ ကဒါ အန္တော ဘဝိဿတိ [၁]။

မြန်မာပြန်ကား - အချင်းတို့ လောဟကုမ္ဘီ ငရဲ၌ ငါတို့ခံရသည်မှာ အနှစ်ခြောက် သောင်းရှိပေပြီ၊ အဘယ်အခါမှ အဆုံးတိုင်ရောက် လွတ်မြောက်ကြပါရအံ့နည်း၊ ဤကား သ-အက္ခရာ အရ အကျယ်တည်း။

န-အက္ခရာအတွက် -

၃။ နတ္ထိ အန္တော ကုတော အန္တော၊ န အန္တော ပဋိဒိဿတိ။
တဒါ ဟိ ပကတံ ပါပံ၊ မမ တုယှဉ္စ မာရိသာ [၂]။

မြန်မာပြန်ကား - သူငယ်ချင်းတို့ သူဌေးသားဖြစ်စဉ် သင်တို့ ငါတို့အား ပြုမှားခဲ့ သော အကုသိုလ် မကောင်းမှုကံကား အဆုံးတွင်မရှိခဲ့ချေ။ ဤကား န-အက္ခရာ အရ အကျယ်တည်း။

သော-အက္ခရာအတွက် -

၄။ သောဟံ နူန ဣတော ဂန္တွာ၊ ယောနိံ လဒ္ဓါန မာနုသိံ။
ဝဒညူ သီလသမ္ပန္နော၊ ကာဟာမိ ကုသလံ ဗဟုံ [၃]။

မြန်မာပြန်ကား - ထိုငါသည် သံရည် ပွက်ပွက် ပူချက်မစဲ ဤငရဲမှ လွတ်၍ လူဖြစ် ရသည်ရှိသော် အလှူခံ၏ ကျေးဇူးကိုသိ သီလရှိသည်ဖြစ်၍ ဒါန သီလ စသည်ပေါင်းစု များစွာသော ကုသိုလ်ကောင်းမှုကို ပြုပါတော့အံ့သတည်း။ ဤကား သော-အက္ခရာ အရ အကျယ်တည်း။

---

၁-၂-၃။ ဇာတကပါဠိ၊ ပ-တွဲ၊ နှာ-၁၀၀။ ဓမ္မပဒ၊ ဋ္ဌ၊ ပ-တွဲ၊ နှာ-၂၀၄-၀။

ဤသည်ကား ဆိုအပ်ခဲ့ပြီး မိစ္ဆာစာရ အကုသိုလ်ကံကြီးကြောင့် သူဌေးသား လေးယောက်တို့သည် ယခုထက်တိုင် မပေါ်နိုင်ဘဲ ငရဲအိုး၌ စောက်ထိုး မိုးမျှော် ညှိုးလျှော် နွမ်းလျ ခံနေရပုံတည်း။

**မိစ္ဆာစာရကံပြု အမျိုးသမီးများ။** ။ထိုမှတပါး မာတလိ နတ်သားက နေမိမင်းကြီးကို ငရဲပြည်သို့ ခေါ်ဆောင်၍ ပြသရာတွင် အသင်းအင်္ဂါ စက်ဆုပ်ဘွယ်ရာနှင့် ယုတ်မာသောကိုယ် ယိုစီးလိမ်းကျံ ပေလျံသော သွေးပြည်ဖြင့် အလီလီသော ယင်ညို ယင်မတို့သည် ဝန်းရံ ကိုက်ခဲခံရလျက် လက်နှစ်ဘက်တို့ကို မြှောက်ချီ ငိုကြွေးကာ သံမြွေ၌ ခါးတိုင်အောင် မြုပ်ပြီးလျှင် အလျှံ ပြောင်ပြောင် တောက်လောင်သော သံတောင်ကြီး လေးလုံးတို့ဖြင့် အကြိတ်ခံနေရသော မိန်းမများကိုမြင်၍ နေမိမင်းကြီးက ဘယ်အကုသိုလ်ကံကြောင့် ယခုလို ငရဲခံနေရကြောင်းကို မာတလိ နတ်သားအား မေးရာ အရှင်မင်းကြီး ဤမိန်းမယုတ်တို့သည် ကိုယ်နှုတ်နှလုံး သုံးပါးလုံးကို မစောင့်သုံးဘဲ အမြဲ ချစ်ခင် မိမိတို့လင်မှတပါး အခြား အိမ်သား လင်ယောကျ်ားတို့နှင့် ပျော်ပါး မူးတူး မိစ္ဆာစာရ လွန်ကြူးကြသော အကုသိုလ်ကံကြောင့် ယခုလို ဆင်းရဲ ပါယ်ငရဲ၌ ခံနေရကြောင်းကို မာတလိက ဖြေကြား လျှောက်ထားလေ၏။[၁]

**ဣသိဒါသီ ရဟန္တာမအလောင်း။** ။ထိုမှတဖန် ပြပြန်ဦးအံ့၊ ဣသိဒါသီ ရဟန္တာမအလောင်း အမျိုးကောင်း သမီးသည် ရှေးရှေးသော ပရားဂျင်တို့ လက်ထက်က ယောကျ်ားကောင်း ယောကျ်ားမြတ် အဖြစ်အားဖြင့် ပျားပြားစွာလှ ဒါန သီလစသည် အလီလီသော ပါရမီ ကုသိုလ်ထူးတို့ကို ဖြည့်ဆည်းပူးငြား ယောကျ်ားအဖြစ် တည်လျက် ဤဘဝမှ နောက် ခုနစ်ဆက် မြောက်သော ရွှေပန်းတိမ်သည် ဘဝ၌ ပါပမိတ္တာ အပေါ်ရ၍ သူတပါး မယားကို ပြုမိမှားသော ကာမေသု မိစ္ဆာစာရ အကုသိုလ်ကံကြောင့် ဆိတ်ထီးဘဝ နွားထီးဘဝတို့၌ နာကြည်းရာ အရပ် သင်းကွပ်ခံခဲ့ရခြင်း၊ မိန်းပ မဟုတ် ယောကျ်ား မဟုတ် နပုံး ပဏ္ဍုက် အမျိုးယုတ်၌ဖြစ်ခြင်း၊ ငရဲ၌ နှစ်ရှည်လများ ခံစားခဲ့ပြီးမှ ယခု ဗုဒ္ဓ ရားသက်ထက် အဝန္တိတိုင်း ဥဇ္ဇေနီပြည်၌ ဣသိဒါသီ အမည်ရသော သူဌေးသမီး ဖြစ်လာ၍ အရွယ်ရောက်က သူဌေးသားနှင့် မိဘများက ထိမ်းမြားပေး၏။

ထိုအခါ လင်၏ မိဘယောက္ခမ တို့အား အသက်ဆံဖျား လွန်လေးစား၏၊ လင်၏ ညီအကို မောင်နှမတို့ကိုလည်း ရိုသေလေးစား ဝတ်များပေး၍ လုပ်ကျွေးပြုစု၏၊ လင်အား လည်း နတ်ကဲ့သို့ စိတ်ထားဖြင့် လေးစားလုပ်ကျွေး၏၊ သို့သော်လည်း မိမိ၏ မိစ္ဆာစာရ အကုသိုလ်ကံကြောင့်ပင် မိမိလင်က မိဘရပ်ထံ မချစ်မှန်၍ အပ်နှံ အပို့ခံရ၏။

ထိုမှ တဝ လွန်ကြွယ်ဝသော ယောကျ်ားတပါးနှင့် မိဘများက ထိမ်းမြားပေးပြန် လည်း တလရှိငြား ငါ့အား စွန့်ပယ်ပြန်၏၊ ထိုမှနောက် တယောက်သော သူတောင်းစား

---

၁။ ဇာ၊ ဋ္ဌ၊ ၆၊ နှာ-၁၄၂-၃။

ယောကျ်ားနှင့် ပေးစား၍ လဝက်ရှိက ထိုသူတောင်းစားလင် မချစ်မခင် ငါ့အား မြင်ပြင်း ကပ်မှု တည်သောကြောင့် အပြီးနှင်ထုတ်ခံရပြန်၏။

ထိုအခါ ငါမကောင်းမှု စွမ်းအင်ကြောင့် လင်ဟူသမျှ စွန့်ပစ်ကြကုန်၏ဟု သံဝေဂ တရားဖြစ်ပွါးပြီးလျှင် သံဃာထံတွင် ရဟန်းပြုသဖြင့် (ပု-ဒိ-အာ) ဝိဇ္ဇာသုံးပါးကို ရရှိကာ ရဟန္တာမ ကိစ္စပြီးလေတော့သတည်း။ (ထေရီအပဒါန်)နှာ-၄၂၅။ ထေရီ၊ ဋ္ဌ၊ နှာ-၂၆၇။

ယခုကာလ ဤမိစ္ဆာစာရအမှု ပြုကြရာ၌ များစွာအပြစ် ရှိသော်လည်း အချို့အပြစ် မရှိဟု ယူဆဟန်ရှိသဖြင့် အနည်းငယ် အကျယ်ပြလိုက်သည်။

'မိန်းမနှစ်ကျိပ်၊ ပျော်ကြောင်းသိပ်လည်း၊ မအိပ်လေရာ' စသည်ဖြင့် ကျယ်စွာ ကိုးကား မပြတော့ပြီ၊ ဤနေရာ၌ အကုသိုလ်ကံတရား ကြီးမားလေလေ အပြစ်ကြီးလေလေ ဖြစ်၏၊ အကြင်မျှ ကာလ များလှဖုံဖုံ အကုသိုလ်ကံ ဟုန် မကုန်သေး၊ ထိုမျှကာလ အပါယ် ငရဲ ဝဋ်ဆင်းရဲမှ ရှည်စွာကာလ ခံရမည် ဟု ဋီကာကျော် ကျမ်း၌ ပြဆိုထား၏။

ဤသို့ ပြဆိုထောက်မြီး၊ ကြက်သီး မွေးညင်း၊ တဖျဉ်းဖျဉ်းထ၊ ပြုတ်မျှသဲအူ၊ ပလောင်ဆူလျက်၊ သံရည်ထဲပွက်၊ ငရဲကျက်ရ၊ လူဖြစ်ကလည်း၊ မလှမျက်နှာ၊ ခါခါမျိုး ယုတ်၊ နပုံး,ပဏ္ဍုက်၊ ဖြစ်ညိုးပုပ်စွာ၊ မိစ္ဆာစာရကံပြစ်မျိုး၊ အပြစ်ဆိုးကို၊ မီးကိုတိုး၍၊ ကိုယ်ကျိုးနဲသော ပိုးဖလံမျိုး ကဲ့သို့၊ သံသရာလမ်းရိုး၌ အဖြစ်ဆိုးနှင့် ကြုံတိုးဘို့ရန် တရံ တဆစ်မျှ မဖြစ်စေကြရဘို့ ဝီရိယခြေ သီလမြေထက် သဒ္ဓါလက်ဖြင့် ကမ္မက္ခယိမ် ဉာဏ်ပုဆိန် ရွယ်ချိန်မိုးလျက် ပယ်ချိုးဖေါက်ဖျက်နိုင်ကြပါစေကုန်သတည်း။

* ထိုထိုဘဝ သူတပါးအိမ်ယာပြစ်ကြီးစွာကို မဖျက်ဆီးရပါလို့။
မိမိအိမ်ယာအားသူတပါးတို့ မဖျက်ဆီးနိုင်ပါစေသတည်း။

**မိစ္ဆာစာရ အပြစ်လင်္ကာ။** * မိစ္ဆာစာရ၊ လွန်ကျူးကမူ၊ မုန်းကြသူများ၊ ရန်သူပွါး၏၊ ရှားပါးလာဘ်တိတ်၊ချမ်းသာဆိတ်၍၊ဣတ္ထိပဏ္ဍုက်၊ မျိုးယုတ် ခါခါ၊ မျက်နှာမလှ၊ အရှက်ရလျက်၊ လက္ခဏာဠမြွေ၊ ယွင်း သွေချို့သိမ်၊ စိုးရိမ်များစွာ၊ ချစ်သူကွာ၏။

### မေထုန်မှုကို ရှောင်ကြဉ်ခြင်းကြောင့်-ရရှိသောအကျိုးများ

၁။ ကင်းသော ရန်သူရှိခြင်း၊

၂။ သူခပ်သိမ်းတို့ ချစ်မြတ်နိုးခြင်းကို ခံရခြင်း၊

၃။ ထမင်းအဖျော် အဝတ် အိပ်ယာ နေရာ စသည်တို့ကို ရရှိရခြင်း၊

၄။ ချမ်းသာစွာ အိပ်ရခြင်း၊

၅။ ချမ်းသာစွာ နိုးရခြင်း၊

၆။ အပါယ်ဘေးမှ ကင်းလွတ်ရခြင်း၊

၇။ မိန်းမအဖြစ် နပုံးပဏ္ဍုက်အဖြစ်ကို မရရှိနိုင်ခြင်း၊

၈။ အမျက်ဒေါသ နည်းပါးရခြင်း၊

၉။ မျက်မှောက်ထင်ထင် ပြုအပ်သော ကောင်းမှုရှိခြင်း၊

၁၀။ ပခုံး ကျောက်ကုန်း မကျသူ ဖြစ်ရခြင်း၊

၁၁။ ပုံပန်းသဏ္ဌာန် အချိုးကြသော မျက်နှာရှိသူဖြစ်ရခြင်း၊

၁၂။ မိန်းမ ယောကျာ်း အချင်းချင်း ချစ်မြတ်နိုးရခြင်း၊

၁၃။ ပြည့်စုံသော ဣန္ဒြေရှိသူဖြစ်ခြင်း၊

၁၄။ ပြည့်စုံသော လက္ခဏာ ရှိသူဖြစ်ခြင်း၊

၁၅။ ရွံရှာခြင်း ကင်းသူဖြစ်ရခြင်း၊

၁၆။ ကြောင့်ကြကင်းသူ ဖြစ်ရခြင်း၊

၁၇။ ချမ်းသာစွာ နေရသူဖြစ်ခြင်း၊

၁၈။ ဘေးမရှိသူဖြစ်ခြင်း၊

၁၉။ ချစ်သောသူနှင့် မကွေမကွင်းရခြင်း အစရှိသော အကျိုးတို့ကို ရရှိခံစားရကုန်၏။

* မေထုန်ရှောင်လတ်၊ ရအပ်အကျိုး၊ အမျိုးမျိုးမူ၊
ရန်သူကင်းလတ်၊ သူခပ်သိမ်းချစ်၊ ရလစ်ထမင်း၊
မယွင်းအဖျော်၊ အိပ်သော်နေရာ၊ ရလာဝတ်မျိုး၊
အိပ်နိုးချမ်းသာ၊ ပါယ်ရွာလွတ်ကင်း၊ ဖြစ်ခြင်းပဏ္ဍုက်၊
အယုတ်မိန်းမ၊ မထိုက်ကြဘူး၊ ဒေါသနည်းပျောက်၊
မျက်မှောက်ကောင်းမှု၊ ထင်ထင်ပြု၏၊ ကျမှုပခုံး၊
ကျောက်ကုန်းမရှိ၊ ဣတ္ထိယောကျာ်း၊ များအချင်းချင်း၊
မယွင်းချစ်ကြ၊ ပြည့်စွာဣန္ဒြေ တူပေလက္ခဏာ၊
ရွံရှာကင်းပ၊ ကြောင့်ကြကင်းကွာ၊ ဘယာမတိုး၊
မချိုးမကျ၊ မျက်နှာလှ၍၊ နေရချမ်းသာ၊
တူစွာချစ်လတ်၊ မကွေအပ်သည်၊ မမြတ်မေထုန် ရှောင်ကျိုးတည်း။

## မုသာဝါဒ ကံ၏ အပြစ်ကိုပြသော စေတိယမင်းဝတ္ထု[၁]

ရှေးအခါ၌ စေတိယတိုင်းသောတ္ထိယပြည်၌ စေတိယမည်သောမင်းတပါးရှိပါတယ်၊ ထိုမင်းသည် အသက်ရှည်ခြင်း, အဆင်းလှခြင်း,ပုဏ္ဏားတို့ ချစ်နှစ်သက်ခြင်း, သူကြွယ်တို့ ချစ်နှစ်သက်ခြင်း,ဟူသော မင်းတို့၏ တန်ခိုးလေးပါးနှင့် ပြည့်စုံခြင်း၊ ကောင်းကင်သို့ ပြန်သွားနိုင်ခြင်း၊ သွားလာရာအရပ်၌ သံလျက်ကိုင်သော နတ်သားလေးယောက်တို့ အရပ်လေးမျက်နှာမှ စောင့်ရှောက်ခြင်း၊ ကိုယ်မှ စန္ဒကူးအနံ့ ခံတွင်းမှ ကြာညိုနံ့ကဲ့သို့ မွှေးခြင်း ဟူသော ဘုန်းတန်ခိုးတို့နှင့် ပြည့်စုံပါတယ်တဲ့။

ထိုမင်းသည် မင်းသားဘဝ ပညာသင်စဉ်အခါက ဘဝတူ တကွ ပညာသင်ဖော် သင်ဘက် ခင်မင်ရင်းနှီးလျက်ရှိသော ကောရကလမ္ဗ မည်သော ပုဏ္ဏားအား အကျွန်ုပ် မင်းဖြစ်လျှင် သင်အား ပုရောဟိတ်ပုဏ္ဏားရာထူးပေးမည်-ဟု ကတိထားရှိခဲ့သော်လည်း မင်းတို့ ထုံးတမ်းစဉ်လာအားဖြင့် အဘမရှိလျှင် အကို၊ အကို မရှိလျှင် အဘ၏သား စသည်အားဖြင့် အစဉ်အလာရှိရာ ယခုလက်ရှိ ပုရောဟိတ်ပုဏ္ဏား ဖြစ်နေသူမှာ စေတိယမင်း၏ အဘ လက်ထက်မှ ဆက်လက်ရာထူးရခဲ့တဲ့ ကောရကလမ္ဗ-၏ အကိုရင်း ကပိလမည်သော ပုဏ္ဏားဖြစ်၍ ထို ကပိလမည်သော ပုဏ္ဏားကလဲ ထုံးတမ်းစဉ်လာအရ သူ့မှာ အကိုမရှိတဲ့အတွက် ၎င်း၏ သားကြီးအား မိမိရာထူးကို မင်းအားပန်ကြား၍ လွှဲထားခဲ့ပြန်ပြီး မိမိကိုယ်တိုင် ရဟန်းပြု၍ ဈာန်အဘိညာဉ် တန်ခိုးများကို ဖြစ်စေကာ မင်းသားကို အမှီပြု၍ မင်းဥယျာဉ်၌ နေပြန်သဖြင့် -

တနေ့သ၌ စေတိယမင်းဟာ သူပေးထားခဲ့တဲ့ ကတိအတိုင်း ဖြစ်မြောက်အောင် လုပ်မယ်ဆိုပြီး ပိတ်ဆွေဖြစ်ခဲ့တဲ့ ကောရကလမ္ဗ ပုဏ္ဏားအား သင်က ကပိလပုဏ္ဏား၏ညီငယ် ဖြစ်သော်လည်း သင်က အကိုကြီးဖြစ်တယ်၊ ကပိလပုဏ္ဏားက ညီငယ်ဖြစ်တယ်ဟု နန်းတော် ယင်ပြင်ပေါ်မှာ ညီလာခံသဘင်၌ သင်ရာထူးရအောင် လိမ်လည်ပြီး မုသားစကား ပြောကြားမယ်လို့ ဆိုပါတယ်။

ဒီတော့ ကောရကလမ္ဗ ပုဏ္ဏားက အသင်မင်းကြီး ဖြစ်နိုင်ပါ့မလား အကျွန်ုပ်၏ အကိုကြီးဟာ ဈာန် အဘိညာဉ်တန်ခိုးနှင့် ပြည့်စုံသဖြင့် ဝိဇ္ဇာဓိုရ်ကဲ့သို့ အံ့ဘွယ်သရဲ မဖြစ်ဘူးမြဲ ထူးထူးကဲကဲ ဖြစ်စေနိုင်ပါတယ်၊ အရှင်မင်းကြီးအား နတ်သား လေးယောက်တို့ ကွယ်ပျောက်သကဲ့သို့ ခံတွင်းမှ အပုပ်နံ့များထွက်သကဲ့သို့ ကောင်းကင်မှ လျောကျ၍ မြေ၌ တည်ရသကဲ့သို့ မြေ၌ ဝင်၍ မြေမျိုသကဲ့သို့ လှည့်စားမှု ပြုလျှင် သင်မင်းကြီး မုသားစကား ပြောကြားရန် စွမ်းနိုင်လိမ့်မည် မဟုတ်ဟု ပြောသည်ရှိသော်-

သင်ပုဏ္ဏား ဘာမှ မစိုးရိမ်ပါနှင့် ယနေ့မှ ခုနစ်ရက်မြောက်သောနေ့၌ ငါလိမ်လည်၍ မုသားစကား ပြောကြားမည်ဟု ပြောလိုက်လေလျှင် မင်းသည် အကြီးကိုအငယ် အငယ်ကိုအကြီးဟု မုသားဆို၍ အငယ်အား ရာထူးပေးလိမ့်မည်ဟူသော စကားသည် တဆင့်

---

၁။ ဇာ၊ ဋ္ဌ၊ ၃၊ နှာ-၄၃၁။

စကား တဆင့်ကြား၍ တပြည်လုံး ပြန့်နှံ့သွားသောအခါ မုသားဆိုတာ အဘယ်သို့ သဘော ရှိပါသနည်း အမည်းလော, အဖြူလော စသည်ဖြင့် ကြံစည် တွေးတောကြပါတယ်၊ ထို အချိန်အခါက လူအများတို့ဟာ မုသားစကား ရှောင်ရှား၍ အမှန်ကိုသာ ပြောကြားရာ ကာလ ဖြစ်သဖြင့် မုသာဝါဒ ဟူသော စကားကို နားမလည်ကြ မသိကြပါ။

ပုရောဟိတ် ပုဏ္ဏား၏ သားလည်း ထိုစကားကို ကြားသဖြင့် အဘ ပုဏ္ဏားရဟန်းထံ သွား၍ အကြောင်းစုံ ပြောပြသောအခါ အဘရဟန်းက "ချစ်သား သင်သည် ဘာမှ မစိုးရိမ် ပါနှင့်၊ သူပြောတဲ့အတိုင်း မဖြစ်ရအောင် ငါလာပြီး မင်းအား ဆုံးမမည်"ဟု ဝန်ခံလိုက် တယ်၊ ခုနစ်ရက်မြောက်သောနေ့၌ တိုင်းသူ ပြည်သား လူအများတို့လည်း မင်းကြီးကိုယ် တိုင် လိမ်လည်ပြောမည့် မုသားစကားကို ကြားလို သိလိုကြသဖြင့် မင်း ယင်ပြင်ဌာနမှာ အသီးသီး နေရာယူ စောင့်မျှော်နေကြပါတယ်။

စေတိယမင်းလည်း အဝတ်တန်းဆာ ဆင်ယင်ပြီး ထွက်လာ၍ လူအပေါင်းတို့၏ အလယ် ကောင်းကင်ပြင်ဝယ် တည်နေသောအခါ သား ပုရောဟိတ်၏ အဘ ရသေ့ဟာ လည်း ကောင်းကင်ခရီးဖြင့် လာလျက် မင်း၏ ရှေ့ဝယ် အခင်းကို ခင်းကာ ကောင်းကင်၌ တင်ပလ္လင်ခွေထိုင်ပြီးမှ "အသင် မင်းကြီး သင်သည် မုသားဆို၍ ငါ့ညီအား ရာထူးပေးမည် ဆိုတာ မှန်သလား"လို့ မေးတော့ မှန်ကြောင်းဆိုလေလျှင် "မင်းကြီး မုသာဝါဒဟူသည် ကျေးဇူးဂုဏ်ကို ဖျက်ဆီးတတ်၏၊ အပါယ်လား ရတတ်၏၊ မင်းဖြစ်လျက်နှင့် မုသားဆိုပါက တရားကို သတ်သည် မည်ပါတယ်၊ တရားကို သတ်ကလည်း ကိုယ့်ကိုယ်ကို သတ်သည်မည် ပါတယ်"ဟု ဆုံးမလိုရကား—

ဟတံ ဓမ္မော ဟတော ဟန္တိ[၁]၊

ဟတော၊ သတ်အပ်သော။ ဓမ္မော၊ တရားသည်။ ဟတံ၊ သတ်အပ်သောသူကို။ ဟန္တိ၊ သတ်၏။-ဟု ဆုံးမပါတယ်။

ဒီလောက်သာ မကသေး၊ အကယ်၍ မုသားဆိုပါက မင်း၏ တန်ခိုးလေးပါးတို့ ကွယ်ပျောက်ခြင်း, ကိုယ်ခံတွင်းမှ အပုပ်နံ့ နံခြင်း, ကောင်းကင်မှ လျောကျခြင်း, မြေသို့ ဝင်ခြင်း တို့သည်လည်း ဖြစ်ပါလိမ့်မည်ဟု ပြောဆိုသောအခါ မင်းသည် ကြောက်လန့် သဖြင့် ကောရကလမ္ဗကို စိုက်ကြည့်ပါတယ်၊ ထိုအခါ ကောရကလမ္ဗ က "မင်းကြီး ရှေးမဆွ ကပင် ဒီလိုလုပ်လိမ့်မည်ဟု သတိပေးခဲ့တယ် မဟုတ်လား"ဟု ပြောလေလျှင် မင်းကြီးလည်း ကောရကလမ္ဗကို ငဲ့ကွက်လျက် ကပိလ ရသေ့စကား နားမထောင်မူ၍ "ရှင်ရသေ့ သင်ကား ညီငယ်၊ ကောရကလမ္ဗကား အကိုကြီး"ဟု ရှေးဦးစွာပထမ မုသာဝါဒကံ ဆိုသောအခါ၌ပင်

---

၁။ ဆဋ္ဌမူ၌ ဓမ္မော ဟဝေ ဟတော ဟန္တိ-ဟုရှိသည်။ ဟတော၊ သတ်အပ်သော။ ဓမ္မော၊ ဇေဋ္ဌာပစာယနတရားသည်။ ဟဝေ၊ စင်စစ်။ ဟန္တိ၊ တရားသတ်သူကို ပြန်သတ်၏-ဟု အနက် ပေးလေ။

မင်း၏ တန်ခိုးလေးပါးတို့ ကွယ်ပျောက်လျက် နတ်သား လေးယောက်တို့သည် "မုသား ပြောဆိုသော မင်းအား စောင့်ရှောက်သဖြင့် အဘယ်အကျိုး ရှိအံ့နည်း"ဟု သံလျက်ကို ခြေရင်း၌ ချထားခဲ့ကြ၍ မစောင့်ရှောက်တော့ကြကုန်၊ ခံတွင်းမှလည်း အပုပ်နံ့ ကြိုင်လှိုင်၏၊ ကောင်းကင်မှ လျောကျလျက် မြေပေါ်သို့ ကျသွား၏။

ထိုအခါ ကပိလရသေ့က "အရှင်မင်းကြီး တခွန်းတည်းသော မုသာဝါဒ၏ ပြစ်မှုဖြင့် မင်း၏ တန်ခိုးများ ကွယ်ပျောက်သွားကြသည်ကို ရှုတော်မူပါ၊ ရှေးအတိုင်း ပကတိ ဖြစ်လိုက အကိုကြီးကို အကိုကြီးဟု၊ အငယ်ကို အငယ်ဟု အမှန်ကိုသာ ဆိုပါ"ဟု ခုနစ်ကြိမ် တိတိ ဆုံးမပါသော်လည်း ကပိလ-ရသေ့က တန်ခိုး ဣဒ္ဓိပါဒ်ဖြင့် လှည့်ပတ် ဖျားယောင်းတယ် ဟု ထင်ပြီးတော့ ရသေ့စကားကို မနာယူဘဲ ခုနစ်ကြိမ်တိတိ"ယင်ကား အငယ်၊ ကောရကလမ္ဗကား အကြီး"ဟု မုသားစကား ပြောကြားပါတယ်၊ ထိုသို့ပြောရာတွင် ဒုတိယအကြိမ် မုသားပြောရာ၌ ဖမျက်တိုင်အောင် မြေသို့ဝင်၍ သုံးကြိမ်မြောက်၌ ပုဆစ်တိုင်အောင်၊ စတုတ္ထအကြိမ်၌ ခါးတိုင်အောင်၊ ပဉ္စမအကြိမ်၌ ချက်တိုင်အောင်၊ ဆဋ္ဌအကြိမ်၌ သားမြတ် တိုင်အောင် မြေထဲဝင်ပြီးလျှင် ခုနစ်ကြိမ်မြောက် ထပ်၍ "အကြီးကို အငယ် အငယ်ကို အကြီး"ဟု မုသားပြောဆိုပြန်သဖြင့် ဤမဟာ ပထဝီမြေကြီးသည် ဟင်းလင်းပွင့်၍ မီးတောက် မီးလျှံများ ထွက်လျက် ခုနစ်ကြိမ်တိတိ အဂတိ လိုက်စားကာ မုသားစကား ပြောကြားခဲ့သောစေတိယ မင်းကြီးသည်"သင်လိုလူ မြေပေါ်ထားက အလကား မြေလေး ရှုံးသာ ရှိတော့မည်"ဟု ဆိုသည့်ပမာလို မြေမျိုလျက် အလွန်နက်လှသည့် မဟာအဝီစိငရဲ၌ ဆင်းရဲ ပင်ပန်းစွာကျရောက်ရလေ၏။

ဤကား မုသာဝါဒ ကံ၏ အပြစ်ပြ ဝတ္ထုတည်း။

**မုသာဝါဒ အပြစ်လက်ာ။** * မုသားစကား၊ ဆိုမိငြားမူ၊ စကားမပီ၊ သွားမညီနှင့်၊ ပုပ်ညှီ ပါးစပ်၊ ခြောက်ကပ်ကိုယ်ရေ၊ ဣန္ဒြေနှောက်၊ ပုံယွင်း ဖေါက်၏၊ မရောက်အာဏာ၊ နှုတ်လျှာကြမ်းထော်၊ လျှပ် ပေါ်လော်လည်း စိတ်မကြည်တည်း။

## မဟုတ်မမှန်သော စကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်မှုကြောင့် ရရှိသော အကျိုးများ

၁။ အထူးသဖြင့် ကြည်လင်သန့်ရှင်းသော စက္ခုစသော ဣန္ဒြေရှိသူ ဖြစ်ရခြင်း၊

၂။ လွတ်လွတ်ကင်းကင်း သန့်ရှင်းသာယာစွာဆိုနိုင်သော စကားရှိသူဖြစ်ရခြင်း၊

၃။ ညီညွတ်ဖြူစင်သော သွားရှိသူဖြစ်ရခြင်း၊

၄။ မဆူ-မဝ လွန်းသူဖြစ်ရခြင်း၊

၅။ မကြုံလှီ-မပိန် လွန်းသူဖြစ်ရခြင်း၊

၆။ မနိမ့်-မပု လွန်းသူ ဖြစ်ရခြင်း၊
၇။ မမြင့်-မရှည် လွန်းသူ ဖြစ်ရခြင်း၊
၈။ သိမ်မွေ့နူးညံ့ ကောင်းမြတ်သော အတွေ့ရှိရခြင်း၊
၉။ ကြာညိုပွင့် ရနံ့နှင့်အတူ မွေးကြူထုံသင်းသော ခံတွင်းနံ့ ရှိသူ ဖြစ်ရခြင်း၊
၁၀။ မိမိစကားကို နာယူသော ကျေးကျွန် ခြွေရံ ပရိသတ်ရှိသူ ဖြစ်ရခြင်း၊
၁၁။ ယုံကြည်အပ်သော စကားရှိသူ ဖြစ်ရခြင်း၊
၁၂။ ကြာညို ကြာနီ အပွင့်နှင့်တူစွာ နူးညံ့သိမ်မွေ့သော မျက်စိ လျှာ ရှိသူ ဖြစ်ရခြင်း၊
၁၃။ မတုန်မလှုပ် မပြန့်လွင့်သူ ဖြစ်ရခြင်း၊
၁၄။ နှလုံး ရွှင်ကြည် ဝမ်းသာသူ ဖြစ်ရခြင်း-အစရှိကုန်သော အကျိုးတို့ကို ရရှိခံစားရကုန်၏။

* မပြောမုသား၊ ရငြားအကျိုး၊ အမျိုးမျိုးကား၊
ကြည်ငြား ဣန္ဒြေ၊ ချိုလေစကား၊ သွားများညီဖြူ၊
မဆူမကြုံ၊ တဖုံနိမ့်မြင့်၊ ဖြစ်လင့်ညီစွာ၊
ကိုယ်မှာအတွေ့၊ သိမ်မွေ့နူးညံ့၊ မွှေးပျံ့ခံတွင်း၊
ပြောခြင်းစကား၊ မှတ်သားနာခံ၊
ခြွေရံကျေးကျွန်၊ အလွန်များလှ၊ ပြောထစကား၊
ယုံကြည်များ၏၊ ကြာများပမာ၊ လျှာ၈ါမျက်စိ၊
သိမ်မွေ့ဘိ၏၊ သာသည့်နှလုံး၊ ဝမ်းသာဖုံးအုပ်၊
တုန်လှုပ်မရှိ၊ မပြန့်ဘိသည်၊ မှတ်သိ မုသားရှောင်ကျိုးတည်း။

## ငါးပါးမြောက် သေရည်သောက်စားများလှသော သုရာပါနကံ၌ အရက်တန်ခိုး အလွန်ဆိုး

ကိုယ်တွေ့ ပြောပြရလျှင် ဘုန်းကြီးတို့ ဇာတိ ကျေးရွာနှင့် အလွန်နီးကပ်လှသော ရွာတရွာမှ ဒါယကာတဦးသည် အလွန်မူး၍ သောက်စားပြီး တနေ့တွင် ချစ်ရင်သွေးဖြစ်သော အပြစ်မဲ့ကျောင်းသားလေးကို ရွာအပြင်သို့ ခေါ်ဆောင်၍ ဓါးဖြင့် ခုတ်သတ်လေ၏၊ သားကလေးက ကြောက်လန့်သဖြင့် ရှိခိုးတောင်းပန်ရာ ထို ရှိခိုးသောလက်ကိုပင် စတင်ခုတ်ဖြတ်၍ အသက်ဆုံးအောင်ပင် ခုတ်သတ်လေတော့သည်၊ ထိုအခါ ဘုန်းကြီး၏ ခမည်းတော် ဒါယကာကြီးက လူကြီးဖြစ်၍ ထိုသူကို ဖမ်းဆီးပြီး ဆိုင်ရာတို့သို့ ထုံးစံအတိုင်း ပို့အပ်လိုက်လေသည်။

ထောင်မှ ထွက်လာသောအခါ အလားတူ မူးယစ်သောက်စားပြီး ဘုန်းကြီး ဒါယကာကြီး၏ ညီမရင်းဖြစ်သူ ဒေါ်ပင်သာကို တရွာနှင့်တရွာ အကူးတွင် လမ်းမှစောင့်၍ ဓါးဖြင့် ခုတ်သတ်ပြန်လေ၏၊ မမူးရူးပါမူကား အပြစ်ကင်းမဲ့သူတို့ကို ထိုသို့သတ်ဖြတ်မည် မဟုတ်ပါ၊ ထိုသူမှာ ဘဝများစွာ သူတပါး၏ သတ်ဖြတ်မှုကို တရားတော်အရ ခံရပေဦးမည်၊ အလွန်ကြောက်ဘွယ် ကောင်းလှပါပေစွ။

ကျမ်းဂန်လာ ဝတ္ထုကို ဆက်ပြပါဦးမည်၊ အတိတ်ဝေးကွာ ရှေးအခါက ဗာရာဏသီ ပြည်၌ ဗြဟ္မဒတ်မင်း အုပ်ချုပ် မင်းလုပ်နေစဉ် ထိုမင်းမှာ သေရည်ယစ်မူး မင်းရူး သဘွယ်ဖြစ်၍ သေအရက်နှင့် မကင်းနိုင် အမဲသားနှင့် ကင်း၍လည်း ထမင်းပွဲတော် မတည် ရပါ၊ အဖိတ်နေ့က ဥပုသ်နေ့အတွက် စားတော်ကဲ ဝယ်ထားသော အမဲသားကို ခွေးစား သွား၍ ပွဲတော်အုပ်၌ အမဲသား မထည့်နိုင်သဖြင့် စားတော်ကဲက မိဖုရားကြီးထံ သွား၍ အကြံဉာဏ်တောင်းရာ မိဖုရားကြီးက "မင်းကြီးသည် သူ့သားတော်ကလေးကို အလွန် ချစ်မြတ်နိုး၍ တန်ဆာဆင်ပြီးလျှင် မင်းကြီးပေါင်ပေါ်သို့ ပို့တင်ထားပြီးမှ သားတော်နှင့် ကစားနေစဉ် ပွဲတော်အုပ်ကို တင်ပါလေ"ဟု အကြံပေးသောအတိုင်း စားတော်ကဲက ပွဲတော်ဆက်ကပ်ရာ အမဲသား မမြင်၍ မေးလတ်သော် -

"အရှင်မင်းမြတ် ဤနေ့မှာ ဥပုသ်နေ့ ဖြစ်ပါသည်၊ သားငါးမသတ်ရဟု စည်တော် လှည့်လည်ထားသည်၏ အဖြစ်ကြောင့် အမဲသားကို မရနိုင်ပါဘုရား"ဟု လျှောက်ထားသည် တွင် "ငါ့ဘို့ အမဲသားမည်သည် သို့ကလောက် ရဘို့ ခဲယဉ်းသလား"ဆို၍ ကြက်ကို လည်ပင်း လိမ်ညှစ်သတ်သကဲ့သို့ ပေါင်ပေါ်၌ နေသော သားချစ်ကို လည်ပင်း ညှစ်သတ်ပြီး "လျှင်စွာ ချက်ချေ"ဟု ကြမ်းပေါ်၌ ပစ်ချပေးလိုက်ရာ စားတော်ကဲက ကောက်ယူချက်၍ ဆက်ကပ် သည်ကို စားသောက် မင်းကိုကြောက်ပြီး မိဖုရားမှ စ၍ တယောက်မျှ မငိုဝံ့ပေ။

နံနက် မိုးသောက်ထ ယစ်မူး ပြေသည့်ကာလ "ငါ့သားတော်ကို ယူခဲ့ကြ"ဟုဆိုသော် မိဖုရားက ငိုပြီးလျှောက်ထားမှ သတိရ၍ သောကကြီးစွာ ယိုစီးလာသော မျက်ရည်ကို မဆီးနိုင်စွမ်း ငိုမည်တမ်းပြီးလျှင် ဤသို့လျှင် ပင်ပန်းဆင်းရဲရသော ဒုက္ခသည် သုရာပါန ကြောင့် ဖြစ်ချေသည်ဟု သေရည် သေရက် သောက်ခြင်း၌ အပြစ်ဒေါသ အာဒီနဝကို မြင်လျက် ခံတွင်းကို မြေညက်ဖြင့် စင်ကြယ်စွာ ပွတ်တိုက်ပြီးလျှင် -

"အဟံ၊ ငါသည်။ ဣတော၊ ဤနေ့မှ။ ပဋ္ဌာယ၊ စ၍။ ယာဝ၊ အကြင်မျှလောက်။ အရဟတ္တံ၊အရဟတ္တဖိုလ်သို့။ န ပါပုဏာမိ၊မရောက်ရသေး။တာဝ၊ထိုမျှလောက်သော ကာလ ပတ်လုံး။ ဝေရူပံ၊ ဤသို့သဘောရှိသော။ ဝိနာသ ကာရကံ၊ ပျက်စီးဆုံးရှုံးခြင်းကို ပြုတတ် သော၊ သုရံနာမ၊ သေအရက် မည်သည်ကို။ န ပိဝိဿာမိ၊ မသောက်တော့ပါ။"

ဤသို့ ဆုတောင်း မိဋ္ဌာန်၍ အရဟတ္တဖိုလ် တိုင်ရောက် မသောက်တော့ပေ၊ ယခု မူးယစ်ပြီး ချစ်လှစွာသောသားကို သတ်၍စားသော ဗြဟ္မဒတ်မင်းကား သာမည အခြားသူ မဟုတ် အရှင်သာရိပုတ္တရာ၏ အလောင်းတော်မြတ် ဖြစ်သောသူတည်း။ (ဇာတ် အဋ္ဌကထာ၊ ဒု-တွဲ ဒုက နိပါတ် ဓမ္မဓဇ ဇာတ် နှာ-၁၇၇-၈)

## အရက်၏အစ ဖြစ်ပေါ်ရာ ကာလ

မြတ်စွာဗုဒ္ဓ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ ကိန်းအောင်း မွေ့လျော်နေတော်မူသောအခါ ဝိသာခါ၏ အခြံအရံ သီတင်းသည်မ ငါးရာတို့သည် နက္ခတ်သဘင်နေ့ ကြုံတွေ့သဖြင့် သေရည်သောက်စားလျက် ဗုဒ္ဓအထံသို့ ရောက်ကြလျှင် မူးနောက်ရူးယစ် သတိလစ်ကြ၍ ရှင်တော်ဗုဒ္ဓအား ခန့်ငြား ရှိခိုးကြောက်ခြင်းမရှိ၊ မိမိ စိတ်ထင်ရာ ကခုန် သီဆိုခြင်း၊ ငိုကြွေးခြင်း၊ လက်ခုတ် လက်ဝါးတီး၍ ကြီးစွာ ရယ်မောခြင်း၊ အချင်းချင်း ခိုက်ရန်ဖြစ်ပွါး၍ စကားဆော်လှန် ပြောဟက်ပြန်သံရေးခြင်း၊ ဂန္ဓကုဋိတော်မှောက်၌ပင် ဒူးထောင် ပေါင်ကား လက်ခြေများ မသိမ်း ဘယ်တိမ်း ညာပြောင်း ကျည်တောင်း အိပ်ပျော်ခြင်း စသည်တို့ကို ပြုကြကုန်၏။

သီတင်းသည် မိန်းမအားလုံး ဗုဒ္ဓ တရား ကြားနာရ၍ သောတာပန်ဖြစ်ကြကုန်၏၊ ထိုအခါ ဝိသာခါက မြတ်စွာဗုဒ္ဓအား ဤသို့ အကျိုးစီးပွါးမဲ့ကို ပြုတတ်သော သေအရက်၏ အစကာလ ကား အဘယ်ပါနည်းဟု လျှောက်ထား၏။

ရှေးအခါ ကာသိတိုင်းသားဖြစ်သော သူရာည်သော ပုဆိုးသည် သားငါးများအတွက် ဟိမဝန္တာသို့ ထွက်သွားရာ ထိုတော၌ အခွသုံးခွရှိသော သစ်ပင်ကြီး၏ အခွသုံးခွအလယ်အကြားတွင် အိုးစရည်းကြီး ပမာဏရှိသော တွင်းသည်ရှိ၏၊ မိုးရွာလျှင် ထိုတွင်း၌ မိုးရေပြည့်၏၊ အနီးအပါးတွင် ပေါက်ရောက်သော သျှစ်ရှား ဖန်းခါး ငရုပ် ပိတ်ချင်း စသည်တို့၏ အရွက်အသီး စသည်များတို့ကိုရင်း သလေးမှယော ကောက်နှံတို့ကိုရင်း ကျေးငှက်တို့ ချီဆောင်၍ စားသောက်ကြလျှင် သစ်ပင်ခွကြား၌ ရေသို့ အမျိုးမျိုး ကျရောက်ကြကုန်၏။ ထိုရေသည် နေပူအဟုန်ဖြင့် ကျက်၍ သေအရက်ဖြစ်ကုန်၏။

ထိုရေကို ကျေးငှက်အပေါင်းတို့ သောက်ကြ၍ မူးယစ်ပြီး မြေသို့ကျ၏၊ အမူးပြေက သစ်ပင်သို့ ပြန်တက်သည်ကို မုဆိုးမြင်က ထိုရေသည် အဆိပ် မဟုတ်ကြောင်းကို သိရ၍ သောက်ပြီးလျှင် ကျည်တောက်ဖြင့် ဆောင်ယူ၍ ဝရုဏရသေ့နှင့်အတူ အမဲသား ငါးနှင့် သောက်ကြကုန်၏။ ဤကား အရက်အစ ဖြစ်ပေါ်ရာ ကာလတည်း။

## အရက်ဖျက် ပြည်ပျက်

ထိုအခါ သူရနှင့် ဝရုဏ နှစ်ဦးတို့သည် သေအရက်ကို များစွာယောင်ယူပြီးလျှင် ပစ္စန္တရစ်မြို့သို့ သွားကြ၍ အဖျော်ပြု ရောင်းစားသဖြင့် ပစ္စန္တရစ်သားတို့သည် မူးယစ်ကြကုန်၏၊ ထိုနှစ်ဦးသော သူတို့သည် သေအရက် ကုန်သောအခါ မူလသစ်ခွသို့ သွားရောက်ဖြည့်စွက်ပြုပြင်ကာ ပူလာကြပြန်၍ ပစ္စန္တရစ်သား အားလုံးတို့ သောက်သုံးကြကုန်သောကြောင့် ပစ္စည်းဥစ္စာတွေ ပျက်စီး အချင်းချင်း ခိုက်ရန်ဖြစ်ကြ၍ နှင်သ ပြည်ကြသောအခါ

မိန်းမ ဖျက် ပြည်ပျက် ဆိုသကဲ့သို့ အရက်ကြောင့် တပြည်လုံး ပျက်စီးကုန်တော့၏၊ ထို့ကြောင့် ဇာတ် အဋ္ဌကထာ၌—

"နဂရံ သုညံ ဝိယ အဟောသိ" —

ဟု ပြဆိုထား၏။ နဂရံ၊ သေအရက် သောက်သုံး တမြို့လုံးသည်။ သုညံ ဝိယ၊ အကျိုးမပြီး အချည်းနှီး ဆိတ်သုန်း နေသကဲ့သို့။ အဟောသိ၊ ဖြစ်ရလေပြီ။

တဖန် ထိုသူနှစ်ယောက်တို့သည် ဗာရာဏသီပြည်သို့သွား၍ အဖျော်မျိုးပြုလုပ်တတ်ကြောင်းကို မင်းအား လျှောက်ထားပြန်သဖြင့် ပြုစုစေ၍ မင်းနှင့်တကွ တတိုင်းပြည်လုံး သောက်သုံး မူးယစ်ကြ၍ တမြို့လုံး ရှေးနည်းတူ ပျက်စီးပြန်၏။ ထို့ကြောင့် ၎င်းဇာတ် အဋ္ဌကထာ၌—

"တမ္ပိ နဂရံ တထေဝ ဝိနဿတိ"—

ဟု မိန့်လေသည်။ တမ္ပိ နဂရံ၊ ထိုဗာရာဏသီပြည်သည်လည်း။ တထေဝ ထိုပစ္စန္တရစ်မြို့ အတူသာလျှင်။ ဝိနဿတိ၊ တားဆီးမရ ပျက်စီးရပြန်၏။

ထိုအဖျော်သမား နှစ်ယောက်တို့သည်၊ ဗာရာဏသီပြည် ပျက်စီးပြီးနောက် သာကေတမြို့သို့သွား၍ ရောင်းစားပြန်ရာ ရှေးနည်းအတူပင် အားလုံးပျက်စီးကြကုန်၏၊ ထို့နောက် သာဝတ္ထိပြည်သို့ သွားပြန်သဖြင့် **သဗ္ဗမိတ္တ** အမည်ရှိသော မင်းကြီးအား အဖျော်ပြုလုပ်တတ်ကြောင်းကို ကြားလျှင် ထိုအဖျော်သမား နှစ်ယောက်တို့ကို ချီးမြှောက်ပေးကမ်း၍ တင်းကုတ်ရံများ ဆောက်လုပ်ပြီးလျှင် များစွာသောအဖျော်အိုးစရည်းကြီးတို့ကိုစီရင်စေ၏၊ ထိုအိုးစရည်းကြီးတို့ကို ကြွက်များ မဖျက်ဆီးရအောင် ကြောင်တကောင်စီ ကြိုးဖြင့်ချည်၍ အစောင့်ထား၏၊ ထိုကြောင်တို့သည် အိုးမှ ဆူဝေ၍ကျသော သေများကို သောက်စား ကြသဖြင့် မူးယစ်ပြီး အိပ်ပျော်ကြကုန်၏၊ ထိုအခါ ကြွက်တို့သည် လာလတ်၍ ကြောင်တို့၏ နား-နှာ-အမြီးစသည်တို့ကို ကိုက်ကြကုန်၏။

**မှတ်ချက်။** ။ဤဝတ္ထု၌ ကြောင်နှင့် ကြွက်သည် ကမ္ဘာ့ရန်ဘက် အသက်၏ အန္တရာယ် ဖြစ်၍ အဆင်းသဏ္ဌာန် အသံကိုမျှ မကြားဝံ့အောင် ကြောက်လန့် တုန်လှုပ် ကြရသော ကြွက်တို့သည် ကြောင်၏ -နား-နှာ အမြီးတို့ကို လာရောက်ပြီး ရဲရင့်စွာ ခဲဝံ့ကြခြင်းသည် သေရည်အပြစ်ကြောင့် ဖြစ်ရ၏၊ လွန်စွာအံ့သြဘွယ် ကောင်းလှပါပေစွ။

(အမျိုးကောင်းသား သူတော်များတို့သည် ရှောင်ရှားနိုင်ကြပါစေ)

---

၁။ ဇာ၊ ၂၊ ၅၊ ၄၁-၁၄။

ကြွက်တို့ ခဲကြသော်လည်း မထ မလှုပ်ရှားသော ကြောင်များကို မင်းချင်းတို့ မြင်၍ မင်းအား ပြောကြားလျှင် ထိုသူနှစ်ယောက်ကို အဆိပ်သမား ဖြစ်သည်ဟူ၍ အသတ် ခိုင်း၏။ ထိုလူနှစ်ယောက်တို့သည်လည်း အရှင်မင်းကြီး အဆိပ်မဟုတ်ပါ၊ ချိုမြိန် ကောင်း မြတ်ပါ၏ဟု ပြောဆိုလျက် သေကြရကုန်၏၊ ထိုသူနှစ်ယောက်တို့ကို သတ်ပြီးမှ ကြောင် များ အမူးပြေ၍ ထပြီး ကစားမြူးတူးကြသည်ကို မြင်ကြကုန်သဖြင့် အဆိပ်မဟုတ်မှန်း သိပြီး မင်းနှင့်တကွ ပြည်သူအားလုံး သောက်စားကြရန် စိုင်းပြင်း အားထုတ်ကြကုန်၏။

ထိုအခါ သိကြားမင်းသည် ဇမ္ဗူဒိပ် တကျွန်းလုံး ပျက်စီးအံ့သည်ကို မြင်၍ ပုဏ္ဏား ယောင်ဆောင် ဆင်းလာပြီးလျှင် သဗ္ဗမိတ္တ မင်းအား 'လူ့ရွာမှ သိကြားမင်း ကိုမာဃတို့ အုပ်စု သူတော်ကောင်းများ တာဝတိံသာသို့ ရောက်သွားကြ၍ မူလရှိနှင့်သော နတ်အသူရာ တို့ သေအရက် သောက်စားမူးယစ်နေကြသဖြင့် သိကြား ကိုမာဃအတွက်ကြောင့် မြင်းမိုရ် တောင်အောက် အရောက် ထွက်ပြေးသွားကြကုန်၏။'

စသည်ဖြင့် သေအရက်၏ အပြစ်ကို များစွာပြလျက် ဆိုဆုံးမရာ မင်းကြီးက ကျေးဇူး တင်သဖြင့် ဆုလပ်များစွာ ပေးမည်ပြုရာ "ငါပုဏ္ဏားမဟုတ် သိကြားတည်း"ဟု ပြောဆိုကာ ကောင်းကင်မှနေ၍ ပြည်သူတို့နှင့်တကွ မင်းကြီးအား "ယနေ့မှ အစပြု၍ သေသောက်ခြင်း စသော ဒုစရိုက်အမှုတို့ကို မပြုကြဘဲ ဒါန သီလ စသည်ပြုပြီး နတ်ပြည်၌ ဖြစ်ကြကုန်" ဟုဆုံးမ ကွယ်ပျောက်လေ၏။

**မှတ်ချက်။** ။လူတို့ နှစ်အရေအတွက်နှင့် အရက်ကို တခါသောက်လျှင် သုံးနှစ်တိုင်မျှ မူးရသောဟူ၏။

ထိုသိကြားမင်း၏ အဆုံးအမ ကြားရ၍ မင်းနှင့်တကွ တိုင်းသူပြည်သားတို့ သေ အရက်ကို ရှောင်ရှားကြကုန်၏။

ဤဝတ္ထု၌ သိကြားမင်းက ဗုဒ္ဓအလောင်းဖြစ်၍ သဗ္ဗမိတ္တမင်းက အာနန္ဒာ အလောင်းပေတည်း[၁]။

ထိုမှတပါး သိက္ခာပုဒ် မပညတ်မီ ဆွမ်းခံရာမှ သေအရက်တွေ့ များစွာသောက်ပြီး လျှင် မြို့တံခါးအထွက် မူးယစ် တုံးလုံးလဲလျက်နေသည်ကို ဗုဒ္ဓရှင်တွေ့၍ ကျောင်းသို့ တွဲခေါ်လာစေ၏၊ ရဟန်းတို့က ဗုဒ္ဓမျက်မှောက်၌ ဗုဒ္ဓဘက်ခေါင်းလှည့်၍ထားရာ မကြာမီ ဗုဒ္ဓဘက် ခြေပြု၏၊ မြတ်စွာဗုဒ္ဓက "ဤသာဂတ ရဟန်းသည် ရှေးအခါက ဈာန် အဘိညာဏ် တန်ခိုးဖြင့် အမ္ဗတိတ္ထ နဂါးကြီး၏ အဆိပ် တန်ခိုး အခိုးအလျှံတို့ကို ကုန်စေလျက် နိုင်နင်းစွာ ဆုံးမနိုင်ခဲ့၏၊ ယခုအခါ ဈာန်အဘိညာဏ် ကွယ်ပျောက်၍ အဆိပ်အတောက် မရှိသော ရေမြွေကလေး လောက်ကိုမျှ မဆုံးမနိုင်တော့ပါဘူး[၁]"။

---

၁။ ဇာ၊ ၄၊ ၅၊ နှာ-၁၂-၅။ (ကုမ္ဘဇာတ်)

ဤရဟန်းကို အကြောင်းပြု၍ "သေအရက်သောက်က ပါစိတ် အာပတ် သင့်စေ" ဟု သိက္ခာပုဒ် ပညတ်တော်မူ၏။

လိုမှတပါး ဝတ္ထုသာဓက များစွာရှိသေး၏၊ ဤသေသောက်ရာ၌ ပစ္စုပ္ပန်အပြစ် အနာဂတ်အပြစ်တို့ကို ပြဆို၍ နိဂုံးချုပ်ပါတော့မည်။

သုရာပါနအပြစ် လင်္ကာ။ ။သေရည်သောက်လင့်၊ သင့်မသင့်၌၊ ရေးခွင့်မသိ၊
ပျင်းရိမိုက်ရူး၊ ကျေးဇူးမဆပ်၊ ဟိရောတ္တပ်ကင်း၊
ခပင်းများထို၊ အကုသိုလ်ကို၊ မညိုလွယ်စွာ၊ ပြုဖြစ်ရာ၏။

သေရည်သောက်ခြင်းကြောင့် ယခုပစ္စုပ္ပန် ပျက်ပျောက်ဘဝ၌ ရရှိသော အပြစ်(၆)ပါး

၁။ ပျက်ပျောက် စီးပွားဥစ္စာပျက်စီးရခြင်း၊
၂။ ငြင်းခုံခိုက်ရန် ဖြစ်ပွါးကြရခြင်း၊
၃။ အနာရောဂါတို့ ဖြစ်ပွား တည်ခြင်း၏ အကြောင်းဖြစ်ခြင်း၊
၄။ အကျော် အစောမဲ့ ဖြစ်ရခြင်း၊
၅။ အရှက်အကြောက် မရှိခြင်း၊
၆။ အတတ်ပညာ ဆုတ်ယုတ်ပျက်စီးခြင်း၊

✲ ယခုပျက်ပျောက်၊ သေသောက်အပြစ်၊ ရလစ်အကျိုး၊
ပိုးခြောက်မျိုးကား-စီးပွါးပျက်တုံ၊ ငြင်းခုံခိုက်ရန်၊
ဖြစ်ပြန်ရောဂါ၊ ပွါးလာတည်လစ်၊
အကြောင်းဖြစ်၏၊ မဲ့ဘိကျော်စော၊
ရှက်သောကြောက်တ၊ ပျကြတူ၊
သိပ္ပပညာ၊ ဆုတ်ယုတ်စွာသည်၊
မှတ်ပါအပြစ်၊ ပျက်ပျောက်ဖြစ်၏။

သေရည်သောက်ခြင်းကြောင့် အနာဂတ်ဘဝ၌ ခံစားရသော အပြစ်များ

၁။ ငရဲကြီး ငရဲငယ် အသွယ်သွယ်တို့၌ ဖြစ်ရခြင်း၊
၂။ တိရစ္ဆာန်ဘုံ၌ ဖြစ်ရခြင်း၊
၃။ ပြိတ္တာဘုံ၌ ဖြစ်ရခြင်း၊
၄။ အသုရကာယ်တို့အဘောက် ယုတ်ညံ့ရခြင်း၊
၅။ အယုတ်ဆုံး လူဖြစ်လျှင် ရူးသွပ်ရခြင်း၊

၆။ စကား မပီမသ ဆွံ့အ အရည်ယိုခြင်း၊

၇။ ပြန့်လွင့်သော စိတ်ရှိခြင်း၊

၈။ ပဋိသန္ဓေအားဖြင့် ထိုင်းမှိုင်း တွေဝေရခြင်း စသည်တည်း။

* အနာဂတ်ရောက်၊ သေသောက်အပြစ်၊ ရလစ်အကျိုး၊ အမျိုးမျိုးကား၊ ငရဲကြီးငယ်၊ အသွယ်သွယ်ပ၊ ခံရအစစ်၊ တိရစ်ပြိတ္တာ၊ ဖြစ်မှာတဖန်၊ ယုတ်ပြန်များအောက်၊ လူ့ဘုံရောက်လည်း၊ ရူးနှောက်ပြန့်လွင့်၊ ဆွံ့အ မပီ၊ အရည်ယိုဘိ၊ ပဋိသန္ဓေ၊ တည်နေအစ၊ တွေဝေရသည်၊ မှတ်ကြအပြစ်၊ နာဂတ်ဖြစ်၏။

## သူ့အိမ်ယာကို လွန်ကျူးခြင်း၌ ထည့်သွင်းသော သေအရက်ကို သောက်ခြင်းမှ ရှောင်ကြဉ်ခြင်းကြောင့် ရသောအကျိုးများ

၁။ အတိတ် အနာဂတ် ပစ္စုပ္ပန် ပြုဘွယ်ကိစ္စဟူသမျှတို့၌ လျင်မြန်စွာ သိလွယ်သူ ဖြစ်ရခြင်း၊

၂။ အခါခပ်သိမ်း မမေ့သော သတိရှိသူ ဖြစ်ရခြင်း၊

၃။ မရူးသွတ်သူ ဖြစ်ရခြင်း၊

၄။ ဉာဏ်ပညာရှိသူ ဖြစ်ရခြင်း၊

၅။ ဆန့်ကျင် ပျင်းရိသူ မဖြစ်ရခြင်း၊

၆။ အရိအရွဲ မယိုသူ ဖြစ်ရခြင်း၊

၇။ အတိုင်းအရှည် ပမာဏကို သိသူဖြစ်ရခြင်း၊

၈။ မမေ့လျော့သူ ဖြစ်ရခြင်း၊

၉။ မတွေဝေသူ ဖြစ်ရခြင်း၊

၁၀။ ကိုယ်လက်ခက်ထန် တဆန့်ကျင် မရှိရခြင်း၊

၁၁။ ခက်ထန် ရှန့်ရင်း ကြမ်းကြုတ်ခြင်းမရှိသူ ဖြစ်ခြင်း၊

၁၂။ ငြူစူခြင်း ကင်းသူ ဖြစ်ရခြင်း၊

၁၃။ မဖောက်မပြန် မှန်သောစကားရှိသူ ဖြစ်ရခြင်း၊

၁၄။ မချောပစ်သောစကား,မကြမ်းကြုတ်သောစကား,ပြိန်ဖျင်းသောစကားကို မဆိုသောသူ ဖြစ်ရခြင်း၊

၁၅။ ပျင်းရိခြင်းမှ နေ့ညဥ့်ပတ်လုံး ကင်းသူဖြစ်ရခြင်း၊

၁၆။ သူ့ကျေးဇူးကို သိတတ်သူဖြစ်ရခြင်း၊
၁၇။ ဝန်တိုခြင်းကင်းသူ ဖြစ်ရခြင်း၊
၁၈။ စွန့်ကြဲခြင်းရှိသူ ဖြစ်ရခြင်း၊
၁၉။ သီလနှင့်ပြည့်စုံသူ ဖြစ်ရခြင်း၊
၂၀။ ဖြောင့်မတ်သူ ဖြစ်ရခြင်း၊
၂၁။ အမျက်ဒေါသ နည်းပါးသူ ဖြစ်ရခြင်း၊
၂၂။ မကောင်းမှုမှ ရှက်တတ်ခြင်း၊
၂၃။ မကောင်းမှုမှ လန့်တတ်ခြင်း၊
၂၄။ ဖြောင့်မတ်သော အယူရှိသူ ဖြစ်ရခြင်း၊
၂၅။ မြင့်မြတ်သူ ဖြစ်ရခြင်း၊
၂၆။ နှိုင်းယှဉ်နိုင်သော ပညာရှိသူ ဖြစ်ရခြင်း၊
၂၇။ သိလွယ်သော ပညာရှိ ဖြစ်ရခြင်း၊
၂၈။ အကျိုးရှိသည် မရှိသည်၌ လိမ္မာသူ ဖြစ်ရခြင်း-အစရှိကုန်သော အကျိုး တို့ကို ခံစားရကုန်၏။

* သေသောက်ကင်းလတ်၊ ရအပ်အကျိုး၊ အမျိုးမျိုးကား၊
သုံးပါးကာလ၊ ဟူသမျှ၌၊ ကိစ္စပြုဘွယ်၊ သိလွယ်လျင်မြန်၊
ထင်ပြန်သတိ၊ ခပ်သိမ်းရှိ၏၊ ရှုးဘိကင်းကွာ၊
ပညာဉာဏ်ရှိ၊ မပျင်းရိဘူး၊ ယိုဘိအရည်၊
မဖြစ်သည်သာ၊ တိုင်းရှည်ကိုသိ၊ ဆဒ္ဓိတတ်ကင်း၊
တွေဝေခြင်းနှင့်၊ ရုန့်ရင်းခက်ထန်၊
ငြူစူပြန်ပေါ့၊ မေ့လျော့မဖြစ်၊ စင်စစ်စကား၊
မဖောက်ပြားတည်း၊ စကားပြိန်ဖျင်း၊
ကြမ်းခြင်းမချော၊ မပြောမဆို၊
ထိုထိုနေ့ည၊ ပြင်းပြဆန့်ကျင်၊ ကင်းအင်တထူး၊
ကျေးဇူးသိလှ၊ သီလမြဲမြံ၊ သူ့ဝန်မတို၊
စွန့်ကြဲလိုသည်၊ ပင်ကိုယ်ဖြောင့်မတ်၊ နည်းလတ်အမျက်၊
အရှက်လန့်ကင်း၊ ဖြောင့်စင်းအယူ၊ မြတ်သူဖြစ်ဘိ၊
နှိုင်းရှိပညာ၊ တဖြာသိလွယ်၊ ပညာကြွယ်ဘိ၊
ကျိုးရှိမရှိ၊ မြင်သိလိမ္မာ၊ ဖြစ်ရရှာသည်၊
သူရာအရက် ရှောင်ကျိုးတည်း။

* ဒုစရိုက်ဆယ်ခု၊ ပွါးကြောင်းမှုကို၊ မည်သူ့ကြောင့်နည်း၊ ဖြစ်သနည်းဟု၊
စိတ်ထည်း ဉာဏ်နှင့်၊ အမှန်ချင့်သော်၊ အခွင့်မသိ၊ သတိကင်းပ၊ ဟဒယ
မကြည်၊ မတည်ဣန္ဒြေ၊ တွေဝေထိုင်းမှိုင်း၊ စိတ်မှာတ်ရိုင်းအောင်၊ အတိုင်း
မသိ၊ စွမ်းနိုင်ဘိသား၊ လူ၏ ရန်ဘေး၊ အရူးဆေးဟု၊ ထောက်တွေး
ချင့်တွက်၊ သေအရက်တည်း။ လူပျက်လူနွမ်း၊ လူသရမ်းတို့၊ သေ့သွမ်း
သည်ပင်၊ အကောင်းထင်၍၊ မစင်ကို ခွေး၊ နှစ်သက်ရေးသို့၊ မအေးပူဆာ၊
ချမ်းသာမရောက်၊ မျက်မှောက်တမလွန်၊ နှစ်တန်စီးပွါး၊ ပျက်ပြား ဆုတ်
ယုတ်၊ အမှန်ဟုတ်၍၊ လူရုပ်မပီ၊ အဆိပ်ရည်သည်၊ လူ့ပြည်ဖျက်ဆီး
ရန်သူကြီး။

**သတိပေးချက်။** ။ဆိုအပ်ခဲ့ပြီးသော ဒုကနိပါတ် ဓမ္မဇ ဇာတ်၌ သေရည်သောက်မှားသားကို သတ်၍ စားသည့် ဆတ္တပါဏိ အလောင်း သူတော်ကောင်းလို အရဟတ္တဖိုလ် ရရှိသည့်တိုင်ရောက် မသောက်စားတော့ပါဟု ဆုပန် အဓိဋ္ဌာန်ပြီးလျှင် မကောင်းမှု အကုသိုလ်၏ အပြစ်ဒေါသ အာဒီနဝ တို့ကို ရှုမြင် ဆင်ခြင်ပြီး ငြီးငွေ့ကြ၍ ဒါန သီလ စသည်ကို အားထုတ်ပါမှ ဘဝသံသရာ လွန်စွာရှည်ညောင်း ဝဲခနောင်းမှ ထွက်မြောက်စေကြောင်း ကောင်းမှုပါရမီ ပြည့်စုံမည်ဟု သတိပြုကြကုန်ရာသတည်း။

ဘုန်းကြီးတို့ ဗုဒ္ဓဘာသာဝင် သူတော်စင်ဖြစ်သူတို့မှာ အရင်းစစ် အမြစ်တပဲ အသဲနှလုံး သည်းခြေပမာ လွန်စွာ အရေးကြီးမှုန် အခြေခံမူလဘူတ ပဓာနဖြစ်သော ဩကာသ အဓိပ္ပါယ် သရဏဂုံ အကျယ် ငါးသွယ်ပဥ္စသီ အလီလီတို့ကို ပါဠိအဋ္ဌကထာ ဋီကာလာဖြင့် နောင်လာ နောက်သား သမီးသားတို့ ကျိုးများဘို့ရည်ရွယ် ကောင်းကြွယ်အဓိပ္ပါယ် လွန်ကျယ်လှစွာ ရေးသားလိုက်ပါ၏။

**ဆရာသမားရွှေးချယ်ကိုး။** ။ဤသို့ အကျယ် အသွယ်သွယ်အားဖြင့် ရေးသားရသူမှာ ယခုကာလ အယူဝါဒ အမျိုးမျိုး လောကီလိုင်းအမျိုးမျိုး ဟောပြောပုံ သူတဖုံ ငါတမျိုး ကျမ်းဂန် ထိုးဖောက် ဗရားရောက်ပြစ်တင် မဆင်မခြင် ထင်မြင်ရာ ဟောကြား လွဲမှားပုံတခု ထုတ်ဆိုဦးအံ့။

သူအချို့က ဟောကြားသည်မှာ ဒါန သီလ စသည်အစု ကုသိုလ်ကောင်းမှု ပြုလျှင် သဿတ ဒိဋ္ဌိ ဖြစ်သတဲ့၊ ဤစကားမှာ ပြဒါးတလမ်း သံတလမ်း ဆိုသကဲ့သို့ နည်းမကျ ဘာမျှ မသက်ဆိုင်ဘဲ ခုပြောတဲ့ အတိုင်းဆိုလျှင် ကုသိုလ်ကောင်းမှုကို မပြုမှ သဿတ ဒိဋ္ဌိကင်းတယ်၊ သဿတ ဒိဋ္ဌိကင်းအောင် ကုသိုလ်ကို မပြုကြနဲ့လို့ ဆိုရာရောက်နေတယ်၊ **သဿတ ဒိဋ္ဌိ** ဆိုတာ ဘဝ ရုပ်နာမ် ခန္ဓာ သတ္တလောက ဘယ်အခါမှ မပျက်မစီးဘဲ မြဲတယ်လို့ယူတဲ့ အယူမျိုးကို ဆိုလိုပါတယ်။

သူ့သက် သတ်ခြင်း, သူ့ဟာ ခိုးယူ လုယက်ခြင်း, လိမ်လည်ခြင်း အစရှိသော အကုသိုလ် ဒုစရိုက်မှုကို မပြုရှောင်ကြဉ်က ဥစ္ဆေဒ ဒိဋ္ဌိ အယူမျိုးဖြစ်ပါသတဲ့၊ ခုလိုဆိုတော့

အကုသိုလ်မှုတွေကို မကြည်ရှောင်ဘဲ ပြုလုပ်နေတဲ့ လူတွေမှသာ ဥစ္ဆေဒ ဒိဋ္ဌိ ကင်းမယ်လို့ ဆိုရာရောက်နေပါတယ်၊ ဥစ္ဆေဒ ဒိဋ္ဌိ ဆိုတာက ယခုဘဝ ရုပ်နာမ် ခန္ဓာတွေ ပျက်စီးလျှင် ပြတ်စဲသွားတာဘဲ၊ နောက်ဆက်ဖြစ်စရာ ဘာမျှ မရှိတော့ဘူးလို့ ယူတာမျိုးဖြစ်တယ်။

ဤနေရာမှာ မဟာစည် ဆရာတော်ဘုရား ပြောကြားသော **အရှုးဥပမာ** ဟာ မှတ်စရာ အလွန်ကောင်းတာဘဲ၊ အရှုးတယောက်ဟာကြိုးဆွဲချပြီး သေနေတဲ့လူကို တွေ့ရတော့ မတော်တဆ ကြိုးကွင်းထဲမှာ တိုးမိပြီး သေနေတယ်လို့ သူက ထင်တာနဲ့ "အင်း....သောင်တဲ့သူကလဲ သစ်ပင်ပေါ်မှာ တက်ပြီး ထောင်ပါပေ့၊ တိုးတဲ့သူကလဲ တိုးပါပေ့ဗျာ" လို့ အံ့သြပြီး အရှုးက ပြောသကဲ့သို့ ထို့အတူ မဟုတ်မဟတ် လုပ်ဇာတ်အနေနှင့် ဟောတဲ့သူကလဲ ဟောပါပေ့၊ တရားကောင်းမှတ်ပြီး နာယူသူ အပေါင်းတို့ကလဲ နာပါပေ့၊ အံ့သြဘွယ်ရာ သတိသံဝေဂ ရရှိစရာ အလွန်ကောင်းလှပါ၏။

ဘုန်းကြီးနှင့်တကွ ရဟန်းဘဲဖြစ်စေ ရှင်ဘဲဖြစ်စေ လူဘဲဖြစ်စေ မတော်တာတွေကို မဟောကြား မဟောပြောမိဘို့ အလွန်သတိပြုသင့်ကြပါတယ်၊ လောက၌ အမွေခံ သားဆိုး သမီးဆိုးတို့သည် မိခင် ဘခင် ကျေးဇူးရှင်ကို ပြင်းပြင်းထန်ထန် တော်လှန်သကဲ့သို့ ဗုဒ္ဓ အမွေခံက ဗုဒ္ဓကို နင်လား ငါလား ကြုံးဝါးတော်လှန် အမွေခံ သားဆိုး သမီးဆိုး အစစ် စာရင်းဝင်ဖြစ်သွားပါက နစ်နာလှပြီး ကိုယ်ကျိုးကြီး နဲကြမည်ကို သတိသမ္ပဇဉ်ဖြင့် ရှောင်ကြဉ် ဆင်ခြင်ကြရာ၏။

ယခုအခါ ဆရာသမားလည်း အမျိုးမျိုး အားကိုး အားထား ကိုးကွယ်ကြရ၏၊ သံဃာအား လှူရာ၌ သံဃာမည်သည် သီလမရှိသော ဒုဿီလ ဟူ၍မရှိ စိစစ် ရွေးချယ်ဘွယ် မလို၊ ပုဂ္ဂိုလ်လှူရာ၌ကား ရွေးချယ်၍ လှူသင့်ပုံကိုလည်း ငါဗုဒ္ဓ ဟောကြားတော်မူ၏၊ မဃဒေဝ မာန်လည်ဆရာတော် ဘုရားကြီးက ကိုယ့်ရေး ကိုယ့်တွက်တာ လှူပါလျှင် ရွေးချယ် ဘို့ မလိုကြောင်း—

* မချိုကုသိုလ်၊ ကိုယ့်ဘိုလိုသော်၊ ပုဂ္ဂိုလ်ယုတ်မြတ်၊ မမှတ်အပ်စွာ၊
ရရာ မရွေး၊ ဖင့်မနှေးဘဲ၊ လှူပေးစွန့်ကြဲ၊ တွေ့တိုင်းရဲလော။

ဤသို့ မိန့်ဆိုပြီးလျှင် သေသူအဘို့ လှူရာ၌ကား—

၁။ သေသူကို ရည်စူးရည်မှန်းခြင်း၊

၂။ သေသူက သာဓု ခေါ်နိုင်ခြင်း၊

၃။ အလှူခံ ပုဂ္ဂိုလ်က သီလနှင့် ပြည့်စုံခြင်း။

ဤသို့ အင်္ဂါသုံးပါးနှင့် ပြည့်စုံမှ သေသူအကျိုးရကြောင်း—

* ပေတကိစ္စ၊ လှူဒါနဥ္စ၊ ရည်ထပေးပြု၊ သာဓုခေါ်တတ်၊
လှူခံမြတ်မှု၊ သေသူရ၏။

ဤသို့ မိန့်ဆိုတော်မူပြန်၏။

သို့ဖြစ်ရာ ယခုအခါမှာ "ကုန်ရှုံးတော့ တခေါက်၊ လင်ယူရှုံးတော့ တသက်လုံး မှောက်၊ ဆရာအကိုးအကွယ်ရှုံးတော့ တသံသရာလုံးမှောက်" ဆိုသကဲ့သို့ သံသရာဝဋ်ကျောက် ဒုက္ခမရောက်ဘွယ် ဆရာသမားကို ရွေးချယ် ကိုးကွယ်ယိုက်ကြ၏။

**ကုသိုလ်ကောင်းမှု ပြုလုပ်ကြ။** ။ဘုန်းကြီးတို့ တပေ့ဘှာ အတိတ်ဝေးကွာ ရှေးအခါက ပြုခဲ့ကြသော ကံတူအကျိုးပေးကြောင့် တိုင်းပြည်တခွင်၌ အားလုံး ရေစက်ဆုံစီးပြီး နေထိုင်ကြရ၏၊ ကူးသန်းသွားလာရာ သံသရာစခန်း၌ ဘယ်မင်း ဘယ်ဗရားလက်ထက်ကစ၍ ဖြစ်လာကြသည်ဟု သတ္တဝါတို့၏ အစကိုကား မသိဒပ်နိုင်ချေ။ ထို့ကြောင့် ဗုဒ္ဓမြတ်စွာက "ချစ်သား ချစ်သမီးတို့ အဝိဇ္ဇာ နိဝရဏ က သစ္စာ လေးပါး စသည်များကို မသိပိတ်တိုး ဖုံးလွှမ်းကွယ်ကာ၍ တဏှာသံယောဇဉ်ကြိုးဖြင့် ဖွဲ့ချည် တုပ်နှောင်အပ်ကုန်သည်ဖြစ်၍ ဤဘဝမှ ဘဝတပါး ပြေးသွားကုန်ကျက် သံသရာဝဋ်၌ ဆက်လက်ဖန်ဖန် တပြောင်းပြန်ပြန် ကျင်လည်ကြကုန်သော သင်တို့၏ ဖြစ်ရာ အစ အပိုင်း အခြားကို မသိအပ် မသိနိုင်ချေ" ဟု ဟောတော်မူခဲ့ပါသည်၊ ဤသို့ အဝိဇ္ဇာနှင့် တဏှာ အတွင်းသန္တာန်၌ အရင်းခံပြီး ကျင်လည်နေကြရသော ဘုန်းကြီးတို့တတွေမှာ မဂ် မရသေး၊ ဖိုလ်က အဝေးကြီး နိဗ္ဗာန်လည်း အစော်မနံ၊ အကိုးခံ စာရင်းတွင် မပါဝင်ကြရအောင် ဒါန သီလ စသည်ကောင်းမှု အစုစုကို ပြုကြရာ၏။

* မဂ္ဂင်ယာဉ်ကြီး၊ တက်စီးပြီးမှ၊ ပြည်ကြီးအမတ၊ နိဗ္ဗာန၊ ရမည်မှန်မယွင်း။
ယခုဘဝ၊ မသိကြမူ၊ အမတခေါ်၊ ရွှေပြည်တော်၊ အစော်မနံလျှင်း။

ဤသို့ **ထွန့်ခေါင်** ဆရာတော်ဘုရားကြီးကလဲ ဆုံးမ သတိပေးတော်မူခဲ့ပါတယ်။

ဤနေရာဌာန၌ ဘုန်းကြီးတို့တတွေ ဆိုလည်တပ်နွား ရဟတ်ခြားသို့ မရပ်မနား ရှည်လျားလှစွာ သံသရာခရီးလမ်းကြီးထဲ၌ ဆင်းရဲတခါ ချမ်းသာတလှဲ့ ဆိုသကဲ့သို့ ကျင်လည် နေကြရတဲ့အခါ ပုထုဇဉ်များဖြစ်ကြသဖြင့် အရူးပမာဖြစ်၍ နေကြရပါတယ်။

**ပုထုဇဉ်အရူး။** ။ကျမ်းဂန်များ၌လည်း 'ပုထုဇ္ဇနော ဥမ္မတ္တကော ဝိယ' စသည်ဖြင့် ပုထုဇဉ် မှန်သမျှ အရူးအနှမ်းတွေနှင့် တူလှကြောင်း ပြဆိုထားပါတယ်၊ အရူး ဆိုတာ အားလုံးသိကြတဲ့အတိုင်းဘဲ မိမိအိပ်ထဲမှာဖြစ်စေ တောင်းထဲမှာဖြစ်စေ ဆေးလိပ်တို အဝတ်စုတ်မှစ၍ တွေ့ကရ ကောက်ကရ ပေါင်းစု၍ ထည့်ထားသကဲ့သို့ ပုထုဇဉ်ဆိုတာ များ စွာသော ကိလေသာဆိုးတွေကို ဖြစ်စေတတ်လို့ ပုထုဇဉ်လို့ခေါ်ရကြောင်းကိုလဲ ကျမ်းဂန် များ၌ ပြဆိုထားပါတယ်။

ထို့ကြောင့် ပုထုဇဉ်မှန်သမျှတွေဟာ သံသရာ ခရီးလမ်းတလျှောက်တွင် အဝိဇ္ဇာ တဏှာဦးစီးခံကြရပြီး တခါတရံ မိစ္ဆာဒိဋ္ဌိအယူမှားတွေကို ယူခဲ့ကြတယ်၊ ယခုဘဝတွင် ဗုဒ္ဓဘုရားနှင့်တွေ့ကာ ကောင်း ရဟန္တာဖြစ်ရမည့် ဗာဟိယ ဒါရုစီရိယထေရ်ဆိုတာ အဝတ်မပါ ဗလာ ကိုယ်ဘည်း ရဟန္တာကြီးလုပ်ပြီး အကိုးကွယ်ခံခဲ့သေးတယ်။

တခါတရံ ယခုလိုအယူမှန် အမြင်မှန်ဖြစ်တဲ့ သမ္မာဒိဋ္ဌိအယူကို ယူခဲ့ကြတယ်၊ တခါ တရံ ကုသိုလ်တရားမှန်း အကုသိုလ်တရားမှန်း အကန်းသဘွယ် မသိခဲ့ကြရဘူး၊ ထိုသို့ သံသရာ စခမ်း ကျင်လည်ရာလမ်း၌ ဒါန, သီလ, ဘာဝနာကုသိုလ် ရိက္ခာထုပ်နည်းတဲ့အခါ ဆင်းဆင်း ရဲရဲနှင့် ကျင်လည်ခဲ့ကြရတယ်၊ ဒါန သီလ စတဲ့ ကုသိုလ်ရိက္ခာတွေများတဲ့အခါ ချမ်းချမ်း သာသာနဲ့ အထက်တန်း၌ ကျင်လည်ကြ ဖြစ်ခဲ့ကြရတယ်။

* ငါဒိဋ္ဌိတတွေ၊ ရှုးသက်ရှည်၊ တွေဝေမိုက်ခဲ့သည်။
ပုထုဇဉ်မှန်သမျှ၊ ရှုးတူလှ၊ ကျမ်းပြမိန့်ခဲ့သည်။

ဤနေရာတွင် တန့်ရပ်၍ စဉ်းစားဘွယ်ရှိပါသေးတယ်၊ ပြဆိုခဲ့ပြီးသောအတိုင်း သံသရာစခမ်း ခရီးကြမ်း၌ ပင်ပန်းနွမ်းယိ မချိတင်ကဲ ဆင်းရဲတခါ ချမ်းသာတဖုံ အမျိုးစုံ အောင် အရှုးပမာ ဖြစ်ခဲ့ကြရရုံသာမဟုတ်ဘဲ ဘုန်းကြီးတို့တတွေ ဘယ်လိုရထားကြီးကို စီးပြီး ဘယ်လိုခရီးထွက်နေကြရပုံကို အဋ္ဌကထာ အဖွင့်အရ စိစစ်ပြဆိုပါမယ်။

**ဝဋ္ဋရထားစီးပြီး ဘုံ ၃-ပါး ခရီးထွက်နေပုံ။** ။ဘုန်းကြီးတို့ တတွေ တက်စီးလို့ နေကြတဲ့ ရထားကြီး အမည်က ဝဋ္ဋရထားကြီးတဲ့၊ ဝဋ္ဋရထားကြီးဆိုတာ အဝိဇ္ဇာတဏှာ နှစ်ဖြာအရင်းခံလို့ ဖြစ်လာကြတဲ့ ကုသိုလ်ကံ အကုသိုလ် ကံဟာ **ကမ္မဝဋ္ဋ** ဖြစ်ပါတယ်။ ထို ကံကြောင့် ရုပ်နာမ် ဘဝ ခန္ဓာ ဝိပါက် ကမ္မဇရုပ်တွေက **ဝိပါကဝဋ္ဋ** ဖြစ်တယ်။

လောဘ ဒေါသ ကိလေသာ တထောင့်ငါးရာတွေက **ကိလေသဝဋ္ဋ** ဖြစ်တယ်၊ ဒုက္ခ သစ္စာ ဝဋ္ဋမီးစာဖြစ်သော ထို ဝဋ္ဋရထားကြီးကို စီးပြီး ခရီးထွက်နေကြရတယ်၊ ဘယ်သို့ ဘယ်ပုံ ခရီးထွက်နေကြရသလဲ —

* ဝဋ္ဋရထားကြီး၊ တက်လို့စီး၊ ခရီးထွက်နေသည်။
ခရီးထွက်ရာ၊ ဘုံသုံးဖြာ၊ ချာချာလည်ကြသည်။

ဤသို့ဆိုရပါတယ်၊ ဝဋ္ဋရထားကြီးကို စီးပြီး ခရီးထွက်ရာ အရပ်ဌာနကား ကာမဘုံ, ရူပဘုံ, အရူပဘုံတို့ဖြစ်တယ်၊ ထို ဘုံတို့၌ ယခုတိုင် ချာချာလည်နေကြရတယ်။

ယခု ပြောခဲ့တဲ့ ဝဋ္ဋရထားကြီးရဲ့ ဘီးနှစ်ဘက်တို့မှာ ဘယ်လိုစီမံ၍ ဘယ်လိုဖြစ်နေသလဲ ဆိုတော့ လောက၌ ပကတိသော လှည်းဘီး စသည်တို့မှာ ဘီးလည်ဘို့အတွက် ပုံတောင်း

လည်ရပါတယ်၊ ဝင်ရိုးလည်းတပ်ရတယ်၊ ပုံတောင်းမှာ ဒေါက်လက် အကန့်တွေ တပ်ပြီး မပျက်မစီးရအောင် ဘီးအဆုံး၌ အကွပ်တကူဆိုတဲ့ သံခွေပတ်ထားရတယ်။

**အဝိဇ္ဇာ, တဏှာ ပုံတောင်း။** ။ယခု သူငါကစ လူ နတ် ဗြဟ္မာ သတ္တဝါတို့ တက်စီးနေကြတဲ့ ဝဋ္ဋရထားကြီးရဲ့ ဘီးနှစ်ဘီးမှာ တဘက်က အဝိဇ္ဇာပုံတောင်းကို တပ်ထားရတယ်၊ တဘက်က တဏှာပုံတောင်းကို တပ်ထားရတယ်။

**သင်္ခါရအကန့်။** ။အကန့် ဒေါက်လက်တွေကတော့ ကာမကုသိုလ်ဆိုတဲ့ ပုညာဘိသင်္ခါရ, အကုသိုလ်ကံစေတနာ ဖြစ်တဲ့ အပုညာဘိသင်္ခါရ, ရူပ အရူပ ကုသိုလ်ကံစေတနာဖြစ်တဲ့အာနေဉ္ဇာဘိသင်္ခါရ၊ဤ(၃)မျိုးကိုအကန့် ဒေါက်လက်အဖြစ်ဖြင့် ပုံတောင်း၌ တပ်ထားပါတယ်။

ဒါကြောင့် -

* ပုံတောင်း တဘက်မှာ၊ အဝိဇ္ဇာ၊ တဏှာတဘက် တပ်ဆင်သည်။
ပုညာ ပုည၊ အာနေဉ္ဇ၊ သုံးဝ ဒေါက်လက်တပ်ထားသည်။

လို့မှတ်ရမယ်။

**အိုခြင်း သေခြင်း အကွပ်တကူ။** ။ပကတိသော လှည်းဘီး၏ အဆုံး၌ အကွပ်တကူတပ်ထားသကဲ့သို့ ယခု ဝဋ္ဋရထားကြီး၏ ဘီးအဆုံးဝယ် အိုခြင်းနှင့် နောက်ဆုံး သေခြင်းဆိုတဲ့ အကွပ် တကူ တပ်ထားပါတယ်၊ ထို ဘီးကြီး၏ လိမ့်လည်မှုအတွက် အရေးအကြီးဆုံး ဝင်ရိုးကတော့ အာသဝေါတရား လေးပါး ဝင်ရိုးဘဲဖြစ်တယ်။

**အာသဝ ဝင်ရိုး။** ။အာသဝ - အာသဝေါတရား အားလုံး သိကြတဲ့အတိုင်း လေးပါး ရှိတယ်၊ ကာမ တဆယ့်တဘုံ၌ တွယ်တာ တပ်မက်တဲ့ တဏှာလောဘကို **ကာမာသဝ** လို့ ခေါ်တယ်၊ ရူပတဆယ့်ခြောက်ဘုံ အရူပလေးဘုံတို့၌ တွယ်တာတပ်မက်တဲ့ တဏှာလောဘကို **ဘဝါသဝ** လို့ ခေါ်တယ်။

(၆၂)ပါးသော မိစ္ဆာဒိဋ္ဌိ အယူတို့၌ ဖြစ်တဲ့ ဒိဋ္ဌိစေတသိက်ကို **ဒိဋ္ဌာသဝ**လို့ ခေါ်တယ်၊သစ္စာလေးပါး ပဋိစ္စ သမုပ္ပါဒ် တရားစသည်များကို မသိ မမြင်ရအောင် ဖုံးလွှမ်းတတ်တဲ့ မောဟကို **အဝိဇ္ဇာသဝ**လို့ ခေါ်ရတယ်၊ ဤတရားလေးပါးတို့ကို ဘဝများစွာ သံသရာ၌ ခန္ဓာကိုယ်ဆိုး အရက်အိုး၌ အခိုးပြင်းစွာ ထုံစိမ်ထားတဲ့ သေအရက်နှင့် တူသောကြောင့် **အာသဝေါ**တရားလို့ ခေါ်ဆိုရတယ်၊ တရားကိုယ် အချုပ်ကတော့ လောဘ ဒိဋ္ဌိ မောဟဘဲ ဖြစ်ပါတယ်။

ဤကဲ့သို့ အလွန်ဆိုးဝါး တရားများဖြစ်သောကြောင့် 'ဣဒံ မေ ပုညံ' စသည်ဖြင့် အာသဝေါလေးတန် ချုပ်ငြိမ်းရာမှန်သော နိဗ္ဗာန်ကို ဆုတောင်းကြရတာဖြစ်တယ်။

* ဇရာမရဏ၊ အကွပ်ပြ၊ နှစ်ဝဆိုးသတ်သည်။
အာသဝ ဝင်ရှိ၊ လျှို့ငါယိုး၊ ဘိုးဆိုးပတ်ပတ်လည်။
ဤရထားကြီး၊ မီးပုံမှီး၊ ကြက်သီးထဘွယ် ကောင်းလှပြီ။
မဂ္ဂင်ပေါင်ကြီး၊ ပြောင်းသို့စီး၊ ခရီးထွက်သင့်ပြီ။

ပဂ္ဂင်ယာဉ်ကြီးပြောင်းစီးကြ ။ဤသို့ အဝိဇ္ဇာ, တဏှာ,ကံ အဖန်ဖန် အရင်းခံနေတဲ့ ဝဋ္ဋရထားကြီးကို စီးပြီး ခရီးထွက်နေကြရတာ မိုးမဆုံး မီးခိုးမဆုံး နှလုံးအသဲ ပြုတ်ကွဲလုမျှ ကြောက်ရွံ့ဘွယ်ကောင်းလှပါတယ်၊ ဤမျှဆိုပါသော် ဝဋ္ဋရထားကြီး ကို ရှေးကလဲ စီးခဲ့ရလှပြီ၊ ယခုလဲ စီးနေကြဆဲ နိဗ္ဗာန် မရမီ အထိ နောင်လည်း စီးကြရဦးမည်၊ မည်မျှအသဲ ယားပြီး ကြက်သီး မွေးညှင်း ထစရာကောင်းသည်ကိုလည်း စဉ်းစားကြပါ၊ ထို ဝဋ္ဋရထားကြီးကို ပျက်စီးအောင် ဘယ်လိုဖျက်ဆီးကြမလဲ။

ဝိရိယခြေ၊ သီလမြေ၊ စိုပြေ သဒ္ဓါမိုး။
ကမ္မဋ္ဌာန်း၊ ဉာဏ်ပုဆိန်၊ ရှယ်ချိန် ပေါက်ဖျက်ချိုး။

ထိုတဲ့အတိုင်း ဝိရိယတိုင် လုံ့လဝီရိယတည်းဟူသော ခြေထောက်ကို အကျင့်သီလ စရဏာတည်းဟူသော မြေပေါ်၌ တင်းတင်းကြပ်ကြပ် စုံရပ်ပြီးလျှင် ရတနာသုံးတန် ကံ ကံ၏ အကျိုးကို ယုံကြည်မှုတည်းဟူသော ဖွဲ့စည်းဥစ္စာနှင့်တူသော သဒ္ဓါလက်ဖြင့် ထိုအပ်ခဲ့ပြီး သော ကုသိုလ်-အကုသိုလ် ပညာဘိက္ခုဂြိုဟ် အရှျှော်သော သမ္မာဂရ၊ အဝိဇ္ဇာ,တဏှာ အစရှိသော အကြောင်းတရားတို့ကို အရဟတ္တမဂ်တည်းဟူသော ပုဆိန်ဖြင့် ဖျက်ချိုး ဖောက်ဖျက်နိုင်မှ သာလျှင် ကောင်း နိဗ္ဗာန်ရှင်သို့ ဝင်ရောက်ကြရပါလိမ့်မည်။

ဒါကြောင့် ဝဋ္ဋရထားကြီးကို ပြောင်းလဲပြီး ရုပ် နာမ် ဖြစ်ပျက် အမြင်မှန် သိတဲ့ သမ္မာဒိဋ္ဌိ မဂ္ဂင်ရှေ့သွားရှိသော မဂ္ဂင်ရှစ်တန် ယာဉ်ပျံတော်ကြီးကို ပြောင်းစီးနိုင်ကြမှသာ ဆင်းရဲပြေပြည့်အရေး ဝဋ္ဋမီးစာ ငြိမ်းအေး၍ အေးနိဗ္ဗာန် ရောက်ကြမည်ကို ဗုဒ္ဓမြတ်စွာက အကြိမ်ကြိမ် သတိပေး ဆုံးမတော်မူသွားပါတယ်။

ကျွန်ုပ်ကြီးတို့ မြတ်စွာဘုရားနှင့်တကွ ရှေးရှေးသော ဗုဒ္ဓရှင် ကိုယ်တော်မြတ်ကြီး တွေလည်း ဤ မဂ္ဂင်ရှစ်တန် ယာဉ်ပျံတော်ကြီး စီးပြီး နိဗ္ဗာန်နန်းကို စံမြန်းတော်မူ သွားကြ လေပြီ၊

မြတ်စွာဘုရား၏ နောက်က ရှင်သာရိပုတ္တရာ,ရှင်မဟာ မောဂ္ဂလာန်,ရှင်မဟာကဿပ အမှူးပြုတဲ့ သာဝကကြီးများလည်း ဤ မဂ္ဂင် ယာဉ်ပျံတော်ကြီး စီးပြီး နိဗ္ဗာန်နန်း စံမြန်း တော်မူသွားကြပါပြီ။

အမျိုးသမီးများ ဘက်က မိဖုရားတော် ဂေါတမီတို့, ခေမာထေရီတို့, ဥပ္ပလဝဏ် ထေရီတို့, ယသော်ဓရာ ထေရီတို့ အမှူးပြုတဲ့ သာဝိကာမ များလဲ ဤမဂ္ဂင်ယာဉ်ပျံတော်ကြီး စီးပြီး နိဗ္ဗာန်နန်း စံမြန်းသွားတော်မူကြပါပြီ။

ဒါကြောင့် –

တေဒတ္တနိ သမ္ဘုတံ၊ ဖြဟ္မယာနမနုတ္တရံ။
နိယျန္တိ ဓီရာ လောကမှာ၊ အညဒတ္ထု ဇယံ ဇယံ[၁]။

အတ္တနိ သမ္ဘုတံ၊ ကိုယ်တိုင်ကြိုးကုတ် အားထုတ်သဖြင့် သရုပ်မှန်စွာ ကိုယ့်သန္တာန်၌ ဖြစ်ပေါ်လာပေထသော။ တေံ ဖြဟ္မယာနံ၊ နောက်လိုက် နောက်ပါ များဗိုလ်ပါကို ဆောင်ကာယူတတ် ဤရှစ်ရပ်အကျော် မဂ္ဂင် တည်းဟူသော ယာဉ်ပျံ့ဟော်ကြီးသည်။ အနုတ္တရံ၊ လောကီယာဉ်မှာ မယှဉ်သာအောင် ကဲသာမြတ်မွန် တုဘက်လွန်သော ယာဉ် မြတ်ကြီးပါပေတည်း။ တေန ယာနေန၊ ဤမဂ္ဂင်ရှစ်ပေါ် ယာဉ်ပျံ့တော်မြတ်ကြီးဖြင့်။ ဓီရာ၊ ဗုဒ္ဓနာ စသည် များလှသောင်းသောင်း ပညာရှိ သူတော်ကောင်းတို့သည်။ အညဒတ္ထု၊ စင်စစ်ကေန် အမှန်မယုတ် နောက်မဆုတ်ဘဲသာလျှင်။ ဇယံ၊ အောင်သင့်အောင်ရာ ကိလေ သာဟု လွန်စွာပြင်းထန် အတွင်းရန်ကို။ ဇယံ-ဇယန္တာ၊ မဂ်လေး အောက်ထက် အမြောက် စက်ဖြင့် ဖျောက်ဖျက်သတ်ညှဉ်း အောင်တပ်ခင်းကြကုန်လျက်။ လောကမှာ၊ ဖြစ်ကပျက်တုံ တွေ့ကြုံနေကြ ဤလောကကြီးထဲမှ။ နိယျန္တိ၊ မိဗ္ဗာန်သလောက် စိတ်ကြံပေါက်၍ ထွက် မြောက်တော်မူကြလေကုန်သတည်း။

ဤသို့ ပြဆိုရေးသားအပ်ခဲ့ပြီးသော စကားရပ်တို့နှင့် ပတ်သက်၍ မှတ်သားဘွယ် အလွန်ကောင်းလှသဖြင့် အမရပူရ ကျေးဇူးရှင် မဟာဂန္ဓာရုံ ဆရာတော်ဘုရား ရေးသား တော်မူသော ဂါထာလင်္ကာများကို အောက်၌ ထည့်သွင်းဖော်ပြလိုက်ပါသည်။

## သွားရမည့် သံသရာခရီး

ဂန္ဓဗ္ဗော စ ဒီဃော အဒ္ဓါ၊ ဥမ္မတ္တကာ စ အဒ္ဓိကာ။
ပါထေယျော အပ္ပကော စေဝ၊ ဗဟုကော စ ပရိဿယော။
တဏှာမိတ္တော ဗဟုမာယော၊ သုခံ ကော ခေမမေဿတော။

ဂန္ဓဗ္ဗော အဒ္ဓါ စ၊ မရပ်မနား ရဟတ်ခြားသို့ မပြတ်သွားရန် သံသရာခရီး ကန္တာ ကြီးကလည်း။ ဒီဃော၊ လမ်းနေသမျှ မှန်းချေဆလည်း မရတာရှေ ရှည်လျားလှလေ၏။

အဒ္ဓိကာ စ၊ သံသရာလမ်းတလျှောက် စခန်းထောက်၍ တကောက်ကောက် သွားသူ အများလူတို့ကလည်း။ ဥမ္မတ္တကာ၊ ပုထုဇဉ်ပီပီ မသတိစရာ ငါးဖြာအာရုံ ကာမဂုဏ်ဘီလူး ဖမ်းသဖြင့် အရူးအနှမ်းတို့သာတည်း။

---

၁။ သံ၊ ၃၊ ၅၃-၆။

ပါထေယျော စေဝ၊ တဘာဝရောက်က မကြောက်ရဘို့ ထောက်မ မှန်းကာ စခန်း သာမည့် လမ်းစာရိက္ခာထုပ်ကလည်း။ အပ္ပကော၊ ယခုတန်းအလျောက် မှန်းသလောက်ဖြင့် လမ်းပေါက်ဘို့ရန် အမှန်ပင် ခဲယဉ်းလှချေ၏။

ပရိဿယော စ၊ ခရီးမှန့်ဖယ် အန္တရာယ်မကောင်း ရန်စွယ်အပေါင်းကလည်း။ ဗဟု ကော၊ ရောက်တိုင်းပင် ဆုံစည်း၍ အပုံကြီး များလှချေ၏။ တဏှာမိတ္တော စ၊ အမြဲမကွာ မခွဲ ခွါသည့် တဏှာမည်ခေါ် အကြည်တော်ကလည်း။ ဗဟုမာယော၊ ကိုယ်အနာခံ သူသာစံ လျက် နှစ်ပြန်တင်စီး အထင်ကြီးအောင် ဆင်နည်းမာယာ များလှစွာ၏။

ကော၊ ခရီးသွားသူ အများလူဝယ် ဘယ်နွယ် ဘယ်ရိုး ဘယ်လူမျိုးသည်။ သုခံ၊ လမ်းစခန်းမှာ မပန်းပါဘဲ ချမ်းသာစံဘွယ် အန္တရာယ်ကင်း ရန်စွယ်ရှင်းလျက်သာလျှင်။ ခေမံ၊ ဘေးအတန်တန် အေးရာမှန်သည့် နိဗ္ဗာန်အောင်ခန်း မြို့တော်နန်းသို့။ ဃောဘော၊ မဂ္ဂင်ရှစ်ပါး ယာဉ်ရထားဖြင့် တရားပိုင်ပိုင် အဘယ်မှာ ရောက်နိုင်ပါတော့အံ့နည်း။

**သံသရာအရှည်နှင့် ပုထုဇဉ်အရှုး**

* ခရီးကရှေ၊ အရှူးတွေ၊ စာရေက သိုး၊ အဖေါ်က ဆိုးသနှင့်၊
အမျိုးမျိုးကာမဂုဏ်၊ အာရုံတွေ အလွန်နှောက်တာကြောင့်၊
အပါယ်ဘုံ ခါခါရောက်သော်လဲ လွန်မြောက်ဘို့ဝေး။
တရားသံဝေ ကိုယ်မှာရောက်လျှင်ဖြင့် လွန်မြောက်ဘို့မနေး။

ဤသို့အကျိုးဝါးကြီး ကြုံးဝါးနိုင်ကြဘို့ရာ အိုခြင်းမမေ့၊ နာခြင်းမမေ့၊ သေခြင်း မမေ့၊ ဒါနမမေ့၊ သီလမမေ့၊ ဘာဝနာမမေ့ဘဲ အားခဲကြိုးစားနိုင်ကြပါစေ ဟု အထူးတိုက် တွန်းလိုက်ပါသတည်း။

ဘုန်းကြီးတို့ ယခု နေထိုင်ကြရသော ကမ္ဘာလောကကို ဗုဒ္ဓါးဆူအထိ အများဆုံး ပွင့်သော ကမ္ဘာဖြစ်သောကြောင့် အကောင်းမြတ်ဆုံးသော **ဘဒ္ဒကမ္ဘာ**လို့ ခေါ်ဆိုရတယ်။

ဒါပေမဲ့လို့ ဘုန်းကြီးများ ကိုးစား အားထားရာဖြစ်တဲ့ ဂေါတမ ဗုဒ္ဓမြတ်စွာသည် ရှေးနှောင်တော်ကြီး ဗုဒ္ဓါးများလို မဟုတ်တတ်ဘူး၊ ဤဘဒ္ဒကမ္ဘာ၌ ရှေးဦးစွာ အနှစ် လေးသောင်းတမ်း ကကုသန်မြတ်စွာဗုဒ္ဓါး ပွင့်တော်မူတယ်၊ သုံးသောင်းတမ်း ကောဏဂုမ် မြတ်စွာဗုဒ္ဓါး ပွင့်တော်မူတယ်။ နှစ်သောင်းတမ်း ကဿပမြတ်စွာဗုဒ္ဓါး ပွင့်တော်မူတယ်၊ ဘုန်းကြီးတို့ မြတ်စွာဗုဒ္ဓါးသည် တသောင်းတမ်း၌ ပွင့်ရမှာဖြစ်တယ်။

ဒါပေမဲ့ ဗုဒ္ဓါးဖြစ်ကြောင်း ပါရမီ အဆောက်အအုံ မပြည့်စုံသေးလို့ ပွင့်တော်မမူခဲ့ နိုင်ပါဘူး၊ ပွင့်တော်မူပြန်တော့လဲ—

**ယုဂ် ၄-မျိုး။** ။'ကတ, တြေတာ၊ ဒွါပရ, ကလိ၊ ယုဂ်လေးရှိတွင်'-ဆိုတဲ့အတိုင်း—

| | |
|---|---|
| ၁။ ကတ ယုဂ်၊ | ၃။ ဒွါပရယုဂ်၊ |
| ၂။ တြေတာ ယုဂ် | ၄။ ကလိယုဂ်-လေးမျိုးရှိတယ်။ |

**ကတယုဂ်** ဆိုဒါ - ကမ္ဘာသူ ကမ္ဘာသား သတ္တဝါများကို လေးပုံပုံလျှင် ခြေလေးချောင်းလုံး ကောင်းနေတဲ့ သတ္တဝါလို လေးပုံလုံး တရားစောင့်ကြတယ်၊ ထိုအခါမှာလဲ ပွင့်တော်မမူခဲ့ပါဘူး။

**တြေတာယုဂ်** ဆိုဒါ - သတ္တဝါတွေ လေးပုံအနက် သုံးပုံ တရားစောင့်၍ ခြေလေးချောင်းရှိသော သတ္တဝါမှာ တချောင်းပျက်စီး၍ သုံးချောင်းကောင်းသလို သတ္တဝါတွေ တပုံမျှသာ တရားပျက်စီးကြပါတယ်။

**ဒွါပရယုဂ်** ဆိုဒါ - ခြေလေးချောင်း ရှိတဲ့ သတ္တဝါမှာ နှစ်ချောင်း ပျက်စီး၍ နှစ်ချောင်းကောင်းသလို သတ္တဝါတွေလဲ နှစ်ပုံခန့် တရားပျက်၍ နှစ်ပုံခန့်တရားစောင့်သော အခါကို ဆိုလိုပါတယ်၊ ထိုအခါမှာလဲ ဗုဒ္ဓါးပွင့်တော်မမူခဲ့ပါဘူး။

**ကလိယုဂ်** ဆိုဒါ - ခြေလေးချောင်းရှိ သတ္တဝါမှာ သုံးချောင်းပျက်စီး၍ တချောင်းကောင်းသကဲ့သို့ အားလုံးသော သတ္တဝါတွေကို လေးပုံပုံလျှင် သုံးပုံခန့်တို့က တရားပျက်စီး၍ တပုံခန့်သာ တရားစောင့်ပါတယ်၊ ထိုအခါမျိုးကို ကလိယုဂ် ဆုတ်ကပ်လို့ ခေါ်ဆိုရပါတယ်။

ဘုန်းကြီးတို့ မြတ်စွာဗုဒ္ဓါးသည် ပြင်းစွာ ရဲရဲပြောင်ပြောင် တောက်လောင်၍ နေသော မီးပုံကြီးထဲမှာ ကြာဖူးကြီး အံ့ဩဘွယ်ရာ ထွက်ပေါ်လာသည့်အလား ကလိယုဂ် ဆုတ်ကပ် သက်တန်း (၂၅၇၀)[၁] နှစ် ရောက်မှ ဗုဒ္ဓါးအဖြစ် ပါရမီပေါင်းစုံ ကုသိုလ်ဟုန် ပြည့်စုံလို့ ဖြစ်တော်မူ ပွင့်တော်မူလာရပါတယ်၊ ပကတိ သက်တမ်း **တရာတမ်း** ဖြစ်၍ အလွန်တိုတောင်းလှသော အခါကာလလဲ ဖြစ်ပါတယ်၊ ထိုပွင့်တော်မူစဉ် အချိန်အခါကပင် ကလိယုဂ် ဆုတ်ကပ် ဖြစ်၍ သုံးပုံခန့် တရား ပျက်စီးပြီး တရား မစောင့်တော့ ပါဘူး၊ ခြေတချောင်းမျှသာ ကောင်းသော သတ္တဝါကဲ့သို့ တပုံခန့်မျှသော သတ္တဝါတွေသာ တရားစောင့်တော့သဖြင့် အလွန်ကြောက်စရာ ကောင်းလှပါတယ်။

ယခုလို ဆုတ်ကပ်ခေတ်ဆိုတာ အနှစ်တရာလျှင် ဟနှစ်ဆုတ်ယုတ်တယ်ဆိုရသော်လည်း တခါ တရံ တရားပျက် များလွန်းလျှင် တနှစ်မက ဆုတ်ယုတ်ကြောင်းကိုလည်း ပြဆိုထားပါတယ်၊ စဉ်းစားလို စိစစ်ကြည့်ပါလျှင် ဘုန်းကြီးတို့တတွေဟာ အတိတ်က မကောင်းခဲ့တဲ့ ကံတရားကြောင့် ကံဆိုး မိုးမှောင်အတွင်း သက်ဆင်းကျရောက်နေကျရပါတယ်။

ယခု စာရေးသော ဘုန်းကြီးမှာ အသက် ခုနစ်ဆယ် အတွင်းသို့ သက်ဆင်းရောက်ရှိနေပါပြီ၊ ဘုန်းကြီး လူမဖြစ်မီ ရေးထားတော်မူခဲ့သော စာတအုပ်၌ ပထမ သမ္မုတိ ရွှေကျင်သာသနာပိုင် **မဟာဝိသုဒ္ဓါရာမ ဆရာတော်ဘုရားကြီးက** "ယခုအခါ ဖြစ်လာရတာ ငါတို့အလွန်ကံဆိုးလှတယ်" ဟု ညည်းညူတော် မူသွားပါသည်၊ ဤအချိန်အခါမှ ပြန်ထောက်လျှင် ထိုအချိန် ထိုအခါသည် အရာရာ သာလွန်ကောင်းအုံးမည်သာ အမှန်ဖြစ်ပါသည်၊ ဒုတိယ ရွှေကျင်သာသနာပိုင် **ဒီပဲရင်းဆရာတော်** ဗုဒ္ဓါးကြီးသည် မိမိ ဒီပဲရင်းသို့ ကြွသွားတော်မူတဲ့

---

၁။ ဧဂါတမ ပူရာမ်ကျမ်းနှင့် အညီ

အခါ လူကြီး လူကောင်း အပေါင်းတို့က "အရှင်ဘုရား ခေတ်ကြီး အခါကြီး ဘယ်တော့ များ ကောင်းပါဦးမည်နည်း"ဟု လျှောက်ထားကြရာ ဆရာတော်ဘုရားကြီးက "ဗုဒ္ဓ ဗေဒင် အရဆိုလျှင် ယခုအချိန် ယခုအခါဟာ အကောင်းဆုံးဘဲ ဒကာတို့၊ ဒါတောင်မှ ငါတို့ အခု ထိုင်နေတဲ့ အခိုက် အတန့် ကာလဟာ သာပြီး အကောင်းဆုံးဘဲ"လို့ မိန့်တော်မူပါတယ်၊ ထို အချိန်အခါသည် အမျိုးသား လူထု အုံကြွမှုပြုနေသော **ဝံသာနုခေတ်** အချိန်အခါ ဖြစ်ပါတယ်။

ထိုအခါ လူသတ်မှုတခု ဖြစ်ဘို့အရေး မျှော်တွေးကြည့်လျှင် အလွန်ဝေးလှပါတယ်၊ ယခု အချိန်အခါမှာ အများသိပြီးအတိုင်း လူသတ်ဘို့အရေး ပရွက်ဆိတ် ကြမ်းပိုး ကလေး ပမာမျှသာ ထားနေကြတာမို့ အသဲယားဘွယ်ရာ အလွန်ကောင်းလှပါ၏။

ဤနေရာ၌ လျှောက်ထားသူ လူကြီး လူကောင်းတို့မှာ ဆရာတော်ဘုရားကြီးက ဘယ်အခါ ကောင်းလိမ့်မည် ဟု အဖြေစကားကို ကြားလိုကြဟန်တူပါသည်။

* ဘေးပွဲကြုံ၊ အေးသဲတုံ ကိုယ်စီကုတ်ပါလို့၊ အားထုတ်သင့်သား၊
သို့ပါကို၊ ဘယ်တော့ ဘာလိုလို့နှင့်၊ များထိုထို ဘာဝနာ
သည်ခေါင်လွင့်တယ်၊ ဖျင်းဖင့်အများ။

(မဟာဝိသုဒ္ဓါရာမ ဆရာတော်)

ခေတ်အခါ အခြေအနေအားလျော်စွာ မည်သူ မည်ဝါ ဘာဘာ ညာညာ ကံတူ အကျိုးပေးဖြစ်၍ သူတပါးအား အပြစ်တင်စရာ မလိုလှပါ။

**ဆန်တထုပ်မျှမနပ်။** ။ရွှေကျင်သာသနာပိုင် **စံကင်း ဆရာတော်ဘုရားကြီးက** အမိန့်ရှိသော ပုံတခု ပြဆိုလိုပါတယ်။

ရှေးကအုပ်ချုပ်သူ မင်းအတွက် ဆန်တထုပ်၊ ရဟန်းသံဃာများအတွက် ဆန်တထုပ်၊ တိုင်းသူပြည်သားများအတွက် ဆန်တထုပ် ဤသို့(၃)ထုပ်ထုပ်ကာ အိုး၌ဆန်ထည့်၍ ပြုပ်ပြီး ဖြေကြည့်သောအခါ တထုပ်မျှ မနပ်ဘူးတဲ့လို့ မိန့်တော်မူပါတယ်။

ကျေးဇူးရှင် အဘိဓဇ မဟာရဋ္ဌဂုရု **မစိုးရိမ်ဆရာတော်ဘုရားကြီးထံ** ညစာဝါ လိုက် စဉ်အခါက ဆရာတော်ဘုရားကြီး အမိန့်ရှိပုံ သတိရမိပါတယ်။

**ကိုယ့်ကိုယ်သာ အပြစ်တင်။** ။ဆရာတော် ဘုရားကြီးက–"ဥူးပဥ္စင်းတို့ မင်းတို့ စာလိုက် သံဃာတွေက အလွန်များလှတယ်၊ ဒီတော့ တပါးတလေက မအောင့်အည်း မချုပ်တည်းနိုင်လျှင် မကောင်းသော လေဆိုး လေနံ့များကို နံရလျှင် တယ် ညစ်ပတ်တဲ့ လူတွေဘဲလို့များ သူတပါးကို အပြစ်မတင်လိုက်ကြနဲ့ အတိတ်ဘဝက ကိုယ် ညစ်ပတ် ကိုယ်မကောင်းတဲ့ အကုသိုလ်ကံကြောင့် မကောင်းတဲ့ အနံ့ဆိုးကို နံရတာဖြစ်တယ်၊ ကိုယ့် ကိုယ် ကိုသာ အပြစ်တင်ရမယ်"လို့ မိန့်တော်မူပါတယ်၊ အလွန် မှတ်သားစရာလည်း ကောင်းလှပါတယ်။

**အပါယ်ရောက် တရား။** ။ထို့ပြင်တပါး—

နိုင်သသူ သူခိုး ဓါးပြတို့၏ ရင်ထဲမှာ အဘိဇ္ဈာ(လောဘ)။
ခံရသူ အိမ်ရှင်တို့၏ ရင်ထဲမှာ ဗျာပါဒ (ဒေါသ)။

ကိလေသာ လွှိုင်းထ၍ နေသောကြောင့် ဒီလိုနှင့် သေ-ပျောက်၍ အပါယ်ရောက်ကြရတော့မည်-ဟု **ရှေးဆရာတော် ဗရားကြီးများ** ဩဝါဒ အဆုံးအမ ရှိသည်ကိုလည်း သတိ သံဝေဂ ရရှိဘွယ်ရာ ကောင်းလှ၏။

ဤနေရာ၌ သူတပါး ဥစ္စာ မတရား လိုချင်တာဟာ အဘိဇ္ဈာ-လောဘ-ကိလေသာ ဖြစ်တယ်၊ ဗျာပါဒ ဆိုတာ ခံရသူ၏ သန္တာန်၌ ခံရလေခြင်းဟု ပြင်းစွာ အမျက်ထွက်တဲ့ ဒေါသ ကိလေသာဘဲ ဖြစ်တယ်။

ဥသျှစ်သီးနှစ်လုံး ထုရာ၌ နှစ်လုံးလုံး ကွဲအက်သကဲ့သို့ နိုင်သူ, ခံရသူ နှစ်ဦးလုံးတို့မှာ ကိလေသာ တရားဆိုးကြီးဖြစ်သောကြောင့် အပါယ်နရက်၌ ဆင်းသက် ကျရောက်ကြမည် ချည်းသာဖြစ်သည်လို့ ဆိုလိုပါတယ်၊ သူရော ငါပါ ဤကိလေသာ အဆိပ်ဆေးတွေဟာ ဗုဒ္ဓမြတ်စွာ တိုက်ကျွေးတော်မူသော ဖြေဆေးကို သောက်မှသာ အေးနိုင်ဘွယ်ရာရှိပါသည်။

ဗုဒ္ဓမြတ်စွာက ယခုဘဝ ဂုဏ်သတင်း ကျော်စောခြင်း,မျက်မှောက် မျက်ကွယ် အချီးမွမ်းခံရခြင်းတို့မှာ ရှေးကုသိုလ်ကံကြောင့် ဖြစ်ကြောင်းနှင့် ယခုအခါ ဆုံးရှုံးပျက်စီးရခြင်း, အသတ်ခံရခြင်း, မကြာခဏ ထိပ်သီးဖြစ်တဲ့ ပုဂ္ဂိုလ်ကြီးတဦးတယောက်ကို ဖမ်းဆီး လိုက်ခြင်း,ဖမ်းဆီးပြီး ချုပ်နှောင် ထောင်သို့ အချခံရခြင်းများမှာ ရှေးဘဝက အကုသိုလ်ကံ အတွက်ကြောင့်သာ ခံရကြောင်းကို ဟောကြားတော်မူခဲ့ပါသည်။(ကထာဝတ္ထု ပါဠိတော် နှာ-၃၉၆။)

**မှတ်ချက်။** ။ဤပြဆိုအပ်ပြီး၊ ထိပ်သီးပိဋကတ်၊ နှံ့စပ်ကျော်မော်၊ ဆရာတော် ဗရားကြီး များနှင့်တကွ၊ ဗုဒ္ဓမြတ်စွာ၊ ဒေသနာတော်၊ ဦးထိပ်ဖေါ်ထား၊ သူအား ငါအား၊မည်သူအားဖြင့်၊တိုင်းသားပြည်သူ၊ ရှင်လူရဟန်း၊ ပြည်တဝှမ်းလုံး၊ သိမ်းကျုံးထိန်းအုပ်၊ မင်းလုပ်သူပါ၊ သူငါမြဲတမ်း၊ မြွေ ဖါး ဖမ်းသို့၊ စွဲလမ်း မကြီး၊ ပြစ်လည်းမဆို၊ အကုသိုလ်ကံ၊ ပေးချိန်တန်သော်။

သာမန်သတ္တဝါ၊ မဆိုသာလစ်၊ ရှင်ချစ်သော်မှ၊ ဝိပါကဝဋ်၊ မလွတ် ကြုံအင်၊ပုံအသွင်သို့၊ကိုယ့်ရှင်ကိုယ်မှာ၊ ကိုယ်သာအပြစ်၊ရှေးကံ ပစ်ချသဖြင့်၊ ခံကြရမည်အမှန်၊ သဒ္ဓါသန်သန်ဖြင့်၊ သံဝေဉာဏ်ရှေ့သွား၊ မေတ္တာပွါး၍၊ ဗရားဆည်းကပ်၊ တရားဆည်းကပ်၊ သံဃာဆည်းကပ်၊ ဝိဝဋ္ဋနိဿိတ၊ ဉာဏ သမ္ပယုဂ်၊ တိဟိတ်ဥက္ကဋ္ဌ်၊ ကုသိုလ်မြတ်ဖြင့်၊ အမြတ်ဒါန၊ သီလမြဲစွာ၊ ဘာဝနာအပေါင်း၊ သူတော်ကောင်းတရား၊ နေ့မအား၊ ညမအား ကြိုးစား နိုင်ကြစေကုန်သတည်း။ ။

ဤကား ငါးပါးသီလနှင့် စပ် အပြီး သတ်သတည်း။

## ရှစ်ပါးသီလကို ဥပုသ်(ဥပေါသထ)ဟု ခေါ်ဆိုရခြင်း၏ အကြောင်း

ကမ္ဘာစဉ်ဆက် ဗုဒ္ဓရှင်တို့ လက်ထက်တော်မှ စ၍ သာသနာတွင်း သာသနာပ နှစ်ဌာနတို့၌ ဖြစ်ကြသော သူတော်ကောင်း အပေါင်းတို့သည် သီလ စောင့်သုံးခြင်း၊ ညစာ ရှောင်ခြင်း-စသည်ဖြင့် ရတနာသုံးရပ်သို့ ဆည်းကပ် နေထိုင်တတ်ကြကုန်သောကြောင့် ဥပေါသထ ဥပုသ်စောင့်သုံးခြင်း ဟု ခေါ်ဆိုရသည်။ (သီလက္ခန် အဋ္ဌကထာ၊ သာမည ဖလသုတ်၊ နှာ-၁၂၇။)

ဤနေရာ၌—

* 'ရေဘူးနှင့် ဘိနပ် မပါလျှင် နွေခါမှ သိမယ်။
ဒါနနှင့် သီလ မပါလျှင် သေခါမှ သိမယ်'ဟု ၎င်း။
* 'ဒါန နည်းတော့ မွဲတတ်တယ်၊ သီလနည်းတော့ ရောဂါတွယ်။
သမထနည်းတော့ စိတ်ဆင်းရဲမယ်၊ ဝိပဿနာနည်းတော့ နိဗ္ဗာန်နဲ့လွဲဖယ်' ဟု၎င်း။
* 'ဒါန မရှိလျှင် ရိက္ခာမပါသော ခရီးသွားနှင့်၊
ဒါန နည်းလျှင် ရိက္ခာနည်းသော ခရီးသွားနှင့် အလားတူတယ်။
သီလမရှိလျှင် ခြေကျိုးသော ခရီးသွားနှင့်၊
သီလနည်းလျှင် ခြေမသန်သော ခရီးသွားနှင့် အလားတူတယ်။
ဘာဝနာမရှိလျှင် မျက်စိမမြင်သော ခရီးသွားနှင့်၊
ဘာဝနာ နည်းလျှင် မျက်စိမွဲသော ခရီးသွားနှင့် အလားတူတယ်' ဟူ၍ ၎င်း—
ရှေးပညာရှိများ ဆိုရိုးစကားရှိသည် အရ -

သတ္တဝါ အားလုံးတို့၏ ကူးသန်းသွားလာကြရသော သံသရာ ခရီးလမ်းကြီးကား ရှည်လျားလှ၏၊ ထိုသို့ ရှည်လျားသော ခရီးတလျှောက်၌ ဒါန ကုသိုလ်မပါ မရှိလျှင် ကေန် ဆင်းဆင်း ရဲရဲ ကျင်လည်ကြရ.ဖြစ်ကြရမည်၊ ဒါန ရိက္ခာထုပ် ပါသူတို့မှာ သံသရာ တခွင်၌ ပြည့်စုံပေါများ ချမ်းချမ်းသာသာ ကျင်လည်ကြရ ဖြစ်ကြရမည်မှာ'ဒါနတော ဘောဂဝေါ' အစရှိသည်ဖြင့် ကျမ်းဂန်လာရှိတိုင်းပင်ဖြစ်၏၊ ထို. ဒါနကုသိုလ်ဖြင့်လည်း မပြီးသေးပါ၊ အသက်ရှည်မှု အနာကင်း၍ ကျန်းမာရေးကောင်းမှု အစရှိသော သီလကုသိုလ်၏ အကျိုး တွေလည်း အမှန်လိုအပ်ပါ၏။

ထို့ကြောင့် (မဟာဝဂ္ဂ အဋ္ဌကထာ၊ နှာ-၆၃)၌ ပြဆိုထားသည်ကို အလွန်လေးစား မှတ်သားဘွယ်ကောင်းလှ၍ ပြဆိုပါအံ့၊ ထိုတို သတ္တဝါတို့အား ဤပစ္စုပ္ပန် တမလွန်

နှစ်တန်သော ဘဝတို့၌ ပြည့်စုံသော အကျိုးနှင့် ပြည့်စုံမှုအတွက် သီလနှင့် တူသော မှီခိုအားထားရာလည်း မရှိ၊ ကိုးကွယ်လည်းလျောင်း ပုန်းအောင်းရာလည်းမရှိ၊ သီလနှင့်တူသော သုဂတိဘဝသို့ လားရောက်ရာလည်းမရှိ၊ သီလနှင့်တူသော တန်းဆာမရှိ၊ သီလဟူသောပန်းနှင့်တူသော ပန်းမရှိ၊ သီလနှင့်တူသော မွှေးကြိုင်သော အနံ့မရှိ၊ ထို့ကြောင့် သီလတည်းဟူသော တန်းဆာဖြင့် တန်းဆာဆင်အပ်သော, သီလ တည်းဟူသော ပန်းကို ပန်ဆင်သော, သီလ တည်းဟူသော နံ့သာဖြင့် လိမ်းကျံအပ်သော ပုဂ္ဂိုလ်ကို နတ်ဗြဟ္မာနှင့်တကွသော သတ္တလောက တခုလုံးသည် ကြည့်ရှုပါသော်လည်း အားရတင်းတိမ် ရောင့်ရဲမှုမရှိ၊ ဤကား အဆိုပါ အဋ္ဌကထာ အလိုတည်း။

မဟာဝဂ္ဂသံယုတ် တိမတ္ထိယသုတ် ပါဠိတော် (နှာ-၆) ဝိသုဒ္ဓိမဂ် (ပ-တွဲ၊ နှာ-၉) စသည်တို့၌လည်း ထိုသီလ၏ အကျိုး အမျိုးမျိုးတို့ကို ပြဆိုထားသည်၊ ထို့ကြောင့် အနည်းဆုံး တလ လေးသီတင်း၊ တနှစ်မှာ (၂၄) ကြိမ်၊ ရှစ်ပါးသီလ မပျက်မကွက် စောင့်သုံးကြဘို့ အလွန်ကောင်း၏။

**ဥပုသ် အမျိုးမျိုး။** ။ထိုဥပုသ်သည် လဆန်း, လဆုတ်, ရှစ်ရက်မြောက်နေ့၌ စောင့်သုံးကြသော အဋ္ဌမီ ဥပုသ်၊ (၁၄) ရက်မြောက်သောနေ့၌ စောင့်သုံးကြသော **စာတုဒ္ဒသီဥပုသ်**၊ (၁၅) ရက်မြောက်သောနေ့၌ စောင့်သုံးကြသော **ပန္နရသီဥပုသ်** အားဖြင့် သုံးမျိုး၊ ဗုဒ္ဓပရိနိဗ္ဗာန်စံပြီးနောက် သင်္ဂါယနာတင် ထေရ်အရှင်တို့ စီစဉ် သတ်မှတ်ခဲ့သော (၅)ရက်မြောက်နေ့ **ပဉ္စမီဥပုသ်**ကို ထည့်လျှင် လေးမျိုးဖြစ်၏။

ထို့ကြောင့် လဆန်းပက္ခ၌ ပဉ္စမီ၊ အဋ္ဌမီ၊ စာတုဒ္ဒသီ၊ ပန္နရသီ-ဥပုသ်၊ ထို့အတူ လဆုတ်ပက္ခ၌လည်း လေးဥပုသ်ဖြစ်၍ လူတို့သည် တလတွင်, ရှစ်ရက်, ရှစ်သီတင်း စောင့်သုံးနိုင်ကြကုန်၏။ (အင်္ဂုတ္တရ အဋ္ဌကထာ၊ ဒု-တွဲ၊ နှာ-၁၂၂။)

ထိုမှ တပါး **ပဋိဇာဂရဥပုသ်** ဆိုခဲ့ပြီး ရှစ်ဥပုသ်တို့၌ အကြို, အပို့အားဖြင့် စောင့်သုံးနိုင်သော ဥပုသ် (၁၁) မျိုးရှိသေး၏။ ဥပမာ-ပဉ္စမီ ဥပုသ်၌ လေးရက်မြောက် အကြို၊ ခြောက်ရက်မြောက်၌ အပို့-စောင့်သုံးနိုင်သကဲ့သို့ သတ္တမီ စသည်တို့၌လည်း နည်းတူဖြစ်၏၊ ထိုပဋိဇာဂရ ဥပုသ်ဟူသည် 'ပုညံ ကရောန္တာ ဟိ သတ္တာ ဇာဂရောန္တိ နာမ၊ ကာတဗ္ဗကိစ္စ ပသုတတ္တာ'၊ ကုသိုလ်ကောင်းမှု ပြုကုန်သော သူတော်ကောင်းတို့သည် ပြုသင့် ပြုထိုက်သော ကိစ္စကို လေ့ကျင့် ဆောင်ရွက်သောကြောင့် နိုးကြားကြသည်ကို ဆိုလိုသည်။။ (အင်္ဂုတ္တရ ဋီကာ၊ ဒု-တွဲ၊ နှာ-၁၁၇)။

ထိုမှ တပါး ပြဆိုပြီး ဋီကာ၌ **ပါဋိဟာရိယ** အမြဲစောင့်သုံးအပ်သော ဥပုသ်မျိုးကိုလည်း ဖွင့်ပြသေး၏၊ ဤနေရာ၌ အချုပ်အားဖြင့်ကား မိမိတို့စေတနာ, ယုံကြည်မှု သဒ္ဓါ အားလျော်စွာ မည်သည့်နေရာ နေ့ရက်၌မဆို ဥပုသ်စောင့်သုံး ဆောက်တည်နိုင်ကြကုန်၏၊ (သုတ္တနိပါတ် အဋ္ဌကထာ ဒု-တွဲ၊နှာ-၁၀၀။ သုတ်မဟာဝါဋီကာ)

**သီလဆောက်တည်ရန် အညွှန်း။** ။ဤ ရှစ်ပါး သီလ ဥပုသ်ကို နံနက် အခါ ဗုဒ္ဓရုပ်ပွါး ဆင်းတုတော်များထံ၌ဖြစ်စေ၊ ဗုဒ္ဓရှင်၏ ကိုယ်တော်စား ရှေ့ ရဟန်း သံဃာတို့ အထံ၌ ဖြစ်စေ၊ ဆယ်ပါး သီလ အဓိပ္ပါယ်ကို သိရှိ နားလည်သော ယောကျ်ား၊ မိန်းမတို့ အထံ၌ဖြစ်စေ၊ မိမိအလို အလျောက်ဖြစ်စေ၊ နှုတ်မြွက်ဆိုပြီး ဆောက်တည်နိုင်၏၊ မမြွက်ဆိုဘဲ မဆောက်တည်ရ၊ အကယ်၍ ရှစ်ပါး သီလ စောင့်သုံးရမည့် အင်္ဂါ သရုပ်များကို အပြည့်အစုံပါဠိ မရရှိ နားမလည်သော ပုဂ္ဂိုလ်သည်—

ဗုဒ္ဓပညတ္တံ ဥပေါသထံ အဓိဋ္ဌာမိ၊

ဗုဒ္ဓဟောတော်မူအပ်သော ဥပုသ် သီလကို ငါသည် ဆောက်တည်ပါ၏။

ဤသို့ နှုတ်မြွက်ဆို၍ ဆောက်တည်လျှင် ရှစ်ပါးသီလ အတိုချုပ်အားဖြင့် ဆောက်တည်ပြီး ရှစ်ပါး သီလပြည့်စုံပြီး ဖြစ်တော့၏။ (အင်္ဂုတ္တရ အဋ္ဌကထာ၊ ဒု-တွဲ၊ ဝိသာခုပေါသထသုတ်-၁၉၉-၂၀၀။)

ဤ ဆောက်တည်နည်း၌ သိက္ခာပုဒ် သီလ ရှစ်ပါးလုံးကို တပေါင်းတည်း ပြုပြီး (အဓိဋ္ဌာမိ-ဟု) ဆောက်တည်ထားသောကြောင့် သိက္ခာပုဒ် တပါး ပျက်စီးကျိုးပေါက်လျှင် အားလုံးကုန် ပျက်စီးကျိုးပေါက်ကြကုန်၏။

'ပါဏာတိပါတာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ' စသည်ဖြင့် သိက္ခာပုဒ်တပါးစီ အသီးအသီး ဆောက်တည်ကြရာ၌ သိက္ခာပုဒ်တပါး ပျက်စီးကျိုးပေါက်သော်လည်း ကြွင်း (၇) ပါးသော သိက္ခာပုဒ်များ မပျက်စီး မကျိုးပေါက်ကြပါ၊ ဤသို့ ထူးခြားချက်ကိုလည်း သတိပြုလျက် အသီးအသီး ဆောက်တည်သောနည်းက သာပြီးကောင်းသည်။

အကြောင်းမှာ "သမာဒိယာမိ" ကိရိယာပုဒ် အသီးအသီးအုပ်၍ ဆောက်တည်ထားသောကြောင့်ဖြစ်သည်၊ ဝိရတီ စေတနာပြဋ္ဌာန်းသော မဟာကုသိုလ်စိတ္တုပ္ပါဒ်လည်း ရှစ်ကြိမ် ဖြစ်သောကြောင့် ယခုကာလ ဤနည်းအတိုင်းသာ သီလပေးကြ ဆောက်တည်ကြသည်မှာ အလွန်ကောင်းလှသည်၊ အချို့အရပ်အချို့ဆရာတော်များကား "သမာဒိယာမိ" ကိရိယာပုဒ် တခုတည်းသာ နောက်ဆုံးမှ အုပ်ပြီးပေးသည်ကို တွေ့ရ၏၊ ထိုနည်းကား ဆိုခဲ့ပြီးသည့် အတိုင်း မကောင်းပါ။

## ပါဠိဘာသာဖြင့် ရှစ်ပါးသီလ ဆောက်တည်ပုံ

အဟံ ဘန္တေ တိသရဏေန သဟ အဋ္ဌင်္ဂသမန္နာဂတံ ဥပေါသထသီလံ ဓမ္မံ ယာစာမိ၊ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေ ဘန္တေ။

ဒုတိယမ္ပိ အဟံ ဘန္တေ ...စသည်ဆိုရန်။
တတိယမ္ပိ အဟံ ဘန္တေ....စသည်ဆိုရန်။
(ယမဟံ ဝဒါမိ တံ ဝဒေထ၊) အာမ ဘန္တေ။

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ (သုံးခေါက်ဆို)
ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။ ဓမ္မံ သရဏံ ဂစ္ဆာမိ။ သံဃံ သရဏံ ဂစ္ဆာမိ။
ဒုတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ....စသည်ဆိုရန်။
တတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ....စသည်ဆိုရန်။
(တိသရဏ ဂမနံ ပရိပုဏ္ဏံ၊) အာမ ဘန္တေ။

၁။ ပါဏာတိပါတာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

၂။ အဒိန္နာဒါနာ ။ ။ ။

၃။ အဗြဟ္မစရိယာ ။ ။ ။

၄။ မုသာဝါဒါ ။ ။ ။

၅။ သုရာ, မေရယ, မဇ္ဇပ္ပမာဒဋ္ဌာနာ ။ ။

၆။ ဝိကာလ ဘောဇနာ ။ ။ ။

၇။ နစ္စ, ဂီတ, ဝါဒိတ, ဝိသူက ဒဿန,
မာလာ, ဂန္ဓ, ဝိလေပန,
ဓာရဏ, မဏ္ဍန,ဝိဘူသနဋ္ဌာနာ ။ ။

၈။ ဥစ္စာသယန မဟာသယနာ ။ ။

(တိသရဏေန သဟ အဋ္ဌင်္ဂသမန္နာဂတံ ဥပေါသထသီလံ သာဓုကံ ကတွာ ဓမ္မံ အပ္ပမာဒေန သမ္ပာဒေထ)။ အာမ ဘန္တေ။

ဤသို့ ရှေးရှေးက လူကြီး လူကောင်း မိဘ ဘိုးဘွား ဆရာသမား အဆက်ဆက်တို့သည် ဤရှစ်ပါးသီလ စောင့်ထိန်း စောင့်ရှောက်ကြရာ၌ ပါဠိဘာသာ (မာဂဓဘာသာ) အားဖြင့် တီထွင်၍ စီစဉ်ထားမှုမှာ အလွန်လေးနက်သော အဓိပ္ပါယ်များ ပါရှိလှပါ၏။

**ပါဠိဘာသာသည် ပဋိသမ္ဘိဒါဉာဏ်ရကြောင်း။** ။ဗုဒ္ဓဘာသာ မြန်မာတို့မှာ ပါဠိဘာသာ ဘာသ်ရ, လေ့ကျက်ရမှု တို့၌ အလွန်ကြောက်ကြ၏၊ အလွန်စိတ်မဝင်စားကြခြင်းမှာ အမှားကြီးတခု ဖြစ်ပေသည်၊ ထိုပါဠိဘာသာကို ဘာသ်ရှုခြင်း သင်ကြား လေ့ကျက် ဆောင်ရွက်ရမှုတို့မှာ နောင်သောအခါတွင် ပဋိသမ္ဘိဒါဉာဏ်လေးပါးတို့ကို ရခြင်း၏အကြောင်း ကောင်းကောင်းကြီး ဖြစ်သည်ကို ကျမ်းဂန်များ၌ အထင်အရှား ပြဆိုထားပါသည်။

ပဋိသမ္ဘိဒါဉာဏ် ၄-ပါး။ ။ပဋိသမ္ဘိဒါဉာဏ် လေးပါးဆိုတာ—

၁။ အတ္ထပဋိသမ္ဘိဒါ=အကြောင်းကြောင့် ဖြစ်ပေါ်လာသော အကျိုးတရားစု, နိဗ္ဗာန်, ပါဠိတော်၏ အနက်သဘော, ဝိပါက်စိတ်,ကြိယာစိတ်, ၎င်း ၄ါးမျိုးတို့ကို ခွဲခြားဝေဘန်၍ သိသောဉာဏ်။

၂။ ဓမ္မပဋိသမ္ဘိဒါ=အကျိုးကိုဖြစ်စေတတ်သော အကြောင်းဟူသမျှ အရိယာမဂ်လေးပါး ပါဠိတော်အစဉ် ကုသိုလ် အကုသိုလ် ၄ါးမျိုးတို့ကို ခွဲခြားဝေဘန်၍ သိသောဉာဏ်။

၃။ နိရုတ္တိပဋိသမ္ဘိဒါ=ဆိုခဲ့ပြီးသော အတ္ထ၄ါးမျိုး ဓမ္မ၄ါးမျိုးတို့၌ ဆိုင်ရာ သဒ္ဒါ ပုဒ်,ပါဌ် ဆယ်ပါးတို့ကို ခွဲခြား ဝေဘန်၍ သိသောဉာဏ်။

၄။ ပဋိဘာနပဋိသမ္ဘိဒါ=ဆိုခဲ့ပြီး ပဋိသမ္ဘိဒါ သုံးပါးကို ထူးတွေကွဲပြားပိုင်းခြား ဝေဘန်၍ သိသောဉာဏ်ဖြစ်၏။

ပဋိသမ္ဘိဒါဉာဏ်ကို ရခြင်း၏ အကြောင်း ရှစ်ပါးတို့တွင် ဗုဒ္ဓဟောဖော် ပါဠိတော်များကို အာဂုံဆောင်ခြင်းသည် အင်္ဂါတပါး အပါအဝင်ဖြစ်ပေသည်။

မာဂဓဘာသာ ပြောဆိုသူ ၄-ဦး။ ။ပါဠိဘာသာ (မာဂဓဘာသာ)ကို—

(၁) ကမ္ဘာဦးသူ၊ (၂) သူတပါး စကား မကြားဘူးသူ၊

(၃) ဗြဟ္မာကြီးများ၊ (၄) မြတ်စွာဗုဒ္ဓ—

ဤ လေးဦး သားတို့သည် ပြောဆိုမြဲ ဟောတော်မူကြမြဲ ဖြစ်ပေသည်။

**ပါဠိဘာသာ** ဆိုတာ မြတ်စွာဗုဒ္ဓတို့၏ ဟောကြားတော်မူအပ်သော မြင့်မြတ်သော စကားတော် အစီအစဉ်ကို ဆိုလိုသည်။

**မာဂဓဘာသာ** ဆိုတာ မဂဓတိုင်း၌ ဖြစ်ပေါ်လာသော ဘာသာစကားကို ဆိုလိုပါသည်။

သဗ္ဗညု မြတ်စွာဗုဒ္ဓရှင်တို့၏ ဘုရားဖြစ်တော်မူရာ, တရားဦး ဟောတော်မူရာ အရပ်သည် မာဂဓ နယ်ဖြစ်သော ပါဠိဘာသာ(မာဂဓဘာသာ)ဖြင့်သာ တရားဟောတော်မူကြသည်၊ နိရုတ္တိ ပဋိသမ္ဘိဒါဉာဏ် ကို ရရှိသောသူသည် ပါဠိဘာသာ (မာဂဓဘာသာ) ဖြင့်သာ ဟောတော်မူအပ်သော ပိဋကတ်သုံးပုံကို မသင်ကြားရဘဲ အလို အလျောက် တတ်မြောက်ကြသည်။

ရှင်စူဠပန် မထေရ်သည် တပုဒ်သော ဂါထာမျှကို လေးလ လုံးလုံး ကျက်မှတ်၍ မရရှိသော်လည်း ရဟန္တာဖြစ်၍ ပဋိသမ္ဘိဒါ ဉာဏ်ကို ရလျှင် ပိဋကတ်တော်များကို မသင်ကြားဘဲ တတ်မြောက်ဟောပြောနိုင်၏၊ ထိုသို့ ကျေးဇူးများသောကြောင့် ပဋ္ဌာန်း ၂၄-

ပစ္စည်းကို ကျက်ခြင်း, ပဋိစ္စသမုပ္ပါဒ်စသော တရားများကို အရကျက်မှတ်ခြင်း, စသည် ပြုလုပ်ကြရန် တိုက်တွန်းစကား ရေးသားခဲ့ပြီ။

**မြန်မာဘာသာဖြင့် ရှစ်ပါးသီလဆောက်တည်ပုံ။** ။ဤနေရာ၌ ပါဠိဘာသာဖြင့် ရှစ်ပါး သီလ ဆောက်တည်ပုံကို ပြဆိုခဲ့ပြီး၍

မြန်မာ ဘာသာ သက်သက်ဖြင့် -

၁။ သီလတောင်းပုံ၊

၂။ ဗရားရှိခိုးပုံ၊

၃။ သရဏဂုံ ဆောက်တည်ပုံ၊

၄။ ရှစ်ပါးသီလ ခံယူဆောက်တည်ပုံတို့ကို အစဉ်အတိုင်း ပြဆိုပေအံ့။

(၁) အရှင်မြတ်ဗရား-အကျွန်ုပ်သည် သရဏဂုံသုံးပါးနှင့်တကွ အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော ဥပုသ်သီလ ဟု ဆိုအပ်သော အကျင့်မြတ်ကို တောင်းခံပါ၏၊ အရှင်ဗရား အရှင်ဗရားတို့သည် အကျွန်ုပ်အား မေတ္တာ, ကရုဏာ နှစ်ဖြာ ရှေ့ထား သနားချီးမြှောက်မှုကိုပြု၍ သီလပေးတော်မူပါကုန် ဗရား။

အရှင်မြတ်ဗရား-နှစ်ကြိမ်မြောက်လည်း အကျွန်ုပ်သည် သရဏဂုံ သုံးပါးနှင့် တကွ အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော ဥပုသ်သီလ ဟုဆိုအပ်သော အကျင့်မြတ်ကို တောင်းခံပါ၏၊ အရှင်ဗရား အရှင်ဗရားတို့သည် အကျွန်ုပ် အား မေတ္တာကရုဏာနှစ်ဖြာရှေ့ထား သနားချီးမြှောက်မှုကိုပြု၍ သီလပေး တော်မူပါကုန်ဗရား။

အရှင်မြတ်ဗရား သုံးကြိမ်မြောက်လည်း အကျွန်ုပ်သည် သရဏဂုံ သုံးပါးနှင့် တကွ အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော ဥပုသ်သီလဟုဆိုအပ်သော အကျင့်မြတ်ကို တောင်းခံပါ၏၊ အရှင်ဗရား အရှင်ဗရားတို့သည် အကျွန်ုပ် အားမေတ္တာ ကရုဏာနှစ်ဖြာရှေ့ထား သနားချီးမြှောက်မှုကိုပြု၍ သီလပေး တော်မူပါကုန် ဗရား။

(၂) (ဒကာ-ဒကာမ အပေါင်း •သူတော်ကောင်းတို့-အကြင်စကားကို ငါသည် တိုင်တည် ပြောဆို၏၊ ထိုစကားကို ငါဆိုသည့်အတိုင်း လိုက်ဆိုကြကုန်)

(အရှင်ဗရား ကောင်းပါပြီဗရား)

ဘုန်း ခြောက်ပါး သခင် ဖြစ်တော်မူသော ပူဇော်အထူးကို ခံတော် မူသော ပူဇော်အထူးကို ခံတော်မူထိုက်သော မဖောက်မပြန် ကိုယ်ပိုင် ဉာဏ်ဖြင့်သာ သစ္စာလေးဆင့်ကို သိမြင်တော်မူသော ထိုမြတ်စွာဗရားအား သုံးကြိမ်တိုင် ရှိသေမြတ်နိုး ရှိခိုးပါ၏။

(၃) *မြတ်စွာဗုဒ္ဓကို ကိုးကွယ်ရာဟူ၍ မှီဝဲဆည်းကပ်ပါ၏။
ဆယ်ပါးသော တရားတော်မြတ်ကို ကိုးကွယ်ရာဟူ၍ မှီဝဲဆည်းကပ်ပါ၏။
သံဃာတော်မြတ်ကို ကိုးကွယ်ရာဟူ၍ မှီဝဲဆည်းကပ်ပါ၏။
*နှစ်ကြိမ်မြောက်လည်း မြတ်စွာဗုဒ္ဓကို ကိုးကွယ်ရာဟူ၍ မှီဝဲဆည်းကပ်ပါ၏။
ဆယ်ပါးသော တရားတော်မြတ်ကို ကိုးကွယ်ရာဟူ၍ မှီဝဲဆည်းကပ်ပါ၏။
သံဃာတော်မြတ်ကို ကိုးကွယ်ရာဟူ၍ မှီဝဲဆည်းကပ်ပါ၏။
*သုံးကြိမ်မြောက်လည်း မြတ်စွာဗုဒ္ဓကို ကိုးကွယ်ရာဟူ၍ မှီဝဲဆည်းကပ်ပါ၏။
ဆယ်ပါးသော တရားတော်မြတ်ကို ကိုးကွယ်ရာဟူ၍ မှီဝဲဆည်းကပ်ပါ၏။
သံဃာတော်မြတ်ကို ကိုးကွယ်ရာဟူ၍ မှီဝဲဆည်းကပ်ပါ၏။

(၄) (သင် ဒကာ-ဒကာမတို့အား သရဏဂုံသုံးပါး ပြည့်စုံကြပေပြီ၊)
(အရှင်ဘုရား ကောင်းပါပြီ)

**ဗိုလ်ချုပ်အောင်ဆန်း လျှောက်ထားချက်။** ။ရတနာ့ဂုဏ်ရည် အတိုင်း အနက်မြန်မာ ရေးရန် ယခု ပြဆိုအပ်ခဲ့ပြီးသော ရှစ်ပါး သီလ ဆောက်တည်ပုံကို မြန်မာ ဘာသာသက်သက်ဖြင့် ရေးသားရာ၌ ဗိုလ်ချုပ်အောင်ဆန်း လျှောက်ထားဘူးသော စကားကို အထူးအောက်မေ့ သတိရရှိမိပေသည်။

ဤစာရေးသူ ဘုန်းကြီးသည် အစိုးရစာချတန်း (ဓမ္မာစရိယ)စာမေးပွဲ၌ ကျမ်းရင်း သုံးကျမ်းနှင့် ဂုဏ်ထူးသုံးကျမ်းတို့ကိုပူးတွဲ၍ တနှစ်တည်းအောင်မြင်ခဲ့သည်။ ။၁၃၀၃-ခုနှစ်၊ မြူနီစီပါယ် တောင်းဟောကြီး (ယခု မြို့တော်ခန်းမ)၌ စာချတန်း (ဓမ္မာစရိယ) ဘွဲ့နှင်း သဘင် ကျင်းပသောအခါ ဗိုလ်ချုပ်အောင်ဆန်း အစိုးရအဖွဲ့ဖြစ်၍ ထို ဘွဲ့နှင်းသဘင်သို့ တဖွဲ့လုံး တက်ရောက်ကြသည်။

ထိုအခါ ဗိုလ်ချုပ်အောင်ဆန်းက တိုက်တွန်းစကား လျှောက်ထားရာတွင်—

"သံဃာတော် အရှင်မြတ်တို့ ဘုရား....ငါးပါးသီလကို မြန်မာ ဘာသာဖြင့် ပေးလို့ ဖြစ်က လူများ နားလည်အောင် ပေးစေချင်ပါသည်၊ သင်္ဂြိုဟ် ကိုလည်းမြန်မာ ဘာသာဖြင့် သင်ပေးလို့ဖြစ်က သင်ပေးစေလိုပါသည်။"

ဤသို့ ရှေးဦးစွာ လျှောက်ထား၍ အရှင်ဘုရားတို့—

"ဘုန်းကြီးက ဘုန်းကြီးအလုပ်ကိုသာ လုပ်တော်မူကြ၍ လူ့အလုပ်ကို မလုပ်စေချင်ပါ၊ လူကလည်း လူ့အလုပ်ကိုသာ လုပ်၍ ဘုန်းကြီးအလုပ်ကို မလုပ်စေချင်ပါ"

စသည်အားဖြင့် မှတ်သားဘွယ်ကောင်းသော စကားများကို လျှောက်ထား ပြောသွားသည်ကို ကိုယ်တိုင် ကြားသိလိုက်ရပေသည်။

ဤသို့ ပြဆိုအပ်ပြီးသော ရှစ်ပါးသီလကို ပါဠိလိုဖြစ်စေ, မြန်မာလိုဖြစ်စေ ဆောက်တည်ရာ၌ နှုတ်မြွက်၍ ဆောက်တည်မှသာ သီလပြည့်စုံကြောင်းကိုလည်း ပြဆိုခဲ့ပေပြီ။

## ရှစ်ပါးသီလ ဆောက်တည်ရကျိုး

ကျမ်းဂန်တို့၌ ပြဆိုထားသောအတိုင်း အကျိုးတရားများကို အမြွက်မျှ ဆက်လက် ပြဆိုပါဦးအံ့။

ယခုခေတ်အခါ ဗုဒ္ဓမြတ်စွာ သာသနာနှင့် တသက်တခါ ကြုံခဲစွာဖြစ်၍ ကြုံလာရ ခိုက်၌ အင်တိုက် အားတိုက် နှစ်ခြိုက်လှစွာ အကြိမ်ကြိမ် အထပ်ထပ် ဤ ရှစ်ပါးသီလကို စောင့်သုံး ဆောက်တည်ကြကုန်သော အမျိုးကောင်းသား အမျိုးကောင်းသမီးများအဘို့ ဝမ်းမြောက်ဘွယ်ရာ မဆိုထားပါနှင့် တကြိမ်မျှသာ စောင့်သုံးဘူး စောင့်သုံးနိုင်ရှာသော **ရေရောင်းစားသူ သူဆင်းရဲမ အမျိုးသမီးတယောက်သည်** ဗန္ဓုမတီ ပြည်၌ တနေ့သောအခါ မင်းနှင့်တကွ တိုင်းသူပြည်သား လူအများတို့သည် အုတ်အုတ် ကျက်ကျက် ဥပုသ်စောင့်သုံး ထွက်ကြသည် ကို မြင်သောအခါ "တတိုင်းပြည်လုံး ကျင့်သုံးဆောက်တည်သော ဤဥပုသ်အမှုသည် အကျိုး ရှိကောင်းရှိတန်ရာ၏"-ဟု ကြံဆဆင်ခြင်ပြီးလျှင် အများနှင့်ရောပါ ဤတကြိမ်သာ စောင့် သုံးဘူးသော ရှစ်ပါးသီလ ကုသိုလ်စေတနာကြောင့် လူ့ပြည် နတ်ထံ အဖန်ဖန် ဖြစ်ရပြီး ႏမှ ဤဗုဒ္ဓဘုရားလက်ထက်၌ ခုနစ်နှစ် အရွယ်ကပင် ကေ့ပေါသထိကာဘိက္ခုနီ ရဟန္တာမ ဟူ၍ ထင်ရှားစွာ ဖြစ်ပေါ်လာရ၏၊ ထိုအခါမှစ၍ အပါယ်သို့လည်း တကြိမ်မျှ မကျ ရောက်ရခဲ့ဘူးချေ[၁]၊ (ကေ့ပေါသထိကာ-၌ ကေ+ဥပေါသထိကာ+ပုဒ်ခွဲ၍ တကြိမ်မျှ ဥပုသ် စောင့်ခဲ့ဘူးသော အမျိုးသမီး-ဟူလို)

**နေ့ထက်ဝက် ဥပုသ်ကျိုး။** ။ဤသို့ တနေ့လုံးအဘို့ တကြိမ်မျှ အပြည့်အစုံ စောင့်သုံး နိုင်သူကို ထားလိုက်ပါဦး၊ တနေ့လုံး မတတ်နိုင်သဖြင့် နေ့ထက်ဝက်သာ စောင့်နိုင်သော အနာထပိဏ် သူဌေးကြီး၏ အလုပ်သမား **ဘတက** ဆိုသူ တယောက်သည် နံနက်စော တောသို့ တွက်သွားပြီး မိုးချုပ်မှ ပြန်လာရာ ထိုနေ့ ချက်ပြုပ် ကျွေးသူက တယောက်စာချက်၍ ဘတက အလုပ်သမားအား ထမင်းကျွေးရာ ဘတက အလုပ်သမားက "ယနေ့ ဘယ်လိုလဲ, နေ့တိုင်းဆိုလျှင် ထမင်းစားသူတွေ ဆူဆူညံညံနှင့် အမြောက်အမြား တွေ့ရပါတယ်"၊ ထိုအခါ ချက်ပြုပ်ကျွေးသူက "အမောင် ဘတက ဤနေ့သည် ဥပုသ်နေ့ဖြစ်၍ အနာထပိဏ် သူဌေးကြီးက သူနှင့် သက်ဆိုင်ရာ အိမ်သူ အိမ်သား အလုပ်သမားများတို့ကို ဥပုသ်စောင့်စေရပါတယ်၊ အယုတ်အားဖြင့် ကလေးငယ်

---

၁။ အပဒါန် ပါဠိတော်၊ ဒု-တွဲ၊ နှာ-၁၉၉။

ကလေးများကိုပင် မိခင်က နို့ချိုမတိုက်ကျွေးရပါဘူး...စတုမဓု လောက်ကိုသာ ခွန့်(ကျွေး) ပေးရပါတယ်၊ ဤအကြောင်းအရာ အပြည့်အစုံကို ပြောကြား ကြေငြာဘို့ ကျွန်ုပ်၏ တာဝန်ဖြစ်ပါတယ်၊ အမောင် ဘတက တဦးကိုသာ မပြောမိလို့ ယခုလို အဖြစ်မျိုး တွေ့ကြုံရပါတယ်''။

''ဒီလိုဆိုလျှင် ယခု ထမင်းကို ကျွန်ုပ် လုံးဝမစားဘဲ ဥပုသ်စောင့်လို့ မရဘူးလား''ဟု မေးရာ ထမင်းချက်သမားက သူဌေးကြီးထံ သွားရောက်၍ အကျိုးအကြောင်း ပြောပြရာ အနာထပိဏ် သူဌေးကြီးက လုံးဝ မစားသေးလျှင် ပါးစပ်များကို စင်ကြယ်စွာဆေး၍ နေ့ထက်ဝက် ဥပုသ် စောင့်သုံးနိုင်ကြောင်းကို ပြောကြားလိုက်သည့်အတိုင်း အလုပ်သမား ဘတက သည် နေ့ထက်ဝက် ဥပုသ်ကို စောင့်သုံးလေတော့၏။

နံနက်စောကလဲ အစာ မစားရသဖြင့် ညအခါ၌ လေနာရောဂါ ပြင်းထန်စွာ ဖြစ်၍ ကိုယ်ခန္ဓာ တခုလုံးကို ကြိုးများဖြင့် ပတ်ထားရ၏၊ ထိုအကြောင်းကို သူဌေး ကြီးအား ပြောကြားကြသဖြင့် သူဌေးကြီးကိုယ်တိုင် လာရောက်၍ ''အမောင် ဘတက သင့်လေနာ ပျောက်ကင်းအောင် ဤ စတုမဓုကို စားပါ''ဟု ကျွေး၏၊ ''သူများလို တနေ့လုံး မစောင့်နိုင်သဖြင့် မစားလိုပါ''ဟု ငြင်းဆန်၏၊ သူဌေးကြီးက အမျိုးမျိုး အဖုံဖုံပြောကြား ကျွေးသော်လည်း မစားဘဲ လုံးဝ ငြင်းပယ်သဖြင့် မိုးမလင်းမီ ပျက် စီး သေ ဆုံး လေ တော့၏။

ထိုမှ စုတေပြီး အလွန်ကြီးကျယ်ခမ်းနားသော ညောင်ပင်ကြီးတပင်၌ အလွန်တန်ခိုး ဣဒ္ဓိပါဒ် ကြီးမြတ်သော ရုက္ခစိုး နတ်မင်းဖြစ်လေ၏၊ ဟိမဝန္တာမှ ကြွလာသော ရသေ့ငါးရာ တို့သည် အဆိုပါ ညောင်ပင်ကြီး အောက်၌ ခေတ္တ တည်းခိုနေကြကုန်၏၊ အကြီးဆုံး ရသေ့ ကြီးက ''ဤ ညောင်ပင်သည် ပင်စည်လုံးပတ် စသည် အလွန်ကြီးကျယ်လှ၏၊ ဤ ညောင်ပင် ကြီး၌ စောင့်ကြပ်သော နတ်သည်လည်း တန်ခိုး ဣဒ္ဓိပါဒ်နှင့် ပြည့်စုံမည်သာဖြစ်၏၊ ထို နတ် မင်းက ငါတို့အား သောက်ရေများကို ပေးပါက ကောင်းလေစွ''ဟု တောင့်တလိုက်ရာ ညောင်ပင်ကြီးခွမှ သောက်ရေများ ကျဆင်းလာတော့၏၊ တဖန် ''ချိုးရေများကိုပါ ရလျှင် ကောင်းလေစွ''ဟု တောင့်တလိုက်ပြန်ရာ ချိုးလောက်အောင် ရေများ တဖြောဖြော ကျဆင်းလာ၏၊ ထို့နောက် ''ငါတို့ အားလုံး စားသုံးလောက်အောင် သစ်သီးများကို ရရှိကလည်း ကောင်းလေစွ''ဟု တောင့်တလိုက်ပြန်တဲ့ အခါမှာလည်း ရသေ့ငါးရာလုံး စားသုံးလောက်အောင် သစ်သီးတွေကို ရရှိကြပြန်ကုန်၏။

ထို အခါ အကြီးဆုံး ရသေ့ကြီးကပင် ''အို နတ်မင်း သင်ရဲ့ တန်ခိုး ဣဒ္ဓိပါဒ် ပြည့်စုံ ကြောင်းကို သိရပါပြီ၊ ငါတို့အား ကိုယ်ထင်ရှားပြပါအုံး''ဟု တောင်းပန်ရာ ရုက္ခစိုးနတ်မင်း က အဆင်းအင်္ဂါ ပြည့်စုံစွာဖြင့် ကိုယ်ထင်ရှားပြလိုက်သည်။

ထို အခါ "အို ရက္ခစိုး နတ်မင်း သင့်မှာ ယခုလို သူတပါး အလိုရှိတိုင်းပင် ပြည့်စုံအောင် ပေးနိုင်တာ ဘယ်လို ကုသိုလ်ကြောင့်ပါလဲ" ဟု မေးပြန်သဖြင့် နေ့ထက်ဝက်မျှ ဥပုသ် စောင့်သုံးခဲ့ရသော ကုသိုလ်ကြောင့် ဖြစ်ကြောင်း ဖြေဆိုလေသည်[၁]။

ဤနေရာ၌ ဆိုအပ်ခဲ့ပြီးသော အနာထပိဏ် သူဌေးကြီးသည် ဆိုင်ရာ မိမိအုပ်စု တခုလုံးကို ဥပုသ်စောင့်သုံး စေရုံမျှမက ခမည်းတော် သူဌေးကြီး ဆောက်လုပ်ထားသော ကျောင်းတိုက်သို့ တခေါက်မျှ မသွားခရောက်သော **ကာဠ** မည်သော သားကို ငွေတရာ ပေး၍ ဥပုသ်စောင့်သုံးခိုင်း၏၊ တဖန် "ဘုရားအထံတော်မှ တရားတပုဒ် မှတ်မိခဲ့လျှင် ငွေ တထောင်ဆုပေးမည်" ဟု တရားနာခိုင်းလိုက်ပြန်ရာ ကာဠ သည် တရားတပုဒ်ရလျှင် ပြန်မည့် အကြံနှင့် နာသော်လည်း နာရင်း နာရင်း တရားသဘော အဓိပ္ပါယ်များပေါက်ပြီးလျှင် သောတာပန် ဘဝရောက်သွားသည်[၂]ကို ထောက်ထား၍ ပုတ္တသင်္ဂဟ တရားတော်အရ သားသမီးများကို ချီးမြှောက်စောင့်ရှောက်ရာ၌ အတုခိုး နည်းယူဘွယ်ကောင်းလှပေ၏။

(ဆိုအပ်ခဲ့ပြီးသော နေ့ထက်ဝက် ဥပုသ်စောင့်သုံးဆိုရာ၌ တနေ့လုံး မစားသောသူ မှသာ ည ထက်ဝက် ဥပုသ်စောင့်လို့ရသည်၊ နေ့အခါ အဝစားပြီးမှ ဆောက်တည်လျှင် မရ-ဟု မှတ်ပါ)

**မှတ်ချက်။** ။ယခုအခါ သမ္မာအယူ ဖြူစင်ကြကုန်သော အမျိုးကောင်းသား အမျိုးကောင်းသမီး လူကြီး လူကောင်း အရိယာအလောင်း သူတော်ကောင်း အပေါင်းတို့သည်လည်း မိမိတို့ဆိုင်ရာ သားသမီးအုပ်စုကို ဥပုသ်စောင့်သုံးရန် အထူးစောင့်ကြပ် စောင့်ရှောက်ပြီး အနာထပိဏ်သူဌေးကြီး၏ ကျင့်သုံးစေသော နည်းကိုဎင်း၊ တနေ့လုံး မစောင့်ထိန်းနိုင်ပါမူ ရက္ခစိုး နတ်မင်းကြီး၏ အစာငတ် အသေခံလျက် နေ့ထက်ဝက် စောင့်သုံးသော နည်းထုံးကိုဎင်း နှလုံးသွင်း၍ ကျင့်သုံးနိုင်ပါမူကား နိဗ္ဗာန်ပြည်ခွင် စံဝင်ရသည်တိုင်အောင် မိသားစု အုပ်စုအနေဖြင့် မဂ္ဂင်ရှစ်ဖော် ယာဉ်ပျံတော်ကြီး တူပျော်ပျော်စီးရမည်ကို ဘယ်ဗေဒင် ဘယ်နတ်များကိုမျှ မေးစရာမလိုဖြစ်၍ အမတ မည်ခေါ် ရွှေပြည်တော်ကို တူပျော်စံမြန်း နိုင်ကြပါစေသတည်း။

× × × ×

---

၁။ ဓမ္မ၊ ဌ၊ ၁၊ နှာ-၁၃၁-၂။ ၂။ ဓမ္မပဒ၊ ဌ၊ ၂၊ နှာ-၁၂၃-၄။

၁၃၃၆-ခုနှစ်၊ တပို့တွဲလဆန်း(၁၃)ရက်နေ့ ဂန့်ဂေါမြို့နယ်၊ ကန်တောရ ကျောင်းတိုက် ဦးအေးမောင်-ဒေါ်ထွေးယဉ်တို့ ပူဇော်အပ်သော မြတ်စွာဗုဒ္ဓကို အနေကဇာ တင်ရာ၌ ဟောကြားအပ်သော

# ဗုဒ္ဓါဘိသေက မင်္ဂလာ ဒေသနာ

## သဗ္ဗမင်္ဂလာဂါထာ

ဒိဝါ တပတိ အာဒိစ္စော၊ ရတ္တိမာ ဘာတိ စန္ဒိမာ။
သန္နဒ္ဓေါ ခတ္တိယော တပတိ၊ ဈာယီ တပတိ ဗြာဟ္မဏော။
အထ သဗ္ဗမဟောရတ္တိံ၊ ဗုဒ္ဓေါ တပတိ တေဇသာ[၁]။
ဣမိနာ တေဇသမ္ဗန္ဓာ၊ သာဓဝေါ ဟောန္တု သဗ္ဗဒါ။

အာဒိစ္စော၊ ရောင်ခြည်တထောင် မကဆောင်သည့် ထွန်းပြောင်ထိန်လင်း ရှင်နေမင်းသည်။ ဒိဝါ၊ မိုက်မှောင်ပယ်ခွင်း အလင်းရောက်လာ နေ့အခါ၌သာလျှင်။ တပတိ၊ ထွန်းလင်းကျက်သရေ တင့်တယ်နိုင်ပေ၏။ စန္ဒိမာ၊ အေးမြချမ်းသာ ရောင်ဝါပဝင်း ရွှေလမင်းသည်။ ရတ္တိံ၊ အလင်းရောင်ပျောက် မိုက်မှောင်ရောက်လာ ညဉ့်အခါ၌သာလျှင်။ အာဘာတိ၊ ထွန်းလင်းကျက်သရေ တင့်တယ်နိုင်ပေ၏။ ခတ္တိယော၊ ရေမြေသေဌ်နင်း ပြည့်ရှင်မင်းသည်။ သန္နဒ္ဓေါ၊ ရတနာစိန်ကျောက် ထိန်ထိန်တောက်သည့် မင်းမြောက်တန်းဆာ ဝတ်စားဆင်ယင်မှသာလျှင်။ တပတိ၊ ထွန်းလင်းကျက်သရေ တင့်တယ်နိုင်ပေ၏။ ဗြာဟ္မဏော၊ အာသဝေါကင်းကွာ ရဟန္တာ အရှင်မြတ်သည်၊ဈာယီ၊ ဈာန်သမာပတ် အဘိညာဏ် ဝင်စားမှသာလျှင်၊ တပတိ၊ ထွန်းလင်းကျက်သရေ တင့်တယ်နိုင်ပါပေ၏။

အထ၊ ထိုသို့မဟုတ်။ ဗုဒ္ဓေါ၊ သုံးလောက ကျော်ကြား သဗ္ဗညူ မြတ်စွာဗုဒ္ဓရှင် ကိုယ်တော်မြတ်သည်ကား။ သဗ္ဗမဟောရတ္တိံ၊ နေ့ရောညဉ့်ပါ ဘယ်ခါမဆိုင်း အချိန် ရှိတိုင်းသာလျှင်။ တေဇသာ၊ ကျက်သရေတန်ခိုး တင့်တယ်ခြင်း အမျိုးမျိုးဖြင့်။ တပတိ၊ ထွန်းလင်းကျက်သရေ ဂုဏ်တက်ဝေအောင် ထူးထွေဆန်းကြယ် အံ့ဩဘွယ်လျှင် တကယ် ပင် တင့်တယ်တော်မူပါပေသတည်း။

ဣမိနာ၊ မှန်ကန်လှစွာသော ဤသစ္စာစကားကြောင့်။ သာဓဝေါ၊ ဗုဒ္ဓဒကာ, ဗုဒ္ဓအမ အစထား၍ များလှသောင်းပြောင်း သူတော်ကောင်း အပေါင်းတို့သည်။ သဗ္ဗဒါ၊ နေ့ရောညဉ့်ပါ အခါခပ်သိမ်း။ တေဇသမ္ဗန္ဓာ၊ ကျက်သရေတန်ခိုး တင့်တယ်ခြင်း အမျိုးမျိုးတို့နှင့် ပြည့်စုံကြကုန်သည်။ ဟောန္တု၊ စင်စစ်မသွေ ဖြစ်ကြပါစေကုန်သတည်း။

---

၁။ နိဒါနဝဂ္ဂသံယုတ် ပါဠိတော်၊ နှာ-၄၇၁။ ဋ္ဌင်းအဋ္ဌကထာ၊ နှာ-၂၂၂။

အခိပ္ပါယ်ကတော့ ဗုဒ္ဓ ဓမ္မ သံဃာ ရတနာသုံးပါး အစရှိသော ကျက်သရေ မင်္ဂလာတို့နှင့် အကုန်ပြည့်စုံတာချည်းပါဘဲ၊ သို့ပေမယ့်လို့-အဋ္ဌကထာဆရာကြီးက ဒီဂါထာကို သီးခြားထုတ်ပြီးတော့ **သဗ္ဗမင်္ဂလဂါထာ=အလုံးစုံသော** ကျက်သရေမင်္ဂလာ တို့နှင့်ပြည့်စုံတဲ့ ဂါထာလို့ဖွင့်ပြထားပါတယ်၊ ဒါကြောင့် ဒီအချိန် ဒီအခါကာလမှာ အလွန်ကျက်သရေမင်္ဂလာနှင့်ပြည့်စုံတဲ့ **ဝိနယဓမ္မကောဇ-ခေါ်** ဤဓမ္မာရုံကြီးအတွင်း၌ ဓမ္မာရုံကြီးကလည်း တင့်တယ်၊ လက်ဝဲ လက်ျာ နှစ်ဘက်၌ ဆရာတော်ဗုဒ္ဓကြီး နှစ်ပါးတို့၏ ရုပ်တုတော်ကြီးတွေကလဲ တင့်တယ်၊ အလယ်ဗဟိုရ်၌ မြတ်စွာဗုဒ္ဓရှင် ကိုယ်တော်မြတ်ကြီးရဲ့ ကိုယ်တော်စား ရုပ်ပွါး ဆင်းတုတော်မြတ်ကြီးကလဲ အလွန့်အလွန် တင့်တယ်သပ္ပါယ်ပြီးတော့ နေတဲ့အတွက် နာတဲ့ ပုဂ္ဂိုလ် ရွတ်တဲ့ပုဂ္ဂိုလ်နှင့်တကွ အားလုံးကျက်သရေ မင်္ဂလာတို့နှင့် ပြည့်စုံကြ၍ အန္တရာယ်လဲ ကင်းကြပါစေလို့ ရည်ရွယ်ချက်ပြုပြီးတော့ ဤဂါထာကို အာသီသ ပြုလိုက်ပါတယ်။

ဤနေ့ ဤရက် ဤအချိန်ကာလမှာ ရန်ကုန်မြို့၊ လမ်း (၃၀) အမှတ် (၅၂) နေတဲ့ ဇမ္ဗူစိုး စာပုံနှိပ်တိုက်နှင့် ယောဂဏ်ရောင် ဆေးတိုက်ပိုင်ရှင် ဒကာ ဦးအေးမောင်-ဒကာမ ဒေါ်ထွေးယဉ် သား သမီးတစုတို့က ၁၃၃၆-ခုနှစ်၊ တပို့တွဲလဆန်း(၁၃)ရက်နေ့၊ ဗုဒ္ဓ အနေကဇာတင်မှုကို အကြောင်းပြုပြီးတော့ ဤဗုဒ္ဓါဘိသေက မင်္ဂလာ ပူဇော်ပွဲသဘင် ဆင်ယင်ကျင်းပတယ်၊ အခုလို ပူဇော်ကျင်းပနိုင်တာဟာလဲ သာသနာတော်တွင်း အလွန်ရခဲ ကြုံခဲလှတဲ့ သာသနာတော်ကြီးနှင့် ကြုံလို့ တွေ့လို့ အထွဋ်ဆုံး အမြတ်ဆုံး ထိပ်တန်းအကျဆုံး ဖြစ်တဲ့ ဗုဒ္ဓရှင်ကိုယ်တော်မြတ်ကြီးရဲ့ ကိုယ်တော်စား ရုပ်ပွါးဆင်းတုတော်မြတ်ကို လှူဒါန်း ပူဇော်နိုင်ကြတာနော်၊ ဘုန်းကြီးတို့ရောက်တဲ့ နေ့ကစပြီး နေ့စဉ်ရှိခိုးခဲ့တယ်၊ နေ့စဉ်ပူဇော် ခဲ့တယ်၊ အေး-ဤ အနေကဇာတင်နဲ့ စပ်၍ အချို့က မြတ်စွာဗုဒ္ဓရဲ့ ရုပ်ပွါးဆင်းတုတော်ကို အနေကဇာတင်မှ ဗုဒ္ဓဟု ထင်ကြတယ် အသိအမှတ်ပြုကြတယ်၊ အနေကဇာ မတင်ရ သေးလျှင် ဗုဒ္ဓမဟုတ်ကြောင်း အချို့က မှတ်ယူ စွဲပိုက်ထားကြတယ်။

အမှန်တော့ ဒီလိုမဟုတ်ပါဘူး အနေကဇာတင်ခြင်း မတင်ခြင်းဟာ မြတ်စွာဗုဒ္ဓကို ပူဇော် ကိုးကွယ်ခြင်းနှင့် မည်သို့မျှ မသက်ဆိုင်ပါဘူး၊ မြတ်စွာဗုဒ္ဓ ရုပ်ပုံတော်ပီသလျှင်ပင် ဥဒ္ဒိဿစေတီတော်အနေနှင့် ပူဇော်ကိုးကွယ်ထိုက်နေပါပြီ၊ အနေကဇာတင်မှ မဟုတ်ပါဘူး၊ အနေကဇာ မတင်ခင်ကလဲ ဗုဒ္ဓပါဘဲ၊ ကုသိုလ်တွေ ရနေတာ ဖြစ်နေတာ အမှန်ပါဘဲတဲ့၊ အနေကဇာ မတင်ဘဲလဲ ရုပ်ပွါးတော်များကို ကိုးကွယ် ပူဇော်ထိုက်တယ် ဆိုတာ ယုံယုံ ကြည်ကြည်နှင့် မှတ်သားထားကြစေချင်တယ်။

**အနေကဇာတင်တယ်** ဆိုတာ လုပ်သင့် လုပ်ထိုက်တဲ့ ကောင်းမှု ကိစ္စတရပ် အနေဖြင့် အမွှမ်းတင်ကြခြင်း ဖြစ်ပါတယ်၊ လောကမှာ-မင်းများကို မင်းမြှောက်တန်းဆာ ငါးပါးနှင့် အဘိသိက်မြှောက်သလို ခုနက သံဃာတော် အရှင်မြတ်တွေ စုပေါင်းပြီး 'အနေကဇာတိ သံသာရံ'စသည်ဖြင့် တန်းဆာဆင်ပြီးတော့ ဗုဒ္ဓါဘိသေကမင်္ဂလာ အနေနှင့် ကျူးရင့်ကြခြင်း ဖြစ်တယ်။

မဟာသက္ကရာဇ်(၁၀၃)-ခုနှစ်၊ ကဆုန်လပြည့်နေ့တွင် လူတွင်ထင်ရှား ဗုဒ္ဓအဖြစ်သို့ ရောက်တော်မူတဲ့ မြတ်စွာဗုဒ္ဓသခင် ကိုယ်တော်မြတ်သည် ဝမ်းမြောက်ယိုဖိတ် ကြည်နူးစိတ်ဖြင့် မျိုးသိပ်၍ မထားဘဲနဲ့ ဘဝများစွာက ဝန္ဓာအိမ်များကို ပြုလုပ်ဖန်တီးလာခဲ့တဲ့ တဏှာယောကျ်ား လက်သမားကြီးအား သင့်အကြောင်းကို ငါသိရပြီ ငါ၏ ဝန္ဓာအိမ်ကို သင်မပြုလုပ်နိုင်တော့ဘူး စသည်ဖြင့် ဘုရားဖြစ်လျှင် ဖြစ်ခြင်း စိတ်တော်ဖြင့် ကြံစည်ကြုံးဝါးကျူးရင့်လိုက်တယ်တဲ့၊ အဲဒီကျူးရင့်လိုက်တဲ့ ဥဒါန်းဂါထာစသည်ကို ယခုလို ဗုဒ္ဓပူဇော်ကြတဲ့အခါ သံဃာတော်အရှင်မြတ်တွေက ပိုမို ကြည်ညိုလေးစားရအောင် ပြန်ပြီး ကျူးရင့်ရွတ်ဆိုတာကို ‘‘အနေကဇာတင်တယ်’’လို့ ခေါ်ဆိုကြတယ်။

**အနေကဇာတင်သမိုင်းနှင့် အကျိုး။** ။အနေကဇာတင်ခြင်း အစဉ်အလာ သမိုင်းကြောင်း အရ ဆိုသော်-သက္ကရာဇ် (၉၁၂)-ခုနှစ်မှာ မင်းအဖြစ်သို့ရောက်တဲ့ ဟံသာဝတီ ဆင်ဖြူရှင်မင်းတရားကြီး ဘုရင့်နောင်သည် (၉၂၆)-ခုနှစ်တွင် ဇင်းမယ်ကို သိမ်းယူအုပ်စိုးတော်မူခဲ့တယ်၊ ဒီလို သိမ်းယူစ အချိန်က ဇင်းမယ် မဟာဒေဝီအား မြို့စားအဖြစ် ထားခဲ့သေးသော်လည်း (၉၄၁)-ခုနှစ်တွင် သားတော် နော်ရထာစောအား ဇင်းမယ်ကိုပေး၍ မင်းပြုစေခဲ့ပါတယ်၊ အဲဒီ ဇင်းမယ်ဘုရင် နော်ရထာစောဟာ ဇင်းမယ်ကို မင်းပြုရာ၌ ဗုဒ္ဓသာသနာကို ပြုစုတဲ့အနေနှင့် တိုးကက်စေခဲ့တယ်။ အဲဒီအချိန်မှာ ဂြိုဟ်ကြီးကိုးလုံး ပူဇော်တဲ့အလေ့အထ ဇင်းမယ်မှာ ရိုးရာဝလေ့ ခေတ်စားနေတဲ့ အချိန် ဖြစ်တော့ –

ဒါကို ဇင်းမယ်ဘုရင် နော်ရထာစောက သာသနာပြု ဆရာတော်များနှင့် တိုင်ပင်ပြီး ဗုဒ္ဓကိုးဆူ ပူဇော်တဲ့ အလေ့အထကို ပြောင်း၍ ပေးခဲ့ကြတယ်၊ အဲဒီ ဗုဒ္ဓကိုးဆူအား အမွှမ်းတင် ရွတ်ဆိုပူဇော်ရာ၌ ခုနက သံဃာတော်တွေ ရွတ်သွားကြတဲ့ ‘အနေကဇာတိ သံသာရံ’ စသော ဥဒါန်းဂါထာများဖြင့် အပွမ်းတင် ရွတ်ကြတာကိုပင် ယခုအခါ ‘‘ဗုဒ္ဓ အနေကဇာတင်ကြတယ်’’လို့ ဆိုကြခြင်းပါ။

ယခုလို အနေကဇာ အထပ်ထပ်တင်ခြင်းကြောင့် တန်ခိုးအာနုဘော် အထူးတိုးတက် ကြီးမားသော အကျိုးအာနိသင်ရှိကြောင်း စသည်များကို ဝိနယာလင်္ကာရဋီကာ-၌ ဖွင့်ပြထားပါတယ်။

ဤကဲ့သို့ ဗုဒ္ဓရှင် ကိုယ်တော်မြတ်ရဲ့ ကိုယ်တော်စား ရုပ်ပွါး ဆင်းတုတော်ကို အနေကဇာတင်ခြင်းဖြင့် ကုသိုလ်တရား အထူးပွါးများကြစေလိုတယ်။

**ဆင်းတုတော် တည်ထားပူဇော်။** ။ဒါကြောင့် ယခုအချိန်အခါ ကာလမှာ မြတ်စွာဗုဒ္ဓရှင် မရှိသော်လည်း မြတ်စွာဗုဒ္ဓရဲ့ ကိုယ်တော် - အစား ပြုထားလို့ **ကိုယ်တော်စား**၊ မြတ်စွာဗုဒ္ဓရဲ့ ရူပကာယ သဏ္ဌာန်တော်ကို ပွါးထားလို့ **ရုပ်ပွါးတော်**၊ မြတ်စွာဗုဒ္ဓရဲ့ အဆင်းသဏ္ဌာန်နှင့်တူအောင် ပြုထားလို့ **ဆင်းတုတော်**၊

အဲဒီလို လောကဝေါဟာရ ပြောကြတဲ့အတိုင်း ဤယနေ့အချိန်အခါ ကာလမှာ အလွန်တရာ သင့်တင့်လျောက်ပတ်တဲ့ ပေတရာကျော်ရှိ **ဝိနယဓမ္မကေဇ-ခေါ်** ဤဓမ္မာရုံကြီးအတွင်း အလွန်ကြည်ညိုဘွယ်ကောင်း သပ္ပါယ်တော်မူလှတဲ့ ဗုဒ္ဓဘုရားရုပ်ပွါး ဆင်းတုတော်ကြီးကို ဗုဒ္ဓဘုရားဒကာ ဗုဒ္ဓဘုရားအမတို့က "အများပြည်သူ ရှင်လူရဟန်းတို့ ဤနေရာဌာန ရောက်တဲ့အခါ ကြည်ညိုကြပါစေ၊ ဖူးမျှော်ကြပါစေ၊ ကုသိုလ်တရားတိုးပွါးကြပါစေ" ဆိုတဲ့ စေတနာ သဒ္ဓါတရား ထက်ထက် သန်သန်ကြီးအားဖြင့် တည်ထားပူဇော်ထားပေတယ်၊ "မိမိတို့ မွေးဖွားရာ ဇာတိအရပ်ကိုလဲ မစွန့်ရဘူး" ဆိုတဲ့ ရှေးစကားအရ မိမိတို့နေရပ်ဌာန လာပြီးတော့ ဤကုသိုလ်ထူးကြီး အောင်မြင်ထမြောက်သွားပြီ-လို့ အလွန် ဝမ်းမြောက်စရာကြီးပါဘဲ။

**စိတ်ထားတူပါက အကျိုးပေးတူခြင်း။** ။ဘုန်းကြီးတို့ မြတ်စွာဗုဒ္ဓဘုရားရှင် ကိုယ်တော်မြတ် သက်တော်ထင်ရှားကိုဖြစ်စေ, ယခုလို ကိုယ်တော်စား အနေနှင့် စေတီတော်လေးပါး အပါအဝင် ဥဒ္ဒိဿစေတီ ခေါ်တဲ့ ရုပ်ပွါးဆင်းတုတော်မြတ်ကိုဖြစ်စေ, မိမိတို့က ကြည်ညိုတဲ့ စေတနာ သဒ္ဓါတရား စိတ်ထားတူညီခဲ့လျှင် သက်တော်ထင်ရှား ဗုဒ္ဓဘုရားနှင့် ယခုဆင်းတုတော်ကို ကြည်ညိုရတာ အကျိုးပေးအားဖြင့် အတူတူပါဘဲလို့ မြတ်စွာဗုဒ္ဓဘုရား ကိုယ်တော်တိုင် ဝိမာနဝတ္ထု ပါဠိတော် နှာ-၆၆-၌ ဟောထားပါတယ်။

> တိဋ္ဌန္တေ နိဗ္ဗုတေ စာပိ၊ သမေ စိတ္တေ သမံ ဖလံ။
> စေတောပဏိဓိဟေတု ဟိ၊ သတ္တာ ဂစ္ဆန္တိ သုဂ္ဂတိံ ။

တိဋ္ဌန္တေ စ၊ သက်တော်ထင်ရှား မြတ်ဗုဒ္ဓဘုရား၌၎င်း။ နိဗ္ဗုတေ စ၊ ပရိနိဗ္ဗာန် စံတော်မူသွား ကိုယ်တော်စား ရုပ်ပွါးဆင်းတုတော်နှင့် စေတီပုထိုး အမျိုးမျိုး၌၎င်း။ စိတ္တေ၊ ရိုသေလေးမြတ် သဒ္ဓါရောင်ဖိတ် ကြည်ညိုသောစိတ်သည်။ သမေ၊ တူညီခဲ့သည်ရှိသော်။ ဖလံ၊ လူနတ်နိဗ္ဗာန် သုံးတန်ထင်ရှား အကျိုးတရားသည်။ သမံ၊ မပိုမသာ တူမျှပါ၏။ ဟိ သစ္စံ၊ မှန်၏။ စေတောပဏိဓိဟေတု၊ စိတ်ကိုကောင်းစွာ ထားနိုင်ခြင်းဟူသော အကြောင်းကြောင့်(ဝါ) စိတ်ဓာတ်၏ မြင့်မြတ်ခြင်းဟူသော အကြောင်းကြောင့်။ သတ္တာ၊ လူနတ်ဗြဟ္မာ သတ္တဝါတို့သည်။ သုဂ္ဂတိံ၊ သုဂတိဘုံဘဝသို့။ ဂစ္ဆန္တိ၊ ဧကန်မသွေ ရောက်ကြရလေကုန် သတည်း။

အရေးအကြီးဆုံးကတော့ မိမိတို့ ကိုးကွယ်ကြည်ညိုကြတဲ့ ပုဂ္ဂိုလ်ဟာ ပဓာနပါဘဲ၊ မြတ်စွာဗုဒ္ဓဘုရား သက်တော်ထင်ရှားကိုဖြစ်စေ, ကိုယ်တော်စား ရုပ်ပွါးတော်ဖြစ်တဲ့ ယခုဆင်းတုတော်မြတ်ကိုဖြစ်စေ, ကြည်ညိုတဲ့စိတ် ကြည်ညိုတဲ့ သဒ္ဓါတရား အတူတူဘဲထားပြီးတော့ ကိုးကွယ်ကြည်ညိုနိုင်ရင်ဖြင့် လူနတ် နိဗ္ဗာန် သုံးတန်သော ချမ်းသာကို ရဘို့ရန်အတွက် အတူတူပါဘဲ၊ အားလုံးသော သတ္တဝါအပေါင်းတို့သည် စိတ်ဓာတ်၏ မြင့်မြတ်မှု ကြည်ညိုမှုကြောင့် သုဂတိဘုံဘဝသို့ လားကြရ ရောက်ကြရတယ်၊ အလွန် ဝမ်းမြောက်စရာကြီးပါဘဲ။

ဘာကြောင့်လဲလို့ဆိုတော့ ရတနာသုံးပါးတွင် အတွင်္ဒဖြမြတ်ဆုံး အားလုံးသိကြတဲ့ အတိုင်း မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ဟာ အမြင့်မြတ်ဆုံး ဖြစ်တော်မူတယ်မဟုတ်လား။

**အာရုံပြုတတ်ဖို့ အရေးကြီး။** ။ဒီတော့ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကို ကြည်ညိုလေးစားတဲ့နေရာ ဘယ်လိုအာရုံပြုပြီးတော့ ကြည်ညိုရမလဲ၊ ယခု ရုပ်ပွါးတော်၊ ဆင်းတုတော်ဖြစ်တဲ့ အရာဌာနကိုသာ အာရုံ-စိတ်က တန့်ရပ်မထားဘဲနဲ့ ဗုဒ္ဓ အစစ်အမှန်သို့ အာရုံရောက်သွားအောင် ကြည်ညို လေးစားကြရမယ်၊ မိမိတို့ မိဘများ ရှိတုန်းက ရိုက်ထားတဲ့ဓာတ်ပုံကို ကြည့်ပြီး သကာလ ရှိတဲ့အခါ ရှိစဉ်တုန်းက ဆိုဆုံးမတဲ့ အမူအယာတွေကို တွေ့မြင် သိမြင်ပြီးတော့ အာရုံပြုနိုင်တာလို မြတ်စွာဘုရား အစစ်အမှန် ထိအောင် အာရုံပြုနိုင်ဖို့ ပြုတတ်ဖို့ အရေးကြီးပါတယ်၊ မြတ်စွာဘုရား အဆင်းတော် ဘယ်လောက် ကြည်ညိုစရာကောင်းသလဲ ဘုန်းကြီးက အနည်းငယ်ပြောချင်ပါတယ်။

**ဖုဿဒေဝ မထေရ်ဝတ္ထု။** ။ဗုဒ္ဓ ပရိနိဗ္ဗာန် စံတော်မူပြီးနောက် သီဟိုဠ်ကျွန်းဝယ် ဖုဿ ဒေဝ မထေရ် ဆိုတာ စေတီယင်ပြင်၌ နေ့စဉ် တံမြက်လှည်းပြီး ထိုနေရာကို ကြည့်၍ ဗုဒ္ဓကို အာရုံပြုဝမ်းမြောက် ဝမ်းသာလို့နေတယ်၊ အဲဒီလိုနေတဲ့ အခိုက် အတန့် တောင်ပေါ်က ပျောက်ညိုကြီးတကောင် ဆင်းလာခဲ့၍ သူ တံမြက်လှည်းထားတဲ့ နေရာမှာ နောက်ချီးတွေ (နွားချေးတွေ) ဖြန့်ကြဲပြီးသွားတယ်၊ ဒီလို ဖြန့်ကြဲသွားသော်လည်းဘဲ ဖုဿဒေဝမထေရ်မြတ်က တံမြက်ပြန်လှည်းပြီး သန့်ရှင်းအောင် ပြုလုပ်ပါတယ်။

နောက်တနေ့ကျပြန်တော့ ဤကဲ့သို့ လှည်းထားတဲ့ ယင်ပြင်နေရာမှာပင် နွားအိုကြီး တကောင် ဝင်လာပြီးတော့ နွားချီးတွေ စွန့်သွားပြန်ပါတယ်၊ စွန့်သွားပြန်သော်လည်း လှည်း မြဲတိုင်း လှည်းလို့ အာရုံပြု ဝမ်းမြောက်နေတယ်။

နောက်တနေ့ ရောက်တဲ့ အခါကျတော့ အလွန့်အလွန် အရုပ်ဆိုးဝါးလှတဲ့ လူ တယောက်က ခြေထောက်နှင့် အမှိုက်တွေဆွဲပြီးတော့ မထေရ်လှည်းထားတဲ့ ယင်ပြင်ပေါ်မှာ ဖြန့်ကြဲပြန်တယ်။

ဒီတော့ ဖုဿဒေဝမထေရ်က–"ငါဟာ ကယ္ယာဏနာ အတွင်း သုံးမ်း ဂဝါရေဂါမ် ပြုထားတဲ့ နေရာမှာ ယခုလောက် အရုပ်ဆိုးတဲ့ယောကျ်ား တခါမှ မတွေ့ဘူးပါ၊ ဒီတော့ မာရ်နတ်ဖြစ်လေသလား"ဟု စဉ်းစားမိ၍"အသင်ဟာ မာရ်နတ်လား"ဟု မေးလိုက်တယ်၊ ထိုအခါ မာရ်နတ်က ဟုတ်ကြောင်း ဖုဿဒေဝမထေရ်ကို ဝန်ခံလျှောက်ထားတယ်။

ဖုဿဒေဝ မထေရ်က "မာရ်နတ် သင် ဗုဒ္ဓကိုလဲ မှီလိုက်တယ်၊ တန်ခိုး ဣဒ္ဓိပါဒ်နှင့် အလွန်ပြည့်စုံတဲ့သူလဲ ဖြစ်တယ်၊ ဒီတော့ ဗုဒ္ဓရဲ့ ရုပ်အဆင်း ပုံသဏ္ဌာန်တော်ကို ငါ့ကို ဖန်ဆင်းပြစမ်းပါ"လို့ တောင်းပန်ပြောတဲ့အခါ'"အားလုံးတူအောင်တော့မဖန်ဆင်းနိုင်ပါ၊ တတ်စွမ်းနိုင်သမျှ တူအောင် ဖန်ဆင်းပြပါမယ်'လို့ မာရ်နတ်က မြတ်စွာဗုဒ္ဓရဲ့ ရုပ်အဆင်း ပုံတော်ကို ဖန်ဆင်း ပြလိုက်သတဲ့၊ ဖုဿဒေဝ မထေရ်က မာရ်နတ် ဖန်ဆင်းပြတဲ့ဗုဒ္ဓ

ပုံတော်ကိုကြည့်ကာ "ရာဂ, ဒေါသ, မောဟ, မကင်းသေးသော ဤမာရ်နတ်၏ အတုပုံတော်သည်ပင် ဤမျှလောက်တင့်တယ် သပ္ပါယ်တော်မူသေးလျှင် ရာဂ, ဒေါသ, မောဟကင်းစင်၍ ကြည်လင်သန့်ရှင်းသော မြတ်စွာဗုဒ္ဓရှင်၏ ရုပ်အဆင်းတော်၏ တင့်တယ်သပ္ပါယ်တော်မူပုံဆိုရင်ဖြင့် အဘယ်မှာဆိုဘွယ်ရာ ရှိအံ့နည်း"-ဟု တွေးတောဆင်ခြင်ကာ ဗုဒ္ဓမြတ်စွာဘုရားကို အာရုံမှန်းလျက် တဖြန်းဖြန်း တအိပ်အိပ် တကိုယ်လုံးစိပ်နေသော ပီတိတွေဖြစ်ပေါ်လာပါတယ်၊ထို ပီတိကို အနိစ္စ ဒုက္ခ အနတ္တ ဝိပဿနာရှုလေရာ ရဟန္တာအဖြစ်သို့ ရောက်တော်မူသွားလေသတည်း။ (ပရိဝါ အဋ္ဌကထာ၊ နှာ-၁၃၄။)

**အသံတော် သာယာတော်မူပုံ (အသန္တိမိတ္တာဝတ္ထု)။** ။ဤနေရာတွင် ဟိုတိုဗရား ရုပ်ပွါးဆင်းတုတော်များကို ဖူးမြော်ကြရာ၌ ဖုဿဒေဝ မထေရ်အလား ဗရားအစစ်အမှန်သို့ စိတ်ရောက်အောင် အာရုံပြုပြီးကြည်ညိုမြတ်နိုး ရှိခိုးတတ်ကြဘို့ သတိပေးပါတယ်၊ လေးသချေ်နှင့် ကမ္ဘာတသိန်းတိုင်အောင် ထည်းပူးခဲ့၍ ကောင်းမှုပါရမီ စုံညီပြည့်ဝသော မြတ်စွာဗရားသည် ဤကဲ့သို့ရုပ်အဆင်းတော်သာ တင့်တယ် သပ္ပါယ်တော်မူသည် မဟုတ်သေးပါ၊ အင်္ဂါရှစ်ရပ်နှင့်ပြည့်စုံသော အသံတော်မြတ်သည်လည်း ကရဝိက်ငှက်မင်း, ဗြဟ္မာမင်းတို့ကဲ့သို့ အလွန်ပင်သာယာတော်မူလှပါတယ်။

ဧပ္ပာသောက မဟာရာဇာ၏မိဖုရား အသန္တိမိတ္တာ ဒေဝီသည် ဗရားအသံတော်နှင့်တူသော ကရဝိက်ငှက်မင်း၏ အသံကို နားထောင်လိုကြောင်း မင်းကြီးအား သံတော်ဦးတင်လေသည်၊ ထိုအခါ ဘုန်းကံကြီးမား အသောကမင်းတရားကြီးသည် ကရဝိက်ငှက်မင်းဟိမဝန္တာ၌ ရှိသည်ဟု သိရလေသောကြောင့် သူ၏ အာဏာဖြင့် ရွှေချိုင့်ကို ကရဝိက်ငှက်၏ ရှေ့သို့ရောက်အောင် လွှတ်လိုက်လေသည်၊ ကရဝိက်ငှက်မင်းသည် မင်းကြီး၏ အာဏာဖြင့်လာသော ရွှေချိုင့်ဟု သိရ၍ ချိုင့်အတွင်းသို့ဝင်ကာ မင်း၏နန်းတော်သို့ ရောက်လာ၏၊ သို့သော် ဆွေမျိုးများ မပါသောကြောင့် အသံမပြုသေးပါ၊ ပဘ်ဝန်းကျင်၌ မှန်တို့ကိုကာပေးလိုက်မှ "ငါ၏ ဆွေမျိုးတွေလာကြပြီ"ဟု မှတ်ထင်၍ ပျော်ရွှင်ဝမ်းမြောက်စွာဖြင့် အတောင်ခတ်ကာ တွန်မြူးလိုက်လေသည်၊ ထိုအခါ "အဟိတ်တိရစ္ဆာန်၏ အသံသည်ပင် ဤမျှလောက် သာယာသေးလျှင် မြတ်စွာဗရား၏ အသံတော်မှာ မည်မျှလောက် သာယာလိမ့်မည်နည်း"-ဟု စဉ်းစားအာရုံပြု၍ တကိုယ်လုံး ပီတိတွေစိပ်ကာ မောင်းမ ၇ထောင်နှင့်တကွ သောတာပန်ဖြစ်သွားကြတယ်တဲ့....(သုဘ်မဟာဝါ အဋ္ဌကထာ၊ နှာ-၄၄။)

**အံ့ဘွယ်တော်ရာ မြတ်စွာဗရား၏ အသံ။** ။ဘုန်းကြီးတို့ မြတ်စွာဗရားရဲ့ အသံတော်ကလဲ အလွန် အံ့ဩဘွယ်ပါဘဲတဲ့နော်၊ ဒီလို တရားဟောလိုက်တယ်ဆိုရင် အထက်ဘဝဂ်, အောက်အဝီစိ အကုန်လုံးကြားရတယ်တဲ့။

* တရားဒေသနာ၊ ဟောသောခါဝယ်၊
အင်္ဂါရှစ်ရပ်၊ သံတော်မြတ်ကို၊
ထက်ရပ်ဘဝဂ်၊ အောက်ဘက်အဝီစိ၊
ကြားလေဘိ မှတ်သိအံ့ဘွယ်တော်။

ဤကဲ့သို့ မြတ်စွာဗုရား၏ အံ့ဘွယ်တော်(၁၈)ပါး၌ ဆိုထားပါတယ်၊ ထိုကိုထောက်ထားပါလျှင် မြတ်စွာဗုရား၏ အသံတော်မှတပါး အခြားသာမန်ပုဂ္ဂိုလ်တို့၏ အသံမှာ အထက်ဘဝဂ်, အောက်အဝီစိအထိ မကြားနိုင်၊ မသိနိုင်ကြရပါ၊ မြတ်စွာဗုရားရဲ့ အသံတော်ဟာ အဲဒီလို အထက်ဘဝဂ်, အောက်အဝီစိအထိ ကြားရတယ်လို့ အသံတော်ကိုလဲ အာရုံပြု ကြည်ညိုကြပါ။

**ဗုရားရှင်ရဲ့ ဘုန်းတော်များ။** ။ယနေ့-ဗုဒ္ဓါဘိသေက ပူဇော်ပွဲ မင်္ဂလာဖြစ်သည့်အား လျော်စွာ ဗုရားတို့ရဲ့ဂုဏ် အမြွက်မျှ အနည်းငယ် ပြောပြချင်ပါသေးတယ်၊ ဒီတော့ မြတ်စွာဗုရားရှင် ကိုယ်တော်မြတ်ကြီးသည် **အဏိမာဘုန်းတော်** အနေနှင့် သေးငယ်အောင် ဖန်ဆင်းရမယ်ဆိုရင်လဲဘဲ—

* မုံညင်းစေ့တွင်း၊ မြတ်ရှင်ရင်းသည်၊
ကြွခြင်း ဖန်ဖန်၊ မြတ်စကြံ မှတ်ရန်အံ့ဘွယ်တော်။

မုံညင်းစေ့အတွင်း ပရိက္ခရာရှစ်ပါး လွယ်ပြီးတော့ စင်္ကြံကြွတော်မူနိုင်ပါတယ်၊ အဲဒါ **အဏိမာဘုန်းတော်တဲ့**။

မဟိမာဘုန်းတော်ကလဲ လောကဓာတ်ကြီးတခုလုံးကို ခန္ဓာကိုယ် အတ္တဘောတော်ကြီးနှင့် ဖုံးအုပ်ထားမယ်ဆိုရင်ဖြင့် ဖုံးအုပ်ထားနိုင်ပါတယ်၊ အဲဒါ-**မဟိမာဘုန်းတော်တဲ့**။

**အသုရိန်နှင့် ဗုရားရှင်။** ။ဘုန်းကြီးတို့ အသုရိန်နတ်ကြီးဟာ ယူဇနာလေးထောင်နှင့် ရှစ်ရာ မြင့်ပါတယ်၊ ခေါင်းကြီးက ယူဇနာကိုးရာမျှ ရှိပါတယ်၊ လက်ညှိုးတချောင်းလျှင် တယူဇနာမျှရှိပါတယ်၊ အဲဒီလောက် ခန္ဓာကိုယ်အတ္တဘောကြီး မြင့်မားပြီးနေတော့ အသုရိန်နတ်ကြီးက "လူသားဗုရား ဂေါတမထံ ငါသွား၍ ဖူးချင်ပါဘိတယ်၊ သို့ပေမယ်လို့ ငယ်ငယ်ရွယ်ရွယ်ဖြစ်တော့ ငါ ဘယ့်နှယ်လုပ် ဖူးရပါ့မလဲ"လို့ အကြံဖြစ်သတဲ့၊ အဲဒီလို အကြံဖြစ်တာကို မြတ်စွာ ဗုရားက သိတော်မူတော့ အသုရိန်နတ်ကြီးလဲ အဖူးမျှော်သွားပါလေရော၊ အသုရိန်နတ်ကြီးလာပြီးတော့ ဖူးမျှော်တဲ့အချိန် ဘုန်းကြီးတို့ မြတ်စွာဗုရားက "ရပ်တော်မူရက်နဲ့ အဖူးခံရင် ရပ်တော်မူလို့ မြင့်တယ်လို့ ဆိုလိမ့်မယ်၊ ထိုင်တော်မူရက်နဲ့ အဖူးခံရင်လဲ ထိုင်တော်မူလို့ မြင့်တယ်ထင်လိမ့်မယ်၊ ဒီတော့ ငါဗုရား လျောင်းတော်မူပြီး အဖူးမျှော်ခံမယ်"လို့ တခါထဲ ဂန္ဓကုဋိတိုက်နေရာများ ခင်းစေပြီးတော့

လျှောင်းတော်မူရက်နဲ့ အဖူးမျှော်ခံတော်မူတယ်၊ ခုနက ယူဇနာလေးထောင်နှင့် ရှစ်ရာမြင့်တဲ့ အသုရိန်နတ်ကြီး မော်၍ ဖူးလို့မဆုံးနိုင်တဲ့ မဟိမာ ဘုန်းတော်နော်[၁]။ ဒီတော့ ပဲခူးရောက်လို့ ရွှေသာလျှောင်းသွားပြီး ကြည်ညိုတဲ့အခါ အဲဒီလို အာရုံပြု ဖူးမျှော်ကြ၊ ရန်ကုန်မြို့ ခြောက်ထပ်ကြီးဘုရား လျှောင်းတော်မူနေတဲ့ ပုံတော်ကြီးကို ဖူးမျှော် ကြည်ညိုရတဲ့အခါ အဲဒီလို အာရုံပြု ကြည်ညိုကြပါ။ ဒီ ရုပ်ပွါးတော်လောက်တင် လျှောင်းတော်မူတဲ့ ပုံတော် လောက်တင် စိတ်ကို ရပ်မထားကြနဲ့။

ဒီတော့ မြတ်စွာဘုရားက "အသုရိန်-ငါဘုရား ကိုယ်တော်မြတ်သည် လေးသင်္ချေနှင့် ကမ္ဘာတသိန်းကာလ ပါရမီတော်တွေ ဖြည့်ဆည်းပူးတဲ့ နေရာဌာနမှာ ဘယ်တော့မှ မျက်နှာ ကို အောက်ချပြီးတော့ မလုပ်ခဲ့ဘူး၊ ငါဘုရား ကိုယ်တော်မြတ်သည် ပါရမီတော်တွေကို အထက်သို့ မော့ပြီးတော့သာ ဆည်းပူး အားထုတ်တော်မူခဲ့တယ်"လို့ အသုရိန်နတ်ကြီးကို ဟောပါသေးတယ်။

ရွှေကျင်ဆရာတော် ဘုရားကြီးနည်း။ ။ဤနေရာ၌ ဘုန်းကြီးတို့ ကျေးဇူးရှင် ရွှေကျင် ဆရာ တော်ဘုရားကြီးသည် ရဟန်းငယ်ဘဝ ၁၂-ဝါ လောက်ရစဉ် အချိန်က သစ်ပင်မြို့ကြီးရွာ ရွှေပိန်းကောကြီး ဘုရားတိုက် အတွင်းရှိ လျှောင်း တော်မူနေသော ရုပ်ပွါးတော်ကြီးကို ဖူးမျှော်နေစဉ် သက်တော်ထင်ရှား မြတ်ဘုရား စင်စစ် ကဲ့သို့ လွှမ်းဆွတ်ထင်မြင်လာသောကြောင့် တင်ပါးတော်ကို လက်ဖြင့် သုံးသပ် ဆုပ်နယ် ဝတ်ပြုလျက် မျက်ရည်များ ယိုစီးကျလာပါသတဲ့၊ ဤရွှေကျင်ဆရာတော် ဘုရားကြီးအလား ပြဆိုအပ်ခဲ့ပြီးသော လျှောင်းတော်မူ ရုပ်ပွါးတော်ကြီးများကို မဟိမာဘုန်းတော်ဖြင့် ကြီး မားအောင် ဖန်ဆင်းဟားဟန် ဂုဏ်တော်ထုံမွမ်း ပုံတော်မှန်း၍ ချီးမွမ်းကြည်ညိုရှိခိုးသေမြတ်နိုး ပျို့ခိုးနိုင်ကြပါစေဟုလည်း တိုက်တွန်းလိုက်ပါတယ်၊ ဤစာကို ပတ်ရှုရုံနှင့် မပြီးစေလိုပါ၊ နည်းယူစရာကို အတုခိုး နည်းယူကြစေလို--

* ရွှေကျင်ဘုန်းမော်၊ ပြည်လုံးကျော်၊ မဟော်အံ့ဘွယ်ချည်း။
ဘုရား ဘ မင်း၊ အာရုံတွင်း၊ ထင်လင်းပေါ်လာပြီး။
လျှောင်းတော်မူ၌၊ ဝတ်ပြုခိုက်၊ ငိုရှိုက်မျက်ရည်စီး။
စေတီရုပ်ပွါး၊ ဆင်းတုများကို၊ ဝတ်တွားကြည်ညို၊
များလူဗိုလ်၊ ထိုထိုနည်းယူပို့း။

ဤနေရာ၌ အများပင် အထူးသိသင့် သိထိုက်လှ၍ ဗုဒ္ဓါနုဿတိ ဘာဝနာ(၁၄၇)မှ အောက်ပါစကားရပ်များကို ဖေါ်ပြလိုက်ပါသည်။

---

၁။ ဒီ၊ ဋ္ဌ၊ ၁၊ နှာ-၂၅၄။ မ၊ ဋ္ဌ၊ ၃၊ နှာ-၂၀၇၊ အံ၊ ဋ္ဌ၊ ၂၊ နှာ-၂၆၁။

ဗုဒ္ဓစစ်မှန်ကို ရုပ်ပွါးတော်စသည်ကွယ်နေပုံ။ ။သက်တော်ထင်ရှား ဗုဒ္ဓအစစ် အမှန်ကို ရုပ်ပွါးတော်, ဆင်းတုတော်, စေတီတော်, များက ကွယ်နေ၏၊ ဗုဒ္ဓရှင်၏ နှုတ်တော်မှ ထုတ်ဖော် ညွှန်ပြအပ်သော တရားစစ် တရားမှန်ကို အချို့ ဓမ္မကထိက ပုဂ္ဂိုလ်တို့၏ ဟောတရားနှင့် စာအုပ်များက ကွယ်နေ၏၊ အရိယာဖြစ်ပြီးသော သံဃာစစ် သံဃာမှန်ကို ဘုန်းကြီးများက ကွယ်နေ၏၊ ဤသို့ ရှေးဆရာတော်ကြီးများ၏ စကားကို ခပ်ရှယ်ရှယ်ကပင် ကြားဘူးခဲ့ပါသည်၊ ထိုစကားကို ကြားရစဉ်က မိမိဉာဏ်၌ သဘောမသက်ဝင်ခဲ့ဘဲ ဆင်းတုတော် စေတီတော်နှင့် ဟောတရားတွေ တရားစာတွေ, ဘုန်းကြီးတွေကို အထင်သေးလေခြင်းဟု မခံချင်စိတ်ပင် ဖြစ်ခဲ့ဘူးပါသည်၊ သို့သော် ယခု အသက်ကြီးရင့်သောအခါ များစွာသော ဗုဒ္ဓဘာသာဝင်တို့၏ ရတနာသုံးပါး ကိုးကွယ်ကြပုံမှာ ထိုစကားအတိုင်း ဖြစ်နေကြသည်က များနေပါသည်။

ယခုအခါ ယိုဆရာတော်ကြီးများ စကားကို စဉ်းစားထိုက်ပါသည်၊ ဗုဒ္ဓဘာသာဝင်အများတို့သည် ဆင်းတုတော်, စေတီတော်၏ အနီးသို့သွား၍ ဖြစ်စေ, အိမ်မှာဖြစ်စေ ဗုဒ္ဓ ရှိခိုးကြရာ၌ သက်တော်ထင်ရှား မြတ်စွာဗုဒ္ဓ တိုင်အောင် အာရုံမပြုနိုင်ဘဲ ဆင်းတုတော်, စေတီတော်ကို လက်အုပ်ချီကာ မိမိတို့ နှုတ်တက်ရသော ဗုဒ္ဓရှိခိုးကို ရွတ်ဆိုကြသူကသာ များနေသည် မဟုတ်ပါလော၊ တရားနာရာ၌လည်း တရားသဘော တိုင်အောင် မစူးစိုက်ဘဲ ဓမ္မကထိက တို့၏ အရှုပ် အဆိုကောင်းပုံကို အာရုံပြုနေကြသည် မဟုတ်ပါလော၊ သံဃာကို ကိုးကွယ်ရာ၌လည်း အရိယာ သံဃာများတိုင်အောင် စိတ်မရောက်နိုင်ဘဲ လက်ရှိဘုန်းတော်ကြီးများကို ရှိခိုးခံ လှူဒါန်းရုံမျှဖြင့် ပြီးနေကြသည်သာမက အကယ်၍ ဘုန်းကြီးချင်း ရန်ဖြစ်ကြလျှင် မှားသည်ဖြစ်စေ, မှန်သည်ဖြစ်စေ မိမိတို့ ဘုန်းကြီးဘက်က ပါဝင်ကြသည် မဟုတ်ပါလော၊ ထိုသူတို့၏ ကိုးကွယ်မှုသည် အဘယ်မှာ ဗုဒ္ဓစစ်, တရားစစ်, သံဃာစစ် ထိအောင် စိတ်ရောက်နိုင်ပါတော့မည်နည်း။

ရုပ်ပွါးတော် ကိုးကွယ်ရကျိုး။ ။ဒီနေ့ ဘုန်းကြီး အထူးပြောလိုတာက ဗုဒ္ဓ ဒကာ-ဗုဒ္ဓ အမတို့က ခုလို ရုပ်ပွါးတော်ကြီးကို ပူဇော်ပြီး ထို ရုပ်ပွါးတော်ကြီးမှာလဲဘဲ အလှန်တရာ ကြည်ညိုဘွယ်ကောင်းတဲ့ လျှပ်စစ်ပန်းကုံးများကို ပူဇော်လို့ ဘုရားသီတင်းသုံးတော်မူတဲ့ နေရာဌာနကိုလဲ ရွှေတွေ ဝင်းဝင်းပြောင်ပြောင်နဲ့ ချပြီးတော့ ဤကဲ့သို့ လုပ်ရတဲ့ ကုသိုလ်မျိုး ငါတို့အား ဘယ်သောက် အကျိုးပေးလိမ့်မယ်လို့ မျှော်မှန်းပြီးတော့ သိရေးလေး ဘုန်းကြီး က အနည်းငယ်ပြောပြပါမယ်။

**ပုလိနထူပိယမထေရ်အကြောင်း**[၁]။ ။သက်တော်ထင်ရှား ဗုဒ္ဓမရှိ၊ ယခုလို ဥဒ္ဒိဿစေတီ, ဓါတုစေတီ, ပရိဘောဂစေတီ မရှိ၊ ဗုဒ္ဓဆိုတဲ့ အသံကိုမျှ မကြားရတဲ့ သာသနာပ အခါကာလမှာ ဟိမဝန္တာအနီး ယမကတောင်၌ သစ်ရွက်မိုးသော ကျောင်းကြီးမှာ ထက်မျက်သော တန်ခိုးရှိသော နာရဒ ရှင်ရသေ့ကြီးတဦး ရှိပါတယ်၊ အဲဒီ ရသေ့ဂိုဏ်းဆရာကြီးက တပည့် အခြံအရံပေါင်း တသောင်း လေးထောင်မျှ ရှိလေတော့ သူ့တယောက်ထဲ ကိန်းအောင်းနေခိုက် စဉ်းစားပါတယ်၊ ဘယ်လို စဉ်းစားပါသလဲဆိုတော့ ''အော်-တပည့် အခြံအရံပေါင်း တသောင်း လေးထောင်တို့မှာ ငါဆရာတည်းဟူသော လေးစား ကိုးကွယ်စရာ ဆရာသမားရှိကြတယ်၊ ငါ့မှာတော့ ရိုသေလေးစား အားထား ကိုးကွယ်စရာ ဆရာသမားကင်း၍ နေခြင်းသည် လောက ဆင်းရဲကြီး တ ခု၊ မကောင်းတာကြီး တခုဘဲလို့ —

'ဒုက္ခော ခေါ ပနာယံ လောကေ၊ ယဒိဒံ အဂရုဝါသော'[၂]

လို့ ညည်းတွားတယ်။

လောကေ၊ ကမ္ဘာလောကခေတ်ကြီးအတွင်း၌။ ယဒိဒံ-ယော အယံ အဂရုဝါသော၊ အကြင်အလေးပြုစရာ ဆရာကင်း၍ နေခြင်းသည်။ အတ္ထိ၊ ရှိ၏။ အယံ၊ ဤ အလေးပြုစရာ ဆရာကင်း၍ နေခြင်းသည်။ မေ၊ ငါအား။ ဒုက္ခော၊ ဆင်းရဲကြီးတခု မကောင်းတာကြီး တခုပါတကား။

အဲဒီလို ညည်းတွားကာ ဉာဏ်ပညာ ကြီးမားသည့်အတွက်ကြောင့် ဗေဒင်ကျမ်းများကို လေ့လာပြီး သဲပုံစေတီ တည်ထား ကိုးကွယ်ခဲ့ပါတယ်၊ အဲဒီ ရသေ့ဂိုဏ်းဆရာကြီးသည် သဲပုံစေတီကို ရွှေဆည်းလည်း, ပန်းတို့ဖြင့်သာ ပူဇော်ရပါတယ်၊ ကြည့်စမ်း စေတီတော်ကလဲ သဲပုံစေတီ—

သာယံပါတံ နမဿာမိ၊ ဝေဒဇာတော ကတဉ္ဇလိ၊
သမ္မုခါ ဝိယ သမ္ဗုဒ္ဓံ၊ ဝန္ဒိံ ပုလိနစေတိယံ[၃]။

အဟံ၊ နာရဒမည် ငါရသေ့သည်။ ပုလိနစေတိယံ၊ ဓာတ်တော်မလှူ သဲပုံစေတီကို။ သမ္မုခါ၊ မျက်မှောက်တော်၌။ သမ္ဗုဒ္ဓံ ဝိယ၊ မြတ်စွာဗုဒ္ဓကိုကဲ့သို့။ ဝေဒဇာတော၊ ဖြစ်သော ဝမ်းမြောက်ခြင်းရှိသည်ဖြစ်၍။ သာယံပါတံ၊ ညဉ့်,နံနက်။ ကတဉ္ဇလိ၊ ချီအပ်သော လက်အုပ်ရှိသည်ဖြစ်၍။ နမဿာမိ၊ ရွှေဆည်းလည်း,ပန်းတို့ဖြင့် ရှင်လန်းပူဇော်ကာ ရှိခိုးပါ၏။ ဝန္ဒိံ၊ ရိုသေမြတ်နိုး လက်အုပ်မိုး၍ ရှိခိုးလေပြီ။

---

၁။ ၃။ အပ၊ ၂။ နှာ-၇၉-၈၁။ ၃။ ထေရ၊ ဋ္ဌ၊ ၃၊ နှာ-၃၂၆-၇။

အဓိပ္ပါယ်ကတော့-အဲဒီ သဲပုံစေတီကို ရွှေဆည်းလည်း, ပန်းတိုဖြင့် ပူဇော်ပြီးတော့ ညဉ့်ရော နံနက်ရော ရှိခိုးခဲ့တယ်၊ ဒါတင် ဘယ်ကအိုးမလဲ ထက်မျက်လှတဲ့ တန်ခိုးရှင် ရသေ့ကြီးဆိုတော့ သဲပုံစေတီကို ရွှေအတိပြီးအောင် ဖန်ဆင်းပြီး ရွှေဆည်းလည်း,ပန်း သုံးထောင်တိုကိုလဲ လှူဒါန်းပူဇော်ခဲ့တယ်၊ အင်မတန် နှစ်သက်ဝမ်းမြောက်ခြင်း ပီတိတွေဖြစ်၍ အဲဒီ သဲပုံစေတီကို မျက်မှောက်၌ သက်တော်ထင်ရှား မြတ်စွာဘုရားကဲ့သို့ ညဉ့် နံနက် လက်အုပ်ချီလျက် ရှိခိုးပူဇော်ခဲ့တယ်၊ဗုဒ္ဓါနုဿတိ အာရုံ ဘုရားဂုဏ်ကို ပွါးထုံလေ့လာခဲ့ပါတယ်၊ ထိုအခါ စျာန်သမာပတ် အဘိညာဏ်ကိုလဲ ဖြစ်စေခဲ့ပါတယ်။

စုတေမနေ သေလွန်ရတဲ့အခါ-ဗြဟ္မာ့ပြည်သို့ ရောက်ရတယ်၊အသက်ထက်ဆုံး ဗြဟ္မာပြည်မှာနေပြီး စုတေပြန်တော့လဲ တာဝတိံသာ နတ်ဘုံမှာ နတ်တို့သခင်နှင်း သိကြားမင်းအဖြစ်က အကြိမ်ရှစ်ဆယ်၊ လူ့ပြည်သို့ ရောက်ပြန်တော့လဲ စကြာဝတေးမင်း အဖြစ်က အကြိမ်သုံးရာ၊ ပဒေသရာဇ်, ဧကရာဇ်မင်း အဖြစ်က မည်ရွေ့မည်မျှ ဂဏန်းချ၍ မရေတွက်နိုင်အောင် ခံစားခဲ့ရတယ်။

ထိုသို့ ခံစား ခံစားပြီးနောက်-ဤငါတို့ ဘုရားလက်ထက် သာဝတ္ထိပြည် ကြွယ်ဝသော မဟာသာလပျိုး၌ ဖြစ်ရ၍ ရှင်သာရိပုတ္တာအထံ ရှင်သာမဏေပြုပြီးလျှင် ခုနစ်နှစ်အရွယ်ကပင် ပုလိန္ဒ်တူပိယမထေရ် အမည်ဖြင့် ပဋိသမ္ဘိဒါပတ္တ ရဟန္တာအဖြစ်သို့ ရောက်တဲ့အခါ သဲပုံစေတီ တည်ထားကိုးကွယ်ရခြင်း အကျိုးကို ပြန်ဟောတယ်။

သဲပုံစေတီ ကိုးကွယ်ရကျိုး။ ။ထူပဿ ပရိစိဏ္ဏတ္တာ၊ ရဇောဇလ္လံ န လိမ္ပတိ။
ဂတ္တေ သေဒါ န ပုစ္စန္တိ၊ သပဘာသော ဘဝါမဟံ။ [၁]

ထူပဿ၊ သဲပုံစေတီတော်မြတ်ကို။ ပရိစိဏ္ဏတ္တာ၊ ရိုသေမြတ်လေး လုပ်ကျွေး ပူဇော်ခဲ့ဘူးသောကြောင့်။ ရဇောဇလ္လံ၊ မြူအညစ်အကြေး ချေးအညော်သည်။ မေ၊ ငါ၏။ ဂတ္တေ၊ ကိုယ်၌ း န လိမ္ပတိ၊ မလိမ်းကျံ မလူးကပ်ခဲ့။ မေ၊ ငါ၏။ ဂတ္တေ၊ ကိုယ်၌။ သေဒါ၊ နံစော်ညစ်မွေး ပူအိုက်သော ချွေးတို့သည်။ န မုစ္စန္တိ၊ ဘယ်အခါမှ မယိုထွက်ကုန်။ အဟံ၊ ငါသည်။ သပဘာသော၊ အဆင်းအရောင် ပြောင်ပြောင်တောက်ဝင်း လှပခြင်းရှိသည်။ ဘဝါမိ၊ ဘဝသံသရာမှာ ဖြစ်ခဲ့ရပါသတည်း။

အဲဒါ သာသနာပ အခါကာလဖြစ်၍ ယခုလို သာသနာတော်တွင်း မဟုတ်ဘူး၊ ဘုန်းကြီးတို့ ယခုလို သာသနာတော်တွင်း ဆိုတာကတော့-ခုနကတုန်းက ပစ္စည်းတွေ အကုန်ခံပြီး လှူဒါန်းတာ မဆိုထားပါနဲ့ --

'ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ' မြတ်စွာဘုရား၏ အရဟံ စသော ဂုဏ်ကို ယုံကြည်အားကိုး မြော်နိုးစိတ်စွဲ မှိုခဲ ဆည်းကပ်ပါ၏။

---

၁။ အပ၊ ၁၊ နှ၁-ဂ၁။

'ဓမ္မံ သရဏံ ဂစ္ဆာမိ' တရားတော်၏ သွက္ခာတတာ စ သော ဂုဏ်ကို ယုံကြည်အားကိုး မြတ်နိုးစိတ်စွဲ မှိဲဝဲဆည်းကပ်ပါ၏။

'သံဃံ သရဏံ ဂစ္ဆာမိ' သံဃာတော်၏ သုပ္ပဋိပန္နတာ စသော ဂုဏ်ကို ယုံကြည်အားကိုး မြတ်နိုးစိတ်စွဲ မှိဲဝဲဆည်းကပ်ပါ၏ —

လို့ဆိုတဲ့ သရဏဂုံသုံးပါး ဆောက်တည်တဲ့ ကုသိုလ်မျှသည်ပင် သာသနာတော်တွင်းဖြစ်၍ မဂ်ရဲ့အခြေခံ၊ ဖိုလ်ရဲ့အခြေခံ၊ နိဗ္ဗာန်ရဲ့ အခြေခံ ဖြစ်ပါတယ်၊ ဤသရဏဂုံ ကုသိုလ်နှင့်ဘဲ အပါယ်မလားဘဲနဲ့ မဂ်ရနိုင်တယ်၊ ဖိုလ်ရနိုင်တယ်၊ နိဗ္ဗာန်ရနိုင်ပါတယ်တဲ့နော်။

ဒါကြောင့် ခုနကတုန်းက ပုလိနထူပိယ မထေရ်မြတ်ဟာ "ငါသည် သာသနာပအခါကာလက သဲပုံစေတီမှာ ရွှေဆည်းလည်းဖြင့် ပူဇော်ပြီးတော့ အားထုတ် ကြည်ညို လာခဲ့တဲ့အတွက်ကြောင့် ငါ့ရဲ့ခန္ဓာကိုယ်မှာ မှုအညစ်ကြေး ချေးအညှော်တွေက ဘယ်တော့မှ မလိမ်းကျံ မလူးကပ်ခဲ့ဘူး၊ နံစော်ညစ်မေး ပုပ်အိုက်သော ချွေးတွေဆိုတာလဲ ငါ့ခန္ဓာကိုယ်က ဘယ်ခါကာလမှ မယိုထွက်ခဲ့ပါဘူး၊ ဒီမျှမက ဖြစ်လေရာ ဘဝသံသရာမှာ တင့်တယ်တဲ့ အရောင်အဆင်း လှပခြင်းနှင့် ပြည့်စုံပြီးတော့ ကျင်လည်ခဲ့ရတယ်" လို့ ရဟန္တာဖြစ်တော့ ပြန်ဟောပါတယ်။

**အမြတ်ဆုံးရတနာ၌ လှူဒါန်းရကျိုး။** ။အေး ဒါကြောင့်ပိုလို့ ဤကဲ့သို့ အလွန်တရာ ထူးမြတ်လှစွာသော မြတ်စွာဗုဒ္ဓရှင် ကိုယ်တော်မြတ်ရဲ့ ကိုယ်တော်စား ရုပ်ပွါးဆင်းတုတော်ကို ကြည်ညို ပူဇော်အားထုတ်လှူဒါန်းရသဖြင့် အမြတ်ဆုံးဖြစ်တဲ့ ရတနာသုံးပါးထဲမှာ အမြတ်ဆုံးဖြစ်တဲ့ ဗုဒ္ဓရတနာကိုပင် ပူဇော်ရတယ်၊ လှူဒါန်းရတယ်၊ ကိုးကွယ်ရတယ်ဆိုတော့ လောကမှာ ဘုန်းကြီးတို့ လောကီရတနာ လောကုတ္တရာ ရတနာအမျိုးမျိုး ရှိတဲ့အနက် စိန်ရွှေစတဲ့ လောကီရတနာတွေကတော့ ဒီဘဝတွက်တာသာ ကျေးဇူးများလို့ မြတ်တယ်လို့ မဆိုရပါဘူး၊ ဘုရားစတဲ့ ရတနာသုံးပါး ကတော့ နိဗ္ဗာန်ရသည့်အထိ ဘဝသံသရာ အဆက်ဆက် အကျိုးကျေးဇူး ခံစားရမှာဖြစ်တော့ မြတ်တယ်လို့ ဆိုရပါတယ်၊ အဲဒီလို မြတ်တဲ့ ရတနာ သုံးပါး တို့တွင် ပိုမို၍ မြတ်တဲ့ မြတ်စွာ ဗုဒ္ဓရှင် ကိုယ်တော်မြတ်ကြီး ကိုယ်တော်စား ရုပ်ပွါး ဆင်းတုတော်ကို ပူဇော် လှူဒါန်း ရသဖြင့် ငါတို့ သန္တာန်မှာ အမြတ်ဆုံးသော ကုသိုလ်တွေ ဖြစ်ကြတယ်၊ အမြတ်ဆုံးသော ကုသိုလ်တွေရကြတယ်၊ ဤကဲ့သို့ အမြတ်ဆုံးသော ကုသိုလ်စေတနာတွေ ရကြ ဖြစ်ကြသောကြောင့် ဘဝသံသရာ အဆက်ဆက်ဖြစ်လေရာ ဌာနဟူသမျှတို၌ အမြတ်ဆုံးသော အဆင်းလှခြင်းနှင့် ပြည့်စုံကြပါလိမ့်မယ်၊ အမြတ်ဆုံးသော အသက်ရှည်ခြင်းနှင့် ပြည့်စုံကြပါလိမ့်မယ်၊ အမြတ်ဆုံးသော အခြံအရံတွေနှင့် ပြည့်စုံကြပါလိမ့်မယ်၊ အမြတ်ဆုံးသော အကျော်စောတွေနှင့် ပြည့်စုံကြပါလိမ့်မယ်၊ အမြတ်ဆုံးသော ချမ်းသာသုခနှင့် ပြည့်စုံကြပါလိမ့်မယ်၊ အမြတ်ဆုံးသော ခွန်အားဗလတွေနှင့်လဲ ပြည့်စုံကြပါလိမ့်မယ် လို့ မြတ်စွာဗုဒ္ဓက အင်္ဂုတ္တိုရ် ပါဠိဟော် ပ-တွဲ၊ နှာ-၃၄၄-မှာ ဟောထားပါတယ်။

အဂ္ဂသ္မိံ ဒါနံ ဒဒတံ၊ အဂ္ဂံ ပုညံ ပဝဍ္ဎတိ။
အဂ္ဂံ အာယု စ ဝဏ္ဏော စ၊ ယသော ကိတ္တိ သုခံ ဗလံ။

အဂ္ဂသ္မိံ၊ လောကဓာတ်လုံးတွင် အမြတ်ဆုံးဖြစ်သော ရတနာသုံးပါး၌။ ဒါနံ၊ အလှူဒါနကို။ ဒဒတံ-ဒဒန္တာနံ၊ ပေးလှူကြကုန်သော သူတို့အား။အဂ္ဂံ၊ အမြတ်ဆုံးဖြစ်သော။ ပုညံ၊ ကောင်းမှုကုသိုလ်၏ အကျိုးသည်။ ပဝဍ္ဎတိ၊ တိုးပွား၏။ အဂ္ဂံ၊ ဖြစ်လေရာရာ သံသရာ အဆက်ဆက်တို့၌ အမြတ်ဆုံးဖြစ်သော။ အာယု စ၊ အသက်ရှည်ခြင်းသည်ရင်း။ အဂ္ဂေါ၊ အမြတ်ဆုံးဖြစ်သော။ ဝဏ္ဏော စ၊ အဆင်းလှခြင်းသည်ရင်း။ အဂ္ဂေါ၊ အမြတ်ဆုံးဖြစ်သော။ ယသော စ၊ အခြံအရံသည်ရင်း။ အဂ္ဂေါ၊ အမြတ်ဆုံးဖြစ်သော။ ကိတ္တိ စ၊ အကျော်စော သည်ရင်း။ အဂ္ဂံ၊ အမြတ်ဆုံးဖြစ်သော။ သုခံ စ၊ ချမ်းသာရခြင်းသည်ရင်း။ အဂ္ဂံ၊ အမြတ်ဆုံးဖြစ်သော။ ဗလံ စ၊ ကိုယ်အား ဉာဏ်အား ကြီးမားရခြင်းသည်ရင်း။ ပဝဍ္ဎတိ၊ကေန်မသွေ တိုးပွါးရလေတော့သတည်း။

ဤဒေသနာတော်အရ အမြတ်ဆုံးဖြစ်တဲ့ အသက်ရှည်ခြင်း, အဆင်းလှခြင်းစတဲ့ အကျိုးတွေကတော့ လောကီအကျိုးတွေမို့လို့ သူ့ထက်ပိုမို၍ မြတ်တဲ့ နိဗ္ဗာန်တည်းဟူသော အကျိုးကိုသာ မျှော်ကိုးပြီးတော့ ယနေ့အာရုံပြုရမယ်။

လောကီဖြစ်တဲ့ အကျိုးတွေကတော့ အိုခြင်း, နာခြင်း, သေခြင်းမှ မကင်းသေး၍ အင်မတန်မှ ကြောက်စရာ လန့်စရာတွေ ဖြစ်သောကြောင့် မိမိတို့ သန္တာန်မှာ အမြတ်ဆုံး ဖြစ်တဲ့ ကုသိုလ်စေတနာတွေ ဖြစ်ကြသည့် အားလျော်စွာ အမြတ်ဆုံးဖြစ်တဲ့ အိုခြင်း, နာခြင်း,သေခြင်းကင်းရာ နိဗ္ဗာန်ကိုသာ တပည့်တော်တို့ လိုလားကြပါတယ်၊ ရယူလိုကြပါ တယ်လို့ နှလုံးသွင်း ဆုတောင်းကြရမယ်နော်။

အေး-ဒါကြောင့် ယနေ့ အလွန်တရာကြီးကျယ် တင့်တယ်တဲ့- ဝိနယဓမ္မကောဇ ဗိမာန် တော်ကြီးအတွင်း၌ အလွန်တရာ အမြတ်ဆုံး အသာဆုံး လောကဓာတ်အလုံးတွင် အထွဋ် ဆုံးဖြစ်တဲ့ ဗုဒ္ဓရှင်ကိုယ်တော်မြတ်ရဲ့ ကိုယ်တော်စား ရုပ်ပွါးတော်, ဆင်းတုတော်မြတ်ကို ပူဇော်ရသော ကုသိုလ်ကံစေတနာ, ငါးပါးသီလကို ဆောက်တည်ကျင့်သုံးရသော သီလ ကုသိုလ်ကံစေတနာ, ရုပ်နာမ်နှစ်ပါး အနိစ္စ ကေန်မမြဲ၊ ဆင်းရဲဒုက္ခ၊ အစိုးမရအနတ္တတွေသာ ဖြစ်ကြပါကုန်၏၊ ဤသို့ပွါးရတဲ့ ဘာဝနာ ကုသိုလ်ကံစေတနာ, ယခု တရားတော်ကိုနာကြား ရတဲ့ ဓမ္မသဝန ကုသိုလ်ကံစေတနာ အရပ်ရပ်တို့ကြောင့် မိမိတို့သည် အလိုရှိအပ် တောင့်တ အပ်သော နိဗ္ဗာန်ချမ်းသာကို လျင်မြန်ဆောစွာ ရသွယ်ရောက်လွယ် နိုင်ကြပါစေကုန် သတည်း။

× × × × ×

## ၁၃၃၁-ခုနှစ်၊ တပေါင်းလပြည့်ကျော်(၈)ရက် ရန်ကုန်မြို့၊ ဦးအောင်တင်-ဒေါ်ခ-သားသမီးတစုတို့၏ အလှူမင်္ဂလာ၌ ဟောကြားအပ်သော

# ရှင်ပြုအလှူမင်္ဂလာ ဒေသနာ

**အခွင့်ကြုံခိုက် အားထုတ်ကြ။** ။"ပဋိပတ္တိယာ လဒ္ဓဗ္ဗ၊ ဣသာသာဒ မနုတ္တရံ၊
ဝိန္ဒိတုံ ပဒဟေ နော စေ၊ ကွတ္ထော တေ ဝိနသာသနံ။

အနုတ္တရံ၊ ချမ်းသာ တကာတို့တွင် ယှဉ်ဘွယ်ကင်းလက် အမြတ်ဆုံးဖြစ်ပေသော။ ပဋိပတ္တိယာ၊ ချမ်းသာ လိုလား အမျိုးသားတို့ ကြိုးစားကျင့်အပ် ပဋိပတ်ဖြင့်။ ပဋိပတ္တိယာ၊ ချမ်းသာ လိုပြီး အမျိုးသမီးတို့ ဆည်းပူးကျင့်အပ် ပဋိပတ်ဖြင့်။ လဒ္ဓဗ္ဗ ရအပ်သော၊ ရအပ် မှန်စွာ သာယာဘွယ်တောင်း အကောင်းဆုံး အရသာကို။ ဝိန္ဒိတုံ၊ မကြုံစဘူး အလွန်ထူး သဖြင့် ကြည်နူးပီတိ ဂုဏ်ဆိထိသို့ ရှိခံစားခြင်းငှါ။ ပဒဟေ၊ ကိုယ်ကျိုးအစစ် တကယ်ဖြစ်ဟု နှစ်နှစ်ကာကာ ကြိုးစားရာသတည်း။ နော စေ၊ တဘဝ တွက်သော ခင်တွယ်ဘာလျက် သဒ္ဓါ မသန်လှ ဆန္ဒဆုတ်ယုတ် အားမထုတ်ခဲ့လျှင်။ တေ၊ အခါကောင်းသင့် အခွင့်ကောင်းကြုံလာ သင့်တွက်တာမှာ။ ဝိနသာသနံ၊ ဂုဏ်ရည်သေ... အနှစ်စု... တုမဲ့ထူးစွာ ဗုဒ္ဓမြတ် သာသနာသည်။ ကွတ္ထော၊ တောသားသမင် ရတနာမြင်သို့ ဂုဏ်အင်ပွါးတိုး အဘယ်အကျိုး ရှိပါတော့အံ့နည်း။" —

**အခွင့်ကောင်းကြီး လက်မလွှတ်စေနဲ့။** ။ဆိုတဲ့အတိုင်း အင်မတန် ရခဲကြုံခဲတဲ့ လူ့အဖြစ်လဲ ရပြီးတော့ နေကြတဲ့အခါ အလွန်တရာမှ တွေ့ခဲ ကြုံခဲလှတဲ့ ဗုဒ္ဓရှင် ကိုယ်တော်မြတ် သာသနာတော်ကြီးနှင့် ကံကောင်းထောက်မလို့ ကြုံ တွေ့ပြီးတော့ လာကြတဲ့အခါ သာသနာတော်ကြီးနှင့် တွေ့ကြုံကျိုးနပ်ကြ၍ လူ့အဖြစ် ကိုလည်း ရကျိုးနပ်ကြအောင် အလွန်ကြိုးစားအားထုတ်ဘို့ ကောင်းပါကယ်၊ ယခုလို သာသနာတော်ကြီးနှင့် ကြုံတွေ့နေတဲ့အခါ လောကီဘက်ကဆိုရင် လူ့စည်းစိမ်၊ နတ်စည်း စိမ်၊ ဗြဟ္မာ့စည်းစိမ် အစရှိတဲ့ အာရုံအမျိုးမျိုး၊ လောကုတ္တရာဘက်က မဂ်ချမ်းသာ ဖိုလ် ချမ်းသာ နိဗ္ဗာန်ချမ်းသာဆိုတဲ့ ချမ်းသာ အမျိုးမျိုးတွေကို အားထုတ်လိုက်ကြ ကြိုးစား လိုက်ကြလျှင် လိုသလိုရရှိတဲ့ ခေတ်ကောင်းကြီး အခါကောင်းကြီး၊ ယခု ရင်ဆိုင်တိုးပြီးတော့ အားလုံး ရရှိနေကြတာပါဘဲ၊ အလွန့်အလွန် ကြုံခဲတဲ့ သာသနာတော်ကြီးနှင့်လဲ ကြုံ၊ အလွန် ရခဲတဲ့ လူ့အဖြစ်လဲ ရပြီးတော့ နေတဲ့အခါကာလ သမယမှာ သတိတရားရပြီးတော့ ဆန်း ကြယ် ကြီးမြတ် မိမိတို့ လိုအပ်တဲ့ အကျိုးတွေရအောင် အားမထုတ်လိုက်ရကြဘူး မသည်းပူး

လိုက်ကြဘူးဆိုရင် ယခု ပြောပြခဲ့ပြီးတဲ့ တော သားသမင်ဟာ ရတနာတွေ တွေ့နေပေမယ်လို့ ထိုသမင်ရဲ့အတွက် ဘာမျှ အကျိုးကျေးဇူးမရှိတာလိုဘဲ ဘုန်းကြီးတို့မှာလဲ အမှတ်တမဲ့ နေကြမယ်ဆိုရင်ဖြင့် သာသနာတော်ကြီးနှင့်ကြုံလို့ သာသနာတော်ကြီးနှင့် တွေ့ရတဲ့ အကျိုးဟာ အကျိုးမရှိတဲ့ အဖြစ်မျိုး ဖြစ်ပါလိမ့်မယ်။

ဗုဒ္ဓရှင် ကိုယ်တော်မြတ် ပွင့်ထွန်းပြီးတော့ လာတယ်ဆိုတဲ့ အဓိပ္ပါယ်က အားလုံးသော လူ နတ် ဗြဟ္မာ သတ္တဝါတွေ လိုအပ်တဲ့အကျိုး အမျိုးမျိုး ရရှိကြပါစေ၊ လူချမ်းသာ နတ်ချမ်းသာ ဗြဟ္မာ့ချမ်းသာ မဂ်ချမ်းသာ ဖိုလ်ချမ်းသာ နိဗ္ဗာန်ချမ်းသာဆိုတဲ့ အကျိုးအမျိုးမျိုးတွေကို ရရှိနိုင်ကြပါစေလို့ဆိုတဲ့ ဆန္ဒတော်နဲ့ ဗုဒ္ဓရှင် ကိုယ်တော်မြတ် ပွင့်ထွန်းပေါ်ပေါက်လာရင်း အမှန်ဖြစ်ပါတယ်။

ဤကဲ့သို့ ရံဖန်ရံခါသာ ပွင့်ထွန်းပေါ်ပေါက်တော်မူလာတဲ့ ဘုရားရှင်ကိုယ်တော်မြတ် သာသနာကြီးဟာ ဘုန်းကြီးတို့ လိုအပ်တဲ့အကျိုး အမျိုးမျိုးရဘို့ စိုက်ပျိုးရာ မြေသန် မြေကောင်းကြီးနှင့်တူပါတယ်၊ သာသနာတော်တွင်းကြီးလို့ဆိုတာ မြေဆီ မြေဩဇာတွေ အပြည့်အနှက် လွှန်စွာပြည့်ဝပြီးတော့ နေတဲ့ မြေသန် မြေကောင်းကြီးနှင့် တူတယ်၊ ကုသိုလ်ပါရမီ မျိုးစေ့တွေလဲဘဲ လတ်လတ် ဆတ်ဆတ် အင်မတန် အောင်မြင်တဲ့ မျိုးစေ့တွေ စိုက်ပျိုးလိုက်တယ်ဆိုရင်ဘဲ မြေကလဲဘဲကောင်း၊ မျိုးစေ့တွေကလဲ လတ်ဆတ်အောင်မြင်တော့ လယ်သမားများ လိုအပ်တဲ့ အကျိုးတွေ အမျိုးမျိုးရတာလိုဘဲ သာသနာတော်တွင်းတည်းဟူသော မြေကောင်း မြေသန့်ကြီးမှာ ပါရမီ ကုသိုလ် မျိုးစေ့တွေ စိုက်ပျိုးတဲ့အခါ အောင်အောင် မြင်မြင်နှင့် လောကီ လောကုတ္တရာ အကျိုးတွေ အမျိုးမျိုး ရနိုင်ပါတယ်။

**အခွင့်ကောင်းကြီး လက်မလွှတ်စေကြနှင့်။** ။ဒီလို ရနိုင်တဲ့ ခေတ်ကောင်း အခါကောင်းကြီးနှင့် ကြုံပြီတော့ နေတဲ့အခါမှာ အခွင့်ကောင်းကြီး လက်မလွှတ်စေဘဲနဲ့ အားထုတ်ကြဘို့လို့ ဘုန်းကြီးတို့ **လယ်တီသရာတော်ဘုရားကြီး** က–

* ✻ အခွင့်သာဆဲက၊ မခဲချင်လျှင်၊ အလှဲ့နှင့်ပြင် ရှိသေးရဲ့လား၊
* ✻ အခွင့်သာတုန်းက၊ မရုန်းချင်လျှင်၊ အရှုံးနှင့်ပြင် ရှိသေးရဲ့လား၊
* ✻ အခွင့်သာခိုက်က၊ မလိုက်နာလျှင်၊ အမိုက်နှင့်ပြင် ရှိသေးရဲ့လား၊

လို့ ဆုံးမတော် မူထားတဲ့စကား အင်မတန် သဘောကျဘို့ ကောင်းပါတယ်။

ဘုန်းကြီးတို့ မဟာ ဝိသုဒ္ဓါရုံ ကျေးဇူးရှင် ဆရာတော်ဘုရားကြီးကလဲဘဲ –

* ✻ ရန်သူဝိုင်းထား၊ ထိုယောကျ်ားကား၊ ပြေးသွားဘို့ရာ၊ လမ်းပေါက်သာလျက်၊ ပြေးမထွက်၊ လမ်းတွက် မဟုတ်ပေ။

* မစင်လူးလျှင်၊ အေးကြည်လင်သည့်၊ ရေစင်ရှိလျက်၊ မဆေးရက်၊ မင်းပျို ရေတွက် မဟုတ်ပေ။

ရန်သူ ဝိုင်းဆားတဲ့ ယောကျ်ားဟာ လမ်းပေါက် ပေးထားလျက်နဲ့ မထွက်ရင် လမ်းတာဝန် မဟုတ်ပါဘူးတဲ့ သူ့တာဝန်ပါ၊ မစင်လူးတဲ့ ယောကျ်ားဟာ ခုလို ရေတွေလဲ ရှိရက်နဲ့ မဆေးရင် ရေတာဝန် မဟုတ်ပါးဘူး သူ့တာဝန်ပါဘဲတဲ့။

အဲဒါကြောင့် သာသနာတော်ကြီးနှင့် ကြုံတဲ့အခါ တွေ့တဲ့အခါ ရောလာပြီးတော့ ဖြစ်ကြတဲ့အခိုက် မိမိတို့ လိုအပ်တဲ့ အကျိုးတွေရအောင် မဆည်းပူး အားမထုတ်ပိုက်ကြလျှင် မိမိတို့ တာဝန်ပါဘဲ မိမိတို့ အပြစ်ပါဘဲတဲ့။

ထိုကဲ့သို့ ဖြစ်သည့် အားလျော်စွာ ဒီနေ့ အလှူ့ဒကာကြီး ဦးအောင်တင်+အလှူ့အမကြီး ဒေါ်ဒေါ်ခ တို့ရဲ့ မြေး သုံးယောက် သာသနာတော်တွင်း ဘွတ်သွင်းတယ်ဆိုတာဟာ ခုပြောပြတဲ့ အတိုင်းပါဘဲ၊ အင်မတန် အရေးကြီးတဲ့ သာသနာတော်ကြီးနှင့် ကြုံတဲ့အခါ ဘုန်းကြီးတို့ ဋီကာဆရာများက "မိမိတို့ရဲ့ သားရတနာ မြေးရတနာကို သာသနာတော်တွင်း သွတ်သွင်းချီးမြှောက်တဲ့ အလုပ်မျိုး ပြုလုပ် အားထုတ်လို့ မပေးနိုင်ဘူးဆိုလျှင် မိမိတို့၏ သာသနာတော်ကြီးနှင့် စပ်တဲ့ ပြုသင့် ပြုထိုက်သော တာဝန် ဝတ္တရားတွေကို ကျေပြွန်အောင် ဆောင်ရွက်ရာ မရောက်ဘူး" တဲ့

**စစ်တမ်းထုတ်၍ လှူသင့်ပုံ။** ။ဒီကနေ့ဟာ မြေးရတနာလေးများ သာသနာတော်တွင်းသို့ သွတ်သွင်းတော့ သာသနာတော်ကြီးနှင့် စပ်တဲ့ ဆောင်ရွက်သင့် ဆောင်ရွက်ထိုက်တဲ့ ကိစ္စတွေ ကျေပြွန်အောင် ဆောင်ရွက်ရာလည်း ရောက်သွားပါပြီ၊ ဒီတော့ တိုတိုပြောရမှာဖြင့် ဒီနေ့ ပဗ္ဗဇ္ဇ အလှူဒါနမင်္ဂလာပွဲကြီး အင်မတန် အကုန်အကျ ခံပြီးတော့ တင့်တင့်တယ်တယ် သပ်သပ်ယပ်ယပ် လှူပရိသတ်တွေ ကျွေးမွေးလို့ သံဃာတော်တွေဆိုရင်လဲ (၇၁)ပါး၊ အဲဒီလို သံဃာတော်တွေလဲ အမြောက်အမြား ပင့်ပြီးတော့ လှူတဲ့ဒါန်းတဲ့အခါ အရေးအကြီးဆုံးအချက် နံပါတ်တစ်က **အလှူပစ္စည်းကို** ရွေးချယ်စိစစ်ရမယ်၊ **အလှူခံပုဂ္ဂိုလ်ကိုလဲ** ရွေးချယ်စိစစ်ရမယ်၊ ဒီတော့ ပစ္စည်းဝတ္ထုကို ရွေးချယ် စိစစ်ရမယ်ဆိုတာက မကောင်းတဲ့ ယုတ်ညံ့တဲ့ ပစ္စည်းတွေ ဖယ်ရှားပြီးတော့ မွန်မြတ်တဲ့ ဝတ္ထုပစ္စည်းတွေ လှူရမယ်တဲ့။

ဒီပစ္စည်းတွေ စစ်တမ်းထုတ်ကြည့်တော့ သင်္ကန်းဆိုပြန်ရင်လဲ ပေါ်ပလင်ဆိုတော့ အထူးပြောစရာမရှိတော့ပါဘူး၊ ထီးဆိုရင်လဲဘဲ ရိုးရိုးထီးမဟုတ်ဘဲနဲ့ ရွှေထီးတော်ပါနေပါတယ်၊ ဘိနပ်ကလဲဘဲ ထို့အတူ အကောင်းဆုံး၊ ဒီဘက်မှာ မွေစေတီဖြစ်တဲ့ ပိဋကတ်တော်၊ ပိဋကတ်သုံးပုံတင် မကသေးဘဲနဲ့ နိကာယ်ငါးရပ်နှင့်တကွ ပါဠိတော်အုပ်(၄၀)အလှူတော်နှင့်တကွ အဲဒီလို လှူတဲ့ပစ္စည်းတွေ စစ်တမ်းအထူးထုတ်ဘို့ မလိုလောက်အောင်ဘဲ အလွန်သန့်ရှင်းမွန်မြတ်တဲ့ အထက်တန်းကျတဲ့ ပစ္စည်းတွေချည်း ဖြစ်နေပါတယ်။

''အလှူခံပုဂ္ဂိုလ်ကို စိစစ်ဖို့'' ပြန်တော့လဲ ဒီ အလှူခံပုဂ္ဂိုလ်က သီလရှိတဲ့ သာသနာတော်တွင်းဖြစ်တဲ့ သံဃာတော်တွေဆိုတော့ အလှူခံပုဂ္ဂိုလ်လဲ စိစစ်နေစရာ မလိုပါဘူး၊ ဒီထဲမှာ ဘုန်းကြီးတို့ မဟာဝိသုဒ္ဓါရုံတိုက်က (၃၅)ပါး၊ စလင်းဆရာတော်ဘုရားကြီး ကျောင်းတိုက်က (၃၅)ပါး၊ ဒကာကြီး ဒကာမကြီးတွေရဲ့ အနေနှင့်က သံဃိက ဒါနကြီးဖြစ်နေပြန်ပါတယ်၊ ဒီတော့ အလှူခံဘက်ကကြည့်ရင် စစ်တမ်းထုတ်ဘို့ မလိုလောက်အောင် အလွန် ဝမ်းမြောက်စရာကြီး ကောင်းနေပါတယ်၊ အလှူပစ္စည်းတွေလဲ မှန်မြတ်စင်ကြယ်လို့ အလှူခံ ပုဂ္ဂိုလ်ဘက်ကလဲ သာသနာတော်တွင်းကြီးဖြစ်နေတော့ အင်မတန် ဝမ်းသာစရာကြီးပါ၊ ဘုန်းကြီးတို့ သာသနာတော်တွင်းဆိုတာ ဒီပြင်ဟာ မပြောနဲ့ ဂုဏကဘုန်းက—

'ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ' ဆိုတဲ့ သရဏဂုံ ကုသိုလ်လေးသည်ပင် မဂ်ရဲ့ အခြေခံ, ဖိုလ်ရဲ့ အခြေခံ, နိဗ္ဗာန်ရဲ့ အခြေခံ ဖြစ်တယ်လို့ ကျမ်းဂန်မှာ ဆိုထားပါတယ်၊ သာသနာပ အခါ ကာလမှာဆိုရင် အထက်တန်းကျတဲ့ ဈာန်သမာပတ် အဘိညာဏ် ကုသိုလ်တွေတောင်မှ ဝဋ္ဋဆင်းရဲ၏ အခြေခံသာဖြစ်၍ ဝဋ်မှ ထွက်မြောက်ကြောင်းမဟုတ်ပါဘူးလို့ ဆိုထားပါတယ်။

ဒီတော့ သာသနာတော်ကြီးနှင့်လဲ ကြုံတွေ့ပြီး ဒီကနေ့ ကုသိုလ်တွေဟာ အဘိုး မဖြတ်နိုင်အောင်ဖြစ်တဲ့ သာသနာတွင်း ကုသိုလ်တွေ အားကုန်ရတယ်လို့ အဲဒီလိုဘဲ ဝမ်းမြောက်ရမယ်၊ ဝမ်းလဲ ဝမ်းမြောက်စရာကြီးပါဘဲတဲ့ အလှူခံ လှူဘွယ်ပစ္စည်း စင်ကြယ်ပြီး မှန်မြတ်ပြီး ဖြစ်၍နေတော့ မိမိတို့ စိတ်ထဲမှာ ဝမ်းမြောက် ဝမ်းသာဖြစ်ပြီး အမွန်မြတ်ဆုံးဖြစ်သော မအို မနာ မသေရာဖြစ်တဲ့ နိဗ္ဗာန်ချမ်းသာကို တောင့်တကြဘို့ပါဘဲ။

သမ္မာသမ္ဗုဒ္ဓဒေသိတံ၊ မြတ်စွာဗုဒ္ဓဘုရားသည် ဟောကြားတော်မူအပ်သော။
တံ နိဗ္ဗာနံ၊ ထိုတဏှာမှ ထွက်မြောက်ရာဖြစ်တဲ့ နိဗ္ဗာန်သည်။ သုသုခံ ဝတ၊ အလွန်
တရာ ချမ်းသာလှပါပေသည်တကား၊ (ထေရ၊ ဋ္ဌ၊ ၁၊ ၄၄၃)။

နိဗ္ဗာန်၏ အကြောင်းကို ရှင်ဗာကုလ မထေရ်က အာလုပ်ပြီးတော့ (အနက်ပေးတဲ့ ဒေသနာတော်နှင့်) ဟောထားတယ်။

ဒါန သီလ ကုသိုလ်ကောင်းမှုကို ပြုလုပ်ဆည်းပူးနေကြတာ အဲဒီ နိဗ္ဗာန်ကို လိုချင်လို့ ပြုလုပ် ဆည်းပူးနေကြတာ၊ ဒါကြောင့် ဘိတ်ကြားတဲ့ စာမှာလဲဘဲ 'သံသရာဝဋ္ဋဆင်းရဲ အပေါင်းမှ ထွက်မြောက်ရာဖြစ်တဲ့ နိဗ္ဗာန်သို့ မျက်မှောက် ပြုပါရစေခြင်း အကျိုးငှါ'' ဆိုပြီး ဒီအတိုင်းပါတယ်၊ ဒါ လုပ်ရိုး လုပ်စဉ်အနေနှင့် မဟုတ်ဘဲနဲ့ တကယ် နိဗ္ဗာန်ကို လိုချင်ရမယ်၊ နိဗ္ဗာန်ဟာ ချမ်းသာတယ်လို့တော့ ပြောတာဘဲ၊ အဲဒီ နိဗ္ဗာန် ချမ်းသာဟာကိုလဲ လက်ခံ ပါတယ်၊ နိဗ္ဗာန် ရှိတယ်ဆိုတာကိုလဲ ယုံကြည်ပါတယ်၊ ဘယ်နည်း ဘယ်ပုံ အာရုံပြုရမလဲ၊ နိဗ္ဗာန်ကို အာရုံပြုတဲ့ နည်းသည် နှစ်နည်းရှိတယ်—

နိဗ္ဗာန်ကို အာရုံပြုနည်း ၂-နည်း။ ။အရိယာ ပုဂ္ဂိုလ်တို့ အာရုံပြုတဲ့နည်း။

အရိယာမှ ကြွင်းကျန်တဲ့ ကလျာဏ ပုထုဇဉ် အာရုံပြုတဲ့နည်း ဒါန=အလှူ ပေးခြင်း၊ သီလ=သီတင်း သီလ ဆောက်တည်ခြင်း၊ ဘာဝနာ=သမထ ဝိပဿနာ ဘာဝနာ နှစ်ပါးကို ပွါးများခြင်းဆိုတဲ့ လုပ်ငန်းကို လုပ်နေတဲ့ ကလျာဏ ပုထုဇဉ် မှန်ရင် အဲဒီလို ကလျာဏ ပုထုဇဉ်တို့က နိဗ္ဗာန်ကို အာရုံပြုတဲ့ နည်းတနည်း။

အဲဒီလိုနည်းကို စာပေက မဂ်ရ ဖိုလ်ရဖြစ်တဲ့ အရိယာပုဂ္ဂိုလ်တို့ မဂ်ဖိုလ်နှင့် နိဗ္ဗာန်ကို အာရုံပြုတာကိုတော့ ပါဠိလို ပစ္စက္ခသိဒ္ဓိ၊ မြန်မာလိုတော့ တိုက်ရိုက် ဉာဏ်မျက်စိဖြင့် နိဗ္ဗာန်ကို မြင်တယ်၊ ကောင်းကင်မှာ ထွက်နေတဲ့ နေတို့ လတို့ကို ပကတိ လူတို့ မျက်စိနှင့်ကြည့်လို့ မြင်သလို နိဗ္ဗာန်ကို အရိယာ ပုဂ္ဂိုလ်များက အဲဒီလိုဘဲ မြင်တယ်၊ အဲဒီလိုမြင်တဲ့ အမြင်မျိုးကို ကျမ်းဂန်က **ပစ္စက္ခသိဒ္ဓိ** လို့ ခေါ်တယ်။

ခုနက ပြောခဲ့တဲ့ ကလျာဏ ပုထုဇဉ်တို့အမြင်က ဘယ်လို မြင်ရမလဲလို့ ဆိုတော့ "မဂ်ဉာဏ် ဖိုလ်ဉာဏ် တို့၏ အာရုံပြုရာဖြစ်တဲ့ နိဗ္ဗာန်ပါတကား" လို့ မြင်ရတယ်။

နောက်တနည်း ဗုဒ္ဓ ပစ္စေကဗုဒ္ဓါ အရိယာ အရှင်မြတ်တို့သည် မဂ် ဉာဏ်ဖြင့် မျက်မှောက်ပြုအပ်တဲ့ နိဗ္ဗာန်ပါတကား၊ ဖိုလ်ဉာဏ်ဖြင့် ခံစားအပ်တဲ့ နိဗ္ဗာန်ပါတကား အဲဒီလိုအာရုံပြုရမယ်တဲ့၊အဲဒီလို အာရုံပြုပြီးတော့ ဒီတတွေ ဆည်းပူးရတဲ့ ဒါနကုသိုလ်၊ဆည်းပူးရတဲ့ သီလကုသိုလ်၊ ဆည်းပူးရတဲ့ ဘာဝနာကုသိုလ်တို့ဖြင့် ဗုဒ္ဓ၊ ပစ္စေကဗုဒ္ဓါ၊ ရဟန္တာ အရှင်မြတ်တို့သည် မဂ်ဉာဏ်ဖြင့် မျက်မှောက်ပြု၍ ဖိုလ်ဉာဏ်ဖြင့် ခံစားအပ်သော အရိယာ နိဗ္ဗာန်ကို ရောက်ရပါလို၏၊ အဲဒီလိုအာရုံပြုရင် ကလျာဏ ပုထုဇဉ်တို့ရဲ့ အာရုံပြုနည်း ပါဠိလို **အနုမာနသိဒ္ဓိ**၊ မြန်မာလို မှန်းဆ၍ မျှော်မှန်းပြီး အာရုံပြု သိတဲ့နည်းပါဘဲ။

ဒါကြောင့် ဒီကနေ့ အလှူ့ဒကာ အလှူ့အမတို့ကလဲဘဲ နိဗ္ဗာန်ကို အခုပြောတဲ့နည်း အတိုင်း အာရုံပြုရမယ်၊ အာရုံပြုတော့ကို ဘာကုသိုလ်တွေ အရင်းခံနှင့် အာရုံပြုရမလဲလို့ ဆိုတော့ ၁၃၃၁-ခု၊ တပေါင်းလပြည့်ကျော်(၈)ရက် နံနက် ပင့်သံဃာ(၇၁)ပါးတို့နှင့် သာမဏေ သုံးပါးတို့အား ဆွမ်းကပ်၍ ပိဋကတ်သုံးပုံ ရွှေထီး သင်္ကန်း ဘိနပ်အစရှိသည် တို့ကို ကပ်လှူပြီး တရားတော်နာ ရေစက်ချရန် ဆိုပြီးတော့ နိဗ္ဗာန်ဆိုတာ အလကားမရဘူး အာရုံပြုရုံနှင့်တင် ရတာ မဟုတ်သေးဘူး၊ ရှေးဦးစွာ အာရုံပြုနိုင်လောက်အောင် လုပ်ငန်းကို လုပ်ပြီးတော့မှ နိဗ္ဗာန်ကို အာရုံပြုရမယ်၊ အဲဒီ လုပ်ငန်းတွေက ဘာတွေလဲဆိုတော့ ဆွမ်း ကပ်တယ်(၇၁)ပါး၊ တနည်းအားဖြင့် သာမဏေသုံးပါးထည့်ရင်(၇၄)ပါး၊ ပိဋကတ်သုံးပုံ ဓမ္မစေတီ တည်ထားကိုးကွယ်တယ်၊ သင်္ကန်းလှူဒါန်းတယ်၊ ရွှေထီးလှူဒါန်းတယ်၊ ဘိနပ် လှူဒါန်းတယ်။ မြေးသုံးယောက်တို့ကို သာသနာတော်တွင်း သွတ်သွင်းပြီးတော့ သာသနာ နုဂ္ဂဟ ဓမ္မာနုဂ္ဂဟ သိက္ခာပဒပူဇာကို ပြုတယ်။

**သာသနာနုဂ္ဂဟ**ဆိုတာက မြတ်စွာဗုဒ္ဓ တည်ထောင်ထားခဲ့တဲ့ သီလ၊ သမာဓိ၊ ပညာ ပရိယတ္တိ၊ ပဋိပတ္တိ၊ ပဋိဝေဓ-ဆိုတဲ့ သာသနာ သုံးရပ်ကို ဒီလို မိမိတို့ သက်ဆိုင်ရာ မြေးများ သာသနာတော်တွင်းသို့ သွတ်သွင်းပြီးတော့ သာမဏေအဖြစ်နဲ့ ကျင့်သုံးနိုင်ရန် ချီးမြှောက်

တာကို သာသနာ့နုဂ္ဂဟ၊ အဲဒီ ကျင့်သုံးတဲ့ သီလ သိက္ခာပုဒ်ဖြင့် ပြစ်ဖွယ်ရာကို ပြန်ပြီးတော့ ပူဇော်တာကို သိက္ခာပဒပူဇာ-သိက္ခာပုဒ်ဖြင့် ပြန်ပြီးတော့ ပူဇော်တာ။

**ရှင်သာမဏေ မြင့်မြတ်ကြောင်း။** ။အဲဒီလို မြေးသုံးယောက်တို့ကို သာသနာတော်ကွင်းသို့ သွတ်သွင်းရတဲ့ အခိုက်, ဒီ သင်္ကန်းဝတ်လေးနဲ့ ဒီ ရှင်သာမဏေအဖြစ်လေးနဲ့ နေတဲ့အခိုက် ဘယ်လောက်မြင့်မြတ်သလဲ၊ မနေနိုင်လို့ ထွက်သွားတာတော့ ကိစ္စမရှိဘူး၊ နေတုန်းအခိုက် ဘယ်လောက် မြင့်မြတ်သလဲဆိုတာ အဲဒီ အဓိပ္ပါယ်လေးကို တိုတိုနားလည်အောင် ပြောကြအုံးစို့—

အနာဂါမိပိ စေ ဘိက္ခဝေ ဂိဟီ ဟောတိ၊ တေန တဒဟုပဗ္ဗဇိတဿာပိ သာမဏေရဿ အဘိဝါဒနာဒိနိ ကတ္တဗ္ဗာနေဝ။

(သုတ္တနိ၊ ဋ္ဌ၊ ၁၊ ၂၆၂)

ဘိက္ခဝေ၊ ရဟန်းတော်များ အို ချစ်သားတို့။ ဂိဟီ၊ အိမ်ရနေသူ လူဖြစ်တဲ့ ဒကာ+ ဒကာမသည်။ အနာဂါမိပိ၊ မဂ်သုံးဆင့် ဖိုလ်သုံးဆင့်သို့ ရောက်၍နေသော အနာဂါမ် ပုဂ္ဂိုလ်ကြီးသော်လည်း။ စေ ဟောတိ၊ အကယ်၍ ဖြစ်ခဲ့ငြားအံ့။ တေန၊ ထိုအနာဂါမ်တည်းသူ လူဥပါသကာသည်။ တဒဟုပဗ္ဗဇိတဿ၊ ထိုနေ့ ကိုရင်ဝတ်၍ ပေးထားသော။ သာမဏေ ရဿာပိ၊ သာမဏေ လေးအားလည်း။ အဘိဝါဒနာဒိနိ၊ ရှိခိုးခြင်းစသည့် တို့ကို။ ကတ္တဗ္ဗာနေဝ၊ ပြုအပ်ကုန်သည်သာလျှင်တည်း။

သာမဏေပြုတယ်, သာမဏေဖြစ်သွားတယ်ဆိုတာ အဲဒီလောက် အဆင့်တန်း မြင့်ပါတယ်၊ လူဝတ်ကြောင် အနာဂါမ် ဥပါသကာကြီးကိုက ဒီ ကိုရင်ကို ရှိခိုးရမယ်၊ ခရီးဦးကြိုဆိုရမယ်၊ အရိုအသေ ပေးရမယ်၊ နေရာ ပေးရမယ်၊ အဲဒီလောက် အဆင့်အတန်း ရောက်သွားတယ်၊ ဒါ ပကိဏ္ဏကဒေသနာတော်ခေါ်တယ်၊ သုတ္တနိပါတ် မုနိသုတ်အဖွင့် အဋ္ဌကထာမှာ ဆုံးဖြတ်ထားတယ်။

**ဆင္ဂဂ်သမန္နာဂတကုသိုလ်။** ။နောက်တခု—

တဒဟုပဗ္ဗဇိတော ဘဏ္ဍဂါဟက သာမဏေရဿာပိ ဒိန္နာ ဒက္ခိဏာ ဆင်္ဂသမန္နာဂတာဝ ဟောတိ။ (အံ၊ ဋ္ဌ၊ ၃၊ ၁၀၀)

တဒဟုပဗ္ဗဇိတဿ၊ ထိုနေ့ ရှင်ပြု၍ ပေးထားသော။ ဘဏ္ဍဂါဟက သာမဏေ ရဿာပိ၊ ဘဏ္ဍာစိုး သာမဏေအားလည်း။ ဒိန္နာ၊ ပေးလှူအပ်သော။ ဒက္ခိဏာ၊ အလှူသည်။ ဆင်္ဂသမန္နာဂတာဝ၊ အင်္ဂါခြောက်ပါးနှင့် ပြည့်စုံသည်သာလျှင်။ ဟောတိ၊ ဖြစ်၏။

**အလှူပေး၌ အင်္ဂါ ၃-ပါး။** ။ယနေ့ ဝတ်တဲ့ ကိုရင်လေးကို လှူတဲ့ အလှူသည် အင်္ဂါခြောက်ပါးနှင့် ပြည့်စုံတဲ့ အလှူဖြစ်ပါတယ်၊ အဲဒီအင်္ဂါခြောက်ပါးဆိုတာ အလှူ့ဒကာ အလှူ့အမတွေဘက်က ''ရွေးအဘို့၌ ငါတို့သည် ဘယ်ရက် ဘယ်အချိန် ဘယ်အခါမှာ အလှူမင်္ဂလာကြီး ထမြောက်အောင်မြင်အောင် ဖြစ်လိမ့်မယ်'' လို့ ရည်ရွယ်

ပြီးတော့ မလှူခင် အယုတ်ဆုံး ပစ္စည်း ရှာတဲ့ အခါကစပြီး ဝမ်းမြောက် ဝမ်းသာ ဒီလိုလှူဘို့ ရည်ရွယ်ချက်နဲ့ လုပ်ကိုင်တာတွေဟာ ပုဗ္ဗစေတနာ၊ မလှူခင်တုန်းက လှူရတော့မယ်, အနုဂါမိက ဒါန သီလ ဘာဝနာဆိုတဲ့ ဥစ္စာထုပ်ကြီး ထုပ်ရတော့မယ်, မြှုပ်ရတော့မယ်ဆိုပြီး ဝမ်းမြောက် ဝမ်းသာနေတာဟာလဲ ပုဗ္ဗစေတနာ။

ယခုလို တရားနာတဲ့အခါ ရေစက်ချတဲ့အချိန် ဝမ်းမြောက်ဝမ်းသာ တစုံတခု လောဘ ဒေါသဆိုတဲ့ အကုသိုလ် အညစ် အကြေးတွေ မဝင်လာစေဘဲနဲ့ လှူတဲ့ အခိုက်အတန့် ဖြူဖြူ စင်စင် ဝမ်းမြောက် ဝမ်းသာ စိတ်ကို ထားနိုင်တာ မုဉ္စစေတနာ။

လှူပြီးပြန်တော့လဲ မေ့ပျောက် မပစ်ဘဲနဲ့ "ဗရားအစရှိတဲ့ ပညာရှိ သူတော်ကောင်းကြီးတွေ ပြုလုပ်တဲ့ထုံး ငါတို့တတွေလဲ ကျင့်သုံးပြုလုပ် အားထုတ်ရပေပြီ"လို့ လှူပြီးတဲ့နောက်လဲ ဝမ်းမြောက်နေရမယ်တဲ့၊ အဲဒါ အပရစေတနာ၊ ဤစေတနာ သုံးပါးနှင့် ပြည့်စုံခြင်းကို အလှူပေး ပုဂ္ဂိုလ်တို့ဘက်က အင်္ဂါသုံးပါးလို့ ခေါ်ပါတယ်။

**အလှူခံ၌ အင်္ဂါ ၃-ပါး။** ။အလှူခံ ဖြစ်တဲ့ သံဃာတော်တွေ ဘက်ကလဲဘဲ လောဘကို ရှေးရှုပြီး အလှူမခံကြဘဲ "ငါတို့သည် လောဘကင်းအောင် ကျင့်ကြံမယ်၊ ဒေါသကင်းအောင် ကျင့်ကြံမယ်၊ မောဟကင်းအောင် ကျင့်ကြံမယ်" ဆိုတဲ့ အနေမျိုးနှင့် အလှူခံတော်မူကြပါ၊ အဲဒီလို အလှူခံရင် အလှူခံပုဂ္ဂိုလ်ဖြစ်တဲ့ သံဃာတော်တွေဘက်ကလဲဘဲ အင်္ဂါသုံးပါးနှင့် ပြည့်စုံပါတယ်၊ ပေါင်း အင်္ဂါ ခြောက်ပါးနှင့် ပြည့်စုံညီညွတ်တဲ့ ကုသိုလ်ကို ဆဠင်္ဂသမန္နာဂတကုသိုလ် လို့ ဆိုရပါမယ်၊ ဤ ကုသိုလ်မျိုးရဲ့ အကျိုးကို ကုန်စင်အောင် ဟောပြဘို့ မလွယ်ကူဘူးဟု မြတ်စွာဗုဒ္ဓ မိန့်တော်မူပါတယ်။

ဒါကြောင့် ဒီနေ့ ဝတ်ပေးထားတဲ့ ကိုရင်လေးကို လှူရင်လဲဘဲ အဲဒါ အင်္ဂါခြောက်ပါးနှင့် ပြည့်စုံတဲ့ အလှူဒါနမျိုးဘဲ ဖြစ်ပါတယ်လို့ အဋ္ဌကထာ ဆရာက ဖွင့်ပြထားတယ်။ ဘာပြုလို့လဲလို့ မေးစရာရှိသောကြောင့် -

သောပိ ဟိ သောတာပတ္တိမဂ္ဂတ္ထမေဝ ပဗ္ဗဇိတော (အံ၊ ဋ္ဌ၊ ၃၊ ၁၀၈)

ဟိ၊ မှန်၏။ သောပိ၊ ဒီနေ့ ဝတ်ပေးထားတဲ့ ထို ကိုရင်လေးသည်လည်း။ သောတာပတ္တိမဂ္ဂတ္ထမေဝ၊ သောတာပတ္တိမဂ်အကျိုးငှါသာလျှင်။ ပဗ္ဗဇိတော၊ ရှင်ပြုလာခဲ့၏။

သောတာပတ္တိမဂ်ဖြင့် နိဗ္ဗာန်ကို မျက်မှောက် ပြုချင်လို့ ကိုရင်လေး ဝတ်တာပါ၊ ဒီတော့ မနေ့က ကိုရင်ဝတ်ခဲ့တဲ့ထဲမှာ ပါပါတယ်။

သံသာရဝဋ္ဋဒုက္ခတော မောစနတ္ထာယ ပဗ္ဗဇ္ဇံ ယာစာမိ။

သင်္ကန်းဝါကလေး ဗုဒ္ဓခွင့်ပြုတော်မူတဲ့ ဖန်ရည်သောက်တဲ့ သင်္ကန်းကို ဝတ်ဆင်ပြီးတဲ့ အချိန် ဆောင့်ကြောင့်ထိုင်ပြီးတော့ လက်အုပ်ချီ တောင်းပန်တယ်၊ 'သံသာရဝဋ္ဋဒုက္ခတော မောစနတ္ထာယ ပဗ္ဗဇ္ဇံ ယာစာမိ' သံသရာဝဋ်ဆင်းရဲမှ ကျွတ်လွတ်ထွက်မြောက်ရာဖြစ်တဲ့ နိဗ္ဗာန်ကို မျက်မှောက်ပြုပါရခြင်း အကျိုးငှါ ရှင်အဖြစ် တောင်းပန်ပါတယ် ဗုဒ္ဓလို့ ဆိုကြပါတယ်။

ဒီမြေးကလေး သုံးယောက်တို့ကို သာသနာတော်တွင်း သွတ်သွင်း ချီးမြှောက်လိုက်တာက အဆင့်အတန်း မြင့်သွားတဲ့ အဓိပ္ပါယ်ပါဘဲ၊ အကျဉ်းချုပ် ပြောခြင်းအားဖြင့် နားလည်လောက်ပါပြီ၊ အဲဒီမြေးသုံးယောက်ကို သာသနာတော်တွင်း သွတ်သွင်းတဲ့ကိစ္စနှင့် လောကုတ္တရာ မင်္ဂလာကိစ္စကို အကြောင်းခံပြီးတော့ ခုနက လှူဒါန်းတဲ့ ဒါန ဝတ္ထုပစ္စည်း၊ ဒါကြောင့် ဒီကနေ့ အလှူသည် သာသနာနုဂ္ဂဟ သိက္ခာပဒပူဇာ အနေနှင့်လဲ အောင်မြင်တယ်၊ သာသနာတော်ကို ချီးမြှောက်ပြီးတော့ ကိုရင်များ ကျင့်သုံးတဲ့ သိက္ခာပုဒ်ဖြင့် မြတ်စွာဗုရားကို ပြန်ပြီးတော့ ပူဇော်တယ်ဆိုတဲ့ ကိစ္စလဲ အောင်မြင်တယ်၊ ဒါ **သာသနာနုဂ္ဂဟ သိက္ခာပဒပူဇာ**။

ထိုကဲ့သို့ ပူဇော်တာကို အကြောင်းခံ၍ထားတဲ့ ဒါနကုသိုလ်ကိစ္စလည်း ဒီကနေ့ အောင်မြင်သွားတယ်၊ အဲဒီ လှူဒါန်းတဲ့ ဒါနကိစ္စကို အကြောင်းခံပြီးတော့လဲ ဒီကနေ့ သရဏဂုံ သုံးပါးနှင့် ငါးပါးသီလ ဆောက်တည်တယ်၊ ခုဟောနေတဲ့ တရားကို အာရုံပြုပြီးတော့ နာရတဲ့ အတွက်ကြောင့် ဘာဝနာကိစ္စလဲ အလိုလိုပြီးတယ်၊ ဓမ္မသဝန ဓမ္မဒေသနာဆိုတာ ဘာဝနာထဲ ထည့်ပါလို့ အင္ဂုတ္တိုရ် အဋ္ဌကထာ (အဘိ၊ ဋ္ဌ၊ ၁၊ ၂၀၃) ဆရာက ဖွင့်ပြထားတယ်။

**တရားအဆုံး နိဂုံး**။ ။ဒါကြောင့် အတိုချုပ်အဓိပ္ပါယ်အားဖြင့်ပြောရလျှင် ဒီကနေ့ ခုအချိန် ဟောနေတဲ့ တရားနှင့် နာနေတဲ့ ဓမ္မသဝန ကုသိုလ်ကိစ္စသည် နှစ်ဦးနှစ်ဘက် ဘာဝနာကိစ္စပြီးမြောက်သည်၊ ဒါကြောင့် ဒါန သီလ ဘာဝနာ ကိစ္စသုံးပါးစလုံး စုံတဲ့ အလှူပါဘဲလို့ အဲဒီလို စုံစုံနှင့် လှူဒါန်းပြီးတော့ကို လှူဒါန်းရတဲ့ ဘိုးများ ဘွားများ မိများ ဘများ အခုတရားနာ ပရိသတ်များ သန္တာန်မှာ ဖြစ်ပေါ်နေတဲ့ ကုသိုလ် စေတနာ, သာသနာနုဂ္ဂဟ သိက္ခာပဒပူဇာ အကြောင်းခံပြီးတော့ သာမဏေဝတ်တာ ကြည်ညိုရ၊ လှူဒါန်းတာတွေကို အာရုံပြုပြီးတော့ ဖြစ်ပေါ်လာတဲ့ ကုသိုလ်စေတနာ, မိမိတို့ကျင့်သုံးထားတဲ့သီလကို အာရုံပြုပြီးတော့ ဝမ်းမြောက်ဝမ်းသာ ဖြစ်ပေါ်လာတဲ့ ကုသိုလ်စေတနာ၊ အဲဒီ ကုသိုလ် စေတနာ သုံးရပ်နှင့် ခုနကပြောပြတဲ့ 'သုသုခံ ဝတ' နိဗ္ဗာန်ကို, ဗုရားပစ္စေကဗုဒ္ဓါ အရိယာ ရဟန္တာ အရှင်မြတ်တို့သည် မျက်မှောက်ပြုအပ် မင်္ဂဖြင့် မျက်မှောက်ပြု၍ ဖိုလ်ဖြင့် ခံစားအပ်တဲ့ နိဗ္ဗာန်ကို, မဂ်ဉာဏ် ဖိုလ်ဉာဏ်တို့၏ အာရုံပြုရာဖြစ်တဲ့ နိဗ္ဗာန်ကို အာရုံပြုပြီးတော့ ယနေ့ ငါတို့ ဆည်းပူးရတဲ့ ဒါန သီလ ဘာဝနာ ကုသိုလ်သည် အဲဒီ နိဗ္ဗာန်ကို ပို့စေသတည်းဟု မရောက် ရောက်အောင် ပို့စေသတည်းဆိုတဲ့ သန္နိဋ္ဌာန်ကျဆုံးဖြတ်ချက်ချပြီးတော့ ရေစက်သွန်းချပြီးလျှင် ဒီ ကုသိုလ်သည် နိဗ္ဗာန်မရောက်မချင်း ပို့မယ့် ကုသိုလ်ဖြစ်၏၊ နိဗ္ဗာန်မရောက်မချင်း ပို့မယ့် ကုသိုလ်ဖြစ်လေအောင် ယခု ပြောခဲ့ပြီးတဲ့ နည်းအတိုင်း ကလျာဏ ပုထုဇဉ်တို့သည် မှန်းဆဒိဌ္ဌာရုံပြုတဲ့နည်းနဲ့ **အနုမာနသိဒ္ဓိ** ဆိုတဲ့နည်းနဲ့ အာရုံပြုပြီးတော့- ဒီကနေ့ လှူတဲ့ ဒါန်းတဲ့ ဒါနကုသိုလ်၊ ကျင့်သုံးရတဲ့ သီလကုသိုလ်၊ ဟောတာ ပြောတာကို နာကြားရတဲ့ ဓမ္မသဝန ကုသိုလ် စေတနာ အရပ်ရပ်တို့ကြောင့် ဝိဝဋ္ဋနိဿိတလို့ ဆိုတဲ့ ဝဋ်ကင်းရာနိဗ္ဗာန် ချမ်းသာကို အာရုံပြု မျက်မှောက်ပြုနိုင်ကြပါစေကုန် သတည်း။

## ရန်ကုန်မြို့၊ ဦးအောင်တင်–ဒေါ်ဒေါ်ခ တို့၏ အလှူမင်္ဂလာမဏ္ဍပ်၌ အဂ္ဂမဟာပဏ္ဍိတ ဓမ္မကထိက အနီးစခန်း ဆရာတော်ဘုရားကြီး၏

## အလှူရေစက်ချ

ဣဒံ နော ပုညံ အာသဝက္ခယံ အာဝဟံ ဟောတု၊
ဣဒံ နော ပုညံ အာသဝက္ခယံ အာဝဟံ ဟောတု၊
ဣဒံ နော ပုညံ အာသဝက္ခယံ အာဝဟံ ဟောတု၊

အရှင်ဘုရား လေးသင်္ချေနှင့် ကမ္ဘာတသိန်း ကာလပတ်လုံး ဒါနစသော ပါရမီ ဆယ်ပါး အပြားသုံးဆယ်တို့ကို မဆုတ်မနစ် အားသစ်ဖြည့်ကျင့်တော်မူခဲ့သည်ဖြစ်၍ သမ္မာသမ္ဗုဒ္ဓ သဗ္ဗညု စင်စစ် ဘုရားအဖြစ်သို့ ရောက်တော်မူသော မြတ်စွာဘုရား၏ 'အရဟံ' အစ ရှိသော ဂုဏ်တော်တို့ကို ယုံကြည်စိုက်စိုက် နှလုံးပိုက်၍ နှစ်ခြိုက်စွာ လက်ခံ ယုံကြည်ကြပါကုန်၏။

ထိုဘုရား ကိုယ်တော်မြတ်သည် ဟောကြားတော်မူအပ်သော မဂ်လေးပါး ဖိုလ်လေးပါး နိဗ္ဗာန် ပရိယတ္တိဟု ဆိုအပ်သော ဆယ်ပါးသော တရားတော်မြတ်တို့၏ 'သွာက္ခာတော' အစရှိသော ဂုဏ်တော်တို့ကို လေးလေးနက်နက် သက်ဝင်ယုံကြည်ကြပါကုန်၏။

မြတ်စွာဘုရားသည် ဟောကြား ဆုံးမတော်မူသည့်အတိုင်း ကောင်းစွာ ကျင့်သုံးတော်မူသည်ဖြစ်၍ အရိယာစစ်စစ် ဖြစ်တော်မူသော အရိယာ သံဃာတော်များ၏ 'သုပ္ပဋိပန္နော' အစရှိသော ဂုဏ်တော်တို့ကို လေးလေးနက်နက် သက်ဝင်ယုံကြည်ကြပါကုန်၏ဘုရား။

တပည့်တော်တို့သည် ယခုလှူဆဲ ပေးကမ်းဆဲ ရေစက်သွန်းချဆဲဖြစ်သော ကုသိုလ်ကံကို လေးလေး နက်နက် သက်ဝင်ယုံကြည်ကြပါကုန်၏၊ ထိုကုသိုလ်ကံ၏ အကျိုးတရားကို လေးလေး နက်နက် သက်ဝင်ယုံကြည်ကြပါကုန်၏၊ ဤဘဝ ထိုဘဝ ပစ္စက္ခနှင့် တမလွန် နှစ်တန်သော ဘဝကို ဘုရားတပည့်တော်တို့သည် လေးလေး နက်နက် သက်ဝင်ယုံကြည်ကြပါကုန်၏။

ဤကဲ့သို့ ယုံကြည်ကြကုန်သည်ဖြစ်၍ သဒ္ဓါ, သီလ, သုတ, စာဂ, ပညာ ငါးဖြာသောတရား လက်ကိုင်ထားရှိကြပါကုန်သော ဘုရားတပည့်တော်တို့သည် သာသနာကို ချီးမြှောက်သည်၏ အစွမ်းအားဖြင့်၎င်း၊ သိက္ခာပုဒ်ဖြင့် မြတ်စွာဘုရားကို ပူဇော်သည်၏ အစွမ်းအားဖြင့်၎င်း၊ သုံးဆောက်သော မြေးရတနာတို့ကို ရှင်သာမဏေတို့အား လျော်လျောက်ပတ်သော သင်္ကန်း သပိတ် ပရိက္ခရာ အဆင်းတန်ဆာတို့ဖြင့် တန်ဆာဆင်၍ မြတ်စွာဘုရား၏ မြေးတော်အဖြစ်ဖြင့် သာသနာတော်တွင်းသို့ သွတ်သွင်း၍ သာသနာနုဂ္ဂဟ ဓမ္မာနုဂ္ဂဟ အနေအားဖြင့် ချီးမြှောက်ကြပါကုန်၏။

ဤကဲ့သို့ ချီးမြှောက်ရသော သာသနာနုဂ္ဂဟ-ဓမ္မာနုဂ္ဂဟ-သာမဏေရ ပဗ္ဗဇ္ဇမင်္ဂလာ အကြောင်းခံ၍ ယနေ့ နံနက်စောစောအချိန်၌ (၇၄) ပါးသော ဗုဒ္ဓအမှူးရှိသည့် သံဃာတော်မြတ်ကို မွန်မြတ်သော ဆွမ်း ခဲဘွယ် ဘောဇဉ် ချိုချဉ် အရသာ အစရှိသည်တို့ဖြင့် အရိုအသေ ကိုယ်တိုင်လက်ဖြင့် ဆက်ကပ်လုပ်ကျွေး ပြုစုကြပါကုန်၏၊ ပရိတ်ရွတ်ဖတ်သော အရှင်မြတ်တို့အား ပင့်ဖိတ်အပ်သော အရှင်မြတ်တို့အား ရည်မှန်းသည့်အတိုင်း ပိဋကတ်သုံးပုံဟု ဆိုအပ်သော ဓမ္မစေတီတော်တို့ကို အပ်နှင်း၍ တည်ထားကြပါကုန်၏၊ ကိုးကွယ်ကြပါကုန်၏၊ ရွှေထီးကိုလည်း ရည်မှန်းသည့်အတိုင်း လှူဒါန်း ဆက်ကပ်ကြပါကုန်၏၊ သင်္ကန်း, ထီး, ဘိနပ် အစရှိသော လှူဖွယ်ဝတ္ထုတို့ကိုလည်း အသီးသီး အသက အသက ပိုင်းခြား၍ ကိုယ်တိုင် လက်ရောက် လှူဒါန်းကြပါကုန်၏။

ယခုပစ္စက္ခကာ၌ အလှူခံပုဂ္ဂိုလ် အလှူဝတ္ထုတို့ကို အာရုံပြု၍ ဗုဒ္ဓတပည့်တော်တို့အား ဝမ်းမြောက်ရသော ကုသိုလ်စေတနာတို့သည် ဖြစ်ပွါးလျက်ရှိကြပါကုန်၏။

လှူဒါန်းအပ်သော ဒေယျ ဓမ္မ ဝတ္ထု ပစ္စည်းတို့သည် မမြဲသောကြောင့် အနိစ္စ-အနိစ္စ၊ ထိုဝတ္ထုတို့ကို ပုဂ္ဂိုလ်နှင့်တကွ အာရုံပြု၍ ဗုဒ္ဓတပည့်တော်တို့ သန္တာန်၌ ဖြစ်ပေါ်သော ကုသိုလ်စေတနာနှင့်တကွ စိတ္တုပ္ပါဒ်တို့သည် မမြဲသောကြောင့် အနိစ္စ အနိစ္စ၊ ထိုကုသိုလ်စေတနာ စိတ္တုပ္ပါဒ်တို့၏ မှီရာ ဟဒယဝတ္ထု, ထိုဟဒယဝတ္ထုရုပ်၏ မှီရာ မဟာဘုတ်ကြီး၊ ဒီ ရုပ်တရားတို့သည် မမြဲသောကြောင့် အနိစ္စ-အနိစ္စ၊ ဤကဲ့သို့ ဘာဝနာ အနိစ္စ လက္ခဏာတင်၍ ဆင်ခြင် သုံးသပ်ကြပါကုန်၏ အရှင်ဘုရား။

ဗုဒ္ဓ တပည့်တော်တို့၏ ဤယနေ့ လှူဒါန်းရသော ဒါနကုသိုလ်, ကျင့်သုံးရသော သီလကုသိုလ်, ပွါးများရသော ဘာဝနာကုသိုလ် သာသနာနုဂ္ဂဟ ဓမ္မာနုဂ္ဂဟ ကုသိုလ်စေတနာသည် အာသဝေါတရားလေးပါးတို့၏ ကုန်ရာ နိဗ္ဗာန်သို့ ဝိဇ္ဇာသုံးပါး၊ ဝိဇ္ဇာရှစ်ပါး၊ စရဏတဆယ့်ငါးပါး၊ ပဋိသမ္ဘိဒါ လေးပါး၊ အဘိညာဏ်ခြောက်ပါး၊ သမာပတ်ရှစ်ပါး မြတ်တရားတို့ဖြင့် တန်းဆာဆင်အပ်သော မဂ်ဉာဏ် ဖိုလ်ဉာဏ်ဖြင့် မရောက် ရောက်အောင် ကုသိုလ်ရှင်ဖြစ်သော ဗုဒ္ဓတပည့်တော်တို့ကို ရွက်ဆောင်နိုင်သည် ဖြစ်ပါစေသတည်း၊ တဏှာမှ ထွက်မြောက်ရာ နိဗ္ဗာန်၏ အကြောင်း အထောက်အပံ့သည် ဖြစ်ပါစေသတည်း။

သမ္မာသမ္ဗောဓိ, ပစ္စေကဗောဓိ, သာဝကဗောဓိ ဟု ဆိုအပ်သော ဗောဓိဆု ဗောဓိဉာဏ်တို့တွင် ဗုဒ္ဓတပည့်တော်သည် လိုလားအပ်သော ဗောဓိဆု ဗောဓိဉာဏ်၏ အကြောင်း အထောက်အပံ့သည် ဖြစ်ပါစေသတည်း။

ဗောဓိဉာဏ်ကို မျက်မှောက်မပြုရသေးမီ သံသရာ၌ ကျင်လည်ကုန်သည်ရှိသော် လူမြတ် နတ်မြတ် သမ္မာဒိဋ္ဌိ ဖြစ်သော ဘဝဇာတ်တို့၌ ဘဝတိုင်း-ဘဝတိုင်း ဖြစ်ကြကုန်၍ ဖြစ်တိုင်း ဖြစ်တိုင်းသော ဘဝတို့၌ ဗုဒ္ဓတပည့်တော်တို့သည် တောင့်တအပ်သော ဗောဓိဉာဏ်၏ ရင့်ကျက်ရာ ရင့်ကျက်ကြောင်း ကောင်းမြတ်သော ဒါနစသော ပါရမီ တရားအပေါင်းတို့ကို ဆည်းပူးနိုင်ပါလိုကုန်၏။

ဤသို့ဆည်းပူး၍ အဆုံးဘဝ၌ အလိုရှိအပ်သော ဗောဓိဉာဏ်ဖြင့် သစ္စာလေးတန် တရားမှန်ကို လွယ်ကူသော အသိဉာဏ်, ချမ်းသာသော အကျင့်မျိုးဖြင့် မျက်မှောက်ပြုရပါ လိုကုန်၏။

ဤ ယနေ့ ယခု ပြုအပ်သော ကုသိုလ်ကောင်းမှု၏ အဘို့ဘာဂကို ကျေးဇူးကြီးမား နှစ်ဘက်ကုန်သော မိဘနှစ်ပါးတို့အားရင်း၊ အဘိုးအဘွားတို့အားရင်း၊ ဆရာသမားတို့ အားရင်း၊ ဆွေမျိုးသားချင်းတို့အားရင်း၊ ယခု စည်းဝေး ပူညသဟာယ မမှမိတ်ဆွေ အပေါင်းတို့ကို အစပြု၍ မြန်မာ့တိုင်းသူ ခုနစ်ရက်သမီးသား ရှင်လူတို့အားရင်း၊ ဗုဒ္ဓတပည့် တော်တို့၏ ကိုယ်စောင့် နတ် တိုက်စောင့် နတ် မြေစောင့် နတ် အရာမ်စောင့်နတ် ရပ်ကွက် စောင့်နတ် မြို့စောင့်နတ် နယ်စောင့်နတ် သာသနာစောင့်နတ် လောကစောင့်နတ် သိကြား အစရှိသော သမ္မာဒေဝနတ် အပေါင်းတို့အားရင်း၊ ငရဲသနင်း ယမမင်းတို့အားရင်း၊ ထိုမှ ကြွင်းကျန်ကုန်သော အပါယ်သူ အပါယ်သား သတ္တဝါအပေါင်းတို့အားရင်း၊ အမျှပေး ဝေပါကုန်၏၊ အမျှပေးဝေပါကုန်၏၊ အမျှပေးဝေပါကုန်၏။

မိဘ ဘိုးဘွား ဆရာသမား အစထားအပ်ကုန်သော လူနတ်ပြဟ္မာ သတ္တဝါအပေါင်း တို့သည် ကောင်းမှုအဘို့တို့ကို ဝမ်းမြောက်ကြကုန်၍ ဗုဒ္ဓတပည့်တော်တို့နှင့် ထပ်တူထပ်မျှ ကုသိုလ် အဘို့ကို ရကြကုန်၍ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြသည် ဖြစ်ပါစေကုန်သောဝ်။

× × × ×

## ၁၃၃၀-ခု၊ ပြာသိုလပြည့်ကျော် (၂)ရက်နေ့၊ ရန်ကုန်မြို့၊ ၄၆-လမ်း၊ ကျောင်းအမ ဒေါ်မမကြီး၏ တူ-တူမများဖြစ်ကြသော တံတားဦးမြို့၊ အလှူဒကာ ဦးလှပေါ်-အလှူ့အမ ဒေါ်မမလေးတို့၏ အလှူမင်္ဂလာ၌ ဟောကြားအပ်သော

## ပဗ္ဗဇ္ဇမင်္ဂလာ ဒေသနာ

ဘုန်းကြီးက ရှေးဦးစွာ အာသီသ ဂါထာကို ရွတ်ပါအုံးမယ်၊ ယခုရောက်လာကြသော ပရိသတ်တွေနှင့်တကွ အလှူ့ဒကာ အလှူ့အမ အစပြုပြီးတော့ တရားနာရန် ရောက်လာကြတဲ့ ပရိသတ် သူတော်ကောင်းတွေနှင့်တကွ ဟောပြောတဲ့ ပုဂ္ဂိုလ်ပါ အန္တရာယ် ကင်းပြီး ကျက်သရေ မင်္ဂလာ အပေါင်းနှင့် ပြည့်စုံတဲ့ဂါထာ၊ ပြည့်စုံစေတတ်တဲ့ ဂါထာကို ဘုန်းကြီးက ရွတ်ပါ့မယ်။

မြတ်စွာဗုဒ္ဓ တရားတော်မှန်လျှင် ကျက်သရေမင်္ဂလာနှင့် ပြည့်စုံတာချည်းပါဘဲ၊ သို့ရာတွင် အဋ္ဌကထာ[၁] ဆရာက နာကြားရတဲ့ သူတွေနှင့်တကွ ဟောရွတ်တဲ့ ပုဂ္ဂိုလ်ပါ အကုန်လုံး ကျက်သရေ မင်္ဂလာနှင့် ပြည့်စုံတဲ့ဂါထာ...လို့ အထူးဖွင့်ပြထားပါတယ်၊ "သဗ္ဗ မင်္ဂလာ ကိရေသာ ဂါထာ"တဲ့၊ ဒါကြောင့် ယခု တရားနာပရိသတ် အပေါင်းတွေအားလုံး အန္တရာယ်ကင်းပြီး ကျက်သရေ မင်္ဂလာနှင့် ပြည့်စုံကြပါစေ-လို့ တောင့်တပြီး ရွတ်ဆိုပါ့မယ်။

### သဗ္ဗမင်္ဂလာဂါထာ

ဒိဝါ တပတိ အာဒိစ္စော၊ ရတ္တိမာ' ဘာတိ စန္ဒိမာ၊
သန္နဒ္ဓော ခတ္တိယော တပတိ၊ ဈာယီ တပတိ ဗြာဟ္မဏော။
အထ သဗ္ဗမဟောရတ္တိံ၊ ဗုဒ္ဓေါ တပတိ တေဇသာ[၁]၊
ဣမိနာ တေဇသမ္ဘုနာ၊ သာဝတေ ဟောန္တု သဗ္ဗဒါ။

အာဒိစ္စော၊ ရောင်ခြည်တထောင် မကဆောင်သည့် ထွန်းပြောင်ထိန်လင်း ရှင်နေမင်းသည်။ ဒိဝါ၊ အမိုက်မှောင်ပယ်ခွင်း အလင်းရောက်လာ နေ့အခါ၌သာလျှင်။ တပတိ၊ ထွန်းလင်း ကျက်သရေ တင့်တယ်နိုင်ပါပေ၏။ စန္ဒိမာ၊ အေးမြချမ်းသာ ရောင်ဝါပဝင်း ရွှေလမင်းသည်။ ရတ္တိံ၊ အလင်းရောင်ကွယ်ပျောက် မိုက်မှောင်ရောက်လာ ညဥ့်အခါ၌ သာလျှင်။ အာဘာတိ၊ ထွန်းလင်းကျက်သရေ တင့်တယ်နိုင်ပါပေ၏။ ခတ္တိယော၊ ရေမြေ

---

၁။ နိဒါနဝဂ္ဂသံယုတ် ပါဠိတော်၊ နှာ-၄၇၁။ ၎င်းအဋ္ဌကထာ၊ နှာ-၂၂၆။

သေဋ္ဌနင်း ပြည့်ရှင်မင်းသည်။ သန္တွေ၊ ရတနာစိန်ကျောက် ထိန်ထိန်တောက်သည့် မင်းမြောက်တန်းဆာ ဝတ်စားဆင်ယင်မှသာလျှင်။ တပတိ၊ ထွန်းလင်းကျက်သရေ တင့်တယ်နိုင်ပါပေ၏။ ပြာဟ္မဏော၊ အာသဝေါကင်းကွာ ရဟန္တာ အရှင်မြတ်သည်။ ဈာယီ၊ ဈာန် သမာပတ် အဘိညာဏ် ဝင်စားမှသာလျှင်။ တပတိ၊ ထွန်းလင်းကျက်သရေ တင့်တယ်နိုင်ပါပေ၏။

အထ၊ ထိုသို့မဟုတ်၊ ဗုဒ္ဓေါ၊ သုံးလောက ကျော်ကြား ရှင်တော်မြတ်ဗုဒ္ဓါးကြီးသည်ကား။ သဗ္ဗမဟောရတ္တိံ၊ နေ့ရောညဥ့်ပါ ဘယ်ခါမဆိုင်း အချိန်ရှိတိုင်းသာလျှင်။ တေဇသာ၊ ကျက်သရေတန်ခိုး တင့်တယ်ခြင်း အမျိုးမျိုးဖြင့်။ တပတိ၊ ထွန်းလင်းကျက်သရေ ဂုဏ်တက်ဝေအောင် ထူးထွေဆန်းကြယ် အံ့သြဘွယ်လျှင် တကယ်ပင် တင့်တယ်တော်မူပါပေသတည်း။

ဣမိနာ၊ အလှူပွဲသဘင် ဆင်ယင်ကျင်းပပြုလုပ်ရာ ဤချိန်ခါ၌ ကျက်သရေမင်္ဂလာနှင့် စပ်သောစကား အမှန်အားဖြင့် မြွက်ကြားပြောဆိုရလေသောကြောင့်။ သာဓဝေါ၊ အလှူဒကာ အလှူအမများ အစထား၍ ယခုတရားနာလာကြသော သူတော်ကောင်းအပေါင်းတို့သည်။ သဗ္ဗဒါ၊ နေ့ရောညဥ့်ပါ ဘယ်ခါမပြတ် အခါခပ်သိမ်း။ တေဇသမ္ပန္နာ၊ လိုအပ်သမျှ ဣဋ္ဌထွေထွေ ကျက်သရေမင်္ဂလာ တန်ခိုး အမျိုးမျိုးတို့နှင့် ပြည့်စုံကြကုန်သည်။ ဟောန္တု၊ ဧကန်မသွေ ဖြစ်ကြပါစေကုန်သတည်း။ ဟောန္တု၊ သစ္စာရေ တန်ခိုးအစွမ်းကြောင့် မညှိုးမနွမ်း ပွင့်သစ်ပန်းသို့ လန်းလန်း ဆန်းဆန်း သက်ရှည်ကျန်းမာ၍ ချမ်းသာကြပါစေကုန်သတည်း။

ဤဂါထာ၏ အဓိပ္ပါယ်ဆိုလိုရင်းကတော့ နေမင်းကြီးဟာ ကျက်သရေမင်္ဂလာနှင့် ပြည့်စုံတယ်လို့ ဆိုပေမယ်လို့ အမိုက်မှောင် ပယ်ခွင်း အလင်းရောင်ရှိတဲ့ နေ့အခါမှသာလျှင် တင့်တယ်ပါတယ်၊ လမင်းကြီးလဲဘဲ မှော့ကြည့်လို့ ကျက်သရေမင်္ဂလာ အပေါင်းနှင့် ပြည့်စုံတယ်ဆိုပေမယ်လို့ နေအလင်းရောင်ပျောက် ညဥ့်အခါရောက်မှသာလျှင် တင့်တယ်ပါတယ်၊ ပြည့်ရှင်မင်းဟာ ကျက်သရေမင်္ဂလာ ဘယ်လောက်ရှိတယ် ဆိုပေမယ်လို့ ရတနာစိန် ကျောက် ထိန်ထိန်တောက်တဲ့ မင်းမြောက် တန်းဆာ ဝတ်စားဆင်ယင်မှသာလျှင် တင့်တယ်ပါတယ်၊ ရဟန္တာပုဂ္ဂိုလ်လဲ ကိလေသာ အာသဝေါတွေ ကင်းစင်ပြီး တော့ ဘယ်လောက်ပင် တင့်တယ်တယ် ဆိုပေမယ်လို့ ဈာန် အဘိညာဏ် သမာပတ်တွေကို ဝင်စားမှသာလျှင် ပိုမိုတင့်တယ်ပါတယ်။

ဗုဒ္ဓါးရှင် ကိုယ်တော်မြတ်ကြီးကတော့ ဒီလိုမဟုတ်ပါဘူး၊ ရှေးရှေးသော ဘဝ အထူးတို့က ဖြည့်ဆည်းပူးတော်မူခဲ့တဲ့ ပါရမီပေါင်းစုံ ကုသိုလ်တော် အဟုန်တို့ကြောင့် နေ့ရော ညဥ့်ပါ ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံတော်မူ တင့်တယ်တော်မူပါတယ်၊ အဲဒီ မှန်ကန်သော သစ္စာစကားကြောင့် အလှူ့ဒကာ အလှူ့အမတွေ အစပြုပြီး တရားနာလာကြတဲ့ အားလုံးသော ဒကာ+ဒကာမများလဲဘဲ အန္တရာယ်ကင်း၍ ကျက်သရေမင်္ဂလာ တန်ခိုးအမျိုးမျိုးနှင့် ပြည့်စုံကြပါစေ ..လို့ ဆိုလိုပါတယ်။

အဲဒါကြောင့် ဤကျက်သရေ မင်္ဂလာအပေါင်းနှင့် ပြည့်စုံတဲ့ မင်္ဂလာမဏ္ဍပ်ကြီး အတွင်း၌ အလွန်တရာမှ တွေ့ခဲ ကြုံခဲလှတဲ့ ဗုဒ္ဓမြတ်စွာ သာသနာတော်မြတ်ကြီးနှင့် တွေ့လို့ ကြုံလို့ ရခဲမြင့်မြတ်တဲ့ လူ့အဖြစ်ကို ကံကောင်းထောက်မပြီးတော့ ရရှိလာကြတဲ့အခါ ရရှိကျိုးနပ်ကြအောင်လို့ သတိပြုဘို့ အရေးကြီးပါတယ်၊ တွေ့ခဲ ကြုံခဲတဲ့ သာသနာတော်ကြီးနှင့် တွေ့ကျိုးနပ်အောင်, ရခဲတဲ့ လူ့အဖြစ်လဲ ရကျိုးနပ်အောင်လို့ သတိဆောင်နိုင်မှ သာလျှင် သင့်တော်မယ်။

**ဝတ္တရားပျက်ကွက်ကြ။** ။ဒီကနေ့ဘုန်းကြီးပြောချင်တာက လောကကြီးမှာ မိဘကျင့်ဝတ်တွေ အကုန်ပျက်ကွက်ပြီးတော့ လာကြတယ်၊ ဆရာသမားရဲ့ ဝတ်တွေ တပည့်တပန်းတွေက ပျက်ကွက်လာကြတယ်၊ တပည့်တပန်းတွေ ဆရာသမားတွေကို အပိုအသေ နည်းပါးလာကြတယ်၊ သားတွေ သမီးတွေက မိဘတွေကို အရိုအသေ နည်းပါးလာကြတယ်၊ လုပ်ကျွေးဘို့ ဝတ္တရားတွေ ရှိတာတောင် ရှိမှန်းမသိဘဲနဲ့ ပျက်ကွက်ပြီးတော့ တနေ့တခြား အလွန်ဆိုးဝါးလာပါတယ်။

ဘုန်းကြီးတို့ မြတ်စွာဗုရားရှင်ကိုယ်တော်မြတ်ကြီးက **စက္ကဝတ္တိသုတ်**[၁]မှာ ဟောထားတာကတော့ ဆယ်နှစ်တမ်းရောက်ရင် မိဘ သတ်ရဲတဲ့သူတွေကို "ဟောဒီလူဟာ မိဘ သတ်ရဲတဲ့ သူပါဘဲ" ဟု အာဇာနည် ချီးကျူးပွဲကြီးလုပ်လိမ့်မယ်လို့ ဟောထားခဲ့ပါတယ်၊ ဒါပေမယ်လို့ ခု အားလုံးလိုလို သတင်းစာတွေမှာတော့ သိကြရသည့်အတိုင်း ဘယ်နေရာဖြင့် အမေကိုရိုက်လို့, ဘယ်နေရာမှာဖြင့် အဖေကိုရိုက်လို့, ဘယ်နေရာမှာဖြင့် သား သမီးတွေရဲ့ ရန်ကိုကြောက်လို့ မိဘတွေ ထွက်ပြေးရတယ်-စသည်ဖြင့် ဒါတွေ များစွာသောင်းကျန်းလျက် တရားတွေ အလွန်ပျက်ကွက်လာပါတယ်၊ အဲဒါကို ဘုန်းကြီးက အထူးသတိပေး တိုက်တွန်းချင်ပါတယ်။

**မိဘ ရိုသေရကျိုး။** ။ငယ်ရွယ်တဲ့သူတွေ အလွန်အရေးကြီးပါတယ်၊ဘုန်းကြီးတို့ ခေတ်ကြီး အခါကြီးက အနာရောဂါတွေ အမျိုးမျိုးနဲ့ အသက်တွေ အလွန်တိုလာကြတယ်မဟုတ်လား၊ ဒီတော့ 'အဘိဝါဒန သီလိဿ' စတဲ့ ဒေသနာတော်အရ ကိုယ့်ထက်ကြီးတဲ့သူ မိဘ မဆိုထားနဲ့ အသက်အရွယ်ကြီးတဲ့သူကို ရိုသေလေးစားမှုရှိလျှင် မြတ်စွာဗုရား ဟောတော်မူတဲ့အတိုင်း အသက်ရှည်မယ်၊ အဆင်းလှမယ်၊ ချမ်းသာသုခနှင့်ပြည့်စုံမယ်၊ ခွန်အားဗလနှင့်ပြည့်စုံမယ်၊ ပြောင်းပြန် ပြန်လိုက်ပါက မိဘ မရိုသေဘူး, မိဘစကားနားမထောင်, မိဘတို့ကို မပြုစု မလုပ်ကျွေးတဲ့ သား သမီးများဟာ အသက်တိုမယ်၊ အရုပ်ဆိုးမယ်စသည်ဖြင့် ဆုတ်ယုတ် ပျက်စီးကြောင်း (သုတ်ပါထေယျ) စက္ကဝတ္တိသုတ် အဋ္ဌကထာ (နှာ-၃၂၊ ၄၁)၌ ပြဆိုထားပါတယ်။

---

၁။ သုတ်ပါထေယျ၊ စက္ကဝတ္တိသုတ်၊ နှာ-၆၀။ ၎င်းအဋ္ဌကထာ၊ နှာ-၃၇။

* ၁။ မိဘပြုဘူး၊ မွေးကျေးဇူး၊ ရည်စူးဆပ်ကြကာ။
၂။ ဂုဏ်ကိုမျှော်တွေး၊ သင်လုပ်ကျွေး၊ ရွှေပြေးမင်္ဂလာ။
၃။ သားသမီးဝတ်၊ သင်မချွတ်၊ ပန်းဆွတ် ကြီးပွါးရာ။
၄။ မိဘထံတွင်၊ သင်ထွက်ဝင်၊ နေ့စဉ် ဝတ်ပြုပါ။

**မိဘစော်ကားသူ ကံကြီးထိုက်ခြင်း။** ။တလော က သတင်းစာ၌ ညောင်လေးပင်နယ်မှာ သားအလတ်က အဖေကို ခြေနှင့်ကန်ပြီးတော့ ဓါးနှင့် လိုက်တယ်ဆိုပါတယ်၊ အမေကိုတော့ လည်ပင်းကြိုးတပ်ဆွဲပြီး သူလိုရာကို တောင်းပါတယ်၊ အဲဒီလို တောင်းတော့ အကိုကြီးနဲ့ ညီငယ်က မခံနိုင်သဖြင့် ရိုက်လိုက်တဲ့အတွက် ထွက်ပြေးပါတယ် ထွက်ပြေးတော့ "အေး မင်းဒဏ်ရာတွေ ဆေးရုံ ဆေးကုရအောင် နို့ နောက်ထပ် မလုပ်တော့ပါဘူး"လို့ ချော့ခေါ်ပြီး လမ်းမှာဘဲ သတ်ပစ်လိုက်တယ်....လို့ ကြားရပါတယ်၊ ဒါကံကြီးထိုက်သွားတာဘဲ မဟုတ်လား။

ဘုန်းကြီး ဇာတိအရပ်မှာလဲ ကြုံဘူးပါတယ်၊ အမေက ဒေါ်ပဲ၊ သားက မောင်မိုးညို၊ ဘုန်းကြီးများ သူငယ်ချင်း၊ အမေကို ရိုက်ပါတယ်၊တနေ့ ခုမကြာမီက သူ့သားက အဖေကို ထမ်းပိုးကြီးနဲ့ ပြန်ရိုက်ပါတယ်၊"ရှေးက ဝိပါက် ခုနစ်ရက်၊ ကာလဝိပါက် နောက်ပိုးတက်" ဆိုတဲ့ စကားအတိုင်းဘဲ မဟုတ်လား၊ ဒီလို ဆုတ်ယုတ်ပျက်စီးပြီးတော့ အသက်ကြီးတဲ့ မိမိ မိ,ဘတွေကို မရိုမသေ "အိုတာကြီး, သေခါနီးကြီး"စသည်ဖြင့် ပြောတတ်ကြဘယ်၊ ဒီလို ပြောလျှင် မိ,ဘကို ဆဲရာ ရောက်တာဘဲ၊ ဒီလိုပြောဆိုဘို့ စိတ်ကူးမျှ မထဲ့မိကြအောင် သတိပြုကြပါ။

**မိဘက ဆဲတာ ဖရုသဝါစာမဖြစ်။** ။မိမိက မိဘ မရိုသေတော့ အလွန်ကြီးလေးတဲ့ အပြစ်ဖြစ်လို့ အပါယ်လေးပါး ရောက်နိုင်ပါတယ်၊ မိဘက ဆဲတာ ဆိုတာကတော့ ဖရုသဝါစာ ကြမ်းတန်းသော ဝစီဒုစရိုက်စကား မဖြစ်ဘူး၊ အတွင်းစိတ်ဓာတ်က သိမ်မွေ့ နူးညံ့လို့၊ မိဘများနှင့် ဘယ်လောက်ကွာသလဲ ဆိုတော့ ဘုန်းကြီးတို့ စာထဲမှာ သားက အမေကို ထော်လော်ကန့်လန့် ပြန်ပြောတယ်၊ ဒါနဲ့ သားက ပြောပြီး တောထဲ ထွက်သွားတယ်၊ အမေက "တောထဲရောက်လျှင် ကျွဲရိုင်းမကြီး ခတ်သေပါစေ"လို့ ကျိန်လိုက်တယ်၊ ကျိန်လိုက်တဲ့ အတိုင်းဘဲ တောထဲရောက်တော့ တခါထဲ ချိုကြီးတဝင့်ဝင့်နဲ့ ကျွဲရိုင်းမကြီးလာပါတယ်၊ လာတော့ သစ္စာပြုတယ်၊ "ငါ့ရဲ့ အမေဟာ ကျွဲခတ်သေပါစေ, ဟု ကျိန်ဆိုလိုက်ပေမယ်လို့ အတွင်းစိတ်ဓာတ်က နူးညံ့ပြီး မသေစေလိုသော ဆန္ဒရှိတာ မှန်လျှင် ရှေ့သို့ တိုးမလာပါစေနဲ့" ဟူ၍ သစ္စာပြုလိုက်လျှင် ကျွဲမကြီးကို တိုင်၌ ကြိုးဖြင့် လူကိုင်၍ ချည်လိုက်သကဲ့သို့ ရှေ့သို့မတိုးဘဲ တန့်ရပ်နေကြောင်း သုတ်အဋ္ဌကထာ,[၁] အဘိဓမ္မာ အဋ္ဌကထာ [၂] များမှာပါ ပါတယ်။

---

၁။ ဒီ၊ ဋ္ဌ၊ ၁၊ ၇၃။ ၂။ အဘိ၊ ဋ္ဌ၊ ၁၊ ၁၄၃။

မိဘများက ဆဲဆိုပေမယ်လို့ အတွင်းစိတ်ဓာတ်က ကြီးပွါးစေလိုတဲ့ ဆန္ဒ အလွန်ကြီးမားတဲ့ အတွက်ကြောင့် ဖရုသဝါစာ ကြမ်းထန်းတဲ့ စကားမျိုး မဖြစ်ဘူးတဲ့၊ သားသမီးကသာ မိဘကို ကြမ်းကြမ်းထန်းထန်း ပြောလျှင်တော့ အလွန်ကြောက်စရာကောင်းတဲ့ အကုသိုလ်ဝစီကံ အပြစ်ကြီး ဆိုက်ရောက်ပါလိမ့်မယ်။

**မိဘမလုပ်ကျွေးသူ သူယုတ်မာ။** ။ခုခေတ်မှာ မိဘကို မလုပ်ကျွေးလျှင် အပြစ်မရှိဘူး၊ အပြစ် ကင်းတယ်လို့ ထင်နေပါတယ်၊ မဟုတ်ပါဘူး၊ မိဘကို လုပ်ကျွေး နိုင်လောက်အောင် အင်္ဂါခြေလက် ပြည့်စုံပါလျက်နဲ့ မလုပ်ကျွေးလျှင် ထိုသူကို မြတ်စွာဘုရားက "သူယုတ်မာကြီး"လို့ ဟောပါတယ်[၁]၊ အကုသိုလ်အပြစ်တွေ ထိုသူမှာ အများကြီးရှိပါတယ်။

မိဘ လုပ်ကျွေးပြန်လျှင် သူတော်ကောင်း အစစ်ကြီးဖြစ်၍ 'မာတာပိတုဥပဋ္ဌာန မင်္ဂလာ'=ကောင်းမြတ်တဲ့ မင်္ဂလာ ကုသိုလ်တွေ ဖြစ်ပြီးတော့ ဤကုသိုလ်နှင့်ဘဲ နတ်ရွာသုဂတိသို့ ရောက်နိုင်ပါတယ်။

**မိဘလုပ်ကျွေးသူ ရာမလုလင်။** ။**သခ်ဓာတ်**[၂]၌ "ဒါန ကုသိုလ် ရှိတဲ့သူ၊ သီလကုသိုလ်ရှိတဲ့သူ၊ မိဘ လုပ်ကျွေးတဲ့ သူများ သမုဒ္ဒရာ၌ မျောပါလာလျှင် မဏိမေခလာ နတ်သမီးက ကယ်ဆယ်စောင့်ရှောက်ရမယ်"လို့ ဝေဿဝဏ် နတ်မင်းက အမိန့်ချမှတ်ထားကြောင်း လာရှိပါတယ်။

အင်္ဂတိုင်း ဓမ္မပုရမြို့၌ သူတော်ကောင်း **ကိသဝစ္ဆ ရသေ့ကို ဒဏ္ဍကီမင်း** နှင့် တကွ အချို့သူများ ပြစ်မှားကြသောကြောင့် သံမိုး၊ လက်နက်မိုး၊ ပြာပူမိုး၊ မီးကြီးမိုး စသည်တို့ကို အတောင်ရှစ်ဆယ်အထိ ရွာချသဖြင့် ဘတိုင်းပြည်လုံး ပျက်စီးကုန်ကြရာ၌ **ရာမ** မည်သော လုလင်ကိုကား မိဘ လုပ်ကျွေးသော ဂုဏ်ကျေးဇူးကြောင့် နတ် များက ဘေးကင်းရာ ဗာရာဏသီမြို့သို့ ဆောင်ပို့ကြ၍ ဘေးမှ လွတ်မြောက်သွားလေသည်[၃]။

**မိဘလုပ်ကျွေးသူ ညီနောင် ၂-ယောက်။** ။ခုခေတ်က မိဘ လုပ်ကျွေးဘို့ရန် တာဝန်လေးကြတယ်၊ ကပ်တွက်ကြတယ်၊ ရှေးခေတ် သူတော်ကောင်းများကတော့ ဒီလို မဟုတ်ပါဘူး၊ ရှေးသူတော်ကောင်းများ ဖြစ်ကြသော **သောဏ ပဏ္ဍိတ၊ နန္ဒပဏ္ဍိတ** ဟူ၍ ညီအကို နှစ်ယောက်တို့မှာ ရသေ့ဝတ်ပြီးတော့ ဟိမဝန္တာ၌နေ၍ မိဘ နှစ်ပါး လုပ်ကျွေးပြုစုနေကြရာ အကိုကြီးသောဏပဏ္ဍိတ သည် ဈာန်အဘိညာဏ်နှင့် အဝေးမှာ

---

၁။ သုတ္တနိပါတ်ပါဠိတော်၊ နှာ-၂၉၀။ ဂါထာ၊ ၁၂၄။ ၎င်းအဋ္ဌကထာ၊ ပ-တွဲ၊ နှာ-၁၆၂။

၂။ ဇာ၊ ဋ္ဌ၊ ၄၊ ၁၇။

၃။ မ၊ ဋ္ဌ၊ ၃၊ ၄၂-၅။ ဇာ၊ ဋ္ဌ၊ ၅။ ၁၄၃။

သွားပြီး ချိုမြိန်ကောင်းမြတ်သော သစ်သီးများကို သွား၍ရှာတယ်၊ ညီအငယ်က အနားမှာ ရှိတဲ့မကောင်းသော သစ်သီးများရှာကြံပြီးတော့ မိဘကို ဦးအောင် အရင်ကျွေးနှင့်ပါတယ်၊ အကိုဖြစ်သူက "ငါ့ညီ မကောင်းတဲ့ မတော်တဲ့ အသီးတွေကို ရှာကြံ မကျွေးနှင့်ပါနှင့်၊ အကိုကြီးလာမှ ကောင်းမြတ် ကောင်းမွန်တဲ့သစ်သီးများကို ကျွေးချင်ပါတယ်"ဟု သုံးကြိမ်တိုင်အောင် ပြောသော်လဲ နားမထောင်သဖြင့် ငါ့ညီ နန္ဒပဏ္ဍိတ မိဘ လုပ်ကျွေးဘို့ရန် အကိုကြီးရဲ့ တာဝန်သာ ဖြစ်တယ်၊ ဆိုဆုံးမခက်၍ ငါ့စကား နားမထောင်လျှင် သင်သည် အရပ်တပါး သွားပေတော့"လို့ နှင်ထုတ်လိုက်ရာ မနေဝံ့ဘဲ နန္ဒပဏ္ဍိတသည် ဈာန်သမာပတ်ကို ဖြစ်စေ၍ အလွန်ဝေးကွာတဲ့ မနော၁ စသော တရာ့တပါး မင်းအများနှင့် ခုနစ်နှစ်ခုနစ်လ ခုနစ်ရက်ပတ်လုံး စုရုံးတိုင်ပင်ပြီး အကိုကြီး သောဏပဏ္ဍိတကို ကန်တော့လေ၍ "မိဘ နှစ်ပါးတို့ကို ရှာဖွေလုပ်ကျွေးပါရစေ"ဟု အသနားခံ တောင်းပန်၏။

ထိုအခါ ဗရားလောင်း အကိုကြီး သောဏပဏ္ဍိတသည် စိတ်နှလုံး ကြေအေး၍ ညီငယ် နန္ဒပဏ္ဍိတအား မိဘလုပ်ကျွေးမှုကို ခွင့်ပြုလိုက်ရာ မိခင်ကြီးက သားအထွေးကို သူ့အား လုပ်ကျွေးစေ၍ "ဘခင်ကြီးကို သားအကြီး လုပ်ကျွေးပါလေ"ဟု ခွဲဝေပြုလိုက်သည်ကို ဗရားအလောင်းသည် အမိစကားကို အလွန်လေးစားစွာ လိုက်နာ၍ ညီငယ်အား မမေ့မလျော့ မပေါ့မဆ လုပ်ကျွေးပြုစုရန် ဆုံးမစကားကို ဤသို့ပြောကြား ဆုံးမလေသည်။

အနုကမ္ပိကာ ပတိဋ္ဌာ စ၊ ပုဗ္ဗေ ရသဒဒီ စ နော။
မဂ္ဂေါ သဂ္ဂဿ လောကဿ၊ မာတာ တံ ဝရတေ ဣသေ[၁]။

ဣသေ၊ ရသေ့နန္ဒ ပဏ္ဍိတ။အနုကမ္ပိကာ စ၊ သားသမီးတို့အား အစဉ်သနားလေ့လည်း ရှိထသော။ ပတိဋ္ဌာ စ၊ သားသမီးတို့၏ မှီခိုကိုးစား အားထားရာလည်း ဖြစ်ပေထသော။ ပုဗ္ဗေ၊ နီနီတွေးတွေး ငယ်ငယ်ကလေးကပင်လျှင်။ နော၊ ငါတို့အား။ ရသဒဒီ စ၊ နို့ချိုရသာ ဝစွာ ကျွေးမွေး မွေးမြူလည်း မွေးမြူခဲ့ပေထသော။ သဂ္ဂဿ လောကဿ၊ နတ်ပြည်ခြောက်ထပ် အထက်ရပ်၏။ မဂ္ဂေါ စ၊ သွားရာစောင်းတန်း မင်းလမ်းမကြီးသဘွယ်လည်း ဖြစ်ပေထသော။ မာတာ၊ မွေးသည့်မိခင် ကျေးဇူးရှင်သည်။ တံ၊ သင် ညီချစ် နန္ဒပဏ္ဍိတကို။ ဝရတေ၊ ပြုစုလုပ်ကျွေးရန် အမှန်အားဖြင့် လိုလားတောင့်တ၍ နေပါသတည်း။

"ငါ့ညီ....ငါတို့ ငယ်ငယ်လေးက ကျွေးမွေးသုတ်သင်ပြီးတော့ လာတဲ့ ကျေးဇူးရှင် မိခင်ကြီးဟာ နတ်ပြည်ခြောက်ထပ်သို့ တက်ဘို့ရာ မင်းလမ်းမ စောင်းတန်းကြီး သဘွယ်လည်း ဖြစ်ပေတယ်၊ မိခင်ကြီးဟာ ငါ့ညီရဲ့ ပြုစုကျွေးမွေးမှုကို လိုလားနေပါတယ်၊ ရိုရိုသေသေ ပြုစုလိုက်ပါ"ဟု ဆုံးမလိုက်ပါတယ်[၁]။

(မိခင်ဆိုသော်လည်း ဘခင်အား လုပ်ကျွေးပြုစုရာ၌လည်း ကျေးဇူးရှင်ကြီးချည်း ဖြစ်၍ နတ်ပြည်ရောက်ကြောင်းပင် ဖြစ်သည်)

---

၁။ ဇာတကပါဠိ၊ ဒု-တွဲ၊နှာ-၇၀-၇၁။ ဇာ၊ဋ္ဌ၊ ၅၊ နှာ-၃၄၅-၃၅၀။ (သောဏနန္ဒဇာတ်)

ဤဒေသနာတော်အရ မိ,ဘ ပြုစုလုပ်ကျွေးရုံနှင့် နတ်ပြည်ခြောက်ထပ်သို့ ရောက်နိုင်သည်၊ အပြန်အားဖြင့် ယူလျှင် မိ, ဘ မလုပ်ကျွေးပါက အပါယ်လေးပါး ရောက်ကြမည်၊ အလွန်ကြောက်စရာကောင်းပါတယ်၊ ရှေးသူတော်ကောင်းများမှာ သူ့ထက်ငါ အလုအယက် မိဘများအားလုပ်ကျွေးကြသည်ကို ဤနေရာ၌ အထူးသတိပြုရန်သင့်ပါတယ်။

ဘုန်းကြီးတို့ ရဟန်းတော်များကိုပင် မြတ်စွာဗုဒ္ဓက မိဘလုပ်ကျွေးမှုကို ခွင့်ပြုတော်မူခဲ့ပါတယ်၊ ဆွမ်းခံပြီးတော့ ကိုယ်တိုင်မစားဘဲနဲ့ မိဘကို ကျွေးမွေးကောင်းပါတယ်၊ မိဘလုပ်ကျွေးတဲ့နေရာ ဝတ္ထုတွေလဲ အမြောက်အမြားရှိပါတယ်၊ လူများအဘို့ မဆိုထားပါနဲ့ ဘုန်းကြီးတို့ ရဟန်းတော်များပင် နောက်ဆုံး အရဟတ္တဖိုလ်ရမည် ဖြစ်စေကာမူ မိဘတာဝန်ရှိသေးလျှင် မယူပါနှင့်အုံးဟု လောကီ သက္ကဋရကျမ်း၌ ဤမျှ ပြဆိုထားပါတယ်။

**မိ,ဘ မလုပ်ကျွေးလျှင် အပါယ်လား။** ။မိ,ဘကို စေတနာသဒ္ဓါတရားနှင့် သက်သက် မလုပ်ကျွေးချင်တာမျိုး မဆိုထားပါနဲ့၊ မဖြစ်တဲ့အတွက် မိ,ဘနှင့် ကင်းကွာနေရလို့ မပြုစုရုံနှင့်ဘဲအပါယ်လေးပါး ရောက်တဲ့ဝတ္ထုကို ဖော်ပြလိုပါတယ်။

**ကေဠိသီလဇာတ်**[၁]**။** ။ရှေးအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး အုပ်စိုးစဉ် ထိုမင်းကြီး၏ အယူအဆ အလေ့အကျင့်သဘောမှာ နွားအို, ဆင်အို, မြင်းအို တွေ့လျှင် အပြေးအမောင်းခိုင်းပါတယ်၊ လှည်းအိုတွေ့လျှင် အဖျက်ခိုင်းပါတယ်၊ အဘိုးအို, အမယ်အိုတွေ့လျှင် ဗိုက်ဆွဲလိမ်တယ်၊ ကျွမ်းထိုးခိုင်းတယ်၊ ဝမ်းလျား အမှောက်ခိုင်းတယ် စသည်ဖြင့် အလေ့အထက ဆိုးဝါးလှစွာ ကစားကျီစယ်လေ့ရှိ၏၊ အဘိုးအို, အမယ်အိုတွေ တွေ့လို့ရှိရင် နှိပ်စက်တယ်၊ မတွေ့လျှင် ရှိတဲ့အရပ်, ကြားတဲ့အရပ်သို့ သွားအခေါ်ခိုင်းပြီးတော့ ရှေးနည်းအတူ ကစားကျီစယ်နှိပ်စက်ပြန်လေ့ရှိတယ်၊ ထိုမင်းလုပ်တဲ့ အလုပ်ကို အကောင်းထင်ပြီး တိုင်းသူပြည်သားများနှင့် မှူးကြီး မတ်ရာတွေ လိုက်ပြီးတော့ လုပ်လေ့ လုပ်ထ ရှိပါတယ်။

ဒါကြောင့် မိအို,ဘအိုတွေကို ဒီလို နှိပ်စက်နေတော့ ရှက်လည်းရှက် စိတ်လဲနာပြီး မိအို,ဘအိုများကို မင်း၏ ဘေးမှ လွတ်အောင် တိုင်းသူ ပြည်သားတွေက ဝေးရပ်ကွာခြားတိုင်းတပါးသို့ ပို့ဆောင်ကြပါတယ်။

မနုဿာ လဇ္ဇန္တာ အတ္တနော မာတာပိတရော တိရောရဋ္ဌာနိ ပေသေန္တိ၊
မာတာပိတုပဋ္ဌာနဓမ္မော ပစ္ဆိဇ္ဇိ။ ပ။ မတမတာ စတ္တာရော အပါယေ ပူရေန္တိ၊
ဒေဝပရိသာ ပရိဟာယတိ[၂]။

မနုဿာ၊ တိုင်းသူပြည်သား လူအများတို့သည်။ လဇ္ဇန္တာ၊ ရှက်နိုးစိတ်နာ မခံသာကြကုန်သည်ဖြစ်၍။ အတ္တနော၊ မိမိတို့၏။ မာတာပိတရော၊ သက်ရွယ်ယွင်းယို မိအို-ဘအို

---

၁။ ဇာ ၁-၅၃။ ၂။ ဇာ ဋ္ဌ ၂-၁၃၀။

တို့ကို။ တိရောရစ္ဆာနို၊ ဝေးရပ်ကွာခြား တိုင်းတပါးတို့သို့။ ပေသေန္တိ၊ မင်း၏ဘေးရန်မှ ဝေးကွာလွတ်အောင် ပို့ဆောင်ကြလေကုန်၏။ မာတာပိတုပဋ္ဌာနမမ္ဘော၊ မိဘတို့အား ခစားလုပ်ကျွေးတဲ့ ဝတ္တရားသည်။ပစ္စိတွာ၊ အရှင်းသတ်သတ် ကင်းပြတ်လေတော့၏။ပ။မတမတာ၊ မိဝတ်, ဘဝတ်ကင်းကွာ သေတိုင်း သေတိုင်းသော သတ္တဝါတို့သည်။စတ္တာရော အပါယေ၊ သုခကင်းကွာ ပါယ်လေးရွာတို့သို့။ ပူရေန္တိ၊ တင်းကြမ်းဖြိုးဝေ ပြည့်နှက်လေကုန်၏။ ဒေဝပရိသာ၊ နတ်ပြည်ခြောက်ထပ် ပရိသတ်သည်။ ပရိဟာယတိ၊ တနေ့တခြား ရေနည်း ငါးသို့ လျော့ပါး ဆုတ်ယုတ်ရလေ၏။

ဤဒေသနာတော်၌ မိ,ဘကိုသက်သက် မလုပ်ကျွေးချင်တဲ့ စေတနာဆိုး မပါပါဘူး၊ မင်းအနှိပ်စက်ဘေးရန်မှ လွတ်အောင်ဆိုတဲ့ စိတ်ထားဖြင့်သာ တိုင်းတပါးသို့ ပို့ကြပါတယ်၊ အဲဒီလို စေတနာဆိုးမပါပေမယ်လို့ အဝေးပို့ထားခဲ့တော့ မိ,ဘနှစ်ပါး၌ လုပ်ရမည့်ဝတ္တရားတွေ ပျက်ကွက်ပြီး အဲဒီတိုင်းသူပြည်သားတွေ သေတိုင်း သေတိုင်း အပါယ်လေးရွာသို့ ရောက်ကြတယ်၊ နတ်ပြည်ခြောက်ထပ်၌ နတ်ပရိသတ်တွေ အသစ်ဖြစ်ခြင်းမရှိတော့ချေ။

ထိုအခါ ဗရားအလောင်း သိကြားမင်းသည် လူ့ပြည်သို့ဆင်းပြီး စုံစမ်းရာ ထိုမင်း၏ ဖောက်ပြန်သော အကျင့်စာရိတ္တကို တွေ့ပါတယ်၊ ဗြဟ္မဒတ်မင်းသည် မင်္ဂလာသဘင် ဆင်ယင်ကျင်းပသော နေ့၌ မင်္ဂလာစီးတော်ဆင်နဲ့ မြို့ကို လှည့်လည်သောကာလ သိကြားမင်းက အဘိုးအိုယောင်ဆောင်လို့ နွားအို လှည်းအိုပေါ်၌ ယက်တက်အိုးများ တင်ပြီးတော့ မင်း၏ ရှေ့တည့်တည့် ဖြတ်မောင်းရာတွင် မင်းက“ဟဲ့ ဖမ်းကြဟဲ့ ဆီးကြဟဲ့”ဟု ပြောဆိုရာ သိကြားမင်း တန်ခိုးဖြင့် မင်းသာမြင်ရ၍ နောက်ပါလာတဲ့ ပရိသတ်တွေ မမြင်ရပါဘူး၊ အဲဒီလို မမြင်မှန်းသိတော့ သိကြားမင်းက မင်းရဲ့ခေါင်းပေါ်သို့ လှည်းကျော်မောင်းပြီး ယက်တက်အိုးတွေ ရိုက်ခွဲချလိုက်လျှင် မင်း၌ တကိုယ်လုံး ရွှံရွှံစိုနေတော့မှ ပရိသတ်တွေ မြင်ကြသိကြပါတယ်။

ထိုအခါ သိကြားမင်းသည် မိမိအသွင် ပြန်ဖန်ဆင်းပြီး ကောင်းကင်မှနေ၍-“အို-ဗြဟ္မဒတ်မင်း သင့်မှာလဲ အိုခြင်းတရားရှိတယ်မဟုတ်လား၊ သင်လဲ ခု အိုနေဆဲ မဟုတ်လား၊ ဘာပြုလို့ ဒီ အသက်အရွယ် ကြီးတဲ့သူတွေကို နှိပ်စက်ကျီစယ် ကစားချင်ရတာလဲ၊ ဒီကရှေ့ သင်ပြုလုပ်မြဲ ပြုလုပ်နေလျှင် ငါ့ရဲ့ ဝရဇိန်လက်နက်ဖြင့် သင့် ဦးခေါင်းကို ရိုက်ခွဲမယ်”ဆိုပြီး ကောင်းကင်က ခြိမ်းခြောက် ကြိမ်းမောင်းလျက် မိ,ဘနှင့်ပတ်သက်သော ဂုဏ်ကျေးဇူးနှင့် မိ,ဘကို လုပ်ကျွေးခြင်း၏ အကျိုးများကို ဟောပြော ပြသသည့်အတွက် ဗြဟ္မဒတ်မင်းလည်း သတိ သံဝေဂများရလျက် မိအို-ဘအိုတွေကို တိုင်းတပါးမှ ပြန်ခေါ်စေကြ၍ မိဝတ် ဘဝတ်တွေကို လုပ်ကျွေးကြသဖြင့် သေသောအခါ၌ နတ်ပြည်သို့ ရောက်ကြတယ်....လို့ ဇာတ်နိပါတ်ရှိပါတယ်။

ဗြဟ္မဒတ်မင်း ဝန့်ခံရခြင်း။ ။အဲဒီ ဗြဟ္မဒတ်မင်းဟာ ဉဩဘဝ ဖြစ်ခဲ့စဉ်က သရက်သီး လူပြီးလျှင် အသံ သာယာစွာ မြည်တွန်၍ လူခဲ့မှုကြောင့် အသံ သာယာသော အရာ၌ အသံကောင်း အခု ဗရားလက်ထက်မှာ အသီတိ မဟာသာဝက

အဝင်အပေါ် တရားဟောကောင်း တေဒင်္ဂရ **ဓမ္မကထိက လကုဏ္ဍကဘဒ္ဒိယ** ရဟန္တာ မထေရ် ဖြစ်လာပါတယ်၊ ဤသို့ ဖြစ်ပေမယ်လို့ ရှေးဗြဟ္မဒတ်မင်းဘဝက မိအို ဘအိုတွေကို ကျီစယ် ခဲ့တဲ့အတွက် သူ့မြင်လျှင် အရပ်ပုကွ အလွန်နိမ့်လှသဖြင့် ရဟန်းတော်အချို့က နွားခေါင်းဆွဲ နားဆွဲ ခေါင်းကိုင်ရမ်းခြင်းဖြင့် ကစား ကျီစယ်မှုကို အပြုခံရတယ်။

ထိုအခါ မြတ်စွာဗုဒ္ဓ ဤရဟန်းတော်ကလေးဟာ သာမန်ပုဂ္ဂိုလ်မဟုတ်ဘူး၊ မဟိဒ္ဓိက ကြီးမားသော တန်ခိုးနှင့် ပြည့်စုံကြောင်း, မဟာနုဘာဝ ကြီးကျယ်တဲ့ အာနုဘော် ရှိကြောင်း စသည်ကို ရဟန်းတို့အား ဟောကြားတော်မူသောအခါမှ သတိ သံဝေဂရကြပြီး မကျီစယ် မကစားကြတော့ပါ[၁]။

အင်္ဂုတ္တိုရ်အဋ္ဌကထာ(ပ-တွဲ၊ နှာ-၁၅၃။) ထေရအဋ္ဌကထာ (ပ-တွဲ၊ နှာ-၁၂၆။) တို့၌ ကဿပ ဗုဒ္ဓသာသနာ နောက်ပိုင်း ပန်းရံဆရာကြီးဖြစ်စဉ် တိုင်းသူပြည်သားတွေက ခုနစ်ယူဇနာ အမြင့်တည်လိုသော စေတီကြီးကို ခြောက်ယူဇနာ နှိမ့်ပြီး တယူဇနာမျှသာ တည်ခဲ့တဲ့အတွက်ကြောင့် အရပ်နိမ့်နိမ့်လေးဖြစ်နေတယ်၊ လူကြီး သူကြီးတွေ ကျီစယ်ပြီး ကစားခဲ့တဲ့ အကုသိုလ်ကံကြောင့် သူ့မြင်လျှင် ကစား ကျီစယ်ချင်စရာ အဖြစ်မျိုးဖြစ်တယ်.... လို့ ကျမ်းစာများမှာ ဆိုထားပါတယ်။

**ဝိပါကဝဋ္ဋ်တရား လိုက်တတ်ပုံ။** ။ထိုမှတပါး ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းပြုစဉ်အခါ ရွှေ နန်းတော်သို့ ပစ္စေကဗုဒ္ဓါ ရှစ်ပါး ဆွမ်းဘုဉ်းပေး ကြွလာ တော်မူကြပါတယ်၊ ပစ္စေက ဗုဒ္ဓါအရှင်မြတ်တပါးမှာ ခါးအနည်းငယ်ကုန်းပါတယ်၊ ထိုအခါ ပြောင်တတ်လှောင်တတ်ဟန်တူသော အလုပ်အကျွေး အမျိုးသမီးတယောက်က သင်္ကန်းရုံ သကဲ့သို့ ကတ္တီပါစောင်ကို ပတ်ခြုံ၍ သပိတ်အစား ရွှေခွက်ကို ပိုက်ပြီး ခါးကိုကုန်း၍ ကုန်း၍ ခါးကုန်းသော ပစ္စေက ဗုဒ္ဓါအရှင် သွားလာသကဲ့သို့ သွားလာပြသည်၊ ထိုအကုသိုလ်ကံ ကြောင့် ယခု ဗုဒ္ဓလက်ထက် တရားဟောကောင်း ပညာအရာ တေဒင်္ဂရ ဖြစ်လာတဲ့အခါ ခါးကုန်းနေသဖြင့် ခုဇ္ဇုတ္တရာ-ဟု အမည်ရကြောင်း ဓမ္မပဒ၌ လာရှိပါတယ်[၂]။

အမျိုးသားတယောက် နွားကျောင်းသားဖြစ်စဉ် ဖွတ်တွင်းကို ခဲနှင့်ပိတ်ထားပြီး နောက် (၇)ရက်မြောက်မှ ခဲကို လှပ်ကြည့်ရာ ဖွတ်ကြီးမှာ တုန်တုန်ရီရီနှင့် ထွက်လာတာကို တွေ့ရတယ်၊ ထိုသူသည် ရဟန်းဖြစ်တဲ့ဘဝ ဂူအတွင်း၌ တရားအားထုတ်နေရာ ဂူအပေါက် အလိုအလျောက် ခုနစ်ရက်ခန့် ပိတ်ပြီးမှ ပြန်လပ်လာပါတယ်[၃]။

အမျိုးသားတဦးကတော့ နွားကို လှည်းထမ်းပိုးကျင့်ရာ၌ အိပ်သော နွားအမြီးကို ကောက်ရိုးနှင့် မီးရှို့ခဲ့ဘူးသောကြောင့် ကျီးကန်းဘဝဖြစ်ရစဉ် သာဝတ္ထိပြည် မီးလောင်

---

၁။ အပ၊ ၂၊ နှာ-၁၃၂။ ဇာ၊ ဋ္ဌ၊ ၂၊ နှာ-၁၂၉-၁၃၂။ အါအံဋ္ဌ၊ ၁၊ နှာ-၁၅၂-၃။ ထေရါဋ္ဌ၊ ၂။ နှာ-၁၂၆-၁၃၂။ ၂။ ဓမ္မပဒ၊ ဋ္ဌ၊ ပ-တွဲ၊ နှာ-၁၄၄။
၃။ ဓမ္မပဒ၊ ဋ္ဌ၊ ဒု-တွဲ၊ နှာ-၂၄-၂၀။ (တယောဇနဝတ္ထု)

သည့်အခါ ကောင်းကင်သို့ပြန်သွားသော်လည်း မီးစွဲလောင်သော ကရွတ်ခွေသည် လည်ပင်း၌ စွပ်ပြီးနေတယ်တဲ့[၁]။ "ဝဋ်မှာအမြဲ ငရဲမှာ အပ" ဆိုတဲ့အတိုင်း ဤဝတ္ထုတို့ကို ထောက်ဆ၍ စေတီတော်ကြီးကို နှိမ့်တည်သည့်အလား သူတပါး ကုသိုလ်ပြုရာ၌ ယုတ်လျော့အောင် ပြောက အပြစ်မကင်းသည်ကိုရင်း၊ လူကြီး မိဘ စသည်တို့အား ရယ်ရွှင်ဘွယ် ကျီစယ် ပြုလုပ်က ဝိပါကဝဋ်တရား လိုက်တတ်ပုံ စသည်ကိုရင်း အထူးသတိ ပြုသင့်ပြုထိုက်လှပေ၏။

**မိဘလုပ်ကျွေးသော ရဟန်းအား ဗုဒ္ဓရှင် သာဓုခေါ်ခြင်း။** ။ဤမှတပါး ရဟန်းတော်တပါးသည် ပဌမ ဆွမ်းခံလို့ ရတာကို သူမစားဘဲနဲ့ မိဘနှစ်ပါးတို့အားသာ ကျွေးမွေး၏၊ မိမိအဘို့ ဒုတိယအကြိမ် ဆွမ်းခံရာ၌ ရတဲ့အခါရှိ မရတဲ့အခါရှိဖြစ်၍ မမျှတသောကြောင့် ကိုယ်ခန္ဓာပိန်ချုံးလျက် ရှိရာ ရဟန်းတော်အချို့က ကဲ့ရဲ့ကြ၏၊ နောက်ဆုံး ဗုဒ္ဓအထံတော်သို့သွား၍ လျှောက်ထားကြသောအခါ မြတ်စွာဗုဒ္ဓက ယခုလို မိဘအတွက် အငတ်ခံပြီး ကျွေးမွေးတာကို ကဲ့ရဲ့တော် မမူသည့်အပြင် သာဓုပင် ခေါ်တော်မူပါတယ်၊ ဤရဟန်းကိုပင် အကြောင်းပြု၍ ငါဗုဒ္ဓလည်း အဟိတ် တိရစ္ဆာန်ဘဝမှာပင် မိဘကို လုပ်ကျွေးတော်မူခဲ့ပုံ ပကိဏ္ဏကနိပါတ် သာလိကေဒါရဇာတ်[၂] ကို မြတ်စွာဗုဒ္ဓ ဟောကြားတော်မူထားတာ ရှိပါသေးတယ်။

**သာလိကေဒါရ ကျေးမင်းဝတ္ထု။** ။ရှေးလွန်လေပြီးရာအခါ-ရာဇဂြိုဟ်ပြည်၏ အရှေ့မြောက်ထောင့်အရပ်၌ သာလိနန္ဒိယရွာဟူ၍ ရှိပါသတဲ့၊ ထို ရွာရဲ့ အရှေ့မြောက်ထောင့်အရပ်၌ မဂဓ လယ်တောရှိသတဲ့၊ ထိုလယ်တော၏ အရှေ့မြောက်ထောင့် အရပ် သာနုတောင်ခြေ၌ လက်ပံတောကြီးရှိတယ်၊ ထို လက်ပံတောကြီး၌ လှည်းပုံတောင်း ပမာဏ လှပကြီးမားသော ကိုယ်ခန္ဓာရှိသော **ကေဒါရ ကျေးမင်း** သည် ကျေးငှက်အပေါင်း ထောင်သောင်းမက ဝန်းရံလျက် နေ၏။

ထိုအခါ-ပယ်တထောင်*ရှိ လယ်ကိုပိုင်သော ကောသိယ ပုဏ္ဏားကြီးသည် လယ်လုပ်သားတွေချလျက် ခွဲဝေပြီးတော့ အလုပ်ခိုင်းပါတယ်၊ အဲဒီလို အလုပ်ခိုင်းတဲ့အခါ လယ်လုပ်သားတဦးက ကျေးငှက်တွေ လယ်ထဲမှာ ကျရောက်ပြီး စားသောက်နေကြသည်မှာ ဒီနားက ချောက် ဟိုနားရောက် ဟိုနားလိုက်ချောက် ဒီနားရောက်နှင့် မနိုင်မနင်းဖြစ်နေရာ သူ့တာဝန်ဖြစ်လို့ ပုဏ္ဏားကြီးကို "ဒီလိုဘဲ ကျေးငှက်အပေါင်းတွေ ချောက်လို့ လှန့်လို့ မရပါဘူး၊ လယ်မှာ ကျရောက်စားသောက်ကြပါတယ်၊ ဒီအထဲမှာ အကြီးမားဆုံးဖြစ်တဲ့ ကျေးသားကြီးကတော့ စားရုံ သောက်ရုံ မဟုတ်ဘဲနဲ့ နှံကြီး နှံကောင်းတွေ ရွေးချယ်ပြီးလျှင် နေ့စဉ် နေ့တိုင်း ချီဆောင် ယူသွားလေ့ရှိပါတယ်" လို့ ပြောတဲ့အခါ လယ်ရှင် ကောသိယ ပုဏ္ဏား

---

၁။ ဓမ္မပဒ၊ ဋ္ဌ၊ ၂၊ နှာ-၂၄-၂၀။ (တယောဇနဝတ္ထု)

၂။ ဇာတကပါဠိ၊ ၁၊ နှာ-၂၇၆-၇။ ဇာ၊ ဋ္ဌ၊ ၄၊ နှာ-၂၇၆-၂၈၁။

* တပယ်လျှင် ဤခေတ် တကေနှင့် ၄-ဒသမ ဖြစ်၏။

ကြီးက လယ်စောင့် ယောကျ်ားအား "နွားမြီးကွင်းများဖြင့် အရှင်ရအောင်ဖမ်းပြီး ငါ့ထံ ပို့ရမည်" ဟု ပြောသဖြင့် လယ်ရှင်ပုဏ္ဏားကြီး ပြောတဲ့အတိုင်း ဖမ်းရာ ဗရားအလောင်း ကေဒါရကျေးမင်းကြီး ဖမ်းမိပါတယ်၊ နွားမြီးကွင်းဖြင့် မိနေတော့ ဗရားအလောင်းများဟာ တိရစ္ဆာန်ဘဝမှာတောင် ဘယ်လောက် အံ့ဩစရာ ကောင်းသလဲဆိုရင် ကျေးငှက်အပေါင်း တွေ တပြုံတစုကြီး ကျရောက် စားသောက်နေကြဆဲ ဖြစ်၍ သူ့ကို မိထား၍ နာကျင်လှ သော်လည်း "အစာဝအောင် စားကြပါစေအုံး" ဆိုတဲ့ အနေနှင့် အနာခံပြီး မအော်ဘူးတဲ့၊ အားလုံး ကျေးငှက်အပေါင်းတွေ အစာဝလောက်တဲ့ အခါကျမှ ကျယ်လောင်စွာ အသံ ပေးပြီး အော်ပါတယ်၊ အဲဒီလို အော်တော့မှ ကျေးငှက်တွေလဲ အကုန် လန့်ပျံကြပါတယ်။

ထိုအခါ လယ်စောင့် ယောကျ်ားက ကျေးမင်းကြီးကို လယ်ရှင်ပုဏ္ဏားကြီးအား အပ်ပါရော၊ ပုဏ္ဏားကြီးက ရင်ခွင်မှာ တင်ပြီးတော့ မေးမြန်းပါတယ်၊ ဘာတွေမေးသလဲ ဆိုတော့ "အသင်ကျေးသား သင်က စားသောက်ရုံမကဘဲနဲ့ ချီယူပြီးသွားတယ်လို့ဆိုပါတယ်၊ ဒီလိုလုပ်တဲ့ ကိစ္စဟာ သင့်မှာ သူများထက် ဝမ်းပိုက် ပိုကြီးလို့လား၊ သို့မဟုတ် ကျွန်ုပ်အပေါ်၌ ရန်ငြိုးရှိလို့လား၊ ဒီလိုမဟုတ်က သင်ကျေးသားတို့မှာ လှောင်ထားစရာ ဂိုဒေါင် တိုက်တာ ကျီကြများ ရှိလို့လား" ဟု ကျေးသားကြီးကို ချစ်ခင်စွာဖြင့် ပုဏ္ဏားကြီးကမေးမြန်းပါတယ်။

**ကျေးသားစကား မှတ်သားထိုက်ပုံ။** ။ဒီတော့ ကျေးသားကြီးက -

န မေ ဝေရံ တယာ သဒ္ဓိံ၊ ကောဋ္ဌော မယှံ န ဝိဇ္ဇတိ။
ဣဏံ မုဉ္စာမိ ဣဏံ ဒမ္မိ၊ သမ္ပတ္တော ကောဋ္ဌသိမ္ပလိံ။
နိဓိံ တတ္ထ နိဒဟာမိ၊ ဧဝံ ဇာနာဟိ ကောသိယ။

လို့ ပြန်ဖြေတယ်။

ကောသိယ၊ ကောသိယမည်တွင် စလွယ်တင်သည့် ဉာဏ်မြင်ကြီးမား အရှင်ပုဏ္ဏား။ မေ-မမ၊ တောတွင်မွေးဖွား အကျွန်ုပ်ကျေးသားအား။ တယာ၊ လူဇာတ် လူသား သင်ပုဏ္ဏားနှင့်။ သဒ္ဓိံ၊ မာန်မူအမျက် အတူထွက်၍။ ဝေရံ၊ ခိုက်ရန်မတဲ့ ရန်ငြိုးဖွဲ့ခြင်းသည်။ န ဝိဇ္ဇတိ၊ အကျိုးမသိ ညိုးကတိသို့ စိုးစိဆံလှသာ မရှိပါ။ မယှံ၊ နှမ်းနယ်ပါးရှား အကျွန်ုပ် ကျေးသားအား။ ကောဋ္ဌော၊ စပါးတောင်းရေ ထောင်သောင်းနေဘို့ အခြေစိုက်ခါ ကျီတိုက် တာသည်လည်း။ န ဝိဇ္ဇတိ၊ မယုံလျှင် လိုက်လံကြည့်ပါတော့ မရှိရိုးအမှန်ပါတည်း။ ကောဋ္ဌ သိမ္ပလိံ၊ ကောဋ္ဌမည်သီး လက်ပံတောကြီးသို့။ သမ္ပတ္တော၊ သလေးနှံနီ ရွေးကြံစည်၍ ထို၌ မွေ့နှောက် ရှာဖွေကောက်လို့ ပြန်ရောက်သည်ရှိသော်။ တတ္ထ၊ ကျေးငှက်လွန်ပေါ် ထိုလက်ပံ တော၌။ အဟံ၊ ကေဒါရသမုတ် အကျွန်ုပ်သည်။ ဣဏံ၊ ရှေးကယူချေး သူ့မြီကြွေး ကိုလည်း။ ဝါ - ကိုယ့်အပေါ်ရစ်ဆောင်း ကြွေးမြီဟောင်းကိုလည်း။ မုဉ္စာမိ၊ လွတ်ရန် အရေး မျှော်ကာတွေး၍ ပေးဆပ်ရပါ၏။ ဣဏံ-ဣဏံပိ၊ သနားစဘွယ် အားငယ်ငယ်နှင့် များကြွယ် ဆူဆူ ချေးလာသူကိုလည်း။ ဝါ - နောင်ခါ ရလစ် ကြွေးမြီသစ်ကိုလည်း။ ဒမ္မိ၊

ယခုအခါက အတိုးချကာ ပေးနှင့်ရပါသတည်း။ တတ္ထ၊ ကျေးငှက်လွန်ပေါ် ထိုလက်ပံတော ကြီး၌။ နိမိ-နိမိပိ၊ ပင်လုံးမညှိုး နောင်အားကိုးဘို့ အကျိုးပြီးစီး ရွှေအိုးကြီးကိုလည်း။ နိဒဟာမိ၊ မပျောက်ပျက်ရန် အားထုတ်ကြံဖန် မြှုပ်နှံရပါ၏။ ဧဝံ၊ ဤလိုထွေပြား အကြောင်းများနှင့် စပါးနှံကောင်း ချီသွားကြောင်းကို။ တံ၊ ဉာဏ်မြင်ကြီးမား သင်ပုဏ္ဏား သည်။ ဇာနာဟိ၊ ကွက်ကွက်ကွင်းကွင်း ဉာဏ်မြင်ရှင်းအောင် ထင်လင်းမှန်စွာ သိပါ တော့လော။

ယခု ကျေးမင်းကြီးက ပုဏ္ဏားကြီးကို ပြန်ဖြေတဲ့ စကား သဘောပေါက်ကြပြီ မဟုတ်လား၊ ကျေးမင်းကြီးက ''သင်ပုဏ္ဏားကြီး-သင်ပုဏ္ဏားကြီးကို ရန်လုပ်လိုလို့လဲ မဟုတ်ပါဘူး၊ တိုက်တာ ကျီကြ ဂိုဒေါင်တွေလဲ မရှိပါဘူး၊ သူများထက်ပို၍ ဝမ်းပိုက်လဲ မကြီးပါဘူး၊ ဒါပေမဲ့ ကျွန်ုပ်တို့ ကျေးသားများမှာ -

(၁) ကြွေးဟောင်းဆပ်စရာလဲ ရှိပါတယ်၊

(၂) ကြွေးသစ်ပေးစရာလဲ ရှိပါတယ်၊

(၃) မြေ၌ ရွှေအိုး မြှုပ်နှံစရာလဲ ရှိပါတယ်-ဤအကြောင်း သုံးချက်ကြောင့် စပါးနှံများကို ချီယူသွားခြင်းဖြစ်ပါတယ်။

*''ကြွေးဟောင်းဆပ်ပေး၊ ကြွေးသစ်ချလေ၊ ရွှေအိုးမြှုပ်နှံ''-ဆိုတဲ့ ရှေးစကားဟာ ဤဒေသနာတော် အရ ဖြစ်ပါတယ်၊နောက်တဖန် ပုဏ္ဏားကြီးက ''အသင် ကျေးမင်းတို့မှာ လူတို့လို ကြွေးတင်သေးသလား၊ ကြွေးသစ်တွေ အတိုးအပွါး ပေးသေးသလား၊ အိုစာ မင်းစာ မြေထဲမှာ မြှုပ်ထားသေးသလား''လို့ မေးပြန်ပါတယ်။

**ကြွေးဟောင်းဆပ်။** ။ထိုအခါ ကောသိယ ပုဏ္ဏားကြီးအား ကေဒါရ ကျေးမင်းကြီးက ချီယူသွားသော အထဲမှ တဖို့ကို ကြွေးဟောင်းဆပ်ရပုံ ဤလိုပြော ကြားပါတယ်။

မာတာ ပိတာ စ မေ ဝုဍ္ဎါ၊ ဇိဏ္ဏကာ ဂတယောဗ္ဗနာ။
တေသံ တုဏ္ဍေန ဟာတူန၊ မုဒ္ဓေါ ပုဗ္ဗကတံ ဣဏံ။

မမ၊ တောတွင် မွေးဖွား အကျွန်ုပ် ကျေးသားအား။ ဝုဍ္ဎါ စ၊ မမွတာ အစစ် ခန္ဓာ ညစ်တို့ နှစ် လ ရက်စီး အသက်လည်းကြီးကြကုန်သော။ဇိဏ္ဏကာ စ၊အင်္ဂါခြေလက် ပျက်ကွက် ယွင်းယိုင် အိုမင်းလည်း အိုမင်းကြကုန်ပြီးသော။ ဂတယောဗ္ဗနာ စ၊ဗလယုတ်ယိုင် မလှုပ်နိုင်ဘဲ ကုတ်မှိုင် ညည်းတွန် အရွယ်လည်း လွန်ကြကုန်သော။ မာတာ ပိတာ၊ မြေးမြစ်နှင့်ပျော် အသိုက်ပေါ်မှာ စောင့်မျှော်တည်းခို မိ,ဘအိုကြီးတို့သည်။ သန္တိ၊ သတိချို့ငဲ့ ချိနဲ့နဲ့နှင့် ယိမ်းနွဲ့ရိုတုံ ရှိပါကုန်၏။ တေသံ၊ ထို မိခင်ဘခင် ကျေးဖူးရှင်ကြီးတို့အား။ တုဏ္ဍေန၊ ဘာသာ

လေ့ကျက် လူတို့လက်လို ခုတ်ဖျက်လှီးသား နှုတ်သီးဖျားဖြင့်။ ဟာတူနှ၊ မျှော်ရှာလိမ့်မည် ဗျာကသီနှင့် အမှိုကြိုးစား ချီယူသွား၍။ ပုဗ္ဗကတံ၊ ရှေးမဆွက စတင်အထူး ကျွေးမွေး ဘူးတဲ့ ကျေးဇူးရှိသော။ ဣဏံ၊ ကိုယ့်အပေါ်ဝယ် ငယ်ကရစ်ဆောင်း ကြွေးမြီဟောင်း ကို။ မုဉ္စေ-မုဉ္စာမိ၊ အမြတ်တလေး မွေးတုန့်မွေး၍ ပြတ်အေးစရာ ဆပ်ပေးလိုက်ရပြန်ပါ သတည်း။

အဓိပ္ပါယ်ကတော့ "အို ကောသိယပုဏ္ဏားကြီး....ငါ၏ မိ,ဘဖြစ်တဲ့ ကျေးဇူးရှင်ကြီး နှစ်ပါးဟာ လွန်စွာ အိုမင်းကြပါပြီ၊ မိမိတို့ ကိုယ်တိုင် မိမိတို့အစာကို ရှာဖွေ၍ မစားနိုင် ကြတော့ပါ၊ထို မိ,ဘနှစ်ပြင် ကျေးဇူးရှင်ကြီးတို့ဟာ ရှေး ငါတို့ ငယ်ရွယ်စဉ်အခါက ဆိုလျှင် သန်သန်မာမာနှင့် ငါတို့ကို ရှာဖွေ၍ ကျွေးမွေးခဲ့ပေတယ်၊ မိ,ဘတို့ ရှာဖွေ ကျွေးမွေးခဲ့သော အစာအာဟာရဖြင့်သာ ငါတို့ ကြီးပြင်းလာခဲ့ရပေတယ်။

ထို့ကြောင့် မိဘတို့ရဲ့ ကြွေးတွေဟာ ငါတို့အပေါ်မှာ တင်ရှိ၍ နေခဲ့သဖြင့် ထိုကြွေး တို့ကို ဆပ်ရမည့်တာဝန်ဟာ ငါတို့ရဲ့ တာဝန်တွေဘဲ၊ ထိုကြောင့် အိုမင်းမစွမ်းရှိနေကြတဲ့ မိအို့, ဘအိုတို့အတွက် ယခု ငါချီဆောင် ယူသွားရခြင်းဟာ တင်ပေးဘူးတဲ့ မိဘရဲ့ ကျွေး ကျေးဇူး, မွေးကျေးဇူးကို ဆပ်ခြင်းဖြစ်၍ ကြွေးဟောင်းဆပ်ခြင်းပင် မည်ပေတယ် ပုဏ္ဏား ကြီး"-လို့ ကျေးမင်းကြီးက ပြန်လည်ပြောဆိုလိုက်ပါတယ်။

အဲဒါကြောင့် - အဟိတ်တိရစ္ဆာန်ဘဝ ဖြစ်ရတဲ့ ကျေးမင်းကြီးတောင်မှ မိ,ဘတို့ ကျေးဇူး ကြွေးဟောင်းဆပ်သေးတယ်၊ ဘုန်းကြီးတို့ ဗုဒ္ဓသာသနာနှင့် ကြုံပြီးတော့ လူ ကောင်း သူကောင်းတွေ ဖြစ်လာကြတဲ့အချိန်မှာ မိဘတွေကို ကြွေးဟောင်း ဆပ်မိကြပါ စေနော်။

**ကြွေးသစ်ပေး။** ။တဖန် ကြွေးသစ်ပေးရပုံကို ဤလို ရှင်းပြ ပြန်ပါတယ်။

အဇာတပက္ခာ တရုဏာ၊ ပုတ္တကာ မမ ကောသိယ။
တေ မံ ဘဋ္ဌာ ဘရိဿန္တိ၊ တသ္မာ တေသံ ဣဏံ ဒဒေ။

ကောသိယ၊ ကောသိယနွယ်ဖွား အရှင်ပုဏ္ဏား။ မမ၊ တောတွင် မွေးဖွား အကျွန်ုပ် ကျေးမင်းအား။ အဇာတပက္ခာ၊ ရှာဖွေမွေ့နှောက် စာရေကောက်ဘို့ ပြန်လျှောက်စရာ အတောင်လည်း မပေါက်ရှာကြကုန်သေးသော။ တရုဏာ၊ ကျောက်ကန်လုယက် ဥမှထွက်၍ အသက်အရွယ် နုနယ်လှကုန်သေးသော။ ပုတ္တကာ၊ နီနီတွေးတွေး သားငယ်, သမီးငယ် ကလေးတို့သည်။ ပုတ္တကာ၊ မျှော်ကာ ငံ့စား ဆာလောင်အားနှင့် ညည်းတွား သွယ်သွယ် သားငယ် သမီးငယ်တို့သည်။ သန္တိ၊ အသိုက်တွင်းမှာ ချင်းချင်းစုပုံ ရှိပါကုန်၏။ တေ၊ မပြေး မထ မြည်ကြွေးတလျက် သေးလှနုနယ် ထိုသားငယ် သမီးငယ်တို့သည်။ မံ ဘဋ္ဌာ၊ ယခု လုပ်ကျွေး ကျွန်ုပ်မွေးသကဲ့သို့။ ဘရိဿန္တိ၊ တုန့်ပြန်နောက်ထပ် ကျေးဇူးဆပ်ကာ မွေးမြူ ကြပါကုန်လတ္တံ့။ တသ္မာ၊ ထိုသို့ နောင်ခါအရေး မျှော်ကာတွေး၍ မွေးတုန့် မွေးစား

ကျေးဇူးများလှသောကြောင့်။ တေသံ၊ သေးသွယ်နုနှောင်း ထိုသားငယ် သမီးငယ်အပေါင်းတို့အား။ ဉာဏ၊ မအိုခင်က အိုလျှင်ရဘို့ ဝဲအောင်အန်သွင်း မြီချခြင်းကို။ ဒဒေ-ဒဒါမိ၊ နောက်နောင်အရေး မျှော်ကာတွေး၍ ပေးလိုက်ရပါတော့သတည်း။

ကျေးမင်းကြီး ပြောတာ ရှင်းပြီ မဟုတ်လား၊ သူ့ရဲနေရာ လက်ပံတော အသိုက်တွင်းမှာ "နီနီ တွေးတွေး အမွေးအတောင် မစုံလင်သေးတဲ့ သားငယ် သမီးငယ် လေးတွေရှိရစ်ပါတယ်၊ အဲဒီ သားငယ် သမီးငယ် လေးတွေကို ကျေးရခြင်းပင် နောင် အိုမင်းမစွမ်းရှိလာတော့ ကျွန်ုပ်ကို ပြန်ပြီး ပြုစုကြပါလိမ့်မယ်၊ ကြွေးသစ်ပေးတယ်ဆိုတာ အဲဒါကို ဆိုလိုပါတယ်" လို့ ကျေးမင်းကြီးက ပြန်ရှင်းပြီးပြတယ်။

မိဘတွေက သားသမီးတွေအပေါ် ဘယ်အချိန်က စပြီးတော့ ကြွေးသစ်တွေ ပေးလာသလဲလို့ စဉ်းစားကြစမ်း၊ ပြန်မဆပ်ရင် ဘယ်လို ကိုယ့်ဝတ္တရား ပျက်ကွက်တယ်ဆိုတာ သိကြဘို့ဘဲ။

ရွှေအိုးမြှုပ်နှံ။ ။မြေထဲမှာ ရွှေအိုးမြှုပ်နှံစရာရှိပါတယ်–ဆိုတဲ့ တတိယအချက်ကို ဆက်လက်တဖန် ကျေးမင်းကြီးက ဤသို့ ပြန်ရှင်းပြတယ်။

အညေပိ တတ္ထ သကုဏာ၊ ခီဏပက္ခာ သုဒုဗ္ဗလာ။
တေသံ ပုညတ္ထိကော ဒမ္မိ၊ တံ နိဓိံ အာဟု ပဏ္ဍိတာ။

တတ္ထ၊ ထို ကျေးငှက်တွေပေါ လက်ပံတော၌။ အညေ၊ မိဘ ဘိုးဘွား သားမြေးများမှ တပါးကုန်သော။ ခီဏပက္ခာ၊ ငေးမျှော်မှိုင်ညည်း အမွေးအတောင်လည်း မရှိကြကုန်သော။ သုဒုဗ္ဗလာ၊ ဇရာဖိစီး လွန်အားနည်းရှာကြကုန်သော။ သကုဏာပိ၊ ကျေးသူပါးနည်း ငှက်အိုကြီးတို့သည်လည်း။ သန္တိ၊ ချိန့်နဲ့တုန်ရှိပါကုန်၏။ တေသံ၊ ထိုကျေးသူပါးရှား ဒုက္ခိတ ငှက်အများတို့အား။ အဟံ၊ ကေဒါရ သမုတ် အကျွန်ုပ်သည်။ ပုညတ္ထိကော၊ ကုသိုလ်ကောင်းမှုကို အလိုရှိသည်ဖြစ်၍။ ဝါ-မညှိုးဘဝ အကျိုးရဘို့ တောင့်တရည်စူးခြင်းရှိသည်ဖြစ်၍။ ဒမ္မိ၊ တချို့တခြမ်း ခွဲဝေလှမ်း၍ ပေးကမ်းဖြန့်ကာ လှူဒါန်းရပါ၏။ တံ ဒါနံ၊ သူစိမ်းပြင်ပ ဒုက္ခိတကို မ, စ ပိုက်ထွေး လုပ်ကျွေးစိုက်ပျိုး ထိုဒါနမျိုးကို။ ပဏ္ဍိတာ၊ ကျိုးကြောင်းမြင်သိ ပညာရှိတို့သည်။ နိဓိံ တိ၊ သံသရာမျိုးထုပ် ရွှေအိုးမြှုပ်၏ ဟူ၍။ အာဟု၊ ဧကန်မုချ မိန့်ဆိုတော်မူကြပါကုန်သတည်း။

ဤဒေသနာတော်အရ သူနှင့် ဆွေမျိုးဉာတိ မတော်တဲ့ ဒုက္ခိတ ငှက်အို ငှက်နာကြီးတွေ, အတောင်တွေကျိုးပျက်လို့ မသွားနိုင် မလာနိုင်တဲ့ ငှက်တွေ လက်ပံတောကြီးမှာရှိကြပါတယ်၊ ထို ကျေးသူမရှိတဲ့ ဒုက္ခိတ ငှက်အိုကြီးတွေကို ကျွေးမွေးထားတာကတော့ တခြားမဟုတ်ပါဘူး ဘဝသံသရာအတွက် ကုသိုလ်ကောင်းမှုကို အလိုရှိသည်ဖြစ်၍ ကျွေးရမွေးရတာပါ၊ ဒါကို အနုဂါမိက ရွှေအိုးကြီးမြှုပ်တာပါ-လို့ ဆိုလိုပါတယ်။

ဤသို့ ဗုဒ္ဓအလောင်းတော်များမှာ တိရစ္ဆာန်ဘဝမှာတောင်မှ မိ, ဘများရဲ့ ကျေးဇူးကို ဆပ်ခဲ့တယ်၊ သားသမီးတွေကို ကျွေးခဲ့တယ်၊ တစိမ်းပြင်ပဖြစ်ငြား သူတပါး တို့အား ဒါနကုသိုလ်ပြုလုပ်ခဲ့, အနုဂါမိက ရွှေအိုးကြီးကို မြှုပ်နှံခဲ့တယ်။

* အံ့လောက်စရာ၊ မိမာတာနှင့်၊ ပိတာအဘ၊ မြတ်ဂုဏအား၊
ဆပ်ငြားပါလို့၊ မိကိုလကျော်၊ ဘမှာလက်ဝဲ၊ အမြဲထားလျက်၊ ပခုံးထက်တွင်၊
သို့ပင်နိစ္စ၊ လုပ်ကျွေးကြလည်း၊ ရှေးကပြုဘူး၊ မွေးကျေးဇူးကို၊
အထူးမြဲခိုင်၊ မဆပ်နိုင်တည်း။ စိတ်ခိုင် ပျော့ပျောင်း၊
ဗုဒ္ဓလောင်းတို့၊ လွှဲပြောင်းဖောက်ပြန်၊ တိရစ္ဆာန်ဟု၊
သဏ္ဌာန်ရုပ်ဝါ၊ ဖြစ်သောခါလည်း၊ ပညာဇာတိ၊ မွေးကျိုးသိ၍၊
မွေးမိ မွေးဘ၊ ပြုဘူးကြသည်၊ ရှေးကလမ်းကြောင်း ထင်ရှားတည်း။

ဤနေရာ၌ သားသမီးကို ချစ်တာများ အပြစ်ရှိတယ်လို့ ထင်ကြသလား၊ တချို့ သားသမီးကို ချစ်က အကုသိုလ်တွေလို့ ထင်မှတ်ကြတယ်၊ တဏှာပေမနှင့် ချစ်ခြင်းမျိုး မဟုတ်လို့ အကုသိုလ်မဖြစ်ပါဘူး၊ ဘုန်းကြီးတို့ ဗြဟ္မာကြီးများမှာ မေတ္တာ, ကရုဏာ, မုဒိတာ, ဥပေက္ခာ-ဆိုတဲ့ ဗြဟ္မစိုရ်တရား လေးပါးတို့ကို အမြဲလက်ကိုင်ထား၍ ပွါးများကြကုန်သကဲ့သို့ မိဘတို့သန္တာန်မှာလဲ သားသမီးများအပေါ်၌ ထိုဗြဟ္မစိုရ်တရားလေးပါးတို့ကို အမြဲတမ်း ထားကြ၍ စောင့်ရှောက်ကြပါတယ်။

**မေတ္တာ** ဆိုတာ -မမွေးဖွားခင်ကတဲက ''ဘယ်နေ့ ဘယ်ရက် ဘယ်အချိန်ခါမှာ ကျန်း ကျန်း မာမာ အင်္ဂါခြေလက် ပြည့်ပြည့်စုံစုံနဲ့ မွေးဖွားလာပါမလဲ'' ဆိုတဲ့ မေတ္တာစေတ်တွေ ဖြစ်ပေါ်နေတာကို ဆိုလိုပါတယ်၊ မွေးဖွားပြီးလို့ ငယ်ငယ် ရွယ်ရွယ် ကလေးကို ခြင်တို့, မှက်တို့, ကြမ်းပိုးတို့ ကိုက်လို့ ငိုတဲ့အခါ မိဘများရဲ့ သန္တာန်မှာ အလွန်သနားတဲ့ **ကရုဏာ** တရား တွေ သူတပါးတို့ထက် ပိုပြီး ဖြစ်ပေါ်နေပါတယ်၊ ပြေးနိုင်, လွှားနိုင် ပြောနိုင်, ဆိုနိုင်တဲ့ အရွယ်လေးရောက်လာတော့ မိ,ဘများမှာ အလွန်ဝမ်းမြောက်ခြင်း **မုဒိတာ** တရားများ ဖြစ် ပေါ်နေပါတယ်၊ အသက်အရွယ်ကြီးလို့ အတတ်ပညာပြည့်စုံပြီး ကိုယ့်အိုး ကိုယ့်အိမ်နှင့် နေထိုင်နိုင်တဲ့အခါကျတော့ ၎င်း သားသမီးများအပေါ်၌ ကြောင့်ကြမှုတွေ နည်းပါး လျော့သွားတာကို **ဥပေက္ခာ** လို့ ခေါ်ဆိုပါတယ်။

ဤ မေတ္တာ, ကရုဏာ, မုဒိတာ, ဥပေက္ခာ တရားလေးပါးတို့ဟာ ကုသိုလ်လား အကုသိုလ်လား ဆိုတော့ ကုသိုလ်စိတ်နှင့် ယှဉ်၍ ကုသိုလ်တရားသာ အစစ်ဖြစ်ကြောင်း အကုသိုလ်တရား မဟုတ်ကြောင်း အင်္ဂုတ္တိုရ် အဋ္ဌကထာ, အဋ္ဌသာလိနီ အဋ္ဌကထာတို့၌ ဆိုပုံ ထောက်ထား၍ သိနိုင်ပါတယ်၊ မိ, ဘတွေကို ဒါကြောင့် ဗြဟ္မာကြီးများနှင့် အလားတူ တယ်လို့မြတ်စွာဗုဒ္ဓက'ဗြဟ္မာတိ မာတာပိတရော''[၁] အစရှိသည်ဖြင့် ဟောတော်မူခဲ့ပါတယ်။

---

၁။ အံ၊ ၃၊ နှာ-၁၃၁။ ဇာတိဝတ်ပါဠိ၊ နှာ-၂၆၉။ ဇာတကပါဠိ၊ ၂၊ နှာ-၈၂။

ဤနေရာ၌ မိ,ဘတို့ အပေါ် သားသမီးတို့၏ အလွန်ချစ်ခြင်း,သား-သမီးတို့အပေါ် မိ,ဘ တို့၏ အလွန်ချစ်ခြင်း၏ အစွမ်းဖြင့် နူးညံ့သော စိတ်ရှိသော အဖြစ်သည် ဝဋ္ဋဂါမိ ကုသိုလ် ဖြစ်ကြောင်းကို ဒီဃနိကာယ် စက္ကဝတ္တိသုတ် အဋ္ဌကထာ(နှာ-၃၂)၌ ပြဆိုထားပါသည်၊ ဝဋ္ဋဂါမိ ကုသိုလ်-ဆိုတာ ဝဋ်ဆင်းရဲသို့ ရောက်ကြောင်းသာဖြစ်၍ မဂ်,ဖိုလ်,နိဗ္ဗာန် ရောက်ကြောင်း ရကြောင်း ကုသိုလ်မျိုး မဟုတ်ဟု ဆိုလိုသည်၊ သမ္မောဟ ဝိနောဒနီ(နှာ-၃၉၇) အဋ္ဌသာလိနီ အဋ္ဌကထာ (နှာ-၄၃၄) တို့၌ကား ထို ဝဋ္ဋဂါမိကုသိုလ်မျိုးကြောင့် လောကီ စည်းစိမ် ခံစားပြီးနောက် မဂ်ဖိုလ်ရ၍ နိဗ္ဗာန်သို့ရောက်သူတွေ မရေတွက်နိုင်အောင် များလှကြောင်း ပြဆိုထားပါသည်။

**ဥစ္စာ ၄-မျိုး။** ။ပြောဆိုအပ်ခဲ့ပြီးသော "အနုဂါမိက ဥစ္စာကို မြှုပ်နှံ" ဆိုသော စကား၌ ခုဒ္ဒကပါဌ အဋ္ဌကထာ(နှာ-၁၇၃-၄)လာ ဥစ္စာလေးမျိုး ရှိပါသည်။

(၁) ထာဝရ ဥစ္စာ
(၂) ဇင်္ဂမ ဥစ္စာ
(၃) အင်္ဂသမ ဥစ္စာ
(၄) အနုဂါမိက ဥစ္စာ များပင်ဖြစ်ပါသည်။

(၁) ရွှေ့ပြောင်း၍ မရကောင်းသော လယ်ယာမြေ အစရှိသည်တို့ကို ထာဝရ ဥစ္စာ။
(၂) ရွှေ့ပြောင်း၍ရကောင်းသော ကျွဲနွား အစရှိသည်တို့ကို ဇင်္ဂမ ဥစ္စာ။
(၃) အင်္ဂါခြေလက် အလားကဲ့သို့ သွားလာရာ၌ ပါရှိသော အတတ်ပညာများကို အင်္ဂသမ ဥစ္စာ။
(၄) ဒါန သီလ ဘာဝနာ ကုသိုလ်များကို အနုဂါမိက ဥစ္စာ-လို့ဆိုရ၏။

ဘာကြောင့် အနုဂါမိကဟူ၍ ဆိုရပါသနည်း၊ဒါန သီလ ဘာဝနာ ကုသိုလ်များသည် ပြုလုပ်သောသူ၏ နောက်သို့ နိဗ္ဗာန်ရသည်တိုင်အောင် သံသရာတလျှောက်လုံးပင် အစဉ် လိုက်ပါစောင့်ရှောက်မည် ဖြစ်သောကြောင့် ထို ဒါန,သီလ,ဘာဝနာ ကုသိုလ်များကို အနုဂါမိက ဥစ္စာ, အနုဂါမိက ရွှေအိုးဟု ဆိုရ၏။

**ရွှေအိုးမြှုပ်နှံရာဌာန ၇-ပါး။** ။ထို ရွှေအိုး မြှုပ်နှံရာ ဌာန ခုနစ်ဌာနကို နိဓိကဏ္ဍသုတ် ပါဠိတော်(နှာ-၁၀)၌ မြတ်စွာဗုဒ္ဓရှင်သည် ဟောတော်မူပါသည်။

၁။ စေတီတော်၊
၂။ သံဃာ၊

၃။ ပုဂ္ဂိုလ်၊
၄။ ညှော်သည်၊
၅။ မိခင်၊
၆။ ဘခင်၊
၇။ မိမိထက်ကြီးသော အစ်ကို အစ်မ-ဤဌာနများဖြစ်၏။

ယခုလဲဘဲ အလှူ့ဒကာ ဦးလှပေါ်-အလှူ့အမ ဒေါ်မမလေးတို့မှာ ဤပဗ္ဗဇ္ဇမင်္ဂလာ အလှူကိစ္စကြီးနှင့် ပတ်သက်၍ မြောက်မြားစွာ ကုန်ကျသမျှတွေဟာ "ရန်သူမျိုး ငါးပါးကင်းတဲ့ အနုဂါမိက ဥစ္စာထုပ်ဖြစ်သော ရွှေအိုးကြီးကို မြေကောင်းသဖွယ်ဖြစ်သော သံဃာတော်၌ မြှုပ်နှံလိုက်ရတာဘဲ" လို့ မျှားစွာ ဝမ်းသာ ဝမ်းမြောက်ကြစေလိုပါတယ်။

အနုဂါမိက ရွှေအိုးကို မြှုပ်နှံတဲ့ ဗရားအလောင်း ကေဒါရ ကျေးမင်းကြီးအကြောင်း ပြန်ဆက်ကြအုံးစို့။

**အချို့သော လူများ၌ ကျေးမင်းကျင့်ထုံးမရှိပုံ။** ။ထိုကျေးမင်းကြီးကို ကောသိယ ပုဏ္ဏားကြီးကချီးမွမ်း ချီးကျူးလိုက်တာ "အို-ကျေးမင်း-သင့်တရားမျိုး သဒ္ဓါတရား ပါးရှားတဲ့ အချို့သော လူများမှာ မရှိပါဘူး၊ အချို့သော လူများမှာ ကျေးမင်းကျင့်တဲ့ ထုံးကို သုံးရမှန်း နှုန်းရမှန်းတောင် မသိအောင် ဖြစ်နေပါတယ်" လို့ ပြောဆိုပုံကတော့—

ဘဒ္ဒကော ဝတ'ယံ ပက္ခီ၊ ဒိဇော ပရမဓမ္မိကော၊
ကေစ္စေတ္ထ မနုဿေသု၊ အယံ ဓမ္မော န ဝိဇ္ဇတိ။

အယံ ပက္ခီ၊ အဇဋာပြင် အာကာခွင်၌ ခိုဝင်ပြေးလွှား ဤကျေးသားသည်။ ဘဒ္ဒကော ဝတ၊ အကြောင်းပြန်ဟ တောင်းပန်ရ၍ ကောင်းလှပေစွတကား။ အယံ ဒိဇော၊ တောတွင် မွေးဖွား ဤကျေးသားသည်။ ပရမဓမ္မိကော ဝတ၊ လူထက်ထူးခြား တဘက်ရှားအောင် အလွန်လျှင် တရားရှိပါပေစွ တကား။ ကေစ္စေတ္ထ မနုဿေသု၊ လူကမွေးဖွား သဒ္ဓါပါး၍ တရားမဖြူ အချို့သောလူတို့၌။ အယံ ဓမ္မော၊ ဤကျေးကျင့်ထုံး နည်းစံနှုန်းသည်။ န ဝိဇ္ဇတိ၊ လုံးလုံးကွယ်ပ မသုံးရသဖြင့် ထုံးမျှရှိစေ မသိချေ။

ဤလို အထူး ချီးကျူး ချီးမွမ်းပြီး ပယ်တထောင်ရှိတဲ့ မိမိလယ်ကို ကျေးမင်းကြီးအား လှူဒါန်းလိုက်ပါတယ်၊ ထိုသို့ လှူဒါန်းလိုက်သော်လည်း ကျေးမင်းကြီးသည် အလိုက်သိစွာဖြင့် ရှစ်ပယ်မျှကိုသာ အလှူခံယူပြီး ပုဏ္ဏားကြီးအား မိဘကျေးဇူးနှင့်စပ်သော စကားကို ပြောဆိုဆုံးမ၍ မိမိဌာနသို့ ပြန်လျက် မိအို ဘအိုများ သားသမီးများနှင့်တကွ ဒုက္ခိတ ကျေးငှက်အများတို့ကို အသက်ထက်ဆုံးပင် ပြုစုလုပ်ကျွေးနေလေတော့သတည်း။

**စေတနာသုံးတန်။** ။အလှူနှင့်စပ်လို့ စေတနာသုံးတန် ဟုဆိုအပ်သော အင်္ဂါသုံးပါး အလှူဒကာ အလှူ့အမတို့ဘက်က ပြည့်စုံသင့်ပုံ ဆက်လက်ပြီး ပြောပြလိုပြန်ပါတယ်။

ပုဗ္ဗေဝ သုမနော ဒါနာ၊ ဒဒံ စိတ္တံ ပသာဒယေ။

ဒတွာ စတ္တမနော ဟောတိ၊ သော ပုညဿ သမ္ပဒါ [၁]။

ဒါနံ၊ လှူနတ်နိဗ္ဗာန် သုံးတန်မျှော်မှန်း ဒါနခန်းကို ကြိုးပမ်းအားထုတ် ပြုလုပ်ရာအခါမှ။ ပုဗ္ဗေဝ၊ လှူဒါန်းစရာ ရှာဖွေစိတ်ကူး မလှူမီ ရှေးဦးကပင်လျှင်။ သုမနော စ၊ ကုသိုလ်ပါရမီ ပြုတော့မည်ဟု စိတ်ကြည်ကြည် သဒ္ဓါပေါက်၍ ဝမ်းမြောက်ကြသည်လည်း။ ဝါ-နိဗ္ဗာန်ရသည့် ဘဝတိုင်ရောက် ကောက်ကောက်နောက်က လိုက်လာကြမည့် အနုဂါမိကဥစ္စာကို ကောင်းစွာမြှုပ်နှံမည်-ဟု ကြံစည်ဝမ်းမြောက်သည်လည်း။ ဟောတိ၊ မုချမှန်စွာဖြစ်ကြရာ၏။ ဒဒံ-ဒဒန္တော၊ စာဂရဲရဲ ဒါနပွဲကို လှူဆဲကာလ ထိုခဏ၌။ ဝါ-စေတနာဖွေးဖြူပေးလှူစဉ် ယခုလိုအခါမှာလည်း။ စိတ္တံ၊ လောဘ,ဒေါသ, မောဟစရိုက် မှောင်အမိုက်၌နှစ်ခိုက်ပျော်ရွှင် မိမိ၏ စိတ်အစဉ်ကို။ ပသာဒယေ၊ အရတော်စွာ့ ဤဒါနဟု ကြည်မြသဒ္ဓါဖြူဖွေးကြစေရာသတည်း။ ဝါ-အနုဂါမိကဥစ္စာကို ယခုအခါ မြှုပ်နှံရပေပြီဟု သာကြည်ရွှင်လန်းစေရာသတည်း။ ဒတွာ စ၊ အစ,အလယ် ဤနှစ်သွယ်၌ စိတ်ဝယ်ရွှင်ပျ လှူဒါန်းကြပြီး၍လည်း။ ဝါ-စေတနာဖွေးဖြူ ပေးလှူပြီး၍လည်း။ အတ္တမနော စ၊ ဗရားအငှရှိသော အရိယာအပေါင်း သူတော်ကောင်းတို့ ပြုလုပ်အပ်သော ထုံးကို ငါတို့လဲ ကျင့်သုံးပြုရပေပြီ-ဟု သာကြည်ရွှင်မြူး အထူးဝမ်းမြောက်သည်လည်း။ ဟောတိ၊ အာစိဏ္ဏကံ အရှိန်သန်အောင် ဖန်ဖန်ဆုချွေ ဖြစ်ကြရလေ၏။ သော၊ စ,လယ်,အဆုံး သဒ္ဓါလုံးဖြင့် ရွှင်ပြုံးဆင့်ဆင့် အသင့်ဖြည့်တင်း ဤသို့ဖြစ်ရခြင်းသည်။ ဝါ-ဤသို့ စေတနာသုံးတန် သဒ္ဓါရံ၍ထက်သန်ပြည့်စုံခြင်းသည်။ ပုညဿ၊ လူ,နတ်,နိဗ္ဗာန် သုံးတန်ရွယ်ကိုး ကုသိုလ်မျိုး၏။ သမ္ပဒါ၊ သံသရာဝဋ်လမ်းမှ ကျွတ်တမ်းဝင်ကာ အခြေခံလောက်လုံ၍ ပြည့်စုံလေတော့သတည်း။

အဓိပ္ပါယ်ကတော့ မလှူခင်က ဝမ်းမြောက်နေတာကို **ပုဗ္ဗစေတနာ**။ လှူဆဲအခါ၌နှမြောတွန့်တိုမှု အစရှိသော အညစ်အကြေးတွေ မဝင်လာစေဘဲနဲ့ ကြည်ကြည် လင်လင်ရွှင်ရွှင် ပျပျ ဝမ်းမြောက်ကြတာကို **မုဉ္စစေတနာ**။လှူပြီးတဲ့ အခါမှာလဲဘဲ မေ့ပျောက်မပစ်ဘဲကိုယ်လှူပြီးတဲ့ အလှူကို အာရုံပြုပြီးတော့ ဝမ်းမြောက် ဝမ်းသာ ရွှင်ရွှင်လန်းလန်း ဖြစ်နေတာကို **အပရစေတနာ** လို့ ခေါ်ရတယ်၊ ထိုစေတနာသုံးပါး ထက်သန်လျှင် အရှယ်သုံးပါးလုံး ဘဝသံသရာမှာ အကျိုးပေးထက်သန်ပါတယ်။

---

၁။ အင်္ဂုတ္တိုရ်၊ ၂၊ နှာ-၂၉၆။ ပေတဝတ္ထုပါဠိ၊ နှာ-၁၅၉။

**လူ့စဉ်အခါ စေတနာချို့က အပြစ်ရပုံ။** ။စေတနာ တပါးပါး ချတ်ယွင်းလျှင်လဲ အပြည့်အစုံ အရှယ်သုံးပါး အကျိုးမပေးဘဲနဲ့ အရှယ်တပါးပါး၌ ချတ်ယွင်းတတ်တဲ့အကြောင်း ကျမ်းဂန်တွေမှာ များစွာပါရှိပါတယ်၊ ပုဗ္ဗစေတနာပျက်လျှင် ဘဝသံသရာမှာ ဆင်းရဲတတ်တယ်၊ ရုပ်ဆိုးတတ်တယ်၊ အပရစေတနာပျက်လျှင် အိုတဲ့အခါ ဒုက္ခရောက်တတ်တယ်၊ ဂုဏ်သိရ် စည်းစိမ်တွေ လျှောကျပျက်စီးတတ်တယ်၊ မုဉ္စစေတနာပျက်လျှင် အင်္ဂါခြေလက်တွေ မပြည့်မစုံ ယုတ်ညံ့တဲ့အမျိုးဖြစ်ရတတ်တယ်-စသည်ဖြင့် အများကြီးရှိပါတယ်။

ဒါကြောင့် **မန်လည်ဆရာတော် ဘုရားကြီး** က ဤသို့ အောက်ပါအတိုင်း ရေးသားတော် မူထားပါတယ်။

* ဒါနဟူသည်၊ ပြုအံ့ရည်သော်၊ မလည်မသုန်၊ သဒ္ဓါဟုန်ဖြင့်၊ မတုန်မလှုပ်၊ ထိန်းအုပ်မဆွေ၊ မတွန့်စေနှင့်၊ လှူထွေရေးဘို့၊ ဉာဏ်မဲ့ချို့၍၊ တွန့်တို့တိုက၊ ပထမရှယ်၊ နောင်ခါဝယ်၌၊ နွမ်းနယ်ချမ်းသာ၊ ဆိုးရုပ်ဝါနှင့်၊ မဟာကုသ၊ ပဥ္စပါပ်၊ မဟေသိသို့၊ ယက္ခိယက္ခ၊ တူတမျှဖြင့်၊ ရူပလက္ခဏာ၊ ပျက်တတ်စွာ၏၊ နောက်မှာတွန့်ငြား၊ သားသမီးမဲ့၊ ချို့တဲ့ယွင်းယို၊ ထန်းငုတ်တိုသို့၊ အိုခါဒုက္ခ၊ ရသည်ဆင်းရဲ၊ တိမ်းလဲ့စည်းစိမ်၊ ဂုဏ်သိရ်နိမ့်ကျ၊ ဖြစ်တတ်ကြ၏၊ ပဒုမဝတီ၊ ဒေဝီနေမြတ်၊ သန္ဒေနတ်နှင့်၊ ပညတ်မည်ထုတ်၊ အပုတ္တက၊ သူဌေးစသည့်၊ ထိုမျှဝတ္ထု၊ အစုစုကို၊ မြော်ရှုနှိုင်းဆ၊ ထောက်အပ်စွာ့ရှင့်၊ မုဉ္စအခါ၊ တွန့်တိုပါသော်၊ အင်္ဂါချို့တဲ့၊ ဂုဏ်မဲ့မျိုးနွယ်၊ မတင့်တယ်ဘဲ၊ ငယ်၏တန်ခိုး၊ မပြည့်ဖြိုးသည်၊ နွမ်းညှိုးယော်ရ မည်ကိုကား။

**ဆဠင်္ဂသမန္နာဂတကုသိုလ်ကျိုး။** ။ဤဆိုအပ်ခဲ့ပြီးသော ပုဗ္ဗ မုဉ္စ အပရစေတနာ သုံးပါးနှင့် ပြည့်စုံနေလျှင် အင်္ဂါသုံးပါးနှင့် ပြည့်စုံတာဘဲ၊ အလှူခံ သံဃာတော်များ ဘက်ကလဲ လောဘ ရှေးရှုပြီးတော့ အလှူမခံဘဲ "ငါတို့သည် ရာဂကင်းအောင် ကျင့်ကြံမယ်၊ ဒေါသကင်းအောင် ကျင့်ကြံမယ်၊ မောဟကင်းအောင် ကျင့်ကြံမယ်" ဆိုတဲ့ ရည်ရွယ်ချက် နှလုံးသွင်းနဲ့ အလှူခံတော်မူကြလျှင် အင်္ဂါသုံးပါးနှင့် ပြည့်စုံတာဘဲ။

အလှူပေးပုဂ္ဂိုလ်ဘက်ကလဲ အင်္ဂါသုံးပါး၊ အလှူခံ သံဃာတော်ဘက်ကလဲ အင်္ဂါသုံးပါး၊ ပေါင်း အင်္ဂါခြောက်ပါးနှင့် ပြည့်စုံခြင်းကို **ဆဠင်္ဂသမန္နာဂတ ကုသိုလ်မျိုး** ဟူ၍ မြတ်စွာဘုရားက ဟောတော်မူပါတယ်။

ဤအရာ၌ ဥပမာအားဖြင့် ပြောရလျှင် သမုဒ္ဒရာကြီး၌ ရှိတဲ့ ရေတွေကို ခွက်ငယ် ပုံးငယ် ကလေးများနှင့် ခပ်လျှင် ကုန်သွားနိုင်ဘွယ်ရာ ရှိပါတယ်၊ အင်္ဂါခြောက်ပါးနှင့် ပြည့်စုံတဲ့ ဤကုသိုလ်မျိုး၏ အကျိုးကို ကုန်စင်အောင် ဟောပြဘို့ရာ မလွယ်ကူဟု အင်္ဂုတ္တိုရ် ပါဠိတော် (ဒု-တွဲ၊ နှာ-၂၉၆)၌ မြတ်စွာဘုရား ဟောတော်မူပါတယ်။

* ဒါနပြုရာ၊ ဤခြောက်ဖြာ၊ မှန်စွာစုံရမည်။
မလှူ၊ လှူဆဲ၊ လှူပြီးလဲ၊ စိတ်ထဲကြည်ရမည်။
လှူဒါန်း သူတွက်၊ ဤသုံးချက်၊ မပျက်စုံရမည်။
လောဘ, ဒေါ, မောလည်း၊ ဤသုံးနည်း၊ ကင်းပြီးဖြစ်ရမည်။
မကောင်းသော်လဲ၊ ကင်းအောင်ဘဲ၊ ကျင့်ဆဲဖြစ်ရမည်။
အလှူခံဘက်၊ ဤသုံးချက်၊ မပျက်စုံရမည်။
အင်္ဂါခြောက်ဝ၊ ပြည့်စုံမှ၊ မှချကျိုးကြီးမည်။

**သာသနာ့ အမွေခံကုသိုလ်။** ။ယနေ့ ကြုံခဲလှစွာ ဗုဒ္ဓမြတ်စွာ သာသနာနှင့် တွေ့ကြုံကြပြီး မြင့်မြတ်လှစွာသော လူ့ဘဝရကြတဲ့ ဤချိန်ခါမှာ သာသနာ့ဒါယဇ္ဇ သာသနာ့ အမွေခံ ကိစ္စကြီးအောင်မြင် ထမြောက်သွားပေပြီ၊သာသနာ့ အမွေခံတယ်ဆိုတာ တဦးသောသူ၏ သတို့သမီးနှင့် တဦးသောသူ၏ သတို့သား ထိမ်းမြားလက်ထပ်ကြသော သားသမီးတို့ကို အကြောင်းပြု၍ မိ, ဘ နှစ်ဦးတို့သည် ဆွေမျိုးအရင်းအချာဖြစ်သွားကြသလို ယခုလဲဘဲ မြေးရတနာလေးများကို သာသနာတော်တွင်း သွတ်သွင်းမှုကို အကြောင်းပြု၍ မြတ်စွာဗုဒ္ဓရှင် ကိုယ်တော်မြတ်ကြီးနှင့် ဆွေရင်း မျိုးရင်း ဖြစ်သွားပါတယ်၊ တရားတော်တွေနှင့်လဲ ဆွေရင်း မျိုးရင်း ဖြစ်သွားပါတယ်၊ သံဃာတော်အရှင်မြတ်တွေနှင့်လဲ ဆွေရင်း မျိုးရင်းကဲ့သို့ ရင်းရင်းကြီး ဖြစ်သွားပါတယ်၊ ဤကဲ့သို့ ရတနာသုံးပါး သာသနာတော်ကြီးနှင့် ရင်းနှီးမှုကို သာသနာ့ဒါယဇ္ဇ သာသနာ့ အမွေခံတယ်လို့ဆိုရပါတယ်။

ဤဘဝ ဤခါယခုလို သာသနာတော်နှင့် ရင်းနှီးသော သာသနာ့အမွေခံ ကုသိုလ်ကံစေတနာကြောင့် နောင်အခါတွင် ဆုမတောင်းဘဲနဲ့ ယခုလို သာသနာတော် အတွင်း၌ လူဖြစ်ရတတ်ပါတယ်၊ ဗုဒ္ဓနှင့်တွေ့လျှင် တွေ့ခြင်း ကြည်ညိုယုံကြည်တဲ့ စေတနာ သဒ္ဓါတရားတွေ တဖွားဖွား ဖြစ်ပေါ်လာတတ်ပါတယ်၊ ကံမကောင်း အကြောင်းမသင့်လို့ သာသနာပ အခါကာလ၌ လူဖြစ်ကြရသော်လည်း ဗုဒ္ဓအလောင်း အရိယာအလောင်း ရဟန်းသူတော်ကောင်း ရသေ့သူတော်ကောင်း ပုဂ္ဂိုလ်ကြီးများနှင့် တရင်းတနှီး ပေါင်းသင်း ဆက်ဆံရတတ်ပါတယ်၊ ဤမှတပါး ဆုမွန်ကောင်း တောင်းက လိုရာအကျိုးများနှင့် ပြည့်စုံစေတတ်ပါတယ်။

**ဘုန်းကံပါရမီထူးရှိသူသာ သာသနာကို ချီးမြှောက်နိုင်ခြင်း။** ။ယခုလို သာသနာတော်ကြီးကို ပစ္စည်းလေးပါးတို့ဖြင့် ထောက်ပံ့ လှူဒါန်းကြရသည်မှာ မလွယ်ကူပါဘူး၊ ဘာကြောင့်လဲဆိုလျှင် လေးသင်္ချေနှင့် ကမ္ဘာတသိန်း ပါရမီတော်တွေကို ဖြည့်ဆည်းပူးမှ ရရှိတဲ့ သဗ္ဗညုတ ရွှေဉာဏ်တော်ကြီးနှင့် သာသနာတော်မြတ်ကြီးကို တည်ထောင် ဖန်ဆင်းနိုင်ပါတယ်၊ ဘယ်လောက်ပင် တန်ခိုးဣဒ္ဓိပါဒ်နှင့် ပြည့်စုံတဲ့ နတ်မင်း, သိကြားမင်း, ဗြဟ္မာပင်းတွေ ဖြစ်သော်လည်း ဤသာသနာတော်ကြီးကို တည်ထောင် ဖန်ဆင်းနိုင်ဘို့ စိတ်ကူးမျှ မထည့်နိုင်ပါဘူး၊ ပါရမီ

ရှင် ဘုန်းရှင် ကံရှင် သမ္ဘာရှင် ဖြစ်တော်မူတဲ့ မြတ်စွာဗုဒ္ဓရှင် ကိုယ်တော်မြတ်ကြီး တည် ထောင်ထားတဲ့ သာသနာတော်ကြီးကို အတိတ်ဘဝက ပါရမီ ကုသိုလ်ထူး ရှိခဲ့ဘူးသော သူတို့သည်သာ ပစ္စယာနုဂ္ဂဟ, ဓမ္မာနုဂ္ဂဟ နှစ်ဌာနတို့ဖြင့် ချီးမြှောက်ထောက်ပံ့ လှူဒါန်းနိုင် ကြပါတယ်။

ပါရမီဘုန်းကံ မရှိတဲ့သူတွေ ယခုလို မချီးမြှောက် မထောက်ပံ့နိုင်ကြပါဘူး။

သာသနံ ပုညဝန္တဿ၊ ပုညဝန္တာဝ လာဘိနော။

နပ္ပပုညာ ကရဟစိ၊ ပဂ္ဂဏှိတုံမဝိသယာ။

ပုညဝန္တဿ၊ ဉာဿရိယ စသည်ခြောက်ဖြာ ဘုန်းသမ္ဘာနှင့် ပြည့်စုံတော်မူသော ဗုဒ္ဓရှင်ကိုယ်တော်မြတ်ကြီး၏။ သာသနံ၊ နေဝါလဝန်း တက်ထွန်းရှိန်စော် အာနုဘော် ကြီးသော သာသနာတော် မြတ်ကြီးကို။ ပုညဝန္တာဝ၊ ရှေးရှေးဘဝ သံသာရက ဘုန်းစကံထူး ရှိခဲ့ဘူးသော သူတို့သည်သာလျှင်။ ပဂ္ဂဏှိတုံ၊ပစ္စယ,ဓမ္မ နှစ်ဝ လုံလောက် ယခုလို ချီးမြှောက် ထောက်ပံ့နိုင်ခြင်းငှါ။ လာဘိနော-လာဘိနော၊ ကောင်းစွာကျွန ရှေးကံလှုသဖြင့် အော်....ရရှိ နိုင်ကြလေကုန်၏။ ပုညဝန္တဿ၊ ဉာဿရိယ စသည်ခြောက်ဖြာ ဘုန်းသမ္ဘာနှင့် ပြည့်စုံတော် မူသော ဗုဒ္ဓရှင်ကိုယ်တော်မြတ်ကြီး၏။ သာသနံ၊ နေဝါလဝန်း တက်ထွန်းရှိန်စော် အာနု ဘော်ကြီးသော သာသနာတော်မြတ်ကြီးကို။ အပ္ပပုညာ၊ ဘုန်းကံပါးရှား ဂုဏ်အင်နွမ်းပါး သောသူတို့သည်။ အဝိသယာ-အဝိသယာယ၊ အလှမ်းဝေးကွာ မတန်မရာသည်၏ အဖြစ် ကြောင့်။ ကရဟစိ၊ တဘဝ တကမ္ဘာ တရံတခါလေးသော်မျှ။ ပဂ္ဂဏှိတုံ၊ ပစ္စယ, ဓမ္မ နှစ်ဝ လုံလောက် ယခုလို ချီးမြှောက် ထောက်ပံ့နိုင်ခြင်းငှါ။ န လာဘိနော-န လာဘိနော၊ ကောင်း စွာ ကျွန ရှေးကံ မလှုသဖြင့် အော်....မရရှိနိုင်ကြပါကုန်တကား။

ယခုရွတ်ဆိုပြီးတဲ့ ဂါထာအရ သာမန်အမြင်နှင့် ဆိုလျှင်''အလှူဒကာ+အလှူအမတွေ လှူချင်ဒါန်းချင်အောင် မြှောက်ပင့်ဟောတာဘဲ''လို့ တွေးထင်စရာဘဲ မဟုတ်လား၊ မတွေး ပါနဲ့ အတိတ်ဘဝက ပါရမီထူး ကုသိုလ်ကံထူး ရှိခဲ့ဘူးလို့သာ မိမိရှာဖွေထားတဲ့ ပစ္စည်း ဥစ္စာကို မဘုတ်မနှစ် ရက်ရက်ရောရော စွန့်ကြဲလှူဒါန်းနိုင်ကြတာ အမှန်ပါဘဲ။

**ဘိုးသူတော်ဝကား မှတ်သားထိုက်ပုံ။** ။*ရှေးကကောင်းလို့၊ ခုကောင်းကြွယ်၊ ခုကောင်း နောင်ကောင်းပါလိမ့်မယ်။

ဆိုပြီး ဆန်းတောင်းတဲ့ ဘိုးသူတော်စကားဖြစ်ပေမယ့် မှတ်သားထိုက်တယ်လို့ မိန့်တော် မူပြီး မဟာဝိသုဒ္ဓါရာမ ဆရာတော်ဘုရားကြီး ရေးသားတော်မူသော ကျမ်းစာအုပ်၌ ထည့် သွင်း ရေးသားတော်မူခဲ့ပါတယ်။

အဓိပ္ပါယ်ကတော့ အတိတ်ဘဝက လူကောင်း သူကောင်းဖြစ်လာကြလို့ ယခုဘဝ လူကောင်း သူကောင်းတွေ ဖြစ်လာကြတယ်၊ ဒီဘဝ ကောင်းနေလျှင် နောင်ဘဝကောင်းအုံး မှာပေါ့၊ အတိတ်ဘဝက လူဆိုး, သူဆိုး, မုဆိုးတံငါတွေ ဖြစ်ခဲ့လျှင် ဒီဘဝဘယ်လိုလုပ်

ကောင်းနိုင်ပါ့မလဲ၊ ဒီဘဝ အရက်သမား မူဆိုး တံငါတွေ ဖြစ်နေရင် နောင်အနာဂတ် ဘဝ ဘယ်လိုဖြစ်ကြမလဲ တွေးကြည့်ကြပါ၊ ဒါကြောင့်–

* ရှေးကကောင်းလို့ ခုကောင်းကြွယ်၊ ခုကောင်း နောင်ကောင်းပါလိမ့်မယ်။
* ရှေးကမကောင်းလို့ ခုမကောင်းတယ်၊ ခုမကောင်း နောင်မကောင်းဖြစ်လိမ့်မယ်။

**ဘုန်းကံကြီးမားသူတို့သာ တရားနာနိုင်ခြင်း။** ။မှတ်သား စရာ အလွန် ကောင်းပါတယ်၊ ပါရမီ ဘုန်းကံရှိတဲ့သူတွေမို့လို့သာ ဘုန်းကံကြီးမား မြတ်စွာဗုဒ္ဓ၏ သာသနာတော်ကြီးကို လူ့ဒါန်းထောက်ပံ့ ချီးမြှောက်နိုင်တယ် ဆိုတာ မိထွေးတော် ဂေါတမီက သားတော်ဗုဒ္ဓအား လျှောက်ထားတဲ့ စကားကို ထောက်ထားလို့ ကြည့်မယ်ဆိုရင် ကောင်းသိနိုင်ပါတယ်။

မဓုရာနိ ပဟဋ္ဌာနိ၊ ဒေါသဃ္ဃါနိ ဟိတာနိ စ။
ယေ တေ ဝါကျာနိ သောဿန္တိ၊ တေပိ ဓညာ နရုတ္တမ[၁]။

နရုတ္တမ၊ လူသုံးပါးတို့၏မကိုဋ် ဦးတိုက်ရာဖြစ်တော်မူသော သားတော်မြတ်ဗုဒ္ဓ။ မဓုရာနိ၊ဆိမ့်နှံ့သာယာ ချိုမြိန်စွာကုန်ထသော။ပဟဋ္ဌာနိ၊ကြားနာသူတို့၏ စိတ်နှလုံးကိုလည်း ရွှင်ပြုံးနှစ်သက် စေနိုင်ကုန်ထသော။ ဒေါသဃ္ဃါနိ၊ အပြစ်မှလည်း ကင်း၍ သန့်ရှင်းစေနိုင် ကုန်ထသော။ ဟိတာနိ စ၊ ကြားတိုင်း နာတိုင်း မဆိုင်းမတွ အကျိုးကိုလည်း တကယ်မုချ ရစေနိုင်ကုန်ထသော။ တေ၊ ဘုန်းတော် တောက်ကြွား ရှင်ပင်မြတ်ဗုဒ္ဓ၏။ ဝါကျာနိ၊ ဟောပြောပြသ ဆိုဆုံးမသော တရားစကားတော်တို့ကို။ ယေ၊ ရဟန်းရှင်လူ မည်သူမဆို အကြင် ခပ်သိမ်းသော ပုဂ္ဂိုလ်တို့သည်။ သောဿန္တိ၊ ယခုလို ကြားကြရ မှတ်သားကြရ လေကုန်၏။ တေပိ၊ ရှင်တော်ဗုဒ္ဓ ဟောမြွက်ထားသည့် တရားစကားကို နာကြားနိုင်ကြကုန်သော ရဟန်းရှင်လူ မည်သူမဆို ထို ခပ်သိမ်းသော ပုဂ္ဂိုလ်တို့သည်လည်း။ ဓညာ၊ ရှေးကုသိုလ်ကံ စီမံဖန်တီး ဘုန်းကံကြီးမားကြပါပေကုန်စွ မြတ်စွာဗုဒ္ဓ။

အဓိပ္ပါယ် သဘောပေါက်ကြပြီ မဟုတ်လား၊ ဒီ မဏ္ဍပ်အတွင်းသို့ တရားနာလာ ရောက်နိုင်တဲ့သူတွေဟာ ရှေးကပါရမီဘုန်းကံကြီးမားကြလို့သာ ယခုလိုတရားကိုနာနိုင်တာ အမှန်ပါ-လို့ လျှောက်ထားခြင်းဖြစ်ပါတယ်၊ ပါရမီဘုန်းကံမရှိတဲ့သူတွေကျတော့ ဟိုကိစ္စ ဒီကိစ္စကို အကြောင်းပြပြီး တရားမနာနိုင်ကြတဲ့သူတွေဟာ အများကြီးပါဘဲ။

ဤသို့ ယ ဆိုခဲ့ပြီးသောအတိုင်း ပဗ္ဗဇ္ဇမင်္ဂလာ အလှူပွဲကြီး ဆင်ယင်ကျင်းပ၍ အရပ်ရပ်လှူဒါန်းခဲ့ကြရသော ဒါနကုသိုလ်စေတနာ, ဆောက်တည်ခဲ့ပြီးသော သီလကုသိုလ် စေတနာ, ဤတရားတော်ကို နာကြားရသော ဓမ္မသဝန ဘာဝနာ ကုသိုလ်ကံ စေတနာ တို့ကြောင့် အိုခြင်းကင်းရာ နာခြင်းကင်းရာ သေခြင်းကင်းရာ ချမ်းသာတကာတို့၏ အထွဋ် အထိပ်ဖြစ်သော နိရောဓသစ္စာ နိဗ္ဗာန်ချမ်းသာကို လျင်မြန်စွာ ရရှိနိုင်ကြပါစေကုန်သတည်း။

---

၁။ အပဒါန် ပါဠိတော်၊ ၂၊ နှာ-၂၁၁။ (အနည်းငယ်မတူ)

၁၃၃၂-ခုနှစ်၊ တန်ခူးလပြည့်ကျော် (၁) ရက်နေ့၊ မြင်းခြံခရိုင် တောင်သာမြို့နယ်၊ ရုံးစင်ကြီးရွာ ကျောင်းအမကြီး ဒေါ်စက်ရီ-ဦးထွန်းတင် အစရှိသော မိသားစုတို့၏ ပင့်လျှောက်ချက်အရ မဟာသတိပဋ္ဌာန် ရိပ်သာကျောင်းတိုက်၌ ဟောကြားတော်မူသော ကျောင်းအမ ဒေါ်ပေါ်၏

## ကျောင်းအလှူ ပူဇော်ပွဲဒေသနာ

အလွန်တရာ တွေ့ခဲ ကြုံခဲတဲ့ မြတ်စွာဗုဒ္ဓရှင် သာသနာတော်မြတ်ကြီးနှင့် ကြုံတွေ့လို့ အလွန်ရခဲသော မြင့်မြတ်လှတဲ့ လူ့အဖြစ်ကို ရရှိပြီးတော့ လာကြသည့်အားလျော်စွာ ဤနေ့ ဤရက် ဤအချိန်ကာလဟာဖြင့် ဝမ်းမြောက်လို့ မဆုံးနိုင်အောင် ဝမ်းသာလို့ မဆုံးနိုင်အောင် ကောင်းတဲ့ ကျောင်းရေစက်ချ အလှူမင်္ဂလာပွဲကြီးပါ။

အားလုံး လာရောက်သမျှ သူတွေလဲဘဲ အလွန်ဝမ်းမြောက်ကြပါလိမ့်မယ်၊ဘုန်းကြီး များလဲဘဲ ဝမ်းမြောက်လို့မဆုံး ဝမ်းသာလို့ မဆုံးပါဘူး၊ ဘာကြောင့်လဲဆိုတော့ ဒီကနေ့ ဤရိပ်သာဌာန မြင်းခြံခရိုင်၊ တောင်သာမြို့နယ်၊ ရုံးစင်ကြီးရွာ မဟာသတိပဋ္ဌာန် ရိပ်သာ ဆိုတဲ့ ဤရိပ်သာဌာနက သတိပဋ္ဌာန်တရားများ ပွါးများကြိုးစား အားထုတ်ကြတဲ့ ရဟန်းရှင်လူနှင့်တကွ တရားတော်ကို အလွန်မြတ်နိုးကြတဲ့ ဥပါသကာ ဥပါသိကာ ယောဂီပုဂ္ဂိုလ်တို့ရဲ့ နေရာဌာနဖြစ်၍ ဆိတ်ဆိတ် ငြိမ်ငြိမ် အေးအေး လူလူ အလွန်သင့်တော် လျောက်ပတ်ကောင်းမြတ်တဲ့ ဌာနတခုဖြစ်နေတော့ ကျက်သရေနှင့် ပြည့်စုံတယ်လို့ ဆိုနိုင်ပါတယ်။

ဤကျောင်းကို အုပ်ချုပ်လို့ သီတင်းသုံးတော်မူတဲ့ ဆရာတော်ဘုရားကြီးကလဲဘဲ ငယ်တော်မူတဲ့ အချိန်ကစပြီး ယနေ့အထိ အကျဉ်းအားဖြင့် နှစ်ရာ့နှစ်ဆယ်ခုနစ်သွယ်, အကျယ်အားဖြင့် ကုဋေကိုးထောင်ကျော်မျှရှိတဲ့ သိက္ခာပုဒ်တော်တွေကို ထိန်းသိမ်းတော်မူလာပြီး သကာလ ဒီရိပ်သာမှာ နေ့နေ့ ညည သမထဝိပဿနာ ဘာဝနာအလုပ်ဖြင့် အချိန်ကုန်ပြီး နေတော့ အလွန်ကြည်ညိုဘွယ်ကောင်းတဲ့ ကျက်သရေနှင့် ပြည့်စုံတဲ့ ဆရာတော်ဘုရားကြီး ဖြစ်ပါတယ်။

ယခုလို အချိန်အခါမျိုးမှာ ဤကဲ့သို့ တင့်တယ်လျောက်ပတ် ကောင်းမြတ်တဲ့ နှစ်ထပ်ကျောင်းကြီး ဆောက်လုပ်ပြီးတော့ လှူဒါန်းနိုင်တယ်ဆိုတာလဲဘဲ လွယ်လွယ်မဟုတ်ပါဘူး၊ အားလုံး မိမိတို့ သိကြသည့်အတိုင်း အခက်အခဲအမျိုးမျိုးနှင့် ကြုံတွေ့ရသော်လဲ ဇွဲသဒ္ဓါ သန်လျက် ထက်မြက်သော လုံ့လဝီရိယတို့ဖြင့် မပြီး ပြီးစီးအောင် ဆောင်ရွက်ဆောက်လုပ်ထားသည်မှာ အလွန်ကျက်သရေမင်္ဂလာနှင့် ပြည့်စုံပြီးတော့ နေပြန်ပါတယ်၊ ယခု ကျောင်း

အမ ဒေါ်ပေါ်ဆိုရင် ဘုန်းကြီးကြားရတာ လွန်ခဲ့သော မီးလောင်တဲ့အချိန်က ပတ်ဝန်းကျင်က အိမ်တွေအားလုံး မီးတွေလောင်ပြီးတော့ မိမိတအိမ်ထည်း ကျန်နေတယ်ဆိုတာ သာမန် ကုသိုလ်မဟုတ်ပါဘူး။

ဘဝသံသရာက—

* သူများဥစ္စာ၊ ခိုးမိပါမူ၊ ဥစ္စာနည်းမွဲ၊
ဆင်းရဲငယ်ထ၊ လိုမရနှင့်၊ ဘောဂပျက်စီး၊
ရေမီးသူခိုး၊ မွေခံဆိုးနှင့် —

ဆိုတဲ့ မီးရန်က ရှောင်ခြင်းငှါ တိုတိုပြောရလျှင် ဘဝသံသရာက အင်မတန်ပေးခဲ့တဲ့ ကုသိုလ်ကံပါလာလို့ ထို ကုသိုလ်ကံက အကျိုးပေးပါတယ်၊ ဤကျောင်းဆောက်တဲ့ ဥပထမ္ဘက ကုသိုလ်ကံလဲဘဲ အထောက်အပံ့ ကောန်ဖြစ်ပါလိမ့်မယ် လွယ်လွယ်မဟုတ်ပါဘူး။

**အ သက် ဉာဏ် စောင့် ဥစ္စာ ကံ စောင့်။** ။''ဥစ္စာ ကံ စောင့်, အ သက် ဉာဏ် စောင့်'' ဆိုတဲ့ စကားဟာ—

ဇီဝံ ရက္ခေယျ ပညာယ၊ ဓနံ ကမ္မေန ရက္ခယေ။

ဇီဝံ၊မိမိတို့၏ အသက်ကို။ ပညာယ၊ သင့်-မသင့်ကို ထောက်ချင့်နိုင်းညှိသိတတ်သော မိမိတို့၏အသိ အလိမ္မာ ဉာဏ်ပညာဖြင့်။ ရက္ခေယျ၊ စောင့်ရှောက်ရာ၏။ ဓနံ၊ ပစ္စည်းဥစ္စာတွေကိုတော့။ ကမ္မေန၊ ကံဟောင်းကိုထူ ကံသစ်ကူသဖြင့်။ (၀ါ)ဘဝကုသိုလ်ကံဖြင့်။ ရက္ခယေ၊ စောင့်ရှောက်ရာ၏။-လို့ ဒေသနာတော်ရှိပါတယ်။

''အသက်ကိုတော့ဉာဏ်စောင့် ဥစ္စာကိုတော့ကံစောင့်တယ်''ဆိုတဲ့အတိုင်း ဒါ ကံစောင့်တာဘဲ၊ ပြီးတော့ တနည်း ထူးခြားပြီးသိရတာကတော့ မနေ့တုန်းက နေလေးပူလို့ အလှူပူပြင်းပြီးတော့ နေတဲ့အချိန် ဒီကနေ့ မိုးလေးကျပေးလို့ အားလုံးလာရောက်ကြတဲ့ ပရိသတ်တွေလဲ ချမ်းသာတယ်၊ ဘုန်းကြီးတို့ သံဃာတော်တွေလဲ ချမ်းချမ်းသာသာပါဘဲ၊ ဒါလဲ ကျောင်းအမဖြစ်သူရဲ့ ကုသိုလ်ကံ ထူးခြားချက်တခုလို့ ဆိုချင်ပါတယ်၊ အဲဒါကြောင့် ခုနက ပြောပြတဲ့ ကျက်သရေမင်္ဂလာတွေ အမျိုးမျိုးနှင့် ပြည့်စုံပြီးနေတော့ တရားတော်မှန်ရင် ကျက်သရေမင်္ဂလာရှိတဲ့ တရားတော်တွေချည်းပါဘဲ၊သို့ရာတွင် သံယုတ်ပါဠိတော်မှာ မြဘ်စွာဗုရားက ဟောလို့ အဋ္ဌကထာ^ဝ ဆရာက ကျက်သရေမင်္ဂလာအမျိုးမျိုးနှင့် ပြည့်စုံတဲ့ ဂါထာလို့ ဖွင့်ဆိုထားပါတယ်၊ အဲဒါကြောင့် ယခုကျက်သရေမင်္ဂလာ အမျိုးမျိုးနှင့်ပြည့်စုံလို့ တိုက်ဆိုင်ပြီးတော့ •နေသည့်အားလျော်စွာ ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံတဲ့ ဂါထာကို အားလုံးဝမ်းသာ ဝမ်းမြောက်ဖြစ်ဘို့ရာ ဘုန်းကြီးက ရွတ်လိုက်ပါတယ်။

---

၁။ သံ၊ ဋ္ဌ၊ ၂၊ နှာ-၂၂၆။

## ကျက်သရေအပေါင်းနှင့် ပြည့်စုံတဲ့သဗ္ဗမင်္ဂလာဂါထာ

ဒိဝါ တပတိ အာဒိစ္စော၊ ရတ္တိမာ'ဘာတိ စန္ဒိမာ။
သန္နဒ္ဓေါ ခတ္တိယော တပတိ၊ ဈာယီ တပတိ ဗြာဟ္မဏော။
အထ သဗ္ဗမဟောရတ္တိံ၊ ဗုဒ္ဓေါ တပတိ တေဇသာ ၁။
ဣမိနာ တေဇသမ္ဗန္ဓာ၊ သာဓဝေါ ဟောန္တု သဗ္ဗဒါ။

အာဒိစ္စော၊ ရောင်ခြည်တထောင် မကဆောင်သည့် ထွန်းပြောင်ထိန်လင်း ရှင်နေမင်းသည်။ ဒိဝါ၊ မိုက်မှောင်ပယ်ခွင်း အလင်းရောက်လာ နေ့အခါ၌သာလျှင်။ တပတိ၊ ထွန်းလင်းကျက်သရေ တင့်တယ်နိုင်ပေ၏။ စန္ဒိမာ၊ အေးမြချမ်းသာ ရောင်ဝါပဝင်း ရွှေလမင်းသည်။ ရတ္တိံ၊ အလင်းရောင်ပျောက် မိုက်မှောင်ရောက်ရာ ညဥ့်အခါ၌သာလျှင်။ အာဘာတိ၊ ထွန်းလင်းကျက်သရေ တင့်တယ်နိုင်ပေ၏။ ခတ္တိယော၊ ရေမြေသေဌ်နင်း ပြည့်ရှင်မင်းသည်။ သန္နဒ္ဓေါ၊ ရတနာစိန်ကျောက် ထိန်ထိန်တောက်သည့် မင်းမြောက်တန်းဆာ ဝတ်စား ဆင်ယင်မှသာလျှင်။ တပတိ၊ ထွန်းလင်းကျက်သရေ တင့်တယ်နိုင်ပါပေ၏။ ဗြာဟ္မဏော၊ အာသဝေါကင်းကွာ ရဟန္တာအရှင်မြတ်သည်။ ဈာယီ၊ ဈာန် သမာပတ်အဘိညာဏ်ကို ဝင်စားမှသာလျှင်။တပတိ၊ထွန်းလင်းကျက်သရေ တင့်တယ်နိုင်ပါပေ၏။

အထ၊ ထိုသို့မဟုတ်။ ဗုဒ္ဓေါ၊ သုံးလောကကျော်ကြား သဗ္ဗညုရှင်တော်မြတ်ဗုဒ္ဓကြီးသည်ကား။ သဗ္ဗမဟောရတ္တိံ၊ နေ့ရောညဥ့်ပါ ဘယ်ခါမဆိုင်း အချိန်ရှိတိုင်းသာလျှင်။ တေဇသာ၊ ကျက်သရေတန်ခိုး တင့်တယ်ခြင်းအမျိုးမျိုးဖြင့်။ တပတိ၊ ထွန်းလင်းကျက်သရေ ဂုဏ်တက်ဝေအောင် ထူးထွေဆန်းကြယ် အံ့ဩဘွယ်လျှင် တကယ်ပင် တင့်တယ်တော်မူပါပေသတည်း။

ဣမိနာ၊ ဤသို့ ကျက်သရေမင်္ဂလာနှင့် စပ်သောစကား အမှန်အားဖြင့် မြွက်ကြားပြောဆို ရလေသောကြောင့်။ သာဓဝေါ၊ ကျောင်းအမအား အစထား၍ ယခုများစွာ တရားနာလာကြကုန်သော သူတော်ကောင်း အပေါင်းတို့သည်။ သဗ္ဗဒါ၊ နေ့ရောညဥ့်ပါ ဘယ်ခါမပြတ် အခါခပ်သိမ်း။ တေဇသမ္ဗန္ဓာ၊ လိုအပ်သမျှ ဣဋ္ဌထွေထွေ ကျက်သရေမင်္ဂလာ တန်ခိုး အမျိုးမျိုးတို့နှင့် ပြည့်စုံကြကုန်သည်။ ဟောန္တု၊ ဧကန်မသွေ ဖြစ်ကြပါစေကုန်သတည်း။ ဟောန္တု၊ သစ္စာရေ တန်ခိုးအစွမ်းကြောင့် မညှိုးမနွမ်း ပွင့်သစ်ပန်းသို့ လန်းလန်းဆန်းဆန်း သက်ရှည်ကျန်းမာ၍ ချမ်းသာကြပါစေကုန်သတည်း။

အဓိပ္ပါယ်ကတော့ သိလောက်ပါပြီနော်၊ အဲဒီလိုနေမင်းကြီးဟာ ဘယ်လောက်တင့်တယ်တယ် ဆိုပေမယ့်လို့ အလင်းရောင်ရှိတဲ့ နေ့အခါမှသာ တင့်တယ်နိုင်တယ်၊ လမင်းကြီးဟာဘယ်လောက် ကျက်သရေရှိတယ်ဆိုပေမယ့်လို့ မှောင်မိုက်တဲ့ညဥ့်အခါမှသာ

၁။ သံ၊ ၁၊ ၃၃-၄၇၁။

တင့်တယ်နိုင်တယ်တဲ့၊ ပြည့်ရှင်မင်းဟာ တင့်တယ်တယ် ဆိုပေမယ့်လို့ မင်းခြောက်တန်းဆာ ဝတ်စားဆင်ယင်မှ တင့်တယ်ပါတယ်၊ ရဟန္တာပုဂ္ဂိုလ်တွေ တင့်တယ်တယ် ဆိုပေမယ့်လို့ ဈာန်အဘိညာဏ် သမာပတ်ဝင်စားမှ တင့်တယ်ပါတယ်၊ ဗုဒ္ဓဝင် ကိုယ်တော်မြတ်ကြီး ကတော့ ထိုကဲ့သို့မဟုတ်ပါဘူး၊ နေ့အခါလဲ တင့်တယ်ပါတယ်၊ ညအခါလဲ တင့်တယ်ပါ တယ်၊ ကျက်သရေတန်ခိုး တင့်တယ်ခြင်း အမျိုးမျိုးဖြင့် အမြဲတမ်း တင့်တယ်တော်မူပါ တယ်တဲ့နော်။

**ဗုဒ္ဓဝင် ပွင့်တော်မူရကျိုး။** ။အဲသလို အမြဲတမ်း ကျက်သရေတန်ခိုးနှင့် တင့်တယ်တော်မူတဲ့ ဗုဒ္ဓဝင် ကိုယ်တော်မြတ် သာသနာကြီးနှင့် ကံကောင်း ထောက်မလို့ ယခုတွေ့နေကြရ ကြုံနေကြရပြီ၊ ဘုန်းရှင် ကံရှင် သမ္ဘာရှင် ပါရမီရှင်ဖြစ်တော် မူတဲ့ ဗုဒ္ဓဝင်ကိုယ်တော်မြတ်ရဲ့ သာသနာတော်ကြီးနဲ့ ကြုံတွေ့လို့ ဒီကနေ့ လူလာဖြစ်ပြီး တော့ ဤကဲ့သို့ ကုသိုလ်ကောင်းမှုကြီးတွေ ပူဇော်ပျိုးထောင် အားထုတ်ကြရတယ်ဆိုတာ အင်မတန် ဝမ်းမြောက်စရာ ကောင်းပါတယ်။

သာသနာတော်ကြီးမှာ ဗုဒ္ဓဝင် ကိုယ်တော်မြတ် ပွင့်လာတယ်ဆိုတာက အိုမစဲ နာမစဲ သေမစဲ အပါယ်လေးပါးကျလို့မစဲ တဖွဲ့ဖွဲ့ ဆင်းရဲနေကြတဲ့ လူ့ နတ် ဗြဟ္မာ သတ္တဝါ အားလုံးတို့ရဲ့ အကျိုးစီးပွားအလို့ငှာ ဗုဒ္ဓဝင်ကိုယ်တော်မြတ် ပေါ်ပေါက်ပွင့်ထွန်းပြီးတော့ လာခဲ့ပါတယ်။

ဗုဒ္ဓေါ လောကေ သမုပ္ပန္နော၊ ဟိတာယ သဗ္ဗပါဏိနံ။
ဓမ္မော လောကေ သမုပ္ပန္နော၊ သုခါယ သဗ္ဗပါဏိနံ။
သံဃော လောကေ သမုပ္ပန္နော၊ ပုညက္ခေတ္တံ အနုတ္တရံ။

(သုတ္တနိ၊ ဌ ၂-၂၉၃)

လောကေ၊ လောကသုံးထပ် ဘုံသုံးရပ်၌။ ဗုဒ္ဓေါ၊ သစ္စာလေးပါး ဥေယျငါးကိုပိုင်း ခြားသိပေ သိစေတော်မူတတ်သော မြတ်စွာဗုဒ္ဓသည်။ သဗ္ဗပါဏိနံ၊ လုံးစုံများစွာ သတ္တဝါ တို့၏။ ဟိတာယ၊ လောကီ လောကုတ် မယုတ်တိုးပွါး အစီးအပွါးအလို့ငှာ။ သမုပ္ပန္နော၊ ဥဒိတောင်စွန်းမှ နေစက်ဝန်းပမာ ကောင်းစွာပွင့်ထွန်း ဖြစ်ပေါ်လာပါပေ၏။

လောကေ၊ လောကသုံးထပ် ဘုံသုံးရပ်၌။ ဓမ္မော၊ မဂ်,ဖိုလ်,နိဗ္ဗာန်,ဓမ္မက္ခန်-ဟု ဆယ် တန်သော တရားတော်မြတ်သည်။ သဗ္ဗပါဏိနံ၊ လုံးစုံများစွာ သတ္တဝါတို့၏။ သုခါယ၊ ကိုယ်စိတ်နှစ်ဖြာ ပူဆာလွတ်ကင်း ချမ်းသာခြင်းငှါ။ သမုပ္ပန္နော၊ ဥဒိတောင်စွန်းမှ နေစက် ဝန်းပမာ ကောင်းစွာ ပွင့်ထွန်း ဖြစ်ပေါ်လာပါပေ၏။

လောကေ၊ လောကသုံးထပ် ဘုံသုံးရပ်၌။ သမုပ္ပန္နော၊ ကောင်းစွာဖြစ်ထွန်း ပေါ် ပေါက်၍ လာသော။ သံဃော၊ အရိယာရှစ်ဖော် သံဃာတော်မြတ်သည်။ အနုတ္တရံ၊ အတု မရှိ လွန်ကဲထူးမြတ်လှစွာသော။ ပုညက္ခေတ္တံ၊ လိုအပ်သမျှ အကျိုးကိုရဘို့ ကုသိုလ်တည်း

ဟူသော မျိုးစေ့ကို စိုက်ပျိုးရာ ခေတ်ကောင်း အခါကောင်း လယ်ယာမြေကောင်းကြီး ဖြစ်ပါပေသတည်း။

ဗုဒ္ဓကလေးပွင့်တယ်ဆိုတာဟာ လူ, နတ်, ဗြဟ္မာ သတ္တဝါတို့၏ လောကီ အစီးအပွါး လောကုတ္တရာအစီးအပွါးအလို့ငှါ ပွင့်ထွန်း ပေါ်လာရခြင်း ဖြစ်ပါတယ်၊ ထို မြတ်စွာဗုဒ္ဓဟောကြားအပ်တဲ့ မဂ်လေးပါး, ဖိုလ်လေးပါး, နိဗ္ဗာန်, ပရိယတ်အားဖြင့် ဆယ်ပါးသော တရားတော်မြတ် ဖြစ်ပေါ်လာရတယ်ဆိုတာလဲ လူ, နတ်, ဗြဟ္မာ သတ္တဝါတို့၏ ချမ်းသာဘို့ရာ ဖြစ်ပေါ်လာပါတယ်၊ ဗုဒ္ဓမြတ်စွာ၏ ရွှေရင်တော်နှစ် သားတော်စစ် ဖြစ်တဲ့ အရိယာ ရှစ်ဖေါ် သံဃာတော်များ ဖြစ်ပေါ်တော်မူလာတာလဲ သတ္တဝါတို့၏ လိုအပ်တဲ့ အကျိုး အမျိုးမျိုးကို ရဘို့ ဒါနမျိုးစေ့, သီလမျိုးစေ့, ဘာဝနာမျိုးစေ့ စိုက်ပျိုးဘို့ရာ လယ်ယာ မြေကောင်းသဘွယ် ဖြစ်ပေါ်လာရခြင်းဖြစ်ပါတယ်။

**သာသနာတွင်း ကုသိုလ်နှင့် သာသနာပ ကုသိုလ် ကွာခြားပုံ။** ။ဗုဒ္ဓရှင် ကိုယ်တော်မြတ် ပွင့်ထွန်း ပြီးတော့ လာတဲ့ သာသနာတော်တွင်းမှာ ဖြစ်လာတဲ့ကုသိုလ်နှင့် သာသနာပ အခါကာလမှာ ဖြစ်ပေါ်လာတဲ့ ကုသိုလ် နှိုင်းယှဉ်လို့မရပါဘူး၊ ဥပမာတခု-ခုနကတုန်းက 'ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ' စသည်ဖြင့်ဆိုတဲ့ သရဏဂုံသုံးပါး ဆောက်တည်တဲ့ ကုသိုလ်မျှသည်ပင် သာသနာတော်တွင်း ကုသိုလ်ဖြစ်နေတော့ မဂ်၏အခြေခံ ဖိုလ်၏အခြေခံ နိဗ္ဗာန်၏အခြေခံ ဖြစ်ပါတယ်၊ သာသနာပ အခါကာလ များမှာတော့ သမာပတ်ရှစ်ပါး, အဘိညာဏ်တွေရပြီးတော့နေတဲ့ ကုသိုလ်ရှင်တွေရဲ့ သန္တာန်မှာဖြစ်နေတဲ့ ကုသိုလ်တွေတောင်မှ ဝဋ္ဋဆင်းရဲရဲ့ အခြေခံသာဖြစ်ပါတယ်၊ မဂ်, ဖိုလ်, နိဗ္ဗာန်ရဲ့ အခြေခံ မဖြစ်ဘူးတဲ့။

ဒါကြောင့် ယခုလို အချိန်အခါကာလမှာတော့-ဥပမာပြောရလျှင် အလွန်တရာမှ ပြည့်စုံတဲ့ မြေဆီ မြေသြဇာတွေ အပြည့်အဝရှိတဲ့ မြေကောင်း မြေသန့်မှာ ပိုးမထိုး ခြမကိုက်ဘဲ အောင်မြင်တဲ့ မျိုးစေ့တွေ စိုက်ပျိုးလိုက်တဲ့အခါကျတော့ ထိုထိုတောင်သူ လယ်သမားတို့မှာ အလွန်ဖွံ့ဖြိုးတဲ့ အသီးအနှံကောင်းတွေ ရပြီးတော့ ဝမ်းမြောက် ဝမ်းသာ ဖြစ်ရပါတယ်၊ မြေကလည်းမကောင်း ကျတ်တီးတော မြေမျိုးမှာ မသန့်စွမ်းဘဲနဲ့ ပိုးကိုက် ခြစားဖြစ်ပြီး နေတဲ့ မျိုးစေ့တွေ စိုက်ပျိုးမယ်ဆိုရင်ဖြင့် တောင်သူလယ်သမား ဝမ်းမြောက်စရာ ဘာမှ အသီးအနှံ မရနိုင်ပါဘူး။

ထိုနည်းတူစွာဘဲ ဗုဒ္ဓရှင်ကိုယ်တော်မြတ် သာသနာတည်းဟူသော မြေဆီ မြေသြဇာတွေ ပြည့်စုံပြီးတော့နေတဲ့ ခေတ်ကောင်း အခါကောင်းကြီးထဲမှာ ဒါနမျိုးစေ့, သီလ မျိုးစေ့, ဘာဝနာမျိုးစေ့တွေ ကြိုးစားပြီးတော့ စိုက်ပျိုးလိုက်ကြပါ၊ လတ်ဆတ်တဲ့ မိမိတို့ ပါရမီကုသိုလ်မျိုးစေ့တွေ ပိုးမထိုးပါစေနှင့်လို့နေ့ ပိုးမထိုးအောင် အမျိုးမျိုး ကြိုးစားပြီး တော့ ယခုလို ခေတ်ကောင်း အခါကောင်းကြီးနှင့် ကြုံတွေ့နေတဲ့ အခါကမှ မိမိတို့ တွက် တာကို မကြိုးစားဘူး အားမထုတ်ဘူး ဆိုလို့ရှိရင်ဖြင့် ကိုယ်ကျိုးနည်းကြပါလိမ့်မယ်....။

**လယ်တီဆရာတော် ဩဝါဒ။** ။အေး....လယ်တီဆရာတော် ဗုဒ္ဓဘုရားကြီးက ခေတ်ကောင်း အခါကောင်းကြီးနှင့် ကြုံတွေ့နေရတဲ့အခါ သတိပြုကြဘို့ ရေးသားထားပုံမှာ—

* ✻ အခွင့်သာတုန်းက၊ မရှုန်းချင်လျှင်၊ အရှုံးနှင့်ပြင် ရှိသေးရဲ့လား၊
* ✻ အခွင့်သာဆဲက၊ မခဲချင်လျှင်၊ အလွဲ နှင့်ပြင် ရှိသေးရဲ့လား၊
* ✻ အခွင့်သာခိုက်က၊ မလိုက်နာလျှင်၊ အမိုက်နှင့်ပြင် ရှိသေးရဲ့လား

တဲ့နော်....။ဘုန်းကြီးတို့ လယ်တီဆရာတော် ဗုဒ္ဓဘုရားကြီးရဲ့ ဩဝါဒ၊ သာသနာတော်ကြီးနှင့် ကြုံတွေ့ပြီးတော့ ရခဲတဲ့ လူ့အဖြစ်ကို ရနေတဲ့အခါ မိမိတို့ လိုအပ်နေတဲ့ လူ့ နတ်၊ နိဗ္ဗာန် သုံးတန်သော ချမ်းသာကို ရနိုင်တဲ့ အခါကြီးထဲမှာ မေ့မေ့လျော့လျော့ မနေကြပါနှင့် လို့နော်....။

**စစ်တမ်းထုတ်လူ။** ။'ဗုဒ္ဓုပ္ပါဒေ ခဏသမယော နတ္ထိ၊ သုခဒေါ သဗ္ဗပါဏိနံ'[၁]-ဟု ဟောတော်မူတဲ့အတိုင်း လုံးစုံများစွာ သတ္တဝါတို့၏ အလိုရှိအပ်တဲ့ ချမ်းသာ အရပ်ရပ်ကို ရရှိဘို့ရာ ယခုလို ဗုဒ္ဓဘုရားပွင့်တော်မူသော ခေတ်ကောင်း အခါကောင်းကြီးနှင့် တူသော အခါကာလမျိုးမည်သည် မရှိတော့ပါဘူး၊ အဲဒါကြောင့် ဘုန်းကြီးတို့ အင်မတန် တွေ့ခဲ ကြုံခဲတဲ့ သာသနာတော်ကြီးနှင့်လဲ ကြုံနေတဲ့အခါ ဘာမဆို လောကီရေးဘက်ကလဲ လူချမ်းသာ၊ နတ်ချမ်းသာ၊ ဗြဟ္မာချမ်းသာတွေ လွယ်လွယ်နှင့် ရနိုင်တာဘဲ၊ လောကုတ္တရာ ရေးဘက်ကလဲ မဂ်ချမ်းသာ၊ဖိုလ်ချမ်းသာ၊ နိဗ္ဗာန်ချမ်းသာတွေကို လွယ်လွယ်နှင့် ရနိုင်တာဘဲ၊ ဒီလို ချမ်းသာ အမျိုးမျိုးကို ရရှိနိုင်တဲ့ ခေတ်ကောင်း အခါကောင်းကြီးနှင့် ကြုံတွေ့ ပြီးတော့ နေတဲ့အတိုင်း ဒီကနေ့ လှူတဲ့ ဒါန်းတဲ့နေရာမှာ စစ်တမ်းလေးစကား ပြောကြအုံးစို့၊ ဒီလို လှူတဲ့ ဒါန်းတဲ့ နေရာမှာ **ဒက္ခိဏ ဝိစိနန**၊ လှူဘွယ်ပစ္စည်းကိုလဲ စိစစ်ရွေးချယ်ပြီး လှူရမယ်၊ **ဒက္ခိဏေယျဝိစိနန**၊ အလှူခံပုဂ္ဂိုလ်ကိုလဲ စိစစ်ရွေးချယ်ရမယ်....တဲ့။

**အပြစ်ကင်းအောင် လှူတတ်ဘို့အရေးကြီး။** ။ဒီတော့-လှူဘွယ်ပစ္စည်းတွေကလဲ အင်မတန် မွန်မြတ်တဲ့ ပစ္စည်းတွေနော်...။ ဆွမ်းကပ်ရာမှာလဲ-အင်မတန် မွန်မြတ်တဲ့ ဆွမ်းဟင်းတွေ အမြောက်အမြားဘဲ၊ ဒါ့ကြောင့် - ဘာမှ ယုတ်ညံ့တာ ပြောစရာမပါဘူး၊ ယုတ်ညံ့တဲ့ပစ္စည်း ဖယ်ရှားပြီး မွန်မြတ်တဲ့ပစ္စည်း လှူရမယ် တဲ့၊ ဒီတော့-လှူဘွယ်ပစ္စည်း ဘက်ကလဲ စိစစ်နေစရာ မလိုပါဘူး၊ အလှူခံ ပုဂ္ဂိုလ်ဘက်က လဲဘဲ ဒီကနေ့ သာသနာတော်တွင်း သီလရှိတဲ့ ရဟန်းသံဃာတော်တွေ လှူရပြန်ပါတယ် ထို အထဲမှာ ကျောင်းကို ရေစက်ချပြီး လှူရပြန်တော့လဲ ''အောက်ပိုင်း တပိုင်းကို **ပုဂ္ဂလိက** အထက်ပိုင်းကို **သံဃိက**''ဆိုပြီးတော့ လှူသည့်အတွက်ကြောင့် ပုဂ္ဂလိက၊ သံဃိက-နှစ်မျိုး

---

၁။ အပ၊ ၁၊ နှာ-၀၇။ သေရ၊ ၄၊ ၁၊ နှာ-၃၃၂။

ဒါန ပြောက်သွားပါတယ်၊ ဒါလဲ အင်မတန် ဝမ်းမြောက်စရာပါ၊ ဘုန်းကြီးတို့ မာတုဂါမ စရိတဗ္ဗတရား (၈)ပါး၊ သူတော်ကောင်းများပြုတဲ့ ဒါန(၈)ပါး ဆိုတဲ့အထဲမှာ အလှူခံ ပုဂ္ဂိုလ်ရဲ့ အလို အကြိုက်ကို အလိုက်သိပြီးတော့ လှူတာဟာ မာတုဂါမများ ကျင့်အပ်တဲ့ တရားတပါး အပါအဝင်ပါဘဲ၊ သံဃိက အဖြစ်နှင့် အကုန်လှူပြန်လျှင်လဲ နေတဲ့ ပုဂ္ဂိုလ်တွေ တာဝန်လေးမှာ ကြောက်ပြီးတော့ ဆရာတော်ကြီးက အောက်ပိုင်းအတွက် ပုဂ္ဂလိက အလှူခံ လိုတဲ့ စိတ်ကို လိုက်လျောပြီး ကျောင်းအမဏာ လှူလိုက်ခြင်းသည် ခုနကတုန်းက သူတော် ကောင်း ဒါန(၈)မျိုးထဲက တမျိုး အပါအဝင်ပါ။

"လှူခံမြတ်တွေ၊ သိညာဏ်စွေ၊ မသွေလှူပေးရာ"... တဲ့။

အင်မတန်ဝမ်းမြောက်စရာပါ၊ ဒီကျောင်းဟာ အထက်ပိုင်းက သံဃိက အဖြစ်နှင့် ရေစက်ချထားတယ်၊ အောက်ပိုင်းကတော့ ပုဂ္ဂလိက ရေစက်ချ လိုက်သဖြင့် သံဃိက မဟုတ်တော့ ခုလို တရားနာတဲ့ ပရိသတ်တွေ အပြစ်ကင်းတာပေါ့၊ ထိုထို ယောဂီတွေ နေလို့ ထိုင်လို့ အပြစ်ကင်းတာပေါ့၊ အဲဒီတော့ ပုဂ္ဂလိကနှင့် သံဃိက နှစ်မျိုး အလှူခံပုဂ္ဂိုလ် ဘက်က အထူးရွေးချယ်စရာ မလိုပါဘူး၊ ဒါ့ကြောင့် ဘုန်းကြီးတို့ ထိုထိုနေရာများမှာ ဆရာသမားကြီးတွေ ရေစက်ချကြပါတယ်၊ ရှေးအခါ ဗရားလက်ထက်က သံဃိကကျောင်း မှာ နေခဲ့လို့ ဝရလောမဘီလူး သူစိလောမ ဘီလူးကြီးတွေ ဖြစ်နေတာ ဝတ္ထု သာဓက ရှိပါတယ်။

ဒါလဲဘဲ ဘုန်းကြီးတို့ ရေစက်ချတဲ့နေရာမှာ အရေးကြီးပါတယ်။ ခုနကလဲ တော် တော် စုံစုံလင်လင် ပါသွားပါပြီ၊ တကယ်လို့ မစုံလင်သေးတာရှိရင် ကျောင်းအမ မပေါ်က နှလုံးသွင်းပြီးတော့ ဘုန်းကြီးပြောခဲ့တဲ့အတိုင်းပါဘဲလို့ နှလုံးသွင်းစေချင်ပါတယ်၊ဒီကျောင်း ကို နေ့တိုင်း သုံးဆောင်တဲ့ အရှင်ကောင်း အရှင်မြတ်တွေနှင့်တကွ ယောဂီ သီလဝန္တ ပုဂ္ဂိုလ် အပေါင်းတို့သည် မဆေးကြောသော ခြေနှင့် နင်း၍ဘဲဖြစ်စေ၊ ခြေဆေးပြီးတော့ စိုစိုစွတ်စွတ် ခြေနှင့် နင်းလို့ဘဲဖြစ်စေ၊လက်ခြေစသော ချွေး အညစ် အကြေး စသည်တို့ဖြင့် လိမ်းကျံ ပြီးတော့ နေတဲ့ ကိုယ်ခန္ဓာ အရပ်ရပ်တို့ဖြင့် ထိပါး တွေ့ထိ သုံးဆောင်၍ဖြစ်စေ၊ ချမ်းချမ်း သာသာ အလိုရှိသလို သံဃာတော်နှင့်တကွ အားလုံးသော ပုဂ္ဂိုလ်တွေ သုံးဆောင်ကြပါစေ၊ သုံးဆောင်တော်မူပါလို့ ထပ်ပြီး နှလုံးသွင်း လျှောက်ထားပါ၊ ဘုန်းကြီးတို့ ကျောင်းအမ ကျောင်းဒကာက အရေးကြီးပါတယ်-

"အရှင်ဘုရားတို့... တပည့်တော်ကျောင်းပေါ် သို့ ဘိနပ်နှင့်ဘဲ တက်တက်၊ခြေမဆေးဘဲ တက်တက်၊ခြေဆေးလို့ စိုစွတ်ပြီးတော့နေတဲ့ ရေတွေနှင့်ဘဲ တက်တက်၊ ခုနက ပြောခဲ့တဲ့ဘဲ ချွေးတွေ သံတွေနဲ့ ကိုယ်အင်္ဂါနှင့် ထိပါးတဲ့ အတွေ့အထိတွေဘဲဖြစ်ဖြစ် ချမ်းချမ်း သာသာ အလိုရှိသလိုသာ သုံးဆောင်ကြပါ၊ သုံးဆောင်ကြပါစေသတည်း" အဲဒီလို နှလုံးသွင်း လိုက်ပါနော်၊ ဒီတော့ အကုန်လုံး အပြစ်ကင်းသွားပါတယ်။

ဘုန်းကြီးတို့ သံဃိကနှင့်ဖြစ်စေ, ပုဂ္ဂလိကနှင့်ဖြစ်စေ ဒီအဆိုပါ ပါရပါတယ်၊ ထပ်ပြီးတော့ ကျောင်းအမ နှလုံးသွင်းပါ၊ ဒါ အင်မတန် အရေးကြီးပါတယ်၊ ဤကဲ့သို့ များစွာ အကုန်အကျခံပြီးတော့ သာသနာတော်ကြီးနှင့် ကြုံတဲ့ တွေ့တဲ့အခါ ဤကဲ့သို့ အလှူဒါန မျိုးကြီး ပြုလုပ် အားထုတ် ရတယ်ဆိုတာဟာ အင်မတန် ဝမ်းမြောက်စရာ ကောင်းပါတယ်။

**ကျောင်းအမ ဝိသာခါ ပျော်မြူးကာ။** ။ဘုန်းကြီးတို့ ဝိသာခါ အမျိုးသမီးကြီးဟာ ခုနစ်နှစ်အရွယ်က သောတာပန်တည်လို့ အရိယာဖြစ်သွားတယ်၊ အရိယာဖြစ်ပြီးနောင် ကြီးတဲ့အခါ ပုဗ္ဗါရုံကျောင်းတော်ကြီးများဆောက်လို့ "ငါဆောက်တဲ့ကျောင်း ဗုဒ္ဓရှင်နှင့်တကွ ရဟန်း သံဃာတော်တွေ အသုံးပြုတော့မယ်"လို့ ဆိုပြီးတော့ သူ့ကျောင်းကြီးကို ခြာခြာလှည့်ကြည့်ပြီး အရိယာဖြစ်တဲ့ ဝိသာခါကျောင်း အမကြီး ပျော်လိုက် ရွှင်လိုက်တယ်ဆိုတာ ဘာပြောစရာလိုမလဲ၊ အဲဒီလို ကျောင်းရေစက်ချ ပွဲကြီးလုပ်တော့ ဝိသာခါကျောင်းအမကြီးကိုယ်တိုင် သားသမီး မြေးမြစ်တွေနှင့်အတူ သံပြိုင်သီဆို ပျော်မြူးတယ်တဲ့နော်။....

**အနာထပိဏ်ကျောင်းဒကာ ဝမ်းမြောက်စွာ။** ။အဲ....အနာထပိဏ် သူဌေးကြီးလဲ ထို့အတူပါဘဲ မိမိဆောက်လုပ်တဲ့ကျောင်းကြီးကို ကြည့်ပြီး အားရနှစ်သက်လို့ မဆုံးဘူး၊ မြတ်စွာဗုဒ္ဓ ကိုယ်တော်မြတ်ကြီးကို အားရနှစ်သက် ကြည်ညိုလို့မဆုံးဘူး၊ ရှင်သာရိပုတ္တရာ ရှင် မဟာမောဂ္ဂလာန်အစရှိတဲ့ အရိယာသံဃာတော်ကြီးတွေကို အားရနှစ်သက် ကြည်ညိုလို့မဆုံးဘူး၊ အဲ ထိုထို ပုထုဇဉ် ရဟန်းတွေ သာမဏေတွေကို အားရ နှစ်သက် ကြည်ညိုလို့မဆုံးဘူး၊ ပီတိတွေဖြစ်လို့ မိမိဆောက်ထားတဲ့ ကျောင်းကြီးအတွက် ဝမ်းမြောက်လွန်းလို့၊ နောက်ဆုံးပိတ် တိုတိုပြောကြစို့ အနာထပိဏ် သူဌေးကြီးဟာ လူ့ပြည်တုန်းက ကိုယ်ဆောက်ထားတဲ့ကျောင်းကြီးကို အာရုံပြုလို့ ဝမ်းမြောက် နှစ်သက်လို့ မဆုံးနိုင်အောင် ရှိတဲ့အပြင် သေလို့ နတ်ပြည်ရောက်တော့ **အနာထပိဏ်ကို နတ်သား** သွားဖြစ်တယ်၊ နတ်သားဖြစ်လို့ ဗြူးကနဲ့ ဘယ်လိုအကြံတွေ ပေါ်လာသလဲဆိုရင် လူ့ပြည်တုန်းက ဆောက်ထားတဲ့ ကျောင်းကြီးကို အာရုံပြုပြီး အမှတ်ရတယ်၊ အမှတ်ရသည့်အားလျော်စွာ တခါထဲ ဆင်းပြီးလာတော့ ဆွေတွေမျိုးတွေ ရှိရာကို စိတ်ကူးမျှထည့်ဟန် မတူပါဘူး ဇေတဝန်ကျောင်းကြီးသို့ ရောက်လာတယ်၊ ရောက်လာပြီးတော့ လူ့အဖြစ်တုန်းကလဲ အားရ နှစ်သက် ဝမ်းမြောက်လို့ မဆုံးဘူး၊ အဲ....နတ်ဖြစ်ပြန်တော့လဲဘဲ သူ့ကျောင်းကြီးသူ အာရုံပြုပြီး ဥဒါန်းကျူးရင့်တယ်တဲ့နော်....

ဣဒံ ဟိ, တံ ဇေတဝနံ၊ ဣသိသံဃနိသေဝိတံ။

အာဝုတ္ထံ ဓမ္မရာဇေန၊ ပီတိသဉ္ဇနနံ မမ။

(သံ၊ ၁၊ ၅၄)

ဣသိသံဃနိသေဝိတံ၊ သူတော်ကောင်းတရားကို ရှာမှီးကြသော ရဟန်း သံဃာတို့သည် မှီဝဲသုံးဆောင်အပ်သော။ ဓမ္မရာဇေန၊ တရားမင်းမြတ်ဖြစ်တော်မူသော မြတ်စွာဗုဒ္ဓသည်။ အာဝုတ္ထံ၊ အမြဲ သီတင်းသုံး နေထိုင်ရာလည်းဖြစ်သော။ ဣဒံ ဟိ တံ ဇေတဝနံ၊ ဤ ငါကိုယ်တိုင် ဆောက်လုပ်ထားခဲ့သော ဇေတဝန်ကျောင်းတော်ကြီးသည်။မမ၊ ဇေတဝန်ကျောင်းဒကာဖြစ်ငြား ငါနတ်သား၏။ ပီတိသဉ္ဇနနံ၊ ဝမ်းမြောက် နှစ်သက် ပီတိအတွက် ကေန်မသေ့ ဖြစ်ရပါပေပြီတကား။

အဲဒါ အနာထပိဏ် သူဌေးကြီး နတ်ပြည်ရောက်သွားတာတောင်မှ ဝမ်းမြောက်လို့ သူ့ကျောင်းကြီး လာကြည့်ပြီးတော့ ကြည်ညိုနှစ်သက်လို့ မဆုံးနိုင်လောက်အောင်ဖြစ်ပြီး အဲဒီလို ဥဒါန်းကျူးတယ်။

**နတ်သားတယောက်လျှောက်ထားပုံ။** ။ယခုလို ဆောက်လုပ်လှူဒါန်းတဲ့ကျောင်း ကုသိုလ်နှင့် စပ်ပြီး ဘုန်းကြီးတို့ နတ်သားတယောက်က လျှောက်ထားတာ ရှိသေးတယ်၊ ကျောင်းကုသိုလ်နှင့် စပ်ပြီးတော့ နတ်သားတယောက်က ဘယ်လို လျှောက်ထားသလဲဆိုတော့ "မြတ်စွာဘုရား - နေ့ရော ညရော အမြဲတမ်း ရနေတဲ့ ကုသိုလ်ဟာဘယ်လို ကုသိုလ်မျိုးပါလဲ မြတ်စွာဘုရား၊ ထို ကုသိုလ်မျိုး သိလိုပါတယ်"ဟု ဇေတဝန်ကျောင်းမှာ သီတင်းသုံးနေခိုက် သန်းခေါင်းယံအခါ နတ်သားတယောက်က လာလျှောက်ထားတယ်။

> ကေသံ ဒိဝါ စ ရတ္တော စ၊ သဒါ ပုညံ ပဝဍ္ဎတိ။
>
> ဓမ္မဋ္ဌာ သီလသမ္ပန္နာ၊ ကေ ဇနာ သဂ္ဂဂါမိနော။

(သံ၊ ၁၊ ၃၀)

ကေသံ၊ အဘယ်သို့သော ကောင်းမှု ပြုလုပ်ကြကုန်သောသူတို့အား။ ဒိဝါ စ၊ နေ့အခါ၌ရင်း။ ရတ္တော စ၊ ည၌အခါ၌ရင်း။ သဒါ၊ နေ့ရော ည၌ပါ အမြဲတန်း အခါခပ်သိမ်း။ ပုညံ၊ ကောင်းမှုကုသိုလ်တွေသည်။ ပဝဍ္ဎတိ၊ တိုးပွါးလို့နေပါသနည်း မြတ်စွာဘုရား။ဓမ္မဋ္ဌာ၊ တရား၌ တည်ကြကုန်သော။ သီလသမ္ပန္နာ၊ သီလနှင့် ပြည့်စုံကြကုန်သော။ ကေ ဇနာ၊ အဘယ်သို့သော ပုဂ္ဂိုလ်တို့သည်။ သဂ္ဂဂါမိနော၊ နတ်ပြည်သို့ ရောက်နိုင်ကြပါကုန်သနည်း မြတ်စွာဘုရား။

နတ်သားလျှောက်ထားတဲ့ စကား နားလည်ကြတယ်မဟုတ်လား၊ "မြတ်စွာဘုရား- ဘယ်ကဲ့သို့သော ကုသိုလ်ကောင်းမှုတွေ ပြုလုပ်ထားတဲ့ ပုဂ္ဂိုလ်များမှာ နေ့ရော ညရော အမြဲတမ်း ကုသိုလ်တွေဖြစ်နေပါသလဲ"တဲ့နော်၊ ဘုန်းကြီးတို့ ဒီကျောင်းဆောက်တဲ့ကုသိုလ် ကျောင်းမြေတွေလှူတဲ့ကုသိုလ် ဆိုတာ ထာဝရ ကုသိုလ်ခေါ်တယ်၊ ထာဝရ ကုသိုလ်ဆိုတာ အမြဲကုသိုလ်ရနေတာ၊ ကျောင်းကြီး တကြိမ်ဆောက်လိုက်လို့ ကုသိုလ်တကြိမ်ထဲရတာမဟုတ်ပါဘူး၊ အဲဒါကို နတ်သားက နေပြီးတော့"ဘယ်လို ကုသိုလ်ရှင်တွေဟာ နေ့ရော ညရော

ကုသိုလ်တွေရပါသလဲ၊ ဘယ်လို ကုသိုလ်မျိုးဟာ နေ့ရော ညရော အမြဲဖြစ်နေပါသလဲ မြတ်စွာဘုရား၊ အဘယ်ကဲ့သို့ သီလနှင့် ပြည့်စုံတဲ့ သူတွေ နတ်ပြည်သို့ ရောက်နိုင်ပါသလဲ မြတ်စွာဘုရား''ဟု နတ်သားက ဒါလေး လာလျှောက်ထားတာနော်။

**မြတ်စွာဘုရား ဖြေဆိုတော်မူပုံ။** ။ဒီတော့ မြတ်စွာဘုရား ဖြေဆိုတော်မူပုံက –

အာရာမရောပါ ဝနရောပါ၊ ယေ ဇနာ သေတုကာရကာ။
ပပဉ္စ ဥဒပါနဉ္စ၊ ယေ ဒဒန္တိ ဥပဿယံ။
တေသံ ဒိဝါ စ ရတ္တော စ၊ သဒါ ပုညံ ပဝဍ္ဎတိ။
ဓမ္မဋ္ဌာ သီလသမ္ပန္နာ၊ တေ ဇနာ သဂ္ဂဂါမိနော။
(သံ၊ ၁၊ ၃၀၊ ၃၁)

ယေ ဇနာ၊ အကြင်သူတို့သည်။ အာရာမရောပါ၊ ကောင်းစွာဥယျာဉ်ကို စိုက်ကုန်၏။ ဝနရောပါ၊ ကျောင်းပြင် ဥယျာဉ်ကို စိုက်ကုန်၏။ ယေ ဇနာ၊ အကြင်သူတို့သည်။ သေတုကာရကာ၊ တံတားကို ဆောက်လုပ်ပြုပြင်ကြကုန်၏။ ယေ ဇနာ၊ အကြင်သူတို့သည်။ ပပဉ္စ၊ ရေအိုးစင်ကိုရင်း။ ဥဒပါနဉ္စ၊ ရေတွင်း ရေကန်ကိုရင်း။ ဒဒန္တိ၊ ပေးလှူကြကုန်၏။ ဥပဿယံ၊ အိပ်ရာ နေရာနှင့် တကွသော ကျောင်းကို။ ဒဒန္တိ၊ ပေးလှူကြကုန်၏။

တေသံ၊ ထို ကုသိုလ်ကောင်းမှုကို ပြုသောသူတို့အား။ ဒိဝါ စ၊ နေ့အခါ၌ရင်း။ ရတ္တော စ၊ ည၌အခါ၌ရင်း။ သဒါ၊ နေ့ရော ည၌ပါ အမြဲဘမ်း အခါခပ်သိမ်း။ ပုညံ၊ ကောင်းမှုကုသိုလ်တွေသည်။ ပဝဍ္ဎတိ၊ တိုးပွါးလို့နေပါ၏။ ဓမ္မဋ္ဌာ၊ တရား၌ တည်ကြကုန်သော။ သီလသမ္ပန္နာ၊ သီလနှင့် ပြည့်စုံကြကုန်သော။ တေ ဇနာ၊ ထို ဆိုခဲ့ပြီးသော ကုသိုလ်ရှင်တို့သည်။ သဂ္ဂဂါမိနော၊ နတ်ပြည် နတ်ရွာသို့ ရောက်နိုင်ကြရကုန်သတည်း။

အစိုးပွယ်....ဘယ်လိုလဲဆိုတော့ မြတ်စွာဘုရားက ''ချစ်သား ဒါယကာ နတ်သား.... အကြင်ပုဂ္ဂိုလ်သည်ကားဆိုလျှင် ကျောင်း အာရာမ်, သစ်သီး အာရာမ်, သစ်ပင်တွေ စိုက်ကြတယ်၊ အရိပ် အာဝါသအတွက် သစ်ပင်တွေ စိုက်ကြတယ် ပျိုးကြတယ်၊ ထိုထို လမ်းတွေ ခင်းကြတယ်၊ တံတားတွေ ဆောက်ကြတယ်၊ လမ်းတွေ ပြင်ကြတယ်၊ တံတားတွေ ပြင်ကြတယ်၊ ရေတွင်းလဲ တူးတယ်၊ ရေကန်လဲ တူးတယ်၊ ရေအိုးစင်လဲ တည်တယ်၊ ခုလို ဇရပ် တန်ဆောင်း သံဃာတော်များ ကိန်းအောင်းရာ ကျောင်းကိုလဲ ဆောက်လုပ်ကြတယ်၊ အဲဒီ ပုဂ္ဂိုလ်တွေသည် သင်နတ်သားလျှောက်ထားတဲ့အတိုင်း နေ့လဲဘဲ ကုသိုလ်တွေ ရနေပါတယ်၊ ညလဲဘဲ ကုသိုလ်တွေ ဖြစ်လို့နေပါတယ်၊ နေ့ရော ညရော အမြဲမပြတ် ကုသိုလ်တွေ ဖြစ်နေတာဟာ အဲဒီ အလှူရှင်တွေပါဘဲ''လို့ မြတ်စွာဘုရားက တိုတိုနှင့် ဖြေကြားတယ်နော်။

ကျောင်းဆောက်တဲ့သူ, ဇရပ်ဆောက်တဲ့သူ, ရေတွင်း ရေကန် တူးတဲ့သူ, တံတား ခင်းလို့ ပြင်လို့ လမ်းခင်းလို့နော်, ရေအိုးစင်တွေတည်လို့, အရိပ် အာဝါသအတွက် ထိုထို

နေရာ သစ်ပင်တွေစိုက်လို့, ပန်းတွေစိုက်လို့ အဲဒီ ပုဂ္ဂိုလ်တွေဟာ နေ့ရော ညရော အမြဲ ကုသိုလ်တွေရနေပါတယ်၊ ဤကဲ့သို့ ကုသိုလ်နှင့် ပြည့်စုံတဲ့ ပုဂ္ဂိုလ်တွေ ကောန် နတ်ရွာသုဂတိ ရောက်နိုင်ပါတယ် ချစ်သား-လို့ ဖြေကြားတယ်နော်....

**အောက်မေ့တိုင်း ကုသိုလ်တိုး။** ။'သဒါ ပုညံ ပဝဍ္ဍတိ' ဤလိုကျောင်းဆောက်တဲ့ ကုသိုလ် မျိုးဟာ အမြဲတမ်းကုသိုလ်ဖြစ်တယ်ဆိုတာ ဘယ်အချိန်မှ မလွတ်ရအောင် အမြဲဖြစ်ပါသလား၊ ဒီတော့ အဋ္ဌကထာ ဆရာက အိပ်ပျော်နေတဲ့အခါ ကာမ ဝိတက် ကြံစည်တဲ့အခါ အဲဒီ နှစ်ခါ နှစ်ချိန် ကုသိုလ် မဖြစ်ပါဘူး၊ ဒါဖြင့်ရင် ဘယ်အခါ ရသလဲ၊

'ယဒါ ယဒါ သရတိ၊ တဒါ တဒါ ပဝဍ္ဍတိ' (သံ၊ ဋ္ဌ၊ ၁၊ ၈၃)

အကြင်အခါ အကြင်အခါ မိမိကုသိုလ်ကို အာရုံပြု အမှတ်ရ, သတိရနေ၏၊ထိုအခါ အမြဲတမ်း ကုသိုလ်တွေ ဖြစ်နေပါတယ်၊ ရနေပါတယ်။

ဒီတော့ ဋီကာဆရာက ဒါဖြင့်ရင် အိပ်ပျော်တဲ့ အချိန်, ကာမ ဝိတက် ကြံတဲ့အချိန် ဒီနှစ်ချိန်ကလွဲရင် အမြဲတမ်း ရတယ်ဆိုတော့ ဒီအတိုင်း အလိုအလျောက် နေရင် ရသလားတဲ့ မဟုတ်ပါဘူး ဋီကာက တဆင့်တက်လာပြန်တယ်၊ ''အတ္တနာ၊ မိမိသည်။ကတံ၊ ပြုအပ်သော။ ပုညံ၊ ကောင်းမှု ကုသိုလ်ကို။ အနုဿရတော၊ အဖန်ဖန် အောက်မေ့သောသူအား။ တံ၊ ထို ကုသိုလ်ကို။ အာရဗ္ဘ၊ အကြောင်းပြု အာရုံပြု၍။ ဗဟုံ၊ များစွာသော။ ပုညံ၊ ကောင်းမှု ကုသိုလ်တွေသည်။ ပဝဍ္ဍတိ၊ တိုးပွါး၏။''(သံ၊ ဋီ၊ ၁၊ ၁၂၄)

အော် .. ဘယ်နေ့ ဘယ်ရက်က ဘယ်နေရာဌာန အဆောက်အဦ....ဆောက်ထား တယ်၊ ရေတွင်းကြီး တူးထားတယ်၊ ရေကန်ကြီး တူးထားတယ်-စသည်ဖြင့် အောက်မေ့ပြီး တော့ သတိရနေရမယ်တဲ့၊ အဲဒီလို အောက်မေ့တိုင်း သတိရတိုင်း ထပ်ပြီးတော့ ကုသိုလ်တွေ အမြဲဖြစ်နေပါတယ်တဲ့နော်။ ဆောက်ထားရုံ ဆောက်ထားပြီးတော့ အောက်မေ့ခြင်း အမှတ် ရခြင်း မရှိရင် မရပါဘူး။ ဒါကြောင့် ဘုန်းကြီးတို့ ပဋ္ဌာန်းပါဠိတော်မှာလဲဘဲ....

ဒါနံ ဒတွာ သီလံ သမာဒိယိတွာ ဥပေါသထ ကမ္မံ ကတွာ
တံ ပစ္စဝေက္ခတိ။ (ပဋ္ဌာန၊ ၁၄၄)

ဆိုပြီးတော့ မိမိလှူထားတဲ့ အလှူဒါန အောက်မေ့ သတိရ၊ ဆောက်တည်တဲ့ သီလ အောက်မေ့ သတိရ၊ မိမိဆောက်ထားတဲ့ ကျောင်း အောက်မေ့ အမှတ်ရ၊ အဲဒီလို ဆိုရင် ဖြစ်ပြီးသော ကုသိုလ်တွေက အာရမ္မဏ ပစ္စည်းဖြစ်ပြီးတော့ အသစ်ဖြစ်တဲ့ ကုသိုလ်တွေက အာရမ္မဏိက ပစ္စယုပ္ပန် အသစ် အသစ် ကုသိုလ်တွေ တဖွဲဖွဲ တဖွားဖွား ဖြစ်ပါတယ် ရရှိ ပါတယ် တဲ့နော်။

**နတ်သားတယောက် ငါးချက်လျှောက်။** ။အဲဒီ လှူဒါန်းပေးကမ်းတာနှင့် စပ်ပြီးတော့ နတ်သားတယောက်က လျှောက်ထားတာလဲ ရှိပါတယ်၊ ''မြတ်စွာဘုရား...ဘယ်အလှူကို လှူသောသူက ခွန်အားဗလကို လှူရာ ရောက်ပါသလဲ၊ ဘယ်အလှူကို လှူသောသူက အဆင်း သဏ္ဍာန်ကို လှူရာရောက်ပါသလဲ၊ ဘယ်အလှူကို လှူသောသူက ချမ်းသာသုခကို လှူရာ ရောက်ပါသလဲ၊ ဘယ်အလှူကို လှူရင်ဖြင့် မျက်စိကြည်လင်မှုကို ရပါသလဲ၊ ဘယ်အလှူကို လှူရင် အလုံးစုံကို လှူရာ ရောက်ပါသလဲ မြတ်စွာဘုရား''လို့ ငါးချက်လျှောက်ထားတယ်နော်။

**ခွန်အားအလှူ။** ။ပထမ အချက် 'မြတ်စွာဘုရား ဘယ်အလှူကို လှူသောသူသည် ခွန်အားဗလကို လှူပါသလဲ'လို့ မေးတော့ မြတ်စွာဘုရားက ဖြေပါတယ်။

'အန္နဒေါ ဗလဒေါ ဟောတိ၊ ဝတ္ထဒေါ ဟောတိ ဝဏ္ဏဒေါ'တဲ့။

(သံ၊ ၁၊ ၂၉)

အန္နဒေါ၊ ဆွမ်းခဲဘွယ် ဘောဇဉ် ချိုချဉ် အာဟာရကို ပေးကမ်း လှူဒါန်းသောသူသည်။ ဗလဒေါ၊ ခွန်အား ဗလကို လှူရာရောက်သည်။ ဟောတိ၊ ဖြစ်တော့၏။

မြတ်စွာဘုရားက ဖြေတာ၊ ဘုန်းကြီးတို့အားလုံး ဆွမ်းစတဲ့ အာဟာရနှင့် ကင်းတဲ့သူတယောက်မျှ မရှိပါဘူး သတိပြုစေချင်ပါတယ်နော်၊ ဆွမ်းအာဟာရ လှူဒါန်းတဲ့သူဟာ ခွန်အားဗလကို လှူရာ ရောက်တယ်တဲ့၊ ဒီတော့ ဘာပြုလို့ ခွန်အားဗလကို လှူရာရောက်သလဲ၊ ဘုန်းကြီးတို့ သာသနာ နေရတဲ့ ပုဂ္ဂိုလ်များ ဆွမ်း အာဟာရ မမှီဝဲ မစားသောက်ရလျှင် ခွန်အား ဗလနှင့် ပြည့်စုံခြင်း မဖြစ်နိုင်ပါဘူး၊ ဆွမ်းအာဟာရကို စားသုံးရမှသာ ခွန်အား ဗလနှင့် ပြည့်စုံနိုင်ပါတယ်၊ ဒါ့ကြောင့် ဆွမ်း လှူပေမယ်လို့ ခွန်အားဗလ ကို လှူရာ ရောက်ပါတယ်တဲ့၊ ဘဝသံသရာ လူဖြစ်သော်ငြား နတ်ဖြစ်သော်ငြား သူများထက်ပိုပြီးတော့ ခွန်အား ကြီးမားခြင်းဆိုတဲ့ အကျိုးနှင့် ပြည့်စုံပါတယ်တဲ့၊ ဒါ သံယုတ်ပါဠိတော်၊ အင်္ဂုတ္တိုရ်ပါဠိတော်ကတော့ ဘဝသံသရာမှာ ဆုမတောင်းဘဲနှင့် အသက်ရှည်ခြင်း, အဆင်းလှခြင်း, ချမ်းသာကြီးခြင်း, ခွန်အားကြီးခြင်း, ဉာဏ်ပညာကြီးခြင်း အဲဒီ ဆွမ်းအကျိုးငါးမျိုးကို ဟောထားပါတယ်၊ ဌီကာ ဆရာက ဒီ အစာ အာဟာရကို မစား မသောက်ရလျှင် ပင်ကိုယ်မူလ ဝဖြိုးနေတဲ့ ပုဂ္ဂိုလ်တောင်မှ နှစ်ရက်တန်စေ, သုံးရက်တန်စေ မစားရလျှင် အိပ်ရာကတောင် မထနိုင်ပါဘူး၊ ဘယ်ကိစ္စမှ မဆောင်ရွက်နိုင်ပါဘူး၊ ပင်ကိုယ်က အားအင်နည်းတဲ့ ပုဂ္ဂိုလ်ပင် ဖြစ်သော်လဲ အာဟာရ စားလိုက်ရလို့ရှိလျှင် ခွန်အားဗလ ပြည့်လာပါတယ်တဲ့၊ ဒါကြောင့် မနက်ကတုန်းက မွန်မွန်မြတ်မြတ် ဆွမ်းဟင်းတွေ အမျိုးမျိုး စုံ-လို့ သံဃာတော်တွေ ကပ်ရတာ၊ အဲဒီ ကပ်ရတဲ့ ဆွမ်း ဒါနကုသိုလ် စေတနာလေးက ဘဝသံသရာ ခွန်အားကြီးမားခြင်းနှင့် ပြည့်စုံမှုတွေ ရရှိပါလိမ့်မယ်၊ရရှိရုံ မကဘဲနှင့် ထို ခွန်အား ဗလ မပျက်စီး

ရအောင်လဲဘဲ ထိုစေတနာလေးက စောင့်ရှောက်ပါတယ်၊ ထိုမှတပါး အသက်ရှည်ခြင်း စသည်များကိုလဲ ဒီနည်းအတိုင်း သိကြပါတော့။

အဆင်းအလှူ။ ။ပြီးတော့ "မြတ်စွာဗုဒ....ဘယ်အလှူဟာ အဆင်းသဏ္ဍာန်ကို လှူရာ ရောက်ပါသလဲ မြတ်စွာဘုရား" ဒီလို လျှောက်တော့ မြတ်စွာဘုရားက —

'ဝတ္ထဒေါ ဟောတိ ဝဏ္ဏဒေါ'-တဲ့။

အဝတ်သင်္ကန်း အထည် အလိပ် လှူတဲ့ သူများဟာ အဆင်းသဏ္ဍာန်ကို လှူရာ ရောက်ပါတယ်၊ ခုနကတုန်းက စိမ်ပိုင်းခြားတဲ့ အတိုင်း သင်္ကန်းလှူရပြီး ထို သင်္ကန်းက သင်္ကန်း အကျိုး(ပ)မျိုး စသည်ဖြင့် ရှိပါသေးတယ်နော်၊ဒါတော့ ထားပါအုံးတော့၊ ဒီ အဝတ်ဆိုတာ ပင်ကိုယ် မူလက အားလုံး သိတဲ့အတိုင်း အဆင်းသဏ္ဍာန် မလှပ စေကာမူ ကောင်းမြတ် ယဉ့်တယ်တဲ့ အဝတ်အစားလေး ဆင်လိုက်တဲ့ အခါကျတော့ အင်မတန် လှပတင့်တယ်ပြီး သွားပါတယ်၊ ဒါကြောင့် ပင်ကိုယ်မူလက အကျည်းတန် အရုပ်ဆိုးနေသော်လဲ အဝတ် ကောင်းများ ဝတ်လိုက်တဲ့ အခါကျတော့ လှပ တင့်တယ်ပြီး သွားသောကြောင့် အဝတ် သင်္ကန်း လှူဒါန်းတဲ့သူများမှာ အဆင်းသဏ္ဍာန်ကို ဘဝသံသရာအတွက် လှူထားတာပါ၊ လှူရာ ရောက်ပါတယ်၊ ဒါကြောင့် နတ်ဖြစ်သော်ရင်း လူဖြစ်သော်ရင်း သူများထက် ပိုပြီးတော့ အဆင်းလှတဲ့ အကျိုးပေးမယ်။

ချမ်းသာအလှူ။ ။ပြီးတော့ နောက်တဆင့်က "မြတ်စွာဘုရား-ဘယ်အလှူ လှူသောသူက ချမ်းသာသုခကို လှူရာရောက်ပါသလဲ မြတ်စွာဘုရား"-တဲ့၊

ဒီတော့ မြတ်စွာဘုရားက —

'ယာနဒေါ သုခဒေါ ဟောတိ'၊

ယာနဒေါ၊ ဖိနပ်၊ထီး၊ဆင်၊မြင်းယာဉ်၊ ကားယာဉ် အစရှိသော ယာဉ်အမျိုးမျိုးကို လှူဒါန်းသောသူသည်။ သုခဒေါ၊ အရပ်ရပ်သော ချမ်းသာ အမျိုးမျိုးကို ပေးလှူသည် မည်သည်။ ဟောတိ၊ ဖြစ်၏။ မြတ်စွာဘုရား ဖြေလိုက်တာနော်—

အေး... ထီးတဲ့ ဖိနပ်တဲ့ ဒါ ယာဉ်အလှူဘဲ၊ ဘုန်းကြီးတို့ တောင်ဝှေးလဲ ယာဉ်အလှူဘဲ၊ ခုနက ကတားတို့ လမ်းတို့ အဲဒီ အလှူလဲ ယာဉ်အလှူဘဲ၊ ဥပမာ-တခု ထင်ရှားအောင် ကားဖြင့် ပင့်ဆောင်ပြီးတော့ ကုသိုလ်ပြုရတယ်ဆိုလျှင် အဲဒါ ယာဉ်အလှူဘဲ၊ ထို ယာဉ်အလှူ ဒါနက အလှူခံပုဂ္ဂိုလ်မှာ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာသောကြောင့် လှူတဲ့ ပုဂ္ဂိုလ်မှာလဲ ချမ်းသာခြင်းဆိုတဲ့ အကျိုးအမျိုးမျိုးကို ပေးပါတယ်-လို့ မြတ်စွာဘုရားက ဟောပါတယ်။

မျက်စိအလှူ။ ။ဒီနောက်တဆင့်"မြတ်စွာဘုရား ...ဘာအလှူကတော့ မျက်စိလှူရာရောက်ပါသလဲ"ဆိုတော့ မြတ်စွာဘုရားက ဖြေလိုက်တယ်၊ ဆီမီးတို့ ယခုကာလ

ခေတ်မီးတို့ ဖရောင်းတိုင်မီးတို့ ဤလို မီးပူဇော်တဲ့ အလှူဒါနမျိုးက မျက်စိ ကြည်ကြည် လင်လင် အကျိုးကိုပေးပါတယ်၊ဒိဗ္ဗစက္ခု အဘိညာဏ်များ ရရှိခြင်း၏ အကြောင်းလဲ ဖြစ်ပါ တယ်၊ အဲဒီလို မြတ်စွာဘုရားက ဖြေတယ်။

အလုံးစုံအလှူ။ ။ကဲ လိုရင်းရောက်ပြီ၊ "ဘယ်အလှူဒါနက အလုံးစုံ လှူရာ ရောက်ပါသလဲ မြတ်စွာဘုရား"... လို့ ရှေ့ဆက် လျှောက်ထားတယ်၊ ဒီတော့ မြတ်စွာ ဘုရားက....

သော စ သဗ္ဗဒဒေါ ဟောတိ၊ ယော ဒဒါတိ ဥပဿယံ (သံ၊ ၁၊ ၂၉)

ယော၊ အကြင် အမျိုးကောင်း သား,သမီးသည်။ ဥပဿယံ၊ ဇရပ် တန်ဆောင်း ခိုဝင်ကိန်းအောင်း မှီခိုရာကျောင်းကို။ ဒဒါတိ၊ သဒ္ဓါဖွေးဖြူစွာဖြင့် ပေးလှူပါ၏။ သော၊ ထို ကျောင်းဆောက်၍ လှူဒါန်းသော အမျိုးကောင်း သား,သမီးသည်။သဗ္ဗဒဒေါ၊ အလုံးစုံ ပစ္စည်းလေးပါးတို့ကို ပေးလှူရာ ရောက်သည်။ ဟောတိ၊ ဖြစ်၏—ဟု ဖြေပါတယ်။

ဒီတော့ ကျောင်းဆောက်ပြီးတော့ လှူတဲ့ ပုဂ္ဂိုလ်များမှာ ခုနကတုန်းက ကျောင်း လှူရုံတင် မကဘူး ခွန်အားဗလ ကို လှူရာရောက်တယ်၊ အဆင်းကိုလဲ လှူရာ ရောက်တယ်၊ ချမ်းသာသုခ ကိုလဲ လှူရာ ရောက်တယ်၊ မျက်စိကိုလဲ လှူရာ ရောက်တယ်တဲ့။ အဲဒါတွေ အကုန်လုံး လှူရာ ရောက်တယ်တဲ့နော် အကျယ်တော့ မပြောပါရစေနှင့် ...

မဟာဝိသုဒ္ဓါရုံ ဆရာတော် ဘုရားကြီးကတော့ ကျောင်း, သင်္ကန်း, ဆွမ်း, ဆေး ဤပစ္စည်း လေးပါးလုံးတို့ကို လှူရာ ရောက်တယ်-လို့ မိန့်ဆိုထားပါတယ်။

နိဗ္ဗာန်အလှူ။ ။အေး .. နတ်သားက မမေးဘဲနှင့် ဘုရားက အကျယ်ချဲ့ပြီးတော့ ဖြေလိုက် တာကတော့—

'အမတံ ဒဒေါ စ သော ဟောတိ၊ ယော ဓမ္မမနုသာသတိ'-တဲ့နော်....

ယော၊ အကြင်ပညာရှိသည်။ ဓမ္မံ၊ တရားစကားကို။ အနုသာသတိ၊ ပြောဟော ဆုံးမ၏။ သော၊ ထို ပညာရှိသည်။အမတံ ဒဒေါ စ၊ ဘေးမဲ့ ရပ်ထံ အမြိုက် နိဗ္ဗာန်ကို ပေးလှူ သည် မည်သည်လည်း။ ဟောတိ၊ ဖြစ်၏။

ယခုလို တရားဟောတဲ့ ပုဂ္ဂိုလ်, တရားနာနေတဲ့ ပုဂ္ဂိုလ်၊ အဲဒါ အမတံ ဒဒ-နော်၊ ဘေးကင်းရာ မသေရာဖြစ်တဲ့ အမြိုက် နိဗ္ဗာန်ကို လှူရာရောက်တယ်တဲ့၊ ဝမ်းသာစရာနော်၊ တရားဟောတဲ့ ပုဂ္ဂိုလ်တင် မဟုတ်ဘူး၊ တရားနာနေတဲ့ ပုဂ္ဂိုလ်တွေလဲဘဲ အမြိုက် နိဗ္ဗာန် လှူရာ ရောက်တယ်လို့ အဋ္ဌကထာ ဆရာက ဖွင့်ဆိုထားပါတယ်၊ အဲဒါ နတ်သားက မလျှောက်ဘဲနှင့် ဘုရားက အပိုထည့်ဖြေတော်မူတယ်၊ ဒါလဲဘဲ ကျောင်းနှင့် စပ်ပြီးတော့ ဘုန်းကြီးတို့ ဒီကနေ့ ခု ဆောက်လုပ်ပြီးထားတဲ့ ကျောင်းဟာ ဘာမျှ ကြည့်ပြီး အပြစ်ဆို

ရေး ရှိပါဘူး၊ အင်မတန် ပြည့်ပြည့် စုံစုံ မျက်နှာကြက်နှင့်တကွ သွတ်တွေမိုးလို့ ခိုင်ခိုင် ခံ့ခံ့ သပ်သပ် ရပ်ရပ် လုံလုံ ခြုံခြုံ မြင့်မြင့် လွင့်လွင့် အကုန်လုံး ကောင်းပါတယ်၊ အကုန်လုံး တင့်တယ်ပါတယ်၊ ပစ္စည်းတွေ အများကြီး အကုန်ကျ ခံပြီး လုပ်သည့်အတိုင်း အကုန်လုံးဘဲ ဝမ်းမြောက်စရာ ကောင်းပါတယ်။

**ဘေးရန်ကာကွယ် ကျောင်းလှူမယ်။** ။ဒီလို ရဟန်း သံဃာတော်တွေ ခု ဒီကျောင်းကြီး ဆောက်လုပ်လို့ ပေးလိုက်တော့ စူဠဝါ ပါဠိ တော်က....

သီတံ ဥဏှံ ပဋိဟနတိ၊ တတော ဝါဠမိဂါနိ စ၊
သရီသပေ စ မကသေ၊ သိသိရေ စာပိ ဝုဋ္ဌိယော။

(ဝိ၊၄၊၂၉၁)

ဝိဟာရော၊ ဆောက်လုပ်သူဒါန်း ကျောင်းသခ်မ်းသည်။ သီတံ၊ ဥတုမညီမျှ ပြေစိမ့်ချမ်းခြင်းကိုရင်း။ ဥဏှံ၊ ဥတုမညီပဲ အပူဓာတ် လွန်ကဲခြင်းကိုရင်း။ တတော၊ ထိုမှ တပါး။ ဝါဠမိဂါနိ စ၊ ခြင်္သေ့, သစ်, ကျား, သားရဲသားကောင် တို့ကိုရင်း။ သရီသပေ စ၊ ကိုယ်ပြင့် တွားရွဲသွားတတ်သော ကျောရှေ ကင်းမြွေတို့ကိုရင်း။ မကသေ၊ ထိုးဆွနှာကျင် မှက်, ခြင်တို့ကိုရင်း။ သိသိရေ စာပိ၊ လေ, မိုး, မိုးနှင်း, ဆီးနှင်းတို့ကိုရင်း။ ဝုဋ္ဌိယော၊ ရွာမိုး, စိမ့်မိုး, မိုးရိုးရိုးတို့ကိုရင်း။ ပဋိဟနတိ၊ ကိုယ်စိတ်နှစ်ပါး ချမ်းသာပွါးအောင် ဟန့်တား ဖျက်ဆီးနိုင်၏။

ကျောင်းဒကာ–ကျောင်းအမ ကျောင်းဆောက်ပြီး လှူထားတော့ နေတဲ့ပုဂ္ဂိုလ်မှာ အဇ္ဈတ္တပဟိဒ္ဓဖြစ်တဲ့ ဘေးရန်အကုက်နှင့် အအေးတွေကိုလဲ အကာအကွယ်ရတယ်၊ အပူတွေ ကိုလဲ အကာအကွယ်ရတယ်၊ ခြင်္သေ့, သစ်ကျားစတဲ့ ဘေးရန်တွေကိုလဲ ကာကွယ်ရတယ်၊ မှက်, ခြင်, မြွေအဇရှိကဲ့ သတ္တဝါတို့ရဲ့ ဘေးရန်တွေကိုလဲဘဲ ကာကွယ်ရန်အဖွယ် ရည်ရွယ် ချက်နဲ့ လှူပါတယ်၊ ဆီးနှင်းတွေ ကာကွယ်ရအောင်, မိုးဇရ မိုးပေါက်တွေ ကာကွယ်ရအောင် ဒီလိုအနေနှင့် ကျောင်းဒကာ–ကျောင်းအမများက လှူပြီးတော့ထားပါတယ်။

**ကျောင်းလှူကျိုး အပျိုးမျိုး။** ။လှူထားတော့ မိမိတို့လှူတဲ့သူမှာ ဘာအကျိုးရှိသလဲ။

**'ရွှေဘုံပေါ်ပေါက်၊ ထိပ်ကြောက်လန့်ကင်း၊ ဘေးရန်ရှင်း၏'**-တဲ့။ ဘုန်းကြီးတို့ ကျောင်းလှူရတဲ့အကျိုး၊ ဘုံ,ဗိမာန် ဘဝသံသရာမှာ အလိုလိုပေါ်ပေါက်တတ်တယ်၊ နန္ဒိယ ကျောင်းဒကာ သူဌေးအတွက် မသေမီကပင် နတ်ပြည်တွင် ဘုံ,ဗိမာန်တွေ ပေါ်ပေါက်နေ ပါတယ်၊ ပြီးတော့ ခုနကတုန်းက ဘေးရန်တွေကင်းအောင် လှူထားတော့ မိမိတို့မှာ ကြောက်ခြင်း, လန့်ခြင်း, ကြက်သီးမွေးညှင်းထခြင်း ဒီလိုဟာတွေလဲ ကင်းတယ်တဲ့၊ ခြင်္သေ့, သစ်, ကျားစတဲ့ ဘေးရန်တွေ ဘယ်အခါမှ ဘဝသံသရာမှာ မကြုံတွေ့ရဘူးတဲ့ နော်၊ ဒါကြောင့် ဘေးရန်ရှင်း၏-လို့ ဆိုတာပေါ့။

**'ကြောက်ခြင်းယက္ခ' ပါပမမက်'**။ကြောက်ခြင်းယက္ခဆိုတာ တစ္ဆေ၊ မြေဘုတ်ဘီလူး၊ ကုမ္ဘဏ် ရက္ခိုသ်ဘီလူးစတဲ့ သတ္တဝါတွေ သူတို့ကို ကြောက်ရမှာ နေနေသာသာ သူတို့က ပြန်ပြီး ကြောက်ရပါတယ်၊ **ပါပမမက်** ဆိုတာက မကောင်းတဲ့အိပ်မက် မမက်ဘူးတဲ့။

နောက်ပြီး **'ဘဝဆက်သိ'**ဆိုတဲ့ အဓိပ္ပါယ်ကတော့ မိမိတို့ကုသိုလ်ကိုလည်း ဘယ်ဘဝမှာ ဘာလုပ်ခဲ့တယ်ဆိုတာ အဲဒီလိုအောက်မေ့ပြီးတော့ သိနိုင်ပါတယ်။

**'မြဲသတိ'**တဲ့-သတိတရားကလဲ အမြဲတမ်း မြဲတယ်တဲ့-မမေ့တော့ဘူး၊ အဲဒါကြောင့်-

* ရွှေဘုံပေါ်ပေါက်၊ ထိပ်ကြောက်လန့်ကင်း၊ ဘေးရန်ရှင်း၏၊
ကြောက်ခြင်းယက္ခ၊ ပါပမမက်၊ ဘဝဆက်သိ၊ မြဲသတိသည်၊
ရရှိကျောင်းလှူ ရှစ်မျိုးတည်း-တဲ့။

ဤမဟာဝိသုဒ္ဓါရာမ ဆရာတော် ဗရားကြီးက ကျောင်းလှူရကျိုးရှစ်မျိုးမျှ ရေးသားထားပါသော်လည်း အမှန်စင်စစ် ကျောင်းလှူရကျိုးမှာ—

သုတ္တန္တပရိယာယ်အားဖြင့် ကိုးပါး၊
ခန္ဓကပရိယာယ်အားဖြင့် တဆယ့်ခုနစ်ပါး၊
တိကာကုဋ္ဌ ထေရာပါဒါန်၌ ခုနစ်ပါး၊
ပေါင်း(၃၃)ပါး ရှိပါတယ်။

သို့ရာတွင် အကျိုးထပ်တူတွေကို ပေါင်းလျှင်တော့ ယခုလောက် မများဟု ဆိုရပါမည်။

* သုံးတန်စေတနာ၊ ညီညွတ်စွာဖြင့်၊ မဟာသံဃိက၊ ဝိဟာရကျောင်း၊ တန်ဆောင်းဆောက်ဦ၊ လှူသသူတို့၊ ကြီးထူကဲဝှန်၊ ကျိုးရဟန်ကို၊ ကျမ်းဂန်ထောက်ချင့်၊ နိဒါန်းဖွင့်သော်-

၁။ နတ်နှင့် လူဝယ်၊ သန္တေတွယ်၍၊
၂။ လိုဘွယ်မတ၊ ဆောက်ဦရ၏၊
၃။ မထကြွက်သီး၊ ကိုယ်လည်း မလှုပ်၊ ကြောက်ရပ်မထင်၊ ထိတ်လန့်စင်၏၊
၄။ ခြသေ့် သစ်ကျား၊ သားရဲများနှင့်၊ ဖမ်းစားကလူ၊ နှိပ်စက်မှုသား၊ တောသူ ဖုတ်ပြိတ်၊ အဆိပ် ထန်ပြင်း၊ မြွေနှင့် ကင်းက၊ အဆင်းဖောက်ပြန်၊ ကုမ္ဘဏ်ရက္ခိုသ်၊ နတ်မိုက်ရန်ပေါင်း၊ ဘေးလွတ်ရှောင်း၏၊
၅။ မကောင်းအိပ်မက်၊ မမြင်မက်ဘူး၊

၆။ ထိုင်လျက်သတိ၊ မြဲခိုင်ဘိ၍၊ ဝိပရိဏာ၊ ဖောက်ပြန်စိတ်ရင်း၊ ရှူးသွတ်ခြင်းမှ၊ ရှင်းရှင်းလွတ်ရှောင်း၊ ကျိုးဆက်ကောင်း၏၊

၇။ နောက်နှောင်းဘဝ၊ ပစ္ဆိမဝယ်၊ ဂုဏကဲပို၊ အရဟတ္တဖိုလ်ဟု၊ ထိုထိုကျေးဇူး၊ လွန်ပြန့်ပျူးသည်၊ ဆောက်ဦး လူကျိုး ခုနစ် တည်း။

(မင်းကွန်း အဂ္ဂမဟာပဏ္ဍိတ တိပိဋကဓရ ဆရာတော်)

* ချမ်းပူကိုဖျက်၊ ခြင်မှက်လေနေ၊ ကင်းမြွေဝေးမှု၊ ဥတုဘေးဘျမ်း၊ မသန်းကင်းစင်၊ စိတ်ကြည်လင်ကြောင်း၊ နေရာကျောင်းကို၊ ကိန်းအောင်းဘို့ရန်၊ သုတ္တန် ကိုး၀၊ ဟောညွှန်ပြသည်၊ မှတ်ကြကျောင်းလှူ အကျိုးတည်း။

* စူဠဝါဒန္တက၊ တနည်းပြမူ၊ ချမ်းပူကိုဖျက်၊ နှင်းမှက်လေနေ၊ ကင်းမြွေသားရဲ၊ မိုးလဲ ပယ်ဖျောက်၊ ချမ်းသာ ရောက်ကြောင်း၊ ကိန်းအောင်း ဈာန်ဝင်၊ ပွါးမြင်ရှုငြား၊ တရားနာခြင်း၊ ထိုးထွင်းသိပြန်၊ နိဗ္ဗာန်စံပျော်၊ ကျောင်းဖျော်ဒုဝတ်၊ မလွတ်ဆွမ်းရ၊ ဆယ့်ခုနစ်ဝသည်၊ မှတ်ကြကျောင်းလှူအကျိုးတည်း။

အဲဒါ နေတဲ့ပုဂ္ဂိုလ်တွေ ချမ်းသာအောင်လှူတော့ ကျောင်းဒကာ ကျောင်းအမတွေမှာ ဒီ အကျိုးတွေ ပြန်ပြီးတော့ရတယ်။

ဗုရားက ဆက်လက်၍ ဟောထားဘာ ရှိပါသေးတယ်။

တတော ဝါတာတပေါ ဃောရော၊ သဉ္စာတော ပဋိဟညတိ။
လေဏတ္ထဉ္စ သုခတ္ထဉ္စ၊ ဈာယိတုံစ ဝိပဿိတုံ။

(ဝိ၊ ၄၊ ၂၉၂)

တတော၊ ထိုမှတပါး၊ သဉ္စာတော၊ ဥတုအလျောက် ဖြစ်ပေါ် ပေါက်သော။ ဃောရော၊ ကြမ်းတမ်းထက်မျက် အခံခက်သော။ ဝါတာတပေါ၊ လေပူ နေပူ လေ-နေပူကို။ ပဋိဟညတိ၊ အပူဒဏ်ချက် မနှိပ်စက်အောင် ဖျောက်ဖျက်ဟန့်တား အပ်ပါပေ၏။ လေဏတ္ထဉ္စ၊ အိပ်ရာကျောင်း၌ ကိန်းအောင်းပုံးလျှိုခြင်းငှါလည်း။ ဈာယိတုံ စ-ဝိပဿိတုံ၊ ဈာန်ဝင်စား၍ လက္ခဏာယဉ် ရှုစားရန်အတွက်။ သုခတ္ထဉ္စ၊ ဥတုသပ္ပါ အာဝါသာနှင့် ချမ်းသာစွာ နေခြင်းငှါလည်း။ ဟောတိ၊ အမြဲပုံသေ ဖြစ်ပါတော့သတည်း။

ဒါ ရည်ရွယ်ချက်က ခု ဒီကျောင်းနေတဲ့ ပုဂ္ဂိုလ်ဟာ ကြမ်းတမ်းစွာ ဖြစ်ပေါ်လာတဲ့ လေ နေပူ မနှိပ်စက်ပါစေနဲ့တဲ့။

'**လေဏတ္ထဉ္စ**' ကျောင်းဆိုတာ ဆိပ်ဆိပ် ငြိမ်ငြိမ် အေးအေး ချမ်းချမ်းနဲ့ ကိန်းအောင်းနေဘို့ရာဘဲ ဖြစ်ပါတယ်။

ဤကျောင်းမှာ ကိန်းအောင်းတဲ့ပုဂ္ဂိုလ် ကိုယ်စိတ်နှစ်ဖြာ ချမ်းချမ်း သာသာရှိပါစေ၊ ချမ်းချမ်း သာသာ သုံးဆောင်ပါစေ၊ ဒါ **'သုခတ္ထဉ္စ'** တဲ့။

နောက်ပြီး **'ဈာယိတုံ စ'** အရဟံ အရဟံ အစရှိတဲ့ သမထ ကမ္မဋ္ဌာန်းတွေလဲဘဲ စီးဖြန်းပြီးတော့ သာသနာ့ လုပ်ငန်းတွေ ဆောင်ရွက်နိုင်ပါစေ, ဈာန်ရအောင်လဲ အားထုတ်နိုင်ပါစေ။

**'ဝိပဿိတုံ စ'** ဆိုတာကတော့....တေဘူမက သင်္ခါရဖြစ်တဲ့ ရုပ် နာမ် ဓမ္မတွေဟာ အနိစ္စ, ဒုက္ခ, အနတ္တ ဒီလို ဝိပဿနာ ကမ္မဋ္ဌာန်းလဲ စီးဖြန်းမှတ်ရှုပြီး ချမ်းသာစွာ နေနိုင်ပါစေတဲ့။

ကျောင်းအမများ ရည်ရွယ်ချက်က အဲဒီ ရည်ရွယ်ချက်အတိုင်း ဤ မဟာသတိပဋ္ဌာန် ရိပ်သာ ဌာနသည် သိပြီးသားဖြစ်ကြတဲ့အတိုင်း အနိစ္စ, ဒုက္ခ, အနတ္တအစရှိတဲ့ ရုပ် နာမ် ဓမ္မတွေ ဝိပဿနာတင်လို့, အရဟံ အစရှိတဲ့ သမထကမ္မဋ္ဌာန်းတွေလဲ စီးဖြန်းလို့ အဲဒါ စူဠဝါ ပါဠိတော်၌ ဘုရားဟောထားတဲ့အတိုင်းဘဲဖြစ်၍ ဒီအချိန်ကာလသည် အင်မတန် တိုက်လျော်ပြီးတော့ ဝမ်းမြောက်စရာကြီး ကောင်းပါတယ်။

**သံဃိကကျောင်းလှူသမျှ ဘုရားရှင်တိုင်းက ချီးမွမ်းကြ။** ။နောက်ပြီး ... ယခုလို သံဃာတော်အား ဆောက်လုပ် လှူဒါန်းတဲ့ သံဃိကကျောင်းကို မြတ်စွာဘုရား အထူးချီးမွမ်းတော်မူအပ်ပါတယ်၊ ရှေးရှေးက မရေတွက်နိုင်သော ဘုရားရှင်တွေကလဲ ဤအတိုင်းဘဲ ချီးမွမ်းတော်မူခဲ့ကြတယ်၊ နောင်ကာလမှာ ပွင့်တော်မူကြမဲ့ ဘုရားရှင်တွေကလဲ ဤအတိုင်းဘဲ ချီးမွမ်းတော်မူကြလိမ့်မယ်။

ဘုရားတိုင်းက အမြတ်ဆုံးလို့ ချီးမွမ်းတော်မူတဲ့ ကျောင်းအလှူဒါနပါ၊ ဤလို ချီးမွမ်းတော်မူအပ်သည့် အားလျော်စွာ (၂၇)ကုဋေကုန်ကျခံ၍ ဆောက်လုပ်သော ပုဗ္ဗါရုံ ကျောင်းတော်ကြီး(၅၄)ကုဋေကုန်ကျခံ၍ ဆောက်လုပ်သော ဇေတဝန်ကျောင်းတော်ကြီး အစရှိသော အားလုံးသောကျောင်းတို့ကို မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီးသည် သံဃာတော်အား သံဃိကအဖြစ်နှင့် လှူစေတော်မူခဲ့တယ်။

ဒါကြောင့်–

ဝိဟာရဒါနံ သံဃဿ၊ အဂ္ဂံ ဗုဒ္ဓေန ဝဏ္ဏိတံ။
တသ္မာ ဟိ ပဏ္ဍိတော ပေါသော၊ သမ္ပဿံ အတ္ထမတ္တနော။
ဝိဟာရေ ကာရယေ ရမ္မေ၊ ဝါသယေတ္ထ ဗဟုဿုတေ။

(ဝိ၊ ၄၊ ၂၉၂)

သံဃဿ၊ သံဃာတော်အား။ ဝိဟာရဒါနံ၊ ဆောက်လုပ်ကြည်ဖြူ ကျောင်းအလှူကို။ အဂ္ဂံ၊ အမြတ်ဆုံးဒါန အနုဂ္ဃကုသိုလ်ထူးဟူ၍။ ဗုဒ္ဓေန၊ အယုတ်အလတ် အမြတ်တရား ခွဲခြားသိမြင် ဘုရားရှင်သည်။ ဝဏ္ဏိတံ၊ ချီးကျူး မြှောက်စားတော်မူပါပေသတည်း။ တသ္မာ ဟိ–

တသ္မာ ဝေ၊ ထိုသို့ အမြတ်ခေါ်ဖျား အကျိုးများခြင်းကြောင့်သာလျှင်။ အတ္တနော၊ မိမိ၏။ အတ္ထံ၊ နိဗ္ဗာန်တိုင်မြောက် ထက်တန်းရောက်သော ကောင်းကျိုးမင်္ဂလာ အဖြာအဖြာကို။ သမ္ပဿံ သမ္ပဿန္တော၊ တွေးဆဆင်ခြင် အမှန်မြင်သော။ ပဏ္ဍိတော-ပေါသော၊ သာသနာ စည်ကား အရှည်ပွါးရေး အားပေးလိုလား သဒ္ဓါပွါးသော ပုဂ္ဂိုလ်သည်။ ရမ္မေ၊ ခြူးပန်း၊ ခြူးနွယ် အသွယ်သွယ်ဖြင့် လှပတင့်တယ် နှစ်သက်ဘွယ်ကောင်းကုန်သော။ ဝိဟာရေ၊ ဂူ၊ လိုဏ်၊ ဇရပ် ပြာသာဒ်၊ အုဋ္ဌကျောင်း ဆောင်ပေါင်းများစွာ နေစရာတို့ကို။ ကာရယေ၊ ကိုယ်တိုင်ဆောက်ရာ ဆောက်စေရာ၏။

တတ္ထ၊ ဤဆောက်လုပ်ပြီးစီး ကျောင်းတော်ကြီး၌။ ဗဟုဿုတေ၊ စာတတ်ပေတတ် အကျင့်မြတ် အကျင့်ကောင်း စွယ်စုံကောင်း ပုဂ္ဂိုလ်တို့ကို။ ဝါသယေ၊ ပင့်တင်လှူပေ သိတင်းသုံးစေရာသတည်း။

**ကျောင်းထိုင် ပုဂ္ဂိုလ် အရည်အချင်း။** ။အဓိပ္ပါယ်ကတော့....မိမိတို့၏ အကျိုး စီးပွါးကို လိုလားသော ပညာရှိ အမျိုးကောင်းသား အမျိုးကောင်းသမီးသည် မွေ့လျော်ဘွယ် နှစ်သက်ဘွယ်ကောင်းသော ကျောင်းတို့ကို ဆောက်လုပ် လှူဒါန်းရမည်၊ ဤမိမိတို့ ဆောက်လုပ်လှူဒါန်းသော ကျောင်းပေါ်၌ ဘယ်လိုပုဂ္ဂိုလ်ကို တင်ထားကိုးကွယ်ရမလဲလို့ ဆိုတော့ အဋ္ဌကထာ၌ ဆိုထားတဲ့အတိုင်း "ပရိယတ်တရား၌ အကြားအမြင် များသော စာတတ်၊ ပေတတ်၊ ကျမ်းဂန်တတ်ဖြစ်သော ဆရာတော် သံဃာတော်များကို တင်ထား ကိုးကွယ်ရမယ်"လို့ မြတ်စွာဘုရား ဟောကြားတော်မူပါတယ်။ ထိုကဲ့သို့ပရိယတ် မတတ်မြောက်သော ပုဂ္ဂိုလ်ဖြစ်က—

✻ ဝိနည်းမတတ်၊ ကျောင်းထိုင်လတ်၊ အာပတ် မဆုံးရာ—

ဟူ၍ လယ်တီ ဆရာတော်ဘုရားကြီးကလဲ မိန့်တော်မူခဲ့ပါတယ်။

'တေသံ အန္နဉ္စ ပါနဉ္စ' - အစရှိသည်ဖြင့် ထို ကျောင်းနေ ရဟန်းသံဃာတို့အား ကျောင်းဒကာ ကျောင်းအမတို့က ဆွမ်းအဖျော်နှင့် အဝတ်သင်္ကန်း စသည်တို့ကို လှူဒါန်း ရအုံးမယ်၊ ကျောင်းဘုန်းကြီး ကျောင်းနေရဟန်းကလဲ ထိုကျောင်းဒကာ ကျောင်းအမ တို့အား အလုံးစုံသော ဆင်းရဲငြိမ်းကြောင်း နိဗ္ဗာန်ရောက်ကြောင်း တရားကောင်းတို့ကို ဟောကြားသုံးမရမည် ဖြစ်ကြောင်းကို မြတ်စွာဘုရား ဆက်လက် မိန့်ကြားထားတော်မူပုံကို ပြဆိုပါအုံးမည်။

တေသံ အန္နဉ္စ ပါနဉ္စ၊ ဝတ္ထ သေနာသနာနိစ။
ဒဒေယျ ဥဇုဘူတေသု၊ ဝိပ္ပသန္နေန စေတသာ။
(ဝိ၊ ၄၊ ၂၉၂)

ဥဇုဘူတေသု၊ ကောက်သုံးရပ်နှင့် မစပ်မသွယ် စင်ကြယ်ဖြူဝင်း ဖြောင့်စင်း ရိုးသား တော် မူကြကုန်သော။ တေသံ၊ ပရိယတ်,ပဋိပတ် နှစ်ရပ်ပြည့်လျှိုင် ထိုကျောင်းထိုင် ပုဂ္ဂိုလ် တို့အား။ အန္နဥ၊ ဆွမ်းနှင့်ဟင်းလျာ စားဘွယ်ရာကိုင်း။ ပါနဥ၊ အဖျော်ယမကာ သောက် ဘွယ်ရာကိုင်း။ ဝတ္ထသေနာသနာနိ စ၊ ဝတ်ဘွယ်, ရှံဘွယ်, ခင်းနှီးဘွယ်တို့ကိုင်း။ ဝိပ္ပ သန္နေန စေတသာ၊ ကြည်လင်သဒ္ဓါ ဝမ်းသာသောစိတ်ဖြင့်။ ဒဒေယျ၊ အလှူဝတ္ထု လိုမှု ရရန် ဓိပ်လှူဒါန်းကြရာသတည်း။

တေ တဿ ဓမ္မံ ဒေသေန္တိ၊ သဗ္ဗဒုက္ခ ပနူဒနံ။
ယံ သော ဓမ္မံ ဣဓညာယ၊ ပရိနိဗ္ဗာတိ အနာသဝေါ။

(ဝိ၊ ၄၊ ၂၆၂)

သော၊ ထိုကျောင်းဒကာ ကျောင်းအမသည်။ ဣဓ၊ ဤဗုဒ္ဓါးရှင် တည်ထားမိန့်မှာ သာသနာ၌။ သဗ္ဗဒုက္ခပနူဒနံ၊ အမြစ်မှပေါ်ထုတ်၍ ကောက်နုတ်ဖျက်ဆီးပယ်သော။ ယံ ဓမ္မံ၊ သမထအခြေခံ ရုပ်နာမ်နှစ်ဖြာ ခန္ဓာငါးဝ ဓမ္မအစစ် အကြင် တရားနှစ်ကို။ အညာယ၊ အဆင့်ဆင့်ပွါး မဂ်တရားဖြင့် ထင်ရှားပေါ်လွင် သိမြင်သည်ဖြစ်၍။ အနာသဝေါ၊ အပူ အပင် သူပင်မူလ အာသဝရန်ဘေး ကင်းဝေးသည်ဖြစ်၍။ ပရိနိဗ္ဗာတိ၊ ကိလေသခန္ဓာ နှစ်ဖြာ ရုပ်သိမ်း ချုပ်ငြိမ်းအေးမြ နိဗ္ဗာန်သို့ဝင်စံရ၏။ တံ ဓမ္မံ၊ ထို နိဗ္ဗာန်ရောက်ကြောင်း တရား ကောင်းကို။ တေ၊ ထိုကျောင်းနေရှင်ပျော် ရဟန်းတော်တို့သည်။ တဿ၊ ထိုကျောင်းဒကာ- ကျောင်းအမအား။ ဒေသေန္တိ၊ ပိဋကပါဠိစည်း ဆွမ်းတို့နည်းဖြင့် သင်းသိး ပုဂ္ဂလိကတရား ဟောကြားတော် မူကြကုန်လတ့်သတည်း။

အေး- ဒါကြောင့်မို့လို့ ခုနကတုန်းက ဘုန်းကြီးပြောပြတဲ့ ပစ္စည်းဥစ္စာတွေ အကုန် အကျခံပြီး ဤမျှလောက် ကျောင်းကြီးဆောက်ရ, လှူရတာ မပြောပါနဲ့ ခုလှူရတဲ့ကျောင်းက ဆရာတော်ကြီးနှင့်တကွ 'အာဂတာ-နာဂတ' ရောက်ပြီး-ရောက်ဆဲဖြစ်တဲ့ သံဃာတော်အရှင် မြတ်တွေ တမင်သက်သက် ချမ်းချမ်းသာသာနှင့် သီတင်းသုံး နေနိုင်ဘို့ဆိုတဲ့ ရည်ရွယ်ချက် နှင့် ကျောင်းအမ ဒေါ်ပေါက ဆောက်ပြီးတော့ လှူထားပါတယ်၊ အင်မတန်ဘဲ အကုန် အကျခံထားပါတယ်၊ အလွန်လဲကောင်းပါတယ်၊ အဲဒီလို ရဟန်း သံဃာတွေ သီတင်းသုံး နေနိုင်ဘို့ ရည်ရွယ်ချက်မျိုးလဲ မပါဘဲနဲ့, ဒီလိုလဲ အကုန်အကျ ခံထားတာလဲ မဟုတ်ဘဲနဲ့ အကျိုးရပုံကို တိုတို ဝတ္ထုလေး[၁] တခု ပြောချင်သေးပါတယ်။

ရတနာကူဠိ ပစ္စေကဗုဒ္ဓါ လောင်းလျာ။ ။လယ်သမားတယောက်သည် မိမိလယ်၏ အနီး အပါး၌ ပိုးရှာ-နေပူ ခိုနားဘို့ တဲကုဋ္ဌိက မြက်မိုးတဲလေး ဆောက်လုပ်ထားတယ်၊ အောက်က အခင်းကလဲ တဲဏသန္ထာရက မြက်

---

၁။ ထေရ၊ ၄၊ နှာ-၁၆၁-၃။

အခင်းတဲ့၊ မြက်ကိုမိုးပြီး-မြက်ကိုဘဲ ခင်းထားတယ်၊ လယ်စောင့်ယောကျ်ားက သူတည်းခိုဘို့ သက်သက် ထိုးထားတဲ့ လယ်တဲလေးနော်၊ တနေ့သောအခါ-

> အယံ ကိရ ဝုတ္တနယေန ပဗ္ဗဇိတွာ ကတပုဗ္ဗကိစ္စော ဝိပဿနံ အနုယုဉ္ဇန္တော သာယံ ခေတ္တသမီပေန ဂစ္ဆန္တော ဒေဝေ ဖုသာယန္တေ ခေတ္တပါလကဿ ပုညံ တိဏကုဋိံ ဒိသွာ ပဝိသိတွာ တတ္ထ တိဏသန္ထာရကေ နိသိဒိ၊ နိသိန္နမတ္တောဝ ဥတုသပ္ပါယံ လဘိတွာ ဝိပဿနံ ဥဿုက္ကာပေတွာ အရဟတ္တံ ပါပုဏိ [၁]-တဲ့။

အဲဒီ တဲကလေး အဓိပ္ပါယ်ပြောကြစို့၊ ရဟန်းတပါးက ညအခါ မိမိ ရဟန်းကိစ္စ ဝိပဿနာများ စီးဖြန်းလို့ ကြွလာတဲ့အခါ လယ်တဲ အနီးအပါးရောက်လာတဲ့ အချိန်၌ မိုးကလဲ တဖွဲဖွဲနဲ့ ရွာလာတော့ တဲကလေးမြင်၍ အဲဒီ တဲကလေးထဲ ခေတ္တခဏ ဝင်ခိုပါတယ်၊ ဝင်ခိုပြီး 'နိသိန္နမတ္တောဝ'-နေထိုင်ကာမျှပင်လျှင် ဥတုသပ္ပါယံ ကိုယ်၏ ချမ်းသာခြင်း စိတ်၏ ချမ်းသာခြင်း ဥတု၏ မျှတမှုကို။ လဘိတွာ၊ ရရှိ၍။ ဝိပဿနံ၊ ဝိပဿနာကို။ ဥဿုက္ကာပေတွာ၊ စီးဖြန်းပွါးများ အားထုတ်၍။ အရဟတ္တံ၊ ရဟန္တာအဖြစ် အရဟတ္တဖိုလ်သို့။ ပါပုဏိ၊ ရောက်ရ လေပြီတဲ့....

ကြည့်စမ်း ဘုန်းကြီးဟို မြက်မိုးကုဋိ မြက်မိုးတဲ့ တဲကလေး မြက်အခင်းကလေးပေါ် ကိုင်ပြီးလျှင် ဒီတဲကဲ ခဏဝင်ပြီးတော့ လာတုန်းက ပုထုဇဉ် ရဟန်းဘဲဖြစ်ပါတယ်၊ အဲဒီ ပုထုဇဉ်ရဟန်းက မိုးရွာတော့ တဲကလေးထဲ ဝင်ခိုရ ချမ်းချမ်း သာသာနှင့် ဝမ်းမြောက် ဝမ်းသာ ဥတုသပ္ပါယ မျှတလို့ ဝိပဿနာ စီးဖြန်းလိုက်တာ ရဟန္တာဖြစ်သွားပါတယ်၊ အဲဒီလို ရဟန္တာအဖြစ်ရောက်သွားတော့ ဘုန်းကြီးတို့ လယ်သမားက သူ့ တဲလေး အနီးအပါးသို့ နောက်ရက်မှာ ရောက်လာတဲ့အခါ 'ကော ကုဋိကာယံ'-တဲထဲက ဘယ်သူပါလဲ၊ ဒီတော့ ရဟန်းက 'ဘိက္ခု၊ ကုဋိကာယံ ဝိတရာဂေါ' စသည်ဖြင့် တဲထဲက ရာဂ ကင်းတဲ့ ရဟန္တာ ဖြစ်ကြောင်း ပြောပါတယ်။

ဒီလို ပြန်ပြောတော့ တခါ လယ်စောင့်ယောကျ်ားကို ကုသိုလ်တွေ တိုးပွါးပါစေတော့ ဝမ်းမြောက်ပါစေတော့ ဆိုပြီး ရည်ရွယ်ချက်နဲ့ ရဟန်းက "လယ်စောင့်ယောကျ်ားကော-သင့်တဲထဲမှာ ခိုနားတဲ့ ငါ ရဟန်းဟာ အာသဝေါ ကုန်ခန်းအောင် ကြိုးစားပြီးတော့ ရဟန္တာဖြစ်သွားတဲ့ ရဟန်းပါ၊ ရဟန္တာဖြစ်တဲ့ ငါသည် သင့် တဲကလေးကို ယခု သုံးဆောင်အပ်ပါပြီ၊ သင့် တဲကလေး သုံးဆောင်သည့်အတွက် သင်သည် ဝမ်းမြောက်ခဲ့လိုရှိရင် ဤ တဲကလေး ဒါနတွေ ခိုကိုးရတဲ့ ကုသိုလ်ကောင်းမှု အတွက်ကြောင့် သင်သည် ဘဝ သံသရာမှာ ကြီးစွာသော စည်းစိမ်ချမ်းသာနှင့် အကျိုးစီးပွါးများ ဖြစ်ပါလိမ့်မယ်၊ သင့်မှာ ရှည်စွာသော သံသရာ ကာလပတ်လုံး ချမ်းသာခြင်းငှာ ဖြစ်ပါလိမ့်မယ်၊ ကြီးပွါး

---

၁။ ထေရ၊ ဋ္ဌ၊ နှာ-၁၆၁-၃။

ခြင်းငှာ ဖြစ်ပါလိမ့်မယ်” ရဟန်းက အမိန့်ရှိတယ်။ ဒီတော့ လယ်သမားက ဒီစကားလေး ကြားတဲ့အခါ....

‘လာဘာ ဝတ မေ သုလဒ္ဓံ ဝတ မေ’လို့....

မေ၊ ငါအား။ လာဘာ ဝတ၊ အရတော်လေစွတကား။ မေ မယာ၊ ငါသည်။ (မနုဿတ္တံ၊ လူ၏အဖြစ်ကို။) သုလဒ္ဓံ ဝတ၊ ကောင်းစွာလှလှ ရအပ်ပါပေစွတကား-လို့ ဆိုပြီးတော့ ဝမ်းသာလွန်းလို့ ဥဒါန်းစကား ကျူးရင့်ပါတယ်၊ ဒီလို လယ်စောင့်ယောကျ်ား နှင့် ရဟန်းတို့ အပြန်အလှန် ပြောနေကြတာကို မြတ်စွာဘုရားက ဒိဗ္ဗသောတ အဘိညာဏ်နှင့် ကြားရလို့ ကြွလာတော်မူပြီး လယ်စောင့်ယောကျ်ားကို “သင်သည် ဤ မြက်မိုးကျောင်း ကလေး လှူခဲ့သည့် ကုသိုလ်စေတနာအတွက်ကြောင့် ဘဝသံသရာမှာ သိကြားမင်းကြီးရဲ့ အဖြစ်က သုံးဆယ့်ခြောက်ကြိမ်, စကြာဝတေးမင်းရဲ့ အဖြစ်က သုံးဆယ်နှင့် လေးကြိမ် ခံစား စံစားပြီးတော့ နောက်ဆုံး ရတနကုဋ္ဌ အမည်ရှိတဲ့ ပစ္စေက ဗုဒ္ဓါဖြစ်ပါလိမ့်မယ်”လို့ လယ်စောင့်ယောကျ်ားကို မြတ်စွာဘုရားက ဗျာဒိတ်စကား မိန့်ကြားပါတယ်။

အဲဒီတော့ ဘုန်းကြီးတို့ ဒီမျှလောက် ဒုက္ခဝဋ္ဋ လယ်တဲကလေးထဲ ဝင်ခိုတာ တောင်မှ အကျိုးတွေရတော့ သံဃာအတွက် သက်သက် ယာလို့ ဆောက်လှူတားရတာ အလွန်ဝမ်းမြောက်ဘို့ ကောင်းပါတယ်၊ဒီကျောင်းကြီး လှူရတဲ့ ကုသိုလ်ဟာ ဘဝသံသရာမှာ ဝမ်းမြောက်လို့ ဆုံးနိုင်စရာမရှိပါဘူး။

ကျောင်းလှူကျိုးများ။ ။စေတနာ သန့်သန့်နှင့် ဗုဒ္ဓအလောင်းတော် သုကြွယ်ဘဝ ဖြစ်စဉ်ကလဲ တောကျောင်းနေ ရဟန်းတပါးကို သစ်ရွက်မိုး ကျောင်းလေး လှူဒါန်းခဲ့ရသော ကုသိုလ်ကောင်းမှုကြောင့် မဟာသုဒဿန စကြာမင်းကြီး ဖြစ်လာရတဲ့အခါ မြို့တော်ပေါင်း ရှစ်သောင်း လေးထောင်, နန်းတော် ပြာသာဒ်ပေါင်း ရှစ်သောင်း လေးထောင်, လှပတင့်တယ်သော အိမ်တော်ပေါင်း ရှစ်သောင်း လေးထောင် တို့ကို ရရှိ ခံစားရဘူးပါတယ်၊ အခြား ကုသိုလ်တွေကြောင့် အခြား အကျိုး တရားတွေ ကိုလည်း အမြောက်အမြား ရရှိခဲ့ပါတယ်။

ထိုမှတပါး....ထေရအဋ္ဌကထာမှာ ဒီလို မွန်မွန်မြတ်မြတ် အင်မတန် ကောင်းမွန်တဲ့ ကျောင်းကြီးကို မဆိုထားပါနှင့် သစ်ရွက်ဇရပ်တွေ, သစ်ခက်မိုးတားတဲ့ မဏ္ဍပ်တွေ အဲဒီလို ကုသိုလ်မျိုးတို့ရဲ့ အကျိုးအာနိသင်ကိုတောင်မှ ရေတွက် ပိုင်းခြားလို့ မကုန်နိုင်ပါဘူး....ဟု (ပဏ်၊ ၂၄၃၊၁၈) အဋ္ဌကထာမှာ ဒီလို ပြထားပြန်ပါတယ်။

ဗုဒ္ဓဝင် အဋ္ဌကထာမှာလဲ...မြတ်စွာဘုရားမှတပါး ယောကျ်ားပေါင်း အသောင်းတို့၏ ခံတွင်းပေါင်း အသောင်းတို့ဖြင့် သော်လည်း ဤကျောင်းအလှူဒါန၏ အကျိုးအာနိသင်ကို ကုန်စင်အောင် ပြောဆိုခြင်းငှာ မတတ်စွမ်းနိုင်ပါ-ဟု ပြထားပါတယ်။

အဲဒါကြောင့် ဗုဒ္ဓရှင်ကိုယ်တော်မြတ် ဟောကြားတော်မူသောအတိုင်း ဗုဒ္ဓတွေ ချန်လှပ်ပြီးတော့ ဤကဲ့သို့ ကျောင်းအလှူဒါနရဲ့ အကျိုးအာနိသင်တွေကို လူသော နတ်သော ဗြဟ္မာသော တဦးတယောက်သောသူမျှ ကုန်စင်အောင် မပြောဟောနိုင်ပါဘူး-လို့ ဒိလောက်ဘဲ အကျိုးများပါတယ်။ (ဗုဒ္ဓဝင် အဋ္ဌကထာ-၂၅)

ပြဆိုအပ်ခဲ့ပြီးတဲ့ 'လောကုတ္တရာ သုခတ္တဋ္ဌ' စသည့်၌ သုခတ္တဋ္ဌ အရ ကိုယ်စိတ်နှစ်ဖြာ ချမ်းချမ်း သာသာ နေထိုင်ရန်ဟူသော ရည်ရွယ်ချက်ဖြင့် လှူဒါန်းတဲ့အတွက် အကျိုးလေးတခု ပြောချင်တာ ကျန်နေပါသေးတယ်။

ရှင်ဗာကုလ။ ။ဘုန်းကြီးတို့ ရှင်ဗာကုလ အလောင်း ကြားဘူးကြပါလိမ့်မယ်၊ ရှင်ဗာကုလ ဆိုတာ ဒီဗုဒ္ဓ သာသနာမှာ အသက်အရှည်ဆုံး လူဝတ်နှင့် အသက် (၈၀)ရဟန်းဝတ်နှင့် အသက်(၈၀) အသက် တရာ့ခြောက်ဆယ် ရှည်ပါတယ်၊ အဲဒီအသက် တရာ့ခြောက်ဆယ် ရှည်တဲ့ ရှင်ဗာကုလ အလောင်း သူငယ်ကလေး ကောသမ္ဗီ ပြည်မှာ မွေးဖွားလာတော့ ကြားလဲ ကြားဘူးကြပါလိမ့်မယ်၊ အဋ္ဌကထာ [၁] တစောင်က ဂင်္ဂါမြစ်လို့ ဆိုပါတယ်၊ အဋ္ဌကထာ [၂] တစောင်က ယမုနာမြစ်လို့ ဆိုတယ်၊ အဲဒီမြစ်ထဲမှာ မွေးဖွားစ သူငယ်ကလေး အဲဒီ ဂင်္ဂါမြစ်ထဲ ရေချိုးရင် သူတို့ ရောဂါ ကင်းတယ်လို့ အဆိုရှိပါတယ်၊ အဲဒီ ကလေးလေး ခေါ်ယူသွားပြီးတော့ အထိန်းတော်က မြုပ်လိုက် ပေါ်လိုက် ရေချိုးပေးနေတဲ့ ငါးကြီးက အစာထင်မှတ်ပြီး ဟပ်လို့ အဲဒီ ဗာကုလ အလောင်းလေး ငါးကြီး ဝမ်းထဲ ပါသွားပါတယ်၊ ငါးကြီး ဝမ်းထဲပါသွားတော့ ကောသမ္ဗီ ပြည်ကနေပြီး ဗာရာဏသီ ပြည် ထိအောင် ယူဇနာ (၃၀)ဝေးတယ်၊ အဲဒီ ယူဇနာ သုံးဆယ်ဝေးတဲ့ ခရီးဟာ ငါးကြီးက ခလေးလေး မျိုမိသည်နှင့် တပြိုင်နက် အလွန်ပူပြင်းတဲ့ ဒယ်အိုးကြီးကို မျိုမိသလို မနေနိုင် မထိုင်နိုင်ဖြစ်ပြီး ဟိုပြေး ဒီပြေးနဲ့ ငါးကြီးဟာ ဗာရာဏသီပြည် ရောက်သွားတယ်၊ ဘုန်းကြီး ပြောလိုတဲ့ အဓိပ္ပါယ်က ဤသူငယ်လေးဟာ ငါးကြီး မျိုသွားတော့ သေစရာ မကောင်းဘူးလား၊ ငါးကြီးဝမ်းထဲ ဘယ်လောက် ဆင်းရဲမယ်ဆိုတာ တွေးကြည့်ရင် အလွန်ကြောက်စရာ မကောင်းပေဘူးလား။

သို့သော်လည်း သူက ပစ္ဆိမ ဘဝိက နောက်ဆုံးပိုတ် မဂ်ရမည့်ပုဂ္ဂိုလ် မဂ်မရခင် မဂ်မရမချင်း ဘယ်တော့မှ မသေဘူး၊ ဒါကြောင့်ချည်း မဟုတ်ပါဘူး၊ ကဿပဗုဒ္ဓ သာသနာတုန်းက အဲဒီ ရှင်ဗာကုလရဲ့အလောင်းဟာ တနေ့ကျတော့ အိမ်ကအိုပြီး ပျက်စီးနေတော့ ငါ့အိမ်တော့ ပြင်အုံးမှဘဲ-လို့ လက်သမားများ ခေါ်ဆောင်ပြီး တောထဲတောင်ထဲသို့ သစ်သားများ သွားခုတ်ပြီးလျှင် သစ်သားတွေ ရလာတဲ့အခါ ကျောင်းကြီးက ဆွေးမြေ့ ပြိုကျ ပျက်စီးတော့မလို ဖြစ်နေတာကို တွေ့မြင်ရသဖြင့် ငါ့အိမ်တော့ ပြင်လိုမဖြစ်

---

၁။ မ၊ ၁၊ ၄၊ နှာ-၁၃၆။

၂။ အံ၊ ၁၊ ၁၊ နှာ-၂၃၀။ ထေရ၊ ၁၊ ၁၊ နှာ-၄၄၀-စသည်။

သေးဘူး ငါ့အိမ် ပြင်တာက ဒီဘဝအတွက်တာသာ ဖြစ်တယ်၊ ဒီကျောင်းကြီးပြင်ရင် ငါ့မှာ ဘဝများစွာ အကျိုးရမယ်၊ တိုတိုပြောရရင် ကျောင်းပြင်ရော ကျောင်းပြင်ပြီး ဆောက်လုပ်ပြီးတော့ ကျောင်းဒကာဖြစ်လာတယ်၊ အဲဒီ ဗာကုလ အလောင်းဟာ ကဿပ ဗုဒ္ဓ သာသနာက ကျောင်းဒကာဖြစ်ခဲ့တယ်၊ ကျောင်းပြင်ခဲ့တယ်။[၁]

ဒါကြောင့် ကျောင်းဒကာဖြစ်တဲ့ပုဂ္ဂိုလ် ကျောင်းအမဖြစ်တဲ့ ပုဂ္ဂိုလ်တို့သည် ဘဝမကုန်သေးလို့ ဘဝသံသရာမှာ ပဋိသန္ဓေနေကြရအုံးမယ်ဆိုရင် ထိုသူတို့အဘို့ အမိဝမ်းတွင်း ကျဉ်းမြောင်းလှတယ် ဆိုပေမယ်လို့ ကျောင်းဒကာ ကျောင်းအမများမှာ ကတ္တိပါ ကော်ဇော ့ဖဲ့ မွေ့ယာချား ခင်းထားတဲ့ တဆယ့်နှစ်တောင်ကျယ်တဲ့ တိုက်ခန်းကြီးထဲမှာ ချမ်းချမ်းသာသာ နေရသလို ချမ်းချမ်းသာသာ ပဋိသန္ဓေနေတဲ့အခါ ရရှိကြတယ်တဲ့ (သံ၊ ဋ္ဌ၊ ၃၊ ၉၃)။

ဝမ်းမြောက်စရာ မကောင်းဘူးလား၊ သာသနာတော်၌ သိတင်းသုံးပဲ့ ကိုယ်တော်တွေ ကိုယ်စိတ်နှစ်ပြာ ချမ်းသာအောင် လှူရတော့ ပဋိသန္ဓေ နေတဲ့အခါ-ကျောင်းဒကာ ကျောင်းအမများမှာ အဲဒီလို ကုသိုလ်ကြောင့် ချမ်းချမ်းသာသာ ဆယ့်နှစ်တောင်ရှိတဲ့ တိုက်ခန်းကြီးထဲမှာ နေရသလို အကျိုးရတယ်။

ဆိုအပ်ခဲ့ပြီးသော ဗာကုလအလောင်းဖြစ်တဲ့ သူငယ်ကလေးဟာ အမိ့ဝမ်းထဲမှာ အလွန်ကို ချမ်းသာပါတယ်၊ ဘာမှဆင်းရဲတယ်မရှိဘူး၊ အဲဒီလို ဗာကုလ အလောင်းလေးဟာ ကျောင်းဒကာကြီးဖြစ်ပြီး ကျောင်းပြင်လာခဲ့တဲ့ ကုသိုလ်ကြောင့် ငါးဝမ်းထဲမှာ ဖြစ်ပေမယ်လို့ ချမ်းချမ်းသာသာ နေရတာပါဘဲတဲ့၊ ဒါကြောင့်မို့လို့ ဤမျှလောက် သိကြရလေလျှင် ငါတို့သည် ပစ္စည်းဥစ္စာတွေများစွာ အကုန်ကျခံပြီးတော့ သာသနာတော်မြတ်ကြီး ပြုစုချီးတောင်လို့ ထောက်ပံ့အားပေးပြီးတော့ သာသနာနုဂ္ဂဟ ကုသိုလ်တွေ့ ဓမ္မာနုဂ္ဂဟဖြစ်တဲ့ ကုသိုလ်တွေ ငါတို့သန္တာန်မှာ ရကြဖြစ်ကြတယ်၊ ဘဝသံသရာကလဲဘဲ ပါရမီမျိုးစေ့ ငါတို့ ပါခဲ့လို့ အလွန်အလွန် ပါရမီရှင် ဘုန်းရှင် ကံရှင် သမ္ဗာရှင် ဖြစ်တော်မူတဲ့ ဗုဒ္ဓရှင်ကိုယ်တော်မြတ် တည်ထောင်ဖန်ဆင်းပြီး ထားခဲ့တဲ့ သာသနာတော်ကြီးကို ထောက်ပံ့ရပေတယ်၊ ကူညီအားပေးပြီးတော့ ချီးမြှောက်လှူဒါန်းရပေတယ်-လို့ ဝမ်းမြောက်ကြဘို့ပါဘဲ။

ဒါကြောင့်—

❊ ဇွေးကကောင်းလို့၊ ခုကောင်းကြွယ်၊
ခုကောင်း နောင်ကောင်း ပါလိမ့်မယ်။

၁။ မ၊ ဋ္ဌ၊ ၄၊ နှာ-၁၃၆-၇။ အံ၊ ဋ္ဌ၊ ၁၊ နှာ--၂၃၀-၉။ ပဋိသံ၊ ဋ္ဌ၊ ၂၊ နှာ-၂၇၉။ ထေရ၊ ဋ္ဌ၊ ၁၊ နှာ-၄၃၉-၄၄၀၊ အပ၊ ဋ္ဌ၊ ၂၊ နှာ-၂၆၃-၄။

ဘုန်းကြီးတို့ အတိတ်ဘဝက နေပြီးတော့ လူကောင်း သူကောင်းတွေ ဖြစ်ခဲ့ကြလို့ ဒီဘဝမှာ လာပြီးတော့ လူကောင်း သူကောင်းတွေ ဖြစ်ကြရပြန်ပါတယ်၊ ဒီဘဝ လူကောင်း သူကောင်းဖြစ်ရင် နောင် အနာဂတ်ဘဝမှာလဲ လူကောင်း သူကောင်း ဖြစ်ပါလိမ့်မယ်၊ အတိတ်ဘဝက မှုဆိုး တံငါ လူဆိုး သူဆိုးတွေ ဖြစ်လာသို့ ရှိရင် ဘယ်လိုနေမလဲ၊ မုဆိုး တံငါ လူဆိုး သူဆိုးပေါ့။ ဒီဘဝက မုဆိုး တံငါ လူဆိုး ဖြစ်နေပြန်ရင် နောင် မျှော်ကြည့် လိုက်ပါအုံး ကြက်သီးထစရာကြီးနော်....

ဒါ့ကြောင့်—

* ရှေးကကောင်းလို့၊ ခုကောင်းကြွယ်၊ ခုကောင်း နောင်ကောင်းပါလိမ့်မယ်။
* ရှေးက မကောင်းလို့၊ ခုမကောင်းတယ်၊ ခုမကောင်း နောင်မကောင်းပါ လိမ့်မယ်။

စဉ်းစားကြည့်ကြပါနော် .. ပြောလိုတာကတော့ ဒီကနေ့ မြတ်စွာဗုရားရှင်ကိုယ်တော် မြတ် သာသနာကြီး၌ ဤကဲ့သို့ ကျောင်းကြီး ဆောက်လုပ်လို့ လှူရ ဒါန်းရတယ် ဆိုတာ သာမန် မဟုတ်ပါဘူးတဲ့... နော်၊ အတိတ်ဘဝက ပါရမီ မျိုးစေ့ကံတွေ ပါလာလို့ လုပ်နိုင် တာပါ၊ ဤသာသနာတော်ကြီးကို အလွန့်အလွန် တန်ခိုး ဣဒ္ဓိပါဒ်နှင့် ပြည့်စုံတဲ့ နတ်မင်း ကြီးတွေ, သိကြားမင်းကြီးတွေ တည်ထောင် ဖန်ဆင်းခြင်းငှါ စိတ်ကူးမျှတောင် မထည့် နိုင်ပါဘူး၊ အလွန့်အလွန် ပါရမီရှင် ဘုန်းရှင် ကံရှင် သမ္ဘာရှင် ဖြစ်တော်မူတဲ့ ဗုရားရှင် ကိုယ်တော်မြတ်ကြီးသာ ဤသာသနာတော်ကြီးကို တည်ထောင် ဖန်ဆင်းလို့ ထားနိုင် ပါတယ်။

ထိုကဲ့သို့ ပါရမီရှင် ဘုန်းရှင် ကံရှင် သမ္ဘာရှင်ဖြစ်တဲ့ ဗုရားရှင် ကိုယ်တော်မြတ် တည်ထောင်ထားတဲ့ သာသနာမြတ်ကြီးကို နည်းသည်ဖြစ်စေ, များသည်ဖြစ်စေ လှူရဒါန်းရ အားပေးရ ထောက်ပံ့ရတယ်ဆိုတာလဲ မိမိတို့ အတိတ်ဘဝက ပါရမီ မျိုးစေ့တွေ ပါလာ လို့ပါ –

ဤကဲ့သို့ ပါရမီမျိုးစေ့ ကံတွေ မပါလာတဲ့ သူတွေကျတော့ သာသနာတော်ကြီးနှင့် ကြုံတွေ့နေပေမယ်လို့ ဘယ်လောက်ပင် ချမ်းသာသော်လဲ သာသနာတော်ကြီး အားပေးဘို့ နေနေသာသာ စိတ်ကူးမျှ မထည့်မိကြဘူး။

**မှတ်သားထိုက်သော သူတောင်းစားအဆို။** ။ဤနေရာမှာ မှတ်သားစရာလေးတခု ပြော ချင်ပါတယ်၊ တောင်းစားတဲ့ သူတယောက် က ဘုန်းကြီးကျောင်းပေါ်တက်ပြီး "ထမင်းကျန် ဟင်းကျန်လေးများ ရှိပါက စွန့်တော် မူပါဗုရား"လို့ လျှောက်ထားတဲ့အခါ ဘုန်းကြီးက ခတ်ထန်ထန်ဖြင့် "ဒို့မှာ ဘယ်ရှိမှာလဲ မင်းလုပ်ကိုင်စားပါလား"စသည်ဖြင့် ပြောဆိုပြီး "မင်းကျောင်းပေါ်မှ ဆင်းသွား"လို့ နှင်ချလိုက်သတဲ့—

ထိုအခါ ထမင်း တောင်းသူက ''အဆိုလေး တခုနှင့် ကန်တော့ပြီး ဆင်းပါရစေ''ဟု လျှောက်ထားပြီးလျှင်—

* ရှေးကကောင်းလို့၊ ခုကောင်းပါသည်၊
ခုကောင်း၊ နောင်ကောင်းပါလိမ့်မည်။

* ရှေးက ဆိုးလို့၊ ခုဆိုးပါသည်၊
ခုဆိုး နောင်ဆိုး ပါလိမ့်မည်။

ဒီလိုဆို ကန်တော့ပြီး ပြန်ဆင်းမည် လုပ်တဲ့အခါ ဘုန်းကြီးက ''ဟေ့ - ကိုရင် လာစမ်းကွ ဟိုမှာ အုပ်ထားတဲ့ ဆွမ်းပွဲကြီး တပွဲလုံးယူပြီး အကုန်လုံး ထည့်ပေးလိုက်''ဟု အမိန့်ရှိသတဲ့။

သာသနံ ပုညဝန္တာနံ၊ ပုညဝန္တာဝ လာဘိနော။
နပ္ပပုညာ ကရဟစိ၊ ပဂ္ဂဏှိတုံ မဝိသယာ။

ပုညဝန္တာနံ၊ ဣဿရိယစသည် ခြောက်ဖြာ ဘုန်းသမ္ဘာနှင့် ပြည့်စုံတော်မူသော ဗုဒ္ဓဘုရားရှင်ကိုယ်တော်မြတ်ကြီး၏။ သာသနံ၊ နေဝါလဝန်း တက်ထွန်းရှိန်စော် အာနုဘော်ကြီးသော သာသနာတော်မြတ်ကြီးကို။ ပုညဝန္တာဝ၊ ရှေးရှေးဘဝ သံသာရက ဘုန်းစကံထူး ရှိခဲ့ဘူးသော သူတို့သည်သာလျှင်။ ပဂ္ဂဏှိတုံ၊ ပစ္စယ ဓမ္မ နှစ်ဝလုံလောက် ယခုလို ချီးမြှောက် ထောက်ပံ့နိုင်ခြင်းငှါ။ လာဘိနော-လာဘိနော၊ ကောင်းစွာကျွန ရှေးကံလှသဖြင့် အော်...ရနိုင် ကြလေကုန်၏။ပုညဝန္တာနံ၊ဣဿရိယစသည် ခြောက်ဖြာ ဘုန်းသမ္ဘာနှင့် ပြည့်စုံတော်မူသော ဗုဒ္ဓဘုရားရှင်ကိုယ်တော်မြတ်ကြီး၏။ သာသနံ၊ နေဝါလဝန်း တက်ထွန်းရှိန်စော် အာနုဘော် ကြီးသော သာသနာတော်မြတ်ကြီးကို။ အပ္ပပုညာ၊ ဘုန်းကံပါးရှား ဂုဏ်အင် နွမ်းပါးသော သူတို့သည်။ အဝိသယာ-အဝိသယာယ၊ အလှမ်းဝေးကွာ မတန်မရာသည်၏ အဖြစ်ကြောင့်။ ကရဟစိ၊ တဘဝ တကမ္ဘာ တရံတခါလေးသော်မျှ။ ပဂ္ဂဏှိတုံ၊ ပစ္စယ ဓမ္မ နှစ်ဝလုံလောက် ယခုလို ချီးမြှောက် ထောက်ပံ့နိုင်ခြင်းငှာ။ န လာဘိနော-န လာဘိနော၊ ကောင်းစွာကျွန ရှေးကံ မလှသဖြင့် အော်...မရနိုင်ကြပါကုန်တကား။

**ဘုန်းကံရှင်တို့သာ တရားနာနိုင်ခြင်း။** ။ဒီတော့ သာသနာတော်ကြီးနဲ့ ဆွေရင်းမျိုးရင်း သဖွယ်ဖြစ်သွားတဲ့ သာသနာ့အမွေခံ ကုသိုလ်တွေ၊ ဒီလို ပစ္စည်းဉစ္စာတွေ အကုန်ကျခံပြီး ကျောင်းဆောက်လုပ်လှူဒါန်းနိုင်တယ်ဆိုတဲ့ ကုသိုလ် တွေကို ဘေးဖယ်ထားပါအုံး ဘုန်းကြီးတို့ ယခု တရားနာတဲ့ ပရိသတ်တွေ ပိုင်တိုကို သာမန်များ မထင်ထားကြပါနဲ့၊ မိထွေးတော် ဂေါတမီက နေပြီးတော့ သားတော်ကြီး ဖြစ်တဲ့ မြတ်စွာဘုရားအား လျှောက်ထားတဲ့ စကားကို ထောက်ထားလို့ရှိရင် ပါရမီရှင် ဘုန်းရှင် ကံရှင် သမ္ဘာရှင်ဖြစ်ကြလို့သာ ဤကဲ့သို့ တရားတော်ကို နာနိုင်တယ်ဆိုတာ ယုံမှား သံသယ ဖြစ်ရာမလိုပါဘူး၊ မိထွေးတော် ဂေါတမီ လျှောက်ထားတဲ့ စကားလေးကတော့—

မဓုရာနိ ပဟဋ္ဌာနိ၊ ဒေါသဂ္ဃါနိ ဟိတာနိ စ။
ယေ တေ ဝါကျာနိ သောဿန္တိ၊ တေပိ ခညာ နရုတ္တမ။
(အပ၊ ၂၊ ၂၁၁)

နရုတ္တမ၊ လူသုံးပါးတို့၏ မကိုဋ် ဦးတိုက်ရာဖြစ်တော်မူသော သားတော်မြတ်ဗုဒ္ဓ။ မဓုရာနိ၊ ဆိုမိန့်သာယာ ချိုမြိန့်စွာကုန်ထသော။ ပဟဋ္ဌာနိ၊ ကြားနာသူတို့၏ စိတ်နှလုံးကိုလည်း ရွှင်ပြုံး နှစ်သက်စေနိုင်ထသော။ ဒေါသဂ္ဃါနိ၊ အပြစ်မှလည်းကင်း၍ သန့်ရှင်းစင်ကြယ်စေနိုင်ကုန်ထသော။ ဟိတာနိ စ၊ ကြားတိုင်း နာတိုင်း မဆိုင်းမတွ အကျိုးကိုလည်း တကယ်ဘဲ ရစေနိုင်ကုန်ထသော။ တေ၊ ဘုန်းတော်တောက်ကြွား ရှင်တော်မြတ်ဗုဒ္ဓ၏။ ဝါကျာနိ၊ ဟောကြားပြသ ဆုံးမအပ်သော တရားစကားတော်တို့ကို။ ယေ၊ ရဟန်း,ရှင်,လူ မည်သူမဆို အကြင် ခပ်သိမ်းသောပုဂ္ဂိုလ်တို့သည်။ သောဿန္တိ၊ ယခုလို ကြားကြရ,နာကြရ, မှတ်ကြရ လေကုန်၏။ တေပိ၊ ရှင်တော်ဗုဒ္ဓ ဟောမြွက်ထားသည့် တရားစကားကို ကြားနာရကုန်သော ထိုရဟန်း, ရှင်, လူ မည်သူမဆို ခပ်သိမ်းသော ပုဂ္ဂိုလ်တို့သည်လည်း။ ခညာ၊ ရှေးကုသိုလ်ကံ စီမံဖန်တီး ဘုန်းကံကြီးမား ကြပါပေကုန်စွ မြတ်စွာဗုဒ္ဓ။

အဓိပ္ပါယ် သဘောပေါက်ကြပြီ မဟုတ်လား၊ မြတ်စွာဗုဒ္ဓရဲ့ စကားကို နာနိုင်တဲ့ ရဟန်းဖြစ်စေ, ရှင်ဘဲဖြစ်စေ, လူဘဲဖြစ်စေ အဲဒီပုဂ္ဂိုလ်တွေဟာ ဘုန်းကံပါရမီ ကြီးကျယ်ပါတယ်၊မြတ်စွာဗုဒ္ဓရဲ့ တရားကိုနာနိုင်တာတောင်မှ ပါရမီဘုန်းကံရှိမှ နာနိုင်တယ်ဆိုတော့ ရှာဖွေစုဆောင်းပြီးထားတဲ့ ပစ္စည်းဥစ္စာတွေကို စေတနာ သဒ္ဓါဇောဖြင့် ရက်ရက်ရောရော အကုန်ကျခံပြီး ပေးလှူဒါန်းနိုင်တယ်ဆိုတာ ပါရမီ ဘုန်းကံပါလို့သာ လုပ်နိုင်တယ်ဆိုတာ ဘာမှ ယုံမှားစရာမရှိဘူး။ အဲဒါကြောင့်-

**လက္ခဏာတင်၍ ဆင်ခြင်ကြ။** ။မိမိတို့ ပြုလုပ်အားထုတ်ပြီးတော့ သာသနာတော်ကြီးနှင့် စပ်တဲ့ အလုပ်တွေ ဤကဲ့သို့မလုပ်နိုင်ဘူးဆိုရင် ဘုန်းကြီးတို့ သာသနာတော်ကြီး စက်ရပ်သလို ယနေ့ ရပ်သွားမှာပါ၊ ဒါကြောင့် မိမိတို့ အရပ်ရပ် အလှူ အထက်တန်းကျတဲ့ သာသနာတော်မြတ်ကြီးနှင့် စပ်၍ လုပ်ရတဲ့ကုသိုလ်ဖြင့် အထက်တန်း အကျဆုံး အမွန်မြတ်ဆုံးဖြစ်တဲ့ နိဗ္ဗာန် ချမ်းသာကို တောင့်တ ရည်ရွယ်ကြစေချင်ပါတယ်၊ အဲဒီတော့ မိမိတို့ ပြုလုပ် အားထုတ်ပြီးလာခဲ့တဲ့ ကုသိုလ်ကောင်းမှုတွေကို အနိစ္စ ဒုက္ခ အနတ္တ လက္ခဏာတင်ပြီးတော့ ဆင်ခြင်ကြအုံးတဲ့နော်။

အဲ....ယခု တရားနာ ပရိသတ်တို့ရဲ့ သန္တာန်မှာ ရရှိလို့နေတဲ့ ရူပက္ခန္ဓာ အစရှိတဲ့ ခန္ဓာ ငါးပါး ရုပ်နာမ်တရား တွေနှင့်အလှူခံဖြစ်တဲ့ သံဃာတော်တွေရဲ့ သန္တာန်မှာဖြစ်တဲ့ ရူပက္ခန္ဓာ အစရှိသော ခန္ဓာငါးပါး ရုပ်နာမ်တရားတွေကို ရှုပြီးတော့ "ဖြစ်ပြီးက ပျက်စီးရတဲ့သဘော" ရှိသောကြောင့် **အနိစ္စ-အနိစ္စ၊** ဤခန္ဓာ ငါးတန် ရုပ်နှင့် နာမ်တို့ဟာ ဖြစ်မှု ပျက်မှုဒဏ်ကို ကြောန်ခံနေရသဖြင့် ဆင်းရဲဒုက္ခ အစစ်တွေဘဲ **ဒုက္ခ-ဒုက္ခ၊** ဤခန္ဓာ ငါးတန် ရုပ်နှင့် နာမ်တွေ မဖြစ်ပေါ်ရအောင်လဲ ဘယ်သူမှ မတတ်နိုင်ဘူး၊ ဖြစ်ပေါ်ပြီးတဲ့နောက် မပျက်စီးရအောင်လဲ

ဘယ်သူမှ မတတ်နိုင်ဘူး၊ အဲဒီလို တားမနိုင် ဆီးမရ အစိုးမရတဲ့ သဘောကြောင့် အနတ္တ-အနတ္တ-အစစ်တွေဘဲ ဤခန္ဓာ ငါးတန် ရုပ်နှင့်နာမ်တွေရပြီးနေသမျှ ကာလမှာဖြင့် ငါတို့ တတွေ အိုရခြင်း, နာရခြင်း, သေရခြင်းဆိုတဲ့ ဘေးဆိုးကြီးတွေနှင့် တွေ့ရမယ်၊ ဘယ်လို ရှောင်လို့မှ မလွတ်နိုင်ဘူး။

"မှိုပွင့်ကလေးဟာ မြေကလွတ်အောင်ဆိုပြီးတော့ အထက်ကို ဘယ်လိုပင်ရုန်းကန်ပြီး တက်သော်လဲဘဲ အမြစ်မြေက မလွတ်နိုင်သလို" ငါတို့ တတွေ ဒီခန္ဓာငါးတန် ရုပ်နှင့်နာမ်ကြီး လက်ကိုင်ရရှိပြီး နေသမျှဆိုရင် အိုခြင်းမှလည်း ဘယ်လိုမှ မလွတ်နိုင်ဘူး၊ နာခြင်းမှလည်း ဘယ်လိုမှ မလွတ်နိုင်ဘူး၊ သေခြင်းမှလည်း ဘယ်လိုမှ မလွတ်နိုင်ဘူး၊ နတ်တွေ, ဗြဟ္မာတွေမှာ အိုမှု,နာမှုတော့ မရှိပါဘူး၊ မြတ်စွာဗုဒ္ဓရှင် ကိုယ်တော်မြတ်ကြီးကလဲဘဲ "ချစ်သား ချစ်သမီးတို့....ဒို့တတွေ ရရှိပြီးတော့နေတဲ့ ခန္ဓာငါးပါး ရုပ်နာမ်တရားတွေဆိုရင်ဖြင့် အိုချိန်တန် အိုဘို့ရလာတာ၊နာချိန်တန် နာဘို့ရလာတာ၊ သေချိန်တန် သေဘို့ရလာတာ" လို့ ဟောတော်မူခဲ့ပါတယ်။

ဤသို့ အနိစ္စ,ဒုက္ခ,အနတ္တအားဖြင့် ပွါးများခဲ့ကြရသော ဘာဝနာ ကုသိုလ် စေတနာနှင့်တကွ ဤကျောင်းတိုက်ကြီးကို ဆောက်လုပ် လှူဒါန်းရသော ဒါနကုသိုလ်စေတနာ, အရပ်ရပ်သော လှူဘွယ်ဒါန်းဘွယ်နှင့်တကွ သံဃာတော်အရှင်မြတ်တို့အား ပွန်မြတ်သော ဆွမ်းစသည်တို့ကို ကပ်လှူရသောဒါနကုသိုလ်စေတနာ, ထိုထိုလှူပရိသတ်တို့အား လှူဒါန်း ကျွေးမွေးရသော ဒါနကုသိုလ်စေတနာ, ဆောက်တည်ခဲ့ပြီးသော သီလဘာဝနာကုသိုလ် စေတနာ, ယခုဟောခဲ့ပြီးသောတရားဓမ္မအဝဝတို့ကို နာကြားခဲ့ရသော ဓမ္မသဝနဘာဝနာ ကုသိုလ်စေတနာတို့ကြောင့် အိုခြင်း, နာခြင်း, သေခြင်းကင်းရာ အလွန်တရာ အေးမြလှစွာသော နိဗ္ဗာန်ချမ်းသာမြတ်ကို လျင်မြန်စွာ ရနိုင်ကြပါစေကုန်သတည်း။

× × × ×

# ကန်တောရ ကျောင်းတိုက်
# ဝိနယဓမ္မ+ကေ္ဒဇ ဗိမာန်
## ကျောင်းလှူ ပူဇော်ပွဲ ဓမ္မဒေသနာ

ယခု ကျောင်းလှူ တရားကို မဟောမီ ရှေးဦးစွာ သံဃာတော်များ မင်္ဂလသုတ် မေတ္တာသုတ် နှစ်သုတ် ချီးမြှောက်ရွတ်ဆိုတော်မူသွားပါတယ်၊ သံဃာတော် အရှင်မြတ်တို့ရဲ့ ကိုယ်စား အန္တရာယ်ကင်း ရတနသုတ် ဗုဒ္ဓနှင့်စပ်၍ တရားနှင့်စပ်၍ သံဃာနှင့်စပ်၍ သုံးဂါထာကို ဘုန်းကြီးက ရွတ်ဆိုပြီးတော့ အနက်ပေး မေတ္တာပို့ပါ့မယ်။

ဗုဒ္ဓနှင့်စပ်၍ အန္တရာယ်ကင်း ဂါထာပါဠိအနက်

ယံကိဉ္စိ ဝိတ္တံ ဣဓ ဝါ ဟုရံ ဝါ၊
သဂ္ဂေသု ဝါ ယံ ရတနံ ပဏီတံ။

န နော သမံ အတ္ထိ တထာဂတေန၊
ဣဒံမ္ပိ ဗုဒ္ဓေ ရတနံ ပဏီတံ။

ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

ဣဓ ဝါ၊ လူတို့နေရာ မြို့ရွာဌာန ဤလောက၌ရင်း။ ဟုရံ ဝါ၊ နဂါး ဂဠုန် ဖုံဖုံနေကြ ဟို အောက်လောက၌ရင်း။ ယံကိဉ္စိ၊ သက်မဲ့သက်ရှိ များဘိဥဿုံ အလုံးစုံသော။ ဝိတ္တံ စ၊ ပီတိအစွမ်း ကိုယ်စိတ်လန်း၍ ဝမ်းပန်းကြည်သာ နှစ်သက်စရာ အသုံးအဆောင်ဖြစ်သော ရတနာသည်ရင်း။ သဂ္ဂေသု ဝါ၊ နတ်မြို့ခြောက်လီ ဗြဟ္မာ့ပြည်တို့၌ရင်း။ ပဏီတံ၊ အရသာ၌ စားဘွယ်အိသို့ ကြည့်၍မဝ မွန်မြတ်လှစွာသော။ ယံ ရတနံ၊ ဗိမာန်ဘုံနန်း အခန်းခန်းနှင့် တူးဆန်းထွေလာ အကြင်ရတနာသည်။ အတ္ထိ၊ ရှေးကံအလျောက် ဘုန်းကံတောက်က ဝပ်းမြှောက်ဘွယ်ရာ ထင်ရှားစွာရှိပါပေ၏။ တေ့၊ ပီတိအစွမ်း ကိုယ်စိတ်လန်းဘို့ သိန်းသန်း ကုဋေ အထွေထွေသော ဤရတနာတို့တွင်။ တထာဂတေန၊ သုံးလူထွဋ်ထား မြတ်ဗုဒ္ဓနှင့်။ သပ်၊ မခွဲမခြား တန်းတူထား၍ ရှုစားလောက်စွာ တစုံတခုသော ရတနာသည်။ န နော အတ္ထိ နတ္ထိဝေ၊ အကြောင်းကိုကြည့် အကျိုးကြည့်လည်း မရှိကေန် အမှန်ပင်ဖြစ်ပါပေသတည်း။ ဗုဒ္ဓေ၊ သုံးလူ့ထွဋ်ထား မြတ်ဗုဒ္ဓ၌။ ပဏီတံ၊ လောကီဥစ္စာ ရတနာထက် ကဲသာမြတ်မွန် တုဘက်လွန်သော။ ဣဒံမ္ပိ ရတနံ၊ ရတနာဖြစ်ကြောင်း ကောင်းထက်ကောင်းသည့် ဂုဏ်ပေါင်း မြင့်မော် ဤသီလ သမာဓိ ပညာတော်သည်လည်း။ အတ္ထိ၊ အမှန်မသွေ ရှိပါပေ၏။

ဧတေန သစ္စေန၊ ဗုဒ္ဓရတနာ၏ ကဲသာမြတ်မွန် တုဘက်လွန်ပုံ အာရုံရှေးရှု ညွတ် ကိုင်းပြု၍ ယခု ရွတ်ဆိုလိုက်ရသော ဤဝစီ သစ္စာစကားကြောင့်။ တုမှာကံ၊ ယောနယ် ဒေသ ကန်တောရဟု ခေါ်ပြုသညာ မည်တော်သာလှ ဤဌာနသို့ ကြွတော်မူလာ ထေရ်

သံဃာများ အစထား၍ များလှသောင်းပြောင်း ရှာအပေါင်းမှ နှစ်ထောင်းအားရ ယခု တရားနာ လာရောက်ကြသော ကလျာဏ ဂိုဏ်းဝင် တွင်းပြင်ပျော့ပျောင်း သင်ဘူတော်စင် အပေါင်းတို့အား။ သုဝတ္ထိ၊ ဘေးအတန်တန် ရန်အသွယ်သွယ် အန္တရာယ်ဝပ်သိမ်း ကင်းငြိမ်း ခြင်းသည်။ ဟောတု၊ စင်စစ်မသွေ ဖြစ်ပါစေသတည်း။ ဟောတု၊ ပွန်ကန့်လှစွာသော သစ္စာရေ တန်ခိုးအစွမ်းကြောင့် မညှိုးမနွမ်း ပွင့်သစ်ပန်းသို့ လန်းလန်း ဆန်းသန်း သက်ရှည် ကျန်းမာ ချမ်းသာကြပါစေသတည်း။

## တရားနှင့်စပ်၍ အန္တရာယ်ကင်း ဂါထာပါဠိအနက်

ခယံ ဝိရာဂံ အမတံ ပဏီတံ၊
ယဒဇ္ဈဂါ သကျမုနီ သမာဟိတော။

န တေန ဓမ္မေန သမတ္ထိ ကိဉ္စိ၊
ဣဒမ္ပိ ဓမ္မေ ရတနံ ပဏီတံ။

ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

သန္တံ၊ ဖြစ်ပျက်မစပ် အငြိမ်းဓာတ်ဖြင့် မပြတ်ပုံသေ အေးမြပေထသော။ ခယံ၊ ရုပ်နာမ်ဆူဆူ အပူခပ်သိမ်း ကုန်ငြိမ်းကြောင်းလည်း ဖြစ်ပေထသော။ ဝိရာဂံ၊ ရုပ်နာမ် အဆက် အကုန်ပျက်သဖြင့် မတပ်မက်ကြောင်းလည်း ဖြစ်ပေထသော။ အမတံ၊ ဇရာ,မရဏ ရှာမရသဖြင့် မြဲလှအမြဲတေ မသေရာလည်း ဖြစ်ပေထသော။ ပဏီတံ၊ တရားများစွာ ရတနာထက် ကဲသာမြတ်မွန် တုဘက်လွန်ထသော။ ယံ ဓမ္မံ၊ အသင်္ခတ နိဗ္ဗာနဓာတ် အကြင် တရားမြတ်ကို။ သမာဟိတော၊ ဘာဝနာ ကမ္မဋ္ဌာန်း လွန်ကြိုးပမ်းသဖြင့် စိတ်စွမ်းတည်ဘိ သမာဓိရှိတော်မူသော။ သကျမုနိ၊ သာကီနွယ်ဖွား ငါတို့မြတ်စွာဗုဒ္ဓသည်။ အဇ္ဈဂါ၊ ဗောဓိအောင်မြေ ပလ္လင်ဗွေ၌ လေးထွေသစ္စာ သိသောခါဝယ် ကောင်းစွာလှလှ အမှန်ရ တော်မူခဲ့လေပြီ။ တေန ဓမ္မေန၊ အသင်္ခတ နိဗ္ဗာနဓာတ် ထိုတရားမြတ်နှင့်။ သမံ၊ မခွဲမခြား တန်းတူထား၍ ရှုစားလောက်သော။ ကိဉ္စိ၊ တမျိုးတခြား တရားဆိုင်ရာ တစုံတခုသော ရတနာသည်။ နတ္ထိ၊ လူ့ဘုံနတ်ရောက် ဗြဟ္မာပေါက်အောင် မှန်နှောက်ရှာဖွေ မရှိပါချေ။ ဓမ္မေ၊ အသင်္ခတ နိဗ္ဗာနဓာတ် တရားမြတ်၌။ ပဏီတံ၊ အရသာရှိ စားဘွယ်အိသို့ သိရှိမဝ လွန်မြတ်လှသော။ ဣဒမ္ပိ၊ ရတနာဖြစ်ကြောင်း ကောင်းထက်ကောင်းသည့် ဂုဏ်ပေါင်းကိုခြုံ ခယ ဝိရာဂ စသော ဤဂုဏ်သည်လည်း။ အတ္ထိ၊ စင်စစ်ကေန် မြတ်နိဗ္ဗာန်၌ အမှန်မသွေ ရှိပါပေ၏။

ဧတေန သစ္စေန၊ နိဗ္ဗာန်ဟုဆိုအပ်သော တရားရတနာ၏ ကဲသာမြတ်မွန် တုဘက် လွန်ပုံ အာရုံရှေးရှု ညွှတ်ကိုင်းပြု၍ ယခု ရွတ်ဆိုလိုက်ရသော ဝစီသစ္စာ စကားကြောင့်။ တုမှာကံ စ၊ ယောနယ်ဒေသ ကန်တောရဟု ခေါ်ပြုသညာ မည်တော်သာယှ ဤဌာနသို့

ကြွတော်မူငြား ထေရ်သံဃာများ အစထား၍ များလှသောင်းပြောင်း ရှာအပေါင်းမှ နှစ်ထောင်းအားရစွာ ခုတရားနာ လာကြ ကလျာဏ ဂုဏ်းဝင် တွင်းပြင် ပျော့ပျောင်း သင် သူတော်ကောင်းအပေါင်းတို့အားရင်း။ တဒဝသေသာနဥ္ဖ၊ ထိုမှ ကြွင်းကျန် ဘေးရန် ခပ်သိမ်း အေးငြိမ်းကြလို ထိုထိုများစွာ သတ္တဝါတို့အားရင်း။ သုဝတ္ထိ၊ ဘေးအတန်တန် ရန်အသွယ်သွယ် အန္တရာယ်ခပ်သိမ်း အေးငြိမ်းခြင်းသည်။ ဟောတု၊ စင်စစ်မသွေ ဖြစ်ပါစေသတည်း။ ဟောတု၊ မှန်ကန်လှစွာသော သစ္စာရေ တန်ခိုးအစွမ်းကြောင့် မညှိုးမနွမ်း ပွင့်သစ်ပန်းသို့ လန်းလန်း ဆန်းဆန်း သက်ရှည် ကျန်းမာ ချမ်းသာကြပါစေသတည်း။

## သံဃာနှင့်စပ်၍ အန္တရာယ်ကင်း ဂါထာပါဌ်အနက်

ခီဏံ ပုရာဏံ နဝ နတ္ထိ သမ္ဘဝံ၊
ဝိရတ္တစိတ္တာယတိကေ ဘဝသ္မိံ။
တေ ခီဏဗီဇာ အဝိရူဠှိဆန္ဒာ၊
နိဗ္ဗန္တိ ဓီရာ ယထာယံ ပဒီပေါ။
ဣဒမ္ပိ သံဃေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

ယေသံ ဓီရာနံ၊ အာသဝေါလေးတန် ဘေးရန်ခပ်သိမ်း ကုန်ငြိမ်းကင်းပါ အကြင် ရဟန္တာ ပညာရှိပုဂ္ဂိုလ်တို့၏။ ပုရာဏံ၊ ဘဝါဘဝ သံသာရက ပြုခဲ့သမျှ အတန်တန် အဟောင်းဖြစ်သော ကုသိုလ် အကုသိုလ်ကံသည်။ ခီဏံ၊ အစေးတဏှာ ကင်းစင်ကွာသဖြင့် ကောင်းစွာပျက်ပြုန်း ကုန်ဆုံးခဲ့လေပြီ။ နဝံ၊ ရဟန္တာဖြစ်မှ အသစ်ရသည့် ပုည ကောင်းမှု အစုစုသည်လည်း။ နတ္ထိသမ္ဘဝံ၊ သတ္တိအနှစ် မကျန်ရစ်သဖြင့် ဖြစ်ကာမတ္တ ဖြစ်ရုံမျှသာ ရှိတော့၏။ ဓီရာ၊ ပညာရှိအစစ် ဖြစ်ကြီးဖြစ်တော်မူကြကုန်သော။ တေ ခီဏာသဝါ၊ အာသဝါကင်းပြတ် ထိုရဟန္တာ အရှင်မြတ်တို့သည်။ အာယတိကေ၊ နောက်နောင်အခါ ပေါ်လာမည်ဖြစ်သော။ ဘဝသ္မိံ၊ ဘဝဖန်ခါ သံသရာ၌။ ဝိရတ္တစိတ္တာ၊ တပ်မက်ခင်မင် လိုချင်သောအား စိတ်ထားမရှိကြကုန်သည်ရင်း။ ခီဏဗီဇာ၊ ကုန်ခန်းခြောက်သွေ့ မျိုးစေ့ သငွေ့ တည်နေခြင်း မရှိကြကုန်သည်ရင်း။ အဝိရူဠှိဆန္ဒာ၊ ဘဝထိုထို စည်ပင်လိုသည့် အာသာဆန္ဒ မရှိကြကုန်သည်ရင်း။ ဟုတ္ဝာ၊ မြေလက်ခတ်သို့ မချွတ်ကေန် အမှန်မုချ ဖြစ်တော်မူကြကုန်၍။ အယံ ပဒီပေါ၊ တောက်ပလျှံညီး ဤဆီမီးသည်။ နိဗ္ဗုတော ယထာ၊ ထိုဤမရောက် ငြိမ်းပြီးနောက်ဝယ် ကင်းပျောက်ချုပ်ငြိမ်း ရုပ်သိမ်းရသကဲ့သို့။ နိဗ္ဗန္တိ၊ ထိုဤ ဘဝ မရောက်ကြဘဲ အေးမြပုံသေ ငြိမ်းတော်မူကြရလေကုန်သတည်း။ နိဗ္ဗန္တိ၊ သံသရာ ဇာတ်ရဟတ် အဆက်ပြတ်သဖြင့် ဇာတ်စုံရုပ်သိမ်း၍ ချုပ်ငြိမ်း အေးမြတော်မူကြရလေကုန် သတည်း။ သံဃေ၊ အရိယာများတွင် ထိပ်တန်းတင်လတ် အရှင်ရဟန္တာ သံဃာတော်မြတ်၌။ ပဏီတံ၊ အောက်အရိယာ များသံဃာထက် ကဲသာမြတ်မွန် တုဘက်လွန်သော။ ဣဒမ္ပိရတနံ၊

ရတနာဖြစ်ကြောင်း ကောင်းထက်ကောင်းသည့် ဂုဏ်ပေါင်းကိုခြုံ ကံဟူသမျှ ကုန်ရခြင်း စသော ဤဂုဏ်သည်လည်း။ အတ္တိ၊ စင်စစ်ကေန် အမှန်မသွေ ရှိပါပေ၏။

ဧတေနသစ္စေန၊ မြတ်ရဟန္တာ သံဃာရတနာ၏ ကဲသာမြတ်မှန် တုဘက်လွန်ပုံ အာရုံ ရှေးရှု ညွှတ်ကိုင်းပြု၍ ယခု ရွတ်ဆိုလိုက်ရသော ဤဝစီသစ္စာစကားကြောင့်။ ကုမ္ဘာကံ စ၊ ယောနယ်ဒေသ ကန်တောရဟု ခေါ်ပြုဝေါဟာ မည်တော်သာလှ ဤဌာနသို့ ကြွတော် မူလာ ထေရ်သံဃာများ အစထား၍ များလှသောင်းပြောင်း ရွာအပေါင်းမှ နှစ်ထောင်း အားရစွာ ယခု တရားနာလာကြသော ကလျာဏဂုဏ်းဝင် သင် သူတော်စင်အပေါင်းတို့ အားရင်း။တဒဝသေသာနဥ္စ၊ထိုမှကြွင်းကျန် ဘေးရန်ခပ်သိမ်း အေးငြိမ်းကြလို ထိုထိုများစွာ သတ္တဝါတို့အားရင်း။ သုဝတ္ထိ၊ ဘေးအတန်တန် ရန်အသွယ်သွယ် အန္တရာယ်ခပ်သိမ်း ဆင်းရဲခပ်သိမ်း ဘေးခပ်သိမ်း ကြောင့်ကြခပ်သိမ်း ပူပန်ခပ်သိမ်းတို့မှ ကင်းငြိမ်းခြင်းသည်။ ဟောတု၊ စင်စစ်မသွေ ဖြစ်ပါစေသတည်း။ ဟောတု၊ မှန်ကန်လှစွာသော သစ္စာရေ တန်ခိုး အစွမ်းကြောင့် မညှိုးမနွမ်း ပွင့်သစ်ပန်းသို့ လန်းလန်းဆန်းဆန်း သက်ရှည်ကျန်းမာ၍ ချမ်းသာကြပါစေသတည်း။

အစောပိုင်းက အခမ်းနားမှူး ဒကာလေး ကြေငြာသွားသလိုဘဲ ဘုန်းကြီးသည် ဒီအရပ် ဒီဌာနရောက်ဘို့ အလွန်ခဲယဉ်းပါတယ်၊ ခု ဉူးဆောကိန္ဒ,ဉူးတိက္ခာနန္ဒ နောင်တော်, ညီတော် နှစ်ပါးတို့မှာ ဘုန်းကြီးရဲ့ ရန်ကုန်မြို့၊ ဗဟန်း၊ နန္ဒဝန်လမ်း၊ မဟာဝိသုဒ္ဓါရုံ (ပါ) တိုက်မှ စာချတန်းအောင်သွားကြပါတယ်၊ ခု ဉူးသိရိန္ဒ လက်ပံရွာ ဉူးပဥ္စင်းကလဲ စာချ တန်းအောင်လို့ ပိဋကတ် သုံးပုံ ဝင်နေဆဲပါ၊ ထက်ဝက်အောင်ပြီးပြီ၊ ထက်ဝက်ကျန်ပါ တော့တယ်၊ ဒါလဲဘဲ ဤနယ်က ပိဋကတ်သုံးပုံအောင် ပုဂ္ဂိုလ်နှစ်နှစ် သုံးနှစ်အတွင်း ပေါ် လာပါလိမ့်မယ်လို့ အမျှော်ကြီး မျှော်ပြီးတော့ ဝမ်းသာကြစမ်းပါနော်၊ အလွန်ဝမ်းမြောက် စရာကောင်းပါတယ်၊ အကျယ်ချဲ့ပြီးတော့ အထူးပြောစရာမလိုပါဘူး၊ အဲ ဤဗိမာန်မျိုးကြီး ဘုန်းကြီးတို့ ရန်ကုန် မန္တလေး သာဆိုရင် ဘယ် ဒီအဘိုးမျိုးနဲ့ ရမလဲ၊ နှစ်သိန်းကျော် သုံးသိန်းထက် နည်းမှာမဟုတ်ပါဘူး၊ အင်မတန် ဝမ်းမြောက်လို့ ဝမ်းသာလို့ မဆုံးနိုင်စရာ ကြီးပါနော်၊ ဒါကြောင့် သံဃာတော် အရှင်မြတ်တွေကိုလဲ-''တပည့်တော်မှာ လာရတာက ခဲခဲယဉ်းယဉ်း ကျန်းမာရေးကလဲမကောင်း ည လက်ပံရွာပြောင်းပြီးတော့ အိပ်ရပါလိမ့်မယ်၊ သွားရပါလိမ့်မယ်၊ဒီတော့ သွားရမယ့် ခရီးစဉ်နဲ့ ခု အလုပ်လုပ်ထားတဲ့ နာရီနဲ့ဆိုတော့ အချိန် တော်တော်လေး ကြန့်ကြာနေပါတယ်၊ ဒီတော့ တပည့်တော်များ နာရီဝက်ခန့်လောက် ဟောခွင့် ပြောခွင့် ပြုတော်မူကြပါ''လို့ တောင်းပန်ပါတယ်၊ ပရိသတ်တွေလဲ သည်းခံပြီး နာစေချင်ပါတယ်နော်။

## ပါရမီဘုန်းကံရှိမှ သာသနာကို ချီးမြှောက်နိုင်ခြင်း

သာသနံ ပုညဝန္တဿ၊ ပုညဝန္တာဝ လာဘိနော။
နပ္ပပုညာ ကရဟာစိ၊ ပဂ္ဂဏှိတု မဝိသယာ။

ပုညဝန္တဿ၊ ဉာဏရိယ စသည်ခြောက်ဖြာ ဘုန်းသမ္ဘာနှင့် ပြည့်စုံတော်မူသော ဗုဒ္ဓရှင် ကိုယ်တော်မြတ်ကြီး၏။ သာသနံ၊ နေဝါလဝန်း တက်ထွန်းရှိန်စော် အာနုဘော်ကြီးသော သာသနာတော်မြတ်ကြီးကို။ ပုညဝန္တာဝ၊ ရှေးရှေးဘဝ သံသာရက ဘုန်းစက်ထူးရှိခဲ့ဘူးသော သူတို့သည်သာလျှင်။ ပဂ္ဂဏှိတုံ၊ ပစ္စယ,ဓမ္မ နှစ်ဝလုံလောက် ယခုလို ချီးမြှောက်ထောက်ပံ့နိုင်ခြင်းငှါ။ လာဘိနော-လဘန္တိ၊ ကောင်းစွာကျွန ရှေးကံလှသဖြင့် အော်...ရနိုင်ကြလေကုန်၏။ ပုညဝန္တဿ၊ ဉာဏရိယ စသည်ခြောက်ဖြာ ဘုန်းသမ္ဘာနှင့် ပြည့်စုံတော်မူသော ဗုဒ္ဓရှင်ကိုယ်တော်ကြီး၏။ သာသနံ၊ နေဝါလဝန်း တက်ထွန်းရှိန်စော် အာနုဘော်ကြီးသော သာသနတော်မြတ်ကြီးကို။ အပ္ပပုညာ၊ ဘုန်းကံပါးရှား ဂုဏ်အင်နွမ်းပါးသော သူတို့သည်။ အဝိသယာ-အဝိသယာယ၊ အလှမ်းဝေးကွာ မတန်မရာသည်၏ အဖြစ်ကြောင့်။ ကရဟာစိ၊ တဘဝ တကမ္ဘာ တရံတခါလေးသော်မျှ။ ပဂ္ဂဏှိတုံ၊ ပစ္စယ,ဓမ္မ နှစ်ဝလုံလောက် ယခုလို ချီးမြှောက် ထောက်ပံ့နိုင်ခြင်းငှါ။ န လာဘိနော-န လဘန္တိ၊ ကောင်းစွာကျွန ရှေးကံမလှသဖြင့် အော်....မရနိုင်ကြပါကုန်တကား။

ဘုန်းကြီးတို့ ဗုဒ္ဓပွင့်လာတယ်လို့ လောကမှာ ပြောကြတယ်၊ အဲဒီဗုဒ္ဓပွင့်လာတယ် ဆိုတဲ့ အဓိပ္ပါယ်ကို အတိုချုပ် ပြောရလို့ရှိရင် ယခု လူထုပရိသတ်ကြီးနှင့်တကွ အားလုံးသော လူနတ်ဗြဟ္မာ သတ္တဝါတို့သည် မိမိတို့ လိုအပ်တဲ့ အကျိုးတွေကိုရဘို့ ကုသိုလ်တည်းဟူသော မျိုးစေ့ကို စိုက်ပျိုးဘို့ရာ ခေတ်ကောင်း အခါကောင်းကြီးနှင့် ရင်ဆိုင်တိုးပြီးတော့ တွေ့ကြုံလာတာကို ဗုဒ္ဓပွင့်တယ်လို့ဆိုပါတယ်။

ဤကဲ့သို့ အလွန်တရာမှ တွေ့ခဲ ကြုံခဲလှတဲ့ မြတ်စွာဗုဒ္ဓရှင်ကိုယ်တော်မြတ်ရဲ့ သာသနာတော်မြတ်ကြီးနှင့် ကြုံလို့ တွေ့လို့ ကံကောင်းထောက်မလို့ လူ့အဖြစ်ကို ရကြတဲ့အခါ မိမိလိုအပ်တဲ့ ဒါနတည်းဟူသောမျိုးစေ့, သီလ တည်းဟူသော မျိုးစေ့, ဘာဝနာတည်းဟူသောမျိုးစေ့တွေ စိုက်ဘို့ပျိုးဘို့ လွတ်လွတ် လပ်လပ် အခွင့်ကောင်း အခါကောင်းကြီးနှင့် ကြုံလာ တိုက်ဆိုင်လာလို့ ဗုဒ္ဓပွင့်လာတယ်၊ ဒီလိုဗုဒ္ဓပွင့်တော်မူတဲ့ ခေတ်နှင့်ဟူတဲ့ သတ္တဝါတွေ ယိုအပ်ကဲ့ ဘုန်းကြယ်ကြီးမြတ် အရပ်ရပ်သော အကျိုးတွေရဘို့ရန်ဖြင့် ဘယ်မှာမျှ မရှိပါဘူး၊ ဤကဲ့သို့ ဗုဒ္ဓပွင့်ပြီးလာတဲ့ သာသနာတော်ကြီးကို တည်ထောင်နိုင် ဖန်ဆင်းနိုင်တယ် ဆိုတာလဲဘဲ တန်ခိုးဣဒ္ဓိပါဒ် ဘယ်လောက်ပင် ကြီးသော်လည်း နတ်မင်းကြီးတွေ,ဗြဟ္မာမင်းကြီးတွေ သာသနာတော်ကြီးကို တည်ထောင်ဖန်ဆင်းဘို့ စိတ်ကူးမျှ မထည့်နိုင်ဘူး၊ အလွန့်အလွန် ဘုန်းကံ ပါရမီ ပြည့်တော်မူတဲ့ ဘုန်းရှင်ကံရှင်ဖြစ်တော်မူတဲ့ ဗုဒ္ဓရှင်ကိုယ်တော်မြတ်ကြီးသည်သာ ဤသာသနာတော်မြတ်ကြီးကို တည်ထောင်ဖန်ဆင်းတော် မူနိုင်ခဲ့ပါတယ်။

ဤကဲ့သို့ ဘုန်းရှင် ကံရှင် သမ္ဘာရှင် ဖြစ်တော်မူတဲ့ ဗုဒ္ဓရှင်ကိုယ်တော်မြတ် သဗ္ဗညုတ ရွှေဉာဏ်တော်ကြီးနှင့် တည်ထောင်ဖန်ဆင်းပြီး ထားတော်မူခဲ့တဲ့ သာသနာတော်မြတ်ကြီးကို ယနေ့မူ တသိန်းကျော်မျှ ကုန်တဲ့ ဤအဆောက်အဦကြီးကို ဆောက်လုပ်လှူလို့ နောက်လဆန်း (၈)ရက်ကစပြီးတော့ နေ့ဆွမ်း-နံနက်ဆွမ်း-ဆွမ်းတွေ ဟင်းတွေ အမျိုးမျိုးနဲ့ လာပြီး ကပ်လှူကြတယ်၊ ယခု မျက်မှောက်ရှိ သင်္ကန်းတွေလဲ လောင်းကြ လှူကြ နံနက်ပိုင်းကဆိုရင်

ဆွမ်းလောင်းပွဲကြီးလေ ဘုန်းကြီးက ခြောက်ဆယ့်ခြောက်နှစ်ရှိပါပြီ ဤမျှလောက်ပရိသတ် မတွေ့ဘူးပါဘူးနော်၊ အဲဒီ ပရိသတ်ကြီး တွေ့ရပြန်တော့လဲ တရားဟောချင်တဲ့ စိတ်တမျိုး ပေါက်လာတယ်၊အလှူ လှူရေးကတော့ တခြားမဟုတ်ပါဘူး၊ ဘုန်းကြီး မနက်ကလိုအင်မတန် ကြီးကျယ်တဲ့ လူထု ပရိသတ်ကြီး ဆွမ်းအုပ်တွေ ဆွမ်းဆန်တွေ ကိုယ်စီပိုက်ပြီးတော့ သံဃိက ဒါနကြီး အေးအေးမြမြ လောင်းလှူ လိုက်ကြရတယ်၊ ဘယ်လောက် ဝမ်းမြောက်စရာ ကောင်းသလဲလို့။

**နတ်ပြည်မှာ သံဃဒါန မရကြ။** ။ရှင်မဟာကဿပကိုယ်တော်မြတ်ကြီး နိရောဓ သမာပတ်မှ ထလာတဲ့အခါ ဟို အထက်နတ်ပြည်မှာ ရှိတဲ့ နတ်သမီး ငါးရာ ကုသိုလ်လိုချင်လှလို့ ဆွမ်းအုပ်ကိုယ်စီပိုက်ပြီး လမ်းမှာစောင့်လို့ တန်းစီနေကြတယ်၊ ရှင်မဟာကဿပ ကိုယ်တော်မြတ်ကြီးက နတ်သမီးမှန်းသိလို့ အလှူခံတော်မမူဘူး၊ "သင်တို့ ခုလောက်ကြီးကျယ်တဲ့ နတ်စည်းစိမ်ကို ရရှိနေကြပါလျက် လောဘစွန်း ထွက်လှချည်လား" ဆိုပြီး မန်မဲလွှတ်လိုက်လို့ နတ်သမီးငါးရာလုံး နတ်ပြည်သို့ ပြန်တက်သွားရရှာတယ်၊ မနက် ကလို မလောင်းလှူလိုက်ကြရဘူးနော်၊ ပြီးတော့ သိကြားမင်းကြီးနှင့် သုဇာတာက လူဆင်းရဲ ယောင်ဆောင်ပြီး လောင်းတဲ့အခါကျတော့လဲဘဲ ထိုသို့ သိကြားမင်း သုဇာတာမှန်းသိတော့ ရှင်မဟာကဿပ ကိုယ်တော်မြတ်ကြီးက "သင် လိမ်လည်လှည့်ဖြားပြီးတော့ ဘာကြောင့် အမယ်အို အဘိုးအိုယောင်ဆောင်ပြီးတော့ လောင်းရသလဲ" ဆိုတော့ –

"အရှင်မဟာကဿပ ကိုယ်တော်မြတ်ကြီးဗုရား-တပည့်တော် လောဘစွန်းထွက်တာ မဟုတ်ပါဘူး၊ တာဝတိံသာ နတ်ပြည်မှာ သိကြားမင်းကြီး ဖြစ်ရသော်လဲဘဲ သာသနာပ ကုသိုလ်နဲ့ သိကြားဖြစ်ရလို့, သာသနာတော်တွင်းက ဆွမ်းတဇွန်းမျှ လောင်းလှူခဲ့ရုံနှင့် ဖြော်လာကြတဲ့ အနေကဝဏ္ဏ, စူဠရထ, မဟာရထ အစရှိတဲ့ နတ်သားကြီးတွေရဲ့ တန်ခိုးဣဒ္ဓိ ပါဠ်ကို မမှီနိုင်လို့ ဆင်းရဲလွန်းလို့ တပည့်တော်ဟာ 'မယာ ဒုဂ္ဂတ တရော နတ္ထိ ဘန္တေ' တပည့် တော်အလွန် ဆင်းရဲတဲ့ သိကြားမဲ့ သိကြားဒုက္ခိတကြီးပါဗုရား၊ လိမ်လည်ပြီးတော့ အဘိုးအို အမယ်အိုယောင်ဆောင်ပြီး လောင်းလှူတာ ကုသိုလ်များ မရနိုင်တော့ဘူးလားဗုရား" လို့ လျှောက်ထားတဲ့အခါ ကုသိုလ်တော့ ရပါတယ်၊ နောင်ကိုတော့ ဒီလိုလိမ်လည်လှည့်ဖြား၍ မလုပ်နဲ့-လို့ ဟောကြားပါတယ်။

ဘုန်းကြီးတို့ နတ်တွေ ဗြဟ္မာတွေ အထက်တန်းနေရပေမယ်လို ဤလူ့ပြည်လို သံဃ ဒါန ကုသိုလ်တွေ ဒီလို အဆောက်အဦကြီးတွေ လှူချင်လို့မဖြစ်နိုင်ပါဘူး[1]၊ ခုနကပြောတဲ့ စကားမှာနော် ပါရမီရှင် ဘုန်းရှင် ကံရှင် သမ္ဘာရှင် ဖြစ်တော်မူတဲ့ ဗုရားရှင် ကိုယ်တော် မြတ်ကြီး ဖန်ဆင်းထားခဲ့တဲ့ သာသနာတော် မြတ်ကြီးကား အလွန်ဘုန်းကံ ကြီးမားလှပါ ပေတယ်။

---

၁။ ဥဒါန၊ နှာ-၁၁၁။ ဓမ္မပဒ၊ ဌ၊ ပ-တွဲ၊ နှာ-၂၆၀-၂၇၀။

အဲဒီလို ဘုန်းကံကြီးမားတဲ့ ဗုဒ္ဓရှင်၏ သာသနာတော်မြတ်ကြီးကို ယနေ့လို ပစ္စည်းတွေ အကုန်အကျခံလို့ အမြောက်အမြား ကြီးကြီးကျယ်ကျယ် အဆောက်အဦတွေ ဆောက်လုပ်ပြီးတော့ လှူနိုင်ကြတယ်ဆိုတာ ဘဝက ပါရမီဘုန်းကံ မျိုးစေ့တွေ ပါလာတဲ့ သူတွေမှသာ လုပ်နိုင်ကြပါတယ်၊ ဘဝက ဘုန်းကံပါရမီ မရှိတဲ့ သူတွေကျတော့ ဒီသာသနာတော်မြတ်ကြီးနဲ့ ပတ်သက်တဲ့ ကုသိုလ်တွေ မလုပ်နိုင်ကြပါဘူး၊ အားမထုတ်နိုင်ကြပါဘူး၊ အားလုံးသိကြတဲ့ အတိုင်းပါဘဲနော်၊ အချို့လူတွေဟာ ဘယ်လောက်ပင် ချမ်းသာပြီးတော့နေကြသော်လဲ ဘုန်းကြီးတို့ သာသနာတော်ကြီးနှင့် တွေ့ကျိုးနပ်ကြရဲ့လား၊ လူ့အဖြစ်ရကြကျိုး နပ်ကြရဲ့လားလို့နော်၊ အလွန်တရာမှ သာသနာတော်မြတ်ကြီးနဲ့ တွေ့ကြုံပြီးတော့ယခုလို ပစ္စည်းဥစ္စာတွေ အကုန်အကျခံပြီး ချီးမြှောက်နိုင်တာ ထောက်ပံ့နိုင်တာ လှူဒါန်းနိုင်တာ ပါရမီဘုန်းကံ ရှိလို့ဆိုတာ မယုံမကြည်မရှိကြပါနဲ့။

**ဘုန်းကံရှိမှသာ တရားနာနိုင်ခြင်း။** ။မိတ္ထေးတော်ဂေါတမီ လျှောက်ထားတဲ့ စကားကိုထောက်ထားလို့ကြည့်မယ်ဆိုရင် ခု တရားနာနိုင်ကြတဲ့ ပုဂ္ဂိုလ်တွေဟာ သာမန်ပုဂ္ဂိုလ် မဟုတ်ကြပါဘူး၊ ပါရမီ ဘုန်းကံရှိကြလို့သာ တရားနာနိုင်ကြတာပါ၊ မိထွေးတော်ဂေါတမီက သားတော်ဖြစ်တဲ့ မြတ်စွာဗုဒ္ဓကို လျှောက်ထားတဲ့ စကားရှိပါတယ်။

မဓုရာနိ ပဟဋ္ဌာနိ၊ ဒေါသဃ္ဃါနိ ဟိတာနိ စ။
ယေ တေ ဝါကျာနိ သောဿန္တိ၊ တေပိ ဓညာ နရုတ္တမ။

(အပ၊ ၂၊ ၂၁၁)

နရုတ္တမ၊ လူသုံးပါးတို့မကိုဋ် ဦးတိုက်ရာဖြစ်တော်မူသော သားတော်မြတ်ဗုဒ္ဓ။ မဓုရာနိ၊ ဆိမ့်မြိန်သာယာ ချိုမြိန့်စွာကုန်ထသော။ ပဟဋ္ဌာနိ၊ ကြားနာသူတို့၏ စိတ်နှလုံးကိုလည်း ရွှင်ပြုံး နှစ်သက်စေနိုင်ထသော။ ဒေါသဃ္ဃါနိ၊ အပြစ်မှလည်းကင်း၍ သန့်ရှင်းစင်ကြယ်စေနိုင်ကုန်ထသော။ ဟိတာနိ စ၊ ကြားတိုင်း နာတိုင်း မဆိုင်းမတွ အကျိုးကိုလည်း တကယ်ပင် ရစေနိုင်ကုန်ထသော။ တေ၊ ဘုန်းတော်တောက်ကြွား ရှင်ပင်မြတ်ဗုဒ္ဓ၏။ ဝါကျာနိ၊ ဟောကြားပြသ ဆိုဆုံးမသော တရားစကားတော်တို့ကို။ ယေ၊ ရဟန်းရှင်လူ မည်သူမဆို အကြင်ခပ်သိမ်းသော ပုဂ္ဂိုလ်တို့သည်။ သောဿန္တိ၊ ယခုလို ကြားကြရနာကြရ မှတ်ကြရလေကုန်၏။ တေပိ၊ ရှင်တော်ဗုဒ္ဓ ဟောမြွက်ထားသည့် တရားစကားကိုကြားနာရကုန်သော ထိုရဟန်းရှင်လူ မည်သူမဆို ခပ်သိမ်းသော ပုဂ္ဂိုလ်တို့သည်လည်း။ ဓညာ၊ ရှေးကုသိုလ်ကံ စီမံဖန်တီး ဘုန်းကံကြီးမား ကြပါပေကုန်စွ မြတ်စွာဗုဒ္ဓ။

ဒီတော့ ခု တရားနာနိုင်တာဟာ ပါရမီဘုန်းကံရှိတဲ့ သူတွေမို့ နာနိုင်တာပါ၊ ပါရမီဘုန်းကံ မရှိတဲ့သူတွေကျတော့ ပွဲလမ်းသဘင်သွားကြ အလုပ်တွေရှုပ်နေကြလို့ တရားမနာနိုင်ကြဘူး မဟုတ်လား၊ ဤကဲ့သို့ တရားမနာနိုင်လို့ရှိရင် သာသနာကွယ်လိမ့်မယ်၊ သာသနာ

ကွယ်ကြောင်း တဆယ့်ငါးပါးထဲမှာ နံပါတ်တစ် တရားနာသူတွေ မရှိရင် သာသနာကွယ်နိုင်တယ်လို့ ဆိုထားတယ်နော်၊ ဒီတော့ အားလုံး ဘုန်းကြီးနှင့်တကွ မန္တလေး ရန်ကုန်မှ ကြွလာတဲ့ ဆရာတော်တွေဟာ သာမန်ပုဂ္ဂိုလ်တွေ တပါးမျှ မပါကြဘူး၊ သာသနာ့ ထိပ်သီး သာသနာ့အာဇာနည် စာချအကျော် မထေရ်ကြီးတွေ, သကျသီဟ စတဲ့ စာမေးပွဲကြီးတွေ အောင်တော်မူကြတဲ့ ပုဂ္ဂိုလ်တွေ ဒီပုဂ္ဂိုလ်တွေ့လာရောက်ပြီးတော့အပင်ပန်းခံပြီး ချီးမြှောက်ကြတယ်၊ ဟောကြားကြတယ်ဆိုတာ အလွန်နာကြားကြဘို့ ကောင်းပါတယ်-နော်၊ ဘုန်းကြီးတော့ ဒီကနေ့ဘဲ ဝိနည်းပြန်ပွဲ နှစ်ခု ဆုံရက်နဲ့ မျက်နှာလွှဲခဲ့ရတယ်၊ နက်ဖြန်သဘက် ပင့်ထားတဲ့ ဝိနည်းပြန်ပွဲလဲ မသွားနိုင်ဘူး၊ တရားဟောတော့ မဟုတ်ပါဘူး၊ ဘုန်းကြီးက တရားဟောတဲ့ ဘုန်းကြီးမဟုတ်ပါဘူး၊အဲဒီတော့ တိုတိုပြောလိုတာက ဒီကနေ့ည မန္တလေးမြို့ ရွှေဝါဝင်း ဆရာတော် **ဦးသာသန**, ရန်ကုန်က ဆရာတော် **ဦးဇောတိက**, ဆရာတော် **ဦးပဏ္ဍိတ** ဟောကြားလိမ့်အုံးမယ်၊ တရားဟောတော့ အင်မတန်ကောင်းတဲ့ ပုဂ္ဂိုလ်တွေပါ၊ ကျောင်းအကျိုး (၃၃) မျိုးကို အရှင်သာသနာဘိဝံသ ဟောသွားပါတယ်၊ ဘုန်းကြီးက အကျယ်ဟောစရာမလိုတော့ပါဘူး၊ အချိန်ကလဲ မရပါဘူး။

**ယခုနှင့် ရှေး ကွာခြားပုံ။** ။အဲ....ယခုအခါကာလနဲ့ ရှေးအခါတုန်းက ကွာခြားပုံလေးက —

ပဿန္တာ ရူပဝိဘဝံ၊ သုဏန္တာ မဓုရံ ဂိရံ။
စရန္တိ သာဓူ သမ္ဗုဒ္ဓ၊ ကာလေ လေဋ္ဌ ပရံမုခါ[၁]။

သမ္ဗုဒ္ဓကာလေ၊ ရှင်တော်ဗုဒ္ဓ ထင်ရှားရှိရာ လက်ထက်တော်အခါ၌။ သာဓူ၊ ဝိသာခါ အနာထပိဏ် ဂုဏ်သိရ်ကြီးမားကျောင်းဒကာ,ကျောင်းအမများတို့သည်။ သာဓူ၊ ဝိသာခါ အနာထပိဏ်စသော ပါရမီရင့်ညောင်း သူတော်ကောင်းအပေါင်းတို့သည်။ ရူပဝိဘဝံ၊ အဆင်းတော်မြတ်၏ တင့်တယ်ခြင်းကို။ ပဿန္တာ၊ ရှိခိုးပူဇော် ဖူးမျှော်ကြကုန်လျက်။ မဓုရံ ဂိရံ၊ ကရဝိက်သံလို ချိုမြိန်ကောင်းမြတ်သော တရားစကားတော်အသံကို။ သုဏန္တာ၊ ရိုသေလေးစား နာကြားကြကုန်လျက်။ ကေဋ္ဌပရံမုခါ၊ ပွဲလမ်းသဘင် ပျော်ပွဲ ရှင်ပွဲကို မျက်နှာလွှဲကြကုန်သည်ဖြစ်၍။ စရန္တိ၊ ဓမ္မပီတိ မြတ်ဂီတိဖြင့် လှည့်လည်သွားလာ၍ နေကုန်တော့သတည်း။

အေး-သက်တော်ထင်ရှား ရှိတော်မူစဉ် အခါတုန်းကတော့ ဝိသာခါ အနာထပိဏ်စတဲ့ ပါရမီရင့်ညောင်း သူတော်ကောင်းအပေါင်းတို့ဟာ မြတ်စွာဗုဒ္ဓရှင် ကိုယ်တော်မြတ်ကို ဖူးမျှော်လို့၊ပျော်ပွဲ ရှင်ပွဲတွေကို မျက်နှာလွှဲကြတယ်တဲ့၊ ည,ညကျလာလိုက်တဲ့ တရားနာတွေလဲ အများကြီးပါဘဲ၊ ဒီလို တရားနာလာတဲ့သူတွေသည်ကား ဆိုလို့ရှိရင် အိမ်မှ ထွက်လာထဲက ခြေလှမ်းတိုင်း, ခြေလှမ်းတိုင်း ကုသိုလ်ဇောတွေ, ကုသိုလ်စိတ္တုပ္ပါဒ်တွေနဲ့

---

၁။ အလင်္ကာပါဠိ၊ နှာ-၂၁၆၊ ဂါထာ-၉၉။

လာကြရတာပါ၊ ရွာက ဝေးလေလေ ကုသိုလ်စိတ်တွေ များလေလေတဲ့၊ "ခြေဘလှမ်း ရွှေတသန်း တန်တယ်၊ ခြေတယိမ်း ရွှေတသိန်း တန်တယ်"ဆိုတာ ဒါမျိုးဘဲ၊ ဒီတော့ တရားပွဲလာတဲ့အခါ ကုသိုလ်ဇော စေတနာတွေ ဖြိုးဖြိုးဝေပြီးတော့ လာကြတယ်၊ တရားနာ၍ ခုလို ထိုင်နေကြတဲ့အခါ သဒ္ဓါ ပြဋ္ဌာန်းတဲ့ ကုသိုလ်စိတ်တွေ မြစ်ရေအယဉ်ကဲ့သို့ တသွင်သွင် စီးဆင်းပြီးတော့ ဖြစ်ပေါ်နေကြတယ်။

အဲဟို ကပွဲစတဲ့ ပျော်ပွဲ ရှင်ပွဲတွေကို သွားကြပြန်ပြီဆိုတော့ ခြေလှမ်းတိုင်း ခြေလှမ်းတိုင်း လောဘပြဋ္ဌာန်းတဲ့ အကုသိုလ်စိတ်တွေနဲ့ သွားကြတယ်၊ ပွဲမှာထိုင်ပြီး ကြည့်နေပြန်တော့လဲ လောဘပြဋ္ဌာန်းတဲ့ အကုသိုလ်စိတ်တွေနဲ့ဘဲ ကြည့်နေရတယ်၊ ဘယ်လောက်များ ကွာခြားသလဲလို့နော်။

အဲဒါကြောင့် တိုတိုပြောလိုတာကတော့ ခုလို သာသနာတော်ကြီးနဲ့ ကြုံတွေ့လို့ ရခဲတဲ့ လူ့အဖြစ်ရကြတဲ့အခါ ခု လှူလိုက်တဲ့ ကုသိုလ်တွေ ဝမ်းမြောက်စရာကောင်းပါတယ်၊ အရေးအကြီးဆုံး အချိန်ပါနော်၊ ကြပ်ကြပ်ကြီး ဂရုစိုက်ပြီးတော့ ခေတ္တခဏ နာကြားကြစမ်းပါ၊ မကြာမီ ရေစက်ချရတော့မယ်နော်၊ ယခု လှူလာလိုက်ကြတာ ဤဗိမာန်တော်ကြီးသည်ကား ဆိုလို့ရှိရင် အဘိုးတသိန်းကျော်မျှ ကုန်ပြီးတော့ ကာယဗလ-ကိုယ်အားတွေ, ဉာဏဗလ-ဉာဏ်အားတွေ, ဓနဗလ-ပစ္စည်းဥစ္စာ အားတွေနဲ့ စုပေါင်းလို့ အောင်မြင် အထမြောက်လို့ လာပါပြီ။

ဤပေတရာဝန်ရှိသော ဗိမာန်တော်ကြီး ရေစက်ချပွဲနှင့် လဆန်းရှစ်ရက်ကစပြီး, ဝိနယာမှ ရွှေရကုသဘင် ပူဇော်ပွဲကို အကြောင်းပြုပြီးတော့ သံဃာတော်တွေကို နေ့စဉ် နေ့တိုင်း နံနက်ဆွမ်း နေ့ဆွမ်း ကပ်ရုံမျှမက ညဆို ဂျင်းသုတ်နဲ့,အဖျော်နဲ့,သကြား ရေနွေးနဲ့ ကပ်ကြတယ်၊ ရေလှူတဲ့ လူတွေကလဲဘဲ သံဃာတော်အရှင်မြတ်တွေကို စိတ်အား ကိုယ်အား ထက်ထက်သန်သန်ကြီးနဲ့ လောင်းလှူကြတယ်။

**ရေအကျိုးဝတ္ထု။** ။အဲဒီ ရေအကျိုးကလဲဘဲ ဝိပဿီမြတ်စွာဘုရား လက်ထက်တော်အခါက ဗန္ဓုမတီ ပြည်၌ ရေ ခပ်ရောင်းစားရတဲ့ သူဆင်းရဲမလေးတယောက်ဟာ ရေလှူရတဲ့အတွက်ကြောင့် နတ်သမီးတထောင်တို့ထက် ဆယ်ပါးသော အကျိုးတရားများ သာလွန်ပြီး နတ်မိဖုရားကြီးက အကြိမ်ငါးဆယ်၊ စကြာဝတေးမင်း မိဖုရားကြီးက အကြိမ်ခုနစ်ဆယ်ဖြစ်၍ ဘယ်အခါမှ အပါယ်လေးပါး မရောက်ခဲ့ရဘူး၊ တိုရေလှူရတဲ့အကျိုးဟာ သစ်ပင်ဖျား၌ နေရသော်လဲ ရေရနိုင်သတဲ့နော်၊ တောင်ဖျားနေရင်လဲဘဲ ရေရနိုင်တယ်၊ "သစ်ပင်တောင်ဖျား၊ နေလေငြားလည်း၊ မရှားရေရ၊ တောင့်တမိုးရွာ၊ ပူဆာအိုက်ကင်း၊ ရှင်းသည့်အနာ၊ ကိလေသာဝေး၊ ညစ်ကြေးမရစ်၊ နှံ့သာစစ်သို့၊ ခုနစ်ရေလှူ အကျိုးတည်း"၊ မိုးခေါင်နေလို့ မိုးကိုရွာစေချင်လဲ ရွာနိုင်တယ်၊ ကိုယ်ခန္ဓာမှ အညစ်အကြေးတွေ ကင်းတယ်၊ နောက်ဆုံး ရဟန္တာမ ဖြစ်ပြီးတော့သွားပါတယ်[၁]။

---

၁။ အပ၊ ၂၊ နှာ-၁၉၇-၈။

**ဆေးအကျိုး ၁၀-ပါး။** ။ဟိုနားက ဆရာ့ဆရာမတွေတစုနဲ့ ဆေးပစ္စည်းတွေ လှူလိုက်ကြတာကလဲဘဲ သံဃာတော်တွေ အတွက် သံဃိကဒါန လှူရတဲ့ အကျိုး ဘယ်လောက် ဝမ်းမြောက်စရာ ကောင်းသလဲ --

* ဆေးလှူပါရ၊ မြတ်ဒါနကြောင့်၊ ဆင်းလှ့သက်ရှည်၊
ချမ်းသာတည်၍၊ ပွါးစည်ဗလ၊ ဉာဏ်ကြွယ်ဝ၏၊
လို့လ ကြီးထွေ၊ သူရိုသေလျက်၊ မကွေချစ်သူ၊ ဘေးမပြုဘဲ၊
ပြောထူခွေရံ၊ ဤဆယ်တန်သည်၊
မှတ်ရန် ဆေးလှူအကျိုးတည်း [၁]။

ဆေးလှူရတဲ့အကျိုးနော်။

**နတ်သားတယောက် ငါးချက်လျှောက်။** ။အဲ...ပြီးတော့ကော ဘုန်းကြီးတို့ နတ်သားတယောက်က လျှောက်ထားတဲ့ စကားကို ဟောပြောပြပါအုံးမယ်၊ "မြတ်စွာဗုရား-ဘယ်အလှူဟာဖြင့် ခွန်အားဗလကို လှူရာရောက်ပါသလဲ" ဆိုတော့ "ခု ဆွမ်းလှူနေတဲ့ အလှူဒါနကြီးဟာ ခွန်အားဗလ လှူရာရောက်တယ်"လို့ ဖြေကြားတော်မူတယ်။

ဘယ်အလှူဟာ အဆင်းကို လှူရာရောက်ပါသလဲ-လို့ လျှောက်ထားပြန်တော့ ဟောဒီနားမှာရှိတဲ့ သင်္ကန်းစတဲ့ အထည်အလိပ် လှူရန်ဝတ္ထုအမျိုးမျိုးတွေဟာ အဆင်းကို လှူရာရောက်တယ်-လို့ ဖြေကြားတော်မူတယ်။

ဘယ်အလှူက ချမ်းသာသုခ လှူရာရောက်ပါသလဲ-ဆိုတော့ ယာဉ်အလှူဟာ ချမ်းသာသုခလှူရာရောက်တယ်လို့ မြတ်စွာဗုရားက ဖြေကြားတော်မူတယ်၊ တနေ့က ဘုန်းကြီးတို့ ရန်ကုန် မန္တလေးက လာကြတဲ့ သံဃာ အရှင်မြတ်တွေကို ယာဉ်အမျိုးမျိုးတို့တွင် မယှဉ်သာနိုင်အောင် အမွန်မြတ်ဆုံးဖြစ်တဲ့ လေယာဉ်ပျံကြီးနဲ့ သံဃာတော်တွေ ပင့်ဆောင် ကုသိုလ်ပြုကြရတယ် မဟုတ်ဘူးလား၊ အဲ ဒီလို ယာဉ်မျိုး မဆိုပါနဲ့ လှည်းယာဉ်,လှေယာဉ်,ရထား, သင်္ဘောစတဲ့ ယာဉ်အလှူမျိုးသည် ချမ်းသာ သုခ လှူရာရောက်ပါတယ်၊ ဒီတော့ ဘုန်းကြီးတို့က များများကြီး မေတ္တာပို့ပါတယ်၊ "ဒို့တတွေ တနာရီခန့်မျှ ဤလေယာဉ်ပျံကြီး စီးရသဖြင့် ချမ်းသာသုခနှင့် ပြည့်စုံသလို အားလုံးသောယာဉ် အလှူဒကာ-ဒကာမတွေမှာလဲ မဂ္ဂင်ရှစ်ပါးတည်းဟူသော ယာဉ်ပျံတော်ကြီးစီးပြီးတော့ နိဗ္ဗာန်သို့ မြန်မြန်ကြီးရောက်ကြပါစေ" လို့ မေတ္တာများများကြီး ပို့မိပါတယ်။

နောက်တဖန် ဘယ်အလှူက မျက်စိကို လှူရာရောက်ပါသလဲ-ဆိုတော့ ကျောင်းတိုက်ကြီးတခုလုံး ထိန်-လို့ ဆီမီးတွေ့ ဓာတ်မီးတွေ လှူထားလိုက်ကြတာ၊ တနေ့က ဗုရားဒကာ-

---

၁။ အပ၊ ပါ၊ ပ၊ နှာ-၃၆၃။

ဗုဒ္ဓဘာသာမဖြစ်ကြတဲ့ **ကိုအေးမောင်-မထွေးယဉ်** တို့လဲ ဗုဒ္ဓဘာသာကိုယ်တော်မြတ်ရဲ့ အထက်တော်မှ အလှူဆန်းကြယ်တဲ့ လျှပ်စစ်ပန်း ဓာတ်မီးကို လှူဒါန်းရတယ်၊ အဲဒီလို အလှူဒါနပဟာ နောင်အခါ ဒိဗ္ဗစက္ခု အဘိညာဏ်နှင့် ပြည့်စုံတတ်တယ်။

ပြီးတော့ ဘယ်အလှူဒါနက အလုံးစုံလှူရာ ရောက်ပါသလဲ-ဆိုတော့ "အကြင်ပုဂ္ဂိုလ်သည် ကျောင်းဆောက်၍ လှူ၏၊ ထိုပုဂ္ဂိုလ်သည် အလုံးစုံပစ္စည်းလေးပါး လှူရာရောက်ပါတယ်"လို့ မြတ်စွာဗုဒ္ဓက ဖြေကြားတော်မူပါတယ်[၁]၊-ကဲ စဉ်းစားကြစမ်း၊ ဤကျေဇူး ဗိမာန်ဆောက်လုပ်မှုကို အကြောင်းပြုပြီးတော့ ဤဗိမာန်လှူရတာက ကျောင်းအလှူဘဲ၊ ထိုကိုအကြောင်းပြုပြီး ဆွမ်းကို အကြိမ်ကြိမ် အထပ်ထပ် လှူရတာက ဆွမ်းအလှူ၊ ဆေးဌာနဖွင့်ပြီးတော့ လှူရတာက ဆေးအလှူ၊ သင်္ကန်းကို ယာခုလှူပြန်တော့လဲ သင်္ကန်းအလှူ၊ ပစ္စည်းလေးပါး စုံမသွားဘူးလား။

**အမြဲတမ်း ကုသိုလ်ရတဲ့အလှူ။** ။ဒီလို ကျောင်းဆောက်လို့ လှူတာလဲ ပစ္စည်းလေးပါးလှူရာရောက်တယ်၊ နတ်သားတယောက်က "မြတ်စွာဗုဒ္ဓ-ဘယ်အလှူမျိုးကတော့ နေ့ရော ညရော ကုသိုလ်တွေ ရပါသလဲဗုဒ္ဓ"-လို့ မြတ်စွာဗုဒ္ဓကို လျှောက်ထားတော့ ဟောဒီ ကျောင်းအလှူမျိုးကတော့ ကျောင်းလှူတဲ့ ကျောင်းဒကာ+ကျောင်းအမတွေ၊ ဗုဒ္ဓလှူတဲ့ ဗုဒ္ဓဒကာ+ဗုဒ္ဓအမတွေ နေ့ရော ညရော တသောသော ကုသိုလ်တွေ ရပါတယ်လို့—

'သဒါ ပုညံ ပဝဍ္ဍတိ'

လို့ မြတ်စွာဗုဒ္ဓ ဖြေကြားတော်မူခဲ့တယ်၊ ဒီလို ဖြေတော်မူတဲ့ အတိုင်း နေ့ရော ညရော လုံးလုံးအမြဲတမ်း ကုသိုလ်ဖြစ်နေသလားဆိုတော့ အဋ္ဌကထာ[၂] ဆရာက ကာမဝိတက်ကြံတဲ့အခါ, အိပ်ပျော်နေတဲ့အခါ ဤအခါနှစ်ပါးမှာ ကုသိုလ်မရပါဘူးတဲ့၊ ဒါဖြင့် ဋီကာ[၃] ဆရာက လာပြန်တယ်၊အဲဒီ အချိန်နုတ်ပြီးတော့ အမြဲတမ်း ကျောင်းဒကာ+ကျောင်းအမတွေ ကုသိုလ်ရနေတယ်ဆိုတော့ ဒီအတိုင်း ရသလားတဲ့—

"အတ္တနာ ကတံ ဟိ ပုညံ အနုဿရတော တံ အာရဗ္ဘ ဗဟုံ
ပုညံ ပသဝတိ၊ န ပန ယထာ ကတံ ပုညံ သယမေဝ ပဝဍ္ဍတိ [၃]"တဲ့—

အဓိပ္ပါယ်ကတော့ မိမိတို့ ဆောက်လုပ်လှူဒါန်းတဲ့ ဤကျောင်းကို, ( သို့မဟုတ် ) ဤဗုဒ္ဓကို အာရုံပြု အောက်မေ့ပြီးတော့ နေတဲ့အခါ အဲဒီလို အခါမျိုးမှာ များစွာသော ကုသိုလ်တွေ ဖြစ်ပါတယ်တဲ့၊ အလိုအလျောက် ကုသိုလ်တွေက မဖြစ်ပါဘူးတဲ့နော်-အလှန်

---

၁။ သံ၊ ၁၊ နှာ-၂၉။ ၂။ သံ၊ ဋ္ဌ၊ ၁၊ နှာ-၇၃။ ၃။ သံ၊ ဋီ၊ ၁၊ နှာ-၁၂၄။

မှတ်သားစရာကောင်းပါတယ်၊ ဒါကြောင့် မိမိတို့ ကုသိုလ်ကို အာရုံပြု အောက်မေ့ကြပေါ့။ ဝမ်းမြောက်စရာကောင်းတာတချက် တိုတိုပြောချင်တာက—

**သံဃိကကုသိုလ်စစ် ဖြစ်အောင် နှလုံးသွင်းပုံ။** ။ဤ ကေ၊ ဇ ခေါ်တဲ့ ဗိမာန်တော်ကြီးကို အကြောင်း ပြုပြီး ယခု လှူဒါန်းလိုက်ရတာ ကျေးမွေး ကပ်လှူလိုက်ကြရတာ အလှူခံပုဂ္ဂိုလ်တွေက သံဃာတော်တွေချည်းဘဲတဲ့နော်၊ ဒီတော့ သံဃာတော်တွေလှူတော့ သံဃိက မြောက်အောင် ဘယ်လိုနှလုံးသွင်းရမလဲ၊ သံဃိက ကုသိုလ်စစ်စစ်ကြီး ဖြစ်အောင် ငါ့ဆရာသမား, ငါ့ဘုန်းကြီး, ငါ့ဦးပဉ္ဇင်း, ငါ့ကိုရင်ဆိုတဲ့ တဏှာစွဲကိုလဲ ပယ်ရမယ်၊ ငါ့ဆရာသမား, ငါ့ဘုန်းကြီး, ငါ့ဦးပဉ္ဇင်း, ငါ့ကိုရင်ဆိုတဲ့ ဒိဋ္ဌိ အစွဲကိုလဲ ပယ်ရမယ်, ဖျောက်ရမယ်၊ တဏှာနှင့် ဒိဋ္ဌိအစွဲကိုပယ်နိုင်, သတ်နိုင်မှ သံဃိက ကုသိုလ်ကြီးဖြစ်ကြမယ်၊ အလွန်တရာ အရေးကြီးပါတယ်။

**အဦးပဓာနများ။** ။အဂ္ဂိဟုတ္တမုခါ ယညာ၊ သာဝိတ္တိ ဆန္ဒသော မုခံ။
ရာဇာ မုခံ မနုဿာနံ၊ နဒီနံ သာဂရော မုခံ။

နက္ခတ္တာနံ မုခံ စန္ဒော၊ အာဒိစ္စော တပတံ မုခံ။
ပုညံ အာကင်္ခမာနာနံ၊ သံဃော ဝေ ယဇတံ မုခံ [၁]။

အနက်မပေးတော့ဘူးနော်... ဒီတော့ ယဇ်ပူဇော်ခြင်းတို့တွင် မီးဖြင့်ယဇ်ပူဇော်ခြင်းဟာ အဦးရှေ့သွားပဓာနဘဲ၊ ဆန်းကျမ်းတို့တွင် သာဝိတ္တိ ဆန်းကျမ်းဟာ အဦးရှေ့သွား ပဓာနဘဲ၊ လူတို့တွင် မင်းဟာ အကြီးအမှူး အဦးရှေ့သွား ပဓာနဘဲ၊ မြစ်တို့တွင် သမုဒ္ဒရာကြီးဟာ အကြီးကျယ်ဆုံး ပဓာနပါဘဲ၊ ကြယ်တာရာ နက္ခတ်အပေါင်းတို့တွင် လမင်းကြီးဟာ အကြီးဆုံးအမှူးရှေ့သွား ပဓါနဘဲ၊ အပူအမျိုးမျိုးတို့တွင် နေမင်းကြီးဟာ အဦးရှေ့သွား ပဓာန ဖြစ်ပါတယ်။

အဲ ခုလိုပါဘဲတဲ့ ကုသိုလ်ကို အလိုရှိကြတဲ့ အမျိုးကောင်းသား+အမျိုးကောင်းသမီး တွေအဘို့ သံဃာတော် တည်းဟူသော အလှူခံပုဂ္ဂိုလ်သည် အကြီးအမှူး အဦးရှေ့သွား ပဓာန ဖြစ်၍ အကြီးကျယ်ဆုံးပါဘဲ၊ ဒါကြောင့် သံဃာကို အာရုံပြုပုံ နဲနဲပြောလိုပါတယ်-နော်။ အဲဒါကြောင့် အနည်းငယ် ပြောပြလိုတာကတော့—

**သံဃာလှူရန် ဗရားရှင် တိုက်တွန်းပုံ။** ။အခါတပါး နာတိကရွာ မြတ်စွာဗုရား သီတင်း သုံးတော်မူတဲ့ အချိန် **ဒါရုကမ္မိက သူကြွယ်** ဆိုတာ ထင်းရောင်း အသက်မွေးရတဲ့သူ၊ ထို ဒါရုကမ္မိက ဒကာက မြတ်စွာဗုရား အနီးအပါး

---

၁။ ဝိ၊ ၃၊ နှာ-၃၄၄။ မ၊ ၂၊ နှာ-၃၅၃။

ချဉ်းကပ်ပြီး ထိုင်နေတယ်၊ မြတ်စွာဘုရားက "ဒါယကာ ဒါရုကမ္မိက-သင် အလှူအဒါန်းများ လုပ်ရရဲ့လား"လို့ မေးတော့ ဒါယကာက "ဒီယတိ မေ ဘန္တေ, တပည့်တော် လှူရပါတယ် ဘုရား"လို့ သူက ဒီလိုမဖြေဘူး ကြွားလိုက်သေးတယ်နော်၊ "မြတ်စွာဘုရား-တပည့်တော်က လှူတဲ့နေရာမှာ အရဟတ္တမဂ် ရောက်ပြီးတဲ့ ရဟန္တာပုဂ္ဂိုလ်ကို လှူပါတယ်"။

ရဟန္တာပုဂ္ဂိုလ်တောင်မှ အာရညကင် ဓုတင်ဆောင်တဲ့ ရဟန္တာ, ပိဏ္ဍပါတ်ဓုတင် ဆောင်တဲ့ ရဟန္တာ, ပံ့သုကူ ဓုတင်ဆောင်တဲ့ ရဟန္တာ-အဲဒီလိုပုဂ္ဂိုလ်တွေ ရွေးချယ်ပြီးတော့ တပည့်တော်လှူပါတယ်-မြတ်စွာဘုရား"တဲ့ ဒီတော့ မြတ်စွာဘုရားက—

'ဒုဇ္ဇာနံ ခေါ ဂဟပတိ' ဒါယကာ ဒါရုကမ္မိကသူကြွယ်-သင်တို့လို အိမ်နေတဲ့ ကာမ ဘောဂီ လူသားတို့က ဘယ်ပုဂ္ဂိုလ်က အနာဂါမ်ဘဲ, ဘယ်ပုဂ္ဂိုလ်က ရဟန္တာဘဲလို့ ခွဲခြားဝေ ဘန်ပြီးတော့မသိနိုင်ဘူး ဒါရုကမ္မိကသူကြွယ်၊ သို့အတွက် ငါဘုရားတိုက်တွန်းတော်မူတယ်—

> ဣဃ် တွံ ဂဟပတိ သံဃေ ဒါနံ ဒေဟိ၊ သံဃေ တေ ဒါနံ ဒဒတော စိတ္တံ ပသိဒိဿတိ၊ သော တွံ ပသန္နစိတ္တော ကာယဿ ဘေဒါ ပရံ မရဏာ သုဂတိံ သဂ္ဂံ လောကံ ဥပပဇ္ဇိဿတိ။

ဂဟပတိ၊ ဒါရုကမ္မိက ဒါယကာ။ ဣဃ်၊ သတိပေးနှိုးဆော် ငါဘုရား တိုက်တွန်း တော်မူ၏။ တွံ၊ သင်သည်။ သံဃေ၊ သံဃာအား။ ဒါနံ၊ အလှူဒါနမျိုးကို။ ဒေဟိ၊ စေတနာ ဖွေးဖွေးစွာ ပေးလှူပါလော့။ သံဃေ၊ သံဃာတော်အား။ ဒါနံ၊ အလှူကို။ ဒဒတော၊ ပေး လှူသော။ တေ၊ သင်၏။ စိတ္တံ၊ စိတ်သည်။ ပသိဒိဿတိ၊ ကြည်လင်လိမ့်လတ္တံ့။ ပသန္နစိတ္တော၊ ကြည်လင်သော စိတ်ရှိသော။ သော တွံ၊ ထိုသင်သည်။ ကာယဿ ဘေဒါ ပရံ မရဏာ၊ သေသည်မှ အခြားမဲ့ နောက်ကာလ၌။ သုဂတိံ သဂ္ဂံ လောကံ၊ အထက်နတ်ရွာ သုဂတိ လောကသို့။ ဥပပဇ္ဇိဿတိ၊ ကေန်မသွေ ရောက်ရလိမ့်လတ္တံ့ သတည်း။

မြတ်ဗုရားက သံဃာကိုလှူဘို့ တိုက်တွန်းတော်မူတယ်၊ အဲဒီလို တိုက်တွန်းတော်မူ တဲ့အတိုင်း —

> "သောဟံ ဘန္တေ အဇ္ဇတဂ္ဂေ သံဃေ ဒါနံ ဒဿာမိ"

လို့...ဒါယကာ ဒါရုကမ္မိက-ကလဲ"မြတ်စွာဘုရား ဒီနေ့ကို အစပြု၍ အသက်ထက်ဆုံး ရှေ့ကို သံဃာကို လှူပါတော့မယ်"လို့ တာဝန်ယူပါတယ်[၁]၊ **သံဃာ**ဆိုတာ 'သံဃော ဟိ ဒုဿိလော နာမ နတ္ထိ'[၂]-တဲ့ သီလမရှိတဲ့ သံဃာလို့ မရှိပါဘူး၊ ပုဂ္ဂိုလ်အနေနှင့်သာ သီလ မရှိတဲ့ ပုဂ္ဂိုလ်လို့ ရှိနိုင်တယ်၊ **သံဃာ**ဆိုတာ 'သံဃော နာမ ဒက္ခိဏေယျော'[၃]-မြတ်သော အလှူခံထိုက်တဲ့ ဂုဏ်နှင့် ပြည့်စုံတော်မူတယ်၊ ထိုမျှမကပါဘူး ဘုန်းကြီးတို့ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီးသည်ပင်လျှင် —

---

၁။ အံ၊ နှာ-၃၄-၄။ ၂။ မ၊ ဋ္ဌ၊ ၄၊ နှာ-၂၂၁-၂၂၅။

“ယတော စ ခေါ ဘိက္ခဝေ သံဃော မဟတ္တေန သမန္နာဂတော၊ အထ မေ သံဃေ ပိ ဂါရဝေါ ကတော”၁

လို့....အင်္ဂုတ္တိုရ် ပါဠိတော်မှာ မြတ်စွာဘုရားက “ချစ်သားတို့- အကြင်အခါကာလ သံဃာသည် မဟတ္တ ဂုဏ်နှင့်ပြည့်စုံတယ်၊ ထိုအခါ ငါဘုရားသည် သံဃာ၌လည်း အလေး အမြတ်ပြုတော်မူသေးတယ်”လို့ ဟောတော်မူပါတယ်၊ အလွန်အရေးကြီးပါတယ်၊ ဘုန်းကြီးတို့ မြတ်စွာဘုရားက သံဃာကိုအလေးအမြတ်ပြုတာ ဘယ်နေရာဌာနမှာလဲလို့ ဆိုတော့ ဘုန်းကြီးတို့ အင်္ဂုတ္တိုရ် အဋ္ဌကထာဆရာက-ဥပရိပဏ္ဏာသပါဠိတော်၌ မိထွေးတော်ကြီးက သင်္ကန်းလှူဒါန်းရာဌာနကို ညွှန်ကြားပြဆိုပါတယ်၊ အားလုံးသိပြီးသား ဖြစ်တဲ့အတိုင်း ဥပရိပဏ္ဏာသပါဠိတော်(နှာ-၂၉၅-၉)လာ မိထွေးတော် ဂေါတမီကြီးက မြတ်စွာဘုရားထံ သင်္ကန်းလှူလာတဲ့အခါ အလှူမခံဘူး မဟုတ်လား၊ နှစ်ကြိမ် သုံးကြိမ်တိုင်အောင် “ငါ့ကို မလှူနဲ့ သံဃာကို လှူ”လို့ တိုက်တွန်းပါတယ်။

အရှင်အာနန္ဒာက မိထွေးတော် ဂေါတမီဘက်က ဘယ်လိုပင် ရှေ့နေလိုက်၍ လျှောက်ထားသော်လဲ မြတ်စွာဘုရားက သုံးကြိမ်တိုင်အောင်“ငါ့မလှူနဲ့ မိထွေးတော်၊ သံဃာကိုလှူ”လို့ တိုက်တွန်းတယ်၊ အဲဒီလို သံဃာကို လှူလို့ တိုက်တွန်းတာ အခြားမဟုတ်ပါဘူး၊ မိထွေးတော်ကြီးကို သနားချီးမြှောက်လိုသောကြောင့် ငါဘုရားကို အကြောင်းပြု၍ ပုဗ္ဗ, မုဥ္စ,အပရစေတနာသုံးကြိမ်,သံဃာကို အကြောင်းပြု၍ သုံးကြိမ်ပေါင်း ခြောက်ကြိမ်ဖြစ်ပြီး ရှည်မြင့်စွာသော ကာလပတ်လုံး ချမ်းသာသုခ စီးပွါးနှင့်ပြည့်စုံပါစေ-လို့ ဒီလိုမိထွေး တော်ကြီးကို ငဲ့ညှာပြီးတော့ တိုက်တွန်းတော်မူတာပါ။

တနည်းအားဖြင့်တော့လဲဘဲ—

“အဟံ န စိရဋ္ဌိတိကော၊ မယှံ ပန သာသနံ ဘိက္ခုသံဃေ ပတိဋ္ဌဟိဿတိ”။၂

ငါဘုရားသည် အသက်ရှည်ကြာစွာ တည်နေတော့မှာ မဟုတ်တော့ဘူး၊ ငါဘုရား သာသနာသည် ရဟန်းတော်တို့ရဲ့ သန္တာန်၌ တည်ရစ်လိမ့်မယ်၊ ဒီတော့ နောင်လာ နောက်သား ဖြစ်တဲ့သူတွေ ခုလို သံဃာတွေ လေးစားမှု ပြုကြပါစေ-လို့ ရည်ရွယ်ချက်နဲ့ ကိုယ်တိုင် အလှူမခံဘဲနဲ့ သံဃာကိုလှူဘို့ ညွှန်ပြတော်မူတာ တွဲနော်-ဒါကြောင့်မို့—

“သံဃော စတူဟိ ပစ္စယေဟိ အကိလမန္တော ဗုဒ္ဓဝစနံ ဥဂ္ဂဟေတွာ သမဏဓမ္မံ ကရိဿတိ၃။”

---

၁။ အံ၊ နှာ-၃၄-၄။ ၂။ မ၊ ဋ္ဌ၊ ၄၊ နှာ-၂၂၁-၂၂၅။
၃။ မ၊ ဋ္ဌ၊ ၄၊ နှာ-၂၂၁။

သံဃော၊ ရဟန်းသံဃာသည်။ စတုဟိ ပစ္စယေဟိ၊ ဆွမ်း, သင်္ကန်း, ကျောင်း, ဆေး ပစ္စည်းလေးပါးတို့ဖြင့်။ အကိလမန္တော၊ မပင်ပန်းသည်ရှိသော်။ ဗုဒ္ဓဝစနံ၊ မြတ်စွာဗုဒ္ဓ ပိဋကတ်တော်ကို။ ဥဂ္ဂဟေတွာ၊ သင်ကြားကြ၍။ သမဏဓမ္မံ၊ ရဟန်းတရားကို။ ကရိဿတိ၊ ကျင့်ကြံကုန်လတ္တံ့။ (ကောန်မသေ့ ပြုကြပေလတ္တံ့။)

ဒီလို ဒကာ ဒကာမတွေ သံဃာကို လေးစားပြီးတော့ ပစ္စည်းလေးပါး လှူတော့ သံဃာတော် အရှင်မြတ်တွေက ဗုဒ္ဓဟောဖေါ် ပိဋကတ်တော်တွေကို သင်ကြားပြီး ရဟန်း တရား အားထုတ်ကြပါလိမ့်မယ်၊ ဒီလို ရဟန်းတရား အားထုတ်ကြတော့ ငါဗုဒ္ဓရဲ့သာသနာ တော်ဟာ ငါးထောင်ရှည်ကြာကာလ တည်ရစ်လိမ့်မည်လို့ အဲဒီလိုရည်ရွယ်ချက်နဲ့ တိုက်တွန်း တာပါတဲ့နော် [၁]။ အဲ ဒီလောက်ရှိရင်တော့ သံဃာတော်တွေ လှူရတာ ကျောင်းတော်ကြီး ကိုလဲ သံဃာတော်အား လှူရတာမှာ ဝမ်းမြောက်စရာ ကောင်းကြောင်း သိလောက်ပါပြီ။

**ဆဋ္ဌင်္ဂသမန္နာဂတကုသိုလ်ကျိုး။**

။အဲဒါကြောင့် ဤယနေ့ အရေးကြီးတဲ့ အချက်ကလေး ဖြည့်စွက်ပေးချင်တာက တခြားမဟုတ်ဘူး၊ ခု ရေစက်ချ တော့မယ်၊ အလှူပေးတဲ့ ဒကာ+ဒကာမတွေ ဘက်က အင်္ဂါသုံးပါး, အလှူခံဖြစ်တဲ့ ညီတော် နောင်တော် သံဃာတော်တွေဘက်က အင်္ဂါသုံးပါး-ပေါင်း အင်္ဂါခြောက်ပါးနှင့် ပြည့်စုံတဲ့ ဆဋ္ဌင်္ဂ သမန္နာဂတ=ဒါနချိုးဆိုတာ ထိုဒါနရဲ့ အကျိုးအာနိသင်တွေကို မြတ်စွာဗုဒ္ဓက ကုန်စင်အောင် ရေတွက် ဟောပြလို့မလွယ်ကူဘူး-လို့ နော်၊အဲဒါ သိပြီးသားပါဘဲ၊ ပုဗ္ဗ စေတနာ ဤကျောင်း ဗိမာန်ကြီးကို မဆောက်လုပ်မီတုန်းက အင်တိုက် အားတိုက် အဖွဲ့ဝင် တွေ ဆောင်ရွက်ကြတာ အားထုတ်ကြတာ အဲဒါ **ပုဗ္ဗစေတနာ** တွေ ထက်ထက် သန်သန် ကြီးဘဲနော်၊ ယခု ရေစက်သွန်းချတဲ့ အခါမှာလဲဘဲ လောဘ ဒေါသ စတဲ့ တရားတွေမဝင် ပါဘဲနဲ့ ဖြူဖြူ စင်စင်စိတ်ကို ထားနိုင်ကြခြင်းဟာ **မုဉ္စစေတနာ**၊ ရေစက်ချပြီးတဲ့ အခါကျတော့ လဲဘဲ မေ့ပျောက်လို့ မပပ်လိုက်ဘဲနဲ့ ဗုဒ္ဓအစရှိတဲ့ အရိယာ ပညာရှိတွေ ပြုတဲ့အမှု ငါတို့ ပြုရပေပြီ-လို့ ဝမ်းမြောက်တာ **အပရစေတနာ**၊ အဲဒီသုံးပါးနှင့် အလှူဒကာတွေ ဘက်က ပြည့်စုံဘို့လိုပါတယ်တဲ့နော်၊ ဒီကနေ့ ပစ္စည်း ဥစ္စာတွေ အမြောက်အမြား ကုန်ပေမယ်လို့ ကုန်ရာ မရောက်ပါဘူး၊ အနုဂါမိကဥစ္စာ-မြေထဲမြှုတ်ထားလိုက်တာ နိဗ္ဗာန်ရသည်အထိ တသံသရာလုံး အကျိုးပေးပါလိမ့်မယ်။

ပုဗ္ဗေဝ သုမနော ဒါနာ၊ ဒဒံ စိတ္တံ ပသာဒယေ။

ဒတွာ စတ္တမနော ဟောတိ၊ ဧသာ ပုညဿ သမ္ပဒါ [၂]။

---

၁။ မ၊ ၃၊ နှာ-၂၈၅-၈။ မ၊ ဋ္ဌ၊ ၄၊ နှာ-၂၁၉-၂၂၆။

၂။ အံ၊ ၂၊ နှာ- ၈၆။ ပေတဝတ္ထုပါဠိ၊ နှာ-၁၅၉။

ဒါနာ၊ လူ နတ် နိဗ္ဗာန် သုံးတန်မျှော်မှန်း ဒါနခမ်းကို ကြီးပန်းအားထုတ် ပြုလုပ်ရာ အခါမှ။ ပုဗ္ဗဝ၊ လှူဒါန်းစရာ ရှာဖွေစိတ်ကူး မလှူမီ ရှေးဦးကပင်လျှင်။ သုမနော စ၊ ကုသိုလ် ပါရမီ ပြုတော့မည်ဟု စိတ်ကြည်ကြည် သဒ္ဓါပေါက်၍ ဝမ်းမြောက်ကြသည်လည်း။ (ဝါ) နိဗ္ဗာန်ရသည့် ဘဝတိုင်ရောက် ကောက်ကောက်နောက်က လိုက်လာကြမည့် အနုဂါမိက ဥစ္စာကို ကောင်းစွာ မြှုတ်နှံမည်ဟု ကြံစည်ဝမ်းမြောက်သည်လည်း။ ဟောတိ၊ မုချ မှန်စွာ ဖြစ်ကြရာ၏။ ဒဒံ-ဒဒန္တော၊ စာဂ ရဲ့ ဒါနပွဲကို လှူဆဲကာလ ထိုခဏ၌။ (ဝါ)စေတနာ ဖွေးလှင် ပေးလှူစဉ် ယခုလို အခါမှာလည်း။ စိတ္တံ၊ လောဘ, ဒေါသ, မောဟ စရိုက် မှောင် အမိုက်၌ နှစ်ခြိုက်ပျော်ရှင် မိမိ၏ စိတ်အစဉ်ကို။ ပသာဒယေ၊ အရတော်စွ ဤဒါနဟု ကြည်မြသဒ္ဓါ ဖြူဖွေးကြရာသတည်း။ (ဝါ)အနုဂါမိက ဥစ္စာကို ယခုအခါ မြှုပ်နှံရပေပြီဟု သာကြည်ရှင်လန်း စေရာသတည်း။ ဒတွာ စ၊ အစ, အလယ် ဤနှစ်သွယ်၌ စိတ်ဝယ်ရှင်ပြ လှူဒါန်းကြပြီး၍လည်း (ဝါ)စေတနာဖွေးဖြူ ပေးလှူပြီး၍လည်း။ အတ္တမနော စ၊ ဗျားအစ ရှိသော အရိယာအပေါင်း သူတော်ကောင်းတို့ ပြုလုပ်အပ်သောထုံးကို ငါတို့လဲ ကျင့်သုံး ပြုရပေပြီဟု သာကြည်ရှင်မြူး အထူးဝမ်းမြောက်သည်လည်း။ ဟောတိ၊ အာစိဏ္ဏကံ အရှိန် သန်အောင် ဖန်ဖန်ဆုချွေ ဖြစ်ကြရလေ၏။ သော၊ စ, လယ်, အဆုံး သဒ္ဓါလုံးဖြင့် ရွှင်ပြုံး ဆင့်ဆင့် အသင့်ဖြည့်တင်း ဤသို့ ဖြစ်ရခြင်းသည်။ (ဝါ)ဤသို့ စေတနာသုံးတန် သဒ္ဓါရုံ၍ ထက်သန်ပြည့်စုံခြင်းသည်။ ပုညာ၊ လူ နတ် နိဗ္ဗာန် သုံးတန်ရွှယ်ကိုး ကုသိုလ်မျိုး၏။ သမ္ပဒါ၊ သံသရာဝဋ်လမ်းမှ ကျွတ်တန်းဝင်ကာ အခြေခံလောက်လုံ၍ အကြောင်း ပြည့်စုံလေတော့ သတည်း။

အဲဒါ ကျောင်းဒကာ+ကျောင်းအမ အလှူ့ဒကာ+အလှူ့အမတွေဘက်က အင်္ဂါ သုံးပါး၊ တပည့်တော်များရဲ့ ညီတော် နောင်တော် ဖြစ်တော်မူကြတဲ့ သံဃာတော်အရှင်မြတ် တွေဘက်ကလဲ အင်္ဂါသုံးပါး ရှိပါတယ်။

၁။ နံပါတ်တစ်က=ရာဂကင်းခြင်းဖြစ်ရမယ်။

၂။ နံပါတ်နှစ်က =ဒေါသကင်းခြင်းဖြစ်ရမယ်။

၃။ နံပါတ်သုံးက=မောဟ ကင်းခြင်းဖြစ်ရမယ်။

ဒီလိုမဟုတ်ရင် ပါဠိတော်က....

'ရာဂဝိနယာယ ဝါ ပဋိပန္နော'လို့ နောက်တဆင့် တက်လာတယ်၊ အမိပွါယ်က လောဘကို ရှေးရှုပြီးတော့ ပစ္စည်း ဥစ္စာကို အလှူမခံပါနဲ့၊ "ငါတို့သည် ရာဂကင်းအောင် ကျင့်ကြံမယ်၊ ဒေါသကင်းအောင် ကျင့်ကြံမယ်၊ မောဟကင်းအောင် ကျင့်ကြံမယ်"ဆိုတဲ့ ရည်ရွယ်ချက်နှလုံးထားဖြင့် အလှူခံတော်မူကြပါကုန်၊ အဲဒီလို အလှူခံတော့ အလှူခံပုဂ္ဂိုလ် တွေဘက်ကလဲ အင်္ဂါသုံးပါးနှင့် ပြည့်စုံသွားတယ်၊ အလှူပေးပုဂ္ဂိုလ်ဘက်က အင်္ဂါသုံးပါး၊ အလှူခံပုဂ္ဂိုလ်ဘက်က အင်္ဂါသုံးပါး၊ပေါင်းအင်္ဂါခြောက်ပါးနှင့် ပြည့်စုံတဲ့ ဆင္ဒဂ်သမန္တာဂတ

ကုသိုလ်တွေ ရကြတဲ့ သူတွေမှာ-မရေတွက်နိုင်အောင် အကျိုးတွေရပါတယ်၊ ဥပမာ တခု ပြောရလို့ရှိရင်ဖြင့် သမုဒ္ဒရာ ကြီးထဲမှာ ရှိတဲ့ ရေတွေကို ခွက်ငယ် ပုံးငယ်နှင့် ခပ်မယ်ဆိုရင်ဖြင့် ကုန်နိုင်ဘွယ်ရာရှိတယ်၊ ဒီအလှူဒါနရဲ့ အကျိုးကိုငါဘုရား ကုန်စင်အောင် ဟောဘို့မလွယ်ကူဘူး-လို့ ဟောပါတယ်နော်....

ဝိပဿနာရှုကြ။ ။ဒါ့ကြောင့် နှစ်ဦးနှစ်ဘက် အင်္ဂါခြောက်ချက်နှင့်လဲ ပြည့်စုံကြပါစေ၊ တရားသိမ်းကြပါစို့ရဲ့၊ အဲ-မသိမ်းမီ နဲနဲဘုန်းကြီးတွေ လှူရမှာဖြစ်တော့ ဝိပဿနာလေးနဲ့ ပြောထားချင်ပါသေးတယ်၊ ဝိပဿနာပြောချင်တာက ဤကေ့ဇ-ဗိမာန် ခေါ်တဲ့ ကျောင်းတော် အဆောက်အဦကြီးနှင့်တကွ သင်္ကန်း, ဆွမ်းစတဲ့ လှူဒါန်းဘွယ် ပစ္စည်းဝတ္ထုတွေ ဖောက်ပြန်မှုကြောင့် ရုပ်တရားတဲ့၊ ပြုပြင်ရမှုကြောင့် သင်္ခါရတရားအစုတဲ့၊ အလှူခံပုဂ္ဂိုလ်တွေနဲ့ အလှူပေးပုဂ္ဂိုလ် တို့သည်လည်း ပုဂ္ဂိုလ် သတ္တဝါ သူငါ မဟုတ် နှစ်ဖြာသော ရုပ် နာမ် ဓမ္မ သင်္ခါရတရားမျှသာ ဖြစ်ကြပေသည် အဲဒီလို နှလုံးသွင်းစေချင်ပါတယ်။

အဟော သဗ္ဗေ အနိစ္စာဝ၊ အဟော သဗ္ဗေဝ, နာလယာ။
န အညော န စ အညေသံ၊ နေသောဟံ န စ တေ မမံ။

သဗ္ဗေဝ၊သက်မဲ့သက်ရှင် မြင်မြင်သမျှ တေဘူမက သင်္ခါရတို့သည်ပင်လျှင်။အဟော အနိစ္စာ၊ လမ်းနားသစ်ပင် ခိုဝင်ဘွေငြား ဧည့်သည်များ အလားကဲ့သို့ အော်-မမြဲကြကုန်သည်သျှည်းတကား။

ဘုန်းကြီးတို့တတွေ ဝိပဿနာဘက် အနည်းငယ် လှည့်လိုက်ကြပါအုံးစို့ရဲ့၊ လမ်းလေးခွမယ် လမ်းနားမှာ အလွန်တရာ အေးမြကြည်လင်တဲ့ သစ်ပင်ကြီးတပင်ရှိတယ်ဆိုကြပါစို့၊ ထိုသစ်ပင်ကြီးရဲ့အောက်ကို အရပ်လေးမျက်နှာက ရောက်လာကြတဲ့သူတွေ ဘယ်ကလာတာလဲ-ဘယ်သွားမလို့လဲဟု မေးကြ မြန်းကြ ဆွေးနွေးကြ တော်တော်ကြာ သူ့နာရီစေ့တော့ သူ့လမ်းသူ ခွဲသွားကြတာပါဘဲ။

အဲ ဤနည်းတူစွာဘဲ ဤဗိမာန်တော်ကြီး ရေစက်ချပွဲကို မသိဘဲနဲ့ ရှောင်လွှဲပြီး သွားနေတဲ့ သူတွေလဲ ရှိလိမ့်မယ်၊ နောက်တခါ အဆက်ဆက် ကျင်းပမည့်ပွဲတွေလဲ မမှီတဲ့ သူတွေ ဘုန်းကြီးနှင့်တကွ ရှိကြပါလိမ့်မယ်၊ ဒီတော့ ကျန်ရစ်သူ ဘုန်းကြီးတို့လဲ ဧည့်သည်ချင်း ဆုံကြရတာပါ၊ အချိန်ကျရင် ကိုယ့်လမ်းနှင့်ကိုယ် ခွဲကြရလိမ့်မယ်။ ဒီလိုလေးလဲ နှလုံးသွင်းထားကြစမ်းပါနော်—

ဒီတော့-သံသာရေ၊ ခန္ဓာ, အာယာတန, ဓာတ် အဆက်မပြတ်ဖြစ်ရာ သံသရာ၌။ သုဂတိံ စ၊ လူ့ဘုံ သူ့ဂတိဘဝသို့ လားရပေါင်းဆုံရခြင်းကိုရင်း။ ဒုဂ္ဂတိံ စ၊ ဒုဂ္ဂတိဘုံ တိရစ္ဆာန်ဘဝ ပေါင်းဆုံရခြင်းကိုရင်း။ ဣတ္တရဝါသောတိ၊ နည်းငယ်ခေတ္တ တခဏမျှသာ တွေ့ကြုံပေါင်းဆုံမိကြသည်ဟူ၍။ ဇာနိယာ၊ ဟုတ်တိုင်းမှန်စွာ သိကြရာ၏။ ခုဘဲ ဒီကနေ့ ခရီးသွားဧည့်သည်ချင်း ဓမ္မာရုံကြီးထဲမှာ ဆုံနေကြပါတယ်၊ နာရီစေ့တော့ ရေစက်ချပြီး ပြန်ကြမှာ ခွဲကြရမှာ မဟုတ်ဘူးလား။

သဗ္ဗေဝ၊ သက်မဲ့ သက်ရှင် မြင်မြင်သမျှ တေဘူမက သင်္ခါရဓမ္မတို့သည်ပင်လျှင်။ အဟော အံ့နိစ္စာ၊ လမ်းနားသစ်ပင် ခိုဝင်တွေ့ငြား ညှော်သည်များအလားကဲ့သို့ အောင်-မမြဲကြကုန်သည်ချည်းတကား။ သဗ္ဗေဝ၊ သက်မဲ့ သက်ရှင် မြင်မြင်သမျှ တေဘူမက သင်္ခါရဓမ္မတို့သည်ပင်လျှင်။ အဟော အနာလယာ၊ တစုံတရာ တွယ်တာနှစ်သက် အောင်-စုံမက်စရာလဲ မရှိပါကုန်တကား။

ဘုန်းကြီးတို့ တတွေက လူမှန်း သူမှန်းသိလာတဲ့အချိန်ကစပြီးတော့ ဤခန္ဓာကိုယ်ကြီး တွယ်တာကြတယ်၊ နှစ်သက်ကြတယ်၊ စွဲလမ်းကြတယ်မဟုတ်ဘူးလား။ မြတ်စွာဘုရားက---

"ချစ်သား ချစ်သမီးတို့ - သင်တို့ ရလာတဲ့ ဤ ခန္ဓာကိုယ်ကြီးကို တွယ်တာလို့ နေကြတယ် စွဲလမ်းလို့နေကြတယ် နှစ်သက်လို့ နေကြတယ် ဆိုတာ ဆင်းရဲကိုတွယ်တာ နှစ်သက်ရာရောက်တယ်၊ သင်တို့ ဘယ်တော့မှ ဆင်းရဲမှ လွတ်မြောက်မှာ မဟုတ်ဘူး၊ ဤ ခန္ဓာကိုယ်ကြီးကို မတွယ်တာ မနှစ်သက် မစွဲလန်းမှ ဆင်းရဲက လွတ်မြောက်ပြီးတော့ နိဗ္ဗာန်သို့ ရောက်ကြမယ်၊ သင်တို့ရလာတဲ့ ဤရုပ်နာမ် ခန္ဓာကိုယ်သည်ကား ဆိုလို့ရှိရင်.... အိုချိန်တန် အိုဘို့ ရလာတာ၊ နာချိန်တန် နာဘို့ ရလာတာ၊ သေချိန်တန် သေဘို့ ရလာတာ၊ သင်တို့တွယ်တာ စွဲလမ်း နှစ် သက် နေစ ရာ အ တွက် ရလာတာ မဟုတ်ဘူး"-နော်။

ကဲ....လိုက်ဆိုကြစမ်းပါ--

* အိုဘို့ရလာ၊ ဒို့ခန္ဓာ၊ ချိန်ခါရောက်က အိုလိမ့်မည်။
* နာဘို့ရလာ၊ ဒို့ခန္ဓာ၊ နာချိန်ရောက်က နာလိမ့်မည်။
* သေဘို့ရလာ၊ ဒို့ခန္ဓာ၊ သေချိန်ရောက်က သေလိမ့်မည်။

**ဇရာဝဂ္ဂသုတ်**[၁]။ ။အေး-ဘုန်းကြီးတို့တတွေ ဒီလို အိုရ, နာရ, သေရတာတော့ မပြောနဲ့နော်၊ မြတ်စွာဘုရားရှင်ကိုယ်တော်မြတ် သာဝတ္ထိပြည် သိတင်းသုံးတော်မူတဲ့ အခါ ခုလို ညနေချမ်း နေစာ ကျောပေးပြီးတော့ နေစာ လှုံနေတဲ့အခိုက် အရှင်အာနန္ဒာက သွားပြီးတော့ ခန္ဓာကိုယ်ကို သုံးသပ်ဆုပ်နယ်ပြီး "မြတ်စွာဘုရား 'အစ္ဆရိယံ ဘန္တေ အဗ္ဘုတံ ဘန္တေ' အံ့ဩဘွယ် ကောင်းလိုက်တာ မြတ်စွာဘုရား၊ မဖြစ်ဘူးမြဲ ထူးကဲစွာ ဖြစ်ပါတယ် မြတ်စွာဘုရား၊ ဘယ်လိုလဲလို့ဆိုတော့ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီးရဲ့ အဆင်းတော်ဟာဆိုလို့ရှိရင် ရှေးအခါက ကြည်လင်တယ်၊ သန့်ရှင်းတယ်၊ ဖြူစင်တယ်၊ ခုတော့

---

၁။ သံ၊ ၃၊ ၃၇-၁၉၁။

မြတ်စွာဘုရားရဲ့ အဆင်းတော်တွေဟာ ကြည်လင်ခြင်း, သန့်ရှင်းခြင်း, ဖြူစင်ခြင်းမရှိတော့ပါဘူး မြတ်စွာဘုရား၊ မြတ်စွာဘုရားရဲ့ အသား အရေတော်တွေကလဲ တွန့်လိပ်ပြီးတော့ အားအင်တွေလဲ ဆုတ်ယုတ်၍ လာပါတယ် မြတ်စွာဘုရား၊ ဤမျှမကပါဘူး မြတ်စွာဘုရားရဲ့ ဝဿာကိုယ်တော်ကြီးကလဲ ရှေ့သို့ကိုင်းပြီးတော့ လာပါတယ်"။ ဒီလိုလျှောက်ထားတော့ မြတ်စွာဘုရားက—

'ဧဝမေတံ အာနန္ဒ'="ချစ်သား အာနန္ဒာ သင်လျှောက်ထားတာ မှန်လိုက်တာ၊ ငါဘုရားရဲ့ အရေတော် အဆင်းတော်တွေဟာဆိုရင်ဖြင့် သင်လျှောက်ထားတဲ့ အတိုင်း ရှေးကလို ကြည်လင်မှု, သန့်ရှင်းမှု, ဖြူစင်မှု မရှိတော့ဘူး၊ အားတွေ အင်တွေ ယုတ်လျော့ပြီးတော့ အရေတော်တွေလဲ တွန့်လိပ်ပြီးလာတယ်၊ ငါဘုရား ခန္ဓာကိုယ်ကြီးကလဲ ရှေ့သို့ကိုင်းညွှတ်ပြီးတော့ လာတာ မှန်ပေတယ် ချစ်သားအာနန္ဒာ"လို့ ဆိုပြီးတော့ ဇရာတရား လက်ညှိုးထိုး, ရန်တွေ့တဲ့ အနေနှင့် မြတ်စွာဘုရားက ဟောလိုက်တာနော်။

ဓိ တံ ဇမ္မိ ဇရေ အတ္ထု၊ ဒုဗ္ဗဏ္ဏကရဏီ ဇရေ။
တာဝ မနောရမံ ဗိမ္ဗံ၊ ဇရာယ အဘိမဒ္ဒိတံ [၁]။

ဇရာတရား-သင်နှိပ်စက်လို့ ငါဘုရား အရုပ်ဆိုးတဲ့ အနေနှင့် လက်ညှိုးထိုး ရန်တွေ့သပေါ့ပါ၊ ဒါကြောင့် သတ္တဝါတွေဟာ—

"ယောပိ ဝဿသတံ ဇီဝေ၊ သောပိ မစ္စုပရာယဏော။
န ကိဉ္စိ ပရိဝဇ္ဇေတိ၊ သဗ္ဗမေဝါဘိမဒ္ဒတိ [၁]။" တဲ့—

အသက်တရာ နေကြရသော်လည်း အကုန်လုံး တနေ့ကျတော့ သေကြရလိမ့်မယ်လို့နော်၊ ဤကဲ့သို့ သက်မဲ့ သက်ရှင် မြင်မြင်သမျှ အနိစ္စ ဒုက္ခ အနတ္တ ဤကဲ့သို့သော တရားဒေသနာတော် အစဉ်ကို ကြားနာရသဖြင့်၎င်း, နေ့စဉ် နေ့တိုင်း တရား တော်ကို နာကြားရသဖြင့်၎င်း, လဆန်း ၈-ရက်မှ ယခု လပြည့်နေ့တိုင်အောင် နေ့စဉ်နေ့တိုင်း သံဃာတော်အရှင်မြတ်တွေကို နေ့ဆွမ်း နံနက်ဆွမ်းကပ်လှူရသဖြင့်၎င်း,ဆေးဝါးနှင့်တကွဆေးပစ္စည်းတွေလှူကြရသဖြင့်၎င်း,ရေကိုလည်း ပင်ပန်းကြီးစွာခပ်၍ လိုလေသေးမရှိ လှူဒါန်းကြရသဖြင့်၎င်း ဤသို့ ကုသိုလ်စေတနာ အရပ်ရပ်တို့ကြောင့် အိုခြင်းကင်းရာ နာခြင်းကင်းရာ သေခြင်းကင်းရာ နိဗ္ဗာန် ချမ်းသာကို လျင်မြန်စွာ ရရပါလိုကုန်သော ဟူ၍ ဆုတောင်းလိုက်ကြကုန်။

မှတ်ချက်။ ။ကေ-ဇ ဗိမာန်တော် ဆိုရာ၌ ကေ-အရ ဆရာတော် ဦးကေသရ, ဇ-အရ ဆရာတော် ဦးဇယန္တ(၂)ပါး တည်ထောင်သွားသော ကျောင်းတိုက်တာကြီး ဖြစ်၍ ထိုဆရာတော်ကြီး နှစ်ပါးတို့၏ အမည်ဖြင့် ခေါ်ဝေါ်ထားခြင်းဖြစ်၏။

---

၁။ သံ၊ ၃၊ နှာ-၁၉၁။

# ကထိန်တရားဒေသနာ

**သစ္စာပြုဆုတောင်း။** ။ဗုဒ္ဓေါ လောကေ သမုပ္ပန္နော၊ ဟိတာယ သဗ္ဗပါဏိနံ။
ဧတေန သစ္စဝဇ္ဇေန၊ သောတ္ထိ တေ ဟောတု သဗ္ဗဒါ။

လောကေ၊ ကာမ,ရူပ,အရူပဟု လောက သုံးထပ် ဘုံသုံးရပ်၌။ဗုဒ္ဓေါ၊ သစ္စာလေးပါး မြတ်တရားကို ပိုင်းခြားထင်ထင် ကိုယ်တော်တိုင်လည်း သိ, ကိုယ်တော်မှအခြား သူတပါး တို့အားလည်း မမှားမသွေ သိစေတော်မူတတ်သော ဗုရားရှင် ကိုယ်တော်မြတ်ကြီးသည်။ သဗ္ဗပါဏိနံ၊ အိုနာသေရေး ဒုက္ခဘေးတွေနှင့် ရောထွေးနေရှာ အလုံးစုံသော သတ္တဝါတို့၏။ ဟိတာယ၊ လောကီ လောကုတ် မယုတ်တိုးပွါး အကျိုးများကြစေခြင်းငှါ။ သမုပ္ပန္နော၊ ဥဒီတောင်စွန်းမှ နေစက်ဝန်းကြီးအတူပမာ ပွင့်ထွန်းပေါ်ပေါက်၍ လာတော်မူလေပြီ။ ဧတေန သစ္စဝဇ္ဇေန၊ ဗုရားပွင့်ရာ ချိန်အခါ၌ သတ္တဝါအများ ကျိုးစီးပွါးကို မမှားမသွေ ရကြစေဟု ဆိုလေရငြား ဤသို့သော သစ္စာစကားကြောင့်။ တေ-တုမှာကံ၊ နိဗ္ဗာန်ဘုံနန်း တဘက်ကမ်းသို့ လှမ်းတက်ဘို့ ရည်သန် ကြည်လျှံတဲ့ သဒ္ဓါတရားတွေနှင့် ကထိန်တရားကို နာယူကြငြောင်း သင် ဒကာ ဒကာမအပေါင်း သူတော်ကောင်းတို့အား။ သဗ္ဗဒါ၊ နေ့ရော ညဉ့်ပါ ဘယ်ခါမစဲ အမြဲခပ်သိမ်း။ သောတ္ထိ၊ ဘေးအတန်တန် ရန်အသွယ်သွယ် အန္တရာယ် ခပ်သိမ်းမှ ကင်းငြိမ်းခြင်းသည်။ ဟောတု၊ စင်စစ်မသွေ ဖြစ်ကြပါစေသတည်း။

* ဗုဒ္ဓမြတ်စွာ၊ ပွင့်ပေါ်လာ၊ များစွာ သတ္တဝါပေါင်း။
* ကီ, ကုတ် စီးပွါး၊ အကျိုးများ၊ မမှား ရစေကြောင်း။

ဟု ဆိုတဲ့အတိုင်း လူ နတ် ပြဟ္မာ သတ္တဝါတို့၏ မကိုဋ်ထွဋ်တင်ဖြစ်တဲ့ ဗုရားရှင် ကိုယ်တော်မြတ်ကြီးဟာ သတ္တဝါအနန္တ မှန်သမျှတို့၏ လောကီအကျိုးစီးပွါး လောကုတ္တရာ အကျိုးစီးပွါးများ ရရှိစေခြင်းအကျိုးငှါ ဥဒီတောင်စွန်းမှ နေစက်ဝန်းကြီးနှင့် အတူပမာ ပွင့်ထွန်းပေါ်ပေါက်၍လာတာပါ....တဲ့—

မြတ်စွာဗုရားရဲ့ မျှော်လင့်ချက် ရည်ရွယ်ချက် မဟာကရုဏာ စေတနာအတိုင်း ဖြစ်အောင် ဘဝပေါင်း အသင်္ချေ အသင်္ချာ ကုဋေ ကုဋာ လွန်လေပါမှ တွေ့ရ ကြုံရသဖြင့် အလွန်တရာမှတွေ့ရခဲကြုံရခဲတဲ့ သာသနာတော်ကြီးနှင့်တွေ့ကြုံကြရတဲ့အခါမှာအခွင့်ကောင်း အခါကောင်းကို လက်မလွှတ်ကြစေဘဲနှင့် ဒုက္ခ ဟူသမျှ မြူမျှမပါ ချမ်းသာအစစ် ဧကန် ဖြစ်တဲ့ နိဗ္ဗာန်ဟူသော အကျိုးစီးပွါးကို အမြန်ဆုံးရအောင် များများကြီး အားထုတ် ကြရမယ်၊ နိဗ္ဗာန်မရမီကာလ ဘဝသံသရာ၌ ဖန်ခါခါ ကြင်လည်ရသည်ရှိသော် အယုတ်ဆုံး အားဖြင့် အပါယ်လေးပါးသို့ မလားရောက်ရဘဲနဲ့ ကောင်းရာဒေသ သုဂတိ ဘုံဘဝတို့၌သာ

လူကောင်း သူကောင်းတွေ ဖြစ်ကြရအောင် ဟုတ်သောအကြံ မှန်သောအလုပ်များကိုသာ အားထုတ်ပြုလုပ်ကြပါ-လို့ အထူး တိုက်တွန်း သတိပေးလိုပါတယ်။

ဘုန်းကြီးတို့ ကမ္ဘာပေါင်းများစွာ အသခ်ေျ အသချ်ော လွန်လေပါသော်လည်း အင်မတန်မှ တွေ့ရခဲ ကြုံရခဲလှသော ဗုဒ္ဓုပ္ပါဒ နဝမခဏခေါ် မြတ်စွာဗုရား ပွင့်ထွန်းပေါ် ပေါက်တဲ့ သာသနာတော်တွင်း အခါကြီးနှင့် တွေ့ကြုံရမှသာ ပြုလုပ် အားထုတ် လှူဒါန်းလို့ ရသော **ကာလဒါန** ခေါ် ကထိန်အလှူတော်ကြီး ပြုလုပ်ရန်အတွက် ဟောပြောလိုပါတယ်။

**ကထိန်ခဲယဉ်းပုံ။** ။သာသနာတော်တွင်းအခါ ကြုံရပါသော်လဲ လူ့ဘုံ နတ်ဘုံတို့၌ ဖြစ်ရခြင်း ဟူသော ဘဝသမ္ပတ္တိနှင့် ပြည့်စုံမှသာ ပြုလုပ် လှူဒါန်းလို့ ရနိုင်ပါတယ်၊ ဘဝဝိပတ္တိခေါ်တဲ့ အပါယ်လေးပါး စသည့်ဌာနများသို့ လားရောက် နေရပြန်ရင်လဲဘဲ ပြုလုပ်လို့ မရနိုင်ပါဘူး၊ သာသနာတော်ကြီးနှင့် တွေ့ကြုံတဲ့အခါတောင်မှ ဆွမ်းအလှူ သင်္ကန်းအလှူစသည့် ရိုးရိုးအလှူများလို အချိန်မရွေး ကာလမရွေး ပြုလုပ်လှူဒါန်းလို့ ရတာမဟုတ်ဘူး၊ သီတင်းကျွတ်လပြည့်ကျော် တရက်နေ့မှစ၍ တန်ဆောင်မုန်း လပြည့်နေ့အထိ တလအတွင်းမှာသာ တကျောင်းမှာလဲ တကြိမ်ထဲ ပြုလုပ်လှူဒါန်းလို့ရပါတယ်။ ကထိန်အလှူ ပြုလုပ်လှူဒါန်းရန် ဘယ်လောက်များ ခဲရင်းသလဲဆိုတာ စဉ်းစားသာကြည့်ပါတော့။

* တနှစ်မှလဲ တလထဲ၊ တလမှလဲ တကျောင်းထဲ၊
တကျောင်းမှလဲ၊ တကြိမ်ထဲ၊ ထူးတဲ့ ကထိန်ပွဲ။

ဟု ဆိုတဲ့အတိုင်း အလွန်တရာမှ အကျိုးထူးတရား ကြီးမားပြီး ပြုလုပ်ဘို့ ခဲယဉ်းလှတဲ့ **ကာလဒါန** ခေါ် ကထိန်အလှူတော်ကြီးကို ဝမ်းပန်းတသာ ဘယ်လောက်များ ပြုလုပ်လှူဒါန်းရ အားကျစရာ ကောင်းသလဲလို့နော်။

**ကထိန်မည်ပုံ။** ။ဘာကြောင့် **ကထိန**-ကထိန်လို့ ခေါ်သလဲဆိုတော့—

ပဉ္စာနိသံသေ အညတ္ထ ဂန္တုံ အဒတွာ သင်္ဂဏှနဋ္ဌေန ကထိနံ၊ ထိရန္တိ အတ္ထော ၁

ပါဠိအရ အနာမန္တ စသည် ငါးအင် အာနိသင်တို့ကို ပြင်ပသို့ သွားခြင်းငှာ မပေးဘဲ ကထိန်ခင်းရာ ကျောင်းတိုက်အတွင်း၌သာ သိမ်းသွင်းယူခြင်းငှာ စွမ်းနိုင်သဖြင့် **မြဲမြံတည်တံ့သော အနက်သဘောကြောင့်** ကထိန်-လို့ ခေါ်ပါတယ်။

တနည်း....အင်မတန်မှ တည်တံ့ခိုင်ခန့်လှသော ကျောက်တောင်ကြီးများ သစ်ပင်ကြီးများသည် အရပ်လေးမျက်နှာမှ လေများ ဘယ်လိုပင် တိုက်ခတ်လာသော်လဲ မပြိုလဲ

---

၁။ ကင်္ခါ၊ ဋီသစ်၊ နှာ-၂၇၃။

မပျက်စီး နိုင်သကဲ့သို့ ဝိနည်းကံအားလျော်စွာ ကထိန်ခင်းသဖြင့် ရရှိလာသော အကျိုးတရား ငါးပါးတို့ကိုလည်း ဗုဒ္ဓရှင်ကိုယ်တော်မြတ်ကြီးမှတပါး ဘယ်လိုရန်သူမျိုးမှ ဖျက်ချိုးနှုတ်ပယ်လို့မရဘဲ **ခိုင်ခန့်တည်တံ့သော အနက်သဘောကြောင့်လဲ** ကထိန်လို့ ခေါ်ပါတယ်။

တနည်း...အထဝါ ကထိယတေ သိလာဃတေ ပသံသိယတေ ဗုဒ္ဓါဒီဟိ-တိ ကထိနံ[၁] =မိန့်ဆိုသံအရ ဗုဒ္ဓအစရှိသော သူတော်ကောင်းတို့သည် ကောင်းပေစွ မြတ်ပေစွဟု **ချီးမွမ်းအပ်သော အနက်သဘောကြောင့်လဲ**ဘဲ ကထိန်-လို့ ခေါ်ပါတယ်။

ကထိန်ခင်းတဲ့ နေရာမှာလဲ သံဃာတော်များအနေနှင့် အလွန်အရေးကြီးပါတယ်၊ ဆွမ်းတော် မျိုးမတော်တဲ့သူများကို မဆိုထားပါနဲ့၊ အယုတ်ဆုံးအားဖြင့် အမေရင်းအဖေရင်းများကိုတောင်မှ "ကထိန်ခင်းပါ" စသည်ဖြင့် မပြောကောင်း အလှူမခံကောင်းဘူး၊ ဒီလို တိုက်ရိုက်စကား ဖယ်ထားပါအုံး၊ "ဘုန်းကြီးကျောင်းမှာ ကထိန်ဒကာ မရှိသေးပါ-"စသည်ဖြင့် ကထိန်ခင်းရန် အရိပ် နိမိတ် စကားလေးကိုသော်မျှ မပြောရပါဘူး၊ အာကာသဥ ကောင်းကင်ဝက လျောကျလာတဲ့ မိုးရေပေါက်များပမာအသွင် အလွန်ပင်စင်ကြယ်ရပါတယ်။

ကထိန်ခံမည့် သံဃာတော်ဟာလဲ ဝါမကျိုး ဝါမပြတ် ပုရိမဝါကပ်တဲ့ပုဂ္ဂိုလ်ဖြစ်ခြင်း, လျော်ဖွတ်ခြင်း စပ်ခြင်း ဆိုးခြင်း အစရှိသည့် ပုဗ္ဗကရဏကို သိခြင်း စသည်ဖြင့် အင်္ဂါရှစ်ပါးနှင့် ပြည့်စုံညီညွတ်မှသာ ကထိန်ခံ ကထိန်ခင်းလို့ ရပါတယ်၊ ဗုဒ္ဓလက်ထက်အခါကတော့ ယခုကာလလို ချုပ်ပြီး ဆိုးပြီး သင်္ကန်းများ မဟုတ်ဘဲ ကထိန်ခင်းရန် ပိတ်လျှာအဖြူသင်္ကန်းများကိုသာ လှူဒါန်းကြတာ ဖြစ်သဖြင့် ဖြတ်ခြင်း, စပ်ခြင်း, ချုပ်ခြင်း, ဆိုးခြင်း စသည့် ကထိန်မခင်းမီ ပြုလုပ်ရမည့် ကိစ္စများကို ကထိန်ခံမည့် ကထိန်ခင်းမည့် သံဃာကနာလည်ထားရပါတယ်၊ အကယ်၍ သင်္ကန်းနှင့်စပ်သော ကိစ္စများ မပြီးစီးခဲ့ပါသေးလျှင် ထိုကထိန်သင်္ကန်းမျိုးကို ဗုဒ္ဓ, ရဟန္တာတို့သော်လဲ ကိုယ်တိုင်ဆောင်ရွက်တော်မူကြပါတယ်။

အခုကာလမှာတော့ အားလုံးဆိုးပြီး ချုပ်ပြီးသားသင်္ကန်းများဖြစ်၍ ဒီကိစ္စတွေ ပြုလုပ်စရာ မလိုတော့ဘဲ လွယ်လွယ်ကူကူနှင့်ဘဲ ခင်းနိုင်ကြပါတယ်၊ ဒီနေရာမှာ ဒကာဒကာမတွေက ကထိန်ခင်းကြတယ်လို့ အများက ထင်နေကြ ပြောနေကြသော်လဲ အပုန်စင်စစ်မှာတော့ ကထိန် ဒကာ ဒကာမတွေက လှူဒါန်းတဲ့သင်္ကန်းကို အလှူခံပြီးလျှင် ဉာတ်ကမ္မဝါစာဖြင့် သံဃာတော်များကသာ သိမ်အတွင်း၌ ကထိန်ခင်းခြင်းဖြစ်ပါတယ်။ ဒကာဒကာမတွေ အနေနှင့် ကထိန်သင်္ကန်း လှူဒါန်းရုံသာ ဖြစ်ပါတယ်၊ သို့သော်လဲ ဒကာဒကာမတွေက လှူဒါန်းတဲ့ သင်္ကန်းနှင့်သာ ခင်းရတာ ဖြစ်သောကြောင့် "ဒီနှစ်မှာ ဘယ်ဒကာ, ဘယ်ဒကာမ က ကထိန်ခင်းတယ်"လို့ ဆိုတာဟာလဲ မှားတယ်လို့ မဆိုသာပါဘူး၊

---

၁။ ဝိနယာလင်္ကာရဋီကာ၊ ၃-တွဲ၊ ၉၂။

**ကထိန်အကျိုးငါးပါး။** ။ဒီလို ပြုလုပ်လှူဒါန်းဘို့ ခဲယဉ်းလှတဲ့ ကထိန်ဒါနပွဲကြီး ပြုလုပ်လိုက်တဲ့ အတွက်ကြောင့် သံဃာတော် အရှင်မြတ်များမှာ ဘယ်လို အကျိုးကျေးဇူးတရားများ ရရှိခံစားကြရသလဲဆိုတော့—

> အတ္ထတကထိနာနံ ဝေါ ဘိက္ခဝေ ပဉ္စ ကပ္ပိဿန္တိ၊ အနာမန္တစာရော, အသမာဒါနစာရော ဂဏဘောဇနံ, ယာဝဒတ္ထစီဝရံ, ယောစ တတ္ထ စီဝရုပ္ပါဒေါ သော နေသံ ဘဝိဿတီတိ[၁]။

ဘိက္ခဝေ၊ သံသရာရေး အပြစ်ဘေးကို မျှော်တွေးကြောက်ငြား အိုချစ်သားတို့။ ဝေါ-တနှစ်မှာလဲ တလထဲ၊ တလမှာလဲ တကြိမ်ထဲမို့ လှန်စွာရခဲ ကထိန်ပွဲကို အားခဲကာ ပြုလုပ်လှူဒါန်းကြကုန်သော အို....ဒကာ ဒကာမအပေါင်း သူတော်ကောင်းတို့။ အတ္ထတ ကထိနာနံ၊ လှန်စွာ မြင့်မြတ် ခင်းအပ်ပြီးသော ကထိန်ရှိကုန်သော။ ဝေါ၊ ဖလ်ရည်တပ်စွမ်း မြတ်သင်္ကန်းနှင့် မင်္ဂလမ်းကိုမျှော် ရဟန်းတော်ဖြစ်ကြသော သင်ချစ်သားတို့အား။ ပဉ္စ၊ အကျိုးတရား ငါးပါးတို့သည်။ ကပ္ပိဿန္တိ၊ မုချ ဆတ်ဆတ် အပ်ကြကုန်လတ္တံ့။ အနာမန္တစာရော၊ တပည့်တော်တို့၏ ဆွမ်းကို အလှူခံတော်မူပါဟုပင့်ဘိတ်အပ်သော ဘတ်ရှိလျက် မိမိအနား ထင်အရှားဖြင့် ရှိငြားလေပြန် များသံဃံကိုမပန်မကြား မလျှောက်ထားဘဲ သွားချင်တိုင်း သွားရခြင်းဟူသော အကျိုးရှင်း။ အသမာဒါန စာရော၊ အဓိဋ္ဌာန်တင် တိစီဝရိက် သင်္ကန်းနှင့် ညဉ့်ကင်းသော်လဲ အာပတ်မသင့်ရခြင်းဟူသော အကျိုးရှင်း။ ဂဏဘောဇနံ၊ ထမင်းစားပါ မအပ်တာဖြင့် ပင့်လာလေဘိ လိုက်စားမိသော်လဲ အာနိရလတ် အရှင်မြတ်မှာ အာပတ်မသင့်ခြင်းဟူသော အကျိုးရှင်း။ ယာဝဒတ္ထစီဝရံ၊ အဓိဋ္ဌာန်,ဝိကပ္ပနာ မပြုပါဘဲ ဆယ်ဖြာရက်ရှိ လွန်လေဘိသော်လဲ အာပတ်မသင့်ခြင်းဟူသော အကျိုးရှင်း။ တတ္ထ၊ ကထိန်ခင်းရာ ထိုကျောင်းတိုက်တာဌ်။ ယောစ စီဝရုပ္ပါဒေါ၊ အကြင် သံဃိက သင်္ကန်း၏ ဖြစ်ပေါ်ခြင်းသည်။ အတ္ထိ၊ မုချမသွေရှိချေငြားအံ့။ သော၊ ကျောင်းတိုက်တွင်းမှာ ဖြစ်ပေါ်လာသည့် ပိတ်လျာသင်္ကန်း လှူဒါန်းသမျှ အဝဝသည်။ နေသံ၊ ဝိနယ အင်္ဂါ ညီညွတ်ကာဖြင့် မှန်စွာ မယွင်း ကထိန်ခင်းအပ်သော ထိုရဟန်းတို့အား။ ဘဝိဿတိ၊ မုချမသွေ ဖြစ်ပေလတ္တံ့။ ဝေါ-မုချမသွေ ပိုင်ပေလတ္တံ့။ ဣတိ-ဣမာနိပဉ္စ၊ ဤအကျိုးတရား ငါးပါးတို့သည်။ ကပ္ပိဿန္တိ၊ မုချ ဆတ်ဆတ် အပ်ကုန်လတ္တံ့။

အဓိပ္ပါယ်ကတော့—

၁။ **အနာပန္တစာရ။** ။ရဟန်းတော်များအား ဒကာ ဒကာမများက "အရှင်ဘုရား မနက်ဖြန်တပည့်တော်တို့၏ ဆွမ်းကို အလှူခံရန် ကြွတော်မူပါဘုရား" ဟု ဆွမ်း ဘိတ်ထားပါက အဲဒီနေ့မှာ ဒကာ ဒကာမ အိမ်များသို့ သွားလိုသော် အနီးအနားမှာ

---

၁။ ဝိ၊ ၃၊ ၅၁-၃၅၂။

ထင်ရှားရှိတဲ့ ရဟန်းထံ ပန်ကြားပြီးမှသာ သွားကောင်းတယ်၊ မပန်ကြားဘဲ သွားပါက စာရိတ္တ သိက္ခာပုဒ်ဖြင့် ပါစိတ်အာပတ်သင့်ပါတယ်၊ ဒီလို ကထိန်ခင်းလိုက်တော့ အာနိသင်ရတဲ့ ရဟန်းတော်များမှာ သီတင်းကျွတ်လပြည့်ကျော် တရက်နေ့မှစ၍ တပေါင်းလပြည့်နေ့အထိ ငါးလအတွင်း၌ မပန်မကြားဘဲ လွတ်လပ်စွာ သွားချင်သလို သွားနိုင်ပါတယ်၊ ပါစိတ် အာပတ်မသင့်တော့ပါဘူး၊ သံဃာတော် အရှင်မြတ်များမှာ ဤကဲ့သို့ အနာမန္တစာရ ဟူသော အကျိုးတရား ရသလို –

'မနာပဒါယီ လဘတေ မနာပံ [၁]။

နှစ်သက်ဘွယ်ကောင်းသော ပစ္စည်းဝတ္ထုကို လှူဒါန်းမှုပြုလျှင် နှစ်သက်ဘွယ်ကောင်းသော ပစ္စည်းဝတ္ထု အစုစုကို ရရှိမယ်ဟူသော ကျမ်းလာသဘောအရဖြင့်ရင်း၊

ယာဒိသံ ဝပ္ပတေ ဗီဇံ၊ တာဒိသံ ဟရတေ ဖလံ။
ကလျာဏကာရီ ကလျာဏံ၊ ပါပကာရီ စ ပါပကံ [၂]။

ချိုမြိန်ကောင်းမြတ်သော မျိုးစေ့ကို စိုက်ပျိုးလျှင် ချိုမြိန်ကောင်းမြတ်သော သစ်သီးများကို သီးမယ်–ဟု အဆိုရှိတဲ့ ကျမ်းလာ ပါဠိအရဖြင့်ရင်း၊ ကထိန်သင်္ကန်း လှူဒါန်းတဲ့ ဒကာ ဒကာမများမှာလဲဘဲ (စကြာမင်းကြီးများ သွားလိုရာအရပ်သို့ အပိတ်အပင် အဆီးအတား အနှောင့်အယှက်မရှိဘဲနှင့် လွတ်လပ်စွာ သွားလာနိုင်ရှိသာမက သွားလာရာ အရပ်တိုင်းမှာ ပူဇော်ပ,သမှုကိုပါ ခံယူရသကဲ့သို့) ဘယ်နေရာဘဲသွားသွား ဘာအလုပ်ကိုဘဲလုပ်လုပ် ပိတ်ပင်ဆီးတားမှု တစုံတရာမရှိဘဲနှင့် သွားလာနိုင်ခြင်း, ရောက်လေရာ အရပ်တိုင်းမှာ ပူဇော်ပ,သမှုကိုပါ ခံယူရခြင်းစသော အကျိုးတရားများကို ရရှိပြီးလျှင် အဆုံးဘဝ၌ တဏှာ မာန ဒိဋ္ဌိ အစရှိတဲ့ အနှောင်အဖွဲ့ဟူသမျှတို့၏ ကင်းလွတ်ရာဌာန သုခ အစစ် ဧကန်ဖြစ်တဲ့ အနှစ်သာရမှန် မြတ်နိဗ္ဗာန် အရပ်သို့ပင် ရောက်ရှိ ခံစားနိုင်ပါတယ်။ အဲဒါ ပထမ ရရှိတဲ့ အကျိုးတရားပါဘဲ။

**၂။ အသမာဒါနစာရ။** ။တိစီဝရိက် ခေါ် သင်္ကန်းသုံးထည် ဆောင်ကြသော ရဟန်းတော်များအား အစိဋ္ဌာန်,ဝိကပ္ပနာ တင်ထားတဲ့ သင်္ကန်း သုံးထည်နှင့် နှစ်တောင့်ထွာအရပ်မှ တညဉ့်မျှ ကင်းပြီး မနေကောင်းဘူး၊ ကင်းပြီးနေပါက သင်္ကန်းကိုလဲ စွန့်ပစ်ရတယ်၊ ပါစိတ် အာပတ်လဲသင့်တယ်၊ (နိဿဂ္ဂိ ပါစိတ် အာပတ် သင့်တယ်-လို့ ဆိုတာပေါ့) ဒီလို ကထိန်ခင်းလိုက်တော့ ဖော်ပြပြီးရာ ငါးလအတွင်းမှာ ထိုသင်္ကန်းတို့နှင့် ညဉ့်ကင်းပြီး နေသော်လဲ အာပတ်မသင့်တော့ပါဘူး။

ဤကဲ့သို့ သံဃာတော်များမှာ သင်္ကန်းသုံးထည်တို့တွင် တထည်ထည်ကို ထားလိုရာအရပ်၌ ထားခဲ့ပြီး ပေါ့ပေါ့ပါးပါး သွားလိုရာအရပ်သို့ သွားလာနိုင်ခြင်းဟူသော

---

၁။ အံ၊ ၂၊ နှာ-၄၃-၄။ ၂။ သံ၊ ၁၊ နှာ-၂၂၉။

အသမာဒါနစာရ အကျိုးတရားကို ရရှိခံစားရသလို ကထိန်ခင်းတဲ့ ဒကာ ဒကာမများမှာ လဲဘဲ (ဇောတိက သူဌေးကြီးဆိုတာ သူ့ပစ္စည်းကို သူမပေးပါက ဘယ်သူမှ လုယူလို့မရ ခိုးယူလို့မရပါဘူးတဲ့, အဲဒီ ဇောတိက သူဌေးကြီးကဲ့သို့) ပေါ့ပေါ့ ပါးပါး သွားလာနိုင်ခြင်း, မိမိပစ္စည်းများကို သေတ္တာစသည်ထဲသို့ ထည့်၍ သော့တွေ ဘာတွေခပ်မထားသော်လဲ ဘယ်ရန်သူမှ ခိုးမယူနိုင်ခြင်း,မဖျက်ဆီးနိုင်ခြင်းစသောအကျိုးတရားများကို ရရှိနိုင်ပါတယ်။ အဲဒါက ဒုတိယ ရရှိတဲ့ အကျိုးတရားပါဘဲ။

၃။ ဂဏဘောဇန။ ။ရဟန်းတော်များအား ဒကာ ဒကာမများက "ထမင်းစားကြွပါ- မုန့်စားကြွပါ" စသည်ဖြင့် ဘောဇဉ် ငါးပါးတို့တွင် တပါးပါး၏ အမည်ကိုတပ်၍(အကပ္ပိယဝေါဟာရ) မအပ်သောအသုံးအနှုန်းစကားဖြင့် ပင့်ဖိတ်ထားလျှင် ဂဏဘောဇဉ်လို့ ခေါ်ပါတယ်၊ ၎င်းဂဏဘောဇဉ်ကို လေးပါး, ငါးပါးတို့ထက် အလွန် အများစုပေါင်းပြီး မစားကောင်းဘူး၊ စားပါက ပါစိတ် အာပတ်သင့်တယ်၊ ခုလို ကထိန် ခင်းလိုက်တော့ လေးပါး,ငါးပါးစသည် စုပေါင်းပြီး မစားကောင်းတဲ့ ဂဏဘောဇဉ်ကို အများစုပေါင်းပြီး စားသော်လဲ အပြစ်မရှိခြင်းဟူသော ဂဏဘောဇန အကျိုးတရားကို သံဃာတော်များ ရရှိကြသလို –

ကထိန် ဒကာ ဒကာမများမှာလဲဘဲ (ကျောင်းအမကြီး ဝိသာခါကဲ့သို့) သား သမီး မြေးမြစ်တို့နှင့် ကျန်းမာ ပျော်ရွှင်စွာဖြင့် တသက်လုံး တပေါင်းတစုတည်း နေရခြင်း, ထိုမှ တပါး သူတပါးတို့ရရန် ခက်ခဲသော ဘောဇဉ်များကို ရရှိနိုင်ခြင်း, လတ်တလော သေစေ တတ်သော အဆိပ်အတောက်များကို စားမိသော်လဲ အဆိပ်များပြယ်၍ ကောင်းသော အရ သာကို စားရသကဲ့သို့ အသားအရေများ တိုးပွါးခြင်းစသော အကျိုးများကို ရရှိနိုင်ပါ တယ်။ အဲဒါက တတိယ ရရှိတဲ့ အကျိုးတရားပါဘဲ။

၄။ ယာဝဒတ္ထစီဝရ။ ။ရဟန်းတော်များအား အဓိဋ္ဌာန် ဝိကပ္ပနာ တင်လောက်တဲ့ အလျား တတောင့်ထွာ၊ အနံ တထွာနှင့် လက်ခြောက်သစ် ရှိသော အဝတ်သင်္ကန်း အမျိုးမျိုးရရှိလာလျှင် (၁၀) ရက်အတွင်း အဓိဋ္ဌာန်ရင်လဲ တင်ရတယ်၊ ဝိကပ္ပနာမှုရင်လဲ ပြုထားရတယ်၊ အဲဒီလို မပြုလုပ်ထားပါက (၁၀) ရက်ကျော်လွန်လျှင် နိဿဂ္ဂိ ပါစိတ် အာပတ်သင့်ပါတယ်။

ခုလို ကထိန်ခင်းလိုက်တော့ ဖေါ်ပြပြီးတဲ့ ငါးလအတွင်းမှာ သင်္ကန်းတွေ ဘယ် လောက်ဘဲများများ ဘယ်နှစ်ရက်ဘဲထားထား အာပတ်မသင့်ရခြင်းဟူသော ယာဝဒတ္ထ စီဝရ အကျိုးတရားကို သံဃာတော်များ ရရှိခံစားရသလို ကထိန်သင်္ကန်းလှူဒါန်းတဲ့ ဒကာ ဒကာမများမှာလဲဘဲ (အနုရုဒ္ဓါမင်းသားကဲ့သို့) မရှိဟူသော စကားကို မကြားရခြင်း, အလို ရှိတဲ့ ပစ္စည်းဥစ္စာ ရတနာများကို တခဏချင်းဖြင့် ရရှိခံစားရခြင်း, အထူးအားဖြင့် အဝတ် အထည်များ ပေါများခြင်းစသော အကျိုးတရားများကို ရရှိနိုင်ပါတယ်။

**အနုရုဒ္ဓါမင်းသားအကြောင်း။** ။ဤနေရာ၌ ဒကာ ဒကာမတို့ သိရှိဘို့ရန် အလွန်ကောင်းသဖြင့် အနုရုဒ္ဓါမင်းသား၏ အကြောင်းကို ဖေါ်ပြပါအုံးမယ်၊ တနေ့သ၌ အနုရုဒ္ဓါမင်းသားနှင့်တကွ မင်းသားခြောက်ယောက်တို့ဟာ "ရှုံးသောသူက မုန့်ပေးတန်း" ရဲလုံးကစားနေကြရာ အနုရုဒ္ဓါမင်းသားက ရှုံးသဖြင့် သူ့အမေထံ အစေခံတယောက်အား မုန့်အတောင်းခိုင်းလိုက်ရာ သူ့အမေက မုန့်ကျော်ပြီး ပေးလိုက်ပါတယ်၊ ထိုမုန့်ကို နိုင်သော မင်းသားများက စားပစ်ကြပြီး တဖန် ကစားကြပြန်ရာ အနုရုဒ္ဓါမင်းသားကပင် ရှုံးပြန်သည့်အတွက် သူ၏အမေသည် မုန့်အတောင်းခိုင်းတိုင်း သုံးကြိမ်တိတိ ပေးလိုက်၍ လေးကြိမ်မြောက်သောအခါတွင် 'နတ္ထိ ပုဝ' "မုန့်မရှိတော့ပြီ"ဟု မုန့်တောင်းလာသူအား ပြောလွှတ်လိုက်ပါတယ်၊ ဒီတော့ အနုရုဒ္ဓါမင်းသားသည် မရှိဟူသော စကားကို တခါမျှ မကြားဘူးသဖြင့် "အဲဒီ မရှိမုန့် ကိုပင် ပေးလိုက်ပါ"ဟု ခိုင်းလိုက်တယ်တဲ့၊ ထိုအခါ သူ့အမေက "အော်-ငါ့သားဟာ မရှိ ဟူသော စကားကို မကြားဘူးလို့သာ ဒီလို အတောင်းခိုင်းခြင်းဖြစ်ပါလိမ့်မယ်၊ ငါ့သားအား မရှိဟူသော စကားကို သိအောင် ပရိယာယ်တမျိုးဖြင့် ပြရမှာဘဲ"ဟု ကြံစည်ပြီးလျှင် ဘာမျှမပါတဲ့ ရွှေခွက်တခုကို အပေါ်က ရွှေအဖုံးအုပ်ကာ ပေးလိုက်ပါတယ်တဲ့။

ထိုအခါ အနုရုဒ္ဓါမင်းသားသည် အတိတ်ဘဝက ပြုခဲ့ဘူးသော ပါရမီရှင် အစစ်ဖြစ်တဲ့အတွက်ကြောင့် နတ်များက ဘာမျှမပါသော ရွှေခွက်ထဲသို့ နတ်သြဇာ မုန့်များကို ထည့်ပေးရပါတယ်တဲ့၊ 'ကမ္မဝိပါကော အစိန္တေယျော' ဆိုသည့်အတိုင်း ကံ၏ အကျိုးတရားများကား မကြံစည်နိုင်အောင်ပင် ဖြစ်ပေသည်၊ နောက်နောင်အခါများမှာလဲ သူ့အမေက ဘာမျှမပါတဲ့ ရွှေခွက်ကို ပေးတိုင်းပင် နတ်များက နတ်သြဇာမုန့်များကို အမြဲထည့်ပေးရပါတယ်တဲ့။[၁]

**၅။ ယော စ တတ္ထ စိဝရုပ္ပါဒ။** ။ရဟန်းတော်များအား ကျောင်းတိုက်တခုတွင် ဒကာ ဒကာမများက 'ဣမံ စီဝရံ သံဃဿ ဒေမ' "ဤသင်္ကန်းကို သံဃာအား လှူပါ၏"ဟု ပြောဆို လှူလျှင် ထိုသင်္ကန်းသည် သံဃိက ဖြစ်၍ ကျောင်းတိုက်တွင်းရှိ သံဃာအားလုံးနှင့် ဆိုင်သဖြင့် သံဃာအားလုံးကို အညီအမျှ ခွဲဝေပေးရပါတယ်၊ ယုတ်စွအဆုံး ဧည့်သည် အာဂန္တုက ရဟန်းများကိုပင် ခွဲဝေပေးရပါတယ်၊ ခုလို ကထိန်ခင်းလိုက်တော့ အားလုံးရသမျှ သင်္ကန်းတွေဟာ ကထိန်ခင်း၍ အာနိသင်ရသော သံဃာများသာ ပိုင်ဆိုင်သဖြင့် မည်သူကိုမျှ ခွဲဝေပေးစရာ မလိုတော့ဘဲ မိမိသဘောကျ သုံးဆောင်နိုင်ပါတယ်၊ ဘာအာပတ်မှ မသင့်တော့ပါဘူး၊ သံဃာတော်များမှာ ဤကဲ့သို့ ယော စ တတ္ထ စိဝရုပ္ပါဒ ဟူသော အကျိုးတရားများကို ရရှိခံစားရသလို ...

ကထိန်သင်္ကန်း လှူဒါန်းတဲ့ ဒကာ ဒကာမများမှာလဲဘဲ (သိရိမ္မာသောကမင်းကြီးဟာ မြေအောက် တယူဇနာ, မြေအထက် ကောင်းကင် တယူဇနာ အစိုးရပိုင်ဆိုင်ပြီးလျှင်

---

၁။ ဓမ္မပဒ၊ ဋ္ဌ၊ ပ-တွဲ၊ နှာ-၇၆-၇။ ဓမ္မပဒ၊ ဋ္ဌ၊ ဒု-တွဲ၊ နှာ-၃၀၄-၅။

ၛင်းပိုင်ဆိုင်သော အရပ်အတွင်း၌ အလိုရှိသမျှသော ပစ္စည်းဥစ္စာ ရတနာများကို တခဏ ချင်းနှင့် ရရှိခံစားနိုင်သတဲ့၊ အဲဒီ မင်းကြီးများကဲ့သို့)အများဆိုင်သော ပစ္စည်း ဥစ္စာများကို အလိုရှိပါက တခဏချင်းဖြင့် ရရှိနိုင်ခြင်း, စည်းစိမ်ဥစ္စာ ရတနာများကို အစိုးတရ မိမိ သဘောကျသလို ခံစား သုံးဆောင်နိုင်ခြင်း, သူတပါးတို့ကို မိမိကသာ အစိုးရပိုင်ဆိုင်ရခြင်း စသော အကျိုးတရားများကို ရရှိခံစားနိုင်ကြမှာတော့ ကေန်ပင်ဖြစ်ပါတယ်။ အဲဒါက ပဌမ ရရှိတဲ့ အကျိုးတရားပါဘဲ။

**ကထိန်အကျိုး ၈-ပါး။** ။ထိုမှတပါးလဲ....

> ✻ လှပအဆင်း၊ ချမ်းသာခြင်းလည်း၊ ဘေးကင်းလည်လည်၊
> အသက်ရှည်၍၊ ပေါက်သည့်ပဒေသာ၊ ကြီးဗလာနှင့်၊
> ပညာပြည့်ဝ၊ နိဗ္ဗာန်ရသည်၊ အဋ္ဌ ကထိန်လှူကျိုးတည်း။

ဆိုတဲ့အတိုင်း ရွှေအဆင်းကဲ့သို့ လှပတင့်တယ်တောက်ပသော အဆင်းနှင့် ပြည့်စုံခြင်း, ကိုယ်ခန္ဓာမှာ အညစ်အကြေးများ မကပ်ရောက်ခြင်း, နှစ်သက်ဘွယ်ကောင်းတဲ့ အရောင်အမျိုးမျိုးရှိသော အဝတ်တန်းဆာများကို ရရှိခြင်း စသော လောကီ အကျိုးတရားများနှင့် ပြည့်စုံပြီးလျှင် အဆုံးဘဝ၌ သူများတွေလို သက်နိုး သပိတ် စသည့် ပရိက္ခရာများကို မရှာရဘဲနဲ့ တန်ခိုး ဣဒ္ဓိပါဒ်ဖြင့် ပြီးသော ပရိက္ခရာများ အလိုအလျောက် ပေါ်ပေါက်ရရှိနိုင်သည့် ဧဟိ ဘိက္ခု ရဟန်းအဖြစ်ကို ရရှိပြီးလျှင် လွယ်ကူချမ်းသာစွာဖြင့် ခန္ဓာဝန်ထုပ် ပယ်ဖြုတ်၍ နာမ်ရုပ်တို့ အငြိမ်းသတ် ချုပ်ငြိမ်းရာမှန် မြတ်နိဗ္ဗာန်အရပ်သို့ ဝင်စံရခြင်းဟူသော အကျိုးတရားကိုလည်း ရရှိနိုင်ပါတယ်။

ဤကဲ့သို့ သံဃာတော်များ သင့်ရောက်ရမည့် အာပတ် အဖြစ်လေးမျိုးမှ ကင်းလွတ်ရသည့်အတွက် ဘယ်အလှူမျိုးနှင့်မျှမတူ တမူထူးခြားပြီး သိက္ခာပုဒ်ဖြင့် ပူဇော်ရာရောက်သဖြင့် ၎င်း၊ ကထိန် ဒကာ ဒကာမများမှာလဲ အလွန်ထူးမြတ်တဲ့ အကျိုးတရားများရရှိသဖြင့်၎င်း၊ **ဝပ္ပဒါနဝေါ** ဤသံဃိက **ကထိန်အလှူတော်**ကြီးကိုသာ ဗုဒ္ဓအစရှိတဲ့ အရိယာအပေါင်း သူတော်ကောင်းများက အမြတ်ဆုံးဒါန အကောင်းဆုံးဒါန-ဟု ချီးပွမ်းတော်မူကြပါတယ်။

## ကထိန်သက်နိုး လှူဒါန်းရခြင်းအကျိုး

၁။ ✻ စကြာမင်းကြီး၊ ပုံမှီးတူစွာ၊ သွားရာဒေသ၊ အေးချမ်းလှ၍၊ ကြီးစွာတန်ခိုး၊ လွန်ကျော်ဟိုးသည်၊ မှတ်ရိုး အနာမန္တ လှူကျိုးတည်း။

၂။ ✻ သူဌေးဇောတိက၊ ပုံမျှတူစွာ၊ ဥစ္စာနေ၊ ပေါကြွယ်ဝလျက်၊ ကိုယ်မှ တခြား၊ သူတပါးလက်၊ လုယက်မပါ၊ ဖြစ်ရရှာသည်၊ မှတ်ပါ အသမာဒါန လှူကျိုးတည်း။

၃။ ✻ ကျောင်းအမ ဝိသာခါ၊ ပမာတူငြား၊ သားနှင့်သမီး၊ မြစ်မြေးတူစုံ၊ ဆွေပုံတသင်း၊ ဘေးရှင်းရောဂါ၊ နေထိုင်ကာဖြင့်၊ ဥစ္စာခနေ၊ ပေါကြွယ်ဝသည်၊ မှတ်ကြ ဂဏဘောဇန လှူကျိုးတည်း။

၄။ ✻ နုရုဒ္ဓါလား၊ မင်းသားတူစွာ၊ ဥစ္စာခနေ၊ လိုတိုင်းရလျက်၊ ကြွယ်ဝဥစ္စာ၊ လွန်ချမ်းသာသည်၊ မှတ်ပါ-ယာဝစိဝရ လှူကျိုးတည်း။

၅။ ✻ သိရိမမ္မ၊ သောကရာဇာ၊ ပမာပုံမျိုး၊ အုပ်စိုးခါခါ၊ သြဇာလွှမ်းမိုး၊ တန်ခိုးကြွယ်ဝ၊ ခံစားရသည်၊ မှတ်ကြ ယော စ စိဝရပ္ပါ လှူကျိုးတည်း။

✻ ကထိန်ဒါန မြတ်လှပေတာ၊
သုံးလူ့ထွဋ်မှူး ချီးကျူးခါခါ။

တန်ခိုးအလျောက် ပေါ်ပေါက်ပရိက္ခရာ၊
ခေါ်မြွက်သန်း ရဟန်းဖြစ်ရပါ။

✻ ကထိန်ဒါန ပြုကြသူမှာ၊
ဘဝါ ဘဝ မုချချမ်းသာ။

ခံစား စံစား ရှင်အားဖြာဖြာ၊
အဆုံးကျ ရောက်ရ နိဗ္ဗူတာ။

**သံဃိက ကထိန်အလှူ သာလွန်၍ မြတ်ပုံ။** ။ဒါကြောင့်....

ယသ္မာ စာပတ္တိံ နာသေတိ၊ ဘိက္ခူနံ ကထိနဒါနံ။
တသ္မာ တံ သဗ္ဗဒါနေဟိ၊ အတိဒါနံ ဝုတ္တံ မဟာ။
တသ္မာ ဟိ သမ္ဗုတ္တော ဇနော၊ သမ္ပသံ သုခမတ္တနော။
သမ္ဗတ္တော ကထိနေ ခေတ္တော၊ ဒဒေ သံဃဿ ကထိနံ။

ကထိနဒါနံ၊ တကြိမ်တခါမျှ ပေးလှူရသည့် မြတ်လှပေစွာ့ ကထိန်အလှူဒါနဟူသည်။ ဘိက္ခူနံ၊ သာသနာတော်ထမ်း ဖန်သက်န်းနှင့် မင်္ဂလမ်းရှာညောင်း ရဟန်းအပေါင်းတို့၏။ အာပတ္တိံ၊ စာရိတ္တကထိန စသည့်ပညတ် ငြိကပ်မည့်အရေး အာပတ် အညစ်အကြေးကို။ ယသ္မာ စ၊ အကြင်ကြောင့်လည်း။ နာသေတိ၊ လျှော်ဆေး ဖျောက်ဖြေ ဖျက်သိးနိုင်ပေ၏။ တသ္မာ၊ ထိုအကြောင်းထူးဝိသေသ ကျေးဇူးအနန္တ ရှိလေစွ့ကြောင့်။ တံ ဒါနံ၊ ကထိန်ခေတ်တွင်း အပြိုင်ကျင်း၍ မငြင်းလှူကြ ထိုကထိန်ဒါနကို။ သဗ္ဗဒါနေဟိ၊ ချိန်ခါမရွေး စေတနာ ဖွေးလျက် ပေးလှူနိုင်ငြား အလုံးစုံသော အလှူအများတို့ယက်။အတိဒါနံ၊ အလှူဒါနဟူသ(ျ

တွင် သူကသာချွန် အလှူလွန်ဟူ၍။ မယာ၊ သင်တို့ဆရာ ငါဗုဒ္ဓရားသည်။ ဝုတ္တံ၊ မှချမသွေ ဟောကြားအပ်ပါပေသတည်း။

တသ္မာ ဟိ-ဘသ္မာ ဧဝ၊ ထိုသို့အထူး ရှင်မြူးခွန်းသာ ချီးမွမ်းတော်မူကြခြင်းကြောင့် သာလျှင်။ အတ္တနော သုခံ၊ ဘဝနောင်ခါ ဖြစ်လေရာ၌ ချမ်းသာပွါးတိုး မိမိ၏ အကျိုးကို။ သမ္ပဿံ - သမ္ပဿန္တော၊ သမ္မဇဉ်သတိ ဉာဏ်ယှဉ်ဘိ၍ ကျိုးရှိကြောင်းထင် ကောင်းစွာမြင်သော။ ပဏ္ဍိတော ဇနော၊ လိမ္မာခွင့်သိ သမာဓိနှင့် သတိမစောင်း ပညာရှိ သူတော်ကောင်းသည်။ ကထိနေ ခေတ္တေ၊ တနှစ်တွင်မှာ တကြိမ်သာလျှင် ကြုံလာကြရ ကထိန်အခါကာလသည်။ သမ္ပတ္တေ၊ နှစ်တပတ်မြောက် ဆိုက်ကပ်ရောက်ခဲ့သည်ရှိသော်။ သံဃဿ၊ ပရမတ္ထသမ္မုတိ စသည့်သောင်းပြောင်း သံဃာတော်အပေါင်းအား။ ကထိနံ၊ ပရိယာယ်သြဘာ မပါမဝင် အာကာခွင်သို့ မြှုပ်မယ်သန်း ဖြူစင်သော ကထိန်လျာ သင်္ကန်းကို။ ဒဒေ-ဒဒေယျ၊ ကိုယ့်ဘို့ ရှယ်ကိုး မပြတ်ကြိုး၍ မြတ်နိုးစိတ်နေ လှူသင့်ချေတော့သတည်း။

ထိုမှတပါးလဲ ဗုဒ္ဓရားရှင်ကိုယ်တော်မြတ်ကြီး၏ အလိုတော်ကို သိတဲ့ ရဟန္တာ ပညာရှိတွေက ...

> သံဃေ စိတ္တီကာရံ ကာတုံ သက္ကောန္တဿ ဟိ ခိဏာသဝေ ဒိန္နဒါနတော
> ဥဒ္ဒိဿိတွာ ဂဟိတေ ဒုဿိလေပိ ဒိန္န မဟပ္ဖလတရမေဝ [၁]။

ဟူသော ကျမ်းသဘောအရ ပုဂ္ဂိုလ် သတ်မှတ်ပြီး အာသဝေါ ကင်းပြတ်တဲ့ ရဟန္တာ အပျှင်မြတ်အား လှူဒါန်းရတာထက် သံဃာတော်အား လှူဒါန်းဆက်ကပ်ရသော ယခုလို သံဃိက ကထိန အလှူဒါနကသာ အထူးသဖြင့် အကျိုးတရား ကြီးမားလှ၏ဟု ဟောတော်မူကြပါတယ်။

ထိုကဲ့သို့ ဟောပိန့်ထားသည်ကို မှတ်သားကြရသည့် ပညာရှိ ဒကာ ဒကာမတွေလဲဘဲ သံဃိက ဒါနအဖစ် ကျေနပ်ဖြစ်တဲ့ ကထိန ဒါန အလှူတော်ကြီးကို လက်မလွှတ်ကြစေဘဲ ကြည်သာရှင်လန်းစွာဖြင့် လှူဒါန်းနိုင်ကြပါစေ။

အေး .. ကထိန်ခင်းသဖြင့် သံဃာတော်အရှင်မြတ်များမှာ ဘယ်သို့သော အကျိုးတရားတွေရတယ်၊ ကထိန်သင်္ကန်း လှူဒါန်းကြတဲ့ ဒကာ ဒကာမတွေမှာလဲ ဘယ်လိုထူးကဲတဲ့ အကျိုးတရားများ ရကြတယ်၊ ကထိန်အလှူဒါနကြီးကို ဘယ်လောက်ကျအောင် ပြုလုပ်လှူဒါန်းရန် ခဲယဉ်းတယ်ဆိုတာတွေကိုတော့ သိရှိကြပါပြီ၊ ဘယ်သူတွေကို အကြောင်းပြုပြီးတော့ သုံးလူကျွတ်ဝင် ဗုဒ္ဓရားရှင်က ကထိန်ခင်းရန်အတွက် ခွင့်ပြု ပညတ်ချက် ထုတ်ရတယ်ဆိုတာကိုလဲ ဒကာ ဒကာမများ သိသင့် သိထိုက်တဲ့အတွက် ခွင့်ပြု ပညတ်ချက်ထုတ်ပုံအကြောင်းဝတ္ထုကို ဆက်လက်ပြဆိုပါအုံးမယ်။

---

၁။ မ၊ ဋ္ဌ၊ ၄၊ နှာ-၂၂၆။

## ဘဒ္ဒဝဂ္ဂီ ညီနောင် သုံးကျိပ်ဝတ္ထု[၁]

ဗုဒ္ဓရှင် ကိုယ်တော်မြတ်ကြီး၏ လက်ထက်တော်အခါ သာဝတ္ထိပြည်ရှင် ဘုရင် ကောသလမင်းကြီးနှင့် အဖရင်း အမေကွဲ သားတော်များ ဖြစ်ကြသော ဘဒ္ဒဝဂ္ဂီ ညီနောင် သုံးကျိပ်ဆိုတာ ရှိပါတယ်၊ ထိုမင်းသားတို့သည် ပျိုမျစ် နုနယ် ငယ်ရွယ်တဲ့ အခိုက်မို့ ကာမဂုဏ် အပျော်အပါးတွေကိုသာ နေ့စဉ်လိုက်စားပြီး နေကြလေရာ တနေ့သော အခါမှာ "ငါတို့ဟာ နန်းသွေး နန်းသား ဂုဏ်ဝါ ကြီးမားတဲ့ သူတွေ ဖြစ်ကြပါလျက် အင်မတန်မှ သေးနုတ်တဲ့ ကာမဂုဏ် အလုပ်တွေကို ဒီလို မြို့လယ် ရွာလယ်မှာ ပြုလုပ်ပျော်ပါး နေကြတယ်ဆိုရင်ဖြင့် မတင့်မတယ် ရှက်ဖွယ်ရာသာ ဖြစ်လိမ့်မယ်၊ ငါတို့တတွေ လူသူမနီးတဲ့ တောမြိုင်ကြီးအရပ်သို့ သွား၍ ပျော်ပါးကြစို့ရဲ့"ဟု တိုင်ပင်ကြပြီးလျှင် အသီးသီး ကိုယ့်ဇနီး များကို ခေါ်လျက် သွားကြပါတယ်၊ အဲဒီ ညီနောင်တွေထဲမှာ လူပျိုကြီး မင်းသား တယောက်ပါသဖြင့် အဆင်းရုပ ချောမောလှပတဲ့ ပြည့်တန်ဆာမ တယောက်ကို မယား အစေါ်အနေနှင့် အငှားခေါ်ခဲ့ကြတယ်။

မင်းသား သုံးကျိပ်တို့ဟာ တောမြိုင်ကြီး အတွင်းထဲမှာ ကိုယ့်ဇနီးသည်များနှင့် ကိုယ်တွဲပြီးတော့ ပျော်ရင်း ပါးရင်း မောပန်းသဖြင့် အိပ်ပျော်သွားကြတဲ့အခါ လူပျိုကြီးရဲ့ အငှားမယားက လူပျိုကြီးရဲ့ အနီးအနားမှာရှိတဲ့ အဘိုးတန် ရတနာများကို တွေ့မြင်သွား တော့ လောဘ ရမက် များစွာထွက်လျက် ယူလို့ရသမျှ ရတနာတွေ အကုန်ထုပ်ပြီး ခပ်သုတ် သုတ်နှင့် ထွက်ပြေးသွားပါတယ်၊ လူပျိုကြီးမင်းသားလည်း အိပ်ယာမှ နိုးလေလျှင် မိမိ အငှား မယားနှင့် အဘိုးတန်ရတနာများပါ ပျောက်ဆုံးနေတာကို သိတော့ အခြားညီတော် နောင်တော်များကို အကြောင်းစုံ ပြောကြားလိုက်တယ်။

ဒီတော့မှ ညီနောင်သုံးကျိပ်တို့ဟာ ပြည့်တန်ဆာမ တွေ့ရမည့်လမ်းသို့ လိုက်ကြစဉ် အလွန်တရာမှ ကြည်လင်အေးမြ အခက်အလက်တွေ ပေါလှတဲ့ သစ်ပင်ကြီးတပင်အောက်မှာ မျှတရွှင်ပြုံး သီတင်းသုံးနေတဲ့ မြတ်စွာဗုဒ္ဓကို ဖူးမြင်ကြလေလျှင် "အို....အရှင်ဂုဟန်း- ဒီအနားမှာ မိန်းမတယောက်သွားတာကို မမြင်လိုက်ဘူးလား"လို့ မေးသောအခါ မြတ်စွာ ဗုဒ္ဓက သူတို့မေးတာကို မဖြေဘဲနှင့်"အို....မင်းသားတို့-ဘာကြောင့် မိန်းမကို ရှာရတာလဲ" ဟု ပြန်မေးတော့မှ မင်းသားတို့က ဖြစ်ပုံ ပျက်ပုံ အလုံးစုံကို မြတ်စွာဗုဒ္ဓအား ပြန်ကြား လျှောက်ထားကြပါတယ်။

ထိုအခါ ဗုဒ္ဓရှင် ကိုယ်တော်မြတ်ကြီးက "အို....မင်းသားတို့ သင်တို့ဟာ ဘဝ ပေါင်းများစွာကလဲ ဒီလိုဘဲ မိန်းမ ရှာပေါင်း များခဲ့ကြပြီ၊ သူတပါးကို ရှာတာက မြတ် သလား၊ မိမိကိုယ်ကို မိမိရှာတာက မြတ်သလား၊ သူတပါးကို အရှာရပ်ပြီးတော့ တဏှာ ဓာတ်တွေ နှောနေတဲ့ မိမိခန္ဓာကိုယ် အတ္တဘောကြီး၌ အိုမှု-နာမှု-သေမှု စတဲ့ ဘေးဒုက္ခ အမျိုးမျိုးတို့ကိုသာ တွေ့မြင်အောင် ရှာသင့်ကြပြီ"ဟု ဟောတော်မူလိုက်တော့ ပါရမီအဝဝ

---

၁။ ဝိ၊ ၃၊ နှာ-၃၀-၁။

ဆည်းပူးခဲ့ကြတဲ့ မင်းသားတို့ဟာ မြတ်စွာဗုရား၏ ဟောစကားကို ကြားကြားချင်းဘဲ “အရှင်ဘုရား ...သူတပါးကို ရှာနေခြင်းထက် မိမိခန္ဓာကိုယ်ကို မိမိရှာခြင်းက ပိုပြီးမြတ်ပါတယ်”ဟု လျှောက်ထားကြတယ်။

ဒီတော့မှ ပရစိတ္တ ဝိဇာနန ဉာဏ်ထူးရှင် ဗုရားသခင် ဖြစ်သည့်အားလျော်စွာ မင်းသားတို့ရဲ့ အတွင်းခံစိတ်ဓာတ်ကို အတတ်သိတော်မူသဖြင့် ကာမဂုဏ်ငါးပါးတို့၏ အပြစ်တွေကို ဖွင့်လှစ်၍ ဒါနကထာ, သီလကထာ, သဂ္ဂကထာတို့နှင့်တကွ ရောနှောကာ ဟောတော်မူလိုက်လေလျှင် ရှေးအတိတ်ဘဝ သေသောက်ကြူးများ ဖြစ်ကြစဉ်က ဗုရား အလောင်း တုဏ္ဍိလ ဝက်မင်း၏ အဆုံးအမ ဩဝါဒကို နှလုံးသွင်းပြီး ငါးပါးသီလကို ဆောက်တည်လျက် ပြုလုပ်ခဲ့တဲ့ ကုသိုလ် အဆက်ဆက်ကြောင့် ကာမဂုဏ်တို့၏ အပြစ်ဒေါသတွေကို သဘောကျနားဝင်ပြီး ပါရမီရှင်ဖြစ်ကြတဲ့ ဘဒ္ဒဝဂ္ဂီ ညီနောင်သုံးကျိပ်တို့ဟာ တချို့က သောတာပန်, တချို့က သကဒါဂါမ်, တချို့က အနာဂါမ်အဖြစ် တည်ကြလျက် နောက်ဆုံး၌ အားလုံး ဧဟိဘိက္ခု ရဟန်းတော်တွေချည်း ဖြစ်ကုန်ကြပါတယ်။

**ကထိန်ခင်းရန် ခွင့်ပြုခြင်းအကြောင်း**[၁]။ ။တရားဟောပြီးသည်အဆုံး ဗုရားရှင်ကိုယ်တော်မြတ်ကြီးလည်း ရွာနိဂုံးစသည်ဖြင့် အစဉ်အတိုင်း ဒေသစာရီ လှည့်လည်တော်မူပြီး သာဝတ္ထိပြည်သို့ ကြွသွားတော်မူပါတယ်၊ ဧဟိဘိက္ခု ဖြစ်တဲ့ ဘဒ္ဒဝဂ္ဂီ ညီနောင်သုံးကျိပ်တို့လည်း ရဟန်းတော်များ ဖြစ်သွားကြတဲ့အတွက် ရွှေနန်းတော်ကြီးသို့ မပြန်ကြတော့ဘဲနဲ့ ပါဝါပြည် တောကျောင်းမှာ စုပေါင်းပြီး တရားအလုပ်ကို အားထုတ်ပြီး နေကြပါတယ်။

တနေ့သ၌ သုံးလောကထွဋ်တင် ဗုရားရှင်ကိုယ်တော်မြတ်ကြီး သာဝတ္ထိပြည်မွန် ဇေတဝန်ရွှေကျောင်းဆောင်ကြီးဝယ် ပျော်ရွှင်ပြုံး သီတင်းသုံးနေတော်မူစဉ် ပါဝါပြည် ပိဂဒါဝုန်တောစခန်းမှာ ခရီးလမ်းဖွဲ့ခဲ့ကြတဲ့ အားလုံး ဂုဏ်တင်ဆောင် ဘဒ္ဒဝဂ္ဂီ ညီနောင် မင်းသား ရဟန်းတော်များလည်း မြတ်စွာဗုရားကို ဖူးမျှော်လိုသော ဆန္ဒ အားကြီးလှတာနဲ့ ပါဝါပြည် တောကျောင်းမှ စုပေါင်းပြီး ကြွလာတဲ့အခါ ဝါဆိုဘို့ အချိန်ကလဲ အလွန်နီး သာဝတ္ထိပြည်ရောက်ရန် ခရီးကလဲ ခြောက်ယူဇနာ ဝေးကွာနေသဖြင့် ဝါဆိုမီရောက်အောင် မသွားနိုင်ကြတဲ့အတွက် လမ်းခရီးအကြား သာကေတမြို့မှာပင် စိတ်လက်မပျော်မရွှင်နှင့် ဗုရားရှင်ကို ဖူးမြင်လိုတဲ့ အာသာဆန္ဒ ကြီးမားလှစွာဖြင့်သာ ဝါဆိုနေကြရပါတယ်။

သိတင်းကျွတ်လ ဝါမှထ၍ ပဝါရဏာ ပြုပြီးတဲ့အခါကျမှ မြတ်စွာဗုရားထံရောက်ရန် အတွက် ခရီးဆက်ကြရာတွင် မိုးတွင်းအခါ ဖြစ်သည့်အလျောက် မိုးထဲလေထဲ သင်္ကန်း သုံးထည်လုံး မိုးရေတွေ စိုရွှဲနေပြန်သဖြင့် အလွန်လေးလံကြမ်းတမ်းတဲ့ ဖျင်သင်္ကန်းကြီး တွေကို ပခုံးပေါ်မှာ လွှမ်းပြီး လာရတာကလဲ တမျိုး, ရွံ့တွေ ဗွက်တွေပေါ်တဲ့ လယ်တော

---

၁။ ဝိ၊ ၃၊ နှာ-၃၅၁-၂။ သံ၊ ၁၊ နှာ-၃၉၄-၅။ ဝိ၊ ဋ္ဌ၊ ၃၊ နှာ-၃၇၇။

လမ်းက ဖြတ်သန်းပြီးလာရတာကလည်းတဖုံ တို့ကြောင့် ဒုက္ခမျိုးစုံနှင့် တွေ့ကြုံလျက် စိတ်လက် မကြည်မသာ ပင်ပန်းစွာဖြင့်ပင် ဇေတဝန်ကျောင်းတော် ဌာနသို့ ရောက်ကြတဲ့ အခါ ရွှံအညစ်အကြေးတွေကို ဆေးကြော ဖွတ်လျှော်ပြီး မြတ်စွာဗုဒ္ဓ ထံတော်ပါးသို့ အဖူးမျှော်သွားကြပါတယ်။

ထိုအခါ ဗုဒ္ဓရှင်တို့သည် ဧည့်သည် အာဂန္တုက ရဟန်းတို့နှင့် မေးမြန်းမြဲတာဖြစ်တဲ့ အတိုင်း 'ခမနီယံ ယာပနီယံ' မိန့်တော်သံဖြင့် "အို ချစ်သားရဟန်းတို့-ကျန်းမာကြရဲ့လား ချမ်းသာကြရဲ့လား မျှတရှင်ပြုံး သီတင်းသုံးနေထိုင်ခဲ့ကြရပါ့ရဲ့လား" စသည်ဖြင့် မေးမြန်း တော်မူတဲ့အခါ ဘဒ္ဒဝဂ္ဂီ ညီနောင်သုံးကျိပ် ရဟန်းတော်များလဲ ဆင်းရဲပင်ပန်းစွာ လာခဲ့ ရပုံ ဖြစ်ပုံ ပျက်ပုံ အကြောင်းမျိုးစုံကို ပြန်ပြီးလျှောက်ထားတော့မှ မြတ်စွာဗုဒ္ဓရှင် ကိုယ်တော်မြတ်ကြီးက "ချစ်သားရဟန်းတို့-ဤလိုဆင်းရဲပင်ပန်းစွာ လာရတာဟာ ဒီဘဝ ဒီတခါသာ မဟုတ်သေး၊ ဘဝအဆက်ဆက် အနမတဂ္ဂ အစမသိ သံသရာ အဆက်ဆက်က စပြီးတော့ ဆင်းရဲပင်ပန်းလာကြတာပါ" လို့...

အနမတဂ္ဂေါယံ ဘိက္ခဝေ သံသာရော ပုဗ္ဗကောဋိ န ပညာယတိ [၁]။

အစရှိတဲ့ အနမတဂ္ဂ သုတ္တန်ဒေသနာ စကားဖြင့် ဟောကြားတော်မူလေတော့ အား ထုတ်ဆည်းပူးခဲ့သော ပါရမီတော်ထူး ရှိခဲ့ကြတဲ့ ပုဂ္ဂိုလ်များဖြစ်သဖြင့် ဘဒ္ဒဝဂ္ဂီ ညီနောင် ရဟန်းသုံးကျိပ်တို့ဟာ ကိလေသာကင်းပျောက်ပြီး အားလုံးဘဲ ရဟန္တာအဖြစ်သို့ ရောက် သွားကြပါတယ်။

**ကထိန်းခင်းရန် ခွင့်ပြုခြင်း။** ။အဲဒီလို ဘဒ္ဒဝဂ္ဂီ ညီနောင် သုံးကျိပ်တို့ ဆင်းရဲ ပင်ပန်းစွာ ဖြင့် တိစီဝရိက် သင်္ကန်းများအား ယူဆောင်ပြီးလာကြရ တာကို ရှေ့ပြေးဝတ္ထု အကြောင်းပြုပြီးတော့ သားတော် ရဟန်းတော့နှင့်မခြား သနားတော် မူသဖြင့် နောင်အခါ၌ ရဟန်းတော်များသည် သင်္ကန်း သုံးထည်တို့တွင် အားချင်ရာ သင်္ကန်း တထည်ကို ထားလျက် ချမ်းသာစွာဖြင့် သွားလာနိုင်ကြပါစေခြင်း အကျိုးငှာရင်း, သံဃာ တော်တို့အား သင်္ကန်းလာဘ်လာဘ ပေါကြွယ်ဝပါစေခြင်း အကျိုးငှာရင်း ဂင်္ဂါဝါဠု သဲစုမက ပွင့်တော်မူကြတဲ့ ရှေးနောင်တော် ဗုဒ္ဓများလည်း ခွင့်ပြု ပညတ်မြဲဖြစ်တာဖြစ်သည့် အားလျော်စွာ....

အနုဇာနာမိ ဘိက္ခဝေ ဝဿံဝုတ္ထာနံ ဘိက္ခူနံ
ကထိနံ အတ္ထရိတုံ [၂]။

အာဂုံပါဠိ အစ၍သည်ဖြင့် ကထိန်ခင်းရန်အတွက် ခွင့်ပြု ပညတ်ချက် ထုတ်တော် မူပါတယ်။

---

၁။ သံ၊ ၁၊ နှာ-၃၉၄။ ၂။ ဝိ၊ ၃၊ နှာ-၃၅၁-၂။

ကထိန်ဒါန ပြုလုပ်သင့်ပုံ။ ။ဤကဲ့သို့ ကြားရခဲ နာရခဲလှသော အမြင့်မြတ်ဆုံးဖြစ်သည့်
ကထိန်တရားတော်ကြီးကို ကြားနာ မှတ်သားကြရသော
ကုသိုလ်စေတနာ အပေါင်းတို့ကြောင့် အကျိုးတရား အရပ်ရပ်တို့တွင် အမြင့်မြတ်ဆုံး ဖြစ်သည့် ချမ်းသာအစစ် အနှစ်သာရအမှန် မြတ်နိဗ္ဗာန်ကို ဧကန်ထုတ်လျှောက် ရနိုင်ရောက်နိုင် မျက်မှောက် ပြုနိုင်ကြပါစေကုန်သတည်း။

သရိတ္တာန ကရေယျာထ၊ စီဝရဿ မဟန္တတံ။
သဒ္ဓါယ စီဝရံ ဒါနံ၊ ဒုလ္လဘာ ဗုဒ္ဓသာသနေ။

ဘောန္တော၊ တနှစ်တွင်မှ တလ, တလတွင်မှ တကြိမ် ကထိန်လျှာသင်္ကန်းကို ရှင်လန်းစွာ လှူဒါန်းလိုကြကုန်သော ဒကာ ဒကာမအပေါင်း အို....သူတော်ကောင်းတို့။ စီဝရဿ၊ သာသနာနှစ် ကြုံကာဖြစ်မှ စင်စစ်မှန်စွာ ပေါ်ထွန်းလာသော ဖန်ဝါရောင်လျှမ်း မြတ်သင်္ကန်း၏။ မဟန္တတံ၊ အရဟဒ္ဓဇိုလ် မြတ်ပုဂ္ဂိုလ်၏ နှစ်လိုစင်စစ် တံခွန်ဖြစ်၍ မလစ်မှတ်အပ် မြင့်မြတ်သည်၏အဖြစ်ကို။ သရိတ္တာန၊ သတိသမ္ပဇဉ် ဉာဏ်အမြင်ဖြင့် နေ့စဉ်မကွာ ဘယ်ခါမလတ် အောက်မေ့ ဆင်ခြင်အပ်သည်ဖြစ်၍။ ဒုလ္လဘော၊ ကမ္ဘာတွက်ကိန်း သိန်းပေါင်းများစွာ ကုန်ဆုံးပါလဲ အလွန်တရာမှ ရခဲလှပေထသော။ ဗုဒ္ဓသာသနေ၊ ရှင်တော်ဗုဒ္ဓ တည်ထား မိန့်မှာ သာသနာ၌။ သဒ္ဓါယ၊ ကထိန်လှူရ ဤဒါနကြောင့် မုချကေန် မြတ်နိဗ္ဗာန်သို့ အမှန်မဧ္ဓး မရောက်သေးလည်း သူဌေးသူကြွယ်, နတ်ဝယ်တခါ, ဗြဟ္မာတဝ ဖြစ်လေရမည် စိတ်ကရည်ကာ စေတနာသဒ္ဓါ ထက်သန်စွာဖြင့်။ စီဝရံဒါနံ၊ လှူဒါန်းဘို့ရာ ခဲရင်းစွာသည့် မဟာဒါန စီဝရမည်ခေါ် သင်္ကန်းအလှူတော်ကို။ ကရေယျာထ၊ ဘဝတိုင်းဝယ် ချမ်းသာကြွယ်၍ ပြည်ခမာ အမြန်ကူးရအောင် သည်းပူးအားထုတ် ပြုလုပ်နိုင်ကြပါစေကုန်သတည်း။

× × × ×

# အိမ်တက်မင်္ဂလာ ဒေသနာ

ယသ္မိံ ပဒေသေ ကပ္ပေတိ၊ ဝါသံ ပဏ္ဍိတဇာတိယော။
သီလဝန္တေတ္ထ ဘောဇေတွာ၊ သညတေ ဗြဟ္မစာရယော။
ယာ တတ္ထ ဒေဝတာ အာသုံ၊ တာသံ ဒက္ခိဏမာဒိသေ။
တာ ပူဇိတာ ပူဇယန္တိ၊ မာနိတာ မာနယန္တိ နံ။
တတော နံ အနုကမ္ပန္တိ၊ မာတာ ပုတ္တံဝ ဩရသံ။
ဒေဝတာနုကမ္ပိတော ပေါသော၊ သဒါ ဘဒြာနိ ပဿတိ[၁]။

ဒီဂါထာများ ပါဋလိပုတ်ရွာ၌ မြို့ဖန်ဆင်းပြီးနောက် ဗုဒ္ဓရှင် ဟောကြားတော်မူသော ဂါထာများ ဖြစ်ပါတယ်။

**သုနိဓဝဿကာရဝတ္ထု**[၂]။ ။ဗုဒ္ဓလက်ထက်တော် အချိန်အခါက ပါဋလိပုတ်ရွာမှာ အဇာတသတ်ဘုရင်၏ အမတ်ကြီးများဖြစ်ကြတဲ့ သုနိဓ နှင့် **ဝဿကာရ** တို့ နှစ်ဦး တိုင်းပြည်ချင်းစပ်နေတဲ့ ဝဇ္ဇီမင်းတို့၏ အန္တရာယ်ကို ကာကွယ်ခြင်းငှါ နယ်ခြားမြို့တည်ထောင်ကြပါတယ်၊ အဲဒီလို နယ်ခြားမြို့ တည်ထောင်တဲ့အခါမှာ များစွာသော နတ်တို့သည် တထောင်စီ တထောင်စီ အုပ်စုဖွဲ့၍ ပါဋလိပုတ်ရွာ၌ အိမ်နေရာတို့ကို သိမ်းယူကြပါတယ်၊ တန်ခိုးကြီးသောနတ်များ သိမ်းပိုက်ထားသော အိမ်နေရာ၌ တန်ခိုးကြီးသော မင်းအမတ်ကြီးစသော ပုဂ္ဂိုလ်များ၏ နေအိမ်တို့ကို ဖန်ဆင်းတည်ထောင်ရန် မြေ၏ကြန်အင်လက္ခဏာကို သိတတ် ဖတ်တတ်သူတို့၏ စိတ်များက ညွတ်နေကြပါတယ်။

ဒီနေရာမှာ ဒီလို တန်ခိုးကြီး ပုဂ္ဂိုလ်များရဲ့ အိမ်နေရာ ဖန်ဆင်းသင့်တယ်လို့ သူတို့ရဲ့ အတတ်ပညာအရ သိနေကြပါတယ်၊ တနည်းဟော့လဲ ဖန်ဆင်းတည်ထောင်သော ပုဂ္ဂိုလ်များ၏ ခန္ဓာကိုယ်၌ နတ်များပူးဝင်၍ အဲဒီလို ဖန်ဆင်းတည်ထောင်ဖြစ်အောင် တည်ထောင်သူတို့၏ စိတ်ကို နတ်များက ညွတ်စေကြတယ်လို့ ဆိုပါတယ်၊ မြေပန္နက်ချပြီးတဲ့ အချိန်မှာ ပူးနေသော နတ်များဟာ ထွက်သွားကြပါတယ်၊ သဒ္ဓါတရားရှိသော အမျိုးအနွယ်များ ရောက်လာအောင် သဒ္ဓါတရားရှိသော နတ်များက ပြုကြသလို-သဒ္ဓါတရားမရှိသော အမျိုးအနွယ်များ ရောက်လာအောင်လဲ သဒ္ဓါတရားမရှိသော နတ်များက ပြုကြပါတယ်။

ဒီလိုပြုတဲ့အခါမှာ သဒ္ဓါတရားရှိတဲ့ နတ်များက "ဤအရပ်၌ လူများ အိမ်ယာတည်ထောင် ဖန်ဆင်းပြီးနောက် ရှေးဦးစွာ ရဟန်း သံဃာများကို ပင့်ဖိတ်ပြီး မိမိတို့ အိမ်နေရာ၌ နေထိုင်စေ၍ မင်္ဂလာအဖြာဖြာကို တိုးပွါးအောင် ရွတ်ဆိုကြပါလိမ့်မယ်၊ အဲဒီလို

---

၁။ ဝိ၊ ၃၊ နှာ-၃၂၄။ ၂။ ဝိ၊ ၃၊ နှာ-၃၂၁-၃၂၃။ ဋ္ဌ၊ နှာ-၃၇၇။

တိုးပွါးစေတဲ့အခါမှာ ငါတို့သည် သီလရှိသော သူတော်စင် သူတော်ကောင်း ရဟန်းတော် အရှင်မြတ်များကို ဖူးတွေ့ခွင့်၊ တရားနာယူခွင့်၊ တရားပြဿနာ မေး/ဖြေသည်ကို ကြားနာခွင့်၊ ဝမ်းမြောက်ကြည်နူးဘွယ် အနုမောဒနာ တရားစကားများကို ကြားနာခွင့် ရရှိကြပါလိမ့်မယ်၊ လှူတွေဟာ ဒါန ပြုပြီးနောက် ငါတို့အား အမျှ အတန်း ပေးဝေကြလိမ့်မယ်''-ဟု မျှော်လင့် တောင့်တ ကြံစည်ကြပါသတဲ့။

အဲဒီအချိန်အခါက ဗုဒ္ဓမြတ်စွာ ဘုရားရှင်လည်း ဒီ ပါဋလိပုတ်ရွာမှာ ဒေသစာရီ ကြွချီလာရင်း ခရီးစဉ်အရ ရောက်ရှိနေခိုက်ဖြစ်ပါတယ်၊ မြို့တည်ထောင်တဲ့ အမတ်ကြီး နှစ်ဦး မြို့တည် ထောင်ပြီးနောက် ဗုဒ္ဓရှင်ထံရောက်ရှိလာကာ ဗုဒ္ဓရှင်နှင့် ဝမ်းမြောက်ဝမ်းသာ စကားများ ပြောကြား၍ ဗုဒ္ဓရှင်ကို ဆွမ်းစားပင့်ကြပါတယ်၊ ''ငါတို့သည် ယခုအခါ မြို့ဖန်ဆင်း တည်ထောင်ပြီးကြပြီ၊ ရဟန်းဂေါတမ ရောက်လေရာအရပ်မှာ ကျက်သရေမင်္ဂလာ အယုတ် တမာ မကောင်းဆိုးဝါး သတ္တဝါများ ဖဲခွါတတ်ကြတယ်၊ အယုတ်တမာ မကောင်းဆိုးဝါး သတ္တဝါများ ဖဲခွါသွားအောင် ရှင်ဂေါတမကို ပင့်ဖိတ်၍ မြို့မင်္ဂလာစကားကို ဟောကြား စေမယ်''ဆိုတဲ့ အကြံနှင့် ပင့်ကြခြင်းပါဘဲ၊ ဒီအစဉ်အလာအတိုင်း ယခုအခါမှာ အိမ်တက် မင်္ဂလာ စသည်ပြုကြ၊ သံဃာတော်များပင့်ဖိတ်ကြ၊ တတ်စွမ်းသမျှလှူကြ၊ တရားနာကြ၊ အမျှအတမ်းပေးဝေကြတယ်လို့ ဆိုရပါမယ်၊ ဗုဒ္ဓရှင်က သုနိဓ၊ ဝဿကာရ အမတ်ကြီး တို့၏ဆွမ်းကို ဘုန်းပေးပြီးနောက် အတက်တွင်ဖော်ပြ ရွတ်ဆိုခဲ့တဲ့ ဂါထာများဖြင့် အနု မောဒနာ ပြုပါတယ်။

အိမ်တက်၌ ပြုရမည့်အချက်များ။ ။ဒီဂါထာများ၏ ဆိုလိုရင်းကတော့....

အမြော်အမြင် ပညာရှိသူမှန်ရင် မိမိနေထိုင်မည့်နေရာ၌ နေထိုင်ခါနီးအချိန်မှာ ကိုယ်နှုတ်နှလုံးကို စောင့်ထိန်းကြ၊ မြတ်သောအကျင့်ကို ကျင့်ကြသော သီလရှိတဲ့ သူတော် ကောင်းများကို ဆွမ်း စသည် ဆက်ကပ်လှူဒါန်းပြီးနောက် မိမိတို့နေထိုင်ရာအိမ်၌ စောင့် ရှောက်ဆဲ စောင့်ရှောက်လတ္တံ့ဖြစ်ကြတဲ့ နတ်များအား အမျှအတမ်းပေးဝေပါ၊ အမျှ အတမ်းပေးဝေရင် မိမိတို့၏ အမျှပေးဝေသည်ကို ခံယူကြရတဲ့ နတ်များက ''ငါတို့နှင့် ဆွေးမျိုးမတော်စပ်ဘဲ အမျှပေးဝေပေါ ရကြတယ်''လို့ ကျေးဇူးတင် ကာ ကောင်းမွန် သေချာစွာ စောင့်ရှောက်ကြပါလိမ့်မယ်၊ အချိန်အခါ အားလျော်စွာ လေးလတကြိမ်၊ ခြောက်လတကြိမ်စသည် ပူဇော်လျှင်မိမိတို့ပူဇော်ပသ ထားတဲ့ နတ်များကမိမိတို့မှာဖြစ်ပေါ် နေတဲ့ ဖြစ်ပေါ်လာမဲ့ ဘေးရန်များကို ဖယ်ရှား ကာကွယ် ပေးကြပါလိမ့်မယ်၊မိခင်ရင်းဟာ မိမိရင်နှစ် သားအချစ်ကို မြတ်နိုးစွာစောင့်ရှောက်သလို နတ်တွေကလဲ သူတို့ကို မိမိကမြတ်နိုး ပူဇော်ထားတဲ့ အတွက် မိမိကို စောင့်ရှောက်ကြပါလိမ့်မယ်။

နတ်များရဲ့စောင့်ရှောက်မှုကို ခံယူရတဲ့ အမျိုးကောင်းသား အမျိုးကောင်းသမီးဟာ အခါခပ်သိမ်း ကောင်းကျိုးချမ်းသာ မင်္ဂလာတို့ကို မြင်တွေ့ရမယ်-လို့ ဆိုလိုပါတယ်၊ ဒါကြောင့်မို့ ယခုအခါလည်း အိမ်တက်မင်္ဂလာ ပြုတဲ့အခါ ရဟန်းတော်များကို ပင့်ဖိတ်ကာ ဆွမ်းကျွေးခြင်း၊ နတ်များကို အမျှအတမ်းပေးဝေခြင်းသည် ဗုဒ္ဓရှင် အလိုကျဖြစ်တယ်၊

ကောင်းကျိုးများ ရနိုင်ကြောင်း ဗုဒ္ဓရှင်ကိုယ်တိုင် ဟောတော်မူခဲ့ပါတယ်၊ ဟောသည့်အတိုင်း ကောင်းကျိုးချမ်းသာများ ရလိမ့်မယ်လို့ ယုံကြည်ကြစေလိုပါတယ်။

ဖော်ပြပါ ဂါထာများ၏ အနက်ကို နာယူ၍ နိဂုံးချုပ်ကြစို့။

ပဏ္ဍိတဇာတိယော၊ ပစ္စုပ္ပန် သံသရာ ကျိုးနှစ်ဖြာကို ကောင်းစွာမြင်သိ ပညာရှိသဘောရှိပြား အမျိုးကောင်းသား အမျိုးကောင်းသမီးသည်။ ယသ္မိံ ပဒေသေ၊ အကြင်မြို့ အကြင်ရွာ, အကြင်တိုက်တာ၌။ ဝါသံ၊ နေထိုင်ခြင်းကို။ ကပ္ပေတိ၊ ပြု၏။ ဧတ္ထ၊ မိမိနေထိုင်သမှု ပြုရာ ဤအရပ်ဒေသ၌။ သညတေ၊ ကိုယ်နှုတ်နှလုံး သုံးပါးလုံးကို အစွမ်းကုန် ထိန်းသိမ်း စောင့်ရှောက်ကြကုန်သော။ ဗြဟ္မစာရယော၊ မြတ်သောအကျင့်ကို ကျင့်လေ့ရှိကြကုန်သော။ သီလဝန္တေ၊ သီလဖြူစင် သူတော်ကောင်းတို့ကို။ ဘောဇေတိ၊ စေတနာသုံးတန် သဒ္ဓါရုံ၍ ထက်သန်ပြဌာန်း လှူဒါန်း ကျွေးမွေး၏။ ဘောဇေတွာ၊ စေတနာသုံးတန် သဒ္ဓါရုံ၍ ထက်သန်ပြဌာန်း လှူဒါန်း ကျွေးမွေးပြီး၍။ တတ္ထ၊ ထိုမိမိတို့ နေထိုင်ရာ အရပ်၌။ ယာ ဒေဝတာ၊ အကြင် နတ်ကောင်း နတ်မြတ်တို့သည်။ အာသုံ၊ ပတ္တာနုမောဒန ကုသိုလ်ရဘို့ မျှော်ထအသင့် ရှိနှင့်ကြလေကုန်ပြီ။

တာသံ၊ မိမိထံမှ ပတ္တာနုမောဒန ကုသိုလ်ရရန် ရည်သန်ကြ၍ ရှိနှင့်ကြတောင်း ထိုအိမ်စောင့်နတ်အပေါင်းတို့အား။ ဒက္ခိဏံ၊ အလှူ၏အဘို့ကို။ အာဒိသေ၊ မိမိရသလို ရရှိပါစေ ပေးငှဝေရာ၏။ ပူဇိတာ၊ ပတ္တိဒါန ပေးဝေ၍ မိမိတို့က ပူဇော်အပ်ကုန်သော။ တာ၊ ထိုအိမ်စောင့်နတ် အပေါင်းတို့သည်။ နံ၊ ထို အိမ်ရှင် အမျိုးကောင်းသား အမျိုးကောင်းသမီးကို။ ပူဇယန္တိ၊ ပူဇော်တဖန် အတုန့်ပြန်၍ ဘေးရန်မရောက်ရအောင် ကာကွယ်စောင့်ရှောက်သောအားဖြင့် ပူဇော်ကြလေကုန်၏။ မာနိတာ၊ လေးလံ့ ခြောက်လ တကြိမ်ကျနှင့် ဗလိနတ်စာ ပေးသောအားဖြင့် မြတ်နိုးအပ်ကုန်သော။ တာ၊ ထို အိမ်စောင့်နတ် အပေါင်းသူတော်ကောင်းတို့သည်။ နံ၊ ထို အိမ်ရှင် အမျိုးကောင်းသား အမျိုးကောင်းသမီးကို။ မာနယန္တိ၊ မြတ်နိုးတဖန် အတုန့်ပြန်၍ ဘေးရန်ဖြစ်က ပယ်ခွာချ၍ မြတ်နိုးကြလေကုန်၏။

တတော၊ထိုသို့နတ်တို့၏ ပူဇော်မြတ်နိုးကြခြင်းကြောင့်။ မာတာ၊ အရေထူ အရေပါး အသားကိုဖေါက် အရိုးရောက်အောင် မြားမြောက်ချစ်ကြင် မွေးမိခင်သည်။ ဩရသံ ပုတ္တံ၊ မိမိရင်နှစ် သားအချစ်ကို။ အနုကမ္ပတိ ဣဝ၊ ဘေးရန်ကင်းပျောက် ချမ်းသာရောက်ဘို့ အစဉ်စောင့်ရှောက် လေသကဲ့သို့။ ဒေဝတာ၊ အိမ်ကိုစောင့်ကြပ် နတ်မြတ်နတ်ကောင်း နတ်အပေါင်းတို့သည်။ အနုကမ္ပန္တိ၊ ဘေးရန်ကင်းပျောက် ချမ်းသာရောက်ဘို့ အစဉ်စောင့်ရှောက် ကြလေကုန်၏။ ဒေဝတာနုကမ္ပိတော၊ အိမ်စောင့် နတ်များ၏ မြတ်နိုးစောင့်ရှောက် ချီးမြှောက်မှုကို ခံယူအပ်ပေသော။ ပေါသော၊ ပညာရှိ အမျိုးကောင်းသား အမျိုးကောင်းသမီးသည်။ သဒါ၊ နေ့ရောညပါ အခါခပ်သိမ်း။ ဘဒြာနိ၊ ကောင်းကျိုးချမ်းသာ မင်္ဂလာအဖြာဖြာတို့ကို။ ပဿတိ၊ အမြဲမသွေ မြင်တွေ့ရလေတော့သတည်း။

အိမ်တက် မင်္ဂလာ ဒေသနာပြီး၏။

# တိပိဋကဓရနှင့် ဝိနယဓရပူဇော်ပွဲ

၁၃၃၅-ခုနှစ်၊ တန်ခူးလဆန်း(၄)ရက်၊ နိကာယ်သာသနာ ထွန်းကားရေးအသင်း ဥက္ကဋ္ဌ၊ ဦးညဏ်တို့ ညီအစ်ကို မောင်နှမ မိသားစုတို့က စမ်းချောင်းနေအိမ်၌ အပူဇော်ခံ တိပိဋကဓရ အရှင်သုမင်္ဂလာလင်္ကာရ၊ ဝိနယဓရ-ဝိနယကောဝိဒ-အရှင်သဇ္ဇန၊ အရှင်ကောဝိဒ သာသနာ့အာဇာနည်အရှင် (၃)ပါးနှင့် ပင့်သံဃာ အဘိဓဇမဟာရဋ္ဌဂုရု မစိုးရိမ်ဆရာတော် ဘုရားကြီး၊ ဝိသုဒ္ဓါရုံ ဆရာတော် အရှင်ဝါသဝါဘိဝံသ၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် အရှင်ဝိစိတ္တသာရာဘိဝံသ (၃) ပါးတို့ဖြစ်ရာ ထိုပူဇော်ပွဲ၌ မစိုးရိမ်ဆရာတော်, ရွှေကျင် သာသနာပိုင် ဆရာတော်ဘုရားကြီးနှစ်ပါးတို့၏ဩဝါဒ ကထာကို တိပိဋကဓရ ဆရာတော်က ရှေးဦးစွာ ကိုယ်တိုင် ဘာသ်ကြားခြင်းမှစ၍ အဆုံးတိုင် အစီအစဉ်များကို ထည့်သွင်း ဖေါ်ပြထားပါသည်။

## (၁) အဆိုပါ ပူဇော်ပွဲ၌ အဂ္ဂမဟာပဏ္ဍိတ အဘိဓဇမဟာရဋ္ဌဂုရု ကျေးဇူးရှင် မစိုးရိမ်ဆရာတော် ဘုရားကြီး၏ သာရဏီယ ဩဝါဒကထာ

**အသက်ဆက်ပေးသူနှင့်ရေလောင်းသူ။** ။ဒကာကြီး ဦးညဏ် မိသားစုက တိပိဋကဓရနှင့် ဝိနယဓရ အောင်မြင်ကြသော သာသနာ့ အာဇာနည် ပုဂ္ဂိုလ်များကို ချီးကျူးပူဇော်ရာတွင် ဆရာတော် သာရဏီယ ဩဝါဒ စကား ပြောကြားရတဲ့အတွက် လွန်စွာဝမ်းမြောက်မိပါတယ်၊ ပူဇော်သင့်သော ပုဂ္ဂိုလ်တို့အား ပူဇော်ခြင်းသည် မင်္ဂလာတပါးပင်ဖြစ်၍ ပူဇော်သူသာမက ကြား, သိ, တွေ့မြင်ရသူ အားလုံးပါ ပစ္စုပ္ပန်, သံသရာ နှစ်ဖြာ အစီးအပွါး အကျိုးများကြောင်း ဖြစ်ပေတယ်၊ အလှူ တကာတို့တွင်လည်း မြတ်စွာဘုရား တရားတော်များကို အာဂုံ နှုတ်တက်ဆောင်ရှက်သော ပုဂ္ဂိုလ်များအား လှူဒါန်း ပူဇော်ရခြင်းဖြစ်၍ အလွန်ရခဲသော တရားပူဇော်ရခြင်းပင် ဖြစ်ပေတယ်။

ဝိနည်းတရားတော်သည် သာသနာတော်၏ အသက်ပင်ဖြစ်၍ ဝိနယဓရနှင့် တိပိဋက ဓရ ပုဂ္ဂိုလ်များသည် သာသနာတော်ကို အသက်ဆက်ပေးသူဖြစ်သကဲ့သို့ ထိုပုဂ္ဂိုလ်များကို ပူဇော်ဂုဏ်ပြုကြသည့် ဒါယကာ-ဒါယိကာမများမှာလည်း သာသနာပြုရာ၌ ပဓာနအကျ ဆုံးသော သာသနာ့ရေသောက်မြစ်ကြီးကို ရေလောင်း မြေထောင်မြှောက်ပေးသော သူများ ဟုပင် ဆိုထိုက်ပါပေတယ်။

**ဒါနပါရမီ။** ။ထို့ကြောင့် ဒါနပါရမီ သုံးမျိုးတွင် အသက်ကို ပေးလှူသော အမြတ်ဆုံး ဒါနပရမတ္ထပါရမီကဲ့သို့ပင် မြင့်မြတ်လှပါတယ်၊ ပါရမီ ဆယ်ပါးတွင် ဒါန ပါရမီဟာ အခြေခံပါရမီဖြစ်၍ ဒါနကို ပထမဆုံး မှိုင်းမြမ်းအသင့်ထားပြီးမှသာ ကြွင်းကျန်

သော ပါရမီများကို ဖြည့်ဆည်းပူးနိုင်ပါတယ်၊ တဖန်-ဒါနပါရမီဟာ ကမ္မဋ္ဌာန်း ဘာဝနာအားလုံးတို့၏ အခြေခံဖြစ်တဲ့ မေတ္တာဘာဝနာ၏ ခြေထောက်လည်း ဖြစ်ပါတယ်။

ဆိုလိုသည်မှာ-မေတ္တာအရင်းမခံလျှင် ကမ္မဋ္ဌာန်းအလုပ် မအောင်မြင်သကဲ့သို့ ဒါနကုသိုလ်မပါလျှင်လည်း ထိုမေတ္တာသည် ပြီးပြည့်စုံခြင်း မရနိုင်ပါဘူး၊ ထို့ကြောင့် ဒါနကို ဖြည့်ဆည်းပူးရာ၌'ဒါနံ သဗ္ဗတ္ထသာဓကံ'-"ပေးကမ်း စွန့်ကြဲခြင်းသည် အလိုရှိသမျှ အကျိုးကျေးဇူးအားလုံးကို ရရှိစေနိုင်သည်"ဟု ဟောတော်မူခဲ့ပါတယ်၊ဒါနဟာ မေတ္တာကမ္မဋ္ဌာန်းစီးပြန်းရာ၌ မည်မျှ အရေးပါသည်ကို နားလည်သင့်ကြပါတယ်၊ **မေတ္တာ ဘာဝနာ**ဆိုတာ အတ္တ, ပိယ, မဇ္ဈ,ဝေရီ၊ မိမိရယ်, ချစ်အပ်သော ပုဂ္ဂိုလ်ရယ်, အလယ်အလတ် ပုဂ္ဂိုလ်ရယ်, ရန်သူပုဂ္ဂိုလ်ရယ် ဤပုဂ္ဂိုလ်လေးမျိုးလုံး ထပ်တူညီမျှ ထားနိုင်မှသာ မေတ္တာပြည့်စုံပါတယ်၊ ထိုလေးမျိုးတို့တွင် ရန်သူကို ကိုယ်နှင့်ထပ်တူ အကျိုးစီးပွါး လိုလားချစ်ခင်ရန်မှာ အခက်ဆုံးဖြစ်ပါတယ်။

ထို့ကြောင့်-ရန်ငြိုးပြေပျောက်သွားစေရန် လှူနှင့်ပင် တိုက်ဖြတ်သော်လည်း သည်းခံရမည့်ထုံး,ရန်သူ၏ ကောင်းသောအချက်ကို ရွေးထုတ်၍ နှလုံးသွင်းခြင်း,ကရုဏာအရင်းခံ၍ သနားစေရန်အဖြစ် ဆင်ခြင်ခြင်း, ဘဝသံသရာက မိဘ သားသမီး မတော်စပ်ဘူးသူ မရှိပုံ, မေတ္တာအကျိုးများပုံစသော ဇာတ်နိပါတ် ဩဝါဒများကိုဆင်ခြင်၍ ရန်ပြေအောင် ပြုလုပ်ယူရပါတယ်။

ဝိသုဒ္ဓိမဂ်မှာ-(၁၁)မျိုးပင် ပြဆိုထားရာ မည်သို့ ဆင်ခြင်လို့မှ မရသည့်နောက်ဆုံး ဒါနလက်နက်ကိုသုံးရန် ပြဆိုထားပါတယ်၊ ထို့ကြောင့်'သစ္စံ ဒမ္မော ဓိတိ စာဂေါ'ပေးကမ်းခြင်းသည် အောင်မြင်ကြောင်းဟုရင်း၊'ဒါနံ သိနေဟဘေသဇ္ဇံ'ပေးကမ်းခြင်းသည် ချစ်ဆေးဟုရင်း အမျိုးမျိုး မြတ်စွာဗုဒ္ဓ ချီးမွမ်းတော်မူခဲ့ပါတယ်။

ဒါနဟာ လောဘ,မစ္ဆေရကိုသာမက ဒေါသ,ဒေါမနဿတို့ကိုပင် ပယ်သတ်နိုင်သော သတ္တိရှိသည်ကို နားလည်ရပါမယ်၊ထို့ကြောင့် ဗုဒ္ဓရှင်တို့သည်အလောင်းတော်ဘဝမှသာ မဟုတ် ဗုဒ္ဓဖြစ်တော်မူသောအခါ၌လည်း အဆာဌာန အားလျော်စွာ --

* နှုတ်ချိုပေးလှူ၊ မျိုးတော်ယူ၊ ထပ်တူ ကိုယ်နှင့်ပြု။
ဗုဒ္ဓတို့ပင်၊ ကျင့်မြဲစဉ်၊ လေးအင် သင်္ဂြိုဟ်မှု။

ဟူသော သင်္ဂဟတရားလေးပါးကို လက်ကိုင်ထားတော်မူခဲ့ကြရပါတယ်၊ ဥပမာအားဖြင့်-နွားပျောက်ရှာသော အာဠဝီပြည်သား ဥပါသကာအား ထမင်းကျွေးစေပြီး တရားဟောတော်မူခဲ့ဘူးတာကို ထောက်ရှုပါလျှင် ဒါနဟာ အလွန်အရေးကြီးကြောင်းကို သိနိုင်ပါတယ်၊ ဒါနအစရှိတဲ့ ဒီသင်္ဂဟတရားလေးပါးကို ကျင့်သုံးနိုင်လေလေ အရာရာပင် တိုးတက် အောင်မြင် ချမ်းသာလေလေပါဘဲ၊ လူဒါယကာတို့ဘက်က ယခုလို ဒါနဆိုတဲ့ သင်္ဂဟတရားကို လက်သုံးပြုကြသလို အာဇာနည်ဖြစ်တော်မူကြတဲ့ အရှင်မြတ်များ ဘက်က

လဲဘဲ အင်မတန်မှ ခံယဉ်းလှတဲ့ နှုတ်တက်အာဂုံဆောင်မှုကို ကျော်လွန်လာပြီးတဲ့နောက် မိမိနှင့်လုပ်တူ ညီမျှ ပိဋကအာဇာနည်တွေ ပေါ်ပေါက်လာအောင် တဆင့် ပို့ချသင်ကြား ပေးခြင်းအားဖြင့် သမာနတ္တတာ-ခေါ်တဲ့ သင်္ဂဟကို ကျင့်သုံးပေးရန် မခက်တော့ဘူးလို့ ဆရာတော် မျှော်လင့်ပါတယ်၊ အထူးလည်း တိုက်တွန်းလိုပါတယ်၊ ဒါဟာ ဆရာရော ဒကာပါ ဝိနည်းအမိက သာသနာပြုနေကြတာပါဘဲ။

ဟာလို ရှင်ဘက်, လူဘက်-နှစ်ဘက် သင်္ဂဟတရားကို ကျင့်သုံးသွားကြမည်ဆိုလျှင် သာသနာ့ ရေသောက်မြစ်ကြီးဟာ ကြီးထွားခိုင်မာပြီး ပဋိပတ္တိ, ပဋိဝေဓခေါ်တဲ့ အပွင့် အသီးတွေ ဝေဆာလာမှာ အမှန်ပင်ဖြစ်ပါတယ်။

အနှစ် ရာ,ထောင်,သောင်း-မျိုးမပြတ်နိုင်တော့ပါဘူး၊ 'ကရဏီယ မတ္ထကုသလေန၊ ယန္တ သန္တံ ပဒံ အဘိသမေစ္စ'-လို့ ဟောတော်မူတဲ့အတိုင်း ယခုပြုလုပ်ကြတဲ့ ကုသိုလ်တွေကို မိမိကိုယ်ကျိုး မျှော်မှန်းချက်တွေ မပါရှိစေဘဲ သတ္တဝါအများ တရားစစ် တရားမှန်ရရှိရေး မျှော်မှန်းပြီး နိဗ္ဗာန်ကိုသာ ဦးတိုက်ကြပါ့သို့ နိဂုံးချုပ်အားဖြင့် ဆရာတော် တိုက်တွန်း လိုက်ပါတယ်။

ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ ချမ်းသာ၍ သာသနာပြုနိုင်ကြပါစေ....

(သာဓု-၃-ကြိမ်)။

ပစိုးရိမ်ဆရာတော်၊ အဘိဓဇ မဟာရဋ္ဌဂုရု

နေ့စွဲ/၁၃၃၅-ခု၊ နှောင်းတန်ခူးလဆန်း(၄)ရက်နေ့။

## (၂) အထိုပါပူဇော်ပွဲ၌ ပန္တလေးမြို့၊ မဟာသုဒ္ဓါရုံတိုက်သစ်၊ ရွှေကျောင်ဂိုဏ်းလုံးဆိုင်ရာ ဂဏဉက္ကဋ္ဌ မဟာနာယက အဂ္ဂမဟာပဏ္ဍိတ ပြောင်းပြဆရာတော်ဘုရားကြီး၏ ဩဝါဒကထာ

'ဝိနယော နာမ သာသနဿ အာယု၊ ဝိနယေ ဌိတေ သာသနံ ဌိတံ နာမ'။

ဝိနည်းဆိုတာ ဗုဒ္ဓသာသနာတော်ရဲ့ အသက်ပါဘဲ၊ ဝိနည်းတည်လို့ရှိရင် သာသနာ တော်ဟာ တည်ပါတယ်၊ ဒီစကားကို အဋ္ဌကထာ ကျမ်းပြု အရှင်မဟာ ဗုဒ္ဓဃောသက- ဝိနယ အဋ္ဌကထာ, ဒီဃနိကာယ အဋ္ဌကထာ, သမ္မောဟဝိနောဒနီ အဋ္ဌကထာများမှာ-မှတ် တမ်း တင်ထားတော် မူခဲ့ပါတယ်၊ အဋ္ဌကထာနှင့် ဋီကာကျမ်းပြု ဖြစ်တော်မူသော အရှင်ဓမ္မပါလ မထေရ်ကလဲဘဲ ထေရဂါထာ အဋ္ဌကထာမှာ မှတ်တမ်းတင်ထားခဲ့ပြန် ပါတယ်။

**သာသနာ ၃-ရပ်။** ။အဲဒီစကားတွေထဲမှာ ပါလာတဲ့ ဗုဒ္ဓသာသနာဆိုတာ—

(၁) ဗုဒ္ဓဟော ပါဠိတော်နှင့် အဋ္ဌကထာများကို သင်ယူပို့ချမှု-ဆိုတဲ့ ပရိယတ္တိသာသနာ။

(၂) အဲဒီ ပါဠိတော် အဋ္ဌကထာများရဲ့ ညွှန်ပြထားချက်အတိုင်း လက်တွေ့ လိုက်နာကျင့်သုံးမှု, တရားအားထုတ်မှုဆိုတဲ့ ပဋိပတ္တိသာသနာ။

(၃) အဲဒီလို လက်တွေ့လိုက်နာကျင့်သုံးကြတဲ့အတွက် ပေါ်ပေါက်ရရှိ သိမြင်လာတဲ့ မဂ်, ဖိုလ်, နိဗ္ဗာန်ဆိုတဲ့ ပဋိဝေဓသာသနာ-လို့ သာသနာတော် သုံးမျိုးသုံးစား ရှိနေပါတယ်။

အဲဒီ ဗုဒ္ဓသာသနာတော် သုံးရပ်လုံးဟာ ဝိနည်းအပေါ်မှာ မှီခိုတည်နေကြရပေတယ်၊ ဝိနည်းရှိမှ တည်တံ့နိုင်မယ်၊ ဝိနည်းမရှိက မတည်တံ့နိုင်ပါဘူး၊ ဒါကြောင့်မို့ ဝိနည်းတရားတော်ဟာ သာသနာတော်သုံးရပ်ရဲ့ အသက်ဖြစ်ပေတယ်လို့ ကြောင်းကျိုးဆက်စပ်ပြီး မှတ်ထား နားလည်ထားသင့်ပါတယ်။

**သာသနာကွယ်မှု ၃-ရပ်။** ။ဒါတွင် မကသေးပါဘူး၊ မိလိန္ဒပဉှာမှာလာတဲ့ သာသနာကွယ်ပျောက်မှု သုံးမျိုးကိုလဲဘဲ ဆက်လက် မှတ်သားထားမှ ပြည့်စုံလိမ့်မယ် ထင်ပါတယ်။ သာသနာတော်ရဲ့ ကွယ်ပျောက်မှုဟာ—

(၁) မဂ်,ဖိုလ်,နိဗ္ဗာန်တို့ရဲ့ ကွယ်ပျောက်မှုဆို-တဲ့ အဓိဂမ အန္တရဓာန တပါး၊

(၂) ကျင့်ဝတ် ပဋိပတ်တို့ရဲ့ ကွယ်ပျောက်မှု-ဆိုတဲ့ ပဋိပတ္တိ အန္တရဓာန တပါး၊

(၃) ရှင်,ရဟန်းအသွင် ကွယ်ပျောက်မှု-ဆိုတဲ့ လိင်္ဂ အန္တရဓာန တပါး-လို့ သုံးပါးရှိပါတယ်။

မဂ်,ဖိုလ်,နိဗ္ဗာန်ဆိုတဲ့ အဓိဂမ ကွယ်ပျောက်လို့ရှိရင် ဘယ်လိုပင် တရားအားထုတ်ကြစေကာမူ မဂ်,ဖိုလ်,နိဗ္ဗာန်ဆိုတဲ့ တရားထူးကို မရနိုင်တော့ပါဘူး၊ အကျင့်ပဋိပတ် ကွယ်ပျောက်လို့ ရှိပြန်လျှင်လဲ သိက္ခာပုဒ် ပညတ်တော်များ ကွယ်ပျောက်ရတော့တာပါဘဲ၊ ရှင်,ရဟန်းအသွင်တော့ ကျန်နိုင်သေးတယ်၊ ရှင်,ရဟန်းအသွင် ကွယ်ပျောက်ရင်တော့ သာသနာတော်ဟာ လုံးဝအဆက်ပြတ်တော့တာဘဲ၊ ဒီလိုဘဲ မိလိန္ဒပဉှာမှာ ပြဆိုထားပါတယ်၊ အဋ္ဌကထာဆရာများရဲ့ အဆိုပြုချက်နှင့် မိလိန္ဒပဉှာ ပါဠိတော်ရဲ့ မိန့်မြွက်ချက်ဆိုတဲ့ ဒီစကားနှစ်ရပ်ကို စပ်ဟပ်စဉ်းစားကြ၊ စပ်ဟပ်စဉ်းစားကြအံ့စို့ရဲ့။

ယခု သာသနာတော်တွင်းမှာ ရှင်,ရဟန်းအသွင်တွေ မကွယ်ပျောက်သေးပါဘူး၊ အများအပြားဘဲ ရှိနေပါသေးတယ်၊ လိုတာထက်တောင် ပိုကောင်း ပိုနေပါလိမ့်မယ်၊ ကျင့်ဝတ် ပဋိပတ် ဘက်ကျတော့ တယ်အားရစရာ မရှိလှတော့ပါဘူး၊အတော်ကို လျော့ပါး

နေပါပြီ၊ ဒါဟာ လူတိုင်း မျက်မြင်ကိုယ်တွေ့ပါဘဲ၊ ဒီတော့ သိက္ခာပုဒ် ပညတ်တော်များ ကွယ်ပျောက်ဘို့ရန် အင်မတန် နီးကပ်နေပြီသို့ ဆိုရတော့မှာဘဲ၊ သိက္ခာပုဒ် ပညတ်တော်များ ကွယ်ပျောက်သွားခဲ့သို့ရှိရင် ဝိနည်းရယ်လို့ ရှိနိုင်ပါအုံးမလား၊ ဘယ်နည်းနှင့်မျှ မရှိနိုင်တော့ ပါဘူး၊ ကွယ်ပျောက်မှာ အမှန်ပါဘဲ၊ ဝိနည်းကွယ်ပျောက်သွားတာနဲ့ တပြိုင်နက် ဗုဒ္ဓ သာသနာတော် ဆိုတာဟာလဲ မရှိနိုင်တော့ပါဘူး၊ ဒီအချက်ကို ဗုဒ္ဓဘာသာဝင်တိုင်း လေး လေး နက်နက် စဉ်းစားသင့်ပါတယ်၊ မှတ်သားသင့်ပါတယ်၊ ဒီတော့ကာ သာသနာတော် တည်မြဲအောင် ဘယ်လိုလုပ်သင့်သလဲလို့ မေးစရာရှိပါတယ်၊ ဝိနယဓရ ပုဂ္ဂိုလ်တွေ ဝိနည်း အကျင့် သုတ္တန်အကျင့်ကိုကျင့်တဲ့ ပုဂ္ဂိုလ်တွေ များများ စားစား ပေါ်ထွက်လာအောင် အားပေးရပါမယ်။

**တင့်တယ်တဲ့ ဝိနယဓရ။** ။ပြီးတော့ သတိပြုစရာတချက်က ဝိနယဓရဆိုပြီး ဝိနည်းကို မကျင့်ရင် တန်ဘိုးမရှိလှပါဘူး၊ ဝိနယဓရလဲ ဖြစ်မယ်, ဝိနည်း ကိုလဲ ကျင့်မယ်ဆိုရင်တော့ တော်ရုံရှိသေးတာပေါ့၊ ဗုဒ္ဓရှင်ရဲ့ အလိုတော်ကျဖြစ်ပြီ-လို့ တော့ မဆိုနိုင်သေးပါဘူး။

(၁) အာပတ် သင့်တာကို နားလည်ခြင်း၊

(၂) အာပတ် မသင့်တာကို နားလည်ခြင်း၊

(၃) အပေါ့စား အာပတ်တွေကို နားလည်ခြင်း၊

(၄) ကြီးလေးတဲ့ အာပတ်တွေကို နားလည်ခြင်း၊

(၅) ရှေးကဖြစ်ခဲ့တဲ့ အကြောင်းအရာတွေကို ပြန်တွေး ဆင်ခြင် သိမြင်နိုင်တဲ့ ပုဗ္ဗေနိဝါသ အဘိညာဏ်ကို ရခြင်း၊

(၆) နတ်မျက်စိအလား အဝေးအနီးမှာ ရှိနေတဲ့ အင်မတန်သေးငယ်တဲ့ အာရုံ တွေကိုတောင်မှ သိမြင်နိုင်တဲ့ ဒိဗ္ဗစက္ခု အဘိညာဏ်ကို ရခြင်း၊

(၇) အာသဝက္ခယဉာဏ်ကိုရခြင်း ရဟန္တာဖြစ်ခြင်း —

ဆိုတဲ့ အင်္ဂါ(၇)ပါးနှင့် ပြည့်ဝစုံလင်ပါမှ ဝိနယဓရ ပုဂ္ဂိုလ်များဟာ တင့်တယ်နိုင် ပေတယ်-လို့ အင်္ဂုတ္တရနိကာယ်မှာ လာတဲ့ ဗုဒ္ဓဟောစကား ရှိနေပါတယ်၊ ဒီလို တင့်တယ်တဲ့ ဝိနယဓရမျိုး ဖြစ်ပါမှ ဗုဒ္ဓရှင်ရဲ့ အလိုတော်ကျဖြစ်ပြီ-လို့ ဆိုရတော့မှာပါ။

အဲဒီ အင်္ဂါ(၇)ပါးကို စိစစ်ကြည့်လိုက်ပြန်တော့ အစလေးပါး=ရှေ့လေးပါးဟာ ပရိယတ္တိကိစ္စလုပ်ငန်း ဖြစ်နေတာကို တွေ့ရတယ်၊ နောက်သုံးပါးကတော့ ဝိနည်းအကျင့် သုတ္တန်အကျင့်ဆိုတဲ့ ပဋိပတ္တိလုပ်ငန်းကြောင့် ပေါ်ထွက်လာရတဲ့ အဓိဂမ တရားများဖြစ်နေ တာကို တွေ့ရတယ်။

ဒီတော့ကာ ဒီအင်္ဂါ(၇) ပါးထဲမှာလဲ ပရိယတ္တိသာသနာ, ပဋိပတ္တိသာသနာ, ပဋိဝေဓ သာသနာ-ဆိုတဲ့ သာသနာတော်(၃)ရပ်လုံး ပါရှိနေပါပြီ၊ "ဝိနည်းဘည်လို့ ရှိရင် သာသနာဟာ တည်တော့တယ်"ဆိုတဲ့ အဋ္ဌကထာ ဆရာများရဲ့ အဆိုပြုချက်ဟာ ဒီပါဠိတော်နှင့် အဓိပ္ပါယ်သဘောသွား မကွဲပြားတော့ပါဘူး၊ ထပ်တူထပ်မျှ ညီညွတ်နေပြီလို့ ဆိုရတော့မှာပေါ့။

ပြီးတော့ကာ "ငါ့ရှင် သုဘဒ္ဒ-ဒီရဟန်းတော်တွေဟာ မှန်မှန်ကန်ကန်နဲ့ ကျင့်သုံး နေထိုင်ကြမယ်ဆိုလျှင် ဒီကမ္ဘာလောကမှာ ရဟန္တာတွေ မဆိတ်သုဉ်းနိုင်ပါဘူး" ဆိုတဲ့ ပရိနိဗ္ဗာန် ဝင်စံခါနီးဆဲဆဲမှာ မြတ်စွာဗုဒ္ဓ ဟောထားတော်မူခဲ့တဲ့ စကားတော်ဟာလဲဘဲ အဆိုပါ အဋ္ဌကထာများရဲ့ အဆိုပြုချက်ကို တနည်းတလမ်းအားဖြင့် ထောက်ခံ နေပါ သေးတယ်။

ဒါကြောင့်မို့လို့ အဆိုပါ အဋ္ဌကထာများ, ပါဠိတော်များရဲ့ ညွှန်ကြားချက်ကို ဦးထိပ်ရွက် ပန်ဆင်ပြီးသကာလ တင့်တယ်တဲ့ သာသနာအကျိုးပြု ဝိနယဓရ ပုဂ္ဂိုလ်တွေ များများ စားစား ပေါ်ထွက်လာအောင် ဆထက်ထမ်းပိုး ကြိုးစားအားထုတ်နိုင်ကြပါစေလို့ အာသီသပြုရင်း ဆရာတော်၏ ဩဝါဒကထာကို နိဂုံးချုပ်ပါတယ်။

(သာစု-သုံးကြိမ်)

## (၃) ဝိသုဒ္ဓါရုံ ဆရာတော် ဟောတော်မူသော တရား

**ပူဇော်ထိုက်သူ ပူဇော်ကြ။** ။ခုနကတုန်းက ကျေးဇူးရှင် အဘိဓဇ မဟာရဋ္ဌဂုရု မစိုးရိမ်ဆရာတော်ဘုရား ကြီးနှင့် ရွှေကျင် သာသနာပိုင် မြောင်းမြဆရာတော်ဘုရားကြီး တွေရဲ့ ဩဝါဒ မိန့်ခွန်းကလဲ လိုလေသေးမရှိ ပြည့်ပြည့်စုံစုံ အင်မတန်ကောင်း၊ ဩဝါဒ မိန့်ခွန်းကို ဖတ်တော်မူတဲ့ ပုဂ္ဂိုလ်ကလဲ တကယ့်ထိပ်သီး အဓိပတိ တိပိဋကဓရ ဆရာတော် ဖြစ်နေတော့ ကြည်ညိုလို့ ဝမ်းသာလို့ မဆုံးနိုင်ပါဘူး၊ အင်မတန် လိုက်လျောညီထွေ အလွန်ကောင်းပါတယ်၊ ဘုန်းကြီးသိပ်ဟောနေဘို့ ပြောနေဘို့တောင် မလိုလှတော့ပါဘူးလို့ ယူဆပါတယ်။

ဒီတော့ ဒကာကြီး ဦးဉာဏ်ရဲ့ လျှောက်ထားချက်အရ နဲနဲတော့ ဘုန်းကြီးပြောရ အုံးမယ်၊ ဒီတော့ ဒကာဉာဏ်တို့ မိသားတစု ဒီကနေ့ ဝိနည်းကို အဓိကထားပြီးတော့ လုပ်တဲ့ ပူဇော်ပွဲကြီးမှာ စာပေကျွမ်းဂန် ပိဋကတ်တတ်မြောက်ပြီးလို့ လုပ်တာနှင့်တောင် တူနေပါတယ်၊ အလွန်ဝမ်းမြောက်စရာ ကောင်းပါတယ်၊ အပူဇော်ခံ ပုဂ္ဂိုလ်ကလေးတွေ ကလဲ ဂုဏ်ထူးကို အထူးပြောစရာမလိုပါဘူး၊ အင်မတန်ပြည့်စုံတဲ့ သာသနာ့အာဇာနည် သာသနာ့ထိပ်သီး သာသနာတော်မှာ ရဲရဲတောက် သူရဲကောင်းအရှင်သုံးပါး အစစ်အမှန်ဖြစ် နေတာကိုခုနက ပြောတာ ဆိုတာ ကြားရတာနဲ့ဘဲ အားလုံးသိကုန်ပါပြီ၊ ဘုန်းကြီးလဲ သိပါ ပြီ၊ အင်မတန်တော်ပါပေတယ်၊ အရွယ်အနေအားဖြင့် ငယ်ငယ်ကလေးတွေချည်း၊ အခု အပူ ဇော်ခံ ပုဂ္ဂိုလ်လေး သုံးပါး ရှင်သင်္ဃနမှုစပြီး ဥုးသုမင်္ဂလအထိ ငယ်ငယ်ရွယ်ရွယ် ပုဂ္ဂိုလ်

လေးတွေ၊ အဲဒီလို ငယ်ငယ်ရွယ်ရွယ်ဖြစ်တဲ့ ပုဂ္ဂိုလ်လေးတွေကို ယခုလို တခမ်းတနား ပူဇော် အားပေးချီးမြှောက်မှုကို ပြုလုပ်ကြခြင်းဟာ ဗုဒ္ဓအလိုတော်ကျ အဋ္ဌကထာဆရာတော်ကြီး တွေရဲ့ အလိုတော်ကျဖြစ်လို့ တန်ဘိုးကို မဖြတ်နိုင်အောင် အလွန်ကောင်းပါတယ်။

ဒီလို ချီးကျူးသင့် ချီးကျူးထိုက်တဲ့ပုဂ္ဂိုလ်ကို မြတ်စွာဗုဒ္ဓရှင် ကိုယ်တော်တိုင် ချီးကျူးခဲ့ပါတယ်၊ ခု ဒီပုဂ္ဂိုလ်လေးတွေ ငယ်ငယ်ရွယ်ရွယ်လေးတွေပါ၊ ဟိုဘက်က နှစ်ပါး လဲဘဲ တနေ့ ကျေန် တိပိဋကဖြစ်ကြလိမ့်မယ်လို့ ယုံယုံကြည်ကြည်နဲ့ ဘုန်းကြီးဖြင့် မျှော်လင့် ပါတယ်၊ ခု တိပိဋကရဲ့ လတ်တလောဖြစ်တဲ့ အရှင်သုမင်္ဂလာလင်္ကာရလဲ စိတ်ဝင်စားစရာ လေးတခု တယ်ကောင်းတယ်၊ ဥုးပဥ္စင်းရဲ့အသက်(၂၇)၊ ဝိနယဓရ ရွေးချယ်ရေး စာမေးပွဲ သက်တမ်းက (၂၆)၊ တနှစ်သားအရွယ်ကလေးက စတင်လုပ်လာတဲ့ တိပိဋကရဲ့ ရွေးချယ် ရေးစာမေးပွဲကို (၂၆)ကြိမ်မြောက်မှာ အကုန်လုံး ကိစ္စပြီးသွားတာဟာ အံ့စရာကြီးတခု ပါဘဲ။

အင်မတန် ဝမ်းမြောက်စရာကောင်းပါတယ်၊ ဒီလို ငယ်ငယ်ရွယ်ရွယ် ပုဂ္ဂိုလ်လေး တွေကို ဘုန်းကြီးတို့ မြတ်စွာဗုဒ္ဓရှင် ကိုယ်တော်မြတ်ကြီး ကိုယ်တော်တိုင်ဘဲ ပြင်းထန်တဲ့ ကရုဏာဖြင့် အင်မတန်သက်ညှာတော်မူတဲ့ ထုံးကိုလဲ ဒီကနေ့ နဲနဲပြောပြချင်ပါတယ်၊ အဲဒီလို ပုဂ္ဂိုလ်လေးတွေ မြတ်စွာဗုဒ္ဓရှင် ကိုယ်တော်တိုင်—

'အထ ခေါ ဂရဟိတဗ္ဗံ ဂရဟတိ ဝေ၊ပသံသိတဗ္ဗဉ္စ ပသံသတိ ဝေ ဘဂဝါ'။

အထ ခေါ၊ စင်စစ်သော်ကား။ ဂရဟိတဗ္ဗံ၊ ကဲ့ရဲ့သင့် ကဲ့ရဲ့ထိုက်တဲ့ ပုဂ္ဂိုလ်ကို။ ဂရဟတိ ဝေ၊ မညှာမတာ ကဲ့ရဲ့တော်မူသည်သာ။ ပသံသိတဗ္ဗဉ္စ၊ ချီးမွမ်းသင့် ချီးမွမ်းထိုက်သော ပုဂ္ဂိုလ်ကိုလည်း။ ပသံသတိ ဝေ၊ ချီးမွမ်းတော်မူသည်သာ။ ဒီတော့-မြတ်စွာဗုဒ္ဓရှင် ကိုယ်တော်တိုင်ဘဲ ချီးမွမ်းထိုက်တဲ့ပုဂ္ဂိုလ် ချီးမွမ်းပြီး မြှောက်စားတော်မူခဲ့တဲ့ ထုံးရှိပါတယ်။

ဒီကနေ့ ဘုန်းကြီးတို့ အလွန်တွေ့ခဲ ကြုံခဲတဲ့ သာသနာတော်ကြီးနှင့် တွေ့လို့ ကြုံလို့ အလွန်ရခဲတဲ့ လူ့အဖြစ်ကိုလဲ ကံကောင်းထောက်မလို့ ရရှိကြပြီး သမ္မာဒိဋ္ဌိ အယူရှိတဲ့အမျိုး ကောင်းသားမြတ်တွေ, အမျိုးကောင်းသမီးမြတ်တွေ ဖြစ်ပြီးသကာလ ဒီလိုချီးကျူးပွဲကြီး ကို လုပ်တယ်ဆိုတာ-ဘုန်းကြီးတို့ လူတွေသာ မဟုတ်ပါဘူး၊ 'ဒေဝတာ နံ ပသံသန္တိ၊ ဗြဟ္မုနာပိ ပသံသိတော။ နံ၊ သီလ သုတ နှစ်ဝပြည့်စုံ ဂုဏ်အင်တင့်ဆန်း ထိုရဟန်းကို။ ဒေဝတာ၊ ကောင်းကင်ပျော်ပါး နတ်အများတို့သည်။ ပသံသန္တိ၊ ဂုဏ်ရောင်လွှမ်းအောင် ချီးမွမ်းကြ လေကုန်၏။ ဗြဟ္မုနာပိ ပသံသိတော၊ ဗြဟ္မာတတွေကလည်း လျှာကုဋေဖြင့် ထွေထွေ ဂုဏ်ထူး ချီးကျူး ချီးမွမ်းအပ်ပါပေ၏'-လို့ ဝိသုဒ္ဓိမဂ်မှာ ပြဆိုထားပါတယ်၊ ဒီလို သီလနှင့် ပြည့်စုံပြီးတော့ ခု ပိဋကတ်သုံးပုံ အစိပ်အပိုင်းနှင့်တကွ သုံးပုံလုံး ဒီလို ဗဟုသုတ ကြွယ်ဝတဲ့ ပုဂ္ဂိုလ်ကို နတ်တွေကလဲ ချီးမွမ်းကြတယ်တဲ့၊ ဗြဟ္မာတွေကလဲဘဲ ချီးမွမ်းကြတယ်တဲ့၊ ဒီတော့-ဘုန်းကြီးတို့တတွေက မချီးမွမ်း မချီးကျူးဘဲ ဘယ်မှာနေနိုင်ပါ့မလဲ၊ အင်မတန် ဂမ်းမြောက်စရာကြီးနော်။

## ငယ်ငယ်ရွယ်ရွယ် ပုဂ္ဂိုလ်များ မြတ်စွာဗုဒ္ဓ သက်ညှာတော်မူပုံ

ငယ်ငယ်ရွယ်ရွယ် ပုဂ္ဂိုလ်လေးများကို မြတ်စွာဘုရားက ဘယ်လိုသက်ညှာတော်မူသလဲ၊ သံယုတ်ပါဠိတော် ပိဏ္ဍောလျသုတ်၌ [၁] အခါတပါး မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်သည် သက္ကတိုင်း၊ ကပိလဝတ်ပြည်၊ နိဂြောဓာရုံကျောင်းမှာ သီတင်းသုံးနေတော်မူတဲ့အခါ တစုံတခုသော အကြောင်းကြောင့် ရဟန်း သံဃာတော်များကို နှင်ထုတ်တော်မူလိုက်ပါတယ်၊ မြတ်စွာဘုရားသည် ရဟန်း သံဃာတော်များကို နှင်ထုတ်ပြီးတဲ့နောက် ဆွမ်းကိစ္စ စသည် အကုန်ပြီးစီးတဲ့အခါမှာ မဟာဝုဏ်တောသို့ ဆိတ်ငြိမ်ရာအရပ် အုပ်သျှစ်ပင်အောက်၌သီတင်းသုံးတော်မူ၍ အကြံအစည်ဖြစ်တော်မူတယ်၊ ဘယ်လို အကြံအစည်ဖြစ်တော်မူသလဲဆိုတော့

> "ငါဘုရား နှင်ထုတ်ထားတော်မူတဲ့အထဲမှာ အသက်အရွယ် နုနယ်ငယ်တဲ့ ရဟန်း သာမဏေ၊ သာသနာတော်တွင်းသို့ ရောက်သစ်စဖြစ်တဲ့ ရဟန်း သာမဏေ လေးတွေလဲ ပါရှိကြတယ်၊ ဒီတော့-ဒီရဟန်း သာမဏေ ငယ်လေးတွေဟာ ဥပမာအားဖြင့် ငယ်ရွယ် နုနယ်တဲ့ နွားကလေးသည် အမိ နွားမကို မမြင်ရလျှင် တမျိုးတမည် ဖြစ်ရာသကဲ့သို့ ဖောက်ပြန်သောအားဖြင့် ပျက်စီးရာသကဲ့သို့ ယခင် ပြောပြခဲ့တဲ့ ရဟန်းငယ်၊ သာမဏေငယ်တို့သည် ငါဘုရားကို မဖူးမျှော်ရကြလျှင် တမျိုးတမည် ဖြစ်စရာရှိတယ်၊ ဖောက်ပြန်သောအားဖြင့် ပျက်စီးဘွယ်ရာရှိတယ်၊ ဒီတော့-ငါဘုရားသည် ရှေးအခါက အနုဂ္ဂဟ နှစ်ပါးဖြင့် ချီးမြှောက်သကဲ့သို့ ချီးမြှောက်မှ သင့်တော်မယ်"-လို့ ကြံစည်တော်မူပါတယ်။

တနည်း ဥပမာ -"နုပိန်နေတဲ့ မျိုးစေ့ဟာ ရေနှင့်မတွေ့ရလျှင် တမျိုးတမည် အားဖြင့် ဖြစ်ပြီးတော့ ဖောက်ပြန်သောအားဖြင့် ဖြစ်သလို-ငါဘုရားနှင့် ဝေးကွာနေလျှင် တမျိုးတမည် ဖောက်ပြန်ကုန်လိမ့်မယ်"၊ ဒီလို စဉ်းစား ကြံစည်နေတဲ့အခါ သဟမ္ပတိ ဗြဟ္မာကြီးက မြတ်စွာဘုရားရဲ့ အကြံအစည်ကို သိပြီး၊ အားရှိသော ယောကျာ်းသည် ကွေးသောလက်ကို ဆန့်တန်းရာ သကဲ့သို့၎င်း၊ ဆန့်သောလက်ကို ကွေးရာသကဲ့သို့၎င်း၊ မြတ်စွာဘုရားထံ အမြန်ချဉ်းကပ် ရောက်လာပြီးလျှင်....

> မြတ်စွာ ဘုရား - မြတ်စွာ ဘုရား နှင်ထုတ်ထားတဲ့ ပုဂ္ဂိုလ်တွေထဲမှာ ငယ်ရွယ် နုနယ်တဲ့ ပုဂ္ဂိုလ်လေးတွေ ပါနေပါတယ် မြတ်စွာဘုရား၊ ခုနက ဥပမာအတိုင်း-ငယ်ရွယ်နုနယ်တဲ့နွားငယ်လေးဟာ အမိနွားမကို မတွေ့မြင်ရခဲ့လျှင် တမျိုးတမည် ဖြစ်ရာသကဲ့သို့ ဖောက်ပြန်သောအားဖြင့် ပျက်စီးရာသကဲ့သို့ ငယ်ရွယ်တဲ့ ရဟန်း၊ သာမဏေတို့ဟာ မြတ်စွာဘုရားကို မတွေ့ရ

---

[၁]။ သံ၊ ၂၊ နှာ-၇၅။

မဖူး မြင်ရပါလျှင် တမျိုး တမည် ဖြစ်ကုန်ကြပါလိမ့်မယ် ဘုရား၊ ဖောက်ပြန်သောအားဖြင့် ပျက်စီးကုန်ပါလိမ့်မယ်ဘုရား၊ ပြန်၍ လက်ခံပြီးတော့ ရှေးကလို ပစ္စယာနုဂ္ဂဟ,ဓမ္မာနုဂ္ဂဟနှစ်ပါးဖြင့် ချီးမြှောက်တော်မူပါ၊အဆုံးအမ ဩဝါဒ ပေးတော်မူပါဘုရား" လို့လျှောက်ထားပါတယ်။

လျှောက်ထားတဲ့အခါ မြတ်စွာဘုရားက ဆိတ်ဆိတ်လက်ခံတော်မူပါတယ်၊ ဒါနဲ့ သဟမ္ပတိ ဗြဟ္မာကြီးလဲ ပြန်သွားပါတယ်။

ဤဒေသနာတော်ကို ကောက်နုတ်ချက်ချလျှင် - အသက်အရွယ်ငယ်တဲ့ ရဟန်း, သာမဏေ၊သာသနာသို့ ရောက်သစ်စ ရဟန်း,သာမဏေ၊ဒီလို ငယ်ရွယ်သူလေးတွေကိုမြတ်စွာဘုရားသခင် အလွန်သက်ညှာတော်မူကြောင်း, ကရုဏာကြီးမားတော်မူကြောင်း အလွန်ထင်ရှားပါတယ်....။

## ချီးမြှောက်သင့် ချီးမြှောက်ထိုက်တဲ့ ပုဂ္ဂိုလ်များ

**ပစ္စယာနုဂ္ဂဟ။** ။အဲဒီလို မြတ်စွာဘုရား ကရုဏာကြီးမားသည်အားလျော်စွာ ထို ပါဠိတော်ရဲ့အဖွင့် မြတ်စွာဘုရားအလို သိတဲ့ ဗုဒ္ဓမတ္တညူ အဋ္ဌကထာ ဆရာက ဘယ်လိုဆိုသလဲ၊ဒီကနေ့ ဘုန်းကြီးတို့ သာသနာတော်ကြီး ကြီးပွါးတိုးတက် တည်တံ့အောင် ဘယ်လို အဆင့်အတန်းရှိတဲ့ ပုဂ္ဂိုလ်တွေကို ပစ္စယာနုဂ္ဂဟ,ဓမ္မာနုဂ္ဂဟတို့ဖြင့် ချီးမြှောက်ရမလဲဆိုတော့ -

> အစိရပဗ္ဗဇိတာ ဟိ သာမဏေရာ စေဝ ဒဟရဘိက္ခူ စ စီဝရာဒိပစ္စယဝေကလ္လေ ဝါ သတိ ဂေလညေ ဝါ သတ္ထာရာ ဝါ အာစရိယုပဇ္ဈာယေဟိ ဝါ အာမိသာနုဂ္ဂဟေန အနနုဂ္ဂဟိတာ ကိလမန္တာ န သက္ကောန္တိ သဇ္ဈာယံ ဝါ မနသိကာရံ ကာတုံ။

ဤအဋ္ဌကထာအရ-အဓိပ္ပါယ်ကိုသာ ရှင်းလင်းပြပါ့မယ်၊ ရဟန်းပြု၍ မကြာမြင့်သေးသော ရဟန်းငယ်နှင့် ရှင်သာမဏေတို့ကို သင်္ကန်း စတဲ့ ပစ္စည်းလေးပါး ချို့တဲ့နေသော်ငြင်း၊ မကျန်း မမာ ဖြစ်နေသော်ငြင်း၊ မြတ်စွာဘုရားရှင် ကိုယ်တော်တိုင်ဖြစ်စေ, ဆရာသမားဥပဇ္ဈာယ်များကဖြစ်စေ, အာမိသာနုဂ္ဂဟဖြင့် အချီးအမြှောက် အထောက်အပံ့ပေးပါတယ်၊ ဝါ-သဒ္ဒါဖြင့် သိမ်းကျုံးလို့ ဒကာ ဒကာမတွေလဲ ဒီအထဲ ပါပါတယ်။

အဲဒီလို အာမိသာနုဂ္ဂဟဖြင့် မချီးမြှောက် မထောက်ပံ့လျှင် ပစ္စည်းလေးပါး ပါးရှားနွမ်းနယ်ပြီးတော့ စာပေကျမ်းဂန် ပိဋကတ်တွေ သရဇ္ဈာယ် ရွတ်အံဘို့ရန် အတွက်လဲ အားမထုတ်နိုင်ပါဘူးတဲ့၊ သူတော်ကောင်းတရားတွေ နှလုံးသွင်းမှုကိုလဲ မပြုနိုင်ပါဘူးတဲ့။

ဒါ့ကြောင့်မို့လို့ ဒီ အဋ္ဌကထာအတိုင်း ခု ဒကာဉာဏ် မိသားစုသည် ပူဇော်ပွဲကြီး လုပ်ကြတယ်-လို့ ဘုန်းကြီးက အင်မတန် ဝမ်းသာမိပါတယ်။

တနေရာမှာလဲဘဲ—

ဘိက္ခူ ဟိ ပစ္စယေန ကိလမန္တာ ပရိယတ္တိံ သန္ဓာရေတုံ န သက္ခိဿန္တိ။

ဘိက္ခူ၊ ရဟန်းတော်တို့သည်။ ပစ္စယေန၊ ဆွမ်းစသော ပစ္စည်းဖြင့်။ ကိလမန္တာ၊ ပင်ပန်းနွမ်းနယ် ကြကုန်သည်ရှိသော်။ ပရိယတ္တိံ၊ လေးသချေ်နှင့် ကမ္ဘာတသိန်း ပါရမီတော်တွေ ဖြည့်ဆည်းပူးမှ တည်ထောင်နိုင်တဲ့ ပရိယတ္တိ သာသနာတော်ကြီးကို။ သန္ဓာရေတုံ၊ ကောင်းစွာ တည်တံ့စိမ့်သောငှာ။ န သက္ခိဿန္တိ၊ မစွမ်းနိုင်ကုန်လတံ့။

ပစ္စည်းလေးပါးနှင့် မပြည့်စုံလျှင် ပရိယတ္တိ သာသနာတော်ကြီးကို အားမထုတ်နိုင်ပါဘူး၊ ပရိယတ္တိသာသနာတော်ကြီးကို အားမထုတ်ဘဲ ပစ်ထားလျှင် ဒီကနေ့ သာသနာကွယ်ပါလိမ့်မယ်၊ အရေးအကြီးဆုံး အချက်ဆိုတာလဲ အားလုံးသိပြီး ဖြစ်ပါလိမ့်မယ်၊ အဲ....ဒါက ပစ္စယာနုဂ္ဂဟ။

**ဓမ္မာနုဂ္ဂဟ။** ။ဥပရိပဏ္ဏာသ အဋ္ဌကထာမှာလဲ[၁] ငါဘုရားသည် အသက်အရှယ် ကြီးရင့်တော်မူသည်ဖြစ်၍ တာရှည် နေရတော့မည်မဟုတ်၊ ငါဘုရား၏ သာသနာတော်သည် ရဟန်းသံဃာတို့၏ သန္တာန်၌ တည်ရစ်လိမ့်မည်၊ ထို့ကြောင့် ရဟန်းသံဃာများကို ပစ္စည်းလေးပါး ပြည့်စုံအောင် ထောက်ပံ့ကြဘို့ တိုက်တွန်းတော်မူခဲ့ပါတယ်။

ဓမ္မာနုဂ္ဂဟ အနေနှင့် ဆက်ပြောပါအုံးမယ် ...

ဓမ္မာနုဂ္ဂဟေန အန နုဂ္ဂဟိတာ ဥဒ္ဒေသေန စေဝ ဩဝါဒါနုသာသနိယာ စ အန နုဂ္ဂဟိတာ ပရိဟာယမာနာ န သက္ကောန္တိ အကုသလံ ပရိဝဇ္ဇေတွာ ကုသလံ ဘာဝေတုံ။

အဓိပ္ပါယ်ကိုဘဲ ပြောပါ့မယ်၊ ဆရာဥပဇ္ဈာယ်တို့က ဓမ္မာနုဂ္ဂဟ အနေနှင့် ပါဠိသင်ပေးခြင်း, အဆုံးအမ ဩဝါဒပေးခြင်းတို့ဖြင့် မချီးမြှောက်လျှင် ထိုအဆုံးအမ ဩဝါဒတွေ ဆုတ်ယုတ်ပြီးတော့ ခုနက ပြောပြတဲ့ ရဟန်းငယ်နှင့် ရှင်သာမဏေတို့သည် ထိုထိုအကုသိုလ်တွေကို မရှောင်ကြဉ်နိုင်ဘဲနှင့် ထိုထိုကုသိုလ်တရားတွေ ပွါးများအောင် ဘယ်လိုမှ မလုပ်နိုင်ပါဘူး၊ အင်မတန် အရေးကြီးပါတယ်၊ ဒါက ဆရာသမားများဘက်က ကတ္တား က ၊ ခုနကလို 'သတ္ထာရာ ဝါ'စသည်ဖြင့် လိုက်ပေးရမှာပါ၊ ဤကား ဓမ္မာနုဂ္ဂဟဖြင့် ချီးမြှောက်ရပုံဖြစ်ပါတယ်။

ထို့ကြောင့် နိဂုံးချုပ်အနေအားဖြင့်—

ဣမေဟိ ပန ဒွိဟိ အနုဂ္ဂဟေဟိ အနုဂ္ဂဟိတာ ကာယေန အကိလမန္တာ သဇ္ဈာယမနသိကာရေ ပဝတ္တိတွာ ယထာနုသိဋ္ဌံ ပဋိပဇ္ဇမာနာ အပရဘာဂေ တံ အနုဂ္ဂဟံ အလဘန္တာပိ တေနေဝ ပုရိမာနုဂ္ဂဟေန လဒ္ဓဗလာ သာသနေ ပဋိဋ္ဌဟန္တိ။

---

[၁] မ၊ ဋ္ဌ၊ ၄၊ နှာ-၂၂၁။

ခုနက ပြဆိုအပ်ခဲ့ပြီးသော ရှင်ငယ် ရဟန်းငယ်တို့သည် ဆိုခဲ့တဲ့ ပစ္စယာနုဂ္ဂဟ, ဓမ္မာနုဂ္ဂဟ နှစ်မျိုးတို့ဖြင့် အချီးအမြှောက်ခံရလျှင် ပစ္စည်းလေးပါးလဲဘဲ မပင်ပန်းဘဲနှင့် စာပေကျမ်းဂန်တွေလဲ သင်အံသရဇ္ဈာယ် နှုတ်သွင်းမှုတွေ ဖြစ်စေနိုင်ပြီးတော့ ဆရာသမားတို့ ဆုံးမတဲ့အတိုင်း လိုက်နာကျင့်ကြံမယ်ဆိုရင် 'သာသနေ ပဋိဋ္ဌဟန္တိ' တဲ့၊ သာသနာကြီးမှာ တည်တည်တံ့တံ့ ခိုင်ခိုင်ခံ့ခံ့ကြီး မားမားမတ်မတ်ကြီး ရပ်တည်နိုင်ပါလိမ့်မယ်....၊ 'ယထာနုသိဋ္ဌံ ပဋိပဇ္ဇမာနာ' တဲ့၊ ဆရာသမားဆုံးမတဲ့ အတိုင်း လိုက်နာကျင့်ကြံပါတဲ့ အလွန်အရေးကြီးပါတယ်။

ဒီကနေ့ သာသနာတော်မယ် ဆရာသမားကို တပည့်တပန်းများက တော်လှန်မှုတွေ ဟိုမှာတွေ့ရ၊ ဒီမှာကြားရ၊ အားလုံးသိကြပြီးသားပါ၊ အရေးကြီးတဲ့ အချက်ပါ၊ ဒါဖြင့် ဒီပုဂ္ဂိုလ်လေးတွေကို တသက်လုံးဘဲ ဒကာ ဒကာမ ဆရာသမားတွေက ပစ္စည်းလေးပါး ထောက်ပံ့ရမလား-ဆိုတော့ 'အပရဘာဂေ တံ အလဘန္တာပိ'၊ နောက် အခါ အသက်အရွယ်ကြီးရင့်လာတော့ ဒီအထောက်အပံ့တွေ မပေးပေမယ့်လို့ သူတို့ မရပေမယ့်လို့ 'သာသနေ ပဋိဋ္ဌဟန္တိ' သာသနာ တည်တံ့နိုင်ပါပြီ-တဲ့။

ဘာနဲ့တုံး....၊ 'တေနေဝ ပုရိမာနုဂ္ဂဟေန လဒ္ဓဗလာ' တဲ့၊ ခုနက ငယ်ရွယ်တဲ့ အချိန်အခါက ဆရာသမား ဒကာ ဒကာမတို့က ချီမြှောက် ထောက်ပံ့ပေးထားတဲ့ အရှိန်နဲ့ အားအင်တွေ ပြည့်စုံပြီးတော့ သာသနာတော်၌ တည်တံ့နိုင်ပါပြီ၊ တိုးတက် ကြီးပွါးနိုင်ပါပြီလို့ အဋ္ဌကထာဆရာက ဒီလိုဆိုထားပါတယ်၊ အဲဒီအဋ္ဌကထာစကားသည် ခုနက မြတ်စွာဗုဒ္ဓ ရည်ရွယ်သော ပါဠိတော်နှင့် ငယ်ရွယ်တဲ့သူလေးတွေ ချီးမြှောက်တဲ့နေရာ တထပ်ထည်းသွားတူနေပါတယ်....။

ဂုဏာနုဂ္ဂဟ။ ။နည်းနည်း နောက်ထပ် ပြောလိုတာကတော့-ခုနကတုန်းက ဆရာတော်ဘုရားကြီးတွေရဲ့ ဩဝါဒအတိုင်း အင်မတန်အရေးကြီးတဲ့ အချိန်ဖြစ်နေတယ်။

ဘုန်းကြီး ဂုဏာနုဂ္ဂဟ အနေနဲ့ နည်းနည်းပြောချင်တာကဟော့ ခုလို ပရိယတ္တိ စာပေကျမ်းဂန်တွေ ဗဟုသုတကြွယ်ဝအောင် အားထုတ်ဘို့ဆိုတာလဲ မလွယ်လှပါဘူး၊ မလွယ်လှသလောက် သာသနာတော်၌ အလွန်လည်းဂုဏ်ရောက်ကြပါတယ်၊ ဒီကနေ့-တိပိဋကဓရ၊ ဝိနယဓရ၊ ဝိနယကောဝိဒ၊ ဒီလို ပုဂ္ဂိုလ်လေးတွေ သာသနာတော်မှာ စာချ ပုဂ္ဂိုလ်တွေဖြစ်နေလျှင် ဘုန်းကြီးတို့ သာသနာကြီးဟာ အင်မတန် တိုးတက်ကောင်းမွန်နေပါတယ်၊ စာချပုဂ္ဂိုလ်တွေ ရှားသွားရင် သာသနာ ကွယ်မှာ တချက်ပါ။

⁂ စာချသူရှား၊ ခိုက်ရန်ပွား၊ ငါးပါး သာသနာ ကွယ်ကြောင်းတည်း။

ဒါ့ကြောင့် ဒီကနေ့-နိကာယဘာဏက စာမေးပွဲကြီးကလဲ တိုတိုပြောရလျှင်-စာချသူရဲကောင်း၊ စာချထိပ်သီး၊ စာချအာဇာနည်ကလေးတွေ ရွေးထုတ်တဲ့ပွဲကြီးပါ၊ ဒီရည်ရွယ်ချက်က ကျေးဇူးရှင် မစိုးရိမ်ဆရာတော်ဘုရားကြီး ဆောင်ရွက်ပြီး အားပေးတဲ့အတိုင်း

အောင်မြင်အထမြောက်ခြင်းသို့ ရောက်တန်သလောက် ရောက်လာပါပြီ၊ ရှေ့ကို မျှော်လင့်ချက် အားတက်စရာ တော်တော်ကောင်းပါတယ်၊ ဒါ့ကြောင့် ပါသာဒိကသုတ် ပါဠိတော်မှာ-ဒီကနေ့လို ပရိယတ်တတ်မြောက်နေတဲ့ စာတတ် ပေတတ် အနက်အဓိပ္ပါယ်တွေ သိမြင်လို့ သဒ္ဒါရေးရာတွေ သိမြင်လိမ်မာလို့ ပြည့်စုံနေတဲ့ အရှင်ကောင်း အရှင်မြတ် သီတင်းသုံးဖော်ကို "အကြင်ငါတို့သည် တွေ့ကြုံ ဖူးမြင်ခွင့် ရကြကုန်၏၊ ထို ငါတို့ကား အရတော်လိုက်လေစွ၊ ထိုငါတို့အား လူ့အဖြစ်ကို ကောင်းစွာလှလှ ရအပ်ပေစွ" ဤသို့ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြကုန်ရာ၏-ဟု ဗုဒ္ဓ မြတ်စွာသည် ပါသာဒိကသုတ်၌ ဟောတော်မူပါသည်။

## ပရိယတ္တိကျွမ်းကျင်သူများ ဗရားမည်ပုံ

သုတ်ပါထေယျ ပါဠိတော်၏ အဖွင့် အဋ္ဌကထာ (နှာ-၉၆)၌ ဆက်လက်ပြီးတော့ ချီးမွမ်း ချီးကျူးထားပုံ အင်မတန် ဝမ်းမြောက်စရာ ကောင်းပါတယ်။

> ဧဝံ ဧတံ ဘိက္ခုံ ပသံသထ။ သော ဟိ ဘိက္ခု န တုမှာကံ သာဝကော နာမ၊ ဗုဒ္ဓေါ နာမ စုန္ဒာ-တိ။

အဋ္ဌကထာဆရာက-ဧတံ ဘိက္ခုံ၊ ပရိယတ္တိတရား၌ များသော အမှတ်အသား အကြားအမြင် ဗဟုသုတရှိသော ရဟန်းကို။ ဝါ-ဧတံ ဘိက္ခုံ၊ ပိဋကသုံးဖြာ ဋ္ဌကထာနှင့် ဋီကာမစု အနုစပ္ပ အစုစု၌ သုတသန ဗဟုသုတရှိသော ရဟန်းတော်ကို။ ဝါ-စာတတ် ပေတတ် ကျမ်းတတ်အကျော် ပိဋကတ်အမော် ထို ရဟန်းတော်ကို။ ဧဝံ၊ ဤနည်း ဤပုံ ဤသို့။ တုမှေ၊ နှလုံးပျော့ပြောင်း သင်သူတော်ကောင်း အပေါင်းတို့သည်။ ပသံသထ၊ ညီညာဝိုင်းအုံ စုပေါင်းဆုံ၍ ဂုဏ်ရောင်လွှမ်းအောင် ချီးမွမ်းကြပါကုန်။ အဋ္ဌကထာဆရာ တိုက်တွန်းတဲ့ စကားလေးနော်။

ဒီလို ပရိယတ် စာတတ် ပေတတ် ကျမ်းတတ် အကျော် အမော်ဖြစ်တဲ့ အာဇာနည် ထိပ်သီးဖြစ်သော အရှင်မြတ်တို့ကို ညီညာဝိုင်းဝန်း အားပေးတဲ့ အနေနဲ့ ချီးမွမ်းကြစမ်းပါလို့ ပြောပါတယ်၊ ဒါဖြင့် အဋ္ဌကထာ ဆရာကို-ကိန္တိ၊ ဘယ်နည်း ဘယ်ပုံ ချီးမွမ်းကြရပါကုန် အံ့နည်း။ ဟိ၊ ချီးမွမ်းစကား ဆက်ကာကြားအံ့။ သော ဘိက္ခု၊ပရိယတ္တိ ဝိသာရဒ ဂန္ထန္တရ ဗဟုသုတ ကြွယ်ဝလှသော ထိုရဟန်းသည်။ ဝါ-စာတတ်ပေတတ် ကျမ်းတတ် အကျော် ထိုရဟန်းတော်သည်။စုန္ဒ၊ ချစ်သား စုန္ဒ။တုမှာကံ၊ သင်ချစ်သားတို့၏။ န သာဝကော နာမ၊ တပည့်သာဝက မမည်ပေ။ ဧသ သော၊ ပိဋကသုံးဖြာ ဋ္ဌကထာနှင့် ဋီကာမစု အနုစပ္ပ အစုစု၌ သုတေသန ဗဟုသုတ ကြွယ်ဝသော ထို ရဟန်းသည်။ ဗုဒ္ဓေါ နာမ၊ ဗရားပင် မည် လေတော့၏။ ဣတိ၊ ဤနည်း ဤပုံ။ ပသံသထ၊ ချီးမွမ်းကြပါကုန်။

အဋ္ဌကထာဆရာက ချီးမွမ်း ချီးကျူးပြထားတဲ့ စကားပါဘဲ၊ ပရိယတ္တိ ပိဋကတ် သုံးပုံတွေ ဆောင်လို့၊ သင်အံလေ့ကျက်လို့၊ အဓိပ္ပါယ်တွေ ဖြန်းဖြန်းကွဲဖြေလို့၊ ရဲရဲတောက် အာဇာနည်ထိပ်သီး၊ အဲဒီလို ပုဂ္ဂိုလ်လေးတွေဟာ "ချစ်သား စုန္ဒ-သင်ချစ်သားတို့ရဲ့ တပည့် သာဝက မဟုတ်ပါဘူး၊ ငါဗရားပါ"တဲ့။

ဣတိ ဘဂဝါ ဗဟုသုတံ ဘိက္ခုံ အတ္တနော ဌာနေ ဌပေသိ။

ဣတိ၊ ဤသို့။ ဘဂဝါ၊ ဘုန်းတော်ခြောက်ပါးသခင် ဗုဒ္ဓမြတ်စွာ ကိုယ်တော်မြတ်ကြီး သည်။ ဗဟုသုတံ၊ ဂန္ထန္တရ ဗဟုသုတ ကြွယ်ဝသော။ ဘိက္ခုံ၊ ရဟန်းတော်ကို။ အတ္တနော၊ ကိုယ်တော်မြတ်၏။ ဌာနေ၊ အရာဌာန၌။ ဌပေသိ၊ ချီးမွမ်းမြှောက်စား ကရုဏာအားဖြင့် ထားတော်မူခဲ့ပေ၏။ (သုတ်ပါထေယျ-ဋ္ဌ၊ နှာ-၉၆)

မှတ်ချက်။ ။ဤအရာ၌-သမ္မာသမ္ဗုဒ္ဓ၊ ပစ္စေကဗုဒ္ဓ၊ စတုသစ္စဗုဒ္ဓ၊ သုတဗုဒ္ဓ၊ ဟူသော ဗုဒ္ဓ လေးမျိုးတို့တွင် သုတဗုဒ္ဓဟူလို။

ဘယ်လောက်ကောင်းသလဲ၊ ဘုန်းကြီးတို့ မြတ်စွာဗုဒ္ဓရှင် ကိုယ်တော်မြတ်ကြီးက ဒီလိုပရိယတ် စာပေကျမ်းဂန် ဗဟုသုတ ကြွယ်ဝတဲ့ ပုဂ္ဂိုလ်ကို "ငါဗုဒ္ဓဘဲ" လို့ ဆိုပြီးတော့ ဗုဒ္ဓအရာမှာ ထားခဲ့ကြောင်း သုတ်ပါထေယျ အဋ္ဌကထာ ဆရာ ဖွင့်ပြပါတယ်၊ ဒီတော့ ဋီကာ ဆရာက-ဘာပြုလို့ မြတ်စွာဗုဒ္ဓသည် ဒီလောက်တောင် ကိုယ်တော့် အရာထား မြှောက်စားပါသလဲလို့ အကြောင်းနှစ်ချက်နှင့် ရှေ့နေလိုက်လာပြန်တယ်။

ပရိယတ္တိဓမ္မော သတ္ထုကိစ္စကရဏတော တတ္ထ စသာ သမ္မဒေဝ အဝဋ္ဌိတ-ဘာဝတော ဗုဒ္ဓေါ နာမ သော-တိ ဝုတ္တော။ (ဋင်းဋီ-နှာ-၉၁)

ပရိယတ္တိဓမ္မော၊ ရှင်ရဟန်းများ ဟန်ပန်အားဖြင့် သင်ကြားအားထုတ်နေတဲ့ ပရိယတ္တိဓမ္မ၏။ သတ္ထုကိစ္စကရဏတော စ၊ မြတ်စွာဗုဒ္ဓ၏ ကိစ္စအရပ်ရပ်ကို ပြုတတ် ဆောင်ရွက်တတ်သောကြောင့်ရင်း။ တတ္ထ၊ ဗုဒ္ဓကိစ္စ ပြုလုပ်ဆောင်ရွက်တတ်ငြား ထိုပရိယတ်တရား၌။ အဿ၊ ထို ဗဟုသုတ ကြွယ်ဝသော ရဟန်း၏။ သမ္မဒေဝ၊ ကောင်းစွာသာလျှင်။ အဝဋ္ဌိတဘာဝတော စ၊ တည်ရာ၏အဖြစ်ကြောင့်ရင်း။ သော ဗုဒ္ဓေါ နာမာ-တိ၊ သော ဗုဒ္ဓေါ နာမ-ဟူ၍။ အာစရိယေဟိ၊ အဋ္ဌကထာဆရာတို့သည်။ ဝုတ္တော၊ မိန့်ဆိုအပ်လေပြီ။

ပရိယတ္တိဓမ္မဟာ မြတ်စွာဗုဒ္ဓရဲ့ ထိုထို ကိစ္စတွေ ဆောင်ရွက်နိုင်ပါတယ်၊ ဆောင် ရွက်မှုပြုနိုင်ပါတယ်-တချက်။

အဲဒီ ပရိယတ္တိဓမ္မ ကိုယ်ဝယ်ဆင်မြန်းနေတဲ့ ရဟန်းဟာ ပရိယတ်တရား၌ ကောင်းစွာ တည်မှုနေပါတယ်-တချက်။

အဲဒီ အကြောင်းနှစ်ချက်ကြောင့် မြတ်စွာဗုဒ္ဓရှင် ကိုယ်တော်မြတ်သည် ထိုပရိယတ္တိ ကျမ်းဂန်တတ်တဲ့ ပုဂ္ဂိုလ်ဟာ ငါဗုဒ္ဓဘဲလို့ ချီးကျူးကြောင်း ဋီကာဆရာက အကြောင်း နှစ်ချက်ဖြင့် ဖွင့်ဆိုထားပါတယ်၊ အင်မတန် ဝမ်းမြောက်စရာ ကြည်ညိုလေးစားစရာ ကောင်းပါတယ်၊ အဲဒီလို ဋီကာဆရာရဲ့ အကြောင်းနှစ်ချက်ပြတဲ့ အတိုင်းဘဲ ဒီကနေ့ ဒကာ ဒကာမ သီလဝန္တ ကိုယ်ပိုင်သားစု အဓိကအားဖြင့် ဝိနည်း ပိဋကတ်တော်တွေ ပူဇော်လိုက်တဲ့ ကိစ္စဟာ—

> မယိ ပရိနိဗ္ဗုတေ၊ ငါဘုရား ပရိနိဗ္ဗာန်စံခဲ့လျှင်။ သကလမ္ပိ ဝိနယပိဋကံ၊ အလုံးစုံလည်းဖြစ်သော ဝိနည်း ပိဋကတ်တော်သည်။ တုမှာကံ၊သင်ချစ်သား တို့၏။ သတ္ထုကိစ္စံ၊ ဆရာ ဗုဒ္ဓရားရဲ့ကိစ္စကို။ သာဓေဿတိ၊ ဆောင်ရွက်ပြီးစီး စေလိမ့်အံ့–

လို့ အဋ္ဌကထာဆရာက ဖွင့်ဆိုထားပါတယ်၊ ငါဘုရား ပရိနိဗ္ဗာန်စံသွားရင် ဝိနည်း ပိဋကတ်ဟာ သင်ချစ်သားတို့ရဲ့ ဘုရားကိစ္စ,ဆရာကိစ္စ ဆောင်ရွက်ပြီးစီးစေလိမ့်မယ်ဆိုတာ ဘာ့ကြောင့်လဲ-ဟု(သီဋီသစ်-ပ-နှာ-၄၄+၄၅)၌ ဋီကာဆရာက....

> ဣဒံ ဝေါ ကတ္တဗ္ဗံ၊ ဣဒံ ဝေါ န ကတ္တဗ္ဗန္တိ၊ ကတ္တဗ္ဗာကတ္တဗ္ဗဿ ဝိဘာဂေန အနုသာသနတော....

ဟု....အကြောင်းပြပါတယ်။

အခိပ္ပါယ်က-သင် ချစ်သားတို့သည် ဤအမှုကို ပြုသင့်တယ်၊ ပြုရမယ်၊ ဤအမှုကို သင်ချစ်သားတို့ မပြုနဲ့ မလုပ်နဲ့၊ အဲဒီလို ပြုသင့် ပြုထိုက်တာ,မပြုသင့် မပြုထိုက်တာကို ဝိနည်း ပိဋကတ်တော်က အဆုံးအမ ပေးသောကြောင့် ဝိနည်း ပိဋကတ်သည် ဆရာဘုရားရဲ့ကိစ္စကို ပြီးစီးအောင်မြင်ပါတယ်တဲ့။

ထိုမှတပါး "ချစ်သား အာနန္ဒာ-ငါဘုရားသည် သုတ်, အဘိဓမ္မာကိုလည်း ဟော တော်မူအပ်ပြီ၊ ဝိနည်းတော်ကိုလည်း ပညတ်အပ်ပြီ၊ထို သုတ်,အဘိဓမ္မာ,ဝိနည်းသည် ငါဘုရား ပရိနိဗ္ဗာန်စံပျော်သောအခါ၌ သင်ချစ်သားတို့ရဲ့ ဆရာဘုရား ဖြစ်ရစ်လိမ့်မည်" ဟု ဗုဒ္ဓ မြတ်စွာ ဟောတော်မူသည်ကိုလည်း အများအသိပင် ဖြစ်ပါသည်။

ကျောင်းဆောက်ပြီးသော ကျောင်းဒကာ ကျောင်းဒကာမတို့သည် စာပေကျမ်းဂန် ပရိယတ်တတ်မြောက်သော ပုဂ္ဂိုလ်ကိုသာ မိမိတို့ကျောင်း၌ တင်ထားကိုးကွယ်ရမည်-ဟု စူဠဝါ ပါဠိတော်၌ ဗုဒ္ဓမြတ်စွာ ဟောတော်မူပါသည်၊ ထိုကဲ့သို့ ကျမ်းတတ်ပေတတ် စာချ ပုဂ္ဂိုလ်ရှားပါးလျှင် သာသနာကွယ်ကြောင်းတရပ် ဖြစ်ကြောင်းကိုလည်း အင်္ဂုတ္တိုရ် ပါဠိ တော်၌ ဘုရားဟောတော်မူပါသည်၊ ဤဆိုအပ်ပြီးသည်ကား စာအောင် အရှင်သုံးပါး တို့အား ဂုဏာနုဂ္ဂဟအားဖြင့် ပြောကြားခြင်း ပြီးဆုံးပါပြီ။

## ရှေးဆရာတော်ဘုရားကြီးများ အဆက်ဆက်တို့၏ ဩဝါဒဖြင့် ညွှန်ပြ သတိပေးပုံ

ရွှေကျင် ဆရာတော်ကြီး ဩဝါဒ။ ။ရှေး ဆရာတော်ကြီးတွေရဲ့ အဆုံးအမ ဩဝါဒကို ယုံကြည်ယုံကြည်ရှိသွင်လုပ်ရှိသွင်ရှိသော ယုံကြည်ခံ ယုံကြည်ယုံကြည်ရှိသည် ယုံယုံကြည်ကြည်တို့ ယယ်ရှုယ်တဲ့ ပုဂ္ဂိုလ်လေးများဖြစ်၍ ဩဝါဒါနုဂ္ဂဟ (ဓမ္မာနုဂ္ဂဟ)အနေအားဖြင့် နည်းလမ်းညွှန်ပြချင်ပါတယ်၊ ဘုန်းကြီးတို့ ရွှေကျင်ဆရာတော် ဘုရားကြီးက ဘယ်လို ဆုံးမထားသလဲ။

* စာမတတ်မူ၊ အခေါက်ထူ၊ လူထဲ ရှင်ထဲ သုံးမကျ။
* စာတတ်ပြန်လျှင်၊ စိတ်ကြီးဝင်၊ လူမြင်တိုင်းက အော့ချင်ကြ။
* သို့ မဖြစ်အောင်၊ သတိဆောင်၊ အမောင်ခဲပါမှ။

ကောင်းလိုက်တာ-လေးစားစွာ မှတ်သားထားကြစေလိုပါတယ်၊ မဟာဝိသုဒ္ဓါရုံ၊ ပထမ ရွှေကျင်သာသနာပိုင် ဆရာတော်ဘုရားကြီးက 'မောရော နဝေါ ဝိရူပေါ'တဲ့၊ ဥဒေါင်းလေး များဟာ-ငယ်ငယ်ကလေးက အမွေးအတောင် မစုံခင် ကြည့်လို့ အင်မတန် အရုပ်ဆိုး ပါတယ်၊ ကြီးလာတဲ့အခါကျတော့ မြင်ကြတဲ့အတိုင်း အလွန်လှပတယ်၊ အဲဒီလို ဥဒေါင်း လေးနဲ့ တူပါစေ၊ ကြီးတဲ့အခါ လှပပါစေတဲ့၊ 'သောဏော နဝေါ အဘိရူပေါတိ'တဲ့၊ ခွေး လေးများဟာ-ငယ်ငယ်လေးက အလွန်လှပတယ်၊ ကြီးတော့ အလွန် အရုပ်ဆိုးသွားတယ်၊ မကောင်းဘူး....တဲ့။

ပြီးတော့ ဆရာတော်ဘုရားကြီးက စပါးနှံလေးဟာ အဆံ မထည့်သေးလို့ နုတဲ့အချိန် အထက်မှာ မားမားမတ်မတ်နဲ့ ထောင်တက်နေတယ်၊ အဆံရင့်တဲ့အခါ အဆံပြည့်တဲ့အခါ ကျတော့ ငိုက်ကျသွားတယ်၊ ထို့အတူ စာပေကျမ်းဂန် သင်ကြားတဲ့အခါ မိမိတို့ စိတ်ကို တက်တက်ကြွကြွ နိုးနိုးကြားကြား စပါးနှံလေး ထောင်နေသလို စိတ်ထားပြီး သင်ပါတဲ့၊ ဒါမျိုးဟာ မှဲ့ဝဲအပ်တဲ့ သေဝိတဗ္ဗ မာန်လို့လဲ ဆိုနိုင်ပါတယ်၊ စာပေကျမ်းဂန်တွေ တတ်မြောက်ပြီးတဲ့ အခါကျတော့ စပါးနှံလေး အဆံရင့်လို့ ငိုက်ကျသွားသလို မာန်မာန တွေကို နှိမ်နင်းချပစ်လိုက်ပါ၊ ဒါ-မဟာဝိသုဒ္ဓါရုံ၊ ကျေးဇူးရှင် ဆရာတော်ဘုရားကြီးရဲ့ ဩဝါဒပါ။

**ဒိပဲယင်း ဆရာတော်ကြီး ဩဝါဒ။** ။ဒုတိယ ရွှေကျင်သာသနာပိုင် ဒိပဲယင်းဆရာတော် ဘုရားကြီးက ဘုန်းကြီးတို့ မန္တလေးမြို့မှာ အရှေ့ ဝိသုဒ္ဓါရုံ၊ အနောက်ဝိသုဒ္ဓါရုံလို့ နှစ်တိုက်ရှိပါတယ်၊ အရှေ့ဝိသုဒ္ဓါရုံမှာ ရှေးဦးစွာ သိတင်း သုံးပြီးတော့ အနောက် ဝိသုဒ္ဓါရုံသို့ ကြွရောက် သိတင်းသုံးတော်မူတဲ့အခါ ထို ဒုတိယ ရွှေကျင်သာသနာပိုင် ဒိပဲယင်း ဆရာတော်ဘုရားကြီးက "ဒို့ အရှေ့ ဝိသုဒ္ဓါရုံက ကိုယ်တော် လေးတွေကြည့်ရတာ ဣန္ဒြေသိက္ခာနဲ့ တယ်ကြည်ညိုစရာကောင်းတယ်၊ ဒို့ အနောက်တိုက် ကျတော့ ကိုယ်တော်လေးတွေကို ကြည့်လိုက်တဲ့အခါ ခေါင်းကလေး မော့တော့ မော့တော့၊ ခြေကလေး ကြွတာ, ကြွတာနဲ့ ဒီလိုတွေ့ရတယ်"တဲ့၊ ဘယ်အခါမှ ခေါင်းကလေး မော့၍ ခြေကလေးမကြွပါနှင့်လို့ လေးလေးစားစား သတိပေးတောင်းပန်ပါတယ်။

**အလုံဆရာတော်ကြီး ဩဝါဒ။** ။တတိယ ရွှေကျင်သာသနာပိုင် အလုံဆရာတော် ဘုရား ကြီးသည် ကမ်ဘ်အဋ္ဌကထာ ပို့ချ၍ ဘုန်းကြီးများ စာလိုက် ရင်းအခါ ဘာအမိန့်ရှိသလဲ၊ "ကျုပ်တို့ဟာ ငယ်ငယ်ကလေးတွေ ဘွားကျောင်းထိုင်မို့လို့ စာမတတ်ဘူးဗျ" လို့ မိန့်တော်မူပါတယ်၊ ဒါနဲ့ ဘုန်းကြီးတို့က အောက်မေ့တယ်၊ ဆရာ

တော်ကြီးဟာ လေးဝါ, ငါးဝါနဲ့များ ကျောင်းထိုင်သလားလို့၊ ဆရာတော်ကြီးက ဆက်ပြီးတော့ "ကျုပ်ကျောင်းထိုင်တုန်းက (၁၅) ဝါ ရသေးတယ်" လို့ မိန့်တော်မူပါတယ်။

**လယ်တီဆရာတော်ကြီး ဩဝါဒ။** ။လယ်တီဆရာတော် ဗရားကြီးက "ဆရာ အခွါစော ငါတကောကောသည်၊ မိသော ဘသော နားမလည်တယ်"စသည်ဖြင့် အဆုံးအမ ဩဝါဒ ပေးတော်မူပါတယ်၊ ထို ဆရာတော် ဗရားကြီး နှစ်ပါးရဲ့ ဩဝါဒ စကားကို ထောက်ထား၍ ငယ်ငယ် ရွယ်ရွယ် အခါများ၌ ကျောင်း မထိုင်မိကြရအောင် သတိရှိကြစေလိုပါတယ်။

ထို့ အပြင်—

* ဆယ်ဝါပြည့်တင်း၊ ဝိဘင်းနှစ်ဖြာ၊ ကမ္မာကမ္မ၊
ခန္ဓကပုဒ်၊ နာမ်ရုပ်ပိုင်ပိုင်၊ ဟောပြနိုင်၊
ကျောင်းထိုင် ငါးအင်္ဂါ—

ကိုလည်း အထူးဂရုပြုစေလိုပါတယ်။

အဲဒါကြောင့် အရှင်ဗရားတို့ကို အလွန် ထက်သန်ကြီးမားတဲ့ စေတနာနဲ့'သာသနာတော်ကြီးမှာ တနေ့ ထိပ်သီး ပုဂ္ဂိုလ်ကြီးတွေ ဖြစ်ပြီးတော့ အလွန် အဆင့်အတန်း မြင့်မားလာပါလိမ့်မယ်'-လို့ ရည်ရွယ်ချက် မျှော်လင့်ချက်နဲ့ တပည့်တော်က အထပ်ထပ် သတိပေးရခြင်းဖြစ်ပါတယ်၊ ယခု တိပိဋကဓရနှင့်တကွ အရှင်ဗရား သုံးပါးတို့မှာ အင်မတန် ငယ်ကြပါသေးတယ်၊ ပြီးတော့ ခုနက သာသနာပိုင် မြောင်းမြဆရာတော်ဗရားကြီးက လူတော်တော့ ဖြစ်ကြပြီ၊ လူကောင်းဖြစ်ကြဘို့ လိုပါသေးတယ်-လို့ မကြာခဏ ဩဝါဒ ပေးတော်မူလေ့ရှိပါတယ်။

ဤမှ တပါး 'မိမိက ဂုဏ်ကိုချစ်လျှင် မကောင်း၊ ဂုဏ်က မိမိကို ချစ်လျှင် ကောင်းသည်'-ဟူသော ဩဝါဒ စကားကိုလည်း လေးစားစွာ မှတ်သား နှလုံးထား၍ ဂုဏ်နှင့်လည်း မကင်း စ ကောင်းသောကြောင့် မိမိတို့ သန္တာန်၌ မရရှိသေးသော ဂုဏ်ထူး ဝိသေသများကို ရရှိဘို့ရာ လွယ်ကူလှပါ၏၊ မိမိတို့ ရရှိအပ်ပြီးသော ထို ဂုဏ်ကို မတိမ်းမစောင်းအောင် ထိန်းကျောင်း ကောင်းစွာ စောင့်ရှောက်ဘို့ရန် ခဲယဉ်းလှပါ၏၊ ဤသို့ အဋ္ဌကထာဆရာ၏ ဩဝါဒ လာရှိသည်ကို မိမိတို့ ထိပ်ထက်၌ မယ်န သံမိုဖြင့် နှက်သကဲ့သို့ လေးလေး နက်နက် နှလုံးသွင်းလျက် မှတ်သားကြစေလိုပါသည်။

**ဆရာတော်ဦးဝိစိတ္တကို အတုယူ။** ။ယခု မျက်မှောက်၌ ရောက်ရှိနေတော်မူသော အရှင်ဗရားသုံးပါးတို့၏ နောင်တော်ကြီး အစစ် ဖြစ်သော တိပိဋက ဆရာတော်ဗရား၏ –

၁။ အရာရာ သဘောထားကြီးမားတော်မူ၍ သည်းခံတော်မူပုံ။

၂။ ပေးကမ်းလှူဒါန်းတော်မူရာ၌ ရက်ရောတော်မူပုံ။

၃။ နေရေး ထိုင်ရေး။

၄။ တရားဓမ္မတို့ကို ဟောရေး ပြောရေး။

၅။ ဒကာ ဒကာမမျှားနှင့် ဆက်ဆံရေး။

၆။ အထူးအားဖြင့် ဆရာသမား သိတင်းသုံးဖော်များနှင့် ဆက်ဆံရာ၌ ထူးကဲသော နိဝါတ, နိမာန ထားရှိပုံမှ စ၍ အရာရာကို နည်းယူစေလိုပါတယ်၊ နည်းခိုးစေလိုပါတယ်။

ပြောင်းပြဆရာတော်ကြီး ဩဝါဒ။ ။တနေ့က မြောင်းမြဆရာတော်ကြီးနှင့် စပ်မိစပ်ရာ ပြောတော့ "ခုရောက်ရှိတော်မူတဲ့ အဘိဓဇ မဟာရဋ္ဌဂုရု ဆရာတော်ဘုရားကြီးကို ဒို့သိပ်ကြည်ညိုတာဘဲကွာ၊ ပြီးတော့ ဘယ်ဆရာတော်ကြီးကိုလဲ ဒို့ ကြည်ညိုတာဘဲ၊ ပိုပြီးတော့ ကြည်ညိုတာကတော့ တိပိဋကဦးဝိစိတ္တ" ပါ-တဲ့၊ဆရာတော်ကြီးက အမိန့်ရှိတယ်၊ ဘာပြုလဲဆိုတော့ "စိတ်ကောင်း နှလုံးကောင်း အလွန်ရှိတယ်၊ နိဝါတ, နိမာန ဂုဏ်နှင့်လဲ အလွန်ပြည့်စုံတယ်-တဲ့။ မအူပင် ဓမ္မာရုံကျောင်း ဝိနည်းစာပြန်ပွဲ၌ တရားဟောသွားတာ ပင်ပန်းတာတွေ ဘာတွေ ဘာမျှမပြောဘူး၊ တရားသားချည်း သက်သက် ဟောသွားလိုက်တာ ငါဖြင့် ကြည်ညိုလို့ မဆုံးဘူးကွာ" ဟူ၍ မြောင်းမြ ဆရာတော်ကြီးက ဘုန်းကြီးကို အမိန့်ရှိလိုက်ပါတယ်၊ ဘုန်းကြီးတို့ သာသနာမှာ အင်မတန် အသက်တန်းရှည်ပါစေ-လို့ ဆုတောင်းပါတယ်၊ ပရိယာယ် မဟုတ်ပါဘူး၊ ကြည်ညိုလို့ မဆုံးပါဘူး။

ကဲ ဒါဖြင့်ရင်-စကားတွေ စုံသွားပါပြီ၊ ဒကာကြီး ဦးဉာဏ်က ဘုန်းကြီးကို ဩဝါဒ ပေးဘို့ လျှောက်ထားတော့ တိပိဋက ဆရာတော် အပါသွားဘဲလို့ ပြောလိုက်ပါသေးတယ်၊ ဒကာကြီး ဦးဉာဏ်က "အရှင်ဘုရား တပည့် တိပိဋက ဦးသုမင်္ဂလလဲ ပါရှိနေလို့ ဩဝါဒ ပေးပါအုံး"-လို့ ထပ်မံ လျှောက်ထား ပြန်တဲ့အတွက် အနည်းငယ်မျှ ဟောရ ပြောရ ပါတယ်၊ ဤတွင် ဩဝါဒါ နုဂ္ဂဟ (ဓမ္မာနုဂ္ဂဟ)အနေနဲ့ ပြောဆို ပြီးဆုံးပါပြီ၊ အနည်းငယ် ဆက်ပြီ·တော့ တရားနိဂုံးအုပ်ပါတော့မယ်။ ...

## (နိဂုံးအုပ်)

ဒီကနေ့ ဒကာဉာဏ် အမှူးရှိတဲ့ မိသားစုတို့ ပူဇော်ရခြင်းသည် တကယ် ပရိယတ် တတ်မြောက် ကျွမ်းကျင်တဲ့ ပုဂ္ဂိုလ်တွေကို ဗုဒ္ဓကိုယ်စားထားခဲ့တော့ ဗုဒ္ဓရတနာကိုလဲ လှူရပါတယ်၊ အားလုံးသိပြီးသား ဖြစ်ကြပါလိမ့်မယ်၊ ပုဏ္ဏားကြီးတယောက်က ဗုဒ္ဓရတနာကိုတော့ ပူဇော်ရတာ ကျေနပ်ပါပြီ၊ သံဃာရတနာကိုလဲ ပူဇော်ရတာ အားရဝမ်းသာ

ကျေနပ်ပါပြီ၊ တရား ရတနာကို ဘယ်လို ပူဇော်ရပါမလဲ-လို့ အကြံဖြစ်ပြီး ဗရားသွား လျှောက်တော့ ''ပုဏ္ဏားကြီး - တရားရတနာကို ပူဇော်ချင်ရင် ဗဟုသုတရှိတဲ့ ပုဂ္ဂိုလ်ကို ပူဇော်''-လို့ ပြောတဲ့အခါ၊ ပုဏ္ဏားကြီးက ''ညွှန်ကြားပါဗုရား''-ဟု လျှောက်ထားတော့၊ မြတ်စွာဗုရားက ''သံဃာ့ထံသို့ သွားလေ''ဟု အမိန့်ရှိသဖြင့် သံဃာတော်က ရှင်အာနန္ဒာကို ညွှန်လိုက်ပါတယ်၊ ထိုအခါ-အလွန်ဗဟုသုတနှင့် ပြည့်စုံသော ရှင်အာနန္ဒာအား တထောင် ထိုက်သော တိစီဝရိက်ဖြင့် လှူဒါန်းပါတယ်။

**အမြတ်ဆုံးကုသိုလ်။** ။ဒီကနေ့ ကောက်နုတ်ချက် ဂါထာလိုက်ရင် ဒကာဒကာမတို့ လှူရတာဟာ ဗုရားကို လှူရတာနှင့်လဲ တူတယ်၊ တရား ရတနာလဲ ပူဇော်ရပါပြီ၊ သံဃာရတနာလဲ ပူဇော်ရ, လှူရပါပြီ၊ ဒါဖြင့်- ဒီဗုရား, တရား, သံဃာဆိုတဲ့ လောကုတ္တရာ ရတနာသုံးပါးဟာ လောကီ ရတနာတို့နှင့် နှိုင်းယှဉ် တိုင်းတာလို့မရအောင် အလွန်မြင့်မြတ် ပါတယ်၊ စိန် ရွှေ ငွေ-စတဲ့ လောကီရတနာတွေကတော့ ဒီတဘဝတွက်တာသာ အကျိုးရှိတာမို့ မြတ်တယ်လို့မဆိုရပါဘူး၊ အဲ-ခု ဗုရား, တရား, သံဃာဆိုတဲ့ လောကုတ္တရာ ရတနာတွေကတော့ နိဗ္ဗာန်ရသည်အထိ ကေန် အကျိုးရှိတာ အမှန်ဖြစ်သောကြောင့် အမြတ်ဆုံးလို့ ဆိုရပါတယ်။

အဲဒီ အမြတ်ဆုံးဖြစ်တဲ့ ရတနာ သုံးပါး၌ ဒီကနေ့လို လှူရ ဒါန်းရတဲ့ ပုဂ္ဂိုလ်တို့ရဲ့ သန္တာန်မှာ အမြတ်ဆုံးကုသိုလ်တွေ ရကြပါတယ်၊ အမြတ်ဆုံး ကုသိုလ်တွေ ဖြစ်ကြပါတယ်၊ ထိုအမြတ်ဆုံးကုသိုလ်တွေကြောင့် သံသရာအဆက်ဆက် ဘဝအဆက်ဆက်တို့မှာ အမြတ်ဆုံး ဖြစ်သော အသက်ရှည်ခြင်းနှင့် ပြည့်စုံမယ်၊ အမြတ်ဆုံးဖြစ်သော အဆင်းလှခြင်းနှင့် ပြည့်စုံ မယ်၊ အမြတ်ဆုံးဖြစ်သော အခြံအရံတွေနှင့် ပြည့်စုံမယ်၊ အမြတ်ဆုံးဖြစ်သော ကျော်စောမှု တွေနှင့် ပြည့်စုံမယ်၊ အမြတ်ဆုံးဖြစ်သော ချမ်းသာသုခနှင့် ပြည့်စုံမယ်၊ အမြတ်ဆုံးဖြစ်သော ခွန်အားဗလနှင့်ပြည့်စုံမယ်-လို့ မြတ်စွာဗုရားက အင်္ဂုတ္တိုရ် ပါဠိတော် (အံ၊ ပါ၊ ပဉ္စက၊ နှာ- ၃၀) မှာ ဟောထားပါတယ်၊ ဒီ ဂါထာ ရွတ်ပြီး ဘုန်းကြီး နိဂုံးချုပ်ပါမယ်....။

> အဂ္ဂသ္မိံ ဒါနံ ဒဒတံ၊ အဂ္ဂံ ပုညံ ပဝဍ္ဎတိ။
> အဂ္ဂံ အာယု စ ဝဏ္ဏော စ၊ ယသော ကိတ္တိ သုခံ ဗလံ။

အဂ္ဂသ္မိံ၊ လောကဓာတ်လုံးတွင် အမြတ်ဆုံးဖြစ်သော ရတနာသုံးပါး၌။ ဒါနံ၊ ယခုလို အလှူဒါနကို။ ဒဒတံ-ဒဒန္တာနံ၊ ပေးလှူပူဇော်ကြသော သူတော်ကောင်း အပေါင်း တို့အား။ အဂ္ဂံ၊ အမြတ်ဆုံးဖြစ်သော။ ပုညံ၊ ကောင်းမှုကုသိုလ်သည်။ ဝါ - ကောင်းမှု ကုသိုလ်၏ အကျိုးသည်။ ပဝဍ္ဎတိ၊ တိုးပွါးလို့ နေ လေ တော့၏။ အဂ္ဂံ၊ ဖြစ်လေရာရာ သံသရာအဆက်ဆက် ဘဝအဆက်ဆက်တို့၌ အမြတ်ဆုံးဖြစ်သော။ အာယု စ၊ အသက်ရှည် ခြင်းသည်ရင်း။ အဂ္ဂေါ၊ အမြတ်ဆုံးဖြစ်သော။ ဝဏ္ဏော စ၊ အဆင်းလှခြင်းသည်ရင်း။ အဂ္ဂေါ၊ အမြတ်ဆုံးဖြစ်သော။ ယသော စ၊ အခြံအရံသည်ရင်း။ အဂ္ဂါ၊ အမြတ်ဆုံးဖြစ်သော။ ကိတ္တိ စ၊ အကျော်အစောသည်ရင်း။ အဂ္ဂံ၊ အမြတ်ဆုံးဖြစ်သော။ သုခံ စ၊ ကိုယ်စိတ်နှစ်ဖြာ

ချမ်းသာရခြင်းသည်ရင်း။ အဂ္ဂ၊ အမြတ်ဆုံးဖြစ်သော။ ဗလံစ၊ ကိုယ်အား ဉာဏ်အား ထက်သန်ကြီးမားရခြင်းသည်ရင်း။ ပဝဍ္ဎတိ၊ ဒီရေ အလား အကျိုးများအောင် တိုးပွါး လေတော့သတည်း။

အိုမှု နာမှု သေမှုတွေနှင့် လက်စမသတ် အပါယ်လေးရပ်နှင့် ဆက်စပ်နေတဲ့ လောကီ ဖြစ်သည့် အသက်ရှည်ခြင်းစတဲ့ အကျိုးတွေကိုတော့ မမျှော်လင့်မတောင့်တဘဲနှင့် ထိုထက် နှိုင်းယှဉ်လို့မရအောင် မြင့်မြတ်တဲ့ မဂ်ချမ်းသာ ဖိုလ်ချမ်းသာ နိဗ္ဗာန်ချမ်းသာဆိုတဲ့ အကျိုး တွေကိုသာ လိုလား တောင့်တကြရမယ်၊ ထိုအကျိုးတို့တွင်-မဂ်ချမ်းသာဆိုတာ မဂ်စိတ် လေးပါး နာမ်တရား၊ ဖိုလ်ချမ်းသာဆိုတာလဲ ဖိုလ်စိတ်လေးပါး နာမ်တရားဖြစ်၍ ဖြစ်မှု ပျက်မှုနှင့် မကင်းသေးပါဘူး၊ နိဗ္ဗာန်ကတော့ ဖြစ်မှု ပျက်မှုနှင့် လုံးဝ မဆက်ဆံဘဲ အငြိမ်း ဓာတ်သက်သက်သာ ဖြစ်သောကြောင့် ချမ်းသာတကာတို့၏ အထွဋ်အထိပ် အနေအားဖြင့် အလွန် အေးမြချမ်းသာပါတယ်၊ ဒါကြောင့်-မိမိတို့ သန္တာန်၌ အမြင့်မြတ်ဆုံးသော ကုသိုလ် စေတနာတော့ဖြစ်ပြီး,ရပြီး ဖြစ်သောကြောင့် အမြင့်မြတ်ဆုံးသော နိဗ္ဗာန်ကိုသာ ရပါလို၏-ဟု ဆုတောင်းကြကုန်၊ တောင်းသော ဆု အတိုင်းလည်း ရရှိကြပါစေကုန်သတည်း။

## (၄) အဆိုပါပူဇော်ပွဲ၌ တဆက်တည်း ဟောကြားတော်မူသော အဂ္ဂမဟာပဏ္ဍိတတိပိဋက ဆရာတော်ဘုရား၏ တရားတော်

### ၁။ အပူဇော်ခံ အရှင်မြတ်များကို သတိပေးသြဝါဒ မိန့်ကြားခြင်း

တိပိဋကရေ မထေရ်မြတ်, ဝိနယရေ ဝိနယကောဝိဒ အရှင်မြတ်များ မဇ္ဈိမနိကာယ်မှာ မြတ်စွာဘုရား ဟောထားသောအတိုင်း မိမိတို့သင်ကြားရသော ပရိယတ္တိ စာပေသည် ဖေါင် နှင့်တူပါတယ်။

ပရိယတ္တိ ၃-ပါး။ ။'ကုလ္လူပမံ ဝေါ ဘိက္ခဝေ ဓမ္မံ ဒေသေဿာမိ' စသည်ဖြင့် ကုလ္လူပမ ဒေသနာကို မြတ်စွာဘုရား ဟောထားခြင်းဖြစ်ပါတယ်၊ အဲဒီသုတ္တန်မှာ အဋ္ဌကထာ ဆရာတော်က စာပေပရိယတ္တိသင်ကြားခြင်း သုံးမျိုးကိုဖွင့်ပြပါတယ်၊ အရှင်တို့ ဓမ္မာစရိယဝင်တန်းက အဋ္ဌသာလိနီ အဋ္ဌကထာမှာရော ဒီဃနိကာယ်အဋ္ဌကထာမှာ ရော ဒိပရိယတ္တိသုံးပါးကို တွေ့ပြီးဖြစ်ကြပါတယ်။

၁။ ဘဏ္ဍာဂါရိက ပရိယတ္တိ=အရှင်တို့ တပည့်တော်တို့နှင့် မဆိုင်ပါဘူး၊ ရဟန္တာသခင် အရှင်မြတ်များနှင့် ဆိုင်တဲ့ ပရိယတ္တိပါ။

၂။ အလဂဒ္ဒူပမ ပရိယတ္တိ,

၃။ နိဿရဏတ္ထ ပရိယတ္တိ (၂-နှင့် ၃-ဟာ) အရှင်တို့ တပည့်တော်တို့ ယူရမည့် ပယ်ရမည့် ပရိယတ္တိ ဖြစ်ပါတယ်။

၂။ **အလဂဒ္ဒူပမ ပရိယတ္တိ** ဆိုတာ မြွေဖမ်း မလိမ္မာသော ပုဂ္ဂိုလ်ရဲ့ မြွေဖမ်းမှုနှင့် ဥပမာတူသော စာပေသင်ကြားခြင်းကို ဆိုပါတယ်၊ မြွေဖမ်း မလိမ္မာတဲ့သူဟာ မြွေကိုမဖမ်း တတ်ဘဲနဲ့ ဖမ်းရင် အဲဒီမြွေကိုက်လို့ သေသော် သေမယ်၊ မသေသော် သေလောက်အောင် ဆင်းရဲဒုက္ခသို့လဲ ရောက်ရမယ်၊ ထို့အတူ စာသင်လို့ တတ်မြောက်လာတဲ့အခါမှာ ဒီ မိမိ တတ်သိသော စာပေကို အကြောင်းပြုပြီးတော့ သက်ကြီး ဝါကြီးများကို မရိုမသေ မထေ မဲ့မြင်မှု ပြုတတ် ပြုမှား တတ်ကြပါတယ်၊ အဲဒီလို ပြုမှား ပြောမှား ကြံမှားဖြစ်ရင် မိမိ တတ်သော စာပေအတွက် အကျိုးမရဘဲ အဲဒီ စာပေတတ်မှုကို အကြောင်းပြုပြီးတော့ မဖြစ် ဘူးတဲ့ အကုသိုလ်တွေဖြစ်ပြီး အပါယ်ဒုက္ခ ရစေနိုင်ပါတယ်၊ ဒါကြောင့် အရှင်တို့ရဲ့ စာပေ သင်ခြင်းသည် သိပြီးဖြစ်သည့်အတိုင်း အလဂဒ္ဒူပမ ပရိယတ္တိမျိုး မဖြစ်အောင်သတိပြုတော် မူကြပါ။

၃။ **နိဿရဏတ္ထပရိယတ္တိ** သီလဟောတဲ့နေရာမှာ ဒီ သီလမျိုး ငါ့ သန္တာန် ရောက် အောင်ကျင့်မယ်ဟဲ့-လို့ သမာဓိဟောတဲ့ နေရာရောက်ပြန်လဲ ဒီကလာတဲ့သမာဓိကို ငါ့သန္တာန် ရောက်အောင် ကျင့်မယ်ဟဲ့၊ ပညာဟောတဲ့ နေရာရောက်ရင်လဲ ဒီစာပေကလာတဲ့ ပညာ ငါ့ သန္တာန်ရောက်အောင် ကျင့်မယ်ဟဲ့ ဆိုတဲ့-အဲဒီ ဟဲ့(၃)ပါးနဲ့ ပညာသင်၍ ဒီလို အခြေခံ ရည်သန်ချက်ရှိမှုလဲဘဲ သီလ ့သမာဓိ ့ပညာကို ဖြည့်ခြင်းဖြစ်မှာ ဖြစ်ပါတယ်၊ ဖြည့်ကျင့်နိုင် ပါတယ်၊ ဒါကြောင့် အဲဒီလို ပညာသင်ကြားမျိုးကတော့ သံသရာဝဋ်မှ ကျွတ်လွတ်ခြင်း အကျိုးရတဲ့ နိဿရဏတ္ထပရိယတ္တိ ဖြစ်ပါတယ်။

ဒီအကြောင်း အရှင်တို့လဲ သိပြီးဖြစ်ပါတယ်၊ ဒါကြောင့် အရှင်တို့၏ ပရိယတ္တိသည် အလဂဒ္ဒူပမ ပရိယတ္တိ မဟုတ်ဘဲ နိဿရဏတ္ထပရိယတ္တိ ဖြစ်ဘို့ရန် သတိပြုတော်မူကြပါလို့ ဒီလောက်ပြောရင် တထွာပြ တလံမြင်ဆိုတဲ့ အရှင်တွေမို့လို့ မြင်ပြီးသားဖြစ်နေပါပြီ။

ဒါ-အပ္ပဇော်ခံ အရှင်မြတ်များကို သတိပေး ပြောကြားခြင်း ဖြစ်ပါတယ်။

## ၂။ ဒကာ ့ဒကာမတို့အား-အားပေးစကား ဟောကြားခြင်း

သာသနာရေးအတွက် စိတ်ထဲမှာ အားငယ်ရမလို ့ဝမ်းနည်းရမလို ဖြစ်နေကြတဲ့ ဒကာ ့ဒကာမတွေအတွက် အားပေးစကား ပြောချင်ပါတယ်၊ ဘုန်းကြီးတို့ သာသနာ့ ဝန်ထမ်း ဆရာတော်များရဲ့တာဝန်ဟာ ဒကာ ့ဒကာမတွေသည် အာရုံငါးပါး ကာမဂုဏ် တရားတို့၌ လိုက်စားယစ်မူး မေ့လျော့ပြီးနေရင် ကြောက်လန့်အောင် သံဝေဂရအောင် ပြောပေးရမယ်၊ ဒကာ ့ဒကာမတွေသည် အလွန့်အလွန်ကြောက်ရွံ့ ထိပ်လန့်နေရင် အဲဒီ အထိပ်အလန့် အကြောက်အရွံ့ပြေအောင် နည်းမှန် လမ်းမှန် ညွှန်ပြ၍ အားတက်စေရပါမယ်၊ ဒီလိုဘဲ မိမိတို့ ဝတ္တရားကို နားလည်ပါတယ်။

ဒီနေ့ ဒကာ ့ဒကာမတွေသည် အာရုံငါးပါး ကာမဂုဏ်တရားတို့၌ လိုက်စားယစ်မူး မေ့လျော့ခြင်း မရှိကြသဖြင့် ထိပ်လန့်အောင် ပြောဘို့မရှိပါဘူး၊ စိတ်ထဲမှာ ဟိုလိုတွေ ဒီလို တွေး သာသနာရေးအတွက် အဖက်ဖက် တွေးပြီးတော့ စိတ်မအေးဖြစ်နေကြတဲ့ ဒကာ ့ဒကာ မတွေကို သာသနာရေးအတွက် ဒီလောက်ကြီးလဲ တွေးပူမနေကြပါနဲ့လို့ ပြောလိုပါတယ်။

အရည်အချင်းရယ်, အရေအတွက်ရယ်၊ အားလုံး သိကြပါတယ်၊ အရေအတွက် လျော့ပါးတာကို ကြည့်ပြီးတော့ အရည်အချင်းလျော့ပါး ဘိသကဲ့သို့ အောက်မေ့ရင်လဲဘဲ ဒါ ကိုယ့်အောက်မေ့ချက် မှားပါတယ်၊ သာသနာကို အမှန် ကျေးဇူးပြုတာက အရည် အချင်းက ကျေးဇူးပြုပါတယ်၊ အရေအတွက် နည်းသောအချိန်မှာ အရည်အချင်းကို အားကိုးပြီးတော့ ဘာဘဲပြောပြော သာသနာမှာ အရည်အချင်းပြည့်ဝတဲ့ အရှင်မြတ်တွေ အများကြီး ရှိသေးတယ်၊ အရှင်မြတ်တို့ရဲ့ အရည်အချင်းတွေ အများကြီးရှိသေးတယ်— ဆိုပြီးတော့ စိတ်အားတက်ကြပါ။

တနည်းအားဖြင့် ပြောလို့ရှိရင် ဒီသာသနာတော်အတွက် စိတ်ပျက်တာဟာ ဟို တဘက်က နေပြီးတော့ သာသနာတော်ကို အနှောက်အယှက် ပေးအံ့သကဲ့သို့တွေးပြီးတော့ ဒကာကြီးတွေ ပူနေခြင်းဖြစ်ပါတယ်၊ အဲဒီလို မပူလဲမပူကြပါနဲ့-လို့ ထပ်၍အားပေးပါတယ်၊ ဘာပြုလို့ မပူကြပါနဲ့လို့ ပြောရသလဲဆိုတော့ မပူဘို့အကြောင်းကို ဘုန်းကြီးပြောချင်ပါ တယ်၊ မြတ်စွာဗုရားဟာ ကိုယ်တော်ရဲ့ သာသနာကို အနှစ်ငါးထောင်တည်ဘို့ရာ, သာသနာ တည်းဟူသော တိုက်ကြီးကို တည်ဘို့ရာ-လေးသင်္ချေနှင့် ကမ္ဘာတသိန်းကြာအောင် ပါရမီ အုတ်မြစ်ကြီးတွေကို—

နိရန္တရ ဘာဝနာ၊ နိရဝသေသ ဘာဝနာ၊

သက္ကစ္စ ဘာဝနာ၊ စိရကာလ ဘာဝနာ-ဟု

ဘာဝနာလေးပါးဖြင့် ဗုရားကိုယ်တော်မြတ်ဟာ ပါရမီစာဂ စရိယ တည်းဟူသော အုတ်မြစ်ကြီးတွေကို အခိုင်အမာချပြီးတော့ တည်ခဲ့တဲ့ သာသနာတိုက်ကြီးပါ၊ အဲဒီထဲမှာ သွေးတွေကို ရေအဖြစ်ဖြင့် အသုံးပြု၍ ခုနက တိုက်ကြီးကို တည်ဆောက်ခဲ့ပါတယ်။

ဒီအကြောင်းကိုလဲဘဲ ဒကာကြီး ဦးဉာဏ် လျှောက်ထားတဲ့ စကားထဲမှာ တတိယ စာပိုဒ်အနေနှင့် မြတ်ဗုဒ္ဓရှင်တော်ဗုရားသည် မြင့်မြတ်လှသော သာသနာတော်ကြီး ဖြစ်ပေါ် လာစေရန်အတွက် လေးသင်္ချေနှင့် ကမ္ဘာတသိန်း ကာလပတ်လုံး ဘဝများစွာတို့၌ မဟာ သမုဒ္ဒရာ ရေထက်များသော ကိုယ်တော်မှ ထွက်သည့် သွေးများကို လှူခြင်း, မဟာပထဝီ မြေကြီးထက် ကြီးမားသော ကိုယ်တော်၏ အသားအသွေးတော်ကို လှူခြင်း, မဟာမြင့်မိုရ် တောင်ထက် မြင့်မောက်သော ကိုယ်တော်၏ ဦးခေါင်းအရိုးတော်များ အစုကို လှူခြင်း, အနန္တကောင်းကင်ပြင်၌ ရှိကြသည့် ကြယ်တာရာဂြိုဟ် နက္ခတ်များထက် ပိုလွန်သော မျက်လုံး တော်များကို လှူခြင်းဖြင့် ဒါနပါရမီ၊ ဒါနဥပပါရမီ၊ ဒါနပရမတ္ထပါရမီတို့ကို ဖြည့်ကျင့်တော် မူခဲ့ပါသည်-ဆိုတဲ့ ဒီစာပိုဒ်က အားပေးနေပါတယ်၊ ဇိနာလင်္ကာရ ဋီကာမှာလာတဲ့ ဂါထာကို ဒကာကြီး ဦးဉာဏ်က ဆရာတော်တွေထံမှ ကြားဘူးလို့ အဲဒီလို အလွန်ကြည်ညိုလွန်းလို့ သူတန်းပြီးတော့ ရေးထားတယ်။

သော သာဂရေ ဇလဓိကံ ရုဓိရံ အဒါသိ၊
ဘူမိံ ပရာဇိယ သမံသမဒါသိ ဒါနံ။
မေရုပ္ပမာဏ မဓိကဥ္စ သမောဠိသီသံ၊
ခေ တာရကာဓိကတရံ နယနံ အဒါသိ။-လို့

(ဇိနာလင်္ကာရ ဋီကာ ဂါထာ-၄၆) ဆရာတော်ဘုရားရဲ့ ဂုဏ်တော် ဒါနပရမတ္ထ ပါရမီကို ချီးကျူးဖွဲ့ဆိုတဲ့ ဂါထာဖြစ်ပါတယ်။

သော ဇိနော၊ ဇိနမည်တွင် ထိုဘုရားရှင်သည်။ သာဂရေ၊ မဟာသမုဒ္ဒရာ လေးစင်း မြစ်အတွင်း၌။ ဇလဓိကံ၊ ရေကြည် ရေပေါက်တို့ထက် များမြောက်စွာသော။ ရုဓိရံ၊ ပတ္တမြားအသွေး နီတွေးထိန်လတ် သွေးတော်မြတ် အလှူဒါနကို။ အဒါသိ၊ သဗ္ဗညုဉာဏ် ရဘို့ရန်ဟု စိတ်သန်ရွှေပြေး သဒ္ဓါရေး၍ လှူပေးတော်မူခဲ့လေပြီ။ ဘူမိံ။ ယူဇနာကိန်း နှစ်သိန်းလေးသောင်း စုပေါင်းသင်္ချာ မဟာပထဝီ ဤမြေကြီးကို။ ပရာဇိယ၊ ရှင်စေ နှုံးစေ ရှုံးပစေဟဲ့။သမံသံ ဒါနံ၊ နဂိုရ်ပြကတေ့ အခလေ့ဖြင့် သိမ်မွေ့ညံ့ထွား ကိုယ်တော်၏ အသားတော် အလှူဒါနကို။ အဒါသိ၊ သဗ္ဗညုဉာဏ် ရဘို့ရန်ဟု စိတ်သန်ရွှေပြေး သဒ္ဓါရေး၍ လှူပေးတော်မူခဲ့လေပြီ။ မေရုပ္ပမာဏမဓိကံ၊ မဏ္ဍိုင်ဗဟိုရ် လေးရောင်စိုသား မြင့်မိုရ် တောင်မင်းထက် ဆထက် လွန်ကြူးသော။ သမောဠိသီသံ၊ နဝရတ်ရောင် ပြိုးပြိုးပြောင် သည့် ဥသျှောင် မကိုဋ်နှင့်တကွ သီသတွင်ညှာင်း ဦးခေါင်းတော် အလှူဒါနကို။ အဒါသိ၊ သဗ္ဗညုဉာဏ် ရဘို့ရန်ဟု စိတ်သန်ရွှေပြေး သဒ္ဓါရေး၍ လှူပေးတော်မူခဲ့လေပြီ။ခေ၊အဇဋ္ဌာပြင် မိုးကောင်းကင်၌။ တာရကာဓိကတရံ၊ နက္ခတ် ကြယ်တာရာတို့ထက် သာလွန်မြင့်မြတ်သော။ နယနံ၊ မဟူရာရောင် ပိတုန်းတောင်သို့ ညိုမှောင်ပတ်ကုန်း ဖူးမျှော်သူ အံ့မဆုံးသည့် မျက်လုံးတော် အလှူဒါနကို။ အဒါသိ၊ သဗ္ဗညုဉာဏ် ရဘို့ရန်ဟု စိတ်သန်ရွှေပြေး သဒ္ဓါရေး၍ လှူပေးတော်မူခဲ့လေပြီ-ဆိုတဲ့ ဇိနာလင်္ကာရ ကျမ်းထွက်စကားကို ဒကာကြီး ကြည်ညို ပြီးတော့ ထုတ်ဖေါ်ပြောကြားနေပါတယ်၊ အဲဒီစကား ကိုက ဒကာကြီး ဒကာမကြီးတွေ သာသနာရေးအတွက် အားမငယ်ကြပါနဲ့လို့ ဖေါ်ပြနေတယ်။

ဘာပြုလို့တုံးဆိုတော့ မြတ်စွာဘုရားဟာ ကိုယ်တော့် သာသနာကို အခြေအမြစ် မရှိဘဲ သာသနာတိုက်ကြီး တည်ခဲ့တာမဟုတ်ပါဘူး၊ မဟာသမုဒ္ဒရာအတွင်းက ရေကြည် ရေပေါက်ထက် များမြောက်သော ကိုယ်တော်ရဲ့ သွေးတွေနဲ့ ကိုယ်တော်ရဲ့ အသားတွေကို မြင့်မိုရ်တောင်ထက် သာလွန်တဲ့ ကိုယ်တော်ရဲ့ ဦးခေါင်းတော်တွေကို တကထဲ အုတ်နံရံကြီး အုတ်မြစ်ကြီးချ၊ ကောင်းကင်က နက္ခတ် ကြယ်တာရာထက် သာလွန်သော မျက်လုံးတော် အစုံအစုံတွေကို အတင့်တယ်ဆုံး ဒီသာသနာတိုက်ကြီးမှာ ချယ်ပြီးတော့ ဒီသာသနာ တိုက်ကြီးကို ခိုင်ခိုင်မာမာ တည်ဆောက်ခဲ့တာပါ၊ အချိန်ကာလ အနေနှင့်ဆိုရင် လေး သင်္ချေနှင့် ကမ္ဘာတသိန်းကြာတဲ့ ပါရမီအုတ်မြစ်တို့ကို အခိုင်အမာချပြီးမှ တည်ဆောက်တဲ့ သာသနာတိုက်ကြီးပါ။

အဲဒီ ကိုယ်တော် တည်ဆောက်ရတဲ့ သာသနာတိုက်ကြီးနှင့် ကိုယ်တော်ရဲ့ မျှော်မှန်းချက် အနှစ်(၅၀၀၀)ငါးထောင်တည်စေလို့ မျှော်မှန်းချက်သည် အင်မတန် နဲပါတယ်၊ လေးသင်္ချေနှင့် ကမ္ဘာတသိန်း ကာလပတ်လုံး တည်ဆောက်ခဲ့တဲ့ သာသနာတိုက်ကြီးကို အနှစ်ငါးထောင် တည်စေဆိုတာ အင်မတန် ကိုယ်တော်ရဲ့ လိုချင်မှုပါ၊ အဲ့ဒါဟာ အင်မတန် နဲပါတယ်၊ ကိုယ်တော့်အလိုအတိုင်း အနှစ်ငါးထောင် ဒီ သာသနာတိုက်ကြီးကတော့ တည်မှာပါဘဲ၊ အုတ်မြစ်ခိုင်သော ဒီ သာသနာတိုက်ကြီးကို ဒူးနှင့်တိုက်ချင်တဲ့ လူကလဲတိုက်၊ နဖူးနှင့်တိုက်ချင်တဲ့လူကလဲ တိုက်ပစေ၊ ဒူးနဲ့တိုက်ရင် အဲဒီ တိုက်တဲ့လူ ဒူးကွဲမှာဘဲ၊ နဖူးနဲ့ တိုက်ရင် အဲဒီ တိုက်တဲ့လူ နဖူးကွဲမှာဘဲ၊ သာသနာတိုက်ကြီးကတော့ မပြိုပါဘူးလို့ အဲဒီလို အားပြု အားကိုးကြစေချင်ပါတယ်။

**ဘိတ်ခေါ်ခြင်း။** ။တနည်းအားဖြင့် ဒီသာသနာတိုက်ကို ဒူးနဲ့ဘဲ တိုက်မယ်ကြံကြံ၊နဖူးနဲ့ဘဲ တိုက်မယ်ကြံကြံ၊ အဲဒီ တပည့်တွေ၊ အဲဒီ ပုဂ္ဂိုလ်တွေကို ဘုန်းကြီးတို့ သာသနာက ဘိတ်ခေါ်ပါတယ်။

"အမောင်တို့ – အမောင်တို့ရဲ့ ရန်သူမဟုတ်ဘူး၊ ဗုဒ္ဓရဲ့ သာသနာတော်သည် မဇ္ဈိမ ပဋိပဒါ သာသနာ ဖြစ်ပါတယ်၊ ကာမ သုခလ္လိကာနုယောဂ - လကျာလမ်းအစွန်း၊ အတ္တကိလမထာနုယောဂ - လက်ဝဲလမ်းအစွန်း ရောက်နေတဲ့ ပုဂ္ဂိုလ်တွေကို အမောင်တို့ - ဆင်းရဲဒုက္ခကြီးစွာ ရောက်ကုန်ကြလိမ့်မယ် .. ဟောဒီ မဇ္ဈိမ ပဋိပဒါလမ်းကို လာခဲ့ကြ" လို့ ဘိတ်ခေါ်တဲ့ သာသနာဖြစ်ပါတယ်၊ ဒီ သာသနာက အချိန်မရွေး ဆွေးနွေးဘို့ အသင့်ရှိပါတယ်။

အခု ခက်တာက ဒုက္ခရောက်တဲ့ ပုဂ္ဂိုလ်က မကြောက်ရဘူး၊ဒုက္ခရောက်တဲ့ ပုဂ္ဂိုလ်တွေ အတွက် မဇ္ဈိမပဋိပဒါလမ်းကနေတဲ့ ပုဂ္ဂိုလ်တွေက ကြောက်နေကြရတယ်ဆိုတော့ ဒါဟာ ကြောက်တာ ပြောင်းပြန်ဖြစ်နေကြတယ်။

ဒါကြောင့် ဒို့ဟာ မလွဲသော မဇ္ဈိမပဋိပဒါလမ်းကို လိုက်လို့ ဒီ လမ်းကနေပြီး အမောင်တို့-လက်ဝဲ၊ လကျာကို ဒို့က ဖိတ်ခေါ်ပါတယ်၊ အချိန်မရွေး လာခဲ့ကြပါ၊ အမောင်တို့ရဲ့ ချမ်းသာသုခ အစစ်အမှန်ပေးတဲ့ သာသနာတော်ကြီး ဒီမှာရှိပါတယ်၊ အဲဒီလို ဘိတ်ခေါ်တဲ့ နေရာမှာ မိမိတို့က အဲဒီ-အစွန်းနှစ်ပါးရောက်နေတဲ့ ပုဂ္ဂိုလ်နှင့် မဇ္ဈိမပဋိပဒါကို ရောက်နေတဲ့ ပုဂ္ဂိုလ်ဟာ မည်သူက ကြောက်စရာကောင်းသလဲ၊ ကြောက်ရင် အဲဒီ အစွန်းနှစ်ပါး တပါးပါး ရောက်နေတဲ့ ပုဂ္ဂိုလ်ကသာ ကြောက်ရတယ်၊ မိမိတို့က မဇ္ဈိမပဋိပဒါမှာ တည်တဲ့ ပုဂ္ဂိုလ် ဘာမှ ကြောက်စရာမရှိပါဘူး၊ အဲဒါကြောင့် ကြောက်ရတဲ့ ပုဂ္ဂိုလ်က မကြောက်ဘဲ မကြောက်ရမယ့် ပုဂ္ဂိုလ်က ကြောက်နေလို့ အဲဒီ အကြောက်ကိုလဲဘဲ ဖယ်ပစ်လိုက်ပါ။

အရေအတွက်မရှိစေကာမူ အရည်အချင်းက အလုပ်-လုပ်ပါတယ်၊ အရေအတွက် နဲသောအချိန်မှာ အရည်အချင်းကို အားကိုးပါ၊ အေး-သာသနာတိုက်ကြီးသည် လေးသင်္ချေနှင့် ကမ္ဘာတသိန်းကာလကြာအောင် သွေးတွေနဲ့ စတေးပြီး တည်ခဲ့တဲ့ တိုက်ကြီးဖြစ်လို့

အနှစ်(၅၀၀၀) ငါးထောင်တည့်မှာကို မြင်ပြီးတော့ သာသနာအတွက် တွေးပြီး အပူကြီး သိပ်ပူမနေကြပါနဲ့လို့ ဒကာကြီးများကို အားပေးလိုပါတယ်။

သို့သော်-တခုသတိပေးဘို့က သာသနာသည် (၁)သီလ, (၂) သမာဓိ, (၃)ပညာ ဒါသာသနာဘဲ။ မိမိရဲ့ သီလ, မိမိရဲ့သမာဓိ, မိမိရဲ့ပညာကို ငြူကလဲ မဖျက်နိုင်ဘူး၊ ငနီကလဲ မဖျက်နိုင်ဘူး၊ မိမိရဲ့ သီလ, သမာဓိ, ပညာကို မိမိကသာလျှင် ဖျက်ပစ်နိုင်ပါတယ်၊ ဒါကြောင့် မိမိသန္တာန်မှာ သီလ, သမာဓိ, ပညာရှိနေရင် ရှိနေသလောက် မိမိ၏ သာသနာသည် ရှိနေတယ်၊ မိမိရဲ့ သာသနာ မပျက်စီးဘို့အတွက် အဓိက သတိပြုကြပါလို့ သာသနာအတွက် စိတ်အား ငယ်ရမည်ကဲ့သို့ ဖြစ်နေသော စိတ်တွေကို အားတက်အောင်လဲ ပြောပြီးပါပြီ၊ အမြင်မှန်ရပြီးတော့ ကြောက်ရမယ့်လူက မကြောက်ဘဲ မကြောက်ရမယ့်လူက ကြောက်တာလဲ ပြောင်းပြန် ပြန်လိုက်ပါ၊ မိမိတို့က မကြောက်ရမယ့် အပိုင်းကပါလို့ အဲဒီလို ဘုန်းကြီး ၂-အပိုင်းကို ပြောပြီးပါပြီ။

## ၃။ သုံးဖြာပိဋကနှင့် သာသနာ သုံးရပ်ကို စပ်ဟပ်မိန့်ကြားခြင်း

ပိဋကတော်သုံးပုံ (တိပိဋက)၌ ဝိနည်းပိဋကသည် သီလသိက္ခာ, သီလ သာသနာ၊ သုတ္တန်ပိဋကသည် သမာဓိသိက္ခာ, သမာဓိသာသနာ၊ အဘိဓမ္မာပိဋကသည် ပညာသိက္ခာ, ပညာသာသနာ-လို့ သာသနာသုံးရပ်နှင့် ပိဋက သုံးပုံကို ပုံလိုက်ရင်–

'ဝိနည်းက သီလ၊ သုတ္တန်က သမာဓိ၊ အဘိဓမ္မာက ပညာ'လို့-ဒီအတိုင်း စာထဲက ဝေထားပါတယ်၊ အဲဒီတော့ ငါတို့ ယနေ့ ပူဇော်ရသော တိပိဋကပူဇာ ဝိနယပူဇာကောင်းမှု ကုသိုလ်တွေသည် ...

၁။ သီလ သာသနာ၊ ၂။ သမာဓိ သာသနာ၊ ၃။ ပညာသာသနာကို ဒို့ပူဇော်ရတယ်၊ စောစောက ဝိသုဒ္ဓါရုံ ဆရာတော်ဗရား အမိန့်ရှိသွားတဲ့အတိုင်း တရားရတနာကို ပူဇော်ရတယ်၊ သီလ, သမာဓိ, ပညာ-သုံးပါး သိက္ခာသာသနာကို စင်စစ် ဒို့ပူဇော်ရတယ်။

ဒို့ပူဇော်ရတော့ သာသနာ့ ပူဇာ မင်္ဂလာကောင်းမှု ကုသိုလ် အစုစုသည် ထို တိပိဋက၌ လာသော....

| | |
|---|---|
| သီလ သိက္ခာ၊ | သီလ သာသနာ၊ |
| သမာဓိသိက္ခာ၊ | သမာဓိ သာသနာ၊ |
| ပညာသိက္ခာ၊ | ပညာ သာသနာ၊ |

သိက္ခာ သုံးပါးရဲ့ အထွဋ်အထိပ်ဖြစ်သော အရဟတ္တမဂ် အရဟတ္တဖိုလ် သီလ, သမာဓိ, ပညာတိုင်ရောက်အောင် ကျေးဇူးဆောင်နိုင်ပါစေလို့ အဲဒီလို ဆုတောင်းရအောင်, အဲဒီလို ရေစက်ချရအောင် အဲဒီကောင်းမှုတွေကို အချိန်ကျတော့ အမျှဝေရအောင် ဘုန်းကြီးရဲ့ ဩဝါဒ ဤအပိုင်း (၃)ပိုင်းဖြင့် နိဂုံးအုပ်ပါတယ်။

မှတ်ချက်။ ။ဤပူဇော်ပွဲ၌ ပဓာနဖြစ်သူ ဦးဉာဏ် နှင့် ဇနီးတို့သည် လူ့ဘုံ လူ့ဘဝ ခေတ္တခံနား သံသရာ ခရီးသွား ဧည့်သည်များ ဖြစ်ကြသဖြင့် ဘဝတထောက် ရွှေပြောင်း ရောက်သွားကြလေကုန်ပြီ။

ကျေးဇူးရှင် ဆရာတော်ဘုရားကြီး နှစ်ပါးတို့လည်း နတ်တို့နန်းမြေသို့ အပန်းဖြေသော အားဖြင့် တန့်နား စံမြန်းတော်မူကြလေကုန်ပြီ။

ထို့ကြောင့် အာစရိယ အနုဿတိ ကျေးဇူးဟုန်ကို ပွါးထုံအောက်မေ့ကာ ဩဝါဒ ကထာ မိန့်ခွန်းလွှာကို ဤစာအုပ်တွင်း ထည့်သွင်းခြင်းပြု မြတ်ကောင်းမှုဖြင့် ရှေးရှုကော်ရော် ဆရာတော်ကြီးတို့အား ပူဇော်ပါ၏။

အပြစ်ကြီး အပြစ်ငယ်၊ အသွယ်သွယ်တို့ကို၊ ဆယ်စုံလက်ချောင်း၊ စုဆုံပေါင်း၍၊ ဦးခေါင်းညွှတ်လျှိုး၊ ရှိခိုးကန်တော့ပါ၏။

## မဟာဝိသုဒ္ဓါရုံ သာသနာ့ အာဇာနည်များ

ပြဆိုအပ်ခဲ့ပြီးသော ပူဇော်ပွဲနှင့် ပတ်သက်၍ ဤ ၁၃၄၀-ခုနှစ်၌လည်း တိပိဋကဓရ ပိဋကတ်သုံးပုံ အာဂုံအောင်(အာဂုံဆောင်)နှစ် ကြိမ်မြောက် ထွက်ပေါ်လာသော သာသနာ့ အာဇာနည် **အရှင်သိရိန္ဒာဘိဝံသ** နှင့် တကွ ရန်ကုန်မြို့၊ ဗဟန်း၊ နန္ဒဝန်လမ်း၊ မဟာဝိသုဒ္ဓါရုံ (ပါဠိတက္ကသိုလ်) ရွှေကျောင်တိုက်သစ်မှ တိပိဋကဓရရွေးချယ်ရေး (ပိဋကတ်သုံးပုံ) စာမေးပွဲကြီး၌ သင့်လျော်သလို အောင်မြင်တော်မူကြသော သာသနာ့အာဇာနည် (၇)ပါး။

အကျဉ်းသဒ္ဒါပ

သုမင်္ဂလော သိရိန္ဒော စ၊ ကိတ္တိသာရော စ ဇောတိကော။
ယတ္တမောဝ ဣန္ဒောဘာသော၊ ခေမာစာရော စ ဣန္ဒကော။
တိက္ခဂမ္ဘီရ ဉာဏီ စ၊ ဝိသုဒ္ဓါရာမဝါသိနော။
အာဇာနီယာ ဣမေ သတ္တ၊ သာသနေ အဘိပါကဋာ။

အကျယ် ဝိတ္ထာရ

ပိဋကသုံးပုံ အာဂုံ ရေးဖြေ နှစ်ထွေအောင်ပြီး သာသနာ့အာဇာနည်ပုဂ္ဂိုလ်

သုမင်္ဂလော တိပိဋက-ဓရ ကောဝိဒ လဒ္ဓကော။
အဋ္ဌဝသော ဇယံ ပတ္တော၊ တိက္ခော ဇဝနဉာဏိကော။

**ပိဋကသုံးပုံ အာဂုံအောင်ပြီး သာသနာ့အာဇာနည်ပုဂ္ဂိုလ်**

သိရိန္ဒောပိ ဒုတိယောဝ၊ တိပိဋက ဓရော ဘဝေ။
ဂန္ထံ ဝါစေတိ ဒွိက္ခတ္တုံ၊ တိက္ခဂမ္ဘီရ ဉာဏိကော။

**ပိဋကနှစ်ပုံခွဲအောင်ပြီး သာသနာ့အာဇာနည် ပုဂ္ဂိုလ်**

ကိတ္တိသာရော ဒွိပိဋက-ဓရ ကောဝိဒ လဒ္ဓကော။
ဇယတ္တော အဘိဓမ္မေစ၊ တိက္ခ ပညာ ဂတိရကော။

**ပိဋက တပုံစီအောင်ပြီးသော သာသနာ့အာဇာနည် ပုဂ္ဂိုလ်လေးပါး**

ဇောတိကော ဒီဃဘာဏက၊ ဒီဃနိကာယ ကောဝိဒေါ။
ဣန္ဒကောပိ တထာ ဒီဃ-ဘာဏကော ကောဝိဒေါ ဘဝေ။

ဣန္ဒောဘာသောပိ ဝိနယ-ဓရ ကောဝိဒ လဒ္ဓကော။
ခေမာစာရော တထာ ဒီဃ-ဘာဏကော တိက္ခဉာဏိကော။

**အောင်ဂါထာ။** ။ဇယံ ပတ္တော ဇိနော ဝီရော၊ သဗ္ဗတ္ထ အပရာဇိတော။
သော သန္တာနံ ဇယံ ဒေတု၊ တေ ဇယန္တု ဇယာ မဟံ။

× × × ×

# မရဏာနုဿတိ ဘာဝနာ ဒေသနာ

၁၃၃၉-ခုနှစ်၊ တပေါင်းလပြည့်ကျော် (၂) ရက်နေ့၊ နံနက် (၇) နာရီအချိန်တွင် လေယာဉ်ပျံ မီးလောင်ပျက်ကျရာ၌ ပါဝင်ကွယ်လွန်ကြသော စာရေးဆရာမကြီး ဒေါ်ဝင်းမြင့်၊ မြေး-မောင်သက်တင်စိုး၊ အမ-ဒေါ်ခင်သိန်းတို့ကို အကြောင်းပြုပြီးတော့ ဗိုလ်မှူး ဦးစိုးလှိုင်နှင့် သားသမီးများက တရားနာလိုပါသည်-ဟု လျှောက်ထား တောင်းပန်ချက်အရ သေခြင်းတရားကို အဖန်တလဲလဲ အောက်မေ့နှလုံးသွင်း ဆင်ခြင်ခြင်းဆိုတဲ့ မရဏာနုဿတိ သမထဘာဝနာနှင့် ဝိပဿနာဘာဝနာတရားတော်လို့ အာရုံပြုပြီးတော့ နာကြားကြရမယ်။

ခုမြင် ခုပျောက်။ ။အဆိုပါ တပေါင်းလပြည့်ကျော် (၂) ရက်နေ့၊ နံနက်ပိုင်း (၇) နာရီ အချိန်လောက် လိုက်ပို့တဲ့သူများပင် လေဆိပ်မှ မပြန်မီ (၁၅) မိနစ်လောက်တွင် လေယာဉ်ပျံ မီးလောင်ပြီး လူပေါင်း (၄၈) ယောက် ကံတူ အကျိုးပေး တခဏချင်း ပျက်စီးကုန်ကြပါတယ်၊ ဒီလို ပျက်စီးတဲ့ နေရာမှာ လေယာဉ်ပျံကလည်း အလွန်မြန်တော့ ပျက်စီးတဲ့ ပုဂ္ဂိုလ်တွေ အဘို့လဲ မြန်မြန်ကြီးဘဲ ပျက်စီးကုန်ကြပါတယ်၊ အဖြစ်မြန် အပျက်မြန်ဆိုတဲ့ သဘောအတိုင်းဘဲ ဖြစ်မှုမြန်တော့ ပျက်မှုလဲ မြန်သွားတာပေါ့။

မြတ်စွာဗုဒ္ဓဘုရားက "သတ္တဝါတွေဟာ နေ့မြင် ညပျောက်"-လို့ ဟောထားသော်လည်း ခုတော့ ခုမြင် ခုပျောက်ဖြစ်၍ မိနစ်ပိုင်းမှာဘဲ လေဆိပ်မှ ပို့တဲ့သူတွေ မပြန်မီ ပျက်စီးကုန်တာကို တွေ့ကြရ မြင်ကြရပါတယ်၊ ဘုန်းကြီးတို့တတွေက မိမိတို့အသက်ဟာ အင်မတန် ရှည်တယ် ပျက်စီးဘို့ မလွယ်ဘူး-လို့ ထင်နေကြတယ်၊ အသက်ရော စည်းစိမ်ဥစ္စာတွေပါ ပျက်စီးချင်လျှင် တခဏလေးအတွင်း ပြုန်းကနဲ ပျက်စီးနိုင်ပါတယ်၊ ကောင်းကင် မော့ကြည့်တဲ့အခါ တိမ်တွေဟာ တလုပ်လုပ် တရွရွနှင့် ပြာလိုက် မဲလိုက် စသည်ဖြင့် အဖြစ်မြန် အပျက်မြန်သကဲ့သို့ ထို့အတူဘဲ မိမိတို့ အသက်နှင့် ကိုယ်ခန္ဓာ စည်းစိမ် ဥစ္စာတွေဟာလဲ ပျက်စီးချင်လျှင် တခဏလေးပါ။ ဒါ့ကြောင့် ရှေးပညာရှင်များက—

* အသက်စည်းစိမ်၊ ခန္ဓာအိမ်ကား၊ တိမ်တခဲနက်၊ ကြည့်ရင်းပျက်သို့၊
မျက်စိအောက်တွင်၊ လွင့်ပျောက်စင်၍၊ သခါရစက်၊ သူ့ပိုင်နက်၌၊
သွက်သွက်လည်ကာ၊ ပါရရှာသည်၊ ခန္ဓာ အနိစ္စပါတကား....

လို့ ဆိုထားပါတယ်၊ တိမ်တခဲနက်ကြည့်ရင်း ပျက်သလို မျက်စိအောက်မှာ မြန်မြန်ဆန်ဆန် သင်္ခါရစက် သေမင်းရဲ့ ပိုင်နက်သို့ သွက်သွက်လည်ကာ အနိစ္စ သဘောတရား မလွန်ဆန်နိုင်ကြတဲ့အတိုင်း ပါသွားကြရတယ်၊ ပျက်စီးကြရတယ်၊ တဦးတယောက် အနေနှင့်သာ မဟုတ်ပါဘူး၊ လူရော၊ နတ်ပါ၊ ဗြဟ္မာ မကြွင်း ခပင်းဥဿုံ အလုံးစုံသတ္တဝါမှန်သမျှတွေဟာ ပျက်စီးချင်လျှင်ဖြင့် ထိုနည်းအတိုင်းဘဲ ပျက်စီးနိုင်ကြပါတယ်။

**သေခြင်းတရား အလွန်လျင်မြန်ပုံ။** ။ဒါ့ကြောင့် ဘုန်းကြီးတို့ အသက်ဟာ တည်ရာ အချိန်ကာလ အလွန်တိုတောင်းလှပါတယ်၊ ဘာမျှ မပြောပလောက်ပုံကို မြတ်စွာဘုရားက ၁၀-နှစ်, ၁၂-နှစ်တိုင်မျှ ဆရာ့ထံပါး၌ သင်ကြား တတ်မြောက် ကျွမ်းကျင်လိမ္မာကုန်သော လေးသမားကျော် (၄) ယောက်တို့သည် တိုင်ကို ဖြစ်စေ, သစ်ပင်ကိုဖြစ်စေ-ကျောချင်းယှဉ်ကာ အရပ်လေးမျက်နှာကို မျက်နှာမူလျက် တပြိုင်နက် ပစ်လွှင့်အပ်ကုန်သော မြှားတို့ကို လေအဟုန်ကဲ့သို့ အလွန်လျင်မြန် အားအင် အစွမ်းနှင့် ပြည့်စုံသော ယောကျ်ားသည် မြေသို့ မကျရောက်မီ အားလုံးတို့ကို သိမ်းဘမ်း ယူစွမ်းနိုင်ပါတယ်။

ထိုယောကျ်ား၏ လျင်မြန်ခြင်းထက် ကောင်းကင်၌ သွားနေသော လ,နေတို့က သာပြီး မြန်ကြပါတယ်၊ ထို လ,နေတို့၏ လျင်မြန်ခြင်းထက် လ,နေများ၏ ရှေ့မှ ပြေးသွား ကြသော လနတ်သား, နေနတ်သားတို့က သာလွန်ပြီး လျင်မြန်ကြပါတယ်၊ထို လနတ်သား, နေနတ်သားတို့၏ လျင်မြန်ခြင်းထက် သတ္တဝါတို့၏ အသက်ဟု သမုတ်အပ်သော ကံ စိမ် အပ်သည့် ရုပ်ဇီဝိတိန္ဒြေ၏ ချုပ်ပျောက်ပျက်စီးမှုက အလွန်ပို၍ လျင်မြန်ကုန်ဆုံး ပျက်စီး နိုင်ပါတယ်-လို့ ဟောထားပါတယ်။

(သံယုတ်ပါဠိတော် ဓနုဂ္ဂဟသုတ် နှာ-၄၅၆)

**အာယုသင်္ခါရ ၂-မျိုး။** ။ဤနေရာဝယ်-နိဒါနဝဂ္ဂ သြပမ္မသံယုတ် အဋ္ဌကထာ(၂၀၉)၌ 'အာယုသင်္ခါရာတိ ရုပဇီဝိတိန္ဒြိယံ သန္ဓာယ ဝုတ္တံ။ (ပ) အရူပ ဓမ္မာနံ ပန ဘေဒေါ န သက္ကာ ပညပေတုံ'ဤသို့ ဖွင့်ပြထားသည်ကို ထောက်ထား၍ 'အာယု သင်္ခါရာ ခီယန္တိ'၌ အာယုသင်္ခါရ-အရ ကံ စိမ်အပ်သည့် ရုပ်ဇီဝိတိန္ဒြေကို ယူရမည်၊ နာမ် တရားတို့၏ ဖြစ်မှု ပျက်မှုကား အလွန်လျင်မြန်သောကြောင့် နာမ် ဇီဝိတိန္ဒြေကို မယူရ-ဟု သိရမည်၊ 'မဟာပရိနိဗ္ဗာနသုတ် အာယုသင်္ခါရ လွှတ်တော်မူ'-ဟု ဆိုရာ၌ ဖလသမာပတ် ပြုစိမ်အပ်သော အာယုသင်္ခါရကို ယူရမည်။

ဤနေရာ၌ 'တယာ ပုရိသာ'အရ အဟုန်ပြင်းစွာ ပြေးသွား နိုင်သော ယောကျ်ား ကား ရှိခဲ့ဘူးသည်မဟုတ်ပါ၊ ထို့ကြောင့် ပရိကပ္ပဥပမာ အဖြစ်ဖြင့် ကြံဆ၍'သေယျထာပိ ဘိက္ခဝေ'-စသည်ဖြင့် ပရိကပ္ပဥပမာဇောတက, 'သေယျထာပိ'ကို အစချီ၍ ဟောတော် မူသည်၊ ထိုမျှ လျင်မြန်သော လူယောကျ်ားတည်းက မရှိနိုင်-ဟု ဆိုသော်လည်း ဇဝန ဟံသ ဇာတ်၌ ဟင်္သာမင်းကား ထိုအတိုင်းပင် မိမိအဟုန်၏ လျင်မြန်ပုံကို ပြခဲ့ဘူးပါသည်။

(အဋ္ဌသာလိနီ ဘာသာဋီကာ)

ဤနေရာ၌လည်း-အဟုန်းပြင်းပြ လျင်မြန်လှသော ယောကျ်ား-အရ ဗုရားလောင်း ဇဝန ဟင်္သာမင်းကို ယူရမည်-ဟု အဋ္ဌကထာဆရာ ပြဆိုတော်မူ၏။

သေခြင်း ၄-မျိုး။ ။ဤလေယာဉ်ပျံ ပျက်မှုကို အကြောင်းပြုပြီး သေခြင်းတရား လေးပါးကို ဖေါ်ပြလိုပါတယ်။

(၁) အာယုက္ခယ=အသက်တန်းကုန်၍ သေခြင်း။
(၂) ကမ္မက္ခယ=ကံကုန်၍ သေခြင်း။
(၃) ဥဘယက္ခယ=အသက်, ကံ-နှစ်မျိုးကုန်၍ သေခြင်း။
(၄) ဥပစ္ဆေဒက = အတိတ်ဝေးကွာ ရှေးအခါက ပြုခဲ့တဲ့ အကုသိုလ်ကံကြောင့် လတ်တလော သေဆုံးရခြင်း တို့တွင် –

ခု လေယာဉ်ပျံ မီးလောင်ပျက်ကျ၍ သေရတဲ့သူတွေ အသက်တန်းလဲမကုန်ကြသေး၊ ကံလဲ မကုန်ကြသေး၊ အသက်, ကံ-နှစ်မျိုးလုံးလဲ မကုန်ကြသေးဘူး၊ အတိတ်က မိမိတို့ပြုခဲ့တဲ့ အကုသိုလ်ကံကြောင့် လတ်တလော သေဆုံးရခြင်းဆိုတဲ့ ဥပစ္ဆေဒက မရဏဖြင့် သေရခြင်းလို့ ဆိုရပါတယ်။

စာရေးဆရာမကြီး ဒေါ်ဝင်းမြင့်၊ အမဖြစ်သူ ဒေါ်ခင်သိန်းနှင့် မြေးဖြစ်သူ မောင်သက်တင်စိုး သုံးဦးတို့မှာ ထို ကံဖြင့် သေကြရသော်လဲ စိတ်နေ စိတ်ထားက ဗုဒ္ဓဖူး သွားမယ်ဆိုပြီး ဤလေယာဉ် ခရီးဖြင့် ခရီးထွက်ကြတယ်၊ ပုဂံ၊ ညောင်ဦး၊ မန်းစက်တော်ရာ၊ မကွေး=မြသလွန်ဗုဒ္ဓကစ၍ ဗုဒ္ဓဖူးမယ်ဆိုတဲ့ စိတ်ကောင်း စေတနာကောင်း ကုသိုလ်ဇောတွေ သန်သန်ကြီးနှင့် အိမ်က ထွက်ကတည်းက လေယာဉ်ပေါ်ရောက်တဲ့ အချိန်အထိ "ငါတို့ဖြင့် ဗုဒ္ဓဖူးသွားရန်ကိစ္စအတွက် အောင်မြင်ထမြောက်ပေပြီ" လို့ သူတို့ရဲ့ သန္တာန်မှာ ဗုဒ္ဓဖူးလိုတဲ့ ကုသိုလ်ဇောစိတ်တွေ အဖန်ဖန် အကြိမ်ကြိမ် စောကြမှာ ကေ်ဖြစ်ပါတယ်၊ အခြားအလားတူ ဗုဒ္ဓဖူးသွားတဲ့သူတွေလဲ ပါရှိကြပါလိမ့်မယ်။

ခြေတလှမ်း ရွှေတသန်း။ ။ဒီလို ဗုဒ္ဓဖူးမယ်ဆိုတဲ့ စိတ်စေတနာ ဇောသန်သန်နှင့် သွားတဲ့ ပုဂ္ဂိုလ်တို့ရဲ့ ခြေတလှမ်းကို တန်ဘိုး ဘယ်လောက်ရှိသလဲဆိုတာ အနာထပိဏ်သူဌေးကြီးကို ဟောထားတဲ့သာဓက ကျမ်းဂန်မှာ ရှိပါတယ်။ [၁]

တနေ့သောအခါ-အနာထပိဏ် သူဌေးကြီးသည် ဗုဒ္ဓထံသို့ ဗုဒ္ဓဖူးသွားရာ ညဉ့်အခါလဲ ဖြစ်နေ သင်္ချိုင်းပေါ်လဲ ဖြတ်ကျော်သွားရတော့ လူသေကောင်တွေ နင်းမိလို့ အလွန်ကြောက်ရွံ့ပြီး နောက်သို့ပြန်ဆုတ်မည်အပြုတွင် သိဝက သင်္ချိုင်းစောင့် နတ်ပြိတ္တာက "အနာထပိဏ် သူဌေးမင်း-နောက်မဆုတ်လိုက်ပါနှင့် ရှေ့သို့သာ ဗုဒ္ဓဖူးရန်အတွက် ကြိုးစား အားထုတ်ပြီး သွားမြဲသွားပါ၊ ယခုလို ဗုဒ္ဓဖူးသွားရန် ကုသိုလ်ဇောနှင့် သွားတဲ့ ပုဂ္ဂိုလ်ရဲ့ ခြေတလှမ်းမှာ တန်ဘိုးအလွန်ရှိပါတယ်၊ ဗုဒ္ဓဖူးသွားတဲ့ ပုဂ္ဂိုလ်ရဲ့ခြေတလှမ်းလုံးကို မဆို

---

၁။ သံ၊ ၁၊ နှာ-၂၁၃-၄။ သံ၊ ဋ္ဌ၊ ၁၊ နှာ-၂၈၅-၈။

ထားပါနှင့် ခြေတလှမ်းကို (၂၅၆)စိပ် စိပ်၍ တစိပ်သော အဘိုးအစုကိုမျှ ဆင်ယာဉ်တသိန်း, မြင်းယာဉ်တသိန်း, အသတိုရိကတဲ့ ရထားတသိန်း, ပတ္တမြားနားဒောင်း ဝတ်ဆင်ထားတဲ့ အမျိုးသမီးက တသိန်း-ဤ လေးသိန်းသော ပစ္စည်းဝတ္ထုတို့က မမီနိုင်ပါဘူး။

အကြောင်းကတော့-အဆိုပါ ပစ္စည်းများဟာ ယခုပစ္စုပ္ပန် တဘဝ အတွက်သာ ဖြစ်ပါတယ်၊ ဗုဒ္ဓရားဖူးရန် ကုသိုလ်စေတနာနှင့် သွားတဲ့ ပုဂ္ဂိုလ်ရဲ့ခြေတလှမ်း၏(၂၅၆)စိပ် စိပ်၍ တစိပ်မျှလောက်သော ကုသိုလ်စေတနာလေးဟာ နိဗ္ဗာန်ရသည့်အထိ ဘဝသံသရာ၌ ခံစားရမည်မှာ အမှန်ဖြစ်သောကြောင့်ပါဘဲ။

ဤအရာမျိုးကိုရည်ရွယ်၍ **"ခြေတယိမ်း ရွှေတသိန်းတန်တယ်၊ခြေတလှပ်း ရွှေတသန်းတန်တယ်"** လို့ ရှေးက ဆိုကြဟန်တူပါတယ်၊ ဒါပေမယ်လို့ ကြွားချင်,မော်ချင်,ပျော်ပါးချင်လို့ သွားခြင်းမျိုးနှင့်တော့ မဆိုင်ပါဘူး၊ ဒါကြောင့်-ယခု ဒေါ်ဝင်းမြင့်တို့ သုံးယောက်ဟာ 'ငါတို့ဘုရားဖူးသွားမယ်'ဆိုတဲ့ ကုသိုလ်စေတစိတ်တွေ အကြိမ်ကြိမ်စေခဲ့ပြီးတော့ လေယာဉ်ဖြင့် ခရီးထွက်ကြခြင်း ဖြစ်တယ်။

**စိတ်ထားတူလျှင် အကျိုးပေးတူပုံ။** ။ဤနေရာ၌ စစ်တမ်းထုတ်ကာ စဉ်းစားစရာရှိပါတယ်၊ အနာထပိဏ် သူဌေးကြီးက သက်တော်ထင်ရှား မြတ်ဗုဒ္ဓရားကို ဖူးရန်အတွက် သွားခြင်းဖြစ်ပါတယ်၊ ယခု ဗုဒ္ဓရားဖူးသွားကြတာကတော့ သက်တော်ထင်ရှား ဗုဒ္ဓရားမဟုတ်သည့်အတွက် ခြေတလှမ်းတန်ဘိုးချင်း တူနိုင်ကြလိမ့်မယ် မဟုတ်-ဟု စဉ်းစားစရာ ရှိပါတယ်။

ဝိမာနဝတ္ထု ပါဠိတော် နှာ-၆၆-ကို ထောက်ထားလျှင် တူ-မတူ စဉ်းစားစရာမရှိပါဘူး၊ မြတ်စွာဗုဒ္ဓရားက "သက်တော်ထင်ရှား ငါဘုရား၌ဖြစ်စေ၊ ပရိနိဗ္ဗာန် စံတော်မူသွား၍ ကိုယ်တော်စား ရုပ်ပွါးဆင်းတုတော်များနှင့် စေတီပုထိုး အမျိုးမျိုး၌ဖြစ်စေ၊ရိုသေလေးစား ကြည်ညိုသော စိတ်ထားချင်း တူပါက အကျိုးပေးလဲ အတူတူဖြစ်ကြောင်းနှင့် ကောင်းမြတ်တဲ့ စိတ်ဓာတ်ကြောင့် သတ္တဝါတွေ သုဂတိ ဘဝသို့ လားရကြောင်းကို 'တိဋ္ဌန္တေ နိဗ္ဗုတေ စာပိ'-အစရှိသည်ဖြင့် ဟောတော်မူခဲ့ပါတယ်။

**စေတီတော်ကို ရွှေအုတ်လှူရကျိုး။** ။သက်တော်ထင်ရှား မြတ်ဗုဒ္ဓရားမဟုတ်သော ကဿပ မြတ်စွာဗုဒ္ဓရား၏ ဥဒ္ဒိဿ စေတီတော်ကြီးကို ရွှေအုတ်နှင့် ကြာရှစ်လက်ကို လှူဒါန်းရသော ကုသိုလ်ကံကြောင့် ဒိဋ္ဌဓမ္မအကျိုး ရရှိပုံ ဝတ္ထုသာဓက အကျဉ်းမျှကို ပြဆိုပါအုံးမယ်။

တနေ့သောအခါ လင်ယောကျ်ား တောသွား နေခိုက်တွင် အိမ်၌ရှိသော နှမ နှင့် မယားဖြစ်သူတို့ အချင်းချင်း ရန်ဖြစ်နေကြတယ်၊ ထို အခိုက် ပစ္စေကဗုဒ္ဓါ အရှင်မြတ်က ဆွမ်းရပ်တော်မူပါတယ်၊နှမဖြစ်သူက ပစ္စေကဗုဒ္ဓါ အရှင်မြတ်ကို ဆွမ်းကပ်လှူပြီးလျှင် "ဤသို့ မိုက်သော မိန်းမမျိုးနှင့် နောင်သောအခါ ယှဉ်နာတရာ ဝေးကွာသော အရပ်၌ ဖြစ်ရလို ကြောင်း" ကို ဆုတောင်းလိုက်တယ်။

မယားဖြစ်သူက ဤဆုတောင်းအတိုင်း မပြည့်စေလိုသော ဆန္ဒဖြင့် ပစ္စေကဗုဒ္ဓါ အရှင်မြတ်ထံမှ သပိတ်ကိုယူ၍ ဆွမ်းကို သွန်ပြီးလျှင် ရွံရှာစက်ဆုပ်... ရွံညှနိတွေထည့်၍ ပြန်ကပ်လိုက်တယ်၊ ထိုအခါ နှမ ဖြစ်သူက "အမိုက်မ-ငါ့အား သင်ဆဲလိုက ဆဲ၊ ရိုက်လိုကရိုက်၊ အလိုရှိသလိုဘဲ လုပ်ပါတော့ နှစ်သင်္ချေနှင့် ကမ္ဘာတသိန်း ကာလကြာအောင် ပါရမီဖြည့်ဆည်းပူးမှ ဖြစ်တော်မူလာတဲ့ ပစ္စေကဗုဒ္ဓါအား မသင့်မတော် လုပ်မှုလုပ်ရက်ပလေ"-ဟု ပြောဆိုရာ သတိသံဝေဂ ရရှိပြီး ပစ္စေကဗုဒ္ဓါ အရှင်မြတ်ထံမှ သပိတ်ကို ပြန်ယူ၍ နံ့သာရည်များဖြင့် ဆေးကျောပြီးလျှင် စတုမဓုကို သပိတ်၌ အပြည့်ထည့်၍ သပိတ်ပေါ်၌ ပဒုမ္မာကြာတိုက် အဆင်းရှိသော ထောပတ်ဖြင့် ထွန်းတောက်ပလျက် ပစ္စေကဗုဒ္ဓါ အရှင်မြတ်၏ လက်၌ကပ်လှူပြီး—

"ဤဆွမ်း၏ တင့်တယ် တောက်ပမှုကဲ့သို့ ငါ၏ ကိုယ်သည်လည်း တင့်တယ် တောက်ပခြင်းနှင့် ပြည့်စုံပါစေ"....

ဟု ဆုတောင်း၏။ ပစ္စေကဗုဒ္ဓါ အရှင်မြတ်သည် အနုမောဒနာပြု၍ ကောင်းကင်သို့ ပြန်ကြွတော်မူလေ၏။

ထိုလင်မယားနှစ်ယောက်တို့တွင် ယောကျ်ားဖြစ်သူမှာ-ကဿပ မြတ်စွာဗုဒ္ဓ လက်ထက်တော်ဝယ် ဗာရာဏသီပြည်၌ ကုဋေ(၈၀)ကြွယ်ဝသော သူဌေးဖြစ်လေ၏၊ မယားဖြစ်သူလည်း ထိုကဲ့သို့ ကုဋေ(၈၀)ကြွယ်ဝသော သူဌေးသမီးပင် ဖြစ်ရ၏၊အရွယ်သို့ ရောက်သောအခါ သူဌေးသမီးသည် ထိုသူဌေးသားနှင့် ထိမ်းမြားလက်ထပ်၍ သူဌေးသား အိမ်သို့ လိုက်ရ၏၊ ထိုအခါ-အိမ်သို့ ဝင်လျှင် ရှေးအခါက ရွံညှနိတွေကို ပစ္စေကဗုဒ္ဓါ အရှင်မြတ်၏ သပိတ်၌ ထည့်လှူခဲ့ဘူးသော အကုသိုလ်ကံကြောင့် မစင်နံ့ကဲ့သို့ မကောင်းသော အနံ့တွေ သူဌေးသမီး ကိုယ်ခန္ဓာမှ ထွက်နေကြောင်းသိရ၍ အိမ်မှ နှင်ထုတ်လိုက်လေ၏၊ အလားတူပင် ဆိုအပ်ပြီး မကောင်းမှုကံကြောင့် ခုနစ်ကြိမ်အထိ လင်ယောကျ်ားတို့၏ စွန့်ပယ်မှုကို ခံရ၏။

ထိုအချိန် ကဿပ မြတ်စွာဗုဒ္ဓသည် ပရိနိဗ္ဗာန် ဝင်စံတော်မူသည်။ ဤသို့ ပရိနိဗ္ဗာန် စံသဖြင့် ကဿပ မြတ်စွာဗုဒ္ဓရှင်ရဲ့ ဓာတ်တော်စသည် ထည့်သွင်း ဌာပနာဘို့ တယူဇနာ အမြင့်ရှိတဲ့ ရွှေစေတီတော်ကြီးကို လူအများတို့သည် စုပေါင်း၍ အဘိုးတသိန်း ထိုက်သော ရွှေအုတ်တို့ဖြင့် တယူဇနာ မြင့်သော ရွှေစေတီတော်ကြီးကို တည်နေကြပါတယ်။

ထိုသို့ တည်ရာအခါ၌ ကိုယ်ခန္ဓာမှ အပုပ်နံ့တွေ ထွက်နေသော သူဌေးသမီးသည် သတိသံဝေဂ ရရှိကာ-"ငါ့အား အသက်ရှင်နေခြင်းဟာ ဘာမျှ အကျိုးမရှိ"ဟု ကြံစည်၍ မိမိ၌ ဝတ်ဆင်ထားသော တန်းဆာများကို ထုခွဲ ဖျက်ဆီးရောင်းချ၍ အဘိုးတသိန်း ထိုက်တန်သော ထုလက်လေးသစ်၊ အနံ တထွာ၊ အလျား တတောင်ရှိသည့် ရွှေအုတ်ကို ပြုစေ၍ ကြာရှစ်လက်နှင့်တကွ ယူဆောင်ပြီး စေတီတော်ကြီး တည်ရာအရပ်သို့ သွားရောက်၍ ပန်းရံသမားတို့ကို ပြောဆိုသည်မှာ—"ဤ ရွှေအုတ်ကို လိုနေသော နေရာဌာန၌ အသုံးပြုကြပါကုန်"ဟု ပြောလျှင်"ချစ်သမီး-ယခု သင်ရောက်လာခြင်းဟာ ကောင်းသောရောက်လာခြင်း

ဖြစ်တယ်၊သင်ကိုယ်တိုင်ဘဲတက်ပြီး ဆီနှင့် ဆေးတန်းမြင်းသိလာကို ရောစပ်ဖွဲ၍ ရွှေအုတ်ကို စီထားပါလေ''-ဟု ဆိုသည့်အတိုင်း ရွှေအုတ်နှင့်တကွ ကြာရှစ်လက်တို့ကို စေတီတော်ကြီး အား ကပ်လှူ၍ခိုးပြီးလျှင်''ဖြစ်လေရာ ဘဝတိုင်းဘဝတိုင်း၌ ဤကုသိုလ်ကြောင့် ခန္ဓာကိုယ်မှ စန္ဒကူးနံ့ကဲ့သို့ မွှေးကြိုင်လှိုင်ပါစေ၊ ခံတွင်းမှလည်း ကြာနံ့ကဲ့သို့ ပျံ့နှံ့ မွှေးကြိုင်လှိုင်ပါစေ''ဟု ဤသို့ ဆုကို တောင်းပါတယ်၊တောင်းတဲ့ဆုအတိုင်းပင် အပုပ်နံ့တွေ ကင်းရှင်းပြီး ကိုယ်ခန္ဓာမှ စန္ဒကူး နံ့ကဲ့သို့ ခံတွင်းမှ ကြာနံ့ကဲ့သို့ တသင်းသင်း တလှိုင်လှိုင် မွှေးကြိုင်ပါတယ်။

('ကမ္မဝိပါကော အစိန္တေယျော' [၁]-လို့ ဗုဒ္ဓဟောတော်မူတဲ့အတိုင်း ကံတရားရဲ့ အကျိုးကို မကြံစည်အပ် မကြံစည်နိုင်၊ အံ့ဩဘွယ် ဆန်းကျယ်လှပါပေစွ၊)

ထိုအခါ ပထမ သူဋ္ဌေးသားက နက္ခတ် ပွဲသဘင်သို့ ပျော်ရွှင်သွားလာလိုသဖြင့် သူဋ္ဌေးသမီးကို အခေါ်ခိုင်းရာတွင် သူဋ္ဌေးသမီးက သူ့ရဲတန်းဆာများကို စေတီတော်အား လှူလိုက်သဖြင့် ဘာမျှ မရှိတော့ကြောင်း ပြော၍ မလိုက်ဘဲနေရာ ''ဘာမျှမရှိတော့သော်လဲ လာခဲ့ပါ''ဟု တဖန် အခေါ်လွှတ်သဖြင့် သူဋ္ဌေးသားအိမ်သို့ လိုက်သွားသည်၊ ထိုအခါ အိမ်သို့ ဝင်သည်နှင့် တပြိုင်နက် တအိမ်လုံးမှာ စန္ဒကူးနံ့,ကြာနံ့တွေ မွှေးကြိုင်လှိုင်၍ သွား၏။

ဤသို့ဖြစ်လာရပုံ သူဋ္ဌေးသားက မေး၍ အကျိုးအကြောင်း ပြန်ပြောင်း ပြောဆို ကာ အတူတကွ ပျော်ရွှင်စွာ နေထိုင်ကြပြန်ကုန်၏။

(အင်္ဂုတ္တရ အဋ္ဌကထာ၊ ပထမအုပ်-၁၃၃)

ဤနေရာ၌ ပြဆိုခဲ့ပြီးသော အတိုင်း ကဿပ မြတ်စွာဗုဒ္ဓ၏ ဥဒ္ဒိဿစေတီတော်ကို သက်တော်ထင်ရှား မဟုတ်ဘဲလျက် ရွှေအုတ်နှင့် ကြာရှစ်လက်လှူ၍ တောင်းသောဆုအတိုင်း ပြည့်စုံသည် မဟုတ်ပါလော။

**ဗုဒ္ဓ အဂါရဝ မဖြစ်ဘို့ အရေးကြီးပုံ။** ။ဘုန်းကြီး၏ကျောင်းတိုက် အနီးအပါး၌ ဆရာတော် တပါးက''ဗောဓေတာ ပဗောဓယာတိ ဗုဒ္ဓေါ၊ သစ္စာ လေးပါးကို သိစေတတ်သောကြောင့် ဗုဒ္ဓဟုဆိုရသည်၊ သင်တို့အိမ်၌ ကိုးကွယ်ထားကြ သော ရုပ်ပွါးဆင်းတုတော်များက သစ္စာလေးပါးကို သိစေတတ်ရဲ့လား'' ဟု မေးရာ ပရိသတ်က ''မသိစေတတ်ပါဘုရား''ဟု ဖြေဆိုကြသဖြင့် ''ဒီလို သစ္စာလေးပါးကို မသိစေ တတ်က အဘယ်မှာလျှင် ဗုဒ္ဓဟုတ်ပါ့မလဲ''ဟု ဟောပြောသည်ကို ကြားလိုက်ရပါသည်။

ထိုသို့ ဟောပြောသော စကားမှာ ကျမ်းဂန်အရ (ဗုဒ္ဓ အဂါရဝ) ဗုဒ္ဓ မရိုသေမှု အစစ်ဖြစ်၍ မန္တလေးမြို့တွင် –

* မဟာမြတ်မုနိ, အိမ်တော်ရာ၊ သကျသီဟ စ ရွှေကျီးမြင့်။
ဗုဒ္ဓနီ, ကျောက်တော်ကြီး စေဝ၊ စန္ဒာမုနိ စ ကုသိုလ်တော်။

---

၁။ အံ၊ ၁၊ နှ၁-၃၉၂။

ဤသို့ ထင်ရှား တန်ခိုးကြီးမားသော စေတီတော်, ရုပ်ပွါးဆင်းတုတော်များကိုရင်း၊ ရန်ကုန်မြို့တွင်—

* ရွှေတိဂုံ, ကမ္ဘာအေး စေဝ၊ ဆူးလေစေတီ စ ဗိုလ်တထောင်။
ငါးထပ်ကြီး စ ခြောက်ထပ်ကြီး စ၊ ကိုးထပ်ကြီး, ခတ်ပေါင်း ကျိုက္ကစံ။

ဤသို့ထင်ရှား တန်ခိုးကြီးမားသော စေတီတော်ကြီးများနှင့် ရုပ်ပွါးဆင်းတုတော်ကြီးများကိုရင်း၊ ဗုဒ္ဓအဂါရဝ မဟုတ်ဟု ဆိုရာကြပြီး 'ဗုဒ္ဓ အဂါရဝ ဖြစ်မည်လောဟု တွေးတောစရာ သံသယဖြစ်ဘွယ်ရှိပါသည်။

**အာဝုသော်နှင့် ရှေးခေတ် စိတ်ထားကွာပုံ။** ။ဤနေရာ၌ အခု ခေတ် အချို့ ပုဂ္ဂိုလ်များနှင့် ရှေးခေတ်ဆရာတော်ဗရားကြီးများ စိတ်ထား, မိုးနှင့် မြေကြီး အလား ကွာခြားလှပါပေသည်၊ ဥပမာ–ကျေးဇူးရှင် ရွှေကျင်ဆရာတော်ဗရားကြီးသည် ၁၂–ဝါရ ငယ်စဉ်အခါက သစ်ဆိမ့်ကြီးရွာ ရွှေပိန်းကြီးဗရားတိုက်အတွင်းရှိ လျှောင်းတော်မူသော ရုပ်ပွါးတော်ကြီးကို ဖူးမျှော်ကန်တော့ပြီးလျှင် တင်ပါးတော်ကို လက်များဖြင့် ဆုပ်နယ်သုံးသပ်ဝတ်ပြုစဉ် သက်တော်ထင်ရှား မြတ်ဗရားအစစ်လို စိတ်တွင် ထင်မြင် လွှမ်းဆွတ်လာပြီး မျက်ရည်များ ယိုစီးလာတော်မူပါသတဲ့။....(အလွန်အံ့ဩဘွယ်ကြီးပါတကား)

ယခုအခါ သူသူငါငါ ဗရားဖူးမြင်ကြရာ၌ ဆရာတော်ကြီး၏ နည်းကို ယူကာ မိမိတို့ စိတ်ခါတ်ကို စေတီတော်နှင့် ရုပ်ပွါးဆင်းတုတော်၌သာ မတန့်ရပ်ဘဲ သက်တော်ထင်ရှား မြတ်ဗရားထံမှောက် စိတ်ရောက်အောင် အာရုံပြုနှလုံးသွင်း ကြည်ညိုတတ်ကြဘို့ရာ လွန်စွာ အရေးကြီးသည်ကိုလည်း သတိပြုကြပါကုန်။

**ရှင်မောဂ္ဂလာန်ထုံး နှလုံးသွင်းကြ။** ။ရှင်သာရိပုတ္တရာ ရှင်မောဂ္ဂလာန် အမှူးရှိကုန်သော ရဟန်းငါးရာတို့သည် ဗရားဖူးမျှော်ရန် ရောက်လာကြပြီးနောက် အချင်းချင်း ငါးစိမ်းသည်များကဲ့သို့ ကျယ်ကျယ်လောင်လောင် ဆူဆူညံညံ ပြောဆိုသံကို မြတ်စွာဗရား ကြားတော်မူ၍ ရှင်အာနန္ဒာအား ထိုရဟန်းတို့ကို ခေါ်စေပြီး မြတ်စွာဗရားသည် ထိုရဟန်းအားလုံးတို့ကို နှင်ထုတ်တော်မူလိုက်၏။

"ချစ်သား သာရိပုတ္တရာ-ရဟန်းများကို ငါဗရား နှင်ထုတ်လိုက်သောအခါ သင် ဘယ်လို စိတ်အကြံဖြစ်သလဲ"ဟု မိန့်တော်မူလျှင် "တပည့်တော်သည် ချမ်းသာစွာ ဖလသမာပတ်ကို ဝင်စားနေတော့အံ့" ဤသို့ အကြံဖြစ်ပါသည်-ဟု လျှောက်ထားရာ "ဆိုင်းငံ့ဦး"ဟု တားမြစ်တော်မူ၍ ထိုနောက် "ချစ်သားမောဂ္ဂလာန် ငါဗရားသည် ရဟန်းတွေကို နှင်ထုတ်လိုက်သောအခါ သင် ဘယ်လို စိတ်အကြံဖြစ်သလဲ"ဟု မေးတော်မူပြန်ပါတယ်၊ ထိုအခါ ရှင်မောဂ္ဂလာန်က "ထိုရဟန်းများအပေါ်၌ ပြောဆိုဆုံးမဘွယ် တာဝန်ရှိပါသည်

ဗုဒ္ဓဖရား''ဟု လျှောက်ထားလျှင် မြတ်စွာဗုဒ္ဓဖုရားက ''ချစ်သား မောဂ္ဂလာန် သာဓု–သာဓု''ဟု ခေါ်ဆို မိန့်မြွက်တော်မူပါသည်[၁]။

ယခု ဤနေရာ ဌာနဌ ရှင်မောဂ္ဂလာန်၏ ထုံးကို နှလုံးသွင်းကာ သာသနာ့ညီတော် နောင်တော်ဖြစ်၍ တာဝန်ရှိသည်ဟု ယူဆမိသဖြင့် ဆိုအပ်ပြီးသော ကဿပ မြတ်စွာ ဗုဒ္ဓဖုရား၏ စေတီတော်ကြီးအား ရွှေအုတ်လှူသော အမျိုးသမီး ဒိဋ္ဌဓမ္မ အကျိုးရသည်ကို ထောက်ထား၍ငင်း, ဗုဒ္ဓဖုရားသာသနာ အရှည်မတည်ဘဲ ကွယ်ခြင်း၏ အကြောင်းကို(အင်္ဂုတ္တိုရ် ပါဠိတော် ပဉ္စကနိပါတ် နှာ-၁၅၅-၇) ယခု ပြောဆိုသော အမူအရာမျိုးနှင့် သက်ဆိုင်နေသည်ကို ထောက်ထား၍ငင်း၊ မပြောဆိုသင့် မပြောဆိုထိုက်သော စကားများကို ပြောဆိုရရောက် နေပါသည်။

**ဆရာကိုးကွယ်မှု မမှားသင့်ပုံ။** ။နာကြားသူ ပရိသတ် အဖို့လည်း ''ကုန်ရှုံးတော့ တခေါက်၊ လင်ယူရှုံးတော့ တသက်လုံးမှောက်၊ ဆရာအကိုးအကွယ် ရှုံးတော့ တသံသရာလုံးမှောက်'' ဆိုရိုးရှိရာ နောက်ဆုံး စကားကို လေးစားစွာ အလွန်သတိ ပြုထိုက်လှပါသည်၊ အဇာတသတ်မင်းသည် မြတ်စွာဗုဒ္ဓဖုရား သာမညဖလ သုတ်ကို ဟောကြား သည့်အဆုံး၌ သောတာပန် အရိယာ ဧကန်ဖြစ်ထိုက်သော ကုသိုလ်ကံ ပါရမီ ရှိပြီး ဖြစ်ပါ လျက် ''ငါက မြတ်စွာဗုဒ္ဓဖုရားကို သတ်၍ ဗုဒ္ဓဖုရားသစ်လုပ်မယ်၊ သင်က ခမည်းတော်ကို သတ်၍ မင်းလုပ်ပါ''ဟု ဒေဝဒတ်က အကြံပေးချက် နှစ်သက် သဘောကျသဖြင့် ဒေဝဒတ်ကို ဆရာ သမားအဖြစ်ဖြင့် အကိုးအကွယ် အမှားကြီး မှားသောကြောင့် ဗုဒ္ဓဖုရားကျောင်း ဒကာ သော တာပန် အရိယာဖြစ်သော ခမည်းတော် ဗိမ္ဗိသာရ မင်းကြီးကို မီးခိုးထောင်ချပြီး သတ်ဖြတ် မိလေတော့သည်၊ ထိုခမည်းတော်ကို သတ်သော ပိတုဃာတက အကုသိုလ်ကံကြောင့် အဝီစိ ငရဲကြီး၌ ဧကန်ကျရရောက်ရမည် ဖြစ်သော်လည်း ထိုအဇာတသတ်မင်းသည် သူတပါးတို့နှင့် မတူအောင် မြတ်စွာဗုဒ္ဓဖုရားကို ထူးထူးကဲကဲ စွဲမြဲ အကြည်ညိုဆုံး ဖြစ်သဖြင့် သက်သာမှုရကာ လောဟကုမ္ဘီ ကြေးအိုးငရဲငယ်၌ ဖြစ်ရလေ၏။

ဆရာဒေဝဒတ်လည်း မြေမျိုခံရ၏၊ ဤဝတ္ထုများကို ထောက်ထား၍ ဆရာသမား အကိုးကွယ် မမှားအောင် သတိပြုကြကုန်ရာ၏။

ဤနေရာ၌ လေးလေးနက်နက် သက်ဝင်ယုံကြည်စွာ မှတ်သားကြဘို့ ပါဠိတော်ကို အပြည့်အစုံ ပြဆိုပါဦးမယ်။

တိဋ္ဌန္တေ နိဗ္ဗုတေ စာပိ၊ သမေ စိတ္တေ သမံ ဖလံ။
စေတောပဏိဓိဟေတု ဟိ၊ သတ္တာ ဂစ္ဆန္တိ သုဂ္ဂတိံ။
(ဝိမာနဝတ္ထု ပါဠိတော် နှာ-၆၆)

---

၁။ မဇ္ဈိမနိကာယ၊ စာတုမသုတ်၊ နှာ-၁၁၉-၁၂၂။

တိဋ္ဌန္တေ စ၊ သက်တော်ထင်ရှား ငါဘုရား၌၎င်း။ နိဗ္ဗုတေ စာပိ၊ ပရိနိဗ္ဗာန်စံတော်မူသွား ငါဘုရား၏ ရုပ်ပွါးဆင်းတုတော် စေတီတော်များ၌၎င်း။ စိတ္တေ၊ ကြည်ညိုသော စိတ်သည်။ သမေ၊ တူညီခဲ့သည်ရှိသော်။ ဖလံ၊ အကျိုးသည်။ သမံ၊ တူမျှပေ၏။ ဟိ၊ ထိုစကားသည် မှန်လှ၏။ စေတောပဏိဓိဟေတု၊ စိတ်ကို ကောင်းစွာထားခြင်း ဟူသော အကြောင်းကြောင့်။ သတ္တာ၊ လူ နတ် ပြဟ္မာ သတ္တဝါတို့သည်။ သုဂ္ဂတိံ၊ လူ့ရွာ နတ်မြတ် သုဂတိဘဝဇာတ်သို့။ ဂစ္ဆန္တိ၊ အမှန်မသွေ ရောက်ကြရလေကုန်၏။

မှတ်ချက်။ ။ဤဂါထာ ဒုတိယပါဒ၌ သမံ စိတ္တံ-ဟုလည်း ရှိ၏။

ဤဂါထာ၏ ဆိုလိုရင်း သဘော အဓိပ္ပါယ်ကို အောက်၌ သက်တော်ထင်ရှားဘုရားနှင့် ရုပ်ပွါးဆင်းတုတော်များ အတူတူဖြစ်ကြောင်းပြဆိုခဲ့ပါပြီ၊ ဤသို့ ဟောထားတော်မူသော အတိုင်း ဘုရားဟောကြားအပ်သည့် စကားတော်၌ ပယ်အပ်သည်မရှိ၊ အက္ခရာ တလုံး ချို့ယွင်းမှု မှားယွင်းမှု မရှိကြောင်းကိုလည်း ဒီဃနိကာယ် သုတ်သီလက္ခန် အဋ္ဌကထာ (နှာ-၁၂)၌ ပြဆိုထားပါသည်။

ထို့ကြောင့်....

"ခါချဉ်ဉဏ် မာန်ဖိစီး၍၊ တောင်ကြီးကို ဖြိုမယ့်ကြံ ခါးကမသန်"

ဆိုသကဲ့သို့၊ ခါချဉ်ဉာဏ် မာန်ဖိစီးပြီး ဤပါဠိတော် ရွှေတောင်ကြီးကို မဖျက်ဆီးမိပါစေနှင့် ဟူ၍ အကုသိုလ် အညစ်အကြေး လိမ်းထေး တွေ့ရမယ့်ဘေးကို မျှော်တွေးထောင့်ချင့် မသင့်လျော်သဖြင့် ပွါးလင့် မေတ္တာ ကရုဏာတရား ကောင်းစိတ်ထားနှင့် ရေးသားခွင့်ဆိုက် သတိပေးလိုက်ရပါသည်။

အလှူခံ ပသုံးဆောင်သော်လည်း လှူသူမှာ ကုသိုလ်ရပုံ။ ။ဆက်လက်စကား သတိထားကြရန် ရှိလာ ပြန်သည်မှာ ရုပ်ပွါးဆင်းတုတော်များ သစ္စာလေးပါး မသိစေတတ်၍ ဘုရားမဟုတ်ဟုဆိုလျှင် ဆွမ်းတော်တင်ခြင်းစသည်မှာ အကျိုးရှိပါ့မလားဟု ယုံမှားဘွယ်ရာ ရှိလာပြန်ပါသည်၊ မယုံမှားကြပါနှင့် 'ဒေယျဓမ္မေ ပဋိဂ္ဂါဟကေန အပရိဘုတ္တေပိ တေသံ ပုညံ ဟောတိယေဝ'-ဟု အဋ္ဌကထာ ဆရာ ပြဆိုထားသောကြောင့် ရုပ်ပွါးဆင်းတုတော်များ ဘုရားဟုတ်ပါ၏၊ ကုသိုလ်ရပါ၏၊ ရုပ်ပွါးဆင်းတုတော်များက ဆွမ်းစသည်ကို မဘုဉ်းပေး မသုံးဆောင်သော်လည်း ကပ်လှူသော ပုဂ္ဂိုလ်တို့အား ဒါနမြောက်၍ ကေန်အမှန် ကုသိုလ် ရရှိကြတော့သည်သာ ဖြစ်တော့၏။

ယခုအခါ "ဆန်စင်ရာ ကျည်ပွေ့မလိုက်နိုင်"ဆိုသကဲ့သို့ မကြာမီက ဒကာတဦးသည် "အရုပ်၊ အမှိုက်နှင့် ကတုံးကို ပယ်ရမည်"ဟု ပြောသည်ကို ကြားရပြန်သည်၊ ထိုသူ့ရဲ့ ဆိုလိုရင်းက အရုပ်က=ဘုရား၊ အမှိုက်က=တင်လှူထားသော ပန်းစသည်များ၊ ကတုံးက=ဘုန်းကြီးကို ဆိုလိုသည်။

ဤနေရာ၌ မဆိုသင့်သော စကားများ ကြက်သီးထဘွယ်ဆိုထားရာ ရှင်မဟာကစ္စည်း မထေရ်မြတ်ကို မျောက်ဟု ပြောဆိုသဖြင့် သေလွန်သောအခါ မျောက်ဖြစ်ရသော ဝဿကာရ ပုဏ္ဏားကဲ့သို့ အကုသိုလ် ဝစီကံ အပြစ်ဘေးကြီး ပြေးမလွတ် ဝိပါကဝဋ္ဋ ဆိုက်ရောက်တတ် သည်ကို အလွန်သတိပြုထိုက်လှပါသည်၊ ဤအရာဌာနမျိုး"မည်သူမပြု မိမိမှု"ဆိုတဲ့ အတိုင်း မိမိတို့အဘို့ ရှောင်ရှားနိုင်ကြပါစေကုန်သတည်း။

ဒါကြောင့် ဒေါ်ဝင်းမြင့် တို့အဘို့ကတော့ ခုနက ပြောခဲ့တဲ့ အတိတ်က အကုသိုလ် ကံကြောင့် လက်တလောသေရသည် ဆိုသော်လည်း အလည်အပတ်သဘောမျိုး မဟုတ် ဘဲနှင့် ဗုဒ္ဓအဆူဆူအရပ်ရပ် ဖူးမည်ဆိုတဲ့ စိတ်နှလုံးကောင်းနှင့်သာ သွားကြတာဖြစ်တော့ မကောင်းသောဂတိသို့ လားဘို့ရန် မလွယ်ပါဘူး။

ရှေးအဘို့ကလည်း ရတနာသုံးပါးကို အမြဲမပြတ် ဆည်းကပ်ကိုးကွယ်ပြီး နေရုံသာမက **ဗုဒ္ဓတရားတော်နှင့် လူကျင့်ဝတ်** ဆိုပြီးတော့ ရေးထားတဲ့ စာအုပ်ကလဲ ကြည့်သူတိုင်း ဖတ်မိ ဘူးသူတိုင်း ဘုန်းကြီးက အထူးပြောစရာမလိုပါဘူး၊ စာရေးဆရာမကြီး ဒေါ်ဝင်းမြင့်ရဲ့ သန္တာန်မှာ ဓမ္မဒါန ဓမ္မပူဇာ ကုသိုလ်ထူးကြီး ဆည်းပူးအားထုတ်သွားတဲ့ လက်ရာများ ကျန်ရစ်ခဲ့ပုံကို ကြည့်ရလျှင် အလွန်ဝမ်းမြောက်ဝမ်းသာစရာကြီးပါဘဲ၊ ပိဋကတ်တော်တွေ မွှေနှောက်ရှာဖွေပြီး ရေးနေတဲ့အခိုက် မကောင်းတဲ့ စိတ်တွေ သူ့မှာ လုံးဝ မပေါ်လာဘဲနှင့် ကုသိုလ်ဇောစိတ်တွေ အကြိမ်ကြိမ်ဖြစ်ပြီးတော့ သေသည့်နောက်လဲ သူ့အဘို့ဘာဂ အလွန် မွန်မြတ်တဲ့ အလုပ်ပါ-လို့ အဲဒီလို ဗုဒ္ဓတရားတော်နှင့် လူ့ကျင့်ဝတ်ထဲ၌ ရေးသားထား ပါတယ်။

**သတ္တဝါတို့ မသိနိုင်သော တရား ငါးပါး။** ။ဤနေရာ၌ သေခြင်း တရားနှင့် ပတ်သက် ပြီးတော့ ပြောပြလိုပါတယ်၊ ဗုဒ္ဓရဟန္တာမှ တပါး သတ္တဝါတွေ ကြိုတင်ပြီး မသိနိုင်တဲ့တရား ငါးပါးရှိပါတယ်။

(၁) ဇီဝိတ-ဘယ်အသက် ဘယ်အရွယ်မှာ သေမယ်၊

(၂) ဗျာဓိ-ဘယ်လိုရောဂါနှင့် သေမယ်၊

(၃) နေ့သေမယ် ညသေမယ် ဘယ်နာရီသေမယ်-ဟု သေရမည့်အချိန်ကာလ၊

(၄) ဒေဟနိက္ခေပန=ဆေးရုံမှာ သေမယ် အိမ်မှာသေမယ် သို့မဟုတ် အခုလို လေယာဉ်နှင့် သွားရင်းလာရင်း သေမယ်၊ ဤလို ခန္ဓာကိုယ်ကို ပစ်ချရာဌာန၊

(၅) သတ္တဝါတို့၏ လားရာဂတိ၊

ဤငါးမျိုးတို့ကို ကြိုတင်ပြီးတော့ မည်သူ တဦးတယောက်မျှ မသိနိုင်ပါဘူး၊

ဒါကြောင့် မြတ်စွာဗုဒ္ဓဘုရားက....

ဇီဝိတံ ဗျာဓိကာလော စ၊ ဒေဟနိက္ခေပနံ ဂတိ။
ပဉ္စေတေ ဇီဝလောကသ္မိံ၊ အနိမိတ္တာ န နာယရေ^၁။

ဇီဝိတံ စ၊ ချိန်ခါနေ့ရက် ချုပ်ဆုံး ပျက်ရမည့် အသက်အပိုင်းအခြားရင်း။ ဗျာဓိ စ၊ ဘယ်လိုရောဂါ ဘယ်အနာနှင့် အော်ကာဟစ်ကြွေး သေဆုံးရမည့် ဘေးဆိုး အနာရောဂါမျိုးရင်း။ ကာလော စ၊ နာရီအကွက် နံနက် နေ့ည သေဆုံးရမည့် အချိန်အခါကာလရင်း။ ဒေဟနိက္ခေပနံစ၊ တောတောင် ကုန်း၊ ရေ ဆေးရုံတွေနှင့် လေယာဉ်၊ ရထား မော်တော်ကားဟုများပြားစွာလှ ခန္ဓာကိုယ်ကို ပစ်ချရာဌာနရင်း။ ဂတိ စ၊ ဒေဝ၊ မနုဿ၊ နိရယနှင့် ပေတ၊ တိရစ္ဆာန် ငါးတန်သော လားရာဂတိရင်း။ ဣတိ၊ ဤသို့။ ဧတေ ပဉ္စ၊ ဤတရားငါးပါးတို့ကို။ ဇီဝလောကသ္မိံ၊ တေဘူမက ဇီဝသဉ္စဉ်းသော သင်္ခါရလောကကြီးထဲ၌၊ အနိမိတ္တာ၊ ဇာတာစန်းလဂ် တွက်ချက်စေဘန် သိရန်ကြောင်းဟိတ် အမှတ်နိမိတ် ကင်းကြကုန်သည်ဖြစ်၍။ န နာယရေ၊ ဘယ်သက်၊ဘယ်ခါ ဘယ်အနာနှင့် ဘယ်မှာပစ်ထား ဘယ်ဂတိသို့ လားရမည်များကို ပိုင်းခြားစေဘန် ကေန်တည်းဖြတ် မသိအပ်နိုင်လေကုန်တော့သတည်း။

အဓိပ္ပါယ်မှာ ရှေ့လေးမျိုးကိုတော့ ပြောပြဘို့မလိုပါဘူး၊ နောက်ဆုံး ဂတိအရလားရာဂတိ ငါးမျိုးကိုသာ ခွဲခြား၍ ပြောကြားလိုပါတယ်၊ ရှေးဖြစ်တဲ့ ဒေဝ၊မနုဿ-ဂတိနှစ်ပါးက လူ့ပြည်နှင့် နတ်ပြည် ကောင်းသော သုဂတိဖြစ်ပါတယ်၊ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ-သုံးပါးတို့က မကောင်းသော ဒုဂ္ဂတိဖြစ်ပါတယ်၊ ဤဂတိ ငါးပါးတို့တွင် ဘယ်ဂတိသို့လားကြရမည်ဆိုတာ ဗုဒ္ဓ၊ရဟန္တာ-မှ တပါး မည်သူမျှမသိကြပါဘူး ...။

**ဒေါ်ဝင်းမြင့် စိတ်ထား မှတ်ဖွယ်ကောင်းပုံ။** ။ဒါကြောင့် - ခု ဒေါ်ဝင်းမြင့်တို့ အနေနှင့် ခုနက ပြောခဲ့တဲ့ ဓမ္မဒါန ဓမ္မပူဇာ ကုသိုလ်ထူးကြီး ဆည်းပူးအားထုတ်သွားတယ်၊ အမြဲတမ်း ရတနာသုံးပါး ဆည်းကပ်ကိုးကွယ်လေ့ရှိတယ်၊ အခုသွားကြတဲ့ ကိစ္စကလဲ ဗုဒ္ဓဖူးရန် ကိစ္စနှင့် သွားတယ်ဆိုတော့ ကောင်းသောစိတ်ထား ကောင်းသောအလုပ် ကောင်းသော အမူအရာတွေချည်းဖြစ်နေတော့ မကောင်းသော ဒုဂ္ဂတိဘဝသို့ လားဘို့ရန်မလွယ်ပါဘူး၊ သူရေးတဲ့ စာအုပ်ထဲမှာ-**စိတ်ခေတ်ကြွခိုင်ရေး** အမည်ဖြင့် တရားတပုဒ် ဌာနသုတ်၌ မြတ်စွာဗုဒ္ဓ ဟောတော်မူတဲ့အတိုင်း -

**အိုချိန်တန် အိုရမယ်၊ နာချိန်တန် နာရမယ်၊ သေချိန်တန် သေရမယ်၊ ကုန်ဆုံးချိန်တန် ကုန်ဆုံးရမယ်၊ ပျက်စီးချိန်တန် ပျက်စီးရမယ်**-ဆိုတဲ့ တရားငါးမျိုးတို့မှာ တဦးနှင့်တဦး ဘယ်လောက် ချစ်ခင်ပေမယ်လို့ မဖြစ်ရအောင်တောင့်တလို့လဲ မရကောင်းဘူး၊ တားဆီးပိတ်ပင်လို့လဲ မရကောင်းဘူး။

---

၁။ ဝိသုဒ္ဓိ၊ ဋ္ဌ၊ ပ-တွဲ၊ နှာ- ၂၂၀။

ဤတရား ငါးပါးအနက် သက်ဆိုင်သူ ဆွေမျိုးနီးစပ်သူများ သေကြတဲ့အခါ အလွန်နည်းကြသေးတော့ ဖြစ်ချိန်တန်ဖြစ်, ပျက်ချိန်တန်ပျက်ဆိုတဲ့ တရားသဘောကို နှလုံးသွင်း မဆင်ခြင်နိုင်ကြလျှင် ပူဆွေးခြင်း ငိုကြွေးခြင်း အစရှိတဲ့မီးတွေ အကြီးအကျယ်လောင်ကြလိမ့်မယ်၊ စာရေးသူကိုယ်တိုင်ပင် အလွန့်အလွန် နုသေးသော ပုထုဇဉ်တယောက်မျှသာ ဖြစ်သည့်အလျောက် စိတ်ဆင်းရဲစရာတွေ တွေ့ကြုံခဲ့ရစဉ်က စိုးရိမ်ပူဆွေး ငိုကြွေးမြည်တမ်းမိခဲ့တယ်၊ ဤစာကို ရေးနေစဉ်အခါကျမှ တရားသဘောကို စဉ်းစား ဆင်ခြင်မိသဖြင့် စိုးရိမ်ပူဆွေး ငိုကြွေးခြင်းစသည်တို့ကား တစုံတရာ အကျိုးကျေးဇူး မရှိသည်ဖြစ်၍ ပူဆွေး ငိုကြွေးနေသော်လည်း သေသောသူများသည် ပြန်ရှင်မလာတော့ဘူး—ဟု သိမြင်မိပါသည်၊ သို့သော်...သူလဲ ပုထုဇဉ်ဘဝသာမည်ဖြစ်၍ မိမိစိတ်ကို ကြံ့ကြံ့ ခံနိုင်စေဘို့ရာ ခဲယဉ်းစွာ ကြိုးစားရအုံးမည်ဖြစ်ကြောင်း စသည်ကို ရေးသွားပြီးတဲ့နောက် "ဤစာကို ဖတ်ရှုမိတဲ့ ပုဂ္ဂိုလ်များ အကျိုးမရှိ ပူဆွေး ငိုကြွေးခြင်း စသည်များ မပြုကြဘဲနှင့် တတ်နိုင်သမျှ တားဆီး ထိန်းသိမ်းနိုင်ကြပါစေ"—

ဟု နိဂုံးချုပ် ရေးသားသွားပါသည်။

**သံဝေဂဝတ္ထု ၈-ပါး**[၁]။ ။ဒါ့ကြောင့် မရဏာနုဿတိ ကမ္မဋ္ဌာန်းကို လူအများ ကြိုတင်နှလုံးသွင်း ပွါးများပြီး ဖြစ်ကြလျှင် ယခုလို ပျက်စီးတဲ့ အချိန်မှာ ကျန်ရစ်တဲ့ မိသားစုတွေ မျက်ရည်ကျမယ် ငိုကြမယ်မဟုတ်ပါဘူး၊ ဘုန်းကြီးတို့ ၁၃၃၉-ခု၊ နတ်တော်လဆုတ် ၂-ရက်နေ့၊ ပျံလွန်တော်မူသွားတဲ့ တောင်မြို့၊ မဟာဂန္ဓာရုံ၊ ကျေးဇူးရှင် ဆရာတော်ဘုရား ရေးထည့်ထားတဲ့ သံဝေဂဝတ္ထု သံဝေဂ ရစရာ တရားရှစ်ပါးမှာ—

* အမိဝမ်းခေါင်း၊ ဆယ်လငြောင်းမျှ၊
အောင်းခဲ့ရချေ၊ တည်သန္ဓေနှင့်၊ လူ့ပြည်လူ့ရွာ၊
ရောက်ပြန်ပါလည်း၊ အို,နာ,သေရေး၊ ဒုက္ခဘေးကြောင့်၊
စိတ်အေးကိုယ်ခိုင်၊ မနေနိုင်ခဲ့[၂]တဲ့။

အဲဒီ ဆရာတော်ကလည်း ပရိယတ်နယ်မှာဖြင့် စာရေးတာ နှစ်ပါး မရှိပါဘူး၊ အမျိုးသမီးဘက်ကဆိုလျှင်လဲ ဘာသာရေးဘက်ဆိုင်ရာမှာဖြင့် ဘုန်းကြီးသိရသလောက် ဒေါ်ဝင်းမြင့်ဟာ နှစ်ယောက်မရှိပါဘူး၊ ဤနေရာမှာ ဆရာတော်နှင့် ဒေါ်ဝင်းမြင့်တို့ စိတ်ထားနှလုံးသွင်း တူနေတာလေး ပြောချင်ပါတယ်၊ ဗုဒ္ဓ တရားတော်နှင့် လူ့ကျင့်ဝတ်မှာ ဒေါ်ဝင်းမြင့် ရေးထားတဲ့ စိတ်ကြံ့ခိုင်ရေးတရားက အိုရ,နာရ,သေရတဲ့ ဒုက္ခဘေးတွေကြောင့် စိတ်ခတ်

---

၁-၂။ ဝိသုဒ္ဓိ၊ ၄၊ ပ-တွဲ၊ နှာ-၁၃၁။ သံဋ္ဌ၊ ၃၊ နှာ-၂၀၀။

ကြံခိုင်အောင် တည်တည်မတ်မတ် ထားနိုင်အောင် သူက ရေးထားတယ်၊ မဟာဂန္ဓာရုံ ဆရာတော်ကလဲ....

* လူ့ပြည်လူ့ရွာ၊ ရောက်ပြန်ပါလည်း၊ အိုနာသေရေး၊
ဒုက္ခဘေးကြောင့်၊ စိတ်အေးကိုယ်ခိုင်၊ မနေနိုင်ခဲ့....

ဟု ရေးထားတော့ သဘောချင်းထပ်နေတယ်။

* ဖြိုင်ဖြိုင်ဒုက္ခ၊ ခံပြီးမှလည်း၊ မျှားလှပါယ်ရွာ၊
ရောက်ကြရှာ၏၊ အတိတ်ရှေး၊ ဒိဝင်္ဂဘေးနှင့်၊
နောင်ရေး နာဂတ်၊ ဒုက္ခထပ်လိမ့်၊ မပြတ်ခုခါ၊
ဖြစ်တုံမှာလည်း၊ အစာရှာရ၊ ထိုဒုက္ခကြောင့်၊
နေ့ညမဟူ၊ ကိုယ်စိတ်ပူ၍၊ သူသူ ငါငါ၊ မသက်သာသည်၊
ရှစ်ဖြာ သံဝေ ရကြောင်းတည်း [၁]။

အဲဒီလို သံဝေဂဝတ္ထု ရှစ်မျိုးရှိသည့်အတိုင်း ခု ဒုက္ခအမျိုးမျိုးတွေနှင့် တွေ့နေကြရတယ်၊ နောင်လဲ ဒီဒုက္ခတွေနှင့် နိဗ္ဗာန်မရမီ တွေ့ကြရအုံးမယ်၊ နိဗ္ဗာန်မရသေးသမျှ ဒီခန္ဓာကိုယ် ရုပ်နာမ်ကြီးနှင့် ဘဝတိုင်း ဘဝတိုင်း တွဲဘက်ပြီး နေကြရမှာဖြစ်တော့ ဒီလိုပဋိသန္ဓေ နေလိုက်၊ အတော်ကြာ အိုလိုက်၊ နာလိုက်၊ သေလိုက်၊ တဖန်ပြန်ပြီးဖြစ်လိုက်၊ ပျက်လိုက် လက်စ မသတ်နိုင်အောင် ဒုက္ခသစ္စာတွေနှင့် တွေ့ကြုံခံစားကြရမယ်။

**မကယ်နိုင်တဲ့ တရား-၃-ပါး။** ။ဤသေခြင်းတရားနှင့် ပတ်သက်ပြီး တဦးနှင့်တဦး၊သားနှင့် အမိ၊ ညီနှင့်အစ်ကို၊ မောင်နှင့်နှမ၊ ဆရာနှင့်တပည့်၊ ဘယ်လောက်ပင် ချစ်ကြ ခင်ကြပေမယ်လို့ မကယ်နိုင်တဲ့ တရားကြီး သုံးပါးကို မြတ်စွာဘုရားက ဟောတော်မူထားပါတယ်။

(၁) အိုခြင်းတရား၊
(၂) နာခြင်းတရား၊
(၃) သေခြင်းတရား၊

ဒီတရားသုံးပါးဟာ တဦးနှင့်တဦး ဘယ်လောက်ပင် ချစ်ခင်ပေမယ်လို့ သူတပါးကို မအိုရအောင်၊ မနာရအောင်၊ မသေရအောင် ဘယ်လိုနည်းနှင့် မျှ မကယ်နိုင်ပါဘူး၊ ဘာဖြစ်လို့ မကယ်နိုင်သလဲ မိမိကိုယ်တိုင်ကိုက အိုခြင်းတရား၊ နာခြင်းတရားတွေနှင့် ရင်ဆိုင်နေရတယ်၊

---

၁။ ဝိသုဒ္ဓိ၊ ဋ္ဌ၊ ပ-တွဲ၊ နှာ-၁၃၁။ သံ၊ ဋ္ဌ၊ ၃၊ နှာ-၂၀၀။

တနေ့ သေခြင်းတရားနှင့် ရင်ဆိုင်ကြရလိမ့်အုံးမယ်၊ ကိုယ်တိုင်က ဒီတရားတွေနှင့် ရင်ဆိုင်ပြီး နေရတော့ သူတပါးကို ဘယ်လိုလုပ်ပြီး ကယ်ဆယ် စောင့်ရှောက်နိုင်ပါ့မလဲ၊ ဒါကြောင့် တဦးတယောက်ရဲ့ ကိုယ်စား အိုချင်လို့လဲ မရဘူး၊ မအိုပါစေနှင့်ဟု တောင့်တလို့လဲ မရပါဘူး၊ ရေဘေး မီးဘေး တိုင်းပြည်ပျက်တဲ့ ဘေးဆိုးတွေနှင့် တွေ့ကြုံတဲ့အခါ အလွန်ချစ်ကြခင်ကြလျှင် ဆယ်ပုံ တပုံ ဆယ်ရေး တရေးတော့ ကယ်မ ရနိုင် စောင့်ရှောက်နိုင်ပါရဲ့၊ ဒီလို အိုဘေး နာဘေး သေဘေးဆိုးကြီးတွေကျတော့ လုံးဝ မကယ်နိုင်ပါဘူး။

* ရေဘေး မီးဘေး၊ ပြည်ပျက်ဘေး၊ ဆယ်ရေးတရေး ကယ်နိုင်သည်။
* အို နာ သေရေး၊ တကယ့်ဘေး၊ ဘယ်သွေး ဘယ်သား မကယ်ပြီ၊
* မျက်စိအောက်တွင်၊ လွှင့်ပျောက်စင်၊ ဘယ်လင် ဇနီး၊ သား သမီး၊ တားဆီး မကယ်ပြီ။

ဘယ်လိုနည်းနှင့်မျှ မကယ်နိုင်ကြပါဘူး၊ဒါကြောင့် **မဃဒေဝ ဆရာတော်ဗရားကြီးက....**

* ရေဘေး မီးဘေး၊ ပြည်ပျက်ဘေးကား၊ ဆယ်ရေး တရေး၊
ကယ်နိုင်သေး၏၊ အိုဘေး နာဘေး၊ သေခြင်းဘေးဟု၊
ဤဘေးသုံးပါး၊ လွန်ကြီးမားကား၊ သားနှင့်အမိ၊ ဖြစ်တုံဘိလည်း၊
မျက်စိအောက်တွင်၊ ရင်ခွင်တင်လျက်၊
သက်သက်ရေးပိုင်၊ မကယ်နိုင်ဘူး၊ လက်မှိုင်ချကာ၊ နေရစွာရှင့်။

ဒီတရားဟောတဲ့အခါ ဘုန်းကြီးက ကျေးဇူးရှင် မိခင်ကြီးကို သွားသွားသတိရတယ်၊ သေခါနီးတွင် "မောင်ပဥ္စင်းရယ် အမေ့ကို မကယ်နိုင်တော့ဘူးလား" တဲ့ ဒီစကားလေး တခွန်း မေးသွားတယ်၊ ဒီအတိုင်း အကြောင်းသား ငုတ်တုတ်ငိုင် ခံရတယ်၊ဘယ်မှာ ကယ်နိုင်ပါ့မလဲ ...

ဒါကြောင့် အလွန်ကြောက်စရာကောင်းတဲ့ အိုခြင်း, နာခြင်း, သေခြင်းတရားတွေကို နှလုံးမျှားမျှားကြီးသွင်းကာ အကြောက်ကြီးကြောက် အလန့်ကြီးလန့်ကြရမယ်။

သတိ သံဝေဂ မျှားမျှားကြီး ရရှိကြပြီးလျှင် ထိုသေခြင်းတရား မရဏာနုဿတိ ကမ္မဋ္ဌာန်းကိုလဲ ပွါးများဘို့ အလွန်ကောင်းပါတယ်။

ရှေး သူတော်ကောင်းကြီးတွေမှာတော့ မသေမီကာလက သေရအုံးမယ်၊ အလုံးစုံသော သင်္ခါရဓမ္မတွေ အမြဲမရှိကြဘူး၊ ကုန်ဆုံးပျက်စီးခြင်းသဘောရှိကြတယ်-စသည်ဖြင့် ပွါးများဆင်ခြင်ထားမှုကြောင့် ယခုလို မီးတွေလာတဲ့အချိန်မှာ အသက်သာကြီး သက်သာ ပြီးလျှင် စိုးရိမ်ပူဆွေးမှုတွေ လုံးဝမဖြစ်တော့ဘူး။ သေခြင်းတရား ဆိုတာကလဲ....

နတ္ထိ မစ္စုသြ နာဂမော ၁။

ဆိုတဲ့အတိုင်း သုံးဆဲ့တဘုံမှာ အကုန်ရှိကြတဲ့ သတ္တဝါမှန်သမျှတွေ ထံပျောက်သို့ သေမင်း ရောက်လာမှာ အမှန်ဘဲ၊ သေမင်း မရောက်လာသော သတ္တဝါမည်သည် လူ့ဘုံ၊ နတ်ဘုံ၊ ဗြဟ္မာ့ဘုံတလျှောက် ဘယ်လိုပင် မွှေနှောက်ပြီး ရှာဖွေသော်လဲ တဦးတယောက်မျှ မရှိဘူးတဲ့။ အဲဒီလို သေလွန်ပျက်စီးသွားကြတဲ့အခါ ...

သဗ္ဗံ နာဒါယ ဂန္တဗ္ဗံ၊ သဗ္ဗံ နိက္ခိပ ဂါမိနံ။

သဗ္ဗံ၊ အလုံးစုံသော သက်ရှိသက်မဲ့ ပစ္စည်းဥစ္စာ ကိုယ်ခန္ဓာကို။ အာဒါယ၊ တမလွန်ဘဝသို့ ပါအောင် ယူဆောင်၍။ န ဂန္တဗ္ဗံ၊ သွားအပ်သော သဘောမရှိချေ။ သဗ္ဗံ၊ အလုံးစုံသော သက်ရှိ သက်မဲ့ ပစ္စည်းဥစ္စာ ကိုယ်ခန္ဓာကို။ နိက္ခိပ၊ စွန့်ပစ်ချထားခဲ့၍။ ဂါမိနံ၊ သွားရမည့်ဥစ္စာချည်းသာတည်း-လို့ ဟောတော်မူတဲ့ အတိုင်း တသက်လုံး ရှာဖွေစုဆောင်းထားတဲ့ သက်ရှိ သက်မဲ့ ပစ္စည်းဥစ္စာတွေနှင့်တကွ ဤခန္ဓာကိုယ်ကြီးပါ တမလွန်ဘဝသို့ ပါအောင် ယူဆောင်သွားလို့ မဖြစ်ဘူး၊ အားလုံးကို စွန့်ပစ်ချထားပြီး သွားကြရမှာကတော့ မည်သူမဆိုပါဘဲ။

**နောက်ဘဝအတွက် ယူသွားရမည့် ဥစ္စာ။** ။ဒါဖြင့်လျှင် ဘာတွေများ ပါသွားကြမလဲ ဆိုတော့....

အတ္တာ ဂေဟေ နိဝတ္တန္တိ၊ သုသာနေ မိတ္တဗန္ဓဝါ။
သုကတံ ဒုက္ကတံ ကမ္မံ၊ ဆာယာဝ အနုပါယိနီ။

ဘိက္ခဝေ၊ တောက်တဲ့အသွင် ပစ္စည်းခင်၍ နေ့စဉ်ပျော်ပါး မော်ကြွားကာ နေကြကုန်သော ချစ်သား ချစ်သမီးတို့။ အတ္တာ၊ လယ်ယာမိုးမြေ ဆန်ရေစပါး စီးပွါးဥစ္စာ ဆိုတာ များသည်။ ဂေဟေ၊ သင်တို့နေရာ အိမ်ဂေဟာ၌။ နိဝတ္တန္တိ၊ တပဲတရွေး နဲနဲလေးမျှ မလိုက်မပါ ထိုက်သူတို့ စံဘို့ရာ ကြွင်းကျန်ကာ နေရစ်ခဲ့ကြကုန်သတည်း။ မိတ္တဗန္ဓဝါ၊ ဇနီးမယား သမီးသားနှင့် များပြားဖုံဖုံ ချစ်ကြွမ်းဝင်ခြင်း ရှိကြကုန်သော မိတ်ဆွေသင်္ဂဟ အပေါင်းတို့သည်။ သုသာနေ၊ သူသေမြှုပ်နှံ မြေသုသာန်၌။ နိဝတ္တန္တိ၊ နေရစ်တော့လေ နေရစ်လေဟု အော်ဟစ်ကာ ကျန်ရစ်ကြလေကုန်၏။ သုကတံ၊ လူ့ နတ်၊ နိဗ္ဗာန် သုံးတန်ရောက်ကြောင်း ကောင်းကောင်းကြီး ပြုလုပ်အပ်သော။ ဒုက္ကတံ၊ အပါယ်လားကြောင်း မကောင်းသဖြင့် ပြုလုပ်အပ်သော။ ကမ္မံ၊ ကုသိုလ်၊ အကုသိုလ်ဆိုတဲ့ ကံနှစ်ပါးသည်သာ။ ကမ္မံဝ၊ ကောင်းလျှင်လဲ စံရော့ မကောင်းလျှင်လဲ ခံတော့ဟု အဖန်ဖန် ဖြစ်ငြား ကုသိုလ် အကုသိုလ် ဆိုတဲ့

---

၁။ သံ၊ ၁၊ နှာ-၁၀၉။ ဝိသုဒ္ဓိ၊ ဋ္ဌ၊ ပ-တွဲ၊ နှာ-၂၂၉။

ကံ နှစ်ပါး သည်သာ။ ဆာယာဝ၊ လူတို့သွားရာ အရိပ်ပါသကဲ့သို့။ အနုပါယိနီ၊ ပြုသူ နောက်သို့ ကောက်ကောက်ပါအောင် တောက်လျှောက်မသွေ အစဉ်တစိုက် လိုက်ပါလေ တော့သတည်း။

ပစ္စည်းဥစ္စာဟူသမျှနှင့် အလှန်ခင်မင်ကြတဲ့ မိတ်ဆွေသင်္ဂဟ အသီးသီး ဇနီးမယား သမီး သားတို့ပါမကျန် စွန့်ပစ်ထားခဲ့ကြရ၍ ကိုယ်ပြုခဲ့ကြတဲ့ ကုသိုလ်,အကုသိုလ်ဆိုတဲ့ ကံတရားနှစ်ပါးတို့သည်သာလျှင် ပြုသူနောက်သို့ အရိပ်ပါသကဲ့သို့ တောက်လျှောက်မသွေ လိုက်ပါကြပါတယ်၊ မလိုက်ပါနှင့် နေရစ်ခဲ့ကြပါဟု ပြောသော်လဲ မရပါဘူး-ဟု မြတ်စွာ ဘုရားက ဟောတော်မူထားပါတယ်။

ကုသိုလ်ကံတွေ များများလိုက်ပါလျှင် ထိုကုသိုလ်ကံတွေက လူ့ရွာ, နတ်ရွာ တင်ပို့ ပြီးတဲ့နောက် နိဗ္ဗာန်ရောက်သည်အထိ ချမ်းချမ်းသာသာဖြစ်အောင် ဧကန် စောင့်ရှောက် မှာဘဲ၊ အကုသိုလ်ကံတွေ များများကြီး လိုက်ပါမယ်ဆိုရင်ဖြင့် ထိုအကုသိုလ်ကံတွေက ငရဲ, တိရစ္ဆာန်, ပြိတ္တာ, အသူရကာယ်ဆိုတဲ့ အပါယ်လေးဘုံသို့ တွန်းချပြီးတော့ ဘဝတိုင်း ဘဝ တိုင်းတွင် အကြီးအကျယ် ဆင်းရဲဒုက္ခရောက်အောင် ပြုလုပ်မှာ လွဲမဖြစ်ပါဘူး [၁]။

ဒါကြောင့် အကုသိုလ်ကံတွေကို အတတ်နိုင်ဆုံး မပြုလုပ်မိအောင် ရှောင်ရှားလျက် ဒါန သီလ ဘာဝနာဆိုတဲ့ ကုသိုလ်များကိုသာ အကြိုးစားကြီး ကြိုးစား အားထုတ် ပြုလုပ် နိုင်ကြမှသာ သင့်တော်လိမ့်မယ်-လို့ အထူးဘဲ နှလုံးသွင်းကြစေလိုပါတယ်။

ဒါကြောင့် —

* မနေရလို့ သေကြသောခါ၊
ကိုယ့်နောက်ကိုကား ဘာမျှပါမှာ။
ပစ္စည်းဟူက မြူမျှမပါ၊
ကိုယ်ပြုထား ကံများကိုယ့်နောက်ပါ။

ဤလို-ကိုယ့်နောက်သို့ မပါနိုင်တဲ့ ပစ္စည်းဥစ္စာတွေကို ဘာကြောင့် ဒီလောက်တောင် ရှာဖွေနေရတာလဲဆိုတော့ —

* ငါတို့နေရာ၊ ဤကမ္ဘာ၊ တဏှာ အုပ်စိုးသည်။
* တဏှာစေရာ၊ မနေသာ၊ ဖွေရှာ ဆက်ရသည်။
* ရသည့်ဥစ္စာ၊ ချစ်သူပါ၊ စွန့်ခွာ သွားရမည်။
* တဏှာမြစ်မ၊ ပင်လယ်ဝ၊ နစ်ကြ လေကုန်ပြီ။
* တဏှာ၏နောက်၊ တကောက်ကောက်၊ လိုက်ရောက် မသင့်ပြီ-ဟု

---

၁။ ထေရ၊ နှာ-၂၇၂။ ဇာ၊ ၁၊ နှာ-၃၅၇။

ဗုဒ္ဓဘုရားဟော ပါဠိတော်နှင့်အညီ ပညာရှိများ ရေးသားထားတဲ့အတိုင်း ဤကမ္ဘာလောက ကြီးကို တဏှာဆိုတဲ့ လောဘတရားက အုပ်စိုးနေသည့်အတွက် တဏှာက လက်ညှိုးထိုးပြရာ ပစ္စည်း ဥစ္စာတွေကို ကြိုးစားအားထုတ်ပြီး တဏှာစေရာ မနေသာဘဲ ရှာဖွေပြီး ပေးနေရ တာပါ၊ ဒီလို တဏှာက စေခိုင်းတဲ့အတိုင်း ဆင်းရဲပင်ပန်းစွာဖြင့် ရှာဖွေနေကြရတဲ့ ပစ္စည်း ဥစ္စာနှင့်တကွ အလွန်ချစ်ခင်နေကြသည့် မိတ်ဆွေသင်္ဂဟ သားသမီးစတဲ့ သူတွေကို တမလွန် ဘဝသို့ ယူမသွားနိုင် ခေါ်မသွားနိုင်ကြဘူး၊ စွန့်ပစ်ထားခဲ့ရမှာ အမှန်ဘဲဆိုတာကို ဆင်ခြင် စဉ်စား သတိထားကာ မိမိနောက်သို့ အစဉ်တစိုက် တောက်လျှောက်လိုက်ပါနိုင်တဲ့ ကောင်း ရာ သုဂတိသို့ လားရမည့် ကုသိုလ်ကောင်းမှုတွေကို များများကြီး ရရှိကြအောင် ပြုလုပ်သင့် ကြတယ်ဆိုကာ သတိတရား အမြဲထားကြစေလိုပါတယ်။

ဥဒယဘဒ္ဒဇာတ် [၁] မှာလဲ မြတ်စွာဘုရားက —

တေ စာပိ ဇဟန္တိ အညမညံ။

တေ စာပိ၊ မိဘသားချင်း ဆွေရင်းမျိုးချာ ချစ်လှစွာသော ထိုသူတို့သည်လည်း။ အညမညံ၊ အချင်းချင်း တယောက်သည် တယောက်ကို။ ဇဟန္တိ၊ မခွာရက်ဘဲ ဆွေပုံထဲမှ မလွဲမှန်စွာ စွန့်ခွာသွားကြရလေကုန်တော့သတည်း-ဟု ဟောတော်မူထားတဲ့ ဒေသနာတော် အတိုင်း ...

"ရှင် သေ, ဖြစ် ပျက်၊ ရ ကုန်, ဆုံကွဲ၊ မျက်မြင်ဒိဋ္ဌ ကမ္ဘာ့နှံးဘဲ"

ဟု ရှေးဆရာတော်ကြီးများ ရေးသားဆုံးမသွားပါတယ်၊ ဘုန်းကြီးတို့ အသက်ရှင်နေတာ ဟာ သေဘို့ရာအတွက်ဖြစ်တယ်၊ ဖြစ်နေတာဟာ ပျက်စီးဘို့အတွက်ဖြစ်တယ်၊ ရရှိနေတာဟာ ကုန်ဆုံးဘို့ အတွက်ဖြစ်တယ်၊ ယခုလို တွေ့ဆုံနေကြတာဟာတော့ တနေ့ ကွဲဘို့ရာအတွက် ဖြစ်ပါတယ်တဲ့။

**ဗုဒ္ဓဘုရားသော်မှ မလွန်ဆန်နိုင်တဲ့တရား။** ။တနေ့သောအခါ ဗုဒ္ဓဘုရားရှင် ကိုယ်တော်မြတ်ကြီး ပုဗ္ဗါရုံကျောင်းတွင် ညနေပိုင်းအချိန် နေဘက် ကျောပေးပြီး နေဆာလှုံနေရာ အရှင်အာနန္ဒာ မထေရ်က အနားသို့ ချဉ်းကပ်ကာ မြတ်စွာ ဗုဒ္ဓဘုရား၏ ကိုယ်ခန္ဓာတော်ကို လက်များနှင့် သုံးသပ်ပြီးလျှင် "အစ္ဆရိယံ ဘန္တေ၊ အံ့ဩစရာ ကောင်းလိုက်တာ မြတ်စွာဘုရား။ အဗ္ဘုတံ ဘန္တေ၊ မဖြစ်ဘူးမြဲ ထူးထူးကဲကဲ ဖြစ်နေပါပြီ မြတ်စွာဘုရား။ မြတ်စွာဘုရား၏ အရေအဆင်းတော်သည်ကားဆိုလျှင် ရှေးအခါက ကြည်လင် သန့်ရှင်း ဖြူစင်လို့နေပါတယ်၊ ယခုအချိန်မှာတော့ အရေအဆင်းတော်တွေဟာ ကြည်လင် သန့်ရှင်းမှု မရှိတော့ပါဘူး၊ အရေတွေကလဲ တွန့်လိပ်၍ လာပါတယ်၊ အားအင်တွေကလဲ ဆုတ်ယုတ်ပြီးလာပါတယ်၊ ဒီမျှမကပါဘူး၊ ကိုယ်ခန္ဓာတော်ကြီးဟာလဲ ရှေ့သို့ကုန်းကာ

---

၁။ ဇာ၊ ၁၊ နှာ-၂၃၃။ ဇာ၊ ဋ္ဌ၊ ၁၊ နှာ-၁၁၃။

ကိုင်းညွတ်ပြီးနေပါပြီ မြတ်စွာဘုရား''လို့ လျှောက်ထားတော့ 'ဝေမေတံ အာနန္ဒ' ချစ်သား အာနန္ဒာ သင်လျှောက်ထားတာ မှန်ပေတယ်။

ဇရာဓမ္မော ယောဗ္ဗညေ။ ယောဗ္ဗညေ၊ အသက်အရွယ် နုနယ်ပျိုမြစ်ပြီး အရေအဆင်း တွေ ကောင်းနေတယ်ဆိုတာ (အရေအဆင်း ပြေပြစ်၍ နေခြင်းသည်)။ ဇရာဓမ္မော၊ အိုခြင်း သဘောရှိပါပေ၏။ * **နုနယ်ရုပ်ဆင်း၊ ပျိုမြစ်ခြင်းကား၊ အိုခြင်းနောက်ဆုံးရှိချေ၏။**

ဗျာဓိဓမ္မော အာရောဂျေ။ အရောဂျေ၊ အနာရောဂါကင်း ကျန်းမာနေခြင်းသည်။ ဗျာဓိဓမ္မော၊ ကျင်နာထန်ပြင်း နာရခြင်းသဘော ရှိပါပေ၏။

မရဏဓမ္မော ဇီဝိတေ။ ဇီဝိတေ၊ ဝိညာဏ်ထင်လင်း အသက်ရှင်၍ နေခြင်းသည်။ မရဏ ဓမ္မော၊ တနေ့ကျတော့ မုချမသွေ သေခြင်းသဘောရှိပါပေ၏။

ချစ်သားအာနန္ဒာ * **ဝိညာဏ်ထင်လင်း၊ သက်ရှင်ခြင်းကား၊ သေခြင်းနောက်ဆုံး ရှိချေ၏။** ဆိုတဲ့အတိုင်း အသက်ရှင်နေခြင်းဟာ တနေ့ကျတော့ သေကြရမှာ အမှန်ဘဲလို့ အရှင်အာနန္ဒာရဲ့စကားကို လက်ခံတော်မူတဲ့အနေနဲ့ ပြန်ဟောပါတယ်။

ဒီတော့'ရှင် သေ,ဖြစ် ပျက်'ဆိုတဲ့အတိုင်း ဖြစ်လျှင် ပျက်ရမှာ ရှောင်လို့ မလွတ် ပါဘူး၊ ရှင်, သေ-ဆိုတဲ့ စကားဟာ ဤသံယုတ် ပါဠိတော် (တ-တွဲ၊ နှာ-၁၉၁-၂)အရ ဖြစ်ပါတယ်။

ဤနေရာမှာ ဖြစ်,ပျက်ဆိုတဲ့ စကားဟာလဲ –

> ''ယံကိဉ္စိ သမုဒယဓမ္မံ၊ အကြောင်းသင်္ခတ တရားမှန်သမျှဟာ ဖြစ်ခြင်း သဘောရှိတယ်၊ သဗ္ဗံ တံ နိရောဓဓမ္မံ၊ ထို ဖြစ်ခြင်းသဘောရှိတဲ့ တရားတွေ ဟာ တနေ့ ကုန်ဆုံး ပျက်စီးခြင်းသဘောရှိတယ်-''

လို့ မြတ်စွာဘုရား ဓမ္မစကြာ ပါဠိတော် (နှာ-၃၇၁)၌ ဟောတော်မူထားတာနဲ့ လာတူနေ ပါတယ်၊ ဖြစ်ရင်ပျက်ရမှာတော့ လွဲမဖြစ်ပါဘူး။

ရ,ကုန်-ရလာတဲ့ ပစ္စည်းမှန်သမျှတွေဟာလဲ လှူလို့ဒါန်းလို့ကုန်မယ်၊ သုံးလို့ ဖြုန်းလို့ ကုန်မယ်၊ စားလို့ သောက်လို့ကုန်မယ်၊ တနည်းနည်းနှင့်တော့ ကုန်မှာအမှန်ဘဲ။

**သံသရာခရီးသွားညှော်သည်။** ။ဆို့,ကွဲ-ဆိုတဲ့အတိုင်း အခုလိုဆုံပြီး လာကြတာဟာ သံသရာ ခရီးသွားတွေ ဖြစ်သည့်အားလျော်စွာ ညှော်သည်တွေချင်း ခေတ္တခဏ တွေ့ကြ ဆုံကြတာပါ၊ တနေ့ ကိုယ့်လမ်း ကိုယ့်စခန်းသို့ မြန်းကြရမည့်သူတွေချည်း ပါဘဲ-တဲ့ –

ဉပမာ တခု ပြောရလျှင် လမ်းဆုံလမ်းခွ လမ်းလေးမအလယ် အလွန်ကြည်လင်အေးမြ သာယာသော သစ်ပင်ကြီးတပင် ရှိတယ် ဆိုကြပါစို့၊ ထိုသစ်ပင်ကြီးအောက်မှာ ခရီးသွား သောသူတွေ အရိပ်နားရင်း ဆုံကြ ကြုံတွေ့ကြတဲ့အခါ ''ဘယ်အရပ်ကတုန်း၊ ဘယ်သွားကြ

မှာတုန်း၊ ဘယ်သူတုန်း၊ ဘယ်ဝါတုန်း''စသည်ဖြင့် ခရီးသွား ဧည့်သည်တွေချင်း အာလာပ သလ္လာပ မေးကြ မြန်းကြ ဆွေးနွေးပြောဆိုကြသည်၊ အမောပြေ အချိန်နာရီစေ့တော့ ကိုယ့်လမ်း ကိုယ်ခွဲသွားကြတာလို-အခု ဒေါ်ဝင်းမြင့်တို့ တစုနှင့် ကျန်ရှိနေခဲ့ကြတဲ့ ဗိုလ်မှူးတို့ဟာလဲ သံသရာခရီးသွားတွေချင်းဖြစ်၍ လူ့ဘုံ လူ့ဘဝမှာ ခေတ္တခဏလေး ဧည့်သည်ချင်း လာဆုံကြ ကြုံကြ ပေါင်းသင်းနေထိုင်ကြပြီးတော့ အချိန်ကျသဖြင့် သူတို့က အရင်ရှေးဦးစွာ လမ်းခွဲသွားကြတာပါ၊ ကျန်ရှိနေခဲ့ကြတဲ့ သူတွေလဲ တနေ့ကျတော့ ဒီအတိုင်းဘဲပေါ့။

ဒီလို ခေတ္တခဏလေး ဧည့်သည်တွေချင်း ဆုံကြ ကြုံတွေ့ကြတာလို့ နှလုံးမသွင်းမိလျှင်ဖြင့် သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသ စသည့် မီးတွေနှင့် ကြုံတွေ့ကြရတဲ့အခါ မငြိမ်းနိုင်အောင် အကြီးအကျယ် အလောင်ကြီးလောင်နေကြမှာ အမှန်ပါ။

'လူ့ဘုံ လူ့ဘဝ၊ ခေတ္တခိုနား၊ သံသရာခရီးသွား၊ အိမ်သားအထင် မရောက်ကြနှင့်၊ အထင်ရောက်က လိုရာမရောက်ဖြစ်တတ်သည်။'

ဆိုတဲ့အတိုင်း မိမိတို့ အလိုရှိနေကြတဲ့ လမ်းခရီးကို ရောက်နိုင်မည်မဟုတ်ပါဘူး။

ဒါကြောင့် ဥဒယဘဒ္ဒဇာတ် [၁] မှာလဲ—

'ကာယော ပရဘောဇနန္တိ ဉတွာ၊
သံသာရေ သုဂတိံ စ ဒုဂ္ဂတိံ စ။

ဣတ္တရဝါသောတိ ဇာနိယာန၊
ဥဒယေ မာ ပမာဒ စရဿု ဓမ္မံ'—

ဟူ၍ ဗရားလောင်း ဥဒယဘဒ္ဒ မင်းသားက ဥဒယဘဒ္ဒ မင်းသမီးကို သတိပေး ဆုံးမပါတယ်။

ဥဒယေ၊ ဥဒယဘဒ္ဒ မင်းသမီး။ ကာယော၊ ခင်မင်မြတ်လေး စည်းစိမ်ပေး၍ ကျွေးမွေးခဲ့ရသော ကိုယ်ခန္ဓာကြီးသည်။ ပရဘောဇနံ၊ ကျီး ခွေး ငှင်းတ ပိုးမျိုးစသော သူတပါးတို့၏ အစာသာတည်း။

ဘုန်းကြီးတို့တတွေက လူမှန်းသူမှန်း သိတဲ့အချိန်ကစပြီးတော့ ဤခန္ဓာကိုယ်ကြီးရဲ့ အလိုကို လိုက်ကာ ချစ်ကြ ခင်ကြပြီး အမျိုးမျိုးဝတ်ဆင်ပေးကြ, အမျိုးမျိုး ကျွေးမွေး ပြုစုခဲ့ကြရပေမယ်လို့ တနေ့ကျတော့ ကျီး ခွေး ငှင်းတ ပိုးမျိုးစသော သူတပါးတို့စားသောက်မည့် အစာ မီးရှို့ဘို့ရာသာ ဖြစ်ပါတယ်။

---

၁။ ဇာ၊ ၁၊ နှာ-၂၃၄။ ဇာ၊ ဋ္ဌ၊ ၁၊ နှာ-၁၁၄။

ဣတိ၊ ဤသို့။ ဥတ္တ၊ သတိသမ္ဗောဇ္ဈင်ဖြင့် သိမြင်ကြ၍။ စလေ ဦးပုညက....

* ဤခန္ဓာ အပုပ်သိုးကို၊ ကတိုးနှယ် စိတ်ထင်၊ ဟုတ်တိုင်းကိုမမြင်၊ပုထုဇဉ်အန္ဓ- လို့ ဤသို့ရေးခဲ့တာ အလွန်မှန်နေတာပေါ့။

သံသာရေ၊ ခန္ဓာ,အာယာတန,ဓာတ် မပြတ်ဖြစ်ရာ သံသရာ၌။ သံသရာဆိုတာ ခန္ဓာ အာယာတန ဓာတ်တွေ တဘဝပြီး တဘဝ ဆက်ကာဆက်ကာ အစဉ်မပြတ်ဖြစ်နေတာဟာ သံသရာပါဘဲ၊ သုဂတိ၌၊ ကောင်းရာဌာန လူ့ဘုံ လူ့ဘဝသို့ လားရပေါင်းဆုံရခြင်းကိုရင်း။ ဒုဂ္ဂတိ၌၊မကောင်းရာဌာန တိရစ္ဆာန် ဒုဂ္ဂတိဘုံဘဝသို့ လားရပေါင်းဆုံရခြင်းကိုရင်း။ဣတ္တရဝါ သောတိ၊ နည်းငယ် ခေတ္တ တခဏမျှသာ တွေ့ကြုံပေါင်းဆုံကြသည်ဟူ၍။ ဇာနိယာန၊ ဟုတ်တိုင်းမှန်စွာ သိမြင်ပါ၍။ တုံ့၊ သင်ဥဒယဘဒ္ဒ မင်းသမီးသည်။ မာ ပမာဒ၊ မမေ့မလျော့ ပါလင့်။ ဓမ္မံ၊ သူတော်ကောင်းများ လက်ကိုင်ထားသည့် ဒါနစသား ကုသိုလ်ကမ္မပထ တရား ဆယ်ပါးကို။ စရဿု၊ ကျင့်ကြံကြိုးကုတ် အားထုတ်ပါလေတော့လော။

မကောင်းရာဌာန ဒုဂ္ဂတိ ဘုံဘဝ, ကောင်းရာဌာန သုဂတိဘုံဘဝတို့၌ ဖြစ်နေကြရ ခြင်းသည် သံသရာခရီးသွားတွေချည်း ဖြစ်သည့်အပြောက် ခေတ္တခဏလေးသာ လာပြီး တွေ့ကြ ဆုံကြ ကြုံကြရတာလို့ သိပြီးတော့ မမေ့မလျော့ဘဲ ကောင်းရာဌာန သုဂတိဘုံဘဝသို့ ရောက်မည့် ကုသိုလ်ကမ္မပထတရားများကို ကျင့်ကြံကြိုးကုတ် အားထုတ်ပါလို့ ဆိုလိုပါတယ်။

**ဝိပဿနာရှုရန်။** ။အနိစ္စာဝ အဟော သဗ္ဗေ၊ အဟော သဗ္ဗေဝ နာလယာ။
န အညော န စ အညေသံ၊ နေသောဟံ န စ တေ မမံ။

သဗ္ဗေဝ၊ သက်မဲ့ သက်ရှင် မြင်မြင်သမျှ သင်္ခါရ ဟူသမျှတို့သည်ပင်။ သဗ္ဗေဝ၊ ပုဂ္ဂိုလ် သတ္တဝါ သူငါမဟုတ် ရုပ်နာမ်ဓမ္မ သင်္ခါရ ဟူသမျှတို့သည်ပင်လျှင်။ အဟော အနိစ္စာ၊လမ်းနားသစ်ပင် ခိုဝင်တွေ့ကြား ငှက်သည်များအလားကဲ့သို့ မြဲဘ်မမြဲကြလေကုန်စွ တကား။ ဘုန်းကြီးတို့တတွေ ရရှိနေတဲ့ ဤရုပ်နာမ်ခန္ဓာကြီးဟာ ဖြစ်ပြီးက ပျက်စီးရမှာ မလွဲဖြစ်လို့ ခုနက လမ်းနားသစ်ပင် ခိုဝင်ပြီးတော့ တွေ့ကြတဲ့ ငှက်သည်တွေလိုဘဲ အမြဲမရှိတဲ့ တရားလို့ဆိုတာ များများကြီးနှလုံးသွင်းကြပါ။သဗ္ဗေဝ၊ ပုဂ္ဂိုလ်သတ္တဝါ သူငါမဟုတ် ရုပ်, ဝေဒနာ,သညာ,သင်္ခါရ, ဝိညာဏ ဟူသော သင်္ခါရဓမ္မ ဟူသမျှတို့သည်ပင်။ အဟော အနာ လယာ၊ တစုံတရာ တွယ်တာ နှစ်သက် မြဲဘ် စုံမက်စရာတို့လဲ မရှိကုန်ပါတကား။

မြတ်စွာဗုဒ္ဓရှင်က သံယုတ်ပါဠိတော်မှာ ချစ်သား ချစ်သမီးတို့-သင်တို့ ရရှိပြီးနေတဲ့ ခန္ဓာနာမ်ရုပ်ကြီးကို တွယ်တာ စွဲလမ်းနှစ်သက်နေလျှင် ဆင်းရဲဒုက္ခကို တွယ်တာစွဲလမ်း နှစ်သက်ရာရောက်တယ်၊ ဒီလို တွယ်တာစွဲလမ်း နှစ်သက်နေလျှင်ဖြင့် သင်တို့တတွေ ဆင်းရဲ ဒုက္ခက ဘယ်တော့မှ မလွတ်မြောက်နိုင်ဘူး၊ ဤ ခန္ဓာ နာမ်ရုပ်ကြီးကို မတွယ်တာ မစွဲလမ်း မနှစ်သက်မှ ဆင်းရဲဒုက္ခကို မနှစ်သက်ရာရောက်မယ်၊ ဆင်းရဲကို မနှစ်သက်မှ ထိုဆင်းရဲမှ

လွတ်မြောက်ကြလိမ့်မယ်၊ စင်စစ်ကေန် အမှန်မှာတော့ ရုပ်နာမ်ခန္ဓာကြီး ရလာတာဟာ သင်တို့ အိုချိန်တန် အိုဘို့, နာချိန်တန်လျှင် နာဘို့ ယခု ဒေါ်ဝင်းမြင့် တို့လို သေချိန်ရောက် ပြန်တော့ သေဘို့ရာအတွက် ရလာတာပါ၊ ဒီ ခန္ဓာ နာမ်ရုပ် မရှိလျှင် သင်တို့တတွေ အိုချင် လို့လဲ မအိုရဘူး၊ နာချင်လို့လဲ မနာရဘူး၊ သေချင်လို့လဲ မသေရဘူး၊ ဒီတော့ ဒီခန္ဓာ နာမ် ရုပ် ကြီးကို တွယ်တာစွဲလမ်းနှစ်သက်နေစရာ မဟုတ်ဘူး-လို့ ဟောတော်မူလိုရင်းဖြစ်ပါတယ်။

* အိုဘို့ရလာ၊ ဒို့ခန္ဓာ၊ အိုမှာ မကြောက်နှင့်။
* နာဘို့ရလာ၊ ဒို့ခန္ဓာ၊ နာမှာ မကြောက်နှင့်။
* သေဘို့ရလာ၊ ဒို့ခန္ဓာ၊ သေမှာ မကြောက်နှင့်။
* သေဘို့ရလာ၊ ဒို့ခန္ဓာ၊ ချိန်ခါရောက်က သေလိမ့်မည်။
* မသေခင်ချစ်၊ သေလျှင်ပစ်၊ အနှစ်မပါ ဒို့ခန္ဓာ။

ဤခန္ဓာကိုယ်ကြီးကို အင်မတန်မှ အနှစ်သာရရှိတယ်လို့ ထင်နေပေမယ်လို့ မသေခင် လေးသာ ချစ်ကြတာပါ၊ သေတဲ့အခါကျတော့ ရွံဘွယ် စက်ဆုပ်ဘွယ်ဖြစ်၍ ပစ်ကြရမှာ အမှန်ဘဲ၊ ချစ်သူခင်သူ မရှိတော့ပါဘူး၊ ဘာမှ အနှစ်သာရမရှိတော့ပါဘူး၊ ပျံလွန်တော် မူသွားတဲ့ ဘုန်းကြီးတို့ကျေးဇူးရှင် ဣန္ဒာသယ ဆရာတော်ကြီးက "ဉုးဝါသဝ-ဒို့မျှား သေလျှင် သုံးရက်က မလွန်စေနှင့်နော်၊ သုံးရက်ကလွန်လျှင် မကောင်းတော့ဘူး" လို့ မကြာ ခဏ အမိန့်ရှိပါတယ်၊ အင်မတန်မှ မှန်ပါတယ်၊ ဒါကြောင့် ဘုန်းကြီးတို့ ပစ္စည်းလေးပါး ဒကာတွေနှင့် စုပေါင်းပြီးတော့ ဆရာတော်ကြီး ပျံလွန်တော်မူတဲ့အခါ မှာကြားချက်အတိုင်း သုံးရက်ဘဲ ထားပြီး သင်္ဂြိုဟ်လိုက်ကြပါတယ်။

* မသေလျှင်ဟုတ်၊ သေလျှင်ပုပ်၊ စက်ဆုပ်စရာ ကိုယ်ခန္ဓာ။

စဉ်းစားကြည့်ပါအုံး၊ မသေခင်တုန်းကတော့ သွားလိုက် လာလိုက် စားလိုက် သောက်လိုက် မော်လိုက် ကြွားလိုက် ပျော်လိုက် ပါးလိုက်နှင့် ဟုတ်တုတ်တုတ် ဟန်တန် တန်ပေါ့၊ သေသွားတော့ ပုပ်တုတ်တုတ် နံတန်တန်ဘဲပေါ့၊ အလွန်စက်ဆုပ်စရာကောင်း ပါတယ်။

* ကြီးကြီး ငယ်ငယ်၊ ရှယ်ရှယ်လတ်လတ်၊ ယုတ်မြတ်မဟူ၊ ရှင်လူ ရဟန်း၊ ပုပ်ပန်းလှ မလှ၊ အနိစ္စ ဒုက္ခ အနတ္တာ။

ဆိုတဲ့အတိုင်း ကြီးတဲ့သူလဲ သေရ၊ ငယ်တဲ့သူလဲ သေရ၊ ယုတ်ညံ့တဲ့သူလဲ သေရ၊ မြတ်တဲ့ သူလဲ သေရ၊ ရုပ်ဆိုးတဲ့သူလဲ သေရ၊ ရုပ်လှတဲ့သူလဲသေရ၊ ရှင်ရော ရဟန်းပါမကျန် အကုန် သေကြရတဲ့ သူတွေချည်းပါဘဲ၊ အလွန်ကြောက်စရာကောင်းပါတယ်။ ဒါကြောင့် ခုပြောခဲ့တဲ့ ဒေသနာအတိုင်း—

ဧသော၊ ရှိဘူယ် စက်ဆုပ် ဤခန္ဓာ နာမ်ရုပ် အကောင်ပုပ်ကြီးသည်။ န အဟံ၊ မာန စွမ်းအင်ကြောင့် ငါဟုထင်လဲ ငါပင်မဟုတ်ချေ။ ဘုန်းကြီးတို့တတွေက မာနစွမ်းအင်ကြောင့် ရုပ်နာမ်ခန္ဓာကို ရုပ်နာမ်လို့ မမြင်ဘဲ ငါလို့မြင်နေတယ်၊ ပုဂ္ဂိုလ်သတ္တဝါ ယောကျ်ား မိန်းမလို့ ထင်နေတယ်၊ သေလျှင် အပါယ်ဆွဲချမယ့် အတ္တဒိဋ္ဌိ သက္ကာယဒိဋ္ဌိ စွဲငြိနေတဲ့ မာနရဲ့ သတ္တိကြောင့် ဒီလိုစွဲလမ်းမှု ခံနေရတာဘဲ၊ ရှာဖွေစုဆောင်းထားတဲ့ ပစ္စည်း ဥစ္စာအပေါင်းတို့ဟာလဲ ရုပ်တရားပါဘဲ၊ သို့သော်လဲ ရုပ်လို့မမြင်ကြဘဲနှင့် တဏှာရဲ့စွဲလမ်းမှုကြောင့် ငါ့ဟာ ငါ့ဥစ္စာ ငါ့တိုက်တာ ငါ့အိုး အိမ် ငါ့စည်းစိမ်လို့ ထင်နေကြ မြင်နေကြတာပါ၊ ဒါကြောင့် ခုနက * **တဏှာ ဧရော၊ မနေသာ၊ ဖွေရှာဆက်ရသည်**=လို့ ဆိုခဲ့တာပေါ့၊ ခိုင်မြဲတဲ့ သဘော ရှိသလားဆိုတော့၊ * **ရသည့်ဥစ္စာ၊ ချစ်သူပါ၊ စွန့်ခွါသွားရသည်**။ ဆိုတဲ့ အတိုင်း မခိုင်မြဲပါဘူး။

ဘုန်းကြီးတို့=**မယုက ငှက်** ဆိုတာလိုပေါ့၊ မယုကငှက် ဆိုတာ သူစောင့်ရှောက်တဲ့ သစ်ပင်ကြီးမှ အသီးတွေ အပွင့်တွေကို ဟိုငှက်တွေ ဒီငှက်တွေက အလိုရှိသလောက် လာပြီး စားသောက်ကာ ပြန်သွားကြတယ်၊ သူကတော့ ဟိုအသီးဆိုလဲ "ငါ့ဟာ ငါ့ဟာ" ဒီအသီးဆိုလဲ "ငါ့ဟာ ငါ့ဟာ" နှင့်ဘဲ အချိန်ကုန်နေတယ်တဲ့၊ ခုလဲဘဲ မယုက ငှက်လို တဏှာ၏ စွမ်းအင်ကြောင့် ငါ့ဥစ္စာ ငါ့စည်းစိမ်တွေလို့ ထင်နေကြတာပါ။

ဧတေ၊ စပါး ဆန်ရေ လယ်ယာမြေနှင့် ရွှေငွေစသား ဥစ္စာများတို့သည်။ န မမံ၊ ဉာဏ်မျက်စိကမ်း ကဏှာစွမ်းဖြင့် စွဲလမ်းဘို့ရာ ငါသာလက်ကိုင် ငါပိုင် ငါ့ဟာ ငါ့ဥစ္စာလဲ မရှိပါချေ။ ဒီအစွဲမပြုတ်ပါက သေလျှင် အပါယ်သွားလိမ့်မယ်၊ တဏှာ,မာန, ဒိဋ္ဌိ ဆိုတဲ့ သံသရာ နယ်ချဲ့တရားကြီး သုံးပါးတို့တွင် ဒိဋ္ဌိကလဲ ရုပ်နာမ်ခန္ဓာကို ရုပ်နာမ်ခန္ဓာလို့ မမြင်ဘဲနှင့် ငါကောင် သူကောင် ဝိညာဏ်ကောင် လိပ်ပြာကောင်လို့ ထင်နေ မြင်နေပါတယ်။

န စ အညော၊ ရုပ်နာမ် နှစ်သွယ် ဒိဋ္ဌိချယ်၍ ရွံဘွယ်စက်ဆုပ် အကောင်ပုပ်မှ တခြား ငါ,သူတပါး ယောကျ်ား,မိန်းမ အတ္တဆိုဘွယ် အကောင်အထည်လဲ မရှိပါချေ၊ ဘုန်းကြီးတို့ တတွေက ငါကောင် သူကောင်လို့ ထင်နေကြသော်လဲ စင်စစ်မှာတော့ ရုပ်နာမ်တရားနှစ်ပါး ပါဘဲ၊ ဒီရုပ်နာမ်ကလဲ မမြဲတဲ့ အနိစ္စ၊ ဆင်းရဲတဲ့ ဒုက္ခ၊ အစိုးမရတဲ့ အနတ္တပါ။

အရိယာလောင်းများကျတော့ ရုပ်နာမ်မှတခြား ငါ,သူတပါး ယောကျ်ား,မိန်းမလို့ မမြင်ကြပါဘူး၊ အန္ဓပုထုဇဉ်တွေ အနေနဲ့ မြင်နေတဲ့ ငါ,သူတပါး ယောကျ်ား,မိန်းမ ဆိုတာ ပညတ်အနေနှင့် ပြောလျှင်တော့ မှန်ပါတယ်၊ ပရမတ်မျက်စိနှင့် ကြည့်ပြောတော့ ရုပ်နာမ် နှစ်ပြွာ ခန္ဓာငါးပါးကိုသာ တွေ့ရပါတယ်၊ ဘုန်းကြီးတို့ မာနကို ဘယ်လိုလုပ်ပယ်ရမလဲ၊ ရုပ်နာမ်နှစ်ပါးကို ဖြစ်ပြီးလျှင် ပျက်စီးရမလွဲ မမြဲတဲ့ အနိစ္စလို့ ထင်မြင်အောင် များများကြီး ရှုလျှင် ဒီရုပ်နာမ်ကို ငါလို့ စွဲစရာရှိပါ့မလား၊ မစွဲပါဘူး၊ ဒါကြောင့် ရုပ်နာမ်နှစ်ပါးကို **အနိစ္စအားဖြင့် ရှုလျှင် မာနကင်းစင်ပါတယ်**၊ ဒီရုပ်နာမ်နှစ်ပါးကိုပင် ဖြစ်ချည် ပျက်ချည် အတည်မကျ ခံနေရ၍ ဆင်းရဲလှသောကြောင့် ဒုက္ခအစစ်လို့ ရှုမှတ်လိုက်လျှင် တဏှာက

ငါ့ဥစ္စာ ငါ့ချမ်းသာသုခ-လို့ မစွဲလမ်းတော့ပါဘူး၊ ဒါကြောင့် ရုပ်,နာမ်နှစ်ပါးကို ဒုက္ခလို့ ရှုလျှင် တဏှာပယ်ခွါနိုင်ပါတယ်၊ အစိုးမရ အနတ္တ အနှစ်သာရကင်း ထင်းကုလားလို ကိုယ်ကောင်မဟုတ် ဝိညာဉ်ကောင်း မဟုတ်ဘူးလို့ ရှုရင် ဒိဋ္ဌိကွာသွားနိုင်ပါတယ်။

ဒါကြောင့်—ဒိဋ္ဌိကွာအောင် ရုပ်နာမ်ကို အနတ္တလို့ ရှုရမယ်။

ဘုန်းကြီးတို့—

* ပုဂ္ဂိုလ်တွင်မည်၊ ခေါ်ကြသည်ကား၊ ဖွဲ့နည်ရင်းနှစ်၊
ရှာ၍ စစ်သော်၊ ဖြစ်လျှင် ပျက်ငြား၊ ခန္ဓာငါးတည်း။

ဆိုသည့်အတိုင်း မည်သူ မည်ဝါလို့ ခေါ်နေကြတာဟာ လိုက်စစ်ဆေးလျှင် ခန္ဓာငါးပါး ဘဲတွေ့တယ်၊ ဘယ်သူ့ကိုယ်မှ မတွေ့ပါဘူး။

ဥပမာ ဒေါ်ဝင်းမြင့်လို့ ခေါ်နေကြတယ်၊ တကယ်တရားနှင့် စစ်တော့ ဒေါ်ဝင်းမြင့်ဆိုတာ မရှိပါဘူး၊ ခန္ဓာငါးပါးဘဲရှိတယ်၊ အဲဒီခန္ဓာငါးပါးကို အကျဉ်းချုပ်အားဖြင့် တရားရှုမယ်ဆိုလျှင်—

* တရားထင်မှု၊ မြင်အောင်ရှုက၊ နှစ်ခုကေန်၊ ရုပ်နှင့် နာမ် တည်း၊ ဖောက်ပြန်တတ်လှ၊ သင်္ခါရမို့၊ နိစ္စခိုင်ကြည်၊ မြဲမတည်သည်၊ ပျက်မည် မုချပါတကား။

ဤသို့ ရှုကြည့်ပါက ရုပ်နှင့် နာမ်ဘဲရှိတယ်။

ဒါကြောင့် ပရမတ္ထသဘောနှင့် ကြည့်လိုက်မယ်ဆိုလျှင် ‘ပရတ္ထတော ခန္ဓာ ယေဝ ဘိဇ္ဇန္တိ’၊ ပရမတ္ထတော၊ ရုပ်ဓာတ် နာမ်ဓာတ် ပရမတ္ထ အနေအားဖြင့်။ ခန္ဓာယေဝ၊ ရုပ်, ဝေဒနာ, သညာ သင်္ခါရ, ဝိညာဏ ဟူသော ခန္ဓာငါးပါးတို့သည်သာလျှင်။ ဘိဇ္ဇန္တိ၊ ချုပ်ပျောက် ပျက်စီးကြလေကုန်၏။ ကောစိ၊ တစုံယောက်သောသူသည်။ န မရတိ၊ မသေ-လို့ သစ္စဝိဘင်းအဋ္ဌကထာ၌ ဆိုထားတဲ့အတိုင်း တရားဟောနေတဲ့ ပုဂ္ဂိုလ်, တရားနာနေတဲ့ ပုဂ္ဂိုလ်တွေရဲ့ ခန္ဓာငါးပါး ရုပ်,နာမ်နှစ်ပါးသာ ချုပ်ပျောက်ပျက်စီးကုန်ကြတာကို သေတယ်-လို့ ပြောနေကြတာပါ၊ သေစရာ သတ္တဝါ အကောင်အထည် မရှိပါဘူး။

သေခြင်းတရားနှင့် စပ်ပြီး ရှေးသူတော်ကောင်းများရဲ့ နှလုံးသွင်း အတုယူစရာ ကောင်းပုံကို ဝတ္ထုကြောင်းလေး [၁] ဆက်ပြီးတော့ ပြောကြအုံးစို့ရဲ့—

အတုယူစရာ ပုဏ္ဏား မိသားစု။ ။ရှေးအခါ ဗာရာဏသီပြည် တခုသော ရွာငယ်လေးမှာ ပုဏ္ဏားကြီးနှင့် ပုဏ္ဏေးမကြီး, သားနှင့်သမီး, ချွေးမနှင့် ကျွန်မ-အားဖြင့် ခြောက်ယောက်ရှိတဲ့ အိမ်သားစုဟာ လယ်ယာ လုပ်ကိုင်စားသောက်နေကြ

---

၁။ ဇာ၊ ဋ္ဌ၊ ၃၊ နှာ-၁၅၀-၁၅၅။ ( ဥရ ဂ ဇာတ်)

ပါတယ်၊ တနေ့သ၌ ပုဏ္ဏားကြီးနှင့် သားအဖနှစ်ယောက် လယ်ထွန်သွားတဲ့အခါ ပုဏ္ဏားကြီးက လယ်ထွန်၍ သားက အမှိုက်တွေစုပေါင်းပြီး တောင်ပို့နားသွားကာ မီးရှို့ရာတွင် တောင်ပို့ထဲရှိတဲ့ မြွေက မီးခိုးတွေ သူ့ဆီလာတော့ ဒေါသအမျက်ချောင်းချောင်းထွက်လျက် "ဒီလူဟာ ငါ့ကို ဆင်းရဲဒုက္ခရောက်အောင် လုပ်တယ်"လို့ ဆိုပြီးလျှင် တောင်ပို့မှထွက်၍ မီးရှို့တဲ့ သားလုပ်သူကို ကိုက်လိုက်တာ တခါထဲ ပွဲချင်းပြီးသေပါရော့။

ပုဏ္ဏားကြီးက နွားတွေထားခဲ့ပြီး သားဆီလာကြည့်တော့ သားသေနေတာ တွေ့တဲ့အခါ သားသေကို ထမ်း၍ သစ်ပင်ရင်း၌ အဝတ်များခြုံထားပြီးလျှင် သေခြင်းသဘောရှိတဲ့ တရားဟာ သေမှာဘဲ၊ ပျက်စီးခြင်းသဘောရှိတဲ့ တရားဟာ ပျက်စီးမှာဘဲ၊ အလုံးစုံသော သင်္ခါရတရားတွေ့ အနိစ္စဘဲ-လို့ ရှုပြီးတော့ ထွန်မြဲ ပြန်ထွန်နေတယ်။

ဒီလို ထွန်နေတဲ့အခိုက် မိမိအနီးအပါးမှ သူငယ်ချင်းတယောက် ရောက်လာတော့ "မိတ်ဆွေ-အိမ်ရှင် ပုဏ္ဏေးမကြီးကို လွတ်လိုက်စမ်းပါ၊ ဒီနေ့ ထမင်းနှစ်ယောက်စာ မယူခဲ့ပါနှင့် တယောက်စာသာ ယူခဲ့တော့-ပြီးတော့ အိမ်ရှင် ပုဏ္ဏေးမကိုလဲ အဝတ်သစ်မျှးလဲ၍ လူအားလုံးလာပြီး ပန်းနံ့သာများ ယူဆောင်ကာ လာခဲ့ကြပါ"လို့ မှာလိုက်တယ်၊ ဒီလို မှာလိုက်တော့ ပုဏ္ဏေးမကြီးက"ငါ့သားတော့ သေပြီ"ဆိုတာ သိပါတယ်၊ သိသော်လဲ ဘာမှ ပူဆွေးခြင်း မရှိဘူး၊ ဒါနဲ့ ကျန်ခဲ့တဲ့ ပုဏ္ဏေးမကြီးရယ်, သမီးရယ်, ချွေးမရယ်, ကျွန်မရယ်-လာကြတဲ့အခါ ပုဏ္ဏားကြီးက တယောက်စာ ယူလာတဲ့ ထမင်းကို သားသေနားမှာ စားပြီး သားမိ,သားဖ ငါးယောက် သားသေကို ပန်းနံ့သာများဖြင့် ပူဇော်လျက် ထင်းပုံပေါ်တင်၍ မီးရှို့ကြတယ်၊ တဦးတယောက်မျှလဲ မငိုကြဘူးတဲ့....

ထိုအခါ သိကြားမင်းက နတ်ပြည်မှ ဆင်းပြီး ခရီးသွားယောင်ဆောင်ကာ"အဆွေတို့-သင်တို့ ယခု ဘာကောင်ဖုတ်နေကြတာလဲ" မေးတော့ "ကျုပ်တို့ လူကိုဖုတ်မြိုက်နေကြတာပါ"လို့ ဖြေပါတယ်၊ ဒီတော့ သိကြားမင်းက "မဟုတ်တန်ရာ သင်တို့ သားကောင်တကောင်သတ်ပြီး မီးရှို့ မီးမြိုက်နေကြတာ မဟုတ်လား"လို့ မေးပြန်တော့ "မဟုတ်ပါဘူး လူကိုဘဲ မီးရှို့နေကြတာပါ"၊ "ဒီလိုဆိုရင် သင်တို့ မီးရှို့တဲ့ လူဟာ သင်တို့ရဲ့ ရန်သူဘဲ ဖြစ်ရမယ်"၊ "အို....ကျွန်တော်တို့ရဲ့ ရန်သူမဟုတ်ပါဘူး၊ ကျွန်တော်တို့ အလွန်ချစ်လှ မြတ်နိုးလှတဲ့ သားလေးဖြစ်ပါတယ်"၊ "ဒီလိုဆိုရင် သင်တို့ တဦးတယောက်မျှ မငိုကြွေးကြတာ ဘာ့ကြောင့်လဲ"လို့ သိကြားမင်းက ဘခင်ဖြစ်တဲ့ ပုဏ္ဏားကြီးကို ရှေးဦးစွာမေးတယ်၊ ဒီတော့ ပုဏ္ဏားကြီးက "မြွေဟာ အရေဟောင်းကို စွန့်ပြီး ထို အရေဟောင်းကို တွယ်တာမှု မရှိသလို ကျွန်တော်ရဲ့ သားလဲဘဲ ခန္ဓာဟောင်းကို စွန့်ပြီးတော့ ဘဝသစ်ကို ပြောင်းသွားပါတယ်၊ အသုံးမဝင်တဲ့ သားသေကို မီးရှို့ကြသော်လဲ ပူမှန်း လောင်မှန်း ဆင်းရဲဒုက္ခ ရောက်မှန်း သူ မသိနိုင်ပါဘူး၊ ဆွေမျိုးတစုက ငိုကြွေးနေပေမယ်လို့လဲ သူ လုံးဝမသိတော့ပါဘူး၊ ဒါကြောင့် ကျွန်တော် မငိုခြင်းဖြစ်ပါတယ်"လို့ ဖြေတယ်။

ဒါနဲ့ ပုဏ္ဏေးမကြီးကို "သင့်သားဖြစ်လျက်နဲ့ ဘာဖြစ်လို့ မငိုတာလဲ"လို့ မေးပြန်တော့ "ဤသားဖြစ်တဲ့သူကို အရပ်တပါးက အိမ်ကို လာပါလို့ မခေါ်ပါဘူး၊ သူ အိမ်က

ပြန်ထွက်သွားတာလဲ ဘယ်သူမျှ ခွင့်မပြုဘဲနဲ့ သူ့သဘောအတိုင်းဘဲ သွားတာဖြစ်တယ်၊ လာတုန်းကလဲ သူ့သဘောအလျောက် အိမ်ကို လာခဲ့တယ်၊ ယခု ထွက်သွားပြန်တော့လဲ သူ့သဘောအလျောက် ပြန်ထွက်သွားပါတယ်ဆိုတော့ ကျွန်မတို့ ဘာငိုကြွေး ပူဆွေးပြီး ဒုက္ခဖြစ်နေစရာ ရှိပါသလဲ၊ ဒါကြောင့် မငိုတာပါ''လို့ ဖြေပါတယ်။

တဖန်သမီးဖြစ်တဲ့သူကို ''သင့်ရဲ့မောင်ဖြစ်လျက်နဲ့ သင်ကကော ဘာကြောင့် မငိုတာလဲ''မေးတော့ ''အဆွေ-ကျွန်မ ငိုနေခြင်းဖြင့် ကိုယ်ခန္ဓာ ပိန်ချုံးပြီး ဆင်းရဲရုံဘဲဖြစ်မယ်၊ ကျွန်မ ငိုနေခြင်းကြောင့် ချစ်ကျွမ်းဝင်ရတဲ့ မိတ်ဆွေသင်္ဂဟတွေ ကိုယ်ဆင်းရဲ စိတ်ဆင်းရဲနဲ့ အပူမီးတွေဖြစ်ရုံသာ ရှိပါလိမ့်မယ်၊ ဒါကြောင့် ကျွန်မလဲ မငိုကြွေးတာပါ''လို့ ဖြေပါတယ်၊ ဒါနဲ့သေသူရဲ့ မယားဖြစ်သူကိုလဲ''သင်ဟာ လင်ယောကျ်ားတယောက်လုံး သေဆုံးသွားတာတောင်မှ ဘာကြောင့် မငိုကြွေး မပူဆွေးပါသလဲ''လို့ မေးတော့ ချွေးမဖြစ်သူက''အဆွေ ဥပမာအားဖြင့် 'ကောင်းကင်မှာ သွားနေတဲ့ မရနိုင်တဲ့ လမင်းကြီးကို တမ်းတပြီး တငိုငိုနှင့် ယူပေးပါ'ဆိုတဲ့ ခလေးလိုဘဲ ကျွန်မ ငိုကြွေး ပူဆွေးနေခြင်းဖြင့် ပင်ပန်း ဆင်းရဲရုံသာ အဖတ်တင်တော့မှာပေါ့-ဒါကြောင့် ကျွန်မလဲ မငိုကြွေးပါဘူး''လို့ ဖြေတယ်။

နောက်ဆုံး ကျွန်မကိုလဲ ''သင့်ရဲ့ အရှင်သခင်ဖြစ်လျက်နဲ့ ဘာကြောင့် မငိုကြွေးသလဲ''လို့ မေးပြန်တော့ 'အရှင်-ခုနစ်စိတ်,ခုနစ်လွှာ ကွဲပြီးတဲ့ အိုးကို အိုးကောင်းဖြစ်အောင် ပြန်ဆက်လို့ မရသလိုဘဲ' ဝသေသွားတဲ့သူလဲ ဘယ်လိုပင် ငိုကြွေး ပူဆွေး နေပေမယ်လို့ အသက် ပြန်မရှင်တော့ပါဘူး၊ ဘာအကျိုးထူး တစုံတရာမှ မရှိတော့ပါဘူး၊ ဒါကြောင့် ကျွန်မလဲ မငိုကြွေးတာပါ''လို့ ကျွန်မက ဖြေတယ်။

ထိုအခါ ခရီးသွားယောင် ဟန်ဆောင်လာတဲ့ သိကြားမင်းက ''အမောင်တို့ အမိတို့ ငါဟာ အခြားသူမဟုတ်ပါဘူး၊နတ်တို့ သေဋ္ဌ်နင်း သိကြားမင်းပါဘဲ၊ သင်တို့သည် သေခြင်းတရား၌ ရှေးမဆွကပင်လျှင် 'သေရလိမ့်အုံးမယ်'ဆိုတဲ့ သဘောတရားတွေကို အကြိမ်ကြိမ် ကောင်းစွာ ပွါးများ အားထုတ်လာကြတဲ့အတွက်ကြောင့်သာ ခုလို သောက,ပရိဒေဝ,ဒုက္ခ, ဒေါမနဿ-တွေ မဖြစ်ကြတာဘဲ၊ ဒီကနေ့ သင်တို့ ပင်ပန်း ဆင်းရဲစွာ လုပ်ကိုင် မစားသောက်ကြရတော့ဘဲနှင့် ကျွန်ုပ်ပေးခဲ့တဲ့ ပစ္စည်းဥစ္စာတွေကိုဘဲ သုံးစွဲကြပါတော့''လို့ မကုန်နိုင်လောက်အောင်သော ပစ္စည်းဥစ္စာတွေကို ပေးကမ်း ချီးမြှောက်ပြီး သိကြားမင်းလဲ တာဝတိံသာနတ်ပြည်သို့ ပြန်သွားပါသည်။

ဒီဝတ္ထုမှာ ဘဝက ပါရမီတွေ အထိုက်လျောက်တော့ ရှိတဲ့သူတွေချည်းဘဲ၊ ပုဏ္ဏားကြီးက ဖရားအလောင်း သူတော်ကောင်းကြီးဖြစ်တော့ အိမ်ရှင် ပုဏ္ဏေးမကြီး နှင့် တကွ သားတွေ သမီးတွေကလဲ ရှေးမဆွက အလှူဒါန ပြုလုပ်ကြ, သီလ ဆောက်တည်ကြပြီးလျှင် သေခြင်းတရား၌လည်း –

'ဘိဇ္ဇနဓမ္မံ နာမ ဘိဇ္ဇတိ'၊ ပျက်စီးရမဲ့ သဘောတရားတွေဟာ ပျက်စီးမှာဘဲ။

'နသာနုဓမ္မံ နာမ နသာတိ' ပြိုကွဲပျောက်ပျက်ရမဲ့ သဘောတရားတွေ ဟာ ပြိုကွဲ ပျောက်ပျက်ရမယ်။

'သဗ္ဗေ သတ္တာ မရဏ ဓမ္မာ၊ သဗ္ဗေ သင်္ခါရာ ဘိဇ္ဇနဓမ္မာ' အလုံးစုံ သော သတ္တဝါမှန်သမျှတို့သည် ပျက်စီးခြင်းသဘောရှိကြတယ်။

'သဗ္ဗေ သင်္ခါရာ အနိစ္စာ'ရုပ်နာမ်ဓမ္မ သင်္ခါရဟူသမျှတွေဟာ ဖြစ် ပြီးက ပျက်စီးရမလွဲ မြဲတဲ့ သဘောတရားတွေဘဲ။ 'ခယဝယဓမ္မိနော၀'၊ ကုန်ခမ်းခြင်း ပျက်စီး ခြင်း သဘောရှိကုန်သည်သာ။

'အပရိမာဏေသု စက္ကဝါဠေသု တိသု ဘဝေသု အမရဏဓမ္မော နာမ နတ္ထိ' အလုံးစုံ မနှိုင်းယှဉ်နိုင်သော စကြဝဠာ, ဘုံသုံးပါး,ဘဝသုံးပါး တို့၌ မသေသောတရားမည်သည် မရှိဘူး'လို့လဲ ပွါးများခဲ့ကြလို့ပေါ့နော်၊ နည်းယူစရာကြီးပါဘဲ။

**အတုယူစရာ မလ္လိကာ ဝတ္ထု။** ။ပြီးတော့ သေတဲ့သူတွေ တပုံ တပြင်ကြီး ဖြစ်ရက်နဲ့ မငို မကြွေးတဲ့ ဝတ္ထုလေး ဆက်လက် ဟောပြပါ့မယ်၊ **ဗန္ဓုလ စစ်သူကြီးကတော် မလ္လိကာ**-ဆိုတာ တနေ့သ၌ အရှင်သာရိပုတ္တရာ, အရှင်မောဂ္ဂလာန် အမှူး ရှိတဲ့ သံဃာတော် (၅၀၀)ကို ဆွမ်းကပ်နေပါတယ်၊ အဲဒီလို ဆွမ်းကပ်နေသည့်အခိုက် သူပုန်များ နှိမ်နင်းရန်ဆိုပြီးတော့ တိုင်းစွန်းပြည်နား ဗန္ဓုလ စစ်သူကြီးနှင့် သား(၃-ကျိပ် ၂-ယောက်) အမှာ(၁၆)ကြိမ် သားတွေမွေးလို့ သား(၃၂)ယောက်ဖြစ်တယ်၊ ခရီးကလဲ သွားနေတဲ့အခိုက် ဆွမ်းကပ်နေတုန်း စာလာပေးပါတယ်၊ "ဗန္ဓုလစစ်သူကြီးနှင့် တကွ သား (၃၂) ယောက် တပြိုင်နက် အသတ်ခံရတယ်"လို့၊ ဒီစာလေးလာပေးတော့ အိတ်ကပ်ထဲမှာ ထည့်ထားပြီး ဘာမှ ပူဆွေးတဲ့ အမူအရာမရှိဘဲနဲ့ ဆွမ်းကပ်မြဲ ဆက်ကပ်နေပါတယ်။

ဒီအချိန်မှာ-ကျွန်မက ထောပတ်အိုးကြီးယူလာရာ ရှေ့တွင်လွတ်ကျပြီး ကွဲတော့ အရှင် သာရိပုတ္တရာ အရှင်မြတ်ကြီးက "ဒါယိကာမကြီး-'ဘိဇ္ဇနဓမ္မံ နာမ ဘိဇ္ဇတိ' ပြိုကွဲ ပျက်စီး ရမယ့်သဘောရှိတဲ့တရားဟာ ပြိုကွဲပျက်စီးရမှာဘဲ၊ ဘာမှစိုးရိမ်ပူဆွေးခြင်းမဖြစ်နဲ့"လို့ အမိန့် ရှိတဲ့အခါ အိတ်ကပ်ထဲက စာကလေးကို ထုတ်ပြီးတော့ "အရှင်ဘုရား-ဒီစာကို ကြည့်ပါအုံး တပည့်တော်မရဲ့ လင်ယောကျ်ား ဗန္ဓုလစစ်သူကြီးနှင့် သား(၃-ကျိပ် ၂-ယောက်) ပေါင်း (၃၃) ယောက်ကို တပြိုင်နက် အသတ်ခံရတဲ့အကြောင်းဖြစ်ဘဲ့စာပါ၊ ဒီစာမျိုးရလို့တောင်မှ တပည့်တော်မ ပူဆွေးခြင်း, ဒုက္ခဖြစ်ခြင်း ဘာမျှ မရှိပါဘူး၊ ဒီ ထောပတ်အိုး အတွက် လောက်တော့ တပည့်တော်မမှာ ဘာပူဆွေးစရာရှိမလဲ" လို့ ပြန်ပြီး လျှောက်ထားပါတယ်။

ဒီလိုသား (၃-ကျိပ် ၂-ယောက်) နှင့်တကွ လင် ဗန္ဓုလ စစ်သူကြီး အသတ်ခံရတော့ ချွေးမ(၃၂)ယောက်ကို ဘယ်လိုပြောသလဲဆိုတော့ ချွေးမတွေခေါ်ပြီးလျှင် "အသင်တို့ အသတ်ခိုင်းတဲ့ မင်းအပေါ် စိတ်မျှ မပြစ်မှားကြနဲ့၊ ခုဘဝ ကောင်းပေမယ်လို့ အကိတ်ဘဂ

ဟောင်းက မကောင်းတဲ့ ကံပါလာလို့ သူတို့ ဒီလို ခံကြရတာ'' လို့၊ အဲဒီလို ချေးမတွေကို တရားဟောတဲ့အကြောင်း ကောသလမင်းကြီး ကြားသိတဲ့အခါ ခေါ်ပြီး''လိုတဲ့ဆုပေးမယ်'' လို့ ပြောတော့ ဗန္ဓုလ စစ်သူကြီး ကတော်က သူတို့က ကုသိနာရုံပြည်သူတွေ ဘယ်ဆုမှ မတောင်းဘဲနှင့် ''ကျွန်ုပ်တို့တိုင်းပြည်ဘဲ ကျွန်ုပ်တို့ပြန်ပါရစေတော့''ဆိုပြီး ကိုယ့်တိုင်းပြည် ကိုယ်ပြန်ကြပါတယ်၊ အံ့သြစရာပါဘဲ၊ ပုထုဇဉ်ဘဝရှိပါသေးတယ်၊ ပုထုဇဉ်ဆိုရာမှာလဲ၊ ဗန္ဓုလစစ်သူကြီးကတော်ဟာ ထူးထူးခြားခြား ဆု တခုတောင်းသွားပါတယ်၊ ''ဖြစ်လေရာ ဘဝ အဝတ်တန်းဆာတွေကို မဝတ်မဆင်ရဘဲနှင့် အလိုအလျောက် ဝတ်ပြီးဆင်ပြီးသား ဖြစ်ရပါစေ''လို့ အဲဒီဆုတောင်းသွားပါတယ်၊ ဒါပုထုဇဉ် အမှတ်အသားဘဲ။

အဲ-ပုထုဇဉ်ဖြစ်လျက်နဲ့ ဘယ်လောက် စိတ်ကြံ့ခိုင်ပြီးတော့၊ဒေါ်ဝင်းမြင့်ရေးတဲ့ စိတ်ကြံ့ခိုင်ရေးတရားနဲ့ ဘယ်လောက် ညီညွတ်သွားသလဲလို့နော်၊ အဲဒါကြောင့် နည်းယူပြီးတော့ ''စိုးရိမ် ပူဆွေးမှု သောက, ငိုကြွေးမှု ပရိဒေဝ, ကိုယ်ဆင်းရဲမှု ဒုက္ခ, နှလုံး မသာယာမှု ဒေါမနဿ,ကြီးကြီးကျယ်ကျယ် ပင်ပင်ပမ်းပမ်း နှလုံးမသာမယာမှု စိတ်ဆင်းရဲမှု ဥပါယာသ မီးလောင်နေခြင်းအားဖြင့် ဘာမျှအကျိုးမရှိဘူး''ရပ်တန်းကရပ်ကြဘို့လို့နော်။

## အဿကမင်းကြီးဝတ္ထု[၁]

**သေသူအပေါ် အစွဲအလမ်းမထားသင့်ပုံ။** ။တဖန် ဘဝဟောင်းကို အဝိဇ္ဇာဖုံးလို့ သေသော သူက ဘာမျှမသိဘူး၊ ဘာမျှ မမြင်ဘူး ဆိုတာ ဝတ္ထုလေးတပုဒ် ထုတ်ပြလိုပါတယ်။

အလွန်လှပ ချောမောတဲ့ **ဥပရိဒေဝီ** မိဖုရားကြီးဆိုတာ သေသွားပါတယ်၊ သူ့ရဲ့ အရှင် သခင် **အဿကမင်းကြီး**က လှလွန်း ချောလွန်း ချစ်မြတ်နိုးတော်မူလွန်းလို့သေသွားတဲ့ ဥပရိဒေဝီ မိဖုရားရဲ့ အလောင်းကို မသင်္ဂြိုဟ်ရက်ဘဲနှင့် ပျားရည်များ ဆေးများဖြင့် စိမ်ထားပါတယ်။

ဘုန်းကြီးတို့ ဗရားလောင်းက ရသေ့ကြီးဖြစ်ပြီး ဈာန်အဘိညာဏ် သမာပတ်များ ရလျက် ထို အဿကမင်းကြီး၏ ဥယျာဉ်တော်သို့ ရောက်လာတဲ့အခါ မင်းကြီး က သွားပြီး ခရီးဦးကြိုဆိုမှု ပြုရာတွင် ရသေ့ကြီးက သိပြီးသားဖြစ်နေပါတယ်၊ ''အဿကမင်းကြီး သင်ကတော့ သင့်မိဖုရားအတွက် စွဲလမ်းမှုကြီးနှင့် မသင်္ဂြိုဟ်ရက်နိုင်အောင် ဒီလိုဘဲ ထားသေးတယ်၊ သင်၏ မိဖုရား ဥပရိဒေဝီကတော့ဖြင့် ယခု ပိုးမ သွားဖြစ်နေပြီးတော့ ပိုးထီးကြီးနှင့် ပျော်မွေ့နေတာကို သင်မသိဘူး''-လို့ ပြောတော့ မင်းကြီးက မယုံကြည်ဘူးတဲ့။

ဒါဖြင့် ''သင်ယုံကြည်အောင် ငါလုပ်ပြမယ်'' ဆိုပြီး ဈာန်အဘိညာဏ် တန်ခိုးဖြင့် ပိုးထီးကြီးနှင့် ပိုးမကြီးကို ရှေ့တွင် ရောက်အောင် ရသေ့ကြီးက ခေါ်လိုက်ပြီးတော့ ''ပိုးမ-သင်ဟာ ဥပရိဒေဝီ မိဖုရားက ဖြစ်လာတာ မဟုတ်လား''-လို့ မေးတယ်၊ဒီတော့ ပိုးမကြီးက

---

၁။ ဇာ၊ ဠ၊ ၂၊ နှာ-၁၄၂-၄။ (အဿကဇာတ်)

“ဟုတ်ပါတယ်”-လို့ ဖြေတယ်၊ ဟုတ်ခဲ့လျှင် “ခု အချိန်မှာ အတူနေတဲ့ ပိုးထီးကြီးနှင့် အဿကမင်း ဘယ်သူကိုများ ပိုချစ်သလဲ”-လို့ မေးလိုက်တဲ့အခါ “ထားရင်လဲနေ သတ်ရင်လဲ သေရမှာဘဲ၊ ခုချိန်တွင် ဟုတ်တိုင်းအမှန် ဝန်ခံဖြေဆိုရမှာဖြင့် အဿကမင်းကြီးရဲ့ လည်ချောင်းကို ဖောက်၍ရတဲ့ လည်ချောင်းသွေးနှင့် ပိုးထီးကြီးရဲ့ ခြေထောက် ဆေးချင်ပါတယ်”-လို့ အဿက မင်းကြီးရဲ့ရှေ့၌ ပြန်ပြီး ဖြေလိုက်တော့မှ ဥပရိဒေဝီ မိဖုရားရဲ့ အလောင်းကို သာမန်တောင် မဟုတ်ဘဲနှင့် ခါးနှင့် ခုနစ်ပိုင်း ပိုင်းပြီး သင်္ဂြိုဟ်လိုက်တယ်၊ ဒီတော့-အဝိဇ္ဇာ ဖုံးလွှမ်းမှုကြောင့် နောက်ပိုင်းဘဝကို စုတိစိတ်ကျတဲ့ အချိန်ကစပြီးတော့ ဘာမျှ မသိတော့ပါဘူး။

**ဥပရိဒေဝီ ဝတ္ထု။** ။ဒီလို အလားတူ နာမည်တူ ဥပရိဒေဝီ ဆိုတာ တယောက်ရှိသေးတယ်၊ သူ့ရဲ့ သမီးလေးက ဇီဝါတဲ့၊ မြန်မာလို ပြောရလျှင် မသက်ရှည်ပေါ့၊ ဒီ သမီးလေး ဇီဝါ-သေတော့ သင်္ချိုင်းမှာ မြှုပ်ထားပြီး နေ့တိုင်း နေ့တိုင်း သွားငိုနေတယ်၊ တနေ့ သူကလဲ ကျွတ်ချိန်တန်တော့ မြတ်စွာဘုရားက သဗ္ဗညုတ ရွှေဉာဏ်တော်နှင့် ကြည့်ပြီး ဥပရိဒေဝီ သင်္ချိုင်းသွားပြီး ငိုနေတဲ့အချိန် အနားသို့ ကြွရောက်တော်မူလျက် “သင် ဘာလုပ်နေတာလဲ”-လို့ မေးတော့ “တပည့်တော်မ သမီးလေး ဇီဝါ သေလို့ ငိုနေတာပါဘုရား” လို့ လျှောက်ထားတော့၊ဒါဖြင့်“ဥပရိဒေဝီ-ဇီဝါဆိုတဲ့ နာမည်နှင့် သင် သမီးပေါင်း ရှစ်သောင်းလေးထောင်မျှ ဒီနေရာမှာ မြှုပ်နှံထားဘယ်၊ ဘယ် ဇီဝါ-မည်တဲ့ သမီးကို သင်တောင့်တပြီး ငိုနေတာလဲ”လို့ မေးတော့၊ တခါတည်း တရားထူးရသွားပါတယ်၊ အော်-ဒီမျှလောက် ဗုဒ္ဓ ဘုရားနှင့်တွေ့လျှင် တရားထူးရမည့်သူ ဖြစ်ပါလျက် သမီးအတွက် နေ့တိုင်းနေ့တိုင်း ငိုရသေးတယ်နော်။

**ပဋာစာရီ ဝတ္ထု[1]။** ။ဘုန်းကြီးတို့ သာသနာမှာ အလွန်အသိများပြီး ထင်ရှားတဲ့ ဒီဘဝမှာ ဧတဒဂ်ရ ရဟန္တာမကြီးဖြစ်မည့် ပဋာစာရီဟာ-အရင့်အမာ ပါရမီရှင်မကြီးဖြစ်ပေမယ့် မိဘ စသည်တို့ ခြောက်လောင်းပြိုင်သေတော့ ရူးသွတ်တဲ့ ဘဝကျအောင် ရောက်သွားသေးတယ်။

အဲဒီ သူဌေးသမီး ပဋာစာရီဆိုတာ သူဌေးသားနှင့် ထိမ်းမြားပေးမယ်လုပ်တော့ အိမ်မှ ကျွန်တယောက်နှင့် ထွက်ပြေးပြီး ရွာကလေး တရွာမှာ ရောက်ကာ နေထိုင် လုပ်ကိုင်စားသောက်နေကြတယ်။

ဓမ္မတာအတိုင်း ကိုယ်ဝန်ရှိလာတဲ့အချိန် သူ့ မိဘထံ ပြန်ချင်တဲ့အကြောင်း,လိုက်ပို့ဘို့အကြောင်း လင်ယောကျ်ားကိုပြောတော့ လင်ယောကျ်ားက မိဘများ မကျေနပ်သဘောမကျဘဲနှင့် ထွက်ပြေးလာကြတာဖြစ်လို့“လိုက်ပို့လျှင် သူ့ ဒုက္ခပေးလိမ့်မယ် မပို့ပါရစေနှင့် မပြန်ပါနှင့်”လို့ တောင်းပန်ပြီး ပြန်ခွင့်မပေးဘူးတဲ့၊ တောင်းပန်လို့မရဘူး၊ တနေ့

---

၁။ ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ နှာ-၄၃၇-၄၄၂။ အပ၊ ၂၊ နှာ-၂၃၇-၈။

ကျတော့ လင်ယောကျ်ား တောထဲသွားနေခိုက် အိမ်နီးနားချင်းတွေ မှာထားခဲ့ပြီး မိဘ ရပ်ထံ ပြန်သွားတယ်၊ နောက်ကျမှ လင်ယောကျ်ားသိ၍ နောက်ကလိုက်တော့ လမ်းမှာတွေ့ ပြီးလျှင် လမ်းမှာဘဲ သားယောကျ်ားလေး မွေးဖွားကာ ပြန်ခေါ်လာပါတယ်။

ဒီနည်းအတိုင်းဘဲ နောက်ထပ် တကြိမ် ကိုယ်ဝန်ရှိပြန်တော့ မိဘထံပြန်ပြီး သွားလိုတဲ့ အကြောင်း တောင်းပန်တယ်၊ လင်ယောကျ်ားက ခွင့်မပြုဘူး၊ခွင့်မပြုသော်လည်း သားငယ် ကလေး ချီယူပြီးလျှင် လင်ယောကျ်ားမရှိခိုက် ပြန်သွားပြန်ပါတယ်၊ လင်ယောကျ်ားက သိ၍ နောက်ကလိုက်ပြန်တော့ လမ်းမှာဘဲ တွေ့ပြန်ပါတယ်၊ထိုအခါနှိတွင် မိုးကြီး လေကြီးက အကြီးအကျယ် ရွာသွန်းပြီးနေတဲ့အချိန် ကမ္ဘာလေတွေကလဲ လှုပ်ရှား ချမ်းကလဲချမ်း အေးကလဲ အေးတဲ့အတွက်ကြောင့် လင်ယောကျ်ားကို အရိပ်အာဝါသလေးတခု လုပ်ပေး ဘို့ ပြောတော့ လင်ယောကျ်ားက တောင်ပို့မှာရှိတဲ့ ခြုံကို သွားပြီး ဆွဲလား ခုတ်လား လုပ်တဲ့အခါ တောင်ပို့အတွင်းက မြွေထွက်ကိုက်သဖြင့် ပွဲချင်းပြီး သေရတယ်။

ပဋာစာရီလဲ ည မိုးကြီး လေကြီးထဲမှာ သားလေးနှင့်ဘဲ နောက်ထပ် သားငယ်လေး တယောက် ဖွားရရှာတယ်၊ နံနက် မိုးသောက် အလင်းရောက်လာလို့တောင်မှ ယောကျ်ား ဖြစ်သူ ပြန်မလာတဲ့အတွက် "လင်ယောကျ်ားသွားရာ လမ်းကို လိုက်ကြည့်အုံးမှ"ဆိုပြီး လိုက်ကြည့်တဲ့အခါ-သေနေတာကို တွေ့ရတယ်၊"သြော်-ငါ့အတွက်နဲ့ သေရရှာတယ်"ဆိုပြီး ပူဆွေး ဒုက္ခရောက်လျက် သားအကြီးကို လက်မှာဆွဲပြီး သားငယ်လေးကို ပွေ့ချီကာ မိဘများထံ ပြန်လာစဉ် ညက ရွာတဲ့ မိုးကြီးကြောင့် ရေစီးနေတဲ့ ချောင်းတခုတွေ့တော့ သားအကြီးလေးကို ကမ်းမှာ ထားခဲ့၍ သားငယ်ကလေးကို ဟိုဘက် ကမ်းရောက်အောင် အရင်ပို့ပြီး သစ်ခက်ကလေးများ အောက်ကခံကာ အပေါ်က အဝတ်ကလေး ဖုံးလျက် ထားပစ်ခဲ့ပါတယ်၊ ပြီးမှ ဒီဘက်က သားအကြီးကို ခေါ်ဘို့ ပြန်လာရာတွင် ရေလယ် ရောက်တော့ ဟိုဘက်ကမ်းမှာ ထားခဲ့တဲ့ သားငယ်ကလေးကို စွန်ကြီးတကောင်က ချီသွား တာကို မြင်သဖြင့် စွန်ကြီးက ပြန်ချအောင်ဆိုပြီး လက်များဖြင့် မြှောက်၍ အော်ဟစ် ချောက်လန့်တဲ့အခါ တဘက်ကမ်း ထားခဲ့တဲ့ သားကြီးက သူ့ကို ခေါ်တယ်ထင်ပြီး ပြေး ဆင်းလာသဖြင့် ရေထဲပါသွားပါတယ်-တဲ့၊ ဒီတော့ သားကြီးကလဲ ရေထဲပါ၊ သားငယ် ကိုလဲ စွန်ချီပြီး ပါသွားသဖြင့် သားနှစ်ယောက်လုံး သေကြေ ဆုံးရှုံး ပျက်စီးပြန်တယ်။

ဒါနဲ့ ပဋာစာရီဟာ မသိမ်းနိုင် မဆည်းနိုင် မျက်ရည်တွေ ဖြိုင်ဖြိုင်ကျလျက် မိဘ ထံမှောက်သို့ အရောက်သွားမယ်ဆိုပြီး သွားတော့ သာဝတ္ထိပြည်လဲ ဝင်ပါရော သူ့မိဘ အကြောင်းကို လူတယောက်ထံ မေးမြန်းတဲ့အခါ "အဲဒီ သူဌေးကြီး သူဌေးကတော်ကြီးနှင့် တကွ သားဖြစ်တဲ့သူပါ မကျန် ညက မိုးကြီး လေကြီးကြောင့် အိမ်ပြိုကျ၍ ပိပြီးလျှင် သုံးဦး စလုံး သေကုန်ကြပါပြီ၊သင်ကြည့်လိုပါက တနေရာထဲ သုံးလောင်းပြိုင်တွဲ၍ရှို့ထားတဲ့မီးဟာ မီးခိုးတောင် ရှိပါသေးတယ်"လို့ ပြောလိုက်တော့ ကမ္ဘာတသိန်းမျှ ပါရမီ ဖြည့်ပြီးသူ ဖြစ်၍ ဒီဘဝမှာ ရဟန္တာမကြီး ဖြစ်မည့် ပဋာစာရီ ပါရမီရှင်မကြီးဟာ ခါးက အဝတ်တွေ ချွတ်ပြီး တခါထဲ ရူးသွပ်တော့တာဘဲ။

မိဘနှစ်ပါးကလဲ သေ, မောင်ကလဲဆုံး, လင်နှင့် သားနှစ်ယောက်တို့ကလဲ ပျက်စီးကာ ဆုံးရှုံးကြရတယ်ဆိုတော့ ခြောက်လောင်းပြိုင်ကြီး ဖြစ်တဲ့အတွက် အလွန်ဘဲ ကြေကွဲဝမ်းနည်းစရာကောင်းပါတယ်၊ ဒီလောက် အပူထန်သည်းတဲ့ သောကတည်းဟူသော မီးကြီးဟာ မြတ်စွာဗုဒ္ဓ၏ တရားတော်နှင့် မငြိမ်းနိုင်လျှင် အလွန်လောင်မည့် မီးကြီးပါ၊ တကယ့်ပါရမီ ကြီးမားတဲ့ ပါရမီရှင်ဖြစ်သူ ပဋာစာရီတောင်မှ အဝတ်မကပ်တော့ဘဲ ရူးသွားတာကို ကြည့်လျှင် ဒီသံယောဇဉ်မီးကြီးဟာ ဘယ်လောက်ကြီးမားတယ်ဆိုတာ သိနိုင်ပါတယ်။

ဒီတော့ ရပ်သူရွာသားတွေက "ဟဲ့-အရူးမကြီး၊ ဟဲ့-အရူးမကြီး"ဆိုပြီး ခဲနှင့်ပေါက်ဒုတ်နှင့်ခြောက် စသည်ဖြင့် ညှဉ်းဆဲကြတော့ ထွက်သွားရတယ်၊ ဒီနေရာမှာ မြတ်စွာဗုဒ္ဓရဲ့ မဟာကရုဏာတော် ကြီးမားပုံ ချီးကျူးစရာ ကြည်ညိုစရာ ကောင်းလိုက်တာနော်၊ "ငါ့သမီးတော် ပဋာစာရီတော့ အဝတ် မကပ်နိုင်လောက်အောင် ရူးနေရှာပြီ"ဆိုတာ သိတော်မူပါတယ်၊ ထိုအခါ "ငါဗုဒ္ဓထံ လာစေရမယ်၊ သတိများလဲ ရစေရမယ်"လို့ အဓိဋ္ဌာန်မှု ပြုလိုက်တော့-တရားဟောနေတဲ့ ဗုဒ္ဓထံမှောက် ရောက်လာပါတယ်၊ ပဋာစာရီ အရူးမ ဟာ တရားနာနေတဲ့ ပရိသတ်ထဲ ဝင်မယ်လုပ်ရာတွင် ပရိသတ်က"ဟဲ့-အရူးမကြီး၊ ဟဲ့-အရူးမကြီး မလာနှင့်"ဟု ခဲတုတ်စသည်တို့ဖြင့် ခြိမ်းခြောက် တားမြစ်ကြပည်ပြုရာတွင် ဗုဒ္ဓရှင်က "မတားမြစ်ကြနှင့် ဝင်လာပါစေ"လို့ အမိန့်ရှိတော်မူပါတယ်။

ဒီတော့မှ ပရိသတ်ထဲသို့ ဝင်လာပြီးတော့ မြတ်စွာဗုဒ္ဓက "သတိရစေ" ဆိုတဲ့ အဓိဋ္ဌာန်မှုကြောင့် ထိုင်ခါနီးမှာ အဝတ်အစားများ မပါတာကို သတိရပြီး ရှက်တဲ့ အမူအရာနှင့် ထိုင်နေတဲ့အခါ အနား အဝတ်အပိုပါတဲ့ ယောကျ်ားတယောက်က အဝတ်ကလေး ပေးပါတယ်၊ ဒီအဝတ်ကလေးကို ဝတ်ပြီး "မြတ်စွာဗုဒ္ဓ-တပည့်တော်မသည် သားသေ လင်ဆုံး မိဘတွေ မောင်တွေ ပျက်ပြုန်းလို့ ယူကြုံးမရ သောကမီးတွေ ဟုန်းဟုန်း တောက်လောင်နေပါတယ်၊ ကယ်တော်မူပါဗုဒ္ဓ၊ တပည့်တော်မသည် မြတ်စွာဗုဒ္ဓသာ အားကိုးစရာ အားထားစရာရှိပါတော့တယ်ဗုဒ္ဓ"လို့ လျှောက်ထားတော့ မြတ်စွာဗုဒ္ဓက "ပဋာစာရီ-သင်၏ သားသမီးတွေ ဆွေမျိုးတွေဟာ အားကိုးစရာ အားထားစရာ မဟုတ်ဘူး၊ ဒီလို မိဘ, သမီးသား, လင်ယောကျ်ားတို့ကို အကြောင်းပြုပြီးတော့ ငိုခဲ့ရတဲ့ မျက်ရည်တွေဟာ သမုဒ္ဒရာ လေးစင်းရှိ ရေတွေထက်မက များလှခဲ့ပေပြီ၊ သီလတို့ကို စင်ကြယ်စေလျက် နိဗ္ဗာန်ရောက်ကြောင်းဖြစ်တဲ့ 'ဖြစ်ပြီးက ပျက်စီးရမည် မလွဲ မမြဲတဲ့ သဘောတရားတွေသာ ဖြစ်ပေတယ်'စသည်ဖြင့် ရှုမှု ကျင့်ကြံမှု တရားတွေကသာ အားထားအားကိုးစရာဖြစ်တယ်" ဟု ဟောတော်မူတဲ့အခါ သောတာပန်တည်သွားပါတယ်၊ ဒါနှင့် "ရဟန်းပြုပါရစေ"လို့ ခွင့်တောင်းပြီး ဘိက္ခုနီမ ဝတ်လိုက်ပါတယ်။

တနေ့သ၌ ပဋာစာရီဘိက္ခုနီမသည် ရေခတ်ပြီးလျှင် ခြေကို ရေဆေးတဲ့အခါ ပထမ ဆေးတဲ့ ရေက အနည်းငယ်စီးပြီးလျှင် ပြတ်သွားပါတယ်၊ ဒုတိယဆေးတဲ့ ရေက ဒီထက် နည်းနည်းပိုပြီး စီးသွားပါတယ်၊ တတိယအကြိမ်ဆေးတဲ့အခါ ဒီထက်တော်တော်များ ပိုစီးသွားတဲ့ ရေကို ကြည့်ပြီးတော့ "သြော်-သေခြင်းတရားဟာ ပထမအရွယ်လဲ သေနိုင်တယ်၊

ဒုတိယအရွယ်လဲ သေနိုင်တယ်၊ တတိယအရွယ်မှာလဲ သေနိုင်တာဘဲ''လို့ သတိသံဝေဂဖြစ်ပြီး ကြည့်နေတဲ့အခိုက် မြတ်စွာဘုရားက ဂန္ဓကုဋီတိုက်မှနေ၍ ရောင်ခြည်တော်များလွှတ်ပြီးလျှင် ပဋာစာရီ ဘိက္ခုနီမကို ဂန္ဓကုဋီတိုက်ကပင်နေလျက် ဟောတော်မူတဲ့ တရားကတော့—

တရက်ဖြစ်ပျက်မြင် အမြတ်ပင်။ ။ယော စ ဝဿသတံ ဇီဝေ၊ အပဿံ ဥဒယဗ္ဗယံ။
ဧကာဟံ ဇီဝိတံ သေယျော၊ ပဿတော ဥဒယဗ္ဗယံ [၁]။

ဥဒယဗ္ဗယံ၊ ရုပ်နာမ်နှစ်ဖြာ ခန္ဓာငါးချက် ဖြစ်တိုင်းပျက်ကို။ အပဿံ-အပဿန္တော၊ သတိသမ္ပဇဉ်ဖြင့် ဉာဏ်ယှဉ်ကာ မသိမြင်သည်ဖြစ်၍။ ဝဿသတံ၊ အနှစ်တရာကာလပတ်လုံး။ ဇီဝေ၊ အသက်မသေ ရှင်၍ နေငြားအံ့။ တတော၊ ထိုရုပ်နာမ်နှစ်ဖြာ ခန္ဓာငါးတန် ဖြစ်ပျက်ဟန်ကို အမှန်မသိသည်ဖြစ်၍ အနှစ်တရာ အသက်ရှည်ရသော သူထက်။ယော စ၊ ယောကျ်ား မိန်းမ မည်သူမဆို အကြင်ပုဂ္ဂိုလ်သည်ကား။ ဥဒယဗ္ဗယံ၊ ရုပ်နာမ်တရား ထိုနှစ်ပါး၏ မများ မယွင်း ဖြစ်ပျက်ခြင်းကို။ပဿတော၊ သတိသမ္ပဇာဉ် ဉာဏ်အမြင်ဖြင့် ဆင်ခြင်စဉ်းစား သိမြင်ငြားသည်ဖြစ်၍။ ဧကာဟံ၊ တနေ့တရက်မျှ။ ဇီဝိတံ၊ အသက်မသေ ရှင်၍ နေရခြင်းသည်။ သေယျော၊ ပစ္စုပ္ပန်တမလွန် နှစ်တန် နှစ်ဖြာ ချမ်းသာရကြောင်း ကောင်းမြတ်လှပေတော့ သတည်း။

ဖြစ်ပူပျက်မှုကို မမြင်ဘဲနဲ့ အသက်တရာ ရှည်ကြာစွာ နေရသူထက် ရုပ် နာမ် နှစ်ဖြာ ခန္ဓာငါးခု၌ ဖြစ်ပူ ပျက်မှုကို မြင်သည်ဖြစ်၍ တရက်မျှ အသက်မသေဘဲ ရှင်၍ နေရသောသူ သည်ကား အလွန်ပင်မြတ်ပါတယ်လို့ မြတ်စွာဘုရားကဟောကြားတော်မူပါတယ်၊ ဒီလိုတရား ရေအေး အမြိုက်ဆေးနှင့် တိုက်ကျွေးလိုက်တဲ့အခါ အရှူးဘဝရောက်အောင် မီးလောင်နေတဲ့ ပဋာစာရီဟာ ပဋိသမ္ဘိဒါ လေးပါးနှင့်တကွ ရဟန္တာမကြီးဖြစ်သည်အထိ ရောက်သွားတယ် ဆိုတော့ ဘယ်လောက်များ အေးမြ သွားသလဲလို့နော်၊ ဒီလို အပူမီးတွေ တွေ့လာလျှင် မြတ်စွာဘုရားရဲ့ တရားဓတော်မှတပါး ဘာနှင့်မျှငြိမ်းအေးအောင် မလုပ်နိုင်ပါဘူး။

ဒါကြောင့်-ဘုန်းကြီးပြောခဲ့တဲ့အတိုင်း မြတ်စွာဘုရား ဟောကြားတော်မူတဲ့ဒေသနာ တော်တွေကို နှလုံးသွင်း အာရုံပြုပြီးတော့ ''ငါတို့ ပူဆွေး ငိုကြွေးမှု သောက ပရိဒေဝ မီးတွေ ရုပ်တန်းက ရုပ်တော့မယ်၊ မလောင်ရတော့ဘူး''-လို့ မျှားမျှားကြီး နှလုံးသွင်း ဆင်ခြင်နိုင်ကြပါစေလို့နော်....

အေ....ယခု ပြောဟော ပြသခဲ့ပြီးသော ဒေသနာတော်တွေကို ကြားနာရသော ဓမ္မ သဝန ကုသိုလ်ကံစေတနာ၊ သေခြင်းတရားနှင့် ပတ်သက်၍ အကြိမ်ကြိမ် အထပ်ထပ် ပွါးများ နာကြားအပ်ခဲ့ကြရသော မရဏာနုဿတိ သမထဘာဝနာ ကုသိုလ်ကံစေတနာ၊ ရုပ်နာမ် ဓမ္မတို့၌ အနိစ္စ ဧကန်မမြဲ, ဆင်းရဲဒုက္ခ, အစိုးမရ အနတ္တချည်းသာ-ဟု ပွါးများကြရသော

---

၁။ ဓမ္မပဒ၊ နှာ-၃၀။

ဝိပဿနာ ဘာဝနာ ကုသိုလ်ကံ စေတနာ - ဤသို့ပေါင်းအပ် များမြတ်သော ကုသိုလ်ကံ စေတနာတို့ကြောင့် အို၊နာ၊သေရေး ဒုက္ခဘေးတို့၏ ကင်းဝေးရာအမှန် မြတ်နိဗ္ဗာန်ကို အကျွန်ုပ်တို့ လျင်မြန်စွာ ရကြ ရောက်ကြရပါလို၏ကုန်၏-ဟု ဆုကို တောင်းကြရမယ်။

**သိကြားမင်း ရွတ်ဆိုသည့်ဂါထာ။** ။ဤနေရာ၌ မြတ်စွာဘုရား ပရိနိဗ္ဗာန် စံတော်မူသော အခါ သိကြားမင်းရွတ်ဆိုသော အများရကြတဲ့ ဂါထာဖြင့် နိဂုံးအုပ် အဆုံးသတ်ကြပါစို့....

အနိစ္စာ ဝတ သင်္ခါရာ၊ ဥပ္ပါဒဝယဓမ္မိနော။
ဥပ္ပဇ္ဇိတွာ နိရုဇ္ဈန္တိ၊ တေသံ ဝူပသမော သုခေါ[၁]။

သင်္ခါရာ၊အကြောင်းအတန်တန် ပြုစီမံ၍ ရုပ်နာမ်အသစ် ဖြစ်ဖြစ်သမျှ သင်္ခါရတို့သည်။ အနိစ္စာ ဝတ၊ စင်စစ်ကေန် အမှန်မုချ မမြဲကြလေကုန်စွတကား။ ဥပ္ပါဒဝယဓမ္မိနော၊ ပဋိသန္ဓေ သတ္တဝါ သူငါမနော့ အဖြစ်သဘော ပျက်သဘောတို့ အတောမသတ် အထပ်ထပ်အထွေထွေ လည်ပတ်၍ နေကြကုန်၏။ ဥပ္ပဇ္ဇိတွာ၊ အကြောင်းအားလျော်စွာ ဖြစ်ပေါ်လာကြကုန်ပြီး၍။ နိရုဇ္ဈန္တိ၊ နှမ်းအိုးကင်းထက် နှမ်းတွေကျက်သို့ ချက်တဖြုတ် ရုတ်တရက် ချုပ်ပျက်ကြလေကုန်၏။ တေသံ-သင်္ခါရာနံ၊ ဖြစ်ပျက်နှစ်တန် နှိပ်စက်ခံရ ရုပ်နာမ်ဓမ္မ ထိုသင်္ခါရတို့၏။ဝူပသမော၊ ကင်းရာ ကုန်ရာ ငြိမ်းအေးစွာသည့် နိဗ္ဗာနဓာတ် အမြိုက်ရပ်သည်။ သုခေါ၊ ဖြစ်ပျက်မစပ် အငြိမ်းဓာတ်ဖြင့် မပြတ်ပုံသေ ချမ်းသာ ပေစွတကား။

## ဝိသုဒ္ဓါရုံ ဆရာတော် ဆုပေးနှင့် ဧဝကော်ချ

**ဆုပေး။** ။ဤသို့ (၇)ရက်မြောက် ဘာဝ တမလွန်သို့ ကွယ်လွန် ပြောင်းသွားကြသော မဝင်းမြင့် အမှူးရှိသော သုံးဦးသားတို့သည် လူ့ဘုံ လူ့ဘဝ ခေတ္တခိုနား သံသရာခရီးသွား ဧည့်သည်များ ဖြစ်ကြသည့်အားလျော်စွာ ရောက်ရာဘုံဘဝ ဖြစ်ရာဌာန အရပ်ဒေသတို့၌ ချမ်းသာသုခ ဟူသမျှတို့နှင့် ပြည့်စုံကြပါစေဟု ရည်စူး ရည်မှန်း ရည်ရွယ်ကြသော စိတ်ထားဖြင့်....

ဗုဒ္ဓ တရား သံဃာ ရတနာမြတ် သုံးပါးနတ်တို့အား ဝတ်တွားရိုကျိုး ရှိခိုးကြရသော ကုသိုလ်စေတနာ၊ အဆိုပါ စာရေးဆရာမကြီး ဒေါ်ဝင်းမြင့် အမှူးပြုသော သုံးဦးတို့ကို အထူးရည်စူး ရည်မှန်း၍ ယခု လှူဒါန်းဘွယ်တို့ကို လှူဒါန်းကြရသော ကုသိုလ်စေတနာ အရပ်ရပ်တို့ကြောင့် သင်သူတော်ကောင်းတို့အလိုရှိအပ်တော့တအပ်သောသုဂတိ ဘုံမြတ်နှင့် တလုံးဘဝတည်း ပြည့်စုံကြကုန်သည်ဖြစ်၍ ဖြစ်၊အို၊နာ၊သေ သံသာဗေ့ ဝဲဂယက်မှ ဖဲထွက်

---

၁။ သံ၊ ၁၊ နှာ-၁၆၀၊ ၃၉၀။

ရာအမှန် မြတ်နိဗ္ဗာန်ကို လျင်မြန်စွာ မျက်မှောက်ပြုလွယ်နိုင်ကြသည်ကိုယ် ဖြစ်ကြပါစေ ကုန်သတည်း။

ရေစက်ချ။ ။အရိယာနွယ်ဝင် သံဃာတော်အရှင်မြတ်တို့ဗရား၊ လူ့ဘုံ လူ့ဘဝ ခေတ္တ ခိုနား သံသရာ ခရီးသွား ညွှတ်သည်ချည်းသာ ဖြစ်ကြကုန်သော ဗရား တပည့်တော်တို့သည် အိုရ, နာရ, သေရခြင်း အစရှိသော သံသရာဝဋ်ဆင်းရဲမှ ထွက်မြောက် ကြ၍ နိဗ္ဗာန်ကို လျင်မြန်စွာ ရရှိ မျက်မှောက်ပြုပါရခြင်း အကျိုးငှါလည်းကောင်း၊ အထူးအားဖြင့် အငြိမ်းစားဆရာမကြီး ဒေါ်ခင်သိန်း၊ စာရေးဆရာမကြီး မဝင်းမြင့်၊ မြေး သက်တင်စိုး- သုံးလမြောက် ကွယ်လွန်သူ သုံးဦးတို့၏ ဖြစ်ရာဘုံဘဝ ရောက်ရာဌာန အရပ်ဒေသတို့၌ အေးမြ ကြည်လင်သော ချမ်းသာသုခ ဟူသမျှတို့နှင့် ပြည့်စုံပါစေခြင်း အကျိုးငှါလည်းကောင်း၊ ရတနာသုံးတန် ကံ-ကံ၏အကျိုးကို အားကိုး ယုံကြည် မြတ်နိုးလှစွာဖြင့် သုံးဖြာသော သရဏဂုံနှင့်တကွ ငါးပါးသော သီလတော်မြတ်ကို ရိုသေစွာ ဆောက်တည်ကြကုန်ပြီးလျှင် သတ္တဝါတို့အား တမလွန်ဘဝသို့ ယူသွားဘွယ်ရာ ကုသိုလ်ကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိသည်ဟု သိတတ်သော ဉာဏ်ကိုလည်းကောင်း၊ သက်မဲ့ သက်ရှင် မြင်မြင်သမျှ ရုပ်နာမ်ဓမ္မ သင်္ခါရတို့၏ ဖြစ် ပြီးက ပျက်စီးရမလွဲ မမြဲသော သဘောတရားဟု သိတတ်သော ဉာဏ်ပညာကိုလည်းကောင်း ရှေ့သွား ပြုကြကုန်လျက် မဝင်းမြင့် အမှူးပြုသော သုံးလမြောက် ကွယ်လွန်သူ သုံးဦးတို့ကို အထူး အားဖြင့် ရည်စူး ရည်ရွယ်မှန်းကြကုန်၍ ဓမ္မစေတီတော်ဖြစ်သော တရားစာအုပ်များနှင့် တကွ ဤလှူဘွယ်ဝတ္ထု အစုစုတို့ကို သံဃာတော် အရှင်မြတ်တို့အား ရိုသေစွာ လှူဒါန်း ပါကုန်၏၊ မွန်မြတ်လှစွာသော ဆွမ်း, ခဲဘွယ် အသွယ်သွယ်တို့ကိုလည်း အဆိုပါ သုံးဦး တို့ကိုပင် ရည်စူး ရည်မှန်း၍ လှူဒါန်းပါကုန်၏၊ ယခု လာရောက်ကြသော ပရိသတ်တို့ အားလည်း အဆိုပါသုံးဦးတို့ကိုပင် ရည်စူးရည်မှန်း၍ ကျွေးမွေးကြပါကုန်၏၊ မဂ်ဖိုလ်နိဗ္ဗာန် ကိုလည်း ရည်မှန်း၍ လှူဒါန်းကြပါကုန်၏။

ပဝင်းမြင့် စသော သုံးဦးတို့သည် သေမင်း၏ လက်တွင်းသို့ အနိစ္စသဘောကို မလွန် ဆန်နိုင်၍ သက်ဆင်းရောက်ကြရကုန်သကဲ့သို့ တပည့်တော်တို့လည်း တနေ့ကျက သေမင်း လက်တွင်း သက်ဆင်းရောက်ကြရ သေကြရပါကုန်လတ္တံ့၊ ဤသို့ မရဏာနုဿတိကမ္မဋ္ဌာန်း ကိုလည်း စီးဖြန်းပွါးများကြပါကုန်၏၊ ဤ ဆိုအပ်ပြီးသောသုံးဦးတို့ကို ရည်စူး၍ အထူး ပြုသော ဒါနကုသိုလ်စေတနာ, ဆောက်တည်ပြီးသော သီလကုသိုလ်စေတနာ, ပွါးများ ပြီးသော မရဏာနုဿတိ ဘာဝနာ ကုသိုလ်စေတနာတို့ကြောင့် မဝင်းမြင့် အမှူးပြုသော သုံးဦးလုံးတို့သည် ဖြစ်ရာဘုံဘဝ ရောက်ရာဌာန အရပ်ဒေသတို့၌ ချမ်းသာသုခ ဟူသမျှတို့နှင့် ပြည့်စုံကြပါစေ၊ မတော်တဆ ဂတိမှောက်မှား၍ ဒုဂ္ဂတိ ဘုံဌာန၌ ဖြစ်ရငြားသော်လည်း ဤသို့ ရည်စူးပြီး အထူးပြုသော ကုသိုလ်စေတနာကြောင့် ထို ဒုဂ္ဂတိဘုံဘဝမှ ဤရေစက် သွန်းချ အပျုံပေးဝေသော ခဏ၌ပင် လွတ်မြောက်ကြပါစေ၊ မဝင်းမြင့် အမှူးပြုသော သုံးဦးတို့သည် အထူးအားဖြင့် ဖိုလ်မှူးနှင့် တကွ သားသမီးတို့က "ငါတို့တွက်တာ ငါတို့အတွက်

အထူးရည်စူး၍ ကုသိုလ်ကောင်းမှု ပြုကြပေကုန်ပြီ”ဟု ဖြစ်ရာဘဝ ဘုံဌာနက ဝမ်းမြောက်ဝမ်းသာဖြင့် သာဓု သာဓု သာဓု ခေါ်ဆိုနိုင်ကြပါစေ။

ခေါ်ဆိုနိုင်ကြ၍ လူ့ဥဒ္ဓိဖြစ်သော နတ်ဥဒ္ဓိ ဖြစ်သော အဝတ်တန်ဆာ ဥယျာဉ် ဗိမာန် အစရှိသော ကောင်းနိုးရာရာ ချမ်းသာဟူသမျှတို့ကို ခံစားနိုင်ကြပါစေကုန်သတည်း၊ တပည့်တော်တို့လည်း ကွယ်လွန်သူ သုံးဦးတို့ကို ရည်စူးပြုသော ဒါန သီလ ဘာဝနာ ဤကုသိုလ်ထူးကြောင့် အိုခြင်းကင်းရာ နာခြင်းကင်းရာ သေခြင်းကင်းရာ ဆင်းရဲဒုက္ခ အမြွက်မျှ မရှိ ချမ်းအေးခြင်း ဟူသမျှတို့၏ အတွင့်အထိပ်ဖြစ်သော နိရောဓသစ္စာ နိဗ္ဗာန်ချမ်းသာကို လျင်မြန်စွာ မျက်မှောက်ပြုရ ရောက်ရပါလိုကုန်၏၊ အရှင်ဘုရား။

တပည့်တော်တို့၏ ဤ ကုသိုလ်ကောင်းမှုအဘိုဘာဂကို အထူးအားဖြင့် မဝင်းမြင့် အမှူးပြုသော ကွယ်လွန်သူ သုံးဦးတို့အား အမျှ အမျှ အမျှ ပေးဝေပါကုန်၏၊ အမျှရ၍ ချမ်းသာကြပါစေ၊ ထို့မှတပါး အသက်ထင်ရှား ရှိ, မရှိ မိခင် ဘခင် ကျေးဇူးရှင်နှင့် ဆရာသမား ဆွေမျိုး ဉာတကာ မိတ်ဆွေသင်္ဂဟ အပေါင်းတို့အားရင်း၊ ဘဝတမလွန် ပြောင်းသွားကြကုန်သော ဆွေသစ် မျိုးသစ်တို့နှင့် ဆွေဟောင်း မျိုးဟောင်း သူအပေါင်းတို့အားရင်း၊ ငရဲသေဌ်နင်း ယမမင်းနှင့် နတ်တို့သေဌ်နင်း သိကြားမင်းအားရင်း၊ လောကကို အမြဲထာဝရ စောင့်ရှောက်ကြသော စတုလောကပါလ နတ်မင်းကြီးတို့အားရင်း၊ တပည့်တော်တို့၏ ကိုယ်စောင့်နတ်, အိမ်စောင့်နတ်, ရပ်စောင့်နတ်, မြို့စောင့်နတ်, ကျောင်းစောင့်နတ်, သာသနာတော်စောင့်နတ် အစရှိသော နတ်မြတ် နတ်ကောင်း အပေါင်းတို့အားရင်း၊ ထို့မှတပါး သုံးဆယ့်တဘုံ ကြွင်းကျန်၍ ကြင်လည်နေကြကုန်သော ဝေနေယျသတ္တာ အနန္တတို့တို့အားရင်း၊ အမျှ အမျှ ပေးဝေပါကုန်၏။

မိခင် ဘခင် ကျေးဇူးရှင်နှင့် ဆရာသမား အစထား၍ သုံးဆယ့်တဘုံသားတို့သည် မဝင်းမြင့်တို့နှင့်တကွ အညီအမျှ ဤကုသိုလ်၏ အဘို့ကို ရကြ၍ ကိုယ်စိတ်နှစ်ဖြာချမ်းသာကြသည် ဖြစ်ကြပါစေကုန်သောဝ်။

## နန္ဒိဝိသာလ ဝတ္ထု

**နွားကို ဆဲမိ၍ လှည်းသမား ပုဏ္ဏားကြီး မှိုင်တွေချနေပုံ။** ။ယခုကာလ လှည်းသမား, တောင်သူ လယ်သမား-တို့မှာ ကျွဲ-နွားဆိုတာ ဘာကိုမျှမသိတဲ့ တိရစ္ဆာန်ဘဲ အနေဖြင့် ကြိမ်းမောင်းလေ့ ဆဲဆိုလေ့ ရှိကြသည်၊ ဤသို့ ဆဲဆိုသောသူအား ဒုစရိုက်(၁၀)ပါးတို့တွင် ဖရုသဝါစာ ကြမ်းကြမ်းထန်းထန်း ဆဲရေးခြင်း ဝစီကံ အကုသိုလ် အညစ်အကြေး အပြစ်ဘေး ဆိုက်ရောက်တော့၏၊ အဆဲခံရတဲ့ နွားခမျာမှာလဲ နှလုံးမသာ မယာ, မချမ်း မသာ ဖြစ်ရပြန်တော့၏၊ ဤနေရာ၌ အလွန်သတိပြုဘွယ်ကောင်းလှပေသော ဗုရားဟောပါဠိတော်လာ ဝတ္ထုသာဓက ထုတ်ပြပေအံ့။

ချစ်သားရဟန်းတို့-အတိတ်ဝေးကွာ ရှေးအခါက ဖြစ်ဘူးသည်မှာ တက္ကသိုလ်မြို့ ပုဏ္ဏားတယောက်အား ချစ်နှစ်သက်ဘွယ် တင့်တယ်သော ချိုမှိုသောကြောင့် **နန္ဒိဝိသာလ**

အမည်ရှိသော နွားလားရှိ၏၊ ထိုအခါ-နန္ဒိဝိသာလ နွားလားက "အိုပုဏ္ဏား - ဝန်အပြည့် တင်ထားလျက် တဆက်တည်းတည်သော လှည်းတရာကို ဆွဲဆောင်နိုင်သော အင်အား ငါ နွားလားမှာ ရှိပါတယ်"ဟု ပြော၍ "သူဌေးနှင့် အသပြာတထောင် အလောင်းအစား ပြုလေ"ဟု ပြောသည့်အတိုင်း အလောင်းအစားပြုရာ၌ နန္ဒိဝိသာလ နွားကို လှည်း၌ကပြီး ပုဏ္ဏားကြီးက "ကောက်ကျစ်စဉ်းလဲသောနွား သွားလော့, ကောက်ကျစ်စဉ်းလဲသောနွား ရုန်းလော့"ဟု ဆဲဆိုမောင်းလျှင် နန္ဒိဝိသာလ နွားလားသည် လှည်းကသော နေရာ၌ပင် မရွေ့ မသွား ရပ်တန့်နေ၏။

ထိုပုဏ္ဏားသည်လည်း အသပြာတထောင် ရှုံးသဖြင့် မှိုင်တွေချနေ၏၊ ထိုအခါ နွားလားက "သင်ပုဏ္ဏား-ဘာကြောင့် မှိုင်တွေချနေသနည်း"ဟု မေးရာ အသပြာတထောင် ရှုံးသောကြောင့်ဟု ပြောလျှင် နန္ဒိဝိသာလ နွားလားက "ငါ့အား အပြစ် တစုံတရာမရှိဘဲ ဘယ့်ကြောင့် ကောက်ကျစ် စဉ်းလဲသော နွား-ဟု ဆဲဆိုသနည်း၊ တဖန် ထိုသူဌေးနှင့် အသပြာ ၂ထောင်လောင်းကစားမှု ပြုပါလေ"ဟု ပြောပြီး "ငါ့အားလဲ ကောက်ကျစ်စဉ်းလဲသော နွားဟု မဆိုပါလေနှင့်"ဟု နွားလားက ပြောသည့်အတိုင်းပင် နောက်ထပ် လောင်းကစားပြန်ရာ၌ "ကောင်းသော နွားလား သွားပါလေ၊ ကောင်းသော နွားလား ရုန်းပါလေ"ဟု ပြောဆိုမောင်းရာ ဝန်အပြည့်တင်ပြီး တဆက်တည်းတည်နေသော လှည်းတရာကို လိမ့်စေ လည်စေ ဆွဲဆောင်လေသဖြင့် ပုဏ္ဏားသည် အသပြာနှစ်ထောင်နိုင်လေ၏။

ထိုအခါ မြတ်စွာဘုရားက "ချစ်သားတို့—

မနာပမေဝ ဘာသေယျ၊ နာ' မနာပံ ကုဒါစနံ။

မနာပံ ဘာသမာနဿ၊ ဂရုံ ဘာရံ ဥဒဗ္ဗဟိ။

ဓနဉ္စ နံ အလာဘေသိ၊ တေန စတ္တမနော အဟူ-တိ—

ဟု ဟောတော်မူ၏၊ (ပါစိတ်ပါဠိတော် စာမျက်နှာ-၁။) နှစ်သက်ဘွယ် စကားကိုသာ ပြောဆိုရာ၏၊ မနှစ်သက် မုန်းဘွယ်စကားကို တရံတခါမျှ မပြောဆိုရာ(နန္ဒိဝိသာလ နွားလားသည်) နှစ်သက်ဘွယ်ပြောဆိုသော ပုဏ္ဏား၏ လေးလံသော(လှည်းပေါင်းတရာ)ဝန်ကိုလည်း ရုန်းနိုင် ရွက်ဆောင်နိုင်၏၊ ငါဘုရားသည် နွားတိရစ္ဆာန်ဖြစ်စဉ်အခါ၌ပင် ဆဲရေးရှုတ်ချချက်ကို နှစ်သက်တော်မမူခဲ့ပေ"စသည်ဖြင့် ဟောတော်မူ၏ ၁။

## ဂေါဒတ္တထေရဝတ္ထု

နွားကို ရိုက်၍ နွားက လူ့စကားဖြင့် ပြန်ပြီးပြောဆိုပုံ။ ။များစွာသော လူအပေါင်းတို့သည် ကျွဲ နွားများကို အလွန်ရိုက်တတ်ကြ, ပုတ်ခတ်တတ်ကြသည်၊ တိရစ္ဆာန်ဖြစ်သော ကျွဲ နွားတို့မှာ မိမိတို့ အသိဉာဏ်

---

၁။ ဇာ၊ ဠ၊ ၁၊ နှာ-၂၀၇-၀။

ဖြင့် ရှုံဗွက်တွေ့လျှင် ပိုပြီး အားထုတ်ရမည်ဟု သိကြ၏၊ ကုန်းအမြင့်သို့ တက်လျှင် လည်း လှည်းဝန်ကို အားသွန် အားထုတ် ဆွဲရမည့် မိမိတို့တာဝန်ကို သိကြကုန်၏၊ သို့ရာတွင် လူဖြစ်သူ အများတို့က ရှုံဗွက်ထဲရောက်လျှင် ကြိုးစွာ ရိုက်ပုတ်ကြသည်၊ ကုန်း အတက် ၌ လည်း အလားတူ ပြင်းထန်စွာ ရိုက်လေ့ ရိုက်ထ ရှိကြကုန်၏၊ ထိုသို့ မရိုက်ထိုက်ပါ၊ သတိပေးဘို့ လောက်သာ ကောင်းလှပါသည်။

တောင်သူလယ်သမားတို့အဘို့ မြတ်စွာဗုဒ္ဓဘုရားက ကျွဲ နွားများသည် ကျေးဇူးရှင်မိခင် ဘခင်များအလား ကျေးဇူးများကြောင်း ဟောထားပါသည်၊ နွေ့မိုးမကျန် လူများ တာဝန်ကို အားသွန်ဆောင်ရွက်ကြရကုန်သည်။

* မိုးလုံး နွေလုံး၊ တကုန်းကုန်း၊ ထွန်ရုန်း လှည်းတိုက်သည်။
* ကျွေးတာကိုစား၊ ရိုက်ပုတ်လား၊ သနားညှာထိုက်သည်။
* မိဘအသွင်၊ ကျေးဇူးရှင်၊ မှန်ပင်ဖြစ်တော့သည်။

ဆိုတဲ့အတိုင်း အထူးသတိပေးလိုပါတယ်။

အရှင် ဂေါဒတ္တထေရ်သည် ရှေးဗုဒ္ဓဘုရားရှင်တို့ထံ ရဟန္တာဖြစ်ရန် ဆုတောင်း၍ ထိုထို ဘဝ၌ နိဗ္ဗာန်ရောက်ကြောင်း ကောင်းမှုတို့ကိုပြုကာ လူ, နတ် ဘဝတို့၌သာ ကျင်လည်ခဲ့ရ လေသည်။

ဤဂေါတမ ဗုဒ္ဓဘုရားလက်ထက်မှာ သာဝတ္ထိမြို့၊ လှည်းကုန်သည်မျိုး၌ဖြစ်၍ ဂေါဒတ္တ အမည်ဖြင့် ထင်ရှားကာ အရွယ်ရောက်သည့်အခါ မိဘများ ကွယ်လွန်ကြသဖြင့် လှည်းငါးရာ တို့၌ ကုန်ကို တင်ဆောင်ပြီး အရောင်းအဝယ်ပြုလျက် အသက်မွေး၍ စည်းစိမ်အလိုက် ကုသိုလ်ကို ပြုလေသည်။

တနေ့သောအခါ လမ်းခုလတ်၌ လှည်းက ထားသော နွားသည် ဝန်လေး၍ မရုန်း နိုင်သောကြောင့် လဲကျနေရာ လှည်းသမားများ ဘယ်လိုမှ ထအောင်မတတ်နိုင်ရှိသဖြင့် ဂေါဒတ္တ သူကြွယ်ကိုယ်တိုင်သွား၍ နွား၏အမြီး၌ တပြာ အချွန်ဖြင့် ဟအားထိုးလေသည်၊ မရုန်းနိုင်ဘဲ လဲကျနေသော နွားက "ဤလှည်းမောင်းသူကား သူတော်မဟုတ် သူယုတ်မာ တည်း၊ ငါ၏အင်အား ရှိ,မရှိကို မသိတတ်ဘဲ ပြင်းထန်စွာ ရိုက်နှက် ပုတ်ခတ် ထိုးဆွလေသည် တကား"ဟု အမျက်ထွက် စိတ်ဆိုးပြီး နွားက လူ့စကားဖြင့် ဤသို့ ဆဲရေးလေသည်။

ဆဲရေးပုံကား "အမောင် ဂေါဒတ္တ-ငါသည် ဤမျှလောက် ကာလပတ်လုံး အားကို မလျော့မချန်ဘဲ သင်၏ဝန်ကို အားသွန်များစွာ ဆောင်ရွက်ခဲ့ဘူးပြီ၊ ယခုမှာမူကား ပင်ပန်း နွမ်းရိ မချိမဆန့်ဖြစ်၍ လဲကျ၍နေသော ငါ့ကို အလွန်လျှင် နှိပ်စက် ထိုးဆွ ပုတ်ခတ်၏၊ ရှိစေဦးတော့ ဤဘဝမှသေပြီး ဖြစ်လေရာဘဝ၌ အမောင့်ကို နှိပ်စက်ခြင်းငှါ စွမ်းနိုင်ရပါ လို၏၊ အတုန့်အလှည့် နှိပ်စက်ကလူ ရန်သူဖြစ်ပါစေသား"ဟု တောင့်တ ရန်ညိုးဖွဲ့လျက် ဆုတောင်းကြိမ်းမောင်းဆဲရေးတော့၏။

ဂေါဒတ္တသည် ထိုစကားကြား၍ "ဤလို သတ္တဝါတို့ကို နှိပ်စက်၍ အသက်မွေးခြင်း မျိုးဖြင့် ဘယ်အကျိုးရှိအံ့နည်း"ဟု သံဝေဂရကာ စည်းစိမ်အားလုံးကို စွန့်ပြီး မဟာထေရ် တပါး၏ ထံဝယ် ရဟန်းပြုပြီး ဝိပဿနာ ပွါးကာ မကြာမီ ရဟန္တာဖြစ်၍ သမာပတ် ချမ်းသာဖြင့် နေတော်မူလေသည်။

**လောကဓံတရားတော်။** ။တနေ့သောအခါ မိမိထံ တရားနာလာကြသည့် အရိယာ လူ, ရဟန်းတို့အား ဤလောကဓံ ရှစ်ပါး တရားဒေသနာတော်ကို ဟောကြားတော်မူသည်။

"ဝန်ဆောင်နွားလားသည် လေးလံလှစွာသော ဝန်ထုပ်ဖြင့် မရုန်း နိုင်သောကြောင့် မိမိထမ်းထားသော ထမ်းပိုးကို မလွန်နိုင်၊ ထမ်းပိုးမှ မလွန် သကဲ့သို့ ဤအတူ ရေဖြင့် ပြည့်သော သမုဒ္ဒရာကဲ့သို့ ပညာဖြင့် ပြည့်သော ပညာရှိတို့သည် တပါးသော ပညာမဲ့တို့ကို မလွှမ်းမိုး မနှိပ်စက်ကြကုန်၊ ဤ သဘောကား ပညာရှိ သူတော်ကောင်းတို့၏ သဘောပင်။"

၁။ လာဘော=လာဘ်ရခြင်း။

၂။ အလာဘော=လာဘ်မရခြင်း။

၃။ ယသော=အခြံအရံရှိခြင်း။

၄။ အယသော=အခြံအရံ မရှိခြင်း။

၅။ နိန္ဒာ=ကဲ့ရဲ့ခြင်း။

၆။ ပသံသာ=ချီးမွမ်းခြင်း။

၇။ သုခံ=ချမ်းသာခြင်း။

၈။ ဒုက္ခံ=ဆင်းရဲခြင်း။

(က) လာဘော၊လာဘ်ရခြင်း။ယသော၊အခြံအရံရှိခြင်း။ ပသံသာ၊ ချီးမွမ်းခြင်း။ သုခံ၊ ချမ်းသာခြင်း-ဤလေးပါးကား ကောင်းသော လောကဓံတရား လေးပါးတည်း။

(ခ) အလာဘော၊ လာဘ်မရခြင်း။ အယသော၊ အခြံအရံမရှိခြင်း။ နိန္ဒာ၊ ကဲ့ရဲ့ ခြင်း။ဒုက္ခံ၊ ဆင်းရဲခြင်း-ဤလေးပါးကား မကောင်းသော လောကဓံတရား လေးပါးတည်း။

ကောင်းသော လောကဓံ လေးပါးနှင့်ကြုံလျှင် ဝမ်းသာ၍ မကောင်းသော လောကဓံ လေးပါးနှင့် ကြုံလျှင် ဝမ်းနည်းသောသူတို့သည် အမှန်အကန်ကို မသိကြသောကြောင့် ဖြစ်ကြ၏။

ကောင်းသော လောကဓံနှင့် တွေ့သော်လည်း ဝမ်းမသာ၊ မကောင်းသော လောကဓံနှင့် တွေ့သော်လည်း ဝမ်းမနည်းသူတို့သည် အမှန်သဘောကို သိကြသောကြောင့်ဖြစ်ကြ၏။

ကြာဖက်ပေါ်၌ ရေပေါက်မတင် မကပ်ငြိသကဲ့သို့ လောကဓံတရားရှစ်ပါး၌ မကပ်ငြိကြသော သူတို့သည် ချမ်းသာကြကုန်၏၊ လောဘ, ဒေါသ စသော ကိလေသာတို့ကို ပယ်ပြီး၍ ချစ်ခြင်း မုန်းခြင်းလည်းမရှိကြကုန်၊ ဋ္ဌေ, ဗိုလ်, ဗောဇ္ဈင်တို့ကို ပွါး၍ နိဗ္ဗာန်ကို အာရုံပြုပြီး နေကြကာ ခန္ဓာငါးပါး ချုပ်သောအခါ နောက်ထပ် ခန္ဓာငါးပါးမဖြစ်ဘဲ လျှပ်စစ်ဓာတ်မီး ခလုပ်ချလျှင် ငြိမ်းသွားသကဲ့သို့ ခန္ဓာနှင့် စပ်သော တဆယ့်တသီးမီးငြိမ်း၍ ပရိနိဗ္ဗာန်စံတော်မူကုန်၏။

ဤသို့...လောကဓံတရား ရှစ်ပါးနှင့်စပ်သည့် နိဗ္ဗာန်အထိ အကျိုးရှိသော တရားဒေသနာတော်ကို ဟောတော်မူလေသတည်း။

(ဝေါဒတ္တထေရ ဝတ္ထု ပြီး၏၊ ထေရဂါထာ၊ ဋ၊ ၂၊ ၂၄၄)

## အထူးသတိပြုမှတ်ဘွယ်

### ကျွဲ နွားခမျာ ပင်ပန်းရှာ

၁။ မောင်တို့မယ်တို့၊ သိစေဘို့၊ ငါတို့ တိုက်တွန်းခြင်း။
၂။ မြေပြင်အလုံး၊ ထွန်လှည်းရုန်း၊ မဆုံးလယ်ယာခင်း။
၃။ လူတို့အကြိုက်၊ လိုတိုင်းလိုက်၊ မောဟိုက် လှန်အမင်း။
၄။ ခိုင်းရာ စေရာ၊ လုပ်ရရှာ၊ ခါခါ ရိုက်နှက်ညှဉ်း။

### သနားမဲ့ငြား မေတ္တာပါး

၁။ ကျွဲ နွားဆိုလျှင်၊ ရိုက်ပုတ်ချင်၊ မျှားပင် ဒေါသပြင်း။
၂။ တောင်သူလယ်သမား၊ ကျွဲနှင့်နွား၊ သနား မဲ့လှိုကင်း။
၃။ ဤနွားခမျာ၊ ဝဋ်ကြွေးပါ၊ ကြင်နာ ဆင်းရဲခြင်း။
၄။ အိုမင်းယိမ်းယိုင်၊ မလှုပ်နိုင်၊ စက်ဒိုင် ချို့လူသွင်း။
၅။ အားအင်ကုန်ပြတ်၊ အိုမင်းလတ်၊ နွားသတ်ရုံတွင်း, ချို့လူသွင်း။
၆။ သူ့လုပ်စပါး၊ သူ့အသား၊ ပျော်ပါးစားခြင်း လူခပင်း။
၇။ သနားညှာတာ၊ လွတ်ကင်းကွာ၊ မိစ္ဆာ ပုံမယှဉ်း။
၈။ ကရုဏာသော၊ မေတ္တာသော၊ ဆိုပြော လူချင်းချင်း။
၉။ အပြောတမျိုး၊ လုပ်တမျိုး၊ ကျင့်ဆိုး ထင်အလင်း။
၁၀။ နွားသတ်ရုံဆွဲ၊ မျက်ရည်ရွဲ၊ ငိုပွဲ ဆင်လှိုညှဉ်း။

၁၁။ ကံကောင်းသောနွား၊ ဝယ်သူများ၊ လွှတ်ထား ဘေးမဲ့ကင်း။
၁၂။ ကံမကောင်းနွား၊ ရိုက်မောင်းသွား၊ မမှား သေရခြင်း။
၁၃။ သိုးနှင့် ဆိတ်,ကြက်၊ ဘဲ,ငါး,ဝက်၊ သူ့သက်သတ်ခြင်း စဉ်းစားမင်း။

တရားဆင်ခြင် သူတော်စင်

၁။ သူများညှဥ်းဆဲ၊ ကိုယ့်မှာလဲ၊ ညဥ်းဆဲ ခံရမင်း။
၂။ မှိုရာကျွဲနွား၊ မွေးမြူထား၊ သနားစိတ်ဖြောင့်စင်း။
၃။ မိဘအသွင်၊ ကျေးဇူးရှင်၊ ဆင်ခြင် နှလုံးသွင်း။
၄။ ရှင်တော်ဗုဒ္ဓရား၊ ဟောမြွက်ထား၊ မှတ်သား လူခပင်း။

## ဗုဒ္ဓမြတ်စွာ၏ အဆိပ်ကင်းဝေး ဆေးတော်ကြီး

* ဗုဒ္ဓဆေးခေါ်၊ ပရိတ်တော်၊ ယုံသော် ဘေးကင်းသည်။
* မြွေဟူသမျှ၊ မကိုက်ကြ၊ ဗုဒ္ဓ ညွှန်းပြသည်။
* ကုဋေစကြာ၊ သိန်းတွင်းပါ၊ အာဏာ ပျံ့နှံ့သည်။
* မေတ္တာမှန်းထုံ၊ ဘေးမျိုးစုံ၊ လုံခြုံ ချမ်းသာသည်။
* မယုံမရှိ၊ ဇာတ်တော်ကြည့်၊ ကျိုးရှိ များလှသည်။

ယခုအခါ ပြည်ထောင်စု အစိုးရနှင့်တကွ တိုင်းသားပြည်သူ, ရဟန်း,ရှင်လူ အားလုံးသောသူတို့သည် ဆပါး, ဆန်, ဆီ, ပဲ, ပြောင်း အသီးအနှံ အစရှိသော စား သုံး ဘွယ် ရာ အရပ်ရပ်တို့အတွက် မြန်မာပြည်တဝှမ်းလုံးရှိ တောင်သူ လယ်သမားများကို အားထားမှီခိုနေထိုင်ကြရကုန်သည်၊ ကျေးဇူးများလှသော ထို တောင်သူလယ်သမား လူအများ၏ ကြီးကျယ်လှသော အသက်အန္တရာယ်ဘေးဆိုးကြီးတရပ်နှင့် မပြတ်နေ့စဉ် ရင်ဆိုင်နေကြရသည်ကား အခြား မဟုတ်ပါ၊ အလွန်ထက်မြက် ပြင်းထန် လျင်မြန်သော အစွယ်၌ အဆိပ်ရှိသော မြွေပွေး, မြွေဟောက် အစရှိသည့် သတ္တဝါတို့၏ အကိုက်ခံရမှုကြောင့် ကျေးရွာများတွင် အသက်ဆုံးရှုံးမှုများ တရွာ၌ မဖြစ်လျှင် တရွာ၌ ဖြစ်ကြရ၏၊ တအိမ်၌ မဖြစ်လျှင် တအိမ်၌ ဖြစ်နေကြရကြောင်းကို မကြာခဏ ကြားသိ နေကြရပေသည်။

ထို့ကြောင့် ...တောင်သူလယ်သမား လူအများတို့အား မိမိတို့ကိုယ်ကို စောင့်ရှောက်ရေး, မိမိတို့လုံခြုံရေး မိမိတို့၏ အကာအကွယ်ဖြစ်ရေးတို့အတွက် ဆေးတော်ကောင်းတလက်ကို လူတိုင်း လူတိုင်း အမြဲဆောင်ထားသင့်ပေသည်။ ထို ဆေးတော်ကောင်းကြီး တလက်ကား အခြား မဟုတ်ပါ--

နတ်တို့ဆေးဝါး, နတ်တို့မန္တယားသည် အလုံးစုံသော ရောဂါတို့ကို ပျောက်ကင်းစေနိုင်သလို ဗုဒ္ဓမြတ်စွာ၏ ရဟန်းတပါး မြွေကိုက်သေမှုကို အကြောင်းပြု၍ ဟောတော်

မူသော မြွေဆိပ်အမျိုးမျိုးနှင့် အခြားဘေးရန်တို့ကိုလည်း ကာကွယ် ပယ်ဖျောက် ချမ်းသာသို့ ရောက်အောင် စောင့်ရှောက်နိုင်သော စကြဝဠာ ကုဋေတသိန်း အကျင်း၌ သတ္တဝါတို့အတွက် မဟာကရုဏာရှေ့ပြေး ပေးတော်မူသော ဆေးတော်ကောင်း အရံအတားဖြစ်သော **ခန္ဓသုတ် ပရိတ်တော်ကို** ဟောတော်မူထားပါသည်။

ထိုပရိတ်တော်မြတ်၏ အစွမ်းသတ္တိ အရှိန်အဝါ တန်ခိုးကြီးပုံမှာ ထိုပရိတ်ပျိုးပါဌ်၌ 'သဗ္ဗတ္ထ'ဟု ဆိုထားသောကြောင့် အချို့သူတို့သည် ''ဘယ်လိုအရပ်က ဘယ်မြွေ အမျိုးအစားကိုက်မိလျှင် ဆေးမမီ''ဟု အဆိုရှိသော်လည်း ထိုသို့ မပျောက်နိုင်သောဒေသ ဟု ချွင်းချက်မရှိပါ။

'သဗ္ဗဒါ'ဟု ဆိုထားသောကြောင့် ''ဘယ်နေ့ ဘယ်အချိန်မှာ ကိုက်လျှင် ကု-မရ၊ ဘယ်အချိန်မှာ ဆေးကုမသွားနှင့်''ဟု မြွေဆရာတို့အဖို့ အချိန်ကန့်သတ်ချက် ရှိသော်လည်း ထိုသို့အချိန်အခါ ကန့်သတ်ဖို့ မလိုပါ၊ ဘယ်အခါ ဘယ်ကာလမှာမဆို ပျောက်ကင်းစေနိုင်သည်။

'သဗ္ဗသော'ဟု ဆိုထားသောကြောင့် လုံးဝ အရှင်း ပျောက်ကင်းစေတတ်သည့် အပြင်-အပ ပယောဂ၊အမှောင့် ပယောဂ ဆိုသောအရာများပင် ပယ်နှင်နိုင်စွမ်းရှိပေသည်။

ဤသုတ်ကား မေတ္တာပွါးများခြင်း၊ ဗုဒ္ဓဂုဏ်တော် ပွါးခြင်းဖြင့် ပြုစီရင်အပ်သော ဗုဒ္ဓမန္တန်တော်ကြီးဖြစ်၏၊ မြွေစသော သတ္တဝါများ ရန်မှ ရှောင်ရှားကြသည့် အပြင်-မြွေကိုက်ခံရသူကို ဤမန္တန်ရွတ်ဖတ် ကုသပေးခြင်းဖြင့် အဆိပ်ကို ပယ်ဖျောက် ပျောက်ကင်းစေနိုင်သည်၊ မြွေဆိပ်ကိုသာမက အခြားဘေးရန် အန္တရာယ်အသွယ်သွယ်ကို စောင့်ရှောက်တတ်၍ လက်တွေ့အကျိုး ခံစားရသူများကား မနည်းလှပေ။

## ဤခန္ဓသုတ် ပရိတ်တော်ကို မြတ်စွာဗုဒ္ဓ ဟောကြားတော်မူရပုံ

မြတ်စွာဗုဒ္ဓ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ထင်းခွဲနေသော ရဟန်းတပါးကို သစ်ဆွေးကြားမှ မြွေတကောင်ထွက်၍ ခြေချောင်း၌ ကိုက်သဖြင့် ထိုနေရာ၌ပင် သေရရှာသည်ကို အကြောင်းပြု၍ ဤခန္ဓသုတ်ပရိတ်တော်ကို ဟောတော်မူသည်။

''ရဟန်းတို့ ထိုရဟန်းသည် ဝိရူပက္ခ အစရှိသော မြွေတို့ကို အာရုံပြု၍ မေတ္တာကို အကယ်၍ ပွါးများငြားအံ့-မြွေသည် ထိုရဟန်းကို မကိုက်ရာ၊ ထိုသို့မေတ္တာ မပို့သောကြောင့် မြွေအကိုက်ခံ၍ သေရ၏၊ ရဟန်းတို့-ယခု ဗုဒ္ဓဖြစ်တော်မူမှသာ မြွေစသော အန္တရာယ်ကို ဤခန္ဓသုတ် ပရိတ်တော်ဖြင့် ငါဗုဒ္ဓ အကာအကွယ် ပေးတော်မူရသည် မဟုတ်သေး၊ ဗုဒ္ဓဖြစ်တော်မမူခင် ရှေးရှေးဘဝကပင် ကာကွယ် စောင့်ရှောက် ပေးခဲ့ရဘူးပြီး''ဟု မိန့်တော်မူ၍ အတိတ်အကြောင်းကို ဟောတော်မူသည်။

မိမိအလောင်းတော် ရသေ့ဘဝဖြစ်စဉ်ကပင် ခန္ဓသုတ် ပရိတ်အရံအတားဖြင့် ကာကွယ်ကြရန် နည်းပေးတော်မူခဲ့ပုံကို အတိတ်ဆောင်တော်မူ၏၊ ဘုရားအလောင်းသည် ရသေ့ရဟန်းပြုကာ ရသေ့များစွာဖြင့် ဟိမဝန္တာ၌ သီတင်းသုံးနေထိုင်တော်မူ၏၊ရသေ့များစွာ မြွေ

ကိုက်ခံရ၍ လျှောက်ထားသောအခါ ထိုရသေ့တို့ မြွေကိုက်ခံရခြင်း သေရခြင်းတို့မှာ မြွေတို့၌ မေတ္တာ မပို့ခြင်းကြောင့် ဖြစ်ကြောင်း အမိန့်ရှိ၍ မေတ္တာပို့ပုံကို နည်းပေးသောအားဖြင့် ဤခန္ဓသုတ်ကိုပင် သင်ပေးခဲ့ရကြောင်း လာရှိပေသည်။

(ဇာတက-ဋ-၂၊ ၁၃၂)

ဥပသေန ပထေရ်။ ။မြင်ရုံမျှနှင့် အဆိပ်တက်စေသော ဒိဋ္ဌိဝိသ မြွေစသည်မှာ လွန်စွာ အဆိပ်ပြင်းလှ၏၊ ထိုထင် ဒိဋ္ဌိဝိသ ဝါတဝိသ တို့၏ အစွမ်းကို မသိရသော်လည်း ဖုဋ္ဌဝိသ ကိုယ်ကို ထိရုံမျှဖြင့် အဆိပ်တက်စေသော မြွေကိုမူ သဠာယတန သံယုတ်အဋ္ဌကထာ၊ ဥပသေန အာသိဝိသသုတ် နှာ-၁၄ ၌ တွေ့ရသည်။

အရှင်သာရိပုတ္တရာ မထေရ်၏ ညီတော် အရှင် ဥပသေန မထေရ်သည် ဂူအတွင်း၌ သက်န်းချုပ်နေစဉ် လှိုဏ်ဂူ အမိုးပေါ်တွင် ကစားနေကြသော မြွေငယ်နှစ်ကောင်မှ တကောင်သည် အရှင်မြတ်၏ ပခုံးပေါ်ကျလာ၏၊ ထိုမြွေက ဖုဋ္ဌဝိသ မြွေမျိုး ဖြစ်ရာ အဆိပ်တွေ ပျံ့ဆင်းလာသည်ကို သိရသော အရှင်မြတ်သည် တန်ခိုးဖြင့် မိမိကိုယ်ခန္ဓာကို လှိုဏ်ဂူအတွင်း မပျက်စီးစေရန် အဓိဋ္ဌာန်ပြုပြီးလျှင် ရဟန်းတို့အား မိမိကိုယ်ကို မပျက်စီးမီ ကုတင်ပေါ် တင်လျက် အပြင်ထုတ်ရန် မိန့်တော်မူ၏၊ ရဟန်းများ အပြင်ထုတ်ခဲ့ရာ အပြင်ရောက်သော် ကုတင်ပေါ်မှာပင် ဖွဲ့ဆုတ်ပမာ ပြန့်ကြဲတော်မူ၍ ပရိနိဗ္ဗာန် စံတော်မူရ၏။ (သံ၊ ၂၊ ၂၆၇ သံ၊ ဋ၊ ၃၊ ၁၄။)

ဤဆိုအပ်ပြီးကား ကျမ်းဂန်များ၌ လာရှိအတိုင်း ဖော်ပြချက်ဖြစ်ပေသည်။

ကိုယ်တွေ့ ဖော်ပြလိုခြင်း။ ။ဤစာရေးသော ဘုန်းကြီးသည် (၁၀) ဝါကျော်ကျော် ရစဉ်အခါက မြစ်သားမြို့နယ်၊ နွားလျာရိုး ကျေးရွာကြီး တရွာတည်း၌ ပိမိသည် တောင်ကျောင်းဘုန်းကြီးဖြစ်၏၊ ရွာအရှေ့ကျောင်းဘုန်းတော်ကြီး ဦးသောဘဏသည် မြွေများ ဝါသနာပါ၏၊ မြွေ၏ဒဏ်ကို ခံနိုင်သောဆေးများ တစုံတရာ ပြောလောက် ဘိုလောက် မရှိပါ၊ ဤခန္ဓသုတ် ပရိတ်ကို နေ့ရော ညဉ့်ပါ အကြိမ်ပေါင်း များစွာ ရွတ်ဆိုသရဇ္ဈာယ်မှုကို အမြဲပြုလျက်ရှိ၏၊ ထိုဘုန်းတော်ကြီး၏ ကျောင်း ဇရပ်၌ မြွေအလမ္ပာယ်ဆရာများ မကြာခဏ တည်းခိုလေ့ရှိကြ၏၊ မိမိအကြိမ်ကြိမ်ရွတ်သော ခန္ဓသုတ် ပရိတ်တော်ကို အကူးအားကိုး အားထားပြုလျက် မြွေဆရာကို ပချုတ်အတွင်းမှ မြွေကို ထုတ်စေပြီးလျှင် ဘုန်းတော်ကြီးသည် မြွေ၏အနီး၌ ဆောင့်ကြောင့်ထိုင်၍ မြွေကို ရန်စ ကစားသကဲ့သို့ လက်ဖျောက်ကို တီးကာ တီးကာပြု၏၊ မြွေသည် စိတ်ဆိုး ပါးပျင်းထလျက် လျှာထုတ်ခါ လျှာထုတ်ခါပြင့် ကိုက်တော့မည် ပြုလိုက်၊ နောက်ဆုတ်လိုက်နှင့် ဖြစ်နေသည်ကို အသဲယားစွာဖြင့် ကိုယ်တိုင်တွေ့ရပါသည်။

ဤမျှ ခန္ဓသုတ်တော်၏ တန်ခိုးတော်မှာ အံ့ဩဘွယ်ကောင်းလောက်အောင် အလွန် ကြီးမားလှပါပေ၏။

ထို့ကြောင့် အထက်အောက် ကျေးရွာ အသီးသီးတို့၌ သီတင်းသုံး နေထိုင်တော်မူကြသော ညီတော် နောင်တော် သီတင်းသုံးဘော် အသီးသီးတို့မှာ မိမိတို့ကျောင်းရှိ ကျား,မ မရွေး ခလေးသူငယ်တို့အား ဤခန္ဓသုတ် ပရိတ်တော်ကို အကျိုးအကြောင်း ဟောပြော၍ ပါဠိအနက်ကို တသက်လုံး မမေ့ပျောက်နိုင်လောက်အောင် သင်ကြားပေးတော်မူကြရန် အထူး သတိပေး တိုက်တွန်းအပ်ပါသည်။

ထို ခလေးသူငယ်တို့သည် အသက်အရွယ်ကြီးလာသောအခါ ဤ သုတ်အနက်ပါဠိကို မိမိတို့၏ လယ်ယာ တောတောင်အရပ်၌ဖြစ်စေ၊ လုပ်ရင်း ကိုင်ရင်းဖြစ်စေ-မေတ္တာ ပွါးများ ပို့သ ရွတ်ဆိုကြပါလျှင် ထိုမြွေ၏ အန္တရာယ်မှ ကင်းလွတ်ကြမည်မှာ ဗုဒ္ဓမြတ်စွာ၌ ယုံကြည် လေးစားသောအားဖြင့် ယုံမှားသံသယ ဖြစ်ဘွယ်မရှိသင့်ပါပေ၊ အရှင်မြတ်များ သိထားပြီးဖြစ်သည့်အတိုင်း အဓိကအားဖြင့် အရေးကြီးသော ကိစ္စတရပ်မှာ ထိုပရိတ်ကို ရွတ်ဆိုသူ, နာကြားသူတို့ အင်္ဂါရပ်များရှိသည်ကို အလွန်သိသင့် သိထိုက်လှပါသည်၊ ထုံးစံအတိုင်း ရပ်ရွာကိစ္စ ရှိသည်တို့၌ သံဃာတော်များက-မိမိတို့အဖို့ မဟုတ်ဘဲ ပရိတ်တရား နာကြားသူ ဒကာ+ဒကာမများ၏ အတွက်သာ ကေန်ဖြစ်ပါ၏၊ အကြောင်းအားလျော်စွာ ဤနေရာ၌ ခန္ဓသုတ် ရွတ်သူ နာကြားသူမှာ မိမိ တဦးတည်းအဖို့သာဖြစ်၍ ရွတ်ဆိုသူ အင်္ဂါသုံးပါး နာကြားသူ အင်္ဂါသုံးပါးတို့ကို သိထားနားလည်အောင် ဆရာသမားက သင်ကြားရွတ်ဆိုစေဘို့ အထူးလိုအပ်ပါသည်။

## ပရိတ်ရွတ်သူ၌ အင်္ဂါ(၃)ပါး

၁။ အနက်သဒ္ဒါကို သုခ်သင်၍ ကောင်းစွာသင်ယူထားခြင်း၊

၂။ ပုဒ် ဗျည်းတို့ကို မယုတ်စေရ ပြည့်စုံအောင် လေ့လာကျက်မှတ်ထားရခြင်း၊

၃။ လာဘ် လာဘကိုမငဲ့ မေတ္တာကိုရှေ့ထား၍ ရွတ်ဆိုရခြင်းတို့တည်း။

(ပါထိကအဋ္ဌကထာ၊ အာဋ္ဌာနာဋိယသုတ်၊ ၁၄၉)

## နာသူ၌ အင်္ဂါ(၃)ပါး

၁။ ပဉ္စာနန္တရိယကံ မရှိခြင်း၊

၂။ နိယတ မိစ္ဆာဒိဋ္ဌိ မရှိခြင်း၊

၃။ ပရိတ် တန်ခိုးကို ယုံကြည်ခြင်းတို့တည်း။ =(မိလိန္ဒပဉှာ၊ ၁၅၅)

ဤနေရာ၌ ရွတ်ဆိုသော ပုဂ္ဂိုလ်အဖို့ ဆိုလိုရင်းမှာ —

၁။ ပါဠိကိုမှန်မှန်ကန်ကန် ရစေရမည်၊

၂။ အက္ခရာစာလုံးများ အကျအပြု မရှိစေရ

၃။ မြွေများအပေါ်၌ အထူးမေတ္တာထား ရွတ်ဆိုရမည်၊

နာကြားသူအဘို့ ဆိုလိုရင်းမှာ—

၁။ ပဠာနန္တရိယကံ မရှိခြင်း-ဆိုသည်မှာ မိဘကို သတ်ခြင်းစသော ကံမျိုးမရှိသူကို ဆိုလိုသည်။

၂။ နိယတ မိစ္ဆာဒိဋ္ဌိမရှိ-ဆိုသည်မှာ သမ္မာဒိဋ္ဌိ အမျိုးကောင်းသား အမျိုးကောင်း သမီးများဖြစ်ကြ၍ မိစ္ဆာဒိဋ္ဌိ အယူ မရှိသူများပင်ဖြစ်၏။

(ဤနှစ်ချက်မှာ နာကြားသူ၌ မရှိကြသဖြင့် အရေးမကြီးပါ)

၃။ ပရိတ်တန်ခိုးကို ယုံကြည်ခြင်းအရ အရေးအကြီးဆုံး အချက်ဖြစ်သည်၊ ဤ ပရိတ်၏ တန်ခိုးအကျိုးကို လေးလေးနက်နက် သက်ဝင်ယုံကြည်မှုရှိပြီး ရွတ်ဆို မှသာ အကျိုးခံစားရပေမည်၊တကယ်မယုံကြည်လျှင် အကျိုးရှိမည်မဟုတ်ချေ။

(မိလိန္ဒ၊ ပါ၊ ၁၅၅)

ခုနစ်ရက်သာ အသက်ရှည်ရမည့် အာယုဝဍ္ဍနသူငယ်သည်သားမှာ သံဃာတော်များ၏ ပရိတ်တရားကို နာကြားရခြင်း, မြတ်စွာဗုဒ္ဓ ကိုယ်တော်တိုင် ရွတ်သော ပရိတ်တရားကို နာကြားရခြင်းကြောင့် အသက် တရာ့နှစ်ဆယ်(၁၂၀)ရှည်ကြောင်း ဓမ္မပဒ၊ ဋ္ဌ၊ ပ-တွဲ၊ နှာ-၄၂၃-၄၃၁ ပြဆိုထား၏။

* သဒ္ဒါအနက်၊ မှန်လျက်ရှိစေ၊ ကြေအောင်လေ့လာ၊ မေတ္တာရှေ့ထား၊ ရွတ် သူများ၊ကျိုးများ ပရိတ်မြတ်၊

* ပဠာနန္တရိ၊ နိယတဒိဋ္ဌိ၊ ပရိတ်မယုံ၊ နာသူကြုံ၊ ကျိုးဂုဏ် မရတတ်၊

(သပြေကုံ-ပရိတ်ကြီး နိဿယ)

## ခန္ဓသုတ် ပရိတ်ကြီး ပါဠိတော်[၁]

(၁) သဗ္ဗာသီဝိသဇာတီနံ၊ ဒိဗ္ဗမန္တာဂဒံ ဝိယ။
ယံ နာသေတိ ဝိသံ ဃောရံ၊ သေသဉ္စာပိ ပရိဿယံ။

(၂) အာဏာက္ခေတ္တမှိ သဗ္ဗတ္ထ၊ သဗ္ဗဒါ သဗ္ဗပါဏိနံ။
သဗ္ဗသောပိ နိဝါရေတိ၊ ပရိတ္တံ တံ ဘဏာမ ဟေ။

(၃) ဝိရူပက္ခေဟိ မေ မေတ္တံ၊ မေတ္တံ ဧရာပထေဟိ မေ။
ဆဗျာပုတ္တေဟိ မေ မေတ္တံ၊ မေတ္တံ ကဏှာဂေါတမကေဟိ စ။

---

၁။ အံ၊ ၁၊ ၃၀၄။ ဇာ၊ ၁၊ ၅၃။ ဇာ၊ ဋ္ဌ၊ ၂၊ ၁၃၂။

(၄) အပါဒကေဟိ မေ မေတ္တံ၊ မေတ္တံ ဒွိပါဒကေဟိ မေ။
စတုပ္ပဒေဟိ မေ မေတ္တံ၊ မေတ္တံ ဗဟုပ္ပဒေဟိ မေ။

(၅) မာ မံ အပါဒကော ဟိံသိ၊ မာ မံ ဟိံသိ ဒွိပါဒကော။
မာ မံ စတုပ္ပဒေါ ဟိံသိ၊ မာ မံ ဟိံသိ ဗဟုပ္ပဒေါ။

(၆) သဗ္ဗေ သတ္တာ သဗ္ဗေ ပါဏာ၊ သဗ္ဗေ ဘူတာ စ ကေဝလာ။
သဗ္ဗေ ဘဒြာနိ ပဿန္တု၊ မာ ကိဉ္စိ ပါပမာဂမာ။

(၇) အပ္ပမာဏော ဗုဒ္ဓေါ၊ အပ္ပမာဏော ဓမ္မော။
အပ္ပမာဏော သံဃော၊ ပမာဏဝန္တာနိ သရီသပါနိ။
အဟိ ဝိစ္ဆိကာ သတပဒီ၊ ဥဏ္ဏနာဘီ သရဗူ မူသိကာ။

(၈) ကတာ မေ ရက္ခာ, ကတံ မေ ပရိတ္တံ၊ ပဋိက္ကမန္တု ဘူတာနိ။
သောဟံ နမော ဘဂဝတော၊ နမော သတ္တန္နံ သမ္မာသမ္ဗုဒ္ဓါနံ။

ခန္ဓသုတ်ပရိတ်ကြီး ပါဠိတော် ပြီး၏။

## ခန္ဓသုတ် ပရိတ်ကြီး ပါဠိတော် အနက်နှင့်စကားပြေ

(၁-၂) ဟော၊ အို...သူတော်ကောင်းတို့။ ဒိဗ္ဗမန္တာဂဒံ၊ နတ်မန္တန် နတ်ဆေးဝါးသည်။ သဗ္ဗာသိဝိသဇာတီနံ၊ သင့်သော အဆိပ်ရှိသော မြွေမျိုးမှန်သမျှတို့၏။ ဃောရံ၊ ပြင်းထန်လှစွာသော။ ဝိသံ၊ အဆိပ်ကို။ နာသေတိ ဝိယ၊ အရှင်းပျောက်ပြေ ပျက်စီးစေတတ်သကဲ့သို့။ တထာ၊ ထို့အတူ။ ယံ ပရိတ္တံ၊ အကြင်ခန္ဓသုတ် ပရိတ်တော်သည်။ သဗ္ဗတ္ထ၊ အလုံးစုံသော။ အာဏာက္ခေတ္တမှိ၊ အာဏာခေတ် အတွင်း၌။ သဗ္ဗပါဏီနံ၊ အလုံးစုံသော သတ္တဝါတို့၏။ ဃောရံ၊ ပြင်းထန်လှစွာသော။ ဝိသံ စ၊ အဆိပ်ကိုရင်း။ သေသံ၊ အဆိပ်မှကြွင်းသော။ ပရိဿယဥ္စာပိ၊ ဘေးရန်အမျိုးမျိုးကိုရင်း။ သဗ္ဗဒါ၊ အခါခပ်သိမ်း။ သဗ္ဗသော ပိ၊ အကြွင်းမထင် အကုန်ပင်။ နိဝါရေတိ၊ မြစ်တား ဖယ်ရှားနိုင်ပေ၏။ တံပရိတ္တံ၊ ထို ခန္ဓသုတ် ပရိတ်တော်ကို။ မယံ၊ ငါတို့သည်။ ဘဏာမ၊ ရွတ်ကြကုန်စို့။

**စကားပြေ။** ။အိုသူတော်ကောင်းတို့-နတ်မန္တန် နတ်ဆေးဝါးသည် လျင်သော အဆိပ်ရှိသော မြွေမျိုး မှန်သမျှတို့၏ ပြင်းထန်သော အဆိပ်ကို ဖျက်ဆီးတတ်သကဲ့သို့ ခန္ဓသုတ် ပရိတ်တော်သည် အာဏာခေတ် တခွင်လုံး၌ သတ္တဝါအလုံးစုံတို့၏ ပြင်းထန်သော အဆိပ်ကိုရင်း၊ ကြွင်းဘေးရန် အမျိုးမျိုးကိုရင်း၊ ဘယ်ခါမဆို လုံးဝကုန်စင်အောင်ပင် မြစ်တား ဖယ်ရှားနိုင်ပါပေသည်၊ ထိုခန္ဓသုတ် ပရိတ်တော်ကို ငါတို့ ရွတ်ဆိုကြကုန်စို့။

(ပရိတ်ပျိုး အမွှန်းတည်း)

(၃) ဝိရူပက္ခေဟိ၊ ဝိရူပက္ခ နဂါးမျိုးတို့နှင့်။ သဒ္ဓိံ၊ အတူတကွ။ မေ၊ ငါ၏။ မေတ္တံ၊ မိတ်ဆွေဖြစ်ကြောင်း ကောင်းသော ချစ်မေတ္တာသည်။ ဟောတု၊ ဖြစ်ပါစေသတည်း။ ဧရာပထေဟိ၊ ဧရာပထ နဂါးတို့နှင့်။ သဒ္ဓိံ၊ အတူတကွ။ မေ၊ ငါ၏။ မေတ္တံ၊ မိတ်ဆွေဖြစ်ကြောင်း ကောင်းသော ချစ်မေတ္တာသည်။ ဟောတု၊ ဖြစ်ပါစေသတည်း။ ဆဗျာပုတ္တေဟိ၊ ဆဗျာပုတ္တ နဂါးမျိုးတို့နှင့်။ သဒ္ဓိံ၊ အတူတကွ။ မေတ္တံ၊ မိတ်ဆွေဖြစ်ကြောင်း ကောင်းသော ချစ်မေတ္တာသည်။ ဟောတု၊ ဖြစ်ပါစေသတည်း။ ကဏှာဂေါတမကေဟိ စ၊ ကဏှာဂေါတမက နဂါးမျိုးတို့နှင့်လည်း။ သဒ္ဓိံ၊ အတူတကွ။ မေ၊ ငါ၏။ မေတ္တံ၊ မိတ်ဆွေဖြစ်ကြောင်း ကောင်းသော ချစ်မေတ္တာသည်။ ဟောတု၊ ဖြစ်ပါစေသတည်း။

**စကားပြေ။** ။ဝိရူပက္ခ နဂါးမျိုးတို့နှင့် ငါ၏မိတ်ဆွေအဖြစ် ချစ်မေတ္တာဖြစ်ပါစေ၊ ဧရာပထ နဂါးမျိုးတို့နှင့်လည်း ငါ၏ မိတ်ဆွေအဖြစ် ချစ်မေတ္တာဖြစ်ပါစေ၊ ဆဗျာပုတ္တ နဂါးမျိုးတို့နှင့်လည်း ငါ၏ မိတ်ဆွေအဖြစ် ချစ်မေတ္တာဖြစ်ပါစေ၊ ကဏှာဂေါတမက နဂါးမျိုးတို့နှင့်လည်း ငါ၏မိတ်ဆွေအဖြစ် ချစ်မေတ္တာဖြစ်ပါစေ။

ဤကား ဗုဒ္ဓဟောတော်မူသည့်အတိုင်း မြွေတို့အပေါ်၌ ချစ်မေတ္တာ ပို့သ ပွါးများပုံတည်း။

ဤသို့ ယခုအခါ ကာလ၌ မေတ္တာပွါးမှုကို လုံးဝသတိမပြုကြဘဲ လူအများတို့က မြွေပွေး မြွေဟောက်စသည်တို့ကို တွေ့လျှင် "ရိုက်လိုက်မည် သေအောင် သတ်လိုက်မည် ခုတ်ဖြတ်လိုက်မည်"ဟု ဒေါသရှေ့ထားသော စိတ်ထားမျိုးကို အမြဲနှလုံးသွင်းကြပေသည်၊ မြွေစသော သတ္တဝါတို့ကလည်း ပကတိပင်ကိုယ် သဘောအားဖြင့် အလွန်ဒေါသကြီးသော သတ္တဝါမျိုးဖြစ်ပေသည်။

အဋ္ဌကထာ ဋီကာတို့၌ ဒေါသကို ဥပမာပြကြသောအခါ-ထို လျင်သော အဆိပ်ရှိသော မြွေနှင့် ဥပမာပြဆိုကြပါသည်၊ ထို့ကြောင့် မြွေကို လုပ်ရင်း ကိုင်ရင်း မမြင်သဖြင့် ထိလိုက်မိက ဒေါသရှေ့ထားသော မြွေက ကိုက်လိုက်သဖြင့် ခံရသူများ အသက်ဆုံးရှုံးမှုသာများလှပေ၏၊ လူက မြွေကို အရင်တွေ့လျှင်လည်း ပြဆိုခဲ့ပြီးသည့်အတိုင်း ဦးစွာအသက်ဆုံးအောင် သက်ဖြတ်လေ့ရှိ၏၊ ဤသို့ မြွေနှင့် လူတို့မှာ ဒေါသရှေ့ထားခြင်း တူညီနေသော ရန်သူချင်းဖြစ်သဖြင့် ထိခိုက်မိက အဘယ်မှာလျှင် သက်သာမှု သက်သာခွင့်ကို ရရှိနိုင်ကြပါတော့အံ့နည်း။

ထို့ကြောင့် ဗုဒ္ဓမြတ်စွာ သင်ပေး နည်းညွှန်ပြတော်မူသောအတိုင်း ယုံကြည် လေးစားသော စိတ်ထားဖြင့် မြွေများအပေါ်၌ မေတ္တာတရားကို ပွါးများနိုင်ကြပါစေ-ဟု အထူး ပတ္ထာနာမှု ပြု၍ တိုက်တွန်းလိုက်ရပါသတည်း။

**မှတ်ချက်။** ။ရှမ်းပြည်နယ်များ၌ ထို မြွေဆိုးများ မရှိသည့်အပြင် ယောနယ်အရပ်များ၌ ကား ထိုမြွေဆိုးများရှိသော်လည်း ထိုမြွေဆိုးတို့၏ ကိုက်မှုကြောင့် သေသူ မရှိ၊ မြွေစိမ်းခေါင်းဝိုင်းကိုက်လျှင် ဆယ်ရက်လောက် ရောင်ရမ်းမျှသာ ခံရ သည်ဟု ကြားသိရ၏၊ ထိုအရပ် တောင်သူလယ်သမားအဖို့ ကံကောင်းကြ၏။

(၄) အပါဒကေဟိ၊ အခြေမရှိသော သတ္တဝါတို့နှင့်။ မေ၊ ငါ၏။ မေတ္တံ၊ မိတ်ဆွေ ဖြစ်ကြောင်း ကောင်းသော ချစ်မေတ္တာသည်။ ဟောတု၊ ဖြစ်ပါစေသတည်း။ ဒွိပါဒကေဟိ၊ အခြေနှစ်ချောင်းရှိသော သတ္တဝါတို့နှင့်။ မေ၊ ငါ၏။ မေတ္တံ၊ မိတ်ဆွေဖြစ်ကြောင်း ကောင်း သော ချစ်မေတ္တာသည်။ ဟောတု၊ ဖြစ်ပါစေသတည်း။ စတုပ္ပဒေဟိ၊ အခြေလေးချောင်း ရှိသော သတ္တဝါတို့နှင့်။ မေ၊ ငါ၏။ မေတ္တံ၊ မိတ်ဆွေဖြစ်ကြောင်း ကောင်းသော ချစ်မေတ္တာ သည်။ ဟောတု၊ ဖြစ်ပါစေသတည်း။ ဗဟုပ္ပဒေဟိ၊ များသော အခြေရှိသော သတ္တဝါတို့နှင့်။ မေ၊ ငါ၏။ မေတ္တံ၊ မိတ်ဆွေဖြစ်ကြောင်း ကောင်းသော ချစ်မေတ္တာသည်။ ဟောတု၊ ဖြစ်ပါ စေသတည်း။

**စကားပြေ။** ။အခြေမရှိသော သတ္တဝါတို့နှင့် ငါ၏ မိတ်ဆွေအဖြစ် ချစ်မေတ္တာ ဖြစ်ပါစေ၊ အခြေနှစ်ချောင်းရှိသော သတ္တဝါတို့နှင့်လည်း ငါ၏ မိတ်ဆွေအဖြစ် ချစ်မေတ္တာ ဖြစ်ပါစေ၊ အခြေလေးချောင်းရှိသော သတ္တဝါတို့နှင့်လည်း ငါ၏ မိတ်ဆွေအဖြစ် ချစ်မေတ္တာ ဖြစ်ပါစေ၊ အခြေများစွာရှိသော သတ္တဝါတို့နှင့်လည်း ငါ၏ မိတ်ဆွေအဖြစ် ချစ်မေတ္တာ ဖြစ်ပါစေ။

(၅) အပါဒကော၊ အခြေမရှိသော သတ္တဝါမျိုးသည်။ မံ၊ ငါ့ကို၊ မာ ဟိံသိ၊ မညှဉ်းဆဲပါစေလင့်။ ဒွိပါဒကော၊ အခြေနှစ်ချောင်းရှိသော သတ္တဝါမျိုးသည်။ မံ၊ ငါ့ကို။ မာ ဟိံသိ၊ မညှဉ်းဆဲပါစေလင့်။ စတုပ္ပဒေါ၊ အခြေလေးချောင်းရှိသော သတ္တဝါမျိုးသည်။ မံ၊ ငါ့ကို။ မာ ဟိံသိ၊ မညှဉ်းဆဲပါစေလင့်။ ဗဟုပ္ပဒေါ၊ များသောအခြေရှိသော သတ္တဝါ မျိုးသည်။ မံ၊ ငါ့ကို။ မာ ဟိံသိ၊ မညှဉ်းဆဲပါစေလင့်။

**စကားပြေ။** ။အခြေမရှိသော သတ္တဝါမျိုးသည် ငါ့ကို မညှဉ်းဆဲပါစေလင့်၊ အခြေ နှစ်ချောင်းရှိသော သတ္တဝါမျိုးလည်း ငါ့ကို မညှဉ်းဆဲပါ စေလင့်၊ အခြေလေးချောင်းရှိသော သတ္တဝါမျိုးလည်း ငါ့ကို မညှဉ်း ဆဲပါစေလင့်၊ အခြေများစွာရှိသော သတ္တဝါမျိုးသည်လည်း ငါ့ကို မညှဉ်းဆဲပါစေလင့်။

(၆) သဗ္ဗေ၊ အလုံးစုံကုန်သော။ သတ္တာ၊ ငါးခန္ဓာဝယ် တွယ်တာတတ်စွာ သတ္တဝါ တို့သည်၎င်း။ သဗ္ဗေ၊ အလုံးစုံကုန်သော။ ပါဏာ၊ အသက်ရှုတတ်သော သတ္တဝါတို့သည်

ၡင်း။ ကေဝလာ၊ အကြွင်းမရှိကုန်သော။ သဗ္ဗေ၊ အလုံးစုံကုန်သော။ ဘူတာ၊ ဖြစ်လာပေါ်လာ သတ္တဝါတို့သည်ၡင်း။ သဗ္ဗေ၊ သတ္တဝါအကုန် အလုံးစုံတို့သည်။ ဘဒြာနိ၊ ကောင်းမြတ်သော အာရုံတို့ကို။ ပဿန္တု၊ တွေ့ကြုံကြရ ပါစေကုန်သတည်း။ ကိဉ္စိ၊ ဘယ်သူတဦးတယောက်သို့သော်မျှ။ ပါပံ၊ ဆင်းရဲဒုက္ခသည်။ မာ ့အဂမာ၊ မကျမလာ မရောက်ပါစေလင့်။

**စကားပြေ။** ။သတ္တဝါမှန်သမျှ ကောင်းမြတ်သောအာရုံတို့ကို ကြုံတွေ့ကြပါစေ၊ မည်သူ တဦး တယောက်သို့မျှ ဆင်းရဲဒုက္ခ မကျမလာ မရောက်ပါစေလင့်။

(၇) ဗုဒ္ဓေါ၊ မြတ်စွာဗုဒ္ဓသည်။အပ္ပမာဏော၊ ဂုဏ်တော်အားဖြင့် ချင့်ချိန်း တိုင်းတာမရ ပမာဏ မရှိပါပေ။ ဓမ္မော၊ လောကုတ္တရာတရား ကိုးပါးသည်။ အပ္ပမာဏော၊ ဂုဏ်အရဖြင့် ဤမျှသာပြ တိုင်းတာမရ၍ ပမာဏ မရှိပါပေ။ သံဃော၊ အရိယာသံဃာတော်သည်။အပ္ပမာဏော၊လောကုတ္တရာတရားကိုးပါးစုံညီ ဂုဏ်ရည်မရ တိုင်းတာမရ၍ ပမာဏ မရှိပါပေ။ အဟိ၊ မြွေၡင်း။ ဝိစ္ဆိကာ၊ ကင်းမြီးကောက်ၡင်း။ သတပဒီ၊ ကင်းခြေများၡင်း။ ဥဏ္ဏနာဘိ၊ ပင့်ကူၡင်း။ သရဗူ၊ အိမ်မြှောင်ၡင်း။ မူသိကာ၊ ကြွက်ၡင်း။ (ဣတိ-ဣမာနိ) သရီသပါနိ၊ ရင်ဖြင့်တွား၍ သွားတတ်သော ဤသတ္တဝါတို့ကား။ ပမာဏဝန္တာနိ၊ ကိလေသာဟု တိုင်းတာဘွယ်ရာ ပမာဏရှိကြပေကုန်၏။

**စကားပြေ။** ။မြတ်စွာဗုဒ္ဓသည် ဂုဏ်တော်အားဖြင့် အတိုင်းအရှည် ပမာဏ မရှိ၊ လောကုတ္တရာ တရားတော်သည်လည်း ဂုဏ်တော်အားဖြင့် တိုင်းတာမရ ပမာဏ မရှိ၊ အရိယာ သံဃာတော်သည်လည်း လောကုတ္တရာ တရားအရ ပမာဏ မရှိ၊ မြွေ့ကင်းမြီးကောက့်ကင်းခြေများ့ပင့်ကူ့ အိမ် မြှောင့် ကြွက် - ဟူသော ရင် ဖြင့် တွား ၍ သွား တတ် သော သတ္တဝါများကား တိုင်းတာ ကန့်သတ်မှု ပြုတ်ပယ်သော ကိလေသာ ရှိသူများဖြစ်၍ ပမာဏ ရှိသူများပေတည်း။

**ဘာဆိုလိုသနည်း။** ။မြွေစသော သတ္တဝါများကား ပမာဏပြုသော ကိလေသာများ ရှိသောကြောင့် 'ပမာဏဝန္တာနိ' အတိုင်းအရှည် ပမာဏရှိကြသည်ဟု ဆိုသည်၊ ဤ၌ 'ဗုဒ္ဓ့တရား့သံဃာသည် ပမာဏ မရှိ မြွေစသော သတ္တဝါများ ပမာဏ ရှိကြ၏' ဟူသော စကားဖြင့် ဘာဆိုလိုပါသနည်း? ဗုဒ္ဓ့တရား့သံဃာ၏ ဂုဏ်တော်တန်ခိုးတော်ကား အလွန်ကြီးမား၏ ဤ သတ္တဝါများကား အညံ့စား သတ္တဝါလေးများသာ၊ 'အပ္ပမာဏော' စသည်ဖြင့် ဗုဒ္ဓ့တရား့သံဃာ ဂုဏ်တော်များကို အောက်မေ့သဖြင့် ယင်း ရတနာသုံးပါး၏ အာနုဘော်အရ ထိုသတ္တဝါများ ဘာမျှမလုပ်နိုင်၊ ယင်း သတ္တဝါများမှ အကာ အကွယ်ရတော့သည်-ဟု ဆိုလိုသည်၊ ထို့ကြောင့်ပင် ရှေ့ဆက်ကာ 'ကတာ မေ

ရက္ခာ' ငါ အကာအကွယ် အစောင့်အရှောက်ပြုပြီးပြီ၊ 'ကတံ မေ ပရိတ္တံ' ငါ အရံအတား ပြုပြီးပြီ-ဟု ဟောတော်မူခဲ့၏။ .

(၈) မေ၊ ငါသည်။ ရက္ခာ၊ အကာအကွယ် အစောင့်အရှောက်ကို။ ကတာ၊ ပြုအပ်ပြီးလေပြီ။ မေ၊ ငါသည်။ ပရိတ္တံ၊ အရံအတားကို။ ကတံ၊ ပြုခဲ့ပြီးလေပြီ။ ဘူတာနိ၊ အန္တရာယ်ပြုတတ်သော သတ္တဝါတို့သည်။ပဋိက္ကမန္တု၊ ဖဲခွါရှောင်ရှားကြကုန်လော။သောဟံ၊ ထိုငါသည်။ ဘဂဝတော၊ ပရိနိဗ္ဗာန်ဝင်စံခဲ့ကြ ရှေးပဒုမ္မုတ္တရာမှ မှန်သမျှအား။ နမော၊ ရှိခိုးခြင်းကို။ (ကရောမိ၊ ပြုလုပ်ပါ၏) သတ္တန္နံ၊ ခုနှစ်ဆူကုန်သော။ သမ္မာသမ္ဗုဒ္ဓါနံ၊ ဝိပဿီ အစရှိသော ဗုဒ္ဓရှင်တို့အား။ နမော၊ ရှိခိုးခြင်းကို။ (ကရောမိ၊ ပြုလုပ်ပါ၏။)

**စကားပြေ။** ။ငါသည် အကာအကွယ် အစောင့်အရှောက်ကို ပြုပြီးခဲ့ပြီ၊ သတ္တဝါများ ရှောင်ရှားကြကုန်လော၊ ထိုငါသည် ပနိရိဗ္ဗာန်ဝင်စံတော်မူပြီးသော ရှေးရှေးဗုဒ္ဓရှင် မှန်သမျှအား ရှိခိုးပါ၏၊ ဝိပဿီ အစရှိသော ခုနစ်ဆူသော ဗုဒ္ဓရှင်တို့အား ရှိခိုးပါ၏။

**အကာအကွယ်ထပ်ပြုခြင်း။** ။'အပ္ပမာဏော' စသည်ဖြင့် အကာအကွယ် အရံအတားပြုခဲ့ပြီးနောက် ထိုအကာအကွယ်အရ သတ္တဝါများ ရှောင်ရှားရန် နှင်ပြီးလျှင် ပမာဏ မင်္ဂလာ အကာအကွယ်တရပ်ကို ထပ်မံပြုလုပ်ရန် ညွှန်ပြရန် ပြုလုပ်တော်မူခြင်းငှာ 'ကတာ မေ ရက္ခာ' စသည် မိန့်တော်မူသည်။

**ခိုင်မြဲရန်။** ။အကာအကွယ်ပြုပြီးဖြစ်၍ ''သင်တို့ရှောင်ကြ''ဟု ဆိုပြီးနောက် 'သော ဟံ နမော ဘဂဝတော' စသည်ဆိုရပြန်သည်မှာ''မြဲရာ သံပတ်,ကြပ်ရာသပ်ပင်း'' ဆိုသကဲ့သို့ အကာအကွယ် မြဲမြံ ခိုင်ခန့်သည်ထက် ခိုင်ခန့်ရန် ထပ်မံ၍ ပမာဏ မင်္ဂလာဖြင့် နိဂုံးချုပ် ကာကွယ်မှု ပြုခြင်းဖြစ်သည်။

# မေတ္တာတရားပွါးများသင့်လှပုံ

၁။ မေတ္တာတရား၊ ပွါးလိုငြား၊ မှတ်သား လေ့လာပါ။

၂။ အကျိုးတရား၊ အလွန်များ၊ မိန့်ကြား ကျမ်းဂန်လာ။

၃။ ဗုဒ္ဓမြတ်စွာ၊ သာသနာ၊ ကြုံလာ ခိုက်အခါ။

၄။ ထူးမြတ်စွာလှ၊ လူ့ဘဝ၊ ရကြ နေဆဲပါ။

၅။ အခွင့်သာဆဲ၊ နင်မခဲ၊ အလွဲ နင့်ပြင် မရှိပါ။

၆။ အခွင့်သာတုံး၊ နင်မရုန်း၊ အရှုံး နင့်ပြင် မရှိပါ။

၇။ အခွင့်သာခိုက်၊ နင်မလိုက်၊ အမိုက် နင့်ပြင် မရှိပါ။

၈။ ဘုတော်တို့ထုံး၊ မကျင့်သုံး၊ လုံးလုံး နစ်နာမှာ။

## မေတ္တာပွါးရေး အားပေးလှုံ့ဆော်ချက်

ဤစကားများအရ မေတ္တာတရားကို အထူးလေးစားစွာဖြင့် သူသူငါငါ ပို့သပွါးများ အားထုတ်သင့် အားထုတ်ထိုက်လှပါသည်၊ မေတ္တာဆိုသည်မှာ စကြဝဠာအနန္တ မှိုရှိသမျှ သတ္တဝါ အနန္တတို့၏ အကျိုးစီးပွါး အပွန်လိုလားသော စိတ်ထားဖြင့် ပွါးများ ပို့သမှုကို ပြုနေသော အဒေါသ ပြဋ္ဌာန်းသော ကုသိုလ် စိတ္တုပ္ပါဒ်ဖြစ်သတည်း၊ မေတ္တာပို့သနေခိုက် ထိုသူ၏ သန္တာန်၌ အဖန်ဖန်အထပ်ထပ် ကုသိုလ်တရားမြတ်တွေ မြစ်ရေအယဉ်ကဲ့သို့ ဖြစ်၍နေပေသည်၊ ထိုမေတ္တာတရားကို ယခုလို ကြုံခဲလှစွာ ဗုဒ္ဓမြတ်စွာနှင့်(ဝါ)ဗုဒ္ဓမြတ်စွာ၏ ကြုံခဲလှစွာ သာသနာနှင့် ကြုံလာသည့်အခါ အရာဌာန အားလျော်စွာ နတ်ဗြဟ္မာတို့ထက်ပင် မြင့်မြတ်လှစွာသော လူ့ဘဝကိုလည်း ကံကောင်းထောက်မသဖြင့် ရရှိနေကြသည်ဖြစ်ရာ ဤမေတ္တာဘာဝနာကို သူသူ ငါငါ လွန်စွာအားထုတ်သင့်ပုံကို သာဓက လေးရပ်ဖြင့် တိုတို တုတ်တုတ် ထုတ်ပြလိုပါသည်။

## မေတ္တာတန်ခိုး ကြီးမားပုံ

၁။ **မေတ္တသုတ်ဒေသနာ၊ ရဟန်းငါးရာ ဝတ္ထု။** ။အခါတပါး မြတ်စွာဗုဒ္ဓ၏ ထံတော်ပါးမှ ကမ္မဋ္ဌာန်းတရားကို ယူကြပြီးသော် ရဟန်းတော် ငါးရာတို့သည် ဟိမဝန္တာနှင့် တစပ်တည်း တည်နေသော တောအုပ်အတွင်းသို့ ဝင်ကြပြီးလျှင် သစ်ပင်ရင်းများ၌ နေထိုင်၍ တရားအားထုတ်ကြရာ ထိုရဟန်းတို့၏ သီလတန်ခိုးကြောင့် သစ်ပင်ပေါ်ရှိ နတ်များမှာ ပနေဝံ့ကြဘဲ ကလေးများကို လက်ဆွဲကာ ဟိုပြေး ဒီပြေးနေကြရ၏၊ တနေ့ ပြန်နိုးနိုးဖြင့် မျှော်လင့်နေသော်လည်း အရှင်များ မပြန်ကြဘဲ ဝါကပ်မည်ကိုသိကြ၍ ဤအရပ်ဌာန၌ မနေဝံ့အောင် ညဥ့်အခါ ကြောက်မက်ဘွယ်

အဆင်းအသံများပြကာ ခြောက်လှန့်ကြတော့သည်၊ မခံမရပ်နိုင်အောင် အလွန်ဆိုးဝါးလှသော အနံ့တွေကိုလည်း တလှိုင်လှိုင် လွှတ်ကြသည်၊ ထိုအကြောင်းများကြောင့် ရဟန်းများ ထိန့်လန့်ကြကာ ရောဂါအမျိုးမျိုးရရှိပြီး သမာဓိလည်း မရ ဖြစ်ကြရာ မိမိတို့ ဤအရပ်မှာ မနေသင့်ဟု ဆုံးဖြတ်ပြီးလျှင် ဗုဒ္ဓရှင်ထံပြန်၍ အကျိုးအကြောင်း လျှောက်ထားကြ၏၊ ထိုအခါ မြတ်စွာဗုဒ္ဓက ဤမေတ္တသုတ်ကို ကမ္မဋ္ဌာန်းအလို့ငှာရင်း, အရံအတား လက်နက်ကောင်း အနေအားဖြင့်ရင်း သင်ကြားပေးတော်မူလိုက်သည်။ ရဟန်းတော်များ အရန့်တက် ဆောင်ရွက်ကြကာ မေတ္တာဘာဝနာကို စီးဖြန်းပွါးများလျက် ထိုအရပ်သို့ပင် ပြန်ကြွတော်မူကြရာ၌ နတ်အများတို့က ချစ်ခင် မြတ်နိုးစွာဖြင့် ခရီးဦးကြိုဆို၍ ဝတ်ကြီး ဝတ်ငယ် အသွယ်သွယ်တို့ကိုပါ ပြုစုစောင့်ရှောက်ကြကုန်၏၊ ထိုရဟန်းတော်များလည်း ပွါးများကြသော မေတ္တာဘာဝနာကို အခြေခံကာ ဝိပဿနာ အလုပ်ကို အားထုတ်ကြရာ ရဟန္တာအဖြစ်သို့ အားလုံးရောက်တော်မူကြကုန်၏၊ ဤသို့ မေတ္တာတန်ခိုး အကျိုးကြီးမားလှပုံကို သတိပြုစေလိုပါသည်[၁]။

၂။ **သာမာဝတီဝတ္ထု။** ။ကောသမ္ဗီပြည် ဥတေနမင်းကြီး၌ အပြံအရံ မောင်းမ ငါးရာစီရှိသော **သာမာဝတီ** မိဖုရား, **မာဂဏ္ဍီ**, **ဝါသုလဒတ္တာ** မိဖုရား-ဟု မိဖုရားကြီး သုံးဦးရှိသည့်အနက် မာဂဏ္ဍီ မိဖုရားကား ဗုဒ္ဓရှင် အပေါ်၌ ငယ်ရွယ်စဉ်ကပင် ရန်ညိုးထားခဲ့ဘူးရာ ဗုဒ္ဓကို ကြည်ညိုကြသော သာမာဝတီ အမှူးရှိသော မိဖုရားငါးရာတို့ အပေါ်၌လည်း ပျက်စီးကြောင်း မကောင်း ကြံစည်ခဲ့လေသည်၊ မာဂဏ္ဍီက သာမာဝတီတို့ တစုသည် တခြားယောကျ်ားကို လိုလားတောင့်တနေကြောင်း, မင်းကြီးကို ပကြာပီသတ်ကြ လိမ့်မည်ဖြစ်ကြောင်း ကုန်းချောစကား သုံးကြိမ်တိုင် ပြောကြားသော်လည်း မင်းကြီးက မယုံ၊ ထို့နောက် မာယာဉာဏ်ဖြင့် လုပ်ကြံ ယှဉ့်စား သက်သေခံ အဟောက်ထားတွေပြ၍ ပြောကြားသော်လည်း မင်းကြီးက သာမာဝတီတို့အပေါ် မည်သို့မျှအရေးမယူ၊ ထို့နောက် နက်ဖြန် သဘက် သာမာဝတီတို့အဆောင် မင်းကြီးသွားမည်ကို သိသော မာဂဏ္ဍီက သူ့ ဘကွေးထံ ဆေးဖြင့် အဆိပ်သုတ်သင်ပြီး အစွယ်ရှိသော မြွေဟောက်ပွေးကောင်ပို့လိုက်ဘို့ မှာကြားခဲ့ရာ ရောက်လာသောအခါ မင်းကြီးသွားလေရာ အမြဲယူဆောင်လေ့ရှိသော စောင်းပေါက်အတွင်း မြွေကို သွင်းလျက် ပန်းစီးဖြင့် အပေါက်ကို ဆို့ပိတ်ထားတော့သည်၊ ထို့နောက် မာဂဏ္ဍီက "ကျွန်တော်မမှာ အလွန်ဆိုးဝါးသော အိပ်မက်ကြီးများ မြင်မက်ထားသည့်အတွက် အရှင်မင်းမြတ် သာမာဝတီတို့ နန်းဆောင်သို့ မသွားပါနှင့်"ဟု သုံးကြိမ်တိုင် တားမြစ်သော်လည်း မင်းကြီးသည် သွားမည်ပြုရာ မာဂဏ္ဍီက ဝိတ်မချလသည့် အမူအရာဖြင့် "သူလဲ လိုက်ပါရစေ"ဆိုပြီး မင်းကြီးတားမြစ်သည့် ကြားကပင် မင်းကြီးနှင့်အတူ လိုက်ပါခဲ့လေသည်။

---

၁။ ခုဒ္ဒကပါဌ အဋ္ဌကထာ၊ ၉မေတ္တသုတ်၊ နှာ-၁၉၈-၂၁၅။

သာမာဝတီတို့ နန်းဆောင်သို့ ရောက်၍ ဥတေနမင်းကြီးသည် စားကောင်းသောက်ဘွယ်များ သုံးဆောင်ပြီးနောက် စောင်းကို ခေါင်းရင်း၌ ချထားလျက် ခေတ္တအိပ်ပျော်သွားခဲ့၏၊ ထိုအခိုက် မာဂဏ္ဍီ မိဖုရားသည် အမှတ်တမဲ့ ပန်းစီးကို ဆွဲနှုတ်လိုက်ရာ စောင်းအတွင်းမှ ထွက်လာသော မြွေဟောက်သည် တရှူးရှူးမြည်လျက် ပါးပျဉ်းထောင်ပြီး မင်းကြီးအနီး အိပ်ရာပေါ်နေခဲ့သည်၊ ထိုအခါ မာဂဏ္ဍီက ''ထွီထွီ မြွေဟောက်ကြီးပါလား မင်းကြီး''ဟု မင်းကြီးနိုးလောက်အောင် ကျယ်လောင်စွာ ဟစ်အော်လျက် ''ဒီမင်းမိုက်ကြီးဟာ အိက်မက်မကောင်းလို့ မသွားပါနဲ့ တားပါလျက် သွားခဲ့တယ်၊ စကား နားမထောင်ဘူး''ဟု မင်းကြီးကို ရန်တွေ့သည့်အပြင် ''ဒီကောင်မတွေ မင်းကြီးထံက ဘာများ မရတာရှိသလဲ၊ မင်းကြီးသေမှ နင်တို့ချမ်းသာမှာတဲ့လား၊ မင်း ရှင်နေရင် နင်တို့ဆင်းရဲမတဲ့လား''ဟု သာမာဝတီတို့ကိုလဲ ရန်တွေ့ခဲ့ပြန်သည်၊ ဤအကြိမ်ကား မာဂဏ္ဍီ အောင်ပွဲခံခဲ့၏၊ မြွေဟောက်ကို မြင်ရသော မင်းကြီးသည် မာဂဏ္ဍီ၏ လုပ်ကြံလှည့်စားခဲ့မှု မှန်သမျှ အကုန် ပုံယုံကာ သာမာဝတီ တို့ အပေါ်လွန်စွာအမျက်ထွက်ခြင်းဖြင့် ပြင်းထန်စွာ ရာဇမာန် ရှလေတော့သည်။

ထိုအကြောင်းကို သိသော သာမာဝတီ မိဖုရားက အခြံအရံမောင်းမတို့အား ''ရှင်မတို့ ပေတ္တာ တရားမှတပါး အခြား အားကိုး အားထားစရာ တရား ယခုအခါ ငါတို့မှာ မရှိတော့သည်ဖြစ်၍ စိတ်ဆိုးအမျက်ထွက်နေသော မင်းကြီးအပေါ်၌ရင်း, ကုန်းတိုက်စကား ပြောကြားသော မာဂဏ္ဍီအပေါ်၌ရင်း, မိမိတို့ကိုယ်ခန္ဓာ၌ရင်း ထပ်တူညီမျှ စိတ်ထားကြပြီး မေတ္တာပို့သ မေတ္တာတရား ပွားများကြပါကုန်လော့၊ တဦးတယောက်၏ အပေါ်၌မျှ စိတ်မဆိုး အမျက်မထွက်ကြပါနှင့်''ဟု ဆိုဆုံးမပြီး မိမိကိုယ်တိုင်လည်း မေတ္တာတရားကိုသာ အားကိုးပြီး မေတ္တာပွားများလေတော့သည်။

ဟမ်းပုံမီးကျသကဲ့သို့ အမျက်ထွက် စိတ်ဆိုး နေသော ဥတေန မင်းကြီးသည် သာမာဝတီ မိဖုရားကို ရှေ့ဆုံးကထားလျက် အခြွေအရံမိဖုရားများကို နောက်မှတန်းစီနေစေပြီးလျှင် ဗိုလ်ခြေတထောင်တင်ရသော လေးကိုကိုင်စွဲ၍ အဆိပ်လူးထားသော မြှားကိုတပ်ကာ သာမာဝတီ မိဖုရားအား တအားပစ်လိုက်တော့သည်၊ ထိုမြှားသည် သာမာဝတီထံသို့ မသွားဘဲ မင်းကြီးထံမှောက် ရင်ဝတည့်တည့်သို့ ပြန်ရောက်လာလေသည်။

ထိုအခါ မင်းကြီးသည် ''ငါ၏ မြှားမှာ ကျောက်တုံးကို ပစ်လိုက်သော်လည်း ဖောက်ထွင်းနိုင်စွမ်းရှိ၏၊ ယခုမူ သာမာဝတီထံမရောက်၊ ငါ့ရင်ဝသို့ပြန်ရောက်ခဲ့၏၊ သတ္တဝါမဟုတ် အသက်မရှိ အစိညာဏကဖြစ်သော မြှားသည်ပင် သာမာဝတီ၏ ဂုဏ်ကျေးဇူးကို သိသေး၏၊ ငါကမူကား လူသားဖြစ်လျက် သာမာဝတီ၏ဂုဏ်ကျေးဇူးကို မသိခြင်းဟာ ဆိုးဝါးလှချေ၏''ဟု တွေးတောစဉ်းစားမိပြီးလျှင် လေးနှင့်မြှားကို ပစ်ချလိုက်ပြီးနောက် သာမာဝတီ၏ ခြေရင်းသို့ သွားရောက် ဆောင့်ကြောင့်ထိုင်ကာ လက်အုပ်ချီလျက် ''ရှင်မသာမာဝတီ-အရပ်မျက်နှာတွေပင်မထင် အလွန်လျှင်ချောက်ချား ကြောက်အားပိုနေသော ငါ့ကို စောင့်ရှောက်ပါလော့၊ ရှင်မသည် ငါ၏ ကိုးကွယ်ရာဖြစ်ပါလော''ဟု ဝန်ချတောင်းပန်ရတော့သည်၊ သာမာဝတီက ''မင်းကြီး....ကျွန်မကို မကိုးကွယ်ပါနှင့်၊ ကျွန်မ၏ ကိုးကွယ်ရာ

ဗရားရှင်ကိုသာ ကိုးကွယ်ပါ''ဟု အခါခါ ပြောဆို ပယ်လှန်သောအခါမှ ''ရှင်မကိုလဲ ကိုးကွယ်ပါ၏၊ ဗရားရှင်ကိုလဲ ကိုးကွယ်ပါ၏၊ ရှင်မလိုရာဆုကိုလဲ ပေးပါ၏''ဟု လုံးဝမာန်ချ အလျှော့ပေးခဲ့ရပါပေသည်[၁]။

ဤဝတ္ထု၌ သာမာဝတီ၏ မင်းကြီးက သတ်တော့မည်သိလျက် အေးဆေးသက်သာ ဩဝါဒပေးနိုင်ခြင်း,ကြုံရတော့မည့် ဘေးကြီးကို မကြောက်မရွံ့ ရဲဝံ့ တည်ကြည်စွာ ရင်ဆိုင်နိုင်ခြင်းတို့မှာ မိမိ၏ မေတ္တာတန်ခိုးကို ယုံကြည်သောကြောင့်လည်း ဖြစ်နိုင်ပါ၏၊ အထူးပွါးများ မေတ္တာဖြင့် ထုံထားအပ်သော စိတ်ဓာတ်အစွမ်းကြောင့်ပင်ဟုလည်း ဆိုနိုင်ပါသည်၊ မိမိထံမှောက် မြှားမရောက်နိုင်ခြင်း,မင်းကြီးက ဒေါသမာန်ကျ မိမိအား ရှိခိုးဝန်ချ တောင်းပန်ရခြင်း, လိုရာဆုပေးရခြင်း စသည်တို့မှာလည်း မိမိ အထူးပွါးများ ထုံထားအပ်သော မေတ္တာဘာဝနာ၏ အကျိုးရင်း အကျိုးဆက်များသာ ဖြစ်ခဲ့ပါပေပြီ၊ ဤမျှ တန်ခိုးစွမ်းအင် အာနိသင်ကြီးမား မေတ္တာတရားကား အဘယ်မှာလျှင် မပွါးထိုက်ဘဲ ရှိပါတော့အံ့နည်း၊ နေ့ညမလတ် အထပ်ထပ်အခါခါ ပွါးများ ထိုက်လှပါတော့သည်တကား။

**၃။ ဝိသာခ ရဟန်း၏ မေတ္တာစွမ်းအင်။** ။သီဟိုဠ်ကျွန်း ဝိသာခ ရဟန်းတော် အရှင်မြတ်သည် တနေရာတွင် လေးလမျှသာ သီတင်းသုံးနေထိုင်လေ့ရှိပါသည်၊ သို့ရာတွင် စိတ္တလတောင် သခ်မ်းကျောင်းဝယ် သီတင်းသုံးရာ၌ လေးလပြည့်၍ အရပ်တပါးသို့ ကြွသွားခါနီးတွင် သပြေပင်စောင့်နတ်က ငိုယိုလျှောက်ထားသည်မှာ''အရှင်မြတ်၏ ပွါးများပိုလွှဘ်အပ်သော မေတ္တာဓာတ်၏ အချိန်အဝါကို မြိန်ယှက်သက်ဝင်စွာ ခိုလှုံရပါသော တပည့်တော် အဝင်အပါ နတ်များစွာတို့မှာ ညီညီညွတ်ညွတ် အချင်းချင်း ချစ်ကြခင်ကြ သင့်မြတ်ကြပါသည်၊ အရှင်ဗရား အရပ်တပါးသို့ ကြွသွားတော်မူပါလျှင် ရှေးယခင်ကကဲ့သို့ နတ်တွေ အချင်းချင်း မညီမညွတ် ခိုက်ရန်ဒေါသဖြစ်ကာ မုန်းတီးကြပါလိမ့်မည်''။

ဤသို့ ငိုယိုလျှောက်ထားသဖြင့် မကြွဖြစ်ဘဲ ဆက်လက်သီတင်းသုံးတော်မူရပါသည်၊ ဤနည်းတူ နောက်နောင်ကြွမည် အပြုတွင်လည်း နတ်က ငိုယိုလျှောက်ထားပြန်သောကြောင့် မကြွဖြစ်ဘဲ နောက်ဆုံး ဤနေရာ၌ပင် သမထမေတ္တာ ဘာဝနာကို အခြေခံ၍ အနိစ္စ, ဒုက္ခ, အနတ္တဟုရှုသော ဝိပဿနာအလုပ်ကို အားထုတ်တော်မူရာ ရဟန္တာဖြစ်ပြီး ပရိနိဗ္ဗာန်ဝင်စံတော်မူရပါသည်၊ ဤသို့ သမထမေတ္တာ ဘာဝနာအတွက် ထက်မြက်သောအကျိုးကြီးမားချက်ကို ဆက်လက်တဖန် သိစေလိုပါသည်[၂]။

---

၁။ ဓမ္မပဒအဋ္ဌကထာ၊ ပ-တွဲ၊ နှာ-၁၃၅-၉။

၂။ ဝိသုဒ္ဓိ၊ ဋ္ဌ၊ ပ-တွဲ၊ နှာ-၃၀၅-၇။

၄။ အမိန္ဒွားမကြီး၏ မေတ္တာစွမ်းအင်။ ။ဝိသုဒ္ဓိမဂ် လာရှိသည်မှာ အမိ န္ဒွားမကြီးသည် ချစ်လှစွာသောသား နွားငယ်ကလေးကို နို့တိုက်နေခိုက် မုဆိုးက လှံနှင့်ထိုးလိုက်ရာ နွားမကြီးအား မစူးချဘဲ ထက်လှစွာသော ထိုလှံသည် အသွားခွေလိပ်ကာ ထန်းရွက်ပမာ ဖြစ်သွားပါသည်၊ ဤနေရာ၌ တန့်ရပ်၍ စဉ်းစားရန်ရှိပါသည်၊နွားမကြီးသည် ဥပစာရဘာဝနာ အပ္ပနာဘာဝနာ ဈာန်တရားများကိုရထားခြင်းလည်းမဟုတ်ပါ၊ တိရစ္ဆာန်မ ဖြစ်သည့်အားလျော်စွာ ထိုတရားကိုရဘို့ စိတ်ကူးမျှရှိနိုင်မည်လည်းမဟုတ်ပါ၊ အမှန်စင်စစ်ကား နွားမကြီး လှံစူးမခံရခြင်းသည် မိမိ၏သား နွားငယ်ကလေးအပေါ်၌ အလွန်စူးစိုက်နေသော မေတ္တာအချစ်ဓာတ် အဟုန်ကြောင့်ပင် ဖြစ်ပါသည်၊ ဤသို့လည်း ထင်ရှားလှသော မေတ္တာ၏တန်ခိုး ရရှိသောအကျိုးကို မြတ်နိုးလှစွာဖြင့် မေတ္တာအလုပ်ကို အားထုတ်ကြကုန်ရာ၏[၁]။

## မေတ္တာ ပို့သ ပွါးများရသော အကျိုးတရား (၁၁)ပါး

၁။ ချမ်းချမ်းသာသာ အိပ်စက်ရခြင်း၊

၂။ အိပ်ရာမှ ထရာအခါ၌ ကိုယ်စိတ် ရွှင်ရွှင်လန်းလန်းရှိခြင်း၊

၃။ မကောင်းသော အိပ်မက်ဆိုးများကို မမြင်မက်ရခြင်း၊

၄။ နတ်ဘီလူး နတ်မိစ္ဆာတို့ လွန်စွာချစ်ခင်ခြင်း၊

၅။ လူရှင်အများတို့ လေးစားချစ်ခင်ခြင်း၊

၆။ သမ္မာဒေဝ နတ်ကောင်းနတ်မြတ်တို့ မပြတ်ဝိုင်းဝန်း စောင့်ရှောက်ကြခြင်း၊

၇။ ရေ, မီး, မင်းဘေး, အဆိပ်ဘေး, ဓားဘေး, လှံဘေး မသင့်ရောက်ခြင်း၊

၈။ လဝန်းပမာ မျက်နှာရွှင်ပြ ကြည်လင်ခြင်း၊

၉။ တည်ကြည်သောသမာဓိနှင့် ပြည့်စုံခြင်း၊

၁၀။ မတွေမဝေ သေရခြင်း၊

၁၁။ နတ်ပြည်, ဗြဟ္မာ့ပြည်၌ ဖြစ်ရခြင်း၊

* မေတ္တာအကျိုး၊ ဆယ့်တမျိုးမှာ၊ ချမ်းသာအေးမြ၊ အိပ်စက်ရ၏၊ နိုးထ ရွှင်လန်း၊ ကြမ်းတမ်းရုပ်သွင်၊ ဆိုးလှအင်ကို၊ မမြင်မက်ဘူး၊ နတ်ဘီလူးဆိုး၊ မြတ်နိုးချစ်ခင်၊ လူရှင်ချစ်ဝေ၊ သမ္မာဒေဝ၊ စောင့်ရှောက်ကြပြီး၊ ရေ, မီး,မင်းဘေး၊ အဆိပ်ဘေးနှင့်၊ ဓားဘေး, လှံဘေး၊ မသင့်ဝေးစွ၊ စန်းလတူညီ၊ တည်ကြည်စိတ်ငြိမ်၊ သေချိန်မတွေ၊ နှစ်ထွေထင်စွာ၊ နတ်ဗြဟ္မာသို့၊ ကောင်းစွာရောက်ရ၊ ဆယ့်တဝသည် ပွါးရ မေတ္တာအကျိုးတည်း။

---

၁။ ဝိသုဒ္ဓိ၊ ဋ္ဌ၊ ပ-တွဲ၊ နှာ-၃၀၅-၇။

## မေတ္တာသုတ်လာ ဒုကနည်းအားဖြင့် မေတ္တာပွါးများပုံ

၁။ တသာ ဝါ ထာဝရာ ဝါ၊ အနဝသေသာ ဣမေပိ သဗ္ဗသတ္တာ၊ သုခိနော ဟောန္တု၊ ခေမိနော ဟောန္တု၊ အဝေရာ ဟောန္တု၊ အဗျာပဇ္ဇာ ဟောန္တု၊ အနီဃာ ဟောန္တု၊ သုခီ အတ္တာနံ ပရိဟရန္တု။

၂။ ဒိဋ္ဌာ ဝါ အဒိဋ္ဌာ ဝါ၊ အနဝသေသာ ဣမေပိ သဗ္ဗသတ္တာ၊ သုခိနော ဟောန္တု၊ ခေမိနော ဟောန္တု၊ အဝေရာ ဟောန္တု၊ အဗျာပဇ္ဇာ ဟောန္တု၊ အနီဃာ ဟောန္တု၊ သုခီ အတ္တာနံ ပရိဟရန္တု။

၃။ ဒူရေ ဝါ အဝိဒူရေ ဝါ၊ အနဝသေသာ ဣမေပိ သဗ္ဗသတ္တာ၊ သုခိနော ဟောန္တု၊ ခေမိနော ဟောန္တု၊ အဝေရာ ဟောန္တု၊ အဗျာပဇ္ဇာ ဟောန္တု၊ အနီဃာ ဟောန္တု၊ သုခီ အတ္တာနံ ပရိဟရန္တု။

၄။ ဘူတာ ဝါ သံဘဝေသီ ဝါ၊ အနဝသေသာ ဣမေပိ သဗ္ဗသတ္တာ၊ သုခိနော ဟောန္တု၊ ခေမိနော ဟောန္တု၊ အဝေရာ ဟောန္တု၊ အဗျာပဇ္ဇာ ဟောန္တု၊ အနီဃာ ဟောန္တု၊ သုခီ အတ္တာနံ ပရိဟရန္တု။

## တိကနည်းအားဖြင့် မေတ္တာ ပွါးများပုံ

၅။ ဒီဃာ ဝါ၊ ရဿာ ဝါ မဇ္ဈိမာ ဝါ၊ အနဝသေသာ ဣမေပိ သဗ္ဗသတ္တာ၊ သုခိနော ဟောန္တု၊ ခေမိနော ဟောန္တု၊ အဝေရာ ဟောန္တု၊ အဗျာပဇ္ဇာ ဟောန္တု၊ အနီဃာ ဟောန္တု၊ သုခီ အတ္တာနံ ပရိဟရန္တု။

၆။ မဟန္တာ ဝါ အဏုကာ ဝါ မဇ္ဈိမာ ဝါ၊ အနဝသေသာ ဣမေပိ သဗ္ဗသတ္တာ၊ သုခိနော ဟောန္တု၊ ခေမိနော ဟောန္တု၊ အဝေရာ ဟောန္တု၊ အဗျာပဇ္ဇာ ဟောန္တု၊ အနီဃာ ဟောန္တု၊ သုခီ အတ္တာနံ ပရိဟရန္တု။

၇။ ထူလာ ဝါ အဏုကာ ဝါ မဇ္ဈိမာ ဝါ၊ အနဝသေသာ ဣမေပိ သဗ္ဗသတ္တာ၊ သုခိနော ဟောန္တု၊ ခေမိနော ဟောန္တု၊ အဝေရာ ဟောန္တု၊ အဗျာပဇ္ဇာ ဟောန္တု၊ အနီဃာ ဟောန္တု၊ သုခီ အတ္တာနံ ပရိဟရန္တု။

(ဤကား ပါဠိသက်သက်အားဖြင့် မေတ္တာပို့သ ပွါးများပုံတည်း)

## မြန်မာဘာသာ သက်သက်အားဖြင့် မေတ္တာပို့သ ပွါးများပုံ

၁။ * ကြောက်တတ်၊ မကြောက်တတ်၊ ဤနှစ်ရပ်၊ များလတ် သတ္တဝါတွေ။
ကိုယ်စိတ်နှစ်ပြား၊ ရှင်လန်းကာ၊ ချမ်းသာကြပါစေ။
တွင်းပ မကြွင်း၊ ဘေးခပင်း၊ ဝေးကင်း အေးကြစေ။

တွင်းပနှစ်တန်၊ ခပ်သိမ်းရန်၊ မကျန် ငြိမ်းကြစေ။
ဗျာပါကြောင့်ကြ၊ မျက်ဒေါသ၊ ကင်းကြ ငြိမ်းကြစေ။
ဆင်းရဲခပ်သိမ်း၊ ဝင် မကိန်း၊ ကင်းငြိမ်း ကြပါစေ။
ချမ်းချမ်း သာသာ၊ ကိုယ်ခန္ဓာ၊ ဆောင်ကာ သယ်ပိုးနိုင်ကြစေ။

၂။ * မြင်ဘူး,မမြင်ဘူး၊ ကွဲပြားထူး၊ နှစ်ဦး သတ္တဝါတွေ။
ကိုယ်စိတ်နှစ်ဖြာ၊ ရွှင်လန်းကာ၊ ချမ်းသာ ကြပါစေ။
တွင်းပ မကြွင်း၊ ဘေးခပင်း၊ ဝေးကင်း ကြပါစေ။
တွင်းပ နှစ်တန်၊ ခပ်သိမ်းရန်၊ မကျန် ငြိမ်းကြစေ။
ဗျာပါကြောင့်ကြ၊ မျက်ဒေါသ၊ ကင်းကြ ငြိမ်းကြစေ။
ဆင်းရဲခပ်သိမ်း၊ ဝင် မကိန်း၊ ကင်းငြိမ်း ကြပါစေ။
ချမ်းချမ်း သာသာ၊ ကိုယ်ခန္ဓာ၊ ဆောင်ကာ သယ်ပိုး နိုင်ကြစေ။

၃။ * ဝေး,နီးနှစ်ဖြာ၊ ခြားနားလာ၊ သတ္တဝါ ဤသူတွေ။
ကိုယ်စိတ်နှစ်ဖြာ၊ ရွှင်လန်းကာ၊ ချမ်းသာ ကြပါစေ။
တွင်းပ မကြွင်း၊ ဘေးခပင်း၊ ဝေးကင်း ကြပါစေ။
တွင်းပ နှစ်တန်၊ ခပ်သိမ်းရန်၊ မကျန် ငြိမ်းကြစေ။
ဗျာပါကြောင့်ကြ၊ မျက်ဒေါသ၊ ကင်းကြ ငြိမ်းကြစေ။
ဆင်းရဲခပ်သိမ်း၊ ဝင် မကိန်း၊ ကင်းငြိမ်း ကြပါစေ။
ချမ်းချမ်း သာသာ၊ ကိုယ်ခန္ဓာ၊ ဆောင်ကာ သယ်ပိုး နိုင်ကြစေ။

၄။ * ဘဝဇာတ်သိမ်း၊ ဇာတ်မသိမ်း၊ ခပ်သိမ်း သတ္တဝါတွေ။
ကိုယ်စိတ်နှစ်ဖြာ၊ ရွှင်လန်းကာ၊ ချမ်းသာ ကြပါစေ။
တွင်းပ မကြွင်း၊ ဘေးခပင်း၊ ဝေးကင်း အေးကြစေ။
တွင်းပ နှစ်တန်၊ ခပ်သိမ်းရန်၊ မကျန် ငြိမ်းကြစေ။
ဗျာပါကြောင့်ကြ၊ မျက်ဒေါသ၊ ကင်းကြ ငြိမ်းကြစေ။
ဆင်းရဲခပ်သိမ်း၊ ဝင် မကိန်း၊ ကင်းငြိမ်း ကြပါစေ။
ချမ်းချမ်းသာသာ၊ ကိုယ်ခန္ဓာ၊ ဆောင်ကာ သယ်ပိုးနိုင်ကြစေ။

၅။ * ရှည်,တို,အလတ်၊ ဤသုံးရပ်၊ များလတ် သတ္တဝါတွေ။
ကိုယ်စိတ်နှစ်ဖြာ၊ ရွှင်လန်းကာ၊ ချမ်းသာ ကြပါစေ။

တွင်းပမကြွင်း၊ ဘေးခပင်း၊ ဝေးကင်း အေးကြစေ။
တွင်းပနှစ်တန့်၊ ခပ်သိမ်းရန့်၊ မကျန် ငြိမ်းကြစေ။
ဗျာပါကြောင့်ကြ၊ မျက်ဒေါသ၊ ကင်းကြ ငြိမ်းကြစေ။
ဆင်းရဲခပ်သိမ်း၊ ဝင် မကိန်း၊ ကင်းငြိမ်း ကြပါစေ။
ချမ်းချမ်းသာသာ၊ ကိုယ်ခန္ဓာ၊ ဆောင်ကာ သယ်ပိုးနိုင်ကြစေ။

၆။ * ကြီး,ငယ်,အလတ်၊ ဤသုံးရပ်၊ များလတ် သတ္တဝါတွေ။
ကိုယ်စိတ်နှစ်ဖြာ၊ ရှင်လန်းကာ၊ ချမ်းသာ ကြပါစေ။
တွင်းပမကြွင်း၊ ဘေးခပင်း၊ ဝေးကင်း အေးကြစေ။
တွင်းပနှစ်တန့်၊ ခပ်သိမ်းရန့်၊ မကျန် ငြိမ်းကြစေ။
ဗျာပါကြောင့်ကြ၊ မျက်ဒေါသ၊ ကင်းကြ ငြိမ်းကြစေ။
ဆင်းရဲခပ်သိမ်း၊ ဝင် မကိန်း၊ ကင်းငြိမ်း ကြပါစေ။
ချမ်းချမ်းသာသာ၊ ကိုယ်ခန္ဓာ၊ ဆောင်ကာ သယ်ပိုးနိုင်ကြစေ။

၇။ * ဆူ,ကြုံ,အလတ်၊ ဤသုံးရပ်၊ များလတ် သတ္တဝါတွေ။
ကိုယ်စိတ်နှစ်ဖြာ၊ ရှင်လန်းကာ၊ ချမ်းသာ ကြပါစေ။
တွင်းပမကြွင်း၊ ဘေးခပင်း၊ ဝေးကင်း အေးကြစေ။
တွင်းပနှစ်တန့်၊ ခပ်သိမ်းရန့်၊ မကျန် ငြိမ်းကြစေ။
ဗျာပါကြောင့်ကြ၊ မျက်ဒေါသ၊ ကင်းကြ ငြိမ်းကြစေ။
ဆင်းရဲခပ်သိမ်း၊ ဝင် မကိန်း၊ ကင်းငြိမ်း ကြပါစေ။
ချမ်းချမ်းသာသာ၊ ကိုယ်ခန္ဓာ၊ ဆောင်ကာ သယ်ပိုးနိုင်ကြစေ။

ဒုကဥ္စ မှတ်ချက်။ ။ဒုကနည်းဆိုသည်မှာ စကြဝဠာ အနန္တ ဤကမ္ဘာလောက ဓာတ်ကြီး အတွင်း သုံးဆယ့်တဘုံရှိ သတ္တဝါအားလုံးတို့ကို —

(၁) ဒေါသမကင်း၍ ကြောက်တတ် ထိပ်လန့်တတ်သော ပုထုဇဉ်, သောတာပန်, သကဒါဂါမ် ပုဂ္ဂိုလ်တို့ကို တပုံတစု၊

(၂) ဒေါသကင်းပြီး၍ မကြောက်လန့်တတ်သော အနာဂါမ်, ရဟန္တာ ပုဂ္ဂိုလ်တို့ကို တပုံတစု၊

ဤသို့ ခွဲဝေပြု၍ ပို့သလျှင် မိမိ မေတ္တာပွါးများရာ၌ သတ္တဝါ တဦးတယောက်မျှ မကျန်ဘဲ အားလုံးကုန် ပါဝင်သွားခြင်းဖြစ်ပေသည်။

အလားတူ သက်ရှိမှန်သမျှ အနန္တသတ္တဝါတွေကို—

(၁) မိမိ မျက်မှောက်ဖြစ်၍ မြင်ဘူးသောသတ္တဝါ၊
(၂) မိမိ မျက်ကွယ်ဖြစ်၍ မမြင်ဘူးသောသတ္တဝါ၊

ဤသို့ နှစ်ပုံပြု၍ ပွါးများရခြင်းမျိုးကို ဒုတိယ ဒုကနည်းဟု သိရမည်။

(၁) မိမိနှင့် အဝေးရှိ အဝေးနေသောသတ္တဝါ၊
(၂) မိမိ အနီးရှိ အနီးနေသောသတ္တဝါ၊

ဤသို့နှစ်ပုံပြု၍ ပွါးသပွါးများသောနည်းကို တတိယ ဒုကနည်းဟု သိရမည်။

(၁) ဘဝဇာတ်သိမ်းပြီးသော ဗုဒ္ဓ, ရဟန္တာ, ပစ္စေကဗုဒ္ဓါ အရှင်မြတ်များ၊
(၂) ဘဝဇာတ် မသိမ်းနိုင်ကြသေးသော ကြွင်းပုထုဇဉ် အစရှိသော သတ္တဝါများ၊

ဤသို့နှစ်ပုံပြု၍ ပွါးသ ပွါးများရသောနည်းကို စတုတ္ထလေးကြိမ်မြောက် ဒုကနည်းအရဟု သိရမည်၊ ဤဆိုအပ်ခဲ့ပြီးသောအတိုင်း နှလုံးသွင်းဆင်ခြင်ပွါးများနိုင်မှ အကျိုးကြီးမည်ဟု အထူးသတိပြုသင့်ပါသည်။

**တိကဥ်မှတ်ချက်။** ။ပြဆိုအပ်ခဲ့ပြီးသော နည်းအတိုင်းပင် သက်ရှိမှန်သမျှ သတ္တဝါတို့ကို သုံးပုံ သုံးစုပြု၍ ပွါးသောနည်းကို တိကနည်းဟု ဆိုလိုသည်။

ဤတိကနည်းအားဖြင့် ပွါးရာ၌ ဒီဃအရ-ရှည်သောကိုယ်ခန္ဓာရှိသော မြွေ, နဂါး အစရှိသော သတ္တဝါတို့ကို ယူရမည်၊ ။ရဿအရ-ပုက္ခ တိုလောခန္ဓာကိုယ်ရှိသော ကြွက်, ငှက်, ငုံး အစရှိသော သတ္တဝါတို့ကို ယူရမည်၊ မဇ္ဈိမာအရ-မရှည်, မတို အလယ်,အလတ်ကိုယ်ခန္ဓာရှိသော မြင်း, နွား, ကျွဲ အစရှိသော သတ္တဝါတို့ကို ယူရမည်။

ဒုတိယ တိကနည်း၌ မဟန္တာ ဝါ အရ-ကြီးမားသောကိုယ်ခန္ဓာရှိသော ယူဇနာ ရှစ်ထောင့်လေးရာ အရပ်မြင့်သော ရာဟုအသူရိန်, လိပ်, ဆင် အစရှိသော သတ္တဝါတို့ကို ယူရမည်၊ ။အဏုကာ ဝါ အရ-သေးငယ်သော ကိုယ်ခန္ဓာရှိသော ပကတိမျက်စိဖြင့် မမြင်နိုင် ဒိဗ္ဗစက္ခုဖြင့်သာ မြင်ကောင်းသော ရေပိုး ရေမွှားစသော သတ္တဝါတို့ကို ယူရမည်၊ မဇ္ဈိမာ ဝါ အရ-မကြီး, မငယ် ကိုယ်ခန္ဓာရှိသော ကျွဲ, နွား အစရှိသော သတ္တဝါတို့ကို ယူရမည်။

တတိယ တိကနည်း၌ တူလာ ဝါ အရ-ဝမ်းပိုက်ဆူဖြိုးသော ကိုယ်ခန္ဓာရှိသော ငါး, လိပ်, ခရု, ယောက်သွား အစရှိသော သတ္တဝါများကို ယူရမည်။ ။အဏုက,မဇ္ဈိမ သည် ရှေးနည်းတူဖြစ်၏။

ဤသို့ ဒုကလေးနည်းအရ ရှစ်ယောက်၊တိက သုံးနည်းအရ ကိုးယောက်ဖြစ်၍ မေတ္တာပွားသင့် ပွားထိုက်သော ပုဂ္ဂိုလ် တဆယ့်ခုနစ်ယောက် အပြည့်အစုံပါဝင်သွားပေပြီ။

**တနည်းမေတ္တာပွားပုံ။** ။ဤဆိုခဲ့ပြီးသော တသပုဂ္ဂိုလ်, ထာဝရပုဂ္ဂိုလ်, ဒိဋ္ဌပုဂ္ဂိုလ်, အဒိဋ္ဌပုဂ္ဂိုလ် အစရှိသော တဆယ့်ခုနစ်ယောက်တို့ကို အရပ်ဆယ်မျက်နှာဖြင့် ပွားသပြန်လိုပါက—

(၁) ပုရတ္ထိမာယ ဒိသာယ တသာ ဝါ ထာဝရာ ဝါ အနဝသေသာ ဣမေပိ သဗ္ဗသတ္တာ - သုခိနော ဟောန္တု၊ ခေမိနော ဟောန္တု၊ အဝေရာ ဟောန္တု၊ အဗျာပဇ္ဈာ ဟောန္တု၊ အနီဃာ ဟောန္တု၊ သုခီ အတ္တာနံ ပရိဟရန္တု။

(၂) ပစ္ဆိမာယ ဒိသာယ တသာ ဝါ ထာဝရာ ဝါ အနဝသေသာ ဣမေပိ သဗ္ဗသတ္တာ-သုခိနော ဟောန္တု၊ ခေမိနော ဟောန္တု၊ အဝေရာ ဟောန္တု၊ အဗျာပဇ္ဈာ ဟောန္တု၊ အနီဃာ ဟောန္တု၊ သုခီ အတ္တာနံ ပရိဟရန္တု။

(၃) ဥတ္တရာယ ဒိသာယ တသာ ဝါ ထာဝရာ ဝါ အနဝသေသာ ဣမေပိ သဗ္ဗသတ္တာ-သုခိနော ဟောန္တု၊ ခေမိနော ဟောန္တု၊ အဝေရာ ဟောန္တု၊ အဗျာပဇ္ဈာ ဟောန္တု၊ အနီဃာ ဟောန္တု၊ သုခီ အတ္တာနံ ပရိဟရန္တု။

(၄) ဒက္ခိဏာယ ဒိသာယ တသာ ဝါ ထာဝရာ ဝါ အနဝသေသာ ဣမေပိ သဗ္ဗသတ္တာ-သုခိနော ဟောန္တု၊ ခေမိနော ဟောန္တု၊ အဝေရာ ဟောန္တု၊ အဗျာပဇ္ဈာ ဟောန္တု၊ အနီဃာ ဟောန္တု၊ သုခီ အတ္တာနံ ပရိဟရန္တု။

(၅) ပုရတ္ထိမာယ အနုဒိသာယ တသာ ဝါ ထာဝရာ ဝါ အနဝသေသာ ဣမေပိ သဗ္ဗသတ္တာ - သုခိနော ဟောန္တု၊ ခေမိနော ဟောန္တု၊ အဝေရာ ဟောန္တု၊ အဗျာပဇ္ဈာ ဟောန္တု၊ အနီဃာ ဟောန္တု၊ သုခီ အတ္တာနံ ပရိဟရန္တု။

(၆) ပစ္ဆိမာယ အနုဒိသာယ တသာ ဝါ ထာဝရာ ဝါ အနဝသေသာ ဣမေပိ သဗ္ဗသတ္တာ - သုခိနော ဟောန္တု၊ ခေမိနော ဟောန္တု၊ အဝေရာ ဟောန္တု၊ အဗျာပဇ္ဈာ ဟောန္တု၊ အနီဃာ ဟောန္တု၊ သုခီ အတ္တာနံ ပရိဟရန္တု။

(၇) ဉတ္တရာယ အနုဒိသာယ တသာ ဝါ ထာဝရာ ဝါ အနဝသေသာ ဣမေပိ သဗ္ဗသတ္တာ – သုခိနော ဟောန္တု၊ ခေမိနော ဟောန္တု၊ အဝေရာ ဟောန္တု၊ အဗျာပဇ္ဇာ ဟောန္တု၊ အနီဃာ ဟောန္တု၊ သုခီ အတ္တာနံ ပရိဟရန္တု။

(၈) ဒက္ခိဏာယ အနုဒိသာယ တသာ ဝါ ထာဝရာ ဝါ အနဝသေသာ ဣမေပိ သဗ္ဗသတ္တာ – သုခိနော ဟောန္တု၊ ခေမိနော ဟောန္တု၊ အဝေရာ ဟောန္တု၊ အဗျာပဇ္ဇာ ဟောန္တု၊ အနီဃာ ဟောန္တု၊ သုခီ အတ္တာနံ ပရိဟရန္တု။

(၉) ဟေဋ္ဌိမာယ ဒိသာယ တသာ ဝါ ထာဝရာ ဝါ အနဝသေသာ ဣမေပိ သဗ္ဗသတ္တာ – သုခိနော ဟောန္တု၊ ခေမိနော ဟောန္တု၊ အဝေရာ ဟောန္တု၊ အဗျာပဇ္ဇာ ဟောန္တု၊ အနီဃာ ဟောန္တု၊ သုခီ အတ္တာနံ ပရိဟရန္တု။

(၁၀) ဉပရိမာယ ဒိသာယ တသာ ဝါ ထာဝရာ ဝါ အနဝသေသာ ဣမေပိ သဗ္ဗသတ္တာ – သုခိနော ဟောန္တု၊ ခေမိနော ဟောန္တု၊ အဝေရာ ဟောန္တု၊ အဗျာပဇ္ဇာ ဟောန္တု၊ အနီဃာ ဟောန္တု၊ သုခီ အတ္တာနံ ပရိဟရန္တု။

ဤသို့ ပွါးများကြပါလေ။ (ဤနည်းအတူ ဒိဋ္ဌ အဒိဋ္ဌစသည်တို့ကိုလည်း ပွါးများနိုင်၏)

## ၅၂၈–သွယ် မေတ္တာယူနည်း

သဗ္ဗေ သတ္တာ၊ သဗ္ဗေ ပါဏာ၊ သဗ္ဗေ ဘူတာ၊ သဗ္ဗေ ပုဂ္ဂလာ၊ သဗ္ဗေ အတ္တဘာဝ ပရိယာပန္နာ–ဟူသော အနောဒိဿ ပုဂ္ဂိုလ်ငါးယောက်၊ သဗ္ဗာ ဣတ္ထိယော အစရှိသော ဩဒိဿ ပုဂ္ဂိုလ် ခုနစ်ယောက်၊ ဤတဆယ့်နှစ်ယောက်တို့ကို အဝေရာ အစရှိသော အရပ်ကို မရည်ရွယ်ဘဲ တုလေးခုဖြင့် မြှောက်ပွါး၍ လေးဆယ့်ရှစ်၊ အရပ်ကို ရည်ညွှန်းပိုသော လေးဆယ့်ရှစ်ကို အရပ်ဆယ်မျက်နှာဖြင့် မြှောက်လျှင် လေးရာရှစ်ဆယ်ဖြစ်၍ နှစ်ရပ်ပေါင်း (၅၂၈)ငါးရာ့နှစ်ဆယ့်ရှစ်သွယ် မေတ္တာဖြစ်၏။

(ဤသို့လျှင် ရိုးရိုးသာမည မေတ္တာပို့ ပြီး၏)

၁၃၃၉–ခုနှစ်၊ သီတင်းကျွတ်လဆန်း(၅)ရက်နေ့တွင် လက်နှင့် ခါး အရိုးကင်ဆာဝေဒနာ ပြင်းထန်စွာ သေလုနီးပါးဖြစ်နေသဖြင့် ဆရာဝန်ကြီး ဦးမျိုးတင့်နှင့် သမားတော်ကြီး ဗိုလ်မှူးကျော်ဝင်းတို့၏ ညွှန်ကြားချက်အရ ပြည်သူ့ဆေးရုံကြီး ကင်ဆာဌာနသို့ ရောက်ရှိလာရလေသည်။ ထိုအချိန်က ကျန်းမာရေးအခြေအနေမှာ –

* ငါသည် ခုသေမည်လားမသိ၊တော်တော်ကြာသေမည်လားမသိ၊သေရချည်သေးရဲ့-သေရချည်သေးရဲ့၊ ငါသည် နက်ဖြန်သေမည်လားမသိ၊သဘက်သေမည်လားမသိ၊ ဤ-လ သေမည်လားမသိ၊ ထို-လ သေမည်လားမသိ၊ ဤနှစ်သေမည်လားမသိ၊ ထိုနှစ်သေမည်လားမသိ၊ သေရချည်သေးရဲ့-သေရချည်သေးရဲ့ —

ဤသို့ မရဏာနုဿတိ ကမ္မဋ္ဌာန်းကို ပွါးများနေရသော အချိန်အခါပင်ဖြစ်ပါသည်၊

ဆေးရုံသို့ ရှေးယခင်က တကြိမ်တခါမျှ မတက်ရောက်ဘူးပါ၊ ဆေးရုံပေါ်သို့ ရောက်လျှင် ရောက်ခြင်းပင် ဤသို့ဆင်ခြင် သတိပြုမိပါသည်။

"သြော် ငါနှင့်တကွ တိုင်းသူပြည်သား အမျိုးမျိုး၊ အရွယ်ရွယ်၊ အနုယ်နုယ်အရပ်ရပ်တို့မှ ကြီးကြီးငယ်ငယ် ရွယ်ရွယ်လတ်လတ် ခပ်သိမ်းကုန်သော လူမမာအများတို့ ယခုကဲ့သို့ စိတ်ချမ်းသာ ကိုယ်ချမ်းသာနှင့် ခိုကိုးနေထိုင်ကြရသည်မှာ ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်ကို အုပ်ချုပ်ကြသော သမ္မတကြီး ဦးနေဝင်း အစရှိသော တိုင်းပြည် ခေါင်းဆောင်ကြီးများနှင့် ဆရာဝန်ကြီး၊ ဆရာမကြီး အစရှိသော ပုဂ္ဂိုလ်တို့၏ စိတ်စေတနာ သဒ္ဓါ မေတ္တာတရား စသည်တို့ကြောင့် ဧကန်ဖြစ်ပေသည်။"

## ရဟန်းဝတ်တရား ခြောက်ပါး

ငါတို့ဗုဒ္ဓမြတ်စွာ စိန္တေယျာသည် သိင်္ဂါလောဝါဒသုတ် ပါဠိတော် နှာ-၁၅၅-၆ ၌-

* မကောင်းမြစ်တား၊ ကောင်းရာညွှန်လစ်၊
အသစ်ဟောကြူး၊ နာဘူးထပ်မံ၊
နတ်ထံဘင်ရာ၊ မေတ္တာလည်းပြု၊
ရဟန်းမှု၊ ခြောက်ခု လွန်သချာ။

ဤသို့ ရဟန်းများအာတို့ မချွတ်ကျင့်ရမည်ဖြစ်သော ဝတ်တရား ခြောက်ပါးကို ဟောတော်မူချက်အရ —

၁။ အဆိုပါ တိုင်းပြည်ခေါင်းဆောင်ကြီးများ အပေါ်၌ရှင်း၊

၂။ ဆရာဝန်ကြီး, ဆရာမကြီးနှင့်တကွ ဆရာ, ဆရာမများအပေါ်၌ရှင်း

၃။ အားလုံးသော လူမမာ ကြီး ငယ်များ အပေါ်၌ရှင်း၊

ဆေးရုံပေါ်သို့ ရောက်သည့်နေ့မှစ၍ အောက်ပါမေတ္တာတရားကို ပို့သပွါးများမှု ပြုပါသည်။

## (၁) တိုင်းပြည်ခေါင်းဆောင်ကြီးများအား မေတ္တာပို့သ ပွါးများပုံ

အမှာကံ ရဋ္ဌေ သဗ္ဗေ ဂ္ဂဿရ မနုဿာ–သုခိနော ဟောန္တု၊ ခေမိနော ဟောန္တု၊ အဝေရာ ဟောန္တု၊ အဗျာပဇ္ဇာ ဟောန္တု၊ အနီဃာ ဟောန္တု၊ သုခီ အတ္တာနံ ပရိဟရန္တု၊ အတ္တနော ဝ ပဇံ သဒါ ရက္ခန္တု။

(ဤကား ပါဠိသက်သက်အားဖြင့် ပို့သ ပွါးများပုံတည်း)

## ပါဠိ-မြန်မာ ရောယှက်ပို့သပွါးများပုံ

အမှာကံ ရဋ္ဌေ သဗ္ဗေ ဂ္ဂဿရ မနုဿာ၊ မြို့ရွာအလီလီ ဒို့တိုင်းပြည်၌ စီမံကွပ်ကဲ အမြဲအုပ်ချုပ် မင်းလုပ်သီးသီး သမ္မတကြီးနှင့် ဝန်ကြီးအစ များလှထောင်သောင်း ခေါင်းဆောင်အပေါင်းတို့သည်—

၁။ သုခိနော ဟောန္တု၊ ကိုယ်စိတ်နှစ်ဖြာ ပူဆာလွတ်ကင်း ချမ်းသာခြင်းနှင့် ပြည့်စုံကြပါစေကုန်သတည်း။

၂။ ခေမိနော ဟောန္တု၊ ကြောက်ဘွယ်မအေး ဘေးခပင်းမှ ဝေးကင်း ရှောင်လွဲ ကြပါစေကုန်သတည်း။

၃။ အဝေရာ ဟောန္တု၊ ကိုယ်တွင်း ကိုယ်ပ ပြည်ပ ပြည်တွင်း မကြွင်းမကျန် ရန်ခပ်သိမ်းမှ ကင်းငြိမ်းကြပါစေကုန်သတည်း။

၄။ အဗျာပဇ္ဇာ ဟောန္တု၊ ကြောင့်ကြဗျာပါ အခါခပ်သိမ်း ကင်းငြိမ်းကြပါစေကုန်သတည်း။ ဝါ-အမျက်ဒေါသ ဗျာပါဒ မရှိကြပါစေကုန်သတည်း။

၅။ အနီဃာ ဟောန္တု၊ ကိုယ်ဆင်းရဲ စိတ်ဆင်းရဲ အမြဲနေ့ည မရှိကြပါစေကုန်သတည်း။

၆။ သုခီ အတ္တာနံ ပရိဟရန္တု၊ မိမိတို့ကိုယ်ခန္ဓာကို အလိုရှိရာ ချမ်းသာပြည့်ဖြိုး သည်ပိုး ဆောင်ရွက်နိုင်ကြပါစေကုန်သတည်း။

၇။ အတ္တနော ပဇံဝ၊ မိမိတို့ ရင်ဝယ်မွေးဖွား သမီးသားကဲ့သို့။ ပဇံ၊ တိုင်းသားပြည်သူများဗိုလ်လူကို။ ဝါ-နိုင်ငံတော်သူ နိုင်ငံတော်သား ရှင်လူအများကို။ သဒါ၊ နေ့ရောညဉ့်ပါ ဘယ်ခါမစဲ အမြဲသာလျှင်။ ရက္ခန္တု၊ ကျေးသား ရင်းသား ခွဲခြားမရွေး ဘေးရန်ကင်းပျောက် ချမ်းသာရောက်အောင် စောင့်ရှောက်နိုင်ကြပါစေကုန်သတည်း။ ။

မေတ္တာပို့နည်းပါဠိ၌ ကျေးဇူးတော်ရှင် မဟာဝိသုဒ္ဓါရာမ ဆရာတော်ဘုရားကြီးက 'အဝေရာ ဟောန္တု' အစရှိသော နောက်တုလေးချက် မိန့်မြွက် ဖေါ်ပြတော်မူ သွားပါသည်။ ။ဘုန်းကြီးက 'သုခိနော ဝါ-ခေမိနော ဟောန္တု' မေတ္တာသုတ် ဒေသနာတော်အရ ရှေ့-တု-နှစ်ချက် ဖြည့်စွက်၍ ပို့သသောနည်းဖြစ်ပါသည်။

တိုင်းပြည်ခေါင်းဆောင်ကြီးတို့အား ယခု ဖော်ပြအပ်ခဲ့ပြီးသော နည်းအတိုင်းပင် မဟာဝိသုဒ္ဓါရုံ (ပါဠိတက္ကသိုလ်) ကျောင်းတိုက်အတွင်း ရှိ ကြီးကြီး ငယ်ငယ်, ရှယ် ရှယ် လတ်လတ် သံဃာတော် အရှင်မြတ်တို့မှာ ညစဉ် ညတိုင်း ဗရားဝတ်တက် အပြီးတွင် တကြိမ်၊ နံနက်တိုင်း အရုဏ်မတက်မီ ဗရားဝတ်တက်အပြီးတွင် တကြိမ် အမြဲတမ်း ပို့သတော်မူကြပါသည်။

## (၂) ဘုန်းကြီးအား ကျေးဇူးများသော ဆရာဝန်ကြီး ခြောက်ဦးတို့ကို ဦးတည်၍ ဆရာ ဆရာမတို့အား မေတ္တာပို့သ ပွါးများပုံ

ဆရာဝန်ကြီး၊ ထိပ်သီးခြောက်ဦး၊ အထူးမျိုး့ကျော်၊ ဒေါ်ခင်မာ့တင်၊ ထို့ပြင် နှစ်ထွေ၊ အေးဖေ့စိုးမြင့်၊ သားနှင့်သမီး၊ ဇနီးမကျန်၊ ခြံရံများစွာ၊ ဆရာ ဆရာမအပေါင်း —

* မကောင်းဘေးမှ ကင်းဝေးကြပါစေ။
* အချင်းချင်း တဦးသည် တဦးနှင့် သင့်တင့်ညီမျှ နှလုံးစိတ်ဝမ်း ရွှင်ကြည်လန်း၍ အေးချမ်းသာယာ လိုရာဆန္ဒ ပြည့်ဝကြပါစေ။
* ကိုယ်တွင်း ကိုယ်ပ ဌာနနှစ်တန် ဘေးရန်ခပ်သိမ်း ပူပန်ခပ်သိမ်း အေးငြိမ်းကြပါစေ။
* ကြောင့်ကြခပ်သိမ်း တောင့်တခပ်သိမ်း ကင်းငြိမ်းကြပါစေ။
* စိုးရိမ်ခပ်သိမ်း ဆင်းရဲခပ်သိမ်း ကင်းငြိမ်းကြပါစေ။
* သူတော်တရား လွန်ကြိုးစား၍ ပွါးများအားထုတ်နိုင်ကြပါစေ။
* သက်ရှည်ကျန်းမာ ချမ်းသာကိုယ်စိတ် မြဲကြပါစေ။
* လူနာအများ၊ မေတ္တာထား၍၊ သနားကြင်နာ၊ ဝေဒနာကို၊ လျင်စွာကင်း ပျောက်၊ ချမ်းသာရောက်အောင်၊ ဝမ်းမြောက်ဝမ်းသာ၊ စောင့်ရှောက်ပါက၊ ဒါန သီလ၊ ဘာဝနာတရား၊ လွန်တိုးပွါးသည်၊ ကြိုးစားနိုင်ကြပါစေသော်။

## (၃) မကျန်းမာသော လူမမာများအပေါ်၌ မေတ္တာပို့သ ပွါးများပုံ

* ဆေးရုံခိုအောင်း၊ လူနာပေါင်း၊ ဆေးဝါးကောင်းနှင့် တွေ့ပါစေ။
* ဆေးရုံခိုအောင်း၊ လူနာပေါင်း၊ သောင်းပြောင်းရောဂါ ပျောက်ပါစေ။
* ဆေးရုံတက်လာ၊ များသူနာ၊ ချမ်းသာကိုယ်စိတ် မြဲပါစေ။
* ဆေးရုံတက်လာ၊ များသူနာ၊ လိုရာဆန္ဒ ပြည့်ဝစေ။
* ဆေးရုံရောက်လတ်၊ ယုတ့်အမြတ်တို့၊ ဥပဒ်ရန်ဘေး၊ တွင်းပြင်ဝေး၊ ချမ်း အေးသုခ ရပါစေ။

သဗ္ဗေပိ သုခိတာ ဟောန္တု၊ သတ္တာ အတ္တဝသာနုဂါ။

သာသနဿ စ လောကဿ၊ ဝုဍ္ဎိ ဘဝန္တု သဗ္ဗဒါ။

အတ္တဝသာနုဂါ၊ ဆွဲတိုင်းငင်ပါ လိုရာပြီးမြောက် ခရီးရောက်အောင် ချီးမြှောက်သင့်ပုံ မိမိအလိုသို့ လိုက်ပါကြရကုန်သော။ သဗ္ဗေပိ၊ အပါယ်လေးရပ် လူရေနတ်ပါ ပြဟ္မာမကြွင်း ခပင်း ဉဿုံ အလုံးစုံလည်း ဖြစ်ကြကုန်သော။ သတ္တာ၊ ရှင်ရှင်လူလူ ကမ္ဘာသူ ကမ္ဘာသား သတ္တဝါအများတို့သည်။ သုခိတာ၊ ကိုယ်ရော စိတ်ရော စင်းလုံးချော အောင် မနှော အန္တရာယ် ရန်စွယ်မငြိ ချမ်းသာခြင်းရှိကြကုန်သည်။ ဟောန္တု၊ မလွဲပုံသေ ဖြစ်နိုင်ကြပါစေကုန်သတည်း။ သာသနဿ စ၊ ပရိယတ္တိ,ပဋိပတ္တိ,ပဋိဝေဓ သဒ္ဓမ္မသုံးဖြာ သာသနာတော်မြတ်ကြီး၏ရင်း။ လောကဿ စ၊ တိုင်းသူပြည်သား လူအများနှင့် ကမ္ဘာသူ ကမ္ဘာသား သတ္တဝါအများ၏ရင်း။ သဗ္ဗဒါ၊ နေ့ရောညဉ့်ပါ အခါခပ်သိမ်း။ ဝုဍ္ဎိ၊ ကောင်းကျိုးချမ်းသာ မင်္ဂလာအထွေထွေ ကျက်သရေတန်ခိုး အမျိုးမျိုးနှင့် ပွါးတိုး စည်ပင်ခြင်း ရှိကြကုန်သည်။ ဘဝန္တု၊ စင်စစ်မှန်စွာ ဖြစ်ကြပါစေကုန်သတည်း။

## ဆေးရုံတက်စဉ်တရားဆင်ခြင်

ဤဆေးရုံတွင် ကင်ဆာရောဂါဖြစ်လာကြသော ဝေဒနာရှင်အားလုံးတို့မှာ ဓာတ်ကင်ကြရပါသည်၊ ထိုသို့ ဓာတ်ကင်ရာ၌ မိမိတို့ဆိုင်ရာ ဝေဒနာကို အာရုံပြုလျက် စိတ်မပျက်ကြဘဲ ကုသိုလ်တရား တိုးပွါးအောင် ဘုန်းကြီးတူစွာ အဆိုပါ အင်္ဂါခုနစ်ရပ်ကို ရှုမှတ်ဆင်ခြင် ပွါးများစေလိုပါသည်။

* ကင်ဆာရောဂါ၊ သူရောကိုယ်ပင်၊ ဓာတ်ကင်ကြထုံး၊ ချိန်မဖြုံးဘဲ၊ နှလုံးသွင်းကြ၊ တောင့်တ,ရှိခိုး၊ မေတ္တာဖြိုးဝေ၊ ပွါးလေကမ္မဋ္ဌာန်း၊ စီးဖြန်းဆိုင်ရာ၊ ဝေဒနာရှု၊ သစ္စာပြုပြန်၊ တဖန်ရှိခိုး၊ ရအကျိုးသည်၊ ဆိုးဝါးကင်ဆာ ပျောက်ကြောင်းတည်း။ လက်ာအရ—

၁။ တောင့်တ ဆိုရာ၌—

မာရံ ယက္ခံ ဂဇံ စောရံ၊ စိဉ္စမာနန္ဒ သစ္စကံ။

နာဂံ ဗကံ ဇိနော့ဇိ နိ၊ ဟောတု မေ ဇယမင်္ဂလံ။

ဤသို့ မြတ်စွာဗုဒ္ဓသည် မာရ်နတ် အစရှိသော အောင်ခြင်းရှစ်တန်ကို အမှန်အောင်မြင်တော်မူပြီ၊ ဤမှန်ကန်သော သစ္စာစကားကြောင့် ယခု ငါ့အား ရောဂါဝေဒနာပျောက်ကင်း အောင်ခြင်းမင်္ဂလာဖြစ်ပါစေ၊ ဤသို့ ရှေးဦးစွာ တောင့်တမှုပြုပါ။

ယော မာရသေန မာသန္ဒ၊ မာသန္ဒ ဝိဇယုဿဝေ ါ။
တိဏ္ဏာယပိ န မညိတ္ထ၊ သော မံ ဒေတု ဇယံ ဇိနော¹။

ဟု ဖြစ်စေ၊

စက္ခုမာစရ မာစိန္နော၊
ဓမ္မညူ ဓမ္မသာမိကော။

ဗလူပေတော ဗလဒဇ္ဈော၊
ဝရဒေါ ဒေတု မေ ဝရံ။

ဤသို့ စ–ဓ–ဗ–ဝ၊ ဂါထာဖြင့် ဖြစ်စေ တောင့်တပါလေ။

"ဗုရားမှ မရှိတော့ဘဲ တောင့်တလို့ ရပါ့မလား"ဟု မစဉ်းစားပါနှင့် ဗုရားကို တောင့်တအာရုံပြု၍ ဖြစ်သော ကုသိုလ်စိတ်အစဉ်တွေက တောင့်တသော အကျိုးကို ပေးပါလိမ့်မယ်၊ ရှေးက ဆရာတော်ဗုရားကြီးတပါး ရောဂါဝေဒနာ ပြင်းထန်စွာ နှိပ်စက်တော့ "အမေ့ အမေ" ဤသို့ တမ်းတပြီး ငြီးညူတော်မူတယ်တဲ့၊ ထိုအခါ - တပည့်တွေက "ဆရာတော်ဗုရားကြီး အမေ-မခေါ်ပါနှင့်"လို့ လျှောက်ထားတော့ ဆရာတော်ဗုရားက "မင်းတို့က မသိဘဲ၊ ငါက အမေ ခေါ်လိုက်တော့ ရောဂါဟာ သက်သာ သက်သာ သွားတယ်"လို့ တပည့်များအား အမိန့်ရှိတယ်။

ဤနေရာ၌ ကုသိုလ်ကို အာရုံပြုလိုက်တော့ ကုသိုလ်စိတ်တွေ များစွာဖြစ်ပေါ်မှုကြောင့် တောင့်တတိုင်း အကျိုးကို ပြီးစေနိုင်ပါတယ်။

၂။ ရှိခိုးဆိုရာ၌-ဤသို့ရှေးဦးစွာ တောင့်တပြီးလျှင် အခြား ဗုရားရှိခိုးများမရလျှင် အနည်းဆုံး 'နမော တဿ'ကို သုံးကြိမ်ရွတ်ဆို ရှိခိုးပါ၊ 'သမ္ဗုဒ္ဓေ' စသည်ရလျှင် ရှိခိုးပါ၊ အချုပ်အားဖြင့် 'တေ မေ နမော၊ တေ စ မံ ပါလယန္တု' ဥဒေါင်းမင်း သည်းခြေဖြစ်တဲ့ ဤနှစ်ပိုဒ်ဖြင့် အကြိမ်များစွာရှိခိုးပါ၊ တေ၊ ထိုငါးသိန်းတသောင်းနှစ်ထောင် နှစ်ကျိပ်ရှစ်ဆူ ကုန်သော ဗုရားရှင်ကိုယ်တော်မြတ်ကြီးတို့ကို။ ဝါ-ဂင်္ဂါဝါဠု သဲစုမက ပွင့်တော်မူကြပြီး, ပွင့်တော်မူကြဆဲ, ပွင့်တော်မူလတ္တံ့ ဖြစ်တော်မူသော အရိမေတ္တေယျ - အစရှိသော ဗုရားရှင်ကိုယ်တော်မြတ်ကြီးတို့ကို။ မေ၊ ရုပ်–နာမ်နှစ်ပြာ ငါးခန္ဓာကို ငါ-ဟု ထင်လွဲ အမြဲသေရလတ္တံ့သော အကျွန်ုပ်၏။ ဝါ-ကင်ဆာရောဂါ ပြင်းစွာနှိပ်စက် ခံနိုင်ခက်သော ငါ၏။ နမော၊ စွဲကပ်ရောဂါ ကင်းကွာလိုသောအား ဝတ်ကွားရိုကြိုး ရှိခိုးခြင်းသည်။ အတ္ထု၊ မုချ မှန်စွာဖြစ်ပါ၏။ တေ စ၊ ထို ဆိုခဲ့ပြီးသော အလုံးစုံသော ဗုရားရှင် ကိုယ်တော်မြတ်ကြီး တို့သည်လည်း။ မံ၊ ငါ့ကို။ ဝါ-ရုပ် နာမ် နှစ်ပြာ ငါးခန္ဓာကို တဏှာ မာန ဒိဋ္ဌိတပဲ အစွဲ

---

၁။ အလင်္ကာကျမ်း၊ နှာ-၂၁၆၊ ဂါထာ-၁၀၆။

ပြင်းစွာ ငါ့ဥစ္စာ, ငါ ငါ့လိပ်ပြာထင် သံသာခွင်က ဉာဏ်မြင်သေးနုတ် အကျွန်ုပ်ကို။ ပါလယန္တု၊ ကင်ဆာရောဂါ လျင်စွာ ကင်းပျောက် ချမ်းသာရောက်အောင် စောင့်ရှောက်တော်မူကြပါကုန်ဗရား။

၃။ **မေတ္တာဖြိုးဝေ-ဆိုရာ၌** သတ္တဝါတွေ ချမ်းသာကြပါစေ, ချမ်းသာကြပါစေ၊ သတ္တဝါတွေ ကျန်းမာကြပါစေ, ကျန်းမာကြပါစေဟု မေတ္တာပို့သပါ၊ သို့မဟုတ် 'လုံးစုံများစွာ သတ္တဝါ ချမ်းသာကိုယ်စိတ်မြဲပါစေ၊ လုံးစုံများစွာ သတ္တဝါ လိုရာဆန္ဒပြည့်ပါစေ၊ ဥပဒ်ရန်ဘေး တွင်းပြင်ဝေး ချမ်းအေးသုခ ရပါစေ' ဤသို့ သော်လည်း မေတ္တာပို့သပါ။

၄။ **ပွါးလေကမ္မဋ္ဌာန်း စီးဖြန်းဆိုင်ရာ-ဆိုရာ၌** ဘုန်းကြီးသည် အကြောင်းအားလျော်စွာ အဋ္ဌိ(အရိုးစု)ကမ္မဋ္ဌာန်းကို များစွာ စီးဖြန်းလေ့ရှိပါသည်၊ယခုအခါ-ဘုန်းကြီးမှာ အရိုးကင်ဆာဖြစ်၍ ဓာတ်ကင်နေခိုက်၌ အဋ္ဌိ,အဋ္ဌိ၊အဋ္ဌိ,အဋ္ဌိ၊ အရိုးစု,အရိုးစု၊အရိုးစု,အရိုးစု ဟု သမထ ဘာဝနာ သုံးကြိမ်ပွါးပြီးနောက်-အရိုးမဟုတ် ဖောက်ပြန်ရုပ်မျှ အနိစ္စကေန်မမြဲ, ဆင်းရဲဒုက္ခ,အစိုးမရ အနတ္တပါတကား၊ ဤသို့ ဝိပဿနာ ဘာဝနာ သုံးကြိမ်ပွါးပါသည်။

၅။ **ဝေဒနာရှု-ဆိုရာ၌** ထိုသို့ ငြိမ်သက် မလှုပ်မယှက် ဓာတ်ကင်၍ အနည်းငယ် ကာလ ကြာလာသောအခါ-တစ်စုံတခု ဆင်းရဲမှု ဒုက္ခဝေဒနာ ဖြစ်ပေါ်လာပါသည်၊ ထို ဒုက္ခဝေဒနာသည် ခဏဖြစ် ခဏပျက်စဲ အမြဲမရှိ အနိစ္စ အနိစ္စ၊ ဖြစ်ချည် ပျက်ချည် အတည် မကျ ခံနေရ၍ ဆင်းရဲလှသောကြောင့် ဒုက္ခ ဒုက္ခ၊ ထိုသို့ မဖြစ်ရ, မပျက်ရအောင် တားမနိုင် ဆီးမရ အစိုးမရသောကြောင့် အနတ္တ အနတ္တ ဤသို့ ဝေဒနာကို ဝိပဿနာရှုရမည်။

> ဒုက္ခာ ဝေဒနာ အနိစ္စာ ခယတ္ထေန၊ ဒုက္ခာ ဘယတ္ထေန၊ အနတ္တာ
> အသာရကတ္ထေန၊ နေတံ မမံ၊ နေသောဟမသ္မိ၊ န မေသောအတ္တာ။

ဤ ဒုက္ခဝေဒနာသည် ငါ့ဥစ္စာ, ငါ ငါ့လိပ်ပြာဟု ဘာတခုမျှ မဟုတ်ကြ နာမ်မျှ သက်သက်ပါတကား၊ ဤသို့သော်လည်း ဝိပဿနာ ရှုနိုင်၏။

၆။ **သစ္စာပြုပြန်** – ဆိုရာ၌

> အဋ္ဌာနမေတံ ဘိက္ခဝေ အနဝကာသော၊ ယံ ပဍ္စပက္ကမေန တထာဂတံ ဇီဝိတာ ဝေါရောပေယျ၊ အနုပက္ကမေန ဘိက္ခဝေ တထာဂတာ ပရိနိဗ္ဗာယန္တိ၊ တေန သစ္စဝဇ္ဇေန ပဍ္စပက္ကမေန မမမ္ပိ အညော ဇီဝိတာ မာ ဝေါရောပေတု။ (စူဠဝါပါဠိတော် နှာ-၃၅၅။)

**အဓိပ္ပါယ်** - ငါဘုရားကို သူတပါးလုံ့လ ပယောဂဖြင့် အသက်တော်မှ ချခွင်းနိုင်သောအကြောင်းမရှိချေ၊ သူတပါး လုံ့လကင်း၍ အလိုအလျောက်သာ ပရိနိဗ္ဗာန် စံရကုန်၏၊ ဤ မှန်ကန်သော သစ္စာစကားကြောင့် သူတပါး လုံ့လပယောဂဖြင့် ငါ့ကိုလည်း တပါးသောသူသည် အသက်အန္တရာယ် မပြုနိုင်ပါစေသတည်း။

ဤသို့ ဓာတ်ကင်သောစက်ကို သူတပါးဟု နှလုံးပြု၍ သုံးကြိမ် သစ္စာပြုပါသည်။

၇။ **တဖန်ရှိခိုး-ဆိုရာ၌** တဖန် ဤပါဠိတော်ကိုပင် တခေါက်ရွတ်၍ –

တာဒိသံ လက္ခဏသမ္ပန္နံ၊ သိရသာဟံ နမေ ဇိနံ။

ဝေရံ ဘယံ စ ဟန္တွာန၊ သော သမ္ဗာလေတု မံ ဇိနော။

**အဓိပ္ပါယ်** - ထိုသို့ သူတပါး လုံ့လပယောဂဖြင့် အသက်အန္တရာယ် မပြုနိုင်သော တန်ခိုးလက္ခဏာပါဒ်နှင့်ပြည့်စုံသော ငါးမာန်အောင်မြင် ဗုဒ္ဓရှင်ကို ငါသည် ဦးခေါင်းရတနာ အမြတ်ဆုံးအင်္ဂါဖြင့် ရိုသေမြတ်နိုး ရှိခိုးပါ၏၊ ကိုယ်တော်တိုင်ပင် အောင်ပွဲဝင်၍ သချေ များစွာ ဝေနေယျာကို မက္ခာအတူ အောင်စေတော်မူတတ်သော ထို ဗုဒ္ဓရှင် ကိုယ်တော် မြတ်ကြီးသည် ကိုယ်တွင်း ကိုယ်ပ ဌာနမကျန် ရန်အမျိုးမျိုးကိုရင်း, ကြောက်ဘွယ်ဘေး ဘေးအမျိုးမျိုးကိုရင်း, ပျက်စီးအောင် ဖျက်ဆီးတော်မူလျက် အကျွန်ုပ်ကို ကောင်းစွာ နေ့ ည မ,စ စောင့်ရှောက်တော်မူပါစေသတည်း။

ဤသို့ ရှိခိုး၍ နိဂုံးအုပ်သောအနေဖြင့် ဟောင့်တပန်ထွာမှုကို ပြုလိုက်ရပြန်ပါသတည်း-ဟု ဆိုလိုပါသည်၊ ဤသို့ ခုနစ်ဌာနတို့ကို ရွတ်ဆိုပြီးလျှင် ပြုခြင်း ဓာတ်ကင်မှု ကိစ္စလည်း တပြိုင်တည်း ပြီးစီးပါတော့သည်။

ဤနေရာ၌ လေးခုမြောက်'ပွါးလေကမ္မဋ္ဌာန်း စီးဖြန်းဆိုင်ရာ'ဆိုရာဝယ် မိမိဓာတ်ကင် ရသောရောဂါအားလျော်စွာ ကမ္မဋ္ဌာန်းစီးဖြန်းပါ၊ ဘုန်းကြီးရောဂါမှာ အရိုးကင်ဆာ ဖြစ်၍ အရိုးစုကမ္မဋ္ဌာန်းကို သမထ ဝိပဿနာအားဖြင့် ပွါးများစီးဖြန်းရပါသည်။

**ဥပမာ။ အဆုတ်ကင်ဆာ** ဖြစ်သူအား အဆုတ်ဆိုတာ အခေါ်ဝေါ်ပညတ်မျှသာ ဖြစ်သည်၊ စင်စစ်မှာ အဆုတ်သည် ပထဝီဓာတ်နှစ်ဆယ်တွင် ပါဝင်သော ပရမတ်ရုပ်တရား အစစ်ပင်တည်း။ ထိုကြောင့် –

**သမထပွါးရန်မှာ** –

"အဆုတ်မဟုတ် ပထဝီဓာတ် လွန်ကဲစိုးအုပ် ရုပ်, ရုပ်၊ ရုပ်, ရုပ်"

ဤသို့ အကြိမ်များစွာ စီးဖြန်းက သမထဘာဝနာဖြစ်၏။

* အဆုတ်ပညတ်၊ ပရမတ်၊ ရုပ်ဓာတ်ပထဝီ။
* သတိပဋ္ဌာန်လေးဖြာ၊ ဝင်အပါ၊ ကာယာနုပဿီ။
* ဤသို့ပွါးက၊ သမထ၊ ဖြစ်ကြပါသတည်း။

ဝိပဿနာရှုရန်မှာ—

* အဆုတ်မဟုတ်၊ ဖောက်ပြန်ရုပ်မျှ၊ အနိစ္စ ဒုက္ခ အနတ္တာ။
* အဆုတ်မဟုတ်၊ ဖောက်ပြန်ရုပ်ဘဲ၊ မမြဲကေန်၊ အမှန်ဆင်းရဲ၊ အစိုးလဲ မရပါတကား။
* ဤအဆုတ်ဟာ၊ ငါ့ဥစ္စာ,ငါ၊ ငါ့လိပ်ပြာဟု၊ ဘာတခုမျှ၊ မဟုတ်ကြ၊ ရုပ်မျှသက်သက် ပါတကား။
* ဤသို့ရှုမှတ်၊ သုံးသပ်အပ်၊ ဝိပဿနာ ဖြစ်သတည်း။

အသဲကင်ဆာဖြစ်အံ့ – အသဲဆိုတာ အခေါ်အဝေါ် ပညတ်မျှသာ ဖြစ်သည်၊ စင်စစ်မှာ အသဲသည် ပထဝီဓာတ် နှစ်ဆယ်တွင် ပါဝင်သော ပရမတ် ရုပ်တရားအစစ်ပင်တည်း။ ထို့ကြောင့်—

သမထပွါးရန်မှာ—

"အသဲမဟုတ် ပထဝီဓာတ် လွန်ကဲစိုးအုပ် ရုပ်,ရုပ်၊ ရုပ်,ရုပ်"—

ဤသို့ အကြိမ်များစွာ စီးဖြန်းက သမထ ဘာဝနာဖြစ်၏။

* အသဲပညတ်၊ ပရမတ်၊ ရုပ်ဓာတ်ပထဝီ။
* သတိပဋ္ဌာန်လေးဖြာ၊ ဝင်အပါ၊ ကာယာနုပဿီ။
* ဤသို့ပွါးက၊ သမထ၊ ဖြစ်ကြ ပါသတည်း။

ဝိပဿနာရှုရန်မှာ—

* အသဲမဟုတ်၊ ဖောက်ပြန်ရုပ်မျှ၊ အနိစ္စ ဒုက္ခ အနတ္တာ။
* အသဲမဟုတ်၊ ဖောက်ပြန်ရုပ်ဘဲ၊ မမြဲကေန်၊ အမှန်ဆင်းရဲ၊ အစိုးလဲ မရပါတကား။
* ဤအသဲဟာ၊ ငါ့ဥစ္စာ,ငါ၊ ငါ့လိပ်ပြာဟု၊ ဘာတခုမျှ၊ မဟုတ်ကြ၊ ရုပ်မျှသက်သက် ပါတကား။
* ဤသို့ ရှုမှတ်၊ သုံးသပ်အပ်၊ ဝိပဿနာဖြစ်သတည်း။

သားအိမ်ကင်ဆာဖြစ်အံ့—သားအိမ်ဆိုတာ အခေါ်အဝေါ် ပညတ်မျှသာ ဖြစ်သည်၊ စင်စစ်မှာ သားအိမ်သည် ပထဝီဓာတ် နှစ်ဆယ်တွင် ပါဝင်သော ပရမတ် ရုပ်တရားအစစ်ပင်တည်း။ ထို့ကြောင့်—

**သမထပွါးရန်မှာ—**

"သွားအိမ်မဟုတ် ပထဝီဓာတ် လွှန်ကဲစိုးအုပ်-ရုပ်,ရုပ်၊ ရုပ်,ရုပ်"—

ဤသို့ အကြိမ်များစွာ စီးဖြန်းက သမထဘာဝနာဖြစ်၏။

* သွားအိမ်ပညတ်၊ ပရမတ်၊ ရုပ်ဓာတ် ပထဝီ။
* သတိပဋ္ဌာန်လေးဖြာ၊ ဝင်အပါ၊ ကာယာနုပဿီ။
* ဤသို့ပွါးက၊ သမထ၊ ဖြစ်ကြရပါသတည်း။

**ဝိပဿနာရှုရန်မှာ—**

* သွားအိမ်မဟုတ်၊ ဖောက်ပြန်ရုပ်မျှ၊ အနိစ္စ ဒုက္ခ အနတ္တာ။
* သွားအိမ်မဟုတ်၊ ဖောက်ပြန်ရုပ်ဘဲ၊ မမြဲကေန်၊ အမှန်ဆင်းရဲ အစိုးလဲ မရပါတကား။
* ဤသွားအိမ်ဟာ၊ ငါ့ဥစ္စာ, ငါ၊ ငါ့လိပ်ပြာဟု၊ဘာတခုမျှ၊ မဟုတ်ကြ၊ရုပ်မျှသက်သက် ပါတကား။
* ဤသို့ရှုမှတ်၊ သုံးသပ်အပ်၊ ဝိပဿနာဖြစ်သတည်း။

**နှလုံးကင်ဆာဖြစ်အံ့-**နှလုံးဆိုတာ အခေါ်အဝေါ်ပညတ်မျှသာဖြစ်သည်၊ စင်စစ်မှာ နှလုံးသည် ပထဝီဓာတ် နှစ်ဆယ်တွင်ပါဝင်သော ပရမတ် ရုပ်တရား အစစ်ပင်တည်း။ ထို့ကြောင့်—

**သမထပွါးရန်မှာ—**

"နှလုံးမဟုတ် ပထဝီဓာတ် လွှန်ကဲစိုးအုပ် ရုပ်, ရုပ်၊ ရုပ်, ရုပ်"—

ဤသို့ အကြိမ်များစွာ စီးဖြန်းက သမထဘာဝနာဖြစ်၏။

* နှလုံးပညတ် ပရမတ် ရုပ်ဓာတ်ပထဝီ။
* သတိပဋ္ဌာန်လေးဖြာ၊ ဝင်အပါ၊ ကာယာနုပဿီ။
* ဤသို့ပွါးက၊ သမထ၊ ဖြစ်ကြပါသတည်း။

**ဝိပဿနာရှုရန်မှာ—**

* နှလုံးမဟုတ်၊ ဖောက်ပြန်ရုပ်မျှ၊ အနိစ္စ ဒုက္ခ အနတ္တာ။
* နှလုံးမဟုတ်၊ ဖောက်ပြန်ရုပ်ဘဲ၊ မမြဲကေန်၊ အမှန်ဆင်းရဲ၊ အစိုးလဲ မရပါတကား။

* ဤနှလုံးဟာ၊ ငါ့ဥစ္စာ, ငါ၊ ငါလိပ်ပြာဟု၊ ဘာတခုမျှ၊ မဟုတ်ကြ၊ ရုပ်မျှ သက်သက်ပါတကား။
* ဤသို့ ရှုမှတ်၊ သုံးသပ်အပ်၊ ဝိပဿနာဖြစ်သတည်း။

လည်ချောင်းကင်ဆာဖြစ်အံ့-လည်ချောင်းဆိုတာ အခေါ်အဝေါ်ပညတ်မျှသာဖြစ်သည်၊စင်စစ်မှာ-လည်ချောင်းသည် ပထဝီဓာတ် နှစ်ဆယ်တွင် ပါဝင်သော ပရမတ်ရုပ်တရား အစစ်ပင်တည်း။ ထို့ကြောင့်—

သမထပွါးရန်မှာ—

"လည်ချောင်းမဟုတ် ပထဝီဓာတ် လွန်ကဲစိုးအုပ်-ရုပ်, ရုပ်၊ ရုပ်, ရုပ်"—

ဤသို့ အကြိမ်များစွာ စီးဖြန်းက သမထဘာဝနာဖြစ်၏။

* လည်ချောင်းပညတ်၊ ပရမတ်၊ ရုပ်ဓာတ်ပထဝီ။
* သတိပဋ္ဌာန်လေးဖြာ၊ ဝင် အပါ၊ ကာယာနုပဿီ။
* ဤသို့ပွါးက၊ သမထ၊ ဖြစ်ကြပါသတည်း။

ဝိပဿနာရှုရန်မှာ—

* လည်ချောင်းမဟုတ်၊ ဖောက်ပြန်ရုပ်မျှ၊ အနိစ္စ ဒုက္ခ အနတ္တာ။
* လည်ချောင်းမဟုတ်၊ ဖောက်ပြန်ရုပ်ဘဲ၊ မမြဲကေန်၊ အမှန်ဆင်းရဲ၊ အစိုးလဲ မရပါတကား။
* ဤလည်ချောင်းဟာ၊ ငါ့ဥစ္စာ, ငါ၊ ငါ့လိပ်ပြာဟု၊ ဘာတခုမျှ၊ မဟုတ်ကြ၊ ရုပ်မျှ သက်သက်ပါတကား။
* ဤသို့ ရှုမှတ်၊ သုံးသပ်အပ်၊ ဝိပဿနာဖြစ်သတည်း။

သွေးကင်ဆာဖြစ်အံ့-သွေးဆိုတာ အခေါ်အဝေါ် ပညတ်မျှသာဖြစ်သည်၊ စင်စစ်မှာ သွေးသည် အာပေါဓာတ် တဆယ့်နှစ်ပါးတွင် ပါဝင်သော ပရမတ်ရုပ်တရား အစစ်ပင်တည်း။ ထို့ကြောင့်—

သမထပွါးရန်မှာ—

"သွေးကားမဟုတ် အာပေါဓာတ် လွန်ကဲစိုးအုပ် ရုပ်, ရုပ်၊ ရုပ်, ရုပ်"—

ဤသို့ အကြိမ်များစွာ စီးဖြန်းက သမထဘာဝနာဖြစ်၏။

* သွေးခေါ်ပညတ်၊ ပရမတ်၊ ရုပ်ဓာတ် အာပေါမည်။
* သတိပဋ္ဌာန်လေးဖြာ၊ ဝင်အပါ၊ ကာယာနုပဿီ။
* ဤသို့ ပွါးက၊ သမထ၊ ဖြစ်ကြပါသတည်း။

**ဝိပဿနာ ရှုရန်မှာ—**

* သွေးကားမဟုတ်၊ ဘောက်ပြန်ရုပ်မျှ၊ အနိစ္စ ဒုက္ခ အနတ္တာ။
* သွေးကားမဟုတ်၊ ဘောက်ပြန်ရုပ်ဘဲ၊ မမြဲကေန်၊ အမှန်ဆင်းရဲ၊ အစိုးလဲ မရပါတကား။
* ဤသွေးများဟာ၊ ငါဥစ္စာ,ငါ၊ ငါ့လိပ်ပြာဟု၊ ဘာတခုမျှ၊ မဟုတ်ကြ၊ ရုပ်မျှ သက်သက်ပါတကား။
* ဤသို့ ရှုမှတ်၊ သုံးသပ်အပ်၊ ဝိပဿနာဖြစ်သတည်း။

ဤသို့လျှင် - ဆိုခဲ့ပြီးသောအတိုင်း ဓာတ်ကင်ကြရာ၌ အစမှအဆုံးတိုင် ဤသို့ တောင့်တရှိခိုးမှု စသည်ကို ပြုကြလျှင် ထိုအခိုက် ကုသိုလ်စိတ်တွေ တဖွဲဖွဲ တဖွါးဖွါး ဖြစ်ပွါး နေကြပါသည်၊ ထို ကုသိုလ်စိတ်တွေက မိမိတို့၏ ကျန်းမာရေးကောင်း၍ အသက်ရှည်မှု (ဥပထမ္ဘက)အထောက်အကူ ကေန်ပြုကြ ရရှိကြပါလိမ့်မည်။

**ဝသဘမင်းကြီး လျှောက်ထားချက်။** ။ဤသို့ မိမိတို့အဘို့ သတ္တဝါတို့မှာ ကုသိုလ်ကိုသာ အားကိုးကြရပါသည်၊ **ဥပမာ၊** သီဟိုဠ်ကျွန်း ဝသဘမင်းကြီးဆိုတာ ဗေဒင်ဆရာများက နန်းသက်(၁၂)နှစ်သာ ရှည်မည်ဟု တွက်ချက်ကြသောကြောင့် ထိုမင်းကြီးသည် ရဟန္တာ အရှင်ကောင်း အရှင်မြတ်တို့ထံ ကြိုးနွံ ရှိသေစွာ ချဉ်းကပ်ပြီးလျှင် "အသက်ရှည်ကြောင်း နည်းကောင်း လမ်းကောင်းများရှိပါက တပည့် တော်အား ညွှန်ကြားတော်မူကြပါဘုရား" ဟု လျှောက်ထားလေသည်။

**အသက်ရှည်ကြောင်း တရား(၆)ပါး။** ။ထိုအခါ-ရဟန္တာ အရှင်ကောင်း အရှင်မြတ်တို့က အသက်ရှည်ကြောင်း တရား(၆)ပါး မိန့်ကြား တော်မူကြသည်မှာ—

၁။ ရေစစ်အလှူ၊
၂။ ကျောင်းသစ်အလှူ၊
၃။ ဂိလာန ပုဂ္ဂိုလ်အား လှူဒါန်းမှု၊
၄။ ကျောင်းအို ဗုရားအို စသည်များကို ပြင်ဆင်မှု၊
၅။ ငါးပါးသီလ လုံခြုံမှု၊

၆။ ရှစ်ပါးသီလ စောင့်သုံးမှု၊

ဤခြောက်ပါးတို့ ဖြစ်ပေသည်။

ထို အသက်ရှည်ကြောင်း တရား (၆)ပါးကို ရဟန္တာအရှင်မြတ်များက ဟောကြားတော်မူသည့်အတိုင်း ပြုလုပ်အားထုတ်သော ဝသဘမင်းကြီးမှာ နန်းသက်(၁၂)နှစ် မကဘဲ (၄၄)နှစ် တိုင်အောင် အသက်ရှည်သွားလေသည်။

* ရေစစ်, အာဝါသ၊ဂိလာနဝတ်၊ချွတ်ပျက်ကိုပြင်၊ငါးအင်သီလ၊ဥပေါသထ၊ ခြောက်ဝ သက်ရှည်ကြောင်း။
* သီဟိုဠ်ကျွန်းက၊ ဝသဘ၊ ဟောပြ ရဟန္တာပေါင်း။

ဤဝတ္ထုသာဓကကို ထောက်ဆ၍ ပစ္စည်း ဥစ္စာ မကုန်မကျဘဲနှင့် သရဏဂုံသုံးပါးကို အကြိမ်ကြိမ် ဆောက်တည်မှု, ပုတီးစိတ်မှုကို ပြုလျှင်၎င်း၊ ငါးပါးသီလကို မကျိုးမပေါက် မပြောက်မကြားရအောင် လုံလုံခြုံခြုံထိန်းကြောင်းလျှင်၎င်း အသက်ရှည်ကြောင်းဖြစ်သည် ကို မကျန်းမာခိုက်တွင် အထူးသတိပြုထိုက်လှလေကုန်သတည်း။

**ပညတ် ပရမတ် ခွဲနည်း။** ။အရိုး ကေန်မရှိ၊ ရုပ် ကေန်ရှိ၏။
အဆုတ် ကေန်မရှိ၊ ရုပ် ကေန်ရှိ၏။
အသဲ ကေန်မရှိ၊ ရုပ် ကေန်ရှိ၏။
နှလုံး ကေန်မရှိ၊ ရုပ် ကေန်ရှိ၏။
သားအိမ် ကေန်မရှိ၊ ရုပ် ကေန်ရှိ၏။
လည်ချောင်း ကေန်မရှိ၊ ရုပ် ကေန်ရှိ၏။
သွေး ကေန်မရှိ၊ ရုပ် ကေန်ရှိ၏။

ဤသို့ သိမြင်လျှင် ပညတ်, ပရမတ်ကွဲ၏။
''မရှိ ပညတ်၊ ရှိ ပရမတ်''ဟု အကျဉ်းမှတ်ပါ။

**သက္ကာယဒိဋ္ဌိ စသည်ဖြစ်ပုံ။** ။ရုပ်ကို အရိုးစသည်ဟု ယုံကြည်မှတ်ထင်လျှင် သက္ကာယဒိဋ္ဌိလည်းဖြစ်၏၊ အတ္တဒိဋ္ဌိလည်းဖြစ်၏၊ ဒိဋ္ဌိဂတသမ္ပယုတ်စိတ်လည်းဖြစ်၏၊ ဒိဋ္ဌိစေတသိက်လည်းဖြစ်၏၊ မိစ္ဆာဒိဋ္ဌိမဂ္ဂင်လည်းဖြစ်၏။

ရုပ်ကို ရုပ်-ဟု ကေန်သိမြင်သော ဉာဏ်အမြင်ဖြစ်လျှင် ရူပ ပရိစ္ဆေဒဉာဏ်လည်းဖြစ်၏၊ ယထာဘူတဉာဏ်လည်းဖြစ်၏၊ မဟာကုသိုလ် ဉာဏသမ္ပယုတ်စိတ်လည်းဖြစ်၏၊ အမောဟစေတသိက်လည်းဖြစ်၏၊ သမ္မာဒိဋ္ဌိမဂ္ဂင်လည်းဖြစ်၏။

ထို့အတူ-ကြွင်းသော မိမိဆိုင်ရာ အဆုတ်, အသဲ, သားအိမ်, နှလုံး, လည်ချောင်း, သွေး-ကင်ဆာတို့၌လည်း ဤနည်းအတိုင်းပင် သိကြရန်ဖြစ်သည်။

(သွေး ကင်ဆာဖြစ်အံ့ - ရုပ်ကို သွေးဟု ယုံကြည်မှတ်ထင်လျှင် သက္ကာယဒိဋ္ဌိလည်း ဖြစ်၏၊ အတ္တဒိဋ္ဌိလည်းဖြစ်၏၊ ဒိဋ္ဌိဂတ သမ္ပယုတ်စိတ်လည်းဖြစ်၏၊ ဒိဋ္ဌိစေတသိက်လည်း ဖြစ်၏၊ မိစ္ဆာဒိဋ္ဌိ မဂ္ဂင်လည်းဖြစ်၏။

ရုပ်ကို ရုပ်-ဟု ကောင်းသိမြင်သော ဉာဏ်အမြင်ဖြစ်လျှင် ရူပ ပရိစ္ဆေဒဉာဏ်လည်း ဖြစ်၏၊ ယထာဘူတ ဉာဏ်လည်းဖြစ်၏၊ မဟာကုသိုလ် ဉာဏသမ္ပယုတ် စိတ်လည်းဖြစ်၏၊ အမောဟ စေတသိက်လည်းဖြစ်၏၊ သမ္မာဒိဋ္ဌိ မဂ္ဂင်လည်းဖြစ်၏။)

**ပြဆိုအပ်ပြီးသော လက်ာ၌ နားမလည်သူတို့အတွက် တိုတိုတုတ်တုတ်နှင့် အကျဉ်း ချုပ်မျှ နှလုံးသွင်းနိုင်ရန် တဖန်ပြဆိုပါဦးအံ့။**

၁။ တောင့်တ, ဆိုရာ၌ မြတ်စွာဗုဒ္ဓသည် အောင်ခြင်းရှစ်သွယ်ကို အသင့်လွယ်ကူ အောင်တော်မူပါပြီ၊ ဤသစ္စာစကားကြောင့် ငါ့အား ယခု အောင်ခြင်းမင်္ဂလာ ဖြစ်ပါစေ ဟု တောင့်တပါ။

၂။ ရှိခိုး, ဆိုရာ၌ 'နမော တဿ' ကို သုံးကြိမ်ရွတ်၍ ရှိခိုးပါ။

၃။ မေတ္တာဖြိုးဝေ, ဆိုရာ၌—

* ဇာတိ, အာဏာ, ဝိသယာခေတ်နေ သတ္တဝါတွေ ချမ်းသာကြပါစေ, ချမ်းသာကြပါစေ။
* ဤအရပ်အတွင်းနေ သတ္တဝါတွေ ချမ်းသာကြပါစေ, ချမ်းသာကြပါစေ။
* အရပ်ရပ်သော နတ်ဗြဟ္မာတွေ ချမ်းသာကြပါစေ, ချမ်းသာကြပါစေ။

ဤသို့ လွယ်ကူစွာဖြင့် မေတ္တာပွါးပါ။

၄။ ပွါးလေကမ္မဋ္ဌာန်း စီးဖြန်းဆိုင်ရာ, ဆိုရာ၌ မိမိဆိုင်ရာ ရောဂါအတွက် စီးဖြန်း ပွါးများပုံကို ပြဆိုခဲ့ပါပြီ။

၅။ ဝေဒနာရှု, ဆိုရာ၌ ဤဆင်းရဲလှစွာ ဒုက္ခဝေဒနာသည် အနိစ္စ ကောင်းမမြဲ, ဆင်းရဲ ဒုက္ခ, အစိုးမရ အနတ္တပါတကား၊ ဤဒုက္ခဝေဒနာသည် ငါ့ဥစ္စာ,ငါ၊ ငါ့လိပ်ပြာဟု၊ ဘာ တခုမျှ၊မဟုတ်ကြ၊ နာမ်မျှ သက်သက်ပါတကား....ဤသို့ ကျဉ်းကျဉ်း သုံးကြိမ်မျှ ဝေဒနာကို ရှုပါ။

၆။ သစ္စာပြုပြန်,ဆိုရာ၌ ဗုဒ္ဓမြတ်စွာသည် သူတပါး လုံ့လ ပယောဂဖြင့် ပရိနိဗ္ဗာန် မစံရဘဲ မိမိအလိုအလျောက်သာ ပရိနိဗ္ဗာန်စံတော်မူရ၏၊ ဤမှန်ကန်သော သစ္စာစကား ကြောင့် ငါ့အားလည်း သူတပါး လုံ့လပယောဂဖြင့် အသက်အန္တရာယ် မဖြစ်နိုင်ပါစေ သတည်း၊ ဤသို့ တစုံတခု ချို့ယွင်းတတ်သော စက်ကို ရည်ရွယ်မှုဖြင့် သစ္စာပြုပါလေ။

၇။ တဖန်ရှိဦး,သိုရာ၌ 'တေ မေ နမော တေစ မံ ပါလယန္တု'ထို ငါးသိန်းတသောင်း နှစ်ထောင် နှစ်ကျိပ်ရှစ်ဆူသော ဗုဒ္ဓဘုရားရှင်ကိုယ်တော်မြတ်ကြီးတို့ကို ရိုသေမြတ်နိုးရှိခိုးပါ၏၊ ထို ဗုဒ္ဓဘုရားရှင် ကိုယ်တော်မြတ်ကြီးတို့သည်လည်း အကျွန်ုပ်ကို ယခု ကင်ဆာ လျင်စွာကင်း ပျောက် ချမ်းသာရောက်အောင် စောင့်ရှောက်တော်မူကြပါကုန်ဘုရား။ ထိုမှတပါး—

ဘုန်းကြီးနှင့်တကွ ရှင်ရောလူပါ မကျန်းမာလို့ ဆေးရုံသို့ ရောက်ရှိလာကြတဲ့ သူတွေ ဟာ ရှေးအတိတ်အခါက ပြုလုပ်ခဲ့ကြတဲ့ ပါဏာတိပါတ အကုသိုလ်ကံကြွင်းနှင့် သူတပါး တို့အား ညှဉ်းဆဲ နှိပ်စက်ခြင်း ရိုက်နှက်ပုတ်ခတ်ခြင်းကြောင့်လဲ ဖြစ်နိုင်တယ်၊ အချို့ဝိပါက ဝဋ်ကြောင့်လဲ ဖြစ်နိုင်တယ်။

**အကုသိုလ်ကံ ပေးချိန်တန်က။** ။ဘုန်းကြီးတို့တတွေမှာ အနမတဂ္ဂ သံသရာကစပြီး အတိတ် အခါက အဝိဇ္ဇာ တဏှာ ကိုယ်တွင်း သန္တာန်၌ အရင်းခံ အမှန်ကြီးနေမှုကြောင့် အကုသိုလ်ကံတွေကိုလဲ မရေမတွက်နိုင်အောင် ပြုလာခဲ့ကြတယ်၊ ကုသိုလ်ကံတွေကိုလဲ မရေမတွက်နိုင်အောင် ပြုလုပ်ပါလာခဲ့ကြတယ်။ ဗုဒ္ဓဘုရားရှင်ကိုယ်တော် မြတ်ကြီးသည်ပင် အတိတ်ဘဝက ပြုခဲ့တဲ့ အကုသိုလ်ကံကြောင့်—

※ အကုသိုလ်ကံ၊ ပေးချိန်တန်က၊ သာမန်သတ္တဝါ၊ မဆိုသာပေ—

အရ ဝဋ်တော် (၁၂) ပါး ခံတော်မူသွားရပါသေးတယ်၊ ထို ကုသိုလ်ကံနဲ့ အကုသိုလ်ကံ တို့ဟာ အချင်းချင်း အမြဲတမ်း မတည့်ကြတဲ့ ရန်သူနှစ်ယောက်နှင့် တူကြောင်း 'မိတ္တာပဋိ ပက္ခာ အမိတ္တာ ဝိယ'အစရှိသည်ဖြင့် အဋ္ဌသာလိနီ အဋ္ဌကထာ နှာ-၈၁-၌ ပြဆိုထားပါတယ်။

ဥပမာ–နွားနှစ်ကောင်း ခွေ့ကြတယ်၊ သို့မဟုတ် ကျွဲနှစ်ကောင်ခပ်ကြတယ် ဆိုလျှင် ခွန်အားဗလနှင့် ပြည့်စုံကြီးမားတဲ့ နွားနှင့် ကျွဲကား ကေန်ဘဲ အနိုင်ရသလို ကုသိုလ်နှင့် အကုသိုလ်ကံလဲ အချင်းချင်း စစ်ပွဲဆင်နွှဲသကဲ့သို့ ကုသိုလ်ကံတွေက အားကောင်းတဲ့အလှည့် အကုသိုလ်ကံကို အနိုင်ပြုပြီး 'ဓမ္မော ပါပေတိ သုဂတိံ' ဟူသော ပါဠိတော်[၁]အရ=ယခုလို ပဝတ္တိအခါ ချမ်းချမ်းသာသာ အာနိသံသ အကျိုးဆက်အားဖြင့် ဖြစ်နေရသည်၊ လူ့နတ် ဗြဟ္မာ သုဂတိ ဘုံဘဝသို့ ထိုကုသိုလ်ကံကပင် ရောက်အောင် မြှင့်တင်ပို့ပေးပါတယ်။

အလှန်အားကောင်းတဲ့ အကုသိုလ်ကံက အနိုင်ရတဲ့အခါ-ပဝတ္တိ၌ ယခုလို ကျန်းမာ ရေးချို့တဲ့ အနာရောဂါတွေ များပြားတဲ့ အဖြစ်မျိုး အကျိုးပေးပြီးလျှင် ပဋိသန္ဓေအခါ 'အဓမ္မော နိရယံ နေတိ' ပါဠိတော်[၂]-အရ ငရဲ, တိရစ္ဆာန်, ပြိတ္တာ, အသူရကာယ်, အပါယ် လေးဘုံသို့ ပစ်ချ ပို့ဆောင်ပေးပါတယ်။

ဒါကြောင့်-ဤဆေးရုံသို့ ရောက်လာကြတဲ့အခါ အဟောင်း အကုသိုလ်ကံတွေကို အားရှိအောင် ထောက်ပံ့ပေးရာ မရောက်ရှိဘဲ အကုသိုလ်တရား မဖြစ်ပွါးကြရအောင် အလွန်

---

၁-၂။ ထေရဂါထာ၊ နှာ-၂၇၂။ ဇာတကပါဠိ၊ ပ တွဲ၊ နှာ-၃၅၇။

သတိထားသင့်၊ သတိပြုသင့်ပါတယ်၊ ကုသိုလ်တရားတွေကို အကြိမ်ကြိမ် အထပ်ထပ်ဖြစ်ပွါးစေမှုသာလျှင် သင့်လျော်မည် ဧကန် ဖြစ်ပါတယ်၊ ဤကုသိုလ်ကံတွေနှင့် မကျန်းမာစေကြောင်း ပါလာတဲ့ အကုသိုလ်ကံတွေကို ပြင်းပြင်း ထန်ထန် ဖျက်ဆီး တိုက်ပွဲဆင်ရပါလိမ့်မယ်၊ ယခုလို မကျန်းမာခိုက် အသစ် အကုသိုလ်တရားတွေ များစွာ ဖြစ်ပွါးလျှင်တော့ ဘဝဟောင်းပါလာတဲ့ အကုသိုလ်ကံတွေကို ထောက်ပံ့ အားပေးရာရောက်ပြီး ပို၍ ကျန်းမာရေး မကောင်းမည်ကို စဉ်စားက အလွန်ရင်လေး ကြောက်စရာ ကောင်းလှပါသည်။

ကုသိုလ်တရားတွေ ဖြစ်ပွါးဘို့ ဆိုတာလဲ စိတ်ကောင်း နှလုံးသွင်းကောင်းနှင့် မေတ္တာပွါးခြင်း၊ စသည်ပြုပါက ငွေကြေး မကုန်မကျဘဲနဲ့ ရနိုင်ပါတယ်။

**စက် ၄-ပါးနှင့် ကြုံမှ အကျိုးပေးခွင့်ရ။** ။ဤ နေရာ၌ ကုသိုလ်နှင့် အကုသိုလ်သည် အင်အားရှိရာ နိုင်ရာက အကျိုးပေးသည်-ဟု ဆိုသော်လည်း ဓမ္မသင်္ဂဏီ ပါဠိတော်အရ သတ္တဝါတဦး၏ သန္တာန်၌ ကုသိုလ်ကံတွေများစွာပါရှိပြီး အားရှိသော်လည်း-၁။ ကာလဝိပတ္တိ၊ ၂။ ဂတိဝိပတ္တိ၊ ၃။ ဥပဓိဝိပတ္တိ၊ ၄။ ပယောဂဝိပတ္တိ-ဤ ဝိပတ္တိတရား စက်လေးပါးနှင့် ကြုံကြိုက်သောအခါ အကျိုးပေးခွင့်မရဘဲ အပြန်အားဖြင့် ကာလသမ္ပတ္တိ-စသော သမ္ပတ္တိ စက်လေးပါးတို့နှင့် ကြုံကြိုက်သောအခါမှသာ အကျိုးပေးခွင့်ကို ရရှိပါသည်။

အကုသိုလ်ကံတွေ များစွာပါရှိပြီး အင်အားကောင်းသော်လည်း ကာလသမ္ပတ္တိ (ခေတ်ကောင်း အခါကောင်းနှင့် ပြည့်စုံခြင်း) ဂတိသမ္ပတ္တိ (ကောင်းသော သုဂတိဘုံ၌ ဖြစ်ခြင်း) ဥပဓိသမ္ပတ္တိ (တင့်တယ်သော ရုပ်အဆင်း ဥပဓိနှင့် ပြည့်စုံခြင်း) ပယောဂသမ္ပတ္တိ (လုံ့လ ဝီရိယနှင့် ပြည့်စုံခြင်း) ဤ သမ္ပတ္တိတရား လေးပါးတို့နှင့် ကြုံကြိုက်သောအခါ မကောင်းသော အကျိုးကို ပေးခွင့်မရရှိဘဲ အပြန်အားဖြင့် ဝိပတ္တိတရား လေးပါးနှင့် ကြုံကြိုက်သောအခါမှသာ မကောင်းသော အကျိုးပေးခွင့် ရရှိသည်ကိုလည်း သတိပြုကြကုန်ရာ၏။

ဘုန်းကြီးက ကိုယ်တွေ့ အနေအားဖြင့် ပြောပြရလျှင် ပြီးခဲ့သော နှစ် ဆေးရုံသို့ ပထမ အကြိမ်တက်ရပြီး ရှစ်ကြိမ်မြောက်အထိ တက်ရောက်ကုသရပါတယ်၊ ပထမအကြိမ်တက်စဉ်က လက်မောင်းအရိုး၊ ခါးအရိုး ကင်ဆာဖြစ်၍ ဟိုဘက် ဒီဘက်မျှ မလှည့်နိုင် မလှုပ်နိုင် သူတပါးတို့၏ လှည့်ပေးသည်ကိုလည်း မခံ မရပ်နိုင်ပါ။

ထိုအချိန်က ပဓာန အဓိကအားဖြင့် ဆေးကုသ ပေးနေကြသော ဆရာဝန်ကြီး ဦးမျိုးတင့်၊ သမားတော်-ဒုဗိုလ်မှူးကြီး ကျော်ဝင်း၊ ဆရာဝန်ကြီး ဦးစိုးမြင့်၊ ဆရာဝန်ကြီး ဒေါ်ခင်မာ အစရှိသော ဆရာ၊ဆရာမတွေကလဲ "သေမှာဘဲ" ဟု ထင်ကြသည်၊ ဘုန်းကြီး၏ ပစ္စည်းလေးပါး ဒကာ ဒကာမတွေကလဲ ရင်တမမနှင့် အလွန်စိုးရိမ်ကြသည်၊ တပည့် ကြီးငယ် သံဃာတော်အပေါင်းတွေကလဲ ထိုနည်းအတူ "ရတော့မှာ မဟုတ်" ဟု ထင်မြင်ယူဆ

ကြသည်၊ အခြား သီတင်းသုံးဖေါ် သံဃာတော် အချို့ကလဲ ထိုအချိန်က သတင်းစာ နာရေးကြော်ငြာ အခန်းကိုဘဲ အထူးဂရုစိုက် နေရကြောင်းကို ပြောပြကြပါသည်။

**တရားနှလုံးသွင်းပုံ။** ။ဘုန်းကြီးကိုယ်တိုင်ကလဲ—

ဇိဏ္ဏာ အင်္ဂါ စ ဒုာရ္ စ၊ ဂတ္တာနိ န ဝဟန္တိ မေ။

ဇိဏ္ဏောဝ သကဋ္ဋော ဘာရံ၊ သာယံ လောကဿ ဓမ္မတာ။

ပျက်စီးယွင်းယိုနေသော လှည်းအို လှည်းပျက်ကြီးသည် ထိုထို ဝန်ကို မဆောင်ရွက် နိုင်သကဲ့သို့ သုံးရာသော အရိုးကြီးငယ်တို့သည်၎င်း၊ ကိုးရာသော အကြော ကြီး ငယ်တို့ သည်၎င်း၊ တနေ့ထက် တနေ့ ဆွေးမြေ့ ယိုယွင်း အိုမင်းကုန်သောကြောင့် လေးလံ လှစွာ သော ငါ၏ ခန္ဓာဝန်ကို မဆောင်ရွက်နိုင်ကြပါကုန်တကား၊ ဤသို့လည်း နှလုံးသွင်း နေရဆဲ ပင် ဖြစ်ပါသည်။

ထိုအခါ-ဘုန်းကြီးသည် ပြဆိုလတ္တံ့ သမထ,ဝိပဿနာတရားများကိုသာ အားကိုး အားထားဖြင့် အမြဲအားထုတ် နှလုံးသွင်းဆင်ခြင်ပုံမှာ—

* အကုသိုလ်ကံ၊ ပေးချိန်တန်သော်၊ သာမာန်သတ္တဝါ၊ မဆိုသာပေ၊ စောထွေ ဘုန်းမော်၊ မြတ်ဇိနော်လည်း၊ လွတ်သော်မမျှ၊ ဝဋ်တော်ထိ၏။ စိုးစိသူငါ၊ ရှေးခါသူ့ညှင်း၊ ရိုက်ပုတ်ခြင်းနှင့်၊ သတ်ခြင်းကံကြွင်း၊ ဝဋ်မကင်းမို့၊ ကျန်းမာချို့ပျက်၊ ဆေးရုံတက်နေ၊ ဒွိတတွေမှာ၊ များစွာကုသိုလ်၊ ရဘို့ လို၏။ ကုသိုလ် ပင့်ထောက်၊ ကျန်းမာ ရောက်လိမ့်၊ သိစိမ့် မှတ်ဘွယ်၊ အန္တရာယ်ခပင်း၊ လွတ်ကင်းဂါထာ၊ ကြိမ်တရာကျော်၊ မြတ်ဇိနော်ကို၊ ကော်ရော်ရှိခိုး၊ အားကိုးသရဏဂုံ၊ ဂုဏ်တော်ထုံပွါး၊ မေတ္တာများနှင့်၊ ရှုပြားဝေဒနာ၊ သစ္စာပြုဘိ၊ အင်္ဂါကမ္မဋ္ဌာန်း၊ စီးဖြန်းဆိုင်ရာ၊ သေမှာမမေ့၊ စေ့စေ့ရှုသား၊ ပွါးသမထ၊ ဝိပဿနာ၊ ခါခါဖန်ဖန်၊ ရုပ်နာမ်ဓမ္မ၊ သခ်ါရတို့၊ ဖြစ်ကပျက်စဲ၊ မမြဲကေန်၊ အမှန်ဆင်းရဲ၊ စိုးလဲမရ၊ ထိုမှတပြာ၊ ငါ့ဥစ္စာ,ငါ၊ ငါ့လိပ်ပြာဟု၊ ဘာတခုမျှ၊ မဟုတ်ကြတုံ၊ ရှုပွါးထုံသော်၊ ကြည်ယုံ မွေ့လျော်၊ ကိုယ်,စိတ်ပျော်သည်၊ သေသော် ဂတိကောင်းဘို့တည်း။

၎င်းလင်္ကာ၌—

၁။ **အန္တရာယ်ခပင်း၊ လွတ်ကင်းဂါထာ**-ဆိုရာ၌ အများ ရွတ်ဆိုနေကြဖြစ်သော သမ္ဗုဒ္ဓေ အန္တရာယ်ကင်းဂါထာပင် ဖြစ်ပါသည်၊ အထူးအားဖြင့် အန္တရာယ်ကင်း အမွန်းတင် ကိုလည်း အထူးရွတ်ဆို ပွါးများလျက် ကြိုက်နှစ်သက်သူများ နည်းယူကြရန် အစုံပင် ဖေါ်ပြလိုက်ပါသည်။

## အဂ္ဂမဟာပဏ္ဍိတ စည်ရှင်ဆရာတော်ဗရားကြီး ပြင်ဆင် ရေးသားတော်မူအပ်သော သမ္ဗုဒ္ဓေဂါထာပါဌ်, အနက် ဗရားရှိခိုး

သမ္ဗုဒ္ဓေ အဋ္ဌဝီသဉ္စ၊ ဒွါဒသဉ္စ သဟဿကေ။
ပဉ္စသတံ သဟဿာနိ၊ နမာမိ သိရသာမဟံ။
တေသံ ဓမ္မဉ္စ သံဃဉ္စ၊ အာဒရေန နမာမဟံ။
နမက္ကာရာ နုဘာဝေန၊ ဟတ္တာ သဗ္ဗေ ဥပဒ္ဒဝေ၊
အနေကေ အန္တရာယာပိ၊ ဝိနဿန္တု အ သေသတော။ ။

အဋ္ဌဝီသံ၊ ဒီပင်္ကရာ အစပြုသည့် သချာ်တွက်ယူ နှစ်ကျိပ်ရှစ်ဆူသော။ သမ္ဗုဒ္ဓေ စ၊ လေးသင်္ချေတွင်း ဉာဏ်ရောင်လင်း၍ အပ်နှင်းဗျာဒိတ် မိန့်တော်ငြိမ့်သည့် ကိုယ်, နှုတ်, စိတ် ဆုပန် မြတ်စွာဗရားတို့ကိုရင်း။ ဒွါဒသဉ္စ သဟဿကေ၊ ဖြူမ္ဘာ့, ဒေဝ အဦးစသည့် ရေဆ မြားမြောင် ဘသောင်းနှစ်ထောင်ကုန်သော။ သမ္ဗုဒ္ဓေ စ၊ ကိုးသင်္ချေတွင်း ဂုဏ်ရောင်လင်း၍ ရှစ်စင်းရိပ်ဖြူ ဆောင်းတော်မူသည့် သယမ္ဘူ အရဟံ နှုတ်ဆုပန် မြတ်စွာဗရားတို့ကိုရင်း။ ပဉ္စသတံ သဟဿာနိ၊ပုရာဏ်သကျ ဂေါတမမှ ဦးစမှတ်ထိန်းငါးသိန်းကုန်သော။သမ္ဗုဒ္ဓေ စ၊ ခုနစ်သင်္ချေတွင်း ဂုဏ်ရောင်လင်း၍ ကြိုင်သင်းမွှေးကြူ ရန့်လူသည့် သယမ္ဘူ အရဟံ စိတ် ဆုပန် မြတ်စွာဗရားတို့ကိုရင်း။ အဟံ၊ အကျွန်ုပ်သည်။ သိရသာ၊ ဦးခေါင်းရတနာ အမြတ် ဆုံး ကိုယ်အင်္ဂါဖြင့်။ နမာမိ၊ ဦးညွတ်ဝတ်လျှိုး ရှိခိုးပါ၏ဗရား။

တေသံ၊ ထို ငါးသိန်းတသောင်း နှစ်ထောင်ဆောင်း၍ နောက်နှောင်း သယမ္ဘူ နှစ်ကျိပ်ရှစ်ဆူသော မြတ်စွာဗရားတို့၏။ ဓမ္မဉ္စ၊ မဂ်,ဖိုလ်,နိဗ္ဗာန်,ဓမ္မက္ခန်ဟု ဆယ်တန်သော တရားတော်ကိုရင်း။ သံဃဉ္စ၊ လေးစုံရှစ်ပြာ အရိယာသံဃာတော်ကိုရင်း။ အာဒရေန၊ ရိုသေလေးစား ဝတ်တွားကြိုးနွံစွာဖြင့်။ အဟံ၊ ရုပ်နာမ်နှစ်ပြာ ငါးခန္ဓာကို ငါဟုသမုတ် အကျွန်ုပ်သည်။ နမာမိ၊ ဦးညွတ်ဝတ်လျှိုး ရှိခိုးပါ၏ဗရား။

နမက္ကာရာ နုဘာဝေန၊ နမောကာရ ပဏာမစေတနာတော်၏ အာနုဘော် စွမ်း ပကား ပစ္စယသတ္တိတရားသည်။ နမက္ကာရာ နုဘာဝေန၊ နမောကာရ ပဏာမစေတနာတော်၏ အာနုဘော်စွမ်းပကား ပစ္စယသတ္တိတရားဖြင့်။ မယာ၊ ငါသည်။ ဟတ္တာ၊ ချေမှုန်းဖျက် ဆီး သတ်အပ်ပြီးဖြစ်ကုန်သော။ သဗ္ဗေ၊ ကြွင်းမဲ့ဉဿုံ အလုံးစုံကုန်သော။ ဥပဒ္ဒဝေ၊ ကိုယ် ဥ္ဓကပ်လျက် ကမြက်မြက်ဖြင့် နှိပ်စက်တတ်သော ဥပဒ္ဒဝေါတို့သည်ရင်း။ အနေကေ၊တပါး မက များပြားလှကုန်သော။ အန္တရာယာပိ၊ ဘေးအတန်တန် ရန်အသွယ်သွယ် အန္တရာယ်ဟူ သမျှတို့သည်ရင်း။ အ သေသတော၊ အမြစ်အရင်း အကြွင်းမရှိသောအားဖြင့်။ ဝိနဿန္တု၊ သမုစ္ဆေမဂ် ကြွင်းမဲ့ဖျက်သို့ ပျောက်ပျက် လွင့်စင်ကြစေကုန်သတည်း။

## သမ္ဗုဒ္ဓေ-အန္တရာယ်ကင်း၊ အမွန်းတင်ပါဠိ၊ အနက်

(သမ္ဗုဒ္ဓေ အဋ္ဌဝီသဉ္စ) ဗုဒ္ဓေါ မေ နာထော၊ သတ္တပါကာရံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
ဣ-သွာ-သု၊ ဗုဒ္ဓံ သရဏံ ဂတော၊ သဗ္ဗဘယာ ဝိနဿန္တု။

(ဒွါဒသဉ္စ သဟဿကေ) ဓမ္မော မေ နာထော၊ သတ္တပါကာရံ ဓမ္မံ သရဏံ ဂစ္ဆာမိ၊
ဣ-သွာ-သု၊ ဓမ္မံ သရဏံ ဂတော၊ သဗ္ဗရောဂါ ဝိနဿန္တု။

(ပဉ္စသတံ သဟဿာနိ) သံဃော မေ နာထော၊ သတ္တပါကာရံ သံဃံ သရဏံ ဂစ္ဆာမိ၊
ဣ-သွာ-သု၊ သံဃံ သရဏံ ဂတော၊ သဗ္ဗဒုက္ခာ ဝိနဿန္တု။

(တေသံ ဓမ္မဉ္စ သံဃဉ္စ၊ အာဒရေန နမာမဟံ၊ နမက္ကာရာ နုဘာဝေန) အ-ဥ-မ။

(ဟတာ သဗ္ဗေ ဥပဒ္ဒဝါ)မ-ဥ-အ။

(အနေကေ အန္တရာယာပိ ဝိနဿန္တု အသေသတော) သုညဗုဒ္ဓေါ ပဋိမာဗုဒ္ဓေါ အရဟံ
ဘဂဝါ-တိ။

**အနက်။** ။(သမ္ဗုဒ္ဓေ အဋ္ဌဝီသဉ္စ) ဗုဒ္ဓေါ၊ သစ္စာလေးပါး ဉေယျငါးကို ပိုင်းခြား သိမြင် ဗုဒ္ဓါရှင်ကိုယ်တော်မြတ်ကြီးသည်။ မေ၊ ရုပ် နာမ် နှစ်ဖြာ ငါးခန္ဓာကို ငါဟု သမုတ် သေရလတ္တံ ဖြစ်ပါသော အကျွန်ုပ်၏။ နာထော၊ မှီခိုကိုးစား အားထား ကိုးကွယ် ရာပါတည်း။ သတ္တပါကာရံ၊ တံတိုင်း ခုနစ်တန် ကာရန်မခြား အလားတူသော။ ဗုဒ္ဓံ၊ မြတ်စွာဗုဒ္ဓါကို။သရဏံ၊ ဘေးရန်ပယ်ရှား ချမ်းသာပွါး၍ အားထားရာအစစ် ကိုးကွယ်ရာ ဖြစ်၏ဟူ၍။ ဂစ္ဆာမိ၊ ယုံကြည်အားကိုး မြတ်နိုးစိတ်စွဲ မှီဝဲဆည်းကပ် သိမှတ်ပါ၏။

ဣ-သွာ-သု၊ ဣတိပိသော သွာက္ခာတော သုပ္ပဋိပန္နော-အစရှိသော ရတနာသုံးပါး တို့တွင်-ဗုဒ္ဓံ၊ မြတ်စွာဗုဒ္ဓါကို။ သရဏံ၊ ဘေးရန်ပယ်ရှား ချမ်းသာပွါး၍ အားထားရာအစစ် ကိုးကွယ်ရာဖြစ်၏ ဟူ၍။ ဂတော၊ ယုံကြည်အားကိုး မြတ်နိုးစိတ်စွဲ မှီဝဲဆည်းကပ်ပါ၏။ သဗ္ဗဘယာ၊ ကြောက်ဘွယ်မဟေး အလုံးစုံသော ဘေးရန်ဟူသမျှတို့သည်။ ဝိနဿန္တု၊ ဗုဒ္ဓါမြတ်ကို ဆည်းကပ်တွက်ကြောင့် ပျောက်ပျက်လွင့်စင် ကြပါစေကုန်သတည်း။

(ဒွါဒသဉ္စ သဟဿကေ)ဓမ္မော၊မဂ်ဖိုလ် နိဗ္ဗာန် ဓမ္မက္ခန်ဟု ဆယ်တန်သော တရားတော်မြတ်သည်။ မေ၊ ရုပ် နာမ်နှစ်ခု ပေါင်းစုသမုတ်၊ သေရလတ္တံ့သော အကျွန်ုပ်၏။ နာထော၊ မှီခိုကိုးစား အားထားရာပါတည်း။သတ္တပါကာရံ၊ တံတိုင်း ခုနစ်တန် ကာရံမခြား အလားတူသော။ ဓမ္မံ၊ ဆယ်တန်သော တရားတော်မြတ်ကို။ သရဏံ၊ ဘေးရန်ပယ်ဖျောက် ချမ်းသာရောက်အောင် စောင့်ရှောက်ကွယ်ကာ ကိုးကွယ်ရာဟူ၍။ ဂစ္ဆာမိ၊ မလှုပ်မတုန် သဒ္ဓါဟုန်ဖြင့် ယုံကြည်အားကိုး မြတ်နိုးစိတ်စွဲ မှီဝဲဆည်းကပ် သိမှတ်ပါ၏။

ဣ-သ္မာ-သု၊ ဣတိပိ သော သွာက္ခာတော သုပ္ပဋိပန္နော-အစဖြာသော ရတနာသုံးပါးတို့တွင်-ဓမ္မံ၊ တရားတော်မြတ်ကို။ သရဏံ၊ ဘေးရန်ပယ်ဖျောက် ချမ်းသာရောက်အောင် စောင့်ရှောက်ကွယ်ကာ ကိုးကွယ်ရာဟူ၍။ ဂတော၊ မလှုပ်မတုန် သဒ္ဓါဟုန်ဖြင့် ယုံကြည်အားကိုး မြတ်နိုးစိတ်စွဲ မှိုဝဲဆည်းကပ် သိမှတ်ပါ၏။ သဗ္ဗရောဂါ၊ လုံးစုံများစွာ ကျင်နာခံဆိုး ရောဂါအမျိုးမျိုးတို့သည်။ဝိနဿန္တု၊ တရားမြတ်ကို ဆည်းကပ်တွက်ကြောင့် ပျောက်ပျက် လွင့်စင်ကြပါစေကုန်သတည်း။

(ပဥ္စသတံ သဟဿာနိ)သံဃော၊ အရိယာရှစ်ဖေါ် သံဃာတော်သည်။ မေရုပ်နာမ်နှစ်ခု ပေါင်းစပ်ပုံ၍ ငါဟုသမုတ် သေရလတံ့ ဖြစ်ပါသော အကျွန်ုပ်၏။ နာထော၊ မှီခိုကိုးစား အားထားရာပါတည်း။ သတ္တပါကာရံ၊ တံတိုင်းခုနစ်တန် ကာရန်မခြား အလားတူသော။ သံဃံ၊ ရှစ်ယောက်ရိယာ သမုတိသံဃာကို။ သရဏံ၊ အပါယ်ငရဲ ဝဋ်ဆင်းရဲမှ ပြတ်စဲကင်းပျောက် နိဗ္ဗာန်ရောက်ဘို့ ထောက်ရာတည်ရာ ကိုးကွယ်ရာဟူ၍။ ဂစ္ဆာမိ၊ မလှုပ်မတုန် သဒ္ဓါဟုန်ဖြင့် ယုံကြည်အားကိုး မြတ်နိုးစိတ်စွဲ မှိုဝဲဆည်းကပ်ပါ၏။

ဣ-သ္မာ-သု၊ဣတိပိ သော သွာက္ခာတော သုပ္ပဋိပန္နော-အစဖြာသော ရတနာသုံးပါးတို့တွင်-သံဃံ၊ ယခုလက်ရှိ သမ္မုတိနှင့် အရိယာရှစ်ဖေါ် သံဃာတော်မြတ်ကို။ သရဏံ၊ အပါယ်ငရဲ ဝဋ်ဆင်းရဲမှ ပြတ်စဲကင်းပျောက် နိဗ္ဗာန်ရောက်ဘို့ ထောက်ရာ တည်ရာ ကိုးကွယ်ရာဟူ၍။ ဂတော၊ မလှုတ်မတုန် သဒ္ဓါဟုန်ဖြင့် ယုံကြည်အားကိုး မြတ်နိုးစိတ်စွဲ မှိုဝဲဆည်းကပ် သိမှတ်ပါ၏။ သဗ္ဗဒုက္ခာ၊ လုံးစုံများလှ ဆင်းရဲဒုက္ခဟူသမျှတို့သည်။ ဝိနဿန္တု၊ သံဃာမြတ်ကို ဆည်းကပ်တွက်ကြောင့် ပျောက်ပျက် လွင့်စင်ကြပါစေကုန်သတည်း။

(တေသံ ဓမ္မဥ္စ သံဃဥ္စ အာဒရေန နမာမဟံ နမက္ကာရာနုဘာဝေန) အ-ဉ-မ၊ ဉုံ-ရောဂါကင်းကြောင်း ဆုမွန်တောင်း၍ ကောင်းခြင်းမင်္ဂလာ ဖြစ်ပါစေ။

(ဟတာ သဗ္ဗေ ဉပဒ္ဒဝါ) မ-ဉ-အ၊ ဉုံ-ရောဂါဝေဒနာ ကင်းကွာစေကြောင်း ကောင်းမြတ်မင်္ဂလာ ဖြစ်ပါစေ။

(အနေကေ အန္တရာယာပိ ဝိနဿန္တု အသေသတော) သုညဗုဒ္ဓေါ၊ အတ္တ,အတ္တနိယ စသည်တို့မှ ကင်းဆိတ်သော ဗုရားဖြစ်တော်မူသော။ (ဝါ)အစိုးရလတ် မြဲနေတတ်သူ ခံစားသူနှင့် ပြုမူတည်ထွင် စီရင်တတ်သူ မပြုပြတ်ရှင်း ပုဂ္ဂိုလ်မှကင်းဆိတ်တော်မူ၍ ဗုရားဖြစ်တော်မူသော။ ပဋ္ဋိမာဗုဒ္ဓေါ၊ ရှေးဗုရားတို့အတူ ဗုရားဖြစ်တော်မူသော။ ဘဂဝါ၊ ဣဿရိယ, ဓမ္မ,ယသ,သိရိ,ကာမ,ပယတ္တ-တည်းဟူသော ဘုန်းခြောက်ပါးသခင် ဗုရားရှင်သည်။အရဟံ၊ ပြဟ္မာ, နတ်,လူ သုံးဘုံသူတို့ ကြည်ဖြူကော်ရော် အပူဇော်အတန်တန် အလှူတော်မှန်သမျှ ခံယူတော်မူထိုက်ပါပေစွ တကား။ (ဝါ) ကိလေသာမာန် ကိုယ်တွင်းရန်ကို မင်္ဂဉာဏ်မြတ်ဖြင့် ပယ်သတ်တော်မူပြီးပါပေစွတကား။ ဣတိ၊ ဤလျှင် အန္တရာယ်ကင်းပြတ် စကားရပ် အပြီးသတ်တည်း။

မှတ်ချက်။ ။ဤ အနက်ရှာယ်ကင်း သမ္မုဒ္ဒေ-ဂါထာ၏ အမှန်းတင်ကို ယိုးဒယား ဆရာတော်ဘုရားကြီး တပါးထံမှ ရရှိထားသည်ဖြစ်၍ အများမှတ်သားရန် ကြံစည်ညာဏ်ဖြင့် အနက်, မြန်မာ ပြန်ဆိုထားပါသည်။

၂။ **ကြိမ်တရာကျော် မြတ်ဇိနေ်ကို ကော်ရော်ရှိခိုး** ဆိုရာ၌-အကြိမ်တရာကျော်မျှ ပုတီးစိပ်၍ ဗုရားကို ရှိခိုးခြင်း။

၃။ **အားကိုး သရဏဂုံ** ဆိုရာ၌-ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ-စသည်ဖြင့် သရဏဂုံ သုံးပါးကို အားကိုး အားထားပြု၍ ပုတီးစိပ်ခြင်း။

၄။ **ဂုဏ်တော်ထုံပွါး** ဆိုရာ၌ - အရဟံ၊ အရဟံ - စသည်ဖြင့်၎င်း၊ သော ဘဂဝါ ဣတိပိ အရဟံ၊ သော ဘဂဝါ ဣတိပိ အရဟံ-စသည်ဖြင့်၎င်း၊ ဂုဏ်တော်ကိုးပါး,ဆယ်ပါးကို အထပ်ထပ် ပွါးများခြင်း။

၅။ **မေတ္တာများနှင့်** ဆိုရာ၌-ဘုန်းကြီးသည် ဆေးရုံပေါ်သို့ ရောက်လာတဲ့ အချိန်ကစ၍ ငါနှင့် လူမမာ အားလုံးတို့ ယခုလို ချမ်းသာစွာ နေရအောင် ဆေးပစ္စည်းများနှင့် တကွ အဆောက်အဦကြီးတွေ မပျက်စီးရအောင် ထိန်းသိမ်း စောင့်ရှောက်ပေးတဲ့ အစိုးရမင်းများကိုလဲ မေတ္တာပို့တယ်၊ ဆရာဝန်ကြီး ဆရာမကြီးများမှစ၍ ဆရာ,ဆရာမ ကြီးငယ် အပေါင်းတွေကိုလဲ မေတ္တာပို့တယ်၊ လူမမာအပေါင်းတွေကိုလဲ မေတ္တာပို့တယ်။

ရဟန်းကျင့်ဝတ် ခြောက်ပါးမှာလဲ "သတ္တဝါ အပေါင်းတွေကို မေတ္တာပို့ရမယ်" လို့ မြတ်စွာဘုရား ဟောကြားတော်မူခဲ့ပါတယ်။

၆။ **ရှုပြား ဝေဒနာ** ဆိုရာ၌-"ငါ၏ ဒုက္ခဝေဒနာသည် အနိစ္စ ကေန်မပြဲ, ဆင်းရဲဒုက္ခ, အစိုးမရ-အနတ္တပါတကား၊ ဤ ဒုက္ခဝေဒနာဟာ ငါ့ဉစ္စာ,ငါ ငါ့လိပ်ပြာဟု ဘာတခုမျှ မဟုတ်ကြ နာမ်မျှ သက်သက်ပါတကား"-ဟူ၍၎င်း၊ 'အယံ ဒုက္ခာ ဝေဒနာ အနိစ္စာ သင်္ခတာ ပဋိစ္စသမုပ္ပန္နာ ခယဓမ္မာ ဝယဓမ္မာ ဝိရာဂဓမ္မာ နိရောဓ ဓမ္မာ'-ဟူ၍၎င်း ဒုက္ခဝေဒနာကို ဝိပဿနာရှုခြင်း။

၇။ **သစ္စာပြုဘိ** ဆိုရာ၌—

> "အဌာန မေတံ ဘိက္ခဝေ အနဝကာသော၊ ယံ ပဂ္ဂပက္ကမေန တထာဂတေ ဇီဝိတာ ဝေါရောပေယျ၊ အနုပက္ကမေန ဘိက္ခဝေ တထာဂတာ ပရိနိဗ္ဗာယန္တိ။ (စူဠဝါ ပါဠိတော် နှာ ၃၅၅။) ဧတေန သစ္စဝဇ္ဇေန ပရူပက္ကမေန မမမ္ပိ အညော ဇီဝိတာ မာ ဝေါရောပေတု"—

အရ-ဗုဒ္ဓမြတ်စွာ၏ အသက်တော်ကို သူတပါး ပယောဂဖြင့် အန္တရာယ်မပြုနိုင်၊ သူတပါး ပယောဂကင်း၍ မိမိတို့ အလို အလျောက်သာ မြတ်စွာဘုရားရှင်တို့သည် ပရိနိဗ္ဗာန် စံလွန်တော်မူကြကုန်၏၊ ဤသို့ မှန်ကန်သော သစ္စာစကားကြောင့် ငါ့ကိုလည်း တပါးသောသူသည် အသက်အန္တရာယ် မပြုနိုင်ပါစေသတည်း-ဤသို့သစ္စာပြုခြင်း။

၈။ **အင်္ဂါကမ္မဋ္ဌာန်း စီးဖြန်းဆိုင်ရာ** ဆိုရာ၌-မိမိမှာ အရိုးကင်ဆာဖြစ်၍—

အင်္ဂါ,အင်္ဂါ၊ အင်္ဂါ,အင်္ဂါ၊ အရိုးစု,အရိုးစု၊ အရိုးစု,အရိုးစု-

ဤသို့ သမထ ဘာဝနာပွါးခြင်း။

* အရိုးမဟုတ်၊ ဖောက်ပြန်ရုပ်မျှ၊ အနိစ္စ ဒုက္ခ အနတ္တာ။

အရိုးစု မှန်သမျှ၊ အနိစ္စ ဒုက္ခ အနတ္တာ။

အရိုးစုဟာ- ငါ့ဥစ္စာ, ငါ၊ ငါ့လိပ်ပြာဟု၊ ဘာတခုမျှ၊ မဟုတ်ကြ၊ ရုပ်မျှ ဆက်သက်ပါတကား—

ဤသို့ ဝိပဿနာကမ္မဋ္ဌာန်းကို စီးဖြန်း ပွါးများခြင်း။

၉။ **သေခြင်းမမေ့ စေ့စေ့ရှုသား ပွါးသမထ** ဆိုရာ၌-ထိုအခိုက်၌ ဤကိုယ်ခန္ဓာ ကျင်နာခံခက် ဘေးဒဏ်ချက်ကြောင့် ပက်လက်တခါ မှောက်တခါနှင့် ဘယ်ညာပြောင်း လှည့် စောင်းငဲ့မရ ဆင်းရဲလှစွာ ခံနေရသည်ဖြစ်ရာ-ငါသည် ခုသေမည်လားမသိ တော် တော်ကြာ သေမည်လားမသိ သေရချည်သေး၍,သေရချည်သေး၍၊ ငါသည် နက် ဖြန် သေ မည်လားမသိ သဘက်သေမည်လားမသိ၊ ငါသည် ဤလ သေမည်လားမသိ ထိုလ သေမည် လားမသိ၊ ငါသည် ဤနှစ် သေမည်လားမသိ ထိုနှစ် သေမည်လားမသိ သေရချည်သေး၍, သေရချည်သေး၍၊ ဤသို့ ပညတ်နည်းအားဖြင့်ရှုင်း။

ရုပ်နာမ်တွေ ခုဖြစ်,ခုပျက်နေပါတကား၊ ရုပ်နာမ်တွေ ခုများစွာဖြစ် ခုများစွာ ပျက်၍ နေပါတကား၊ ရုပ်နာမ်တွေ ခု မရေမတွက်နိုင်အောင်ဖြစ် ခု မရေမတွက်နိုင်အောင် ပျက်၍နေပါတကား-ဤသို့ ပရမတ်နည်းအားဖြင့်ရှုင်း။

အဓုဝံ မေ ဇီဝိတံ၊ ငါ၏ရုပ်နာမ်ဖြစ်ပျက် အသက်ဇီဝိန်သည် မမြဲ။ ဓုဝံ မေ မရဏံ၊ ငါ၏ ခန္ဓာပျက်ကြွေ သေရခြင်းသည်ကား မြေ လက်ခတ်မလွဲ မြဲလှချေ၏ - ဤသို့ စသည် ဖြင့်ရှုင်း၊ သေခြင်းတရားကို အထူးစူးစိုက်စွာ ပွါးများနေရခြင်း။

၁၀။ **ဝိပဿနာ ခါခါဖြန့်ဖန်-စသည်** ဆိုရာ၌-ပုဂ္ဂိုလ် သတ္တဝါ သူငါမဟုတ် ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏမည် ဤငါးလီသော ခန္ဓာ ရုပ်နာမ် တရားတို့သည် ဖြစ်ငြားပျက်စဲ အမြဲမရှိ အနိစ္စ, အနိစ္စ၊ ဖြစ်ချည် ပျက်ချည် အတည်မကျ ခံနေရသဖြင့် ဆင်းရဲလှသောကြောင့် ဒုက္ခ, ဒုက္ခ၊ ခန္ဓာငါးတန် ရုပ်နှင့်နာမ်တို့သည် တားမနိုင် ဆီးမရ အနှစ်သာရကင်းပ အစိုးမရ အနတ္တ, အနတ္တ၊ ဤသို့ စသည်ဖြင့် ဝိပဿနာ လက္ခဏာယဉ် တင်ကာ စီးဖြန်းခြင်းအစရှိသော အလုပ်ဖြင့် ဝေဒနာဘက်သို့လဲ မလှည့်မိခြင်း ပျင်းရိကင်း၍ တရားနှလုံးသွင်း ဆင်ခြင်ပြီးလျှင် စိတ်ပျော် ကိုယ်ပျော် ရှိသကဲ့သို့ ဖြစ်နေပါသည်။

**ဗဟုသုတဖြစ်ဖွယ်။** ။ငရှေးအခါက နှုတ်ခမ်းမွေး ဦးဥာဏဝံသ ခေါ် နိုင်ငံကျော် ဆရာ တော်ဗရားကြီးကို အထူးသတိရရှိ အလွန် ကြည်ညိုမိပါသည်၊ ထို ဆရာတော်ဗရားကြီးကား ရွှေပြည်မြို့နယ် ညောင်ချောင်းရွာ၌ သီတင်းသုံးတော်မူပါ၏။

အခါတပါး ဆရာတော် အရှင်ဉာဏဝံသသည် ထိန်တော မိုးညှိမြို့၌ တရားဟော ပြောခိုက် ရှာပြင် သရက်ဥယျာဉ်အတွင်း တဲကျောင်း၌ တနေ့လုံး တပါးတည်းသာ သိတင်း သုံး နေတော်မူသည်ဖြစ်ရာ ညနေပိုင်း လာရောက်ဖူးမျှော်ကြသော ဒကာအများတို့တွင် တဦးသောဒကာက "အရှင်ဘုရားတပါးတည်း တနေ့လုံး သိတင်းသုံးနေရသည်မှာ ပျင်းရိ တော် မမူပါလားဘုရား" ဟု လျှောက်ထားသဖြင့် ဆရာတော်က ပြန်ပြီး မိန့်ကြားသည်မှာ—

"အို-ဒကာ ငါ့မှာ အဖော်တွေနှင့်နေတာဘဲ, ဘယ်မှာလျှင် ပျင်း မလဲ မြတ်စွာဘုရားတည်းဟူသော အဖော်လည်းရှိတယ်၊ အဋ္ဌကထာဆရာ, ဋီကာဆရာတည်းဟူသော အဖော်တွေလဲရှိတယ်။

ငါ့မှာ ပါဠိတော်တွေကို ကြည့်ရှုနေတာက မြတ်စွာဘုရားရဲ့ တရား စကားတော်တို့ကို နာယူနေသည်နှင့် တူတယ်၊ ပါဠိတော်ဗုဒ္ဓစကား၌ မရှင်းတာရှိရင် ကိုယ့်ဉာဏ်မရှင်းရင် အဋ္ဌကထာကို ကြည့်ရှုရပြန်တော့ အဋ္ဌ ကထာဆရာကြီးနှင့် စကားပြောနေရသည်နှင့် တူတယ်၊ အဋ္ဌကထာစကားမှ မရှင်းပြန်လျှင် ဋီကာတွေကြည့်ရှုပြန်တော့လဲ ဋီကာဆရာတွေနှင့် စကား ပြောနေသည်နှင့် တူပါတယ်။

ဒါ့ကြောင့်-ငါ့မှာ ဗုဒ္ဓရှင် ကိုယ်တော်မြတ်ကြီး, အဋ္ဌကထာ ဆရာကြီး, ဋီကာဆရာကြီးတွေနှင့် စကားပြော လျှောက်ထားမေးမြန်း နာ ယူနေရတဲ့အတွက် မပျင်းပါဘူး"—

ဟု အမိန့်ရှိတော်မူပါတယ်။

ဘုန်းကြီးမှာလဲ ပြဆိုခဲ့သောအတိုင်း သမထ ဝိပဿနာ ဘာဝနာတရားတွေနှင့် ပျော်မိခဲ့လို့ ယခုလို ကျမ်းစာရေးနိုင်သည်အထိ ကျန်းမာရေး ရရှိသည်ဟု ယုံကြည်စွာ ပူဇာ မိပါသည်။

ထိုခဲ့ပြီး-ညောင်ချောင်းရွာ ဆရာတော်ဘုရားကြီး၏ ပါဠိ, အဋ္ဌကထာ, ဋီကာတွေ ကြည့်၍ ပျော်နေခြင်းမျိုးကို ရည်ရွယ်၍ ဒုတိယ ရွှေကျင်သာသနာပိုင် ဒီပရင်းဆရာတော် ဘုရားကြီးက ဘုန်းကြီးလုပ်ရတာ ကြီးလေ, ဆိပ့်လေ, ကြီးလေ ဆိပ့်လေ-ဟု မိန့်တော်မူဘူး ပါသည်။

အဆိုပါ ညောင်ချောင်းရွာ ဆရာတော်ဘုရားကြီးကို နှုတ်ခမ်းမွေး ဉူးဉာဏသ ဟု ခေါ်ကြပုံကို ခုခေတ် ရဟန်းငယ် ရှင်ငယ် ပူငယ်တို့ သိကြမည်မဟုတ်ဟု ယူဆမိပါ တယ်၊ ထို ဆရာတော်ဘုရားကြီးသည် သိဟိုဠ်ကျွန်း၌ သိတင်းသုံးပြီး ပြန်လာတော်မူတဲ့အခါ "မြတ်စွာဘုရား က ကေသမဿုံ ဩဟာရေတွာ-ဆံမုတ်ဆိတ်ကိုသာ ပယ်ရမယ်၊ နှုတ်ခမ်း မွေးကို ပယ်ဘိုမလိုဘူး အယူအဆဖြင့် ထိုဆရာတော်ဘုရားကြီး ရေးသားသော စာအုပ်၌ ရုပ်ပွါးတော်ကြီးမှာ နှုတ်ခမ်းမွေး ချိပ်ကော့နေသည်ကို ကိုရင်ဘဝက တွေ့မြင်ခဲ့ရ ဘူးပါ တယ်၊ ထို ဆရာတော်ဘုရားကြီးဝါဒကို ဆရာတော်များက လက်မခံကြပါဘူး၊ ဒါ့ကြောင့် မာန်လည်ဆရာတော်ဘုရားကြီး က—

လုပ်ငန်းရှဲပို၊ နှုတ်ခမ်းကို သူကြည်ညိုတဲ့ သီဟိုဠ်ပြန်ဖုန်း။
စဉ်ရှေးဟို၊ ဖင်မွေးကို ဘယ်လိုဆိုပ၊ သီဟိုဠ်ပြန်ဆရာညာဏ်ရဲ့၊
အပါဒါန် ရွှေစာတန်းလို့ရယ်-ကျမ်းပြပါအုန်း။

ဤသို့ မေးမြန်းတော်မူသည်၊ ဤစကားမှာ ဗဟုသုတအလို့ငှါသာ ဖြစ်ပါ၏။

မှတ်ချက်။ ။ပြဆိုအပ်ခဲ့ပြီးသော''အန္တရာယ်ခပင်း၊ လွတ်ကင်းဂါထာ၊ကြိမ်တရာကျော်၊ မြတ်ဗိုနေ်ကို၊ ကော်ရော်ပျိုခိုး၊ အားကိုးသရဏဂုံ'' အစရှိသည်ဖြင့် ဘုန်းကြီးနှလုံးသွင်း အားထုတ်ပုံ အစီအစဉ် အလုပ်ရပ်တို့ကို ဖေါ်ပြခဲ့သည်မှာ မိမိ၏ ဂုဏ်ပကာသနမှုကို ထင်ရှားအောင်ပြုလို၍မဟုတ်ပါ၊ တရားချစ်ခင် သူတော်စင်တို့အား နည်းနာများကို ယူစေလိုသော စိတ်ကောင်း စေတနာကောင်း ဆန္ဒကောင်းတို့ဖြင့်သာ ဖေါ်ပြခြင်းဖြစ်ပါသည်။

ထိုသို့ တရားများကို စိတ်ဝင်စားစွာ ပွါးများ အထူး နှလုံးသွင်းစဉ်အခါက မိမိအသက်ကို အထူးကယ်ဆယ်စောင့်ရှောက်သော ဆရာဝန်ကြီး ဦးပျိုးတင့်က သတိရှိသူဖြစ်၍ ရိပ်စားမိဟန် တူပါတယ်၊ ''ဘုန်းကြီးဘုရား-ဦးနှောက်ကို သိပ်အသုံးပြုတဲ့ အလုပ်မျိုးကိုတော့ နည်းနည်း လျှော့စေချင်ပါတယ်''ဟု လျှောက်ထားပါတယ်။

ဤနေရာ၌ အရေးအကြီးဆုံးကတော့ ဗုဒ္ဓ၊ဓမ္မ၊သံဃာ ရတနာသုံးပါးကို မလှုပ်မတုန် သက်ဝင် ယုံကြည်သော သဒ္ဓါတရားနှင့် အခုလို မကျန်းမာတဲ့ ဘေးဒဏ် ရန်မာရ် အန္တရာယ် ကြုံလာတဲ့အခါ ဗုဒ္ဓကို အားကိုးမယ်၊ ဗုဒ္ဓကို ဆည်းကပ်မယ်၊ ဗုဒ္ဓနှင့် ကာကွယ်မယ်၊ ဓမ္မကို အားကိုးမယ်၊ ဓမ္မကို ဆည်းကပ်မယ်၊ ဓမ္မနှင့် ကာကွယ်မယ်၊ သံဃာကို အားကိုးမယ်၊ သံဃာကို ဆည်းကပ်မယ်၊ သံဃာနှင့် ကာကွယ်မယ်-လို့ နှစ်နှစ်သက်သက် သက်ဝင်ယုံကြည်စွာ သဒ္ဓါတရားအစစ်ဖြစ်ဘို့ အရေးအကြီးဆုံးပါဘဲ။

ဒီလို သဒ္ဓါတရားနှင့် ပြည့်စုံမှုမျိုးကို ရခဲတဲ့ ဒုလ္လဘတရားငါးပါးထဲတွင် တပါးအပါအဝင်အဖြစ်ဖြင့် ဗုဒ္ဓရှင်က နေ့စဉ် နေ့တိုင်းပင် ဟောကြားတော်မူခဲ့ပါတယ်။

ဘုန်းကြီးကိုယ်တွေ့။ ။ဤနေရာမှာ ဘုန်းကြီး၏ ကိုယ်တွေ့တခု ပြောပြလိုပါတယ်၊ တနေ့တွင် ဆရာဝန်ကြီး ဒေါ်ခင်မာကိုယ်တိုင် ထိုးဆေးကို၍ ခြင်ဆိုများကို လာရောက်ဖေါက်ယူပါတယ်၊ ထိုအခါ ဘုန်းကြီးသည် ''ဗုဒ္ဓလောင်း ဥဒေါင်းမင်းရဲ့ သည်းခြေ''လို့ ဆိုကြတဲ့-တော မေ န မော ့တော စ မံ ပ ါလ ယန္တု၊ ဤနှစ်ပိုဒ်ကို လေးလေးစားစား ဗုဒ္ဓရှင်အများ ဉာဏ်ထင်မြင်လာအောင် အာရုံယူပြီး စူးစူးစိုက်စိုက် ရှိခိုးပြီး တောင့်တပါဘဲ။ ထို နှစ်ပိုဒ်ရဲ့ အဓိပ္ပါယ် တိုတိုက—

ငါးသိန်းတသောင်း နှစ်ထောင် နှစ်ကျိပ်မှစ်မူသော ဗုဒ္ဓရှင် ကိုယ်တော်မြတ်ကြီးတို့ကို ဝါ-ဂဂ်ါဝါဠု သဲစုမက ပွင့်တော်မူကြပြီး ပွင့်တော်မူ

ကြဆဲ ပွင့်တော်မူလတ္တံ့ဖြစ်သော အရိမေတ္တေယျ အစရှိသော ဗုရားရှင် ကိုယ်တော်မြတ်ကြီးတို့ကို ပြင်းထန်ဆိုးစွာ ရိုးကင်းဆာစွဲကပ်လာသော ငါသည် ထိုကင်ဆာရောဂါ လျင်စွာ ပျောက်ကင်းလိုသောအား ဝတ်တွား ရိုကျိုး လွန်အားကိုးစွာ ရှိခိုးပါ၏ဗုရား၊ ထိုဗုရားရှင် ကိုယ်တော်မြတ်ကြီး အပေါင်းတို့သည် ရုပ် နာမ်နှစ်ဖြာ ခန္ဓာငါးခု ငါဟုသမုတ် အကျွန်ုပ်ကို အရိုးကင်ဆာ ဆိုးဝါးစွာကို လျင်စွာကင်းပျောက် ချမ်းသာရောက်အောင် စောင့်ရှောက်တော် မူကြပါကုန်ဗုရား။

၎င်း အမိပ္ပါယ်များကို ယုံကြည်နှစ်ချိုက် စိုက်စိုက်စူးစူး အထူးနှလုံးသွင်း ဆင်ခြင်၍ အဆိုပါ 'တေ မေ နမော, တေ စ မံ ပါလယန္တု'ကို အထပ်ထပ် ရွတ်ဆိုနေပါသည်၊ တုံဆေးထိုးသော အပ်ကြီးမှာ ဗန်ချည်အိတ် ချုပ်သော အပ်ပမာမျှရှိပါသည်၊ ဆရာဝန်ကြီး ဒေါ်ခင်မာက ထို တုံဆေးထိုးရာ "အရှင်ဗုရား ဘယ်လိုလဲ"၊ "မနာပါဘူး ဆရာမ"ဟု ဖြေ၍ ရွတ်မြဲ ပြန်ရွတ်သည်၊ ဆရာဝန်ကြီးက တုံဆေးထိုးလိုက်၊ တဖန် "ဘယ်လိုလဲ" မေးလိုက် "အနည်းငယ် အောင့်သက်သက်ဘဲရှိပါတယ်"ဖြေပြီး သဲသဲမဲမဲ အားခဲ၍ ရွတ်မြဲ ပြန်ရွတ်ဆိုပါသည်။

ပြီးသောအခါ ဆရာဝန်ကြီး ဒေါ်ခင်မာက "အရှင်ဗုရား နာရီဝက်လောက် ငြိမ်ငြိမ် သက်သက်နေပါ၊ တုံဆေးပြယ်က နာလာပါလိမ့်မည်"ဟု လျှောက်ထားသွားပါသည်၊ ငြိမ်သက်စွာနေ၍ နာမည့်အချိန်ကို စောင့်ဆိုင်း စူးစိုက်မျှော်ရှုရာ မည်သည့်အချိန်၌ မည်သို့မျှ ပရွက်ဆိပ် ကြမ်းပိုး ကိုက်သလောက်မျှ နာကြင်မှုမရှိပါ။

နောက်နေ့ နံနက်စောစောတွင် ဆရာဝန်ကြီး ဒေါ်ခင်မာ လာရောက်၍ "အရှင်ဗုရား မနေ့က ဘယ်လိုနေပါသလဲ"ဟု လျှောက်ထားရာ မည်သည့်အချိန်၌ မည်သို့မျှ မနေပါဟု ပြန်ပြောရာတွင် "အရှင်ဗုရား တပည့်တော်မက သိပ်အံ့သြပါတယ်ဗုရား"ဟု လျှောက်ထားပြီး ဝမ်းမြောက်စွာ ပြန်သွားပါသည်။

အချို့ဆရာဝန်တို့က "ဒီကိုယ်တော်ကြီး ဆေးကောင်း ဝါးကောင်းရှိဟန်တူတယ်"လို့ ပြောဆိုကြသြားရပါတယ်၊ ဘုန်းကြီး၏ ဆေးကောင်း ဝါးကောင်းကတော့ အထက်က ရေးသားပြခဲ့တဲ့ 'တေ မေ နမော၊ တေ စ မံ ပါလယန္တု'ဘဲ အစစ်ဖြစ်ပါတော့သတည်း။

## ဆေးရုံတက်ဝိုက် ဆရာတော် အရှင်ဇနကာဘိဝံသထံမှ သြဝါဒ (ပေးစာ)

အမရပူရမြို့၊ မဟာဂန္ဓာရုံ၊ ကျေးဇူးရှင် အဂ္ဂမဟာပဏ္ဍိတ အရှင်ဇနကာဘိဝံသ အထံတော်မှ တပည့်ကြီးဖြစ်သော ဘုန်းကြီး ဆေးရုံတက်နေခိုက်တွင် သြဝါဒပေးတော်မူသော အချက်များကို အများသိသင့် သိထိုက်၍ နှလုံးသွင်းရန် ကောင်းလှသဖြင့် အောက်၌ ဖော်ပြလိုက်ပါသည်။

ဝိသုဒ္ဓါရုံ ဆရာတော်ထံ

သီတင်းကျွတ်လဆန်း (၅)ရက်

ပို့လိုက်သောစာ ယနေ့ရပါသည်။

၁။ ဘုန်းကြီးတို့သည် ပထမအရွယ်၌ မိမိပညာရေးဖြင့် အချိန်ကိုကုန်စေခဲ့ကြ၏။

၂။ ဒုတိယအရွယ်၌ မိခိုသူများ၏ ပညာရေးဖြင့် အချိန်ကို ကုန်စေခဲ့ကြ၏။ ထိုအရွယ်နှစ်မျိုး၌ စိတ်ထားအလိုက် ကုသိုလ် အနည်း အများရခဲ့ကြသော်လည်း အားကိုးလောက်သော ကုသိုလ်များ မဟုတ်ကြသေး။

၃။ တတိယ အရွယ်၌ကား လာမည့်ဘဝနှင့် နီးကပ်လှပြီ ဖြစ်သောကြောင့် လာမည့် ဘဝအတွက် စိတ်ချရလောက်အောင် အဆင်သင့် ပြုထားသင့်သည်ဟု ယူဆပါသည်၊ ထို့ကြောင့် ''ဘာလုပ်နေပါတုန်း''-ဟု မေးလျှင် **''သေဘို့ပြင်နေသည်''**-ဟု ဖြေဆိုရပေလိမ့်မည်။

ထို့နောက် ဆက်လက်၍ ဦးဝါသဝအတွက် ကျန်းမာရေး တစ တစ ကောင်းဘို့ဘက်က အားရှိနေပါပြီ၊ ကျန်းမာရေးကောင်းသည့် အခါ၌ဖြစ်စေ၊ ကောင်းဘို့ရန် ရှေးရှုနေသော အခါ၌ဖြစ်စေ၊ တမလွန်အတွက် စိတ်ချရအောင် အချိန်ရှိသမျှ သတိထား၍ ပြုပြင်ဘို့ရန် တိုက်တွန်းပါသည်။

တောင်မြို့၊ ဘုန်းကြီး

အရှင်ဇနကာဘိဝံသ အထံတော် ပြန်ကြားစာ

၁၃၃၉-ခု၊ သီတင်းကျွတ်လဆန်း (၈)ရက်

ကျေးဇူးရှင် ဆရာတော်ဘုရား အထံတော်

ရိုသေလေးမြတ်စွာ ပြန်ကြား လျှောက်ထားအပ်ပါသည်ဘုရား၊ ဆရာတော်ဘုရား ဘုံမ မိန့်ကြားတော်မူအပ်သော ဩဝါဒ အချက်တို့ကို တပည့်ကြီး၏ ယိုပ်ထက်၌ မယ်နသံမှုဖြင့် နှက်သကဲ့သို့ နှက်သက်လေးစား နှလုံးသွင်းရှိသည်အားပျော်စွာ လွန်ခဲ့သော သုံးနှစ်ခန့်လောက်ကပင် ရှေးဆရာတော်ကြီးများ သိတင်းသုံးတော်မူသွားသော သစ်ပင်တောတောင် အထပ်ထပ်တို့ဖြင့် ရစ်ပတ်မှိုင်းညို နေဘို့ရာ ကောင်းသော နောက်တောရကျောင်းကို ထိန်းသိမ်းပိုင်ဆိုင်သူ ဘုန်းကြီး ဦးဇာဂရထံမှ အသက် (၇၀) ပြည့်၍ ဝါ (၅၀)ရသောအခါ ကပ္ပိယ တယောက်နှင့် ဤဗရားအန်းတွင် နေထိုင်ရန် အလှူခံ ပြောဆိုထားပြီးဖြစ်ပါသည်။

ယခုအခါ မမျှော်လင့်ဘဲ ရောဂါဆိုး ဝင်ရောက်နှိပ်စက်သဖြင့် ရှေ့ဆက်လက်၍ ကံကြမ္မာ မည်သို့ ဖန်တီးဦးမည်ကို မလျှောက်ထားတတ်အောင် ဖြစ်နေပါသည်ဘုရား။

တပည့်ကြီး

ဝါသဝ

ဝိသုဒ္ဓါရုံ၊ ရန်ကုန် (ခေဗ္ဗ၊ ဆေးရုံကြီး)

# ရုပ်နာမ်တရား

ရှေးဦးစွာ ဤရုပ်တရား နာမ်တရားတို့ကို တိုတိုတုတ်တုတ်အားဖြင့် ယခုဘ၀ ဗုဒ္ဓဘာသာ ၀င်ဖြစ်သူ သားတော်, ဗုဒ္ဓဘာသာဝင်ဖြစ်သူ အားလုံးတို့ အလွန်ပင် သိသင့် သိထိုက်လှပါသည်၊ ယခု ကဲ့သို့ ဗုဒ္ဓမြတ်စွာ သာသနာတော်အတွင်း၌သာ ထိုရုပ်,နာမ်နှစ်ပါးတို့၏ သဘောသဘာ၀ အဓိပ္ပါယ်များကို သိရှိ နားလည်နိုင်ကြပေ၏။

ဗုဒ္ဓမပွင့် သာသနာပ အခါကာလ၌ကား ရုပ်,နာမ်နှစ်ပါးတို့၏ ခြားနားသော သဘော အဓိပ္ပါယ်များကို သိဘို့မဆိုထားပါနှင့် ရုပ်ဟူသောအသံ, နာမ်ဟူသောအသံ, နိဗ္ဗာန်ဟူသော အသံကိုသော်မျှ မကြား မသိနိုင်ကြရပါ၊ ထိုရုပ်,နာမ်တို့၏ သဘောကို မသိကြလျှင် မျက်စိမြင်သော်လည်း အကန်း အန္ဓပုထုဇဉ်ပင်ဖြစ်၏၊ မဂ်,ဖိုလ်,နိဗ္ဗာန်ကို မသိနိုင် မရောက်နိုင်ပါ၊ ရုပ်,နာမ်,ခန္ဓာ, အာယတန, ဓာတ်, ပဋိစ္စသမုပ္ပါဒ် စသော တရားများကို ဆွေးနွေးမေးမြန်းခြင်း, ဆောင်ရွက်နာကြားခြင်းရှိမှသာ ကလျာဏ ပုထုဇဉ်ကောင်း ဖြစ်ကြပါသည်၊ အန္ဓပုထုဇဉ်အဖြစ်မှ လွတ်မြောက်၍ ထိုကလျာဏပုထုဇဉ်အဖြစ်သို့ ရောက်ရှိမှသာ မဂ်,ဖိုလ်,နိဗ္ဗာန်သို့ မျက်မှောက်ပြုနိုင် ရရှိနိုင်ကြပါသည်။

သို့ဖြစ်ရာ ရှေးဆရာတော်ဗုဒ္ဓကြီးများ၏ ဩ၀ါဒအရ တိုတိုတုတ်တုတ် အချုပ်မှာ-

"မသိလျှင်ရုပ်, သိလျှင်နာမ်၊ မသိလျှင်ရုပ်, သိလျှင်နာမ်"

ဤမျှမှတ်သား သိရှိနိုင်လျှင် နာမ်နှင့်ရုပ်ကို ပိုင်းခြားပြီးသိသော နာမရူပ ပရိစ္ဆေဒဉာဏ်, ဟုတ်မှန်စွာ သိသော ယထာဘူတဉာဏ်, အမြင်မှန်ဖြစ်၍ သမ္မာဒိဋ္ဌိဉာဏ်ဖြစ်ကြ၏။

ကာယ၌တည်ရှိ မည်သည့်အရာကိုမျှ အာရုံမယူတတ်,အာရုံကို မသိတတ်၍ ရုပ်ဟုဆိုရသည်၊ ထိုထို အာရုံအမျိုးမျိုးကိုသိတတ်သော စိတ်,စေတသိက်များကို နာမ် ဟုဆိုရသည်၊ နိဗ္ဗာန်သည်လည်း အာရမ္မဏ်က တရားများကို ငြိမ်းအေးပေါ်သို့ ညွှတ်လာစေမှုကြောင့် နာမ် တရားပင်ဖြစ်သည်၊ ဤကား-ရုပ်နှင့်နာမ်ကို အလွယ်ဆုံးနည်းအားဖြင့် သိရန် မှတ်ရန်ဖြစ်သည်။

တနည်းအားဖြင့် အချမ်းအပူ ဆန့်ကျင်ဘက်အကြောင်းနှင့် ထမင်းဆာလောင်ခြင်း, ရေငတ်ပြင်း,မှက်-ခြင်-လေ-နေပူ-မြွေကင်းတို့၏ ကိုက်ခဲထိပါးခြင်းအကြောင်းကြောင့်လည်း တမျိုးတပုံအားဖြင့် ဖောက်ပြန်ပြောင်းလဲသွားတတ်သောကြောင့် ရုပ်ဟုဆိုရသည်။

နာမ်တရားများလည်း ခုလောဘဖြစ်လိုက်, ခုဒေါသဖြစ်လိုက်-ဤသို့ ပြောင်းလဲ ဖောက်ပြန်တတ်သော်လည်း ရုပ်တရားကဲ့သို့ အဖြစ်လေး အပျက်လေး ထပ်ဆက်မဟုတ်၍ ဖောက်ပြန်သည်ဟု မဆိုရ၊ နာမ်တရားကား တွေ့ဆက်ကဲ့သို့ဖြစ်၍ အဖြစ်မြန် အပျက်မြန်၏။

'နမတီတိ နာမံ' အာရုံသို့ညွှတ်တတ်သော တရားကို နာမ်တရားဟု ဆိုပါသည်၊ ညွှတ်ပုံ ပြည့်စုံမှာ-ဥပမာ။-စိတ်ဟူသော နာမ်တရားသည် အာရုံနှင့် ကင်း၍ မဖြစ်နိုင်၊ အာရုံအားလုံး အကြောင်းပြု အမှီပြုရမှသာ ဖြစ်ပေါ်နိုင်သည်၊စက္ခုဝိညာဏ်စိတ်သည် အဆင်း

မျိုးစုံ ရူပါရုံသို့ ညွတ်နေသည်၊ ထို ရူပါရုံကို အာရုံပြုရမှသာ မြင်သိစိတ် ဖြစ်လာရသည်၊ ထို့ကြောင့် အာရုံသို့ ညွတ်တတ်သောကြောင့် နာမ်ဟုဆိုရသည်မှာ ဆိုင်ရာအာရုံပေါ်သို့ ရှေးရှုနေခြင်းမျိုးကို ဆိုရသည်။

နမနံ အဝိနာဘာဝတော အာရမ္မဏာဘိမုခတာ (မူလဋီကာ ၁၊ နှာ-၅၆၊)

* မသိတာ ရုပ်၊ ဖေါက်ပြန် ရုပ်၊ တိုချုပ်နှစ်လီ ရုပ်ခေါ်သည်။

* အာရုံညွတ်ဘိ၊ အာရုံသိ၊ နှစ်ရှိ နာမ်ခေါ်သည်။

ဤလင်္ကာများအရ-ပြဆိုခဲ့ပြီးသောအတိုင်း မသိတတ်သောကြောင့် ရုပ်၊ တနည်း၊ ဖေါက်ပြန်တတ်သောကြောင့် ရုပ်-ဟု ဆိုလိုသည်။

အဆင်းစသော ထိုထိုအာရုံသို့ ညွတ်တတ်သောကြောင့် နာမ်၊ တနည်း၊ အဆင်းစသော ထိုထိုအာရုံကို သိတတ်သောကြောင့် နာမ်-ဟု ဆိုလိုသည်၊ အရေးကြီးလှပါသည်၊ တိကျပြတ်သားစွာ မှတ်သားစေလိုပါသည်။

များစွာသော လူ,နတ်,ဗြဟ္မာ သတ္တဝါတို့သည် အဟုတ်အမှန်အားဖြင့် ဤ ရုပ်နာမ် နှစ်ပါးကို မသိ မမြင်နိုင်ကြသောကြောင့် သံသရာတခွင်၌ သတ္တဝါအကောင် မဟုတ်သော နာမ်နှင့် ရုပ်ကို အဟုတ်သတ္တဝါကောင်အစစ်ဟု - စွဲလမ်း မှတ်ထင်နေကြကုန်၏၊ သတ္တဝါမဟုတ်သော ရုပ်နှင့် နာမ်ကို ပိုင်ပိုင်နိုင်နိုင် အဟုတ်သိ တကယ်သိ မသိနိုင်ကြမှုကြောင့် အိုမင်း၏ ပိုင်နက်, နာမင်း၏ ပိုင်နက်, သေမင်း၏ ပိုင်နက်, အပါယ်မင်း၏ ပိုင်နက်တို့မှ မလွတ်ထွက်နိုင်ကြဘဲ ထို သေမင်းစသည်တို့၏ နိုင်ငံထံမှောက်သို့ ကသိ ကအောက်နှင့် အဖန်ဖန် ရောက်နေကြရကြောင်းကို –'အဂ္ဂေဿယျသညိနော သတ္တာ' အစရှိသည်ကို ဗုဒ္ဓမြတ်စွာသည် သဂါထာဝဂ္ဂသံယုတ်ပါဠိတော် နှာ-၁၁-၌ ဟောတော်မူပါသည်။

ထို ရုပ်,နာမ်နှစ်ပါးသာ ဖြစ်သော်လည်း အလွန်ကျယ်ဝန်းလှပေသည်၊ လေ ရေ မြေ စကြဝဠာ, ဆားငံသမုဒ္ဒရာ, ကျွန်းကြီးလေးကျွန်း, ကျွန်းငယ်နှစ်ထောင်, တောင်စဉ်ခုနစ်ထပ်, သမုဒ္ဒရာအလယ်မှာ ရှစ်သောင်းလေးထောင် မြင့်မိုရ်တောင်နှင့်တကွ အပါယ်လေးဘုံ, လူ့ပြည်, နတ်ပြည်ခြောက်ထပ်, ဗြဟ္မာ့ဘုံနှစ်ဆယ် ဤသို့စသည့် ဩကာသ လောကကြီးသည် ထူးထွေဆန်းပြား အလွန်များ၏၊ အပါယ်သတ္တဝါ, လူ, နတ်, ဗြဟ္မာ, သတ္တဝါ ဤသို့စသည့် သတ္တလောကကြီးသည်လည်း ထူးထွေဆန်းပြား အလွန်များ၏၊ ထိုသို့ပင် များသော်လည်း အခေါ်အဝေါ်အမည် ပညတ်အားဖြင့်သာ များလေသည်။

ဉပမာဆိုသော် သဲ,ထုံး,အုတ်,ဘိလပ်မြေ-လေးပါးရောစပ် ပြုလုပ်အပ်သော အင်္ဂတေ ရုပ်တွေသည် ပုံသဏ္ဌာန် ဘယ်လောက် ဆောင်ဆောင် အရေအတွက် ဘယ်လောက်ပင် များသော်လဲ အမှန်စင်စစ်မှာ သဲ, ထုံး, အုတ်, ဘိလပ်မြေ-လေးပါးသာရှိသကဲ့သို့ ထို့အတူ ပညတ်ကို ပယ်ရှား၍ ပရမတ်အားဖြင့် အဟုတ်ရှိ တကယ်ရှိကို ရေတွက်သော်-ရုပ်

တရား နာမ်တရား နှစ်ပါးသာရှိသည်၊ ထို ရုပ်,နာမ်နှစ်ပါးကို နုတ်ပယ်လိုက်က တလောက လုံးမှာ ဘာမျှမရှိတော့ချေ၊ သို့ မရှိသော်လည်း ထို ရုပ်,နာမ်ကိုပင် တဏှာ,မာန,ဒိဋ္ဌိအားဖြင့် ပုဂ္ဂိုလ်,သတ္တဝါ ငါ့ဥစ္စာ,ငါကောင်, သူကောင်အားဖြင့် ထင်မှားစွဲလမ်း၍ နေကြလေသည်၊ မစွဲလမ်းမိရန် သတိပြုကြကုန်ရာ၏။

ကျက်မှတ်ရန်လင်္ကာ ✻ ရုပ်တရား,နာမ်တရား၊ ဤနှစ်ပါးတို့၏၊ ဖြစ်ခြားပေါင်းစု၊ ငါ ဟု လည်း မဆိုအပ်၊ သူ ဟုလည်း မဆိုအပ်၊ ငါ့ဟာ, သူ့ဟာ ဟုလည်း မဆိုအပ်၊ ငါကောင် သူကောင်ဟုလည်း မဆိုအပ်၊ ဟုတ်ယောင် မှတ်သည့်၊ မျက်လှည့်တံလျှပ်အသွင်၊ ဖြစ်လျှင်ပျက်စဲ၊ မမြဲကေန်၊ မှန် ဆင်းရဲလှ၊ နှစ်သာရကင်းပ၊ စိုးမရခြား၊ အထင်မှားအောင်၊ လှည့် စားတတ်သည့်၊ ဤ ခန္ဓာကိုယ်ပါ မြတ်စွာဗုဒ္ဓ။

ဝိပဿနာရှုရန် — ရူပံ အနိစ္စံ, ဒုက္ခံ, အနတ္တာ၊ နေတံ မမံ၊ နေသောဟမသ္မိ၊ န မေသော အတ္တာ။

နာမံ အနိစ္စံ, ဒုက္ခံ, အနတ္တာ၊ နေတံ မမံ၊ နေသောဟမသ္မိ၊ န မေသော အတ္တာ။

နာမရူပံ အနိစ္စံ, ဒုက္ခံ, အနတ္တာ၊ နေတံ မမံ၊ နေသောဟမသ္မိ၊ န မေသော အတ္တာ။

✻ ရုပ်နာမ် ဟူသမျှ၊ အနိစ္စ, ဒုက္ခ, အနတ္တာ။
ရုပ်နာမ်ဟူသမျှ၊ အနိစ္စ-မှချမမြဲ,ဆင်းရဲဒုက္ခ,အစိုးမရ အနတ္တ။

ထိုမှတပြာ၊ ငါ့ဥစ္စာ,ငါ၊ ငါ့လိပ်ပြာဟု၊ ဘာတခုမျှ၊ မဟုတ်ကြ၊ ရုပ်နာမ်မျှပါတကား။

ပဋ္ဌနာ။ ။“ဉာတ,တီရဏ၊ ပဟာန၊ သုံးဝ ပရိညာ”အရ ဤ ရုပ်နာမ်တို့ကို သဘာဝနှင့် ဟက္ခ ရုပ်တွေနာမ်တွေ တခြားစီနေအောင် ပိုင်းခြားသိမြင်နိုင်သော ဉာတ ပရိညာဖြင့်ရှင်း၊ ထို ရုပ်နာမ်တို့၏ ဖြစ်ပျက်မစဲ အမြဲမရှိသော အနိစ္စသဘော,ကြောက်စရာ လန့်စရာ ဆင်းရဲသော ဒုက္ခသဘော, ယူစရာ ရစရာ အနှစ်အသားမရှိ အနတ္တသဘောတို့ကို ပိုင်းခြား သိမြင်နိုင်သော တီရဏ ပရိညာဖြင့်ရှင်း၊ ထိုသို့ သိမြင်ပြီးနောက် တဏှာ,မာန, ဒိဋ္ဌိတို့ကို ပယ်ရှင်း၍ အလင်းသို့ရောက်သော ပဟာန ပရိညာဖြင့်ရှင်း-အသိကြီး သိပြီးလျှင် အလုံးစုံ [illegible]ပ နိဗ္ဗာန်ရ၍ အအေးကြီးအေးကြပါစေကုန်သတည်း။

## အကျိုးတရားနှင့် အကြောင်းတရား

ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်နည်းကို ဗုဒ္ဓဘုရားရှင်တိုင်းလည်း ဟောတော်မူခဲ့ပါသည်၊ ဗုဒ္ဓဘာသာဝင် မှန်သမျှတို့မှာ အကျိုးနှင့် အကြောင်းဟူသော ပဋိစ္စသမုပ္ပါဒ်နည်းကို သိနားလည်ဘို့ နှလုံးသွင်း သတိပြုထိုက်လှပါသည်။

သံသရာစသော အကျိုးတရားတို့၏ ဖြစ်ပေါ်လာဘို့ရာ အဝိဇ္ဇာစသော အကြောင်းတရားတို့ကို ပဋိစ္စသမုပ္ပါဒ်ဟု ခေါ်၏၊ ထို ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်ကို အရကျက်ဘို့ရာလည်း အလွန်ကောင်းလှပါသည်၊ ထိုနည်းကို နားမလည် မသိရှိက ဗုဒ္ဓဘာသာ ပိသဿူ ဘာသာရေး အခြေခံတရားများကို နားလည်သူ မဟုတ်သေးဟု-ဆိုရပါမည်၊ ပဋိစ္စသမုပ္ပါဒ်တရားဆိုတာ အကျိုးနှင့် အကြောင်း, အကြောင်းနှင့် အကျိုး မပြတ်မလတ် အထပ်ထပ်ဆက်စပ်နေသည်ကို ဆိုလိုပါသည်။

အစမထင် မရေမတွက်နိုင်သော ဘဝကမ္ဘာ သံသရာတို့မှ ယနေ့ကျအောင် အကျိုးတရားနှင့် အကြောင်းတရားကို ပုဂ္ဂိုလ်,သတ္တဝါ,ငါ,သူတပါး,ယောကျ်ား,မိန်းမဟူ၍တဏှာ မာန ဒိဋ္ဌိတို့ဖြင့် စွဲလမ်းနေကြသည်၊အမှန်စင်စစ်မှာ အကျိုးတရား အကြောင်းတရားမှတပါး ငါ,သူတပါး ပုဂ္ဂိုလ်သတ္တဝါ ထင်မှားဘွယ်ရာ လုံးဝမရှိပါချေ၊ ထို အကြောင်း, အကျိုးဟူသည်လည်း ဒုက္ခတုံး ဒုက္ခခဲ ဒုက္ခအစု အကျိုးတရားတို့၏ ဖြစ်နေခြင်း ပင် ဖြစ်သည်၊ အကြောင်းရှိလျှင် အကျိုးရှိမည်သာ။ အကြောင်းတရားတွေ မိမိသန္တာန်၌ မရှိတော့ဘဲ ချုပ်သွားလျှင် ဒုက္ခအမျိုးမျိုး အကျိုးဟူသမျှလည်း ချုပ်ရမည်သာ။

> * ''အကြောင်းကြောင့်ရောက်၊ အကျိုးပေါက်၊
> အကြောင်းခန်းချောက်၊ အကျိုးပျောက်၊
> အငြိမ်းခတ်သို့ ရောက်မှ ခိုင်မြဲသည်''

ဤသို့ ဒီပဲရင်း ဆရာတော်ဘုရားကြီး မိန့်တော်မူသည့်အတိုင်း လူ, နတ်, ဗြဟ္မာ သတ္တဝါတို့ သန္တာန်၌ အဝိဇ္ဇာအစရှိသော အကြောင်းတရား ရှိနေသမျှ ကာလပတ်လုံး သံသရာ အစရှိသော အကျိုးတရားတွေ မရပ်မနား ရှိနေမည်သာဖြစ်၏၊ ထို အဝိဇ္ဇာ,တဏှာ, ကံ, အာဟာရ အစရှိသော အကြောင်းတရားတွေ ချုပ်ပျောက်မှသာ ထိုထို အကျိုးတရားတွေလည်း ခန်းခြောက် ချုပ်ပျောက်ရမည်သာ ဖြစ်၏၊ ထို အကြောင်း အကျိုးနှစ်မျိုး ချုပ်ငြိမ်းမှ အငြိမ်းခတ်အမှန် အေးနိဗ္ဗာန်သို့ ရောက်ကြရပေတော့မည်။

အဝိဇ္ဇာအစရှိသော အကြောင်းတရားတွေက ထိုထို မျိုးစေ့နှင့်တူ၏၊ အကြောင်းမျိုးစေ့ရှိလျှင် ထိုထို အကျိုး သစ်ပင်တွေ ပေါက်မည်သာဖြစ်၏။

ဥပမာ - အကုသိုလ်ကံ မျိုးစေ့တွေရှိနေလျှင် အပါယ်လေးဘုံ၌ ငရဲ,တိရစ္ဆာန်စသော အပါယ်ဘဝ အပါယ်ခန္ဓာပင်တွေ ဖြစ်နေပေါက်နေရ၏၊ ကာမာဝစရ ကုသိုလ်စေတနာမျိုးစေ့တွေကြောင့် ကာမသုဂတိခုနစ်ဘုံ၌ လူ့ဘဝ လူ့ခန္ဓာ,နတ်ဘဝ နတ်ခန္ဓာ အပင်တွေ

ဖြစ်ပေါ်၍နေရ၏၊ ထို့အတူ ရူပကုသိုလ် မျိုးစေ့တွေရှိလျှင် ရူပဗြဟ္မာ ခန္ဓာအပင်တွေ ပေါက်နေရကော့၏၊ အရူပကုသိုလ်မျိုးစေ့တွေ ရှိနေပြန်လျှင် အရူပဗြဟ္မာကည်းဟူသော ဘဝခန္ဓာအပင် ပေါက်နေ ဖြစ်နေကြရတော့၏၊ ဤသို့ ဆိုအပ်ပြီးကို ထောက်ဆ၍ အရင်းစစ် အမြစ်မြေက ဆိုသလို စိစစ်ပါက အကျိုးတရား အကြောင်းတရား နှစ်မျိုးသာ (၃၁) ဘုံလုံး၌ ရှိနေပါသည်၊ ထို အကျိုး အကြောင်းနှစ်မျိုးကို အကျိုးမှန်း အကြောင်းမှန် သိရှိကြပြီးလျှင် ထို အကြောင်း အကျိုးနှစ်မျိုးကို ငါတဲ့ သူတဲ့ ပုဂ္ဂိုလ် သတ္တဝါတဲ့-ဟု အစွဲတွေကို ပစ္စဲ ပယ်ဖျောက်ဘို့ သတိပြုကြကုန်ရာ၏။

ဤသို့လျှင် အကျိုးတရား အကြောင်းတရားမှတပါး ပုဂ္ဂိုလ် သတ္တဝါ ငါ သူတပါး မရှိကြပုံကို သိမြင်ရလျှင် အနိစ္စ၊ ဒုက္ခ၊ အနတ္တ-ဟု ရှုရာ၌ အလွယ်တကူပင် ဉာဏ်စဉ်တက်၍ မဂ် ဖိုလ် နိဗ္ဗာန်ကို ကေန်ရဘွယ်ရှိပါသည်။

> * အကျိုးတရား၊ ကြောင်းအားလျော်စွာ၊ ဖြစ်လာပျက်ချုပ်၊ မဟုတ်သူငါ၊ ငါ့ဟာ သူ့ဟာ၊ ငါ့လိပ်ပြာမဟုတ်၊ ရေမြှုပ် ရေပွက်အသွင်၊ ဖြစ်လျှင်ပျက်စဲ၊ မှန်မြဲဘဲ၊ ဆင်းရဲစွာလှ၊ အစိုးမရ၊ နှစ်သာရကင်း၊ ထင်းကုလားလို၊ ကိုယ်မဟုတ်ဘဲ၊ ဖောက်လွဲတတ်သည့်၊ ဤခန္ဓာကိုယ်ပါ - မြတ်စွာဗုရား- မြတ်စွာဗုရား။

## ခန္ဓာငါးပါး သိဘွယ်များ

ခန္ဓာငါးပါး ဆိုသည်မှာ အမှန် တရားကိုယ်အားဖြင့် ဆိုအပ်ပြီး ရုပ် နာမ်ပင် ဖြစ်ပါသည်၊ရုပ်ခန္ဓာတပါး၊ နာမ်ခန္ဓာလေးပါးကို ခန္ဓာငါးပါးဟု ခေါ်ဆိုထားသည်။မြန်မာလို တိုတိုကျဉ်းကျဉ်းမှတ်ရန်—

> * ဖောက်ပြန် ခံစား၊ မှတ်သား ပြုပြင်၊ သိတတ်လျှင်၊ ငါးအင်ကိုယ်ခန္ဓာ။
>
> * ရူပ ဝေဒနာ၊ သညာ သင်္ခါရ၊ ဝိညာဏ၊ မှတ်ကြစဉ်တိုင်းသာ။အရ—

ဖောက်ပြန် ဆိုသည်မှာ ရူပအရ ဖေါက်ပြန်မှု နှစ်ဆယ့်ရှစ်ခု ရုပ်အစုကို ရူပက္ခန္ဓာဟု ဆိုလိုသည်။

ခံစား ဆိုသည်မှာ ဝေဒနာအရ အာရုံအမျိုးမျိုးတို့၏ အရသာကို စိုးပိုင်စွာ ခံစားသော ဝေဒနာ စေတသိက်ကို ဝေဒနက္ခန္ဓာဟု-ဆိုရသည်။

မှတ်သား ဆိုသည်မှာ သညာအရ ဖြူ နီ ကြောင် ကြားအစရှိသောအားဖြင့် မှတ်သားမှု သညာစေတသိက်ကို သညာက္ခန္ဓာဟု-ဆိုရသည်။

ပြုပြင် ဆိုသည်မှာ သင်္ခါရအရ ပြုပြင်စေ့ဆော်မှု အာရုံတွေကို တွေ့ထိမှု စသော ဝေဒနာ သညာ-မှ တပါးသော စေတသိက်တရားများကို သင်္ခါရက္ခန္ဓာ-ဟု ဆိုရသည်။

**သိတတ်**ဆိုသည်မှာ ဝိညာဏအရ အာရုံအမျိုးမျိုးကို သိမှု သိတတ်သော (စိတ်) ဝိညာဉ်ကို ဝိညာဏက္ခန္ဓာ-ဟု ဆိုရသည်။

ဤ လက်ာနှစ်ရပ်ကို အထက်အောက် စပ်ဟပ်ယှဉ်လျှင် မြန်မာပါဠိတွဲပြီး ခန္ဓာငါးပါးကို အလွယ်ဆုံးနည်းဖြင့် သိနိုင်ကြရ၏။ ခန္ဓသဒ္ဒါသည် အစုအပုံ အပေါင်းအစုကို ဟောသည်ဖြစ်၍—

၁။ ရူပက္ခန္ဓာ-ဖောက်ပြန်သော ရုပ်တရားတွေက တစုတပုံ တမျိုးတခြား၊

၂။ ဝေဒနာက္ခန္ဓာ-ခံစားမှု ဝေဒနာတွေက တစုတပုံ တမျိုးတခြား၊

၃။ သညာက္ခန္ဓာ-မှတ်သားမှု သညာတွေက တစုတပုံ တမျိုးတခြား၊

၄။ သင်္ခါရက္ခန္ဓာ ပြုပြင်မှု သင်္ခါရတွေက တစုတပုံ တမျိုးတခြား၊

၅။ ဝိညာဏက္ခန္ဓာ အာရုံသိတတ်မှုတွေက တစုတပုံ တမျိုးတခြား၊

ဤသို့အားဖြင့် ဓမ္မသင်္ဂဏီ ပါဠိတော်အရ ခန္ဓာငါးပါးကို မှတ်သားကြပါ။

ထို ခန္ဓာငါးပါးတို့၌ ရူပက္ခန္ဓဝယ် ရူပ=ဖောက်ပြန်မှု+ခန္ဓ=အစုအပုံ၊ ရူပက္ခန္ဓ= ဖောက်ပြန်မှု အစုအပုံ၊ ရုပ်တရားတွေဆိုသည်မှာ-အတိတ်ဘဝက ဖြစ်ခဲ့သော ရုပ်တရား၊ ယခု ပစ္စုပ္ပန်ဘဝ၌ဖြစ်ဆဲ ရုပ်တရား၊ နောင်အနာဂတ်ကာလ၌ ဖြစ်ကြဦးမည့် ရုပ်တရား၊ အဇ္ဈတ္တ အတွင်းသန္တာန်၌ဖြစ်သော ရုပ်တရား၊ ဗဟိဒ္ဓအပသန္တာန်၌ဖြစ်သော ရုပ်တရား၊ ကြမ်းသော ရုပ်တရား၊ နူးညံ့သော ရုပ်တရား၊ ယုတ်ညံ့သောရုပ်တရား၊ မွန်မြတ်သော ရုပ်တရား၊ အနီး၌ ဖြစ်သော ရုပ်တရား၊ အဝေး၌ဖြစ်သော ရုပ်တရား၊ ဤသို့ ခန္ဓဝိဘင်းပါဠိတော် နှာ-၁-၂-၌ ဟောတော်မူသည့်အတိုင်း တဆယ့်တပါးသော အပေါင်းအစုတို့ကို ရူပက္ခန္ဓဟု ဆိုရသည်။

ဝေဒနက္ခန္ဓာ စသည်တို့၌လည်း ဤနည်းအတူပင်ဖြစ်ပါသည်။

ထို ခန္ဓာငါးပါးတို့ကိုလည်း သတ္တဝါတွေက ငါ, သူတပါး မိန်းမ, ယောကျ်ားဟု အထင်မှားကြလေသည်၊ စင်စစ် မဟုတ်ပါ။

**ကျက်မှတ်ရန် လင်္ကာ**

၁။ ဖောက်ပြန်သောငါ၊ မရှိပါ၊ ရုပ်သာ ဖောက်ပြန်သည်။

၂။ ခံစားသောငါ၊ မရှိပါ၊ ဝေဒနာ ခံစားသည်။

၃။ မှတ်သားသောငါ၊ မရှိပါ၊ သညာ မှတ်သားသည်။

၄။ ပြုပြင်သောငါ၊ မရှိပါ၊ သင်္ခါ သူပြုသည်။

၅။ သိတတ်သောငါ၊ မရှိပါ၊ ဝိညာ သူသိသည်။

သဒ္ဓမင်္ဂလ 42-43

ဤလက္ခဏာ၌ —

၁-အရ-ဖောက်ပြန်သောငါ၊ ငါဖောက်ပြန်တာဘဲဟု ထင်မြင်စွဲယူလျှင် သက္ကာယဒိဋ္ဌိ, အတ္တဒိဋ္ဌိဖြစ်သည်၊ ဖောက်ပြန်တဲ့ငါ မရှိ ဟုသိလျှင် သမ္မာဒိဋ္ဌိ, ရူပ ပရိစ္ဆေဒဉာဏ်, ယထာဘူတဉာဏ် ဖြစ်၏။

ဝေဒနာစသော နောက် နာမ်ခန္ဓာလေးပါး၌လည်း ဤနည်းအတူသာ မှတ်သိကြကုန်ရာ၏။

**ကျက်မှတ်ရန်လင်္ကာ**

* ရူပက္ခန္ဓာ၊ ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာ တည်းဟူသော ခန္ဓာငါးပါးတို့၏ အပေါင်းအစုမျှ၊ ငါဟုလည်း မဆိုရ၊ သူဟုလည်း မဆိုရ၊ သုသာန်ဝမှာ၊ ပစ်ချထင်းတုံး၊ ငှက်ပျော, လက်ပံတုံးလို၊ အသုံးမကျသည့် ဤ ခန္ဓာကိုယ်ပါ မြတ်စွာဗုဒ်ရား။

ဝိပဿနာရှုပုံ။ ။ဆိုအပ်ပြီး ခန္ဓာငါးပါးတို့ကို ဤသို့လည်း ဝိပဿနာရှုပါ—

၁။ ရူပက္ခန္ဓော အနိစ္စော ဒုက္ခော အနတ္တာ၊ နေတံ မမ၊ နေသော ဟမသ္မိ၊ န မေသော အတ္တာ။

* ရုပ်နှစ်ဆယ့်ရှစ်တန်၊ ရူပက္ခန်သည်၊ ဓာတ်မမြဲ၊ ဆင်းရဲမုချ၊ စိုးမရပါ၊ ငါ့ဥစ္စာ, ငါ၊ ငါ့လိပ်ပြာဟု၊ ဘာတခုမျှ၊ မဟုတ်ကြ၊ ရုပ်မျှ သက်သက်ပါတကား။

၂။ ဝေဒနက္ခန္ဓော အနိစ္စော ဒုက္ခော အနတ္တာ၊ နေတံ မမ၊ နေသော ဟမသ္မိ၊ န မေသော အတ္တာ။

* ခံစားမှုမှန်၊ ဝေဒနာက္ခန်သည်၊ သုံးတန်အာရုံ၊ ခံစားတုံလဲ၊ မမြဲ,ဆင်းရဲ၊ စိုးလဲ မရပါ၊ ငါ့ဥစ္စာ, ငါ၊ ငါ့လိပ်ပြာဟု၊ ဘာတခုမျှ၊ မဟုတ်ကြ၊ နာမ်မျှ သက်သက်ပါတကား။

၃။ သညာက္ခန္ဓော အနိစ္စော ဒုက္ခော အနတ္တာ၊ နေတံ မမ၊ နေသော ဟမသ္မိ၊ န မေသော အတ္တာ။

* မှတ်သားမှုမှန်၊ သညာက္ခန်သည်၊ ဖန်ဖန်အာရုံ၊ သိမှတ်တုံလဲ၊ မမြဲ,ဆင်းရဲ၊ စိုးလဲ မရပါ၊ ငါ့ဥစ္စာ, ငါ၊ ငါ့လိပ်ပြာဟု၊ ဘာတခုမျှ၊ မဟုတ်ကြ၊ နာမ်မျှ သက်သက်ပါတကား။

၄။ သင်္ခါရက္ခန္ဓော အနိစ္စော ဒုက္ခော အနတ္တာ၊ နေတံ မမံ၊ နေသော ဟမသ္မိ၊ န မေသော အတ္တာ။

* ပြုပြင်မှုမှန်၊ သင်္ခါရက္ခန်သည်၊ အတန်တန်မှု၊ ပြုစုပြန်လဲ၊ မမြဲ ဆင်းရဲ၊ စိုးလဲ မရပါ၊ ငါ့ဥစ္စာ၊ ငါ၊ ငါ့လိပ်ပြာဟု၊ ဘာတခုမျှ၊ မဟုတ်ကြ၊ နာမ်မျှ သက်သက်ပါတကား။

၅။ ဝိညာဏက္ခန္ဓော အနိစ္စော ဒုက္ခော အနတ္တာ၊ နေတံ မမံ၊ နေသော ဟမသ္မိ န မေသော အတ္တာ။

* သိမှုအမှန်၊ ဝိညာဏက္ခန်သည်၊ ဖန်ဖန်အာရုံ၊ သိပြန်တုံလဲ၊ မမြဲ ဆင်းရဲ၊ စိုးလဲ မရပါ၊ ငါ့ဥစ္စာ၊ ငါ၊ ငါ့လိပ်ပြာဟု၊ ဘာတခုမျှ၊ မဟုတ်ကြ၊ နာမ်မျှ သက်သက်ပါတကား။

**ခန္ဓာ ၅-ပါး ဝိပဿနာရှုပုံ။** ။တနည်း=ခန္ဓာငါးပါး အပေါင်းအားဖြင့် ဝိပဿနာရှုပုံမှာ —

ပဉ္စက္ခန္ဓာ မေ အနိစ္စာ၊ ပဉ္စက္ခန္ဓာ မေ ဒုက္ခာ၊ ပဉ္စက္ခန္ဓာ မေ အနတ္တာ၊ နေတံ မမံ၊ နေသော ဟမသ္မိ၊ န မေသော အတ္တာ။

မေ၊ ရုပ်နာမ်နှစ်ဖြာ ငါး ခန္ဓာကို မာနသူစွဲ ငါဘဲမှတ်ထင် သံသာခွင်က ဉာဏ်မြင် သေးနုပ် သေရလတ္တံ့ဖြစ်ပါသော အကျွန်ုပ်၏။ ပဉ္စက္ခန္ဓာ၊ ပုဂ္ဂိုလ်သတ္တဝါ သူ ငါမဟုတ် ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏမည် ငါးလီဝမ္မ နိဿတ္တ, နိဇ္ဇီဝ, သုည, တုစ္ဆ သဘာဝ ဖြစ်ကုန်သော ခန္ဓာတို့သည်။ အနိစ္စာ၊ ဖြစ်ပြီးက ပျက်စီးရမလွဲ အမြဲမရှိကုန်စွတကား။

မေ၊ ရုပ်နာမ်နှစ်ဖြာ ငါး ခန္ဓာကို တဏှာစွဲကာ ငါ့ ဥစ္စာထင် သံသာခွင်က ဉာဏ်မြင် သေးနုပ် သေရလတ္တံ့ဖြစ်ပါသော အကျွန်ုပ်၏။ ပဉ္စက္ခန္ဓာ၊ ပုဂ္ဂိုလ်သတ္တဝါ သူ ငါမဟုတ် ရုပ်,ဝေဒနာ,သညာ, သင်္ခါရ, ဝိညာဏမည် ငါးလီဝမ္မ နိဿတ္တ, နိဇ္ဇီဝ, သုည, တုစ္ဆ သဘာဝ ဖြစ်ကုန်သော ခန္ဓာတို့သည်။ဒုက္ခာ၊ ဖြစ်ချည် ပျက်ချည် အတည်မကျ ခံနေရသဖြင့် ဆင်းရဲလှကုန်စွတကား။

မေ၊ ရုပ်နာမ်နှစ်ဖြာ ငါး ခန္ဓာကို စွဲကာဒိဋ္ဌိ ဝင်ကပ်ငြိလာ ငါ့လိပ်ပြာထင် သံသာခွင်က ဉာဏ်မြင်သေးနုပ် သေရလတ္တံ့ဖြစ်ပါသော အကျွန်ုပ်၏။ ပဉ္စက္ခန္ဓာ၊ ပုဂ္ဂိုလ်သတ္တဝါ သူ, ငါမဟုတ် ရုပ်,ဝေဒနာ,သညာ,သင်္ခါရ, ဝိညာဏမည် ငါးလီဝမ္မ နိဿတ္တ, နိဇ္ဇီဝ သုည, တုစ္ဆ သဘာဝဖြစ်ကုန်သော ခန္ဓာတို့သည်။ အနတ္တာ၊ အစိုးမရ နှစ်သာရကင်း ထင်းကုလားလို ကိုယ်ကောင်မဟုတ်ကုန်စွတကား။

တေံ၊ ဤ ခန္ဓာငါးတန် ရုပ်နှင့်နာမ်သည်။ န မမံ၊ တဏှာလက်ကိုင် ငါပိုင် ငါ့ဟာ ငါ့ဥစ္စာ မဟုတ်ချေ။သော၊ဤ ခန္ဓာငါးတန် ရုပ်နှင့်နာမ်သည်။ န အဟံ အသ္မိ၊မာနစွမ်းအင်

ငါဟုထင်လည်း ငါပင်မဟုတ်ချေ။ သော၊ ဤ ခန္ဓာငါးတန် ရုပ်နှင့်နာမ်သည်။ န အတ္တာ၊ ဒိဋ္ဌိစွမ်းပြ အတ္တအကောင် လိပ်ပြာကောင် ဝိညာဉ်ကောင် မဟုတ်ချေ။

အဓိပ္ပါယ်ရှင်းချက်။ ။'ပဉ္စက္ခန္ဓာ မေ အနိစ္စာ'ဝယ် အနက်ပေးရာတို့၌ အလွန် လေးနက်သော အဓိပ္ပါယ်များ ပါဝင်လျက် ရှိပါသည်၊ ပဉ္စက္ခန္ဓာ ပုဒ်ကို 'ပုဂ္ဂိုလ်,သတ္တဝါ သူ,ငါမဟုတ်၊ရုပ်,ဝေဒနာ,သညာ,သင်္ခါရ,ဝိညာဏမည် ငါးလီဓမ္မ'ဆိုရာ၌ ခန္ဓာငါးပါးကို ဆိုသည်ဟု နားလည်နိုင်ပါသည်။

ထို ခန္ဓာငါးပါးသည် **နိဿတ္တသဘာဝ**=ပုဂ္ဂိုလ်သတ္တဝါမဟုတ်သော သဘောတရား, **နိဇ္ဇီဝသဘာဝ** အသက်ဇီဝ မဟုတ်သော သဘောတရားမျိုးဖြစ်၏၊ သေသောအခါ ထွက်သွားသည်ထင်မှတ်ရသော အသက်,ဝိညာဉ်,လိပ်ပြာ အကောင်မျိုး မရှိဟုဆိုလိုသည်။

ထို ခန္ဓာငါးပါးတို့ကို ပဋိသမ္ဘိဒါမဂ် ပါဠိတော် တောလေးဆယ်ကမ္မဋ္ဌာန်းကို ဟောရာ၌ **သုညတော** ဟူ၍ ဟောခဲ့ပါသည်။ ထို့ကြောင့် **သုညသဘာဝ** ဟူသည်မှာ-နိစ္စ,သုခ, သုဘဖြစ်သော အတ္တမှ ကင်းဆိတ်သော (ဝါ)အတ္တ လုံးလုံးမရှိသောသဘော,အတ္တ သင်္ခါရ တို့မှ ကင်းဆိတ်သော သဘောတရားမျိုးဖြစ်၏။

တိတ္ထိတို့ ယူဆသော **သာမီ**=ခန္ဓာအိမ်အရှင်၊ **ကာရက**=ခန္ဓာအိမ်၌ တည်၍ ထိုထို ကိစ္စကို ပြုတတ်,ပြီးစေတတ်သောအကောင်၊ **ဝေဒက**=ခန္ဓာအိမ်၌ တည်၍ သုခ ဒုက္ခကို ခံစားတတ်သောအကောင်၊ **နိဝါသီ**=ခန္ဓာအိမ် ပျက်သော်လည်း မပျက်ဘဲ အမြဲတည်သော အကောင်၊ **သယံဝါသီ**=စက္ခုစသော အင်္ဂါကြီးငယ်ကို မိမိအလိုသို့ လိုက်စေနိုင်သော အကောင်၊ **အဓိဋ္ဌာယက**=ခန္ဓာအိမ်ကို စီမံခန့်ခွဲတတ်သော အကောင်ဟူသော အတ္တမှ ကင်းဆိတ်ခြင်းသဘောမျိုးကို **သုညသဘာဝ**-ဟု ဆိုလိုသည်။

အချုပ်မှာ ခန္ဓာငါးပါးကို 'အစိုးရလတ်၊ မြဲနေတတ်သူ၊ ခံစားသူနှင့်၊ ပြုမူတည်ထွင်၊ စီရင်တတ်သူ၊ မပြုပြတ်ရှင်း၊ အလျင်းပင်၊ ပုဂ္ဂိုလ်မျိုးမှ၊ ကင်းသည် ဆိတ်သည်'ဟုယူရမည်။

**တုစ္ဆသဘာဝ** ဆိုသည်မှာ ဤခန္ဓာငါးပါးတို့ကို ဓုဝ,သုဘ,သုခ,အတ္တ ခန္ဓာ နိမိတ်မှ ကင်းဆိတ်သော သဘောမျိုးဖြစ်၍ အလိုမရှိအပ်သော အနိဋ္ဌ အစစ်,အနှစ်သာရ တစုံတရာမျှ ရှာ၍ မရ, တုစ္ဆ အချည်းနှီးဟူ၍ ဝိပဿနာ ဉာဏ်ဖြင့် ရှုမှတ်ရမည်ကို ဆိုလိုသည်။

ပထမ 'မေ' ပုဒ်ကို အနက်ပေးရာ၌ ခန္ဓာငါးပါး ရုပ်နာမ်နှစ်ပါးကို မာနကြောင့် သူငါ ထင်နေကြသည်၊ထို ရုပ်နာမ်ခန္ဓာတို့ကို မမြဲသော အနိစ္စသဘောတရားဟု ထင်ထင်ရှားရှား မြင်အောင်ရှုနိုင်မှ မာန က လက်လျော့၍ သူ,ငါ-ဟု ထင်ဘွယ်ရာ မရှိဘဲ ထို မာန တရားမှ ကင်းကွာနိုင်၏။

ဒုတိယ'မေ'ကို အနက်ပေးရာ၌ ထို ရုပ်နာမ်ခန္ဓာကိုပင် တဏှာသည် တသံသရာလုံးက ငါ့ဥစ္စာဟူ၍ စွဲယူလာခဲ့၏၊ ထို ရုပ်နာမ်ခန္ဓာကို ချမ်းသာသုခမဟုတ် ဆင်းရဲအစစ်သာ-ဟု ဟုတ်မှန်ပုံကို ဝိပဿနာ ဉာဏ်ဖြင့် ရှုနိုင်က တဏှာသည် လက်လျော့၍ ထို ရုပ်နာမ်ခန္ဓာကို

ဒုက္ခအစစ်ဖြစ်၍ ငါ့ဥစ္စာဟု စွဲယူလိုမှု မရှိနိုင်ပေ၊ ထိုကြောင့် ခန္ဓာငါးတန် ရုပ်နှင့် နာမ်ကို ဒုက္ခ အစစ်အမှန်သာ-ဟု ဝိပဿနာဉာဏ် ဇောသန်သန်ဖြင့် ရှုမြင်နိုင်လျှင် တဏှာမှကင်းစင်နိုင်၏။

တတိယ 'မေ'ကို အနက်ပေးရာ၌ ဒိဋ္ဌိက ထိုရုပ် နာမ် ခန္ဓာကို အတ္တ=လိပ်ပြာကောင် ဝိညာဉ်ကောင် သူအကောင် ငါအကောင်-ဟု စွဲယူနေ၏၊ ထိုရုပ်နာမ်ခန္ဓာတို့ကို အစိုးမရပုံ, ထိုရုပ်နာမ်ခန္ဓာတို့၏ အနှစ်သာရမှ ကင်းပပုံ,သူသေကောင် မဟုတ်သော ထင်းကုလားတုံး အသုံးမကျသကဲ့သို့ အနတ္တ ဝိပဿနာဉာဏ်ဖြင့် ထင်မြင်အောင် အဖန်ဖန် ပွါးရှုလျှင် ဒိဋ္ဌိက သူအကောင် ငါအကောင်ဟု မစွဲယူတော့ဘဲ ထိုဒိဋ္ဌိမှ ကင်းနိုင်၏။

* အနိစ္စထင်၊ မာနစင်၊ မြင်အောင် ဉာဏ်ဖြင့်ရှု။
ဒုက္ခကိုထင်၊ တဏှာစင်၊ မြင်အောင် ဉာဏ်ဖြင့်ရှု။
အနတ္တထင်၊ ဒိဋ္ဌိစင်၊ မြင်အောင် ဉာဏ်ဖြင့်ရှု။

ကြိုးစား အားသစ်မှု လုံ့လပြု၍ ရှုနိုင်ကြပါစေကုန်သတည်း။

## ဓာတ်ခြောက်ပါး

**၁။ ပထဝီဓာတ်။** ။စမ်းသပ်တို့ထိ နှိပ်ဖိ ဆုပ်ကိုင်လိုက်သောအခါ တွေ့ထိအပ်သော အကြမ်း အနု, အခု အခံ, ခက်ထန် မာထပ်သော သဘောသည် ပထဝီဓာတ်မည်၏။ (ထဒ္ဓဘာဝေါ ဝါ ခရဘာဝေါ ဝါ အယံ ပထဝီဓာတု၊ ဝိသုဒ္ဓိမဂ် ပ-တွဲ၊ နှာ-၃၄၆-၇)

ပထဝီတခြား သဘောတရားတခြား မဟုတ်၊ ယင်းသဘောတရားကိုပင် ပထဝီဓာတ်ဟု ဆိုရသည်။

**၂။ အာပေါဓာတ်။** ။ရုပ်အများကို ဖရိုဖရဲ မရှိစေရ၊ ပေါင်းစုဖွဲ့စည်း တွယ်စပ်ဖွဲ့စည်းခြင်းသဘော, ရိုပျော် ရိုစီး စွတ်စိုခြင်း အရည် အစေးသဘောသည် အာပေါဓာတ်မည်၏၊ အာပေါတခြား သဘောတရားတခြား မဟုတ်၊ ယင်းသဘောတရားကိုပင် အာပေါဓာတ်ဟု ဆိုသည်။

**၃။ တေဇောဓာတ်။** ။ရင့်ကျက်စေ ဆွေးမြေ့ လောင်ကျွမ်းစေခြင်းသဘော,အပူအအေး အနွေးအငွေ့ အရှိန်သဘောသည် တေဇောဓာတ်မည်၏၊ တေဇောတခြား သဘောတရားတခြား မဟုတ်၊ ယင်းသဘောတရားကိုပင် တေဇောဓာတ်ဟု ဆိုရသည်။

၄။ ဝါယောဓာတ်။ ။ဖောင်းပွခြင်းသဘော, ခုခံခြင်းသဘော, တွန်းကန်ခြင်းသဘော, တောင့်ခိုင်ခြင်းသဘော, ဖိညှပ် နှိပ်ပင့်ခြင်းသဘော, မှုတ်လွှင့် တိုးဝှေ့ခြင်းသဘော, လှုပ်ရှားခြင်း လှုပ်ရှားစေခြင်း အဟုန်သဘောသည် ဝါယောဓာတ် မည်၏၊ ဝါယောတခြား သဘောတရားတခြား မဟုတ်၊ ယင်း သဘောတရားကိုပင် ဝါယော ဓာတ်ဟု ဆိုရသည်။ (ဝိသုဒ္ဓိမဂ်၊ ပ-တွဲ၊ နှာ-၃၄၆)

မဟာဘုတ်။ ။မြေ,ရေ,လေ,မီး ဤ ဓာတ် ကြီး လေး ပါး တို့ ကို ကြီး စွာ သော ဖောက်ပြန်ခြင်းရှိသော ရုပ်ဖြစ်သောကြောင့်၎င်း, ကြီးစွာသော ဖောက်ပြန်ခြင်း ရှိကုန်သည်ဖြစ်၍ ထင်ရှားရှိသော ရုပ်ဖြစ်သော ကြောင့်၎င်း, ကြီးကျယ်ကုန်သည်ဖြစ်၍ ထင်ရှားရှိသော ရုပ်ဖြစ် သောကြောင့်၎င်း မဟာဘုတ်ကြီး လေးပါးတို့ဟူ၍လည်း ခေါ်ဆို အပ်ကုန်၏။ (အဋ္ဌသာလိနီ အဋ္ဌကထာ နှာ-၃၃၆)

၅။ အာကာသဓာတ်။ ။ကလာပ်တပါးနှင့် ကလာပ်တပါးမရောနှောရအောင် ပိုင်းခြား သတ်မှတ်ခြင်း သဘောသည် အာကာသဓာတ်မည်၏။

၆။ ဝိညာဏဓာတ်။ ။မြင်,ကြား,နံ့, စား, ထိ,သိ-အားဖြင့် အာရုံသိမှုခြောက်ပါးသည် ဝိညာဏဓာတ်မည်၏၊ ဤကား ဓာတ်ခြောက်ပါးတို့ကို အကျဉ်း ချုပ်အားဖြင့် ပြဆိုခြင်းတည်း။

ထို ဓာတ်ခြောက်ပါးတို့ကိုလည်း သူ-ဟု ငါ-ဟု သမုတ်သော်လဲ သူ,ငါ-မဟုတ် ကြောင်း သိကောင်းလောက်ပေပြီ။

**ကျက်မှတ်ရန်လင်္ကာ**

* ကြမ်း, နူ နှစ်လီ၊ ပထဝီဓာတ်။ဖွဲ့သော စည်းသော၊ အာပေါဓာတ်။ပူသော, အေးသော၊ တေဇောဓာတ်။ ပျော့သော,မာသော၊ ဝါယောဓာတ်။ ကလာပ်သတ်မှတ်၊ အာကာသဓာတ်။ မြင်,ကြား,နံ့,စား,ထိ,သိ၊ ဝိညာဏ ဓာတ်။ ဤဓာတ်ခြောက်ပါးတို့၏အစုအပေါင်း၊ ငါဟုလည်းမဆိုကောင်း၊ သူဟုလည်း မဆိုကောင်း၊ငါ့ဟာ သူ့ဟာဟုလည်း မဆိုကောင်း၊ငါကောင် သူကောင်ဟုလည်း မဆိုကောင်း၊ ဘေးဒဏ်အပေါင်း၊ ရန်သူအောင်းသည့်၊ သစ်ခေါင်း တောင်ပို့ပမာ၊ ကြောက်စရာ၊ ဤ ခန္ဓာကိုယ်ပါမြတ်စွာဗုဒ္ဓား။

အနန္တာဒီနဝေါ ကာယော၊ ဝိသရုက္ခ သမူပမော။
အာဝါသော သဗ္ဗရောဂါနံ၊ ပုဉ္ဇော ဒုက္ခဿ ကေဝလော။

အလျားတလံ အနံတထွာ ဤကိုယ်ခန္ဓာသည် လွန်စွာများသည့် အဆုံးမရှိနိုင်အောင်သော အပြစ်တွေရှိ၏၊ အဆိပ်သီးတွေ သီးသော အဆိပ်ပင်ကြီးနှင့်လဲ မလွဲတူလှ၏၊ ရောဂါ အမျိုးမျိုးတို့၏ တည်ရာဌာနကြီးလဲဖြစ်၏၊ ဤခန္ဓာကိုယ်ဆိုးကြီးသည် ဒုက္ခအိုးကြီးဖြစ်သည့် အားလျော်စွာ ချမ်းသာမဖက် ဆင်းရဲဒုက္ခသက်သက်၏သာ အစုအပုံကြီးလည်း ဖြစ်ပါပေ၏။

**ခေတ် ၆-ပါး ဝိပဿနာရှုပုံ။** ။ဤသို့လည်း ဝိပဿနာရှုပွါးနိုင်ပါသည်။

၁။ ပထဝီဓာတု အနိစ္စာ ဒုက္ခာ အနတ္တာ၊ နေတံ မမံ၊ နေသော ဟ မသ္မိ၊ န မေသော အတ္တာ။

* မြေဓာတ်တွင်မည်၊ ပထဝီသည်၊ မတည်ဖောက်ပြန်၊ ကေန်မမြဲ၊ ဆင်းရဲမှန်ထ၊ နှစ်သာရကင်းပ၊ စိုးမရပါ၊ ငါ့ဥစ္စာ, ငါ၊ ငါ့လိပ်ပြာဟု၊ ဘာတခုမျှ မဟုတ်ကြ၊ ရုပ်မျှ သက်သက်ပါတကား။

၂။ အာပေါဓာတု အနိစ္စာ ဒုက္ခာ အနတ္တာ၊ နေတံ မမံ၊ နေသော ဟ မသ္မိ၊ န မေသော အတ္တာ။

* အာပေါတွင်မည်၊ ရေဓာတ်သည်ကား၊ မတည်ဖောက်ပြန်၊ ကေန်မမြဲ၊ ဆင်းရဲမှန်လှ၊ နှစ်သာရကင်းပ၊ စိုးမရပါ၊ ငါ့ဥစ္စာ, ငါ၊ ငါ့လိပ်ပြာဟု၊ ဘာတခုမျှ မဟုတ်ကြ ရုပ်မျှသက်သက်ပါတကား။

၃။ တေဇောဓာတု အနိစ္စာ ဒုက္ခာ အနတ္တာ၊ နေတံ မမံ၊ နေသော ဟ မသ္မိ၊ န မေသော အတ္တာ။

* တေဇောတွင်မည်၊ မီး ဓာတ်သည်ကား၊ မတည်ဖောက်ပြန်၊ ကေန်မမြဲ၊ ဆင်းရဲမှန်လှ၊ နှစ်သာရကင်းပ၊ စိုးမရပါ၊ ငါ့ဥစ္စာ ငါ၊ ငါ့လိပ်ပြာဟု၊ ဘာတခုမျှ မဟုတ်ကြ၊ ရုပ်မျှ သက်သက်ပါတကား။

၄။ ဝါယော ဓာတု အနိစ္စာ ဒုက္ခာ အနတ္တာ၊ နေတံ မမံ၊ နေသော ဟ မသ္မိ၊ န မေသော အတ္တာ။

* ဝါယောတွင်မည်၊ လေဓာတ်သည်ကား၊ မတည်ဖောက်ပြန်၊ ကေန်မမြဲ၊ဆင်းရဲမှန်လှ၊ နှစ်သာရကင်းပ၊ စိုးမရပါ၊ ငါ့ဥစ္စာ, ငါ၊ ငါ့လိပ်ပြာဟု၊ ဘာတခုမျှ မဟုတ်ကြ၊ ရုပ်မျှ သက်သက်ပါတကား။

၅။ အာကာသဓာတု အနိစ္စာ ဒုက္ခာ အနတ္တာ၊ နေတံ မမံ၊ နေသော ဟ မသ္မိ၊ န မေသော အတ္တာ။

* ပိုင်းခြား ကလာပ်၊ အာကာဓာတ်သည်၊ မတည် ဖောက်ပြန်၊ ကေန်မမြဲ၊ ဆင်းရဲမှန်လှ၊ နှစ်သာရကင်းပ၊စိုးလဲ မရပါ၊ ငါ့ဥစ္စာ, ငါ၊ ငါ့လိပ်ပြာဟု၊ ဘာတခုမျှ မဟုတ်ကြ၊ ရုပ်မျှ သက်သက်ပါတကား။

၆။ ဝိညာဏဓာတု အနိစ္စာ ဒုက္ခာ အနတ္တာ၊ နေ့တံ မမံ၊ နေသော ဟ မသ္မိ၊ နမေသော အတ္တာ။

* မြင်-ကြား-နံ-စား၊ ထိ,သိအားဖြင့်၊ ခြောက်ပါး ဓာတ်မည်၊ ဝိညာဉ်သည်လည်း၊ မတည် ဖောက်ပြန်၊ ကေန်မမြဲ၊ ဆင်းရဲမှန်လှ၊ နှစ်သာရကင်းပ၊ စိုးလဲ မရပါ၊ ငါ့ဥစ္စာ,ငါ၊ ငါ့လိပ်ပြာဟု၊ ဘာတခုမျှ မဟုတ်ကြ၊ နာမ်မျှ သက်သက် ပါတကား။

## ကာယာနုပဿနာ ရှုပွါးဘွယ်

၃၂-ကောဋ္ဌာသဥ္ ရှုဘွယ်။ ။ကာယဥ္စရင်း၊ ဝေဒနာဥ္စရင်း၊ စိတ်ဥ္စရင်း၊ သညာ, သင်္ခါရ ဟူသော ဓမ္မတို့ဥ္စရင်း၊ ဘာဝနာ ပွါးသောအခါ သတိဖြင့် စပ်၍ မဂ်,ဖိုလ်,ရကြောင်း ပွါးများရသော ဤ သတိပဋ္ဌာန်တရားလေးပါးတို့တွင် ကာယာနုပဿနာဥ္ ကာယအရဖြစ်သော 'အတ္ထိ ဣမသ္မိံ ကာယေ ကေသာ လောမာ'အစရှိသည်ဖြင့် ရှေးက ဘုန်းတော်ကြီးများကျောင်းဥ္ ကလေးအရွယ် ကျောင်းသားသူငယ် ဘဝမှ စ၍ သင်ပြရိုးဖြစ်သော ၃၂-ကောဋ္ဌာသ (၃၂-ပါးသော အစုအပုံ) ကမ္မဋ္ဌာန်းကိုလည်း ဟောထားတော်မူ၏။

ထို့ကြောင့် နောက်နောင်အခါ သာသနာ,ဘာသာကို မတိမ်မြုပ် မကွယ်ပရအောင် ထိန်းသိမ်းစောင့်ရှောက်ကြရာ၏၊ ဗုဒ္ဓဘာသာဝင်တို့ အထူးလေ့လာကြရမည့် သမရိုးကျ တရားအခြေခံ နည်းပုန်ဖြစ်ကြောင်းကို သတိပြုသင့်ကြပါသည်။

ပါဠိ အနက်ကို အလွန်ကြေညက်စွာ ဆောင်ရွက် လေ့ကျက်သင့်လှပါသည်။ ထိုသို့ ပလေ့လာက ဆံပင်စသော (၃၂) ကောဋ္ဌာသကို လူ,နတ်,ဗြဟ္မာ, သတ္တဝါ, ဗရား,ပစ္စေက ဗုဒ္ဓါ,ရဟန္တာ-ဟု ထင်မြင်စွဲလမ်းကြသည့် ဆံပင်မှစ၍ ဦးနှောက်တိုင်အောင် ပထဝီဓာတ် (၂၀)၊ သည်းခြေမှစ၍ ကျင်ငယ်အဆုံး အာပေါဓာတ်(၁၂)၊ ၎င်း(၃၂)ပါးကို (၃၂)ပုံ တစုစီ ပုံကြည့်က လူ, နတ်, ဗြဟ္မာ, သတ္တဝါတွေပျောက်၊ အတ္တဒိဋ္ဌိ, သက္ကာယဒိဋ္ဌိလည်း ပျောက်သည်။

အပုန်စင်စစ်အားဖြင့် ဤ(၃၂)မျိုးသော တရားအစုမှာ ရုပ်တရားချည်းသာ ဖြစ်သည်။ ထို့ကြောင့်—

* ပုဂ္ဂိုလ်,သတ္တဝါ၊ သူ,ငါ မဟုတ်၊ ရုပ်သို့ ဆိုက်ထိ၊ ဉာဏ်ဖြင့်သိ၊ အတ္တဒိဋ္ဌိ ကွာတော့သည်။

* ဒိဋ္ဌိသက္ကာ၊ ကွာသောခါ၊ ပါယ်ရွာရောက်မှု အေးတော့သည်။

**တစပဉ္စက ကမ္မဋ္ဌာန်းဦး ရှုပွါးဘွယ်။** ။ * ငါ၏ကိုယ်မှာ၊ နံ့သာမွှေးကြိုင်၊ မြခိုင်လှစွာ၊ ကောင်းရာမမြင်၊ ဆံပင်သာရှိ၊ အမွှေးရှိ၍၊ ရှိသည့်လက်သည်း၊ ခြေအသည်းနှင့်၊ သွားလည်းတထွေ၊ အရေတမျိုး၊ ညှီနံ့ဆိုးသည့်၊ သိုးပုပ်ချည်းသာ၊ သူငါမဟုတ်၊ စက်ဆုပ်ဘွယ်ရာ၊ ရုပ်သာဖြစ်ပါသည်တကား။

## ပါဠိဘာသာဖြင့်ရှုပုံ

အတ္ထိ ဣမသ္မိံ ကာယေ—
ကေသာ လောမာ နခါ ဒန္တာ တစော၊ (တစပဉ္စက)
မံသံ နှာရု အဋ္ဌိ အဋ္ဌိမိဉ္ဇံ ဝက္ကံ၊ (ဝက္ကပဉ္စက)
ယကနံ ဟဒယံ ကိလောမကံ ပိဟကံ ပပ္ဖါသံ၊ (ပပ္ဖါသပဉ္စက)
အန္တံ အန္တဂုဏံ ဥဒရိယံ ကရီသံ မတ္ထလုင်္ဂံ၊ (မတ္ထလုင်္ဂပဉ္စက)
ပိတ္တံ သေမှံ ပုဗ္ဗော လောဟိတံ သေဒေါ မေဒေါ၊ (မေဒဆက္က)
အဿု ဝသာ ခေဠော သိင်္ဃာဏိကာ လသိကာ မုတ္တံ၊ (မုတ္တဆက္က)

ဤကား ပါဠိတော် သက်သက် ဖြစ်သည်။

အနက်ကို သီးခြား အထူး မကျက်ဘဲ မြန်မာပြန်ကျက်လျှင် ကိစ္စပြီးနိုင်သည်၊ ပါဠိရော,မြန်မာပါ အနုလုံ ပဋိလုံ အပြန်အလှန် နှစ်မျိုးလုံးကို မရရှိကြသော်လည်း အနုလုံ တမျိုးကိုတော့ ကေန် ရရှိသင့် ရရှိထိုက်ပါ၏။

## မြန်မာပြန်နှင့် လင်္ကာ

* ဆံပင်, မွေးညှင်း, ခြေသည်းလက်သည်း, သွား, အရေ၊
အသား, အကြော, အရိုး, ရိုးတွင်းခြင်ဆီ, အညှို၊
နှလုံး, အသည်း, အမြှေး, အဖျဉ်း(အပြင်), အဆုတ်၊
အူမ, အူသိမ်, အစာသစ်, အစာဟောင်း, ဦးနှောက်၊
သည်းခြေ, သလိပ်, ပြည်, သွေး, ချွေး, အဆီခဲ၊
မျက်ရည်, ဆီကြည်, တံတွေး, နှပ်, အစေး, ကျင်ငယ်။

ဤ-၃၂ ပါးသော ကောဋ္ဌာသ အစုတို့ကို လူဟူသမုတ် - လူကားမဟုတ်၊ရုပ်တရားအစစ်သာ၊ လွန်စွာညှီသိုး၊ ဘင်အိမ်အိုးသို့၊ (မစင်အိုးသို့) အပုပ်မျိုးတို့၏ အစုအပေါင်း၊ ငါဟုလည်း မဆိုကောင်း၊သူဟုလည်းမဆိုကောင်း၊ ငါ့ဟာ သူ့ဟာ ဟုလည်း မဆိုကောင်း၊ ငါကောင် သူကောင်ဟုလည်း မဆိုကောင်း၊ ရွံဘွယ်ကောင်းလျက်၊ နံဟောင်စက်ဆုပ်၊

ငွေးကောင်ပုပ် အသွင်၊ ပိုးလောက်,ယင်မ၊ ကျိဴး,လင်းတနှင့်၊ ပိုးမျိုး ၎သော သူတပါးတို့၏ အစာ၊ မိးရှို့ဘိုရာ၊ ဤ ခန္ဓာကိုယ်ပါ-မြတ်စွာဗုရား။ (ဤကား သင်္ခေတ ဘာသာဝနာ)

ဤ(၃၂) ကောဋ္ဌာသ-၌ ပွါးများပုံ အမျိုးမျိုး အဖုံဖုံ ကျယ်ဝန်းစွာ ပြဆိုကြ သေး၏။

ဝိပဿနာရှုပုံ။ ။ဘနည်းအားဖြင့် အစဆုံး ကောဋ္ဌာသနှင့် အဆုံးကောဋ္ဌာသကို ဝိပဿနာ သက်သက်ရှုပုံကို ပြဆိုပါအံ့။

ကေသာ အနိစ္စာ ဒုက္ခာ အနတ္တာ၊ နေတံ မမံ၊ နေသော ဟမသ္မိ၊ န မေသော အတ္တာ။

* ဆံပင်ပဟုတ်၊ ပထဝီရုပ်မျှ၊ အနိစ္စ၊ ဒုက္ခ, အနတ္တာ။

* ဆံပင်မဟုတ်၊ ဖောက်ပြန်ရုပ်သည်၊ မတည်ပြောင်းလဲ၊ မမြဲကေန်၊ အမှန် ဆင်းရဲ၊ စိုးလဲမရ၊ ထိုမှတဖြာ၊ ငါ့ဥစ္စာ,ငါ၊ ငါ့လိပ်ပြာဟု၊ ဘာတခုမျှ၊ မဟုတ်ကြ၊ ရုပ်ပျ သက်သက်ပါတကား။

မုတ္တံ အနိစ္စံ ဒုက္ခံ အနတ္တာ၊ နေတံ မမံ၊ နေသော ဟမသ္မိ၊ န မေသော အတ္တာ။

* ကျင်ငယ်မဟုတ်၊ အာပေါရုပ်မျှ၊ အနိစ္စ၊ ဒုက္ခ, အနတ္တာ။

* ကျင်ငယ်မဟုတ်၊ အာပေါရုပ်သည်၊ မတည်ဖောက်ပြန်၊ ကေန်မမြဲ၊ ဆင်းရဲ မှန်လှ၊ နှစ်သာရကင်းပ၊ စိုးမရပါ၊ ငါ့ဥစ္စာ,ငါ၊ ငါ့လိပ်ပြာဟု၊ ဘာတခုမျှ၊ မဟုတ်ကြ၊ ရုပ်ပျ သက်သက်ပါတကား။

ဤ ဆံပင် ပျောညင်း အစရှိသော (၃၂)ပါးသော ကောဋ္ဌာသ အစုကို ကာယာ နုပဿနာ သတိပဋ္ဌာန်ဟုသော ဟိုရသည် မဟုတ်ပါ၊ ဆံပင် အဆင်းသဏ္ဌာန် စသည်တို့၌ သတိပဋ္ဌာန်ဖြင့် အာရုံပြု၍ ဖြစ်သောကြောင့် ကမ္မဋ္ဌာန်း(၄၀)တို့၌ ပါရှိသော **ကာယဂတာ သတိ** ကမ္မဋ္ဌာန်းဟုလည်း ခေါ်သိုရပါသည်။

ကောဋ္ဌာသကမ္မဋ္ဌာန်းကို ပွါး၍ တရားထူးရသူများ။ ။မာတိကာရွာကို ဂေါစရဂါမ် အဖြစ်ဖြင့် အမှီပြု၍ တရားကို အားထုတ်တော်မူကြသော ခြောက်ဆယ်သော ရဟန်းတော်တို့သည် ဤ ကောဋ္ဌာသ ကမ္မဋ္ဌာန်းဖြင့်သာလျှင် အာသဝေါကင်းကွာ ရဟန္တာအဖြစ်သို့ ရောက်တော်မူကြကုန်ပြီ။

မာတိကာရွာမှ **မာတိကာမာတာ** အမည်ရှိသော ဥပါသိကာမကြီးသည်လည်း မိမိ ပစ္စည်းလေးပါး ချီးမြှောက်လှူဒါန်းနေသော ရဟန်းတော်များထံမှ ဤ ဒွတ္တိံသာကာရ

ကာယာနုပဿနာ ကမ္မဋ္ဌာန်းကိုသင်ယူကာ ရွတ်ဆို စီးဖြန်းခြင်းကြောင့် အဘိညာဏ်နှင့် တကွ အနာဂါမိဖိုလ်သို့ ရောက်ရှိလေသည်။ (ဓမ္မပဒ ဋ္ဌ၊ ၁၊ နှာ-၁၀၄-၅)

ဤဒွတ္တိံသာကာရ ကမ္မဋ္ဌာန်းကို အရလေ့လာ၍ နှုတ်ဖြင့် ရွတ်ဆိုကာမျှနှင့် ရှေးတုန်းက (မဟာရေဝတ)ဆရာတော်ကြီးထံ၌ **မထေရ်နှစ်ပါး** ကမ္မဋ္ဌာန်းတောင်းကြ၍ ဆရာတော်ကြီးသည် ဤကေသာ, လောမာ အစရှိသော ကောဋ္ဌာသ ကမ္မဋ္ဌာန်းကိုပင် လေးလလုံးလုံး ရွတ်ဆိုနေကြဘို့ရန် မိန့်တော်မူ၏၊ ထိုမထေရ်နှစ်ပါးသည် နိကာယ်နှစ်ပုံ သုံးပုံကို ဆောင်ထားသော နိကာယ်ဆောင် စာတတ်ပုဂ္ဂိုလ်များဖြစ်ကြ၏။

ထိုသို့ စာတတ်ပုဂ္ဂိုလ်များ ဖြစ်ကြသော်လည်း ဆရာတော်ကြီး စကားကို လေးစားလိုက်နာသောအားဖြင့် ရွတ်ဆိုကြရင်းပင် သုံးဆယ့်နှစ်ပါးသော ကောဋ္ဌာသတို့ အလွန်ထင်ရှားလာရကား လေးလအတွင်း၌ သောတာပန် အရိယာများ ဖြစ်ကြလေသည်။

တတိယ သံဂါယနာ၏ခေါင်းဆောင် ရဟန္တာ **အရှင်မောဂ္ဂလိပုတ္တတိဿ** **မထေရ်**လည်း ဤကောဋ္ဌာသ ကမ္မဋ္ဌာန်းဖြင့်ပင် သာမဏေဘဝ၌ သောတာပန် ဖြစ်ခဲ့ပေသည်။ (ဝိ၊ ဋ္ဌ၊ ၁၊ နှာ-၃၁)

**တစပဥ္စက ကမ္မဋ္ဌာန်း။** ။ဤကမ္မဋ္ဌာန်းကို သုံးဆယ့်နှစ်ပါးလုံးရအောင် အရမကျက်နိုင် မလေ့လာနိုင်လျှင် အနည်းဆုံး တစပဉ္စက ကမ္မဋ္ဌာန်းမျှကိုသာ ပါဠိ, အနက်အားဖြင့် ဤသို့လေ့လာပါ—

ကေသာ လောမာ နခါ ဒန္တာ တစော၊ (အနုလုံ)

တစော ဒန္တာ နခါ လောမာ ကေသာ။ (ပဋိလုံ)

ဆံပင်, မွေးညှင်း, ခြေသည်းလက်သည်း, သွား, အရေ၊ (အနုလုံ)

အရေ, သွား, ခြေသည်းလက်သည်း, မွေးညှင်း, ဆံပင်။ ။ (ပဋိလုံ)

၎င်းကို အရေလျှင် အဆုံးရှိသောကြောင့် တစပဥ္စက ကမ္မဋ္ဌာန်းဟု ခေါ်သည်။

ရှင်သာမဏေပြုခါနီးဖြစ်သော အမျိုးကောင်း သားငယ်တို့ကို ရှေးဦးစွာရအောင် ဤ တစပဥ္စက ကမ္မဋ္ဌာန်းကို သင်ပေးကြရသည်။

အင်္ဂုတ္တိုရ် ပါဠိတော် ပ-တွဲ၊ နှာ (၄၇)၌ ချစ်သား ချစ်သမီးတို့ ရဟန်း, ရှင်, လူ မည်သူမဆို အကြင်ပုဂ္ဂိုလ်တို့သည် ဆံပင်,မွေးညှင်း အစရှိသော ရုပ်အပေါင်း၌ အောက်မေ့ ပွါးများခြင်း ကာယဂတာသတိ ကမ္မဋ္ဌာန်းကို မလေ့လာ မသုံးဆောင်ကြကုန်၊ ထိုသူတို့သည် မသေရာမှန် အမြိုက် နိဗ္ဗာန်ကို မသုံးဆောင်ရသည် မည်ကုန်၏။

ချစ်သား ချစ်သမီးတို့ ရဟန်း, ရှင်, လူ မည်သူမဆို အကြင်ပုဂ္ဂိုလ်တို့သည်ကား ဆံပင်,မွေးညှင်းအစရှိသောရုပ်အပေါင်း၌ ကောင်းသောသတိဖြင့် အောက်မေ့ပွါးများခြင်း ကာယဂတာသတိ ကမ္မဋ္ဌာန်းကို အားထုတ်သုံးဆောင်ကြကုန်၏၊ ထိုပုဂ္ဂိုလ်တို့သည် မသေ

ရာမှန်သော အမြိုက်နိဗ္ဗာန်ကို သုံးဆောင်ကြရသည် မည်ကုန်၏-ဟူ၍ ဗုဒ္ဓမြတ်စွာ ဟောတော်မူပါသည်။

ထို့ကြောင့် ညွှန်ပြခဲ့သောအတိုင်း ဖတ်ရှုရုံမျှနှင့် ကိစ္စမပြီးကြပါစေနှင့်၊ တကယ်တိကျ ပြတ်သားစွာ လေ့လာ နှုတ်တက် အရကျက်၍ အနည်းဆုံး မိနစ်အစိတ်, သုံးဆယ်, တနာရီခန့်စသည် ပြုလုပ် အားထုတ်ကြကုန်ရာ၏။

အခြား အခြား ညွှန်ပြထားသော သမထ, ဝိပဿနာ များစွာတို့ကိုလည်း ဖတ်ကြည့်ရုံမျှနှင့် အကျိုးများများရှိမည်မဟုတ်ပါ၊ မိမိတို့ ကြိုက်နှစ်သက်ရာ တစုံတခုကို နှုတ်တက်ရအောင်ပြု၍ မိနစ်အပိုင်းအခြား, နာရီအပိုင်းအခြားတို့ဖြင့် ကြိုးစားအားထုတ်မှသာလျှင် အကျိုးရှိမည်ကိုလည်း ကြီးစွာသော သတိ, ဝီရိယ, သမာဓိတရားတို့ဖြင့် ကြိုးစားအားထုတ်နိုင်ကြပါစေကုန်သတည်း။

× × × ×

# အရိုးစု (အဋ္ဌိက) ကမ္မဋ္ဌာန်း ပွါးများစီးဖြန်းသင့်ပုံ

သတိပဋ္ဌာန် တရားလေးပါးတို့တွင် ကာယာနုပဿနာ သတိပဋ္ဌာန်းအရတွင် ပါဝင်သော အရိုးစု (အဋ္ဌိက) ကမ္မဋ္ဌာန်းကို စီးဖြန်းရာ၌ အလွန် လွယ်ကူလှသဖြင့် အများ နည်းယူဘွယ် ဖေါ်ပြလိုပါသည်။

ဤ ကမ္မဋ္ဌာန်းကို စီးဖြန်းရာ၌ ဘုန်းကြီးတို့ ဗုဒ္ဓဘာသာဝင် သူတော်စင်တို့မှာ လွန်စွာ မြင့်မြတ်သော လူ့ဘဝကို လက်ရှိရနေကြသော အမျိုးကောင်းသား မျိုးကောင်းသမီးတို့ အဘို့ကို မဆိုတားပါနှဲ့၊ တောထဲ တောင်ထဲ သစ်ခေါင်းထဲမှ မွေးဖွါးဖြစ်ပေါ်လာသော အဟိတ်, တိရစ္ဆာန် တောတွင်းသား ကျေးသားလေးပင်သော်လည်း ဤ အရိုးစု(အဋ္ဌိက) ကမ္မဋ္ဌာန်းကို စီးဖြန်းပွါးများနိုင်ပါသည်၊ ဤသို့ ပွါးများသဖြင့် ကြီးမားသော အကျိုးတရား ရရှိပုံကိုပါ ပြဆိုပါအံ့။

**ဗုဒ္ဓရက္ခိတ ကျေးသားဝတ္ထု။** ။တနေ့သောအခါ ကျေးသားကလေးကို ဖမ်းယူ၍ လူ့စကား သင်ကြားလျက် လှည့်လည် သွားလာနေသော ကချေသည် တယောက်ရှိပါသည်၊ ထို ကချေသည်ယောကျ်ားသည် အခါတပါး ဘိက္ခုနီမများ ကျောင်းတိုက်သို့ ရောက်ရှိလာပါသည်၊ ထိုကချေသည် ယောကျ်ားသည် ဘိက္ခုနီမတို့ ကျောင်းတိုက်မှ ပြန်ပြီး ထွက်ခွါသွားသောအခါ ကျေးသားကလေးကို မေ့ကျန်ခဲ့ပြီး ပြန်သွားလေသည်။

ထိုအခါ သာမဏေမတို့က ကျေးသားကလေးကို ဖမ်းယူ၍ ကျွေးမွေးစောင့်ရှောက်ကာ ဗုဒ္ဓရက္ခိတ လို့ နာမည်မှည့်ထားကြလေသည်၊ တနေ့ ရှေ့မှောက်တွင် မြင်ရသော ကျေးသားလေးကို ဘိက္ခုနီ မထေရ်မကြီးက "ဗုဒ္ဓရက္ခိတ-သင် ဘယ်ကမ္မဋ္ဌာန်းများကို ပွါးများနှလုံးသွင်းသနည်း" ဟု မေးသည်တွင် ဗုဒ္ဓရက္ခိတ အမည်ရသော ကျေးသားလေးက "ကျွန်ုပ်မှာ တစုံတခု နှလုံးသွင်းပွါးများအပ်သော ဘာဝနာ ကမ္မဋ္ဌာန်းတရား မရှိပါ" ဟု ဖြေဆိုရာ မထေရ်မကြီးက "ဗုဒ္ဓရက္ခိတ-ငါတို့ရဟန်း သံဃာနှင့် အတူနေသော ပုဂ္ဂိုလ်ဆိုတာ တခုခုသော ကမ္မဋ္ဌာန်းဘာဝနာကို ပွါးများအားထုတ်ရတယ်၊ ဗုဒ္ဓရက္ခိတ သင့်အား အရိုးစု (အဋ္ဌိက)ကမ္မဋ္ဌာန်းမှတပါး အခြားကမ္မဋ္ဌာန်းနှင့် မသင့်လျော်၍ အရိုးစု အဋ္ဌိက ကမ္မဋ္ဌာန်းကိုဘဲ အားထုတ်ပါ" ဆိုပြီး "အဋ္ဌိ,အဋ္ဌိ၊ အဋ္ဌိ,အဋ္ဌိ၊ အရိုးစု,အရိုးစု၊ အရိုးစု,အရိုးစု၊ ဤသို့ သရဇ္ဈာယ် ပွါးများလေ" ဟု မထေရ်မကြီးက သင်ကြားပေးထားသည့်အတိုင်း ကျေးသားကလေးသည် ထို အဋ္ဌိကကမ္မဋ္ဌာန်းကိုဘဲ 'အဋ္ဌိ,အဋ္ဌိ-စသည်ဖြင့် အမြဲပွါးများ အားထုတ်နေ၏။

တနေ့သောအခါ တံခါးတိုင်ခေါင်းထိပ်၌ နံနက်စောစော နေပူဆာ လှုံနေခိုက်တွင်- သိန်းငှက်ကြီးသည် လာရောက် သုတ်ချီသွားလေရာ ကျေးသားက ကိရိ,ကိရိဟု အသံပြု၍

ပါသွားလေသည်၊ ထိုအခါ သာမဏေမတို့က အော်ဟစ်ကြလျက် ခဲ၊တုတ်၊တို့ဖြင့် လိုက်၍ ပစ်ခတ် ခြောက်လှန့်ရာ ပြန်ပြီး လွှတ်လာလေသည်၊ထို ကျေးသားကလေးကို မထေရ်မကြီးက "ဗုဒ္ဓရက္ခိတ သင့်ကို သိန်းငှက်ကြီးက ချီသွားသောအခါ သင်ဘယ်လိုများ နှလုံးသွင်းပါသနည်း"ဟု မေးရာ ဗုဒ္ဓရက္ခိတ က "အရိုးစုကြီး တခုသည် အရိုးစုလေးတခုကို ချီယူသွားရာ ဘယ်နေရာမှာ ဖရိုဖရဲကျပြီး ပျက်စီးမည်မသိ"ဟု နှလုံးသွင်းကြောင်းကို ပြန်ပြောသောအခါ မထေရ်မကြီးက "သာဓု၊သာဓု ဗုဒ္ဓရက္ခိတ" ဤသို့ အနုမောဒနာမှုကို ပြုပြီးလျှင်"ဗုဒ္ဓရက္ခိတ သင်သည် နောင်သောအခါ ကာမ၊ရူပ၊ အရူပ ဘ၀သုံးပါးတို့၏ ကုန်ဆုံးချုပ်ငြိမ်းရာမှန်မြတ်နိဗ္ဗာန်ကို ရခြင်း၏ အကြောင်း ကောင်းကောင်းကြီး ဖြစ်ပါပေသည်—

"သာဓု၊သာဓု ဗုဒ္ဓရက္ခိတ အနာဂတေ ဘဝက္ခယဿ ဝေတ
ပစ္စယော ဘဝိဿတိတိ"ဟု ချီးမွမ်းပြောဆိုလေသည်။
(သုတ်မဟာဝါ အဋ္ဌကထာ-၃၃၅)

၁။ တောတွင်းမွေးသူ၊ ရွှေကျေးမူ၊ နည်းယူ နှလုံးသွင်း။
၂။ ဗုဒ္ဓမြတ်စွာ၊ သာသနာ၊ ကြုံလာ ခိုက်အတွင်း။
၃။ ထူးမြတ်စွာလှ၊ လူ့ဘ၀၊ ရကြ မှန်မယွင်း။
၄။ မြတ်သည်ကိုမှ၊ မသိကြ၊ ဗာလ နှလုံးသွင်း။

ဆိုတဲ့အတိုင်း-ယခုအခါ သာသနာနှင့် ကြုံလာသည့်ခေတ် လူဖြစ်ကြသော အမျိုးကောင်းသား၊အမျိုးကောင်းသမီးတို့မှာ သွားရင်း လာရင်း လုပ်ကိုင်ရင်း မိန်းမဖြစ်သူတို့မှာ ထမင်းချက်ရင်းလဲ လွယ်ကူလှ၍ ဤ ကမ္မဋ္ဌာန်းကို ပွါးများနိုင်ကြ၏၊ တောင်သူလယ်သမားများဖြစ်ကလည်း ထွန်ရင်း ယက်ရင်း ပျိုးနှုတ် ကောက်စိုက်ရင်း နှလုံးသွင်း ဆင်ခြင် ပွါးများနိုင်ကြ၏။

သို့ဖြစ်ပါလျက်-မိမိတို့အတွက် အဟိတ်တိရစ္ဆာန် တောတွင် မွေးဖွါး ကျေးသား (ကြက်တူရွေး)လောက်မှ တန်ဘိုးမရှိရာ ရောက်ရှိနေကြပါမူ ဝမ်းနည်းဘွယ်ရာ ကောင်းလှပါဘိ-သတိပြုပါလေ။

ဤစာရေးသူ ဘုန်းကြီးကား အခြားကမ္မဋ္ဌာန်းကို နှလုံးသွင်းသော်လည်း ဤအဋ္ဌိက ကမ္မဋ္ဌာန်းကို အများဆုံး နှလုံးသွင်းဆင်ခြင် ပွါးများပါသည်၊ ရှေးဦးစွာ ဘုန်းကြီးတို့ ကိုယ်ခန္ဓာ ငါ၊သူတပါး ယောကျ်ား၊မိန်းမ ထင်မှားနေကြ၏။(ပညတ်ဒေသနာ နည်းအားဖြင့် မှန်ပါ၏၊ ပရမတ်ဒေသနာ နည်းအားဖြင့်ကား အမှားကြီးမှားပြီး သက္ကာယဒိဋ္ဌိ ကပ်ငြိနေတော့၏)။

ဥပမာ-တခုပြလိုပါ၏၊ စင်စစ်မှာ ထိုထို အင်္ဂတေဖြင့် လုပ်ထားသော ဗရားတန်ကဲ စသည်များ၌ နတ်ရုပ်၊သိကြားရုပ် စသည်တွေကို တွေ့ရှိကြပါလိမ့်မယ်၊ အဲဒီ နတ်ရုပ်တို့မှာ

အဘွင်း၌ သံချောင်းကို အမာခံပြုလုပ်ပြီး သဲ,ဘိလပ်မြေကို ရေနှင့်နယ်၍ အမာခံ သံချောင်း၌ ကပ်ပြီး လုပ်ထားသည်ကို 'နတ်'ဟု,သိကြားဟု ထင်ကြရသလို ထို အတူဘဲ ပုဂ္ဂိုလ်,သတ္တဝါ ငါဟု,သူဟု ထင်နေကြသော်လည်း သုံးရာသော အရိုးစု ကြီးငယ်တို့ကို သံချောင်းသဏ္ဍာန် အခြေခံ၍ အင်္ဂါတေပမာ အသားမျှင်,အသားစု, အသားဆိုင်တို့ကို သွေးနှင့်နယ်၍ အရိုးနှင့် ပူးတွဲ ကပ်လျက်ရှိသော အရုပ်အသွင် သူဟု ထင်နေကြ၏၊ ငါဟု ထင်နေကြ၏၊ သူ,ငါ မဟုတ်ပါ။ ထို့ကြောင့်—

* အရိုးစုတွင်၊ အသားမျှင်၊ သွေးလျှင် စရနယ်၊

ဆိုတဲ့အရ သံချောင်း အင်္ဂတေ အချုပ်သဘွယ် ဤ အရိုးစု ကိုယ်တွင်း၌ နှစ်သက်ဘွယ်ကောင်းသော ရွှေတွေ စိန်တွေ ကျောက်, သံ,ပတ္တမြားတွေ ရှိသလားဟု စဉ်းစား ကြည့်လိုက်တော့ -

* အရိုးစုထဲ၊ အူအသဲ၊ ချွဲခန်း သလိပ်ကြွယ်၊

ဆိုတဲ့အရ စက်ဆုပ်ဘွယ်ရာ ကျင်ကြီး,ကျင်ငယ်,အူ,အူသိမ်,အူမ,ဦးနှောက် စသည်တို့သာ အမှန်ရှိပါ၏။

ထပ်မံစဉ်းစားရန်မှာ ဘုန်းကြီးတို့ရဲ့ ကိုယ်ခန္ဓာကြီးကို အတွင်းအပြင် မြင်အောင် ဉာဏ်ဖြင့် ပြောင်းပြန်လှန်ကြည့်လိုက်လျှင် အပြင်ဘက်မှာ အူတွေ,အသည်းတွေ,နှလုံးတွေ, အ ◌တ်တွေ, ကျင်ကြီး ကျင်ငယ်တွေ အစရှိသည်တို့ အပြင်ဘက်သို့ ထွက်နေလျှင် တုတ် ကိုင်ပြီး ခွေးမစား ကျီးမထိုးရအောင် အမြဲတမ်း ခြောက်လန့်ပြီး နေကြရမည်မှာ ကေန် မုချဖြစ်ပါတယ်၊ မိမိတို့အသိဉာဏ်ဖြင့် စက်ဆုပ်ဘွယ်ရာကို များများကြီး ဆင်ခြင် စဉ်းစား ကြပါကုန်။

* မိန်းမ ယောကျ်ား၊ ထင်ရှားမဟုတ်၊ အကောင်ပုပ်၊ အဟုတ် စက်ဆုတ်ဘွယ်၊

ဟု ဆိုရပြန်ပါတယ်။ ဒါကြောင့် **စလေဦးပုည** က—

* ဤခန္ဓာ ပုပ်သိုးကို ကတိုးနှယ် စိတ်တင်၊
ဟုတ်တိုင်းကို မမြင် ပုထုဇဉ်အန္ဓ၊

ဤကဲ့သို့ စပ်ဆိုသွားပါတယ်။ တနည်းအားဖြင့် **ရွှေကျင်ဆရာတော်ဘုရားကြီး** က—

* ကောက်ရိုးရုပ်ကို၊ နွားဒေါ်းစိုမံ၊ ဆေးလိပ်းကျံ၊ ပုံဟန် ဤသို့နှယ်—

ဟု မိန့်တော်မူပါတယ်။

* မှန်စိမ်းတပ်ခြင်း၊ ရထားမြင်း၊ မှားယွင်း လေသည့်နှယ်—

ဤသို့လဲ ဆိုသင့်ပါတယ်။

မြက်ခြောက်တွေကို မှန်စိမ်းတပ်၍ စားရရှာသော မြင်းခမျာမှာ မှန်စိမ်းအတွက် မြက်စိမ်းတွေလို့ အထင်မှား စားရတာနဲ့လဲ တူပါတယ်။

ဦးစွာပွါးရမည့် တရား ၃-ပါး။ ။ဤ အရိုးစု (အဋ္ဌိက) ကမ္မဋ္ဌာန်းကို မပွါးများမီ ရှေးဦးစွာ တည်ကြည်မှု တည်ငြိမ်မှု သမာဓိတရားကို ရရှိစေခြင်းငှာ 'ဗုဒ်, မေတ်, မ-ကို ခေတ္တပွါးနေ'ဆိုတဲ့အတိုင်း —

(၁) အရဟံ၊ ဗြဟ္မာ,နတ်,လူ သုံးဘုံသူတို့ ကြည်ဖြူကော်ရော် အပူဇော်ကို ခံတော်မူထိုက်ပါပေသော မြတ်စွာဗုရား မြတ်စွာဗုရား၊ အရဟံ၊ ဝါသနာနှင့်တကွ တထောင့်ငါးရာ ကိလေသာကို ဝေးကွာကင်းပြတ် မဂ်ဉာဏ်မြတ်ဖြင့် ပယ်သတ်တော်မူပြီးသော မြတ်စွာဗုရား မြတ်စွာဗုရား။

ဤသို့ – ဗုဒ် အရ အရဟံ၊ အရဟံ စသည်ဖြင့် ဗုဒ္ဓါနုဿတိ ဘာဝနာကို ရှေးဦးစွာ အနည်းငယ်မျှ ပွါးများပါ။

(၂)* လုံးစုံများစွာ၊ သတ္တဝါ၊ ချမ်းသာကိုယ်စိတ် မြဲပါစေ။

* လုံးစုံများစွာ၊ သတ္တဝါ၊ ကျန်းမာရွှင်ကြည် လန်းပါစေ။

* လုံးစုံများစွာ၊ သတ္တဝါ၊ လိုရာဆန္ဒ ပြည့်ပါစေ။

ဤသို့လည်း-မေတ်=အရ မေတ္တာ ဘာဝနာကို ပွါးများပါ။

တနည်း— * ငါ၏ ဝဲ,ယာ,ရှေ့,နောက်၊ အထက်,အောက်ရွာ၊ ဒေါင့်ပါမကျန်၊ သက်ရှိမှန်သမျှ၊ အနန္တ သတ္တဝါတွေ၊ ချမ်းသာကြပါစေ, ဘေးရန် ကင်းကွာ ကျန်းမာကြပါစေ, ဝမ်းသာကြပါစေ။

ဤသို့လည်း အရပ် ဆယ်မျက်နှာရှိ သတ္တဝါတွေကို အာရုံပြု၍ မေတ္တာတရား ပွါးများပါ။

(၃) မရဏံ မေ ဘဝိဿတိ၊ မရဏံ မေ ဘဝိဿတိ၊ ငါသည် ခန္ဓာပျက်ကြွေ သေရဦးမည်, သေရဦးမည်။

ဤသို့-မ အရ မရဏာနုဿာတိ ဘာဝနာကို ခေတ္တပွါးများပြီးမှ အဋ္ဌိကမ္မဋ္ဌာန်းကို ဆက်လက်ပြီး ပွါးများကြပါစို့၊ မပွါးများမီ ဤသို့လည်း ဆင်ခြင် နှလုံးသွင်းပါဦး။

အရိုးစု ကမ္မဋ္ဌာန်း ပွါးများပုံ။ ။'ပုဂ္ဂိုလ်, သတ္တဝါ ငါ, သူတပါး ယောကျ်ား, မိန်းမ ထင်ရှားမရှိ၊ ငါ၏ ကိုယ်ခန္ဓာ ရူပကာယ၌ တစုံတခု အနှုံးမျှ သာယာဘွယ်ပြု၍ ပျူငှကောင်းသော အရာဝတ္ထုမည်သည်မရှိ၊ ကြီး,ငယ်,အလတ် သုံးရပ်ဖွဲ့ယှက် စက်ဆုပ်ဘွယ်ရာ သုံးရာသော အရိုးစုတို့သည်သာ ထင်ရှား ရှိပါပေသည်တကား' ဟု ဆင်ခြင်၍ သချိုင်း၌ မြင်ဘူးသော အရိုးစုနှင့်မခြား ဤကိုယ်တွင်း၌ ထင်ရှားလှစွာ သွားအစပျိုသော အရိုးစုကို အာရုံပြုပြီးလျှင် အဋ္ဌိ,အဋ္ဌိ၊အဋ္ဌိ,အဋ္ဌိ၊ အရိုးစု,အရိုးစု၊ အရိုးစု,အရိုးစုံ-

ဤသို့ တည်ကြည်မှုရရှိ သမာဓိတရားဖြင့် အနည်းဆုံး မိနစ် နှစ်ဆယ်, အစိတ် စသည်ဖြင့် အကြိမ်ကြိမ် အထပ်ထပ် သုံးသပ် အရိုးစုထင်အောင် ဆင်ခြင် ပွါးများခြင်းသည် သမထ ဘာဝနာဖြစ်သည်။

**ဝိပဿနာ ဘာဝနာ။** ။ဝိပဿနာ ဘာဝနာ ပွါးများဟန်ကား—

* အရိုးမဟုတ်၊ ဖောက်ပြန်ရုပ်မျှ၊ အနိစ္စ၊ ဒုက္ခ, အနတ္တာ။

တနည်း— * အရိုးမဟုတ်၊ ဖောက်ပြန်ရုပ်ဘဲ၊ မမြဲကေန်၊ အမှန်ဆင်းရဲ၊ အစိုးလဲ မရပါတကား။

တနည်း— နေတံ မမံ၊ နေသော ဟမသ္မိ၊ န မေသော အတ္တာ၊

* ဤအရိုးစုဟာ၊ ငါ့ဥစ္စာ,ငါ၊ ငါ့လိပ်ပြာဟု၊ ဘာတခုမျှ၊ မဟုတ်ကြ၊ ရုပ်မျှ သက်သက်ပါတကား။

ဤသို့ ပွါးများခြင်းလည်း ဝိပဿနာ ဘာဝနာပင်ဖြစ်သည်။

တနည်းအားဖြင့် ဝိပဿနာ ပွါးများလိုမူ-အရိုးစု,အရိုးစု၊ ဤသို့ရှုခိုက် မိမိသန္တာန် အစဉ်၌ ကုသိုလ်စိတ်တွေ မြစ်ရေအယဉ်သည် အဆက်မပြတ် တသွင်သွင် စီးနေသကဲ့သို့ ကုသိုလ်စိတ်အစဉ် မပြတ်မလပ် အထပ်ထပ်ဖြစ်ပွါး နေပါသည်၊ ထိုသို့ ဖြစ်ပွါးခိုက် ကုသိုလ်စိတ်နှင့်အတူ ဖြစ်ဘော်ဖြစ်ဘက် ခံစားမှု ဝေဒနာ စေတသိက်သည် ဝေဒနာက္ခန္ဓာမည်၏၊ မှတ်သားမှု သညာစေတသိက်သည် သညာက္ခန္ဓာမည်၏၊ ဖဿစသော ပြုပြင်မှု စေတသိက်တို့သည် သင်္ခါရက္ခန္ဓာမည်၏၊ ကုသိုလ်စိတ်သည် ဝိညာဏက္ခန္ဓာမည်၏၊ ဤလေးပါးတို့သည် နာမ်တရားချည်းဖြစ်၍ နာမက္ခန္ဓာ(နာမက္ခန္ဓာလေးပါး)ထို နာမက္ခန္ဓာလေးပါးသည် ဟဒယ ဝတ္ထု၌ မှီ၏၊ ဟဒယဝတ္ထုသည် မဟာဘုတ် (ဓာတ်ကြီးလေးပါး)၌ မှီ၏၊ မဟာဘုတ် (ဓာတ်ကြီးလေးပါး)၌ ဥပါဒါရုပ်သည်မှီ၏၊ ဤဟဒယဝတ္ထု, မဟာဘုတ်, (ဓာတ်ကြီးလေးပါး)ဥပါဒါရုပ်တို့သည်ရူပက္ခန္ဓာမည်၏၊ထိုရူပက္ခန္ဓာသည်ဖောက်ပြန်မှုကြောင့်ရုပ်တရားမည်၏၊ဆိုအပ်ပြီးနာမက္ခန္ဓာလေးပါးတို့သည်အာရုံသို့ညွတ်တတ်မှုကြောင့်နာမ်တရားမည်၏။

ဤ ခန္ဓာငါးတန် ရုပ်နှင့်နာမ်တို့သည် ဖြစ်ပျက်မစဲ အမြဲမရှိသောကြောင့် အနိစ္စ အနိစ္စ၊ ဤ ခန္ဓာငါးတန် ရုပ်နှင့်နာမ်တို့သည် ဖြစ်ချည် ပျက်ချည် အတည်မကျ ခံနေရသဖြင့် ဆင်းရဲလှသောကြောင့် ဒုက္ခ ဒုက္ခ၊ ဤ ခန္ဓာငါးတန် ရုပ်နှင့်နာမ်တို့သည် ကားမနိုင် ဆီးမရ အနှစ်သာရ ကင်းပ အစိုးမရသောကြောင့် အနတ္တ အနတ္တ။

ထိုမှတပါး ခန္ဓာငါးတန် ရုပ်နာမ်ဟူသမျှ အနိစ္စ, ဒုက္ခ, အနတ္တာ၊ ဤသို့လည်း ခန္ဓာ ငါးတန် ရုပ်နှင့်နာမ်ကို လက္ခဏာယာဉ် ဆင်ခြင် သုံးသပ် အထပ်ထပ် ဝိပဿနာ ပွါးများ နိုင်ပါ၏။

သမ္ပမင်္ဂလ 44-45

ဤနေရာ၌ သတိပြုရန် ရှိပြန်ပါသည်၊ အရိုးစုလို့ ခေါ်ဝေါ်သမုတ် ပြောဆိုတာက ပညတ်၊ ထိုပညတ်မှာ အခေါ်ဝေါ်မျှသာဖြစ်၍ ထင်ရှားမရှိ၊ စင်စစ်အားဖြင့် ပထဝီဓာတ် (၂၀)၌ပါဝင်သော ရုပ်တရားသာဖြစ်၏၊ ထိုရုပ်တရားသည် မုချဆတ်ဆတ် ပရမတ်ဖြစ်၍ ထင်ရှားရှိ၏၊ ထို့ကြောင့်—

* မရှိ ပညတ်၊ ရှိ ပရမတ်၊ နှစ်ရပ် ကွဲအောင်ခွဲ။

တနည်းသမထပွါးပုံ။ ။တနည်း သမထ ဤသို့ပွါးပါ။

* အရိုး ပညတ်၊ ပရမတ်၊ ရုပ်ဓာတ် ပထဝီ။
* သတိပဋ္ဌာန်လေးဖြာ၊ ဝင် အပါ၊ ကာယာနုပဿီ။

ဝိပဿနာကို ဆိုခဲ့ပြီးအတိုင်း ပွါးပါ။

* အဋ္ဌိ, အဋ္ဌိ၊ အဋ္ဌိ, အဋ္ဌိ၊ ကျေးသားသိ၊ ပွါးဘိ ဘာဝနာ။
* ဘဝသုံးတန်၊ ကုန်ဆုံးမှန်၊ နိဗ္ဗာန် ရောက်ကြောင်းသာ။
* တောတွင်မွေးဖွါး၊ ကျေးသားလေးတောင်၊ ရှုပွါးဆောင်၊ အမောင် စဉ်းစားပါ။
* တောတွင်မွေးဖွါး၊ ကျေးသားငယ်ရွယ်၊ ရှုပွါးတယ်၊ အမယ် စဉ်းစားပါ။
* အသုဘကမ္မဋ္ဌာန်း၊ ရှုစီးဖြန်း၊ ဖြောင့်တန်း နတ်ရွာသာ။
* အသုဘအာရုံ၊ မရှိတုံ၊ ရာဂုမ္မတ္တကာ။
* ရာဂုမ္မတ္တက၊ ဖြစ်ကုန်ကြ၊ ဘဝ ဆုံးရှုံးမှာ။
* နှစ်ပါးဒုက္ခ၊ မဖြစ်ရအောင်၊ အသုဘမည်မှန်း၊ ဤကမ္မဋ္ဌာန်း၊ ကြိုးပမ်း ရွက်ကြပါ။
* ကိုယ့်ဘို့ ကိုယ်သာ၊ ကိုယ့်ဘို့ရာ၊ ကိုယ်သာ သိဆုံးပါ။
* ကျမ်းပြုဆရာ၊ ဒို့တွက်တာ၊ နည်းသာ ညွှန်ပြတာ။

ဤသို့ ဆိုအပ်ပြီးစီး အနည်းနည်းကို သိရှိပြီး အရိုးစု (အဋ္ဌိက) အသုဘ ကမ္မဋ္ဌာန်း များကို ကြိုးစားပွါးများ စီးဖြန်းနိုင်ကြပါစေကုန်သတည်း။

× × × ×

# ဗုဒ္ဓါနုဿတိ သမထ ဘာဝနာအကြောင်း

ဘုန်းကြီးတို့ ဗုဒ္ဓမြတ်စွာသည် အလောင်းတော် သိဝိမင်းကြီးလို ဘဝမျိုးက မျက်စိ အလှူခံလာလို့ မျက်လုံးတော်တွေကို ဖောက်ထုတ်ပြီး လှူခဲ့ရတာ ကောင်းကင်က ကြယ်တွေထက် များပါသေးတယ်၊ သွေးအလိုရှိလို့လာတဲ့ အလှူခံပုဂ္ဂိုလ်ကိုလဲ သွေးဖောက်ဖောက်ပြီး လှူခဲ့ရတာ သမုဒ္ဒရာရေတွေထက် များပါသေးတယ်-ဤသို့ စသည်ဖြင့် အပြင်အပက ပစ္စည်းတွေကိုတော့ မည်မျှဆိုတာ မပြောပါနှင့် အမြင့်ဆုံး ပရမတ္ထ ပါရမီဖြစ်တဲ့ အသက်တော်ကိုမငဲ့ဘဲနဲ့ လှူတဲ့ အလှူတွေဟာ အလွန်ကြီးကျယ် များပြားလှပါတယ်။

**အံ့ဘွယ်ဂုဏ်တော်များ။** ။သို့ဖြစ်ပါလျက် လေးသင်္ချေနှင့် ကမ္ဘာတသိန်း ဆင်းရဲငြိုငြင်စွာ ပါရမီတော်တွေ ဖြည့်ဆည်းပူးသဖြင့် သဗ္ဗညုတ ရွှေဉာဏ်တော်ကြီးကို ရရှိပြီး ဗုဒ္ဓဖြစ်တော်မူလာတဲ့အခါ ဂုဏ်တော်တွေက အရဟံအစ, ဘဂဝါ အဆုံး ကိုးပါးမျှသာ ဆိုတော့ နည်းလှချည်လားဟု အောက်မေ့ဘွယ်ရာရှိပါတယ်။ဂုဏ်တော်တွေဟာ မနည်းပါဘူး —

ဥပမာ—

* တိုရှည်မရှိ၊ နှစ်သစ်တိလတ်၊ ဆံတော်မြတ်၊ သိမှတ် အံ့ဘွယ်တော်။

* ရွှေကြာသကာန်း၊ ဝတ်ရုံလွှမ်းလည်း၊ ညစ်နွမ်းမပျို၊ပကတိ၊သိရှိ အံ့ဘွယ်တော်၊

* မြတ်ဗုဒ္ဓနှင့်၊ ရှစ်ပါးပရိက္ခရာ၊ ကင်းကွာလေးသစ်၊ မထိလစ်၊ စင်စစ် အံ့ဘွယ်တော် —

အစရှိသည်ဖြင့် မြတ်စွာဗုဒ္ဓအား အလွန်ထူးရှားသော အံ့ဘွယ်တော် တဆယ့်ရှစ်ပါးရှိပါတယ်၊ ဒါတွင်မက အခြားသော အံ့ဘွယ်တော် ဂုဏ်တွေလဲ ရှိပါသေးတယ်၊ သို့သော်လဲ ထိုကျန်ရှိသော အံ့ဘွယ်တော် ဂုဏ်တို့သည် ဤတဆယ့်ရှစ်ပါးတို့၌ပင် ပါဝင်အကျုံးဝင်ကြကုန်၏။

ထိုမှတပါး—

ဗုဒ္ဓါနံ ဇီဝိတဿ န သက္ကာ ကေနစိ အန္တရာယော ကာတုံ။

ဗုဒ္ဓါနံ သဗ္ဗညုတညာဏဿ န သက္ကာ ကေနစိ အန္တရာယော ကာတုံ။

ဤသို့အရ မြတ်စွာဗုဒ္ဓရဲ့ အသက်တော်ကို မည်သူ တဦးတယောက်မျှ လုပ်ကြံ အန္တရာယ်မပြုနိုင်ပါဘူး၊ အလားတူ မြတ်စွာဗုဒ္ဓ၏ သဗ္ဗညုတ ရွှေဉာဏ်တော်ကြီးကိုလဲ တဦးတယောက်မျှ အနှောင့်အယှက် မပေးနိုင် အန္တရာယ် မပြုနိုင်ပါဘူး၊ ဤသို့စသည်ဖြင့်

ပစ္စေကဗုဒ္ဓါ၊ ရဟန္တာ၊ အဂ္ဂသာဝက၊ မဟာသာဝက၊ ပကတိသာဝကတို့နှင့် လုံးဝ မသက်ဆိုင်ဘဲ အသီးအခြား ဗုဒ္ဓအားသာရှိတဲ့ အာဝေဏိက ဂုဏ်တော် (၁၈)ပါးရှိပါတယ်၊ ယခုလို ဗုဒ္ဓရှင်နှင့်သာ သီးခြားသက်ဆိုင်သော အခြားဂုဏ်တွေလဲ ရှိပါသေးတယ်၊ ထိုကျန်ရှိသော သီးခြားဂုဏ်တော်တွေလည်း ဤတဆယ့်ရှစ်ပါးတို့၏ အတွင်း၌သာ အကျုံးဝင်ပါဝင် ပေါင်းစုကြကုန်သကဲ့သို့ မြတ်စွာဗုဒ္ဓရှင် ဂုဏ်တော်မြတ်ကြီးအား အရဟံ အစရှိသော ဂုဏ်တော်တွေလို အခြား ဂုဏ်တော်တွေလဲ အသင်္ချေ အနန္တ မရေတွက်နိုင် မဆုံးနိုင်အောင် အလွန်များပြားလှပါကုန်၏။

ထို အသင်္ချေ အနန္တ အလွန်များပြားလှကုန်သော ဗုဒ္ဓဂုဏ်တော်မြတ်တို့သည်-ဤအရဟံစသော ဂုဏ်တော်ကိုးပါးတို့၌သာ ပေါင်းစုအကျုံးဝင် ပါရှိကြပါကုန်၏၊ သို့များပြားလှသော်လည်း လူ, နတ်, ဗြဟ္မာ သတ္တဝါတွေ ဆောင်လွယ် သိလွယ် မှတ်လွယ်အနေအားဖြင့် ထိုထိုပါဠိတော်တို့၌ ဗုဒ္ဓဂုဏ်တော်ကိုးပါးကိုသာ ဟောကြားတော်မူကုန်၏၊ ဤသို့ ဖြစ်သောကြောင့် ရှေးဦးအစဆုံးဖြစ်သော အရဟံ ဂုဏ်တော်တပါး၏ အနက်အဓိပ္ပါယ်တွေကို အကျယ်အားဖြင့် ဖွင့်ဆိုရေးသားရလျှင် ပိဋကတ်သုံးပုံထက်ပင် ကျယ်ဝန်းများပြားဦးမည်ဖြစ်ကြောင်းကို အထင်အရှား ပြဆိုထားကြပါကုန်၏။

**ပိဋက သုံးပုံနှင့် အဆီအနှစ်။** ။ဤနေရာ၌ ပိဋကသုံးပုံအရကို ပြဆိုရလျှင် ဝိနည်းပါဠိတော် ငါးကျမ်းကို **ဝိနည်းပိဋက**၊ သုတ်ပါဠိတော် သုံးကျမ်းကို **သုတ္တန္တပိဋက**၊ အဘိဓမ္မာပါဠိတော် ခုနစ်ကျမ်းကို **အဘိဓမ္မာပိဋက** - ဟု ဆိုသည်၊ ကြွင်းဆိုင်ရာ အဋ္ဌကထာ, ဋီကာအဖွင့် ကျမ်းများလည်း များပြားစွာ ရှိပါကုန်သေး၏။

ထိုမျှ ကြီးကျယ်သော ပိဋကသုံးပုံ၏ လိုရင်း အနှစ်သာရ အစစ် အဆီအနှစ်ကို တုတ်ဖော်ပြရမည်ဆိုသော်—

| | |
|---|---|
| ၁။ ဗုဒ္ဓ၊ | ၄။ အနိစ္စ၊ |
| ၂။ ဓမ္မ၊ | ၅။ ဒုက္ခ၊ |
| ၃။ သံဃာ၊ | ၆။ အနတ္တ။ |

တရား ဤခြောက်ပါးမျှသာ ရှိကြောင်းကိုလည်း အထူးအနေအားဖြင့် သိရှိ မှတ်သားကြကုန်ရာ၏။

**ချီးမွမ်းမကုန်နိုင်။** ။ထိုအပ်ခဲ့ပြီးသော မြတ်စွာဗုဒ္ဓ၏ ဂုဏ်တော်, ကျေးဇူးတော်တွေ အဆုံးမရှိအောင် များပြားလှပုံကို ဆက်လက်ပြဆိုပါဦးမည်။

'ဗုဒ္ဓေါပိ ဗုဒ္ဓဿ ဘဏေယျ ဝဏ္ဏံ' ဤသို့အစရှိသည်ဖြင့် တဆူသော မြတ်စွာဗုဒ္ဓသည် အာယုကပ် ပတ်လုံး အခြားတရားစကားကို မဟောကြားဘဲ တဆူသော မြတ်စွာ

ဗုရား၏ ဂုဏ်တော်ကျေးဇူးတော်များကို ချီးမွမ်းဟောကြားငြားသော်လည်း အာယုကပ် သည်သာ ကုန်ဘွယ်ရာရှိ၏၊ ရှည်စွာသော ကာလအတွင်း၌ မြတ်စွာဗုရား၏ဂုဏ်ကျေးဇူးတော် သည်ကား အသင်္ချေ အနန္တဖြစ်၍ မကုန်ဆုံးနိုင်သည်သာဖြစ်ရာ၏။ (ဒီ၊ ၂၊ ၌-၆၁။ မ၌- ၃၊ ၂၇၉။ ဥဒါန၊ ဋ္ဌ၊ ၃၀၅။ ဗုဒ္ဓဝံသ၊ ဋ္ဌ၊ ၁၆၃)

**ဗုဒ္ဓါနုဿတိဂုဏ်တော်အမြတ်ဆုံး။** ။ဤသို့ များစွာသောကျမ်းဂန်တို့ အဆိုကို ထောက် ထား၍ မြတ်စွာဗုရား၏ ဂုဏ်တော်တွေ များပြားလှပုံ ထင်ရှားလှပါ၏၊ ထိုမှတဖုံ အလုံးစုံသော ကမ္မဋ္ဌာန်းတို့တွင် ဤ ဗုရားဂုဏ်တော် **ဗုဒ္ဓါနုဿတိ ဘာဝနာ** ကမ္မဋ္ဌာန်းသည် ကြီးမြတ်ကဲမွန် အသာလွန်ဆုံးဖြစ်၏၊ ဗုဒ္ဓါနုဿတိ ဂုဏ်တော်တို့ တွင်လည်း အရဟံ ဂုဏ်တော်သည် အကြီးအမှူး အဦးရှေ့သွား ပဓာနသာ ဖြစ်ပေ၏။

ထိုမှတပါး —

ဘာဝေဟိ ဗုဒ္ဓါနုဿတိံ၊ ဘာဝနာနမနုတ္တရံ။
ဣမံ သတိံ ဘာဝယိတွာ၊ ပူရယိဿသိ မာနသံ။

ဟူ၍ များစွာသော ကမ္မဋ္ဌာန်းဘာဝနာတို့တွင် အသာလွန်ဆုံး, အထူးအကဲဆုံး အမြင့်မြတ်ဆုံးဖြစ်သော ဗုဒ္ဓါနုဿတိ သမထဘာဝနာကမ္မဋ္ဌာန်းကို ပွါးများ အားထုတ် ပါလေဟု —

ယခု ဗုရားလက်ထက် **သုဘူတိ** ရဟန္တာ မထေရ်၏ အလောင်းဖြစ်သော ပဒုမုတ္တရ မြတ်စွာဗုရား၏ တပည့် ဉာဏ်ပညာကြီးမား ရဟန္တာတပါးကဲ့သို့ဖြစ်လိုကြောင်း ဆုတောင်း သော **နန္ဒရှင်ရသေ့** ကို ပဒုမုတ္တရ မြတ်စွာဗုရားက တိုက်တွန်းဟောကြားတော်မူပါတယ်၊ ဤ ဗုဒ္ဓါနုဿတိ သမထဘာဝနာကို ပွါးများအားထုတ်လျှင် သင်၏ စိတ်အလိုဆန္ဒအတိုင်း ပြည့်စုံလိမ့်မည်ဟုလည်း ဟောတော်မူပါတယ်။ (ထေရာပဒါန်၊ ပါ၊ ပ၊ ၇၆။ ဋ္ဌ၊ ၁၊ ၁၉-၂၅။)

**မှတ်ချက်။** ။'ဘာဝေဟိ ဗုဒ္ဓါနုဿတိံ'' ၌ ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်းကို အားထုတ် ပွါးများလေ-ဟု တိုက်တွန်းရာဝယ်=**သော ဘဂဝါ** ဣတိပိ အရဟံ၊ သို့မဟုတ်၊ **အရဟံ, အရဟံ**=စသည်ဖြင့် ပွါးများရခြင်းမျိုးကို ဆိုလို ပါသည်။

**ဗုဒ္ဓါနုဿတိ အဓိပ္ပါယ်။** ။ဗုဒ္ဓါနုဿတိ --ပုဒ်မှာ ဗုဒ္ဓ + အနု + သတိ-ဟု သုံးပုဒ်ခွဲ၍ ဗုရား၏ အရဟံ စသောဂုဏ်တော်ကို အဖန်ဖန် အထပ်ထပ် ပွါးများဆင်ခြင်, အောက်မေ့ခြင်းဟု-အဓိပ္ပါယ်ယူရသည်။

'ဗုဒ္ဓါနုဿတိ, ဗုဒ္ဓါနုဿတိ' - ဤသို့ပွါးများရမည် မဟုတ်ဘဲလျက် ဗုဒ္ဓါနုဿတိ, ဗုဒ္ဓါနုဿတိ-ဟု နှုတ်မြွက်၍ ဒါယကာကြီးတယောက် ပုတီးစိပ်နေသည်ကို ကိုယ်တိုင်ကြားရ တွေ့ရ ဘူးပါသည်။

**စိပ်ပုတီး အကြောင်း။** ။ဤနေရာ၀ယ် စိပ်ပုတီးအကြောင်းကို အနည်းငယ် ရှင်းပြလိုပါသည်၊ ဤ စိပ်ပုတီးအကြောင်းအရာ ကျမ်းဂန်များတွင်လည်း မလာရှိပါ၊ ဗုဒ္ဓလက်ထက်တော်မှစ၍ အင်း၀ခေတ် မတိုင်မီ စိပ်ပုတီးကို အသုံးမပြုကြသေး-ဟု ယူဆဘွယ် ရှိပါသည်။

ထို အင်း၀ခေတ် နောက်ပိုင်းမှစ၍ ကုန်းဘောင်ခေတ်ဦးတွင် စိပ်ပုတီးသည် လူသုံးပစ္စည်း, ဘာသာရေးပစ္စည်းတခု ဖြစ်လာကြောင်း ထင်ရှားပါ၏၊ အကြောင်းကိုဆိုက အလောင်းမင်းတရားကြီး ကုန်းဘောင်မတည်မီ ၁၁၁၃-ခုနှစ်၌ နောင် စိန္တကျော်သူဖြစ်လတံ့သော ရွှေတောင်ရာဇကျော်(ဘွဲ့ခံ ဦးညို)ပြုစုခဲ့သည့် ကဝိလက္ခဏာ သတ်ပုံကျမ်းတွင် စိပ်ပုတီးကို တွင်တွင်ကျယ်ကျယ် ထည့်သွင်းစပ်ဆိုခဲ့သောကြောင့်ပင်ဖြစ်၏။

* စာသိပ်ရေသိပ်၊ မန္တန်စိပ်၊ မင်းဇိပ်၊ ပရပ်လျှင်။

* ဇင်းမယ် မြို့ထိပ်၊ ပြဒိပ်၊ ရိပ်ရိပ် ရေးရေးထင်။

* ပုတီးလည်းစိပ်၊ မာန်ကိုနှိပ်၊ သိပ်သိပ် သည်းသည်းပင်။

ဤသို့ အိပ်ကာရံ သုံးပုဒ်တွင် ပုတီးစိပ်ကို ထည့်သွင်းစပ်ဆိုခဲ့လေသည်။

ထို ပုတီးစိပ်ခြင်းတို့သည် ရသေ့ရဟန်းတို့နှင့် စပ်ဆိုင်ကြောင်းကို ယင်းရွှေတောင်ရာဇကျော်၏ ဦးရိး တွင်းသင်း မင်းကြီးသည် အသက်ရှစ်ဆယ်ရှိမှ (ဘိုးတော်မင်းတရားကြီးလက်ထက်-၁၁၆၇ ခုနှစ်တွင်) စပ်ဆိုခဲ့သော **မဟာဇနကပျို့** လာ—

* ဆယ်စုံကမ္ဘ၊ ပထမြောက်မြား၊ ဘိညာဏ်ငါးနှင့်၊
ရှစ်ပါး သမာပတ်၊ မလွတ်ရမ္မ၊ လုံ့လပြု၍၊
ဂရုကတ၊ နေ့ညသိပ်သိပ်၊ ပုတီးစိပ်သို့၊
နှိပ်နှိပ် ကွပ်ကွပ်၊ သတိချပ်လျက်—

ဟူသော စာပိုဒ်၌ မဟာဇနက တောထွက်ရာတွင် နာရဒရသေ့ ဆုံးမခန်းစာအနေဖြင့် ဖော်ပြထားသည်၊ ထိုသို့ဖြစ်ရာတွင် ပုတီးစိပ်သည် ရသေ့ရဟန်းသုံး အနေဖြင့် ထင်ရှားနေပြီဖြစ်ကြောင်း သိသာရတော့သည်။

ထိုပုတီး၏ အလုံးအရေအတွက်ကိုလည်း လောက အလိုအားဖြင့် ဂြိုဟ်သက်(၁၀၈) နှစ်ကိုသော်၎င်း, သဘ္ဘဗိသ နက္ခတ်(၁၀၈) န၀င်းကိုသော်၎င်း, ဓမ္မအနေအားဖြင့် မြတ်စွာ

ဗုဒ္ဓဘုရား၏ ခြေတော် စက်လက္ခဏာ (၁၀၈)ကွက်ကိုသော်၎င်း, ဗုဒ္ဓဂုဏ်တော်(၄၈) တရားဂုဏ်တော် (၃၈)သံဃာဂုဏ်တော်(၂၂)ဟု ဆိုအပ်သော ရတနာသုံးပါး ဂုဏ်တော်(၁၀၈)ကိုသော်၎င်း ရည်ရွယ်၍(၁၀၈)လုံး အများဆုံး ထားကြသည်။ (အကျယ်ဗဟုသုတ လိုက ၁၉၇၅-ခုနှစ်၊ ဧပြီလထုတ်၊ အမှတ် ၁၇၈-ငွေတာရီ မဂ္ဂဇင်းတွင် ရဝေထွန်း ရေးသားသော ဆောင်းပါးကို ကြည့်ရှုပါလေ။)

**စိပ်ပုတီးအသုံးဝင်ပုံ။** ။ဘုန်းကြီးတို့မှာ ယခုကာလကျအောင် မသိအပ်သော အစရှိသော အနမတဂ္ဂ သံသရာမှစ၍ အဝိဇ္ဇာ နီဝရဏ, တဏှာသံယောဇဉ် ခြံရံလျက် ရာဂနှင့်ယှဉ်သောစိတ်, ဒေါသနှင့်ယှဉ်သောစိတ်, မောဟနှင့်ယှဉ်သော အကုသိုလ်စိတ်တွေ အချိန်မလပ် အထပ်ထပ် ဖြစ်ပွါးပြီးလျှင် တလှုပ်လှုပ်တရွရွ သစ်ကိုင်း၌ခုန်နေသော တောမျောက်ရိုင်းပမာ, စည်းခြံကို ခုန်လွှား၍ ကောက်ပင်ကို စားလိုသော နွားဆိုး နွားညစ်ပမာ စိတ်ဆိုး စိတ်ညစ် စိတ်ရိုင်းတွေကို အာရုံတိုင်း မရောက်လင့် မပျံ့လွင့် မပြေးလွှားစေဘဲ ရှေးဦးစွာ ငြိမ်သက်တည်ကြည်မှုရအောင် ပုတီးဖြင့် စိတ်ဆိုး စိတ်ညစ်ကို ထိန်းသိမ်းပေးရပါမည်။

ဤစိပ်ပုတီးကို လက်ခံထားခြင်း အသုံးပြုခြင်းနှင့်စပ်၍ အကျိုးနှင့် အပြစ်ကို ထပ်မံ စိစစ် ဝေဖန်ကြည့်လျှင် အကျိုးရှိမှုက ပိုမိုသဖြင့် အစဉ်အဆက် လက်ခံလာခြင်း ဖြစ်သည်၊ အဘယ်ကြောင့်ဆိုသော် ဝိပဿနာ အားထုတ်မှုမျိုးမှတပါး ဂုဏ်တော်စသည်ကို ပွါးများ၍ စိပ်ပုတီးအခန်းမှာ များစွာ အသုံးဝင် အရေးပါလှသောကြောင့်ပင် ဖြစ်ပါ၏။

ဝိပဿနာ ကမ္မဋ္ဌာန်း မဝင်စားသေးသူတို့အဖို့ အိမ်, ကျောင်း, ဘုရား တန်ဆောင်း, ဓမ္မာရုံ, ဥပုသ်ဇရပ်တို့၌ ဗုဒ္ဓါနုဿတိ, မေတ္တာ စသော ပွါးများဘွယ်ရာတို့ကို ပွါးများကြရာတွင် စိပ်ပုတီးရှိလျှင် တည်ငြိမ်စူးစိုက်၍ တပုဒ်ပွါးလိုက် တလုံးချလိုက်နှင့် အလွန်တွင်ကျယ်အသုံးကျသည်၊ ကြာမြင့်စွာလည်း မပျံ့မလွင့် ပွါးများနိုင်သည်၊ ပုတီး ဘယ်နှစ်ပတ်ဟူသော အဓိဋ္ဌာန်လည်း ထမြောက်နိုင်သည်၊ ကြာသော် စိပ်ပုတီး ကိုင်မိလျှင်ပင် အလိုလို ဗုဒ္ဓါနုဿတိ, မေတ္တာ စသည်တို့ကို ပွါးများပြီးသား ဖြစ်နေသဖြင့် ပုတီးသာ ဂုဏ်တော် အထိမ်းအမှတ်, စိတ်တည်ကြည်ရေး လက်ကိုင်,ဘာသာရေး ပစ္စည်း တခုဖြစ်၍ မပါ မပြီးသော ဗုဒ္ဓဘာသာ လက်သုံးဖြစ်လာရတော့သည်။

ထို့ကြောင့် အကျိုးရှိ၍သာ ဘာသာသုံးအနေဖြင့် လက်ခံထားသော စိပ်ပုတီးကို မပစ်ပယ်သင့်ဘဲ ဗုဒ္ဓဘာသာဝင်တိုင်း အကျိုးရှိအောင် သုံးစွဲကြ၍သာ လိုအပ်ကြောင်း ကောင်းစွာဖြစ်ပေသည်။

**စိပ်ပုတီးစိပ်သူကို အပြစ်မပြောသင့်။** ။ကမ္ဘာအေး ကုန်းမြေ၌ ဆဋ္ဌသံဂါယနာတင်စဉ် အခါက ဘုန်းကြီးနှင့် အလွန်ရင်းနှီးသော သိတင်းသုံးဘော် ဆရာတော် တပါးသည် အဆိုပါပုတီးကို အမြဲအသုံးပြု ကိုင်တွယ်မှုကို အချို့ရဟန်းတော်များက နောက်ကြ ပြောင်လှောင်ကြသည့်အချိန်တွင် ထိုပုဂ္ဂိုလ်များနှင့် တွေ့ဆုံကြ

ရာတွင် ''အရှင်ဘုရားတို့-တပည့်တော် ပုတီးစိပ်တာ အပြစ်ရှိပါသလား, အကုသိုလ်ဖြစ်ပါသလား''ဟု လျှောက်ထားရာ တပါးမျှ အဖြေ မပေးဝံ့တော့ချေ။

အခါတပါး စာချဘုန်းကြီးတပါးသည် အမြဲပုတီးစိပ်လေ့ရှိသည်၊ ပုတီးကို ကိုင်ဆောင်သွားပြီးလျှင် ရင်းနှီးသော သီတင်းသုံးဘော် စာချဘုန်းကြီးထံ၌ ပုတီးမရှိသဖြင့် ''အရှင်ဘုရား-စာချဘုန်းကြီးတပါးဖြစ်လျက် ပုတီးစိပ်ဘို့ကောင်းပါသည်'' ဟု ပြောရာ ထိုစာချဘုန်းကြီးက ''အရှင်ဘုရား-အညာအရပ်မှာ အလွန်ဆိုးသွမ်းသော နွားကိုသာ ဒေါက်ဆွဲလေ့ရှိကြပါသည်။ (ဒေါက်ဆိုတာ ခြေသလုံး ပေါင်လုံးခန့် သုံးပေခွဲ လေးပေခန့်ရှိသော သစ်သားတခုကို နွားလည်ပင်း၌ တွဲရရွဲ ဆွဲထားသည်ကို ဆိုလိုသည်။)

ဤ ဥပမာစကားဖြင့် ပြောသော စာချဘုန်းကြီးသည် ဝိပါကဝဋ် အလိုက်ခံရမည်ကို အလွန်ကြောက်ထိပ်လန့်ဘွယ် ကောင်းလှပါ၏။

**ဃောသက ဝဋ်လိုက်ပုံ။** ။ရှေးအခါက ကောတူဟလိကနှင့် မယား ကာဠီသည် သားကလေးကို ချီပိုးလျက် ခရီးထွက်လာခဲ့ကြရာ လမ်း၌ အစာရေစာ ပြတ်ကင်း ငတ်မွတ်ခြင်းကြောင့် မိမိတို့ ကိုယ်ခန္ဓာကိုယ်မျှ မသယ်ချင် မယူချင်ဖြစ်သည် အထိ ရိုနွမ်း ပင်ပန်းကြ၏၊ ထိုအခါ-ကောတူဟလိက-က မိန်းမကာဠီကို ''ကိုယ်မချီ အမိသော်လဲ သားတော်ခဲ့, ကမ္ဘာမိးလောင် သားကောင်ချနင်း'' ဆိုသလို ''သားကလေးကို လမ်းမှာ ပစ်ထားခဲ့ကြစို့''ဟု ပြောရာ အမိ ကာဠီ-က ''မထားခဲ့နိုင်ပါ''ဟု ပြောသည်။

(ဤနေရာ၌ အမိ၏စိတ် နူးညံ့ကြောင်းကို အဋ္ဌကထာ၌ ပြဆိုထားသည်၊ ဗုဒ္ဓမြတ်စွာကလဲ ကိုးလ ဆယ်လ လွယ်ခြင်း, အညစ်အကြေး သုတ်သင်ခြင်းစသော ပြုနိုင်ခဲသော အမှုများကို အမိသည်သာ ပြုရသောကြောင့် သားသမီးတို့အပေါ် အမိက ပို၍ ကျေးဇူးများကြောင်းကို ဟောတော်မူသည်။)

တဖန် ခရီးဆက်လာကြရာ အဘ ကောတူဟလိက-က ချီယူရသော အလှည့်တွင် နောက်ချန်နေပြီး သစ်ပင်ခြုံအောက်၌ သားကလေးကို ပစ်ထားခဲ့တော့သည်၊ အမိ ကာဠီက အတန်ကြာ၌ သားလေးကို မမြင်လျှင် ''ဘယ်မှာထားခဲ့သလဲ၊ ပြန်ယူပြီးပေးပါ၊ မပေးက ဤနေရာ၌ရင်ကွဲသေရချည်ရဲ့'' ဟု ဆိုသဖြင့် ပြန်ယူလာသော်လဲ လမ်းမှာဘဲ ထို ကလေးသည် သေ၏။

ကောတူဟလိကသည် ထိုအကုသိုလ်ကံကြောင့် ဃောသက သူဌေးသားဖြစ်လာသော အခါ မွေးမွေးခြင်း အမှိုက်ပုံးထဲ၌ သေအောင် အပစ်ခံထားရ၏၊ မသေသဖြင့် တဖန် လှည်းပေါင်းများစွာ သွားသော လှည်းလမ်း၌ မိုးမလင်းမီ အချထားခံရ၏၊ နွားကမနင်းလို့ မသေ၊ တဖန်သင်္ချိုင်းကုန်း သစ်ခြုံအောက်၌ အပစ်ခံရပြန်၏၊ ဆိတ်မက နို့တိုက်၍ မသေ- ဤသို့စသည်ဖြင့် ခုနစ်ကြိမ်တိုင်တိုင် သေကြောင်းအကြံစည် ခံရလေ၏[၁]။

---

၁။ ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ နှာ-၁၀၈-၁၁၅။

ရှင်မဟာကစ္စည်း မထေရ်ကို မျောက်လို့ ပြောဆိုမိသော **ဝဿကာရ ပုဏ္ဏားသည်လည်း** သေပြီးနောက် မျောက်ဖြစ်ရ၏။ ဤဝတ္ထုတို့ကို ထောက်ဆ၍ ဝိပါကဝဋ်မှ လွတ်ကင်းအောင် ရှောင်ရှားကြကုန်ရာ၏။ (မ၊ ဋ၊ ၄-၄၉)

**ဂုဏ်တော်ထုံပွါး နာမည်ကြီး ပုဂ္ဂိုလ်များ။** ။ဤနေရာ၌ ဆရာ အဆက်ဆက်တို့၏ ထံမှ မှတ်သားခဲ့ရသည်မှာ ရွှေကျင် ဂိုဏ်းကြီးကို စတင် တည်ထောင်တော်မူသော ပထမ ရွှေကျင်ဆရာတော်ဘုရားကြီးသည် (ကိုးနှစ်သား အရွယ်ကပင်)ဘုရားဂုဏ်တော်ကို တနေ့လျှင် ဆယ်ပတ်ရအောင် ပွါးများတော်မူ၏။

မင်းတုန်းမင်းကြီး၏ဆရာ **မဟာဗိုလ် ဆရာတော်ဘုရားကြီးသည်** ကိုယ်တော်တိုင် ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်းကို နှလုံးသွင်းတော်မူ၍ မင်းတုန်းမင်းကြီးကို ဟောကြားရာ သဘောကျ၍ အရဟံ ဂုဏ်တော်ကို (၁၀၈)လုံး ပုတီးနှင့် တနေ့ ဆယ်ပတ်ရအောင် ပွါးများလေသည်။

ကျောက်တန်းမြို့ ဗရားဒါယကာ **ဦးဘိုးတင်** သည် —

ဗုဒ္ဓဂုဏ်တော်ကိုးပါး၊
တရားဂုဏ်တော်ခြောက်ပါး၊
သံဃာ့ဂုဏ်တော်ကိုးပါး၊

သဗ္ဗေ သင်္ခါရာ အနိစ္စာ၊ ယဒါ ပညာယ ပဿတိ။
အထ နိဗ္ဗိန္ဒတိ ဒုက္ခေ၊ ဧသ မဂ္ဂေါ ဝိသုဒ္ဓိယာ။

သဗ္ဗေ သင်္ခါရာ ဒုက္ခာတိ၊ ယဒါ ပညာယ ပဿတိ။
အထ နိဗ္ဗိန္ဒတိ ဒုက္ခေ၊ ဧသ မဂ္ဂေါ ဝိသုဒ္ဓိယာ။

သဗ္ဗေ ဓမ္မာ အနတ္တာတိ၊ ယဒါ ပညာယ ပဿတိ။
အထ နိဗ္ဗိန္ဒတိ ဒုက္ခေ၊ ဧသ မဂ္ဂေါ ဝိသုဒ္ဓိယာ —

၌ တရားတို့ကို တပါးတပါးလျှင် (၈၄၀၀၀) ရှစ်သောင်းလေးထောင်စီ ပွါးများသဖြင့် ဥစ္စာစည်းစိမ် ဂုဏ်သိရ် တိုးတက်၍ ချမ်းသာခြင်းသို့ ရောက်ဘူးလေသည်။

ရွှေကျင်သာသနာပိုင် **ကန္နီဆရာတော် ဘုရားကြီးသည်** မည်၍ မည်မျှ ပုတီးစိပ်တော်မူသည်မှာ ဆရာတော်ဘုရားကြီး ထံတော်ပါးသို့ ရောက်သွားသောအခါ အနည်းငယ် မှောင်ရိပ်အတွင်း၌ရှိသော ပုတီး၏ အလှန် တောက်ပြောင်နေသော အရောင်အဆင်းကို တွေးဆင်ခြင်မိလျှင် ယခုတိုင် မျက်စိထဲမှ မကွက်ပါ။

သက်တော် (၁၀၂) နှစ်အတွင်း ရောက်မှ လွန်တော်မူသွားသော သက်တော်ရှည် အဘိဓဇ မဟာရဋ္ဌဂုရု ရွှေကျင်သာသနာပိုင် **စံကင်းဆရာတော်ဘုရားကြီး** သည် မိမိ အနိုး

အပါး၌ ညွှေ့သည်အာဂန္တုကများ မရှိလျှင် အချိန်မရွေး အခါမရွေး ပုတီးစိပ်တော်မူသည်ကိုသာ တွေ့ရပါသည်၊ တနေ့တွင် ဆရာတော် ဗရားကြီး ပုတီး စိပ်တော်မူနေသော ဂုဏ်တော်စသည်များကို သိလိုပါကြောင်း လျှောက်ထားရာ ဆရာတော်ဗရားကြီး မိန့်ကြားသည်မှာ များလှသဖြင့် ရှေ့ဆက်လက်ပြီး မိန့်ကြားသည်ကို မမှတ်သားနိုင်ပါ၊ဤမျှ ပုတီးစိပ်တော်မူပါသည်၊ ပိမိအား ဆရာတော်ဗရားကြီး စိပ်သော ပုတီးတကုံး ချီးမြှောက်ဘူးပါသည်။

ဗုဒ္ဓသာသနာ့ရှိရာ နိုင်ငံခြား တိုင်းအောင်ပင် ထင်ရှား ကျော်ကြားတော်မူသော ကျေးဇူးရှင် လယ်တီဆရာတော်ဗရားကြီး၏ ပုတီးစိပ်တော်မူနေသော ဓာတ်ပုံကို ကြည်ညိုဘွယ်ရာ ဖူးတွေ့ရဘူးပါသည်။

ထိုဂုဏ်တော်များကို ပုတီးစိပ် ပွါးများသော အခြား ဆရာတော်ဗရား တွေလဲ အပြောက်အမြား ရှိပါလိမ့်မည်။

ဂုဏ်တော်ပွါး၍ ပညာတေဇရပုံ။ ။ဤနေရာ၌ ဗုဒ္ဓါနုဿတိ သမထဘာဝနာကို ပွါးရခြင်း၏ အကျိုးကို ရှေးဦးစွာ ဝတ္ထု တခုမျှကိုသာ ထုတ်ပြပါမည်။

ငါပိုးဖြူးလက်ကက် တပည့်သာဝက အားလုံးတို့တွင် ဉာဏ်ပညာ အကြီးမားဆုံး ဖြစ်သည့်အတွက် ပဟာပင်ဂုတူး ချီးကျူးဘွဲ့တံဆိပ်ရတော်မူသည့် လကျ်ာတော်ရံ အရှင်သာရိပုတ္တရာ ပဒေါ်ပြပ်သည့် အာဇာနည်လေ့ ခြင်္သေ့ဟောက်သို့ ရဲရဲတောက် မြတ်စွာဗရားအား လျှောက်ထားသည်မှာ "ဘုန်းတော်နေလ ထိန်ထိန်ပတော်မူသော မြတ်စွာဗရား-တပည့်တော် သာရိပုတ္တရာသည် အလုံးစုံ အာယုကပ် တကပ်ပတ်လုံးလဲ ကုန်ဆုံးမစဲ အမြဲရွာသွန်းနေသော မိုးရေကို ပေါက်ပေါက်ကို သရေရာထဲ ပည်မျှလောက်, မြေကြီးပေါ် မည်မျှလောက်, တောင်ပေါ် မည်မျှလောက် အသီးအသီး ကျရောက်သည်တို့ကို ရေတွက် ပိုင်းခြားခြင်း အားဖြင့် စာရင်းတင်ပြခြင်းငှါ စွမ်းနိုင်ပါသည် မြတ်စွာဗရား"။

ထို့ပြင်ပါး သီသာရိုအလယ်၌ ရဲရဲတောက် လျှောက်ထားပြန်သည်မှာ—

ဂင်္ဂါယ ဝါဠုကာ ခီယေ၊ ဥဒကံ ခီယေ မဟဏ္ဏဝေ။
မဟိယာ မတ္တိကာ ခီယေ၊ န ခီယေ မမ ဗုဒ္ဓိယာ။

ဂင်္ဂါမြစ်၌ ရှိသော သဲလုံးတွေကို တလုံးခြင်း ရေတွက်သော် ကုန်နိုင်ဘွယ်ရာရှိပါ၏၊ မဟာသမုဒ္ဒရာ၌ ရှိသော ရေတွေကို တစက်ခြင်းရေတွက်သော် ကုန်နိုင်ဘွယ်ရာရှိပါ၏၊ မဟာပထဝီမြေကြီး၌ ရှိသော မြေမှုန့်ကင်းသန့် လုံး၍ ရေတွက်သော် ကုန်နိုင်ဘွယ်ရာရှိပါ၏၊ တပည့်တော် သာရိပုတ္တရာ၏ ကြီးမားလှစွာ ဉာဏ်ပညာကိုကား ရေတွက်လို့မကုန်နိုင်ရာ ဟူ၍ဖြစ်ပါသည်။

သံသာ၏တော် အရှင်မြတ်ဟိုကလဲ "မြတ်စွာဗရားမှတပါး ဉာဏ်ပညာ ကြီးမားသည့် အပြစ်၌ တရား စစ်သူကြီးဖြစ်သော အရှင်သာရိပုတ္တရာနှင့် တူသူ လူသော, နတ်သော, ဗြဟ္မာသော တဦးတယောက်မျှ မရှိ"-ဟု ချီးမွမ်းတော်မူကြပါကုန်၏။ (ဓမ္မပဒ၊ ဋ္ဌ၊ ဒု၊ ၁၄၈)

ဤသို့ တရားစစ်သူကြီးဖြစ်သော အရှင်သာရိပုတ္တရာ မဟာထေရ်မြတ်၏ ဉာဏ်ပညာကြီးမားတော်မူရခြင်း၏အကြောင်းမှာ လှူဒါန်းမှု ဒါနကုသိုလ်ကြောင့်လဲ မဟုတ်ပါ၊ စောင့်ထိန်းမှု သီလကုသိုလ်ကြောင့်လဲ မဟုတ်ပါ၊ အနောမဒဿီ မြတ်စွာဘုရား၏ ဉာဏ်တော်ကို ဂါထာတို့ဖြင့် ချီးကျူးရှိခိုးခဲ့သော ဤဗုဒ္ဓါနုဿတိ သမထဘာဝနာဖြင့် ဘုရားဂုဏ်တော်ကျေးဇူးတော်များကို ပွါးများခြင်းကြောင့်ပင် ဖြစ်ကြောင်း ပါဠိတော် အဋ္ဌကထာများ၌ ထင်ရှားပြဆိုထားပါသည်။

ထေရအဋ္ဌကထာ(ဒု-တွဲ၊ နှာ-၃၉၃)၌လည်း

ယဒိ ရူပိနိ ဘဝေယျ၊ ပညာ မေ ဝသုမတိပိ န သမေယျ။
အနောမဒဿိဿ ဘဂဝတော၊ ဖလမေတံ ဉာဏထဝနာယ။

ငါ၏ဉာဏ်ပညာကို တစုံတခုကဲ့သို့ လုံးလုံးလျောင်းလျောင်း အကယ်၍ မြင်စကောင်းပါလျှင် နှစ်သိန်းလေးသောင်း အထုရှိသော ဤမြေကြီးသည် မမှီနိုင်ရာ၊ ဤသို့ ဖြစ်ရသည်မှာ အနောမဒဿီမြတ်စွာဘုရား၏ ဉာဏ်တော်ကို အံ့သြချီးကျူး၍ အထူးပွါးများ အားထုတ်ခဲ့ရခြင်းကြောင့် ရရှိကြောင်းပြဆိုထားပြန်ပါသည်။

ဤသို့ ဘဝသံသရာ၌ သူသူငါငါ ပညာကြီးမားကြလိုပါလျှင် အထူးပင် တိုက်တွန်းဘွယ်မလိုပါ၊ ဤအရဟံ အစရှိသော ဘုရားဂုဏ်တော်များကို ပွါးများပုံ မပေါ်ပြမိ နှလုံးစိတ်ဝမ်း ရွှင်ကြည်လန်း၍ အေးချမ်းသာယာစွာဖြင့် ဝမ်းမြောက်ဝမ်းသာ သံသရာစခန်းခရီးလမ်း၌ ပင်ပန်းနွမ်းရိ မရှိကြဘဲ လွန်ကဲ အားကိုးဘွယ်ရာ ရိက္ခာထုပ်ပမာ ဧရာပအားကိုးရာကြီး ပါတကား-ဟု နှလုံးပြုလျက် အားကြိုးမာန်တက် အထူးဆောင်ရွက် အားထုတ်ကြစေလိုသဖြင့် ဤ (ဗုဒ္ဓါနုဿတိ) ဘုရားဂုဏ်တော် ပွါးများရခြင်း၏ အကျိုး အမျိုးမျိုးတို့ကို ကျမ်းဂန်သာဓကဖြင့် ဆက်လက်တဖန် ပြဆိုပါအံ့။

## (၁) ဘုရားဂုဏ်တော် ပွါးရကျိုးများ

၁။ စေတီအိမ်နှင့်တူသည်ဖြစ်၍ သူတပါးတို့ရှိခိုးခံထိုက်ခြင်း။

၂။ ရဲရင့်တည်ကြည်ခြင်း။

၃။ သေသည်၏ အခြားမဲ့ သုဂတိဘဝကို ရရှိခြင်း။

၄။ နောင်ဘုရားနှင့် တွေ့သောအခါ သစ္စာလေးပါးကို လွယ်ကူစွာ သိရခြင်း။

၅။ မြင့်မြတ်သောအမျိုး၌ ဖြစ်ရခြင်း။

၆။ သူတပါးတို့၏ အရိုအသေပြုမှုကို ခံရခြင်း။

၇။ ချီးမွမ်းထိုက်သော ကိုယ်အင်္ဂါနှင့် ပြည့်စုံခြင်း။

၈။ အဆင်းလှခြင်း။

၉။ ကိုယ်အနံ့ ပျံ့နှံ့မွေးကြိုင်ခြင်း။
၁၀။ ခံတွင်းအနံ့ ပျံ့နှံ့မွေးကြိုင်ခြင်း။
၁၁။ ကြီးကျယ်သော ဉာဏ်ပညာနှင့် ပြည့်စုံခြင်း။
၁၂။ နက်နဲသော ဉာဏ်ပညာနှင့် ပြည့်စုံခြင်း။
၁၃။ ထက်သော ဉာဏ်ပညာနှင့် ပြည့်စုံခြင်း။
၁၄။ လျင်မြန်သော ဉာဏ်ပညာနှင့် ပြည့်စုံခြင်း။
၁၅။ ရွှင်သော ဉာဏ်ပညာနှင့် ပြည့်စုံခြင်း။
၁၆။ ဆန်းကြယ်သော ဉာဏ်ပညာနှင့် ပြည့်စုံခြင်း။
၁၇။ ကောင်းသောစကားကို ဆိုနိုင်ခြင်း-ဟူသော ဤ (၁၇) မျိုးသော အကျိုးတို့ကို ရရှိနိုင်ပါသည်။

* ကျမ်းဂန်နှင့်ညီ၊ စေတီအတူ၊ စိတ်မူတည်ကြည်၊ ရောက်မည်နတ်ရွာ၊ တွေ့ခါသိလွယ်၊ မြတ်နွယ်အပျိုး၊ ရိုကျိုးခံရ၊ ပြည့်ဝအင်္ဂါ၊ ဆင်းလှစွာနှင့်၊ ကိုယ်ပုံအနံ့၊ ခံတွင်းနံ့ကို၊ သင်းပျံ့မွှေးကြူ၊ ကြီးမူပညာ၊ နက်စွာ, ထက်, ရွှင်၊ လျင်မြန်,ဆန်းကြယ်၊ ကောင်းကြွယ်စကား၊ ဆိုနိုင်ငြားသည်၊ ဗုဒ္ဓဂုဏ်တော်ပွါးကျိုးတည်း။

## (၂) တနည်း-ဝိသုဒ္ဓိမဂ်လာ ဗုဒ္ဓဂုဏ်တော် ပွါးရကျိုးများ

၁။ ထပ်မကဲ့ ရာဂနှိပ်စက်သောစိတ် မဖြစ်ခြင်း။
၂။ အပျက်တဲ့ကဲ့ ဒေါသနှိပ်စက်သော စိတ် မဖြစ်ခြင်း။
၃။ တွေဝေမှု မောဟနှိပ်စက်သော စိတ် မဖြစ်ခြင်း။
၄။ နှစ်သက်ဝမ်းမြောက်မှု (ပီတိပါမောဇ္ဇ)များစွာဖြစ်ခြင်း။
၅။ ကာယဝကံ-မာယာစသည် ကင်းပြတ် ဖြောင့်မတ်သော စိတ်ရှိခြင်း။
၆။ မြတ်စွာဘုရား၌ ရိုသေလေးစားခြင်း။
၇။ မြတ်စွာဘုရား၌ ကြည်ညိုစိတ်ညွတ်ခြင်း။
၈။ စေတီတော်နှင့်တူ၍ အပူဇော်ခံထိုက်ခြင်း။
၉။ မြတ်စွာဘုရားနှင့် အတူနေရသည့်အသွင် မှတ်ထင်ခြင်း။
၁၀။ ကိုယ်စိတ်ဆင်းရဲမှုကို သည်းခံနိုင်ခြင်း။
၁၁။ ကြောက်ဘွယ်မဟေး ဘေးရန်အမျိုးမျိုးကို သည်းခံနိုင်ခြင်း။
၁၂။ သဒ္ဓါ,သတိ စသည့် သူတော်ကောင်းတရား ပြန့်ပြောခြင်း။

၁၃။ သုဂတိ ဘဝမြတ်သို့ ကပ်ရောက်ရခြင်း-ဟူသော အကျိုးတရား (၁၃)ပါးတို့ ကိုလည်း ရရှိစေပါသည်။

* ဗုဒ္ဓါနုဿတိ၊ ဝိသုဒ္ဓိမဂ်၊ ကျမ်းထွက်အလို၊ ပွါးကျိုးဆိုအံ့၊ ထိုထိုဒေါသ၊ မိုက်မောဟနှင့်၊ရာဂဆိုးညစ်၊ စိတ်မဖြစ်ဘူး၊ နှစ်သက်ဝမ်းသာ၊ များပြားစွာဖြင့်၊ မာယာသာဌေယျ၊ ကာယအကောက်၊ ကင်းစင်ပျောက်လတ်၊ ဖြောင့်မတ်စိတ်ထား၊ မြတ်ဗုဒ္ဓါး၌၊ လေးစားရိုသေ၊ စိတ်ညွတ်လေ၍၊ စေတီအိမ်တူ၊ ပူဇော်ခံထိုက်၊ ကိုယ်၌ ဆင်းရဲ၊ ထူးကဲဘေးရန်၊ သည်းခံနိုင်ရာ၊ သဒ္ဓါ, သတိ၊ စရှိပြန့်ပြော၊ ရှင်စောဗုဒ္ဓါး၊ တူနေလားသို့၊ မမှားဆင်နေ၊ လေးထွေသစ္စာ၊ မှန်စွာတိတ်၊ မသိရှိလဲ၊ သုဂတိဘဝ၊ လားရောက်ရသည်၊ မှတ်ကြ သူငါ သိဘွယ်တည်း။ (ဝိသုဒ္ဓိ၊ ဌ၊ ၁၊ နှာ-၂၀၅)

## (၃) တနည်း အင်္ဂါတို့ရ၏ ပါဠိတော်လာ ဂုဏ်တော်ပွါးရကျိုးများ

၁။ သံသရာဝဋ်ဆင်းရဲ၌ အမြဲငြီးငွေ့ခြင်း၊

၂။ သံသရာဝဋ်ဆင်းရဲ၌ မတပ်မက်ခြင်း၊

၃။ တနည်း=ရာဂစသော ကိလေသာတို့ကို ကင်းစေခြင်း၊

၄။ ရာဂစသည်တို့၏ မဖြစ်ခြင်းကို ပြုခြင်း၊

၅။ တနည်း=ဝဋ်ဆင်းရဲကို ချုပ်ငြိမ်းစေခြင်း၊

၆။ ကိလေသာတို့ကို ငြိမ်းအေးစေခြင်း၊

၇။ သစ္စာ တရားတို့ကို အနိစ္စ စသည်ဖြင့် လက္ခဏာယာဉ်တင်၍ အထူးသိခြင်း၊

၈။ ဒုက္ခ, သမုဒယ, နိရောဓ, မဂ္ဂ သစ္စာလေးပါးတို့ကို ကောင်းစွာသိခြင်း၊

၉။ တနည်း=မဂ်ဉာဏ်လေးပါးတို့ကို ထိုးထွင်း၍ သိခြင်း၊

၁၀။ နိဗ္ဗာန်ကို မျက်မှောက်ပြုရခြင်း၊ ဤသို့ ပါဠိတော် အလိုအားဖြင့် (၇)ပါး၊ အဋ္ဌကထာ အလိုအားဖြင့်(၁၀)ပါးသော အကျိုးတရားများကို ရရှိကုန်၏။(ဤ၌ ပါဠိတော် အလိုအားဖြင့် အကျိုး ၇-ပါး၊ အဋ္ဌကထာ အလိုအားဖြင့် အကျိုးတရား ၁၀-ပါး ဖြစ်သည်ကို သတိပြုရာ၏)

* အင်္ဂါတို့ရလာ၊ ဗုဒ္ဓါနုဿတိ၊ ပွါးကျိုးရှိကို၊ သိဘို့ဆိုအံ့၊ ထိုဆိုဆင်းရဲ၊ သံသာဝဲကို၊ အမြဲငြီးငွေ့၊ ဓလေ့ဆိုးလှ၊ ရာဂစဖြာ၊ ကိလေသာတို့၊ ကင်းကွာပြတ်စဲ၊ ဝဋ်ဆင်းရဲကို၊ ပယ်ခွဲမကပ်၊ ကိလေဓာတ်ကို၊ ပယ်သတ်ညှဉ်းဆဲ၊ ဝဋ်ဆင်းရဲကို၊ မလွဲချုပ်စေ၊ ကိလေညစ်ကြေး၊ အပြစ်ဘေးကို၊ ငြိမ်းအေးစွာလှ၊ သစ္စာကို၊ အနိစ္စရှု၊ စပြုလက္ခဏာ၊ ပညာထူးသည့်၊ မှတ်ဘိဒုက္ခ၊

သမုဒယ၊ နိရောဓနှင့်၊ မဂ္ဂတဖြာ၊ လေးသစ္စာကို၊ ကောင်းစွာသိမှန်၊ မဂ်လေးတန်ကို၊ တဖန်ထိုးထွင်း၊ သိမြင်ခြင်းမှတ်၊ အရဟတ္တဖိုလ်ပေါက်၊ နိဗ္ဗာန်ရောက်သည်၊ ကျမ်းထောက် ဂုဏ်တော်ပွါးကျိုးတည်း။

(အံ့၊ ပါ။ ပတ္ထဲ၊ နှာ-၃၂။ အံ၊ ၄။ ပတ္ထဲ၊ နှာ-၃၆၅)

မှတ်ချက်။ ။ဤသို့ ဆိုအပ်ခဲ့ပြီးသော ဗုဒ္ဓဂုဏ်တော် ပွါးရခြင်းအကျိုး အမျိုးမျိုးတို့တွင် ဖြစ်လျှင် ပျက်မြဲ မလွဲမှန်လှ အနိစ္စ, ဖြစ်ဒဏ် ပျက်ဒဏ် နှိပ်စက်ခံရ၍ တရံမစဲ ဆင်းရဲဒုက္ခ, ခိုင်မာလှသော အနှစ်သာရ ကင်းပ အစိုးမရ အနတ္တဖြစ်သော ကိုယ်အင်္ဂါပြည့်ဝ အချိုးကြခြင်း အဆင်းလှခြင်း - အစရှိသော လောကီကျိုးတို့ကို မမျှော်ကိုး မတောင့်တ မလိုချင်ကြဘဲ အမြဲ ဖြစ်, အို, နာ,သေ သံသာဗဋ္ဋ ဝဲဂယက်မှ ပဲထွက်ရာအစစ်အမှန် မဂ်, ဖိုလ်, နိဗ္ဗာန်ကိုသာ တောင့်တ ပန်ထွာ ပတ္ထနာဆုကိုသာ ပြုကြကုန်ရာသတည်း။

**သာသနာတွင်း ကုသိုလ် အကျိုးကြီးလှပုံ။** ။ဤမှတပါး ယခုလို သာသနာတော်တွင်း ကာလ ကုသိုလ်မှန်သမျှ အကျိုးကြီးလှဆိုကြရသည်မှာ ဗုဒ္ဓါနုဿတိ ဘာဝနာ၏ တန်ခိုးအရှိန်ကြောင့်ပင် ဖြစ်သည်၊ ထိုစကားမှန်လှ၏။

'ဟောသမုဒ္ဒရာကြီးသည် သက်ဆင်းလေလေ နက်လေလေ, နက်လေလေ ထောက်တည်ရာ မရနိုင်လေလေ' ဖြစ်သကဲ့သို့ ထိုနည်းပြဲား ဗုဒ္ဓါး၏ အရဟံ-အစရှိသော ဂုဏ်တော်ကျေးဇူးတော်တို့သည်လည်း သိလေလေ အံ့ဩဘွယ် ကြီးကျယ်လေလေ, အံ့ဩဘွယ် ကြီးကျယ်မှန်းသိလေလေ ကြည်ညိုလေလေ, ကြည်ညိုလေလေ ကုသိုလ်ဇော ထက်သန်လေလေ, ကုသိုလ်ဇော တက်သန်လေလေ အကျိုးပေး ထက်သန်လေလေ ဖြစ်သည်။

ထို့ကြောင့် ဤဗုဒ္ဓါနုဿတိနှင့် ဆိုင်ရာအကျိုးနှင့်တကွ အမျိုးမျိုးတို့ကို ထပ်တုံ့တလဲလဲ ပပေ မပန်းနိုင်ဘဲ ပြကိုခဲ့ရပါသည်။

ပြဆိုခဲ့ပြီးသည့်အတိုင်း ဗုဒ္ဓဂုဏ်တော် ကျေးဇူးတော်တွေကသဲ အလွန်နက်နဲ၊ ပုထုဇဉ်တို့ စိတ်ထဲ၌လည်း တဏှာစွဲ, မာနစွဲ, ဒိဋ္ဌိစွဲ လွန်ကဲပြီး နေသဖြင့် ဆန့်ကျင်သကဲ့သို့ ရှိပေသည်၊ သို့ရှိသော်လည်း ဤဗုဒ္ဓါနုဿတိ ဘာဝနာတရားကို ဘုန်းကြီးတို့ ပုထုဇဉ် အနေအားဖြင့် မပွါးများဘဲ မဖြစ်နိုင်ပါ၊ မပွါးများလျှင် အလွန်ပင် မသင့်လျော်ပါ။

ထိုစကားသည် မှန်လှပါ၏၊ ကလျာဏ ပုထုဇဉ် ပုဂ္ဂိုလ်သည် မြတ်စွာဗုဒ္ဓါး၏ အရဟံစသော ဂုဏ်တော်များကို မရွတ်ဆို အဖန်ဖန် မပွါးများက ရုပ်နာမ်နှစ်ဖြာ, ခန္ဓာ, အာယတန, ဓာတ်တို့ အစဉ်မပြတ်ဖြစ်ရာ သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်နိုင်ကြမည် မဟုတ်၊ ဤမှတပါး အဘယ်သို့သော လမ်းခရီးဖြင့် ဒုက္ခ,သမုဒယ,ရုပ်,နာမ် နှစ်ဝတို့၏ ချုပ်ငြိမ်းရာပုန် မြတ်နိဗ္ဗာန် တဘက်ကမ်းသို့ တက်လှမ်း ရောက်နိုင်ကြပါလိမ့်မည်နည်း။

အရိယာ ပုဂ္ဂိုလ်များအဘို့မှာမူကား အပါယ်လေးပါး တံခါးပိတ်ပြီးလျှင်ဖြစ်၍ အရဟတ္တ စသော ဗရားဂုဏ်တော်များကို ပွါးများသည်ဖြစ်စေ, မပွါးများသည်ဖြစ်စေ ဖြစ်နိုင်ကြကုန်၏။

ကလျာဏ ပုထုဇဉ်ဖြစ်သူ ရဟန်း, ရှင်, လူတို့သည်ကား အရိယာ ပုဂ္ဂိုလ်တို့ကဲ့သို့ မဟုတ်၊ ကေန် မချွတ် မကောင်းသောအာရုံ တပါးဘို့သို့ ပိုက်တိုင်းကို ပျံ့လွင့်စေမှု အကုသိုလ် တရားစုကို ပယ်ရှားလျက် စွမ်းအားရှိသလောက် အရပ် အမျိုးသော ဗရား ဂုဏ်တော်များကို နာကြားခြင်း, ဆွေးနွေးမေးမြန်းခြင်း, လေ့လာ ဆုံးဖြတ်ခြင်းတို့ကို မှီအပ်ကုန်၏၊ ဆင်ခြင် နှလုံးသွင်းအပ်ကုန်၏၊ အဖန်ဖန် စီးဖြန်း ပွါးများ အားထုတ် သင့်ကုန်၏။

ထိုစကားလည်း အလွန်မှန်လှပါသည်၊ ဤသို့ ပွါးများပါမှ နိဗ္ဗာန်ကို အမြန်ရောက်ကြောင်းတရား၌ သက်ဝင်ယုံကြည်သော သဒ္ဓါတရားတိုးပွါး၏၊ ထို့အတူ နိဗ္ဗာန်သို့ အမြန်ရောက်ကြောင်း အကျင့်သီလ,အကြားအမြင် ဗဟုသုတ,စွန့်ကြဲပေးကမ်း လှူဒါန်းခြင်းစာဂ, နိဗ္ဗာန်ရောက်ကြောင်း ဝိပဿနာပညာ မဂ်ပညာ တရားများလည်း တိုးပွါးလေတော့၏၊ ဤသို့စသည်ဖြင့် ဇိနာလင်္ကာရဋီကာ၌ ပြဆိုထားပါသည်။

ထိုမှတပါး မရေမတွက်နိုင်သော စိန်,ရွှေ,မြ,ပုလဲ,ပတ္တမြား အမျိုးသော ရတနာတို့ကို ဆင်းတုတော်ကိုးဘူ ပေါင်းစုထုလုပ် ပူဇော်ထားသကဲ့သို့ မြတ်စွာဗုဒ္ဓ၏ မရေမတွက်နိုင်သော ဂုဏ်တော် ကျေးဇူးတော်တို့ စုပေါင်းပါဝင်ရာဖြစ်သော ဂုဏ်တော်ကိုးပါး၊ တနည်း-ဝိနည်း အဋ္ဌကထာ အလိုအားဖြင့် 'အနုတ္တရော ပုရိသဒမ္မသာရထိ' ဂုဏ်တော်တပါးတည်းကို အနုတ္တရော ဂုဏ်တော်တပါး, ပုရိသဒမ္မသာရထိ ဂုဏ်တော်-တပါး-ဤသို့ နှစ်ပါးခွဲ၍ ဆယ်ပါးတို့ကို ဘာဝိတ အထပ်ထပ် အဖန်ဖန်၊ ဗဟုလီကတ ကြိမ်ဖန်များစွာ လေ့လာမှုတို့ကို ဆင်ခြင်ပွါးများရာ၌ အလွန်လေးနက်လှသော ဂုဏ်တော်များအတွက်ဖြစ်၍ ဂုဏ်,အနိဋ္ဌ အစရှိသော အာရုံဟူသမျှတို့၌ ကျရောက်ပြေးသွားနေသော လျပ်ပေါ်လော်လီသော မိမိတို့ စိတ်ရိုင်း, စိတ်မိုက်ကို နွားဆိုး,နွားညစ်အား နှင်တံ'တပြာ'ဖြင့် ထိန်းသိမ်းအုပ်ချုပ်ရသကဲ့သို့ သတိ,ပညာတည်းဟူသော နှင်တံတပြာဖြင့် မလှုပ်နိုင်အောင် သိမ်းချုပ်၍ ထိန်းအုပ်မှုသာ သင့်လျော်ချေမည်။

**စိတ်ကသာ ပြုပြင်ဆောင်ရွက်နေခြင်း။** ။ဤလောက၌ ဥပမာ''ခွဲယားသောက တဝမ်းဝသည်၊ ပဒါးသောက တကွဲဝသည်၊ သံသောက တပြည်ဝသည်''-ဆိုသော စကားကဲ့သို့ ခပ်သိမ်းသော သတ္တဝါ အပေါင်းတို့ကို သုဂတိ, ဒုဂ္ဂတိဘဝ သုခ,ဒုက္ခသို့ရောက်အောင် စိတ်တပါးတည်းက ဆောင်ရွက်နေသည်၊ ဤမြတ်တခု သေလျှင် သံခါရဒုက္ခ အစရှိသော မရေမတွက်နိုင်သော ဒုက္ခတို့ကို လွှန်ပြောက်သည်၊ ရာဂ, ဒေါသ, မောဟ,ဇာတိ,ဇရာ, မရဏ,သောက,ပရိဒေဝ,ဒုက္ခ,ဒေါမနဿ,ဥပါယာသ-ဟူသော မီးတဆယ့်တပါး ငြိမ်းသည်၊ ခပ်သိမ်းသော ဘေး 'ဥပဒ္ဒဝေါ' တို့ကိုလည်း အောင်မြင်သည်၊ အနုပါဒိသေသ နိဗ္ဗာန်ကိုလည်း ရနိုင်သည်။

ထို့ကြောင့် 'စိတ္တေန နိယတေ လောကော' အစရှိသည်ဖြင့် အပါယ်လေးရပ်,လူ့,နတ်,ဗြဟ္မာ,သတ္တဝါ-ဟူသော သတ္တလောကကြီးအားလုံးကို စိတ်တခုတည်းကသာ ပြုပြင်ဆွဲငင် ဆောင်ရွက်နေသည်၊ ပုပု ရွရွ သတ္တဝါဟူသမျှတို့သည် စိတ်တခုတည်း၏ အလိုနိုင်ငံ စိတ်အကြံသို့ မငြင်းမဆန် မလှန်နိုင်ဘဲ အမြဲစိုက်စိုက် လိုက်နေရကြောင်းကို မြတ်စွာဗုဒ္ဓ ဟောကြားတော်မူ၏၊ ထိုစကားသည် မှန်လှပါ၏၊ 'အသီးတရာ အညှာတခု' ဆိုသကဲ့သို့ အလုံးစုံသော သုဂတိ,ဒုဂ္ဂတိဘဝ သုခ,ဒုက္ခ ချမ်းသာဆင်းရဲ သာဝဇ္ဇအပြစ်နှင့်တကွ ဖြစ်ခြင်း, အနဝဇ္ဇ အပြစ်မရှိခြင်းတို့ကို စိတ်တခုတည်းကသာ ဖြစ်စေသည်။

**စိတ်မှလွဲ၍ ပြင်တော်မမူ။** ။"စိတ်ဟူသော ဤတရားသည် ဆုံးမ၍ ယဉ်ကျေးလျှင်လည်း အလွန်အကျိုးစီးပွါးများ၏၊ မယဉ်ကျေးလျှင်လည်း အလွန်ဆိုးဝါး အပြစ်တွေများလှ၏၊ ထို့ကြောင့် ကောင်းသောအကျိုးကို ဆောင်ရွက်ရာ၌ စိတ်မှတပါးသောတရားကို ငါဗုဒ္ဓမြင်တော်မမူ၊ မကောင်းကျိုးအတွက် ဆောင်ရွက်ရာလည်း စိတ်မှတပါး အခြားတရားကို ငါဗုဒ္ဓ မြင်တော်မမူ"ဟု အင်္ဂုတ္တိုရ် ပါဠိတော် (ပ-တွဲ၊ နှာ-၆) ၌ ဟောတော်မူပါသည်၊ ဤကြောင့် ပြဆိုလတ့်သော ဂုဏ်တော်များကို ပုတီးစိပ်မပွါးများမီ မိမိတို့ စိတ်ခတ်ကို မည်သို့ ပြုပြင်ထိန်းသိမ်းထားရမည်ကို သတိပြုကြကုန်ရာသတည်း။

ဤနေရာ၌ နိဗ္ဗာန်လိုလား အမျိုးကောင်း သား, အမျိုးကောင်း သမီးတို့သည် ဂုဏ်တော်ကိုးပါး၏ အနက် ကိုးမျိုးကို ပါဠိ,အဋ္ဌကထာနှင့်လဲမလွတ် ကျက်မှတ်လို့လဲလွယ်ကူအောင် တိုတို တုတ်တုတ် လိုရင်းချုပ်၍ အနက်များရေးသားထားသည်ကို နှုတ်တက် အရကျက်မှသာ အကျိုးများမည်ကို ကြိုတင်နှိုးဆော် တိုက်တွန်းအပ်ပါသည်။

ရှေးရှေး ဆရာတော်ဗုဒ္ဓကြီးများ ရေးသားတော်မူထားသော ဂုဏ်တော်အနက်အကျယ်များကို ယခုအခါ သူရောင်ပါပင် မကျက်ချင်ကြကုန်၊ မဖတ်လိုကြကုန်၊ အလွန်ဝမ်းနည်းဘွယ်ကောင်းလှပါတော့၏။

**ပါဠိရွတ်ဖတ်နည်း။** ။ရှေးဦးစွာ ပါဠိဖတ်ပုံ, ဖတ်နည်း–သုံးမျိုးကို အနက်အဓိပ္ပါယ်တမျိုးစီအဋ္ဌကထာ,ဋီကာ–များ ဖွင့်ပြထားသည့်အတိုင်း ပြဆိုပါအံ့။

၁။ (က) အရဟံ = ဤသို့ အက္ခရာသုံးလုံးကို တပေါင်းတည်း ရွတ်ဆိုလျှင် အနက်အဓိပ္ပါယ်တမျိုး ရရှိပါသည်။

(ခ) အရ-ဟံ = ဤသို့ အက္ခရာ ရှေ့နှစ်လုံးကို ပေါင်း၍ နောက်တလုံး ခွဲဖတ်လျှင် အနက်အဓိပ္ပါယ်တမျိုး ရရှိပါသည်။

(ဂ) အ-ရဟံ = ဤသို့ ရှေ့အစ တလုံးခွဲ၍ နောက်အက္ခရာနှစ်လုံးပေါင်းဖတ်လျှင် အနက်အဓိပ္ပါယ်တမျိုး ရရှိပါသည်။

ထို့ကြောင့် – အရဟံ၊ အရ - ဟံ၊ အ - ရဟံ ဤသို့ သုံးမျိုး ခွဲဖတ်ရမည်ကိုလည်း သဘောမိမိ သိရှိနားလည်ပါစေ။

## ဂုဏ်တော် ၉-ပါး, ၁၀-ပါး ဗရားရှိခိုးပုံ

နားလည်ပြီးနောက် ဤသို့ မြန်မာလို-ဂုဏ်တော် ၉-ပါး,တနည်း ၁၀-ပါး ဗရား ရှိခိုးကို အရကျက်ပါ။

**ဂုဏ်တော် ၉-ပါး ရှိခိုးပုံ။**

၁။ (က) အရဟံ = လူမင်း, နတ်မင်း ,နဂါးမင်း, ဗြဟ္မာမင်းတို့၏ ဝပ်စင်းကော် ရော် ပူဇော်အထူးကို ခံယူတော်မူထိုက်ပါပေသော မြတ်စွာ ဗရား, မြတ်စွာဗရား။

(ဝါ) သဝါသနာ ကိလေသာကို ဝေးကွာ ကင်းပြတ် မဂ်ဉာဏ် မြက်ဖြင့် ပယ်သတ်တော် မူပြီးပါပေသော မြတ်စွာဗရား, မြတ်စွာဗရား။

(ခ) အရ-ဟံ = ကိလေသာမာရ် ကိုယ်တွင်းရန်ကို မဂ်ဉာဏ်မြတ်ဖြင့် ပယ်သတ် တော်မူပြီးပါပေသော မြတ်စွာဗရား, မြတ်စွာဗရား။

(ဂ) အ-ရဟံ = ရှက်ရမည်ကြောက်ကြ လူ့ဗာလတို့ ကွယ်ပညစ်ကျူ မကောင်းမှုကို ပြုကြပမာ ဆိတ်ကွယ်ရာ၌ ယုတ်မာညစ်ကျူ မကောင်းမှုကို အလျှင်းပြုခြင်း ကင်းတော်မူပါပေသော မြတ်စွာဗရား, မြတ်စွာဗရား။

၂။ သမ္မာသမ္ဗုဒ္ဓေါ = မဖောက်မပြန် ကိုယ်ပိုင်ဉာဏ်ဖြင့်သာ ဦးစွာဒုက္ခ သမုဒယ နိရောဓနှင့် မဂ္ဂတဖြာ လေးသစ္စာကို မှန်စွာထင်ထင် သိမြင် တော်မူပါပေသော မြတ်စွာဗရား,မြတ်စွာဗရား။

၃။ ဝိဇ္ဇာစရဏသမ္ပန္နော= ဝိဇ္ဇာသုံးပါး, ဝိဇ္ဇာရှစ်ပါး, စရဏ တဆယ့်ငါးပါးတို့နှင့် ပြည့်စုံတော်မူပါပေသော မြတ်စွာဗရား,မြတ်စွာဗရား။

၄။ သုဂတော = ကျိုးရှိ,ဟုတ်မှန် ဤနှစ်တန်မျှ ကောင်းသောစကားကိုသာ မိန့်ဆိုတော်မူတတ်ပါပေသော မြတ်စွာဗရား,မြတ်စွာဗရား။

(ဝါ) ကောင်းမြတ်ရပ်ဌာန် ပြည်နိဗ္ဗာန်သို့ အမှန်ကြွသွားတော်မူ တတ်ပါပေသော မြတ်စွာဗရား,မြတ်စွာဗရား။

၅။ လောကဝိဒူ = သတ္တ, ဩကာသ, သင်္ခါရဟူသော လောက သုံးပါးကို ပိုင်းခြားကုန်စင် သိမြင်တော်မူပြီး ပါပေသော မြတ်စွာဗုရား, မြတ်စွာဗုရား။

၆။ အနုတ္တရော ပုရိသ ဒမ္မသာရထိ = မ လိမ္မာ သူ လူ ယောကျ်ား, နတ် ယောကျ်ား, တိရစ္ဆာန် ယောကျ်ားတို့ကို ထူးခြားစွာဘိ တုမရှိ လိမ္မာယဉ်ကျေးအောင် ဆုံးမတော် မူတတ်ပါပေသော မြတ်စွာဗုရား,မြတ်စွာဗုရား။

၇။ သတ္ထာ ဒေဝမနုဿာနံ=အပါယ်လေးရပ်,လူ,နတ်,ဗြဟ္မာ သတ္တဝါတို့၏ ဆရာတဆူ ဖြစ်တော်မူပါပေသော မြတ်စွာဗုရား,မြတ်စွာဗုရား။

၈။ ဗုဒ္ဓေါ = အဟုတ်တွေ,အမှန်တွေကို ကြန်မသွေ သိပေ, သိစေတော်မူတတ်ပါပေသော မြတ်စွာဗုရား,မြတ်စွာဗုရား။

(ဝါ) သင်, ဝိ, လက်,နိ ပညတ်ထည့်ငြား ဥေယျ ငါးကို ပိုင်းခြား သိပေ, သိစေတော် မူတတ်ပါပေသော မြတ်စွာဗုရား, မြတ်စွာဗုရား။

၉။ ဘဂဝါ = ဣဿရိယ, ဓမ္မ, ယသ, သိရီ, ကာမ, ပယတ္တ တည်းဟူသော ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူပါပေသော မြတ်စွာဗုရား,မြတ်စွာဗုရား။

ဂုဏ်တော် ၁၀-ပါး ရှိပုံ

တနည်း-အနုတ္တရော ပုရိသဒမ္မသာရထိ ဂုဏ်တော်တပါးကိုပင် အနုတ္တရော-ဂုဏ်တော် တပါး, ပုရိသဒမ္မသာရထိ-ဂုဏ်တော်တပါး-ဟု နှစ်ပါးခွဲ၍ ယူသော်—

၁။ အရဟံ-ဂုဏ်တော်

၂။ သမ္မာသမ္ဗုဒ္ဓ-ဂုဏ်တော်

၃။ ဝိဇ္ဇာစရဏသမ္ပန္န-ဂုဏ်တော်

၄။ သုဂတ-ဂုဏ်တော်

၅။ လောကဝိဒူ-ဂုဏ်တော်

* ၆။ အနုတ္တရ-ဂုဏ်တော်

* ၇။ ပုရိသဒမ္မသာရထိ-ဂုဏ်တော်

၈။ သတ္ထာဒေဝမနုဿာနံ-ဂုဏ်တော်

၉။ ဗုဒ္ဓ-ဂုဏ်တော်

၁၀။ ဘဂဝါ-ဂုဏ်တော်-ဟူ၍ ဂုဏ်တော် ၁၀-ပါး ဖြစ်ပါသည်။

ထိုတွင်....ထူးရာ ဂုဏ်တော်နှစ်ပါး၏ မြန်မာလို ရှိခိုးပုံကိုသာ ပြပါတော့မည်—

၆။ အနုတ္တရော = သာလွန်မြတ်ဘိ တုမရှိသည့် ဝိမုတ္တိ,ဝိမုတ္တိဉာဏဒဿန,သီလ, သမာဓိ-အငရှိသော ဂုဏ်တော်တို့နှင့် ပြည့်စုံတော်မူပါပေသော မြတ်စွာဗုရား,မြတ်စွာဗုရား။

၇။ ပုရိသဒမ္မသာရထိ = မလိမ္မာသူ လူယောကျ်ား, နတ်ယောကျ်ား, တိရစ္ဆာန် ယောကျ်ားတို့ကို ထူးခြား လိမ္မာ ယဉ်ကျေးအောင် ဆုံးမ တော်မူတတ်ပါပေသော မြတ်စွာဗုရား,မြတ်စွာဗုရား။

ဤသို့ ဂုဏ်တော် ၉-ပါး၊ ၁၀-ပါးတို့၏ သခင် ဗုရားရှင်ကို ကြည်လင်မြတ်နိုး လက်အုပ်မိုး၍ ရှိခိုးပါ၏ဗုရား။

ယခု ပြဆိုအပ်ပြီးသော ဂုဏ်တော် ၉-ပါး, ၁၀-ပါးတို့ကို တိုတိုကျဉ်းကျဉ်း လိုရင်း မျှဖြစ်သော အနက်အဓိပ္ပါယ်ကို အစဉ်အတိုင်း ဖေါ်ပြပါဦးမည်။

**အရဟံဂုဏ်တော် အဓိပ္ပါယ်။** ။'လူမင်း, နတ်မင်း, နဂါးမင်း, ဗြဟ္မာမင်းတို့၏ ဝပ်စင်း ကော်ရော် အပူဇော်ကို ခံတော်မူထိုက်'ဆိုရာ၌ ဗုဒ္ဓမြတ်စွာ သည် ဗိမ္ဗိသာရမင်းကြီး၏ အလွန်ဆန်းကြယ် တင့်တယ်သော ဝါးတောမြတ်မှန် ဝေဠုဝန် ကျောင်းတော်ကြီးကို လှူဒါန်း ပူဇော်ခြင်းကိုရင်း၊ ကောသလမင်းကြီး၏ (အသဒိသ မဟာ ဒါန) အလှူတော်ကြီး ပူဇော်လှူဒါန်းခြင်းကိုရင်း ခံတော်မူထိုက်ပါပေသည်။

ထိုမှတပါး အခြားသော အဇာတသတ် အစရှိသော မင်းအများတို့၏ လှူဒါန်း ပူဇော်ခြင်းကိုရင်း၊သိကြားမင်း,နတ်မင်းတို့၏ ပူဇော်ခြင်းကိုရင်း၊နဂါးမင်း၏ နဂါးပြည်သို့ ပင့်ဆောင် ပူဇော်ခြင်းကိုရင်း၊ မုစလိန္ဒ နဂါးမင်းသည် မြတ်စွာဗုရားကို နေမပူ မိုးမစွတ် ရအောင် အဆောက်ဦကြီးများ ဖန်ဆင်း၍ ပူဇော်နိုင်သော်လည်း မိမိခန္ဓာကိုယ် (ကာယ ပသာဒ)ဖြင့် ပူဇော်လိုသောကြောင့် မြတ်စွာဗုရားအားလည်း နဂါးငွေ့သင့်ခြင်းစသော အန္တရာယ်မရှိရလေအောင် အလွန်ကြီးမားသော နဂါးခန္ဓာကိုယ်နှင့် ရစ်ပတ်၍ ဦးခေါင်း တော်ကို ကြီးမားသော ပါးပျဉ်းကြီးဖြင့် ဖုံးအုပ်၍ ခုနစ်ရက်ပတ်လုံး ပူဇော်ခြင်းကိုရင်း၊ သဟမ္ပတိ ဗြဟ္မာမင်းသည် အခြံအရံများနှင့်တကွ မြင်းမိုရ်တောင် ပမာဏရှိသော ပန်းကုံး ဖြင့် ပူဇော်ခြင်းကိုရင်း ခံတော်မူထိုက် ခံတော်မူရပါသည်။

ပရိနိဗ္ဗာန် စံလွန်တော်မူပြီးသော မြတ်စွာဘုရားကို ရည်မှတ်၍ ကိုးဆယ့်ခြောက်ကုဋေသော အသပြာ ဥစ္စာတို့ကို စွန့်လွှတ်ပြီး အသောကမင်းတရား၏ လှူဒါန်း ပူဇော်ခြင်းကိုလည်း ခံယူတော်မူထိုက်ပါပေသည်။

ဤသို့ အမင်းမင်းနှင့်တကွ ဗြဟ္မာ၊ နတ်၊ လူ သုံးဘုံသူတို့၏ ပူဇော်အထူးကို ခံယူတော်မူထိုက်သောကြောင့် ဗုဒ္ဓမြတ်စွာသည် အရဟံ-မည်တော်မူပါပေသည်။

ထို အရဟံ ဂုဏ်တော်ကြီးဖြင့် အုံချီးလို့မကုန် လူ့ဘုံ၊ နတ်ဘုံ မက ဗြဟ္မာ့ဘုံတိုင် ပြန့်လှိုင် ကျော်ကြား အလွန်ထင်ရှားတော်မူလှပါပေသည်ဟူလို။

ဤနေရာဝယ် မိမိတို့မှာ သီလ၊ သိက္ခာမစင်ကြယ်-ဟု အထင်ရှိက အရဟံ-အရဟံ-ဟု ရွတ်ဆိုရမည်ကို ပဋ္ဌာန်းအရှေ့တိုက် အဘိဓဇမဟာရဋ္ဌဂုရု ဆရာတော်ဘုရားကြီး မိန့်တော်မူဘူးပါသည်၊ သီလ၊ သိက္ခာ မစင်ကြယ်ပိုက် လူတို့က ရှိခိုးလျှင် ရင်ဝကို လှံနှင့်ထိုးသည်နှင့် တူကြောင်း ဟောတော်မူထားပါသည်၊ ထိုသို့ဖြစ်သောကြောင့် ဤဂုဏ်တော်ကို ပွါးများက အပူဇော်ကို ခံထိုက်သည်။

၁။ (က) သဝါသနာ ကိလေသာကို-စသည်ဆိုရာ၌ ဘဝများစွာ သံသရာက လိုက်ပါလာသော အကုံဝါသနာသတ္တိနှင့်တကွ တထောင့်ငါးရာ ကိလေသာတို့ကို အရဟတ္တမဂ်ဖြင့် ပယ်ဖျက်သတ်ဖြတ်တော်မူပြီးသောကြောင့် (တနည်း) ဗုဒ္ဓမြတ်စွာကို အရ-ဟံ ဟု ခေါ်ဆိုရသည်။

ဝါသနာနှင့်တကွ တထောင့်ငါးရာ ကိလေသာတို့မှ လွန်စွာဝေးကွာတော်မူသောကြောင့်လည်း အရဟံ မည်တော်မူပါပေသည်။

**ပစ္စေကဗုဒ္ဓါ၊ ရဟန္တာ ဝါသနာပပယ်နိုင်ပုံ။** ။ရဟန္တာအရှင်မြတ်များသည် ဝါသနာကိုကား မပယ်နိုင်ကြသေး၊ ကိလေသာတွေ ကုန်သော်ငြားလည်း ကိလေသာ၏ အရှိန်အစော် ဝါသနာကား ကျန်ရစ်သေး၏၊ အရှင်ပိလိန္ဒဝစ္ဆ ရဟန္တာပင်ဖြစ်ပြီးသည့်ပင် ဗြာဟ္မဏမျိုး၌ဖြစ်စဉ်အခါက''ဝသလ-သူယုတ်''ဟုပြောခဲ့သော အလေ့အလာ ဘဝငါးရာကိုင်ဖြစ်ခဲ့ရာ ရဟန္တာဖြစ်လာသော်လည်း ထိုဝါသနာမှာ ကျန်ရစ်နေ၍ 'ဝသလ-သူယုတ်'ဟူသော အခေါ်ဖြင့် ခေါ်လေ့ ခေါ်ထရှိသေး၏။

တခါက လူတယောက် ပိတ်ချင်းသီးတောင်းကြီး ယူလာရာ အရှင်မြတ်က''သူယုတ်-ဘာတွေလဲ''ဟု မေး၏၊ မိမိအား ''သူယုတ်'' ဟု ခေါ်ရကောင်းလားဆိုပြီး သူ့လိုဘဲ ကန့်လန့်ပြောမှဘဲဟု စဉ်းစားကာ ''ကြွက်ချေးတွေပါဘုရား'' ဟု ပြောလိုက်၏၊ ဒါနဲ့ အရှင်မြတ်က ''အေး-ကြွက်ချေးတွေဆိုလဲ ကြွက်ချေးတွေပေါ့ကွယ်'' ဟု ပြန်အမိန့်ရှိလိုက်၏။

နောက် အရှင်မြတ် ကျော်လွန်သွားသောအခါ တကယ် ကြွက်ချေးတွေ ဖြစ်၍ နေတော့၏၊ တောင်းထဲက ပိတ်ချင်းသီးသာမက လှည်းပေါ်ကြည့်လိုက်ပြန်တော့လဲ လှည်းပေါ်က ပိတ်ချင်းသီးတွေပါ အားလုံး ကြွက်ချေးတွေဖြစ်၍ နေလေတော့သည်။

လူတယောက် အကြံပေးချက်အရ ပိတ်ချင်းသီးတောင်းမပြီး တဖန်အရှင်မြတ် ရှေ့သွားပြန်ရာ "သူယုတ် ဘာတွေလဲ" ဟု မေးပြန်၏၊ "ပိတ်ချင်းသီးတွေပါဘုရား" ဟု လျှောက်ထား၏၊ ဒါနဲ့ အရှင်မြတ်က "ပိတ်ချင်းသီးတွေဆိုလဲ ပိတ်ချင်းသီးပေါ့ကွယ်" ဟု မိန့်တော်မူမှ ကြွက်ချီးအဖြစ်မှ အားလုံး ပိတ်ချင်းသီးအဖြစ်သို့ ပြန်ရောက်ရလေတော့သည်။

(အင်္ဂုတ္တရ အဋ္ဌကထာ၊ ပ၊ ဧတဒဂ္ဂဝဂ်၊ ၂၁၆)

အရက်ကို သွန်လိုက်သော်လည်း အရက်နံ့မှာ အရက်အိုး၌ စွဲ၍ ကျန်နေရစ်သကဲ့သို့ ရဟန္တာများ၌ ကိလေသာကုန်သော်လည်း အထုံဓလေ့ ဝါသနာငွေ့မှာ ကျန်ရစ်ခဲ့၏၊ ပြဆိုခဲ့သောဝတ္ထုကိုသာ ထောက်ဆပေတော့၊ ပစ္စေကဗုဒ္ဓါများလည်း ထို့အတူပင်။

မြတ်စွာဘုရားရှင်တို့မှာကား ထိုကဲ့သို့မဟုတ် တစောင့်ငါးရာ ကိလေသာဟိုနှင့်တကွ အထုံဝါသနာ, သတ္တိပါ မကျန်ရအောင် အရှင်း ပယ်သတ်နိုင်သောကြောင့် အရ-ဟံ မည်တော်မူထိုက်ခြင်းပင် ဖြစ်တော်မူပါပေသည်။

(၁) 'ကိလေသမာရ် ကိုယ်တွင်းရန်ကို' စသည်ဆိုရာ၌ တထောင့်ငါးရာဟည်း ဟူသော ကိလေသမာရ်ကို အရဟတ္တမဂ်ဉာဏ် သမုစ္ဆေဒပဟာန်ဖြင့် တွန်းလှန်ပယ်သတ်တော်မူပြီးသည်၏ အတွက်ကြောင့် ဗုဒ္ဓမြတ်စွာကို အရ ဟံ ဟု ဆိုရပြန်ပါသည်။

(၈) 'ရှက်ရမည်ကြောက်ကြ လူ့ဗာလတို့ ကွယ်ပညစ်ကျူ မကောင်းမှုကို ပြုကြပမာ' ဆိုရာ၌ ဤလောက၌ ပညာရှိယောင် ဟန်ဆောင်သော လူပိုက်အပေါင်း ဟိုသည် လူ့ဘောင်တွင်မလှ အရှက်ရမည်ကို ကြောက်ကြသောကြောင့် အကုသိုလ် မကောင်းမှုကို ကွယ်ရာအရပ်၌ ပြုကြသကဲ့သို့မဟုတ်ဘဲ ဗုဒ္ဓမြတ်စွာသည် သိတ်ကွယ်ရာအရပ်၌ ယုတ်မာညစ်ကျူ ဒုစရိုက်အမှု အကုသိုလ်အစုစုကို ဘယ်ဟာတခုကိုမျှ ဘယ်အခါမှပြုခြင်း အလျဉ်းမရှိတော်မမူသောကြောင့် အ-ရဟံ မည်တော်မူပါပေသည်၊ ထို့ကြောင့် အ-ရဟံ ဂုဏ်တော်ကြီးဖြင့် အံ့ချီးလို့မကုန် လူ့ဘုံ,နတ်ဘုံမက ပြဟ္မာ့ဘုံတိုင်အောင် ပြန့်လှိုင်ကျော်ကြားတော်မူပါပေသည် ဟူလို။

**သမ္မာ သမ္ဗုဒ္ဓ ဂုဏ်တော် အဓိပ္ပါယ်။** ။'မဖောက်မပြန် ကိုယ်ပိုင်ဉာဏ်ဖြင့်သာ ဦးစွာဒုက္ခ' စသည် ဆိုရာ၌ ဒုက္ခသစ္စာ-ဆင်းရဲခြင်း အမှန်သဘော, သမုဒယသစ္စာ-ဆင်းရဲခြင်း၏ အကြောင်း အမှန်သဘော – ဤ သစ္စာနှစ်ပါးမှာ လောကီသစ္စာဖြစ်၏၊ နိရောဓသစ္စာ-ထို ဒုက္ခ, သမုဒယ နှစ်ပါးတို့၏ ချုပ်ငြိမ်းရာအမှန်သဘော, မဂ္ဂသစ္စာ-ထို နိရောဓသို့ ရောက်ကြောင်း အကျင့် ပဋိပဒါ အမှန်သဘော-ဤ သစ္စာနှစ်ပါးမှာ လောကုတ္တရာ သစ္စာဖြစ်၏၊ ဤသို့ သစ္စာလေးပါးတရား တို့ကို ဖောက်ပြန်မှုမရှိဘဲ ကိုယ်ပိုင်ဉာဏ်တော်ဖြင့်သာ ထိုးထွင်းသိမြင်တော်မူသောကြောင့် ဗုဒ္ဓမြတ်စွာကို သမ္မာ သမ္ဗုဒ္ဓ ဂုဏ်တော်နှင့် ပြည့်စုံတော်မူသည်ဟု ဆိုရပါသည်။

**သစ္စာလေးပါး အဆင့်ဆင့် ဟောခြင်း အကြောင်း။** ။ဤနေရာ၌ အကျဉ်းပြဆိုခဲ့ပြီးသော သစ္စာ လေးပါး အဆင့်ဆင့် ဟောထားပုံကို အနည်းငယ် ချဲ့ထွင်ပြဆိုပါဦးအံ့၊ ဤသစ္စာလေးပါးတို့တွင် ရုပ်အဋ္ဌဝိသ, စိတ်, စေတသိက် ဟူသော ရုပ်, နာမ်-ခန္ဓာအစု၌ ငါဟုစွဲလမ်း၍ သာယာနေကြသော သတ္တဝါတို့ကို သံသရာ၌ ငြီးငွေ့ ထိတ်လန့်သော သံဝေဂဉာဏ်ကိုရစေခြင်းငှါ 'ဇာတိပိ ဒုက္ခာ' စသည် ဖြင့်၎င်း, အဖြစ် အပျက် ဒဏ်ကို သိစေလို၍ တရံမစဲ အမြဲခံနေရသော သင်္ခါရဒုက္ခကြီး ဖြစ်သည်-ဟု၎င်း သိစေလို၍ ဒုက္ခသစ္စာကို စတည်၍ ဟောတော်မူ၏၊ ထို့ကြောင့် 'ဦးစွာ ဒုက္ခ' ဟု အနက်ပေးခဲ့ပါသည်။

ဤ ဒုက္ခသစ္စာ ဝဋ်မီးစာတွေကို မိမိတို့ခံနေရသည်မှာ မည်သူကမျှ ပြုလုပ်သော ကြောင့်မဟုတ်၊ မိမိတို့၏ တဏှာလောဘကြောင့်သာ ခံနေရသည်-ဟု နားလည်ကြ၍ တဏှာကို ပယ်သတ်ဘို့ရာ ဒုက္ခဖြစ်ကြောင်း သမုဒယသစ္စာကို ဒုတိယဟောတော်မူသည်။

ထို တဏှာသမုဒယကြောင့် ဒုက္ခတွေဖြစ်ရ၊ ဒုက္ခဖြစ်ရသောကြောင့် သုခကိုတောင့် တသော တဏှာ သမုဒယဖြစ်ရ၊ သုခကလေးကို ရသောအခါ သုခကြီးကို လိုချင်သော တဏှာ သမုဒယ ဖြစ်ရပြန်၏၊ထို့ကြောင့် တဏှာ,သမုဒယ ကြီးလေလေ ဒုက္ခ ကြီးလေလေ- ဤသို့အားဖြင့် ဒုက္ခတွေကို မြင်ရ၍ ငြီးငွေ့သောစိတ်ထားဖြင့် အားငယ်နေကြသော ယောဂီ ပုဂ္ဂိုလ်တို့ကို သက်သာရာ ရစေခြင်းငှါ ဒုက္ခကုန်ဆုံးရာ နိရောဓသစ္စာကို တတိယမြောက် ဟောပြတော်မူပါသည်။

ထို နိရောဓသစ္စာကို ကြားရ၍ နိရောဓကိုသိဘို့ရန် အားသန်နေကြသော ယောဂီ ပုဂ္ဂိုလ်တို့အား ဤလမ်းတက်၊ ဤမဂ်ကို ပွါးကြလော့၊ ဤလမ်း၌ သမ္မာဝါစာ,သမ္မာကမ္မန္တ, သမ္မာအာဇီဝ-ဟူသော ချောမွေ့သော သီလ စခန်းလည်းရှိ၏၊ သမ္မာဝါယာမ,သမ္မာသတိ, သမ္မာသမာဓိ-ဟူသော တည်ကြည်ငြိမ်သက်သော သမာဓိ စခန်းလည်းရှိ၏၊ သမ္မာဒိဋ္ဌိ,သမ္မာ သင်္ကပ္ပ-ဟူသော နူးညံ့သော ပညာစခန်းလည်းရှိ၏၊ ထို့ကြောင့် ဤလမ်းစလျှင် ခြင်း အကောင်းကိုချည်း တွေ့ရမည် ဖြစ်သောကြောင့် ဤလမ်းကို တက်၍ ဤမဂ်ကို တိုးပွါး စေလျှင် ကေန်မုချ ဒုက္ခကုန်ရာ နိဗ္ဗာန်ဟူသော နိရောဓသစ္စာကို တွေ့ရလိမ့်မည်-ဟု မိန့်တော် မူသည့်အလား လေးပါးမြောက်တွင် မဂ္ဂင်ရှစ်ဖြာ မဂ္ဂင်သစ္စာကို ဟောတော်မူပါသည်။

* လောကီဘုံဝယ်၊ သာယာဘွယ်ဟု၊ တာတွယ်လေငြား၊ ဝေနေများကို၊ တရားသံဝေ၊ ရပစေဟု၊ ထွေထွေဒုက္ခ၊ ဦးစွာပြ၏၊ ဒုက္ခသောင်းပြောင်း၊ ဆင်းရဲပေါင်းလည်း၊ အကြောင်းမဲ့စွာ၊မဖြစ်ရာရှင့်၊ မဟာဗြဟ္မ၊ ထာဝရဟု၊ ဗရာ့တသင်း၊ မဖန်ဆင်းတည်း၊ ထန်ပြင်းသော့သွမ်း၊ တဏှာစွမ်းကြောင့်၊ ပရမ်းပတာ၊ ဖြစ်ကြရာဟော၊ သမုဒယောတဲ့၊ သုံးလောကတွင်၊ ဒုက္ခထင်၍၊ လွတ်ခွင်ထွက်ရာ၊ ရတက်ဖြာသော်၊ သက်သာစေရန်၊ အနေဖန်လျက်၊ ခေမံ နိရောဓ၊ သုံးကြိမ်ပြ၏၊ နိဗ္ဗာန နန်း၊ ရောက်ဘို့ပန်းက၊ ဤလမ်းဖြင့်တက်၊

ဤမင်္ဂလာ၊ မိန့်သည့်လားသို့၊ လေးပါးမြောက်တွင်၊ မင်္ဂလမ်းထွင်သည်၊
ဟောစဉ် လက်ရိုး ဆူဆူတည်း။

(သမ္မောဟ ဝိနောဒနီ=ဘာသာဋီကာ)

ဤ သစ္စာလေးပါးတို့မှတပါး အခြားသိဘွယ်မှန်သမျှ အလုံးစုံသော တရားတို့ကို လည်း ဖောက်ပြန် ချွတ်ယွင်းမှုမရှိ သူတပါးထံ နည်းမခံဘဲ ကိုယ်ပိုင် သဗ္ဗညုတ ရွှေဉာဏ် တော်ဖြင့်သာ သိတော်မူ့ သတ္တဝါတွေကိုလည်း သိစေတော်မူသောကြောင့် ဗုဒ္ဓမြတ်စွာ သည် **သမ္မာသမ္ဗုဒ္ဓ** မည်တော်မူပါပေသတည်း။

**စာမေးပွဲအောင်ရန် သမ္မာသမ္ဗုဒ္ဓ ဂုဏ်တော်ပွါးများ။** ။ဤလောကတွင် အရာရာ၌ အသိ အလိမ္မာ ဉာဏ်ပညာနှင့်ပြည့်စုံဖို့ လွန်စွာ အရေးကြီးလှပါသည်၊ လောက၌ စီးပွါးဥစ္စာ ရှာဖွေရာ၌ရင်း, အတတ်ပညာ သင်ကြားရာ၌ရင်း, အသိဉာဏ်ရှိသူသာ သာလွန်မြဲ ဓမ္မတာဖြစ်၍ အသိဉာဏ်နည်းသူမှာ စီးပွါးရေး,ပညာရေး မှေးမှိန်အားသေး ပျက်စီးရလေတော့သည်။

**အထူး မှတ်ချက်။** ။မြတ်စွာဘုရားကို အဘိဉာဏ်ခြောက်ပါးဖြင့် ချီးမွမ်းရှိခိုးလျှင် မိမိအား အဘိဉာဏ်ခြောက်ပါးနှင့် ပြည့်စုံစေတတ်ပါသည်၊ အနော်မဒဿီ မြတ်စွာဘုရား၏ ဉာဏ်တော်ကို ချီးမွမ်းရှိခိုးခဲ့ သောကြောင့် အရှင်သာရိပုတ္တရာ မထေရ်မြတ်သည် ဘုရားမှ တပါး ဉာဏ်ပညာ အကြီးမားဆုံး ဖြစ်ကြောင်းကို အောက်၌ ပြဆိုခဲ့ပါပြီ။

ထို့ကြောင့် ဤနေရာ၌ စာမေးပွဲ ဖြေဆိုကြရသော ကျောင်းသူ,ကျောင်းသားများ အဘို့ ဗေဒင်မေး ယတြာချေရေးကိစ္စထက် ဤ သမ္မာသမ္ဗုဒ္ဓ ဂုဏ်တော်ကို လေးလေး နက် နက် ပွါးများကြည်ညိုထိုက်လှပါသည်။

**အာရုံပြုပုံ။** ။မဖောက်မပြန် ကိုယ်ပိုင်ဉာဏ်ဖြင့်သာ သိဘွယ်ရာဟူသမျှ မြူမျှမကျန် အမှန် ကန်စင် သိမြင်တော်မူပါပေသော မြတ်စွာဘုရား,မြတ်စွာဘုရား၊အမေးဟူသမျှ ကို ဖြေနိုင်ရလိုသောအား ဝပ်တွားရိုကျိုး ရှိခိုးပါ၏ဘုရား၊ ဤသို့ မြန်မာလို အရကျက်ပြီး သမ္မာသမ္ဗုဒ္ဓေါ၊ သမ္မာသမ္ဗုဒ္ဓေါ=ဟု အထပ်ထပ် ပုတီးစိပ် အကြိမ်ကြိမ် များစွာပွါးများ လျက် ရံဖန် ရံခါ ယခုပြဆိုပြီး မြန်မာလိုလဲ နှလုံးသွင်း, ပွါးများအားထုတ်ပါက မိမိတို့၏ အသိဉာဏ် တိုးတက်မှု ရရှိမည်သာ ကေန်ဖြစ်ပါသည်။

အလားတူ အသိဉာဏ် အပြန်အလှန်ရရှိမည့် ဗုဒ္ဓဂုဏ်တော်ကိုလဲ ပွါးနိုင်ပါသည်၊ ပွါးနိုင်ကြပါစေကုန်သတည်း။

ဝိဇ္ဇာစရဏသမ္ပန္န ဂုဏ်တော်အဓိပ္ပါယ်။ ။ဤ ဝိဇ္ဇာ,စရဏ သမ္ပန္နဂုဏ်တော်၌ ဝိဇ္ဇာသုံးပါး, (တနည်း) ဝိဇ္ဇာရှစ်ပါး, စရဏတရား တဆယ့်ငါးပါးတို့ကို သိရှိနားလည်မှသာလျှင် ဤဂုဏ်တော်ကို ပွါးများရာ၌ အကျိုးများကြမည်သာ အမှန်ဖြစ်ပါသည်၊ ထို့ကြောင့် လွယ်ကူစွာ သိမှတ်နိုင်ကြရန်အတွက် ဤလင်္ကာကို ကေန် အရကျက်ကြစေလိုသည်။

> * သုံးပါး ဝိဇ္ဇာ၊ ပု-ဒိ-အာနှင့်၊ ဝိဇ္ဇာရှစ်ဝ၊ ဝိ-မာ-စေ-ဒိ၊ ပု-ဒိ-ဣဒ်-အာ၊ တဖြာထိုမှ၊ သီလစောင့်စည်း၊ သိပ်သည်း ဣန္ဒြေ၊ ဘောဇနေ၌၊ သိလေမျှတ၊ ထကြွနိုးကာ၊ သဒ္ဓါ,သတိ၊ ဟိရိ,ဩတ္တပ္ပ၊ ဗာဟုသစ္စ၊ ဝီရိယစွက်၊ ကေဂ္ဂတာ၊ ပညာသဒ္ဓမ္မ၊ ခုနစ်ဝနှင့်၊ ရူပစျာန်လေး၊ တွက်ရေးစရဏ၊ ဆယ့်ငါးဝ။

ဝိဇ္ဇာ ၃-ပါး။ ။အဓိပ္ပါယ် အကျဉ်း 'သုံးပါး ဝိဇ္ဇာ၊ပု-ဒိ-အာ'အရ၊ ဝိဇ္ဇာသုံးပါးဆိုတာ 'ပု'အရ၊ ရှေးရှေးဘဝ၌ နေထိုင် တွေ့ကြုံခဲ့သမျှကို ပြန်၍ အောက်မေ့သိနိုင်သော ပုဗ္ဗေနိဝါသာနုဿတိဉာဏ်။

'ဒိ'-အရ၊ နတ်မျက်စိကဲ့သို့ ဝေးကွာ သေးငယ်သော အရာနှင့် အရုံ တံတိုင်းစသည်ကို ဖောက်ထွင်း သိမြင်နိုင်သော ဒိဗ္ဗစက္ခုဉာဏ်။

'အာ'အရ၊ ကိလေသာ တထောင့်ငါးရာကို ကုန်စင်အောင် ဖျက်ဆီးနိုင်သော အရဟတ္တမဂ်ဉာဏ်ဟူသော အာသဝက္ခယဉာဏ်တို့ကို ဆိုလိုသည်။

ဝိဇ္ဇာ ၈-ပါး။ ။တနည်း-ဝိဇ္ဇာရှစ်ပါး အရမှာ 'ဝိဇ္ဇာ ရှစ်ဝ၊ ဝိ မာ စေ ဒိ' ဆိုရာ၌ 'ဝိ' အရ၊ အနိစ္စ, ဒုက္ခ, အနတ္တ - ဟု ရုပ် နာမ် တရားတို့ကို သိနိုင်သော ဝိပဿနာဉာဏ်။

'မ'အရ၊ မိမိကိုယ်ခန္ဓာအတွင်း၌ အလားတူ ကိုယ်တမျိုးကို စိတ်ဖြင့် ဖန်ဆင်းနိုင်သော မနောမယိဒ္ဓိဉာဏ်။

'စေ'အရ၊ သူတပါးတို့၏ စိတ်အကြံကို သိနိုင်သော စေတော ပရိယဉာဏ်။

'ဒိ'အရ၊ ဆိုအပ်ခဲ့ပြီးသော ဒိဗ္ဗစက္ခုဉာဏ်။

'ပု-ဒိ-ဣဒ်-အာ' ဆိုရာ၌ 'ပု' အရ၊ ဆိုခဲ့ပြီးသော ပုဗ္ဗေနိဝါသာ နုဿတိဉာဏ်။

'ဒိ' အရ၊ နတ်တို့နားကဲ့သို့ ဝေးသောအသံ, သေးငယ်သောအသံ-တို့ကို ကြားစွမ်းနိုင်သော ဒိဗ္ဗသောတဉာဏ်။

'ဣဒ်' အရ၊ မိုးပျံ မြေလျှိုး တန်ခိုး အမျိုးမျိုးတို့ကို ဖန်ဆင်းစွမ်းနိုင်သော ဣဒ္ဓိဝိဓဉာဏ်။

'အာ' အရ၊ ပြဆိုခဲ့ပြီးသော အာသဝက္ခယဉာဏ် တို့ပင်ဖြစ်သည်။

**စရဏ ၁၅-ပါး။** ။'တဖြာထိုမှ'စသည်ကို ဆိုရာ၌-စရဏ တရားဆယ့်ငါးပါးအရဖြစ်သည်။

'သီလစောင့်စည်း' ဆိုသည်မှာ သီလစောင့်ရှောက်သော **သီလသံဝရ**၊ 'သိမ်သည်း ဣန္ဒြေ' အရ၊ လောဘ, ဒေါသ စသည် မဖြစ်ရအောင် မျက်စိ, နား, နှာ, လျှာ, ကိုယ်, စိတ် ဤဣန္ဒြေခြောက်ပါးတို့ကို လုံခြုံအောင်စောင့်စည်းမှု **ဣန္ဒြိယ သံဝရ သီလ**။

'ဘောဇနေ-၌၊ သိလေမျှတ' အရ၊ ဘောဇဉ်ကို သုံးဆောင် ခံယူမှု၌ မျှတခြင်းကို သိသော **ဘောဇနမတ္တညုတာ**။

'ထကြွနိုးကာ' အရ၊ အအိပ်, အနေ နည်းပါးအောင် အားထုတ်မှု **ဇာဂရိယာ နုယောဂ**။

'သဒ္ဓါသတိ' ဆိုရာ၌-ရတနာသုံးတန်နှင့် ကံ, ကံ၏ အကျိုး နောက်ဘဝရှိသည်ဟု ယုံကြည်မှု-**သဒ္ဓါ**၊ ကုသိုလ်ကောင်းမှုဆိုင်ရာ၌ အမှတ်ရမှု **သတိ**။

'ဟိရိဩတ္တပ္ပ' အရ၊ မကောင်းမှု ဒုစရိုက်မှ ရှက်မှု **ဟိရိ**၊ မကောင်းမှု ဒုစရိုက်မှ ကြောက်မှု **ဩတ္တပ္ပ**။

'ဗာဟုသစ္စ' အရ၊ များသော **အကြားအမြင်ရှိခြင်း**၊ 'ဝီရိယာရွယ်' အရ၊ ကုသိုလ် ကောင်းမှုကိစ္စမျိုး၌ အားထုတ်မှု **ဝီရိယ**၊ 'ပညာ' အရ၊ အရာရာ၌ **တတ်သိ** လိမ္မာမှု-ဤခုနစ် ပါးတို့မှာ သူတော်ကောင်း ဥစ္စာ ခုနစ်ပါးဖြစ်၍ ရူပ-ပထမစျာန်, ဒုတိယစျာန်, တတိယ စျာန်, စတုတ္ထစျာန်-ထည့်စွက် ပေါင်းရေတွက်လျှင် စရဏတရား တဆယ့်ငါးပါးတည်း။

ဤနေရာ၌ ဝိဇ္ဇာဟူသော အသိဉာဏ်ရှိသော်လည်း စရဏဟူသော အကျင့်မရှိက နိဗ္ဗာန်မရနိုင်၊ စရဏ အကျင့်သာရှိ၍ ဝိဇ္ဇာဟူသော အသိဉာဏ်မရှိလျှင် လပ်းလှန်မပေါက်ဘဲ, အလွဲကိုကျင့်နေသဖြင့် ခရီးမတွင်ဘဲရှိတတ်သည်၊ ထို့ကြောင့် ဗုဒ္ဓမြတ်စွာသည် အတွင်း၌ အထပ်ပြစ်သော ဝိဇ္ဇာဉာဏ်, စရဏအကျင့်နှင့် ပြည့်စုံတော်မူသောကြောင့် **ဝိဇ္ဇာစရဏ သမ္ပန္န ဂုဏ်တော်ကြီး** အရှင်ဖြစ်တော်မူပါပေသည်။

**မှတ်ချက်။** ။မြတ်စွာဘုရား၏ ဝိဇ္ဇာစရဏသမ္ပန္နဂုဏ်တော်ကို အချုပ်ကျက် လေး နက်စွာ ကြည်ညိုပြီးလျှင် မိမိသန္တာန်၌ အသိဉာဏ်နှင့် အကျင့် နှစ်ပါးလုံးပြည့်စုံအောင် သတိထား၍ ကြိုးစားကျင့်ကြံကုန်ရာ၏။

**သုဂတ ဂုဏ်တော် အဝိပ္ပါယ်။** ။**သုဂတော**-ကျိုးရှိ ဟုတ်မှန် ပျိုနှစ်တိုက်မျှ၊ ကောင်းသော စကားဆိုရာ၌။

၁။ မဟုတ်မမှန်,အကျိုးမရှိ,မနှစ်သက်အပ်သောစကား၊

၂။ ဟုတ်မှန်,အကျိုးမရှိ,မနှစ်သက်ဖွယ်သော စကား၊

၃။ ဟုတ်မှန်,ကျိုးရှိ,မနှစ်သက်ဖွယ်သော စကား၊

၄။ မဟုတ်,မမှန်,အကျိုးမရှိ,နာခံလို စကား၊

၅။ ဟုတ်မှန်,အကျိုးမရှိ,နာခံလိုသော စကား၊

၆။ ဟုတ်မှန်,ကျိုးရှိ,နာခံလိုသော စကား၊

ဤစကား ခြောက်မျိုးတို့တွင် လေးခွန်းကိုပယ်၍ ဗုဒ္ဓမြတ်စွာသည် ဟုတ်မှန်,အကျိုးရှိသောစကားကို နာလိုသော်ငြား၊ မနာလိုသော်ငြား၊ ဤနှစ်ခွန်း ဤနှစ်မျိုးသော စကားကိုသာ မိန့်တော်မူတတ်သောကြောင့် **သုဂတ** မည်တော်မူပါပေ၏။

ဤနေရာတွင် လိုရင်းအကျဉ်းချုံး၍ 'ကျိုးရှိ,ဟုတ်မှန်-ဤနှစ်တန်မျ' ဟူ၍ ဆိုထားပါသည်။

စကားကောင်းပြောတတ်,ဆိုတတ်,စကားတတ်လိုသော ပုဂ္ဂိုလ်များအတွက် ဤအနက်အရ သုဂတဂုဏ်တော်ကို ပွါးများဘို့ ကောင်းပါသည်။

**လောကဝိဒူ ဂုဏ်တော် အစိပ္ပါယ်။** ။**လောကဝိဒူ** - သတ္တ, သြကာသ, သင်္ခါရ - ဟူသော လောကသုံးပါး စသော စကားဆိုရာ၌ ငှ-တိ-ပြိတ္တာ-ဟာယ်ပေါယ်လေးဖုံနှင့် လူ,နတ်,ဗြဟ္မာ သတ္တဝါ အနန္တတွေကို **သတ္တလောက** ဟုဆိုသည်၊ ဗုဒ္ဓမြတ်စွာသည် သတ္တလောက သတ္တဝါ အားလုံးတို့၏ အလိုစရိုက် အစရှိသော အလုံးစုံတို့ကိုပင် အသေးစိပ် သိတော်မူပါပေသည်။

ငရဲ-တိရစ္ဆာန်-ပြိတ္တာ-အသူရကာယ်ဟူသော အပါယ်လေးဘုံ,လူ့ဘုံ စာတုမဟာရာဇ်စသော နတ်ပြည် ခြောက်ထပ်အားဖြင့် ကာမ ဆယ့်တဘုံ, ရူပ ဆယ့်ခြောက်ဘုံ, အရူပ လေးဘုံ ဤသုံးဆယ့်တဘုံသည် သတ္တဝါတို့၏ တည်ရာဖြစ်သောကြောင့် **သြကာသလောက** မည်၏၊ ဤသြကာသ လောကကိုလည်း အကွာ အဝေးနှင့်တကွ အမျိုးမျိုး အဖုံဖုံ အလုံးစုံကိုပင် ဗုဒ္ဓမြတ်စွာသည် အသေးစိပ် ကုန်စင်အောင် သိမြင်တော်မူပါပေ၏။

အာရုံ အမျိုးမျိုးတို့သို့ ညွတ်ကိုင်းသိသော စိတ်,စေတသိက် နာမ်တရား ငါးဆယ့်သုံးပါးနှင့် ဖောက်ပြန်မှုရုပ် နှစ်ဆယ့်ရှစ်ခု ဟူသော ရုပ်တရား-ဤရုပ်,နာမ်တရား ရုပ်နာမ်ခန္ဓာတို့သည် ပြုပြင်ရမှုကြောင့် **သင်္ခါရလောက**မည်၏။

သတ္တလောက, သြကာသလောက, သင်္ခါရလောက-ဤလောကသုံးပါးကို အကြွင်းအကျန် မရှိသောအားဖြင့် အချင်း ခပ်သိမ်း ကုန်စင်အောင် သိမြင်တော်မူပြီးသောကြောင့် ဗုဒ္ဓမြတ်စွာကို **လောကဝိဒူ ဂုဏ်တော်ကြီး** နှင့် ပြည့်စုံတော်မူသည်ဟု ဆိုရပါသည်။

**အနုတ္တရော ပုရိသ ဒမ္မသာရထိ - ဂုဏ်တော် အစိပ္ပါယ်။** ။**အနုတ္တရော ပုရိသ ဒမ္မသာရထိ** နှစ်ပုဒ် အပေါင်း ဖြစ်သော ဤဂုဏ်တော်၌ ဆိုအပ်ခဲ့ပြီးသော မယဉ်ကျေး မလိမ်မာ ရိုင်းပြစွာသော လူယောကျ်ားစသည်

များကို ထူးခြားစွာဘိ အတုမရှိဘဲ တရားသဖြင့် လိမ်မာယဉ်ကျေးလေအောင် ဆုံးမတော်မူတတ်သောကြောင့် ဗုဒ္ဓမြတ်စွာသည် **အနုတ္တရော ပုရိသဒမ္မသာရထိ** မည်တော်မူပါပေသည်။

**မှတ်ချက်။** ။ဤဂုဏ်တော်ကြီးသခင် ဗုဒ္ဓဘုရားရှင်ကို ကြည်လင်မြတ်နိုး လွန်အားကိုးစွာ အာရုံပြု၍ လေးလေးနက်နက် ကြည်ညိုကြပါလျှင် မိမိတို့ တပည့်တပန်း သားသမီးများကို ကောင်းစွာဆုံးမနိုင်ဘို့ ဖြစ်ပေသတည်း။

**တနည်း** — ၎င်း အနုတ္တရော ပုရိသဒမ္မသာရထိ တပါးကိုပင် အနုတ္တရ တပါး, ပုရိသဒမ္မသာရထိ တပါး ခွဲယူသော် အစိပ္ပါယ်ကား—

**အနုတ္တရော-ဂုဏ်တော် အစိပ္ပါယ်။** ။'အနုတ္တရော=သာလွန်မြတ်ဘိ တုမရှိသည့် ဗိမုတ္တိ'အစ ရှိသော စကားရပ်၌ ဗုဒ္ဓမြတ်စွာ၏ လောက၌ အတုမရှိ အသာလွန်ဆုံး အထူးချွန်ထုံး အမြင့်မြတ်ဆုံး-ဖြစ်တော်မူသည်ကို "သာလွန်မြတ်ဘိ တုမရှိ" ဟု ဆိုလိုပါသည်၊ ဝိမုတ္တိအရကား-အရဟတ္တဖိုလ်ကို ဆိုသည်၊ ဝိမုတ္တိဉာဏဒဿနအရကား-ဖိုလ်ကို ဆင်ခြင်သော ပစ္စဝေက္ခဏာဉာဏ်များကို ဆိုလိုသည်၊ မြတ်စွာဘုရား၏ သီလတော်, သမာဓိတော်, ပညာတော်တွေလဲ လောကဓာတ်အလုံးတွင် အမြတ်ဆုံး အထွဋ်ဆုံးပင် ဖြစ်တော်မူပါပေသည်၊ မြတ်စွာဘုရားထက် ဝိမုတ္တိစသော ဂုဏ်တော်တို့ဖြင့် သာလွန်မြင့်မြတ်သူမရှိချေ၊ သီလဂုဏ်စသည်တို့ဖြင့် မြတ်စွာဘုရားထက် သာလွန်မြင့်မြတ်သူကို မဆိုထားနှင့်၊ ဗုဒ္ဓဘုရားနှင့်တူသူမျှပင် မရှိပါ၊ ဤသို့ အမြတ်ဆုံးဖြစ်သော သီလ, သမာဓိ အစရှိသည်တို့နှင့် သူမတူတန်အောင် ပြည့်စုံတော်မူသောကြောင့် ဗုဒ္ဓမြတ်စွာသည် **အနုတ္တရ** အစစ်ဖြစ်တော်မူပါပေ၏၊ ဤလောကဝယ် အပြိုင်အဆိုင်ပြုလုပ်ရာ၌ သူ့ကက်ငါ အသာလိုချင်ကြသည်မှာ ထုံးစံပင်ဖြစ်၏၊ သို့ရာတွင် သူတပါးထက်သာလွန်နိုင်ကြောင်း ကောင်းမှုကံကိုကား အမှတ်မထားမိကြချေ။

**တိုက်တွန်းချက်။** ။ဗုဒ္ဓမြတ်စွာ၏ အမြတ်ဆုံးသော အနုတ္တရ ဂုဏ်တော်တို့ကို အာရုံပြုကာ မိမိတို့ နောင်သံသရာမှာ သူတပါးထက် သာလွန်လျက် အထက်တန်း တက်ရလေအောင် ယခုဘဝကပင် ကြိုတင်၍ ကြံဆောင်သင့်ပေသည်။

'ယေ ဘိက္ခဝေ ပုဒ္ဓေ ပသန္နာ' အစရှိသော ပါဠိတော်အရ အမြတ်ဆုံးမြတ်ဗုဒ္ဓကို ကြည်ညိုလေးစားကြလျှင် အမြတ်ဆုံး အကျိုးကို ရကြမည်မှာ ဧကန်ပင်ဖြစ်လေသည်။

**ပုရိသဒမ္မသာရထိ-ဂုဏ်တော်အစိပ္ပါယ်။** ။'ပုရိသဒမ္မသာရထိ=မလိမ်မာသူ လူယောကျ်ား' အစရှိသော စကားရပ်၌ ဗုဒ္ဓမြတ်စွာသည် တစုံတရာ လက်နက်စသည်ကို စွဲကိုင်တော်မမူဘဲ မလိမ်မာ မယဉ်ကျေးကြသော အင်္ဂုလိမာလ

သူခိုးကြီး, အမှုင့်လှလင် အမျိုးသော လူယောက်ျားတို့ကိုရှင်း, ဗကဗြဟ္မာစသော နတ်ဗြဟ္မာ ယောက်ျားတို့ကိုရှင်း, နေ့ပါလယင်-အပလာဠနဂါးမင်း အမျိုးသော တိရစ္ဆာန်ယောက်ျား တို့ကိုရှင်း ကိုယ်အမူအရာ နှုတ်အမူအရာ စိတ်အမူအရာတို့ကို လိပ်မာယဉ်ကျေးအောင် အထူး ဆုံးမတော်မူတတ်သောကြောင့် ဗုဒ္ဓမြတ်စွာသည် **ပုရိသ ဒမ္မသာရထိ** ဂုဏ်တော်ကြီးနှင့် ပြည့်စုံတော်မူပါပေသည်။

သတ္တာ ဒေဝမနုဿာန ဂုဏ်တော် အဓိပ္ပါယ်။ ။'သတ္ထာ ဒေဝမနုဿာနံ-အပါယ်လေးရပ် လူ, နတ်, ဗြဟ္မာ သတ္တဝါတို့၏' ဆိုရာ၌ အပါယ်လေးဘုံသားနှင့် လူ,နတ်,ဗြဟ္မာ သတ္တဝါသပင်းတို့ကို ယခုမျက်မှောက် ပစ္စုပ္ပန်ဘဝ၌ ဖြစ်သော အကျိုး, နောင်တမလွန်ဘဝ၌ဖြစ်သော အကျိုး,နိဗ္ဗာန်ဟူသော မြတ်သော အကျိုး-ဤသုံးပါးသော အကျိုးတို့ကို ရှုမြဲ မျှော်ကိုးရည်မှတ်၍ ဆုံးမတော်မူတတ်သော ကြောင့် ဗုဒ္ဓမြတ်စွာသည် သတ္ထာဒေဝမနုဿာန ဂုဏ်တော်ကြီးနှင့် ပြည့်စုံတော်မူပါပေသည်။

ဗုဒ္ဓ ဂုဏ်တော် အဓိပ္ပါယ်။ ။'ဗုဒ္ဓေါ-အဟုတ် အမှန်တွေကို ကြေနပ်သွေ့ သိပေ,သိစေ တော်မူတတ်ပါပေသော' ဟူသော ဗုဒ္ဓေါ ဂုဏ်တော်၌ 'သင်-ဝိ-လက်-နိ ပညတ် တည်ပြီး ငါးထွေ ယူငါးတို့' ဆိုရာ၌--

သင်္ခါရ၊ ပြုပြင် စီရင်အပ်သော သင်္ခါရဟူသမျှ, စိတ်စေတသိက်ဟူသော နာမ် တရား, ရုပ်နှစ်ဆယ့်ရှစ်ပါးဟူသော ရုပ်တရားအပေါင်းတို့ ချယ်လှယ် ပြုပြင် စီရင်ရှုမှု ကြောင့် သင်္ခါရ ဟု ဆိုရသည်။

ဝိကာရ-နှစ်ဆယ့်ရှစ်ပါး ရုပ်တို့၏ ဖောက်ပြန်ခြင်း အမူအရာသဘောရှိသော ... ဝိကာရ ရုပ်ငါးပါးတို့ကို ဆိုသည်။

လက္ခဏ-... သင်္ခတလက္ခဏာဖြစ်သော ဥပစယ, သန္တတိ, ဇရတာ, အနိစ္စတာ ... လက္ခဏရုပ် လေးပါးတို့ကို ဆိုသည်။

နိဗ္ဗာန်-... တရားငါးပါးကို ...

ပညတ်-... သိစေအပ်သော သင်္ကေတ အမှတ်အသား ဝေါဟာရ ပညတ်များ ...

ဤတရားငါးပါးတို့ကို ... သိတော်မူသောကြောင့် ငါးထွေ ယူစံ တရားငါးပါး ဟုဆိုရသည်၊ ဗုဒ္ဓမြတ်စွာသည် အဟုတ်တရား အမှန်တရားဖြစ်တော်မူ၍ အဟုတ်အမှန် တရားတွေကို သိတော်မူ, ... သိစေတော်မူတတ်သောကြောင့်ရှင်း၊ သင်္ခါရ, ဝိကာရ, လက္ခဏ, နိဗ္ဗာန်, ပညတ် ... တရားငါးပါးတို့ကို ပိုင်းခြားသိပေ, ဝေနေယျတို့အား သိစေ တော်မူတတ်သောကြောင့်ရှင်း၊ ဗုဒ္ဓဟူသော ဂုဏ်တော်ကြီးနှင့် ကေနအပ်နှံ ပြည့်စုံတော်မူ ပါပေသတည်း။

ဤသို့ အလုံးစုံအကုန် တရားများကို သိတော်မူတတ်သော မြတ်စွာဘုရား၏ ဗုဒ္ဓဂုဏ်တော်ကို ပွါးများကြသူတို့အား အရာရာ သိမှုအကျိုးကို ရကြမည်မှာ အမှန်ပင် ဖြစ်ပေသတည်း။

**ဘဂဝါ ဂုဏ်တော် အဓိပ္ပါယ်။** ။"ဣဿရိယ, ဓမ္မ, ယသ, သိရီ,ကာမ, ပယတ္တ တည်းဟူသော ဘုန်းတော်ခြောက်ပါး" ထိုရာ၌ **ဣဿရိယ**အရ မိမိစိတ်တော်ကို အစိုးရခြင်းဟူသော **ဣဿရိယ** ဘုန်းတော်။

ဓမ္မ အရ-မဂ်လေးတန်, ဖိုလ်လေးတန်, နိဗ္ဗာန်ဟူသော လောကုတ္တရာ တရားကိုးပါးနှင့် ပြည့်စုံသော ဓမ္မ ဘုန်းတော်။

ယသ အရ-ဟုတ်မှန်သည့်အတိုင်း ကျော်စောတော်မူခြင်း တည်းဟူသော **ယသ** ဘုန်းတော်။

သိရီ အရ-သုပ္ပတိဋ္ဌိတပါဒ စသော သုံးဆယ့်နှစ်ပါးသော လက္ခဏာတော်ကြီး, တမ္ဗနခ၊ တုင်္ဂနာသ စသော သဏ္ဍာနတော်ငယ် ရောင်ခြည်တော် ခြောက်သွယ်တို့ဖြင့် တင့်တယ်သော အသရေရှိတော်မူသော **သိရီ** ဘုန်းတော်။

**ကာမ**အရ-အလိုရှိတိုင်း ပြီးစီးစေတော်မူနိုင်သော **ကာမ** ဘုန်းတော်။

**ပယတ္တ**အရ-လူသုံးပါးတို့၏ ဆရာဖြစ်ကြောင်း ကောင်းမြတ်သော လုံ့လဝီရိယ ယှဉ်တော်မူသော **ပယတ္တ** ဘုန်းတော်-တို့ကို ဆိုလိုပါသည်။

ဤ ဘုန်းတော်ခြောက်စုံ တန်ခိုးဂုဏ်တို့နှင့် ပြည့်စုံတော်မူသောကြောင့် ဗုဒ္ဓမြတ်စွာသည် **ဘဂဝါ**ဟူသော ဂုဏ်တော်ကြီး၏ အရှင်သခင် ဖြစ်တော်မူပါပေသည်၊ ထို့ကြောင့် ဘဂဝါဟူသော ဂုဏ်တော်ကြီးဖြင့် အံ့ချီး၍မကုန် လူ့ဘုံ,နတ်ဘုံမက ဗြဟ္မာ့ဘုံတိုင် ပြန့်လှိုင် ကျော်ကြား အလွန်ထင်ရှားတော်မူပါပေသည် ဟူလို။

ထို့ကြောင့် ဗုဒ္ဓမြတ်စွာ၏ ဤသို့ ဘုန်းကံပါရမီတို့နှင့် ပြည့်စုံသော ဘဂဝါ ဂုဏ်တော်မြတ်ကို လေးလေးနက်နက် သက်ဝင်ဆင်ခြင်ပြီးလျှင် ထိုဘဂဝါဂုဏ်တော်ရှင် ဘုရားသခင် ကိုယ်တော်မြတ်ကြီးကို မတုန်မလှုပ် ယုံကြည်အားကိုး မြတ်နိုးစိတ်ဖြင့် ဖွဲ့တည်း ကပ် သိမှတ်ကြကုန်ရာသတည်း။

**ယောဂီ အင်္ဂါ ၅-ပြာ, ၇-ပြာ။** ။ဤသို့ ဗုဒ္ဓမြတ်စွာသည် အဘယ်ကြောင့် အရဟံ ဂုဏ်တော်နှင့် ပြည့်စုံသည် စသည်တို့ကို သိရန် အတွက် အနက်တို့ကို အကျဉ်းပြဆိုပြီးပါပြီ၊ ထို ဗုဒ္ဓါနုဿတိ အလုပ်ကို စီးဖြန်းပွါးများ အားထုတ်မည့် သူတော်စင် ယောဂီပုဂ္ဂိုလ်သည် ရှေးဦးစွာ အင်္ဂါတို့၏ ဒု-ဝါ၊ နှာ-၅၇ ၌ လာရှိသောအတိုင်း—

၁။ ယုံကြည်မှု သဒ္ဓါတရား၊

၂။ ကျန်းမာရေးကောင်းခြင်း၊

၃။ ကောက်ကျစ် စဉ်းလဲမှုမရှိဘဲ ဖြောင့်မတ် ကောင်းမွန်သောစိတ် ရှိခြင်း၊

၄။ ဝီရိယဖြင့် အားထုတ်မှုရှိခြင်း၊

၅။ ရုပ်နာမ်နှစ်ပါးတို့၏ ဖြစ်ပျက်မှုကို သိစွမ်းနိုင်သော ပညာနှင့် ပြည့်စုံခြင်း၊

ဤအင်္ဂါ ငါးပါးတို့နှင့်လည်း ပြည့်စုံရပါမည်၊ ထို့ပြင်ပါး - စစ်ကိုင်းတောင်ရိုး၊ မဟာဂန္ဓာရုံ ဆရာတော်ဘုရားကြီး၏ ကိုယ်တွေ့ အားထုတ်တော်မူလျက် ညွှန်ကြားချက် အင်္ဂါခုနစ်ချက်ကိုလည်း သိသင့်ပါသည်။

* သိတ်,တင်,ဖြောင့်,ငါး၊ ရွေ့.မြဲ,ပွါး၊ ကြိုးစား ဘာဝနာ-
  ဟူ၍ပင် ဖြစ်ပါသည်။

၁။ သိတ် အရ-အလုံးစုံ သိတ်ငြိမ်ရာသို့ ချဉ်းကပ်ရခြင်းကို ဆိုသည်၊ ဆိတ်ငြိမ်ရာ အခါကာလနှင့် တော,တောင်,သစ်ပင်ရင်း အရပ်ဒေသကို ဆိုလိုပါသည်၊ မြို့တွင်း ရွာတွင်း၌ကား လူခြေတိတ်က စ၍ လူများ ထကြသည့်တိုင်အောင် ဤအတွင်းမှာမှ သိတ်ငြိမ်ရာ ဇရပ်ရွှေ စသည်များ၌လည်း ပွါးများနိုင်၏။

၂။ တင် အရ-ထိုင်ပုံ ထိုင်နည်းကို ပြဆို၍ ယောကျ်ားဖြစ်က တင်ပလ္လင်ဖွဲ့ခွေ ထိုင်ရမည်၊ မိန်းမဖြစ်က ထိုင်နေအတိုင်း ရှိသေစွာ တဘက်စောင်း ထိုင်ရမည်။

၃။ ဖြောင့် အရ-ခါးမှအထက် ကိုယ်ကို ဖြောင့်ဖြောင့် မတ်မတ် ထားရမည်၊ မဖြောင့်မတ်လျှင် ကျောအရိုးများ မတည့်ဘဲဖြစ်၍ ဒုက္ခဝေဒနာ ဖြစ်ပေါ်လာတတ်သည်။

၄။ ငါး အရ-မျက်စိ,နား,နှာ,လျှာ,ကိုယ် ဤဒွါရငါးပေါက်နှင့်စပ်၍ လောဘ စသည် မဖြင့်ရအောင် လုံခြုံစွာ ပိတ်ထို့ရမည်ဟု ဆိုသည်။

၅။ ရွေ့ အရ-ဆိုသည်ကား မိမိ၏ ရှေ့မှောက် ငါးတောင်ခန့် နေရာ၌ ဗောဓိပင် ရှေ့ပလ္လင်ပေါ် သိတင်းသုံးနေတော်မူသော သက်တော်ထင်ရှား မြတ်စွာဘုရားကို ပိတ်ဖြင့် ထင်မြင်အောင် နှလုံးသွင်း၍ ထားရခြင်းကို ဆိုသည်။

၆။ မြဲ အရ-သက်တော်ထင်ရှား မြတ်စွာဘုရား၌ စွဲစွဲမြဲမြဲ အောက်မေ့ နှလုံးသွင်းခြင်းကို ဆိုသည်။

၇။ ပွါး အရ - သက်တော်ထင်ရှား မြတ်စွာဘုရားကို စေ့စေ့ကြည့်၍ အရဟံ, အရဟံ-ဟု စိတ်ဖြင့် ပွါးရခြင်းကို ဆိုသည်။

**ကြိုးစား ဘာဝနာ** အရ-သမထ,ဝိပဿနာ ထင်မြင်အောင် အားထုတ်ခြင်း,ဝီရိယိန္ဒြေကို ဝါ-ဝီရိယ ပါရမီ ရင့်၍ မဂ်ဖိုလ်နိဗ္ဗာန်ကို လျင်မြန်စွာ ရလွယ်အောင် အားထုတ်ခြင်း, ဝီရိယိန္ဒြေကို လျောင်း,ထိုင်,ရပ်,သွား ဣရိယာပုထ် လေးပါး၌ မိးပွတ်သော ယောကျ်ားကဲ့သို့ မနေမနား ပွါးများ အားထုတ်လျှင် "အချမ်းပြေငြင်းဝုန်၊ အလွန်ပူနိုး၊ မိုးချုပ်လှမော" အစ ရှိသော ပျင်းရိခြင်း-ခြောက်ပါးကို လျင်မြန်စွာ စွန့်ခွါနိုင် ပယ်နိုင်၏။

ဤကမ္မဋ္ဌာန်းသည် ကေန်မုချ အဟုတ်ဘဲ, အမှန်ဘဲ-ဟု လိုက်လိုက် လှဲလှဲ အလွန် ယုံကြည်မှု သဒ္ဓါတရား, အလွန်လိုချင်သော အာသာဆန္ဒနှင့်တကွ မလျော့သော လုံ့လ, မှန်ကန်သော ဝီရိယဖြင့် ကြိုးစား ပွါးများ အားထုတ်ခြင်းကို ဆိုလိုသည်။

**မဂ်,ဖိုလ်ရကြောင်းများ။** ။မဟာဂန္ဓာရုံ ဆရာတော် ဗရားကြီးသည် ဆိတ်အရ လူ သူ မနော ဆိတ်ကွယ်ရာ အရပ်ဌာနဖြစ်သော တောင် အထပ်ထပ်, တော အထပ်ထပ်, အရပ်ရပ်သော သစ်ပင်ခြုံနွယ်တို့ဖြင့် ဖုံးအုပ်လျက် လူသူမနီး ကျွဲကြီး, မြောင်ကြီး,အလွန်နက်ရှိုင်းသော ချောက်ကြားဖြစ်သော အရပ်ဌာန မဟာဂန္ဓာရုံ၌ —

* ကျမ်းဖတ်ရှုကြည့်၊ သီလဖြည့်၍၊ ဆင်လှည့်ဓုတင်၊
အလုပ်ဝင်နှင့်၊ သွန်သင်ဟောကြား၊ ဤငါးပါးသည်၊
တရားမဂ်ဖိုလ်၊ ရကြောင်းတည်း။ ဟူ၍ —

မဟာဝိသုဒ္ဓါရာမ၊ ဆရာတော်ဗရားကြီး ရေးသားထားတော်မူသည့် အတိုင်း —

၁။ စာတတ်ပေတတ်ဖြစ်၍ ကျမ်းဂန်အရပ်ရပ်ကိုလည်း သုံးသပ်ကြည့်ရှုတော်မူပါလိမ့်မည်။

၂။ စတုပါရိသုဒ္ဓိသီလလည်း ညစ်ကြေးမတင် ဖြူစင်ပါလိမ့်မည်၊

၃။ တိစီဝရိက်, ဧကသနိက်-အစရှိသော ဓုတင်တို့ဖြင့်လည်း တန်းဆာဆင် ပါလိမ့်မည်၊

၄။ အလုပ်ဝင်ဆိုရာ၌ သမထ, ဝိပဿနာ-အလုပ်ကို အားထုတ်တော်မူရာ၌ သာမန်မဟုတ်ဘဲ အဆိုပါ ဆရာတော်ဗရားကြီးသည် ဂူအတွင်း၌ သုံးနှစ် ကာလ ကြာပျ ပြင်ပသို့လည်းမထွက် လူသူလေးပါးတို့နှင့်လည်း အတွေ့မခံ ဂူ အတွင်း၌ ဥုးပဉ္စင်း တပါးက သူတော်ကပ္ပိယများကို ဘွမ်းအကပ်ခံပြီး နောက် တံးခေါက်၍ အပြင်သို့ထွက်လာရသည်၊ ဤသို့ အရိုးကြေကြေ အရေခြောက်ခြောက် နောက်မဆုတ်တန်း သက်စွန့်ကြိုးပမ်း အံ့မခန်းအောင် လွန်လွန်ကျူးကျူး အထူးအားထုတ်တော်မူပါပေသည်။

ထိုသို့ အားထုတ်သော်လည်း မည်သည့် မဂ်,ဖိုလ်ကိုမျှ ရသည်ဟုမကြားရပါ၊ အထူး အံ့သြဘွယ်ကောင်းသော အချက်တခုမှာ ထိုဆရာတော်ဗရားကြီး ပျံလွန်တော်မူသောနေ့ ထိုအချိန်တွင် စစ်ကိုင်းတောင်ရိုး တရိုးလုံး ထိန်ထိန်ဝင်းဝင်း အရောင်တွေလင်းသွားသည်-ဟု ကြားရခြင်းပင်ဖြစ်ပါသည်။

ယခုကာလ ထိုမျှအားထုတ်မှုမျိုးကို မကြားရသော်လည်း ရဟန္တာဖြစ်ပုံကို တော်တော်များများကြားရပါသည်၊ ဤဘဝ၌ တမဂ်, တဖိုလ်ကိုမျှ မရစေကာမူ ပါရမီမျိုးစေ့ အခြေခံ သန်သန်ကြီးဖြစ်အောင် ပဋိပတ်လုပ်ငန်းကို အပန်းခံ၍ လွန်စွာကြိုးစား အားထုတ်သင့်လှပါပေသည်၊ အားထုတ်ကြပါလေကုန်။

**ပုတီးစိပ်ရာ၌ အထူး သိဘွယ်။** ။သတိပေးလိုသည်မှာ ဤဗုဒ္ဓါနုဿတိ သမထဘာဝနာ ကမ္မဋ္ဌာန်းကို ကြိုးပမ်းပုတီးစိပ် အားထုတ်ကြရာ၌ မိမိနောက်မှ ပြင်းပြင်းထန်ထန် ရန်သူမျိုးငါးပါး လိုက်လာသော သူကဲ့သို့ရင်း၊ မိမိဦးခေါင်း (ဥဿျှောင်)ကို မီးစွဲလောင်သော သူကဲ့သို့ရင်း၊ ရင်ဝသို့ လှံမ စူးဝင်နေသော သူကဲ့သို့ရင်း၊ အရေးတကြီး ကသော ကမျော အပြေးအလွှား ပုတီးစိပ်ခြင်းငှါ လုံးဝ မသင့်လျော်ပါ၊ ကျေးဇူးလည်းများလှမည်မဟုတ်ပါ။

တိပိဋက ဆရာတော်ကြီး တရားကြိုးခွေ၌"ပုတီးကို အပြေးအလွှား စိပ်နေကြသည်" ဟု ဟောတော်မူသည်ကိုလည်း ကြားလိုက်ရ၏၊ ထို့ကြောင့် ပုတီးစိပ်ကြသူတို့မှာ မိမိတို့ ကိုယ်ကို ဤသို့ စစ်တမ်းထုတ်ထိုက်ပါသည်။

၁။ ကုသိုလ်များများ ရအောင် ပုတီးစိပ်တာလား၊

၂။ ပုတီးပတ် များများရအောင် ပုတီးစိပ်တာလား၊

၃။ လူမြင် သူမြင် အလေးစားခံရရုံ ဂုဏ်ပကာသနကို လိုလား၍ ပုတီးစိပ်တာလား-ဟု မိမိတို့ကိုယ်ကို စစ်တမ်းထုတ် စစ်ဆေး၍ စဉ်းစားဆင်ခြင်နှလုံးသွင်းမှုကို အလွန်ပြုထိုက်ပါ၏။

ဤနေရာ၌ သုံးမျိုးလုံးအရကိုပင် ကုသိုလ်မရဟု မဆိုလိုပါ၊ ထိုက်တန်သလောက် ကုသိုလ်ကိုကား ဧကန်ရရှိပါ၏၊သို့ရရှိစေသော်လည်း ၂-၃-အရ လုံးဝမဖြစ်စေကြဘဲ ၁-အရ ကုသိုလ်များများရဘို့ကိုသာ ဉာဏ်ပညာဖြင့် အဖန်ဖန် သတိပြုသင့်ပါသည်၊ကုသိုလ်များများ ရဘို့ကိုသာ ဗရားဂုဏ်တော်များ အာရုံပြုပွါးများ ပုတီးစိပ်ထိုက်ပါ၏၊ ညွှန်ကြားခဲ့ပြီးသော နည်းအတိုင်း ရှေးဦးစွာ မြန်မာပြန် တိုတိုတုတ်တုတ်ရဘို့ အားထုတ်ပါ၊ ထိုဗရားဂုဏ်တော်များကို အနက်အဓိပ္ပါယ် မထင်မမြင်ပါဘဲလျက်နှင့် အရဟံ, အရဟံ ဤသို့ ပါဠိတော်သက်သက်ဖြင့်ရင်း၊ သော ဘဂဝါ ဣတိပိ အရဟံ၊ သော ဘဂဝါ ဣတိပိ အရဟံ=ဤသို့ အကျယ် ပါဠိသက်သက်ဖြင့်ရင်း ပုတီးစိပ်ပွါးများပါက အခြားပါဠိဘာသာ မလေ့လာ

သူများ မဆိုထားနှင့် ဆယ့်လေးနှစ်သားက သာသနာ့ နယ်၊ ပါဠိဘာသာနယ်သို့ ရောက်ရှိ၍ ယခု ခုနစ်ဆယ်အတွင်း သက်ဆင်း ရောက်ရှိနေသော ဘုန်းကြီးသည်ပင် ''ဆား လုံးဝ မခတ် မိသော ဟင်းသည် ပေါ့ပျက်ပျက် အရသာမရှိသကဲ့သို့'' ဗုဒ္ဓဂုဏ်တော် ပွါးများမှု ကုသိုလ် အတွက် ပီတိဖြစ်လောက်သော အချက်များမရရှိသဖြင့် ဂုဏ်တော်အရသာ မပေါ်လာ မရ ရှိနိုင်တော့ပါ။

ဥပမာ-မန္တလေးမြို့ရှိဘုန်းကြီး၏ ဥပဇ္ဈာယ်ဆရာတော်ဖြစ်သော သက်တော် ကိုးဆယ် ကျော်ရှိ သံတော်ဆင့် ဆရာတော်ဗုဒ္ဓရားကြီးအထံယော်မှ ဘုန်းကြီးထံသို့ တနေ့တွင် စာရောက် ရှိလာသည်မှာ''တပည့်ကြီး-ဆရာသည် ညစဉ်ညတိုင်း ပရိတ်ကြီး ဆယ့်တစ်သုတ်လုံးကို ပါဠိ၊ အနက် ရွတ်ဆိုပြီး အလွန်ပျော်နေသည်၊ ကုသိုလ်တွေ အလွန်ရနေသည်၊ ပီတိ၊ သောမနဿ ဖြစ်သော ကုသိုလ်ထူးများ ရရှိနေသည်ဟု အမိန့်ရှိပါ၏။

ထို ကျေးဇူးရှင် ဆရာတော်ဗုဒ္ဓရားကြီးမှာ သက်တော် ရွယ်တော် ကြီး၍ မျက်ခွံများ ဖုံးအုပ်လာသဖြင့် မျက်စိနှစ်ဘက်လုံး လုံးဝမမြင်ရဘဲလျက် ပရိတ်ကြီး ဆယ့်တစ်သုတ်လုံး အနက်တွေရအောင် မြေး ဦးပဉ္စင်းကလေး ဦးကုဏ္ဍလကို အနက်များ ဖတ်ပြစေလျက် ရအောင်လေ့လာရသည်-ဟု အမိန့်ရှိပါသည်။

ဤဆရာတော်ဗုဒ္ဓရားကြီးမှာ ယခုကာလ အများထုံးစံကဲ့သို့ အနက်အဓိပ္ပါယ် မပါ မရရှိဘဲ ပါဠိသက်သက်ကိုသာ ရွတ်တော်မူပါလျှင် အာစိဏ္ဏကံထင် ပီတိတွေ တဖိမ့်ဖိမ့် တအိမ့်အိမ့် တစိမ့်စိမ့် ဖြစ်ပေါ်လာဘွယ် ကေန်မရှိပါ။

**ပုတီးစိပ်အင်္ဂါ ၅-ချက်။** ။မြန်မာ လူမျိုးများဖြစ်၍ မြန်မာဘာသာ သိမြင်ရန်အတွက် လေ့ကျက် နှလုံးသွင်းမှသာ ဂုဏ်တော်အရသာ တိုးပွါး အကျိုး များမည်မှာ ကေန်ဖြစ်ပါသည်၊ သို့ဖြစ်၍ ပုတီးစိပ်သောအခါ ဤသို့ အမြဲအားဖြင့် နှလုံး သွင်း၍ စိပ်ကြစေလိုပါသည်။

* သူငါသီးသီး၊ ပုတီးကိုင်ထား၊ ဂုဏ်တော်ပွါး၍၊ စိတ်ထားတည်ပြီး၊ ပုတီး၌ ကား၊ စိတ်ထားမလျော်၊ မြတ်ဘုန်းမော်ကို၊ ဂုဏ်တော်ထုံမွှမ်း၊ ပုံတော် မှန်း၍၊ ချီးမွမ်းအံ့လောက်၊ ကိုယ့်မျက်မှောက်တွင်၊ ကြွရောက်စိတ်ထင်၊ ဆုပန်ဆင်၊ ကြည်ရွှင် ရှိခိုးသော်။

ဤလင်္ကာအရ-ဗုဒ္ဓဂုဏ်တော်များကို ပွါးရာ၌—

၁။ ရှေးဦးစွာ စိပ်ပုတီးကိုင် ပွါးများ၍ စိတ်ကို တည်ကြည်မှု သမာဓိရစေခြင်း၊

၂။ ပုတီး၌ကား စိတ်ကို မရောက်မိစေခြင်း၊

၃။ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီး၏ အလွန် သပ္ပါယ်သော အဆင်း ပုံဟန် သဏ္ဌာန်တော်ကို မှန်းဆ မိမိမျက်မှောက်သို့ ကြွရောက် သီတင်း သုံးနေတော်မူဟန် စိတ်၌ထင်လာအောင် အာရုံပြု၍ နှလုံးသွင်းခြင်း၊

၄။ ဤ ဂုဏ်တော် ပွါးခိုက်နှင့်လျော်သော ဆုကို တောင်းခြင်း၊

၅။ ထို မြတ်စွာဘုရားအား တိုတိုအားဖြင့် ရှိခိုးခြင်း။

ပုတီး အလုံးတိုင်း အလုံးတိုင်း ဤငါးမျိုး ထင်မြင်လာစေလျက် အခြားတဖက် အာရုံသို့ စိတ်ကို လုံးဝ ထွက်မသွားစေဘဲ ဂုဏ်တော်ကိုသာ အမြဲ စူးစူးစိုက်စိုက် ပွါးစေလို ပါသည်။

ဤနေရာ၌ ဗုဒ္ဓ, ဗုဒ္ဓ, ဗုဒ္ဓ-ဤသို့ သုံးကြိမ်ရွတ်ဆို ပွါးများရသည်ကို များလှ ချည်လားဟု မအောက်မေ့ပါနှင့်၊ မိမိနှုတ်၌ နတ်သုဓါ နတ်သြဇာများကို မြိန်မြိန် ရှက်ရှက် ကြီး မျိုပြီးစားသောက်ရသကဲ့သို့ ဝမ်းမြောက်ဝမ်းသာ ပီတိဖြစ်ကာ ရွတ်ဆိုကြပါ၊ ဗုဒ္ဓ, ဗုဒ္ဓ-ဟူ၍ ရွတ်ဆိုရသော သူ၏သန္တာန်၌ ဖြစ်ပေါ်လာသော ဝမ်းမြောက်နှစ်သက်မှု ပီတိ ပြဋ္ဌာန်းသော ကုသိုလ်စိတ်တွေသည် ဇမ္ဗူဒိပ် တကျွန်းလုံးထက် မြင့်မြတ်လှပုံကိုင်း၊ အောက်၌ ကမ္ဘာသုံးသောင်း ကာလ ရှည်ညောင်းသော်လည်း ဗုဒ္ဓ-ဟူသောအသံကို ကြား ရဘို့မျှပင် ခဲယဉ်းကြောင်း ပြဆိုခဲ့ပြီးသည်ကိုင်း၊ နှလုံးသွင်း ဆင်ခြင်ကြ၍ အားရ ပါးရ ရွှင်ရွှင် ပျပျ ပွါးများကြစမ်းပါ။

အကျဉ်း ပွါးများပုံ။ ၁။ အရဟံ၊ အရဟံ၊ အရဟံ-ဟု ပါဠိရွတ်ဆဲ၌ တန့်ရပ်၍ —

အရဟံ၊ လူမင်း,နတ်မင်း,ဗြဟ္မာမင်းတို့၏ ဝပ်စင်းကော်ရော် အလှူတော်အတန်တန် အပူဇော်မှန်သမျှ ခံတော်မူထိုက်ပါပေသော မြတ်စွာဘုရား, မြတ်စွာဘုရား။

မြတ်စွာဘုရားအား နိဗ္ဗာန်ရည်မျှော် အပူဇော်များ ခံနိုင်လိုသောအား ဝပ်တွား ရှိကျိုး ရှိခိုးပါ၏ ဗုဒ္ဓ၊ ဤကဲ့သို့ မြန်မာလို သုံးကြိမ်ထက်မနဲ ရွတ်ဆိုပြီး ဖြေးဖြေးသက်သာ ပွါးများအာရုံပြုပါ။

ဘုန်းကြီးသည်လည်း ဤအတိုင်းပင် အမြဲတန်းပွါးများပါသည်၊ (ကျန် ဂုဏ်တော် များ၌လည်း ဤနည်းအတူ မှတ်ပါ)

တနည်း ပွါးများပုံ။ ။တိုတို ကျဉ်းကျဉ်း ကြိုက်ရာကို ကျက်မှတ်နှလုံးသွင်းရန် —

အရဟံ-ဗြဟ္မာ, နတ်, လူ-သုံးဘုံသူတို့ ကြည်ဖြူကော်ရော် အလှူတော် အတန်တန် အပူဇော်မှန်သမျှကို ခံတော်မူထိုက်ပါပေသော မြတ်စွာဘုရား, မြတ်စွာဘုရား။

မြတ်စွာဘုရားအား-နိဗ္ဗာန်ရည်မျှော် အပူဇော်ကို ခံနိုင်လိုသောအား ဝပ်တွားရှိကျိုး ရှိခိုးပါ၏ ဗုဒ္ဓ။

အရဟံ-သဝါသနာ ကိလေသာမှ လွန်စွာဝေးကွာတော်မူပါပေသော မြတ်စွာဗုရား, မြတ်စွာဗုရား။

မြတ်စွာဗုရားအား နိဗ္ဗာန်မှန်းကာ ကိလေသာမှ ဝေးကွာလိုသောအား ဝပ်တွား ရှိကျိုး ရှိခိုးပါ၏ ဗုရား။

အရဟံ-သဝါသနာ ကိလေသာကို ဝေးကွာကင်းပြတ် မဂ်ဉာဏ်မြတ်ဖြင့် ပယ်သတ်တော်မူပြီးပါပေသော မြတ်စွာဗုရား,မြတ်စွာဗုရား။

မြတ်စွာဗုရားအား နိဗ္ဗာန်မှန်းကာ ကိလေသာခတ် ပယ်သတ်လိုသောအား ဝပ်တွား ရှိကျိုး ရှိခိုးပါ၏ ဗုရား။

**တနည်း**။ အရ-ဟံ၊ အရ-ဟံ၊ အရ-ဟံ။

အရ-ဟံ၊ လောဘ,ဒေါသ,မောဟ-အစရှိသော ကိလေသာမာရ် ကိုယ်တွင်းရန်ကို မဂ်ဉာဏ်မြတ်ဖြင့် ပယ်သတ်တော် မူပြီးပါပေသော မြတ်စွာဗုရား,မြတ်စွာဗုရား။

မြတ်စွာဗုရားအား ကိလေသာမာရ် ကိုယ်တွင်းရန်ကို တွန်းလှန်ပယ်သတ် လိုသောအား ဝပ်တွားရှိကျိုး ရှိခိုးပါ၏ ဗုရား။

အရ-ဟံ၊ ခန္ဓာ, အာယတန, ဓာတ်တို့၏ အစဉ်မပြတ်ဖြစ်ရာ သံသရာ စက်ရဟတ်၏ အကန့်အကွက်ကို အရဟတ္တမဂ် ဓါးလက်နက်ဖြင့် ဖျက်ဆီးတော် မူပါပေသော မြတ်စွာဗုရား, မြတ်စွာဗုရား။

မြတ်စွာဗုရားအား သံသရာစက် အကန့်အကွက်ကို ဖျက်ဆီးနိုင်လိုသောအား ဝပ်တွား ရှိကျိုး ရှိခိုးပါ၏ ဗုရား။

**တနည်း**။ အ-ရဟံ၊ အ-ရဟံ၊ အ-ရဟံ။

အ-ရဟံ၊ ရှက်ရမည် ကြောက်ကြ လူ့ဗာလတို့ ကွယ်ပညစ်ကျူး မကောင်းမှုကို ပြုကြပမာ ဆိတ်ကွယ်ရာ၌ ယုတ်မာညစ်ကျူး မကောင်းမှုကို ပြုခြင်းအလျင်း ကင်းတော်မူပါပေသော မြတ်စွာဗုရား,မြတ်စွာဗုရား။

မြတ်စွာဗုရားအား ဆိတ်ကွယ်ရပ်တွင်း မကောင်းပြုခြင်း ကင်းလိုသောအား ဝပ်တွား ရှိကျိုး ရှိခိုးပါ၏ ဗုရား။

သမ္မာသမ္ဗုဒ္ဓေါ၊ သမ္မာသမ္ဗုဒ္ဓေါ၊ သမ္မာသမ္ဗုဒ္ဓေါ။

သမ္မာသမ္ဗုဒ္ဓေါ၊ မဖောက်မပြန် ကိုယ်ပိုင်ဉာဏ်ဖြင့်သာ ဦးစွာဒုက္ခ သမုဒယ နိရောဓ နှင့် မဂ္ဂတဖြာ သစ္စာလေးအင်ကို သိမြင်တော်မူပါပေသော မြတ်စွာဗုရား,မြတ်စွာဗုရား။

မြတ်စွာဗုရားအား သစ္စာလေးပါးကို သိလိုသောအား ဝပ်တွားရှိကျိုး လွန်မြတ်နိုးစွာ ရှိခိုးပါ၏ ဗုရား။

ဝိဇ္ဇာ စရဏ သမ္ပန္နော၊
ဝိဇ္ဇာ စရဏ သမ္ပန္နော၊
ဝိဇ္ဇာ စရဏ သမ္ပန္နော။

ဝိဇ္ဇာ စရဏ သမ္ပန္နော၊ ဝိဇ္ဇာ သုံးပါး, ဝိဇ္ဇာရှစ်ပါး, စရဏ တဆယ့်ငါးပါးတို့နှင့် ပြည့်စုံတော်မူပါပေသော မြတ်စွာဘုရား, မြတ်စွာဘုရား။

မြတ်စွာဘုရားအား ဝိဇ္ဇာ စရဏကို သိလိုသောအား ဝပ်တွားရိုကျိုး ရှိခိုးပါ၏ ဘုရား။

သုဂတော၊ သုဂတော၊ သုဂတော။

သုဂတော၊ ကျိုးရှိ, ဟုတ်မှန် ကျွန်စိတ်နှမျှ ကောင်းသော စကားကိုသာ မိန့်ဆိုတော်မူတတ်ပါပေသော မြတ်စွာဘုရား, မြတ်စွာဘုရား။

မြတ်စွာဘုရားအား စကားကောင်းကို ဆိုနိုင်လိုသောအား ဝပ်တွားရိုကျိုး ရှိခိုးပါ၏ ဘုရား။

တနည်း။ သုဂတော၊ ကောင်းမြတ်ရပ်ဌာန် ပြည်နိဗ္ဗာန်သို့ အမှန်ကြွသွားတော်မူတတ်ပါပေသော မြတ်စွာဘုရား, မြတ်စွာဘုရား။

မြတ်စွာဘုရားအား နိဗ္ဗာန်ရပ်ကို ဆိုက်ကပ် လိုသောအား ဝပ်တွား ရိုကျိုး ရှိခိုးပါ၏ ဘုရား။

လောကဝိဒူ၊ လောကဝိဒူ၊ လောကဝိဒူ။

လောကဝိဒူ၊ သတ္တ, သြကာသ, သင်္ခါရ ဟု လောကသုံးပါးကို အကြွင်းမဲ့အားဖြင့် များပြားကုန်စင် သိမြင်တော်မူပါပေသော မြတ်စွာဘုရား, မြတ်စွာဘုရား။

မြတ်စွာဘုရားအား လောကကြောင်းရာ သိပါလိုသောအား ဝပ်တွားရိုကျိုး ရှိခိုးပါ၏ ဘုရား။

အနုတ္တရော ပုရိသ ဒမ္မသာရထိ၊
အနုတ္တရော ပုရိသ ဒမ္မသာရထိ၊
အနုတ္တရော ပုရိသ ဒမ္မသာရထိ။

အနုတ္တရော ပုရိသ ဒမ္မသာရထိ၊ မလိမ္မာသူ လူယောကျ်ား, နတ်ယောကျ်ား, တိရစ္ဆာန်ယောကျ်ားတို့ကို ထူးခြားစွာဘိ တုမရှိ လိမ္မာယဉ်ကျေးအောင် ဆုံးမတော်မူတတ်ပါပေသော မြတ်စွာဘုရား, မြတ်စွာဘုရား။

မြတ်စွာဘုရားအား သတ္တဝါကို အထူးလိမ္မာယဉ်ကျေးအောင် ဆုံးမလိုသောအား ဝပ်တွားရိုကျိုး ရှိခိုးပါ၏ ဘုရား။

တနည်း။ ၎င်း ဂုဏ်တော်တပါးကိုပင်-နှစ်ပါးခွဲယူသော်—

အနုတ္တရော၊ အနုတ္တရော၊ အနုတ္တရော။

အနုတ္တရော၊ အမြတ်မှန်ဘိ တုမရှိသည့် ဝိမုတ္တိ, ဝိမုတ္တိဉာဏဒဿန, သီလ, သမာဓိ အစရှိသော ဂုဏ်တော်တို့နှင့် ပြည့်စုံတော်မူပါပေသော မြတ်စွာဘုရား,မြတ်စွာဘုရား။

မြတ်စွာဘုရားအား မြင့်မြတ်ဂုဏ်နှင့် ပြည့်စုံလိုသောအား ဝပ်ဘွား ရှိကျိုး ရှိခိုးပါ၏ ဘုရား။

ပုရိသ ဒမ္မသာရထိ၊ ပုရိသ ဒမ္မသာရထိ၊ ပုရိသ ဒမ္မသာရထိ။

ပုရိသ ဒမ္မသာရထိ၊ မလိမ္မာသူ လူ ယောကျ်ား,နတ်ယောကျ်ား,တိရစ္ဆာန်ယောကျ်ားတို့ကို များပြားလှစွာ လိမ်မာယဉ်ကျေးအောင် ဆုံးမတော် မူတတ်ပါပေသော မြတ်စွာဘုရား, မြတ်စွာဘုရား။

မြတ်စွာဘုရားအား များပြားစွာလှ ဝေနေယျကို ဆုံးမနိုင်လိုသောအား ဝပ်တွား ရှိကျိုး ရှိခိုးပါ၏ ဘုရား။

ဤအလို ကျန်ဂုဏ်တော်သုံးပါးနှင့်၊ ဂုဏ်တော်ဆယ်ပါးတည်း။

သတ္ထာ ဒေဝမနုဿာနံ၊

သတ္ထာ ဒေဝမနုဿာနံ၊

သတ္ထာ ဒေဝမနုဿာနံ။

သတ္ထာ ဒေဝမနုဿာနံ၊ လူ, နတ်, ဗြဟ္မာ သတ္တဝါတို့၏ ဆရာတဆူ ဖြစ်တော်မူပါပေသော မြတ်စွာဘုရား, မြတ်စွာဘုရား။

မြတ်စွာဘုရားအား ဆရာသမား ဖြစ်လိုသောအား ဝပ်တွားရှိကျိုး ရှိခိုးပါ၏ဘုရား။

ဗုဒ္ဓေါ၊ ဗုဒ္ဓေါ၊ ဗုဒ္ဓေါ။

ဗုဒ္ဓေါ၊ အဟုတ် အမှန်တွေကို ကေန်မသွေ သိပေ, သိစေတော် မူတတ်ပါပေသော မြတ်စွာဘုရား, မြတ်စွာဘုရား။

မြတ်စွာဘုရားအား ဟုတ်မှန်တရား သိလိုသောအား ဝပ်တွားရှိကျိုး ရှိခိုးပါ၏ ဘုရား။

တနည်း။ ဗုဒ္ဓေါ၊ သင်-ဝိ-လက်-နိ ပညတ်ထည့်ခြား ဥဒ္ဒေယျငါးကို ပိုင်းခြားသိပေ, သိစေတော် မူတတ်ပါပေသော မြတ်စွာဘုရား, မြတ်စွာဘုရား။

မြတ်စွာဘုရားအား ဥဒ္ဒေယျငါးကို သိလိုသောအား ဝပ်တွားရှိကျိုး ရှိခိုးပါ၏ ဘုရား။

ဘဂဝါ၊ ဘဂဝါ၊ ဘဂဝါ။

ဤသို့ ပါဠိသက်သက်ဖြင့် စိတ်ထား ပွါးများပြီးမှ ရုံတန်ရုံခါ–

ဘဂဝါ၊ ဣဿရိယ, ဓမ္မ,ယသ, သိရီ, ကာမ, ပယတ္တ တည်းဟူသော ဘုန်းတော် ခြောက်ပါးနှင့် ပြည့်စုံတော် မူပါပေသော မြတ်စွာဗုရား, မြတ်စွာဗုရား။

မြတ်စွာဗုရားအား ဘုန်းကံအများ ပြည့်စုံလိုသောအား ဝပ်တွားရှိကျိုး လွန်မြတ် နိုးစွာ ရှိခိုးပါ၏ ဗုရား။

**တနည်း။** ဘ–ဂ–ဝါ၊ ဘ–ဂ–ဝါ၊ ဘ–ဂ–ဝါ။

ဘ–ဂ–ဝါ၊ ကာမ, ရူပ, အရူပ–ဟူသော ဘဝသုံးဖြာတို့၌ တဏှာညစ်ကြေး စွန့်အံ ထွေး၍ အေးနိဗ္ဗာန်သို့ ကြွသွားတော် မူတတ်ပါပေသော မြတ်စွာဗုရား၊ မြတ်စွာဗုရား။

မြတ်စွာဗုရားအား တဏှာညစ်ကြေး ထွေးအံလိုသောအား ဝတ်တွား ရှိကျိုး ရှိခိုးပါ၏ ဗုရား။

ဤသို့ ဆိုအပ်ခဲ့ပြီးသည်ကား အရဟံ၊ အရဟံ၊ စသည်ဖြင့် အကျဉ်းဆုံးအားဖြင့် ဂုဏ်တော် ၉–ပါး၊ ၁၀–ပါး ပွါးများပုံတည်း။

**အကျယ် ပွါးများပုံ။** ။ထိုကို အကျယ် ပွါးများလိုမူကား –

သော ဘဂဝါ ဣတိပိ အရဟံ၊

သော ဘဂဝါ ဣတိပိ အရဟံ၊

သော ဘဂဝါ ဣတိပိ အရဟံ။

ဤသို့ စသည်ဖြင့် မြန်မာမဖက် ပါဠိသက်သက်အားဖြင့် ပွါးများပြီးနောက် ပုတီး တပတ်မဆုံးမီ အနည်းဆုံး မြန်မာလို သုံးကြိမ်လောက်ပွါးများပါ။

သော ဘဂဝါ၊ ထိုရွှေဘုန်းတော် ထွန်းတင် ဗုရားရှင်ကိုယ်တော်မြတ်ကြီးသည်။ ဣတိပိ၊ လူ ငါး, နတ်မင်း, ဗြဟ္မာမင်း, နဂါးမင်းတို့၏ ဝပ်စင်းကော်ရော် အလှူတော် အတန်တန် အပူဇော်မှန်သမျှ ခံတော်မူထိုက် နှစ်ခြိုက်ဘွယ်ကောင်း ဤအကြောင်းကြောင့် လည်း။ (ဝါ) ဗြဟ္မာ, နက်, လူ သုံးဘုံသူတို့ ကြည်ဖြူကော်ရော် အလှူတော် အတန်တန် အပူ ဇော်မှန်သမျှကို ခံတော်မူထိုက် နှစ်ခြိုက်ဘွယ်ကောင်း ဤအကြောင်းကြောင့်လည်း။ အရဟံ၊ အရဟံ ပည်တော်မူပါပေ၏။ (ဝါ) အရဟံ ဟူသော ဂုဏ်တော်ကြီးဖြင့် အံ့ချီး၍ မကုန် ဘုံ, နတ်ဘုံ, ဗြဟ္မာ့ဘုံတိုင် ပျံ့လှိုင်ကျော်ကြား ထင်ရှားတော်မူပါပေ၏။

တနည်း ပွါးများပုံ။ (က) သော ဘဂဝါ ဣတိပိ အရဟံ၊
သော ဘဂဝါ ဣတိပိ အရဟံ၊
သော ဘဂဝါ ဣတိပိ အရဟံ။

သော ဘဂဝါ၊ ထိုရွှေဘုန်းတော်သခင် ဗုရားရှင်ကိုယ်တော်မြတ်ကြီးသည်။ ဣတိပိ၊ ဝါသနာနှင့်တကွ တထောင့်ငါးရာ ကိလေသာတို့မှ လွန်စွာဝေးကွာတော်မူသော ဤအကြောင်းကြောင့်လည်း။ (ဝါ) သဝါသနာ ကိလေသာကို ဝေးကွာကင်းပြတ် မဂ်ဉာဏ်မြတ်ဖြင့် ပယ်သတ်တော်မူပြီးသော ဤအကြောင်းကြောင့်လည်း။ အရဟံ၊ အရဟံ မည်တော်မူပါပေ၏။ (ဝါ)အရဟံ-ဟူသောဂုဏ်တော်ကြီးဖြင့် အံ့ချီး၍မကုန် လူ့ဘုံ၊ နတ်ဘုံ၊ ဗြဟ္မာ့ဘုံတိုင် ပျံ့လွှင့်ကျော်ကြား ထင်ရှားတော်မူပါပေ၏။

(ခ) သော ဘဂဝါ ဣတိပိ အရ-ဟံ၊
သော ဘဂဝါ ဣတိပိ အရ-ဟံ၊
သော ဘဂဝါ ဣတိပိ အရ-ဟံ။

သော ဘဂဝါ၊ ထိုရွှေဘုန်းတော်သခင် ဗုရားရှင်ကိုယ်တော်မြတ်ကြီးသည်။ ဣတိပိ၊ လောဘ၊ ဒေါသ၊ မောဟ အစရှိသော ကိလေသာမာရ် ကိုယ်တွင်းရန်ကို မဂ်ဉာဏ်မြတ်ဖြင့် ပယ်သတ်တော်မူပြီးသော ဤအကြောင်းကြောင့်လည်း။ (ဝါ) သံသရာစက်၏ အကန့်အကွက်ကို အရဟတ္တမဂ်ဖြင့် ဖျက်ဆီးတော်မူပြီးသော ဤ အ ကြောင်း ကြောင့် လည်း။ အရ-ဟံ၊ အရ-ဟံ မည်တော်မူပါပေ၏။ (ဝါ) အရ-ဟံ ဟူသော ဂုဏ်တော်ကြီးဖြင့် အံ့ချီး၍မကုန် လူ့ဘုံ၊ နတ်ဘုံ၊ ဗြဟ္မာ့ဘုံတိုင် ပျံ့လွှင့်ကျော်ကြား ထင်ရှားတော်မူပါပေ၏။

(ဂ) သော ဘဂဝါ ဣတိပိ အ-ရဟံ၊
သော ဘဂဝါ ဣတိပိ အ-ရဟံ၊
သော ဘဂဝါ ဣတိပိ အ-ရဟံ။

သော ဘဂဝါ၊ ထိုရွှေဘုန်းတော်သခင် ဗုရားရှင်ကိုယ်တော်မြတ်ကြီးသည်။ ဣတိပိ၊ ရှက်ရမည်ကြောက်ကြ လူ့ဗာလတို့ ကွယ်ပညစ်ကျူ မကောင်းမှုကို ပြုကြပမာ ဆိတ်ကွယ်ရာ၌ ယုတ်မာညစ်ကျူ မကောင်းမှုကို ပြုခြင်းအလျင်း ကင်းတော်မူသော ဤအကြောင်းကြောင့်လည်း။ အ-ရဟံ၊ အ-ရဟံ မည်တော်မူပါပေ၏။ (ဝါ)အ-ရဟံ ဟူသော ဂုဏ်တော်ကြီးဖြင့် အံ့ချီး၍မကုန် လူ့ဘုံ၊ နတ်ဘုံ၊ ဗြဟ္မာ့ဘုံတိုင် ပျံ့လွှင့်ကျော်ကြား ထင်ရှားတော်မူပါပေ၏။

သော ဘဂဝါ ဣတိပိ သမ္မာသမ္ဗုဒ္ဓေါ၊
သော ဘဂဝါ ဣတိပိ သမ္မာသမ္ဗုဒ္ဓေါ၊
သော ဘဂဝါ ဣတိပိ သမ္မာသမ္ဗုဒ္ဓေါ။

သော ဘဂဝါ၊ ထို ရွှေဘုန်းတော်သခင် ဗရားရှင်ကိုယ်တော်မြတ်ကြီးသည်။ ဣတိပိ၊ မဖောက်မပြန် ကိုယ်ပိုင်ဉာဏ်ဖြင့်သော ဥဒိုးစ္စာဒုက္ခ, သမုဒယ, နိရောဓနှင့် မဂ္ဂတဖြာ သစ္စာလေးအင်ကို သိမြင်တော်မူပြီးသော ဤအကြောင်းကြောင့်လည်း။ သမ္မာသမ္ဗုဒ္ဓေါ၊ သမ္မာသမ္ဗုဒ္ဓ-မည်တော်မူပါပေ၏။ (ဝါ) သမ္မာသမ္ဗုဒ္ဓ ဟူသော ဂုဏ်တော်ကြီးဖြင့် အံ့ချီး၍ မကုန် လူ့ဘုံ, နတ်ဘုံ, ဗြဟ္မာ့ဘုံတိုင် ပျံ့လွှင့်ကျော်ကြား ထင်ရှားတော်မူပါပေ၏။

သော ဘဂဝါ ဣတိပိ ဝိဇ္ဇာစရဏ သမ္ပန္နော၊
သော ဘဂဝါ ဣတိပိ ဝိဇ္ဇာစရဏ သမ္ပန္နော၊
သော ဘဂဝါ ဣတိပိ ဝိဇ္ဇာစရဏ သမ္ပန္နော။

သော ဘဂဝါ၊ ထို ရွှေဘုန်းတော်သခင် ဗရားရှင်ကိုယ်တော်မြတ်ကြီးသည်။ ဣတိပိ၊ ဝိဇ္ဇာသုံးပါး ဝိဇ္ဇာရှစ်ပါး စရဏတရား တဆယ့်ငါးပါးတို့နှင့် ပြည့်စုံတော်မူသော ဤ အကြောင်းကြောင့်လည်း။ ဝိဇ္ဇာစရဏ သမ္ပန္နော ဝိဇ္ဇာစရဏ သမ္ပန္န မည်တော်မူပါပေ၏။ (ဝါ) ဝိဇ္ဇာစရဏ သမ္ပန္န ဟူသော ဂုဏ်တော်ကြီးဖြင့် အံ့ချီး၍မကုန် လူ့ဘုံ, နတ်ဘုံ,ဗြဟ္မာ့ဘုံတိုင် ပျံ့လွှင့်ကျော်ကြား ထင်ရှားတော်မူပါပေ၏။

သော ဘဂဝါ ဣတိပိ သုဂတော၊
သော ဘဂဝါ ဣတိပိ သုဂတော၊
သော ဘဂဝါ ဣတိပိ သုဂတော။

သော ဘဂဝါ၊ ထို ရွှေဘုန်းတော်သခင် ဗရားရှင်ကိုယ်တော်မြတ်ကြီးသည်။ ဣတိပိ၊ ကျိုးရှိ,ဟုတ်မှန် ဤနှစ်တန်မျှ ကောင်းသောစကားကိုသာ မိန့်ဆိုတော်မူတတ်သော ဤ အကြောင်းကြောင့်လည်း (ဝါ)ကောင်းမြတ်ရပ်ဌာန် ပြည်နိဗ္ဗာန်သို့ အမှန်ကြွသွားတော်မူတတ်သော ဤ အကြောင်းကြောင့်လည်း။ သုဂတော၊ သုဂတ မည်တော် မူပါပေ၏။ (ဝါ) သုဂတ ဟူသော ဂုဏ်တော်ကြီးဖြင့် အံ့ချီး၍မကုန် လူ့ဘုံ, နတ်ဘုံ, ဗြဟ္မာ့ဘုံတိုင် ပျံ့လွှင့်ကျော်ကြား ထင်ရှားတော်မူပါပေ၏။

သော ဘဂဝါ ဣတိပိ လောကဝိဒူ၊
သော ဘဂဝါ ဣတိပိ လောကဝိဒူ၊
သော ဘဂဝါ ဣတိပိ လောကဝိဒူ။

သော ဘဂဝါ၊ ထို ရွှေဘုန်းတော်သခင် ဗရားရှင်ကိုယ်တော်မြတ်ကြီးသည်။ ဣတိပိ၊ သတ္တ,ဩကာသ,သင်္ခါရဟု လောကသုံးပါးကို အကြွင်းမဲ့အားဖြင့် များပြားကုန်စင် သိမြင်တော်မူပြီးသော ဤအကြောင်းကြောင့်လည်း။ လောကဝိဒူ၊ လောကဝိဒူ မည်တော်မူပါပေ၏။(ဝါ) လောကဝိဒူ ဟူသောဂုဏ်တော်ကြီးဖြင့် အံ့ချီး၍မကုန် လူ့ဘုံ, နတ်ဘုံ,ဗြဟ္မာ့ဘုံတိုင် ပျံ့လွှင့်ကျော်ကြား ထင်ရှားတော်မူပါပေ၏။

သော ဘဂဝါ ဣတိပိ အနုတ္တရော ပုရိသ ဒမ္မသာရထိ၊
သော ဘဂဝါ ဣတိပိ အနုတ္တရော ပုရိသ ဒမ္မသာရထိ၊
သော ဘဂဝါ ဣတိပိ အနုတ္တရော ပုရိသ ဒမ္မသာရထိ။

သော ဘဂဝါ၊ ထို ရွှေဘုန်းတော်သခင် ဗုဒ္ဓါရှင်ကိုယ်တော်မြတ်ကြီးသည်။ ဣတိပိ၊ မလိမ္မာသူ လူယောကျ်ား, နတ်ယောကျ်ား, တိရစ္ဆာန်ယောကျ်ားတို့ကို ထူးခြားစွာဘိ တုမရှိ လိမ္မာယဉ်ကျေးအောင် ဆုံးမတော်မူတတ်သော ဤအ ကြောင်း ကြောင့် လည်း။ အနုတ္တရော ပုရိသဒမ္မသာရထိ၊ အနုတ္တရော ပုရိသဒမ္မသာရထိ မည်တော်မူပါပေ၏။ (ဝါ) အနုတ္တရော ပုရိသဒမ္မသာရထိ ဟူသော ဂုဏ်တော်ကြီးဖြင့် အံ့ချီး၍မကုန် လူ့ဘုံ, နတ်ဘုံ, ဗြဟ္မာ့ဘုံတိုင် ပျံ့လွှင့်ကျော်ကြား ထင်ရှားတော်မူပါပေ၏။

တနည်း – ၎င်းဂုဏ်တော်တပါးကိုပင် နှစ်ပါးခွဲယူသော် –

သော ဘဂဝါ ဣတိပိ အနုတ္တရော၊
သော ဘဂဝါ ဣတိပိ အနုတ္တရော၊
သော ဘဂဝါ ဣတိပိ အနုတ္တရော။

သော ဘဂဝါ၊ ထို ရွှေဘုန်းတော်သခင် ဗုဒ္ဓါရှင်ကိုယ်တော်မြတ်ကြီးသည်။ ဣတိပိ၊ သာလွန်မြတ်ဘိ တုမရှိသည့် ဝိမုတ္တိ, ဝိမုတ္တိ ဉာဏဒဿန, သီလ, သမာဓိ အစရှိသော ဂုဏ်တော်တို့နှင့် ပြည့်စုံတော်မူသော ဤအကြောင်းကြောင့်လည်း။ အနုတ္တရော၊ အနုတ္တရ မည်တော်မူပါပေ၏။ (ဝါ) အနုတ္တရ ဟူသော ဂုဏ်တော်ကြီးဖြင့် အံ့ချီး၍မကုန် လူ့ဘုံ, နတ်ဘုံ, ဗြဟ္မာ့ဘုံတိုင် ပျံ့လွှင့်ကျော်ကြား ထင်ရှားတော်မူပါပေ၏။

သော ဘဂဝါ ဣတိပိ ပုရိသ ဒမ္မသာရထိ၊
သော ဘဂဝါ ဣတိပိ ပုရိသ ဒမ္မသာရထိ၊
သော ဘဂဝါ ဣတိပိ ပုရိသ ဒမ္မသာရထိ။

သော ဘဂဝါ၊ ထို ရွှေဘုန်းတော်သခင် ဗုဒ္ဓါရှင် ကိုယ်တော်မြတ်ကြီးသည်။ ဣတိပိ၊ မလိမ္မာသူ လူယောကျ်ား, နတ်ယောကျ်ား, တိရစ္ဆာန်ယောကျ်ားတို့ကို များပြားလှစွာ လိမ္မာယဉ်ကျေးအောင် ဆုံးမတော်မူတတ်သော ဤအကြောင်းကြောင့်လည်း။ ပုရိသ ဒမ္မသာရထိ၊ ပုရိသ ဒမ္မသာရထိ မည်တော်မူပါပေ၏။ (ဝါ) ပုရိသ ဒမ္မသာရထိဟူသော ဂုဏ်တော်ကြီးဖြင့် အံ့ချီး၍မကုန် လူ့ဘုံ, နတ်ဘုံ, ဗြဟ္မာ့ဘုံတိုင် ပျံ့လွှင့်ကျော်ကြား ထင်ရှားတော်မူပါပေ၏။

သော ဘဂဝါ ဣတိပိ သတ္ထာ ဒေဝ မနုဿာနံ၊
သော ဘဂဝါ ဣတိပိ သတ္ထာ ဒေဝ မနုဿာနံ၊
သော ဘဂဝါ ဣတိပိ သတ္ထာ ဒေဝ မနုဿာနံ။

သော ဘဂဝါ၊ ထို ရှေ့ဘုန်းတော်သခင် ဘုရားရှင်ကိုယ်တော်မြတ်ကြီးသည်။ ဣတိပိ၊ လူ, နတ်, ဗြဟ္မာ, သတ္တဝါတို့၏ ဆရာဖြစ်တော်မူသော ဤအကြောင်းကြောင့်လည်း။ သတ္ထာ ဒေဝမနုဿာနံ၊ သတ္ထာ ဒေဝမနုဿာန မည်တော်မူပါပေ၏။ (ဝါ) သတ္ထာ ဒေဝမနုဿာန ဟူသော ဂုဏ်တော်ကြီးဖြင့် အံ့ချီး၍မကုန် လူ့ဘုံ,နတ်ဘုံ,ဗြဟ္မာ့ဘုံတိုင် ပျံ့လှိုင်ကျော်ကြား ထင်ရှားတော်မူပါပေ၏။

သော ဘဂဝါ ဣတိပိ ဗုဒ္ဓေါ၊
သော ဘဂဝါ ဣတိပိ ဗုဒ္ဓေါ၊
သော ဘဂဝါ ဣတိပိ ဗုဒ္ဓေါ။

သော ဘဂဝါ၊ ထို ရှေ့ဘုန်းတော်သခင် ဗုရားရှင်ကိုယ်တော်မြတ်ကြီးသည်။ ဣတိပိ၊ အဟုတ်အမှန်တွေကို ဧကန်မသွေ သိတော်မူသော ဤအကြောင်းကြောင့်လည်း။ (ဝါ) သင်-ဝိ-လက်-နိ ပညတ်ထည့်ငြား ဥဒေယျင်ါးကို ပိုင်းခြားသိပေ, သိစေတော်မူတတ်သော ဤအကြောင်းကြောင့်လည်း။ ဗုဒ္ဓေါ၊ ဗုဒ္ဓ မည်တော်မူပါပေ၏။ (ဝါ) ဗုဒ္ဓဟူသော ဂုဏ်တော်ကြီးဖြင့် အံ့ချီး၍မကုန် လူ့ဘုံ,နတ်ဘုံ,ဗြဟ္မာ့ဘုံတိုင် ပျံ့လှိုင်ကျော်ကြား ထင်ရှားတော်မူပါပေ၏။

သော ဘဂဝါ ဣတိပိ ဘဂဝါ၊
သော ဘဂဝါ ဣတိပိ ဘဂဝါ၊
သော ဘဂဝါ ဣတိပိ ဘဂဝါ။

သော ဘဂဝါ၊ ထို ရှေ့ဘုန်းတော်သခင် ဗုရားရှင်ကိုယ်တော်မြတ်ကြီးသည်။ ဣတိပိ၊ ဣဿရိယ,ဓမ္မ,ယသ,သိရီ,ကာမ,ပယတ္တ တည်းဟူသော ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော ဤအကြောင်းကြောင့်လည်း။ (ဝါ) မိမိစိတ်တော်ကို အစိုးရခြင်းဟူသော **ဣဿရိယ** ဘုန်းတော်,မဂ်လေးတန်,ဖိုလ်လေးတန်,နိဗ္ဗာန်အားဖြင့်ကိုးပါးသောလောကုတ္တရာ တရားနှင့် ပြည့်စုံခြင်းဟူသော **ဓမ္မ** ဘုန်းတော်,ဟုတ်မှန်သည့်အတိုင်း ကျော်စောတော်မူခြင်းဟူသော **ယသ** ဘုန်းတော်,လက္ခဏာတော်ကြီး,ငယ် ရောင်ခြောက်သွယ်တို့ဖြင့် တင့်တယ်သော အသရေရှိတော်မူသော **သိရီ**ဘုန်းတော်,အလိုရှိတိုင်း မဆိုင်းမသွေ ပြီးစီးစေတော်မူနိုင်သော **ကာမ**ဘုန်းတော်,လူသုံးပါးတို့၏ ဆရာဖြစ်ကြောင်း ကောင်းမြတ်သော လုံ့လဖြင့် ပြည့်စုံတော်မူသော **ပယတ္တ**ဘုန်းတော်ဟူသော ဘုန်းတော်ခြောက်စုံ တန်ခိုးဂုဏ်တို့နှင့် ပြည့်

စုံတော်မူသော ဤအကြောင်းကြောင့်လည်း။ ဘဂဝါ၊ ဘဂဝါ မည်တော်မူပါပေ၏။ (ဝါ) ဘဂဝါ ဟူသော ဂုဏ်တော်ကြီးဖြင့် အံ့ချီး၍မကုန် လူ့ဘုံ, နတ်ဘုံ, ဗြဟ္မာ့ဘုံတိုင် ပျံ့လှိုင်ကျော်ကြား ထင်ရှားတော်မူပါပေ၏။

**တနည်း** — (က) အရဟံ ဝတ သော ဘဂဝါ၊
အရဟံ ဝတ သော ဘဂဝါ၊
အရဟံ ဝတ သော ဘဂဝါ။

သော ဘဂဝါ၊ ထို ရွှေဘုန်းတော်သခင် ရှင်တော်မြတ်ဘုရားကြီးသည်။ အရဟံ ဝတ၊ ဝါသနာနှင့်တကွ တထောင့်ငါးရာ ကိလေသာတို့မှ လွန်စွာ ဝေးကွာတော် မူပါပေစွတကား။ (ဝါ) သဝါသနာ ကိလေသာကို ဝေးကွာကင်းပြတ် မဂ်ဉာဏ်မြတ်ဖြင့် ပယ်သတ်တော် မူပြီးပါပေစွတကား။

(ခ) အရ-ဟံ ဝတ သော ဘဂဝါ၊
အရ-ဟံ ဝတ သော ဘဂဝါ၊
အရ-ဟံ ဝတ သော ဘဂဝါ။

သော ဘဂဝါ၊ ထို ရွှေဘုန်းတော်သခင် ဘုရားရှင်ကိုယ်တော်မြတ်ကြီးသည်။ အရ-ဟံ ဝတ၊ ကိလေသာမာရ် ကိုယ်တွင်းရန်ကို မဂ်ဉာဏ်မြက်ဖြင့် ပယ်သတ်တော် မူပြီးပါပေစွတကား။ (ဝါ) ခန္ဓာ, အာယတန, ဓာတ်တို့၏ အစဉ်မပြတ်ဖြစ်ရာ သံသရာစက်ရဟတ်၏ အကန့်အကွက်ကို အရဟတ္တမဂ် ဓားသံလျက်ဖြင့် ဖျက်ဆီးတော်မူပြီးပါပေစွတကား။

(ဂ) အာ-ရဟံ ဝတ သော ဘဂဝါ၊
အာ-ရဟံ ဝတ သော ဘဂဝါ၊
အာ-ရဟံ ဝတ သော ဘဂဝါ။

သော ဘဂဝါ၊ ထို ရွှေဘုန်းတော်သခင် ဘုရားရှင်ကိုယ်တော်မြတ်ကြီးသည်။ အာ-ရဟံ ဝတ၊ ရှက်ရမည်ကြောက်ကြ လူ့ဗာလတို့ ကွယ်ရာညစ်ကျူ မကောင်းမှုကို ပြုကြပေမာ ဆိတ်ကွယ်ရာ၌ ယုတ်မာညစ်ကျူ မကောင်းမှုကို ပြုခြင်းအကျင့်ကင်းတော်မူပါပေစွတကား။

သမ္မာသမ္ဗုဒ္ဓေါ ဝတ သော ဘဂဝါ၊
သမ္မာသမ္ဗုဒ္ဓေါ ဝတ သော ဘဂဝါ၊
သမ္မာသမ္ဗုဒ္ဓေါ ဝတ သော ဘဂဝါ။

သော ဘဂဝါ၊ ထို ရွှေဘုန်းတော်သခင် ဗုဒ္ဓရှင်ကိုယ်တော်မြတ်ကြီးသည်။ သမ္မာသမ္ဗုဒ္ဓေါ ဝတ၊ မဖောက်မပြန် ကိုယ်ပိုင်ဉာဏ်ဖြင့်သာ ဦးစွာဒုက္ခ, သမုဒယ, နိရောဓနှင့် မဂ္ဂတဖြာ သစ္စာလေးအင်ကို သိမြင်တော်မူပါပေစွတကား။ (ဝါ) လေးပါးသစ္စာ ပု,ဒိ, အာကို ဆရာမကူ သယမ္ဘူဉာဏ်ဖြင့် ကေန်အမှန် သိတော်မူပါပေစွတကား။

ဝိဇ္ဇာစရဏ သမ္ပန္နော ဝတ သော ဘဂဝါ၊
ဝိဇ္ဇာစရဏ သမ္ပန္နော ဝတ သော ဘဂဝါ၊
ဝိဇ္ဇာစရဏ သမ္ပန္နော ဝတ သော ဘဂဝါ။

သော ဘဂဝါ၊ ထို ရွှေဘုန်းတော်သခင် ဗုဒ္ဓရှင်ကိုယ်တော်မြတ်ကြီးသည်။ ဝိဇ္ဇာစရဏသမ္ပန္နော ဝတ၊ ဝိဇ္ဇာသုံးပါး, ဝိဇ္ဇာရှစ်ပါး, စရဏတရား တဆယ့်ငါးပါးတို့နှင့် ပြည့်စုံတော်မူပါပေစွတကား။(ဝါ) သုံးပါး ဝိဇ္ဇာ ပု, ဒိ, အာနှင့် ဝိဇ္ဇာရှစ်ဝ ဝိ-မ-စေ-ဒိ ပု-ဒိ-ဣဒ္ဓိအာ တဖြာထိုမှ သီလစောင့်စည်း သိပ်သည်းဣန္ဒြေ ဘောဇနေ၌ သိလေမျှတ ထကြွနိုးကာ သဒ္ဓါ,သတိ ဟိရိ,သြတ္တပ္ပ ဗာဟုသစ္စ ဝီရိယစွက် ကေဂ္ဂတာ ပညာ,သဒ္ဓမ္မ ခုနစ်ဝနှင့် ရူပ ဈာန်လေး တွက်ရေးစရဏ ဆယ့်ငါးဝတို့နှင့် ပြည့်စုံတော်မူပါပေစွတကား။

သုဂတော ဝတ သော ဘဂဝါ၊
သုဂတော ဝတ သော ဘဂဝါ၊
သုဂတော ဝတ သော ဘဂဝါ။

သော ဘဂဝါ၊ ထို ရွှေဘုန်းတော်သခင် ဗုဒ္ဓရှင်ကိုယ်တော်မြတ်ကြီးသည်။သုဂတော ဝတ၊ ကျိုးရှိ ဟုတ်မှန် ဤနှစ်တန်မျှ ကောင်းသော စကားကိုသာ မိန့်ကြားတော် မူတတ်ပါပေစွတကား။ (ဝါ) ကောင်းမြတ်ရပ်ဌာန် ပြည်နိဗ္ဗာန်သို့ အမှန်ကြွသွားတော် မူတတ်ပါပေစွတကား။

လောကဝိဒူ ဝတ သော ဘဂဝါ၊
လောကဝိဒူ ဝတ သော ဘဂဝါ၊
လောကဝိဒူ ဝတ သော ဘဂဝါ။

သော ဘဂဝါ၊ ထို ရွှေဘုန်းတော်သခင် ဗုဒ္ဓရှင် ကိုယ်တော်မြတ်ကြီးသည်။လောကဝိဒူ ဝတ၊ သတ္တ, ဩကာသ, သင်္ခါရ ဟူသော လောကသုံးပါးကို အကြွင်းမဲ့အားဖြင့် များပြားကုန်စင် သိမြင်တော်မူတတ်ပါပေစွတကား။

အနုတ္တရော ပုရိသ ဒမ္မသာရထိ ဝတ သော ဘဂဝါ၊
အနုတ္တရော ပုရိသ ဒမ္မသာရထိ ဝတ သော ဘဂဝါ၊
အနုတ္တရော ပုရိသ ဒမ္မသာရထိ ဝတ သော ဘဂဝါ။

သော ဘဂဝါ၊ ထို ရွှေဘုန်းတော်သခင် ဗုဒ္ဓရှင်ကိုယ်တော်မြတ်ကြီးသည်။ အနုတ္တရော ပုရိသဒမ္မသာရထိ ဝတ၊ မလိမ္မာသူ လူယောကျ်ား, နတ်ယောကျ်ား, တိရစ္ဆာန်ယောကျ်ားတို့ကို ထူးခြားစွာဘိ တုမရှိ လိမ္မာယဉ်ကျေးအောင် ဆုံးမတော်မူတတ်ပါပေစွ တကား။

**တနည်း** — ဂုဏ်တော် တပါးကိုပင် နှစ်ပါး ခွဲယူသော်—

အနုတ္တရော ဝတ သော ဘဂဝါ၊
အနုတ္တရော ဝတ သော ဘဂဝါ၊
အနုတ္တရော ဝတ သော ဘဂဝါ။

သော ဘဂဝါ၊ ထိုရွှေဘုန်းတော်သခင် ဗုဒ္ဓရှင်ကိုယ်တော်မြတ်ကြီးသည်။ အနုတ္တရော ဝတ၊ သာလွန်မြတ်ဘိ တုမရှိသည့် ဝိမုတ္တိ, ဝိမုတ္တိဉာဏဒဿန, သီလ, သမာဓိ အစရှိသော ဂုဏ်တော်တို့နှင့် ပြည့်စုံတော်မူပါပေစွတကား။

ပုရိသ ဒမ္မသာရထိ ဝတ သော ဘဂဝါ၊
ပုရိသ ဒမ္မသာရထိ ဝတ သော ဘဂဝါ၊
ပုရိသ ဒမ္မသာရထိ ဝတ သော ဘဂဝါ။

သောဘဂဝါ၊ ထိုရွှေဘုန်းတော်သခင် ဗုဒ္ဓရှင် ကိုယ်တော်မြတ်ကြီးသည်။ ပုရိသ ဒမ္မသာရထိ ဝတ၊ လူယောကျ်ား, နတ်ယောကျ်ား, တိရစ္ဆာန်ယောကျ်ား တို့ကို များပြားလှစွာ လိမ္မာယဉ်ကျေးအောင် ဆုံးမတော်မူတတ်ပါပေစွတကား။

သတ္ထာ ဒေဝမနုဿာနံ ဝတ သော ဘဂဝါ၊
သတ္ထာ ဒေဝမနုဿာနံ ဝတ သော ဘဂဝါ၊
သတ္ထာ ဒေဝမနုဿာနံ ဝတ သော ဘဂဝါ။

သော ဘဂဝါ၊ ထို ရွှေဘုန်းတော်သခင် ဗုဒ္ဓရှင်ကိုယ်တော်မြတ်ကြီးသည်။ သတ္ထာ ဒေဝမနုဿာနံ ဝတ၊ လူ, နတ်, ဗြဟ္မာ သတ္တဝါတို့၏ ဆရာတဆူဖြစ်တော်မူပါပေစွတကား။

ဗုဒ္ဓေါ ဝတ သော ဘဂဝါ၊
ဗုဒ္ဓေါ ဝတ သော ဘဂဝါ၊
ဗုဒ္ဓေါ ဝတ သော ဘဂဝါ။

သော ဘဂဝါ၊ ထို ရွှေဘုန်းတော်သခင် ဗုဒ္ဓရှင်ကိုယ်တော်မြတ်ကြီးသည်၊ ဗုဒ္ဓေါ ဝတ၊ အဟုတ်အမှန်တွေကို ကေန်မသွေ သိတော်မူပါပေစွတကား။ (ဝ၁) သင်္ခါရ, ဝိကာရ,

လက္ခဏာ,နိဗ္ဗာန်,ပညတ်-ဟု ဆိုအပ်သော ဉေယျဓံတရား ငါးပါးကို ပိုင်းခြားသိပေ, သိစေတော်မူတတ်ပါပေစွတကား။ (ဝါ) သင်-ဝိ-လက်-နိ ပညတ်ထည့်ငြား ဉေယျငါးကို ပိုင်းခြားသိပေ, သိစေတော်မူတတ်ပါပေစွ တကား။

ဘဂဝါ ဝတ သော ဘဂဝါ၊

ဘဂဝါ ဝတ သော ဘဂဝါ၊

ဘဂဝါ ဝတ သော ဘဂဝါ။

သော ဘဂဝါ၊ ထို ရွှေဘုန်းတော်သခင် ဗုဒ္ဓရှင်ကိုယ်တော်မြတ်ကြီးသည်။ ဘဂဝါ ဝတ၊ ဣဿရိယ,ဓမ္မ,ယသ,သိရီ,ကာမ,ပယတ္တ-တည်းဟူသော ဘုန်းတော် ခြောက်ပါးနှင့် ပြည့်စုံတော်မူပါပေစွတကား။ (ဝါ)မိမိစိတ်တော်ကို အစိုးရခြင်းဟူသော **ဣဿရိယ** ဘုန်းတော်,မဂ်လေးတန်-ဖိုလ်လေးတန်-နိဗ္ဗာန်အားဖြင့် ကိုးပါးသော လောကုတ္တရာ တရားနှင့် ပြည့်စုံခြင်းဟူသော **ဓမ္မ**ဘုန်းတော်, ဟုတ်မှန်သည့်အတိုင်း ကျော်စောတော်မူခြင်းဟူသော **ယသ**ဘုန်းတော်, လက္ခဏာတော်ကြီးငယ် ရောင်ခြောက်သွယ်တို့ဖြင့် တင့်တယ်သော အသရေရှိတော်မူသော **သိရီ**ဘုန်းတော်, အလိုရှိတိုင်း မဆိုင်းမသွေ ပြီးစီးစေနိုင်တော်မူသော **ကာမ** ဘုန်းတော်, လူသုံးပါးတို့၏ ဆရာဖြစ်ကြောင်း ကောင်းမြတ်သော လုံ့လနှင့် ပြည့်စုံတော်မူသော **ပယတ္တ**ဘုန်းတော်-တည်းဟူသော ဘုန်းတော်ခြောက်စုံ တန်ခိုးဂုဏ်တို့နှင့် ပြည့်စုံတော်မူပါပေစွတကား။

ဤပြဆိုခဲ့ပြီးရာ၌(ဝါ)သဒ္ဒါဖြင့် ပေးသော အနက်များကို အရမကျက်နိုင်သော်လဲ ကိစ္စ မရှိပါ၊ နှလုံးသွင်း ကျက်မှတ်လိုလွယ်ကူစေခြင်း အကျိုးငှါ အနက်များကို တိုတို တုတ်တုတ် အမျိုးမျိုး ရေးလိုသော်လဲ မရေးဘဲ ထပ်တူများကိုသာ ရေးသားထားပါသည်။

**တနည်း ပွါးများပုံ။** ။ဤမှတပါး —

အဇ္ဇတဂ္ဂေ ပါဏုပေတံ ယာဝ နိဗ္ဗာနံ အရဟံ သရဏံ ဂစ္ဆာမိ

အစရှိသည်ဖြင့် ဂုဏ်တော် ၉-ပါး၊ ၁၀-ပါးလုံး ပွါးများဟန်ကိုင်း။

အရဟံ သိရသာ-ဟံ နမေ

ဤသို့ စသည်ဖြင့် ဂုဏ်တော် ၉-ပါး၊ ၁၀-ပါးလုံး ရှိခိုး ပွါးများဟန်ကိုင်း၊ ကျယ်ဝန်းမည့်စိုး၍ မရေးသားတော့ပြီ။

**ဝိပဿနာအားဖြင့်ပွါးပုံ။** ။ဤ ပြဆိုအပ်ခဲ့ပြီးသည်တို့မှာ - ဗုဒ္ဓါနုဿတိ သမထဘာဝနာ သက်သက်သာဖြစ်၏၊ ဝိပဿနာ အနေအားဖြင့် ပွါးများလိုပါလျှင် ဤပြဆိုလတ္တံ့အတိုင်း ပွါးများနိုင်ကြပါ၏။

အရဟံ အစရှိသော ဂုဏ်တော်ကို ပွါးများနေခိုက် ပုဂ္ဂိုလ်တို့၏ သန္တာန်၌ သဒ္ဓါ, သတိ, သမာဓိ စသည် ပြဋ္ဌာန်းသော ကုသိုလ်စိတ်တွေ မြစ်ရေအယဉ်ကဲ့သို့ အမှန်ပင် မပြတ် မလပ် မရေမတွက်နိုင်အောင် ဖြစ်ပွါးနေပါ၏၊ ထိုသို့ ဗရားကို အာရုံပြု၍ ပွါးများနေခိုက်၌ ဖြစ်သော ကုသိုလ်စိတ်တို့နှင့် အတူတပြိုင်နက် ဖြစ်ဖေါ် ဖြစ်ဘက်ဖြစ်သော ခံစားမှုဝေဒနာ စေတသိက်သည် ဝေဒနာက္ခန္ဓာမည်၏၊ မှတ်သားမှု သညာစေတသိက်သည် သညာက္ခန္ဓာ၊ ကြွင်း ဖဿစသော စေတသိက်စုသည် သင်္ခါရက္ခန္ဓာ၊ အာရုံသိမှု ကုသိုလ်စိတ်သည် ဝိညာဏက္ခန္ဓာမည်၏-ဤလေးပါးတို့သည် နာမက္ခန္ဓာ၊ ဤနာမက္ခန္ဓာလေးပါးသည် ဟဒယဝတ္ထု၌ မှီ၏၊ ဟဒယဝတ္ထုသည် မဟာဘုတ်၌ မှီ၏၊ မဟာဘုတ်၌ ဥပါဒါရုပ်သည် မှီ၏၊ ဤဟဒယ ဝတ္ထု, မဟာဘုတ်, ဥပါဒါရုပ်တို့သည် ရူပက္ခန္ဓာမည်၏။

ဤခန္ဓာငါးပါးတို့တွင် ရူပက္ခန္ဓာသည် ဖောက်ပြန်မှုကြောင့် ရုပ်တရားမည်၏၊ ကျန် နာမ်ခန္ဓာလေးပါးတို့သည် အာရုံသို့ ညွတ်ခြင်းလက္ခဏာရှိသောကြောင့် နာမ်တရားမည်၏။

* ဤ ခန္ဓာငါးတန် ရုပ်နှင့်နာမ်တို့သည် ဧကန် ဖြစ်,ပျက်မစဲ အမြဲမရှိသော ကြောင့် အနိစ္စ,အနိစ္စ၊

  ဤ ခန္ဓာငါးတန် ရုပ်နှင့်နာမ်တို့သည် အဖန်ဖန် ဖြစ်ချည် ပျက်ချည် အတည် မကျ ခံနေရသဖြင့် ဆင်းရဲလှသောကြောင့် ဒုက္ခ,ဒုက္ခ၊

  ဤ ခန္ဓာငါးတန် ရုပ်နှင့်နာမ်တို့သည် အမှန် တားမနိုင် ဆီးမရ အနှစ်သာရ ကင်းပ အစိုးမရသောကြောင့် အနတ္တ, အနတ္တ။

ဤသို့ လက္ခဏာယာဉ် သုံးတန်တင်၍ ဆင်ခြင်ကာ ဝိပဿနာရှုနိုင်ပါ၏။

**တနည်း** * ဤ ခန္ဓာငါးတန်၊ ရုပ်နှင့်နာမ်ဟာ၊ ငါ့ဥစ္စာ,ငါ၊ ငါ့လိပ်ပြာဟု၊ ဘာ တခုမျှ၊ မဟုတ်ကြ၊ ရုပ်,နာမ်မျှ သက်သက်ပါတကား၊ ဤသို့လည်း ဝိပဿနာတရား ရှုပွါးနိုင်ပါ၏။

**ဗရားဂုဏ်တော်ကြောင့် လေနာပျောက်။** ။ဤ ဗရားဂုဏ်တော်များကို ယုံယုံ ကြည်ကြည် လေးလေးစားစား ပွါး များ ရာ ၌ ဒိဋ္ဌ ဓ မ္မ အကျိုးရရှိပုံများမှာ —

မင်းကွန်းတောင်ရိုး၊ ငွေတောင်တောရ၊ ရွှေကျောင်တိုက်၌ သီတင်းသုံးတော်မူသော အဂ္ဂမဟာပဏ္ဍိတ ပတ္တမြားဆရာတော်ဗရားကြီးသည် တနေ့တွင် ရုတ်တရက် ပြင်းပြင်း ထန်ထန် အလွန်ဆိုးဝါးစွာ လေနာရောဂါဖြစ်လာရာ ဤ ဆိုအပ်ပြီး အရဟံ-အစရှိသော ဂုဏ်တော်များကို အထူး ယုံယုံကြည်ကြည် လေးလေးနက်နက် သက်ဝင်ကာ ကြိုးစား ပွါးများ အားထုတ်ခြင်းကြောင့် ထို လေနာရောဂါမှာ ချက်ခြင်းပင် ပျောက်ကင်းသွား ကြောင်း သိရှိရပါသည်။

**ဗုဒ္ဓဂုဏ်တော်ကြောင့် မဲမဲကြီး ထွက်ပြေး။** ။မလှိုင်မြို့နယ်၊ ရေဝန်းရွာဇာတိ ဉာတိဖြစ်သော ဆရာတော်ဘုရားကြီး ဦးစန္ဒသည် အသက်အရွယ်ကြီးမှ ရဟန်းဖြစ်သော်လည်း သီလနှင့် ပြည့်စုံ၏၊ ဝိနယသံသယများလှ၏၊ ကေသနိက် ဓုတင်, တိစီဝရိက် ဓုတင်တို့ကို အမြဲဆောင်တော်မူ၏၊ မည်သည့်အရပ်ဌာနသို့ ရောက်သည်ဖြစ်စေ ဘွမ်းကို အမြဲခံတော်မူ၏၊ တောထဲ တောင်ထဲ သစ်ပင်အောက် ချောက်ကြို ချောက်ကြားတို့၌ နေထိုင်တော်မူလေ့ရှိ၏၊ ထိုနေရာမျိုး၌သာ နေထိုင်လေ့ရှိသော်လဲ ကြောက်ဘွယ် လန့်ဘွယ်ကောင်းသော အမှုအရာမျိုး တကြိမ်တခါမျှ မတွေ့ရခဲ့ဘူး-ဟု မိန့်တော်မူပါသည်။

တနေ့သောအခါ ညတညဘွင်-လရောင်ကလဲ ခပ်မှိန်မှိန် ဖြစ်လျက်ရှိရာ မိမိနေထိုင်သော ကျောင်းကလေးသို့ လာရာဖြစ်သော လမ်းအတိုင်း မသဲမကွဲ မဲမဲကြီးအရာဝတ္ထုတခု လာနေသည်ကို ကျောင်းတွင်းမှ တွေ့မြင်ရ၏၊ ကျောင်းကလေးအတွင်းသို့ ရောက်ရှိလာပြီး ထို မဲမဲကြီးအရာဝတ္ထုသည် ဆရာတော်ဘုရားကြီး၏ ကိုယ်ခန္ဓာပေါ်၌ တက်ပြီးဖိတော့၏၊ ထိုအခါ ဆရာတော်ကြီးက 'ဣတိပိ သော ဘဂဝါ အရဟံ သမ္မာသမ္ဗုဒ္ဓေါ' အစရှိသော ဘုရားဂုဏ်တော်များကို ရွတ်ဆိုလိုက်ရာ ထို မဲမဲကြီးဖြစ်သော အရာဝတ္ထုသည် ကိုယ်ပေါ်မှ ဆင်း၍ ကျောင်းကလေးအတွင်းမှ လာလမ်းအတိုင်း မဲမဲကြီးပင် ပြန်သွားသည်ကို မြင်လိုက်ရသည်-ဟု ဘုန်းကြီးအား ထိုဆရာတော်ဘုရားကြီးက အမိန့်ရှိဘူးပါသည်။

ဤနေရာ၌ ဆရာတော်ဘုရားကြီး၏ သီလ, သမာဓိ, ပညာ ပြည့်စုံမှုကြောင့် အနည်းငယ်မျှ မကြောက်မလန့်သည်ကိုလည်း အံ့သြဘွယ်ကောင်းလှပါသည်၊ အကယ်၍ ဘုရားဂုဏ်တော်များကို ရွတ်ဆိုတော်မမူပါလျှင် ထို မဲမဲကြီး အရာဝတ္ထုသည် ရှေ့သို့ဆက်လက်၍ မည်သို့ပြုလုပ်သည်ကို မတွေးတောဝံ့အောင်ပင် ရှိပါသည်၊ ဤသည်လည်း ဘုရားဂုဏ်တော် ရွတ်ဆိုမှုကြောင့် ဒိဋ္ဌဓမ္မ အန္တရာယ်ကင်း အကျိုးရခြင်းပင်ဖြစ်ပါသည်။

**ဗုဒ္ဓဂုဏ်တော်ကြောင့် ပြန်ပေးဆွဲပရ။** ။ရှေးအခါက ရဟန္တာဟု ကျော်ကြားသော ညောင်လေးပင် တောရဆရာတော် ဘုရားကြီးသည် အုံကုန်းတောင် သုံးပင်ပတ်လည်၌ရှိ တောကျောင်း၌ သီတင်းသုံးတော်မူသောအခါ-ကနေ့တွင်....ကုဋိမှ ကျောင်းပေါ်သို့ ပြန်ရောက်၍ ကုတင်ပေါ်၌ ဂုဏ်တော်များကို ပုတီးစိပ်ပွါးများတော်မူလျက်နေရာ ထို ဆရာတော်ဘုရားကြီးကို ပြန်ပေးဆွဲမည့် လူဆိုးနှစ်ယောက် ကျောင်းပေါ်သို့ တက်ရောက်လာပြီး ဆရာတော် ဘုရားကြီးကို ရှာလို့မတွေ့ကြချေ၊ ငါတို့ ရှေ့တွင် ကုဋိမှ ပြန်တက်သွားသည်ကို မြင်လိုက်ရပါလျက် ဘာကြောင့် ရှာမတွေ့ရပါသနည်း ဆိုပြီးလျှင် ကုတင်အောက်စသည် အနှံ့အပြား ဖွေရှာ၍ မတွေ့သဖြင့် ငါတို့ ဒီ ဆရာတော်ဘုရားကြီးကို ပြန်ပေးဆွဲလျှင် ကြည်ညိုသူများသဖြင့် ငွေတွေရမှာ အမှန်ဘဲ-ဟု ပြောဆိုပြီးလျှင် ပြန်ဆင်းသွားကြလေသည်။

ထို အကြောင်းအရာတို့ကိုရှင်း ညောင်လေးပင်တောရ ဆရာတော် ဗရားကြီးကိုယ်တိုင် ပြောကြား၍ ထို ဆရာတော်ဗရားကြီးကပင် ဂုဏ်တော်များကို ပွါးများရမည်ဟု တိုက်တွန်းကြောင်းကိုလည်း အတိအကျ သိရှိရပါသည်၊ ဤလည်း ဒိဋ္ဌဓမ္မအကျိုးရသည့်အတွက် မှတ်သားရန်အချက်ကြီး တခုပါပေတည်း။

**ဗရားတရားတော် ဆီးပူနာပျောက်။** ။မော်လမြိုင်မြို့၊ မြို့ပေါက်ဝ၊ သတိပဋ္ဌာန်ဆရာတော် ဗရားကြီးက ဆီးပူရောဂါကို တရားမှတ်၍ ပွါးတာနှင့် ပျောက်သွားကြောင်းကို အမိန့်ရှိဘူးပါသည်။

**ဗရားတရားတော်ကြောင့် လေငြိမ်သွားခြင်း။** ။ဘုန်းကြီးကိုယ်တိုင်လဲ လျှောင် မလှုပ်မီကလေးတွင် ပုဂံ၊ ညောင်ဦးသို့ သွားရောက်၍ တနေကုန် စေတီ,ပုထိုး,ရုပ်ပွါးတော်များကို လေးစားစွာ ရှိခိုးကြည်ညိုပြီးလျှင် ညနေ ငါးနာရီ အချိန်လောက် ညောင်ဦးမြစ် တဖက်ကမ်းသို့ ဖြတ်ကူးရာ၌ မြစ်အတွင်းသို့ ဝါးတပြန်လောက် အရောက်တွင် လေကြီး,မိုးကြီး အလွန်ပြင်းပြင်းထန်ထန်နှင့် ကြုံတွေ့ပါတော့သည်။

ထိုလှေသမ္ဗန်ပေါ်၌ သီတင်းသုံးဘော်ငါးပါး,ကျောင်းသားကြီးတယောက်,ဒါယိကာမကြီး နှစ်ယောက်, လှေသမားနှင့် ကိုးယောက်ဖြစ်၍ လှေက ဝန်ချိန်ကလေး လှိုင်းက အလွန်ကြီး ဖြစ်၍ ရေထဲသို့ ဦးစိုက်ပြီး သွားတော့မည့် အခြေအနေဖြစ်နေပါသည်၊ မိုးကလဲ ကြီးသည်ထက် ကြီး၍ လေကလဲ ပြင်းထန်မြဲပင် ပြင်းထန်နေပါတော့သည်။

အောက်ပြည်တွင် နေသော ဘုန်းကြီးသည် အထက်အရပ်မြစ်၌ ရေနစ်သေဆုံးရသည်ဟူသော သတင်းဆိုးကြီးတရပ် ဖြစ်မည်ဟုပင် စိုးရိမ်မိပါသည်၊ ထို လှေပေါ်၌ပါရှိသော ပုဂ္ဂိုလ်အားလုံးပင် မျက်နှာများ အလွန်ပျက်ပြီး စကားကိုပင် မပြောနိုင်ကြတော့ပါ။ ထိုအခါ ဘုန်းကြီးသည် —

နမော ဗုဒ္ဓဿ၊ နမော ဓမ္မဿ၊ နမော သံဃဿ၊

နမော အာစရိယာနံ၊ တိဋ္ဌန္တု သီသေ မေ၊

ဧတေ အန္တရာယာ သမေန္တု မေ—

ဟူသော ဤ အန္တရာယ်ကင်း ဗရားရှိခိုး ပါဠိ ရုပ်များကို အားကိုး အားထားယုံကြည်လေးစားစွာ ရွတ်ဆိုလိုက်ရာ–ပြောလျှင် ယုံဘွယ်ရာ မရှိလောက်အောင်ပင် လှေသည် ငြိမ်သက်သွားပါတော့သည်၊ မိုးနှင့် လေကား ရပ်စဲမှု မရှိပါ၊ အလွန် ကြောက်မှုများလဲ ပြေပျောက်သွားပါတော့သည်၊ ထို အခိုက်က ဘုန်းကြီးများ၏ သတိချွတ်ယွင်းမှု တရပ်မှာ မိမိတို့ တနေကုန် ဗရားဖူးသော ကုသိုလ်စေတနာတွေကို မြစ်စောင့်နတ်တို့အား အထူးပင် အမျှပေးဝေသင့်ပါ၏၊ ထိုသို့ အမျှပေးဝေမိက လှေနစ်မြုပ်စေကာမူ အသက်မသေအောင်

မြစ်စောင့်နတ်တို့က စောင့်ရှောက်မည်မှာ အမှန်ဖြစ်ပါသည်၊ ဇာတ်နိပါတ် ဝတ္ထုများလည်း ရှိပါသည်၊ ဤကား-မုချကိုယ်တွေ့ အကျိုးတရား ခံစားရရှိမှုပင် ဖြစ်ပါသည်။

**ဗရားဂုဏ်တော် တန်ခိုးကြောင့် ထုံဆေးထိုး ခံနိုင်ခြင်း။** ။ထိုသို့ ဗရားဂုဏ်တော်များကို လေးလေး စားစား အာရုံပြုမိသဖြင့် အလွန်ကြီးမားသော အပ်ကြီးဖြင့် ထုံဆေးထိုးသော်လည်း မနာဘဲ အောင့်သက်သက်မျှသာ ဖြစ်ကြောင်းကို ဆေးရုံဆိုင်ရာ အခန်း၌ ရေးသားထားပါသည်။

**နန္ဒိဝါဏိဇ္ဇ ဥပါသကာဝတ္ထု။** ။ထိုမှတပါး ကျမ်းဂန်လာ သီဟဠဝတ္ထုတခုကို ထုတ်ပြပါအံ့၊ နန္ဒိဝါဏိဇ္ဇ ဥပါသကာသည် အရောင်းအဝယ်သွားသော အခိုက်တွင် မိမိမယားကို အမတ်တယောက်က လေသာတံခါးမှမြင်ရာ လိုချင်တပ်မက်သော စိတ်ရှိသည်ဖြစ်၍ လင်ယောကျ်ားကို သတ်လိုသည့်အတွက် ဆေးဆရာတယောက် ခေါ်ပြီးလျှင် သူ့သေကောင်ကို ဘုတ်သွင်းစေလျက် သူ့သေကောင်အား သန်လျက်ကိုယူ၍ သွားစေလေသော် သူ့သေကောင် ဘုတ်ဘီလူးသည် နန္ဒိဝါဏိဇ္ဇကုန်သည်ကို တွေ့မြင်လျှင် အခိုးအလျှံကိုလွှတ်လျက် ကြောက်မက်ဘွယ်ကိုပြ၏၊ ထိုအခါ နန္ဒိဝါဏိဇ္ဇကုန်သည် သည်လည်း 'ဣတိပိ သော ဘဂဝါ အရဟံ' အစရှိသည်ဖြင့် ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်းကို ရွတ်ဆိုသရဇ္ဈာယ်သည်ဖြစ်၍ ဘုတ်ဘီလူးသည် သံတံတိုင်း ကာရံထားသည်ဟု ထင်မှတ်ပြီးလျှင်ပြန်သွားလေ၏။

ထို့အတူပင် သုံးကြိမ်တိုင်တိုင် လွှတ်သော်လည်း နန္ဒိဝါဏိဇ္ဇ ဥပါသကာသည် ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းကို စီးဖြန်းသရဇ္ဈာယ်ပြန်သောကြောင့် ရှေ့နည်းအလား သံတံတိုင်းကာရံထားသည် ထင်မှတ်၍ ပြန်သွားပြီးလျှင် ဘုတ်ဘီလူးသည် စေခိုင်းသော အမတ်နှင့် ဆေးဆရာကို သန်လျက်ဖြင့် ခုတ်သတ်လေသတည်း။

**ဗုဒ္ဓါရမ္မဏ ဥဗ္ဗေဂါပီတိအစွမ်း။** ။ထိုမှတပါး ဂိရိကဏ္ဍကကျောင်းတိုက်၏မှီရာ ဂဝါစရဂါမ်ဖြစ်သော ဝတ္တကာလက ရွာ၌ အမျိုးသမီးတယောက်ရှိ၏၊ ထိုအမျိုးသမီး၏ မိဘတို့သည် ညဥ့်အခါ၌ တရားနာ ဗရားဖူးသွားလိုကြကုန်သည်ဖြစ်၍ 'ချစ်သမီး သင်သည် လေးသောကိုယ်ဝန်ရှိ၏၊ အခါမဟုတ် သွားလာခြင်းငှါမသင့်၊ သင့်အဖို့ကိုပါပြု၍ ငါတို့သည် တရားနာခဲ့အံ့'ဟု ပြောဆို၍ သွားကြကုန်၏။

ထိုအမျိုးသမီးသည် လိုက်လိုသော်လည်း မိဘတို့ အာဏာကို မပယ်ဝံ့သဖြင့် အိမ်၌နေခဲ့ပြီးလျှင် အိမ်တံခါး၌ရပ်လျက် လရောင်ဖြင့် တောင်ထိပ်၌ တည်သော အာကာသစေတီပြင်ကို လှမ်းပြီးကြည့်သည်ရှိသော် ပရိသတ်လေးပါးတို့သည် စေတီတော်အား ဆီမီးပူဇော်ခြင်း, ပန်းနံ့သာ စသည်တို့ဖြင့် ပူဇော်ခြင်းကိုပြုလျက် စေတီတော်ကို လကျ်ာရစ်လှည့်လည်နေသည်တို့ကို မြင်ရပြီး ရဟန်း သံဃာအပေါင်း၏ ရွတ်ဆိုသရဇ္ဈာယ်သံကို ကြားရပြီ။

ထိုအခါ အမျိုးသမီး၏ "အကြင်လူပေါင်းတို့သည် ဤသို့သဘောရှိသော စေတီတော်ဖူးမြင်ခွင့်ကိုရင်း, ချိုမြိန်ကောင်းမြတ်သော အရသာနှင့်တူသော တရားစကား နာကြားခွင့်ကိုရင်း ရရှိကြကုန်၏

ဤလူအပေါင်းတို့သည် ရွေးကုသိုလ်ကံ စီမံဖန်တီး၍ ဘုန်းကံကြီးမားကြကုန်စွတကား"

'ဤသို့ နှလုံးသွင်းဆင်ခြင်၍ ပုလဲအစုနှင့်တူသော စေတီတော်ကို လှမ်း၍ ဖူးမျှော်စဉ်တွင် အထက်သို့တက်သော အဟုန်ရှိသော ဥဗ္ဗေဂါပီတိဖြစ်၏၊ ကောင်းကင်၌ ပျံတက်၍ ကောင်းကင်ခရီးဖြင့် မိဘတို့၏ ရှေးဦးစွာ ကောင်းကင်ခရီးဖြင့် စေတီရင်ပြင်၌ သက်ဆင်း၍ စေတီတော်ကို ရှိခိုးပြီးလျှင် တရားကို နာလျက်နေ၏။

ထိုအခါ မိဘတို့က "ချစ်သမီး-အဘယ်လမ်းခရီးဖြင့် လာခဲ့သနည်း" ဤသို့ မေးမြန်းကြကုန်လျှင် အမျိုးသမီးက"ကောင်းကင်ခရီးဖြင့် လာခဲ့ပါသည်၊ သွားရိုး လမ်းခရီးဖြင့် လာခဲ့သည်မဟုတ်ပါ" ဤသို့ပြောလျှင် "ချစ်သမီး-ကောင်းကင်ခရီးဖြင့် သွားလာနိုင်တယ်ဆိုတာ ရဟန္တာပုဂ္ဂိုလ်များသာဖြစ်သည်၊ သင်-ဘယ်လိုနည်းဖြင့် လာခဲ့သနည်း" ဤသို့ မေးမြန်း ပြောဆိုခဲ့ပြန်သော်"ကျမသည် လရောင်ဖြင့် စေတီတော်ကို ဖူးမျှော်ကြည့်၍နေစဉ် ဗုရားကို အာရုံပြု၍ အားကြီးစွာသော ပီတိဖြစ်ပါ၏။

ထိုအခါ-ကျမသည် မိမိ ရပ်နေသည့် အဖြစ်ကိုလည်းမသိ၊ ထိုင်နေသည့် အဖြစ်ကိုလည်း မသိလိုက်ရပါ၊ ယူအပ်သော ဗုရားဟူသော အာရုံနိမိတ်ဖြင့်သာလျှင် ကောင်းကင်၌ လွင့်တက်၍ ဤစေတီရင်ပြင်သို့ ရောက်လာပါသည်"ဟု မိဘတို့အား ပြောဆိုလေသတည်း။ (အဋ္ဌသာလိနီ၊ ဋ၊ နှာ-၁၅၉)

ဤဝတ္ထု၌ ဈာန်တရား မရသေးဘဲ အားကြီးသော သဒ္ဓါတရားဖြင့် စေတီတော်ကို အလွန်ကြည်ညိုမှုကြောင့် အထက်သို့ ပျံကြွနိုင်သော ဥဗ္ဗေဂါပီတိဖြစ်၏၊ ထို ဥဗ္ဗေဂါပီတိ၏ တန်ခိုးအစွမ်းနှင့် မပေါ့မပါးကြီးဖြစ်နေသော အမျိုးသမီးသည် ကောင်းကင်ခရီးဖြင့် လျင်စွာစေတီတော်သို့ မိဘများအရင်ရောက်သွားသည်မှာ အလွန်အံ့ဩဘွယ်ကောင်းပါ၏။

ဤ အမျိုးသမီးကို အတုယူကာ ဗုဒ္ဓမြတ်စွာအား လေးလေးစားစား သဒ္ဓါတရားဖြင့် ကြည်ညိုအားထားမှုကို ပြုကြကုန်ရာသတည်း။

ဤတွင် ဗုဒ္ဓါနုဿတိ သမထဘာဝနာပြီး၏။

× × × ×

## စတုရာရက္ခ တရားလေးပါး

ဗုဒ္ဓါနုဿတိ မေတ္တာ စ၊ အသုဘံ မရဏဿတိ။

* ဗုဒ်,မေတ်,အ သု၊ သေခြင်း ရှု၊ စတုရာရက္ခ ပေတည်း။

### ၁။ ဗုဒ္ဓါနုဿတိ သမထဘာဝနာ

အ.ပ္ပမာဏော ဗုဒ္ဓေါ၊ အ.ပ္ပမာဏော ဓမ္မော၊ အ.ပ္ပမာဏော သံဃော။

ဤသို့ ရတနာသုံးပါး ဂုဏ်တော်များကို သမာဓိရမှုအတွက် သုံးကြိမ်ထက်မနည်း အာရုံပြု ပွါးများပါ။

ဗုဒ္ဓေါ၊ မြတ်စွာဗုရားသည်။ အ.ပ္ပမာဏော၊ ဂုဏ်တော်အားဖြင့် ပိုင်းခြားချင့်နှိုင်း တိုင်းတာမရ ပမာဏ မရှိပါပေ။

ဓမ္မော၊ မဂ်,ဖိုလ်,နိဗ္ဗာန် ကိုးတန်သော လောကုတ္တရာ တရားတော်သည်။ အ.ပ္ပမာဏော၊ ဂုဏ်တော်အရဖြင့် ဤမျှသာပြ တိုင်းတာမရ၍ ပမာဏ မရှိပါပေ။

သံဃော၊ အရိယာရှစ်ဖေါ် သံဃာတော်သည်။ အ.ပ္ပမာဏော၊ လောကုတ္တရား တရား ကိုးပါးစုံညီ ဂုဏ်ရည်အရ တိုင်းတာမရ ပမာဏ မရှိပါပေ။

(အရဟံ-အရဟံ စသည်ဖြင့် ခေတ္တ ပွါးများနိုင်၏)။

### ၂။ မေတ္တာ သမထဘာဝနာ

သတ္တဝါတို့အပေါ်၌ တဏှာသဘောမပါဘဲ စီးပွါးချမ်းသာ လိုလားသော သဘော ကို မေတ္တာဟု ခေါ်၏၊ ထိုမေတ္တာကို မိမိစိတ်အစဉ်၌ အဖန်ဖန်ဖြစ်စေခြင်း တိုးပွါးစေခြင်း ကို မေတ္တာဘာဝနာဟု ခေါ်သည်၊-ဤသို့ မေတ္တာ ပွါးများခြင်းမှာ သမာဓိရင့်သန်မှု သမထ ဘာဝနာပင်ဖြစ်သည်။

* လုံးစုံများစွာ၊ သတ္တဝါ၊ ချမ်းသာ ကိုယ်စိတ်မြဲပါစေ၊

* လုံးစုံများစွာ၊ သတ္တဝါ၊ လိုရာဆန္ဒ ပြည့်ပါစေ၊

* သတ္တဝါ အရပ်ရပ်၊ ဥပဒ်ရန်ဘေး၊ တွင်းပြင်ဝေး၊ ချမ်းအေး သုခ ရပါစေ။

(ဤသို့-သုံးကြိမ်ထက် မနည်း ပွါးသရမည်)

## ၃။ အသုဘ သမထဘာဝနာ

အသုဘ ဘာဝနာကား-သာသနာတော်နှင့် လွန်စွာသင့်လျော်၏၊ အိမ်ရာမထောင် သာသနာဘောင်၌ တကိုယ်တည်းနေသော ပုဂ္ဂိုလ်သည် အသုဘ ဘာဝနာကဲ့သို့ ဘာဝနာ တမျိုးမျိုးသာ လက်ကိုင်မရှိပါမူ လောကီအာရုံ ကာမဂုဏ်ဘက်၌ သက်တော်ကြီးသော်လည်း စိတ်ရောက်လျက် ရှိတတ်သေး၏၊ ထို့ကြောင့် အသုဘ ဘာဝနာကို ကောင်းစွာ ပွါးများ သူသာ စိတ်ဖြူစင်နိုင်ပေလိမ့်မည်။

ခုဒ္ဒသိက္ခာ၌ ဆံအစရှိသော သုံးဆယ့်နှစ်ပါးသော ကောဋ္ဌာသအစုတို့၏ မတင့်တယ်မှု အသုဘရှု ပွါးများပုံကိုင်း, ဥဒ္ဒမြာတက အစရှိသော အသုဘဆယ်ပါးတို့၏ မတင့်တယ်မှု ပွါးရှုပုံကိုင်း နှစ်မျိုးပြဆိုထားသည်။

ထို နှစ်မျိုးတို့တွင် သညာဝိပလ္လာသ အမှတ်သညာ ဖေါ်ပြန်မှုကြောင့်၎င်း, ချစ်ခင် နှစ်သက်တပ်မက်မှု တဏှာကြောင့်၎င်း, စွဲလမ်းမှုပြင်းထန် ဥပါဒါန်ကြောင့်၎င်း ဆံပင် စသည်တို့ကို အမြတ်တနိုး သာယာဘွယ်မျိုးဖြစ်သည်-ဟု စွဲလမ်း နှစ်သက် မှတ်ထင်ကြ လေကုန်သည်၊ အမှန်အားဖြင့် စိစစ်ကြည့်က စက်ဆုပ်ဘွယ်သာ အစစ်ဖြစ်ကြ၏။

ဥပမာ စားဘွယ် သောက်ဘွယ်တို့၌ နှစ်သက်ဘွယ်ထင်သော ထို ဆံပင်ကို တွေ့မြင် က နှာခေါင်းရှုံ့ စက်ဆုပ်၍ လျင်စွာ ဖယ်ရှားပစ်ကြသဖြင့် သာယာဘွယ် မဟုတ်ကြောင်း ထင်ရှားလှပေသည်။

ညဥ့်အခါ စားသောက်ဘွယ်တို့ကို စားသောက်ကြရာ၌ အဆင်းကို မမြင်ရစေကာမူ ဆံပင် ပုံသဏ္ဌာန်ကို ကိုင်မိလျှင်ပင် ရွံစရာဟု ထင်မှတ်ကြ၏၊ ထို ဆံပင်တို့သည် အဆင်း အားဖြင့် အချို့နက်, အချို့ ဖြူကြကုန်၏၊ အမွှေး အကြိုင်တို့ဖြင့် မလိမ်းကျံဘဲထားလျှင် ဆံပင်၏ ပင်ကိုယ်အနံ့သည် ရွံစရာကောင်း၏၊ မီး၌ ထည့်၍ အနံ့ခံလျှင် သာ၍မကောင်းနံ့ သိသာသေး၏၊ ဤသို့ အနံ့အားဖြင့်လည်း စက်ဆုပ်ဘွယ်ဖြစ်၏။

ထို ဆံပင်၏ ဖြစ်ရာအကြောင်းကိုရှာလျှင် သလိပ်, သည်းခြေ,သွေး,ပြည်, ကျင်ကြီး, ကျင်ငယ်တို့သာဖြစ်၍ စက်ဆုပ်ဘွယ်ပင်ဖြစ်၏၊ ဥပမာ မစင်စွန့်ရာ၌ ပေါက်နေသော ဟင်း သီး ဟင်းရွက်ကို လူအားလုံးတို့ စပ်ဆုပ်ကြသကဲ့သို့တည်း။

တည်ရာအရ အားဖြင့်လည်း မိမိမှတပါးသော သုံးဆယ့်တပါးသော ကောဋ္ဌာသ အပေါ်၌ ဖြစ်ရကား ရွံစရာကောင်း၏၊ ဤသို့ ဝဏ္ဏစသောအားဖြင့် စက်ဆုပ်ဘွယ်ရာ ရွံစရာအတိသာ ဖြစ်ကြကုန်၏၊ ပထဝီဓာတ်, အာပေါဓာတ်လွန်ကဲသော ရုပ်တရားများသာ ဖြစ်ကြကုန်၏၊ ထို့ကြောင့် ဤလက္ခဏာကို အရကျက်၍ ပွါးရှုကုန်ရာ၏။

* ဆံပင်,မွေးညှင်း၊ ရိုးတွင်းခြင်ဆီ၊ သွေး,ပြည်ကမှ၊ စသည် ထိုထို၊ ပုဂ္ဂိုလ် သတ္တာ၊ သူငါမဟုတ်၊ ရုပ်သာဟုတ်ခဲ့၊ စက်ဆုပ်ရွံဘွယ်၊ မတင့်တယ်သည်၊ တကယ် အသုဘပါတကား။

(ဤကား ကောဋ္ဌာသအားဖြင့် အသုဘ ပွါးပုံတည်း။)

အသုဘ (၁၀) ပါး ပွါးများပုံ

(၁) ဥဒ္ဓုမာတက။ ॥* လေပြည့်သားရေ၊ အိပ်မသွေသို့၊ သေသည်မှထက်၊ သုံးရက် လွန်ကြူး၊ ကြွတက်ဖူးရောင်၊ ပုပ်ညှီဟောင်သည်၊ သူကောင် ပုပ်စစ်၊ စက်ဆုပ်ရွံဘွယ်၊ မတင့်တယ်သည်၊ ပွါးဘွယ် ဥဒ္ဓုမာတက။

(ဤကား-ဥဒ္ဓုမာတကအတွက် ပွါးများပုံတည်း)

ကြွင်းသော ဝိနီလက အကောင်ပုပ် အစရှိသော အသုဘ ကိုးပါးတို့၌လည်း ဤနည်း အတိုင်း ပွါးများရာ၏။

ရှင်တုန်းမှာလည်း အသုဘပင်။ ॥ဤနေရာ၌ သေသောအလောင်းကောင်မှ မတင့်တယ်လှ အသုဘဟု သူသူ ငါငါ ထင်မှတ်ကြ၏၊ အသက်ရှင် တုန်းမှာလည်း ထိုထို အဝတ်တန်းဆာဖြင့် ဖုံးအုပ်ထားသောကြောင့် တင့်တယ်သည်ဟု ထင်ရသော်လည်း စပ်ဆုပ်ရွံဘွယ် မတင့်တယ်သော အသုဘအစစ်ပင်ဖြစ်၏။ (အဋ္ဌသာလိနီ ဋ္ဌ၊ နှာ-၂၄၄-၅)

ဖေါ်ပြလတ္တံ့သော ဂါထာ အနက်တို့ဖြင့်လည်း အသုဘဖြစ်ပုံ အခြင်းအရာတို့ကို ပွါးရှုကြကုန်ရာ၏။

ယထေဝ မတသရီရံ၊ ဇီဝမ္ပိ အသုဘံ တထာ။
အာဂန္တုကာ-လင်္ကာရေန၊ ဆန္နတ္တာ တံ န ပါကဋံ [၁]။

မတသရီရံ၊ ဥဒ္ဓုမာတက စသည်ပြားမြောင် သူသေကောင်သည်။ အသုဘံ ယထေဝ၊ စက်ဆုပ်ရွံဘွယ် မတင့်တယ်သကဲ့သို့။ တထာ၊ ပုံစံထားယူ မခြား အတူသာလျှင်။ ဇီဝမ္ပိ၊ ဝတ်စားဆင်ပြင် အသက်ရှင်ဆဲ ကိုယ်သည်လည်း။အသုဘံ အသုဘံ ယေဝ၊ စက်ဆုပ်ရွံဘွယ် မတင့်တယ်သည်သာတည်း။ အာဂန္တုကာ လင်္ကာရေန၊ ညစ်ကြေးသုမ်သင် အင်္ဂါဆင်၍ ပြုပြင်ဖန်ထား တန်းဆာများဖြင့်။ ဆန္နတ္တာ၊ မဖွယ်ရာကို ကွယ်ကာဖုံးထားအပ်သည်၏

---

၁။ အဋ္ဌသာလိနီ နှာ-၂၄၅-နှင့် ဝိသုဒ္ဓိမဂ် နှာ-၁၈၉ လာ စုဏ္ဏိယကို ဂါထာစီထားသည်။

အဖြစ်ကြောင့်။ တံ (အသုဘံ)၊ ထို ရွံဘွယ်ညစ်ပေ အသုဘသဘောတွေသည်။ န ပါကဋံ၊ အမြင်အားဖြင့် မထင်ရှားဘဲ ရှိရလေသတည်း။

ဣမံ ဟိ သုဘတော ကာယံ၊ ဂဟေတွာ တတ္ထ မုစ္ဆိတာ။
ဗာလာ ကရောန္တာ ပါပါနိ၊ ဒုက္ခာ န ပရိမုစ္စရေ [၁]။

ဣမံ ဟိ ကာယံ၊ အသုဘသဘော ရွံဘွယ်ပေါသည့် ကိုယ်ရောသူပါ ဤခန္ဓာကိုပင်။ သုဘတော၊ စွဲမက်စဘွယ် လှန်တင့်တယ်၏ ဟူ၍။ ဂဟေတွာ၊ ရှိရင်းပြောင်းပြန် မမှန်ကန်အောင် ကြံဖန်စွဲလမ်းကြကုန်လျက်။ တတ္ထ (အသုဘေ)၊ ထို အယုတ်တမာ မျှားစွာ ပြည့်လှောင် အပုပ်ကောင်၌။ မုစ္ဆိတာ၊ စရိုက်ဝဲလေ့ အမိုက်ငွေဖြင့် အတွေ့ကြီးတွေ့ မေ့ကြီး မေ့ကြကုန်သည်ဖြစ်၍။ ဗာလာ၊ ရာဂစရိုက်ပွါး ငမိုက်သားတို့သည်။ ပါပါနိ၊ မိစ္ဆာစာရ စသည် ညစ်ကျု ယုတ်မာမှုတို့ကို။ ကရောန္တာ၊ အမဲရိုး၌ ခွေးငတ်ကြိုက်သို့ နှစ်ခြိုက်ရှင်မြူး လွန်ကျူး ကြကုန်လျက်။ ဒုက္ခာ၊ အပါယ်လေးဖြာ အိုနာသေရေး ဆင်းရဲဘေးမှ။ န ပရိ မုစ္စရေ၊ ကရွတ်ကင်းလျှောက် ထပ်ပြန်ရောက်သဖြင့် လွတ်မြောက်ခွင့်မရကြလေကုန်သတည်း။

တသ္မာ ပဿေယျ မေဓာဝီ၊ ဇီဝတော ဝါ မတဿ ဝါ။
သဘာဝံ ပူတိကာယဿ၊ သုဘဘာဝေန ဝဇ္ဇိတံ [၂]။

တသ္မာ၊ ထိုသို့ အသုဘပင် သုဘထင်သမျှ ဒုက္ခဝဋ်တွင်းမှ မလွတ်ကင်းနိုင်ကြလေသောကြောင့်။ မေဓာဝီ၊ သတိတမံ ပညာဉာဏ်ဖြင့် လမ်းမှန်မြော်မြင် သူတော်စင်သည်။ ဇီဝတော ဝါ၊ ဝတ်စားဆင်ပြင် အသက်ရှင်သူမူလည်းဖြစ်သော။ မတဿ ဝါ၊ ဥဒ္ဓုမာတက စသည်မြားမြောင် အသေကောင်မူလည်းဖြစ်သော။ ပူတိကာယဿ၊ အပုပ်တွေလှောင် ဤ ကိုယ်ကောင်၏။ သုဘဘာဝေန၊ အမှန်စင်စစ် တင့်တယ်သောအဖြစ်မှ။ ဝဇ္ဇိတံ၊ လုံးဝ အစဉ် ရှောင်ကြဉ်အပ်ပြီးဖြစ်သော။ သဘာဝံ၊ မတင့်မတယ် ရွံဘွယ်စင်စစ် မူလအဖြစ်ကို။ ပဿေယျ။ အမိုက်ကင်းပျောက် အလင်းရောက်အောင် ထွင်းဖောက် ရှုစားသင့်ပေတော့သတည်း။

အာတုရံ အ သုစိံ ပူတိံ၊ ပဿ ခေမေ သမုဿယံ။
ဥဂ္ဃရန္တံ ပဃရန္တံ၊ ဗာလာနံ အဘိနန္ဒိတံ [၃]။

ခေမေ၊ ခေမာ၊ အာတုရံ၊ ကိုးဆယ့်ခြောက်ဖြာ ဘေးရောဂါတို့ လှန်စွာခံခက် နှိပ်စက်အပ်ထသော။ အ သုစိံ၊ အမြဲနေ့စဉ် ဆေးသုတ်သင်လည်း မစင်မကြယ် ရွံဘွယ်ကောင်းထသော။ ပူတိံ၊ ဆေးကြော သုတ်သင် တန်ဆာဆင်းလည်း အမြင်သာဟုတ်

---

၁၊ ၂။ ဝိသုဒ္ဓိမဂ်၊ ပ-တွဲ၊ နှာ-၁၉၀။

၃။ အပ၊ ၂၊ နှာ-၂၂၆ ဓမ္မပဒ၊ ဋ္ဌ၊ ဒု-တွဲ၊ နှာ-၃၄၀။

အတွင်းပုပ်၍ နေထသော။ ဥဌ္ဌရန္တံ၊ မျက်စိ,နား,နှာ အင်္ဂါရှိတိုင်း အထက်ပိုင်းဝယ် ရှိဘွယ် သိုးပုပ် အနံ့ထုတ်၍နေထသော။ ပဌ္ဌရန္တံ၊ ကျင်ကြီး, ကျင်ငယ် အသွယ်သွယ်ဟု မဖွယ်မရာ အဖြာဖြာကို မှန်စွာနေ့ည ယိုချ၍ နေထသော။ ဗာလာနံ၊ ဘဝါဘဝ သံသာရက ရာဂ စရိုက်ပွါး ငမိုက်သားတို့သည်။ အဘိနန္ဒိတံ၊ ရှိရင်းပြောင်းပြန် မမှန်ကန်အောင် ကြံဖန် နှစ်သက် စွဲမက်အပ်ထသော။ သမုဿယံ၊ သုံးဆယ့်နှစ်ဝ ကောဋ္ဌာသတို့ လုံးဝခိုမှီး ဤ ကိုယ်ကြီးကို။ ပဿ၊ ဉာဏ်ရောင်လင်းသလောက် အတွင်းရောက်အောင် ထွင်းဖောက်စေ့ငု ကြည့်ရှုစမ်းပါလော့။

(ခေမာမိဖုရားအား ဗုဒ္ဓရှင်ဟောတော်မူအပ်သောဂါထာ)

(ဓမ္မပဒ၊ ဋ္ဌ၊ ဒု-တွဲ၊ တဏှာဝဂ်၊ ခေမာထေရီဝတ္ထု နှာ-၃၄၀)

## ၄။ မရဏဿတိ သမထဘာဝနာ

သေခြင်းတရားကို နှလုံးသွင်းမှု မရဏဿတိ ဘာဝနာကို နေ့စဉ်ပြုလုပ်သော ပုဂ္ဂိုလ်သည် "ငါသေသွားသောအခါ ကုသိုလ်သာလျှင် အားကိုးရာ အားထားရာ ရှိပါပေသည် တကား"ဟု အမြဲသတိရနေသောကြောင့် ဘုန်းကံကြီးမား လာဘ်များမှု၌ ကြောင့်ကြမစိုက် တော့ဘဲ ကုသိုလ်ကောင်းမှု ကိစ္စစုကိုသာ တခုပြီးတခု ဘာဝနာပွါးမှုတိုင်အောင် အမြဲပြု၍ နေပေလိမ့်မည်။

ထို့ကြောင့် ဤကမ္မဋ္ဌာန်းလေးပါးကို စတုရာရက္ခ ကမ္မဋ္ဌာန်းဟု နာမည်ထူးတပ်လျက် ရှေးသူတော်မြတ်တို့ အမြဲအားထုတ်အပ်ခဲ့လေသည်။

**သေခြင်းတရား လေးပါး။** ။တဘဝအတွက် ဆက်ကာဆက်ကာ ဖြစ်နေသော ရုပ်ဇီဝိတ (ရုပ်သက်)နာမ်ဇီဝိတ(နာမ်သက်)တို့ကို **အသက်ဟုခေါ်၏။**

ထိုအသက်သည် –

၁။ အသက်တမ်းကုန်ခြင်းကြောင့် သေခြင်း-(အာယုက္ခယ မရဏ)

၂။ ကံအစွမ်းကုန်ခြင်းကြောင့် သေခြင်း-(ကမ္မက္ခယ မရဏ)

၃။ အသက်တမ်း,ကံအစွမ်း နှစ်မျိုးလုံးကုန်ခြင်းကြောင့် သေခြင်း-(ဥဘယက္ခယ မရဏ)

၄။ ထိုအသက်တမ်း, ကံအစွမ်း နှစ်မျိုးလုံး ရှိသေးသော်လည်း ရှေးဘဝက ပါလာသော အကုသိုလ်ကံကြောင့် လတ်တလော သေဆုံးရခြင်း-(ဥပစ္ဆေဒက မရဏ)၊ ယခုအခါ ကားတိုက်၍ သေခြင်း,လေယာဉ်ပျံပျက်၍ သေခြင်းမျိုး စသည်ဖြစ်သည်။

ဤကား သေခြင်းလေးမျိုးတည်း (ဝိသုဒ္ဓိ၊ ဋ္ဌ၊ ၁၊ ၂၂၂)

ထို သေခြင်းလေးမျိုးမှ မည်သူမျှ မလွတ်နိုင်၊ တမျိုးမျိုးဖြင့် သေကြရမည်သာ၊ ထိုသို့ မလွတ်နိုင်သော သေခြင်းတရား၌ ပွါးများသတိရနေခြင်းကို **မရဏဿတိ** ဟု ခေါ်၏။

**ဥပမာ** မှိုသည် မြေမှ ထွက်လာသည်နှင့် တပြိုင်နက် မြေကို ဦးထိပ်ရွက်၍ ထွက်လာသကဲ့သို့ ပဋိသန္ဓေ-နေရခြင်းဟူသော ဇာတိလည်း ဇရာ,မရဏကို တခါတည်း ရွက်၍ ထွက်လာလေသည်၊ ပဋိသန္ဓေ နေသူမှန်လျှင် ဧကန် သေရမည်ဖြစ်သောကြောင့် မွေးဖွားမှု ဇာတိ၌လည်း တခါတည်း မရဏကပ်၍ ပါလာတော့သည်သာ၊ ထိုမရဏသည် အဝေးမှာ မဟုတ် အနီး၌ ကပ်လျက်သာရှိသည်၊ ထို့ကြောင့် အဆိုပါ မှိုငုံလေးသည် တစုံတခုသော အကြောင်းကြောင့် မြေမှ လွတ်နိုင်သော်လည်း ဖြစ်ပြီးသော သတ္တဝါ အသီးအသီးတို့သည်ကား မည်သို့သော အကြောင်းကြောင့်မျှ သေခြင်းတရားမှ မလွတ်နိုင်ကြချေ။

(သံ-၁၊ ၁၀၉)

အန္တောဝဿသတံ သဗ္ဗေ၊ လောကေ သကမ္မနိဿိတာ။
မရဏံ ဝေ ဂမိဿန္တိ၊ ဇာတာနံ ဟိ မတံ ဓုဝံ။

လောကေ၊ မျက်မြင်တွေ့ရ လူ့လောက၌။ သကမ္မနိဿိတာ၊ စားရေး,ဝတ်ရေး နေထိုင်ရေးဟု ကိုယ်ရေးတွေရှုပ် ကိုယ့်အလုပ်ကို မှီကြကုန်သော။ သဗ္ဗေ၊ ရဟန်းရှင်လူ ခပ်သိမ်းသူတို့သည်။ အန္တောဝဿသတံ၊ တနေ့ တရက် တန်နက်ဟု အသက်ကုန်ဆင်း အနှစ်တရာအတွင်း၌။ ဝေ(ဧကန္တေန) စင်စစ်ဧကန် အမှန်မလွဲ တပုံစံထဲသာလျှင်။မရဏံ ဂမိဿန္တိ၊ သေတွင်း သေဝ သေပေါက်ကျအောင် ရောက်ရကုန်လတ့ံ။ ဟိ (သစ္စံ)၊ သူတော်အများ လက်ကိုင်ထား၍ စကားဆိုဟန် အမှန်ပင်ဖြစ်ပါပေ၏။ ဇာတာနံ၊ ရှေးကံအရ တဘဝ၌ ဖြစ်ကြရသူ အများလူတို့၏။ မတံ၊ အသက်တမ်းနှင့် ကံစွမ်းအရှိန် ကုန်ချိန်ရောက်က သေပျောက်ရခြင်းသည်။ ဓုဝံ၊ မြေလက်ခတ်နဲ မြှောက်သည့်ခဲသို့ မလွဲမသွေ အမြဲပင် ဖြစ်ပေသတည်း။ (ခုဒ္ဒသိက္ခာဘာသာဋီကာ၊နှာ-၅၉၄)

**မရဏဿတိ ပွါးများပုံ။** ။ဤသို့ သေခြင်းတရားနှင့် ပတ်သက်၍ ရေးသားပြီး အချက်များကို စဉ်းစားဆင်ခြင် သူတော်စဉ်အပေါင်းတို့သည် ထိုသေခြင်းတရား ပွါးများရှုမှတ်ခြင်း၌ သဘောပေါက် အသိဉာဏ် ဆိုက်ရောက်လောက်ပေပြီဖြစ်၍ သေခြင်းတရား ပွါးများကြပါကုန်စို့။

၁။ အဓုဝံ မေ ဇီဝိတံ။ မေ၊ ငါ၏။ ဇီဝိတံ၊ ရုပ်နာမ်တွဲဘက် ဖြစ်တိုင်း ပျက်သော အသက်သည်။ အဓုဝံ၊ အကြိတ်အခဲ အမြဲမရှိပါတကား။

၂။ ဓုဝံ မေ မရဏံ။ မေ၊ ငါ၏။ မရဏံ၊ ခန္ဓာပျက်ပြုန်း အသက်ဆုံးရခြင်းသည်။ ဝါ-ခန္ဓာပျက်ကြွေ သေရခြင်းသည်။ ဓုဝံ၊ မြေလက်ခတ်နဲ မလွဲပုံသေ မြဲလှချေ၏တကား။

၃။ အဝဿံ မဃာ မရိတဗ္ဗမေဝ။ မဃာ၊ ငါသည်။ အဝဿံ၊ မချွတ်မယွင်း။ မရိ တဗ္ဗ မေဝ၊ တရွေ့တရွေ့ တနေ့နေ့ သေရမည်သာတည်း။

၄။ မရဏ ပရိယောသာနံ မေ ဇီဝိတံ။ မေ၊ ငါ၏။ ဇီဝိတံ၊ ရုပ်နာမ်နှစ်ချက် ဖြစ် တိုင်း ပျက်သည့် အသက်သည်။ မရဏ ပရိယောသာနံ၊ အမှန်မယွင်း သေခြင်း သာလျှင် အဆုံးရှိချေ၏တကား။

၅။ ဇီဝိတ မေဝ အနိယတံ။ ဇီဝိတ မေဝ၊ ရုပ်နာမ်နှစ်ချက် ဖြစ်တိုင်း ပျက်သည့် အသက်သည်သာ။ အနိယတံ၊ ဖြစ်ချည် ပျက်စဲ အမြဲမရှိပါတကား။

၆။ မရဏံ နိယတံ။ မရဏံ၊ တဘဝက်ရှိန် ကုန်သည့်ချိန်ဝယ် ဇီဝိန်ပျက်ကြွေ သေရ ခြင်းသည်။ နိယတံ၊ ကေန်မလွဲ မြဲလှချေ၏တကား။

ဤ မရဏာနုဿတိ ပွါးများပုံသည် ဓမ္မပဒ အဋ္ဌကထာ ဒု၊ ၁၁၁-၌ လာသော အတိုင်း ပြဆိုခြင်းတည်း။

ဤသို့ သေခြင်းတရားကို မပွါးများသောသူသည် လျှင်သော အဆိပ်ရှိသော မြွေကို တွေ့သောအခါ တုတ် လက်နက်မပါသဖြင့် ကြောက်ထိပ်လန့်သောသူကဲ့သို့ သေခါနီး အခါတွင် ကြောက်ထိပ်လန့်လျက်သေရ၏။

ပြဆိုအပ်ပြီးသည့်အတိုင်း သေခြင်းတရားကို ပွါးများသောသူသည် အဆိပ်ရှိသော မြွေကို တွေ့သောအခါ တုတ် လက်နက်ပါရှိသူသည် မကြောက်လန့်သကဲ့သို့ သေခါနီး အခါတွင် မကြောက်မလန့် မတွေ့မဝေ သေကြရ၏။

မြတ်စွာဗုဒ္ဓသည် အာဠဝီပြည် ဆွမ်းအနုမောဒနာ တရားကို ဟောရာ၌ ဆိုခဲ့ပြီးသော မရဏဿတိ သေခြင်းတရားတို့ကို နာကြားရသော တဆယ့်ခြောက်နှစ် အရွယ် ရက်ကန်းသည် တဦးသော အမျိုးသမီးသည် သုံးနှစ်တိုင်တိုင် ညဥ့်ရော နေ့ပါ ဤသေခြင်းတရားတို့ကို ပွါးများလေ၏၊ အခြားသူတို့ကား မိမိတို့၏ ကိစ္စဖြင့် အချိန်ကုန်၏၊ ဤအမျိုးသမီးကို အကြောင်းပြု၍ ဗုဒ္ဓမြတ်စွာသည် သုံးနှစ်ပြည့်သောအခါ အာဠဝီပြည်သို့ တဖန်ကြွလာ တော်မူကာ အမျိုးသမီးအား ပြဿနာလေးရပ် မေးတော်မူသည်ကို ဖြေစေတော်မူလျက် သာဓု ခေါ်တော်မူပြီးလျှင် —

အန္ဓဘူတော-အစရှိသော ဂါထာ ဒေသနာတော်၏ အဆုံးတွင် ထိုအမျိုးသမီးသည် သောတာပတ္တိဖိုလ်၌ တည်၍ သေသည့်၏ အခြားမဲ့ဝယ် တုသိတာနတ်ပြည်၌ ဖြစ်ရလေ၏။

မှတ်ချက်။ ။ဤအမျိုးသမီးသည် သုံးနှစ်တိုင်တိုင် အမြဲမပြတ် ပွါးများမှု အခြေခံ ရှိသောကြောင့် ဤမျှလျှင်မြန်စွာ တမဂ် တဖိုလ်ရလေ၏။

(ဓမ္မပဒ၊ ဋ္ဌ၊ ဒု-လောကဝဂ်၊ နှာ-၁၁၁-၅)

* ဝေဘူတောင်မျှ၊ ပမာပြ၊ အရိုးမကပြီ။
* မသွားဘဲနိုး၊ ထိုခရီး၊ မြေကြီး သုသာန်ပြည်။
* ဘဝတိုင်းသေ၊ သင်္ချိုင်းမြေ၊ ပွါးစေ ခဲ့လှပြီ။
* ငါ့ထက်ကြီးသူ၊ ငါ့အောက်လူ၊ ရွယ်တူ သေကြ များလှပြီ။
* ခဏမစဲ၊ အိုနာမြဲ၊ ကိုယ်လဲ သေဘက်နီးခဲ့ပြီ။
* မသေရမီ၊ ပါရမီ၊ ငါသည် ဖြည့်မှတော်တော့မည်။

သေခြင်းတရား ပွါးများပုံ ကို ဆက်လက် ပြဆိုပါဦးအံ့ —

၁။ မရဏံ မေ ဘဝိဿတိ၊ မရဏံ မေ ဘဝိဿတိ။
ငါ သေရဦးမည်၊ ငါ သေရဦးမည်၊ ဤသို့ တိုတို ရှုမှတ်ပွါးများနိုင်၏။

၂။ ဇီဝိတိန္ဒြိယံ မေ ဥပစ္ဆိဇ္ဇိဿတိ။
မေ၊ ငါ၏။ ဇီဝိတိန္ဒြိယံ၊ အသက်သမုတ် ဇီဝရုပ်သည်။ ဥပစ္ဆိဇ္ဇိဿတိ၊ ကေန်မလွဲ ချုပ်ပြတ်စဲရလိမ့်မည်တကား။

(ဝိသုဒ္ဓိ၊ ဌ၊ ၁၊ ၂၂၂။)

၃။ သဗ္ဗေ သတ္တာ မရဏဓမ္မာ။
သဗ္ဗေ သတ္တာ၊ လုံးစုံများစွာ သတ္တဝါတို့သည်။ မရဏဓမ္မာ၊ သေရခြင်း သဘောတရား ရှိကြကုန်၏။

၄။ သဗ္ဗေ သင်္ခါရာ ဘိဇ္ဇနဓမ္မာ။
သဗ္ဗေ သင်္ခါရာ၊ လုံးစုံများလှ ရုပ်နာမ်ဓမ္မ သင်္ခါရတို့သည်။ ဘိဇ္ဇနဓမ္မာ၊ ဖြစ်ပြီးက ပျက်စီးခြင်း သဘောတရား ရှိကြကုန်၏။

၅။ သဗ္ဗေ သင်္ခါရာ အနိစ္စာ ခယဝယဓမ္မိနော ဝ။
သဗ္ဗေ သင်္ခါရာ၊ လုံးစုံများလှ ရုပ်နာမ်ဓမ္မ သင်္ခါရဟူသမျှတို့သည်။ အနိစ္စာ၊ ဖြစ်ချည်ပျက်စဲ အမြဲမရှိပါကုန်စွတကား။ ခယဝယဓမ္မိနော ဝ၊ ချုပ်ပျောက်ကုန်ပြီး ပျက်စီးခြင်းသဘောလျှင် ရှိကုန်စွတကား။

၆။ အပရိမာဏေသု စက္ကဝါဠေသု တီသု ဘဝေသု အမရဏဓမ္မာ နာမ နတ္ထိ။
အပရိမာဏေသု၊ ဤရွေ့ ဤမျှ ဂဏန်းဖြင့် တိုင်းတာမရနိုင်ကုန်သော။ စက္ကဝါဠေသု၊ စကြဝဠာတို့၌။ တီသု ဘဝေသု၊ ကာမ, ရူပ, အရူပဟူသော

သုံးပါးကုန်သော ဘိုဘ၀တို့၌။ အမရဏဓမ္မော နာမ၊ မသေရခြင်းသဘော တရား မည်သည်။ နတ္ထိ၊ လူ့ဘုံ, နတ်ရောက် ပြဟ္မာပေါက်အောင် မွှေနှောက် ရှာဖွေ မရှိပါချေတကား။

(ဇာတ်အဋ္ဌကထာ၊ ဒု-တွဲ၊ ပဉ္စကနိပါတ်၊ ဉရဂဇာတ်၊ နှာ-၁၅၁)

ပဉ္စကနိပါတ်၊ ဉရဂဇာတ်၌ ဗရားလောင်း ပုဏ္ဏားကြီးသည် ဇနီး, သား, သမီး, ချွေးမ, ကျွန်မ တို့ကို သေခြင်းတရား၌ ကောင်းစွာပွါးများရမည့် အဖြစ်ကို ကြိုတင်ဆုံးမ သတိပေး ပြောဆိုထားသောကြောင့် ပြဆိုခဲ့ပြီးသော နည်းအတိုင်း သေခြင်းတရားကို ပွါးများထားကြသဖြင့် သား-မြေ့ ကိုက်သေရာ၌ တဦးမျှ မငိုကြွေးကြသည်ကို သိကြားမင်းသည် ခရီးသွားယောင်ဆောင်၍ မငိုကြွေးခြင်း၏ အကြောင်းကို အသီးအသီး မြေဆိုပြီးသည် အဆုံး၌ သင်တို့သည် မမေ့မလျော့ မရဏာနုဿတိ ကမ္မဋ္ဌာန်းကို ကောင်းစွာစီးဖြန်း ပွါးများကြကုန်၏။

ယနေ့မှစ၍ မိမိလက်ဖြင့် မလုပ်မကိုင်ကြဘဲ အရာရာ ပြည့်စုံအောင် ငါသည် သိကြားမင်းဖြစ်၍ မကုန် မခန်း နိုင်သော ပစ္စည်းဥစ္စာရတနာတို့ကို ပေးပြီးလျှင် သင်တို့သည် အလှူဒါနကို ပြုကြ, သီလကို ဆောက်တည်ကြ, ကုသိုလ်ကောင်းမှု၌ မမေ့မလျော့ကြနှင့်ဟု ဆုံးမ၍ တာဝတိံသာနတ်ပြည်သို့ ပြန်လေ၏။

မှတ်ချက်။ ။ဤဇာတ်တော်၌လည်း ဗရားလောင်း ပုဏ္ဏားကြီး၏ အဆုံးအမ အတိုင်း အားလုံးသေခြင်းတရား၌ ကောင်းစွာ ပွါးများကြကုန်ပြီး ဖြစ်သောကြောင့်–

၁။ သား သေမှုအတွက် တဦးတယောက်မျှ ပူဆွေးဒုက္ခ မရောက်ကြခြင်း၊

၂။ သိကြားမင်း၏ မကုန်မခန်းနိုင်သော ပစ္စည်းဥစ္စာ ရတနာတို့ကို ချီးမြှောက်ခံရခြင်း ဟူသော မရဏာနုဿတိ ဘာဝနာ၏ အကျိုးတရားများကို ခံစားရရှိကြရလေ၏။

ထို့ကြောင့် ဆိုအပ်ခဲ့ပြီး အနည်းနည်းသော မရဏဿတိ တရားတို့တွင် အားလုံးကို ဖြစ်စေ, မိမိတို့ကြိုက်နှစ်သက်ရာ တခုခုကိုဖြစ်စေ ကေန်မချွတ် ပွါးများ အားထုတ်ခြင်းငှါ အလွန်ကောင်းပါသည်။

ဤစာရေးသူ ဘုန်းကြီးကား-ရှေးဦးစွာ ဖေါ်ပြခဲ့သော 'အဓုဝံ မေ ဇီဝိတံ' စသည် တို့ကို ပုတီးတပတ်ကျစီ ပွါးများအားထုတ်ပါ၏၊ ထို့ကြောင့် ဤကျမ်းစာကို ဖတ်ရှုကြကုန်သော တရားချစ်ခင် သူတော်စင်တို့လည်း ဤကျမ်းစာကို ဖတ်ရှုရသော အခါမှစ၍ နိဗ္ဗာန်ရောက်သည့်အထိ ပွါးများအားထုတ်နိုင်ကြပါစေကုန်သတည်း။

## မရဏာနုဿတိ တရားလင်္ကာ

* မှတ်ကာစွဲယူ၊ များဖိုလ်လူတို့၊ နိဗ္ဗူမရ၊ ဆင်းရဲကြလိမ့်။

လောကသုံးခွင်၊ ဘုံအပြင်ဝယ်၊ ဖြစ်လျှင် ပျက်မြဲ၊ မှန် မလွဲတည်း။

သုံးစွဲဘိုရာ၊ မြတ်ဥစ္စာကို၊ ကြမ္မာကံပေး၊ ရပြန်သေးလည်း၊ ပျက်ရေးတဖန်၊ တွေ့ကြုံပြန်၏။

ချစ်လှိုဝေဝေ၊ ချစ်သူတွေနှင့်၊ ချစ်လေသမျှ၊ ပေါင်းဖေါ်ကြလည်း၊ ကွဲရမည်မှာ၊ မလွဲသာတည်း။

ရှည်စွာအသက်၊ တည်ရှိလျက်လည်း၊ ပုခက်နှင့်ပေ၊ ဝေးလေလေ၍၊ နီးလေပျဉ်ခေါင်း၊ အမှန်အောင်းလိမ့်။ အကြောင်းမလျော်၊ သုံးရက်ကျော်က၊ ပုပ်စော်ညှီနံ၊ ရန်တွေ့ပြန်သို့၊ အမှန်ချစ်သူ၊ မကပ်မူဘဲ၊ လျစ်လျူရှုသုံး၊ တကယ်မုန်း၏။

နောက်ဆုံးရောက်ခါ၊ မြို့ပြည်ရွာနှင့်၊ ဆွေညာအများ၊ စွန့်ပယ်ထား၍၊ သွားရအပြီး၊ လူမနီးသည့်၊ တောကြီးဆိတ်ညံ၊ မြေသုသာန်ဝယ်၊ မြှုပ်နှံဘိခြင်း၊ ခြောက်ပေတွင်း၌၊ စင်းစင်းအိပ်ကာ၊ မလွဲသာဘဲ၊ နေရနဲ့ကို၊ စွဲမြဲ၍သာ၊ ဆင်ခြင်ပါတော့။

သင်္ခါရမြုံ၊ လောကီဘုံ၌၊ ခိုလှုံဝင်စံ၊ ပုထုဇန်တို့၊ လောကဓံလွတ်ကြောင်း၊ လမ်းကောင်းမဂ္ဂင်၊ ရှစ်အင်ဓမ္မ၊ အဝဝကို၊ နေ့ညမကွာ၊ ကြိုးစားရာသည်၊ ခေမာရောက်မှ အေးမည်တည်း။

(မှတ်ချက်။ ။လယ်တီဆရာတော်ဘုရားကြီး ရေးသားတော်မူသည်။)

× × × ×

# ဝိပဿနာဘာဝနာ ဒေသနာ

## (အနာထ ပိဏ္ဍိကောဝါဒသုတ်)

မဇ္ဈိမနိကာယ်၊ ဥပရိပဏ္ဏာသ ပါဠိတော်, အဋ္ဌကထာ,ဋီကာတို့၌ လာရှိသောအတိုင်း အလွန်မှတ်သား ပွါးများထိုက်လှသော ဝိပဿနာ တရားမျိုးဖြစ်၍ အားထုတ်ရေးသား ပြဆိုပါအံ့။

တနေ့သောအခါ ဇေတဝန်ကျောင်း ဒကာဖြစ်သော အနာထပိဏ်သူဌေးကြီးသည် အလူးအလဲ အသဲအသန် ပြင်းထန်လှစွာ ရောဂါဝေဒနာ နှိပ်စက်ဖိစီးလာပါသည်၊ ထိုအခါ ကျောင်း ဒကာကြီးသည် ယောကျ်ားတယောက်ကို ခေါ်၍ —

"အမောင် ယောကျ်ား-သင်သည် ငါ၏ ကိုယ်စား မကျန်းမာကြောင်းနှင့် တကွ လျှောက်ထား၍ မြတ်စွာဗုဒ္ဓအားရှိခိုးပါလေ"၊ ထို့နောက် အရှင်သာရိပုတ္တရာထံမှောက်သို့ အရောက်သွား၍ "ကျောင်းဒကာ အနာထပိဏ် သူဌေးကြီးသည် ပြင်းပြင်း ထန်ထန် အသည်းအသန် မကျန်းမမာမှု နှိပ်စက်ဒဏ် ခံနေရပါသဖြင့် အရှင်ဘုရားသည် ကျောင်း ဒကာ သူဌေးကြီးအိမ်သို့ သနားမှုကို အကြောင်းပြု၍ ချီးမြှောက် ကြွရောက်တော် မူစေ လိုပါကြောင်း သူဌေးကြီးက တပည့်တော်အား အပင့်လွှတ်ပါသည်" ဟု လျှောက်ထား ပင့်ဆောင်ရန် မှာကြား စေလွှတ်လိုက်၏။

အရှင်သာရိပုတ္တရာ မထေရ်သည်လည်း ထိုသို့ လျှောက်ထားသောအခါ ဝန်ခံတော် မူသော အနေဖြင့် ဆိတ်ဆိတ် သီတင်းသုံးတော်မူလျက် ညနေချမ်းသို့ ရောက်သောအခါ အရှင်အာနန္ဒာကို ခေါ်၍ အရှင်အာနန္ဒာနှင့်အတူ အလွန် မကျန်းမမာ ဖြစ်နေသော အနာထပိဏ်သူဌေးကြီးအိမ်သို့ ကြွရောက်တော်မူလာကြပါသည်၊ အသင့် စီမံ ခင်းကျင်းထားသော နေရာ၌ သီတင်းသုံးတော်မူကြ၍ အရှင်သာရိပုတ္တရာက —

'ဒါယကာ အနာထပိဏ်သူဌေး-ယခုအခါ သင်သည် အဘယ်သို့နည်း၊ ဥတုဒဏ် ခံနိုင်ပါရဲ့လား, ဣရိယာပထ မျှတမှုရှိပါရဲ့လား, သင်၏ ရောဂါဝေဒနာသည် ရှေ့သို့ တိုးတက်မည့် အခြင်းအရာ ရှိပါသလား, နောက်သို့ ဆုတ်မည့်အကြောင်းအရာ ရှိပါသလား' ဟု မေးတော်မူရာ အနာထပိဏ်သူဌေးက

"ဥတုဒဏ် မခံနိုင်ပါကြောင်း" စသည်နှင့်တကွ "တပည့်တော်၏ ဦးခေါင်း၌ အားရှိသော ယောကျ်ားက စူးဖြင့် ထိုးဆွနေသကဲ့သို့ရှင်း, ခေါင်းကို သားရေကွင်းကြီးပတ်၍ အားရှိသော ယောကျ်ားသည် တုတ်ဖြင့်လျှို၍ တအားလှည့်နေသကဲ့သို့ရှင်း ခေါင်းကိုက် ရောဂါဆင်းရဲစွာခံနေရပါကြောင်း" စသည်ကို လျှောက်ထားသောအခါ အရှင်သာရိပုတ္တရာ မထေရ်မြတ်ကြီးသည် သေအောင်နှိပ်စက်မည့် ရောဂါဝေဒနာဖြစ်ကြောင်း, တားဆီးမရနိုင် ကြောင်း သိတော်မူ၍ အခြားအကျိုးမရှိသောစကားများကို မမိန့်ကြားဘဲ ကျောင်းဒကာ ကြီးအား အကျိုးများမည့် ဝိပဿနာတရားတို့ကိုသာ ဟောတော်မူပါသည်။

ထိုဟောတော်မူသော တရားတော်တို့မှာ ဒွါရခြောက်ပါး၊ အာရုံခြောက်ပါး၊ ဝိညာဏ်ခြောက်ပါး၊ ဖဿခြောက်ပါး၊ ဝေဒနာခြောက်ပါး၊ အစရှိသော အလွန်လေးနက်လှသော ကိုးမျိုးသော ဝိပဿနာ တရားတို့ကို ပွါးများအားထုတ်ရန် ကျောင်းဒကာအား ဟောကြားတော်မူသည်ကို နာရသဖြင့် အဆိုပါ ရောဂါဝေဒနာတွေ ပျောက်ကင်းသွားပါသည်၊ သို့ရာတွင် အရှင်သာရိပုတ္တရာ မထေရ်မြတ်ကြီး၏ တရားဟောပြီးသောအဆုံး၌ အနာထပိဏ်သူဌေးကြီးသည် မျက်ရည်တွေယိုစီး ရှိုက်ကြီးတငင် အလွန်လျှင် ပင်ပန်းကြီးစွာဖြင့် ငိုကြွေးပါတော့သည်။

ထိုအခါ ရှင်အာနန္ဒာ မထေရ်မြတ်က "ဒါယကာသူဌေး သင်သည် မိမိစည်းစိမ်ဥစ္စာစသည်များ၌ တွယ်တာငြိကပ် နေလို့လား၊ ကုသိုလ်စိတ်များ တွန့်ဆုတ်နစ်သွားလို့လား" ဟု မေးတော်မူရာ "မဟုတ်ပါကြောင်းဘုရား၊ အရှင်ဘုရား အာနန္ဒာ-ဘုရားတပည့်တော် သိပါသည်" ဟု လျှောက်ထား၍ အနာထပိဏ်သူဌေးက လျှောက်ထားသည်မှာ "ဘုရားတပည့်တော်သည် ဇေတဝန်ကျောင်းတော်သို့ တနေ့တကြိမ်၊ နှစ်ကြိမ်၊ သုံးကြိမ်တိုင် သွားရောက်၍ မြတ်စွာဘုရားကိုလည်း လေးစားစွာ ဆည်းကပ်ပါသည်၊ စိတ်ကို နှစ်သက်ပွါးများမှုကို ဖြစ်စေတတ်သော အဂ္ဂသာဝက၊ မဟာသာဝက ရဟန္တာ အရှင်မြတ်ကြီးများထံသို့လည်း အကြိမ်ကြိမ် လေးစားစွာ ဆည်းကပ်ခဲ့ပါ၏၊ သို့ပါသော်လည်း ဘုရားတပည့်တော်သည် ယခု ဟောကြားသော တရားမျိုးကို မနာကြားရခဲ့ဘူးပါ၊ ယခု သေခါနီးဖြစ်သောအခါ၌သာ နာကြားရလေခြင်း-ဟု ဝမ်းနည်းပြီး ငိုမိခြင်းဖြစ်ပါသည်" ဟု လျှောက်ထားသည်။

အရှင်အာနန္ဒာ မထေရ်မြတ်က "ဒါယကာသူဌေး - ဤသို့သဘောရှိသော တရားတော်များမှာ ခက်ခဲလေးနက်၍ အဝတ်ဖြူဝတ်သော လူတို့ဉာဏ်၌ မထင်မမြင်နိုင်၊ ရဟန်းတော်တို့အားသာ ထင်မြင်နိုင်၏၊ ဤနေရာ၌ ယခုလို တရားမျိုးကို သင် သူဌေးအား ဘုရားဟောကြားဘူးပါသည်၊ သို့ရာတွင် ဒွါရခြောက်ပါး၊ အာရုံခြောက်ပါး စသည်အားဖြင့် သက်ဆိုင်ရာကိုသာ ထည့်သွင်းဟောကြားတော်မူပါသည်၊ ယခုလို စုပေါင်း၍ အများလက်ခံနိုင်မည်မဟုတ်သဖြင့် အားလုံးတို့ကို တကြိမ်တည်း ဟောတော်မမူခြင်းဖြစ်ပါသည်။

တနည်းအားဖြင့်-သင်သူဌေးသည် ဘုရားလောင်းတမျှ ဒါနအရာ၌သာ ညွတ်ကိုင်းခြင်း၊ ဒါန၌သာ မွေ့လျော်ခြင်း၊ ဒါနဇ္ဈာသယ=ဒါန၌သာ အလိုအဇ္ဈာသယများစွာ ဆန္ဒရှိသည်ဖြစ်၍ မြတ်စွာဘုရားသည် ဒါနကထာ=ဒါနတရားကိုသာ များသောအားဖြင့် (၂၄) နှစ်တိုင်ပတ်လုံး သင်သူဌေးအား ဟောကြားတော်မူပါသည်" ဟု ရှင်အာနန္ဒာက မိန့်တော်မူသည်၊ အနာထပိဏ်သူဌေးသည် ဤ တရားမျိုးကို အဝတ်ဖြူဝတ်သူ လူတို့အားလည်း ဟောကြားတော်မူပါ၊ မဟောပါက ထိုတရားမျိုးကို နာကြားရခြင်းမှ ဆုတ်ယုတ်ပျက်စီးကြပါလိမ့်မည်၊ တရားတော်ကို သိစွမ်းနိုင်သော ဉာဏ်ရှိသော သူတို့လည်း ရှိကြပါလိမ့်မည်ဟု လျှောက်ထားတောင်းပန်၏၊ အရှင်သာရိပုတ္တရာ၊ အရှင်အာနန္ဒာတို့ ကြွသွားပြီးနောက် မကြာမီပင် စုတေ သေလွန်၍ တာဝတိံသာ နတ်ပြည်၌ အိပ်သော ယောကျ်ား နိုးသောလားသို့ အနာထပိဏ် နတ်သားဖြစ်လေသတည်း။

ဝိပဿနာ ကိုးတန်။ ။ကျောင်းဒကာ အနာထပိဏ် သူဌေးကြီး၏ တောင်းပန်ချက်အရ ဘဝင်္ဂံဟောင်းထောက်မ နာကြားကြရ ဝိပဿနာရှုပွါးရမည့် ထို တရားများ၏ ခေါင်းစဉ်ကား—

* ဒွါရခြောက်ပုံ၊ အာရုံခြောက်ပင်၊ ဝိညာဉ်ခြောက်ပါး၊ ခြောက်ကား ဖဿ၊
ခြောက်ဝ ဝေဒနာ၊ ဓာတ်ခြောက်ဖြာနှင့်၊ ခန္ဓာငါးဝ၊ အရူပစျာန်၊ဒိဋ္ဌစရှိ၊
နုစရိတံ၊ ပြီးဆုံးမှန်သည်၊ ကိုးတန် ဝိပဿနာ တရားတည်း—

ဤကား ဒွါရ ခြောက်ပါး စသည်တို့၏ ခေါင်းစဉ်ကို ဖေါ်ပြခြင်းသာဖြစ်၏။
(မ၊ ၃၊ ၃၀၁-၅။ မ၊ ၅၊ ၄၊ ၂၂၉၊ ၂၃၀။)

အာယတန ၁၂ ပါးလင်္ကာ—

* ထွေထွေ လာလာ၊ များတကာတို့၊ တည်ရာစုရာ၊ သက်ရောက်ရာကို၊ **အာယ
တန**၊ ခေါ်ဆိုကြ၏၊ ဌာန,ကာရဏ၊ စသည်အနက်၊ အများထွက်၏။ စက္ခု,
သောတ၊ ဃာန,ဇိဝှါ၊ ကာယာ,မနော၊ သဘောတရား၊ ဤခြောက်ပါးမူ၊
ကိုယ်တွင်းဟူဘိ၊ အဇ္ဈတ္တိက၊ အမည်ရ၏။ ရူပ,သဒ္ဒါ၊ ဂန္ဓာ,ရသ၊ ဖောဋ္ဌဗ္ဗ
နှင့်၊ ဓမ္မဟူသည်၊ ဤခြောက်မည်ကား၊ **ဗာဟိရာယတန**၊ အမည်ရ၏။ မန
မှာမူ၊ ခြောက်ဖြာ ဝိညာဉ်၊ ဓမ္မတွင်မူ၊ အစဉ်ပါလစ်၊ ရှေ့ဆယ့်တစ်မှ၊ ကျန်
သမျှတည်း။ အာဒိတ္တသုတ်၊ ဖေါ်ပြထုတ်မူ—

'စက္ခု ဘိက္ခဝေ အာဒိတ္တံ၊ ကေန အာဒိတ္တံ၊ ရာဂဂ္ဂိနာ အာဒိတ္တံ၊
ဒေါသဂ္ဂိနာ အာဒိတ္တံ၊ မောဟဂ္ဂိနာ အာဒိတ္တံ၊ ဇာတိယာ၊ ဇရာယ၊
မရဏေန၊ သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿုပါယာသေဟိ
အာဒိတ္တန္တိ ဝဒါမိ၊သောတံ အာဒိတ္တံ၊ဃာနံ အာဒိတ္တံ၊ဇိဝှါအာဒိတ္တာ၊
ကာယော အာဒိတ္တော၊ မနော အာဒိတ္တော၊ ရူပါ အာဒိတ္တာ၊ သဒ္ဒါ
အာဒိတ္တာ၊ ဂန္ဓာ အာဒိတ္တာ၊ ရသာ အာဒိတ္တာ၊ ဖောဋ္ဌဗ္ဗာ အာဒိတ္တာ၊
ဓမ္မာ အာဒိတ္တာ၊ ကေန အာဒိတ္တာ၊ ရာဂဂ္ဂိနာ အာဒိတ္တာ၊ ဒေါသဂ္ဂိနာ
အာဒိတ္တာ၊ မောဟဂ္ဂိနာ အာဒိတ္တာ၊ ဇာတိယာ၊ ဇရာယ၊ မရဏေန၊
သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿုပါယာသေဟိ အာဒိတ္တာတိ
ဝဒါမိ'၊ (သံ၊ ၂၊ ၂၅၁)

ပါဠိတော်လှစ်၊ နည်းဆယ့်တစ်ကို၊ ဆယ့်နှစ်အာယတန၊ မြောက်ပွါးကမူ၊
တရာ့သုံးဆယ်၊ နှစ်ပါးကယ်သား၊ အကျယ်မီးပေါင်း၊ ပေါင်းတုံ ချောင်း
သည်၊ ထောင်းထောင်း တောက်လောင်မစဲတည်း။ ။

လယ်တီ ဆရာတော်ဘုရားကြီး ရေးသားတော်မူသော ဤ လင်္ကာ၏ သဘော အဓိပ္ပါယ်တို့ကို အကျယ်အားဖြင့် ထင်ရှားစွာ သိရအောင် ရှင်းလင်းပြဆိုပါအံ့။

အာယတန ဆိုသည်ကား လူအများတို့သက်ရောက်ရာ လှေဆိပ်ကြီး, သင်္ဘောဆိပ်ကြီး, ဈေးရုံကြီး, ဇာတ်ရုံကြီးများကဲ့သို့ တယောက်သောသူ၏ ကိုယ်ခန္ဓာမှာ ဆိုင်ရာဆိုင်ရာ အာရုံတရား, အာရုံယူသော တရားတို့၏ တည်ရာ စုဝေးရာ သက်ရောက်ရာဖြစ်သော အနက်ကို ဆိုသည်။

တနည်း – လူအစရှိသော သတ္တဝါအများတို့၏ ပေါင်းစုရာ သာယာစိုပြေသော အရပ်ဝယ် ပညောင်ပင်ကြီးတပင် ပေါက်နေတယ်ဆိုပါတော့၊ ထို ပညောင်ပင်ကြီးကို ငှက်အပေါင်းတို့ စုပေါင်းလာရောက် မှီခိုနေကြသည့်အလား သဒ္ဓါတရားရှိသော ဥပါသကာ ဥပါသိကာတို့ကိုလည်း ပေဟန္တာတိုင်အောင် သူတော် သူမြတ် အလှူခံပုဂ္ဂိုလ်တို့က မှီခိုကြရသည်၊ ထိုသို့ပေါင်းဆုံစုဝေးရာ အနက်ကို ဟောသောကြောင့်လည်း အာယတနဟု ဆိုရပါသည်။ (အင်္ဂုတ္တိုရ် ပဉ္စကနိပါတ် သုမနဝဂ် သဒ္ဓသုတ်၊ နှာ-၃၆။)

ဤမှတပါး အာယတန (၁၂) ပါးတို့၏ အကြောင်းအရာကို အကျယ် ဝေဘန်ရာ ဖြစ်သော (သမ္မောဟ ဝိနောဒနီ အဋ္ဌကထာ အာယတန ဝိဘင်း၄၂၅) ဤ စက္ခု,သောတ စသော (၁၂)ပါးသော အာယတန တရားတို့ကို ထို ဒွါရ,အာရုံ၌ဖြစ်သော စိတ်,စေတသိက် တရားများကို ချဲ့ထွင်တတ်သောကြောင့်ရင်း၊ မိမိတို့ ကိစ္စဖြင့် စိတ်, စေတသိက်များကို စေ့ဆော်အားထုတ်တတ်သောကြောင့်ရင်း၊ အနမတဂ္ဂ သံသရာမှငြ အလွန်ရှည်လျားလှ စွာသော ကာလပတ်လုံး အလွန်အကဲ သံသရာဝဋ်ဆင်းရဲကို ဆောင်တတ် ဖြစ်စေတတ်သော ကြောင့်ရင်း အာယတနဟု ခေါ်ဆိုရပြန်ပါသည်။ ထို အာယတန (၁၂)ပါးတို့တွင် –

## ဒွါရ ၆-ပါး

**အဇ္ဈတ္တိကာယတန ၆-ပါး။** ။စက္ခု, သောတ, ဃာန, ဇိဝှါ, ကာယ, မန=မျက်စိ, နား, နှာ, လျှာ, ကိုယ်, စိတ်-ဤ (၆) ပါးတို့ကို ခန္ဓာကိုယ်၏ အတွင်းသန္တာန်၌ ဖြစ်သောကြောင့်ရင်း၊ အခြားအာယတနတို့ထက် ခန္ဓာကိုယ်အား အလွန် အကဲအားဖြင့် ထူးခြားစွာ ကျေးဇူး ပြုတတ်သောကြောင့်ရင်း အဇ္ဈတ္တိကာယတန အတွင်း အာယတန ခြောက်ပါးဟု ဆိုရပါသည်။

**ကျေးဇူးများပုံ** ဥပမာ စက္ခုနှင့် သောတ၊ မျက်စိနှင့် နားတို့က သူတို့သာမရှိခဲ့ပါလျှင် သင်ခန္ဓာကိုယ်ကြီးသည် ဖွဲ့နှင့်ထင်တုံး ငှက်ပျောတုံးတမျှ အသုံးမကျ အချည်းနှီးဖြစ်ခဲ့လေ ရာ၏၊ ယခုမူကား ငါတို့ စက္ခု, သောတ တို့၏ ကျေးဇူးပြုမှုကြောင့် အရာရာကိစ္စတွေ ပြီးစီး နေပေပြီ။ (ကျန် ဃာန စသည်တို့ အတွက်လည်း နည်းတူပင်ဖြစ်၍)

(ဠိကာကျော် ၂၀၃)။

ဤသို့ စက္ခုနှင့် သောတ တို့မှာ ခန္ဓာကိုယ်၌ အရေးအကြီးဆုံးသော တရားများ ဖြစ်ပေ၏၊ ရူပဘုံ၌ ရှိသော ရူပ ဗြဟ္မာကြီးတို့ပင်သော်လည်း ဃာန, ဇိဝှါ, ကာယ ပသာဒတို့ကို ကာမရာဂအတွက်သာဖြစ်၍ ဘာဝနာဖြင့် ပယ်ခွါကြသည်၊ ထိုသို့ ပသာဒ ကိုသာ ပယ်ခွါသဖြင့် ဗြဟ္မာကြီးများမှာ နှာခေါင်း, လျှာ, ခန္ဓာကိုယ် ပုံဟန်သဏ္ဍာန်ကား ရှိကြသည်သာဖြစ်၏၊ အဆိုပါ စက္ခုနှင့် သောတတို့ကိုကား ဗြဟ္မာကြီးများက ဗုဒ္ဓဖူးမြင် ရခြင်း, တရားတော်နာရခြင်းအကျိုးငှါ ဘာဝနာဖြင့် ပယ်ခွါမှုကို မပြုကြဘဲ ချန်လှပ်ထားပေသည်။

ယခုအခါ ဗုဒ္ဓကို ဖူးမြင်ရခြင်း, သံဃာတော်ကို ဖူးမြင်ရခြင်းဟု ဆိုအပ်သော မြင်ရခြင်း တကာတို့ထက် အမွန်မြတ်ဆုံး, အသာလွန်ဆုံး, အထူးချွန်ဆုံး မြင်ရမှုကို **ဒဿနာ နုတ္တရိယ** ဆိုသည်၊ တရားတော်ကို ကြားနာရခြင်းဟု ဆိုအပ်သော ကြားနာရခြင်း တကာ တို့ထက် သာလွန်မွန်မြတ် ထူးကဲသော ကြားနာရမှုကို **သဝနာနုတ္တရိယ** ဟု ဆိုရသည်။

ထို့ကြောင့် သတ္တဝါတို့သန္တာန်၌ ဤ စက္ခုနှင့်သောတ မျက်စိနှင့် နားတို့ကို ရရှိ လာခြင်းသည် ဆိုအပ်ပြီးသော ဒဿနာနုတ္တရိယ, သဝနာနုတ္တရိယ တရားထူးနှစ်ပါးကို ရရှိ ခြင်းကြောင့် အဘိုးမဖြတ်နိုင်သော လာဘ်ကောင်းကြီးတခုကို ရရှိနေခြင်းပင် ဖြစ်ပေ သတည်း။ (ဤကား-အဇ္ဈတ္တိကာယတန ၆-ပါးတည်း)

## အာရုံ ၆-ပါး

**ဗာဟိရာယတန ၆-ပါး။** ။ရူပ, သဒ္ဒ, ဂန္ဓ, ရသ, ဖောဋ္ဌဗ္ဗ, ဓမ္မ=အဆင်း, အသံ, အနံ့, အရသာ, အတွေ့, သဘော ဤ အာယတန ခြောက်ပါးတို့ကို ခန္ဓာကိုယ်၏ အပြင်ပ၌သာ ဖြစ်သည် မဟုတ်သော်လည်း လောက၌ မိမိအဘို့ ကျေးဇူး မများတဲ့လူကို အပြင်လူဟု ဆိုရသကဲ့သို့ ခန္ဓာကိုယ်၌ စက္ခုပသာဒ စသည်တို့လောက် ကျေးဇူး မများ မထင်ရှားသဖြင့် ပြင်ပ ဗာဟိရာယတနဟု ရုဋ္ဌိအားဖြင့် ဆိုရသည်၊ ဤကား အာယ တန ၁၂-ပါး အကျဉ်းတည်း။

## အာယတန ၁၂-ပါး

**မီး ၁၁-ပါး လောင်ပုံ။** ။ဤ မျက်စိအကြည်ဟု ခေါ်ဆိုအပ်သော စက္ခုကို တပ်စွဲမှု **ရာဂ** မီး၊ မုန်းတီးမှု **ဒေါသမီး**၊ မသိ မိုက်မဲမှု **မောဟမီး**၊ ထို စက္ခု၏ ဖြစ်မှု ဥပါဒ်ဟု ဆိုအပ်သော **ဇာတိ** မီး၊ ဖြစ်ပြီးနောက် ဌီ ဟု ဆိုအပ်သော ရင့်ရော်မှု **ဇရာ** မီး၊ အရှည်မတည်ဘဲ ပျက်စီးခြင်း ဘင် ဟု ဆိုအပ်သော **မရဏမီး**၊ အိုး၏ အတွင်း၌ ပြင်းထန်စွာ ဆီ စသည်တို့ကို ချက်ရာ၌ ထို ဆီ စသည်တို့မှာ ပြင်ပသို့ မထွက်သကဲ့သို့ အတွင်း၌သာ စိုးရိမ် ပူလောင်နေခြင်းသဘောကို **သောကမီး** ဟု ဆို၏၊ ထို သောကမီးလည်း စက္ခုကို လောင် နေ၏၊ ပရိဒေဝမီး ဆိုတာ အိုး၏ အတွင်း၌ ဆီစသည်တို့မှာ အလွန်ပြင်းထန်စွာ ပူလောင် နေခြင်းကြောင့် ဆီသည် အတွင်း၌ မတည်နိုင်ဘဲ အပြင်သို့ လျှံထွက်ကျလာသကဲ့သို့ အချိန်

ကာလမရွေး ဘဝဆွေးအောင် အတွင်း၌ မျိုသိပ်မထားနိုင်ဘဲ ဟစ်အော် ငိုကြွေးခြင်း **ပရိဒေဝမီး**လည်း လောင်နေ၏၊ ဒုက္ခ ကိုယ်၏ဆင်းရဲမှု **ကာယိက ဒုက္ခ**မီး၊ ဒေါမနဿ စိတ်၏ ဆင်းရဲ နှလုံး မသာယာမှု **စေတသိက ဒုက္ခ**မီးလည်း လောင်နေ၏၊ အိုး၏အတွင်း၌ ချက်နေသောဆီကို အောက်မှ မီးအလွန်ပြင်းသဖြင့် ထိုဆီသည် အိုးအတွင်း၌ပင် အလိုလို ခန်းခြောက်သွားသကဲ့သို့ အလွန်ကြီးစွာ ဆင်းရဲပင်ပန်း လောင်ကျွမ်းခြင်းဟူသော **ဥပါယာသ** မီး-ဤ တဆယ့်တသီးသောမီးတို့သည် အဆိုပါ စက္ခုကို (၀၁)စက္ခာယတနကို တညီးညီး တပြောင်ပြောင် တောက်လောင်အပ်၏။

ထိုမီးတဆယ့်တပါးတို့တွင် ပရိဒေဝမီးသည် စိတ္တဇ ဝိပလ္လာသ သဒ္ဒဖြစ်၍ ရုပ်တရားဖြစ်၏၊ ရာဂ,ဒေါသ,မောဟ,သောက,ဒုက္ခ,ဒေါမနဿ,ဥပါယာသ ဤ (၇)ပါးတို့က နာမ်တရားဖြစ်၏၊ ဇာတိ,ဇရာ,မရဏ မီးသုံးပါးသည် ရုပ်နာမ်နှစ်ပါးဖြစ်၏၊ ထိုမီးများအလောင်ခံနေရမှုကြောင့် သာယာနှစ်သက်ဘွယ်မရှိသော မျက်စိအကြည်ခေါ် စက္ခုကို တဏှာဂါဟဖြင့် ငါ့ဥစ္စာဟူ၍ မစွဲလမ်းအပ်၊ ထိုမျက်စိကို ငါဘဲဟု မာနဖြင့်လည်း မစွဲလမ်းအပ်၊ ထိုမျက်စိကိုအတ္တ ဇီဝ အသက် လိပ်ပြာ ဝိညာဉ်ကောင် သူအကောင် ငါအကောင် ထင်ယောင်ထင်မှား ဒိဋ္ဌိအားဖြင့်လည်း မစွဲလမ်းအပ်၊ မစွဲလမ်းသင့်ပေ၊ ထိုစက္ခုနှင့် ပတ်သက်၍ ငါ၏ သန္တာန်၌ သိမ်မွေ့သော နိကန္တိ တဏှာလောဘနှင့်ယှဉ်သော အကုသိုလ်စိတ် ဝိညာဉ်မဖြစ်ရအောင်လည်း အထူး ထိန်းသိမ်း သတိပြုကြရမည်၊ ကြွင်း သောတ အစရှိသော တဆယ့်တပါးသော အာယတနတို့ကိုလည်း အဆိုပါ တဆယ့်တသီး မီးတို့သည် နေ့မစဲ ညမစဲ အမြဲလောင်လျက်ရှိပုံ, အလားတူ တဏှာ,မာန,ဒိဋ္ဌိတို့ဖြင့် မစွဲလမ်းသင့်ပုံ၊ အကုသိုလ် စိတ်ဝိညာဉ် မဖြစ်ရအောင် ထိန်းသိမ်းရပုံ ဆိုအပ်ပြီး နည်းကိုမှီး၍ သိကြကုန်ရာ၏။

**မီး ၁၁-ပါး လက်ာ —**

* သူသူ ငါငါ၊ ဖြစ်လေရာဝယ်၊ ဦးစွာကြိုဆီး၊ ဇာတိမီးက၊ အပြီးပုံသေ၊
လောင်မြိုက်လေ၏၊ မသေ့တသီး၊ ဇရာမီးလည်း၊ အပြီးနောက်မှာ၊ ကပ်
လျက်ပါ၏၊ မကွာစေရ၊ မရဏဟု၊ တဘဝဖျက်ဆီး၊ လောင်သည့်မီးလည်း၊
ညီးညီးပြောင်ပြောင်၊ အမြဲလောင်၏၊ လောင်ပုံလောင်အား၊ မထင်ရှား
လည်း၊ နုထွားပျိုမြစ်၊ အရွယ်ဖြစ်သော်၊ အချစ်ရာဂ၊ မီးတွေ့ထ၍၊ ဒေါသ
ထန်ပြင်း၊ မောဟညှို့ဦး၏၊ မကင်းနိုင်အောင်၊ ထို့နောက် နောင်လည်း၊
ပြောင်ပြောင်ညီးညီး၊ သောကမီးကြောင့်၊ ဝမ်းနည်းဘွယ်တွေ့၊ အထွေထွေ
ဖြင့်၊ ပရိဒေဝ၊ ငိုကြွေးရလျက်၊ ဒုက္ခလည်းထပ်၊ ဒေါမနဿနှင့်၊ ဆက်စပ်
မကွာ၊ ဥပါယာသ၊ လွန်ပြင်းပြ၍၊ သက်မျှမရှူ၊ တက်အောင်ပူသည်၊
ဆူဆူမီးတောက် ဆယ့်တစ်တည်း။

ဇာတိဒုက္ခ။ ။'ဇာတိပိ ဒုက္ခာ' ဤဓမ္မစကြာ ဒေသနာတော်အရ ဤနေရာဌာန၌ အမိဝမ်းခေါင်း ဆယ်လညောင်းအောင် ကိန်းအောင်းခဲ့ရသော ပဋိသန္ဓေတည်နေရမှုသည် ဆင်းရဲစစ် ဆင်းရဲမှန် ဧကန်ဖြစ်၍ ဒုက္ခသစ္စာမည်ကြောင်းကို သိသင့်သိထိုက်လှသည်ဖြစ်၍ ဇာတိမီး လောင်ရပုံနှင့်တကွ သန္ဓေဆောင်သူ မိခင်ကြီး့ငယ်များပါ မှတ်သား နှလုံးသွင်းရမည့်အပြင် မိမိတို့ ပဋိသန္ဓေတည်နေ ကိန်းအောင်းခဲ့ရသော ဒုက္ခသစ္စာ ဝဋ်မီးစာကို မောဟတရား ဖုံးလွှမ်းထားသဖြင့် အများသူငါ မေ့ပျောက်၍ နေကြလေသည်။

အကယ်၍ ထို မိမိတို့ ဇာတိဒုက္ခတွေ့ခဲ့ရပုံကို မမေ့မပျောက်ပါလျှင် စားဝင်အိပ်ပျော် ဖြစ်နိုင်စရာ အကြောင်းပင် မရှိပါချေ၊ ထို့ကြောင့် အမြွက်မျှ ဆက်လက်ပြဆိုပါအံ့။

အမိဝမ်းခေါင်း၌ ရှေးဦးစွာ ရုပ်သစ်, နာမ်သစ်တရားတွေ ဖြစ်ပေါ်မှုကို ဇာတိ ဟု ဆိုရသည်၊ ရုပ်တရားတို့ ရှေးဦးစွာ ဖြစ်ပေါ်မှုကို ရုပ်၏ ဇာတိ, နာမ်တရားတို့ ရှေးဦးစွာ ဖြစ်ပေါ်မှုကို နာမ်၏ ဇာတိ-ဤသို့ ဇာတိနှစ်မျိုးရှိသည်၊ ထို ရုပ်သစ်, နာမ်သစ် အစ ရှေးဦးစွာ ဖြစ်ခြင်းဟူသော ပဋိသန္ဓေ တည်နေရသူမှာ အမိဝမ်းခေါင်း၌ အမိ၏ အစာဟောင်းအိမ်၌ ထိုင်၍ အစာသစ်အိမ်ကို ခေါင်းဖြင့်ရွက်လျက် —

* "စာသစ် စာကျက်၊ အောက်ထက်ဝန်းရံ"

ဆိုသည့်အရ နေရပေသည်။

ကြာပဒုမ္မာ, ကြာပုဏ္ဍရိက်စသော နှစ်သက်ဘွယ်ကောင်းသော အနံ့ရှိသော သန့်ရှင်းသောဌာန၌ ဖြစ်ရသည်မဟုတ်၊ စင်စစ်မှာ များစွာသော အညစ်အကြေးတို့ဖြင့် မကောင်းသောအနံ့တို့ဖြင့်ရှင်း၊ ပြည့်သော သူငယ်အိမ်၌ အမိ၏ ကိုယ်ဝန်ဆောင် သွေးကိုရှင်း၊ မိ, ဘ နှစ်ဦးတို့၏ အညစ်အကြေး သုက်သွေးကိုရှင်း မှီ၍ အလွန်ကျဉ်းမြောင်း ကြပ်တည်းစွာသော အရပ်၌ ငါးပုပ် အမဲပုပ်တို့ကို မှီ၍ ဖြစ်သော ပိုးလောက်ကဲ့သို့ —

* "ပုပ်နံ့ညှီလောင်း၊ကျဉ်းမြောင်းမဲမိုက်၊မိဝမ်းတိုက်ဝယ်၊ဘင်၌ လောက်လို"

ဆိုသည့်အရ ဖြစ်ရပေသည်။

အမိကျောဘက်ကို မျက်နှာမူ၍ ဒူးနှစ်လုံးတို့၏ အကြား၌ ခေါင်းကို ထားလျက် မေးအောက်၌ လက်နှစ်ဘက်ဆုပ်၍ သစ်ငုတ်တိုပေါ်၌ မျောက်အိုသည် ကုပ်ကုပ်လေး နေသလို —

* "ကျောကိုဝမ်းပြု၊ဒူးနှစ်ခုကြား၊ ဦးခေါင်းထားလျက်၊ မေးကြားလက်ဆုပ်၊ သစ်ငုတ်တိုမှာ၊ မျောက်အိုကုပ်သို့"

အရ နေရပေသည်။

ထိုသို့ နေရာ၌ ကိုးလ, ဆယ်လ, လေးတန် လေးဘက်ကို မလှုပ်မလှဲ့ ကွေးလျက်သာ အလွန်ဆင်းရဲစွာ နေရသောကြောင့် အမိ၏ ဝမ်းခေါင်းကို ဒရိမုခဇာတ် အဋ္ဌကထာ၌ သာယာမှုကင်းသော ငရဲဟူ၍၎င်း၊ လေးတန် လေးဘက် ကွေးလျက်နေရသော(စတုကုဋ္ဋိက) ငရဲဟူ၍၎င်း-ပြဆိုထားပါသည်၊ အမိသည် လျင်စွာသွားလာခြင်း, တိမ်းပါးချော်ချော်ခြင်း စသည်ဖြစ်သောအခါ သေသောက်ကြူးလက်တွင်းသို့ သက်ဆင်းရောက်၍နေသော ဆိတ်သူငယ်ကဲ့သို့၎င်း၊ မြွေအလမ္ပါယ်ဆရာသည် မြွေကိုဖမ်း၍ အမျိုးမျိုးနှိပ်စက် ညှဥ်းပန်းခြင်း၊ အစာငတ်ခြင်းစသည်ကြောင့် အလမ္ပါယ်မိသောမြွေ၏ မချိမဆံ့ ဖြစ်နေရသကဲ့သို့၎င်း၊

* "သေသောက်လက်ဝယ်၊ ဆိတ်သူငယ်လို၊ အလမ္ပါယ်မိ၊ မြွေငယ်ချိသို့"
ဖြစ်ရပါသည်။

အမိသည် စပ်သောအစာကို စားသောအခါ၌ လှံထိုး၍ ဆားပက်ခြင်းကို ခံရသူကဲ့သို့၎င်း၊ ပူသောအစာကို စားသောအခါ ဥဿဒငရဲငယ်၌ ခံရသူကဲ့သို့၎င်း၊ အမိသည် အလွန်အေးသော အစာများကို စားမိသောအခါ၌ လောကန္တရိက်ငရဲ၌ ခံရသောသူကဲ့သို့၎င်း၊ သေလုမတတ် ကိုယ်သားတဆတ်ဆတ်ဖြင့် ကြီးစွာသောဆင်းရဲကို —

* "အမိစပ်ခါး၊ ပူအေးစားလည်း၊ ကိုယ်သားဆတ်ဆတ်၊ သက်ပြတ်တစေ၊ ဆယ်လနေ၍"
အရ ခံစားရချေသည်။

ဤ·အဆိုများကို ထောက်ထား၍ မိခင်ဖြစ်သူများ ရှောင်ရှားမှုကို ပြုကြပါလေ၊ ထိုနောက် ကမ္မဇလေ လှုပ်ရှားတိုက်ခတ်သဖြင့် စောက်ထိုးမိုးမျှော် ခြေကားအထက် ခေါင်းကားအောက်သို့ လှည့်ရပြီးနောက် မဂ်ဝသို့ရောက်သောအခါ သေးငယ်သော သံကောက်ပေါက် (သော့ပေါက်)မှ ဆင်ပြောင်ကြီးကို ဆွဲထုတ်ရသကဲ့သို့၎င်း၊ သံဘောင်ကြီးဖြင့် အကြိတ်ခံရသကဲ့သို့၎င်း၊ ဆင်းရဲကြီးလှ၏၊ ကောင်းစွာမမွေးဖွားနိုင်ပါလျှင်"မိခင်ချမ်းသာပြီးရော့ ကလေးဘယ်လိုဖြစ်ဖြစ်"ဟူ၍ ဆိုကြသေး၏၊ အမိဝမ်းတိုက်၌ လေမျှမတိုက်ရသဖြင့် အလွန်နူးညံ့လှသော သူငယ်ကို ညှပ်ဖြင့်ဆွဲထုတ်ရသည်ကိုလည်း ကြားဘူး၏၊ မည်မျှဆင်းရဲပါမည်နည်း၊ အပြင်သို့ရောက်သောအခါလည်း ကြမ်းတမ်းသော အဝတ်စသည်ဖြင့် ထိပါး ကိုင်တွယ်မှုကြောင့် အပ်ဖြင့် အဆွခံရသကဲ့သို့ ဆင်းရဲလှ၏။

ကြီးပြန်သောအခါလည်း အိုရ, နာရ, သေရ, စသည်ဖြင့် ဆင်းရဲကြီးစွာ တွေ့ကြရကြုံကြရပြန်၏ -

---

၁။ ဇာ၊ ဋ္ဌ၊ ၃၊ ၂၂၉။

* "လောကမ္ဗ၊ ဦးစောက်ချသား၊ မဂ်ဝသို့ရောက်၊ သံကောက်ပေါက်မှ၊ ဆွဲမြောက်ဆင်ပြောင်၊ သံဘောင်ကြိတ်ချေ၊ ပုံနေရယိက၊ ပြင်သို့ကျလည်း၊ အပ်ဆွသည့်ဟန်၊ ကြီးပြန်ဒုက္ခ၊ ပြစ်များလှသည်၊ လက်စ ဇာတိမှုရင်းတည်း"

ဟူ၍ မဟာဝိသုဒ္ဓါရာမဆရာတော်ဘုရားကြီး မိန့်ဆိုတော်မူခဲ့ပါသတည်း။

မှတ်လိုသူများအတွက် —

* စာသစ်စာကျက်၊ အောက်ထက်ဝန်းရံ၊ ပုပ်နံ့ညှီလောင်း၊ ကျဉ်းမြောင်းမမိုက်၊ မိဝမ်းတိုက်ဝယ်၊ ဘင်ဉ်လောက်လို၊ ကျောက်ကိုဝမ်းပြု၊ ဒူးနှစ်ခုကြား၊ ဦးခေါင်းထားလျက်၊ မေးကြားလက်ဆုပ်၊ သစ်ငုတ်တိုမှာ၊ မျောက်အိုကုပ်သို့၊ မလှုပ်မယှက်၊ သေသောက်လက်ဝယ်၊ ဆိတ်သူငယ်လို၊ အလမ္ဗါယ်မိ၊ မြွေငယ်ချိသို့၊ အမိစပ်ခါး၊ ပူအေးစားလည်း၊ ကိုယ်သားဆတ်ဆတ်၊ သက်ပြတ်တစေ၊ ဆယ်လနေ၍၊ လောကမ္ဗ၊ ဦးစောက်ချသား၊ မဂ်ဝသို့ရောက်၊ သံကောက်ပေါက်မှ၊ ဆွဲမြောက်ဆင်ပြောင်၊ သံဘောင်ကြိတ်ခြေ၊ ပုံနေရယိက၊ ပြင်သို့ကျလည်း၊ အပ်ဆွသည့်ဟန်၊ ကြီးပြန်ဒုက္ခ၊ ပြစ်များလှသည်၊ လက်စ ဇာတိ မှုရင်းတည်း။

ဤစာရေးသော ဘုန်းကြီးသည်ကား ကျောင်းသားဘဝမှ ရမ္ဘိလာသော ဤ လင်္ကာကို ယခုအသက်(၇၀)တိုင် မမေ့နိုင်သကဲ့သို့ သူတော်စင်အပေါင်းတို့လည်း မမေ့နိုင်အောင် အရကျက် ဆောင်ရွက်နိုင်ကြပါစေ။

မှတ်ချက်။ ။ဇာတိ ပဋိသန္ဓေနေမှု ဆင်းရဲစစ် ဆင်းရဲမှန် ဒုက္ခသစ္စာတရားဖြင့် ဘဝသစ်ကို ထူထောင်ကြပြီးလျှင် ချစ်သူတို့နှင့် အတူမနေရ ဒုက္ခသစ္စာ၊ မုန်းသူတို့နှင့် အတူနေရ ဒုက္ခသစ္စာ၊ လိုတာ မရ ဒုက္ခသစ္စာ၊ အိုရမှု ဒုက္ခသစ္စာ၊ နာရမှု ဒုက္ခသစ္စာ၊ သေရမှု ဆင်းရဲစစ် ဆင်းရဲမှန် ဒုက္ခသစ္စာဖြင့်ပင် တဘဝနောက်ဆုံး နိဂုံးအုပ်ကြရလေသည်။

တဖန် ထိုကဲ့သို့ ဒုက္ခသစ္စာနှင့် တွေ့ကြရဦးမည်ဖြစ်သော ငရဲဟူသောင်း မိဝမ်းခေါင်း၌ ကိန်းအောင်းရမည်ကို အကြောက်ကြီးကြောက်ကြလျက် သံဝေဂဉာဏ်သို့ရောက်၍ နိဗ္ဗာန်သို့ပေါက်အောင် သတိဆောင်ကာ သဒ္ဓါ စေတနာရှေ့သွား ပညာတရားတို့ကို စွမ်းအားထုတ်၍ ပြုလုပ်နိုင်ကြပါစေကုန်သတည်း။

ပဋိသန္ဓေ ၄-မျိုး။ ။လူစသော သတ္တဝါတို့အား သေခြင်းလေးမျိုးရှိသကဲ့သို့ ပဋိသန္ဓေနေခြင်းလည်း —

(၁). ကြက်ငှက်စသော ဥခွံတွင်း၌ ပဋိသန္ဓေနေရသော အဏ္ဍဇ ပဋိသန္ဓေ၊

(၂) အမိ၏ သားအိမ်တွင်း၌ တဖြေးဖြေး ကြီးပွါး ပဋိသန္ဓေနေရသော ဇလာဗုဇ ပဋိသန္ဓေ(၎င်းနှစ်ပါးကို ဂဗ္ဘသေယျက ပဋိသန္ဓေဟု ခေါ်သည်)

(၃) ခြင်,ပိုး, လောက် - စသည်တို့၏ အညစ်အကြေးကို စွဲ၍ဖြစ်သော သံသေဒဇ ပဋိသန္ဓေ၊

(၄) တခဏချင်း ကိုယ်ကောင်ထင်ရှားဖြစ်သော နတ်သိကြားဖြစ်အံ့ ၆-နှစ်ရွယ်,နတ်သား ဖြစ်အံ့ အသက် ၂၀-အရွယ်ဖြစ်သော ဩပပါတိက ပဋိသန္ဓေ-ဟူ၍ လေးမျိုး ရှိသည်၊ ထို လေးမျိုးတို့တွင်-တမျိုးထက်တမျိုး အဆင့်ဆင့်အားဖြင့် မြင့်မြတ်ကြသည်။ (ခန္ဓဝဂ္ဂ သံယုတ်ပါဠိတော်)

**မဟာကရုဏာတော် ကြီးမားခြင်း။** ။ဤ နေရာ၌ ဗုဒ္ဓမြတ်စွာဘုရား၏ ဝေနေယျသတ္တဝါတို့အပေါ်၌ မဟာကရုဏာတော် ကြီးမားပုံမှာ အလွန်ပင် အံ့ဩဘွယ်ကောင်းလှပါသည်၊ သတ္တဝါတို့အား သနားကြင်နာ မဟာကရုဏာ ကြီးမားတော်မူသောကြောင့် ဗုဒ္ဓမြတ်စွာသည် အမြင့်မြတ်ဆုံးဖြစ်သော ဥပပါတ် ပဋိသန္ဓေဖြင့် ပဋိသန္ဓေ နေတော်မူလျှင် ပရိနိဗ္ဗာန် စံတော်မူသည်ရှိသော် ဓာတ်တော် မွေတော်ကြီး,ငယ်တို့သည် သတ္တဝါတို့ ကြည်ညို ဖူးမျှော်ရန် ကြွင်းကျန်ရစ်မည် မဟုတ်သောကြောင့် လူ, နတ်, ဗြဟ္မာ လုံးစုံများစွာ သတ္တဝါတို့အား အကျိုးစီးပွါး မများကုန်၊ ယုတ်ညံ့သော ဇလာဗုဇ ပဋိသန္ဓေဖြင့် နေတော်မူမှသာလျှင် ပရိနိဗ္ဗာန်ဝင်စံတော်မူသောအခါ၌ ဓာတ်တော် မွေတော်တို့သည် ကြွင်းကျန်ရစ်၍ ဝေနေယျကြာ သတ္တဝါတို့အား အကျိုးစီးပွါး များလေသောကြောင့် မြင့်မြတ်သော ဥပပါတ် ပဋိသန္ဓေဖြင့် ယူနေတော် မမူခြင်း ဖြစ်ပါသည်၊ သတ္တဝါအတွက် ဤမျှ မဟာကရုဏာတော် ကြီးမားလှပါပေသတည်း။

(သုတ်မဟာဝါဋီကာ)

## ဒွါရ (အဇ္ဈတ္တိကာယတန)၆-ပါး အစိပ္ပါယ်

**စက္ခုပသာဒ။** ။မျက်စိအကြည်ဟု ဆိုအပ်သော စက္ခုပသာဒရုပ်သည် မျက်လုံးအိမ် မျက်ဖြူဖြင့် ကာရံအပ်သော မျက်ဝန်း၏ အလယ်ဗဟိုတည့်တည့်ဝယ် သူငယ်ရိပ်ထင်ရာ အရိပ်သည် အတိုင်းအတာ ပမာဏအားဖြင့် သန်းဦးခေါင်းမျှကျယ်၏၊ ဝါဂွမ်းခုနစ်ထပ်ကို မျက်လုံး ပုံသဏ္ဌာန်ရှိအောင် စုထားသကဲ့သို့ မျက်လုံး၏အတွင်း၌တည်၏၊အထပ်အလွှာလည်း ခုနစ်ထပ် ခုနစ်လွှာရှိ၏။

ဝါဂွမ်း ခုနစ်လွှာ၏ အပေါ်သို့ ဆီကြည်ကြည်ကို လောင်းချလိုက်သောအခါ ကြည်လင်သောဆီသည် ထို ဝါဂွမ်း ခုနစ်လွှာပေါ်၌ ပျံ့နှံ့သကဲ့သို့ စက္ခုပသာဒဟူသော

မျက်စိအကြည်ဓာတ်လည်း သန်းဦးခေါင်းပမာဏရှိသော အရပ်၌ မျက်လုံးခုနစ်ထပ်ကို ပျံ့နှံ့တည်နေသည်၊ ယခုကာလ တိမ်ရှိကြသူတို့မှာ ထို မျက်စိအကြည်ဓာတ်ကလေးကို တိမ်ခဲက ကာကွယ် ဖုံးအုပ်ထားသဖြင့် မမြင်ရခြင်း ဖြစ်ပေသည်။

မျက်စိပါရဂူ ဆရာဝန်တို့က မျက်လုံးကို သင့်လျော်သလိုခွါ၍ တိမ်ကိုယူလိုက်သည့်အခါ ယခင် အကြည်ရုပ်ကလေးသည် အားလုံးတို့ကို မြင်လာရ၏၊ ရုပ်ကလာပ်တခုသည် ပကတိမျက်စိဖြင့် မမြင်နိုင်အောင် အလွန်သေးငယ်လှ၏၊ ထို့ကြောင့် စက္ခုပသာဒရုပ်တွေ (စက္ခုဒသက ကလာပ်တွေ)သည် သိန်း,သန်းမက အတော်များစွာ စုပေါင်း တည်ရှိနေကြ၏၊ (ရူပကဏ္ဍ မူလဋီကာ-၁၄၅)

**သောတ ပသာဒ။** ။နားအကြည်ခေါ် သောတပသာဒ ရုပ်ကလာပ်ပေါင်း များစွာသည် နား၏အတွင်း လက်စွပ်ကွင်းသဏ္ဌာန်ရှိသော အရပ်ဝယ် နုနယ် နီမြန်းသော အမွေးကလေးများ ပေါက်လျက်ရှိသော အရပ်၌ ပျံ့နှံ့၍ တည်၏။

**ဃာန ပသာဒ။** ။နှာခေါင်းအကြည်ခေါ် ဃာနပသာဒ ရုပ်ကလာပ်ပေါင်း များစွာသည် နှာခေါင်းအတွင်း ဆိတ်သတ္တဝါ၏ ခွါနှင့်သဏ္ဌာန်တူသော အရပ်ဝယ် ပျံ့နှံ့၍ တည်၏။

**ဇိဝှါ ပသာဒ။** ။လျှာအကြည်ခေါ် ဇိဝှါပသာဒ ရုပ်ကလာပ်ပေါင်းများစွာသည် လျှာ၏ အလယ် ကြာပွင့်ဖတ်ဖျားနှင့်တူသော အရပ်ဝယ် ပျံ့နှံ့လျက်တည်၏။

**ကာယ ပသာဒ။** ။ကိုယ်အကြည်ခေါ် ကာယပသာဒ ရုပ်ကလာပ်ပေါင်း များစွာသည် အစာသစ်အိမ်၏ အောက်၌ တည်သော ဝမ်းမီးဟုခေါ် အပ်သော ပါစကတေဇောကလာပ်နှင့် ဆံပင်ဖျား, အမွေးဖျား, ခြေသည်း, လက်သည်းဖျား, ခြောက်နေသော အသားမာများကို ချန်လှပ်၍ တကိုယ်လုံး၌ တွဲဘက်ရုပ်များနှင့်အတူ ပျံ့နှံ့တည်နေ၏။

စက္ခုစသော လေးပါးတို့မှာ ပြဆိုခဲ့သောအတိုင်း အစိတ်စိတ် အရပ်များပျံ့နှံ့တည်၏၊ ဤ ကာယပသာဒကား ဆိုအပ်ပြီးသော အရပ်များမှ ကြွင်းကျန်သော တကိုယ်လုံး၌ ပျံ့နှံ့တည်သည်။

**မနာယတန။** ။မနမည်သော စိတ်သည်ကား ဟဒယဝတ္ထုကို မှီ၍ ဖြစ်၏။

⁜ မျက်စိ, နား, နှာ၊ လျှာ, ကိုယ်ကို၊ ရုပ်ဟုဆို၊ စိတ်ကို နာမ်ဟုသိ။

(ဤကား အဇ္ဈတ္တိကာယတန - [ဒွါရ] ခြောက်ပါးတည်း)

---

၁။ ဒီ၊ ဋ္ဌ၊ ၁၊ ၃၁၆။ (အနည်းငယ်မတူ။)

ထို အဘိဓမ္မာ သဘောတရားသည် အလွန်သိမ်မွေ့နက်နဲ၏၊ အလွန်အသိအခက်၏၊ "ဤ အဘိဓမ္မာသဘောတရားများကို သိမ်မွေ့လှသဖြင့် မိမိဉာဏ်ခမှီ မသိပါက မြတ်စွာဗုဒ္ဓ ယုံကြည်လေးစားသောအားဖြင့် မှတ်သားရမည်" ဟု ဋီကာဆရာများ အဆုံးအမစကားကို ပြဆိုထား၏။

အဘိဓမ္မာဒေသနာ နာမ လူခါကာရာ၊

အဘိဓမ္မာ ဒေသနာဆိုတာ သိမ်မွေ့နက်နဲ ခက်ခဲလှ၍ မသိ နားမလည်သူတို့သည် ပျင်းရိငြီးငွေ့ ခြောက်ခြောက်သွေ့သွေ့ အမူအရာ သဘောရှိ၏။

**လက္ခဏာရေး ၃-ပါး။** ။နောက်နောက် ဝိပဿနာ အရပ်ရပ်တို့ကို ရှုမှတ်ရာ၌ သိသာ ထင်ရှားအောင် အလွန် အရေးကြီးလှသော လက္ခဏာ ရေး သုံးပါးတို့ကို ရှေးဦးစွာပြဆိုအံ့။

အနိစ္စ လက္ခဏာ၊ ဒုက္ခလက္ခဏာ၊ ဤ နှစ်ပါးတို့မှာ ထင်ရှား၍ သာသနာတွင်း သာသနာပ ဌာနနှစ်မျိုးလုံး၌ ရှိနိုင်၏၊ ထင်ရှားပုံမှာ ပန်းကန် စသည်လွတ်ကျ၍ ကွဲသွားလျှင် အနိစ္စ အနိစ္စဟု ဆိုလိုက်ကြ၏၊ ဆူးစူးခြင်း ဝေဒနာနှိပ်စက်ခြင်း ဖြစ်လျှင် ဒုက္ခ ဒုက္ခဟု ပြောဆိုတတ်ကြ၏၊ ထိုနှစ်မျိုးလုံးကိုပင် မည်သူမျှ အနတ္တ,အနတ္တ-ဟု မပြောဆိုကြပေ။

အနတ္တလက္ခဏာကား နက်နဲ ခက်ခဲ သိမ်မွေ့လှသဖြင့် သာသနာပ ကာလ၌ မရှိနိုင် မဖြစ်နိုင်၊ ယခုလို ဗုဒ္ဓပွင့်တော်မူသော သာသနာတော်တွင်း၌သာ ဖြစ်ပေါ်နိုင် ရှိနိုင်၏။

ထိုအနတ္တသည် သိမ်မွေ့ နက်နဲသောကြောင့် ဆ ဆက္ကသုတ္တန်၌ အနိစ္စ လက္ခဏာဖြင့် ပြ၍ အနတ္တ လက္ခဏာ ထင်ရှားအောင် ဟောတော်မူရသည်။

အနတ္တ လက္ခဏာသုတ်၌ ဒုက္ခ လက္ခဏာဖြင့်ပြ၍ အနတ္တ လက္ခဏာ ထင်ရှားအောင် ဟောတော်မူရသည်။

သံယုတ်ပါဠိတော် အရဟန္တသုတ်၌ကား အနိစ္စ လက္ခဏာ ဒုက္ခ လက္ခဏာ နှစ်ပါးလုံး တို့ဖြင့် ပြ၍ အနတ္တ လက္ခဏာ ထင်ရှားအောင် ဟောတော်မူရသည်။

ထို့ကြောင့် အစမထင် သံသရာတခွင်က အထင်မှား အမြင်မှား 'အတ္တ' ဟူ၍ စွဲယူ လာကြသဖြင့် ထိုအတ္တပျောက်မှ အနတ္တသို့ ဆိုက်ရောက်မည်ဖြစ်၍ အနတ္တ လက္ခဏာကိုသိမ်မွေ့ နက်နဲလှ၏ဟု ဆိုရပေသည်။ (သမ္မောဟဝိနောဒနီ အဋ္ဌကထာ-၄၆၊)

**အနိစ္စ လက္ခဏာ မထင်နိုင်ပုံ။** ။ဤနေရာတွင် ထင်ရှားသည်ဆိုသော အနိစ္စ လက္ခဏာကို အဘယ်ကြောင့် ထင်ရှားစွာ မသိ မမြင်နိုင်ကြပါသနည်း၊ အဘယ်ကြောင့် ဒုက္ခ လက္ခဏာကို ထင်ရှားစွာ မသိ မမြင်နိုင်ကြပါသနည်း၊ ထိုသုံးမျိုးကို အနိစ္စာ နုပဿနာဉာဏ်ဖြင့် ရုပ်နာမ်နှစ်ချက်တို့၏ ဖြစ်ပျက်ပုံကို မထင်မြင်က မာနစ်နှိပ်စက်မှု

ကို ခံရဦးမည်သာ၊ ထို့အတူ ဒုက္ခမထင်က တဏှာ၏ အနှိပ်အစက်ကို ခံရဦးမည်သာ၊ အနတ္တမထင်က ဒိဋ္ဌိ၏ အနှိပ်အစက်ကို ခံရဦးမည်သာ၊ ရှေးကလည်း ထိုတရားသုံးပါးတို့၏ အနှိပ်စက်မှုကို ခံခဲ့ကြရလေပြီ။

ထို့ကြောင့် – နာမ်တရား, ရုပ်တရားတို့၏ ဖြစ်မှု,ပျက်မှု အချက်များကို ကွက်ကွက်ကွင်းကွင်း ဉာဏ်မြင်ရှင်းစွာ မြင်သိနိုင်အောင် ဤသို့ အဋ္ဌကထာများ၌ ပြဆိုထားသည့်အတိုင်း သတိပြုကြဘို့လိုပါသည်၊ မျက်စိတမှိတ်ခန့်အတွင်း၌ စိတ်,စေတသိက်ဟု ဆိုအပ်သော နာမ်တရားတို့သည် ကုဋေတသိန်းမျှ ဖြစ်နိုင်ကြ၏၊ ဖြစ်သည့်အတိုင်းလည်း ကုဋေတသိန်းမျှ ချုပ်ပျက်ကြရကုန်၏၊ ရုပ်တရားတို့ကား နာမ်တရားများလို ဖြစ်မှု ပျက်မှု မလျင်မြန်ခြင်းကြောင့် မျက်စိတမှိတ်အတွင်း ကုဋေငါးထောင်ကျော်မျှသာ ဖြစ်ပျက်ကြကုန်၏၊ ထိုသို့ ရုပ်နာမ်တရားတို့၏ အစဉ်မပြတ် ဖြစ်ပွါးနေသော သန္တတိအစဉ်ကို မသိမြင်ခြင်းကြောင့် အနိစ္စဟု ရုပ်နာမ်စုကို ထင်အောင်မရှုနိုင်ကြပေ။

**မီးစက်ဝိုင်းဥပမာ။** ။ဥပမာပြဆိုရသော် မီးစကြီးတခုကို လက်ဖြင့်ကိုင်၍ ဖြေးဖြေးမျှသာ လှည့်ပတ်က ပတ်ဝန်းကျင်မြင်သူတို့က **မီးစကြီးတခုတည်းသာ**ဟု ကေန်ပင် ထင်မြင်ကြ မှတ်ကြကုန်၏၊ ထို တခုတည်းသော မီးစကို ကိုင်ထားသူ တဦးတယောက်က မရပ်မနား အမြန်ဆုံးအားဖြင့် လှည့်ပတ်လှည့်လိုက်သည်ရှိသော် ပတ်ဝန်းကျင်မြင်သူတို့က **မီးစက်ဝိုင်းကြီး** ပါတကားဟု ကေန် ထင်မြင်ကြရကုန်၏။

ဘာကြောင့် ဤသို့ မီးစက်ဝိုင်းကြီးဟု ထင်ကြရသနည်း၊ ထို မီးစမှာ လှည့်သူက အမြန်ပို့လုပ်လိုက်သည့်အတွက် မီးစက်ဝိုင်းကြီးလို ဖြစ်သွားပါတော့သည်၊ ထိုနည်းတူစွာ သတ္တဝါတို့ သန္တာန်၌ ဖြစ်နေသော ရုပ်နာမ်နှစ်ပါးကို အစိုင်အခဲကြီး ပုဂ္ဂိုလ် သတ္တဝါကြီးဟု ထင်မြင်ကြရသည်၊ အမှန်အားဖြင့် ထိုရုပ်နာမ်တို့၏ ဖြစ်မှု ပျက်မှု အဆက်မပြတ်အစဉ်မပြတ် ဒလစပ် ထပ်တလဲလဲ အလွန်လျင်မြန်စွာ ဖြစ်ပျက်နေမှုကြောင့်ပင် ဖြစ်ပါသည်။

**မြစ်ရေဥပမာ။** ။တနည်းအားဖြင့် မြစ်ထဲ၌ တသွင်သွင် စီးနေသောရေကို ကြည့်ရှုသောအခါ အဟောင်းအဟောင်းရေတွေက အောက်သို့ရောက်သွားပြီး အထက်မှ အသစ်အသစ်ရေတွေက တဖွားဖွား အဆက်မပြတ် စီးဆင်းနေသောကြောင့် ကြည့်သူ၏ ဉာဏ်အမြင်၌ ဤရေ ဤရေပင်ဟု ထင်မှတ်မိလေတော့၏၊ အမှန်မှာ ရေသည် ဥတုဇအဋ္ဌကလာပ် ရုပ်တရားဖြစ်၍ ထို စီးနေသောရေကို ကြည့်ရှုသောအခါ တလှုပ်လှုပ် တရွရွ ဖြစ်နေသည်ကို တွေ့ရပါလိမ့်မည်၊ ထိုသို့ တလှုပ်လှုပ် တရွရွ ဥတုဇ ရုပ်တရားဖြစ်သော ရေ၏ လျင်မြန်စွာ ဖြစ်မှုနှင့်ပျက်မှု ကေန်အစစ်ပင် ဖြစ်ပါတော့သည်။

ဖြစ်မှု ပျက်မှု အစဉ်သန္တာန်က အလွန်လျင်မြန်နေသောကြောင့် မွေးကထဲက စ၍ သေသည်အထိ ဒီရုပ် ဒီနာမ်ချည်းပင်ဟု ထင်မြင်ကြသည်၊ ထို့ကြောင့် အနိစ္စမထင်သည်မှာ အစဉ်သန္တတိ ဖုံးလွှမ်းမှုကြောင့်ပင်ဖြစ်၏၊ အကျယ်ကိုပြဆိုပါအံ့ – ထိုထို သတ္တဝါတို့၏

သန္တာန်ဝယ် ရုပ်တရား,နာမ်တရားတို့သည် ကံစသော အကြောင်းတို့ကြောင့် အမြဲဖြစ်နေ၏၊ ဥပါဒ်အခိုက်၌ ဖြစ်ပြီးနောက် ဌီအခိုက်ဝယ် အနည်းငယ်တည်၍ ဘင်အခိုက်၌ ပျက်စီးခြင်းသို့ ရောက်၏၊ ထို အဖြစ်ပျက်တို့သည် ပြဆိုအပ်ခဲ့ပြီးသောအတိုင်း လက်ဖျစ်တချက်တီးခန့် ကာလ၌ပင် အမှန်အားဖြင့် ကုဋေတသိန်းမက များပြားလှ၏။

ပြဆိုခဲ့ပြီး ဥပမာအရ ထိုမျှလောက်မြန်သော အဖြစ်အပျက်ကို များစွာသော လူတို့သည် စိတ်၌ မစဉ်းစားမိကြကုန်၊ နှလုံးမသွင်းမိကြကုန်၊ သတိမထားမိကြကုန်၊ ထိုနှလုံး မသွင်းမိကြခြင်းကြောင့် ဉာဏ်ဖြင့် ထိုးထွင်း၍ မသိနိုင်ကြ၊ ဉာဏ်ဖြင့် ထိုးထွင်း၍ မသိနိုင် ကြလောက်အောင်လည်း ရုပ်တရားဝယ် အမြန်ဖြစ်ပျက်နေသော ရုပ်အစဉ်,နာမ်တရားဝယ် အမြန်ဖြစ်ပျက်နေသော နာမ်အစဉ် သန္တတိတို့က အနိစ္စလက္ခဏာကို ဖုံးကွယ်၍ ထားသကဲ့သို့ ဖြစ်၏၊ ထိုသို့ ရုပ်အစဉ် နာမ်အစဉ်ဟူသော သန္တတိက ဖုံးထားမှုကြောင့် များစွာသော သတ္တဝါတို့၌ အနိစ္စလက္ခဏာ မထင်ရှားနိုင်ဘဲ ဖြစ်ရလေသည်။

ဆက်ဦးအံ့-ယခုပြဆိုခဲ့သည့်အတိုင်း အေးသောရုပ်အစဉ်, ပူသောရုပ်အစဉ်နှင့် စိတ်တို့၏ ရူပါရုံကို မြင်ခိုက် စက္ခုဒွါရိက စိတ်အစဉ် တဒနုဝတ္တက မနောဒွါရိကစိတ် အစဉ်သည် သန္တတိမည်၏၊ ထိုမျှလောက်သော အစဉ်ဖြင့် ဖုံးထားသည်ကို နှလုံးမသွင်းမိကြ၍ မသိမမြင် ကြခြင်းကို ထားလိုက်ပါဦး၊ သူငါကစ များလှစွာသော ပုဂ္ဂိုလ်တို့သည် မိမိ တသက်တာ ကာလ၌ ဖြစ်ပျက်နေသော ရုပ်အစဉ်ကို နှစ်ဖြင့် ပိုင်းခြား၍ရင်း၊ လဖြင့် ပိုင်းခြား၍ရင်း၊ ရက်ဖြင့် ပိုင်းခြား၍ရင်း၊ အချိန်ဖြင့် ပိုင်းခြား၍ရင်း၊ နာရီဖြင့် ပိုင်းခြား၍ရင်း၊ မစဉ်းစားမိ ကြလေကုန်၊ ထိုသို့ မစဉ်းစားမိကြသူတို့အတွက် အစဉ်သန္တတိဖြင့် ဖုံးထား၍ ရုပ် နာမ် နှစ်ပါး၌ အနိစ္စလက္ခဏာ မထင်ရှားနိုင်ကြပေ။

သို့ အနိစ္စလက္ခဏာ မထင်မြင်မှုကြောင့် ရုပ် နာမ်ကို မာန က ငါ,သူဟုပင် စွဲထင် လေတော့သတည်း။

**ဒုက္ခ လက္ခဏာ မထင်နိုင်ပုံ။** ။လျောင်း, ထိုင်, ရပ်,သွား လေးပါးသော ဣရိယာပုထ် တို့၌ အဆက်မပြတ်ဖြစ်၍နေသော ရုပ် နာမ် ခန္ဓာအစဉ်ဝယ် မည်သည့် ရုပ် နာမ်မဆို ဇာတိဒဏ်မှ ဖြစ်ခြင်းသဘော, ဇရာဒဏ်မှ ရင့်ခြင်းသဘော, ဗျာဓိဒဏ်မှ နာခြင်းသဘော, မရဏဒဏ်မှ သေခြင်းသဘော ရှိသာမက ဖြစ်ပျက်နှစ်သင်း နှိပ်စက်ခြင်းဒဏ်ကို ခံ၍နေကြရ၏။

ထို အနှိပ်စက်ဒဏ်ကို ရုပ်တရားတိုင်း နာမ်တရားတိုင်း ခံနေရကြောင်းကို နှလုံး မသွင်းမိကြသောကြောင့် ဉာဏ်ဖြင့် ထိုးထွင်း၍မသိကြ၊ ထိုသို့ ထိုးထွင်း၍ မသိနိုင်လောက် အောင် ဣရိယာပုထ် အပြောင်းအလဲတို့က ဖုံးကွယ်၍ထား၏၊ ဆက်ဦးအံ့-အကယ်၍သာ ရပ်ခြင်း ဣရိယာပုတ်မပြောင်းဘဲ ရပ်၍သာ နေပါမူ အဖြစ်အပျက်ဒဏ်၏ နှိပ်စက်ပုံသည်

ခန္ဓာကိုယ်မှာ မခံမရပ်နိုင်လောက်အောင် ထင်ရှား၍လာပေလိမ့်မည်၊ အညင်သာဆုံး ဖြစ်သော အိပ်ခြင်း ဣရိယာပုထ်၌ပင် ဟိုဘက် ဒီဘက် မပြောင်းဘဲနေပါမူ အဖြစ်အပျက် ဒုက္ခ၏ အနှိပ်စက်ခံရပုံမှာ ထင်ရှား၍လာသည်သာတည်း၊ ယခုကာလ ဝိပဿနာ တရားကို အားထုတ်ကြရာ၌ ကာလကြာမြင့်စွာ မတ်တပ်ရပ်၍ နှလုံးသွင်း အားထုတ်သူ, နာရီကာလ ကြာမြင့်စွာ ထိုင်၍ အားထုတ်သူတို့အဘို့မှာ လွန်စွာ ထင်ရှားလှတော့၏။

ထို့ကြောင့်-အဖြစ်အပျက်ဒုက္ခ ဒုက္ခကို ဣရိယာပုထ် အပြောင်းအလဲက မထင်ရှားအောင် ဖုံးကွယ်ထားသောကြောင့် ရုပ်နာမ်နှစ်ပါးကို တဏှာတရားက ငါပိုင်, ငါ့ဟာ, ငါ့ဥစ္စာဟု စွဲလမ်းနေတော့သတည်း။

**အနတ္တလက္ခဏာ မထင်မြင်ပုံ။** ။အလွန်သိမ်မွေ့သော ဤ အနတ္တလက္ခဏာ၌ ရှေးဦးစွာ ဤသို့ သတိပြုစေလိုပါသည်၊ သတ္တဝါ အများတို့သည် ဤဘဝ၌ ရှေးဦးစွာ ပဋိသန္ဓေ နေစဉ်က စိတ် စေတသိက် ဟူသော နာမ်တရား, ကာယ ပသာဒဖြင့် မှတ်သားအပ်သော ကာယဒသက ရုပ်ဆယ်ခုအပေါင်း, ဘာဝရုပ်ဖြင့် မှတ်သားအပ်သော ဘာဝဒသက ရုပ်ဆယ်ခုအပေါင်း, ဟဒယဝတ္ထုရုပ်ဖြင့် မှတ်သားအပ်သော ဝတ္ထုဒသက ရုပ်ဆယ်ခုအပေါင်းဟူသော ရုပ်တရား-ဤ နာမ်ရုပ်တရား နှစ်ပါးတို့သာ ရှေးဦးစွာ ကြေန်မှုသျှ ဖြစ်ကြသည်၊ ဒိဋ္ဌိတို့ စွဲယူကြသော အတ္တ, အသက်, လိပ်ပြာ, ဝိညာဉ်ကောင်ဆိုတာ ဘာတခုမျှ မပါရှိပါပေ၊ သို့ မပါရှိပါဘဲလျက် ဤ နာမ်ရုပ်တရား နှစ်ပါးကိုပင် အတ္တ အခိုင်အမာ အနှစ်သာရ ဟူ၍ရင်း၊ အသက်ဟူရင်း၊ လိပ်ပြာဟူ၍ရင်း၊ ဝိညာဉ်ကောင် ဟူ၍ရင်း အစွဲမှားလာကြသည်ကို အထူးသတိပြုစေလိုပါသည်။

**မိစ္ဆာအမှား သတိထား။** ။ယခုကာလ အချို့အရပ်များ၌ ကလေးသေက လိပ်ပြာခဲ့မြင်း, သေသူ အတွက် သချိုင်းမှ သစ်ခက် စသည်ဖြင့် ပြန်၍ခေါ်လာခြင်း စသည်တို့မှာ မိစ္ဆာအမှားပင် ဖြစ်လေတော့သည်၊ သေပြီးနောက် (၇)ရက်ပြည့်မှ အပုပ်နံ့ စသည်ဖြင့် နှုတ်ဆက်၍ အိမ်မှ ဆင်းသွားသည် စသော အယူတို့သည် မိစ္ဆာ အမှားပင် ဖြစ်တော့သည်။

အချို့အရပ်များ၌လည်း စကောထဲ၌ ပြာကို အလွန်ငြက်စွာပုလုပ်ပြီး ဖြန့်ထား၍ လှေကားအဆင်း၌ ချထားသတဲ့၊ အိမ်မှဆင်းသောအခါ ထိုပြာ၌ လူခြေရာထင်လျှင် လူဖြစ်သတဲ့၊ ခွေးခြေရာထင်လျှင် ခွေးဖြစ်၏ဟု စွဲယူကြသတဲ့၊ ဤ အယူလည်း မြန်မာဖြစ်လျက် မိစ္ဆာအယူပင်တည်း၊ ဤ နေရာဌာန၌ အထူးအားဖြင့် သမ္မာဒိဋ္ဌိ အယူရှိကြသော အမျိုးကောင်းသား, အမျိုးကောင်းသမီးတို့သည်ပင်လျှင် ဘဝဟောင်းနှင့် ဘဝသစ် ကူးပြောင်းပြီး ဖြစ်ကြရာ၌ သဿတဒိဋ္ဌိ, ဥစ္ဆေဒဒိဋ္ဌိ အယူမျိုးမှ လွတ်ကင်းအောင် သတိပြုတတ်ဘို့ ခဲယဉ်း လှပါသည်။

ဘဝဟောင်းမှ ဘဝသစ်သို့ ရုပ်နာမ်တွေ မပျက်မစီးဘဲ ပါသွားသည်ဟုဆိုလျှင် သဿတဒိဋ္ဌိဖြစ်ကြောင်း၊ မပါသွားဘဲ ဤဘဝမှာပင် ရုပ်နာမ်တရားတွေ မလိုက် မပါ ပြတ်စဲနေခဲ့ပါသည်ဆိုလျှင်လည်း ဥစ္ဆေဒဒိဋ္ဌိဖြစ်ကြောင်းကို ကထာဝတ္ထု - ပါဠိတော်၌ ဟောတော်မူထားပါသည်၊ ထို ဒိဋ္ဌိနှစ်မျိုးမှ လွတ်ကင်းအောင် ပဋ္ဌာန်းပါဠိတော်၌ ဗုဒ္ဓ ဟောတော်မူထားသည်ကို နှလုံးသွင်း သတိပြုတတ်မှသာလျှင် ထို ဒိဋ္ဌိနှစ်ပါးမှ ကေန်လွတ် ကင်းကြပါလိမ့်မည်၊ အမှန်စင်စစ်အားဖြင့် ဘဝဟောင်းမှ ရုပ်နာမ်တွေက အကြောင်း ပစ္စည်းတရားဖြစ်၍ ရှေးဦးစွာဖြစ်သော ဘဝသစ် ရုပ်နာမ်တရားတွေက အကျိုးတရား အဖြစ်ဖြင့် ဖြစ်ကြပါသည်၊ ဘဝဟောင်းက အဆုံး စုတိတရားသည် အကြောင်းဖြစ်၍ ဘဝသစ်မှ ပဋိသန္ဓေတရားသည် အကျိုးတရားဖြစ်ပါသည်၊ ဤသို့ အကြောင်းအကျိုး ဆက်စပ်၍ ဖြစ်ခြင်းမျှကို ယူပါက အပြစ်ကင်းပါ၏။

အဗျာကတော ဓမ္မော အဗျာကတဿ ဓမ္မဿ အနန္တရပစ္စယေန ပစ္စယော၊
(ပဋ္ဌာန်းပဥ္စဝါရပါဠိတော် နှာ-၁၃၀။)

**အနက်**။ ။အဗျာကတော၊ ဝိပါက်အဗျာကတဖြစ်သော။ ဓမ္မော၊ နောက်ဆုံး ဖြစ်သော စုတိစိတ်တရားသည်။ အဗျာကတဿ၊ ဝိပါက်အဗျာကတဖြစ်သော။ ဓမ္မဿ၊ ရှေးစွာဖြစ်သော ပဋိသန္ဓေစိတ္တုပ္ပါဒ်အား။ အနန္တရပစ္စယေန၊ အနန္တရပစ္စည်းဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။

ဤသို့ ဟောကြား ပဋ္ဌာန်းပါဠိတော်များနှင့် ညီစွာ ဤ ဘဝဟောင်းမှ အဆုံး စုတိ စိတ်သည် အကြောင်းပစ္စည်းတရားဖြစ်၍ မိမိ၏ ပစ္စယအစွမ်းသတ္တိကို ဘဝသစ် ပဋိသန္ဓေစိတ် အကျိုး ပစ္စုပ္ပန်တရားအား စိတ်တပါး အခြားမရှိ အနန္တရပစ္စည်းဖြင့် ကျေးဇူးပြု၏ဟု အဓိပ္ပါယ်ကို အလွယ်တကူ မှတ်ယူအပ်၏။

ဤ ဘဝဟောင်းမှ စုတိ အကြောင်းတရားနှင့် နောက်ဘဝသစ် ပဋိသန္ဓေအကျိုး ပစ္စုပ္ပန်တရားတို့၏ အကြား၌ (၇) ရက် စောင့်ဆိုင်း၍ ဘဝငယ်ဖြစ်နေသေးသည်ဟူသော အယူဝါဒလည်း မဟုတ်မှန်ကြောင်း 'တဿာနန္တရမေဝ'၌ ဧဝသဒ္ဒါဖြင့် ဋီကာကျော်ဝယ် ကန့်ကွက် တားမြစ် ဖျက်ဆီးခဲ့ပြီးဖြစ်၏။

ယခုကာလ အချို့က ကုသိုလ်ကောင်းမှုပြုခြင်းသည် သဿတဒိဋ္ဌိဖြစ်၏၊ အကုသိုလ် ဒုစရိုက်မှ ရှောင်ကြဉ်မှုသည် ဥစ္ဆေဒဒိဋ္ဌိဖြစ်၏၊ ဤသို့ ဟောကြား နာကြားနေကြခြင်းမှာ ဟောသူ ပြောသူ အပါယ်လားကြောင်း ငရဲဆေးဝါးကောင်းကို စုဆောင်းနေသည်နှင့် တူလှပေ၏ (သံဝေဂ ဖြစ်မိ၏)

သေသူမှာ ဤဘဝနောက်ဆုံး စုတိစိတ်နှင့် နောက်ဘဝဖြစ်ရမည့် ပဋိသန္ဓေ နာမ်,ရုပ် တရား နှစ်ပါးတို့၏ ကြားကာလ၌ တစုံတခုခြားမှု မရှိကြောင်းကို သင်္ဂြိုဟ်၌ အထူးပြထား ပေ၏။ (သင်္ဂြိုဟ်၌ 'ဥပ္ပဇ္ဇမာန မေဝ ဘဝန္တရေ' စသည်ဖြင့် ပြထားသည်)

စက္ခာယတန ။ပ။ မနာယတန, ဓမ္မာယတန=ဤ အာယတန အားလုံးသည်ပင် မိမိ သဘောကို ဆောင်နေသော ဓာတ်တရား, ရုပ်နာမ်နှစ်ပါးတို့သာတည်း၊ ဆိုအပ်ပြီး အတ္တ, ဇီဝမဟုတ်၊ ဇီဝမရှိ၊ ထိုသို့ အသီးသီး ဓာတ်တရား, ရုပ်နာမ်တို့ချည်းသာ ဖြစ်နေသည်ကို ခွဲခြားဝေဘန် ဉာဏ်ဖြင့် ကြည့်ဘို့ရန် နှလုံးမသွင်းမိကြ၊ နှလုံး မသွင်းမိကြခြင်းကြောင့် ထိုးထွင်း၍ မသိကြ၊ ထိုးထွင်း၍ မသိနိုင်လောက်အောင် ဃန-ဟူသော တခဲနက်ကလည်း ဖုံးကွယ်ထားလျက်ရှိ၏၊ ထို့ကြောင့်-အနတ္တလက္ခဏာသည် ဉာဏ်မှာမထင်နိုင်။

ဆက်ဦးအံ့-အကယ်၍သာ သန္တတိ, ဣရိယာပထ, ဃန တို့က အပေါင်းအစုမပြုလျှင် တခုတည်းမထင်တော့ဘဲ ထိုအပေါင်းမှ စက္ခုစသော ရုပ်တခုကိုရင်း၊ စက္ခုဝိညာဏ်စသော နာမ်တခုကိုရင်း ဉာဏ်ဖြင့် ခွဲထုတ်၍ ကြည့်နိုင် သိနိုင်ရာ၏၊ထိုသို့ ကြည့်နိုင်လျှင် အနှစ်သာရ အတ္တ အကောင် ဇီဝအကောင် လိပ်ပြာကောင် ငါကောင် သူကောင်ဟု ဒိဋ္ဌိ ဖြင့် မစွဲလမ်းတော့ဘဲ အလိုလိုသာ အနတ္တလက္ခဏာ ထင်မြင်ပါလိမ့်မည်။

(သံမောဟဝိနောဒနီအဋ္ဌကထာ-၄၇)

## အနိစ္စလက္ခဏာမထင်ပုံ ဆောင်ပုဒ်

* ခုဖြစ် ခုပျက်၊ မမြဲချက်ကို စိတ်စက်ရှေး၍၊ စဉ်းစားမှုမျှ၊ မပြုကြတည်း၊ ပြုမိကလည်း၊ ကျနကွင်းကွင်း၊ မထင်လင်းအောင်၊ အလျဉ်းကွယ်ဘိ၊ သန္တတိကြောင့်၊ ရှိသည့်လက္ခဏာ၊ အနိစ္စာ၊ ဉာဏ်မှာမထင်တော့။

## ဒုက္ခလက္ခဏာ မထင်ပုံဆောင်ပုဒ်

* ဖြစ်ပျက်နှစ်ရပ်၊ မြဲနှိပ်ကပ်လျက်၊ ဒဏ်ခပ်နေမှု၊ ဒုက္ခစုကို၊ မရှုမိကြ၊ ရှုမိကလည်း၊ ကျနကွင်းကွင်း၊ မထင်လင်းအောင်၊ အလျင်းကွယ်ဘိ၊ ယာဣရိကြောင့်၊ ပျိသည့်သက္ခဏာ၊ ဒုက္ခတာ၊ ဉာဏ်မှာမထင်တော့။

## အနတ္တလက္ခဏာ မထင်ပုံဆောင်ပုဒ်

* စက္ခုစသည်၊ အလီလီ၏၊ ကိုယ်စီသတ်မှတ်၊ သီးခြားဓာတ်ကို၊ ပေါင်းစပ်နေငြား၊ ဆိုင်ရာများမှ ခွဲခြားသမှု၊ မရှုမိကြ၊ ရှုမိကလည်း၊ ကျနကွင်းကွင်း၊ မထင်လင်းအောင်၊ အလျင်းကွယ်ဝှက်၊ တခဲနက်ကြောင့်၊ သက်မဲ့လက္ခဏာ၊ အနတ္တာ၊ ဉာဏ်မှာမထင်တော့။ (သမ္မော ဘာသာ ဋီကာ) ၁၃၅(၁၃၄)

**အနိစ္စထင် မာနစင်။** ။ထိုမှတပါး သံသရာတခွင်က သတ္တဝါတို့သန္တာန်အစဉ်၌ လွှမ်းမိုး ကြီးစိုးလာခဲ့သော တဏှာ, မာန, ဒိဋ္ဌိ(သံသရာနယ်ချဲ့)ဤ တရား သုံးပါးတို့ ကင်းစင်အောင် ပြဆိုအပ်ပြီးသောအတိုင်း ရုပ် နာမ်တို့၏ ဖြစ်မှု, ပျက်မှုကို

အနိစ္စာနုပဿနာဉာဏ်ဖြင့် သိမြင်က ဖြစ်ပျက်မစဲ မမြဲမှုကြောင့် ထို ရုပ်, နာမ်ကို မာန စွမ်းအင်ဖြင့် ငါ-ဟုမထင်၊ ငါ-ဟုမစွဲလမ်းတော့ပါ၊ မာန ကင်းစင်လေတော့သည်။

**ဒုက္ခထင် တဏှာစင်။**　။ရုပ် နာမ်တို့၏ ဖြစ်ခြင်း, ပျက်ခြင်း, နှိပ်စက်ခြင်းဒဏ်ကို ခံရမှုကြောင့် သုခမဟုတ် ဆင်းရဲအစု ဒုက္ခဟုသာ ဒုက္ခာနုပဿနာဉာဏ်ဖြင့် သိမြင်ပါက ထို ဆင်းရဲအစု ရုပ် နာမ်နှစ်ခုကို တဏှာ နယ်ချဲ့သမားက ငါ့ဥစ္စာဟု မစွဲလမ်းတော့ဘဲ ထို တဏှာမှ ကင်းစင်လေတော့၏။

**အနတ္တထင် ဒိဋ္ဌိစင်။**　။ရုပ် နာမ်တို့၏ အစိုးမရ အနှစ်သာရကင်းပ ခိုင်မာမှု မရှိပုံကို အနတ္တာနုပဿနာဉာဏ်ဖြင့် သိမြင်ပါက ဒိဋ္ဌိ နယ်ချဲ့တရားလည်း နောက်ဆုတ်သွား၍ ထို ရုပ် နာမ်နှစ်ခုကို အတ္တ, ဇီဝ, အသက်, လိပ်ပြာ, ဝိညာဉ်ကောင်ဟု မစွဲလမ်းတော့သဖြင့် ထို ဒိဋ္ဌိတရားလည်း ကင်းစင်ခြင်းသို့ ရောက်နိုင်လေတော့၏။

**မှတ်ချက်။**　။အတ္တ ဆိုတာ – ဘယ်တော့မှ ဘယ်အကြောင်းကြောင့်မှ မပျက်စီးနိုင်တဲ့ အနှစ်သာရရှိတဲ့တရားဟု ယူဆသည်ကို ဆိုလို၏၊ အသက်ဆိုရာ ရုပ်သက် နာမ်သက်ကားရှိ၏၊ ယခု အများထင်မြင်နေကြသော ရုပ် နာမ်မှ အလွတ် အသက်ရှိသည်ဟု ထင်မြင်မှုမျိုးကိုဆို၏၊ သေသော အခါ အချို့က ပါးစပ်ကလေးဟပြီး အသက်ထွက်သွားသည်ဟု ဆို၏၊ အမှားပင်တည်း။

ထို့ကြောင့် –

* ဖြစ်ပျက်လျင်မြန်၊ ရုပ်နှင့်နာမ်၊ အမှန် နိစ္စမဟုတ်ပါ။
* အနိစ္စဘဲ၊ ဉာဏ်မှာစွဲ၊ အမြဲ ရှုမှတ်ပါ။
* ဖြစ်ပျက်နှစ်တန်၊ နှိပ်စက်ခံ၊ ရုပ် နာမ် သုခမဟုတ်ပါ။
* ဒုက္ခဟုဘဲ၊ ဉာဏ်မှာစွဲ၊ အမြဲ ရှုမှတ်ပါ။
* အစိုးမရ၊ နှစ်မဲ့အမှန်၊ ရုပ်နှင့်နာမ်၊ ကေန် အတ္တမဟုတ်ပါ။
* အနတ္တဘဲ၊ ဉာဏ်မှာစွဲ၊ အမြဲ ရှုမှတ်ပါ။
* အနိစ္စထင်၊ မာနစင်၊ မြင်အောင် ရှုပွါးပါ။
* ဒုက္ခကိုထင်၊ တဏှာစင်၊ မြင်အောင် ရှုပွါးပါ။
* အနတ္တထင်၊ ဒိဋ္ဌိစင်၊ မြင်အောင် ရှုပွါးပါ။

ဤ ပြဆိုပြီးငြား စကားရပ်များကို ကိုယ်အား ဉာဏ်အား ကြီးမားလို့လ မြဲလှ သမာဓိ ဉာဏ်ပညာရှိရှိဖြင့် အစွမ်းကုန် ကြိုးစားကြည့်ရှုနိုင်ကြပါစေကုန်သတည်း။

အဘိဓမ္မေ နာမ ဗုဒ္ဓါနုမေဝ ဝိသယော န အညေသံ။ [၁]

ဤ အဋ္ဌကထာအရလည်း အဘိဓမ္မာဆိုတာ မြတ်စွာဘုရားတို့၏ အရာဌာနသာ မြတ်စွာဘုရား၏ သဗ္ဗညုတ ရွှေဉာဏ်တော်တို့၏သာ ကျက်စားရာဖြစ်ပေသည်၊ အခြားသော သူတို့၏ အရာဌာနမျိုးမဟုတ်ပေ။

ဤ အဋ္ဌကထာစကားများကို ထောက်ထားလျှင် သာမန်ပုဂ္ဂိုလ် သတ္တဝါတို့ အဘိဓမ္မာ ရုပ်,နာမ် ဓမ္မတို့၏ သဘာဝကို သိဘို့ရာ မလွယ်ကူလှပါ၊ တသက်တခါ ကြုံခဲ့စွာမို့ ကြုံလာရခိုက် လုံ့လစိုက်၍ အသိဉာဏ်ရရှိအောင် အထူးအားထုတ်ကြကုန်ရာသည်။

## တနည်း ဝိပဿနာရှုပုံ

ဝိပဿနာပွါးများရာ၌ ဤမှတပါး ဝိပဿနာရှုပုံကို အာယတန ဝိဘင်း ပါဠိတော်၌ ဟောတော်မူသည့်အတိုင်း —

စက္ခု အနိစ္စံ ဒုက္ခံ အနတ္တာ ဝိပရိဏာမဓမ္မံ ဤသို့ ဝိပရိဏာမပုဒ်ကို ထည့်စွက်၍ ဖေါ်ပြပါမည်၊ အဋ္ဌကထာ၌ကား 'အနိစ္စံ'ဟူသောပုဒ်နှင့် ဝိပရိဏာမဓမ္မံ ဟူသောပုဒ်သည် အနက်အဓိပ္ပါယ် သဘောသွားအားဖြင့် မခြားနား ဝေဝုစ် ပရိယာယ်သာတည်းဟု ပြဆို၏။

နောက်ဘက်တွဲ ပွါးများရာ၌ 'နေတံ မမ' ဟူ၍သာ ဆဋ္ဌပါဠိတော် အဋ္ဌကထာတို့၌ တညီတညွတ်တည်းကဲ့သို့ ရှိကြ၏၊ ဏွာဒိကလ္လာ မောဂ္ဂလာန်နိသျ-၆၀၁-၌ ရုပ်ပြီးပုံနှင့်တကွ 'မမ သန္တကန္တိ မမံ'ဟု ဝစနတ္ထကိုပါ ပြဆိုထားသောကြောင့် 'နေတံ မမံ'ဟု ထားလိုက်ပါသည်။

## ၁။ ဒွါရ-၆-ပါး (အဇ္ဈတ္တိကာယတန-၆-ပါး)ဝိပဿနာရှုပွါးပုံ

၁။ စက္ခု အနိစ္စံ ဒုက္ခံ အနတ္တာ ဝိပရိဏာမဓမ္မံ၊ နေတံ မမံ၊ နေသောဟမသ္မိ၊ န မေသော အတ္တာ။

စက္ခု၊ မျက်စိတွင်မည် ရုပ်အကြည်သည်။ အနိစ္စံ၊ ဖြစ်ပျက်မစဲ အမြဲမရှိပါတကား။ ဒုက္ခံ၊ ဖြစ်ခြင်း,ပျက်ခြင်း နှိပ်စက်ခြင်းကြောင့် ဆင်းရဲစွာ့တကား။ အနတ္တာ၊ အစိုးမရ အနှစ်သာရကင်း ယင်းကုလားလို ကိုယ်ကောင် မဟုတ်ပါတကား။ ဝိပရိဏာမဓမ္မံ၊ ဇရာဓမ္မ မရဏကြောင့် မုချအမှန် ဖေါက်ပြန်ခြင်း သဘောရှိစွာ့တကား။ ဧတံ၊ ဤ မျက်စိတွင်မည် ရုပ်အကြည်သည်။ န မမံ၊ တဏှာလက်ကိုင် ငါပိုင် ငါ့ဟာ ငါ့ဥစ္စာ မဟုတ်ပါတကား။ ဧသော၊ ဤ မျက်စိတွင်မည် ရုပ် အကြည်သည်၊ န အာဟံ-အသ္မိ၊ မာနစွမ်းအင် ငါဟုထင်လည်း ငါပင်

---

၁။ အဘိ၊ ၄၊ ၁၊ ၃၀။ (အနည်းငယ်မတူ)

မဟုတ်ပါတကား။ သောေ၊ ဤမျက်စိတွင်မည် ရုပ်အကြည်သည်၊ န အတ္တာ၊ ဒိဋ္ဌိစွမ်းပြ အတ္တ ဇီဝ အသက် လိပ်ပြာ ဝိညာဉ်ကောင် ငါကောင် သူကောင် မဟုတ်ပါတကား။

❋ မျက်စိသမုတ်၊ အကြည်ရုပ်သည်၊ ဖြစ်ချည် ပျက်စဲ၊ မမြဲအမှန်၊ ကေန်ဆင်းရဲ၊ နှစ်လဲ ကင်းပ၊ စိုးမရမှန်၊ ဖောက်ပြန်တတ်စွာ၊ ငါ့ဥစ္စာ,ငါ၊ ငါ့လိပ်ပြာဟု၊ ဘာတခုမျှ၊ မဟုတ်ကြ၊ ရုပ်မျှ သက်သက်ပါတကား။

၂။ သောတံ အနိစ္စံ ဒုက္ခံ အနတ္တာ ဝိပရိဏာမဓမ္မံ၊ နေတံ မမ၊ နေသော ဟမသ္မိ၊ န မေသော အတ္တာ။

❋ သောတသမုတ်၊ အကြည်ရုပ်သည်၊ဖြစ်ချည် ပျက်စဲ၊မမြဲအမှန်၊ ကေန်ဆင်းရဲ၊ နှစ်လဲ ကင်းပ၊ စိုးမရမှန်၊ ဖောက်ပြန်တတ်စွာ၊ ငါ့ဥစ္စာ,ငါ၊ ငါ့လိပ်ပြာဟု၊ ဘာတခုမျှ၊ မဟုတ်ကြ၊ ရုပ်မျှ သက်သက်ပါတကား။

၃။ ဃာနံ အနိစ္စံ ဒုက္ခံ အနတ္တာ ဝိပရိဏာမဓမ္မံ၊ နေတံ မမ၊ နေသော ဟမသ္မိ၊ န မေသော အတ္တာ။

❋ ဃာနသမုတ်၊ အကြည်ရုပ်သည်၊ ဖြစ်ချည် ပျက်စဲ၊ မမြဲအမှန်၊ ကေန်ဆင်းရဲ၊ နှစ်လဲ ကင်းပ၊ စိုးမရမှန်၊ ဖောက်ပြန်တတ်စွာ၊ ငါ့ဥစ္စာ,ငါ၊ ငါ့လိပ်ပြာဟု၊ ဘာတခုမျှ၊ မဟုတ်ကြ၊ ရုပ်မျှ သက်သက်ပါတကား။

၄။ ဇိဝှါ အနိစ္စာ ဒုက္ခာ အနတ္တာ ဝိပရိဏာမဓမ္မာ၊ နေတံ မမ၊ နေသော ဟမသ္မိ၊ န မေသော အတ္တာ။

❋ ဇိဝှါသမုတ်၊ အကြည်ရုပ်သည်၊ ဖြစ်ချည် ပျက်စဲ၊ မမြဲအမှန်၊ ကေန်ဆင်းရဲ၊ နှစ်လဲ ကင်းပ၊ စိုးမရမှန်၊ ဖောက်ပြန်တတ်စွာ၊ ငါ့ဥစ္စာ,ငါ၊ ငါ့လိပ်ပြာဟု၊ ဘာတခုမျှ၊ မဟုတ်ကြ၊ ရုပ်မျှ သက်သက်ပါတကား။

၅။ ကာယော အနိစ္စော ဒုက္ခော အနတ္တာ ဝိပရိဏာမဓမ္မော၊ နေတံ မမ၊ နေသော ဟမသ္မိ၊ န မေသော အတ္တာ။

❋ ကာယသမုတ်၊ အကြည်ရုပ်သည်၊ ဖြစ်ချည် ပျက်စဲ၊ မမြဲအမှန်၊ ကေန်ဆင်းရဲ၊ နှစ်လဲ ကင်းပ၊ စိုးမရမှန်၊ ဖောက်ပြန်တတ်စွာ၊ ငါ့ဥစ္စာ,ငါ၊ ငါ့လိပ်ပြာဟု၊ ဘာတခုမျှ၊ မဟုတ်ကြ၊ ရုပ်မျှ သက်သက်ပါတကား။

၆။ မနော အနိစ္စော ဒုက္ခော အနတ္တာ ဝိပရိဏာမဓမ္မော၊ နေတံ မမ၊ နေသော ဟမသ္မိ၊ န မေသော အတ္တာ။

* မနုတ္တင်မည်၊ သိစိတ်သည်ကား၊ ဖြစ်ချည် ပျက်စဲ၊ မမြဲအမှန်၊ ကေန်ဆင်းရဲ၊ နှစ်လဲ ကင်းပ၊ စိုးမရမှန်၊ ဖောက်ပြန်တတ်စွာ၊ ငါ့ဥစ္စာ,ငါ၊ ငါ့လိပ်ပြာဟု၊ ဘာတခုမျှ၊ မဟုတ်ကြ၊ ရုပ်မျှ သက်သက်ပါတကား။

## အာရုံ (ဗာဟိရာယတန) ၆-ပါး

* အဆင်းမျိုးစုံ၊ ရူပါရုံ၊ အကုန် ရုပ်တွေပါတကား။

* မြင်သမျှရုပ်၊ ဒို့မဟုတ်၊ ဖြစ်ချုပ် ပျက်ဆဲပါတကား။

* အသံမျိုးစုံ၊ သဒ္ဒါရုံ၊ အကုန် ရုပ်တွေပါတကား။

* ကြားသမျှရုပ်၊ ဒို့မဟုတ်၊ ဖြစ်ချုပ် ပျက်ဆဲပါတကား။

* အနံ့မျိုးစုံ၊ ဂန္ဓာရုံ၊ အကုန် ရုပ်တွေပါတကား။

* နံသမျှရုပ်၊ ဒို့မဟုတ်၊ ဖြစ်ချုပ် ပျက်ဆဲပါတကား။

* ရသာမျိုးစုံ၊ ရသာရုံ၊ အကုန် ရုပ်တွေပါတကား။

* စားသမျှရုပ်၊ ဒို့မဟုတ်၊ ဖြစ်ချုပ် ပျက်ဆဲပါတကား။

* အတွေ့မျိုးစုံ၊ ဖောဋ္ဌဗ်ရုံ၊ အကုန် ရုပ်တွေပါတကား။

* ထိသမျှရုပ်၊ ဒို့မဟုတ်၊ ဖြစ်ချုပ် ပျက်ဆဲပါတကား။

* နာမ်ရုပ်နှစ်ပုံ၊ ဓမ္မာရုံ၊ နှစ်စုံ နာမ်ရုပ်ပါတကား။

* ဤ နာမ်နှင့်ရုပ်၊ ဒို့မဟုတ်၊ ဖြစ်ချုပ် ပျက်ဆဲပါတကား။

ဤကား အာရုံ (ဗာဟိရာယတန) ၆-ပါးတည်း။

## ၂။ အာရုံ ၆-ပါး ဝိပဿနာရှုပွါးပုံ

၁။ ရူပါ အနိစ္စာ ဒုက္ခာ အနတ္တာ ဝိပရိဏာမဓမ္မာ၊ နေတံ မမ၊ နေသော ဟမသ္မိ၊ န မေသော အတ္တာ။

* အဆင်းမျိုးစုံ၊ ရူပါရုံသည်၊ ဖြစ်ချည်ပျက်ဆဲ၊ မမြဲအမှန်၊ ကေန်ဆင်းရဲ၊ နှစ်လဲကင်းပ၊ စိုးမရမှန်၊ ဖောက်ပြန်တတ်စွာ၊ ငါ့ဥစ္စာ, ငါ၊ ငါ့လိပ်ပြာဟု၊ ဘာတခုမျှ၊ မဟုတ်ကြ၊ ရုပ်မျှ သက်သက်ပါတကား။

၂။ သဒ္ဒါ အနိစ္စာ ဒုက္ခာ အနတ္တာ ဝိပရိဏာမဓမ္မာ၊ နေတံ မမ၊ နေသော ဟမသ္မိ၊ န မေသော အတ္တာ။

* အသံမျိုးစုံ၊ သဒ္ဒါရုံသည်၊ ဖြစ်ချည်ပျက်ဆဲ၊ မမြဲအမှန်၊ ကေန်ဆင်းရဲ၊ နှစ်လဲ ကင်းပ၊ စိုးမရမှန်၊ ဖောက်ပြန်တတ်စွာ၊ ငါ့ဥစ္စာ, ငါ၊ ငါ့လိပ်ပြာဟု၊ ဘာတခုမျှ၊ မဟုတ်ကြ၊ ရုပ်မျှ သက်သက်ပါတကား။

၃။ ဂန္ဓာ အနိစ္စာ ဒုက္ခာ အနတ္တာ ဝိပရိဏာမဓမ္မာ၊ နေတံ မမံ၊ နေသော ဟ မသ္မိ၊ န မေသော အတ္တာ။

* အနံ့မျိုးစုံ၊ ဂန္ဓာရုံသည်၊ ဖြစ်ချည်ပျက်ဆဲ၊ မမြဲအမှန်၊ ကေန်ဆင်းရဲ၊ နှစ်လဲ ကင်းပ၊ စိုးမရမှန်၊ ဖောက်ပြန်တတ်စွာ၊ ငါ့ဥစ္စာ, ငါ၊ ငါ့လိပ်ပြာဟု၊ ဘာတခုမျှ၊ မဟုတ်ကြ၊ ရုပ်မျှ သက်သက်ပါတကား။

၄။ ရသာ အနိစ္စာ ဒုက္ခာ အနတ္တာ ဝိပရိဏာမဓမ္မာ၊ နေတံ မမံ၊ နေသော ဟ မသ္မိ၊ န မေသော အတ္တာ။

* ရသာမျိုးစုံ၊ ရသာရုံသည်၊ ဖြစ်ချည်ပျက်ဆဲ၊ မမြဲအမှန်၊ ကေန်ဆင်းရဲ၊ နှစ်လဲ ကင်းပ၊ စိုးမရမှန်၊ ဖောက်ပြန်တတ်စွာ၊ ငါ့ဥစ္စာ,ငါ၊ ငါ့လိပ်ပြာဟု၊ ဘာတခုမျှ၊ မဟုတ်ကြ၊ ရုပ်မျှ သက်သက်ပါတကား။

၅။ ဖောဋ္ဌဗ္ဗာ အနိစ္စာ ဒုက္ခာ အနတ္တာ ဝိပရိဏာမဓမ္မာ၊နေတံ မမံ၊ နေသော ဟ မသ္မိ၊ န မေသော အတ္တာ။

* အတွေ့မျိုးစုံ၊ ဖောဋ္ဌဗ်ရုံသည်၊ ဖြစ်ချည်ပျက်ဆဲ၊ မမြဲအမှန်၊ ကေန်ဆင်းရဲ၊ နှစ်လဲ ကင်းပ၊ စိုးမရမှန်၊ ဖောက်ပြန်တတ်စွာ၊ ငါ့ဥစ္စာ,ငါ၊ ငါ့လိပ်ပြာဟု၊ ဘာတခုမျှ၊ မဟုတ်ကြ၊ ရုပ်မျှ သက်သက်ပါတကား။

၆။ ဓမ္မာ အနိစ္စာ ဒုက္ခာ အနတ္တာ ဝိပရိဏာမဓမ္မာ၊ နေတံ မမံ၊ နေသော ဟ မသ္မိ၊ န မေသော အတ္တာ။

* နာမ်ရုပ်နှစ်ပုံ၊ ဓမ္မာရုံသည်၊ ဖြစ်ချည်ပျက်ဆဲ၊ မမြဲအမှန်၊ ကေန်ဆင်းရဲ၊ နှစ်လဲ ကင်းပ၊ စိုးမရမှန်၊ ဖောက်ပြန်တတ်စွာ၊ ငါ့ဥစ္စာ, ငါ၊ ငါ့လိပ်ပြာဟု၊ ဘာတခုမျှ၊ မဟုတ်ကြ၊ ရုပ်မျှ နာမ်မျှပါတကား။

ဤပြဆိုအပ်ခဲ့ပြီးသော စက္ခုစသော အာယတန (၁၂) ပါးတို့နှင့် သက်ဆိုင်၍ မှတ်သားဘွယ် အလွန်ကောင်းလှသောကြောင့် သံယုတ်ပါဠိတော် ဒုတိယတွဲ၊ သမုဒ္ဒသုတ်၌ ဟောတော်မူသည့်အတိုင်း မလှိုင်မြို့နယ်၊ သိရိသောမာရုံ ဆရာတော် ကာဗျဝိဒူ အရှင် **စန္ဒဇောတိ မဟာထေရ်** ရေးသားသော လင်္ကာကို အောက်၌ ထည့်သွင်းဖော်ပြလိုက်ပါသည်။

* လူတိုင်းမှာရှိ၊ မျက်စိသမုတ်၊ အကြည်ရုပ်ကို၊ သမုဒ္ဒရာ၊ ဟူ၍သာလျှင်၊ မြတ်စွာဗုဒ္ဓ၊ ဟောဖော်ပြ၏၊ ပြင်မှမြင်လာ၊ မက်လောက်စွာသား၊ ရူပါရုံမူ၊ ရေဟုန်လိမ့်တိုး၊ လှိုင်းတံပိုးတည်း၊ မြတ်နိုးတောင့်တ၊ သာယာကြသည့်၊ ရူပတဏှာ၊ထိုခြင်းရာကို၊ဗလဝ ါမုခ၊ဝဲ ဆိုရ၏၊စွဲထ ပြင်းထန်၊ ဥပါဒါန်ကား၊ ရေ ရန်သူကြမ်း၊ ဆွဲယူ ဖမ်းသည်၊ ငါးမန်းသတ္တဝ ါ၊ စသည်သာတည်း၊ ဇရာ မရဏ၊ ဘေးတွေ့ကမူ၊ ဒက ရက္ခိုသ်၊ရေ၌ စောင့်နေ၊ ဘီလူး ပေတည်း၊ လူတွေ့ပူဆွေး၊ လွန်လေရှေးက၊ ငိုကြွေးခဲ့ရ၊ မျက်ရည်စကား၊ များလှလေစွာ၊ ရေတွေသာဟု၊ မြတ်စွာရှင်စော၊ ထုတ်ဖော်ဟောခဲ့၊ နက်သောအလို၊ နှိုင်းပြဆိုသော်၊ အောက်ကို အဝီစိ၊ ဘဝဂ်ထိရှင့်၊ မျက်စိ သမုဒ္ဒရာ၊ အကျယ်မှာမူ၊ စကြဝဠာအနန္တ၊ ဆုံးမ ပြသား၊ အစ မထင်၊ ဘဝပင်တည်း။ ဝန်းကျင်နတ်လူ၊ သူသူငါငါ၊ သတ္တဝ ါတို့၊ ရေမှာနစ်မြုပ်၊ ဝဲက စုပ်၍၊ လှိုင်းပုတ်သည့်ဒဏ်၊ ခံရပြန်သည်၊ ကူးရန် ငါတို့တွက်တာတည်း။

(ရဟန္တာအရှင်မြတ်တို့ကား-ကူးမြောက်တော်မူပြီးကြလေပြီ)

## ဝိညာဏ် ၆-ပါးဖြစ်ပုံ

၁။ အဆင်းမျိုးစုံ ရူပါရုံဟူသော ပြင်ပမှ အတိုက်ခံတတ်နှင့်မျက်စိအကြည်ဖြစ်သော စက္ခုအတွင်းအခံခံတတ် ဤ နှစ်ရပ်တို့ ပေါင်းစပ်ရှေးရှု ထိခိုက်ထင်လာမှုကိုစွဲ၍ အပွင့်ခံတတ် မြင်သိမှု စက္ခုဝိညာဏ်စိတ် ထင်ရှားဖြစ်ပေါ်လာ၏။

ဤနေရာ၌ ဥပမာအားဖြင့် ကျောက်ကလေးပေါ်၌ (လဲ) မှို့တင်၍ လက်မလောက်ရှိသော သံတုံးသံခဲဖြင့် ကျောက်ကို ပွတ်တိုက်ထိခိုက်လိုက်လျှင် မီးပွင့်၍ လာပြီး (လဲ) မှို့၌ မီးစွဲသကဲ့သို့ အတိုက်ခံတတ် အဆင်းရူပါရုံ၏ သံတုံးသံခဲနှင့်တူစွာ အခံခံတတ်ကျောက်နှင့် တူသော မျက်စိအကြည်စက္ခု၌ ထိခိုက်ကြသောအခါ အပွင့်ခံတတ်မီးနှင့် တူသော မြင်သိမှု စက္ခုဝိညာဏ်စိတ် ဖြစ်ပေါ်လာရသည်။

၂။ အသံမျိုးစုံ သဒ္ဒါရုံဟူသော ပြင်ပမှ အတိုက်ခံတတ်နှင့် နားအကြည်ဖြစ်သော သောတအတွင်းအခံခံတတ် ဤနှစ်ရပ်တို့ ပေါင်းစပ်ရှေးရှု ထိခိုက်ထင်လာမှုကို စွဲ၍အပွင့်ခံတတ် ကြားသိမှု သောတဝိညာဏ်စိတ် ထင်ရှားဖြစ်ပေါ်လာ၏။

၃။ အနံ့မျိုးစုံ ဂန္ဓာရုံဟူသော ပြင်ပမှ အတိုက်ခံတတ်နှင့် နှာခေါင်း အကြည်ဖြစ်သော ဃာနအတွင်းအခံခံတတ် ဤ နှစ်ရပ်တို့ ပေါင်းစပ်ရှေးရှု ထိခိုက်လာမှုကိုစွဲ၍ အပွင့်ခံတတ်နံ့သိမှု ဃာနဝိညာဏ်စိတ် ထင်ရှား ဖြစ်ပေါ်လာ၏။

၄။ ရသာမျိုးစုံ ရသာရုံဟူသော ပြင်ပမှ အတိုက်ခံတတ်နှင့် လျှာအကြည်ဖြစ်သော ဇိဝှါ အတွင်းအခံခံတတ် ဤ နှစ်ရပ်တို့ ပေါင်းစပ်ရှေးရှု ထိခိုက်ထင်လာမှုကိုစွဲ၍ အပွင့်ခံတတ် လျက်သော (စားသော)အရသာကို သိမှု ဇိဝှါဝိညာဏ်စိတ် ထင်ရှား ဖြစ်ပေါ်လာ၏။

၅။ အတွေ့မျိုးစုံ ဖောဋ္ဌဗ္ဗာရုံဟူသော ဒြပ်အတိုက်ခံတတ်နှင့် ကိုယ်အကြည် ဖြစ်သော ကာယ အတွင်းအာခံဓာတ် ဤနှစ်ရပ်တို့ ပေါင်းစပ် ရှေးရှု ထိခိုက်ဆင်လာမှုကို စွဲ၍ အပွင့်ဓာတ် တွေ့ထိမှုသိသော ကာယဝိညာဏ်စိတ် ထင်ရှားဖြစ်ပေါ်လာ၏။

၆။ အတိုက်ခံတတ် ဓမ္မာရုံသည် အခံဓာတ် မနောဒွါရ၌ ထိခိုက်သောအခါ အာရုံ သိမှု မနအရ အပွင့်ဓာတ် မနောဝိညာဏ်စိတ် ထင်ရှား ဖြစ်ပေါ်လာ၏။

✻ မြင်,ကြား,နံ့,စား၊ ထိ,သိကား၊ ၆-ပါး ဝိညာဏ် နာမ်ချည်းပင်။
(ဤကား ဝိညာဏ် ခြောက်ပါးတည်း)

## ၃။ ဝိညာဏ် ၆-ပါး ဝိပဿနာရှုပွါးပုံ

၁။ စက္ခုဝိညာဏံ အနိစ္စံ ဒုက္ခံ အနတ္တာ ဝိပရိဏာမဓမ္မံ၊ နေတံ မမံ၊ နေသော ဟမသ္မိ၊ န မေသော အတ္တာ။

✻ စက္ခုဝိညာဉ်၊ စိတ်အစဉ်သည်၊ ဖြစ်ချည်ပျက်စဲ၊ မမြဲအမှန်၊ ကေန်ဆင်းရဲ၊ နှစ်လဲ ကင်းပ၊ စိုး မရမှန်၊ ဖောက်ပြန်တတ်စွာ၊ ငါ့ဥစ္စာ,ငါ၊ ငါ့လိပ်ပြာဟု၊ ဘာတခုမျှ၊ မဟုတ်ကြ၊ နာမ်မျှ သက်သက်ပါတကား။

၂။ သောတဝိညာဏံ အနိစ္စံ ဒုက္ခံ အနတ္တာ ဝိပရိဏာမဓမ္မံ၊ နေတံ မမံ၊ နေသော ဟမသ္မိ၊ န မေသော အတ္တာ။

✻ သောတဝိညာဉ်၊ စိတ်အစဉ်သည်၊ ဖြစ်ချည် ပျက်စဲ၊ မမြဲအမှန်၊ ကေန် ဆင်းရဲ၊ နှစ်လဲ ကင်းပ၊ စိုး မရမှန်၊ ဖောက်ပြန်တတ်စွာ၊ ငါ့ဥစ္စာ,ငါ၊ ငါ့ လိပ်ပြာဟု၊ ဘာတခုမျှ၊ မဟုတ်ကြ၊ နာမ်မျှ သက်သက်ပါတကား။

၃။ ဃာနဝိညာဏံ အနိစ္စံ ဒုက္ခံ အနတ္တာ ဝိပရိဏာမဓမ္မံ၊ နေတံ မမံ၊ နေသော ဟမသ္မိ၊ န မေသော အတ္တာ။

✻ ဃာနဝိညာဉ်၊ စိတ်အစဉ်သည်၊ ဖြစ်ချည်ပျက်စဲ၊ မမြဲအမှန်၊ ကေန်ဆင်းရဲ၊ နှစ်လဲ ကင်းပ၊ စိုး မရမှန်၊ ဖောက်ပြန်တတ်စွာ၊ ငါ့ဥစ္စာ,ငါ၊ ငါ့လိပ်ပြာဟု၊ ဘာတခုမျှ၊ မဟုတ်ကြ၊ နာမ်မျှ သက်သက်ပါတကား။

၄။ ဇိဝှါဝိညာဏံ အနိစ္စံ ဒုက္ခံ အနတ္တာ ဝိပရိဏာမဓမ္မံ၊ နေတံ မမံ၊ နေသော ဟမသ္မိ၊ န မေသော အတ္တာ။

✻ ဇိဝှါဝိညာဉ်၊ စိတ်အစဉ်သည်၊ ဖြစ်ချည်ပျက်စဲ၊ မမြဲအမှန်၊ ကေန်ဆင်းရဲ၊ နှစ်လဲ ကင်းပ၊ စိုး မရမှန်၊ ဖောက်ပြန်တတ်စွာ၊ ငါ့ဥစ္စာ, ငါ၊ ငါ့လိပ်ပြာဟု၊ ဘာတခုမျှ၊ မဟုတ်ကြ၊ နာမ်မျှ သက်သက်ပါတကား။

၅။ ကာယဝိညာဏံ အနိစ္စံ ဒုက္ခံ အနတ္တာ ဝိပရိဏာမဓမ္မံ၊ နေတံ မမ၊ နေသောဟ မသ္မိ၊ န မေသော အတ္တာ။

* ကာယဝိညာဉ်၊ စိတ်အစဉ်သည်၊ ဖြစ်ချည်ပျက်စဲ၊ မမြဲအမှန်၊ ဧကန်ဆင်းရဲ၊ နှစ်လဲ ကင်းပ၊ စိုး မရမှန်၊ ဖောက်ပြန်တတ်စွာ၊ ငါ့ဥစ္စာ, ငါ၊ ငါ့လိပ်ပြာဟု၊ ဘာတခုမျှ၊ မဟုတ်ကြ၊ နာမ်မျှ သက်သက်ပါတကား။

၆။ မနောဝိညာဏံ အနိစ္စံ ဒုက္ခံ အနတ္တာ ဝိပရိဏာမဓမ္မံ၊ နေတံ မမ၊ နေသောဟ မသ္မိ၊ န မေသော အတ္တာ။

* မနောဝိညာဉ်၊ စိတ်အစဉ်သည်၊ ဖြစ်ချည်ပျက်စဲ၊ မမြဲအမှန်၊ ဧကန်ဆင်းရဲ၊ နှစ်လဲ ကင်းပ၊ စိုး မရမှန်၊ ဖောက်ပြန်တတ်စွာ၊ ငါ့ဥစ္စာ, ငါ၊ ငါ့လိပ်ပြာဟု၊ ဘာတခုမျှ၊ မဟုတ်ကြ၊ နာမ်မျှ သက်သက်ပါတကား။

## ဖဿ ၆-ပါးဖြစ်ပုံ

၁။ အဆင်း ရူပါရုံ, မျက်စိအကြည်, မြင်သိမှု စက္ခုဝိညာဏ်-ဤ သုံးပါးတို့၏ ပေါင်းဆုံခိုက် ပေါင်းဆုံမှုကြောင့် မိတ်ဆက်ကိစ္စကို ဆောင်ရွက်ပေးသကဲ့သို့ ဖြစ်သော စက္ခု၌ တွေ့ထိမှု စက္ခုသမ္ဖဿသည် ဖြစ်ပေါ်ရ၏။

၂။ အသံသဒ္ဒါရုံ, နားအကြည်, ကြားသိမှု သောတဝိညာဏ်-ဤ သုံးပါးတို့၏ ပေါင်းဆုံခိုက် ပေါင်းဆုံမှုကြောင့် မိတ်ဆက်ကိစ္စကို ဆောင်ရွက်ပေးသကဲ့သို့ ဖြစ်သော သောတ၌ တွေ့ထိမှု သောတသမ္ဖဿသည် ဖြစ်ပေါ်ရ၏။

၃။ အနံ့ဂန္ဓာရုံ, နှာခေါင်းအကြည်, နံသိမှု ဃာနဝိညာဏ်-ဤ သုံးပါးတို့၏ ပေါင်းဆုံခိုက် ပေါင်းဆုံမှုကြောင့် မိတ်ဆက်ကိစ္စကို ဆောင်ရွက်ပေးသကဲ့သို့ ဖြစ်သော ဃာန၌ တွေ့ထိမှု ဃာနသမ္ဖဿသည် ဖြစ်ပေါ်ရ၏။

၄။ ရသာရုံ, လျှာအကြည်, လျက်စားသိမှု ဇိဝှါဝိညာဏ်-ဤ သုံးပါးတို့၏ ပေါင်းဆုံခိုက် ပေါင်းဆုံမှုကြောင့် မိတ်ဆက်ကိစ္စကို ဆောင်ရွက်ပေးသကဲ့သို့ ဖြစ်သော ဇိဝှါ၌ တွေ့ထိမှု ဇိဝှါသမ္ဖဿသည် ဖြစ်ပေါ်ရ၏။

၅။ ဖောဋ္ဌဗ္ဗာရုံ, ကိုယ်အကြည်, တွေ့ထိသိမှု ကာယဝိညာဏ်-ဤ သုံးပါးတို့၏ ပေါင်းဆုံခိုက် ပေါင်းဆုံမှုကြောင့် မိတ်ဆက်ကိစ္စကို ဆောင်ရွက်ပေးသကဲ့သို့ ဖြစ်သော ကာယ၌ တွေ့ထိမှု ကာယသမ္ဖဿသည် ဖြစ်ပေါ်ရ၏။

၆။ ဓမ္မာရုံ, မနောဒွါရ, အာရုံသိမှု မနောဝိညာဏ်-ဤ သုံးပါးတို့၏ ပေါင်းဆုံခိုက် ပေါင်းဆုံမှုကြောင့် မိတ်ဆက်ကိစ္စကို ဆောင်ရွက်ပေးသကဲ့သို့ ဖြစ်သော မန၌ တွေ့ထိမှု မနောသမ္ဖဿသည် ဖြစ်ပေါ်ရ၏။

(ဤကား ဖဿ ၆-ပါးတည်း)

## ၄။ ဗဿ ၆-ပါး ဝိပဿနာရှုပွါးပုံ

၁။ စက္ခုသမ္ဖဿော အနိစ္စော ဒုက္ခော အနတ္တာ ဝိပရိဏာမဓမ္မော၊ နေတံ မမံ၊ နေသောဟ မသ္မိ၊ န မေသော အတ္တာ။

* မျက်စိ၌မှီ၊ အတွေ့သည်လည်း၊ ဖြစ်ချည်ပျက်စဲ၊ မမြဲအမှန်၊ ကေန်ဆင်းရဲ၊ နှစ်လဲ ကင်းပ၊ စိုး မရမှန်၊ ဖောက်ပြန်တတ်စွာ၊ ငါ့ဥစ္စာ, ငါ၊ ငါ့လိပ်ပြာဟု၊ ဘာတခုမျှ၊ မဟုတ်ကြ၊ နာမ်မျှ သက်သက်ပါတကား။

၂။ သောတသမ္ဖဿော အနိစ္စော ဒုက္ခော အနတ္တာ ဝိပရိဏာမဓမ္မော၊ နေတံ မမံ၊ နေသောဟ မသ္မိ၊ န မေသော အတ္တာ။

* နား၌စွဲမှီ၊ အတွေ့သည်လည်း၊ ဖြစ်ချည်ပျက်စဲ၊ မမြဲအမှန်၊ ကေန်ဆင်းရဲ၊ နှစ်လဲ ကင်းပ၊ စိုး မရမှန်၊ ဖောက်ပြန်တတ်စွာ၊ ငါ့ဥစ္စာ, ငါ၊ ငါ့လိပ်ပြာဟု၊ ဘာတခုမျှ၊ မဟုတ်ကြ၊ နာမ်မျှ သက်သက်ပါတကား။

၃။ ဃာနသမ္ဖဿော အနိစ္စော ဒုက္ခော အနတ္တာ ဝိပရိဏာမဓမ္မော၊ နေတံ မမံ၊ နေသောဟ မသ္မိ၊ န မေသော အတ္တာ။

* နှာခေါင်း၌မှီ၊ အတွေ့သည်လည်း၊ ဖြစ်ချည်ပျက်စဲ၊ မမြဲအမှန်၊ ကေန်ဆင်းရဲ၊ နှစ်လဲ ကင်းပ၊ စိုး မရမှန်၊ ဖောက်ပြန်တတ်စွာ၊ ငါ့ဥစ္စာ, ငါ၊ ငါ့လိပ်ပြာဟု၊ ဘာတခုမျှ၊ မဟုတ်ကြ၊ နာမ်မျှ သက်သက်ပါတကား။

၄။ ဇိဝှါသမ္ဖဿော အနိစ္စော ဒုက္ခော အနတ္တာ ဝိပရိဏာမဓမ္မော၊ နေတံ မမံ၊ နေသောဟ မသ္မိ၊ န မေသော အတ္တာ။

* လျှာ၌စွဲမှီ၊ အတွေ့သည်လည်း၊ ဖြစ်ချည်ပျက်စဲ၊ မမြဲအမှန်၊ ကေန်ဆင်းရဲ၊ နှစ်လဲ ကင်းပ၊ စိုး မရမှန်၊ ဖောက်ပြန်တတ်စွာ၊ ငါ့ဥစ္စာ, ငါ၊ ငါ့လိပ်ပြာဟု၊ ဘာတခုမျှ၊ မဟုတ်ကြ၊ နာမ်မျှ သက်သက်ပါတကား။

၅။ ကာယသမ္ဖဿော အနိစ္စော ဒုက္ခော အနတ္တာ ဝိပရိဏာမဓမ္မော၊ နေတံ မမံ၊ နေသောဟ မသ္မိ၊ န မေသော အတ္တာ။

* ကိုယ်၌စွဲမှီ၊ အတွေ့သည်လည်း၊ ဖြစ်ချည်ပျက်စဲ၊ မမြဲအမှန်၊ ကေန်ဆင်းရဲ၊ နှစ်လဲ ကင်းပ၊ စိုး မရမှန်၊ ဖောက်ပြန်တတ်စွာ၊ ငါ့ဥစ္စာ, ငါ၊ ငါ့လိပ်ပြာဟု၊ ဘာတခုမျှ၊ မဟုတ်ကြ၊ နာမ်မျှ သက်သက်ပါတကား။

၆။ မနောသမ္ဖဿော အနိစ္စော ဒုက္ခော အနတ္တာ ဝိပရိဏာမဓမ္မော၊ နေတံ မမံ၊ နေသောဟ မသ္မိ၊ န မေသော အတ္တာ။

* စိတ်၌စွဲမှီ၊ အတွေ့သည်လည်း၊ ဖြစ်ချည်ပျက်စဲ၊ မမြဲအမှန်၊ ဧကန်ဆင်းရဲ၊ နှစ်လဲကင်းပ၊ စိုးမရမှန်၊ ဖောက်ပြန်တတ်စွာ၊ ငါ့ဥစ္စာ,ငါ၊ ငါ့လိပ်ပြာဟု၊ ဘာတခုမျှ၊ မဟုတ်ကြ၊ နာမ်မျှ သက်သက်ပါတကား။

## ဝေဒနာ ၆-ပါးဖြစ်ပုံ

၁။ ထိုစက္ခုသမ္ဖဿ၏ မိတ်ဆက်ပေးမှုကို အစွဲပြု၍ ဆိုင်ရာရူပါရုံတို့၏ အရသာကို ခံစားတတ်သော စက္ခုသမ္ဖဿဇာ ဝေဒနာသည် ထင်ရှားစွာ ဖြစ်ပေါ်လာ၏။

**အာရုံနှင့် ဝေဒနာ။** ။အဆင်းရူပါရုံက အလိုရှိအပ်သော ဣဋ္ဌာရုံ, အလွန်ပင် အလိုရှိအပ်သော ဗုဒ္ဓရုပ်ဆင်း စသော အတိဣဋ္ဌာရုံမျိုးဖြစ်လျှင် **သုခဝေဒနာ**၊ အဆင်းရူပါရုံက အလိုမရှိအပ်သော အနိဋ္ဌာရုံမျိုးဖြစ်လျှင် **ဒုက္ခဝေဒနာ**၊ အဆင်းရူပါရုံက အလိုရှိအပ်လှသည်လည်း မဟုတ်, အလို မရှိအပ်လှသည်လည်း မဟုတ်သော ဣဋ္ဌမဇ္ဈတ္တာရုံမျိုး ဖြစ်လျှင် ထိုအာရုံ၏ အရသာကို ခံစားမှု **ဥပေက္ခာဝေဒနာ** ဖြစ်လာရသည်။

**မှတ်ချက်။** ။ဤနေရာ၌ဆိုင်ရာအာရုံတို့၏ အရသာကို ခံစားသော သုခဝေဒနာ ဖြစ်လျှင် သာယာနှစ်သက်မှု တဏှာ လောဘ ရာဂ ဖြစ်တတ်၏၊ ကာမရာဂါနုသယ စသည်တွေလည်း ဖြစ်လာတတ်၏၊မဖြစ်ရအောင် ထိုဝေဒနာကို ပြဆိုလတ္တံ့သော အနိစ္စ စသော ဝိပဿနာကို ရှုပွါးပါ၊ ဤ သုခဝေဒနာလည်း ဒုက္ခဒုက္ခ, သင်္ခါရဒုက္ခ, ဝိပရိဏာမ ဒုက္ခမျိုး ဖြစ်သောကြောင့် ဒုက္ခပင်ဖြစ်၏။

မနှစ်သက်သော အာရုံအရသာကို ခံစားသော ဒုက္ခဝေဒနာမျိုး ဖြစ်လျှင် နှလုံးမသာယာမှု ဒေါမနဿ=ပဋိဃာနုသယ အကုသိုလ်တွေ ဖြစ်လာတတ်၏၊ မဖြစ်ရအောင် သုခဝေဒနာနည်းတူ အနိစ္စ စသည့် ခုနစ်ချက်သော ဝိပဿနာဖြင့် ရှုပွါးပယ်ဖျောက်ရမည်။

နောက်နောက် ဌာနများတို့၌လည်း ဆိုင်ရာ ဆိုင်ရာတို့ဖြစ်ပုံ နည်းမှီး၍ သိကြကုန်ရာ၏။

၂။ ထို သောတသမ္ဖဿ၏ မိတ်ဆက်ပေးမှုကို အစွဲပြု၍ ဆိုင်ရာသဒ္ဒါရုံတို့၏ အရသာကို ခံစားတတ်သော သောတသမ္ဖဿဇာ ဝေဒနာသည် ထင်ရှားစွာ ဖြစ်ပေါ်လာ၏။ (အာရုံ, ဝေဒနာ စသည် ရှေးနည်းတူပြီ)

၃။ ထိုဃာနသမ္ဖဿ၏ မိတ်ဆက်ပေးမှုကို အစွဲပြု၍ ဆိုင်ရာ ဂန္ဓာရုံတို့၏ အရသာကို ခံစားတတ်သော ဃာနသမ္ဖဿဇာ ဝေဒနာသည် ထင်ရှားစွာ ဖြစ်ပေါ်လာ၏။ (အာရုံ,ဝေဒနာ စသည် ရှေးနည်းတူပြီ)

၄။ ထို ဇိဝှါသမ္ဖဿ၏ မိတ်ဆက်ပေးမှုကို အစွဲပြု၍ ဆိုင်ရာ ရသာရုံတို့၏ အရသာကို ခံစားတတ်သော ဇိဝှါသမ္ဖဿဇာ ဝေဒနာသည် ထင်ရှားစွာ ဖြစ်ပေါ်လာ၏။ (အာရုံ, ဝေဒနာ စသည် ရှေးနည်းတူပြီ)

၅။ ထို ကာယသမ္ဖဿ၏ မိတ်ဆက်ပေးမှုကို အစွဲပြု၍ ဆိုင်ရာ ဖောဋ္ဌဗ္ဗာရုံတို့၏ အရသာကို ခံစားတတ်သော ကာယသမ္ဖဿဇာ ဝေဒနာသည် ထင်ရှားစွာ ဖြစ်ပေါ်လာ၏။ (အာရုံ, ဝေဒနာ စသည် ရှေးနည်းတူပြီ)

၆။ ထို မနောသမ္ဖဿ၏ မိတ်ဆက်ပေးမှုကို အစွဲပြု၍ ဆိုင်ရာ ဓမ္မာရုံတို့၏ အရသာကို ခံစားတတ်သော မနောသမ္ဖဿဇာ ဝေဒနာသည် ထင်ရှားစွာ ဖြစ်ပေါ်လာ၏။ (အာရုံ, ဝေဒနာ စသည် ရှေးနှင့်တူပြီ) (ဥပရိပဏ္ဏာသ ဆဆက္ကသုတ်-၃၂၀)

ဤသို့ ပြဆိုအပ်ခဲ့ပြီးသော ဒွါရခြောက်ပုံ, အာရုံခြောက်ပင်, ဝိညာဉ်ခြောက်ပါး, ခြောက်ကား ဖဿ, ခြောက်ဝ ဝေဒနာ-ဤတရားအားလုံးတို့ကို အကျဉ်းပေါင်းစုလျှင် ရုပ်နာမ် နှစ်ပါးသာဖြစ်၏၊ ပရမတ်သဘောအားဖြင့် ရုပ်နာမ်မှတပါး ပုဂ္ဂိုလ်,သတ္တဝါ, ယောကျ်ား, မိန်းမ စသည်ဖြင့် အခြား တစုံတရာ မရှိပါပေ။

* မသိလျှင်ရုပ်၊ သိလျှင်နာမ်၊ ဤနှစ်တန်၊ ဉာဏ်မှာ အမြဲစွဲ။
* ရုပ်စု ရုပ်ပုံ၊ မြင်ပါတုံလျက်၊ ရုပ်ပုံ မထင်၊ မောဟ ဝင်၊ အမြင် အလွဲလွဲ။
* နာမ်စု နာမ်ပုံ၊ မြင်ပါတုံလျက်၊ နာမ်ပုံ မထင်၊ မောဟ ဝင်၊ အမြင် အလွဲလွဲ။
* ရုပ်နာမ်နှစ်ကို၊ ငါ့ကိုယ်မှတ်က၊ သက္ကာယ၊ မုချ ဖြစ်စမြဲ။
* ရုပ်နာမ်ကိုသိ၊ လူ ကဝိ၊ ဒိဋ္ဌိသက္ကာ ကင်းစမြဲ။
* ဒိဋ္ဌိသက္ကာ၊ ကွာသောခါ၊ ပယ်ရွာ ရောက်မှု ကင်းတော့သည်။

## ၅။ ဝေဒနာ ၆-ပါး ဝိပဿနာရှုပွားပုံ

၁။ စက္ခုသမ္ဖဿဇာ ဝေဒနာ အနိစ္စာ ဒုက္ခာ အနတ္တာ ဝိပရိဏာမဓမ္မာ၊ နေတံ မမံ၊ နေသောဟ မသ္မိ၊ န မေသော အတ္တာ။

* စက္ခုသမ္ဖဿဇာ၊ ဝေဒနာသည်၊ ဖြစ်ချည်ပျက်စဲ၊ မမြဲအမှန်၊ ဧကန်ဆင်းရဲ၊ နှစ်သဲ ကင်းပ၊ စိုး မရမှန်၊ ဖောက်ပြန်တတ်စွာ၊ ငါ့ဥစ္စာ, ငါ၊ ငါ့လိပ်ပြာဟု၊ ဘာတခုမျှ၊ မဟုတ်ကြ၊ နာမ်မျှ သက်သက်ပါတကား။

၂။ သောတသမ္ဖဿဇာ ဝေဒနာ အနိစ္စာ ဒုက္ခာ အနတ္တာ ဝိပရိဏာမဓမ္မာ၊ နေတံ မမံ၊ နေသောဟ မသ္မိ၊ န မေသော အတ္တာ။

* သောတသမ္ဖဿဇာ၊ဝေဒနာသည်၊ဖြစ်ချည်ပျက်စဲ၊မမြဲအမှန်၊ ကေန်ဆင်းရဲ၊ နှစ်လဲ ကင်းပ၊ စိုးမရမှန်၊ ဖောက်ပြန်တတ်စွာ၊ ငါ့ဥစ္စာ,ငါ၊ ငါ့လိပ်ပြာဟု၊ ဘာတခုမျှ၊ မဟုတ်ကြ၊ နာမ်မျှ သက်သက်ပါတကား။

၃။ ဃာနသမ္ဖဿဇာ ဝေဒနာ အနိစ္စာ ဒုက္ခာ အနတ္တာ ဝိပရိဏာမဓမ္မာ၊ နေတံ မမံ၊ နေသောဟ မသ္မိ၊ န မေသော အတ္တာ။

* ဃာန သမ္ဖဿဇာ၊ ဝေဒနာသည်၊ ဖြစ်ချည်ပျက်စဲ၊ မမြဲအမှန်၊ ကေန်ဆင်းရဲ၊ နှစ်လဲ ကင်းပ၊ စိုး မရမှန်၊ ဖောက်ပြန်တတ်စွာ၊ ငါ့ဥစ္စာ,ငါ၊ ငါ့လိပ်ပြာဟု၊ ဘာတခုမျှ၊ မဟုတ်ကြ၊ နာမ်မျှ သက်သက်ပါတကား။

၄။ ဇိဝှါသမ္ဖဿဇာ ဝေဒနာ အနိစ္စာ ဒုက္ခာ အနတ္တာ ဝိပရိဏာမဓမ္မာ၊ နေတံ မမံ၊ နေသောဟ မသ္မိ၊ န မေသော အတ္တာ။

* ဇိဝှါသမ္ဖဿဇာ၊ ဝေဒနာသည်၊ ဖြစ်ချည်ပျက်စဲ၊ မမြဲအမှန်၊ ကေန်ဆင်းရဲ၊ နှစ်လဲကင်းပ၊ စိုး မရမှန်၊ ဖောက်ပြန်တတ်စွာ၊ ငါ့ဥစ္စာ,ငါ၊ ငါ့လိပ်ပြာဟု၊ ဘာတခုမျှ၊ မဟုတ်ကြ၊ နာမ်မျှ သက်သက်ပါတကား။

၅။ ကာယသမ္ဖဿဇာ ဝေဒနာ အနိစ္စာ ဒုက္ခာ အနတ္တာ ဝိပရိဏာမဓမ္မာ၊ နေတံ မမံ၊ နေသောဟ မသ္မိ၊ န မေသော အတ္တာ။

* ကာယသမ္ဖဿဇာ၊ ဝေဒနာသည်၊ ဖြစ်ချည်ပျက်စဲ၊ မမြဲအမှန်၊ ကေန်ဆင်းရဲ၊ နှစ်လဲ ကင်းပ၊ စိုး မရမှန်၊ ဖောက်ပြန်တတ်စွာ၊ ငါ့ဥစ္စာ,ငါ၊ ငါ့လိပ်ပြာဟု၊ ဘာတခုမျှ၊ မဟုတ်ကြ၊ နာမ်မျှ သက်သက်ပါတကား။

၆။ မနောသမ္ဖဿဇာ ဝေဒနာ အနိစ္စာ ဒုက္ခာ အနတ္တာ ဝိပရိဏာမဓမ္မာ၊ နေတံ မမံ၊ နေသောဟ မသ္မိ၊ န မေသော အတ္တာ။

* မနောသမ္ဖဿဇာ၊ ဝေဒနာသည်၊ ဖြစ်ချည်ပျက်စဲ၊ မမြဲအမှန်၊ ကေန်ဆင်းရဲ၊ နှစ်လဲ ကင်းပ၊ စိုး မရမှန်၊ ဖောက်ပြန်တတ်စွာ၊ ငါ့ဥစ္စာ,ငါ၊ ငါ့လိပ်ပြာဟု၊ ဘာတခုမျှ၊ မဟုတ်ကြ၊ နာမ်မျှ သက်သက်ပါတကား။

ဓာတ်ခြောက်ပါး [၁] နှင့် ခန္ဓာငါးပါး ဝိပဿနာ ရှုပွါးပုံ [၂] တို့ကို ရှေ့၌ ဖော်ပြခဲ့ပါပြီ၊ ဤဝိပဿနာ ရှုပွါးရာ အရပ်ရပ်တို့၌ အကျဉ်းချုပ် တိုတို တုတ်တုတ်မျှကိုသာ ရေးသားခြင်းဖြစ်၍ အတော်အတန် ပြည့်စုံအောင် ရေးသားထားပါသည်။

---

၁။ ဤကျမ်း၊ နှာ-၃၂၉-၌ ရှုပါ၊ ၂။ ဤကျမ်း၊ နှာ-၃၂၅-၌ ရှုပါ။

အကျယ်အဓိပ္ပါယ်နှင့်တကွ စုံစုံလင်လင် တပုဒ်ရလျှင်ပင် အလုံးစုံကိစ္စ ပြီးနိုင်၍ အလွန်ကောင်းလှ ကျက်မှတ်သင့်လှသော မင်းကွန်းတောင်ရိုး အဂ္ဂမဟာပဏ္ဍိတ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဦးဝိစိတ္တ ဟောကြား ရေးသားထားသော လင်္ကာများကိုပါ ဖော်ပြထားပါသည်။

၁။ ဒွါရ ၆-ပါး တရားလင်္ကာ

(၁) မျက်စိတွင်မည်၊ ရုပ်အကြည်ကား၊ မြင့်ရှည်ကာလ၊ မတည်ထဘဲ၊ ခဏဖြစ်လျက်၊ ခဏပျက်၏၊ ဖြစ်ပျက်နှစ်တန်၊ နှိပ်စက်ဒဏ်ဖြင့်၊ တရံမစဲ၊ လွန်ဆင်းရဲ၏၊ ခိုင်မြဲကျောမာ၊ နှစ်မပါဘူး၊ ပညာစက္ခု၊ မြော်ထောက်ရှုလျှင်၊ သူ့သဘာဝ၊ အနိစ္စနှင့်၊ ဒုက္ခ အနတ္တာ၊ မှန်လှစွာ၏၊ ငါ၊ ငါ့ဉစ္စာ၊ ငါ့လိပ်ပြာတို့၊ ဘာတခုမျှ၊ မဟုတ်ကြသည်၊ ဓမ္မ သက်သက်ပါတကား။

(၂) နားဟုတွင်မည်၊ ရုပ်အကြည်လည်း၊ (ရှေးနည်းမှီး၍ ဆက်ဆိုလေ)

(၃) နှာခေါင်းတွင်မည်၊ ရုပ်အကြည်လည်း၊ (ရှေးနည်းမှီး၍ ဆက်ဆိုလေ)

(၄) လျှာဟုတွင်မည်၊ ရုပ်အကြည်လည်း၊ (ရှေးနည်းမှီး၍ ဆက်ဆိုလေ)

(၅) ကိုယ်ဟုတွင်မည်၊ ရုပ်အကြည်လည်း၊ (ရှေးနည်းမှီး၍ ဆက်ဆိုလေ)

(၆) မနောတွင်မည်၊ သိစိတ်သည်လည်း (ရှေးနည်းမှီး၍ ဆက်ဆိုလေ)

၂။ အာရုံ ၆-ပါး တရားလင်္ကာ

(၁) အဆင်းတွင်မည်၊ ရုပ်ထို ဤကား၊ မြင့်ရှည်ကာလ၊ မတည်ထဘဲ၊ ခဏဖြစ်လျက်၊ ခဏပျက်၏၊ ဖြစ်ပျက်နှစ်တန်၊ နှိပ်စက်ဒဏ်ဖြင့်၊ တရံမစဲ၊ လွန်ဆင်းရဲ၏၊ ခိုင်မြဲကျောမာ၊ နှစ်မပါဘူး၊ ပညာစက္ခု၊ မြော်ထောက်ရှုလျှင်၊ သူ့သဘာဝ၊ အနိစ္စနှင့်၊ ဒုက္ခ အနတ္တာ၊ မှန်လှစွာ၏၊ ငါ၊ ငါ့ဉစ္စာ၊ ငါ့လိပ်ပြာတို့၊ ဘာတခုမျှ၊ မဟုတ်ကြသည်၊ ဓမ္မ သက်သက်ပါတကား။

(၂) အသံတွင်မည်၊ ရုပ်ထို ဤကား၊ (ရှေးနည်းမှီး၍ ဆက်ဆိုလေ)

(၃) အနံ့တွင်မည်၊ ရုပ်ထို ဤကား၊ (ရှေးနည်းမှီး၍ ဆက်ဆိုလေ)

(၄) အရသာတွင်မည်၊ ရုပ်ထို ဤကား၊ (ရှေးနည်းမှီး၍ ဆက်ဆိုလေ)

(၅) အတွေ့တွင်မည်၊ ရုပ်ထို ဤကား၊ (ရှေးနည်းမှီး၍ ဆက်ဆိုလေ)

(၆) ဓမ္မတွင်မည်၊ ရုပ်နာမ်သည်လည်း၊ (ရှေးနည်းမှီး၍ ဆက်ဆိုလေ)

၃။ ဝိညာဏ် ၆-ပါး တရားလက်ာ

(၁) မျက်စိ၌မှီ၊ ဝိညာဏ်သည်ကား၊ မြင့်ရှည်ကာလ၊ မတည်ထဘဲ၊ ခဏဖြစ်လျက်၊ ခဏပျက်၏၊ ဖြစ်ပျက်နှစ်တန်၊ နှိပ်စက်ဒဏ်ဖြင့်၊ တရံမစဲ၊ လွန်ဆင်းရဲ၏၊ ခိုင်မြဲကျောမာ၊ နှစ်မပါဘူး၊ ပညာစက္ခု၊ မြော်ထောက်ရှုလျှင်၊ သုံ့သဘာဝ၊ အနိစ္စနှင့်၊ ဒုက္ခ, အနတ္တာ၊ မှန်လှစွာ၏၊ ငါ, ငါ့ဥစ္စာ၊ ငါ့လိပ်ပြာတို့၊ ဘာတခုမျှ၊ မဟုတ်ကြသည်၊ ဓမ္မ သက်သက်ပါတကား။

(၂) နား၌စွဲမှီ၊ ဝိညာဏ်သည်ကား၊ (ရှေးနည်းမှီး၍ ဆက်ဆိုလေ)

(၃) နှာခေါင်း၌မှီ၊ ဝိညာဏ်သည်ကား၊ (ရှေးနည်းမှီး၍ ဆက်ဆိုလေ)

(၄) လျှာ၌စွဲမှီ၊ ဝိညာဏ်သည်ကား၊ (ရှေးနည်းမှီး၍ ဆက်ဆိုလေ)

(၅) ကိုယ်၌စွဲမှီ၊ ဝိညာဏ်သည်ကား၊ (ရှေးနည်းမှီး၍ ဆက်ဆိုလေ)

(၆) မနောတွင်မည်၊ သိစိတ်သည်ကား၊ (ရှေးနည်းမှီး၍ ဆက်ဆိုလေ)

၄။ ဖဿ ၆-ပါး တရားလက်ာ

(၁) မျက်စိ၌မှီ၊ အတွေ့သည်ကား၊ မြင့်ရှည်ကာလ၊ မတည်ထဘဲ၊ ခဏဖြစ်လျက်၊ ခဏပျက်၏၊ ဖြစ်ပျက်နှစ်တန်၊ နှိပ်စက်ဒဏ်ဖြင့်၊ တရံမစဲ၊ လွန်ဆင်းရဲ၏၊ ခိုင်မြဲကျောမာ၊ နှစ်မပါဘူး၊ ပညာစက္ခု၊ မြော်ထောက်ရှုလျှင်၊ သုံ့သဘာဝ၊ အနိစ္စနှင့်၊ ဒုက္ခ, အနတ္တာ၊ မှန်လှစွာ၏၊ ငါ, ငါ့ဥစ္စာ၊ ငါ့လိပ်ပြာတို့၊ ဘာတခုမျှ၊ မဟုတ်ကြသည်၊ ဓမ္မ သက်သက်ပါတကား။

(၂) နား၌စွဲမှီ၊ အတွေ့သည်ကား၊ (ရှေးနည်းမှီး၍ ဆက်ဆိုလေ)

(၃) နှာခေါင်း၌မှီ၊ အတွေ့သည်ကား၊ (ရှေးနည်းမှီး၍ ဆက်ဆိုလေ)

(၄) လျှာ၌စွဲမှီ၊ အတွေ့သည်ကား၊ (ရှေးနည်းမှီး၍ ဆက်ဆိုလေ)

(၅) ကိုယ်၌စွဲမှီ၊ အတွေ့သည်ကား၊ (ရှေးနည်းမှီး၍ ဆက်ဆိုလေ)

(၆) မနော၌မှီ၊ အတွေ့သည်ကား၊ (ရှေးနည်းမှီး၍ ဆက်ဆိုလေ)

၅။ ဝေဒနာ ၆-ပါး တရားလက်ာ

(၁) မျက်စိအတွေ့၊ တွဲယှဉ်၍လျှင်၊ ဖြစ်လေ့ပွါးစည်၊ ဝေဒနာသည်ကား၊ မြင့်ရှည်ကာလ၊ မတည်ထဘဲ၊ ခဏဖြစ်လျက်၊ ခဏပျက်၏၊ ဖြစ်ပျက်နှစ်တန်၊ နှိပ်စက်ဒဏ်ဖြင့်၊ တရံမစဲ၊ လွန်ဆင်းရဲ၏၊ ခိုင်မြဲကျောမာ၊ နှစ်မပါဘူး၊ ပညာစက္ခု၊

မြှော်ထောက်ရှုလျှင်၊ သူ့သဘာဝ၊ အနိစ္စနှင့်၊ ဒုက္ခ, အနတ္တာ၊ မှန်လှစွာ၏၊ ငါ, ငါ့ဥစ္စာ၊ ငါ့လိပ်ပြာတို့၊ ဘာတခုမျှ၊ မဟုတ်ကြသည်၊ ဓမ္မ သက်သက်ပါတကား။

(၂) နားဦအတွေ့၊ တွဲယှဉ်၍လျှင်၊ ဖြစ်လေ့ပွါးစည်၊ ဝေဒနာသည်ကား၊ မြင့်ရှည်ကာလ၊ မတည်ထဘဲ၊ (ရှေးနည်းမှီး၍ ဆက်ဆိုလေ)

(၃) နှာခေါင်းအတွေ့၊ တွဲယှဉ်၍လျှင်၊ ဖြစ်လေ့ပွါးစည်၊ ဝေဒနာသည်ကား၊ မြင့်ရှည်ကာလ၊ မတည်ထဘဲ၊ (ရှေးနည်းမှီး၍ ဆက်ဆိုလေ)

(၄) လျှာဦအတွေ့၊ တွဲယှဉ်၍လျှင်၊ ဖြစ်လေ့ပွါးစည်၊ ဝေဒနာသည်ကား၊ မြင့်ရှည်ကာလ၊ မတည်ထဘဲ၊ (ရှေးနည်းမှီး၍ ဆက်ဆိုလေ)

(၅) ကိုယ်ဦအတွေ့၊ တွဲယှဉ်၍လျှင်၊ ဖြစ်လေ့ပွါးစည်၊ ဝေဒနာသည်ကား၊ မြင့်ရှည်ကာလ၊ မတည်ထဘဲ၊ (ရှေးနည်းမှီး၍ ဆက်ဆိုလေ)

(၆) မနောအတွေ့၊ တွဲယှဉ်၍လျှင်၊ ဖြစ်လေ့ပွါးစည်၊ ဝေဒနာသည်ကား၊ မြင့်ရှည်ကာလ၊ မတည်ထဘဲ၊ (ရှေးနည်းမှီး၍ ဆက်ဆိုလေ)

## ၆။ ခေတ် ၆-ပါး တရားလက်ာ

(၁) အကြမ်း,အနု၊ နှစ်ခုပထဝီ၊ မြေခေတ်သည်ကား၊ မြင့်ရှည်ကာလ၊ မတည်ထဘဲ၊ ခဏဖြစ်လျက်၊ ခဏပျက်၏၊ ပြစ်ပျက်နှစ်တန်၊ နှိပ်စက်ဒဏ်ဖြင့်၊ တရံမစဲ၊ လွန်ဆင်းရဲ၏၊ ခိုင်မြဲကျောမှာ၊ နှစ်မပါဘူး၊ ပညာစက္ခု မြှော်ထောက်ရှုလျှင်၊ သူ့သဘာဝ၊ အနိစ္စနှင့်၊ ဒုက္ခ,အနတ္တာ၊ မှန်လှစွာ၏၊ ငါ,ငါ့ဥစ္စာ၊ ငါ့လိပ်ပြာတို့၊ ဘာတခုမျှ၊ မဟုတ်ကြသည်၊ ဓမ္မ သက်သက်ပါတကား။

(၂) ဖွဲ့သော,စီးသော၊ အာပေါနှစ်မည်၊ ရေခေတ်သည်ကား၊ (ရှေးနည်းမှီး၍ ဆက်ဆိုလေ)

(၃) ပူသော, အေးသော၊ တေဇောနှစ်မည်၊ မီးခေတ်သည်ကား (ရှေး နည်း မှီး ၍ ဆက်ဆိုလေ)

(၄) ပြေ့သော, မာသော၊ ဝါယောနှစ်မည်၊ လေခေတ်သည်ကား၊ (ရှေးနည်းမှီး၍ ဆက်ဆိုလေ)

(၅) ကလာပ်ခြားမျှ၊ အာကာသမည်၊ ထိုခေတ်သည်လည်း၊ (ရှေးနည်းမှီး၍ ဆက်ဆိုလေ)

(၆) မြင်, ကြား, နံ, စား၊ ထိ, သိအားဖြင့်၊ ခြောက်ပါးခေတ်မည်၊ ဝိညာဏ်သည်လည်း၊ မြင့်ရှည်ကာလ၊ (ရှေးနည်းမှီး၍ ဆက်ဆိုလေ)

၇။ ခန္ဓာ ၅-ပါး တရားလက်ာ

(၁) ရုပ်ဟုတွင်မည်၊ ခန္ဓာသည်ကား၊ မြင့်ရှည်ကာလ၊ မတည်ထဘဲ၊ ခဏဖြစ်လျက်၊ ခဏပျက်၍၊ ဖြစ်ပျက်နှစ်တန်၊ နှိပ်စက်ဒဏ်ဖြင့်၊ တရံမစဲ၊ လွန်ဆင်းရဲ၍၊ ခိုင်မြဲကျောမာ၊ နှစ်မပါဘူး၊ ပညာစက္ခု၊ မြော်ထောက်ရှုလျှင်၊ သူ့သဘာဝ၊ အနိစ္စနှင့် ဒုက္ခ၊ အနတ္တာ၊ မှန်လှစွာ၍၊ ငါ့၊ ငါ့ဥစ္စာ၊ ငါ့လိပ်ပြာတို့၊ ဘာတခုမျှ၊ မဟုတ်ကြသည်၊ ဓမ္မ သက်သက်ပါတကား၊

(၂) ဝေဒနာမည်၊ ခန္ဓာသည်လည်း (ရှေးနည်းမှီး၍ ဆက်ဆိုလေ)

(၃) သညာတွင်မည်၊ ခန္ဓာသည်လည်း (ရှေးနည်းမှီး၍ ဆက်ဆိုလေ)

(၄) သင်္ခါရမည်၊ ခန္ဓာသည်လည်း၊ (ရှေးနည်းမှီး၍ ဆက်ဆိုလေ)

(၅) ဝိညာဏ် ခြောက်မည်၊ ခန္ဓာသည်လည်း၊ (ရှေးနည်းမှီး၍ ဆက်ဆိုလေ)

၈။ အရူပဈာန် ၄-ပါး တရားလက်ာ

(၁) အာကာတွင်မည်၊ ဈာန်စိတ်သည်ကား၊ မြင့်ရှည်ကာလ၊ မတည်ထဘဲ၊ ခဏဖြစ်လျက်၊ ခဏပျက်၍၊ ဖြစ်ပျက်နှစ်တန်၊ နှိပ်စက်ဒဏ်ဖြင့်၊ တရံမစဲ၊ လွန်ဆင်းရဲ၍၊ ခိုင်မြဲကျောမာ၊ နှစ်မပါဘူး၊ ပညာစက္ခု၊ မြော်ထောက်ရှုလျှင်၊ သူ့သဘာဝ၊ အနိစ္စနှင့်၊ ဒုက္ခ၊ အနတ္တာ၊ မှန်လှစွာ၍၊ ငါ့၊ ငါ့ဥစ္စာ၊ ငါ့လိပ်ပြာတို့၊ ဘာတခုမျှ၊ မဟုတ်ကြသည်၊ ဓမ္မ သက်သက်ပါတကား။

(၂) ဝိညာတွင်မည်၊ ဈာန်စိတ်သည်လည်း၊ (ရှေးနည်းမှီး၍ ဆက်ဆိုလေ)

(၃) အာကိံ တွင်မည်၊ ဈာန်စိတ်သည်လည်း၊ (ရှေးနည်းမှီး၍ ဆက်ဆိုလေ)

(၄) နေဝတွင်မည်၊ ဈာန်စိတ်သည်လည်း၊ (ရှေးနည်းမှီး၍ ဆက်ဆိုလေ)

၉။ စည်းစိမ် ၂-ပါး တရားလက်ာ

(၁) ဤဘဝ၌တည်၊ စည်းစိမ်သည်ကား၊ မြင့်ရှည်ကာလ၊ မတည်ထဘဲ၊ ခဏဖြစ်လျက်၊ ခဏပျက်၍၊ ဖြစ်ပျက်နှစ်တန်၊ နှိပ်စက်ဒဏ်ဖြင့်၊ တရံမစဲ၊ လွန်ဆင်းရဲ၍၊ ခိုင်မြဲကျောမာ၊ နှစ်မပါဘူး၊ ပညာစက္ခု၊ မြော်ထောက်ရှုလျှင်၊ သူ့သဘာဝ၊ အနိစ္စနှင့်၊ ဒုက္ခ၊ အနတ္တာ၊ မှန်လှစွာ၍၊ ငါ့၊ ငါ့ဥစ္စာ၊ ငါ့လိပ်ပြာတို့၊ ဘာတခုမျှ၊ မဟုတ်ကြသည်၊ ဓမ္မ သက်သက်ပါတကား။

(၂) တမလွန်၌တည်၊ စည်းစိမ်သည်လည်း၊ (ရှေးနည်းမှီး၍ ဆက်ဆိုလေ)

## ၁၀။ ဒိဋ္ဌဒိဝါရ တရားလင်္ကာ

(၁) မြင်အပ်, ကြားအပ်၊ ရောက်, သိအပ်ဟု၊ လေးရပ်တွင်မည်၊ ရုပ်နာမ် သည်လည်း၊ မြင့်ရှည်ကာလ၊ မတည်ထဘဲ၊ ခဏဖြစ်လျက်၊ ခဏပျက်၏၊ ဖြစ်ပျက်နှစ်တန်၊ နှိပ်စက်ဒဏ်ဖြင့်၊ တရံမစဲ၊ လွန်ဆင်းရဲ၏၊ ခိုင်မြဲကျောမာ၊ နှစ်မပါဘူး၊ ပညာစက္ခု၊ မြှော်ထောက်ရှုလျှင်၊ သုံ့သဘာဝ၊ အနိစ္စနှင့်၊ ဒုက္ခ, အနတ္တာ၊ မှန်လှစွာ၏၊ ငါ, ငါ့ဥစ္စာ၊ ငါ့လိပ်ပြာတို၊ ဘာတခုမျှ၊ မဟုတ်ကြသည်၊ ဓမ္မ သက်သက်ပါတကား။

**အထူးတိုက်တွန်းနှိုးဆော်ချက်။** ။ဘုန်းကြီးသည်ကား တိပိဋက ဆရာတော် ရေးသားသော ဤလင်္ကာ ရှည်ကိုလည်း နှုတ်တက် အရကျက်, ပါဠိတော် အဖုံဖုံတို့ကိုလည်း အာဂုံနှုတ်တက် တွဲဘက်လျက် နှစ်သက် လေးမြတ်စွာ ဝိပဿနာမှုကို ပွါးရှုလျက်ရှိပါသည်။

ရဟန်း သံဃာတော် အရှင်မြတ်တို့မှာ ကိုရင်ဘဝကပင် ဒွါရခြောက်ပါး, အာရုံခြောက်ပါး အစရှိသော ဤ တရားများကို နှုတ်တက် အရကျက် လေ့လာဆောင်ရွက်ခဲ့ကြပါသည်၊ သို့ရာတွင်-ငယ်ရွယ်စဉ်လည်းဖြစ် အခြားပရိယတ် ကိစ္စများကိုလည်း နေ့မအား ညမအား ကြိုးစားအားထုတ်နေကြရသဖြင့် ဤ တရားများကို ဝိပဿနာပွါးရှုမှု အာရုံ မပြုနိုင်ကြပါ။

ဤနေရာ၌ အရှင်သာရိပုတ္တရာ မထေရ်မြတ်ကြီးသည် အသာလွန်ဆုံး အထူးချွန်ဆုံး အမြင့်မြတ်ဆုံး အဘိဓမ္မာ ဒေသနာတော် အစစ်ဖြစ်သော ဤ ဒွါရခြောက်ပါး (အဇ္ဈတ္တိကာယတနခြောက်ပါး)အစရှိသော ရုပ်နာမ် ဝိပဿနာတရားများကို ဟောကြားတော်မူပြီးသည်၏ အဆုံး၌ (၂၄)နှစ်ကာလ ငါးဆယ့်လေးကုဋေမျှ အကုန်အကျခံကာ ဆောက်လုပ်လှူဒါန်းထားသော ကျောင်းဒကာ သောတာပန်ဖြစ်ပြီး၍ အရိယာလည်း အစစ်ဖြစ်သော အနာထပိဏ်သူဌေးကြီးသည် ယခု သေခါနီးဖြစ်လာသော အခါကာလကျမှသာ ဤ တရားမျိုးကို နာရလေခြင်းဟု မျက်ရည်ယိုဆင်း ငိုချင်းကြီးချရသည်အထိ ရင်ထု မနာ မသက်မသာ ဖြစ်ရရှာပါသည်။

ထို့ကြောင့် ရှေးရှေးသောဘဝ အထူးတို့က ဖြည့်ဆည်းပူးခဲ့ကြသော ပါရမီအစုံကုသိုလ် အဟုန်တို့ကြောင့် ဤ ထူးခြားလှစွာသော အဘိဓမ္မာဝိပဿနာ တရားများကို 'သဒ္ဓေ ဝါယမေယျာထ[၁]'ဟု ဗုဒ္ဓဟောတော်မူသည့်အရ ကိုယ်ကျိုးစီးပွါး လွန်လိုလားသော အမျိုးသားတို့ ကြိုးစားကျင့်ကြ,ကိုယ်ကျိုးစီးပွါး လိုလားကြပြီး အမျိုးသမီးတို့လည်း ဆည်းပူးကျင့်ကြ မအိုမီကာလ မနာမီကာလ မသေမီကာလ ဤအချိန်မှာ ဝိပဿနာဉာဏ်

---

၁။ အပ၊ ၁၊ ၅၁။ အပ၊ ၂၊ ၆၆။

ဇောသန်သန်ဖြင့် လျင်မြန်စွာ ရှုနိုင်ကြ၍ အရဟတ္တဖိုလ်ပေါက် နိဗ္ဗာန်သို့ အမြန်ရောက် အောင် ကြိုးစားအားထုတ်ကြကုန်ရာသတည်း။

## အထူးတရပ် သတိချပ်၍ သိမှတ်ဘွယ်

**သာသနာပိုင် ဆရာတော်ကြီးများဩဝါဒ။** ။ဤဝိပဿနာလုပ်ငန်းအရာဝယ် စာတတ်မှ ဖြစ်သလား, စာမတတ် မဖြစ်ဘူလားဟု အငြင်းပွါးကြပြန်သည်၊ ကမ္မဋ္ဌာနာစရိယ ပြုလုပ်ရမည့် ဆရာသမားက ကျမ်းတတ်,ပေတတ်, ပိဋကတ်တတ် ဖြစ်တော်မူမှသာ နိဗ္ဗာန်ရောက်ကြောင်း နည်းလမ်းကောင်းတို့ကို ကိုယ်တိုင် လည်း ကျင့်ကြံလျက် သူတပါးတို့အားလည်း ဟောပြော ညွှန်ကြားနိုင်မည်သာ ကေန် အမှန်ဖြစ်ပါသည်။

ပိဋကတ် မကျွမ်းကျင်၍ ဟိုပုတ်ခတ်, ဒီပုတ်ခတ် ဟောပြောတတ်သော အချို့ ပုဂ္ဂိုလ်များလည်းရှိကြ၏။

ဆောင် ✻ ကျမ်းဂန်ရှုကြည့်၊ သီလဖြည့်၍၊ ဆင်လှည့်ဓုတင်၊ အလုပ်ဝင်နှင့်၊ သွန် သင်ဟောကြား၊ ဤ ငါးပါးသည်၊ တရား မဂ်ဖိုလ် ရကြောင်းတည်း။

(ပထမ မဟာ ဝိသုဒ္ဓါရာမ ရွှေကျင်သာသနာပိုင် ဆရာတော်ဘုရားကြီး အလိုတော်)

စာတတ်မှ အားထုတ်တတ်သည်၊ စာတတ်မှ နည်းလမ်းကျသည်၊ စာမတတ်လျှင် အားမထုတ်တတ်၊ နည်းလမ်းမကျဟု မှတ်ထင်တတ်သည်၊ မမှတ်ထင်နှင့်၊ ဗုဒ္ဓလက်ထက် တော်က စာ မသင်, ပေ မသင်၊စာ မတတ်,ပေ မတတ်=ကကြီးလုံး၊ ခခွေးလုံးကိုမျှ မသိဘဲ နိဗ္ဗာန်ရောက်သွားသူတွေသာ များသည်၊ စာတတ်၍ နိဗ္ဗာန်ရောက်သူ အနည်းငယ်သာ ရှိသည်၊ ဝိပဿနာနှင့်ကင်း၍လည်း နိဗ္ဗာန်ကိုမရောက်နိုင်၊နည်းကောင်းလမ်းမှန်ရ၍ ကိုယ်ကျင့် တရားကောင်းက တဏှာ, မာန, ဒိဋ္ဌိ ဟု ဆိုအပ်သော ဂါဟသုံးရပ်တို့ ကင်းပြတ်ကြပေမည်။

ဆောင် ✻ ကိုယ်မှာမတတ်၊ စာမှာတတ်၊ ဂါဟ ကိုက်တတ်သည်။

✻ စာမှာတတ်, မတတ်၊ ကိုယ်မှာတတ်၊ ဂါဟ ကင်းပြတ်သည်။

(ဒုတိယ မဟာဝိသုဒ္ဓါရာမ ရွှေကျင်သာသနာပိုင် ဒီပဲရင်း ဆရာတော်ဘုရားကြီး အလိုတော်)

ထိုဆရာတော် ဘုရားကြီးများ၏ ဩဝါဒစကား မှတ်သားဘွယ်ကောင်းလှ၍ ဖော်ပြ လိုက်ပါသတည်း။

ဝိပဿနာ ဘာဝနာဒေသနာ ပြီးပါပြီ။

# နဝင်္ဂသီလ ဝိနိစ္ဆယ ဒေသနာ

နမော တဿ ဘဂဝတော အရဟတော သမ္မာ သမ္ဗုဒ္ဓဿ၊

အတ္တဝသာနုသာရေန၊ နဝင်္ဂသီလ နိစ္ဆယံ။
ကထေဿ အတ္ထနာ ဝုတ္တော၊ မဟာလ္လ်ာကစ တေ နမေ။

## ဆရာတော်ကြီးများ၏ အယူအဆ ကွဲပြားပုံ

တဦးတယောက်သောသူက တပည့်တော်အား နဝင်္ဂသီလ (ကိုးပါးသီလ) ကို ပေးသနားတော်မူပါ ဘုရား-ဟု လျှောက်ထားလျှင် —

(၁) ပါဠိ,အဋ္ဌကထာ ကျမ်းဂန်တို့၌ မလာ မရှိသောကြောင့် မပေး-ဟူသောဝါဒ။

(၂) အာပတ်ညစ်ကြေး သင့်မည်ဘေးကြောင့် မပေး-ဟူသော ဝါဒ။

(၃) သမာဒါတဗ္ဗ မဟုတ်၊ ဘာဝေတဗ္ဗ ဖြစ်သောကြောင့် မပေး-ဟူသော ဝါဒ။

(၄) နဝင်္ဂသမန္နာဂတံ-ကို ဥပေါသထသီလံ-ပုဒ်၌ မစပ်နိုင်သောကြောင့် မသင့်-ဟူသော အယူ ဝါဒ။

(၅) ထို သီလကို မပေးလိုသဖြင့် "ဒို မသိ"-ဟူသော ဝါဒ။

(၆) အာပတ် ညစ်ကြေး သင့်မည်ဘေး အရေးကြောင့် မပေး-ဟူသော ဝါဒ။—

ဤသို့ ကွဲပြား များပြားလှပါ၏။

ပဋိညာဉ်။ ။✻ ဗုဒ္ဓမြတ်စွာ၊ သာသနာဝယ်၊ နိကာယ်ငါးရပ်၊ ပိဋကတ် ထိပ် သီး၊ ယူနည်း-ယူဆ၊ သီဟိုဠ်တလိ၊ မြန်ပြည်ဌာန၊ နဝင်္ဂမည်၊ ကိုးပါးသီကို၊ ဆောက်တည်ကျင့်ကောင်း၊ မကျင့်ကောင်းဘူး၊ ရှေးဟောင်းစဉ်လာ၊ ကွဲလာသဘော၊ အတ္တနောမတိ၊ နည်းငယ်ထည့်၍၊ အာစရိမုဋ္ဌိ၊ ကျောက်ကြီးဖိကာ၊ ငါသာတတ်သိ၊ ငါကဝိဟု၊ ကျမ်းရှိဂုဏ်လျှံ၊ ပုန်မကန်ဘဲ၊ မှန်သဘာဝ၊ သဒ္ဒ,အတ္ထ၊ အာဂမယုတ္တိ၊ ၎ို ၎င်းကို၊ စိစစ်ဖွေရှာ၊ ဉာဏ်မှီရာဖြင့်၊ မကျန်းမာရေးငဲ့ မတွေးအား၊ အများအကျိုး၊ လွန်ပွါးတိုးမူ၊ အကြောင်းပြု၍၊ ရှေးရှုမေတ္တာ၊ ရေးသားပါအံ့သတည်း။

ရှေးဦးစွာ စိစစ်ဘွယ်။ ။ဤ နဝင်္ဂသီလကို ဗရားဟောတော်မူပါသလော, ဟောတော်မမူပါသလောဟု စစ်ကြောမေးမြန်းလျှင် ဗရားဟောတော်မူပါသည်၊ ဗရားဟောရှိပါသည်-ဟု ကေန်မုချ ဖြေဆိုရပါလိမ့်မည်၊ ထို ဗရားဟောတော်မူပုံကို နောက်၌ ပါဠိတော်,အဋ္ဌကထာများ တိုက်ရိုက်ထုတ်ပြပြီး ရှင်းလင်းစွာ ဖေါ်ပြပါမည်၊ ပိဋကတ်ကျမ်းကျင် ထေရ်အရှင်မြတ်တို့သည် အများအားဖြင့် "ရှစ်ပါးသီလမှုကို ဆောက်တည်၍ မေတ္တာပို့လျှင် နဝင်္ဂသီလနှင့် ပြည့်စုံတော့သည်" ဟု ရေးသားဆုံးဖြတ်တော်မူကြပါသည်။

ကောင်းလှပါ၏၊ အပြစ်မဆိုလိုပါ၊ သို့ရာတွင် ဥပမာ ပြရပါက ပါဠိတော်' အဋ္ဌကထာ,ဋီကာကျမ်းကြီး ကျမ်းခိုင်များ၌ မြတ်ဗရား၏ ရုပ်ပွါးတော်, ဆင်းတုတော်များကို အနေကဇာတင်ပြီး ကိုးကွယ်ရမည်ဟူ၍ မပါရှိပါ၊ သို့ဖြစ်၍ ရုပ်ပွါး, ဆင်းတုတော်များကို အနေကဇာမတင်ဘဲ ကြည်ညိုဆည်းကပ် ကိုးကွယ်ပါက ကုသိုလ်ရပါ၏၊ ကုသိုလ်ဖြစ်ပါ၏၊ 'အနေကဇာတိသံသာရံ' အစရှိသည်ဖြင့် အနေကဇာတင်ပြီးမှ ဆည်းကပ် ကိုးကွယ်လျှင်လည်း ကုသိုလ်ရပါ၏၊ ကုသိုလ်ဖြစ်ပါ၏။

သို့ရာတွင်-အနေကဇာမတင်ဘဲ ကိုးကွယ်၍ ရရှိသော ကုသိုလ်နှင့် အနေကဇာတင်ပြီးမှ ကိုးကွယ်ဆည်းကပ်၍ ရရှိသော ကုသိုလ်တို့မှာ မည်သည့်နည်းနှင့်မျှ မတူနိုင်ကြပါ၊ အချို့က အနေကဇာမတင်လျှင် ဗရားမဟုတ်သေးဟုပင် ထင်မြင်ယူဆကြပါသည်၊ စင်စစ်အမှန်မှာ အနေကဇာတင်ပြီးမှ ကိုးကွယ်ရရှိသောသူတို့၏ သန္တာန်၌ဖြစ်သော ကုသိုလ်စိတ်သည်ကား ကေန် ပီတိ,သောမနဿ ပြဋ္ဌာန်းသည်ဖြစ်၍ ဝါဂွမ်းဆီထိသည့်ပမာ နှစ်သက် မှုပီတိ တအိအိနှင့် ဝမ်းမြောက်ဝမ်းသာရေယဉ်ပမာ လွန်စွာများပြား ဖြစ်ကြသည်မှာမလွဲပါ။

ထိုသို့ ပိုမို အကျိုးများလှသောကြောင့် ပစ္စည်းဥစ္စာ များစွာ အကုန်အကျခံ၍ အများပင် အနေကဇာတင်ပြီးမှ ကိုးကွယ်ကြသည်ကို အထူးဖေါ်ပြဘွယ် မလိုပါ၊ ဤနည်းတူစွာပင် ရှစ်ပါးသီလကိုသာ ဆောက်တည်ပြီး မေတ္တာပွါးများမှုထက် မေတ္တာကို အဓိဋ္ဌာန်ဆောက်တည်မှုပြုပြီး မေတ္တာပွါးများလျှင် ပိုမို၍ ကုသိုလ်တိုးပွါး အကျိုးများမည်ဟု ယူဆမိပါသည်။

သို့ ကျမ်းကြီး ကျမ်းခိုင် မလာရှိပါဘဲလျက် အနေကဇာတင်မှုကို ချီးမြှောက်တော်မူကြသော ဆရာတော်, သံဃာတော်တို့အား တစုံတရာမျှ အပြစ်မရှိပါပေ။

အနေကဇာတင်သမိုင်း။ ။ထို အနေကဇာတင်မှုကိစ္စ ဖြစ်ပေါ်လာသည်မှာ သမိုင်းရာဇဝင်အရ မကြာမြင့်လှသေးပါ၊ သက္ကရာဇ် (၉၁၂)ခုတွင် မင်းဖြစ်သော ဘုရင့်နောင် ဟံသာဝတီ ဆင်ဖြူရှင်မင်းတရားကြီးသည်(၉၂၆)ခုနှစ်တွင် ဇင်းမယ်ကို သိမ်းယူ အုပ်စိုးတော်မူခဲ့သည်၊ ထို သိမ်းယူစအချိန်က ဇင်းမယ်မဟာဒေဝီအား မြို့စားအဖြစ် ထားခဲ့သေးသော်လည်း (၉၄၁) ခုနှစ်တွင် သားတော် နော်ရထာစောအား

ဇင်းမယ်ကိုပေး၍ မင်းပြုစေခဲ့သည်၊ ဇင်းမယ်ဘုရင် နေဝ်ရထာစောသည် ဇင်းမယ်ကိုမင်းပြုရာအခါ၌ ဗုဒ္ဓသာသနာကို ပြုစုတိုးတက်စေခဲ့ရာ ဇင်းမယ်ရိုးရာဖြစ်သော ဂြိုဟ်ကြီးကိုးလုံးပူဇော်သည့် အလေ့အလာကို သာသနာပြု ဆရာတော်များနှင့် တိုင်ပင်၍ ဗုဒ္ဓရားကိုးဆူပူဇော်သောအလေ့သို့ ပြောင်း၍ပေးခဲ့သည်။

ထို့ပြင် ဗုဒ္ဓရားကိုးဆူအား အမွှမ်းတင်ရွတ်ဆိုရာ၌ 'အနေကဇာတိသံသာရံ'စသော ဂါထာများဖြင့် အမွှမ်းတင်၍ ဗုဒ္ဓရားအနေကဇာတင် စီစဉ်ခြင်းအမှု ပြုသည်ကို အများသိပြီးပင် ဖြစ်ပါသည်။

ထို့နောက် သာလွန်မင်းတရားကြီးလက်ထက် နှစ်ပေါင်း(၃၀၀)ကျော်လောက်မှာ တောင်ဖီလာ ဆရာတော်ဗုဒ္ဓရား ရေးသားတော်မူသော **ဇိနာလင်္ကာရ ဋီကာ**၌ မင်းကို မင်းမြောက်တန်းဆာ ငါးပါးဖြင့် ရာဇာဘိသေက မင်းအဘိသိက်သွန်းသကဲ့သို့'အနေကဇာတိသံသာရံ'စသည်ဖြင့် မြတ်စွာဗုဒ္ဓရားကို ဗုဒ္ဓါဘိသေက-ဗုဒ္ဓရားအဘိသိက်သွန်းသည်ဟု ဤမျှသော အဆိုကိုသာ ပိဋကတ်ကျမ်းကျင် ထေရ်အရှင်တို့လည်း တွေ့မြင်ပြီး ဖြစ်ပါလိမ့်မည်ဟု ယူဆပါသည်။

**နဝင်္ဂဥပုသ်ပါဠိ။** ။ဤနေရာ၌ပြန်၍ ပဋိညာဉ် ပြုခဲ့ပြီးသည့်အတိုင်း ပိဋကတ်ကျမ်းကျင် ထေရ်အရှင်မြတ်တို့ သိမြင်အပ်ပြီးသော ပါဠိ, အဋ္ဌကထာကိုပင် ထုတ်ပြပါဦးမည်။

နဝဟိ ဘိက္ခဝေ အင်္ဂေဟိ သမန္နာဂတော ဥပေါသထော ဥပဝုတ္ထော မဟပ္ဖလော ဟောတိ မဟာနိသံသော မဟာဇုတိကော မဟာဝိပ္ဖါရော။

ကထံ ဥပဝုတ္ထော စ ဘိက္ခဝေ နဝဟင်္ဂေဟိ သမန္နာဂတော ဥပေါသထော မဟပ္ဖလော ဟောတိ မဟာနိသံသော မဟာဇုတိကော မဟာဝိပ္ဖါရော။

ဣဓ ဘိက္ခဝေ အရိယသာဝကော ဣတိ ပဋိသဉ္စိက္ခတိ ''ယာဝဇီဝံ အရဟန္တော ပါဏာတိပါတံ ပဟာယ ပါဏာတိပါတာ ပဋိဝိရတာ နိဟိတဒဏ္ဍာ နိဟိတသတ္ထာ လဇ္ဇီ ဒယာပန္နာ သဗ္ဗပါဏဘူတဟိတာနုကမ္ပိနော ဝိဟရန္တိ၊ အဟမ္ပဇ္ဇ ဣမဉ္စ ရတ္တိံ ဣမဉ္စ ဒိဝသံ ပါဏာတိပါတံ ပဟာယ ပါဏာတိပါတာ ပဋိဝိရတော နိဟိတဒဏ္ဍော နိဟိတသတ္ထော လဇ္ဇီ ဒယာပန္နော သဗ္ဗပါဏဘူတဟိတာနုကမ္ပီ ဝိဟရာမိ။

ဣမိနာပင်္ဂေန အရဟတံ အနုကရောမိ။ ပ။ ဥပေါသထော စ မေ ဥပဝုတ္ထော ဘဝိဿတီ''တိ။ ဣမိနာ ဒုတိယေန အင်္ဂေန သမန္နာဂတော ဟောတိ။ (ပဌမအာဝယဝနိဂမန)

မေတ္တာသဟဂတေန စေတသာ ဧကံ ဒိသံ ဖရိတွာ ဝိဟရတိ။ တထာ ဒုတိယံ။ တထာ တတိယံ။ တထာ စတုတ္ထံ။ ဣတိ ဥဒ္ဓမဓော တိရိယံ သဗ္ဗဓိ သဗ္ဗတ္တတာယ သဗ္ဗာဝန္တံ လောကံ မေတ္တာသဟဂတေန စေတသာ ဝိပုလေန မဟဂ္ဂတေန အပ္ပမာဏေန အဝေရေန အဗျာပဇ္ဇေန ဖရိတွာ ဝိဟရတိ။ ဣမိနာ နဝမေန အင်္ဂေန သမန္နာဂတော ဟောတိ။(ဒုတိယအာဝယဝနိဂမန)

ဧဝံ ဥပဝုတ္ထော ခေါ ဘိက္ခဝေ နဝင်္ဂေဟိ သမန္နာဂတော ဥပေါသထော မဟပ္ဖလော ဟောတိ မဟာနိသံသော မဟာဇုတိကော မဟာဝိပ္ဖါရောတိ[၁]။

(ဤကား မဟာ နိဂမန)

**အရှင်အာဒိစ္စ-ဝါဒ။** ။ဤပါဠိတော်အရ —

(၁) အယူသာမန် လက်မခံဘဲ ကြံဉာဏ်ကြီးလှ ဉာဏ်စူးရှသော အရှင်အာဒိစ္စဝံသ ဆရာတော်ဘုရားသည် နဝင်္ဂသီလရှိပုံ ဤပါဠိတော်၌ ဗုဒ္ဓဟောတော်မူထားပါလျက် ဆောက်တည်သင့်မဆောက်တည်သင့် အငြင်းပွါးစရာမရှိကြောင်းကို လိုရင်းဆုံးဖြတ်တော် မူသွားပါသည်။

**မှတ်ချက်။** ။ဤအဆုံးအဖြတ်အရ သစ်ပင်ပေါ်၌ "ဇီးကွက် ဇီးကွက်"ဟူ၍ အထပ်ထပ် အော်မြည်နေသော ငှက်ကို ဘာငှက်လဲဟု မေးစရာမရှိ သကဲ့သို့ ဖြစ်ပါသည်ဟူလို။

**အရှင်ဇနက-ဝါဒ။** ။(၂) ပါဠိ, အဋ္ဌကထာ, ဋီကာတို့တွင် မလာရှိသဖြင့် ရှင်ဥပဂုတ် အကြောင်းအရာ, ဇမ္ဗုပတိ ချွတ်ခန်းတို့ကို လက်မခံဘဲ ဘာသာဋီကာ ကျမ်းပေါင်းများစွာ လူသိ ရှင်ကြား စိစစ်ရေးသားတော်မူသော မိမိ၏ ကျေးဇူးရှင်အစစ် ဖြစ်တော်မူသော အဂ္ဂမဟာပဏ္ဍိတ အရှင်ဇနကာဘိဝံသ မဟာထေရ်မြတ်သည် ရှေးဦးစွာ ရေးသားတော်မူသော ရတနာ့ဂုဏ်ရည် စာမျက်နှာ (၂၅၅)၌—

"အဟံ ဘန္တေ တိသရဏေန သဟ နဝင်္ဂသမန္နာဂတံ ဥပေါသထသီလံ ဓမ္မံ ယာစာမိ၊အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေ ဘန္တေ။ပ။ ဥစ္စာသယန မဟာသယန တိုင်အောင် ရှစ်ပါးသီလအတိုင်း ဆိုပြီးနောက် —

---

၁။ အံ၊ ၃၊ ၁၉၂-၃။

ယထာဗလံ မေတ္တာသဟဂတေန စေတသာ သဗ္ဗာဝန္တံ လောကံ ဖရိတွာ ဝိဟရာမိ-ဟု ဆောက်တည်ရာ၏။

မေတ္တာအတွက် - ယထာဗလံ၊ စွမ်းနိုင်သလောက်။ မေတ္တာသဟဂတေန၊ မေတ္တာနှင့်တကွဖြစ်သော။ စေတသာ၊ စိတ်ဖြင့်။ သဗ္ဗာဝန္တံ၊ အလုံးစုံ အစိပ်အပိုင်းရှိသော။ လောကံ၊ သတ္တဝါအပေါင်းကို။ ဖရိတွာ၊ ပြန့်နှံ့စေ၍။ ဝိဟရာမိ၊ နေပါအံ့။ (စွမ်းနိုင်သမျှ မေတ္တာစိတ်ဖြင့် သတ္တဝါအပေါင်းတို့၏ အပေါ်၌ ဖြန့်၍နေပါမည်ဟု-ဆိုလိုပါသည်)

အချို့ကား —

"မေတ္တာသဟဂတေန စေတသာ သဗ္ဗပါဏဘူတေသု ဖရိတွာ ဝိဟရဏံ သမာဒိယာမိ"-

ဟု ဆောက်တည်ပုံကို ပြကြ၏၊ ဤ ကျမ်း၌ကား ပါဠိတော်နှင့် ညီနိုင်သမျှ ညီအောင် 'သဗ္ဗာဝန္တံ လောကံ ဖရိတွာ ဝိဟရာမိ' ဟု ဆောက်တည်နည်းကိုပြသည်။

"ဤ နဝင်္ဂဥပုသ်၌ မေတ္တာကို ထည့်ထားရခြင်းများကို ထိုခေတ်က ဥပုသ်သည်တို့ အလိုကျအောင် ထည့်ရခြင်းဖြစ်သည်။

'ပါဏာတိပါတ'စသော သိက္ခာပုဒ်များကဲ့သို့ မေတ္တာသည် သိက္ခာပုဒ်တပါးမဟုတ်၊ သို့သော်-မေတ္တာကို အမွှမ်းတင်လျက် စောင့်သုံးအပ်သော ဥပုသ်သည် ရိုးရိုးဥပုသ်ထက် အကျိုးများထိုက်သောကြောင့် မေတ္တာနှင့် တကွ နဝင်္ဂ ဥပုသ်ကို ဗုဒ္ဓဘုရားလက်ထက်တော်မှာပင် အချို့ စောင့်သုံးကြသည်" ဟု ဆိုထားပါသည်။

မှတ်ချက်။ ။ဤဆရာတော်ဘုရား၏ အဓိဋ္ဌာန် ပါရမီမြောက် မေတ္တာကို ဆောက်တည်ပုံပြရာ၌ 'ယထာဗလံ' စွမ်းနိုင်သလောက်သာ ဟူသော ပါဌ်သေသဖြင့် မေတ္တာကို ဆောက်တည် အဓိဋ္ဌာန်မှု ပြုပြီးနောက် 'သဗ္ဗေ သတ္တာ အဝေရာ ဟောန္တု' စသည်ကို အနည်းဆုံး တကြိမ်မျှ ဆရာသမားက ဆက်လက်ချပေးပါလျှင် မေတ္တာပွါးများမှု သာမန်အားဖြင့် ပြီးစီးသွားပါသည်၊ ပါဏာတိပါတ စသော သိက္ခာပုဒ်များကိုလည်း တကြိမ်သာ ခံယူရုံနှင့် သီလပြည့်စုံသွားပါသည်၊ အကြိမ်ကြိမ် မေတ္တာပွါးလျှင်ကား အများသဘောကျ အတိုင်း အထူးပြောဘွယ်မလိုပါ။

အပြစ်မရှိနိုင်။ ။ဤနေရာတွင် သာသနာ၏ အသက်သွေးကြောတမျှ အလွန် အရေးကြီးလှသော ကံကြီး,ကံငယ် ဆောင်မှု၊ ရဟန်းခံကိစ္စများ၌ ပါဠိတော်ဝယ် 'ဥပသမ္ပဒံ ယာစာမိ'ဟူ၍ ကေဝုစ်ဖြင့် ဟောထားရာ၌ ရဟန်းလောင်းနှစ်ပါး,သုံးပါးဖြစ်က-

* ဧာတ်ကိုအနေ၊ ဟောရိုးထွေ၊ ချလေ ကေဝုစ်၊
* ဒြပ်ကိုကား၊ ဟောနည်းပြား၊ ချငြား ဗဟုဝုစ်၊

နိယံများအရ-ဧာတ်ကိုင်၍ ကေဝုစ်အတိုင်း ကိစ္စပြီးနိုင်ပါလျက် ဒြပ်ကိုင်၍ပြီး 'ယာစာမိ'ကေဝုစ်ကို 'ယာစာမ'ဟု ဗဟုဝုစ်ပြောင်းလွဲကြကုန်၏၊ ပါဠိတော် ကမ္မဝါများ၌ တိုက်ရိုက်မပါရှိဘဲလျက် ရဟန်းလောင်းများ၏ နာမည်ရင်းကိုင်၍၊ ဥပဇ္ဈာယ်ဆရာ၏ ဘွဲ့မည်ရင်းကိုင်၍၊ အထူးပြောင်းလွဲ ပြင်ဆင်ထည့်သွင်း၍ ဖတ်သော အလေ့အထကိုလည်း အများပင် ပြုကြပါကုန်၏။

ထို့ကြောင့် ဝိနည်းအရာ ကံဆောင်သောအရာ မဟုတ်သော ပြဆိုခဲ့ပြီး ပါဠိတော် နဝင်္ဂအခန်း၌ 'ဝိဟရတိ' ကိရိယာပုဒ်ကို 'ဝိဟရာမိ'ဟု ဆရာတို့ ပြင်ဆင်ခြင်းကြောင့် တစုံတရာမျှ အပြစ်မရှိနိုင်ဟု ယူဆထိုက်ပါသည်။

ဆက်လက်ပြဆိုပါဦးအံ့-ဤ ပါဠိတော်၌ အချို့သော ဆရာတော်တို့က ပထမ အဝယဝ နိဂုံးပါဠိတော်၌ ဥပေါသထ ပုဒ်ပါရှိ၍ ဒုတိယ အဝယဝနိဂုံး၌ ရင်းဥပေါသထပုဒ် မပါရှိသောကြောင့် 'အဟံ ဘန္တေ တိသရဏေန သဟ နဝင်္ဂသမန္နာဂတံ ဥပေါသထသီလံ ဓမ္မံ ယာစာမိ' ဤသို့ မဆိုသင့် မဆိုထိုက်ပုံကိုင်၍၊ နောက်ဆုံး၌ - 'မေတ္တာသဟဂတေန စေတသာ ဧကံ ဒိသံ ဖရိတွာ ဝိဟရဏံ သမာဒိယာမိ' ဤသို့ 'သမာဒိယာမိ' ကိရိယာပုဒ်ဖြင့် မေတ္တာကို မဆောက်တည်သင့်ကြောင်းကိုင်၍ ဆုံးဖြတ်တော်မူကြပါသည်။

ဤ ဆုံးဖြတ်ချက်အရကို စိစစ်ဖေါ်ပြရပါလျှင် 'နဝင်္ဂသမန္နာဂတံ' ဟူသောပုဒ်ကို ဥပေါသထသီလံ ပုဒ်၌ လုံးဝ မစပ်သင့် မစပ်ထိုက်သောကြောင့် ဟူ၍ ဆိုရာရောက်နေပါသည်။

ဤ ပါဠိတော်၌ပင် မမှားကြောင်း သဒ္ဒယုတ္တိ အစရှိသည်ဖြင့် နှိုင်းညှိပြလိုပါသည်။

ဥပမာ=ရှင်ငယ်, လူငယ်များပင် သင်ကြားနေကြသော 'သေဋ္ဌ၊ ချီးမွမ်းအပ်မြတ်' ဟူသော ဝိသေသျနှင့် အရတူသော တုလျာဓိကရဏ ဝိသေသနပုဒ်ကို 'ဗုဒ္ဓ' ဟူသော တုလျာဓိကရဏဝိသေသျပုဒ်၌သာ စပ်ရပါသည်၊ ထို့ကြောင့် ထိုနှစ်ပုဒ်၌ ဗုဒ္ဓံအရလဲ ဗရား၊ သေဋ္ဌံ ဝိသေသနပုဒ်အရ ချီးမွမ်းအပ်မြတ် ဆိုတာလဲ ဗရားပင်ဖြစ်ပါသည်။

တနည်း အားဖြင့် ပိဋကတ်ကျမ်းကျင် အရှင်ကောင်း အရှင်မြတ်တို့ သိမြင်အပ်ပြီး ဖြစ်တော်မူသည့်အတိုင်း 'သေဋ္ဌံ' ဟူသော ဝိသေသနပုဒ်ကို ဝိဂ္ဂဟဝါကျနတ္ထ လုပ်၍ ထို ပုဒ်၏

အရ သရုပ်, တရားကိုယ်, အဘိဓေယျတ္ထ အရကောက်ယူလျှင် 'ဗုဒ္ဓ' ဝိသေသျပုဒ်အရ ဗုဒ္ဓ ဗုဒ္ဓ ကိုသာ အရကောက်ယူရသကဲ့သို့ ဤ ပါဠိတော်၏ အစဉ်ရင်း, နိဂုံးဥရင်း ပါရှိသော 'နဝဟိ အင်္ဂေဟိ သမန္နာဂတော ဥပေါသထော' သို့မဟုတ် သမာသ်ဖြစ်က- 'နဝင်္ဂသမန္နာဂတော ဥပေါသထော' ဝယ် 'နဝင်္ဂသမန္နာဂတော' ဟူသော ဝိသေသနပုဒ်ကို ဆိုခဲ့ပြီး အလားတူ 'ဥပေါသထော' ဝိသေသျပုဒ်၌ စပ်ရပါသည်၊ အခြား တစုံတရာပုဒ်၌ မစပ်နိုင်ပါ၊ သို့ဖြစ်၍ အင်္ဂါကိုးပါးနှင့်ပြည့်စုံ ဆိုတာလည်း စောင့်သုံးအပ်သော ဥပေါသထသီလပါဘဲ၊ ဥပေါသထော၏ အရလည်း အင်္ဂါကိုးပါးနှင့် ပြည့်စုံတာပါဘဲ။

* "ဝိသေသန၊ ဝိသေသျ၊ သဒ္ဒနှစ်ပါး၊ လိင်, ဝုစ်ပြားလည်း၊
ဝိဘတ်ကားမူ၊ တူမြဲဟူ၏" —

နိယံအရ ဤနေရာ၌ ဝိသေသန, ဝိသေသျပုဒ်များ လိင်တူ, ဝုစ်တူ, ဝိဘတ်တူအားဖြင့် သုံးပါးလုံးတူ၍ နှစ်ပုဒ်အရတူ ထင်ရှားလှပါသည်။

တနည်း-'နဝင်္ဂသမန္နာဂတော' ဝိသေသနပုဒ်ကို ဝိဂ္ဂြိုဟ် ဝစနတ္ထပြုလုပ်၍ ထိုပုဒ်၏ သရုပ်, တရားကိုယ်, အဘိဓေယျတ္ထကို ကောက်ယူရသော သဒ္ဒ-ထုံးစံအတိုင်း 'ဥပေါသထ' ဥပုသ်သီလ ဝိသေသျပုဒ်အရကိုပင် ကေန်အရကောက်ယူရမည်ဖြစ်၍ သဒ္ဒယုတ္တိ၊ အတ္ထယုတ္တိ၊ သဘာဝယုတ္တိ၊ အာဂမယုတ္တိ-ထင်ရှားရှိသည်ကိုလည်း သတိပြုတော်မူကြစေလိုပါသည်။

ထို့ကြောင့် -'နဝင်္ဂသမန္နာဂတံ' ဝိသေသနပုဒ်ကို 'ဥပေါသထသီလံ' ဝိသေသျပုဒ်၌ စပ်နိုင်သည်ဖြစ်၍ အဆိုပါအတိုင်း သီလတောင်းဆိုမှုအတွက် အပြစ်မရှိနိုင်ပါ။

## ဤ ပါဠိတော်၏ အဖွင့်အဋ္ဌကထာ

ဝေနေယျဇ္ဈာသယဝသေန မေတ္တာဘာဝနံ ပက္ခိပိတွာ နဝင်္ဂသမန္နာ
ဂတောတိ ဝုတ္တံ။(အံ၊ ဋ္ဌ၊ ၃၊ ၂၆၆။)

ပြဆိုပြီး ပါဠိတော်နှင့် ဤ အဋ္ဌကထာအရကိုပင် အယူအဆ ကွဲလွဲနေကြပါသည်။

**ဥပမာ**-ကျေးဇူးရှင် **မဟာဝိသုဒ္ဓါရာမ ဆရာတော်ဘုရားကြီး**သည် 'မနသာ စေ ပဒုဋ္ဌေန ဘာသတိ ဝါ'-အစရှိသော ဓမ္မပဒ ပါဠိတော်ကို ကိုးကားတော်မူ၍ ဖျက်ဆီးလိုသော စိတ်ထားမျိုးမရှိဘဲ စေတနာကောင်း, စိတ်ကောင်းဖြင့် ကြည်ညိုဘွယ် မကောင်းသော အရပ်ဌာန၌ စေတီတော်များကိုပင် ကြည်ညိုဘွယ်ကောင်းသော အရပ်ဌာနသို့ မပျက်မစီး ရအောင် ရွှေ့ပြောင်းကောင်းသည်ဟု ဆုံးဖြတ်တော်မူလေသည်။

**ဆူးခါးဆရာတော်ဘုရားကြီး**ကား ဤပါဠိတော်ကိုပင် ကိုးကားလျက် ဖျက်ဆီးလျှင် ပဒုဋ္ဌ စိတ်မျိုးချည်းဖြစ်၍ ကျောင်းအို ကျောင်းဟောင်း, ဗုဒ္ဓအို ဗုဒ္ဓပျက်များကို လုံးဝပင် မဖျက်ကောင်းကြောင်း ဆုံးဖြတ်တော်မူသည်ကို တွေ့ရဘူးပါသည်။

အလားတူ အဋ္ဌကထာ, ဋီကာများပင် အယူအဆ ကွဲလွဲချက်များရှိ၍ ယခု ကွဲလွဲချက်များလည်း အထူးအဆန်း မဟုတ်ပါပေ။

**မဟာစည်ဆရာတော်ဝါဒ။** ။(၃) အဂ္ဂမဟာပဏ္ဍိတ မဟာစည် ဆရာတော်ဘုရားကြီး၏ အလိုအားဖြင့် သီလလို ဆောက်တည်မရသော်လည်း မေတ္တာဘာဝနာကို ဝေနေယျတို့၏ အလိုအစွမ်းအားဖြင့် ရှစ်ပါးသီလထဲ၌ ထည့်သွင်း၍ အင်္ဂါ(၉)ပါးနှင့် ပြည့်စုံသော ဥပုသ်ဟူ၍ ဟောတော်မူထားပါသည်၊ မေတ္တာဘာဝနာသည် သီလမဟုတ်သော်လည်း အဓိဋ္ဌာန်ပြုသည့်အနေဖြင့် ဆောက်တည်ခဲ့သော် အပြစ်မရှိမူ၍ အကျိုးများဘွယ်သာရှိသောကြောင့် တားမြစ်ဘွယ်မရှိဖြစ်၍ နဝင်္ဂ ဥပုသ်ဆောက်တည်ရန် မိမိကိုယ်တိုင်က မည့္ဗ်ာကြား မတိုက်တွန်းဘဲ ဆောက်တည်လိုသောသူက တောင်းပန်သော အခါ၌မူ ယင်း(၉)ခုမြောက် အင်္ဂါကို 'သဗ္ဗဒိသာသု သဗ္ဗသတ္တေသု မေတ္တာသဟဂတေန စေတသာ ဖရိတွာ ဝိဟရဏံ သမာဒိယာမိ'ဟု တိုင်ပေး၍ ဆောက်တည် စေသင့်ကြောင်း ကိုရင်း၊ ရှစ်ပါးသီလကို ဆောက်တည်ဆဲမှာ မေတ္တာမှတပါး အခြားဘာဝနာတခုခုကို ပွါးစေလျှင်လည်း နည်းတူပင် မဟာဖလအကျိုးများသည်ဟု ယူသင့်ပါသည်၊ အထူးအားဖြင့် ဝိပဿနာဘာဝနာကို ပွါးစေလျှင် သာ၍ အကျိုးများကြောင်းကိုရင်း အမိန့်ရှိတော်မူပါသည်။

**စည်ရှင်ဆရာတော်ဝါဒ။** ။(၄) မန္တလေးမြို့၊ အဂ္ဂမဟာပဏ္ဍိတ စည်ရှင်ဆရာတော်ဘုရား ကြီးသည်လည်း ဗြဟ္မဝိဟာရတရားလေးပါးမှ မိမိထိန်းလိုရာ တပါးပါးကို ရှစ်ပါးသီလတွင် ထည့်သွင်းထိန်းစောင့်ရမည်၊ သီလမဟုတ်သော သမာဓိ ဘာဝနာကိုပင် ပုဂ္ဂိုလ်အကြိုက် လိုက်လျော သီလလုပ်ဟောတော်မူသည်၊ကောင်းမှုဟူသမျှ သီလလုပ်၍ ဆောက်တည်ကောင်းသည်ကို ပြဆိုထားပါသည်။

ဤနေရာ၌ ထိုဆရာတော်ဘုရားကြီးများ၏ အဓိပ္ပါယ်စကားရောက်အားဖြင့် အဋ္ဌကထာ အာဘောဂ်ကျ သဘာဝယုတ္တိ အတ္ထယုတ္တိ ရှိသည်ဖြစ်၍ မှတ်သားဘွယ်ရာ အလွန် ကောင်းလှပါသည်၊ ထို့ကြောင့် 'ပက္ခိပိတ္ဗာ'ပုဒ်၌ အာခါရ ပုဒ်ထည့်ရန် စဉ်းစားဘွယ်ရှိ ပါသည်။ 'ပက္ခိပိတ္ဗာ'ပုဒ်မျိုးမှာ 'အရဟတ္တေ ပက္ခိပိတ္ဗာ'စသည်ဖြင့် အဋ္ဌကထာ,ဋီကာတို့၌ အာခါရပုဒ်နှင့် ထင်ရှားရှိပါသည်။

သို့ဖြစ်၍ သမာဒါတဗ္ဗ မဟုတ်သော မေတ္တာသည် ဘာဝေတဗ္ဗပင် ဖြစ်သော်လည်း ဤနေရာတွင် အာခါရပုဒ်ကို ဒါနေသု ပုဒ်နှင့်လည်း မလျော် ဘာဝနာသု ပုဒ်နှင့်လည်း မလျော်ဖြစ်၍ 'အဋ္ဌင်္ဂသီလေသု'ဟူ၍သာ အာခါရပုဒ် ထည့်သင့်ပါသည်။

* ပက္ခိပိတ္တာပုဒ်၊ အာခါထုတ်၊ ယုတ္တာ သီလေသွေ့ဝသာ။
* ဘာဝနာသုံ၊ ဒါနေသုံ၊ တခု မသင့်ပါ။
* ပိဋကတ်ကျွမ်းကျင်၊ ထေရ်အရှင်၊ ဆင်ခြင် စဉ်းစားပါ။

ဤသို့သာ တင်ပြလိုပါသည်။

ဤနေရာတွင် ဗုဒ္ဓမြတ်စွာသည် ကျောင်းဒကာ အနာထပိဏ်သူဌေးကြီး၏ ဒါနဉ္ဇ ညွတ်ကိုင်းမှု, ဒါနဉ္ဇ နှစ်ခြိုက်ပျော်ပိုက်မှု, ဗရားလောင်းများတမျှ အလှူဒါနဉ္ဇ အလိုဆန္ဒ ကြီးမားမှု အဇ္ဈာသယ ရှိသည်ကို သိတော်မူသည်ဖြစ်၍ (၂၄) နှစ်ကာလပတ်လုံး အနာ ထပိဏ် သူဌေးအား အများဆုံးအားဖြင့် ဒါနကထာကိုသာ ဟောတော်မူကြောင်းကို ဥပရိ ပဏ္ဏာသ အနာထပိဏ္ဍိကောဝါဒသုတ် အဋ္ဌကထာ (နှာ-၂၃၀)၌ ဖွင့်ပြထားပါသည်။

ထိုနည်းတူစွာ ဤ အဋ္ဌကထာ၌လည်း 'ဝေနေယျဇ္ဈာသယဝသေန' အရ ကိုးပါး (နဝင်္ဂ)သီလကို ဆောက်တည်လိုသော ဥပါသကာ,ဥပါသိကာ, ယောဂီ,သီလရှင်ဖြစ်သူတို့၏ အလိုအကြိုက် လိုက်လျော၍ ဆရာသမားတို့သည် ကေန် နဝင်္ဂသီလကိုပင် ပေးသင့် ပေးထိုက် ပါသည်။

ဝိနည်း ဒေသနာတော်ကဲ့သို့ ကရုဏာ,ပညာနှစ်ဖြာ ပြဋ္ဌာန်းသည်လည်း မဟုတ်၊ အဘိဓမ္မာ ဒေသနာကဲ့သို့ ပညာပြဋ္ဌာန်းသည်လည်း မဟုတ်-ဤသုတ္တန်ဒေသနာတော်သည် ဝေနေယျတို့၏ စရိုက် အလိုအကြိုက်သို့ လိုက်လျော၍ ဟောသော ကရုဏာပြဋ္ဌာန်းသည့် ဒေသနာတော်စစ် အမှန်ဖြစ်သည်ကို ပိဋကတ်ကျွမ်းကျင် ထေရ်အရှင်မြတ်တို့လည်း သိအပ် ပြီး ဖြစ်ပါသည်။

ထို့ကြောင့် ခမည်းတော် ဘ-ဗရားသည် ဝေနေယျတို့အလိုကို ငဲ့ညှာလိုက်လျော တော်မူသကဲ့သို့ သားတော်စစ်ဖြစ်ကြသော သံဃာတော် အရှင်မြတ်တို့လည်း ကိုးပါးသီလ လိုလား အမျိုးကောင်းသား, သမီးတို့အား၊ ငဲ့ညှာသောအားဖြင့် ကိုးပါးသီလ ပေးတော် မူကအပြစ်မရှိနိုင်ဟု ထင်မြင်ယူဆမိပါသည်။

ဤနေရာ၌ အထူးအားဖြင့် နတ်တို့သုဓာ, နတ်သြဇာကို နတ်ဒေဝါတို့ မမုန်းနိုင် ဆိုသကဲ့သို့ ဆရာစဉ်ဆက်တို့၏ ထုံးကိုလည်း ရှင်ပြုံးနှစ်သက် အလွန်လေးနက်စွာ လိုက်နာ သောအားဖြင့် အလွန်ကျော်စော ထင်ရှားတော်မူကြ၍ ပိဋကတ်တော် ခေါင်ချင်းအောင် ထိုးထွင်းတတ်မြောက်တော်မူကြသော -

(၁) အဂ္ဂမဟာပဏ္ဍိတ အဘယာရာမ ဆရာတော်ဗရားကြီး၊

(၂) တံဆိပ်တော်နှစ်တန်ရ ပထမသမ္ဗုတိ ရွှေကျင်သာသနာပိုင် မဟာ ဝိသုဒ္ဓါရာမ ဆရာတော်ဗရားကြီး၊

( ၃ ) မင်းဆရာပြော, လောစရာမရှိ ဆိုသကဲ့သို့ ဗြိတိသျှခေတ် တံဆိပ်တော်ရ မြန်ပြည်အကျော် မန်လည်ဆရာတော် ဘုရားကြီး၊

( ၄ ) ဗုဒ်အစ ဗုဓ်အဆုံး ဆိုထုံးရှိသည့် ဆရာတော် ဦးဗုဓ်-တို့၏ အယူအဆ ဝါဒတော်တို့ကို ထုတ်ဖော်ပြဆိုပါအံ့။

## နဝင်္ဂုပေါသထ ဝိနိစ္ဆယ

၁။ အဘယာရာမ ဆရာတော်ဝါဒ။ ။အဘယာရာမ ဆရာတော် ဘုရားကြီး၏ နဝင်္ဂသီလကို ပါဠိဘာသာဖြင့် ဆုံးဖြတ်ပုံကား —

လင်္ကာဒီပေ ကောလမ္ဗနဂရေ မကုဋာရာမဓိပတိနော ဝိနာယာလင်္ကာရထေရဿ မရမ္မရဋ္ဌေ မန္တလေး နဂရေ အဘယာရာမာဓိပတိနာ အဂ္ဂမဟာပဏ္ဍိတဝံသတ္ထေရေန ပစ္စာရောစိယတေ ဆသတ္တတျာဓိက စတုဗ္ဗိသတိမေ ဗုဒ္ဓဝဿေ ဇောဋ္ဌမာသဿ သုက္ကပက္ခေ ပဉ္စမိယန္တိ ဒဋ္ဌဗ္ဗံ။

တုမှေဟိ ဘန္တေ ပေသိတံ နဝင်္ဂုပေါသထာယတ္တံ ပဥှံ ဒိသွာ မာသာနမိတောပရိ လဒ္ဓံ မယာ၊ တထာပိ ဩကာသာဘာဝါ န တဒါ ပစ္စုတ္တရ မဒါသိံ။

နဝင်္ဂုပေါသထပဋိသံယုတ္တော ခေါ ဘန္တေ ဝိဝါဒေါ မရမ္မရဋ္ဌေ စေဝ လင်္ကာဒီပေ စ အဓုနာယေဝ ဟောတိ၊ ပုဗ္ဗေပိ အဟောသိ အနာဂတေပိ ဘဝိဿတိယေဝ၊ ဝိဝါဒဉ္စိတော ဟိ လောကော ဝိဝါဒရတော၊ "ဝိဝါဒေါ ဝါ ကလဟော ဝါ ယုဒ္ဓံ ဝါ ဥပ္ပဇ္ဇတိ" တိ ဝုတ္တော သဗ္ဗေပိ မဟုဿာဟေန တံ သောတုံ စ ပဿိတုံ စ ဣစ္ဆန္တိ၊ တသ္မာ ဝိဝါဒဂရုကာ ဘိက္ခူ အပ္ပမတ္တကမ္ပိ ဝစနလေသံ နိဿာယ ဝိဝဒန္တိယေဝ။

အဟံ ခေါ ပန ဘန္တေ သကရဋ္ဌေ နဝင်္ဂုပေါသထာဒိနံ ဝိဝါဒံ ပဋိစ္စ ပရေဟိ ပုဋ္ဌော တောပိ သကဇ္ဈာသယမတ္တံ တေသံ ပကာသေတွာ အဗ္ဗောဟာရိကံ တံ နိဿာယ ဝိဝါဒေါ န ကာတဗ္ဗောတိ ဩဝါဒမဒါသိံ၊ န ကဿစိ ပက္ခပါတော ဟုတွာ ဝိနိစ္ဆယမကာသိံ၊ ဣဒါနိ ပန တိရောရဋ္ဌိကေန တုမှာဒိသေန ပိယမိတ္တေန ပုဋ္ဌော တံ ပရိဟရိတုမနု ရူပတ္တာ တုမှာကမတ္ထာယ သခေ်ပေန လိခိဿာမိ ယထာမတိ။

အယဉ္စိ နဝင်္ဂုပေါသထော နာမ "နဝဟိ ဘိက္ခဝေ အင်္ဂေဟိ သမန္နာဂတော ဥပေါသထော ဥပဝုတ္ထော မဟပ္ဖလော ဟောတိ" ဣစ္စာဒိနာ အင်္ဂုတ္တရနိကာယေ နဝနိပါတေ (အံ၊ ပါ၊ ၃၊ ၁၉၂) အာဂတော အဋ္ဌကထာယဉ္စ "ဝေနေယျဇ္ဈာသယဝသေန မေတ္တာဘာဝနံ ပက္ခိပိတွာ နဝင်္ဂသမန္နာဂတောတိ ဝုတ္တ" န္တိ အာဂတံ။

တတ္ထ ဥပေါသထိကေန နာမ ဥပက္ကိလိဋ္ဌေန စိတ္တေန နော'ပဝသိတဗ္ဗံ၊ ယော ပန တထာ ဥပဝသေယျ၊ သော ဂေါပါလကုပေါသထံ ဝါ နိဂဏ္ဌုပေါသထံ ဝါ ဥပဝု

ဌေဒ နာမ သိယာ၊ တတ္ထ "ဝိဟာရံ ဂန္တွာ ဓမ္မော ဝါ သောတဗ္ဗော၊ အဋ္ဌတိံသာရမ္မဏေသု အညတရံ ဝါ မနသိကာတဗ္ဗ"န္တိ အဋ္ဌကထာယ မာဂတနယေန ဥပက္ကိလိဋ္ဌစိတ္တဿ ပရိယောဒပနာယ အညတရံ ကမ္မဋ္ဌာနံ ဂဟေတဗ္ဗံ။

မေတ္တာဘာဝနာယ စ အဋ္ဌရသံဃာတသုတ္တာဒိသု မဟပ္ဖလမဟာနိသံသတာယ ဝုတ္တတ္တာ တံ ဘာဝေတွာ တာယ ပရိယောဒပိတ ဥပက္ကိလိဋ္ဌစိတ္တဿ ဥပေါသထောပိ မဟပ္ဖလော ဟောတိ မဟာနိသံသော၊ နတ္ထိ တဿ ဝိသုံ သမာဒါနကိစ္စံ။

ယထာ ဟိ တိကနိပါတေ ဝိသာခုပေါသထသုတ္တေ (အံ၊ ပါ၊ ၁၊ ၂၀၆) ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာနာဒီနံ ညတရ ကမ္မဋ္ဌာနနိက္ခိတ္တော ဥပေါသထော "ဗြဟ္မုပေါသထော, ဓမ္မုပေါသထော, သံဃုပေါသထော"-တိစ္စာဒိနာ ပရိယာယေန ဝုတ္တော၊ နတ္ထိ တတ္ထ "ဗုဒ္ဓါရမ္မဏာယ သတိယာ ဝိဟရဏံ သမာဒိယာမိ"စ္စာဒိနာ သမာဒါနကိစ္စံ၊ တထာ ဣဓာပိတိ ဒဋ္ဌဗ္ဗံ၊

ယသာ စ ဣဓ မေတ္တာဘာဝနမေကင်္ဂံ ကတွာ ဝေနေယျဇ္ဈာသယဝသေန နဝင်္ဂုပေါသထော ဝုတ္တော၊ တထာ ဗုဒ္ဓါနုဿတိအာဒီသုပိ ဧကေက မေကင်္ဂံ ကတွာ ဗုဒ္ဓါနုဿတိယာ ဥပလက္ခိတော နဝင်္ဂုပေါသထောတိစ္စာဒိပိ ဝတ္တဗ္ဗော၊ တဒေဝ သန္ဓာယ အဋ္ဌကထာယံ "ဝေနေယျဇ္ဈာသယဝသေန မေတ္တာဘာဝနံ ပက္ခိပိတွာ"တိ ဝုတ္တံ။

သမာဒါနံ ဟိ နာမ ကာယဝစီဒွါရေသု ဝီတိက္ကမသင်္ခါတဒုဿီလျ ကာယ ဝစီ ကမ္မတော ဝိရမဏကိစ္စေသု ပါဏာတိပါတာဝေရမဏိစ္စာဒီသု ဝိရတိ သီလေသွေဝ ဟောတိ၊ နော အ ဝိရတိသီလေသု။

မေတ္တာ ပန အဗျာပါဒေါ မနောကမ္မံ အ ဝိရတိသီလံ၊ တသ္မာ သမာဒါနမကတွာပိ မေတ္တာဘာဝနာယာလက်တော ဥပေါသထော နဝင်္ဂုပေါသထောတိ ဝတ္တဗ္ဗမေဝါတိ ဒဋ္ဌဗ္ဗံ။ သစေ ပန ဂါရဝတ္တာယ ဂုရုနော သန္တိကေ ဝါစာယ ပဋိဇာနိတုကာမော ဘဝေယျ၊ "သဗ္ဗသတ္တေသု ယထာဗလံ မေတ္တာသဟဂတေန စေတသာ ဖရိတွာ ဝိဟရာမိ"တိ ဝုတ္တေ နတ္ထိ ကောစိ ဒေါသော၊ အပိတု ပါသံသောယေဝ၊ အပိစ "သမာဒိယာမိ"တိ ပဒဿ "သမ္မာ အာဒိယာမိ" အ ဝီတိက္ကမနာဓိပ္ပါယေန အစ္စန္တကာရိတာယ အ သဗလကာရိတာယ စ အာဒိ ယာမိ" တိ အတ္ထံ အ ဂ္ဂဟေတွာ "သမာဒိယာမိတိ "ပဋိဂ္ဂဏှာမိ, ပဋိဇာနာမိ" တိ အတ္ထေ ဂယှမာနေ "သဗ္ဗသတ္တေသု ယထာဗလံ မေတ္တာသဟဂတေန စေတသာ ဖရိတွာ ဝိဟရဏံ သမာဒိယာမိ" တိ ဝုတ္တေပိ နိရဝဇ္ဇောဧဝ၊ "သဗ္ဗသတ္တေသု။ပ။ ဝိဟရာမိတိ သိက္ခာပဒံ သမာဒိယာမိ"တိ ပန န ဝတ္တဗ္ဗံ မေတ္တာဘာဝနာယ သိက္ခာပဒါဘာဝတောတိ နော မတိ။

ယဒိ ပန ယောကောစိ တမ္ပိ ယုတ္တန္တိ မညမာနော ဝဒေ ဝဒေယျ၊ တဿ သိက္ခာပဒ ပညတ္တိသု အ ကောဝိဒဘာဝပ္ပကာသနံ ဒေါသတော အညော ဒေါသော နတ္ထီတိ နိဋ္ဌမေတ္ထ ဒဋ္ဌဗ္ဗံ။ ။

## နဝင် ဥပုသ် အဆုံးအဖြတ်

အထက်ပါ နဝင်္ဂသီလ အမေးအဖြေကို သိသာထင်ရှားအောင် မြန်မာ ဘာသာ စကားပြေဖြင့် ဖေါ်ပြပါမည်။

သီဟိုဠ်ကျွန်း ကောလမ္ဗမြို့ မကုဋ္ဌာရာမတိုက် ဦးစီးနာယက ဝိနယာလင်္ကာရ မထေရ်အား မန္တလေးမြို့ အဘယာရာမတိုက် ဦးစီးနာယက အဂ္ဂဓမ္မာဘိဝံသ မထေရ်က ဗုဒ္ဓနှစ် ၂၄၇၆-နယုန်လဆန်း (၅) ရက်နေ့၌ ပြန်ကြားလျှောက်ထားအပ်သည်ဟု မှတ်အပ်ပါသည်။

အရှင်ဗုရား – အရှင်ဗုရားများ ပေးပို့တော်မူအပ်သော နဝင် ဥပုသ်နှင့် စပ်ဆိုင်သော အမေးပြဿနာကို ဤနယုန်လဆန်း(၅)ရက်မှ နှစ်လတို့ထက် (လွန်ခဲ့သော နှစ်လကျော်လောက်)မှာ တပည့်တော် ရခဲ့ပါသည်၊ သို့သော်လည်း ဖြေကြားဘို့ရာ အခွင့်မသာသော ကြောင့် ထိုအခါက ပြန်ကြားသည့် ဖြေဆိုချက် မပေးနိုင် ဖြစ်ခဲ့ရပါသည်။

အရှင်ဗုရား-နဝင်ဥပုသ်နှင့် စပ်ဆိုင်သော ငြင်းခုံမှုမှာ မြန်မာပြည်၌ရှင်း, သီဟိုဠ်ကျွန်း၌ရှင်း ယခုမှ ဖြစ်လာသည် မဟုတ်ပါ၊ ရှေးကလဲ ဖြစ်ခဲ့ဘူးပါ၏၊ နောင်အခါလဲ ဖြစ်နေလိမ့်ဦးမည်သာ၊ အကြောင်းမှာ သတ္တဝါအပေါင်းသည် ငြင်းခုံခြင်းကို လိုလားနှစ်သက်၏၊ ငြင်းခုံမှု၌ မွေ့လျော်တတ်၏၊ ငြင်းခုံခြင်းသည်ရှင်း, ခိုက်ရန်ဖြစ်ခြင်းသည်ရှင်း, စစ်တိုက်ခြင်းသည်ရှင်း ဖြစ်နေသည်ဟု ဆိုခဲ့သော် အလုံးစုံသောသူတို့သည် ကြီးစွာသော လုံ့လဖြင့် ထိုငြင်းခုံမှုစသည်ကို နားထောင်ခြင်းငှါရှင်း, ကြည့်ရှုခြင်းငှါရှင်း လိုလားကြကုန်၏၊ ထို့ကြောင့် ငြင်းခုံခြင်း၌ အလေးပြုကြကုန်သော ရဟန်းတို့သည် အနည်းငယ်မျှလည်း ဖြစ်သော စကားအရိပ်အမြွက်ကို အမှီပြု၍ ငြင်းခုံကြသည်သာ ဖြစ်ပါတော့သည်။

အရှင်ဗုရား – တပည့်တော်ကား မိမိတိုင်းပြည်၌ နဝင်ဥပုသ်စသည်တို့၏ ဝိဝါဒကို အစွဲပြု၍ သူတပါးတို့ မေးလာအပ်သော်လည်း ထိုမေးသူတို့အား မိမိအလိုမျှကို ဖော်ပြ၍ မပြောပလောက်သော ထိုအကြောင်းကို အမှီပြုကာ ငြင်းခုံမှု မပြုသင့်ဟု ဩဝါဒပေးခဲ့ပါသည်၊ ဘယ်သူ့ဘက်မှ ကျရောက်လိုက်ပါကာ ဝိနိစ္ဆယမပြုခဲ့ပါ၊ ယခုမူကား တိုင်းတပါးနေ အရှင်မြတ်တို့လို ချစ်မိတ်ဆွေက မေးမြန်းအပ်သည်ကို ဖြေကြားခြင်းငှါ သင့်သည်ဖြစ်သော ကြောင့် အရှင်ဗုရားတို့ အကျိုးငှါ မိမိသဘောကျ အလိုအရ အကျဉ်းချုပ်အားဖြင့် ရေး သားရပါတော့မည်။

မိမိအလိုကျ ရှင်းလင်းဖြေကြားရလျှင် ဤနဝင်ဥပုသ်မည်သည် 'နဝဟိ ဘိက္ခဝေ အင်္ဂေဟိ သမန္နာဂတော ဥပေါသထော ဥပဝုတ္ထော မဟပ္ဖလော ဟောတိ' ရဟန်းတို့ အင်္ဂါ ကိုးပါးနှင့် ပြည့်စုံသော ဥပုသ်သည် စောင့်သုံးအပ်သည်ရှိသော် များသောအကျိုးရှိ၏-စသည်ဖြင့် အင်္ဂုတ္တရနိကာယ နဝနိပါတ်၌လာခဲ့ပါသည်၊ အဋ္ဌကထာ၌လည်း ဝေနေယျဇ္ဈာ သယဝသေန မေတ္တာဘာဝနံ ပက္ခိပိတွာ "နဝင်္ဂသမန္နာဂတောတိ" ဝုတ္တံဝေ နေ ယျ တို့၏

အလို၏ အစွမ်းဖြင့် မေတ္တာဘာဝနာကို ထည့်သွင်း၍ "နဝင် သမန္နာဂတော"ဟု ဟော တော်မူအပ်သည်ဟု လာခဲ့ပါသည်။

ထိုစကားရပ်၌ ဥပုသ်စောင့်သုံးသူ မည်သည်မှာ ညစ်နွမ်းသော အကုသိုလ်စိတ်ဖြင့် မစောင့်သုံးအပ်၊ ထိုသို့ ညစ်နွမ်းသော အကုသိုလ်စိတ်ဖြင့် စောင့်သုံးသော ဥပုသ်သည် ဂေါပါလက ဥပုသ်ကိုသော်၎င်း,နိဂဏ္ဌ ဥပုသ်ကိုသော်၎င်း စောင့်သုံးအပ်သောသူမည်ရာ၏၊ ထို့ကြောင့် "ဝိဟာရံ ဂန္တွာ ဓမ္မော ဝါသောတဗ္ဗော၊ အဋ္ဌတိံသာရမ္မဏေသု အညတရံ ဝါ မနသိကာတဗ္ဗံ" ကျောင်းသို့သွား၍ တရားကိုသော်လည်း နာအပ်၏၊ (၃၈)ပါးသော ကမ္မဋ္ဌာန်းအာရုံတို့တွင် တပါးပါးကိုသော်လည်း နှလုံးသွင်းအပ်၏ဟု အဋ္ဌကထာ၌လာသော နည်းဖြင့် ညစ်နွမ်းသော အကုသိုလ်စိတ်ကို ဖြူစင်သန့်ရှင်းစေခြင်းငှါ ကမ္မဋ္ဌာန်းတခုခုကို ယူအပ်ပါသည်။

မေတ္တာဘာဝနာကိုလည်း အစ္ဆရာသံဃာတသုတ်-စသည်တို့၌ များသောအကျိုးရှိသည်၏အဖြစ်, များသော အာနိသင်ရှိသည်၏ အဖြစ်ကို ဟောတော်မူအပ်သည်၏ အဖြစ်ကြောင့် ထိုမေတ္တာဘာဝနာကို ပွါးများ၍ ထိုမေတ္တာဘာဝနာဖြင့် ညစ်နွမ်းသောစိတ်ကို ဖြူစင်သန့်ရှင်းစေသောသူ၏ ဥပုသ်သည်လည်း များသောအကျိုးရှိ၏၊ များသော အာနိသင်ရှိ၏၊ ထိုမေတ္တာဘာဝနာကို သီးခြားဆောက်တည်ဘွယ်ကိစ္စ မရှိပါ။

ထင်ရှားအောင်ပြပါဦးမည်၊ တိကနိပါတ် ဝိသာခုပေါသထ သုတ်၌ ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်း စသည်တို့တွင် တပါးပါးသော ကမ္မဋ္ဌာန်းအတွတ် တင်အပ်သော ဥပုသ်ကို ဗြဟ္မုပေါသထ,ဓမ္မုပေါသထ, သံဃုပေါသထ စသည်ဖြင့် ပရိယာယ်အားဖြင့် ဟောအပ်၏၊ ထိုဥပုသ်တို့၌ "ဗုဒ္ဓါရမ္မဏာယ သတိယာ ပိဟာရဏံ သမာဒိယာမိ"ဗုဒ္ဓါရုံ ဗုဒ္ဓါရုံရှိသော သတိဖြင့်နေခြင်းကို ဆောက်တည်ပါ၏ဟု ဆောက်တည်ဘွယ်ကိစ္စမရှိသလို ဤနဝင်ဥပုသ် ၌လည်း ထိုကဲ့သို့ပင် ဆောက်တည်ဘွယ်ကိစ္စမရှိဟု မှတ်အပ်ပါသည်၊ ထို့ပြင် ဤအင်္ဂုတ္တရ နဝကနိပါတ်၌ မေတ္တာဘာဝနာကို အင်္ဂါတပါးပြုလုပ်၍ ဝေနေယျတို့အလိုအားဖြင့် နဝင် ဥပုသ်ကို ဟောတော်မူအပ်သလို ထို့အတူ ဗုဒ္ဓါနုဿတိ စသည်တို့တွင်လည်း တပါးပါးကို အင်္ဂါတခုပြု၍ ဗုဒ္ဓါနုဿတိဖြင့် မှတ်အပ်သော နဝင် ဥပုသ်စသည်ကိုလည်း ဆိုသင့် ဆိုထိုက် သည်သာ၊ ထိုအချက်ကိုပင် ရည်ရွယ်၍ အဋ္ဌကထာ၌ 'ဝေနေယျဇ္ဈာသယဝသေန မေတ္တာ ဘာဝနံ ပက္ခိပိတွာ'-ဟု ဆိုအပ်ပါသည်။

ဆောက်တည်ဘွယ်မလိုခြင်း အကြောင်းတရပ်ပြရလျှင် ဆောက်တည်မှုမည်သည်မှာ ကာယဒွါရ, ဝစီဒွါရတို့၌ လွန်ကျူးခြင်းဟု ဆိုအပ်သော ဒုဿီလဖြစ်ကြောင်း မကောင်း သော ကာယကံ,ဝစီကံမှ ရှောင်ကြဉ်ခြင်းကိစ္စရှိကုန်သော ပါဏာတိပါတမှ ရှောင်ကြဉ် ခြင်း အစရှိကုန်သော ဝိရတိ သီလတို့၌သာဖြစ်ပါသည်၊ ဝိရတိ သီလမဟုတ်သော မနောကံ တို့၌ မဖြစ်ပါ။

မေတ္တာသည်ကား အဗျာပါဒ မနောကံတည်း၊ ဝိရတီ သီလမဟုတ်၊ ထို့ကြောင့် ဆောက်တည်မှု မပြုဘဲလည်း မေတ္တာဘာဝနာဖြင့် တန်းဆာဆင်အပ်သော ဥပုသ်သည် နဝင်္ဂ ဥပုသ်မည်သည်ဟု ဆိုထိုက်သည်သာဟု မှတ်အပ်ပါသည်၊ ရှေးအဆိုမှ ကွဲပြားထူးခြားချက်ကို ပြဆိုရလျှင် အကယ်၍ ရိုသေလေးစားခြင်း ဂါရဝအကျိုးငှါ လေးစားအပ်သော ဆရာ၏အထံ၌ နှုတ်ဖြင့် ဝန်ခံခြင်းငှါ အလိုရှိသည်ဖြစ်အံ့၊ 'သဗ္ဗသတ္တေသု ယထာဗလံ မေတ္တာ သဟဂတေန စေတသာ ဖရိတွာ ဝိဟရာမိ' ဟု ဆိုခဲ့သော် တစုံတခုသော အပြစ်မရှိပါ၊ စင်စစ်သော်ကား ချီးမွမ်းအပ်သည်သာ ဖြစ်ပါ၏၊ တမျိုးဆိုရသော် 'သမာဒိယာမိ' ပုဒ်၏ 'သမ္မာ အာဒိယာမိ' မလွန်ကျူးခြင်းအလိုအားဖြင့် မကျိုးမပေါက်သည်ကိုပြုသည်၏အဖြစ်ဖြင့်ရင်း, မပျောက်မကြွားသည်ကို ပြုသည်၏ အဖြစ်ဖြင့်ရင်း ယူပါ၏-ဟူသောအနက်ကို မယူဘဲ 'သမာဒိယာမိ'ကို ခံယူပါ၏, ဝန်ခံပါ၏ ဟူသောအနက်ကို ယူအပ်သော် 'သဗ္ဗသတ္တေသု ယထာဗလံ မေတ္တာသဟဂတေန စေတသာ ဖရိတွာ ဝိဟရဏံ သမာဒိယာမိ'ဟု ဆိုအပ်သော်လည်း အပြစ်မရှိသည်သာတည်း။

မေတ္တာဘာဝနာ၏ သိက္ခာပုဒ် မဟုတ်သောကြောင့် 'သဗ္ဗသတ္တေသု(ပ)ဝိဟရာမီတိ သိက္ခာပဒံ သမာဒိယာမိ'ဟုကား မဆိုသင့်၊ ဤကား တပည့်တော်တို့၏ အလိုဖြစ်ပါသည်။

မဆိုသင့်သည်ကို ဆိုက ရမည့်အပြစ်မှာ တစုံတယောက်သော ပုဂ္ဂိုလ်သည် ထို အဆိုကိုလည်း သင့်မြတ်သည်ဟု ထင်မှတ်၍ ဤသို့ 'သဗ္ဗသတ္တေသု(ပ)ဝိဟရာမီတိ သိက္ခာပဒံ သမာဒိယာမိ'ဟု ဆိုခဲ့မူ ထိုပုဂ္ဂိုလ်၏ သိက္ခာပုဒ်ပညတ်ခြင်းတို့၌ နားမလည် မလိမ္မာသည်၏ အဖြစ်ကို ဖော်ပြခြင်းဟူသော အပြစ်မှတပါး အခြားအပြစ် မရှိဟု ဤအရာ၌ အတည်ပြု ဆုံးဖြတ်ခြင်းကို မှတ်အပ်ပါတော့သည်။

---

အဆိုပါ မန္တလေးမြို့၊ စိန်ပန်းရပ် အဂ္ဂမဟာပဏ္ဍိတ အဘယာရာမ ဆရာတော် ဗရားကြီးသည် သိမ်သမုတ်ကိစ္စမှတပါး သာမူ နာမူ ကိစ္စများသို့ မကြွပါ၊ တရားဟောကိစ္စများကို မဆောင်ရွက်ရုံမက သီလကိုမျှ ပေးတော်မမူပါ၊ ပိဋကတ်သုံးပုံကိုသာ အစမှအဆုံး ကုန်ပြီး၍ တဖန် အစမှ အဆုံး ပို့ချတော်မူပြန်ခြင်းနှင့် အချိန်ကုန်တော်မူသဖြင့် —

* ပြီးစေခြင်းပင်၊ တူကတဲ၊ သူက လွန်ကဲကဲ။

ရှေ့ကျောင်းနိယာမ်ကဲ့သို့ ပိဋကတ်တော်ကို ပိုမိုကျွမ်းကျင် ကျေပြွန်တော်မူလှပါသည်၊ ထို့ကြောင့် ပိဋက သုံးပုံတွင် သူ-တွေ့ဝေနေသောပုဒ် တပုဒ်မျှမရှိဟု မိန့်တော်မူသည်ကို ကြားရဘူးပါသည်၊ ဂိုဏ်းဂဏ မရွေး လေးစားကြည်ညိုခြင်းကိုလည်း အထင်အရှားခံတော်မူရပါသည်။

ထို ဆရာတော်ဘုရားကြီး၏ ပိဋကတ်တော်ကို အထပ်ထပ် ပို့ချတော်မူခြင်း, အလွန် လေးနက်သော ကျမ်းစာများကို ပြုစုရေးသားခြင်းတို့မှတပါး အခြားကိစ္စများ၌ စိတ်ဝင် စားမှုမရှိပုံ ထင်ရှားသော သာဓက တရပ်မှာ မြင်းခြံမြို့နယ်၊ ဗလံရွာ၊ ခမည်းတော်ကြီး ကွယ်လွန် အနိစ္စရောက်စဉ်က အောက်ပါ ရေစက်ချကို ကြည့်ရှုရသောအားဖြင့် အလွန် သိသာလှပါသည်။

## ခမည်းတော်ဈေးပန ဆရာတော်ကိုယ်တိုင် ရေစက်ချ

မြတ်စွာဘုရား၏ လက်ထက်တော် သာဓက အရှင်မဟာကဿပ၏ အနွယ်အဆက် ဖြစ်တော်မူကြသော ဆရာတော် သံဃာတော် အရှင်မြတ်တို့ဘုရား၊ တပည့်တော်တို့သည် ကွယ်လွန်သူ ခမည်းတော်ကြီးကို ရည်းစူးလျက် ဤ လှူဒါန်းဘွယ် သက်န်းဒိုစုံစသည်တို့ကို အရှင်မြတ်တို့အား အရိယာဟူသောအမှတ်ဖြင့် လှူဒါန်းပါ၏။

(သုံးခေါက်ဆိုစေသည်)

ဤ လှူဒါန်းသမျှသော ကုသိုလ်အရပ်ရပ်သည် ကွယ်လွန်သူ ခမည်းတော်ကြီး၏အဘို့ ဘာဂ ဖြစ်ပါစေသတည်း၊ တပည့်တော်တို့၏ နိဗ္ဗာန်ရမှုအတွက်လည်း အထောက်အပံ့ဖြစ်ပါ စေသတည်း၊ ဤ ကောင်းမှုအဘို့ကို ခမည်းတော်ကြီးနှင့်တကွ ရှိသမျှသတ္တဝါတို့အား အမျှ ပေးဝေပါ၏။

(သုံးခေါက်ဆိုစေသည်)

ကုသိုလ်၏ ဝေစုကို အသီးသီးရကြကုန်၍ အားလုံးချမ်းသာကြပါစေ။

**မှတ်ချက်။** ။လိုရင်းအတွက် ရည်ရွယ်ချက်ဖြင့်သာ ရေစက်ချပေးခြင်းဖြစ်သဖြင့် သာသနာတွင် မှတ်တမ်းတင်၍ အလွန်ပင် နည်းယူ မှတ်သားဘွယ် ကောင်းလှပါသတည်း။

၂။ **မဟာဝိသုဒ္ဓါရုံဆရာတော်ဝါဒ။** ။ကျေးဇူးရှင် မဟာဝိသုဒ္ဓါရာမ ဆရာတော်ဘုရားကြီး ရေးသားတော်မူသော ဂိဟိစာရိတ္တကျမ်း စာမျက် နှာ (၁၆)၌ ပါရှိသည့်အတိုင်း တိကျစွာ ဖေါ်ပြပါဦးမည်။

ထို အင်္ဂုဂ်ဥပုသ်သီလ၌ 'သဗ္ဗသတ္တေသု မေတ္တာသဟဂတေန စေတသာ ဝိဟရိဿာမိ' ဟု ထည့်၍ ဆောက်တည်ပြီးလျှင် —

သဗ္ဗေ သတ္တာ အဝေရာ ဟောန္တု၊ အဗျာပဇ္ဇာ ဟောန္တု၊
အနီဃာ ဟောန္တု၊ သုခီ အတ္တာနံ ပရိဟရန္တု။

သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ သတ္တာ၊ သတ္တဝါတို့သည်။ အ ဝေရာ၊ ပါဏာတိပါတ စသော အဇ္ဈတ္တရန်ငါးပါး, ရေ မီး မင်း ခိုးသူ မချစ်အပ်သော အမွေခံ ဟူသော အပရန် ငါးပါးမရှိကြကုန်သည်။ ဟောန္တု၊ ဖြစ်ကြစေကုန်သတည်း။ အ ဗျာပဇ္ဇာ၊ စိုးရိမ်ကြောင့်ကြ ဗျာပါဒ မရှိကြကုန်သည်။ ဟောန္တု၊ ဖြစ်ကြစေကုန်သတည်း။ အ နီဃာ၊ ဆင်းရဲငြိုငြင် ပင်ပန်းခြင်း မရှိကြကုန်သည်။ ဟောန္တု၊ ဖြစ်ကြစေကုန်သတည်း။ သုခီ၊ ချမ်းသာခြင်းရှိကုန် သည်ဖြစ်၍။ အတ္တာနံ၊ မိမိကိုယ်ကို။ပရိဟရန္တု၊ ရွက်ဆောင် သည်ပိုးနိုင်စေကုန်သတည်း-ဟု မေတ္တာပြဟ္မဝိဟာရကမ္မဋ္ဌာန်းကို စီးဖြန်းပွါးများ၍ နေခြင်းသည် နဝင် ဥပုသ်သီလမည်၏။

မှတ်ချက်။ ။ဤ ကျေးဇူးရှင် ဆရာတော် ဗရားကြီးသည် 'အာခေရကို အဋ္ဌင် ဥပုသ်သီလ၌'-ဟု ပြဆိုတော်မူ၍ မေတ္တာဆောက်တည်ပုံကိုပါ ပြဆို တော်မူပြီးလျှင် မေတ္တာပွါးပုံနှင့်တကွ ပြဆိုတော်မူထားသဖြင့် ရေပက် မဝင်အောင် လေးနက်စွာ မှတ်သားသင့်သောကြောင့် အလွန် ကောင်းလှပါသည်။

မေတ္တာကို ဆောက်တည်ဆိုသော်လည်း မေတ္တာမှာ ဘာဝေတဗ္ဗ တရားမျိုးဖြစ်ကြောင်းကို ဆရာတော် ဗရားကြီးလည်း သိတော်မူပြီး ဖြစ်၍ —

"လုံးစုံများစွာ သတ္တဝါတို့အပေါ်၌ မေတ္တာနှင့်တကွ ဖြစ်သော စိတ်ဖြင့် နေပါအံ့" —

ဤသို့ အဓိဋ္ဌာန်ပြုမှုမျိုးကို ရည်ရွယ်နှလုံးသွင်းမှုဖြင့် မိန့်တော် မူသည်ဟု ယူဆထိုက်ပါသည်၊ သိက္ခာပုဒ်သီလမျိုးကဲ့သို့ ဆောက် တည်ရမည်ဟု ဆိုလိုရင်းမဟုတ်ပါ။

အဓိဋ္ဌာန် ဆောက်တည်ဆိုသည်မှာ-ဤအမှုကို ပြုမည်ဟု နှုတ်ပဋိညာဉ်,စိတ်ပဋိညာဉ် ထားပြီးနောက် ပြောင်းရွှေ့ လှုပ်ရှားမှု မရှိခြင်းကို-ဆိုပါသည်။

ဤသို့ ဥတ္တမ ပုရိသ ဒီပနီ (နှာ-၂၇)၌ လယ်တီဆရာတော်ဗရားကြီး အဓိဋ္ဌာန်ပါရ မီကို မိန့်ဆိုထားတော်မူပုံနှင့်လည်း အလွန်သင့်လျော်လှပါသည်။

မိုးညှင်းဆရာတော်ဗရားကြီးကလည်း ဒါနပါရမီမှာ ပေးလှူမှုဖြစ်၍ မေတ္တာစသော ပါရမီ ရှစ်ပါးတို့ကို အဓိဋ္ဌာန်ပါရမီ၌ သွင်းနိုင်ကြောင်း အမိန့်ရှိသည်ကို မှတ်သားရဘူးပါ သည်။

၃။ မန်လည်ဆရာတော်ဝါဒ။ ။ကျေးဇူးရှင် မန်လည်ဆရာတော်ဗရားကြီး ရေးသား တော်မူသော မဃဒေဝ လင်္ကာသစ် အပိုဒ်(၂၆၆)၌ —

* စကြာရောက်ကြောင်း၊ စကြာလောင်းတို့၊ ကျင့်ကောင်းအဟုတ်၊ မြဲမယုတ်
သား၊ ဥပုသ်စရိယာ၊ အင်ရှစ်ဖြာထက်၊ မေတ္တာလောင်းထ၊ နဝင်္ဂလည်း၊
ကာလအစဉ်၊ ကင်းမကြဉ်နှင့်၊ ယှဉ်စေ မပျက်၊ ကျင့်ဆောင်ရှက်လေ့—

ဟူသော လင်္ကာပုဒ်ဝယ် 'ဥပုသ်စရိယာ၊ အင် ရှစ်ဖြာထက်၊ မေတ္တာလောင်းထ၊ နဝင်္ဂလည်း'-ဟု အဋ္ဌင်္ဂ ဥပုသ် ရှစ်ပါးသီလ၏ အဆုံး၌ 'မေတ္တာ'ကို လောင်းစွက်ထည့်သွင်း၍ နဝင်္ဂ ဥပုသ် ကိုးပါးသီလကို ခံယူဆောက်တည်ရန် ကာဗျာ့ဝိဒူ - မ ကာရလောပ မန်လည် ဆရာတော်ဗရားကြီး ဩဝါဒ ပေးတော်မူပေသည်။

မှတ်ချက်။ ။'ဝေနေယျဇ္ဈာသယဝသေန မေတ္တာဘာဝနံ ပက္ခိပိတွာ နဝင်္ဂသမန္နာဂတော တိ ဝုတ္တံ'-ဟူ၍ ပြဆိုအပ်ပြီးသော အဋ္ဌကထာ၌ ပက္ခိပိတွာ ပုဒ်၏ အာခေါရပုဒ်ကို မဟာဝိသုဒ္ဓါရုံ, မန်လည်ဆရာတော် နှစ်ပါး တို့၏ အာဘော် တထပ်တည်းကျနေသည်ကို ငြင်းပယ်၍ မရအောင် ထင်ရှားလှပါသည်၊ 'ကာလအစဉ်၊ ကင်း မကြဉ်နှင့်'ဟု ထပ်ဆင့် မိန့်ဆိုပြန်သဖြင့် အစဉ်အလာဖြစ်သော နဝင်္ဂသီလကို မပယ်ရှားကြ နှင့်ဟု သတိပေးရာ ရောက်ကြောင်းလည်း ထင်ရှားလှပါသည်။

၄။ **ဆရာတော် ဦးဗုမ်ဝါဒ။** ။ဆရာတော် ဦးဗုမ်၊ ရေးထုတ်ညွှန်ပြ၊ ဒါနဖလုပတ္တိကျမ်း စာမျက်နှာ (၁၀၉)၌လည်း ကိုးခုမြောက်ကို—

"မေတ္တာသဟဂတေန စေတသာ သဗ္ဗပါဏဘူတေသု ဖရိတွာ
ဝိဟရဏံ သမာဒိယာမိ"—

ဟု ယခုကာလ အများဆောက်တည်ရိုးအတိုင်းပင် ပါဠိအနက်နှင့်တကွ နဝင်္ဂသီလ ဆောက်တည်ပုံကို ပြဆိုထားသည်။

၅။ **သုတေသန သရုပ်ပြ အဘိဓာန်ကျမ်း စာမျက်နှာ(၃၁၇)၌** - ရှစ်ပါးသီလထဲ၌ 'မေတ္တာသဟဂတေန စေတသာ သဗ္ဗပါဏဘူတေသု ဖရိတွာ ဝိဟရဏံ သမာဒိယာမိ'=အလုံးစုံသော သတ္တဝါတို့အပေါ်၌ မေတ္တာနှင့်ယှဉ်သောစိတ်ဖြင့် ပျံ့နှံ့၍ နေထိုင်ခြင်းကို ဆောက်တည်ပါ၏-ဟူသော သိက္ခာပုဒ် တပါးကိုထည့်၍ (၉) ပါးသီလဟု ခေါ်သည်။

မှတ်ချက်။ ။မေတ္တာ၏ ဆန့်ကျင်ဘက် ဒေါသမထွက်ရ၊ ဒေါသစိတ်ဖြစ်က သိက္ခာပုဒ်ပျက်၏၊ အမြဲ မေတ္တာပွါးနေရမည်ဟု မမှတ်လင့်၊ ကာယကံ မေတ္တာ,ဝစီကံ မေတ္တာလည်း မေတ္တာပင်။

ဤသို့ နဝင်္ဂသီလ ဆောက်တည်သင့်ကြောင်းကို ပြဆိုထားပါသည်။

၆။ **စံဝတီ ရှင်ကျင့်ဝတ် စာမျက်နှာ-(၆၇၃)၌—**

အဟံ ဘန္တေ တိသရဏေန သဟ နဝင်္ဂသမန္နာဂတံ ဥပေါသထသီလံ ဓမ္မံ ယာစာမိ၊ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေ ဘန္တေ-(ပ)-မေတ္တာသဟဂတေန စေတသာ သဗ္ဗပါဏ ဘူတေသု ဖရိတွာ ဝိဟရာမိ။

(ဝိဟရဏံ သမာဒိယာမိ-ထိအောင် မဆိုနှင့်)

ဤသို့ နဝင်္ဂသီလ ဆောက်တည်သင့်ကြောင်းကို ပြဆိုထားပါသည်။

၇။ စစ်ကိုင်းတောင်ရိုး အရှေ့ပရက္ကမ ဆရာတော်ဘုရားကြီး၏ (၉)ပါးသီလ ဆောက်တည် အပ်ကြောင်း ဝိနိစ္ဆယ ကျမ်း၌ နဝင်္ဂသီလ ဆောက်တည်သင့်ကြောင်းကို အကျယ်ပြဆိုထား ပါသည်။

၈။ ပြည်တွင်း ပြည်ပ နှစ်ဌာနတို့၌ သီလ, သမာဓိ, ပညာဂုဏ်၊ ပဋိပတ်ဂုဏ်တို့နှင့် ပြည့်စုံ ထင်ရှား ကျော်စောတော်မူသော တောင်ပုလုဆရာတော်ဘုရားကြီး။

၉။ ကျေးဇူးရှင် (အဂ္ဂမဟာပဏ္ဍိတ) **ပတ္တမြား ဆရာတော်ဘုရားကြီး။**

၁၀။ (အဂ္ဂမဟာပဏ္ဍိတ) မင်းကွန်းတောင်ရိုး **ရတနာဂူ ဆရာတော်ဘုရားကြီး**-အစရှိသော ဆရာတော်ဘုရားကြီးတို့လည်း ဤနဝင်္ဂသီလကို ပေးလေ့ရှိတော်မူကြပါသည်။

* ဤကျမ်းရေးသူ၏ မြင်မှုသေးသိမ် လွန်မှေးမှိန်သည့် ဉာဏ်ပိန်တာနှင့် တစ်မှ စဆုံး အားလုံးသီးသီး ပြဆိုပြီးသော ထေရ်မဟာ အရှင်မြတ်ကြီးများ၏ ကြီးမားဉာဏ်ဟုန် သိမ့်သိမ့်တုံ ပြည့်စုံပုံကို ပုံတင်ပမာ တိုင်းတာနှိုင်းယှဉ်၍ ပြရပါလျှင် ခြင်ကောင်နှင့် ဆင်ပြောင်,မှုန်ညင်းစေ့နှင့် မြင့်မိုရ်တောင်, နွား ခြေရာကွက်၌ရှိသောရေနှင့် မဟာသမုဒ္ဒရာရေ,ဆိးနှင်းရေပေါက်နှင့် သမုဒ္ဒရာ ခုနစ်စင်းရှိ ရေတို့နှင့် မသေ့တူလှပါပေ၏။

**ဝဒန္တိတိ** မြင်းမိုရ်ကြီးဖိ။ ။ထို့ကြောင့် အဋ္ဌကထာ, ဋီကာ ဆရာတို့သည် မိမိတို့၏ အဆုံး အဖြတ်ကို ခိုင်မြဲစေလိုသောအားဖြင့်၎င်း၊ သူတပါးလှုပ်ချောက်ချားမှု မရှိစေလိုသောအားဖြင့်၎င်း ဆရာမြတ်တို့က ဤလိုဆိုကြပါကုန်၏ ဟူ၍ အာစရိယ ဝါဒ အားကိုး အားထားပြုသောအားဖြင့်-**ဝဒန္တိတိ** ဟူ၍ မိန့်ဆိုထားရှိကြကုန်၏၊ ထိုစကား အရ ဆရာစဉ်ဆက် ပြောဆိုကြသည်မှာ **ဝဒန္တိတိ ကျောက်ကြီးဖိ** ဟူ၍ပင် ဖြစ်ပါသည်။

အာစရိယဝါဒကို သူတပါး မလှုပ်ချောက်ချား သေဝပ်ပိပြားစေလိုသောအားဖြင့် ကျောက်ကြီးနှင့် ဖိချလိုက်လျှင် အရာဝတ္ထု မှန်သမျှ မခုခံနိုင်ဘဲ ပြားပြားဝပ်သွားသကဲ့သို့ ဆိုလိုပါသည်။

ဤနေရာ၌ကား ကျမ်းရေးသူ၏ အလိုဆန္ဒအားဖြင့် ကျောက်ကြီးဖိ-ဟု မဆိုလိုဘဲ **ဝဒန္တိတိ** မြင်းမိုရ်ကြီးဖိ ဟူပင် ဆရာသမားတို့အား အလွန့်အလွန် လေးစားသောအားဖြင့် ဆိုလိုပါတော့သည်။

ဤသို့ ပြဆိုအပ်ခဲ့ပြီးသော စကားရပ်တို့ဖြင့် "နဝင်္ဂသီလကို လုံးဝ မဆောက်တည်ကောင်း" စသော အယူဝါဒများအတွက် အကျုံးဝင်စေလျက် တင်ပြ ရေးသားသည်ကို နှစ်သက်ကြပါက လေးနက်စွာ မှတ်သားကြကုန်ရာ၏၊ မကြိုက်နှစ်သက်ပါက မေတ္တာ၊ ကရုဏာ နှစ်ဖြာ ရှေ့ထား၍ ပယ်ရှားကြကုန်ရာ၏။

**အမှားမြင် အမှန်ပြင်။** ။ဤ ဆုံးဖြတ်မှုကို ကြည့်ရှုကြကုန်သော ပညာရှိ ကဝိရောင်ထိန် သုခမိန်တို့သည် ပညိန္ဒြေ စေတသိက်တည်းဟူသော မြူတေ အဲမောင်း လက်သုံးကောင်းဖြင့် တိမ်းစောင်းချွတ်ချော် မလျော်မသင့်သည့်အရာကို မှန်စွာ တွေ့မြင်ကြလျှင် သမ္မာဉာဏ် သက်ဝင်၍ ပြင်ဆင်တော်မူကြပါစေကုန်သတည်း။

× × × ×

# စေတိယင်္ဂဏ ဝိနိစ္ဆယ ဒေသနာ

ဤ ပြဆိုလတ္တံ့သော စေတီရင်ပြင်အဆုံးအဖြတ်ကို မိမိ၏ အယူအဆ အတ္တနောမတိ ဝါဒ မပါစေဘဲ ထိုထိုပါဠိ, အဋ္ဌကထာ, ဋီကာ, ယောဇနာကျမ်းဂန်တို့၌ လာရှိသည့်အတိုင်း ကိုသာ ဖော်ပြပါမည်။

**သက်ဦးအံ့** - ဤ ကျမ်းစာ ဖတ်ရှုသူတို့ မျက်စိရှင်း နားရှင်းအောင် ပါဠိသာဓကတွေ မသွင်းပြဘဲ မြန်မာဘာသာ သက်သက်မျှဖြင့်သာ ရေးသားပြဆိုမည်ကို ရှေးဦးစွာ ပဋိညာဉ် ပြုလိုပါသည်။

**စေတီ ၄-မျိုး။** ။**စေတိယင်္ဂဏ** ဟူသော ပုဒ်၌ စေတိယ ပုဒ်-အင်္ဂဏပုဒ် ဤသို့ နှစ်ပုဒ်ခွဲ၍ စေတိယ ဟူသော ပုဒ်ကို ပြဆိုရသော် -

(၁) ဥဒ္ဒိဿက စေတီ၊ (၃) ပရိဘောဂ စေတီ၊

(၂) သာရီရိက ဓာတုစေတီ၊ (၄) ဓမ္မ စေတီ —

ဤလေးပါးတို့ ဖြစ်ကြသည်။

ချဲ့ဦးအံ့ —

( ၁ ) မြတ်စွာဘုရား၏ ကိုယ်တော်စား ရုပ်ပွါးဆင်းတုတော်များသည် **ဥဒ္ဒိဿက စေတီတော်** မည်၏။

( ၂ ) မြတ်စွာဘုရား၏ ကိုယ်တော် အစစ် ခန္ဓာတော်မှ ဖြစ်သော ဓာတ်တော်ကြီး, ငယ် အပေါင်းတို့သည် **သာရီရိကဓာတုစေတီတော်** မည်၏။ (ဓာတ်တော်တို့ကို ဌာပနာ၍ တည်ထားအပ်သော စေတီ ဟူလို)

( ၃ ) မြတ်စွာဘုရားသည် သုံးဆောင်တော်မူအပ်သော ဓမ္မကရိုဏ်း ရေစစ်, ခါပန်းကြိုး, ရေသနုတ်တော် စသော အသုံးအဆောင်တို့သည် **ပရိဘောဂ စေတီတော်** မည်၏။ (အသုံးအဆောင်တို့ကို ဌာပနာ၍ ပြုအပ်သော စေတီတော် ဟူလို) - မဟာဗောဓိပင်နှင့် ဂန္ဓကုဋီတိုက်တော်သည်လည်း ဘုရားသခင် သုံးဆောင် စံနေတော်မူရာဖြစ်သောကြောင့် ပရိဘောဂ စေတီတော်ပင် မည်၏။

( ၄ ) ရှစ်သောင်းလေးထောင်သော ဓမ္မက္ခန္ဓာဟုဆိုအပ်သော ပိဋကတ်တော်သည် **ဓမ္မစေတီတော်** မည်၏။ (ပဋိစ္စသမုပ္ပါဒ် စသော တရားတို့ကို ထည့်သွင်း ဌာပနာ၍ ပြုအပ်သော စေတီဟူလို)

**စေတီမည်ခြင်း အကြောင်း။** ။လူ, နတ်, ဗြဟ္မာ သတ္တဝါတို့ အရှိအသေ ပြုအပ်သော ကြောင့်၎င်း, နံ့သာ ပန်း စသည်တို့ဖြင့် ပူဇော်အပ်သော ကြောင့်၎င်း, အုတ် ကျောက် စသည်တို့ဖြင့် ရိုသေစွာ စီထားအပ်သောကြောင့်၎င်း စေတီတော်မည်၏။

**စေတိယင်္ဂဏ-စေတီရင်ပြင်ယူပုံ။** ။ဤအရာ၌ စေတိယင်္ဂဏတွင် အင်္ဂဏ သဒ္ဒါသည် အဘိဓာန်ကျမ်းလာ လေးပါးသော အနက်တို့တွင် ဝိဝဋ္ဋ, ဘူမိပဒေသ, ဘူမိဘာဂဖြစ်သော မြေအရပ် မြေအဘို့တို့ကိုသာ ဟောသည်၊ သို့ဖြစ်၍ စေတီ၏တည်ရာ မြေအရပ် မြေအဘို့ကို စေတီရင်ပြင်ဟူ၍ ဆိုနိုင်သည်၊ စေတီတည်ပြီးမှ ဝန်းကျင်အရပ်ကို စေတီရင်ပြင်ခေါ်ရသည် မဟုတ်သေး=ဤအရပ်ဌာန အင်္ဂဏ၌ စေတီတော် တည်လတ့်ဟု ကဗျည်း, ကျောက်စာ, မော်ကွန်းရေးသား၍ ရည်သန်ပိုင်းခြား သတ်မှတ်ထားအပ်သော မြေအရပ်သည်လည်း ဖလူပစာရအားဖြင့် **စေတိယဌာန-စေတိယင်္ဂဏ** (စေတီရင်ပြင်ပင် မည်၏)။

သီဟိုဠ်ကျွန်း ဒေဝါနံ ပိယတိဿမင်းကြီးသည် အရှင်မဟိန္ဒ မထေရ်နှင့် အတူတကွ သွားသည်ရှိသော် ထိုမင်းကြီး၏ ခမည်းတော် ဒုဋ္ဌဂါမဏိမင်းလက်ထက်ရောက်မှ တည်ထား ပြုစုလတ့်သော မဟာစေတီတည်ရာဌာန အင်္ဂဏသို့ရောက်၍ ထိုမြေအရပ်၌ စကားပန်းတို့ဖြင့် အရှင်မဟိန္ဒမထေရ် ပူဇော်ရှိခိုးကြောင်းများကိုထောက်၍ စေတီတော် မတည်မီ တည်လတ့်ဟု သတ်မှတ်ထားရာအရပ်သည် စေတီရင်ပြင်မည်၏။

အကျယ်အားဖြင့် ဆက်လက် ပြဆိုဦးအံ့၊ သီလက္ခန်အဋ္ဌကထာ သာမညဖလ သုတ် နှာ(၁၂၆)၌—

(၁) ဗိမ္ဗိသာရမင်းကြီးသည် ရှေးအတိတ်ဘဝက စေတီရင်ပြင်၌ ဘိနပ် ခြေနင်းကို စီးလျက် သွားလာမိခြင်း၊

(၂) ရဟန်း သံဃာတော်တို့ထိုင်ဘို့ရာ ခင်းထားအပ်သော ကော်ဇော, ကမ္ဗလာ, ဖျာ, သင်ဖြူး အခင်းကို မဆေးကုန်သောခြေတို့ဖြင့် နင်းတက်မိခြင်း ထိုကံ နှစ်ပါးကြောင့် ခြေဖဝါး၌ ဓားခွဲခံရကြောင်းကို ပြဆိုထားသည်။

ထိုသို့ ပြဆိုရာ၌ 'စေတိယင်္ဂဏေ' ဟူသောပုဒ်ကို ဋီကာဟောင်း၌ ပန်းနံ့သာ စသည် တို့ဖြင့် ပူဇော်လှူဒါန်းရာအရပ်ကို စေတီရင်ပြင်ဟူ၍ ဖွင့်ဆိုချက်ကို ထောက်ထား၍ သီလက္ခန် ဘာသာဋီကာ ဒု-နှာ (၂၁၉)၌ 'စေတိယင်္ဂဏေ'၌ အင်္ဂဏသဒ္ဒါသည် 'ကွင်းပြင် လွင်ပြင်' ဟူသော အနက်ကိုဟော၏၊ ထို့ကြောင့် စေတီတော်၏ ပတ်ဝန်းကျင် ကွင်းပြင်ကို စေတိ ယင်္ဂဏ—ဟု ခေါ်ရမည်ကဲ့သို့ထင်ရ၏၊ သို့သော် ဋီကာတို့၌ 'စေတိယင်္ဂဏေတိ—ဂန္ဓပုပ္ဖါဒိဟိ

(အမွေးတိုင်စသော နံ့သာပန်းအစရှိသော ပူဇော်ဘွယ်တို့ဖြင့်) ပူဇနဋ္ဌာန ဘူတေ (ပူဇော်ရာဌာန ဖြစ်သော) စေတိယင်္ဂဏေ (စေတီရင်ပြင်)ဟု ဖွင့်ဆိုသောကြောင့် စေတီတော်၏ အနီးအပါးဝယ် ပန်းစသည် ပူဇော်ဘို့ရာ ပြု စီမံထားအပ်သော နေရာကို စေတိယင်္ဂဏ-ဟုယူပါ၊ ဤသို့ ယူမှုလည်း နောက်၌ 'စေတိယင်္ဂဏေ ခိတ္တမာလာ ဝိယ'ဟူသော စကားနှင့် ထပ်မိသည်'ဟု မိန့်ဆိုထားသည်။

ဘာသာရေး ပြဿနာများ စာအုပ် စာမျက်နှာ(၇၁)၌ ''ဗိမ္ဗိသာရမင်းသည် ဗရားဝင်းအတွင်း သာမန်ဘိနပ် စီးသည်မဟုတ်၊ ပန်းတင်ခုံဟုခေါ်ရာ စေတီတော် အောက်ခြေမှာပင် ဘိနပ်စီးခြင်းဖြစ်သည်ဟု ဋီကာဆရာတို့က ဆိုလိုကြပါသည်''ဟူ၍လည်း ပြဆိုထားပါသည်၊ လယ်တီဆရာတော် ဗရားကြီးက ထို-သီ၊ အဋ္ဌကထာ၌ စေတိယင်္ဂဏ ပုဒ် နှစ်ပုဒ်ပါရှိရာ ဋီကာဆရာ ရှေ့နောက်လွဲမှား၍ ဖွင့်ပြထားသောကြောင့် ပန်းတင်ခုံကိုသာ စေတီရင်ပြင်ဟု ယူကြသည်မှာ မှား၍နေကြောင်း ဆုံးဖြတ်တော်မူသည်။

စေတိယ ဒီပကကျမ်း စာမျက်နှာ(၁၃)၌ကား ဆိုအပ်ခဲ့ပြီးသော သီ၊ အဋ္ဌကထာ နှာ(၁၂၆)သီ၊ ဋီကာဟောင်း(၂၁၀) သီ၊ ဋီကာသစ်-ဒု(၈)တို့၌ ဖွင့် ပြ ချက် တို့ ကို ပင် တောက်ထားသုံးသပ်ဆင်ခြင်၍ ''ရာဇင်္ဂဏ-ဟူသည် မင်းရင်ပြင် နန်းတော်တံခါးဝ၌ ရှင်းရှင်း လင်းလင်း လွတ်လပ်သောမြေအရပ်ကို ယူအပ်သကဲ့သို့စေတိယင်္ဂဏဟူသော ပုဒ်၌လည်း စေတိယင်္ဂဏဟူသည် စေတီတော်ရင်ပြင် မဟာရံ တံတိုင်းတွင်း ရှင်း လင်း လွတ် လပ် သော ပတ်လည်ဝန်းကျင် မြေပြင်အရပ်ကို ယူအပ်သတည်း''ဟု ရေးသားထားလေသည်။

အလားတူ ထိုကျမ်းစာမျက်နှာ(၁၈)၌လည်း''သီဟိုဠ်ကျွန်း မဟာစေတီတော်ကြီး၏ အနီး ဥပစာ မဟာရံ ပရဝုဏ်အတွင်း ရှင်းလင်းလွတ်လပ်ရာ ကောင်းစွာ ပြုပြင်အပ်သည့် မြေအဘို့ မြေအရပ်ကိုပင် အင်္ဂဏဟူ၍ သန္နိဋ္ဌာန်မှတ်ယူအပ်၏''ဟု ရင်ပြင်အရကို ဆက်လက် ပြဆိုထားသည်။

စေတိယ ပကာသနီကျမ်း (၂၈၂)၌လည်း သီ၊ ဋီကာဟောင်းကိုပင် အကိုးသာဓက ပြဆိုပြီးနောက် ထိုထိုစေတီတော်၏ အပြင်ဟူသမျှ ဥပစာ တံတိုင်းအရံ အတွင်းအရပ်သည်ငင်း, စေတီတော်ကို ဖူးမြင်ရာ နံ့သာပန်းစသည် ပူဇော်ရာအရပ်သည်ငင်း စေတိယင်္ဂဏ (စေတီရင်ပြင်) အရပ်မည်၏-ဤသို့ပင် ပြဆိုထားပါသည်။

ထို့ကြောင့် ဤအယူဝါဒ ကွဲပြားချက်များကို အထူးအားဖြင့် စိစစ်ပြဆိုရပါလျှင် ပါဠိတော်နှင့် အဋ္ဌကထာ အယူအဆ မတူပါက ဗရားဟောဖော် ပါဠိတော်ဘက်သို့ လိုက်ရမြဲ ဓမ္မတာဖြစ်သကဲ့သို့ အဋ္ဌကထာနှင့် ဋီကာဆရာတို့ အယူဝါဒ (အယူအဆ)မတူကြရာ၌လည်း အဋ္ဌကထာ အယူဝါဒဘက်သို့ လိုက်ရမည်သာ ဖြစ်ပါသည်။

✻ စေတီရင်ပြင်၊ မြက်သုတ်သင်၊ ကျိုးအင်ညွှန်းပြ ဘယ်ကျမ်းနည်း။

✻ စေတီရင်ပြင်၊ သဲခင်းလျှင်၊ ကျိုးအင် ညွှန်းပြ ဘယ်ကျမ်းနည်း။

✻ စေတီရင်ပြင်၊ ရေဖျန်းလျှင်၊ ကျိုးအင် ညွှန်းပြ ဘယ်ကျမ်းနည်း။

**ဤမေးခွန်းများအရ သာဓက ကျမ်းများ** – ခုဒ္ဒကပါဌ-ဋ္ဌ (၁၆၇) သုတ္တနိ-ဋ္ဌ၊ ၁ (၂၉၆) ဓမ္မပဒ-ဋ္ဌ၊ ၂(၂၇၉) အရ အဓိပ္ပါယ်မှာ ဗုဒ္ဓဘုရားအလောင်းတော် သန်ပုဏ္ဏားကြီးသည် သားဖြစ်သူ သုသိမ ကို တက္ကသိုလ်ပြည်သို့ ပညာသင်လွှတ်လိုက်ရာမှ ပြန် မလာသဖြင့် ကာလမြင့်ကြာ လိုက်လံရှာဖွေသောအခါ သား သုသိမသည် ပစ္စေကဗုဒ္ဓါဖြစ်၍ ပရိနိဗ္ဗာန်စံပြီး အရိုးအိုး စေတီမျှကိုသာ တွေ့ရသည်၊ ထိုအခါ မြေကိုလက်ဝါးဖြင့် ပုတ်၍ ပုတ်၍ ငိုပြီးနောက် ထိုစေတီရင်ပြင်၌ မြက်တို့ကို ရှင်းလင်းသုတ်သင်ခြင်း (နှုတ်ခြင်း), ပါလာသော အပေါ်ရုံအဝတ်ဖြင့် သဲတို့ကို သယ်ဆောင်၍ စေတီရင်ပြင်၌ ဖြန့်ခင်းခြင်း, ကရားဖြင့် သဲများကို ရေဖျန်းခြင်း ပြုလုပ်ကြောင်းကို အကျိုးရရှိပုံနှင့်တကွ ပြဆိုထားသဖြင့် စေတီရင်ပြင်သည် ပန်းတင်ခုံ မဟုတ်ကြောင်းထင်ရှားသည်တရပ်။

အဘိ-ဋ္ဌ၊ ၂ (၄၂၀) ၌ အရှင်သောဏ မထေရ်သည် ဥုးပဥ္စင်းကြီးဖြစ်သော ခမည်းတော်ကို ကုတင်ညောင်စောင်းဖြင့် စေတီရင်ပြင်သို့ သာမဏေများကို ဆောင်ယူစေသည်ဆိုရာ၌ စေတီရင်ပြင်ကို ပန်းတင်ခုံယူပါက မည်သို့ဖြစ်နိုင်ပါမည်နည်းဟု စဉ်းစားဘွယ်ရှိသည်တရပ်။

ကေနိပါတ် နှစ်ခုမြောက် ဝဏ္ဏုပထဇာတ်အဋ္ဌကထာ(၁၂၅)၌-အင်္ဂဏအရ လူတို့၏ သွားလာရာဖြစ်သော အပိတ်အပင်အဆီးအတား မရှိသော မြေအဘို့ ဌာနကို ယူရမည်-ဟု ဖွင့်ပြထားသည်တရပ်။

သမ္မောဟဝိနောဒနီ ယောဇနာ၌လည်း လူတို့၏ သွားလာရာမြေအရပ်သည် အင်္ဂဏမည်၏ဟု ပြဆိုထားသည်တရပ်။

စေတိယင်္ဂဏေ ပုဒ်ကို ပန်းနှံ့သာ စသည်တို့ဖြင့် ပူဇော်ရာ လူတို့၏ သွားလာရာ မဟာရံ တံတိုင်းအတွင်း သမံတလင်း မြေအပြင် မြေအဘို့ မြေအရပ်၌ = ဤသို့အနက်ပေးရမည်လည်း တရပ်။

ထို့ကြောင့် သီ-ဋီကာဟောင်းဝါဒ အရ ပန်းတင်ခုံကိုမယူဘဲ အဋ္ဌကထာ ဆရာတို့၏ အယူဝါဒအရ ဆိုအပ်ပြီးသောအရပ်တို့ကိုသာ စေတိယင်္ဂဏအရ စေတီရင်ပြင်ဟုယူသင့်သည်။

**ဆက်ဦးအံ့** - ဥတေန မင်းသည် သာမာဝတီ အမှူးရှိသော မိဖုရား ငါးရာတို့ကို မီးရှို့သတ်သော အပြစ်ကြောင့် မာဂဏ္ဍီ မိဖုရား၏ တဆွေလုံး တမျိုးလုံးတို့ကို လည်ပင်းအထိ မြေမြှုပ်သတ်ရာ၌ ရာဇင်္ဂဏေ မင်းရင်ပြင်ဟု ဆိုသော်လည်း နန်းရင်ပြင်ကိုသာ မယူရဘဲ နန်းမြို့ရိုးအတွင်း အရပ်အားလုံးတို့ကို မင်းရင်ပြင်ဟု ယူရသကဲ့သို့ မဟာရံတံတိုင်းအတွင်း၌

အရပ်အားလုံးတို့ကို စေတီရင်ပြင်ဟု ယူရသည်မှာ သဘာဝယုတ္တိ, အာဂမယုတ္တိ, သာဓက ယုတ္တိ ရှိ၍ အလွန်ကောင်းလှပါသည်။

ထိုမှတပါး=အရံတံတိုင်း မရှိသော ဌာနမျိုးဖြစ်ခဲ့သော် စေတီတော်ခြေရင်းမှ ထာမ မဇ္ဈိမ ယောက်ျားပျို်သည် ပစ်လွှင့်အပ်သော ခဲနှစ်ကျအတွင်း အရပ်ကို ကျမ်းဂန်အရ စေတီ ရင်ပြင်ဟု ယူရမည်၊(ဝိ ဋ္ဌ-၃၊၄၁၇) ဋီကာ၌ ကား ခဲတကျအတွင်းအရပ်ကိုသာ ယူရမည်— ဟု ဆိုသည်၊ (သာရတ္ထ ဋီ-၃၊ ၃၄၄)လယ်တီဆရာတော် ဗရားကြီးကား အရံမရှိခဲ့သော်— စေတီထက်ဝန်းကျင်မှ (၁၂) တောင် အတွင်း အဂါရဝ အမူတို့ကို မပြုအပ်-ဟု ဆုံးဖြတ် တော်မူသည်။

**အတူးသတိထားဘွယ်များ။** ။မိမိတို့ အိမ်၌ ကိုးကွယ်ထားသော ရုပ်ပွါးဆင်းတုများ၏ မျက်မှောက် အရပ်၌ ခင်းကျင်းထားသော အခင်းအရပ် များလည်း စေတီရင်ပြင်ပင်ဖြစ်၍ ရိုရိုသေသေ ဗုဒ္ဓ အဂါရဝ မဖြစ်ရအောင် နေထိုင်ကျင့်ကြံ ရမည်ကိုလည်း နှလုံးသွင်း သတိပြုကြစေလိုသည်။

ထိုမှတပါး ဗောဓိရင်ပြင်၌ရင်း, ဂန္ဓကုဋိတိုက်တော်၌ရင်း, စေတီရင်ပြင်တော်၌ရင်း လှည့်ပတ်သွားလာသူ ရှင်, လူ အများသည် စကား ထို ဤ အချည်းနှီး အကျိုး မရှိသော စကားများကို ပြောဆိုလှည့်ပတ်လျှင် ဘိနပ်စီး ထီးဆောင်းသည်နှင့် မခြား အပါယ်လား ကြောင်း ဗုဒ္ဓ အဂါရဝ ဗရား၌ မရိုသေရာ ရောက်သည်ကိုလည်း သတိပြုကြကုန်ရာ၏။

(ပဥ္စဂိုတ္တရ အဋ္ဌကထာ၊ တ၊ ၇၆)

ထို့ပြင်-စေတီတော်မြင်က ရှိမခိုးလျှင်ရင်း, ဗရား တရား သံဃာ ဟူသော ရတနာ သုံးပါး အာရုံမှတပါး ရူပ,သဒ္ဒ စသော ထိုထိုအာရုံကို အာရုံပြု ကြည့်ရှုလျက်ရင်း,ကျမ်းဂန် တို့၌ လာရှိသော (၃၂) ဖြာ တိရစ္ဆာန ကထာ စကားကို ပြောဆိုလျက်ရင်း စေတီတော်ကို လှည့်ပတ်သွားလာလျှင်ရင်း ဗုဒ္ဓ အဂါရဝ ပင် ဖြစ်သည်။

(သံယုတ္တ အဋ္ဌကထာ-ဒု၊ ၁၀၉)

ထို့ကြောင့်—ရှင် လူ အပေါင်းတို့သည် အပါယ်လားကြောင်း မကောင်းသော ဗုဒ္ဓ အဂါရဝ အမှုကို မပြုလုပ်ကင်း ဖြစ်အောင်ရှင်းအောင် ရှောင်ကွင်းကုန်ရာ၏။

ဤသည်လျှင် မြန်မာစကား အစဉ်ဖြင့် စေတီရင်ပြင်နှင့်စပ်၍ မှတ်ဘွယ်တ‌ပုဒ် အပြီးသတ်သ တည်း။ ။

ယာဉ်အမျိုးအစား။ ။ယာနအရ ယာဉ် အမျိုးအစား သရုပ်ကား —

(၁) ထီး (၄) ညောင်စောင်း(ကုတင်) (၇) လှေခါးလှူဒါန်းခြင်း

(၂) ဘိနပ် (၅) အင်းပျဉ်(ကုလားထိုင်)ထိုင်စရာ (၈) တံတားဆောက်ခြင်း

(၃) တောင်ဝှေး (၆) လမ်းကို ရှင်းလင်းသုတ်သင်ခြင်း (၉) လှေ လှူဒါန်းခြင်း —

ဤအလုံးစုံသည် ယာဉ်အမျိုးအစားများဖြစ်၏။ (သံယုတ္တအဋ္ဌကထာ၊ ပ၊ ၇၈)

ထီး ဘိနပ်ကို အစပြု၍ အလုံးစုံသော သွားခြင်း၏ အကြောင်းမှန်သမျှ ပစ္စည်းဝတ္ထုများသည် ယာဉ်မည်၏-ဟု (သံယုတ္တအဋ္ဌကထာ၊ ဒု၊ ၃၂၀)၌ ဖွင့်ပြထားသည်၊ သွားခြင်း၏ အကြောင်းဖြစ်သော ရဟန်းတော်တို့အား မအပ်သော ဆင်ယာဉ် မြင်းယာဉ် လှည်းယာဉ်စသည်တို့လည်း ရှိသေး၏။

စေတီရင်ပြင်နှင့် လှည်းငယ်ယာဉ် —

* စေတီရင်ပြင်၊ လှည်းငယ်ယာဉ်၊ လှူရှင် စီးကောင်း မစီးကောင်း၊

* သွားလာ မရ၊ ဂိလာန၊ ဖြစ်မှ သူစီးကောင်း၊

* သောဏ ဖခင်၊ ညောင်စောင်းတင်၊ ရင်ပြင် ရွှေပြောင်းကြောင်း၊

ဤနေရာ၌ာနု၌ 'ယာနဒေါ သုခဒေါ ဟောတိ'-ဟူသော သံသုတ်ပါဠိတော်တွင် ယာနဒေါ ဝယ် ယာန၏အရ ယာဉ်မျိုး အပြားကို ပထမ အဋ္ဌကထာ ဖွင့်ပြရာ၌ (ကုတင်) ညောင်စောင်းကို ယာဉ်မျိုးတပါးဟု ဖွင့်ပြထားသောကြောင့် ထို ညောင်စောင်းယာဉ်နှင့် လှည်းငယ်ယာဉ်မှာ ယာဉ်၏အဖြစ်ဖြင့် သဘောအဓိပ္ပါယ် တူညီမျှပေသည်။

ထို့ကြောင့် ထိုယာဉ် နှစ်မျိုးမှာ စေတီရင်ပြင်၌ တမျိုးသွားလာမှု အပ်စပ်လျှင် တမျိုးလည်း အပ်စပ်မည်မှာ အမှန်ပင်ဖြစ်ပေသည်။

ညောင်စောင်း(ကုတင်)ဖြင့် စေတီရင်ပြင်သို့ ဆောင်ယူသောဝတ္ထု

သီဟိုဠ်ကျွန်း သောဏဂိရိ ခေါ် တောင်ပေါ်ကျောင်း၌ သီတင်းသုံးတော်မူသော ရဟန္တာ အရှင်သောဏ၏ ခမည်းတော်ဖြစ်သော သန်သန်မာမာရှိစဉ်က မုဆိုးအလုပ်ဖြင့် အသက်မွေးနေသော သုနခဝါဇိက မည်သော မုဆိုးကြီးကို ကြီးရင့်လာသောအခါ အလို မဘူဘဲလျက် ရဟန်းပြုပေးထား၏။

မကျန်းမာ၍ သေခါနီးသောအခါ တောင်ခြေမှ ခွေးကြီးတွေ မိမိကို ကိုက်မလို အနေဖြင့် ဂတိနိမိတ်ထင်လာသောကြောင့် "ချောက်ပါပြဲ့ သား သောဏရဲ့"-ဟု ဆက်ကာ ဆက်ကာ အော်ဟစ်ရာ "ဘာလဲ ဦးပဥ္စင်းကြီး"ဟု မေးလေသော် "ခွေးကြီးတွေ-ခွေးကြီး

တွေ့”ဟု ပြောပြသဖြင့် ငရဲ ဂတိနိမိတ်ထင်နေကြောင်းကို သိရ၍ “ငါကဲ့သို့ သားကောင်း ရတနာရှိပါလျက် ငရဲသို့ ဘာကြောင့် ကျရမလဲ”ဟု စိတ်ထား၍ သာမဏေများကို ပန်းရှာ ခိုင်းပြီးလျှင် ဗရားရင်ပြင်တော်မှာ (စေတီရင်ပြင်တော်မှာ) ပန်းမွေ့ရာ ခင်းပြီးမှ ဦးပဉ္စင်း ကြီးကို ညောင်စောင်းဖြင့် စေတီရင်ပြင်သို့ ရွှေ့ပြောင်းစေ၍ ထားလေ၏။

ထို့နောက် “ဦးပဉ္စင်းကြီးအတွက် ပန်းအခင်းများနှင့်တကွ ပန်းပူဇော် ထားသည် ကြည်ညိုပါ”ဟု တိုက်တွန်းသဖြင့် ဗရားကို အာရုံပြု၍ ကြည်ညိုဝမ်းမြောက်သည့် ခဏ၌ ခွေးကြီးတွေ နိမိတ်မထင်တော့ဘဲ နတ်သမီးတွေ ထင်လာရာ “ဟဲ့-ငါ့သား‌ရဲ့ ဖယ်ပေးပါ ဖယ်ပေးပါ၊သားရဲ့ မိထွေးဖြစ်သော နတ်သမီးတွေလာနေတယ်”ဟု ပြောဆိုနေစဉ် စုတိကျ၍ နတ်ပြည်သို့ ရောက်ရလေ၏၊ ဤကား အကျဉ်းမျှသာ ဖော်ပြပါသည်။ (အဘိ-ဋ္ဌ၊ ၂၊၄၂၀) ဉာဏဝိဘင်္ဂ။

ဤဝတ္ထုကို ထောက်ဆ၍ သေခါနီးကာလတွင် ကလျာဏမိတ်ကောင်း လိုသည်ဟု ပြောရိုးရှိကြ၏။

မှတ်ချက်။ ။ဤအဋ္ဌကထာအရ ကုတင် ညောင်စောင်းဖြစ်သော ယာဉ်ဖြင့် စေတီရင်ပြင်သို့ သာမဏေများကို ဆောင်ယူစေကြောင်း အထင်အရှား ပြဆိုထားချက်ကို ထောက်ဆလျှင် တကယ်မသွား မလာနိုင်လောက် အောင် မကျန်းမာသော ပုဂ္ဂိုလ်အနေဖြင့် မြတ်စွာဗရားအား ကြည် ညိုလေးစားလျက် ညောင်စောင်းနှင့် အလားတူ လှည်းငယ်ယာဉ် ဖြင့် စေတီရင်ပြင်သို့ သွားလာကောင်းသည်၊ သွားလာက အပြစ် မရှိဟု ဆိုသင့်ပါသည်။

ထိုမှတပါး ‘သံဃာ ဒေမ’ဟူ၍ ရေစက်ချသော သံဃိက ကျောင်း၌ လူများ တက်ကောင်း မတက်ကောင်း ပြဿနာ ရှိပြန်ရာ ထို သံဃိက ကျောင်းပေါ်သို့ တက်ရောက် ကြမှသာ ဗရားဖူးမြင်ခွင့်ကိုရင်း, ရဟန်းသံဃာ ဖူးမြင်ခွင့်ကိုရင်း, တရားပေစာ နာကြားခွင့် ကိုရင်း ရမည်ဖြစ်၍ ကျောင်းပေါ်သို့ တက်သော လူအများအား တစုံတရာ အပြစ်မရှိသကဲ့သို့ ထို့အတူ စေတီရင်ပြင်ပေါ်သို့ လှည်းယာဉ်ငယ်ဖြင့် သွားမှသာ ဗရားဖူးမြင်ခွင့်, ဗရားပူဇော် ခွင့် ဗရားကြည်ညိုခွင့် ရမည်ဖြစ်သောကြောင့်လည်း အပြစ်မရှိဟု ဆိုသင့်ပါသည်။

ဤနေရာ၌ အရှင်သောဏမထေရ်သည် ရဟန္တာဖြစ်၍ ခမည်းတော်ပင် ဖြစ်သော် လည်း အပြစ်ရှိမည်ဖြစ်လျှင် ဤသို့ စီမံမှုကိုပြုလုပ်စေမည် မဟုတ်ပေ၊ ထို့ကြောင့် ဝိနည်း ပြစ်လည်း မရှိပေ၊ ခုဒ္ဒသိက္ခာ ဂါထာ-၃၅၁၊ ဝိ-ပါ၊ ၃၊ ၂၀၀၊ ဝိ-ဋ္ဌ၊ ၃၊ ၃၆၉-တို့၌ ယာန (ယာဉ်အရ) လှည်းပေါင်းချုပ်, ရှေးခေတ်-လံချား, ယခုခေတ် ဆိုက်ကား, မြင်း ရထား, နွားလှည်းစသည်တို့သည် ရဟန်းတို့အား မအပ်သော်လည်း မကျန်းမာသူ(ဂိလာန) ဖြစ်က စီးခြင်းငှါ အပ်ကြောင်းကို ပြဆိုထားသည်။

(ဂိလာနဿ အဘိရုဟိတုံ ကပ္ပတိ – ခုဒ္ဒသိက္ခာ၊ ဋီကာဟောင်း)

အနုဇာနာမိ ဘိက္ခဝေ ဂိလာနဿ ယာနံ ပုရိသယုတ္တံ၊ ဟတ္ထဝဋ္ဋကံ၊ သိဝိကံ၊ ပါဋင်္ကိံ

(ဝိနည်းမဟာဝါ၊ စမ္မက္ခန္ဓက ပါဠိတော်၊ နှာ-၂၀၀။)

**မှတ်ချက်။** ။အသက် (၁၀) ကျော်ရှိ စလင်းဆရာတော်ဘုရားကြီး၊ ဇေယျဝတီ ဆရာတော်ဘုရားကြီး၊မြိတ်ဆရာတော် ဘုရားကြီး ဤသြဝါဒါစရိယ ဆရာတော် ဘုရားကြီး သုံးပါးတို့ စေတီရင်ပြင်၌ လှည်းငယ်ယာဉ်ဖြင့် ကြွတော်မူကြသည်ကို ကိုယ်တိုင် ဖူးတွေ့ရဘူးပါသည်။

* ကုလားထိုင် အင်းပျဉ်၊ ထိုင်ခုံတွင်၊ လူရှင် ထိုင်ကောင်း မထိုင်ကောင်း။

* စေတီရင်ပြင်၊ ဤသုံးတွင်၊ လူရှင် မထိုင်ကောင်း။

* ထိုင်လျှင် ဗုဒ္ဓ၊ အဂါရဝ၊ ဖြစ်က ကြောက်ဘွယ်ကောင်း။

* သံယုတ် ဌကထာ၊ ခုရှစ်မှာ၊ ကြည့်ပါ ဤအကြောင်း။

**စေတီရင်ပြင်နှင့် အင်းပျဉ်ကုလားထိုင်။** ။လှည်းယာဉ်ငယ်နှင့်ပတ်သက်၍ စကားဆက်စပ် အလျဉ်း သင့်သဖြင့် မီး ခိုး ကြွက် လျှောက် ဆိုသကဲ့သို့ ပထမဖော်ပြအပ်ပြီး သံယုတ္တအဌကထာ၌ ယာဉ်အမျိုးအစားကို ဖော်ပြရာတွင် အပါအဝင်ဖြစ်သော ငါးခုမြောက် ပီဌအရ-အင်းပျဉ်ကုလားထိုင်, ထိုင်ခုံများဖြစ်၍ ထိုထို ဘုရား ပုထိုးများ၏ စေတီရင်ပြင်၌ ဗုဒ္ဓအဂါရဝ (ဗုဒ္ဓအားမရိုသေမှု)ကို ပြဆိုရာ (အဌ-၂၊ ဌ၊ ၄၀၉)၌ 'ဟေဋ္ဌာ ဝသန္တေ ဉပရိ ဝသတိ'ဟူ၍ ပြဆိုထားသဖြင့် ''ဗ ရား ကား အောက် မျောက်ကား အထက်'' ဆိုသကဲ့သို့ မဖြစ်ရအောင် ထို အင်းပျဉ် ကုလားထိုင် စသည်၌ ထိုင်လျှင် ဗုဒ္ဓား၌ မရိုသေမှု ပြုရာရောက်သဖြင့် ထိုင်ခြင်းငှာ မသင့်လျော်ဟု ယူဆမိပါသည်။

ထို့ကြောင့် မတတ်သာ၍ ထိုင်လျှင် မြတ်စွာဗုရားအား ရိုရို သေသေ လေးလေး စားစား ဝတ်တွားရိုကျိုး ရှိခိုးတောင်းပန်၍ ထိုင်လျှင် သင့်လျော်ဘွယ်ရှိသည်၊ မြတ်စွာ ဗုရားက သက်တော်ထင်ရှား မဟုတ်သောကြောင့် ခွင့်မပေးနိုင်စေကာမူ လေးလေး စားစား ဝတ်တွားရိုကျိုး ရှိခိုးဘောင်းပန်လျှင် တောင်းပန်သူ သန္တာန်၌ နှိုင်းယှဉ် တိုင်းတာမရ နိုင်လောက်အောင် ကုသိုလ်စိတ်တွေဖြစ်၍ တန်ဘိုးမဖြတ်နိုင်လောက်အောင် ဝမ်းမြောက် ဘွယ် ကောင်းလှပါသည်။

မြတ်စွာဗုရား၏ ရုပ်ပွါးတော် ဆင်းတုတော်စသည်အား ဆွမ်းစသည်ကို ကပ်လှူရာ၌ မဘုဉ်းပေးသော်လည်း ကပ်လှူသူတို့အား ကုသိုလ်များ ကေန်ရရှိသကဲ့သို့တည်း။

မှတ်ချက်။ ။မေတ္တာ ကရုဏာ နှစ်ဖြာရွှေထားကာ စေတနာကောင်း စိတ်ကောင်း ဖြင့် ကျမ်းဂန်များအရ ညွှန်းပြသည်ကို သူတော်စင်အများ လေးစားသမှု ရှောင်ကြဉ်ခြင်း ပြုကြကုန်ရာ၏။

ဤကျမ်းကို ကြည့်ရှုကြသည့် ပညာရှိ ကဝိ သုခမိန်တို့ —

ဤသို့ ပါဠိ, ဋ္ဌကထာ၊ ဋီကာလာရှိ၊ ထုတ်ဖော်ညှိ၍၊ အမိမြန်မာ၊ ဘာသာစကား၊ သက်သက်အားဖြင့်၊ ရေးသားချက်များ၊ နှစ်သက်ငြားက၊ မှတ်သားကြလျက်၊

မနှစ်သက်မူ၊ မယူစွန့်ကာ၊ မေတ္တာ, ကရုဏာ၊ နှစ်ဖြာရွှေထား၍ အမှားပါလျှင်၊ သမ္မာဉာဏ် သက်ဝင်၍၊ ပြင်ဆင်တော်မူကြပါစေ ကုန် သတည်း။

× × × ×

## သံဃိကကျောင်း ရေစက်ချ ဝိနည်းဥပဒေ

ပြဆိုလတံ့သော သံဃိက ကျောင်းများ၌ ရေစက်ချမှု ကျမ်းဂန်ကိုလည်း ကြည့်ရှု၊ အာစရိယ ဝါဒကိုလည်း အလေးဂရုပြုလျက် အပြစ်ကင်းသော နည်းဖြင့် ရေစက် မချပေးပါက –

ထို သံဃိကကျောင်း၌ သုံးဆောင် နေထိုင်သော ရဟန်း သံဃာတော်များသည် ခြေဖဝါး, လက်ဖဝါးများကို ချုန်လှပ်၍ ကြွင်းသော ကိုယ်အင်္ဂါ ကြီးငယ်တို့ဖြင့် ထိပါး သုံးစွဲလျှင် အမွေး အရေအတွက်နှင့် အာပတ်သင့်ကြောင်းကို ကျမ်းဂန်များ၌ အထင်အရှား ပြဆိုထားသည်။

(စူဠဝဂ္ဂ၊ ဌ၊ ၈၇)

ကိုရင် = သာမဏေများလည်း သံဃာအပါအဝင်ဖြစ်၍ အာဘိသမာစာရိကဝတ် ဟုဆိုအပ်သော သေခိယခန္ဓက ဝတ်စုတို့ကို စောင့်မချွတ် ကျင့်ကြံရသည် ဖြစ်သောကြောင့် ရဟန်းတော်များနှင့် အလားတူပင် ဖြစ်ပေသည်၊ လူ ဥပါသကာများအတွက် ရဟန်းတော်များ၏ အသုံးအဆောင်ပစ္စည်းသည် လူတို့အား စေတီထိုက် စေတီအရာ၌ တည်ကြောင်းကို ကျမ်းဂန်များ၌ပြဆိုထားသောကြောင့် သံဃိကကျောင်းကို မဆိုထားနှင့် ပုဂ္ဂလိကကျောင်း၌ သော်လည်း ပျက်လို ပျက်ပစေ, အညစ်အကြေး လိမ်းထေး ပေရေ, မရိုမသေ အဂါရဝစိတ်ဖြင့် ကျင့်သုံး နေထိုင်မိလျှင် အပြစ်ရှိသည်သာဖြစ်၏။

ထိုကြောင့် သံဃိကကျောင်းကို သုံးဆောင်နေထိုင်သော ရဟန်း, သာမဏေများ အပြစ်ကင်းအောင် ရှေးဆရာတော်ကြီးများ အစဉ်အဆက် ရေစက်ချပေးသော နည်းကို အလွန် ရိုသေလေးစားစွာဖြင့် လိုက်နာ ကျင့်သုံးအပ်ပေသည်။

ဘိုးသူတော် ဦးနုပြောဆိုသော –

* ဈေးသုံးကိုလဲ မလွယ်နှင့်။

* ရှေးထုံးကိုလဲ မပယ်နှင့်။

* ဈေးသုံးလွယ်က မွဲတတ်သည်။

* ရှေးထုံးပယ်က လွဲတတ်သည် –

ဟူသော ဤစကားပုံကိုလည်း သတိပြုသင့် သတိပြုထိုက်ပါသည်။

**သူစိမ်းလောမနှင့် ခရလော ။** ။ရှေးအခါက သံဃိက ကုတင် ညောင်စောင်းပေါ်၌ ချေး အညစ်ကြေးတို့ဖြင့် လူးလဲလိမ်းပေ, မရိုမသေ သုံးစွဲနေထိုင်မိသောကြောင့် ဘီလူးကြီးတွေ ဖြစ်နေပုံကို ပြဆိုပါဦးမည်။

ကဿပ ဗုဒ္ဓရှင် သာသနာတော်၌ ရဟန်းတပါးသည် အဝေးရပ်မှပြန်လာ၍ ချွေး အညစ်အကြေး လူးလဲ လိမ်းကျံသော ကိုယ်ခန္ဓာဖြင့် ကောင်းစွာ ခင်းထားအပ်သောသံဃိက ကုတင် ညောင်စောင်းကို မရှိမသေဖြင့် အခင်းမခင်းဘဲ အိပ်ခဲ့ဘူး၏၊ သီလစင်ကြယ်လျက် ထိုဘဝ၌ တရားထူးမရဘဲ ဂယာရွာ၏ တံခါးအနီး အမှိုက်တို့ကို စွန့်ပစ်ရာအရပ်၌ အပ်နှင့် တူသော အမွေးရှိသော သူစိလောမ ဘီလူးဖြစ်ရ၏။

အလားတူ သူစိလောမ၏ မိတ်ဆွေ ဥပါသကာ တယောက်လည်း သီလရှိသော သူတော်ကောင်းဖြစ်ပါလျက် သံဃိကကျောင်းဝယ် ခင်းကျင်းထားသော နေရာ၌ မိမိ၏ အပေါ်ခြုံကို မခင်းဘဲ လျောင်းအိပ်ဘူး၏၊ ထိုအပြစ်ကြောင့် ခရလောမမည်သော(အမွေး အလွန်ကြမ်းသော)နတ်ဘီလူး ဖြစ်ရလေသည်။

ထိုသူတို့သည် ဤဗုဒ္ဓလက်ထက်၌ တရားနာကြရ၍ မဂ် ဖိုလ်ကို ရကြလေ၏။
(သဂါထာဝဂ္ဂ-ယက္ခသံယုတ်၊ ဋ္ဌ၊ ၂၇၆-၇)

**မှတ်ချက်။** ။ထို အပြစ်မျိုးမှ ကင်းလွတ်ဘို့ ရည်ရွယ်ချက်ဖြင့် အချို့သံဃာတော် များသည် အနေထိုင်များကို ခင်းပြီးမှ ထိုင်သော အလေ့အထ ကို ပြုတော်မူကြလေသည်။

ထို့ကြောင့်-ပုဂ္ဂလိက ကျောင်းဖြစ်စေ, သံဃိကကျောင်းဖြစ်စေ မရှိမသေ နေထိုင် အသုံးပြုလျှင် ဒုပ္ပရိဘောဂ=မကောင်းသော သုံးဆောင်ခြင်းပင်ဖြစ်၏။

ဤနေရာ၌ ဗုဒ္ဓမြတ်စွာသည် ချွေး အညစ်အကြေးတို့ဖြင့် လူးလဲသော ကိုယ်ခန္ဓာဖြင့် ထိပါး၍၎င်း, မဆေးသောခြေ ဆေးပြီးသော်လည်း စိုစွတ်သော ခြေတို့ဖြင့် နင်း၍၎င်း ထိုကျောင်းကို အသုံးပြုက ဒုက္ကဋ်အာပတ်ဟု ပညတ်တော်မူသည်။

ထိုအာပတ်သင့်သော အပြစ်များမှ ကင်းလွတ်အောင် သံဃိကကျောင်း ရေစက် ချရာ၌—

ယထာ ဒါယကာ ဝဒန္တိ၊ တထာ ပဋိပဇ္ဇိတဗ္ဗံ။ (စူဠဝဂ္ဂ၊ ဋ္ဌ၊ ၉၇)

ဤအဋ္ဌကထာ ဆိုလိုပုံမှာ အကြင် အကြောင်းအရာ အခြင်းအရာဖြင့် ကျောင်း လှူဒါန်းသူ ဒကာ,ဒကာမတို့က သံဃာတော်တို့အား လျှောက်ထားပြောဆိုကြကုန်၏၊ ထို လျှောက်ထား ပြောဆိုသည့်အတိုင်း ရဟန်း,သာမဏေတို့သည် သုံးဆောင်နေထိုင် ကျင့်ကြံ ကြရမည်ဟု ဆိုလိုသည်။

ကျေးဇူးရှင် (အဂ္ဂမဟာပဏ္ဍိတ) အဘယာရာမ ဆရာတော်ဘုရားကြီးက ဤအဋ္ဌ ကထာ စကားအရ ကျောင်းလှူသူ ဒကာ, ဒကာမတို့အား နားလည်အောင် ပြောပြပေးရ မည်ဟု မိန့်တော်မူပါသည်။

လျှောက်ထားချက် ၃-ချက်။ ။ထို့ကြောင့် –

(၁) ကျောင်းဒကာ - ကျောင်းအမတို့က ''သံဃာတော် အရှင်သူမြတ်တို့ဗရား- တပည့်တော်များ ဆောက်လုပ်လှူဒါန်းအပ်သော ဤကျောင်းကို မဆေးရသေးသော ခြေ, ဆေးပြီး၍ စိုစွတ်သောခြေ, ဘိနပ်နှင့် တကွသော ခြေတို့ဖြင့် နင်း၍ရှင်း, ခြေဖဝါး လက်ဖဝါးမှတပါး ကျောကုန်းစသော ချွေးအညစ်အကြေး လိမ်းကျံသော ကိုယ်အင်္ဂါတို့ဖြင့် မှီတင်းထိပါး ပွတ်တိုက်၍ရှင်း, ချမ်းချမ်း သာသာ အလိုရှိသလို သုံးဆောင်တော်မူကြပါဗရား့ဟု လျှောက်ထားခြင်း၊

(၂) ဝိနည်းကံအားလျော်စွာ အဓိဋ္ဌာဝတ္ထု အဓိဋ္ဌာပက္က အပြစ်ဘေးမှ ကင်းလွတ်၍ရဟန်း့ သံဃာတော် အရှင်သူမြတ်အား သင့်လျော် လျှောက်ပတ် အပ်စပ်သော ကပ္ပိယကုဋိကို ပြုလုပ်၍ သုံးဆောင်တော်မူကြပါဗရား့ဟု လျှောက်ထားခြင်း၊

(၃) ဤကျောင်းကို ဗရားအမှူးရှိသော လက်ထက်တော် သာဝက သံဃာတော် အရှင်သူမြတ်များနှင့်တကွ ထိုထိုအရပ်မျက်နှာတို့မှ ရောက်ပြီး, ရောက်ဆဲ, ရောက်လတံ့ဖြစ်သော ဓမ္မမွေလျော် သံဃာတော်တို့အား နိဗ္ဗာန်ရည်မှန်း၍ လှူဒါန်းပါကုန်၏''ဟု လျှောက်ထားခြင်း။

ဤ(၃)မျိုးသော စကားရပ်တို့ကို ကျောင်းဒကာ+ကျောင်းအမ ဖြစ်သူတို့က ကိုယ်တိုင် လျှောက်ဆို၍ ကိုယ်တိုင် ရေစက်ချ လှူရမည့် အရာမျိုးဖြစ်၏။

စာမရ-မလျှောက်ထားတတ် ရေစက် မချတတ်သောကြောင့်သာ ဆရာသမားဖြစ်သော ပုဂ္ဂိုလ်တို့က ကျောင်းဒကာ+ကျောင်းအမ တို့၏ ကိုယ်စား ရေစက်ချပေးရိုး ပြုလုပ်ကြရသည်။

ဤနေရာ၌သနဒ္ဓ—ခုဒ္ဒသိက္ခာ ဘာသာဋီကာ ကျမ်းပြုဆရာတော်ဗရားသည်ကားနံပါတ်(၁)ပါ စကားရပ်တို့ကို မထည့်သွင်းဘဲ ချန်ချွင်းလျက်(၂၊ ၃)စကားရပ်များအရ—

ဣမံ ဝိဟာရံ အာဂတာနာဂတဿ စာတုဒ္ဒိသဿ သံဃဿ
ကပ္ပိယကုဋိံ ကာတုံ ဒေမ။

ဤသို့ ရေစက်ချပေးတော်မူသည်။ (စာမျက်နှာ-၂၀၀)

နိကာယ်ငါးရပ် ပိဋကတ်ထိပ်သီး အချို့သော ဆရာတော်ကြီးများသည် နံပါတ်(၂)စကားရပ်ကို မထည့်မသွင်း ချန်ချွင်းလျက် ရေစက်ချတော်မူကြသည်။

အမှန်စင်စစ်မှာ-ကျောင်း ဒကာ + ကျောင်းအမ တို့အား-(၃)မျိုးလုံး နားလည်အောင်ပြောပြ၍ ရေစက်သွန်းချပေးခြင်းသာ အကောင်းဆုံးဖြစ်ပါသည်။

ပြဆိုခဲ့ပြီးသော အဋ္ဌကထာ စကားအရ လှူဒါန်းသူတို့၏ လျှောက်ထားချက်အရ ကျင့်သုံးလျက် အပြစ်ကင်းကြောင်းကို ဝတ္ထုသာဓကဖြင့် ဆက်လက်ပြဆိုပါဦးအံ့။

ဝိသာခါ ကျောင်းအမကြီးသည် ပုဗ္ဗာရုံကျောင်းတော်ကြီးကို ရေစက်ချအခမ်းအနား ကျောင်းလှူပူဇော်ပွဲ ကျင်းပပြုလုပ်လေ၏။

## ဝိသာခါ၏ အဆွေခင်ပွန်းမ ကုသိုလ်ပါဝင်ခြင်း

ထိုအခါ ဝိသာခါ၏ အဆွေခင်ပွန်းမဖြစ်သော ဒါယိကာမ တယောက်သည် အဖိုးတသိန်းထိုက်တန်သော ကမ္ဗလာ အခင်းကို ကုသိုလ်ပါဝင်လိုကြောင်း ပြောသောအခါ ဝိသာခါ ကျောင်းအမက ကျောင်းပြာသာဒ်၏ ဘုံနှစ်ဆင့်တို့ကိုရင်း, တိုက်ခန်းတထောင်တို့ကိုရင်း ကြည့်ရှု၍ ခင်းပါတော့ဟု ခွင့်ပြုလိုက်၏။

အဆွေခင်ပွန်းမသည် မိမိ၏ ကမ္ဗလာအဝတ် အခင်းကို ခင်းဘို့ရာ အဆိုပါ ဌာနများ၌ လိုက်လံကြည့်ရှုရာ အားလုံး ခင်းပြီးလည်းဖြစ် မိမိအခင်းအောက် ယုတ်ညံ့သော အခင်း တခုမျှကိုလည်း မတွေ့ရှိရဖြစ်၍ မခင်းရဘဲနေရသောကြောင့် တခုသောအရပ်၌ ငိုပြီးနေလေ၏။

အရှင်အာနန္ဒာ မထေရ်သည် ငိုကြွေးနေသော ဒါယိကာမကို မြင်သဖြင့် "အဘယ်ကြောင့် ငိုကြွေးသနည်း"ဟု မေးသော် ငိုကြွေးသော ဒါယိကာမသည် ထိုအကြောင်းကို လျှောက်ကြားလေ၏၊ အရှင်အာနန္ဒာမထေရ်က "မစိုးရိမ်လင့် ငါသည် သင့်အား ခင်းဘို့ရာ အရပ်ကို ပြောကြားပေအံ့"ဟု မိန့်တော်မူပြီးလျှင် စောင်းတန်းခြေရင်း ခြေဆေးရာအရပ်၌ "ဤ တသိန်းတန် ကမ္ဗလာဝတ်ကို ခြေသုတ်ပုဆိုးပြု၍ ခင်းလေလော့"ဟု မိန့်ကြားတော်မူ၍ "ရဟန်းတို့သည် ခြေတို့ကို ဆေး၍ ရေးဦးစွာ ဤ ကမ္ဗလာ အဝတ်ပုဆိုး၌ ခြေကို သုတ်သင်ပြီးမှ ကျောင်းတွင်းသို့ ဝင်ကြကုန်လတ္တံ့၊ ဤသို့လျှင် သင်ဒါယိကာမကြီးအား များသော အကျိုးသည်ဖြစ်လတ္တံ့"ဟု မိန့်တော်မူ၏။

(ဓမ္မပဒ၊ ဌ၊ ပ၊ ၂၆၂)

အထူးမှတ်ချက်။ ။ပြဆိုအပ်ပြီးသော ဝတ္ထုအတိုင်း အလှူရှင်က "အဖိုးတသိန်းထိုက်တန်သော ကမ္ဗလာကြီးကို ခြေသုတ်ပုဝါပြုလုပ်၍ အသုံးပြုတော်မူပါကုန်"ဟု လျှောက်ထားချက်အရ အလိုရှိတိုင်း ရဟန်းသံဃာတော်များအသုံးပြုရ၏၊တစုံတခုမျှ အပြစ်မရှိပေ။

(သာရတ္ထ၊ ဋီ၊ တ၊ ၂၆)

အကယ်၍ ဤမျှ တန်ဘိုးရှိသော ပစ္စည်းကို ယခုလို မလျှောက်ဆိုဘဲ လှူခဲ့လျှင် ခြေသုတ်အဖြစ်ဖြင့် အသုံးပြုပါက အမှန်အပြစ်ရှိသည်။

ထို့အတူ-သံဃိက ကုတင် ညောင်စောင်း ကျောင်းများကို လှူဒါန်းသူ ဒါယကာက "ဟင်းလင်းအပြင် မိုးရွာနေပူ လွင်တီးခေါင်အရပ်၌ထားပြီး အလိုရှိသလို အသုံးပြုတော်မူကြပါကုန်"ဟု လျှောက်ထား၍ လှူလျှင် ထို အရပ်များ၌ အခါခပ်သိမ်းထား၍ သုံးဆောင်သော်လည်း အာပတ်မသင့် အပြစ်မရှိ၊ ထိုသို့ မလျှောက်ထားလျှင် အဆိုပါအတိုင်း အသုံးပြုပါက အာပတ်သင့် အပြစ်ရှိ၏။ (သာရတ္ထ၊ ဋီ၊ တ၊ ၂၆)

ဤ ဆိုအပ်ပြီး အဋ္ဌကထာ, ဋီကာ စကားရပ်များကို ထောက်ထား၍ (၁-၂-၃) ညွှန်းပြချက်အတိုင်း ရေစက်ချပေးပါလျှင် သုံးဆောင်သော ရဟန်းသံဃာများ အပြစ်ကင်း၏၊ အပြစ်မရှိ။

ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီးသည်လည်း ကျောင်းရေစက်ချရာ၌ ဆိုအပ်ပြီး (၃) မျိုးလုံး ပါဝင်ပုံကို ပါဠိအနက်နှင့်တကွ ပြဆိုတော်မူထားပါသည်။

- ✱ ဝိနည်းမတတ်၊ ကျောင်းထိုင်လတ်၊ အာပတ် မဆုံးရာ။
- ✱ အကပ္ပိယ၊ ကျောင်းဖြစ်က၊ များလှ ပြစ်နာဆာ။

ဤသို့လည်း သတိပေး ဆုံးမတော်မူထား၏။ (ဝိနယသံခိပ်၊ နှာ-၃၉-၄၀)

လဇ္ဇီပေသလ ဝိနယဂရုက ဆရာသမား အဆက်ဆက်တို့လည်း ဤသို့ ရေစက်ချမှုကို ပြုတော်မူကြကုန်၏။

ထို့မှတပါး ဤ ဗုဒ္ဓမြတ်စွာ သာသနာ၌ ဗုဒ္ဓပါဝစန ဖြစ်သော ပိဋကတ် အတတ်မြောက်ဆုံး ပုဂ္ဂိုလ်များကို **ဗုဒ်-အစ၊ ဗုဒ်အဆုံး** ဟု အစဉ်အဆက် ဆိုထုံးရှိ၏၊ ဗုဒ်အစဆိုသည်မှာ အရှင်မဟာ ဗုဒ္ဓဃောသ ဖြစ်၏၊ ဗုဒ်အဆုံးဆိုသည်မှာ လူအမည် ဦးဗုဒ်-ဖြစ်၍ ရဟန်းဘွဲ့တော် ဦးဇမ္ဗုဓဇ ဖြစ်ပါသည်။

- ✱ မိုးကြီးချုပ်လို့ ဗုဒ်ကြီးမည် ပူစီတို့ဖုံး။

  သာသနာ ဝါယာမာ တဖန်ထုတ်ရန်ဘို့ ရွှေဗုဒ်ကယ် မယ့်ဆံထုံးမှာ နားလှည့်ပါအုန်း—

ဟု တပေါင်ပေါ်ခဲ့သည်။

တသာသနာလုံး အားကိုးအားထားပြုရသော ကျမ်းပေါင်း များစွာကိုလည်း ပြုစုတော်မူသွားပါသည်၊ ထို ဆရာတော် ဦးဗုဒ် ရေးစီထုတ်သည့် ခုဒ္ဒသိက္ခာနိသျ(၄၅၇)၌—

ကမ္ဗလံ လက္ခမဏ္ဍမ္ဟိ၊ ပါဒပုဉ္ဆာဃ စေဒဒေ။
တထာ နံ ပရိဘုဉ္ဇေယျ၊ ယထေဝံ တန္တိ ဇာနိယံ။
(သင်္ဂဟ ဂါထာ)

ကမ္ဗလံ လက္ခမဏ္ဍမ္ဟိ၊ သိန်းတန်သပြာ ကမ္ဗလာကို စဉ်လျက်လည်း။ ပါဒပုဉ္ဆာဃ စေဒဒေ၊ အကယ်၍ ခြေသုတ်စိမ့်သောငှါ လှူငြားအံ့။ တထာ၊ ထို လှူတိုင်း။ နံ၊ ထိုကမ္ဗလာကို။ ပရိဘုဉ္ဇေယျ ယထာ၊ သုံးဆောင်ရာသကဲ့သို့။ ဧဝံ၊ ဤအတူ။ တန္တိ၊ ထိုကျောင်း ညောင်စောင်း အင်းပျဉ်ကို ထိုသို့ဆိုပြီး လှူတိုင်းသုံးရာ၏ ဟူ၍။ ဇာနိယံ၊ သိအပ်၏။

ဤသို့ ကျောင်း ရေစက်ချ အမှုကို အထူးကြောင့်ကြပြုကာ သင်္ဂဟဂါထာဖြင့် မှာကြား မိန့်ထား ရေးသားသွားပေသည်။

ထို့ကြောင့်–သုံးဆောင် နေထိုင်သော ပုဂ္ဂိုလ်များ အပြစ်ကင်းသည်ထက် ကင်းအောင် ပုဂ္ဂလိကကျောင်းဖြစ်စေ, သံဃိကကျောင်းဖြစ်စေ, စာတုဒိသာ ဇရပ်ကို ဖြစ်စေ ရေစက်ချရာ၌ (၁-၂-၃) ဤ လျှောက်ထားချက် ၃-ချက် အဆို(၃)ထွေ ပါရှိလေအောင် သတိဆောင်တော်မူကြကုန်ရာ၏။

**ကျောင်းရေစက်ချပုံ အကျဉ်း**

အဓောတအလ္လပါဒေဟိ အက္ကမိတ္ဗာ စ သေဒမလဂ္ဂဟိတေဟိ ကာယ ကာယပဋိဗဒ္ဓေဟိ ကာယာဒီဟိ ဖုသိတ္ဗာ စ ယထာသုခံ ပရိဘုဉ္ဇထ။ ဠမံ ဝိဟာရံ ကပ္ပိယကုဋိံ ကာတုံ အာဂတာနာဂတဿ သံဃဿ ဒေမ၊ ကပ္ပိယကုဋိံ ကတွာ ပရိဘုဉ္ဇထ။

အကျယ်ကို သိလိုက-အဘယာရာမ ဆရာတော် ဗရားကြီး၏ အဆုံးအဖြတ် ဝိသုဒ္ဓါရုံ ရှင်ကျင့်ဝတ်သစ် မူကျယ်ကြီး (၉၄)၌ ရှုကြပါကုန်။

မှတ်ချက်။ ။ရှေးဆရာတော်ကြီးများ မြန်မာသက်သက် ကျောင်းရေစက်ချ၊ ပါဠိမြန်မာ ရောယှက်ကျောင်းရေစက်ချများကို အလွန်မှတ်သား ဘွယ်ကောင်းလှပါ၍ တိမ်မြုပ်ပျောက်ကွယ် မသွားရလေအောင် ဤကျမ်း၌ အထူးထည့်သွင်းဖော်ပြလိုက်ရခြင်းဖြစ်ပါသည်။

## ပဋ္ဌာန ဝိနိစ္ဆယ ဒေသနာ

### (ဆုတောင်းပုံ အဆုံးအဖြတ်)

**စည်ရှင်ဆရာတော်၏ အဆိုအမိန့်။** ။မိမိတို့၏ အလိုဆန္ဒအားလျော်စွာ ဆုတောင်းခြင်းကို ပြုလေ့ပြုထရှိကြရာတွင် အကောင်းဆုံးကို ညွှန်ပြရလျှင် ဖြစ်, အို, နာ, သေ သံသာဗဋ္ဋ ဝဲဂယက်မှ ဖဲထွက်ရာအမှန် မြတ်နိဗ္ဗာန်ကိုသာ ဆုတောင်းခြင်းသည် တစ်နံပါတ် အကောင်းဆုံးပင် ဖြစ်ပေသည်၊ အကယ်၍ လောကီဆုကို တောင်းလျှင် အပြစ်ရှိသည်ဟု ယူဆကြသည်၊ မယူဆထိုက်ပါ၊ ဘုန်းကြီးသည် စာသင်သားဘဝက ကျေးဇူးရှင် အဂ္ဂမဟာပဏ္ဍိတ စည်ရှင်ဆရာတော်ဘုရားကြီးကို ဤသို့ လျှောက်ထားဘူးပါသည်။

''ဆရာတော်ကြီးဘုရား-နိဗ္ဗာန်ကိုသာ ဆုတောင်းရမည်ဟု ဖွင့်ပြသော အဋ္ဌကထာများလည်း ရှိပါသည်၊ နိဗ္ဗာန်မှတပါး လောကီဆုကိုလည်း တောင့်တရမည်ဟု ဖွင့်ပြသော အဋ္ဌကထာများလည်းရှိပါသည်၊ ထို နှစ်ရပ်ကို အဘယ်သို့ မှတ်ရပါမည်နည်း ဘုရား''ဟူ၍ လျှောက်ထားရာ—

ဆရာတော်ဘုရားကြီးက ''ကိုဝါသဝရယ် ရှေးဦးစွာ နိဗ္ဗာန်ကို ဆုတောင်းပြီးလျှင် အလယ်၌ အလိုရှိရာဆုကို တောင်းပြီးနောက် နောက်ထပ်တဖန် နိဗ္ဗာန်ကို အုပ်ပြီး ဆုတောင်းတာပေါ့ကွယ်''ဟု မိန့်တော်မူပါသည်၊ ထို မိန့်တော်မူချက်ကို လေးလေးနက်နက် နှစ်သက်သဘောကျထိုက်လှပါသည်။

**သူမိုက်အလူ။** ။ထိုသို့ မဟုတ်ဘဲ—

* သူမိုက်အလှူ၊ ပေးပါမူလည်း၊ ရွယ်ချူ ဖိုလ်မဂ်၊ မပန်နက်တည်း၊ မှာဘက်ဝယ်သာ၊ ကျင်လည်ရှာ၍ —

ဟု ရှင်မဟာသီလဝံသ မထေရ်မြတ်သည် ပါရမီခန်း ကဗျာပြဆိုရာ၌ မဂ်ဖိုလ်နိဗ္ဗာန်ကို လုံးဝ မတောင့်တဘဲ လူ့နတ် စည်းစိမ်စသော လောကီသက်သက်ကိုသာ တောင့်တပါမူ သူမိုက်အလှူ ဟူ၍သာ ဆိုထိုက်ပါသည်။

**ပထမရွှေကျင်ဆရာတော်၏ အဆိုအမိန့်။** ။ကျေးဇူးရှင် ရွှေကျင်ဆရာတော်ဘုရားကြီးသည် ဝိဘင်းပါဠိတော်လာ သစ္စာလေးပါးကို ဖွဲ့ပြရာ၌ နိဗ္ဗာန်ကိုမလို လူ့ပြည် နတ်ပြည်ကိုသာ တောင့်တ၍ ပြုအပ်သော လောကီ ကုသိုလ်တရားအပေါင်းသည် ဒုက္ခအိုးကြီးကို ဖြစ်စေတတ်သောကြောင့် သမုဒယသစ္စာ ဖြစ်ကြောင်း ပြဆိုထားပါသည်။

ပထမ သမ္မုတိ ရွှေကျင်သာသနာပိုင် မဟာဝိသုဒ္ဓါရာမ ဆရာတော်ဘုရားကြီးသည် ဝဋ်ကင်းရာနိဗ္ဗာန်ကို ဆုတောင်းသော ဝိဝဋ္ဋနိဿိတ ကုသိုလ်၏ အကြား၌ ဝဋ်ဆင်းရဲ၌ ဖြစ်သော လောကီဆုကို တောင်းမိသော **ဇောတိက** သူဌေးဝတ္ထုကိုရင်း၊ ငါတို့ဘုရား အလောင်းတော်သည်ပင် ရံခါရံခါ ဝဋ္ဋနိဿိတ ကောင်းမှုကို ပြုမိသော **သင်္ခပါလ** နဂါး မင်းဝတ္ထုကိုရင်း ထောက်ဆ အကြောင်းပြ၍ ဝိဝဋ္ဋနိဿိတ ကုသိုလ်ပါရမီ အရင်းခံရှိမူ ကား အကြား အကြား၌ စရိုက်အားလျော်စွာ လူချမ်းသာ နတ်ချမ်းသာကို တောင့် တ၍ ဝဋ္ဋနိဿိတ ကုသိုလ်ကို ပြုမိ၍ အလိုရှိအပ်သော လူချမ်းသာ နတ်ချမ်းသာကိုပင် ရသော်လည်း ဝိဝဋ္ဋနိဿိတ ကုသိုလ်ပါရမီ နှိုးဆော်လာ၍ ထိုချမ်းသာ၌ တွယ်တာကပ်ငြိ ခြင်းမရှိဘဲ ပယ်စွန့်ပါလျက် သံသရာဝဋ် ဘဝညွှတ်မှ လွတ်အောင် ထွက်မြောက်နိုင်လေ တော့သည်သာ၊ ဤသို့ပြဆို ဆုံးမတော်မူထားပါသည်၊ အကျယ်သိလိုက ဆိဒ္ဓပိဓါနနီကျမ်း စာမျက်နှာ (၁၈)၌ ရှုပါလေ။

ဒိပဲရင်း ဆရာတော်၏ အဆိုအမိန့်။ ။ဒုတိယ ရွှေကျင်သာသနာပိုင် ဒိပဲရင်း ဆရာတော် ဘုရားကြီးသည် ဤသို့ အောက်ပါ ဆုတောင်းပုံကို မိန့်ဆိုတော်မူပါသည်။

ဒုက္ခကင်းကုန်၊ အေးမျိုးစုံ၊ နိဗ္ဗာန်ဘုံကို ခိုလှုံရပါလို၏။
နိဗ္ဗာန်မလှုံ၊ ဖြစ်ရကြုံ၊ လူ့ဘုံ နတ်ဘုံတို့၌သာ ဖြစ်ရပါလို၏။
တတ်မျိုးဖုံဖုံ၊ အလုံးစုံ၊ ကြားမြင်ရုံနှင့် တတ်သိနိုင်ရပါလို၏။

ဤသို့ စသည်ဖြစ်ပါသည်။

ပကာရလောပ (မတလုံးကျေ)ခင်ကြီးဖျော် ဆရာတော်ဘုရားကြီး ရေးသားတော် မူသော သုတဝဒ္ဓနာ ဗရားရှိခိုး စာအုပ်၌ လောကီဆုတောင်းပုံတို့ကို အမျိုးမျိုး အဖုံဖုံ ပြဆို ရေးသားထားတော်မူသည်ကို တွေ့ရပါသည်။

ထိုမှတပါးသောကျမ်းပြုဆရာတော် ဗရားကြီးများလည်း တုသိတာနတ်ပြည်ကို ဆု တောင်းပုံကျမ်းပြီး နိဂုံးများ၌ တွေ့ရပါသည်။

ဝဋ္ဋဂါမိ ကုသိုလ်ကျိုး။ ။ဝဋ္ဋနိဿိတနှင့် အလားတူ ဝဋ္ဋဂါမိကုသိုလ်မျိုးသည် မိဘတို့၏ သားသမီးတို့အပေါ်၌ရင်း,သားသမီးတို့၏ မိဘတို့အပေါ်၌ရင်း ချစ်ခြင်းမေတ္တာ၏အစွမ်းဖြင့် နူးညံ့သောစိတ်ရှိသော ကုသိုလ်ဖြစ်ကြောင်းနှင့် ထို ကုသိုလ်၏ လူ့လောက၌ စကြာမင်းစည်းစိမ်လျှင် အဆုံးရှိကြောင်းကို ပါထိက, စက္ကဝတ္တိသုတ်, အဋ္ဌ ကထာ(၃၂)၌ ပြဆိုထားသည်။

ထိုမှတပါးလည်း ဒါန သီလ အစရှိသော တရားတို့သည် ဝဋ်ဆင်းရဲ၏ အကြောင်း ဖြစ်၍ ဝဋ္ဋဂါမိ ကုသိုလ်ပင်ဟု စက္ကဝတ္တိသုတ်ဋီကာ (၂၆)၌ ပြဆိုထားသည်။

**ဝိဝဋ္ဋဂါမိ ကုသိုလ်ကျိုး။** ။ဝဋ္ဋဂါမိ ကုသိုလ်ကား သတိပဋ္ဌာန်အစရှိသော ဗောဓိပက္ခိယ တရားများဖြစ်၍ မဂ်,ဖိုလ်,နိဗ္ဗာန် အကျိုးနှင့်ပြည့်စုံပုံကို အသိုပါ အဋ္ဌကထာ၌ပင် ပြဆိုထားပါသည်။

ဤသို့ စက္ကဝတ္တိသုတ် အဋ္ဌကထာ—ဋီကာတို့၌ ဝဋ္ဋဂါမိ (ဝဋ္ဋနိဿိတ) ကုသိုလ်မျိုး သည် လောကီကျိုးကိုသာပေးကြောင်းကို ပြဆိုထားသော်လည်း အဋ္ဌသာလိနီ အဋ္ဌကထာ နိက္ခေပကဏ္ဍ(၄၃၄)၌ 'ကုသိုလ်ကံသည်သာ မိမိဥစ္စာဟု သိသောဉာဏ်, ကံ-ကံ၏အကျိုးကို ယုံကြည်သောဉာဏ်ဟု ဆိုအပ်သော ကမ္မဿကတာဉာဏ်၌ တည်ရှိကုန်သူတို့သည် များလှစွာ သော ဝဋ်ဆင်းရဲသို့ရောက်ကြောင်းဖြစ်သော ဝဋ္ဋဂါမိကုသိုလ်ကံကို ပြုလုပ်၍ ချမ်းသာဖြင့် ချမ်းသာကို ခံစားကုန်လျက် အရဟတ္တဖိုလ်သို့ရောက်သောသူတို့ မရေမတွက်နိုင်'ဟု ပြဆို ထားပါသည်။

ဋီကာ ဘာသာဋီကာ ဆရာတော်က-ကမ္မဿကတာဉာဏ်၌တည်သော သတ္တဝါတို့သည် တဘဝ၌ ခံစားရမည့် စီးပွါးဥစ္စာထက် ဘဝများစွာ အကျိုးခံစားရမည့် ကုသိုလ်ကံကိုသာ မြှိုင်မြှိုင် ဆိုင်ဆိုင် လှိုင်လှိုင်ကြီး ပြုဝံ့ကြ၏၊ ထိုသို့ပြုအပ်သောကံသည် များစွာသော သာသ နာပ ကာလတို့ဝယ် နိဗ္ဗာန်ကို မမှန်းနိုင်ကြသောကြောင့် ဝဋ်၌ကျင်လည်ကြောင်း ဝဋ္ဋဂါမိ ကံပင်ဖြစ်သော်လည်း သာသနာတော်တွင်း ကာလတို့ဝယ် သူတော်ကောင်းတို့နှင့် ပေါင်း သင်းရသောဘဝတို့၌ ဝဋ္ဋဂါမိကံကိုလည်း ဆက်လက်၍ ပြုနိုင်ကြပါသဖြင့် ဝဋ္ဋဂါမိကံက ဝိဝဋ္ဋဂါမိကံကို ပကတူပနိဿယ သတ္တိဖြင့် ကျေးဇူးပြုနိုင်သောကြောင့်—

အရဟတ္တံ ပတ္တာ ဂဏနပထံ ဝီတိဝတ္တာ—

ဟူ၍ အဋ္ဌကထာ၏ နေယျတ္ထအဓိပ္ပါယ်ကို ပြဆိုပါသည်။

သမ္မောဟ ဝိနောဒနီ အဋ္ဌကထာ ဉာဏဝိဘင်း(၃၉၇)၌လည်း ကံသာလျှင် မိမိဥစ္စာ ဟုရင်း, ကံ-ကံ၏အကျိုးကိုရင်း သိစွမ်းနိုင်သော ကမ္မဿကတာဉာဏ်၌တည်လျက် များစွာ သောအလှူဒါနကို ပေးလှူ၍ရင်း, သီလကို ဆောက်တည် ဖြည့်ကျင့်၍ရင်း, ဥပေါသထ အဋ္ဌင် သီလကို ဆောက်တည်ကျင့်သုံး၍ရင်း၊ ပြည့်စုံပူစည်းစိမ်ဖြင့် ပြည့်စုံပူစည်းစိမ်ကိုရင်း, ချမ်းသာတမျိုးဖြင့် ချမ်းသာတမျိုးကိုရင်း ခံစားကုန်လျက် နိဗ္ဗာန်သို့ ရောက်ကုန်သော သူတို့၏ အရေအတွက် အပိုင်းအခြား မရှိဟု ပြဆိုထားပါသည်။

ဝိပဿနာဉာဏ်ကိုထား၍ ကြွင်းသော အလုံးစုံသော အာသဝနှင့်တကွ အာသဝေါ တရားတို့၏ အာရုံဖြစ်သော ကုသိုလ်ဟုဆိုအပ်သော ပညာသည် **ကမ္မဿကတာဉာဏ်** မည် ကြောင်းကိုလည်း ပြဆိုထားသည်။

**ဆုလဲတောင်းကြ။** ။ဥပရိပဏ္ဏာသ အဋ္ဌကထာ သခါရုပပတ္တိသုတ်(၁၀၄)၌ ပြဆိုထားသည်မှာ အကြင် တဦး တယောက်သောပုဂ္ဂိုလ်အား သဒ္ဓါ, သီလ, သုတ, စာဂ, ပညာ ဤ တရားငါးပါးနှင့်ကား ပြည့်စုံ၏၊ ဆုကိုမတောင်း၊ ထိုပုဂ္ဂိုလ်အား လားရာဂတိ မမြဲချေ၊ အကြင်ပုဂ္ဂိုလ်ကား ဆုသာတောင်း၍ သဒ္ဓါ, သီလ စသောတရားငါးပါးမရှိ၊ ထိုပုဂ္ဂိုလ်လည်း လားရာဂတိမမြဲချေ၊ အကြင်ကုသိုလ်ရှင် ကောင်းမှုရှင် ပုဂ္ဂိုလ်တို့အား ဆိုအပ်ပြီးသော သဒ္ဓါ, သီလ စသည်နှင့်လည်း ပြည့်စုံ၏၊ လူ့ရွာ နတ်ရွာ ဖြစ်လိုရာ ဆုကိုလည်း တောင်း၏၊ ထိုပုဂ္ဂိုလ်တို့အားသာ လားရာဂတိ မြဲကုန်၏ ဟူ၍ ပြဆို၏။

ဥပမာအားဖြင့် ထင်ရှားပြဆိုဦးအံ့-ကောင်းကင်၌ ပြစ်အပ်သော တုတ်သည် အရင်းဖြင့်ရင်း, အလယ်ဖြင့်ရင်း, အဖျားဖြင့်ရင်း ကျမည်ဟူ၍ မြဲသော သတ်မှတ်မှု မရှိသကဲ့သို့ အလားတူစွာ သတ္တဝါတို့အား ပဋိသန္ဓေ ဖြစ်တည်နေမှုအရပ် အမြဲမရှိပါ၊ ထိုကြောင့် တခုသော ကုသိုလ်ကံပြု၍ တခုသောအရပ် ဖြစ်လိုရာအရပ်ဌာန၌ ဆုတောင်းခြင်းငှါ သင့်မြတ်ကြောင်းကို ထင်ရှားစွာ ပြဆိုထားပါသည်။

ဝတ္ထု အဋ္ဌကထာ၌လည်း ဆုတောင်းမှုနှင့် ကင်း၍ အလုံစုံ အလိုရှိအပ်သည်ကို ပေးခြင်း မဖြစ်နိုင်ကြောင်းကို ပြဆိုထားပါသည်၊ ထိုထိုတေဒဂ်ရပုဂ္ဂိုလ်များလည်း အတိတ်ဝေးကွာ ရှေးအခါက မိမိအလိုရှိရာဆုကို တောင်းလာကြသော အတိုင်းပင် တေဒဂ်ရာထူးဖြင့် ချီးမြှောက်မှုကို ခံကြရပေသည်၊ ဤကား လောကီရေးကို ဆုတောင်းမိ၍ အပါယ်ဘေးလောက် ကြောက်သူတို့အဘို့ အဋ္ဌကထာများ လာရှိသည့်အတိုင်း ညွှန်ပြချက်တည်း။

**ဝဋ္ဋနိဿိတကုသိုလ်။** ။ဤနေရာ၌ ဝဋ္ဋနိဿိတ (ဝဋ္ဋဂါမိ) ဝိဝဋ္ဋနိဿိတ(ဝိဝဋ္ဋဂါမိ)ကုသိုလ် ၂-မျိုးကို ဆက်လက် ပြဆိုပါဦးအံ့၊ ထိုနှစ်ပါးတို့တွင် လူ နတ်တို့၏ စည်းစိမ်ချမ်းသာကိုသာလျှင် နှစ်သက်တောင့်တ ပတ္ထနာပြု၍ ပေးလှူအပ်သောကုသိုလ်သည် ဝဋ်ဆင်းရဲကိုပို့စွဲ၍ ဖြစ်သောကြောင့် ဝဋ္ဋနိဿိတ ကုသိုလ်မည်၏၊ ထိုဝဋ္ဋနိဿိတကုသိုလ်သည် သံသရာဝဋ်ဆင်းရဲ၌ ပို့သော လူနတ်စည်းစိမ် တထိမ်ထိမ်ဝင်း ဘဝသမ္ပတ္တိ, ဘောဂသမ္ပတ္တိ စသည်ဥဿုံ အလုံးစုံသော ပြည့်စုံခြင်းတို့ကို ပေးစွမ်းနိုင်၏၊ ဝဋ်ဆင်းရဲမှ ထွက်မြောက်ရာအစစ် ကေန်ဖြစ်သော မဂ်, ဖိုလ်, နိဗ္ဗာန်မြတ်ကို မပေးစွမ်းနိုင်ကုန်။

(ကင်္ခါဝိတရဏီ? — ကောင်္ကတ္တရ အဋ္ဌကထာ၊ နိဒါနဝဂ္ဂသံယုတ်အဋ္ဌကထာ၊ မူလပဏ္ဏာသအဋ္ဌကထာ)

**ဝိဝဋ္ဋနိဿိတကုသိုလ်။** ။ဝဋ်ဆင်းရဲတို့၏ ချုပ်ငြိမ်းရာ လောကုတ္တရာမှန် မဂ်ဖိုလ်နိဗ္ဗာန်ကို ရည်သန်တောင့်တ ပတ္ထနာပြုအပ်သော ကုသိုလ်သည် ဝဋ်ဆင်းရဲမှ ထွက်မြောက်ကြောင်းဖြစ်သော မဂ်,ဖိုလ်,နိဗ္ဗာန်ကို စွဲမှီ၍ဖြစ်သောကြောင့် ဝိဝဋ္ဋနိဿိတ ကုသိုလ်မည်၏။

သုမင်္ဂလ ဝိလာသိနီ ဋီကာ၌ ထိုဝိဝဋ္ဋနိဿိတကုသိုလ်သည် လောကီဖြစ်သော လူ, နတ်စည်းစိမ်တို့ကို ပေးပြီး၍ မဂ်,ဖိုလ်,နိဗ္ဗာန်ကို ပေးစွမ်းနိုင်ကြောင်းကို ထေရအဋ္ဌကထာ စသည်တို့၌ ပြဆိုထား၏။

**အထူး တိုက်တွန်းချက်။** ။ဤနေရာ၌ လောကီဆုကို တောင်းမိသည်ဖြစ်စေ၊ မတောင်းမိသည်ဖြစ်စေ အများအသုံးပြုလျက်ရှိသော ဝိဝဋ္ဋနိဿိတ ဆုတောင်းဖြစ်သော **ဣဒံ မေ ပုညံ အာသဝက္ခယံ အာဝဟံ ဟောတု** ဟူ၍ အထူးဆုတောင်း မိဘို့ သတိပြုကြကုန်ရာ၏။

ဤဝဋ်မှ ကင်းရာဖြစ်သော ဆုတောင်းခြင်းသည် အရဟတ္တဖိုလ်ကိုင်း, ပစ္စေက ဗောဓိဉာဏ်ကိုင်း, သမ္မာသမ္ဗောဓိဉာဏ်ကိုင်း ပေးစွမ်းနိုင်ပေ၏၊ တေဘူမကဝဋ်ကိုလည်း ပေးနိုင်ကြောင်းကို ပြဆိုကြသေး၏။

မာန်လည်ဆရာတော်,ချမ်းသာကြီး ဆရာတော်တို့ကား ဝိဝဋ္ဋနိဿိတ ကုသိုလ်သည် လောကုတ္တရာ မဂ်ဖိုလ်နိဗ္ဗာန်ကို ပေးခြင်းသည် အာနိသံသ အကျိုးဆက်မှုကိုသာပေး၏ဟု ပြဆို၍ ဝိပါကအကျိုးရင်းကား နိဗ္ဗာန်မရသေးသမျှ ကာလပတ်လုံး သံသရာအတွင်း၌ လူ,နတ်ဟူသော လောကီဝဋ်အကျိုးကို ပြည့်ဖြိုးစွာဖြစ်ကြောင်း ပြဆိုတော်မူကြ၏။

ဣဒံ မေ ပုညံ အာသဝက္ခယံ အာဝဟံ ဟောတု။

မေ၊ အကျွန်ုပ်၏။ ဣဒံ ပုညံ၊ ဒါန,သီလ စသည်ပေါင်းစု ဤကောင်းမှုသည်။ အာသဝက္ခယံ၊ ခန္ဓာကိုယ်ဆိုး အရက်အိုး၌ အခိုးပြင်းစွာ ထုံလျက်ပါသည့် ဒိဋ္ဌိ,အဝိဇ္ဇာ, တဏှာဟု ဆိုအပ်သော အာသဝေါလေးတန်တို့၏ ကုန်ရာမှန် ချုပ်ရာမှန်သော နိဗ္ဗာန်သို့။ အာဝဟံ၊ ရောက်အောင်ရွက်ဆောင်နိုင်သည်။ တနည်း-အာဝဟံ၊ ဝိဇ္ဇာ ၃-ပါး,ဝိဇ္ဇာ ၈-ပါး, စရဏ ၁၅-ပါး, ပဋိသမ္ဘိဒါ ၄-ပါး, အဘိညာဏ် ၆-ပါး, သမာပတ် ၈-ပါး မြတ်တရားတို့ဖြင့် တန်းဆာဆင်အပ်သော မဂ်ဉာဏ် ဖိုလ်ဉာဏ်ဖြင့် အမှန်ဆောင်ရွက်နိုင် သည်။ ဟောတု၊ ကေန်မသွေ ဖြစ်ပါစေသတည်း။

ဤသို့ ဆိုအပ်ခဲ့ပြီးသော စကားရပ်တို့ကို သိမှတ် ကြည့်ရှုကာဖြင့် လိုရာဆုကို တောင့် တ ကြကုန်ရာသတည်း။

× × × ×

## ပရိယတ္တိ သာသနာသည်သာ မူလဘူတ ပဓာနဖြစ်ကြောင်း

### သာသနာစဉ်ဆက် အမြွက်မျှ

(၁) ပရိယတ္တိသာသနာ=စာပေကျမ်းဂန် အရပ်ရပ် ပိဋကတ်သင်ကြားမှု၊

(၂) ပဋိပတ္တိ သာသနာ = စျာန် မဂ် ဖိုလ်ရကြောင်း အကျင့်ကောင်းဖြစ်သော သမထဘာဝနာ, ဝိပဿနာဘာဝနာ နှစ်ရပ်တို့ကို ရှုမှတ်ပွါးများ အားထုတ်မှု၊

(၃) ပဋိဝေဓသာသနာ=မဂ် ဖိုလ် နိဗ္ဗာန်ဟူသော တရားမှန်ကိုသိမှု၊

ဤ သုံးတန်သော သာသနာတို့တွင် မူလ ဘူတ ပဓာန အခြေခံ အသက်သွေးကြော သဘွယ်ဖြစ်သော ပရိယတ္တိ သာသနာတော်ကို—

ဗုဒ္ဓဘုရားပရိနိဗ္ဗာန် ပြုပြီးနောက် လေးလမြောက် အဇာတသတ်မင်း လက်ထက် အရှင်မဟာကဿပ, အရှင်အာနန္ဒာ, အရှင်ဥပါလိ အစရှိသော ပထမ သံဂါယနာတင် မထေရ်အရှင်မြတ်ကြီးတို့သည်၎င်း၊

သာသနာနှစ်တရာပြည့် ကာဠာသောကမင်းလက်ထက် အရှင်ယသ, အရှင်သဗ္ဗကာမိ, အရှင်ရေဝတအစရှိသော ဒုတိယ သံဂါယနာတင် မထေရ် အရှင်မြတ်ကြီးတို့သည်၎င်း၊

သာသနာ ၂၃၅-ခုနှစ်၊ သိရိဓမ္မာသောကမင်းလက်ထက် အရှင် မောဂ္ဂလိပုတ္တတိဿ, အရှင်မဟိန္ဒစသော တတိယ သံဂါယနာတင် မထေရ် အရှင်မြတ်ကြီးတို့သည်၎င်း၊

သာသနာနှစ် ၄၅၀-ခုနှစ်၊ သီဟိုဠ်ကျွန်း ဝဋ္ဋဂါမဏိမင်းလက်ထက် ဓမ္မရက္ခိတထေရ် အစရှိသော စတုတ္ထ သံဂါယနာတင် အရှင်မြတ်ငါးရာတို့ သည်၎င်း၊

သာသနာနှစ် ၂၄၁၅-ခုနှစ်၊ မြန်မာပြည် မင်းတုန်းမင်းလက်ထက် အရှင်ဇာဂရ အစရှိသော ပဥ္စမ သံဂါယနာတင် သံဃာတော်ပေါင်း နှစ်ထောင့်လေးရာ (၂၄၀၀) မထေရ်အရှင်မြတ်ကြီးတို့သည်၎င်း၊

သာသနာနှစ် နှစ်ထောင့်လေးရာ့ကိုးဆယ့်ရှစ် (၂၄၉၈) ခုနှစ် မြန်မာနိုင်ငံ သမ္မတ ဦးဘဦးလက်ထက် အရှင်ရေဝတမထေရ် အစရှိသော ဆဋ္ဌသံဂါယနာတင် နှစ်ထောင့်ငါးရာ (၂၅၀၀)သော သံဃာတော်အရှင် မြတ်ကြီးတို့သည်၎င်း သက်စွန့်ကြိုးပမ်း ပင်ပန်းကြီးစွာ ဆောင်ရွက်တော် မူခဲ့ကြပါကုန်ပြီ။

ဤ ပရိယတ္တိ သာသနာအတွက် အလွန်ကျေးဇူးကြီးမား တိုးတက်သည့်တိုင်အောင် ဆောင်ရွက်တော်မူခဲ့ကြသော မြန်မာပြည်အပါဝင် သထုံ (သုဝဏ္ဏဘူမိ) သာသနာပြု အရှင်သောဏ, အရှင်ဥတ္တရ အစရှိသော မထေရ်အရှင်မြတ်ကြီးတို့သည်ရင်း၊

ပုဂံပြည် အနော်ရထာမင်း လက်ထက် အရှင်အရဟံစသော မထေရ်အရှင်မြတ်ကြီး တို့သည်ရင်း၊

ဤသို့ဆိုအပ်ပြီးလေ ရှေးခေတ်အခါမှစ၍ သာသနာသက်စောင့် ကြောင့်ကြ ကြီးမား မဟာထေရ် အရှင်မြတ်ကြီးအများတို့သည် ပျံလွန်တော်မူကြပါကုန်ပြီ၊ သာသနာတည်တံ့ ရေး အားပေးထောက်ကူ တိုင်းသား ပြည်သူလူထုကြီးလည်း တဘာဝကံရှိန် ကုန်သည့်ချိန်၌ ဇီဝိန်ပျက်ကြွေ ကွယ်လွန်ကြလေကုန်ပြီ။

ဘုန်းမီး နေလပမာ ထိန်ထိန်သာသော သာသနာပြုမင်း အဆက်ဆက်တွေလည်း ဖြစ်, အို, နာ, သေ သံသာဗွေ ဝဲဂယက်၌ ချွတ်ပျက်မကင်း ကွယ်ပျောက်ခြင်းသို့ ရောက်ကြ လေကုန်ပြီ။

**တာဝန်ရှိသူ ၃-မျိုး။** ။သို့ဖြစ်လေရာ ဗုဒ္ဓမြတ်စွာသည် လေးသင်္ချေနှင့် ကမ္ဘာတသိန်း တွက်ကိန်းမျှညီ ပါရမီစရိယ အဝဝတို့ကို ခဲယဉ်းငြိုငြင်လှစွာဖြင့် ဖြည့်ကျင့် ဆည်းပူးအားထုတ်မှ ရရှိအပ်သော သဗ္ဗညုတ ရွှေဉာဏ်တော်ကြီးဖြင့် လူ, နတ်, ဗြဟ္မာ ကမ္ဘာသူ ကမ္ဘာသား သတ္တဝါများအကျိုးငှာ တည်ထောင် ဖန်ဆင်းထားတော်မူ ခဲ့သော ဤ ပရိယတ္တိသာသနာတော်ကြီးသည် ယခုအခါမည်သည့်ပုဂ္ဂိုလ်တို့၏ လက်တွင်းသို့ သက်ဆင်းကျရောက် တာဝန်ရှိနေပါသနည်း။

(၁) ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော်အစိုးရ၊

(၂) တိုင်းသား ပြည်သူ လူထု၊

(၃) ရဟန်း သံဃာတော်များ၊

ဤ သုံးဦးတို့၏ လက်တွင်းသို့ သက်ဆင်း ကျရောက်နေပါသည်၊ ဤ (၃)ဦးတို့ အပေါ်၌ အဓိကတာဝန်ရှိနေပါသည်၊ ဤသို့ ပါရမီရှင် ဘုန်းရှင် ကံရှင် သမ္မာမျှင်ဖြစ်တော် မူသော ဗုဒ္ဓမြတ်စွာသည် တည်ထောင်ထားတော်မူခဲ့သော သာသနာတော်မြတ်ကြီးကို ထောက်ပံ့လှူဒါန်း အားပေးခွင့်ကို ရရှိကြသော အစိုးရမင်းများနှင့်တကွ တိုင်းသားပြည်သူ ရှင်,လူ,ရဟန်းတို့သည် အတိတ်ဝေးကွာ ရှေးအခါက ဖြည့်ဆည်းပူး အတူးအားထုတ် ခဲ့ကြ သော ပါဠိပေါင်းစုံ ကုသိုလ်ဟုန်ကြောင့် ကြုံတွေ့ကြရကား မြင့်မြတ်သောလူ့ဘဝကိုလည်း ရရှိကြသဲဖြစ်၍ လက်တွဲညီညွတ်စွာဖြင့် အားထုတ်ကြရန် အခွင့်ကောင်းကြီးတခု ရရှိနေကြ သည်ကိုလည်း အထူးသတိပြုသင့်ကြ၏။

ဆရာ,ဒကာ ပိုတင်းအားထုတ်ကြ။ ။ဤ ဗုဒ္ဓမြတ်စွာသာသနာတော် ကြီးကို ရဟန်းသံဃာတော်များသက်သက် အားထုတ်ရုံမျှဖြင့်လည်း အခြေတည်တံ့ ခိုင်မြဲလျက် တိုးတက်ရန်လည်း မဖြစ်နိုင်ပါ၊ အစိုးရနှင့် ပြည်သူလူထုတို့ အနေဖြင့် အားထုတ်ကြသော်လည်း အလားတူပင် သာသနာ တည်မြဲတိုးတက်ရေး မဖြစ်နိုင်ပါ။

သာဂါရာ အနာဂါရာ စ၊ ဥဘော အညောညနိဿိတာ။
အာရာဓယန္တိ သဒ္ဓမ္မံ၊ ယောဂက္ခေမံ အနုတ္တရံ။

ဟူသော ဣတိဝုတ် ပါဠိတော် နှာ-၂၇၀-လာ ဒေသနာအရ

(၁) အိမ်ရာတည်ထောင်သူ လူပုဂ္ဂိုလ်များ၊

(၂) အိမ်ရာမထောင် သာသနာ့ဘောင်၌ နှစ်ခြိုက် ပျော်မွေ့စွာ နေထိုင်သီတင်းသုံးတော်မူသော ရဟန်း သံဃာတော်များ၊

ဤ ပုဂ္ဂိုလ်နှစ်ဦးသားတို့သည် ကျွန်းကိုင်းမှီ၊ ကိုင်းကျွန်းမှီ ဆိုသကဲ့သို့ အချင်းချင်း အားပြုပိုတင်း၍ ကြိုးစားခြင်းရှိကြမှသာလျှင် သာသနာတော်လည်း အရှည်ခိုင်ခံ့ တည်တံ့နိုင်မည်ဖြစ်သည်၊ တရားချစ်ခင် သူတော်စင်အများတို့ လိုလားအပ်သော ယောဂလေးဖြာဖြစ်, အို, နာ, သေ သံသာဝဋ် ဝဲဂယက်မှ ဖဲထွက်မြောက်၍ ပြည်နိဗ္ဗူသို့ ရောက်ရှိကြမည် အမှန် ကေန်ဖြစ်ပါသည်။

ထိုမှတပြာ သံယုတ္တအဋ္ဌကထာ၌ အသက်သိက္ခာ ငယ်ရွယ်သော ရဟန်းနှင့်သာမဏေများကို ပစ္စယာနုဂ္ဂဟ,ဓမ္မာနုဂ္ဂဟ နှစ်ဌာနတို့ဖြင့် သက်ဆိုင်ရာ ဆရာသမားတို့နှင့်တကွ အားပေး ချီးမြှင့် ထောက်ပံ့မှု ပြုမှသာလျှင် သာသနာပိုမိုကြီးပွားလျက် တိုးဘက်မည့်အရေးကို မိန့်ဆိုတော်မူထားပါသေးသည်၊ (သံယုတ္တ၊ ဋ္ဌ၊ ဒု၊ ၂၇၅)

ဤသို့ ကျမ်းဂန်များ၌ ပြဆိုထားသည်နှင့် လျော်ညီစွာ ယခုအခါ၌ ရှင်ငယ် ရဟန်းငယ်များအတွက် အရေးအကြီးဆုံး အဓိကဖြစ်သော ပရိယတ္တိသာသနာတော်ကို ရဲရဲတောက်တောက်၊ ခြင်္သေ့ဟောက်သို့ မြားမြောက်ကြီးမား အင်အားဗလ ဉာဏဟဖြင့် အားထုတ်နိုင်ရန်အတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ အစိုးရမင်းများသည်—

## ၁။ တိပိဋကဝရ စာမေးပွဲများ ကျင်းပပေးခြင်း

ပိဋကတ်သုံးပုံဆောင် သာသနာ့အာဇာနည်ပုဂ္ဂိုလ်ကျော် ပေါ်ထွက်ရေးကို အထူးရှေးရှုလျက် ထက်သန်သော သဒ္ဓါစေတနာ စိတ်ဓာတ်များဖြင့် တိပိဋကဓရ ေ္ဆးချယ်ရေး စာမေးပွဲကို နှစ်စဉ်နှစ်တိုင်း ပြည်သူလူထု အကူအညီဖြင့် ကျင်းပပြုလုပ်ပေးနေသည်မှာ အများအသိပင်ဖြစ်ပါသည်၊ ထိုသို့ ကျင်းပပြုလုပ်ပေးပြီးလျှင် ပိဋကတ်တပုံအောင်, နှစ်ပုံ

အောင် ပုဂ္ဂိုလ်တို့အား ထိုက်သည့်အားလျော်စွာ လစဉ် လတိုင်း ဆွမ်းဆန်တော်များ ထောက်ပံ့လှူဒါန်းခြင်း, နောက်ပါ ကပ္ပိယ တယောက်နှင့် သွားလာမှု ချမ်းသာရန် ကုန်း, ရေ=မီးရထား, မီးသင်္ဘော လက်မှတ်အခမဲ့လှူဒါန်းခြင်း, ပိဋကတ်သုံးပုံအောင် ပုဂ္ဂိုလ်တို့အား အလားတူ လစဉ် ဆွမ်းဆန်တော်များ ထောက်ပံ့၍ နောက်ပါကပ္ပိယနှစ်ယောက်နှင့် ကုန်း, ရေ, လေ အခမဲ့လက်မှတ်များ လှူဒါန်းခြင်းတို့ဖြင့် အားပေးလျက်ရှိသည်။

ဤ တိပိဋကဓရ ရွေးချယ်ရေးစာမေးပွဲကြီး၌ တနှစ်ထက်တနှစ် ဝင်ရောက်ဖြေဆိုကြသော သာသနာ့အာဇာနည် ပုဂ္ဂိုလ်များ တိုးတက်များပြားသည်ကို တွေ့ရသဖြင့် အလွန် ဝမ်းမြောက်ဘွယ်ကောင်းလှပေသည်။

## ၂။ စာချတန်း စာမေးပွဲများ ကျင်းပပေးခြင်း

(က) ကျမ်းရင်း သုံးကျမ်းအောင် ပုဂ္ဂိုလ်တို့အား တကျမ်းလျှင် နဝကမ္မဝတ္ထု (၁၀၀ိ) တရာကျပ်တန် လှူဒါန်းခြင်း၊

(ခ) ဂုဏ်ထူးဆောင် (၇) ကျမ်း အတွက် မြန်မာဘာသာဖြင့် ဖြေဆိုအောင်မြင်ခဲ့လျှင် တကျမ်း(၂၀ိ)နှစ်ရာကျပ်တန် ဆွမ်းဆန်တော်၊ ပါဠိဘာသာဖြင့် အောင်မြင်ခဲ့လျှင် (၃၀ိ) သုံးရာကျပ်တန် ဆွမ်းဆန်တော်များကို လှူဒါန်းသည့်အပြင် —

(ဂ) အထူးအောင်ပုဂ္ဂိုလ် သုံးပါးတို့အားလည်း ဆွမ်းဆန်, ဆုများကပ်လှူသည်။

## ၃။ ပထမပြန် စာမေးပွဲများ ကျင်းပပေးခြင်း

ငယ် လတ် ကြီး ပုဂ္ဂိုလ်များအတွက် ပထမပြန်စာမေးပွဲ ပြုလုပ်ကျင်းပအားပေးရာ၌ ကား ထင်ရှားပါပြီ ဤသို့ သီးခြားဖော်ပြရသည်မှာ အစိုးရမှ ကျင်းပပြုလုပ်သော စာမေးပွဲများသည် တသာသနာလုံးရှိ သံဃာတော်များနှင့် လက်တွေ့အားဖြင့် သက်ဆိုင်ပါသည်၊ အခြားမြို့, ရွာအရပ်ရပ်တို့မှာလည်း အသီးအသီး ပရိယတ္တိသာသနာကို အားပေးသော အသင်းအဖွဲ့များလည်း အထူးဖော်ပြဘွယ်မလိုအောင် ထင်ရှားပါသည်၊ ပြည်သူ လူတု အနေ အားဖြင့်လည်း မြို့ရွာ ရပ်ကွက်တိုင်းပင် ပရိယတ္တိ သာသနာတော်ကို အထူးအားပေးမှုများ ရှိသည်ကို အများအသိပင် ဖြစ်ပါသည်။

### မမေ့သင့်သော စာမေးပွဲကြီး

ဤစာမေးပွဲကြီးကား မန္တလေးမြို့၊ ပရိယတ္တိ သာသနဟိတ အသင်းမှ နှစ်စဉ်ကျင်းပ ပေးနေသော သကျသီဟ စာမေးပွဲကြီးပင် ဖြစ်ပေသည်၊ ထိုစာမေးပွဲကြီးမှာ ၁၂၄၇-ခု နှစ်၊ မြန်မာနိုင်ငံကို အင်္ဂလိပ်အစိုးရမင်းတို့၏ အုပ်စိုးလွှမ်းမိုးခြင်းကိုခံရကာ သာသနာပြုမင်း

ကင်းလေသောကြောင့် သံဃာတော်များသည် တရှိက်မွှဲမွှဲ တင့်ကွက်ကွက် မင်းနေပြည်တော်ဝယ် နေချင်ပါလျက် မိဘရပ်ထံ ပြန်ကြရသည်၊ ထိုအချိန်ဝယ် သာသနာရေး စိတ်မအေး၍ သာသနာရေး အားပေးလိုကြသော ဗုဒ္ဓဘာသာဝင် သူတော်စင်တို့သည်—

* ကမ္မသကာ၊ လူဗိုလ်ပါတို့၊ ငါနှင့်မဆိုင်၊ မတတ်နိုင်ဟု၊ မပြိုင်ခင်ရှုံး၊ စိတ်နှလုံးကို၊ ဒုန်းဒုန်းကြီးချ၊ ရှိချေကမူ၊ ဗုဒ္ဓသာသနာ၊ ကွယ်ပျောက်ရာ၏—

ဟု သတင်းစာတွင် ပရိယတ္တိ သာသနဟိတ အသင်းကြီး တည်ထောင်ရန် တပ်လှန့်နှိုးဆော်စာ ရေးသားခဲ့သည်၊ မော်လမြိုင်မြို့၊ သူဌေးကြီး ဦးသာညွှန်းက ထိုသတင်းစာကို ဖတ်ကာ သဒ္ဓါတရား ဖြစ်ပေါ်လာ၍ ပရိယတ္တိ သာသနဟိတအသင်း တည်ထောင်ရန် ဥက္ကဋ္ဌကြီး ဦးညိုထံသို့ ငွေ တထောင်ကျပ်တိတိ စတင် လှူဒါန်းခဲ့သည်၊ ၁၂၆၀-ခုနှစ်၊ ဝါဆိုလတွင် ထိုငွေဖြင့်ပင် အသင်းကြီး စတင်တည်ထောင်၍ ၁၂၆၅-ခုနှစ်၊ နယုန်လတွင် စာမေးပွဲ စတင်ကျင်းပခဲ့၏။

၁၃၄၀-နှစ်အထိ နှစ်ပေါင်း(၇၅) ကျော်မျှ ကာလ ရှည်မြင့်စွာ ကျင်းပပြုလုပ်ပေးသဖြင့် စာချ အာဇာနည် စာချထိပ်သီး စာချသူရဲကောင်း ထောင်သောင်းမျှ ရှိလောက်ပေပြီ-ဟု ခန့်မှန်းမိပေသည်။

ထိုစာမေးပွဲကြီး၌ စာချတန်းအောင်ပြီးသော အရှင်ကောင်း အရှင်မြတ်တို့ကား ပိဋကတ် ကျမ်းဂန် အရပ်ရပ်တို့ကို နှံ့စပ် ကျွမ်းကျင် နိုင်နိုင် နင်းနင်း ကောင်းစွာ ပို့ချနိုင်ကြသည်၊ စာသင်သားအများတို့လည်း လွန်စွာလေးစား နှစ်သက်ကြသည်။

ထို့ကြောင့် မြေမြေချင်း ငြောကိုမြင်သကဲ့သို့ သံဃာတော် သီတင်းသုံးဖော်များက အားပါးတရ အလေးစားခံကြရသည်၊ သဒ္ဓါရှင်းစို အကြည်ညို ခံကြရသည်၊ ဦးစားပေးမှု ပြုကြသည်။

ထိုစာချတန်းအောင် အရှင်မြတ်တို့ကား ထောင့်သောင်းမကသော ငှက်အပေါင်းတို့၏ ခိုအောင်း အားပြုရာ တောစိုးသစ်ပင်ကြီးပမာ ပရိယတ္တိ သာသနာတော်၌ အများအားထား အားကိုးရာကြီး ဖြစ်ပါပေသည်၊ ဤစာမေးပွဲကြီး၌စာချတန်းအောင်ရန် ခက်ခဲပုံကိုမဆိုထားဘိ စာသင်တန်းအောင်ရန်ပင် လွန်လွန်မင်းမင်း ခဲရင်းလှ၏၊အသက်(၂၇)နှစ်အတွင်းသာ ဝင်ခွင့်ပြု၍ စာသင်တန်းအတွက် အာဂုံ နှုတ်တက် အရကျက်ရသော ကျမ်းစာများမှာ —

| | |
|---|---|
| ၁။ သဒ္ဒါကြီး | ၄။ ကစ္စာယနသာရ |
| ၂။ သင်္ဂြိုဟ် | ၅။ ပုဒ်စစ် |
| ၃။ အဘိဓာန် | ၆။ ဒွေမာတိကာ ဝိနည်းပါဠိတော် |

၇။ ဆန်း ၈။ ဓမ္မသင်္ဂဏီ၊ တိက-ဒုက-သုတ္တန္တိက-ပါဠိတော်

၉။ သဒ္ဒတ္ထဘေဒစိန္တာ ၁၀။ ဓာတုကထာပါဠိတော်

၁၁။ ယမိုက် အောက်(၅)ကျမ်း ပါဠိတော်နှင့်တကွ အရကောက်များ၊

ဤ (၁၁)ကျမ်းတို့ကို တနှစ်တည်း တကြိမ်တည်း သင်းထောက်, သင်းမအသင်း လူကြီးများထံ တပါးချင်း ပြန်ဆိုပြရသည်၊ သုံးပုံကို နှစ်ပုံခန့် အထောက်အမ လွတ်ကင်း သန့်ရှင်းစွာ ပြန်ဆိုနိုင်မှသာ အာဂုံအောင်သူ-ဟု သတ်မှတ်သည်၊ ထိုအာဂုံတို့ကို အောင်မြင်ပြီးသော ပုဂ္ဂိုလ်မှသာ စာသင်တန်းကို ဖြေဆိုခွင့်ပြုသည်။

ရှေးက ဤစာမေးပွဲအောင်ရန် စာကြိုးစားရလွန်းသဖြင့် စာမေးပွဲခန်းမ၌ ပွေ့ပိုက်ယူရသော ပုဂ္ဂိုလ်များပင် ရှိခဲ့ဘူးသည်၊ အချို့မှာ စာမေးပွဲ ဖြေသောနေ့၌ ကောင်းစွာ ဖြေဆိုနိုင်ရန် အနီးအနားရှိ သီတင်းသုံးဖော်များက စာဖြေ မသွားမီ နင်းပေးရ၊ နှိပ်ပေးကြရသည်၊ တချို့လည်း စာမေးပွဲပြီးက စိတ္တဇ ဆေးရုံသို့ ပို့ပေးရသည်အထိ ကိုယ်တိုင် မျက်မြင် တွေ့ကြုံခဲ့ရသည်။

ထို့ကြောင့် ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီးက သကျသီဟ အသင်းကြီးကို ရည်ရွယ်ချက်ဖြင့် ''မင်းတို့ မန္တလေးမြို့မှာ လူသတ် အသင်းကြီးရှိသကွဲ''ဟု မိန့်တော်မူသည်ကို တဆင့်စကား ကြားရဘူးသည်။

ထိုသို့ စာသင်တန်း, စာချတန်း အောင်မြင်ဘို့ ခက်ခဲသလောက် အောင်မြင်သော ပုဂ္ဂိုလ်တို့အား မန္တလေးမြို့သူ မြို့သားတို့၏ အလွန်ကြီးမားလှသော သဒ္ဓါတရားဖြင့် ပဒေသာပင်တပင်လျှင် ၄၀၀၀ိ(လေးထောင်)ကျော် ငါးထောင်တန်တို့ကိုပင် ရက်ရက် ရောရော သဒ္ဓါဇောဖြင့် လှူဒါန်းကြပေသည်။

ရှေးခေတ် ရှေးအခါမှစ၍ ယခုခေတ် အခါတိုင်အောင် မန္တလေးမြို့သူ မြို့သား လူထုကြီး၏ သဒ္ဓါခေတ်ကြီးမားပုံကို မကြာမီက အဂ္ဂမဟာပဏ္ဍိတ တိပိဋက ဆရာတော်ဘုရား (၂၅)နှစ်မြောက် ငွေရတုသဘင် ကျင်းပစဉ် နဝကမ္မ သုံးသိန်းကျော်အထိ လှူဒါန်းပုံက သက်သေပြသကဲ့သို့ ရှိပါပေသည်။

ထိုသို့ ဒကာ ဒကာမတို့၏ ဘဝသံသရာတွယ်တာရန်မရှိ ဘေးမထိ အနုဂါမိက ရွှေအိုးကြီးကို မြှုပ်နှံလိုက်သကဲ့သို့ အလှူခံ တိပိဋက ဆရာတော်ဘုရားကလည်း တဖန် မြှုပ်နှံလိုက်သောအားဖြင့် ထိုနဝကမ္မ အားလုံး ဌာနခွဲခြမ်းပြီး အသီးအသီး အားလုံး လှူလိုက်သည်ဟု ကြားရသဖြင့် မည်သူမျှ သာဓု မခေါ် မအုံ့ဩ မချီးမွမ်းနိုင်ဘဲ မနေနိုင်ပေ။

သို့ရာတွင် မိမိတို့သာသနာ့ ညီတော် နှောင်တော်များအဘို့ မန္တလေးမြို့၌ ပရိယတ္တိ သာသနာလည်း ယခုအခါ 'ရေစုန်လေစုန်မှာ ရွက်ကုန်ဖွင့်ပြီးလျှင် တက်ကုန်နှင်နေသော လှေ' ၏ သဘောကဲ့သို့ ကောင်းကောင်းကြီး မျောနေပါပြီ။

ဤ စာရေးသူသည် မန္တလေးမြို့၌ ၁၂၈၄-ခုနှစ်၊ ကျောင်းသားဘဝမှစ၍ နာမည်ကျော် စာချတပါးဖြစ်သည်အထိ နှစ်ပေါင်း (၃၀) ခန့် နေထိုင်ခဲ့ပါသည်၊ သို့ နေထိုင်ခဲ့သည်အားလျော်စွာ မန္တလေးမြို့ရှိ သံဃာတော် အရှင်မြတ်များနှင့်တကွ မြို့သူ မြို့သား လူထုကြီး တရပ်လုံးအပေါ်၌ပါ သံယောဇဉ်မကင်း ရှိနေခြင်းဖြစ်ပါသည်။

ထို့ကြောင့် 'ဝါယမေထေဝ ပုရိသော၊ န နိဗ္ဗိန္ဒေယျ ပဏ္ဍိတော' ဟူသော ပါဠိတော်အရ - သာသနဝန်ထမ်း ရဟန်းသံဃာတော် အရှင်ကောင်း အရှင်မြတ်တို့ဘက်မှ ပရိယတ္တိ သာသနာ ရှေးကာလအသွင် စည်ပင်ဖွံ့ဖြိုး တိုးတက်လာအောင် သဒ္ဓါ, သတိ, သမာဓိနှင့် ဝီရိယ,ပညာ ဤငါးဖြာသော ဓမ္မတို့ဖြင့် နေ့ မနား ည မနား ကြိုးစားအားထုတ်တော်မူနိုင်ကြပါစေဟုရှင်း, ဒကာ-ဒကာမများဘက်ကလည်း ပရိယတ္တိ သာသနာရေးအတွက် ဆက်လက်အားပေး ချီးမြှောက် ထောက်ပံ့နိုင်ကြပါစေဟုရှင်း - တောင့်တပန်ထွာ ပတ္ထနာပြု၍ နိဂုံးချုပ်လိုက်ပါသတည်း။

ဤသို့ ပရိယတ္တိ သာသနာတော်ကို အားပေးထောက်ပံ့သည်ဟု ဆိုရသော်လည်း —

(၁) ပရိယတ္တိ သာသနာ၊ (၂) ပဋိပတ္တိ သာသနာ၊ (၃) ပဋိဝေဓ သာသနာ —

သုံးရပ်လုံးတို့ကို အချင်းချင်း ဆက်စပ်နေသောကြောင့် အားပေးရာ ထောက်ပံ့ရာ ရောက်ပါသည်။

ပရိယတ္တိသဒ္ဓမ္မော နာမ တိပိဋကမ္ပိ သဒ္ဓမ္မံ ပတိဋ္ဌာပေတိ။ (သာရတ္ထ)

ရေသောက်မြစ်နှင့် ပရိယတ္တိ သာသနာ။ ။ဥပမာအားဖြင့် ဆက်လက်ပြဆိုရလျှင် အပွင့်အသီး အရသာကို သုံးဆောင်လိုသော ဥယျာဉ်မှူးသည် သစ်ပင် စိုက်ပျိုးရာ၌-

(၁) အမြစ်၊ (၂) ပင်စည် အကိုင်း အခက်၊ (၃) သီး, ပွင့်, ညွန့်ဖူး၊

သုံးဌာနတို့တွင် (၂-၃) နှစ်ဌာနကို ရေလောင်း၍မဖြစ်ပါ၊ (၁) အမြစ်ကိုသာ ရေလောင်းလျှင် သုံးဌာနလုံးတို့ကို ရေလောင်းပြီးဖြစ်ပါသည်၊ ရေသောက်မြစ်ကို ရေများများ လောင်း၍ သန်မာထွားကြိုင်းလျှင် ပင်စည် အကိုင်းအခက်တွေလည်း သန်စွမ်းထွားကြိုင်းပါသည်၊ ထို ပင်စည် အကိုင်း အခက်တွေ သန်မာထွားကြိုင်းလေလေ၊ သီး, ပွင့်, ညွန့်ဖူးတို့

သန့်စွမ်း ထွားကြိုင်းလေဖြစ်၍၊ ထိုသစ်ပင်၏ အပွင့်, အသီး ဟူသော အရသာထူးကို ဉယျာဉ်မှူး ခံစားသုံးဆောင်ရပေ၏။

**မှတ်ချက်။** ။ရေသောက်မြစ်နှင့် ပရိယတ္တိသာသနာ၊
ပင်စည်လုံးပတ် အကိုင်းအခက်နှင့် ပဋိပတ္တိသာသနာ၊
သီး, ပွင့်, ညွန့်ဖူးများနှင့် ပဋိဝေဓ သာသနာ-တူလှသည်ကို သတိပြုကြကုန်ရာ သတည်း။

**ကန်ဘောင်ရိုးနှင့် ပရိယတ္တိသာသနာ။** ။လောကတွင် ထိုထို ဆည်ကြီး, ရေကန်ကြီးများ ပြုလုပ်ကြရာ၌ ကန်ဘောင်ရိုး (ဆည်ဘောင်ရိုး) ထယ်ဝါ ခန့်ညား ကြီးမားသလောက် ထို အတွင်း၌ ရေတွေ အမြောက်အမြား တည်ရှိနေပေမည်၊ ထိုသို့ ရေတွေ တည်ရှိနေသလောက် ကြာမျိုးငါးပါးပေါက်၍ ဝေဝေ ဆာဆာ တင့်တယ်မှု ကေန်ဖြစ်ပေသည်။

ပရိယတ္တိသာသနာ အင်အားရှိမူ, တိုးတက် ကြီးပွါးမှုသည် ခိုင်ခံ့ ကြီးမား သော ကန်ဘောင်ရိုးကြီး (ဆည်ဘောင်ရိုးကြီး)နှင့် တူပေ၏၊ ပဋိပတ္တိသာသနာ စည်ကား ကြီးပွါး တိုးတက်နေမှုသည် ထို ကန်ကြီးအတွင်း၌ ရေတွေ အမြောက်အမြားတည်ရှိနေခြင်းနှင့်တူ၏၊ ပဋိဝေဓသာသနာသည် ကန်ကြီးအတွင်းရှိ ဝေဆာတင့်တယ်စွာ ပေါက်၍ နေသော ကြာနှင့်တူ၏။

**နွားမနှင့် ပရိယတ္တိသာသနာ။** ။ဤလောက၌ နွာအထီးပေါင်း များစွာရှိပါသော်လည်း နွားမ တကောင်မျှ မရှိလျှင် နွားအမျိုးအနွယ် အစဉ်အဆက် ပျက်မည်သာဖြစ်၏၊ ထို့အတူ ပရိယတ္တိ သာသနာ မတည်ရှိပါလျှင် နွားထီးပေါင်း များစွာနှင့် တူသော ပဋိပတ္တိသာသနာ, ပဋိဝေဓသာသနာ နှစ်ရပ်သည် အဆက်ပြတ်ကာ တည်ရှိနေနိုင်မည် မဟုတ်ပေ။

**အက္ခရာ အမှတ်တံဆိပ်နှင့် ပရိယတ္တိသာသနာ။** ။လောက လူတို့ အစဉ်အလာ အားဖြင့် ရွှေအိုးများကို မြေထဲ၌ မြှုပ်ထားတတ်သော အလေ့အထရှိကြရာ ဤနေရာ၌ရွှေအိုးမြှုပ်ထားကြောင်း အက္ခရာ ကဗျည်း ကျောက်စာ အမှတ်အသား မရှိပါလျှင် ကာလရှည်လျားသောအခါ မြှုပ်ထားသော ရွှေအိုးများ ပျောက်ကွယ်ရသကဲ့သို့ရင်း, အက္ခရာ ကဗျည်း ကျောက်စာ အမှတ်အသား တည်ရှိနေသ၍ ရွှေအိုးများ မပျောက်ကွယ်သကဲ့သို့ရင်း ပရိယတ္တိသာသနာ မတည်ရှိလျှင် သာသနာ ကွယ်ပမည်ဖြစ်၍ တည်ရှိနေသေးလျှင် သာသနာကွယ်ပခြင်းသို့ မရောက်နိုင်ချေ။

**မှတ်ချက်။** ။ပြဆိုအပ်ပြီး ဉပမာ အသီးသီးတို့ကို အဋ္ဌကထာကြီးများ၌ လာသည့် အတိုင်းဖော်ပြလိုက်သည်။

**ဘာဝနာကုသိုလ်ဖြစ်ပုံ။** ။ဤ တသာသနာလုံးဖြစ်သော သာသနာရေးလောက၌ ပရိယတ္တိ ကျမ်းဂန် သင်အံ လေ့ကျက် ပို့ချ သင်ကြား၍ နေ့နေ့ ညည အားထုတ်နေမှုကြောင့် ရဟန်းသံဃာတော် အရှင်သူမြတ်တို့၏ သန္တာန်၌ ဇ ရိမဲ တဖွဲဖွဲ တဖွားဖွား မရေမတွက်နိုင်အောင် ရရှိဖြစ်ပေါ်နေသော ကုသိုလ်စိတ်တွေကို ဒါန ကုသိုလ်၌ လည်း မသွင်းနိုင်၊ သီလကုသိုလ်၌လည်း မသွင်းနိုင်၊ အထပ်ထပ် ပွါးများမှုမှ ဖြစ်သော ဘာဝနာကုသိုလ်၌သာ သွင်းယူရကြောင်း အဋ္ဌကထာ, ဋီကာတို့၌ ပြဆိုထားပါသည်။

ဆိုအပ်ပြီး ပရိယတ်တရားများကို သင်ကြားပို့ချခိုက်၌ ကာမရာဂ လောဘ အစ ရှိသော နီဝရဏ အကုသိုလ်တရားများကို မဖြစ်စေရအောင် တဒင်္ဂပဟာန်အားဖြင့် နှိပ်ကွပ် တားမြစ် ထားရာရောက်သောကြောင့် ပရိယတ္တိကျမ်းဂန်ကို နေ့နေ့ ညည ချပို့ကြသောပုဂ္ဂိုလ် တို့၏ သန္တာန်၌ဖြစ်သော ဓမ္မဒေသနာကုသိုလ်စေတနာကိုရင်း, သင်ယူနာကြားကြသော စာသင်သားတို့၏ သန္တာန်၌ဖြစ်သော ဓမ္မသဝန ကုသိုလ်စေတနာကိုရင်း, နိဗ္ဗာန်ရောက် ကြောင်း အယူကောင်း အယူမှန်၍ ဖြောင့်မတ်သော ဒိဋ္ဌိဇုကမ္မ ကုသိုလ်စေတနာကိုရင်း ဆိုအပ်ပြီး ဘာဝနာကုသိုလ်၌ပင် သွင်းယူအပ်ကြောင်းကို အဋ္ဌကထာ,ဋီကာတို့၌ ထပ်လောင်း မိန့်ဆိုတော်မူကြပြန်ပါသည်။ (အဋ္ဌသာလိနီ၊ အဋ္ဌကထာ-၂၀၃) ဝိဘာဝနီ-ဋီ-၁၇၆)

ထိုမှတပါး တရားနှင့်စပ်သော စကားဟူသမျှ ကမ္မဋ္ဌာန်းမှ လွတ်သည် မရှိ ကြောင်းကို —

ဓမ္မကထာ ဟိ ကမ္မဋ္ဌာန ဝိနိမုတ္တာ နာမ နတ္ထိ —

ဤသို့ အဋ္ဌကထာ၌ မိန့်ဆိုထားသည်။ (ဒီ၊ ဋ၊၁၊ ၁၆၈)

ဋီကာများ၌လည်း ထိုထို အနက်အဓိပ္ပါယ်တို့ကို ထွန်းပြ သိစေတတ်သော (ဟော တတ်သော) ပရိယတ်တရားကိုလည်း ကမ္မဋ္ဌာန်းဟူ၍ပင် ဆိုရကြောင်းကို ဖွင့်ပြထားသည်။ (ဝဇိရဗုဒ္ဓိ ဋီကာ-၁၅၂)

**ပရိယတ်ကို မပုတ်ခတ်ကောင်း။** ။ငါတို့အား ပရိယတ်ဆိုတာ မခဲယဉ်းပါ၊ ပရိယတ်တရား ကို အားထုတ် ကြောင့်ကြ လုံ့လပြုသောသူသည် ဝဋ် ဆင်းရဲမှ မလွတ်၊ ဤသို့ ဆင်းရဲမှ မလွတ်သောကြောင့် ငါတို့သည်ကား ပရိယတ်ကို ပယ်ရှား စွန့်လွှတ်ကြကုန်၏၊ ဤသို့ အစရှိသောနည်းဖြင့် ဆိုသည်ဖြစ်၍ မိမိ၏ ပညာကြီးသည် အဖြစ် ကိုပြ၏၊ ဤသို့ ဆိုခဲ့ပြီးအရကို ပြောဆိုသော ပုဂ္ဂိုလ်သည် မြတ်စွာဗုဒ္ဓ၏ သာသနာတော်ကို ပုတ်ခတ်မှု ပြုသည်မည်၏။

ဤသို့ ပြောဆိုသူနှင့်တူသော ခိုးသူကြီးမည်သည် မရှိ၊ထိုစကားကိုထင်ရှားစေဖူးအံ့-

န ဟိ ပရိယတ္တိဓရော ဒုက္ခတော န မုစ္စတိ (အဘိ၊ ဋ၊ ၂၊ ၄၅၇)

ဟိ၊ ထိုစကားကို ထင်ရှားဆိုအံ့။ ပရိယတ္တိဓရော၊ နိကာယ်ငါးစုံ သုံးပုံပိဋကတ် ပရိယတ်ကို သိမှတ်လေ့ကျက် ဆောင်ရွက်အားထုတ်သော ပုဂ္ဂိုလ်သည်။ ဒုက္ခတော၊ အိုရ, နာရ, သေရစမြဲ ဝဋ်ဆင်းရဲမှ။ န မုစ္စတိ၊ မလွတ်မြောက်ရသည်ကား။ န၊ မဟုတ်။ မုစ္စတိ ဧဝ၊ ကေန်မသွေ သံသာဗေ့ ဝဲဂယက်မှ ဖဲထွက် လွတ်မြောက်ရလေတော့သည်သာတည်း။

ဤအဋ္ဌကထာလာ စကားကို ထောက်ထား၍ ပရိယတ်တရားကို ကဲ့ရဲ့စကား ပြောမှားမရှိ မြတ်ဗုဒ္ဓါရှင်လည်း မထိပါး မပုတ်ခတ်မိအောင် သတိဆောင်၍ အထူးရှောင်ကြဉ် ကြကုန်ရာ၏။

**မှတ်ချက်။** ။ဆိုအပ်ပြီး စကားအားလုံး အဋ္ဌကထာကို မြန်မာဘာသာစကားပြေဖြင့် ရေးသားထားသည်။

**ပရိယတ်နှင့် ပဋိပတ် ဘယ်တရားသာ အရင်းမူလဖြစ်ကြောင်း ငြင်းခုံကြပုံ**

သီဟိုဠ်ကျွန်း ဗြာဟ္မဏတိဿ စဏ္ဍာလ ခိုးသူဘေးကြီး ငြိမ်းအေးပြီးနောက် စတုတ္ထ သံဂါယနာ မတင်မီ သံဃာ့ပရိသတ် အစည်းဝေးကြီးတွင် အဆိုပါ ပြဿနာနှစ်ရပ် ဖြစ်ပေါ်၍ လာခဲ့ဘူးပေသည်။

ပံသုကူလိက=ပံသုကူဆောင် အရှင်မြတ်များနှင့် ဓမ္မကထိက အရှင်မြတ်တို့သည် တဖက်နှင့်တဖက် အပြန်အလှန်ငြင်းခုံ ပြောဆိုတော်မူကြလေသည်၊ ထိုသို့ ငြင်းခုံ ပြောဆိုကြရာ၌ ပံသုကူဆောင် အရှင်မြတ်တို့က ပဋိပတ်တရားသာ အရင်းမူလ ပဓာနဖြစ်ကြောင်း ဗုဒ္ဓါရှင် ဟောတော်မူထားသော အချက်များမှ ထုတ်နုတ်ကာ ကိုးကားတင်ပြကြလေသည်။

ဓမ္မကထိက အရှင်မြတ်များကလည်း ပရိယတ်တရားသာ အရင်းမူလ ပဓာနဖြစ်ကြောင်းကို—

ယာဝ တိဋ္ဌန္တိ သုတ္တန္တာ၊ ဝိနယော ယာဝ ဒိပ္ပတိ[၁]။

ဤသို့ အစရှိသည်ဖြင့် ဗုဒ္ဓါဟော ပါဠိတော် အကိုးသာဓက တင်ပြကြလျှင် ပံသုကူဆောင် အရှင်မြတ်တို့ မလှုပ်နိုင်တော့ဘဲ နောက်ဆုံး အရှုံးပေးရလေ၏၊ ထို့ကြောင့်-ဗုဒ္ဓါရှင်တော်ဗုဒ္ဓ၏ သာသနာတော် ကြီးပွါးတည်တံ့ရေးအတွက် ပရိယတ်တရားသည်သာလျှင် အရင်းမူလဖြစ်ကြောင်း ကောင်းကောင်းကြီး ထင်ရှားလှသည်။

---

၁။ အံ၊ ဋ္ဌ၊ ၁၊ ၇၂။

ပရိယတ္တိ နု ခေါ မူလံ၊ သာသနဿ မဟေသိနော။
ဥဒါဟု ပဋိပတ္တီတိ၊ ပရိယတ္တီတိ ဒီပယေ။

မဟေသိနော၊ သီလက္ခန္ဓ စသည်ကျေးဇူး ဂုဏ်အထူးကို ဆည်းပူးရှာမှီး လေ့ကျက်ပြီးသည့် အရှင်မြတ်ကြီးဖြစ်တော်မူသော ဗုဒ္ဓရှင်၏။ သာသနဿ၊ သာသနာတော်၏။ မူလံ၊ အကြောင်းရင်းမူလသည်။ ပရိယတ္တိ နု ခေါ၊ ပရိယတ်လေလော။ ဥဒါဟု၊ ထိုသို့မဟုတ်။ ပဋိပတ္တိ နု ခေါ၊ ပဋိပတ်လေလော။ ဣတိ ပုစ္ဆာယံ၊ ဤသို့ နှစ်ထွေနှစ်ပါး မေးခဲ့ငြားသော်။ ပရိယတ္တိ၊ ပရိယတ်သည်။ မူလံ၊ အကြောင်းရင်းမူလပါတည်း။ ဣတိ၊ ဤသို့။ ဒီပယေ၊ ပြသ ဖြေဆိုရာသတည်း။

(သဒ္ဒနီတိသုတ္တမာလာ၊ နှာ-၄၃၀)။

## ရဟန်းတပါး စာပြန် (စာအံ) နေရင်း ရဟန္တာဖြစ်သွားပုံ

ကောသလတိုင်း တောအုပ်၌ နေသော ရဟန်းတပါးသည် ဆရာသမား၌ ပြုသင့်ပြုထိုက်သော တံမြက်လှည်းခြင်း၊ ခရီးဦးကြိုဆိုခြင်း၊ သပိတ်သင်္ကန်းလှမ်းယူခြင်း၊ နယ်ဆိလိမ်းပေးခြင်း အစရှိသော ဝတ်နိဗဒ်တို့ကို ပြုစုလုပ်ကျွေးပြီးလျှင် ဗုဒ္ဓထံ၌ ပါဠိစာပေကျမ်းဂန်ကို သင်ယူ၍ နေဝင်သည်တိုင်အောင် စာပြန်(စာအံ)သရဇ္ဈာယ်ခြင်းအမှုကိုပြု၏။

ထိုရဟန်းသည် ရှေးနည်းအတူပင် ဆရာသမား၌ ပြုထိုက်သော ဝတ်နိဗဒ် ဝတ်တရားများကို ပြုမြဲပြုလုပ်၍ ရှိခိုးပြီးလျှင် ညဉ့်ဦးပဌမယာမ်၌ စာပြန် (စာအံ) သရဇ္ဈာယ်ခြင်းအမှုကို ပြုမြဲပြု၍ မဇ္ဈိမယာမ်၌ ခန္ဓာကိုယ်ကို အနားပေးသောအားဖြင့် သက်သာခွင့်ရအောင်ပြု၏၊ (လျောင်းစက်၏)၊ လင်းအားကြီး ပစ္ဆိမယာမ်၌ ဆရာထံဝယ် သင်ယူအပ်ပြီးသောကျမ်းစာများကို အရဏ်တက်သည့်တိုင်အောင် တဖန် ထပ်မံသရဇ္ဈာယ်မှု(စာပြန်မှု)ကို ပြုလျက် မိမိ၏ ရှေးရှေးချုပ်ပြီးသွားသော အသံကို အာရုံပြု၍ ဖြစ်ခြင်းပျက်ခြင်းအားဖြင့် ဆင်ခြင်သုံးသပ်၏၊ စိတ်ကြောင့်ဖြစ်သော ထို အသံ သဒ္ဒရုပ်တရားမှ ကြွင်းကျန်သော ဥပါဒါရုပ် ဘူတရုပ် နာမ်ရုပ်ဟူသော ခန္ဓာငါးပါးတို့၌ ဝိပဿနာ(ရှုပွါးမှု)ကို တိုးပွါးအောင်ပြုသဖြင့် ရဟန္တာအဖြစ်သို့ ရောက်ရလေ၏။

ထိုသို့ ရဟန္တာအဖြစ်သို့ ရောက်သောအခါ ကျမ်းဂန်သင်ကြားမှုကိုင်း၊ စာပြန်သရဇ္ဈာယ်မှုကိုင်း မပြုတော့၊ ထို စာပြန်သရဇ္ဈာယ်မှုကို ပြုရခြင်း၏ အထွတ်အထိပ်သို့ ရောက်သဖြင့် ဖလသမာပတ် ချမ်းသာကိုသာ ခံစားလျက် အချိန်ကုန်စေ၏၊ ထိုရဟန်းသီတင်းသုံးရာ တောအုပ်၌နေသောနတ်သည် အရှင်မြတ်၏ သာယာသောအသံဖြင့် စာပြန်သရဇ္ဈာယ်သောအသံကို မကြားရသောကြောင့် "အို ရဟန်း – အရှင်မြတ် မကျန်းမာ၍လော၊ သို့မဟုတ် ဆရာသမား မကျန်းမာ၍လော၊ အဘယ်အကြောင်းကြောင့် စာပြန်သရဇ္ဈာယ်ခြင်းကို မပြုပါသနည်း။

ရဟန်းတို့နှင့် ပေါင်းဖော်ရသောသူသည် တရားကိုနာရသောကြောင့် မျက်မှောက် ဘဝ၌ ကြည်ညိုခြင်းကိုလည်း ရပါ၏၊ ချီးမွမ်းခြင်းကိုလည်း ခံရပါ၏''ဟု နတ်က လာရောက် လျှောက်ထားလေသတည်း။ (သံ၊ ၁၊ ၂၀၄။ သံ၊ ဋ၊ ၁၊ ၂၇၀)။

**ပုဂံခေတ်နှင့် ပရိယတ္တိသာသနာ။** ။ပုဂံပြည်၌ ရှင်အရဟံသည် ပရိယတ်ကို ရှေးဦးစွာ ကိုယ်တိုင် သင်ကြားခဲ့သည်၊ ပရိယတ်၏ အနှစ်သာရ အနှစ်အသားဖြစ်သော အကျင့်ပဋိပတ်ကိုလည်း အားထုတ်တော်မူသဖြင့် ရဟန္တာအဖြစ်သို့ရောက်တော်မူပြီးနောက် ပရိယတ်ကို လျစ်လျူရှုတော်မမူဘဲ အနော်ရထာမင်းအား ပရိယတ်ကို ဟောပြော၍ သာသနာပြုခဲ့ပေသည်။

ထို့ကြောင့် ပုဂံပြည်၌ ပရိယတ္တိသာသနာ ပွင့်ထွန်း တောက်ပခဲ့သည်၊ ထို ပုဂံပြည် ကျစွာမင်းမှစ၍ ထီးသူ နန်းသားနှင့်တကွ ပြည်သူ တိုင်းသားတိုင်အောင် ပရိယတ်ကို အား ထုတ်ကြသည်၊ အားထုတ်ကြသလောက်လည်း ပရိယတ် တကယ် တတ်မြောက်ကြသည်၊ ထို ပုဂံပြည်၏ ပရိယတ်သာသနာ ကျေးဇူးသည် ယနေ့တိုင် မြန်မာနိုင်ငံ၌ ကျေးဇူးများလျက် ရှိသည်။

**စာတတ် ပေတတ် အရှင်မြတ်ကို ကံကောင်းထောက်ပ၍ ဖူးတွေ့ရပုံ**

အခါတပါး မြတ်စွာဗုဒ္ဓသည် သက္ကတိုင်း ဝေဝည အမည်ရှိသော သာကီဝင်မင်း မျိုးတို့၏ သရက်ဥယျာဉ်၌ ဆောက်လုပ်အပ်သော ပြာသာဒ်ဝယ် သီတင်းသုံးတော်မူသည်၊ ထိုအခါ မြတ်စွာဗုဒ္ဓသည် ပါသာဒိကသုတ်၌''ဤသို့ အက္ခရာ သဒ္ဒါတို့၏ အနက်အဓိပ္ပါယ် အသွယ်သွယ်တို့နှင့်လည်း ပြည့်စုံ, ဤသို့ အက္ခရာပုဒ်ပါဠိ ဝိဂ္ဂဟ် ဝစနတ် ဓာတ် လိင် ပစ္စည်း သဒ္ဒါနည်းတို့နှင့်လည်း ပြည့်စုံတတ်မြောက်သော သဘောရှိသော သီတင်းသုံးဘော် အရှင် ကောင်း အရှင်မြတ်ကို အကြင်ငါတို့သည် တွေ့ကြုံ ဖူးမြင်ခွင့် ရကြကုန်၏၊ ငါ့ရှင်တို့ ထို ငါတို့ကား ကောင်းစွာ လှ လှ အရတော်ပေစွ၊ ငါ့ရှင်တို့ ထို ငါတို့အား လူ၏အဖြစ်ကို ကောင်းစွာလှလှ ရအပ်ပါပေစွ၊ ဤသို့ အချင်းချင်း ပြောဆိုရမည်''ဟု ဟောတော်မူ၏။

(ပါထိကဝဂ္ဂ၊ ပါသာဒိကသုတ် ပါဠိတော်၊ ၁၀၆-၇)

**ကိုယ်တော်အရာ၌ထား၍ ချီးမြှောက်တော်မူပုံ။** ။ပရိယတ် တတ် ကျွမ်းသော ရဟန်း ကို ကိုယ်တော်အရာ၌ ထား၍ ချီးမြှောက်တော်မူပုံမှာ –

ပါသာဒိကသုတ် အဋ္ဌကထာ၌ – အင်္ဂုပေတံ ဗျဉ္ဇနုပေတံ = ပရိယတ္တိဓရ ဂန္ထတ္တရ ဗဟုဿုတ ပြည့်ကြွယ်ဝ၍ စာကိုလျှိုကွပ် မှုသောရဟန်းကိုဂုဏ်ရောင် လွှမ်းအောင် ချီးမွမ်းကြလေကုန် –

ဟုတိုက်တွန်းစကား မိန့်ကြားပြီးပြီး၍ ဆက်လက်တဖန် မိန့်ကြားတော်မူသည်မှာ-

"ချစ်သား စုန္ဒ-နိကာယ်ငါးစုံ သုံးပုံပိဋကတ် ပရိယတ်ကို တတ်ကျွမ်းသော ထိုရဟန်းတော်သည် သင်ချစ်သားတို့၏ တပည့်သာဝက မဟုတ်ချေ၊ ဤရဟန်းသည် သင်ချစ်သားတို့၏ ဗရားပင်တည်း" -

ဤသို့ မြတ်စွာဗုဒ္ဓရား၏ အလိုတော်ကို မိန့်မြွက်တော်မူလျက် ဗုဒ္ဓမြတ်စွာသည် ဆိုအပ်ပြီးသော ကျမ်းဂန်အရပ်ရပ်တို့၌ နှံ့စပ်တတ်ကျွမ်း အစွမ်းသတ္တိ ဗလ-များသော ဗဟုဿုတ ရှိသော သားတော် ရဟန်းကို ကိုယ်တော်မြတ်၏ အရာ၌ ထားသည်အထိ ချီးမြှောက်တော်မူပေသည်။ (ပါတိကဝဂ္ဂ၊ ပါသာဒိကသုတ်၊ ဌ၊ ၉၅)

### အဋ္ဌကထာ စကားကို သင်္ဂဟ ဂါထာအားဖြင့် ပြဆိုခြင်း

ဗဟုဿုတော သုဝါစေန္တော၊ တုမှံ ဘိက္ခု န သာဝကော။
သော စုန္ဒ ဇိနေသဝါတိ၊ အတ္တဋ္ဌာနေ ဌပေ မုနိ။

စုန္ဒ၊ ချစ်သားစုန္ဒ။ ဗဟုဿုတော၊ ဂန္ထန္တရ ကျမ်းအဝဝ၌ ပို့ချစွမ်းအား များပြားသော ပရိယတ် အမှတ်အသားရှိသော။ သုဝါစေန္တော၊ ဗုဒ္ဓကျမ်းဂန် အတန်တန်ကို ဖန်ဖန်နှေ့ည မှန်ပို့ချပေးသော။ ဘိက္ခု၊ ကျမ်းတတ် ပေတတ် ပိဋကတ်အကျော် ငါ့သားတော် ရဟန်းသည်။ တုမှံ၊ သင်ချစ်သားတို့၏။ န သာဝကော၊ တပည့် သာဝက မဟုတ်ပေ။ သော-သော၊ ပရိယတ္တိဓရေ ဂန္ထန္တရ ဗဟုဿုတ ပြည့်ကြွယ်ဝ၍ ပိဋကတ်ကျမ်းတော် နှံ့စပ်ကျော်သည့် သားတော် ထိုရဟန်းသည်။ ဇိနေသဝ၊ ယုံမှားမဝင် သူ့စွမ်းအင်ကြောင့် ငါဗရားပင် မည်လေတော့၏။ ဣတိ၊ ဤသို့။ မုနိ၊ အဂါရိက စသည်အပြား မုနိများ၏ ထွဋ်ဖျားပရမေ မဟေစောထိး ဗရားကိုယ်တော်မြတ်ကြီးသည်။ တံ ဘိက္ခုံ၊ ပိဋကတ်နယ် ပညာကြွယ်၍ သွယ်သွယ်ကျမ်းတတ် စာတတ်ကျော်မော် ထိုသားတော် ရဟန်းကို။ အတ္တဋ္ဌာနေ-အတ္တနော ဌာနေ၊ ကိုယ်တော်မြတ်၏ အရာ၌။ ဌပေ-ဌပေတိ၊ မြတ်မုနိသဘော မစော ကြောနှင့် လောကထင်ရှား မျက်မြင်အားဖြင့် ထားတော်မူခဲ့ပါသတည်း။

### ပိဋကတ် တတ်ကျွမ်း စာချစွမ်းနိုင်သော ရဟန်းကို ဗုဒ္ဓမြတ်စွာသည် အဘယ့်ကြောင့် ဤမျှ ချီးမြှောက်တော်မူပါသနည်း

နိကာယ်ငါးဖြာ အင်္ဂါကိုးရပ် ပိဋကတ်သုံးပုံ ဓမ္မက္ခန္ဓာ ရှစ်သောင်းလေးထောင်ဟု ဆိုအပ်သော ပရိယတ်တရားသည် သဗ္ဗညု ရှင်တော်မြတ်၏ ကိစ္စအရပ်ရပ်ကို ပြုတတ်ဆောင်ရွက်တတ်သည့် အဖြစ်ကြောင့်ရင်း၊ ထိုဆိုအပ်ပြီးသော ဂုဏ်နှင့်ပြည့်စုံသော ရဟန်း၏ ဗရားကိစ္စကို ပြုတတ် ဆောင်ရွက်တတ်သော ထိုပရိယတ်တရား၌ ကောင်းစွာသာလျှင် တည်သည်၏ အဖြစ်ကြောင့်ရင်း ဤအကြောင်းနှစ်ရပ်ကြောင့်ဟူ၍ ဋီကာဆရာ ဖြေရှင်းပြဆိုတော်မူထားသည်။ (ပါထိကဝဂ္ဂ၊ ဋီကာ၊ ၉၁)

## ဋီကာစကားကို သင်္ဂဟ ဂါထာအားဖြင့် ပြဆိုခြင်း

သော ဟိ ပရိယတ္တိဓမ္မဿ၊ သတ္ထုကိစ္စကရော တထာ။
တတ္ထ စဿ ဌိတာ သမ္မာ၊ ဗုဒ္ဓေါ နာမာတိ ဘာသိတော။

ဟိ သစ္စံ၊ ထိုစကားသည် မမှားကေန် မှန်လှပေ၏။ သော၊ ထို ရဟန်းကို။ ပရိယတ္တိဓမ္မဿ၊ သုံးပုံပိဋကတ် ငါးရပ်နိကာယ် ကိုးသွယ်အင်္ဂါ ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်း လေးထောင်ဟု ဆိုအပ်သော ပရိယတ္တိတရား၏။ သတ္ထုကိစ္စကရော စ၊ ဗုဒ္ဓကိစ္စ ဟူသမျှကို လှလှကေန် အမှန်ပြုတတ်သည်၏ အဖြစ်ကြောင့်ငှင်း။ တထာ၊ ထိုမှတပါး။ အဿ၊ ပိဋကတ်တတ်ကျွမ်း ထို သားရဟန်း၏။ တတ္ထ၊ သုံးပုံပိဋကတ် ထို ပရိယတ်တရား၌။ သမ္မာ၊ မတိမ်းမစောင်း ကောင်းမွန်စွာ။ ဌိတာ စ၊ ကြံရည် ဖန်ရည် ဉာဏ်စွမ်းရည်ဖြင့် တည်သည်၏အဖြစ်ကြောင့်ငှင်း။ ဗုဒ္ဓေါ နာမာတိ၊ လောကသုံးအင် လွန်ပင်ထင်ရှား ဗုဒ္ဓမည်၏ဟူ၍။ ဘာသိတော၊ သာသနာအရှည် တည်နိုင်မည့်အရေး မျှော်ရှုတွေး၍ အားပေးချီးမြှောက် ခြင်္သေ့ဟောက်သို့ ရဲရဲတောက် မိန့်ဆိုတော် မူအပ်ပါသတည်း။

### ကိုယ်တော်မြတ်အရာ၌ ထားတော်မူပုံ

'လာဘာ နော အာဝုသော' အစရှိသော ပါဠိတော် စကားရပ်ဖြင့် ပိဋကတ် တတ်ကျွမ်း ထို ရဟန်းအား ရဟန်းတော်အရှင်မြတ်တို့၏ ချစ်မြတ်နိုးအပ်သည်၏အဖြစ်, အလေးအမြတ် ပြုအပ်သည်၏အဖြစ်ကို ထင်ရှားစွာ ပြတော်မူလိုသောကြောင့် မြတ်စွာဗုဒ္ဓသည် ထို ရဟန်းကို ကိုယ်တော်မြတ်အရာ၌ထားပြီး ချီးမြှောက်တော်မူသည်ဟု ဋီကာ၌ ပြဆိုတော်မူထားပြန်သည်။ (ပါထိကဝဂ္ဂ၊ ဋီကာ၊ ၉၂)

တဖန်ထိုမှ ထေရ ၄၊ ၂၊ ၇၂၄-၌ လည်း ပရိယတ်တရား၌ များသော အမှတ်အသားအကြားအမြင်ရှိသော ပုဂ္ဂိုလ်သည် မြတ်သော မင်္ဂအကျင့်၏ (မူလအကြောင်းရင်း) ပဓာနပြဋ္ဌာန်းသော အကြောင်းဖြစ်သည်ဟု ပြဆိုထားပါသည်။

### ထိုရဟန်းကို နတ်ဗြဟ္မာတို့ကလည်း ချီးမွမ်းကြပုံ

ဗဟုဿုတံ ဓမ္မဓရံ၊ သပ္ပညံ ဗုဒ္ဓသာဝကံ။
နိက္ခံ ဇမ္ဗောနဒဿေဝ၊ ကော တံ နိန္ဒိတု မရဟတိ။
ဒေဝါပိ နံ ပသံသန္တိ၊ ဗြဟ္မုနာပိ ပသံသိတော။

ဗဟုဿုတံ၊ လောကုတ် လောကီ သဘောညီအောင် ကြံစည်စိတ်ကူး ဉာဏ်မြင်စူးဘို့ အထူးသိမြင် တရားထင်သည့် ကြားမြင်များသော ဗဟုဿုတလည်းရှိပေထသော။ ဓမ္မဓရံ၊ ငါးရပ်နိကာယ် သုံးသွယ်ပိဋကတ် ပရိယတ်တရားကို အားထုတ်ဆောင်ရွက်ထသော။ သပ္ပညံ၊ မင်္ဂ, ဖိုလ်, နိဗ္ဗာန် ရောက်ကြောင်းမှန်သည့် သိဉာဏ်ထူးဘိ ဇာတိပညာ ပါရိဟာရိယပညာ

ဝိပဿနာပညာလည်းရှိထသော။ တံ ဗုဒ္ဓသာဝကံ၊ ဂန္ထဓုရ ဗဟုဿုတ သီလ ပညာ အစဉ်ဖြာလျက် သာသနာချီးမြှောက် ထိပ်တန်းရောက်သည့် ဦးဆောက်ပန်းသွင် ဂုဏ်အင်ပေါပြည့် ထိုကဲ့သို့ သဘောရှိသော ကဝိထင်ပေါ် ဗရာ့သားတော်ကို။ကော၊ ဣဿာ မစ္ဆေအပြစ်တွေနှင့် ညစ်ပေလူးလဲ အမြဲငြူစူ အဘယ်သူသည်။ နိန္ဒိတုံ၊ ဂုဏ်ကိုချီးဖဲ့ ကျေးဇူးမဲ့အောင် ကဲ့ရဲ့ပြစ်တင်ခြင်းငှါ။ အရဟတိ၊ စရိုက်အလာ မကိုက်ရာသဖြင့် ထိုက်ပါချေအံ့နည်း။ ဇမ္ဗောနဒဿ၊ပြောင်တဝင်းဝင်း အခေါင်ချင်းမျှ ရောင်လင်းထိန်ညီ သိင်္ဂီနှရွှေစစ် ဇမ္ဗူရာဇ်၏။ နိက္ခံ၊ တနိက္ခကို၊ဝါ-ကာလအခေါ် ခေတ်ပေါ်သညာ တပိဿာကို။ဝါ-တပိဿာစီး ညီးညီးထိန်ပြောင် အရောင်ဝင်းသစ် ဇမ္ဗူရာဇ်ခေါ်ပေ သိင်္ဂီရွှေကို။ နိန္ဒိတုံ၊ ဘယ်သို့ဘယ်ညာ အပြစ်ရှာ၍ ဇာတ်ပမာဏ နှစ်ဝမြစ်ရင်း ကဲ့ရဲ့ခြင်းငှါ။ န အရဟတိ ဣဝ၊ အမဲအမိုက် မဲ့စရိုက်ဖြင့် မထိုက်မတန်သကဲ့သို့ပါတည်း။

နံ၊ထို ဂန္ထဓုရ ဗဟုဿုတ သီလ ပညာ အစဉ်ဖြာလျက် သာသနာချီးမြှောက် ထိပ်တန်းရောက်သည့် ဦးဆောက်ပန်းသွင် ဂုဏ်အင်ပေါပြည့် ကဝိထင်ပေါ် ဗရာ့သားတော်ကို။ ဒေဝါပိ၊ ဣန္ဒာဒေဝ ဝရုဏနှင့် ယမနိမ္မာ ရှိန်ဝါကြီးမြတ် အနတ်နတ်တို့သည်လည်း။ ပသံသန္တိ၊ သာဓုသာဓု သဒ္ဒါမှုဖြင့် ထုတိအားရမ်း ခြိမ့်ခြိမ့်မွမ်းမျှ ချီးမွမ်းကြလေကုန်သတည်း။ ဗြဟ္မုနာပိ၊ ဗြဟ္မပါရီ အစရှိ၍ ထို၏အထက် ဆင့်ဆင့်တက်ကာ သုဒ္ဓါဘုံထိပ် အကနိဋ္ဌထိ ဈာန်ဒိဗ္ဗမျိုး တန်ခိုးရှိန်လင်း ဗြဟ္မာမင်းသည်လည်း။ ပသံသိတော၊ သာဓုသံတော် ကြိမ်ကြိမ်ခေါ်လျက် ကော်ရော်အားရမ်း တရားလမ်းဖြင့် ချီးမွမ်းပူဇော်အပ်လေတော့သတည်း။ (အင်္ဂုတ္တရ၊ ပ-တွဲ၊ နှာ၊ ၃၁၄။ ဝိသုဒ္ဓိမဂ်၊ ဋ္ဌ၊ ပ၊ နှာ၊ ၄၆)

ထိုမှတပါး = အင်္ဂုတ္တိုရ် ပါဠိတော်၌ သာသနာကွယ်ခြင်း၏ အကြောင်း (၁၅) တဆယ့်ငါးမျိုး ဟောတော်မူထားသည့်အနက် စာချပုဂ္ဂိုလ်ရှားပါး၍ မရှိခြင်းသည်လည်း သာသနာကွယ်ခြင်းတရပ် အပါအဝင်ဖြစ်ပေသည်။

ဤနေရာ၌ သာသနာမကွယ်ရအောင် အစိုးရနှင့် ပြည်သူလူထုတို့ဘက်က ဆောက်ပံ့မှု မျက်မြင်အားဖြင့် ကောင်းကောင်းကြီး ပြည့်စုံလုံလောက်လျက်ရှိပေသည်ဟု ဆိုနိုင်သည်၊ ဤစာရေးသောပုဂ္ဂိုလ်နှင့်တကွ သာသနာ့ညီတော် နောင်တော်ဖြစ်တော်မူကြသော ရဟန်းသံဃာတော်တို့ဘက်က တာဝန်ပျက်ကွက်မှုကြောင့်သာ သာသနာကွယ်ပမည်ကို အောက်ပါ အကြောင်းအရာများကို တွေ့ရသောအားဖြင့် အလွန်စိုးရိမ်ဘွယ်ရာ ရှိပါသည်။

## သာသနာကွယ်ခြင်း၏ အကြောင်းတရား (၁၅)ပါး

(၁) ရဟန်းများ တရားမနာခြင်း (လူများလည်း ပါရှိသည်)၊

(၂) စာပေကျမ်းဂန်များကို မသင်ကြားခြင်း၊

(၃) နှုတ်တက် အာဂုံ, အရ မဆောင်ခြင်း၊

(၄) အနက် အဓိပ္ပါယ်ကို သိအောင် မပြုခြင်း၊

(၅) ပဋိပတ်ကို မကျင့်ခြင်း၊

ဤ ငါးပါးလည်း တရပ်။

တနည်း- (၁) စာသင်အလုပ်ကို ပယ်ဖြုတ်ထားခြင်း၊

(၂) တရားအကျယ် မဟောခြင်း၊

(၃) စာပေ ကျမ်းဂန်ကို အကျယ်အားဖြင့် မချဲ့ပို့ခြင်း၊

(၄) စာပေ ကျမ်းဂန်ကို အကျယ်အားဖြင့် မသရဇ္ဈာယ်ခြင်း၊

(၅) အနက်အဓိပ္ပါယ်ကို မကြံမစည်ခြင်း၊

ဤ ငါးပါးလည်းတရပ်။

တနည်း-(၁) မမှန် မကန် ပုဒ်, ပါဌ်, အက္ခရာပါဠိပျက်များကို လေ့ကျက်သင်ကြားခြင်း၊

(၂) ဆရာသမားတို့၏ အဆုံးအမကို မနာယူခြင်း၊

(၃) စာချမည့် ပုဂ္ဂိုလ် ရှားပါးခြင်း၊

(၄) အချင်းချင်း ခိုက်ရန်ကွဲပြားခြင်း (ကျောင်းလုခြင်း)၊

(၅) လာဘ်, လာဘပေါ်များအောင် ပြုလုပ်အားထုတ်ခြင်း၊

ဤ ငါးပါးလည်း တရပ်တို့ကို ပေါင်းစပ်လျှင် သာသနာကွယ်ကြောင်း(၁၅)တဆယ့်ငါးပါးတို့ကို သတိပြုကြကုန်ရာ၏။

(အင်္ဂုတ္တိုရ်ပါဠိတော်၊ ဒုတိယအုပ်၊ သဒ္ဓမ္မသမ္မောသသုတ်၊ ၁၅၅-၆။)

ဤ (၁၅) ပါးတို့ကို ပယ်ရှား၍ သုက္ကပက္ခအားဖြင့် ကျင့်သုံး,ကျင့်ကြံ,လိုက်နာလျှင် သာသနာတည်ကြောင်း (၁၅)ပါးဟူ၍ပင် ဗုဒ္ဓဟောတော်မူသည်။

သာသနာကွယ်ကြောင်းတရား (၁၅)ပါးလကာ

* အဂ္ဂတ္တိုရိလာ၊ သာသနာကွယ်ကြောင်း၊ တရားပေါင်းကား၊ ရဟန်းများတို့၊ တရား မနာ၊ စာပေ မသင်၊ နှုတ်တွင် မဆောင်၊ သိအောင် မပြု၊ ဓမ္မာနု ဓမ္မတ်၊ ပဋိပတ်ကွာ၊ ဤငါးဖြာတည်း။

* နောက်လာထို့ပြင်၊ စာသင်ပယ်လျော့၊ ကျယ် မဟောကြ၊ ကျယ် မချနှင့်၊ ကျယ်စွာမအံ၊ မကြံ မစည်၊ ဤ ငါးမည်တည်း။

* ဝါ တနည်းမှာ၊ အကျွရာပုဒ်ပျက်၊ လေ့ကျက်သင်ကြ၊ ဆုံးမ ခက်သူ၊ စာချသူရှား၊ လာဘ်များအောင်ကြံ၊ ခိုက်ရန်ကွဲပြား၊ ဤ ငါးပါးသည်၊ ဗရားသာသနာ ကွယ်ကြောင်းတည်း။

သာသနာတည်ကြောင်းတရား (၁၅)ပါးလကာ

* အဂ္ဂတ္တိုရိလာ၊ သာသနာတည်ကြောင်း၊ တရားပေါင်းကား၊ ရဟန်းများတို့ တရားတော်နာ၊ စာပေကိုသင်၊ နှုတ်တွင်ရဆောင်၊ သိအောင်လည်းပြု၊ ဓမ္မာနုဓမ္မတ်၊ ပဋိပတ်ကို၊ ကျင့်အပ်မကွာ၊ ဤငါးဖြာတည်း။

* ထဝ ါထို့ပြင်၊ စာသင်ပြန့်ပြော၊ အကျယ်ဟောကြ၊ အကျယ်ချနှင့်၊ ကျယ် စွာလည်းအံ၊ ကြံကြံစည်စည်၊ ဤ ငါးမည်တည်း။

* ဝါ တနည်းမှာ၊ အကျွရာပုဒ်မှန်၊ သင်အံကျက်ကြ၊ ဆုံးမ လွယ်ကူ၊ စာချသူများ၊ လာဘ်များ မပန့်၊ ခိုက်ရန်ပယ်ရှား၊ ဤ ငါးပါးသည်၊ ဗရားသာသနာ တည်ကြောင်းတည်း။

မှတ်ချက်။ ။သာသနာ တည်ခြင်း၏အကြောင်း ပရိယတ်သာ ပမာဏ (ပဓါန) ဖြစ်ကြောင်း စသည်ကို အမျိုးမျိုးပြဆိုခဲ့ရာ၌ နောင်လာ နောက် သားတို့ အသိဉာဏ် ချွတ်ချော်တိမ်းပါး၍ ပရိယတ်တရားကို ကျင့် မှား ပုတ်ခတ် မ ပြော ဆို မိ ကြ စေ ရန် အ တွက် ရည်ရွယ်ချက်နှင့် မေတ္တာသက်ဝင် ကရုဏာယှဉ်ကာ သဒ္ဓါစေတနာ ထက်သန်စွာဖြင့် အပ္ပန် ဖော်ပြလိုက်ရပါသည်။

ထို့ကြောင့် - ပရိယတ်တရားတည်းဟူသော လေ့ပေါ်ဌ်ထိုင်ပြီး ပဋိပတ် တရား တည်းဟူသော လှော်တက်ကိုကိုင်၍ ပိုင်ပိုင်ကြီး လှော်ခတ်ကြပြီးလျှင် မိး တဆယ့်တတန် ငြိမ်းအေးရာပုန် မြတ်နိဗ္ဗာန်သို့ လျင်မြန်စွာ ရောက်နိုင်ကြပါစေဟု ပတ္ထနာဆုကို အထူးပြု လိုက်ပါ၏။

## တိုင်းသားပြည်သူလူထုအား အထူးတိုက်တွန်းခြင်း

ပြဆိုအပ်ခဲ့ပြီးသော စကာရပ်တို့ဖြင့် 'ပရိယတ္တိယာ ဌိတာယ သာသနံ ဌိတံ ဟောတိ' အဋ္ဌကထာ[၁] များအရ ပရိယတ္တိတရားတည်ရှိနေသော် သာသနာ တည်ရှိနေသေးကြောင်း သိလောက်ကောင်းပေပြီ၊ သာသနာကွယ်ရာ၌ သာသနာသုံးရပ်တို့တွင် ပရိယတ္တိ သာသနာ သည် ရှေးဦးစွာကွယ်မည်ဖြစ်၏၊ ထို ပရိယတ္တိ သာသနာတွင်လည်း အဘိဓမ္မာ ပိဋကတ် တော်သည် ရှေးဦးစွာ ကွယ်မည်ဖြစ်၏၊ အဘိဓမ္မာ ပိဋကတ်တော်တွင်လည်း —

* ကျမ်းကြီးပဋ္ဌာန်း၊ ကျမ်းငယ်ဆန်း၊ ကျမ်းလတ် ဓါတုကထာ —

ဟူ၍ အခက်(၃)မျိုး ဆိုရိုးရှိသည့်အတိုင်း အနက်နဲဆုံး အ ခက် ခဲ ဆုံး ဖြစ် သော အဘိဓမ္မာဒေသနာတော် ပဋ္ဌာန်းကျမ်းကြီးသည် ရှေးဦးအစဆုံး ကွယ် မည် ဖြစ် ပါ သည်၊ ထို့နောက် အစဉ်အတိုင်း ဓမ္မသင်္ဂဏီကျမ်းစသည် ကွယ်မည်ဖြစ်၏၊ သုတ္တန်, ဝိနည်း ပိဋကတ် နှစ်ပုံ မကွယ်သေးလျှင် သာသနာတည်ဆဲပင်ဖြစ်၏။

(မ၊ ဋ္ဌ၊ ၄၊ ၀၀-၀၀။ အံ၊ ဋ္ဌ၊ ၁၊ ၆၀)။

ထို့ကြောင့် - ယခုအခါကာလ၌ ရန်ကုန်မြို့ကြီးမှစ၍ အဘိဓမ္မာ သင်တန်းများပေး ခြင်း, အဘိဓမ္မာပြန့်ပွါးရေးအသင်းများ တည်ထောင်ခြင်း, ပဋ္ဌာန်းဒေသနာတော် ရွတ်ဆို ပူဇော်ပွဲများကို အမြို့မြို့ အရွာရွာတို့၌ ကျင်းပပြုလုပ်နေခြင်းများသည် တန်ဘိုး မဖြတ်နိုင် လောက်အောင် အကောင်းဆုံးသော ပူဇော်ပွဲများဖြစ်ပါပေသည်။

သို့ဖြစ်သည့်အားလျော်စွာ တနှစ်ထက်တနှစ်, တသင်းထက်တသင်း တိုးတက်ခြင်း ရှိအောင်သာ အထူးဆောင်ရွက်ကြဘို့ တိုက်တွန်းလိုပါသည်၊ ထိုသို့ အဘိဓမ္မာသင်တန်း စသည်တို့ဖြင့် တည်ထောင်၍ ခန္ဓာ,အာယတန အစရှိသော ရုပ်နာမ်တို့ကို သိအောင်အထူး လေ့လာမှု ပြုနိုင်ကြပေမည်။

သာသနာပ အခါကာလ၌ကား ထိုရုပ်နာမ်တို့၏ သဘောအဓိပ္ပါယ်ကို သိရန်မဆို ထားနှင့် ရုပ်, နာမ်, နိဗ္ဗာန်ဟူသော အသံကိုမျှ မကြားရချေ၊ ယခုကဲ့သို့ သာသနာနှင့် ကြုံကြိုက်သော်လည်း ခန္ဓာ, အာယတန, ပဋိစ္စသမုပ္ပါဒ်တရား စသည်များကို သိအောင် သင်ကြားခြင်း, ဆောင်ရွက် လေ့ကျက်ခြင်း, ဆွေးနွေး မေးမြန်းခြင်း, နာကြားခြင်းမပြုက မျက်စိနှစ်ဘက် ဘယ်လိုပင် ကောင်းနေသော်လည်း အကန်းအန္ဓပုထုဇဉ် မည်၏။

ဆိုအပ်ပြီး တရားများကို သိအောင် လေ့လာခြင်း စသည်ကိုပြုလျှင် မျက်စိနှစ်ဘက် ဝမ်းတွင်းမှ ပျက်လာ၍ 'အကန်း'ဆိုရစေကာမူ မဂ်, ဖိုလ်ရကြောင်း အလွန်ကောင်းသော ကလျာဏပုထုဇဉ် ဖြစ်ကြောင်း ပုထုဇဉ်နှစ်မျိုးကို ဗုဒ္ဓက ဟောတော်မူခဲ့သည်။

---

၁။ မ၊ ဋ္ဌ၊ ၄၊ ၉၁-၀၀။

ကလျာဏ ပုထုဇဉ်မဖြစ်လျှင် မည်သည့် မဂ်,ဖိုလ်,နိဗ္ဗာန်တရားထူးကိုမျှ မရနိုင်ပါ၊ ထို့ကြောင့်-ကလျာဏ ပုထုဇဉ်ကောင်း အစစ်ကြီး ဖြစ်သည်ထက်ဖြစ်အောင် ကြိုးစားမှသာလျှင် မဂ်,ဖိုလ်,နိဗ္ဗာန်ရမည် အမှန်ဖြစ်၍ နေ့မအား ညမအား အဘိဓမ္မာ တရားကို ကြိုးစား ပွါးများအားထုတ်နိုင်ကြပါစေကုန်သတည်း။

## ဓမ္မမာမက ဓမ္မကထိက အရှင်မြတ်များအား တိုက်တွန်းတောင်းပန်ခြင်း

ဤလောက၌ "ယုန်သူငယ်သည် သမုဒ္ဒရာဝယ် ကူးခြင်းငှာ မလွယ်ကူသလို"-စာချနိုင်စွမ်း တရားဟောနိုင်စွမ်းရှိသော ပုဂ္ဂိုလ်ကောင်း ပုဂ္ဂိုလ်ထူးများ အလွန်နည်းပါးသကဲ့သို့ ဓမ္မ, အတ္ထ, ဒေသနာ, ပဋိဝေဓတို့၏ နက်နဲ ခက်ခဲလှသောကြောင့် ထိုဓမ္မ,အတ္ထတို့၏ နက်နဲခက်ခဲသော သဘောအဓိပ္ပါယ်တို့ကို တရားနာ ရှင်, လူအများတို့အား ပေါ်လွင်ထင်ရှားနားလည်စွမ်းရှိအောင် ဟောနိုင် ပြောနိုင်ဘို့ရာ ဓမ္မကထိက အရှင်ကောင်း အရှင်မြတ်တို့၏ ဟောပြောနိုင်စွမ်းရှိသော ဒေသနာဉာဏ် (အသိဉာဏ်)နှင့် ပြည့်စုံမှုကို ရရှိဘို့လည်း အတိဒုက္ကရ လွန်လွန်မင်းမင်း ခဲယဉ်းလှပါပေသည်၊ သို့ ခဲယဉ်းလှပါသော်လည်း—

"ဝိရိယနှင့် ဉာဏ် နှစ်ပါးသန်မှ ပါရမီကံ အကျိုးပေးသန်နိုင်ပေသည်"

ဟူသော သီးလုံးဆရာတော်ကြီး၏ အဆုံးအမအတိုင်း ရှေးကံ ပါရမီထူးလည်းရှိကြ၍ လုံ့လစွမ်း ဉာဏ်စွမ်းနှင့် အပင်ပန်းခံနိုင်စွမ်းရှိကြကုန်သော ဓမ္မကထိက အရှင်ကောင်း အရှင်မြတ်တို့၏ ဟောပြောမှုတို့ကြောင့် မြို့ရွာ အရပ်ရပ် အနယ်နယ်တို့၌ ဗုဒ္ဓမြတ်စွာ၏ သာသနာတော်ကြီးသည် ဒီရေတိုးသကဲ့သို့ ဟင်နေ့တခြား ဖွံ့ဖြိုးတိုးတက်သာသည်ကို တွေ့ရကြားရသဖြင့် ဝမ်းမြောက်ဝမ်းသာ၍ ပဆုံးနိုင်အောင် အလွန်ကောင်းလှပါသည်၊ တရားနာသူ ရှင်,လူများအဖို့လည်း အလွန်အကျိုးများလှပါသည်။

ဓမ္မကထိက ဆရာတော် အရှင်မြတ်များအား အထူးသတိပေးလိုသော အကြောင်းတရပ်မှာ—

ယခုအခါ တရားဟောတော်မူကြရာ၌ အဘိဓမ္မာတရားများ အထူးပါရှိအောင် နှလုံးသွင်း၍ ဟောပေးပြီး ဟောကြပါသည်၊ ဟောမှုလည်း သင့်လျော်ပါမည်၊ အဘိဓမ္မာတရားဟောသော အရှင်မြတ်တို့သည်သာ ဓမ္မကထိက အစစ်ဖြစ်ကြပါသည်၊ အဘိဓမ္မာတရားကို မဟောသော အရှင်မြတ်တို့သည်ကား တရားကို ဟောကြပါကုန်သော်လည်း ဓမ္မကထိကအစစ် မဟုတ်ကြပါကုန်၊ အကြောင်းကို ဆိုသော် အဘိဓမ္မာမှတပါးသော တရားကို ဟောကြားသော အရှင်မြတ်တို့သည် ကာမာဝစရကံ စသည်မှတပါး ရူပါရူပ စသောကံတပါးကိုရင်း, ဝိပါက်တပါးကိုရင်း, ရုပ်နာမ် အပိုင်းအခြားကိုရင်း, ကာမာဝစရ စသည်မှတပါး ရူပစသော တရားကိုရင်း ရောနှောမွှေနှောက်လျက် ဟောရရောက်ကုန်သောကြောင့် ဓမ္မကထိကအစစ် မဟုတ်ကြဟု ဆိုလိုပါသည်။

အဘိဓမ္မာဆောင်=အဘိဓမ္မာတရားကိုသာ ဟောကြားသော အရှင်မြတ်များသည် တရားတပါး ရောနှော မွှေနှောက်လျက် ဟောရမရောက်သောကြောင့် ဓမ္မကထိက အစစ် ဖြစ်ကြောင်းကို အဋ္ဌကထာတို့ မိန့်ဆိုကြပါသည်။

(အဘိ၊ ဋ္ဌ၊ ၁၊ ၃၀၊ သံ၊ ၁၊ ၂၅၀၊ သံ၊ ၂၊ ၁၃၃)

ထို့ကြောင့် ရှေးဆရာတော်ကြီးများ ရေးသားသော ဓမ္မဝိသောဓနီ စသော ကျမ်းတို့တွင် ပါရှိသောအတိုင်း အနည်းဆုံးအားဖြင့် တရားဟော၍ ပြီးဆုံးသောအခါ၌ "ထိုမှ တပါးလည်း တကြိမ်တခါ ကြားနာကာမျှဖြင့် သုဂတိဘဝသို့ ရောက်စေနိုင်သော ပဋ္ဌာန်း အဘိဓမ္မာ ဒေသနာတော်မြတ်သည်ကား 'ဆန္ဒာဓိပတိ ဆန္ဒသမ္ပယုတ္တကာနံ ဓမ္မာနံ တံ သမုဋ္ဌာနာနဉ္စ ရူပါနံ အဓိပတိပစ္စယေန ပစ္စယော'-အစရှိသည်ဖြင့် ဟောတော်မူသည်။

တနည်း - ထိုမှတဖြာ မနသာ ဝဝတ္ထာပိတ=ဆင်ခြင်ကာမျှဖြင့် မြတ်စွာဗုဒ္ဓ ရေး ကိုယ်တော်မှသည် ရောင်ခြည်တော် ခြောက်စုံကို တဟုန်တည်းပြိုင်၍ ထွက်စေနိုင်သော အဘိဓမ္မာကျမ်း ပဋ္ဌာန်းဒေသနာတော်မြတ်သည်ကား ကုသလော ဓမ္မော ကုသလဿ ဓမ္မဿ အာသေဝနပစ္စယေန ပစ္စယော'-အစရှိသည်ဖြင့် ဟောတော်မူသည်"။

ဤသို့ အစရှိသည်ဖြင့် အဘိဓမ္မာတပ်၍ တရားအဆုံး သတ်တော်မူကြလျှင် ပြဆို အပ်ပြီးသော အဋ္ဌကထာများအရ တရားဟော ဓမ္မဒေသက အရှင်မြတ်များအတွက် ဓမ္မ ကထိက အစစ်လည်း ဧကန်ဖြစ်လျက် အကျိုးသက်ရောက်မှု ပိုမိုများပြားလှပါသည်၊ ဓမ္မ ပဋိဂ္ဂါဟက=တရားနာ ပရိသတ်များအဖို့လည်း လင်းနို့သားငါးရာ စသော တိရစ္ဆာန် တို့အားပင် အကျိုးတရား လွန်ကြီးမားသော အဘိဓမ္မာ ဒေသနာတရားတော်ကိုပါ ဆက်လက်နာကြားသဖြင့် အလွန့်အလွန် အကျိုးများမည်သာ ဧကန်ဖြစ်ပါသည်၊ ထိုသို့ အဘိဓမ္မာတပ်၍ အဆုံးသတ်ပြီး ဟောပြောသောနည်းမှာ ယခုအခါ ကွယ်ပျောက် နေသကဲ့သို့ ဖြစ်သည်ဟု ယူဆမိသဖြင့် တိုက်တွန်းရပါသည်။

ဤသို့ တိုက်တွန်းချက်အတိုင်း အဘိဓမ္မာ အဆုံးသတ်လျက် ဟောပြောကြပြီးလျှင် ဝိနည်းတော် ပညတ်ချက်များနှင့် ဆန့်ကျင်ဘက်ဖြစ်သော မတ်တပ်ရပ်ဟောပြောခြင်း ဂီတ ဆံဆံ အသံရှည်စွာဆွဲ၍ ဟောပြောခြင်း စသည်တို့သည် "ပေါ့စေလို၍ ကြောင်ရုပ်ထိုး ဆေးဘိုးအတွက် ပိုလေး"ဆိုသကဲ့သို့ ကုသိုလ်ရစေလို၍ တရားဟောပါလျက် အကုသိုလ် တရားများ ဖြစ်ပွါးမည်ဖြစ်သဖြင့် ထိုကဲ့သို့ ဟောခြင်းမျိုးတို့မှလည်း အသက်ဆုံးတိုင် ရှောင် ရှားနိုင်ကြပါစေကုန်သတည်း။ ။

## ပရိယတ္တိ မာမက–သာသနာ့နောင်တော် ညီတော်တို့အကျိုး မျှော်၍ နှိုးဆော် တိုက်တွန်းခြင်း

ဤကျမ်းစာကို ရေးသားသူသည် သာမဏေဘဝဖြင့် ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ စည်ရှင်ဆရာတော် ဗရားကြီးအထံတော်၌ ပရမတ္ထသရူပဘေဒနီကျမ်းကြီးကို အစမှ သမုစ္စည်းပိုင်းအဆုံးတိုင် ဂါထာ,လင်္ကာစသည်များကို နှုတ်တက်အရကျက်၍ ညစာအဖြစ်ဖြင့် ဆိုရစဉ်အခါ၌ ကျေးဇူးရှင် ဆရာတော်ဗရားကြီးက "ငါတို့တတွေမှာ ယခုလို အဘိဓမ္မာ ဒေသနာတော်ကို သင်ကြားရခြင်းနှင့် မိစ္ဆာစာရကံ, သုရာပါနကံတို့မှ လွတ်မြောက်ရသည့်အတွက် အခန်းကိုပိတ်ပြီး ကွေးနေအောင် ကကြဘို့ ကောင်းသည်" ဟု မိန့်ကြားတော်မူသည်ကို မှတ်သားနာယူခဲ့ရပါသည်။

ယခုအခါလည်း ဆိုပြီးစကား ထောက်ထား၍ က-ရ လောက်မျှ ဝမ်းမြောက်တော်မူကြလျက် တသက်တခါ ကြုံခဲစွာသည့် သာသနာနှင့် ကြုံတွေ့ကြရကုန်သော သာသနာ့ညီနောင်အပေါင်း အရှင်ကောင်း အရှင်မြတ်တို့သည် ပါဠိဘာသာ (မာဂဓဘာသာ) ဖြစ်သော ပါဠိတော်, အဋ္ဌကထာ, ဋီကာ အဖြာဖြာအရပ်ရပ် ပိဋကတ်တို့ကို အထပ်ထပ် နေ့ရောညဉ့်ပါ ကြိုးစွာပင်ပန်း ရိန္နမ်းကြိုးကုတ် နောက်မဆုတ်ဘဲ အားထုတ်တော်မူကြရသည်မှာ ပြဆိုရေးသား အဋ္ဌကထာများအရ-အိုရ, နာရ, သေရစမြဲ ဝဋ်ဆင်းရဲမှ ဖဲထွက်လွတ်မြောက်ကြရရုံမကဘဲ နောင်အခါတွင် လေးအင်သော ပဋိသမ္ဘိဒါဉာဏ်ကို ရခြင်း၏ အကြောင်း ကောင်းသော အထောက်အပံ့ ဥပနိဿည်း အားကြီးသောပစ္စည်း ဖြစ်သည်ကို သိတော်မူကြပြီးလည်းဖြစ်ပါသည်။

ဤ ပဋိသမ္ဘိဒါဉာဏ်လေးတန်တို့တွင် နိရုတ္တိပဋိသမ္ဘိဒါဉာဏ်ကို ရမှုအတွက် ဗုဒ္ဓရှင်တိုင်းဟောတော်မူသော ယခုလို ပါဠိဘာသာ ပိဋကတ်သုံးပုံကို မသင်ကြားရဘဲ အလိုလိုတတ်မြောက်မည်ဖြစ်ခြင်း, ဓမ္မပဋိသမ္ဘိဒါဉာဏ်ကို ရမှုအတွက် ဇာတ်တူ မတူ ဘာသာဟူသမျှ တရာ့တပါးတို့၏ စကားများကို မသင်ကြားရဘဲ နားလည်နိုင်စွမ်းရှိသော အကျိုးထူးများကိုလည်း ပဋိသမ္ဘိဒါမဂ် အဋ္ဌကထာ၌ ပြဆိုထားသည့်အတိုင်း ရမည် အမှန် ဖြစ်သောကြောင့် –

* ရဟန်းကိစ္စ၊ နှစ်ခုရ၌၊ လုံ့လအားသည်း၊ ဟိတ်ဟန်နည်း၍၊ ပစ္စည်းမသို၊ စိတ်မတို၊ ခင်ပျိုကြီးပွါးကြောင်း၊ (ခင်အိုလည်းကြီးပွါးကြောင်း)

ဟူသော ကဗျာအရ စာပေကျမ်းဂန် သင်ကြားမှုဂန္ထဓုရ အလုပ်, မဂ်ဖိုလ်ရမှု ဝိပဿနာဓုရ အလုပ် ဤ နှစ်မျိုးတို့ကို အရိုးကြဲကြဲ အရေခြောက်ခြောက် နောက်မဆုတ်တမ်း လုံ့လဟုန်စွမ်း ဉာဏ်ထုံမွမ်း၍ ကြိုးပမ်းအားထုတ်တော် မူနိုင်ကြပါစေကုန်သတည်း။

## စာချပုဂ္ဂိုလ် များထိုထို့ တို့အား သတိပေးလိုခြင်း

ကဿပဗုဒ္ဓမြတ်စွာ သာသနာ၌ ငါသာတတ်သိ ငါ ကဝိဟူ၍ မာန်ရှိမှုတွက် တဘက်ကမ်းခတ် ပိဋကတ်တတ်ကျွမ်း အဝီစိသို့ မြန်းရသော ကပိလရဟန်းကဲ့သို့ မဖြစ်ကြရဘို့ အရေးကိုရင်း၊

* စာမတတ်မူ၊ အခေါက်ထူ၊ လူထဲ ရှင်ထဲ သုံးမကျ။
* စာတတ်ပြန်လျှင်၊ စိတ်ကြီးဝင်၊ လူမြင်တိုင်းက အော့ချင်ကြ။
* သို့ မဖြစ်အောင်၊ သတိဆောင်၊ အမောင်ခဲပါမှ။

ဟူ၍ ရွှေကျင်ဆရာတော် ဗရားကြီး ဩဝါဒ ပေးထားသည်ကိုရင်း၊ ပိဋကတ် တတ်ကျွမ်း၍ စိတ်ကောင်း ဆန္ဒကောင်းမရှိလျှင် အကျိုးမရှိဟူ၍ ဓမ္မပဒ၌ လာသည်ကိုရင်း၊ ထေရဂါထာ(၄၂၃)၌ မိမိကိုယ်ကို (အတ္တုက္ကံသန) မြှောက်ပင့်၍, သူတပါးကို(ပရဝမ္ဘန)ရှုတ်ချနှိပ်စက်လျှင် အကန်းသည် မှောင်မိုက်၌ မီးရောင်ကို ပြသည်ရှိသော် သူတပါးတို့အတွက်သာ အကျိုးစီးပွါးဆောင်ရွက်၍ မိမိအတွက် အကျိုးစီးပွါးမရှိသကဲ့သို့ဟုရင်း၊ ပရိယတ္တိတရား၌ အကြားအမြင် များသဖြင့် ဗဟုသုတနှင့်ပြည့်စုံသော ပုဂ္ဂိုလ်သည် မိမိအကျိုးကို မဖြည့်ကျင့်က သူတပါးသာ အကျိုးရှိပုံ စသည် ဥပမာများဖြင့် ပြထားချက်ကို ထောက်ထားလျက်ရင်း ပရိယတ်မာန်ပယ်ရှား၍ မိမိ, သူတပါး အကျိုးများသည်ထက် များအောင် သတိဆောင်ကြကုန်ရာသတည်း။

× × × ×

# အလှူအကျိုးတရား

## အလှူ၏အကျိုးတရားများကို အထူးအားဖြင့် သိသင့် သိထိုက်ပုံ

မြတ်စွာဗုဒ္ဓသည် အရှင်သာရိပုတ္တရာမထေရ်အား လှူအပ်သော အလှူ၏ အကျိုးတရားက သာလွန်ကြီးမားမည်လော၊ သို့မဟုတ် ရှင်သာရိပုတ္တရာ မထေရ်သည် မြတ်စွာဗုဒ္ဓအား လှူအပ်သော အလှူ၏ အကျိုးတရားက သာလွန်ကြီးမားမည်လော-ဟု မေးရာ၌— မြတ်စွာဗုဒ္ဓသည် ရှင်သာရိပုတ္တရာအား လှူအပ်သော အလှူ၏ အကျိုးတရားက သာလွန်၍ အကျိုးကြီးမားလှပါပေ၏-ဟု ဖြေရာ၏၊ အကြောင်းကား — မြတ်စွာဗုဒ္ဓကို ချန်လှပ်၍ အလှူဒါန၏ အကျိုးကို သိစွမ်းနိုင်သော တစုံတယောက်သောသူမည်သည် မရှိသောကြောင့်ပင် ဖြစ်ပေသည်။ (မ၊ ဋ္ဌ၊ ၄၊ ၂၂၇)

ထိုမှတပ ဗုဒ္ဓမြတ်စွာက "ချစ်သား ချစ်သမီးတို့ - ပေးကမ်းလှူဒါန်းခြင်း ဒါန၏ အကျိုးနှင့် မိမိပစ္စည်းမှ တချို့တခြမ်း ခွဲဝေခြမ်း၍ ပေးကမ်းသုံးဆောင်ခြင်း၏ အကျိုးတရားကို ငါဗုဒ္ဓ သိတော်မူသလို သင်တို့သိကြလျှင် မလှူမဒါန်း မပေးကမ်းဘဲ အမှန်ပင် မစားသောက်မသုံးဆောင်ကြကုန်ရာ၊ အယုတ်ဆုံးအားဖြင့် တဦးတယောက်စားဆဲရောက်က ခံတွင်းဝသို့ ယူဆဲ ထမင်းလုတ်ကိုရင်း, ခံတွင်းဝသို့ ရောက်သော ထမင်းလုတ်ကိုရင်း ပေးကမ်းမှု, ခွဲခြမ်းမှုကို ပြု၍သာ သုံးဆောင်ရာ၏။

ယခုမူကား ငါဗုဒ္ဓ အလားတူ ဒါန၏ အကျိုး, ခွဲခြား ဝေဘန်ခြင်း၏ အကျိုးကို မသိကြသည့်အတွက် မပေး မကမ်း မလှူဒါန်းဘဲ မြွေသည် ပါးကို ဖမ်းသကဲ့သို့ စွဲလမ်းကြီးစွာ မိမိတို့သာ သုံးဆောင်ကြကုန်၏၊" ဤသို့ မြတ်စွာဗုဒ္ဓ ဟောကြားတော်မူသည်ကို မှတ်သားဘွယ် အလွန်ကောင်းလှ၍ ပါဠိတော်နှင့်တကွ အနက်ကို ဖော်ပြလိုက်သည်။ —

> ဧဝဉ္စေ ဘိက္ခဝေ သတ္တာ ဇာနေယျုံ ဒါနသံဝိဘာဂဿ ဝိပါကံ၊ ယထာဟံ ဇာနာမိ န အဒတွာ ဘုဉ္ဇေယျုံ၊ န စ နေသံ မစ္ဆေရမလံ စိတ္တံ ပရိယာဒါယ တိဋ္ဌေယျ။ ယောပိ နေသံ အဿ စရိမော အာလောပေါ စရိမံ ကဗဠံ၊ တတောပိ န အသံဝိဘဇိတွာ ဘုဉ္ဇေယျုံ၊ သစေ နေသံ ပဋိဂ္ဂါဟကာ အဿု။ ယသ္မာ စ ခေါ ဘိက္ခဝေ သတ္တာ န ဧဝံ ဇာနန္တိ ဒါနသံဝိဘာဂဿ ဝိပါကံ၊ ယထာဟံ ဇာနာမိ၊ တသ္မာ အဒတွာ ဘုဉ္ဇန္တိ၊ မစ္ဆေရမလဉ္စ နေသံ စိတ္တံ ပရိယာဒါယ တိဋ္ဌတိ။

ဘိက္ခဝေ၊ ရဟန်းတို့။ အဟံ၊ ငါဗုဒ္ဓရှင်သည်။ ဒါနသံဝိဘာဂဿ၊ ပူဇော်ချီးမြှောက်သည်၏ အစွမ်းအားဖြင့် ပေးလှူခြင်း, မိမိသုံးဆောင်အပ်သော ဝတ္ထုမှ ခွဲခြမ်းဝေဘန်ခြင်း၏။ ဝိပါကံ၊ အကျိုးကို။ ဇာနာမိ ယထာ၊ မျက်ဝါးထင်ထင် သိမြင်တော်မူသကဲ့သို့။ ဧဝံ၊ ဤအတူ။ သတ္တာ၊ သတ္တဝါအပေါင်းတို့သည်။ ဒါနသံဝိဘာဂဿ၊ ပူဇော် ချီးမြှောက်သည်၏ အစွမ်းအားဖြင့် ပေးလှူခြင်း, မိမိသုံးဆောင်အပ်သော ဝတ္ထုမှ ခွဲခြား ဝေ ဘန် ခြင်း ၏။ ဝိပါကံ၊ အကျိုးကို။ ဇာနေယျုံ၊ အကယ်၍ သိကုန်ငြားအံ့။ ဧဝံ သန္တေသု၊ ဤသို့ သိကုန်သည်ရှိသော်။ အဒတွာ၊ မပေးမလှူကြကုန်ဘဲ။ န ဘုဉ္ဇေယျုံ၊ မစားမသောက်ကြကုန်ရာ။ နေသံ၊ ထိုပုဂ္ဂိုလ်တို့၏။ မစ္ဆေရမလဉ္စ၊ မစ္ဆေရခေါ် ဆို ဝန်တိုရစ်မှေး နှမြောမှုဟူသော အညစ်အကြေးသည်လည်း။ (ဝါ) နှမြောငြူစူ ရှိမှုတပ်မက် မလွှတ်ရက်ပေ နှောင့်ရှက်လေသည့် မစ္ဆေရပါ ဣဿာရောထွေး လောဘစသော အညစ်အကြေးသည်လည်း။ စိတ္တံ၊ စိတ်ကို။ ပရိယာဒါယ၊ လွှမ်းမိုး၍။ န တိဋ္ဌေယျ၊ မတည်ရာ။ နေသံ၊ ထိုပုဂ္ဂိုလ်တို့၏။ သန္တိကေ၊ အထံ၌။ ပဋိဂ္ဂါဟကာ၊ အလှူခံပုဂ္ဂိုလ်တို့သည်။ သစေ အဿု၊ အကယ်၍ ရောက်လာသည် ဖြစ်ကုန်အံ့။ ဧဝံ သတိ၊ ဤသို့ဖြစ်သည်ရှိသော်။ နေသံ၊ ထိုပုဂ္ဂိုလ်တို့၏။ စရိမော၊ နောက်ဆုံးဖြစ်သော။ယောပိ အာလောပေါ၊ အကြင် လက်၌ရှိသော ထမင်းလုတ်သည်ရှင်း။ စရိမံ၊ နောက်ဆုံးဖြစ်သော။ ယမ္ပိ ကဗဠံ၊ အကြင် ခံတွင်းဝသို့ ရောက်သော ထမင်းလုတ်သည်ရှင်း။ အဿ၊ ရှိသည်ဖြစ်ရာ၏။ တတောပိ၊ ထို လက်၌ရှိသော ထမင်းလုတ်,ခံတွင်းဝသို့ ရောက်သော ထမင်းလုတ်မှလည်း။ အ သံဝိဘဇိတွာ၊မခွဲခြမ်း မဝေဘန်မူ၍။န ဘုဉ္ဇေယျုံ၊ မစားမသောက် ကြကုန်ရာ။

ဘိက္ခဝေ၊ ရဟန်းတို့။အဟံ၊ ငါသည်။ ဒါနသံဝိဘာဂဿ၊ ပူဇော်ချီးမြှောက်သည်၏ အစွမ်းအားဖြင့် ပေးလှူခြင်း, မိမိသုံးဆောင်အပ်သော ဝတ္ထုမှ ခွဲခြားဝေဘန်ခြင်း၏။ ဝိပါကံ၊ အကျိုးကို။ ဇာနာမိ ယထာ၊ သိသကဲ့သို့။ ဧဝံ၊ ဤအတူ။ သတ္တာ၊ သတ္တဝါတို့သည်။ ယသ္မာ၊ အကြင်ကြောင့်။ န ဇာနန္တိ၊ မသိကြကုန်။ တသ္မာ၊ ထိုကြောင့်။ အဒတွာ၊ မပေး ကြကုန်ဘဲ။ ဘုဉ္ဇန္တိ၊ စားသောက်ကြကုန်၏။ နေသံ၊ ထိုသူတို့၏။ မစ္ဆေရမလဉ္စ၊ မစ္ဆေရ ခေါ်ဆို ဝန်တိုရစ်မှေး နှမြောမှုဟူသော အညစ်အကြေးသည်လည်း။ (ဝါ) နှမြောငြူစူ ရှိမှုတပ်မက် မလွှတ်ရက်ပေ နှောင့်ရှက်လေသည့် မစ္ဆေရပါ ဣဿာရောထွေး လောဘစသော အညစ်အကြေးသည်လည်း။ စိတ္တံ၊ စိတ်ကို။ ပရိယာဒါယ၊ လွှမ်းမိုး၍။ တိဋ္ဌတိ၊ တည်၏။

(ဣတိဝုတ်ပါဠိတော်၊ ဒါနသုတ်၊ ၂၀၇-၂၀၈)

ချစ်သား,ချစ်သမီးတို့-သီလ ဆောက်တည်ကြ-ဟု ငါဗုဒ္ဓရှင်က ဟောတော့ သင်တို့ တတွေက ပါဏာတိပါတ အစရှိသော ဒုစရိုက်အမှုကိုသာ ပြုလိုကြတယ်၊ လှူကြဒါန်းကြဖို့ တိုက်တွန်းပြန်တော့ နှမြောတွန့်တိုနေကြတယ်၊ ကာမဂုဏ်ငါးပါး အယုတ်တရားတွေ စွန့်ပယ်ရှားကြလို့ ဟောပြန်တော့ သာလွန်တပ်မက် စွဲလမ်း နှစ်သက်နေပြန်တယ်၊ တော့ဘူမကာ ရှုပ်နာမ်ဓမ္မ သင်္ခါရတွေကို အမြဲမရှိတဲ့ အနိစ္စလို့ ဟောပြန်တော့ မြဲတဲ့နိစ္စလို့ ထင်နေကြတယ်၊

ဆင်းရဲတဲ့ ဒုက္ခတွေ-လို့ ဟောပြန်တော့ ချမ်းသာတဲ့ သုခလို့ ထင်နေကြတယ်၊ အနှစ်သာရ ကင်းပ အစိုးမရ အနတ္တာ-လို့ ဟောပြန်တော့ အစိုးရတဲ့ အတ္တလို့ ထင်နေကြတယ်၊ မတင့်တယ်လှတဲ့ အသုဘ-လို့ ဟောပြန်တော့လဲ တင့်တယ်လှတဲ့ သုဘ လို့ဘဲ မှတ်ထင် နေကြတယ်၊ ဒီတော့ ငါဗုဒ္ဓ ဘယ်လိုလုပ်မလဲဟူ၍ ညည်းညူ တော်မူသော ဒေသနာတော် ရှိပါတယ်။

ဒါကြောင့် ပထမ ညွှန်ပြခဲ့သော မြတ်စွာဗုဒ္ဓ၏ အလိုတော်ကျ အလှူဒါန၏ အကျိုးကို အလွန် သိထိုက်လှပါသည်။

ဆွမ်း,သင်္ကန်းစသည်တို့ကို လှူဒါန်းသော အလှူရှင် သူတော်စင်တို့သည် အလှူခံ ရဟန်း,သံဃာတော်တို့ထက် သင်္ကန်းစသည့် အလှူဒါနတို့၏ အကျိုးအာနိသင်တို့ကို သိမြင်ပြီးလှူက များများကြီး ဝမ်းမြောက်ကြမည်၊ များများကြီး ဝမ်းမြောက်ကြလျှင် များများကြီး ကုသိုလ်တွေ ရရှိကြပါလိမ့်မည်၊ များများကြီး ကုသိုလ်တွေ ရရှိကြမှသာ မိမိတို့ တောင့်တအပ် အလိုရှိအပ်တဲ့ မဂ်, ဖိုလ်, နိဗ္ဗာန်ကို မြန်မြန်ကြီး ရရှိမှာ အမှန်ဖြစ်ပါတယ်။

မိမိတို့၏ သန္တာန်၌ ကုသိုလ်ဖြစ်တိုင်း ထိုကုသိုလ်က မဂ်, ဖိုလ်, နိဗ္ဗာန် အကျိုးတို့ကို ပေးနိုင်သည့်ပြင် အလွန်ပင် ညံ့ဖျင်းသော ကုသိုလ်မျိုးဖြစ်က လူတွင် လူတန်းမစေ့ လူနုံလူမွား, နတ်ဖြစ်ပြန်လည်း နတ်တန်းမစေ့ နတ်နုံ နံ့ဟ်မွား အညံ့စား ခန္ဓာများကိုပင် အကျိုးပေးပါလိမ့်မည်။

မိမိတို့သည် လှူဒါန်း ကုသိုလ်ပြုဆဲခဏ၏ ရှေ့အဖို့, နောက်အဖို့တို့၌ လောဘဖြင့် တွယ်တာ တပ်မက်မှု, ဒေါသဖြင့် အမျက်ထွက် စိတ်ဆိုးမှု, မစ္ဆရိယဖြင့် နှမြောဝန်တိုမှု-အစ ရှိတဲ့ အကုသိုလ်တွေ မခြံရံ မဖြစ်ပေါ်မှ မြင့်မြတ်သော ကုသိုလ်ဖြစ်ကြောင်း ဋီကာကျော် ကျမ်း၌ ပြဆိုထားပါသည်။

**ကုသိုလ် ၃-မျိုး။** ။ဝိသုဒ္ဓိမဂ် (ဌ၊ ပ - တွဲ၊ နှာ - ၁၃)၌ ယုတ်ညံ့သော ဟီနကုသိုလ်၊ အလယ်အလတ်ဖြစ်သော မဇ္ဈိမကုသိုလ်၊ အမြတ်ဆုံးဖြစ်သော ပဏီတ ကုသိုလ်ဟူ၍ သုံးမျိုးပြထား၏။

ထို သုံးမျိုးတို့တွင် ဂုဏ်ပကာသန ကျော်စောသိတင်းကို လိုလားခြင်းရှိသော စိတ်ဖြင့် ပြုသော ကုသိုလ်သည် ယုတ်ညံ့သော **ဟီနကုသိုလ်**မည်၏၊ ထို ဟီနကုသိုလ် မျိုး သည် ဘဝသမ္ပတ္တိ ဘောဂသမ္ပတ္တိ နှစ်မျိုးကိုမျှ လှုလှုပေးနိုင်သော ကုသိုလ်မျိုး မဟုတ်၊ ပါရမီ စာရင်းဝင်ကား မဟုတ်ချေ။

အကျိုးကို လိုလားသောစိတ်ဖြင့် အလှူခံပုဂ္ဂိုလ်ကို အယုတ်,အလတ်, အမြတ် ရွေးချယ်မှု၊ အကျိုးကြီးရသော နည်းလမ်းကို ရွေးချယ်မှုတို့နှင့် ပြုသော ကုသိုလ်သည် အလယ်အလတ်ဖြစ်သော **မဇ္ဈိမကုသိုလ်**မည်၏၊ ထို မဇ္ဈိမကုသိုလ်သည် ဘဝသမ္ပတ္တိ, ဘောဂ သမ္ပတ္တိကိုကား ပေးနိုင်၏၊ ပါရမီကုသိုလ်မျိုးကား မဟုတ်သေး။

အရိယာ သူမြတ်တို့၏ အစဉ်ထုံးတမ်း သွားမြဲလမ်းသို့ လိုက်သောအားဖြင့် မိမိ ပိုင်ထိုက်သော ပစ္စည်းဥစ္စာကို အယုတ်, အလတ်, အမြတ်သုံးပါး သူအများနှင့် အညီအမျှ ပိုင်ဆိုင်ကြသော ဘုံပစ္စည်းကိုကဲ့သို့ မျှတဝေခြမ်း လှူဒါန်းနိုင်ခြင်းဖြစ်သော ကုသိုလ်မျိုးသည် အမြတ်ဆုံးသော **ပဏီတကုသိုလ်** မျိုးမည်၏၊ ထို ပဏီတ ကုသိုလ်မျိုးသည်သာလျှင် ဒါနပါရမီ စာရင်းဝင်လည်း ဖြစ်ပေ၏။

အဋ္ဌသာလိနီ အဋ္ဌကထာ(နှာ-၂၀၆-၇)၌ကား သယံကာရ, ပရံကာရ, သာဟတ္ထိက, အာဏတ္တိက, သမ္ပဇာန, အသမ္ပဇာန ကုသိုလ် (၆) မျိုးကို ပြဆိုထားရာ၌ အထူးသတိပြုသင့် ပြုထိုက်သော သမ္ပဇာန ကုသိုလ်, အသမ္ပဇာန ကုသိုလ်နှစ်မျိုးကိုသာ ပြဆိုပေအံ့။

ကမ္မဥ္စ ဖလဥ္စ သဒ္ဒဟိတွာ ကတံ သမ္ပဇာနကတံ၊
ကမ္မမ္ပိ ဖလမ္ပိ အဇာနိတွာ ကတံ အသမ္ပဇာနကတံ နာမ။

**သမ္ပဇာနကုသိုလ်။** ။ကုသိုလ်ကံနှင့် ကုသိုလ်ကံ၏ အကျိုးကို လေးလေးနက်နက်သက်ဝင်ယုံကြည်စွာဖြင့် ပြုလုပ်အပ်သော ကုသိုလ်မျိုးသည် ကောင်းစွာ အပြားအားဖြင့် သိသည်ဖြစ်၍ ပြုအပ်သော သမ္ပဇာန ကုသိုလ်မျိုးမည်၏၊ ထို သမ္ပဇာန ကုသိုလ်မျိုးသည် ကံ-ကံ၏ အကျိုးကို သက်ဝင်ယုံကြည်ပြီး အသိဉာဏ်ယှဉ် အသိဉာဏ်ပါဝင်၍ ပြုလုပ်အပ်သော ဉာဏသမ္ပယုတ် တိဟိတ် ကုသိုလ်မျိုးဖြစ်၍ လောကုတ္တရာ မဂ်ချမ်းသာ, ဖိုလ်ချမ်းသာ, နိဗ္ဗာန်ချမ်းသာတိုင်အောင်ကိုလည်း အကျိုးပေးနိုင်၏၊ လောကီကျိုးကိုကား ဆိုဖွယ်မရှိ။

**အသမ္ပဇာနကုသိုလ်။** ။ကံ-ကံ၏ အကျိုးကို မသိဘဲ(သတိမပြုဘဲ)ပြုလုပ်အပ်သော ကုသိုလ်မျိုးသည် အသမ္ပဇာနကုသိုလ်မျိုး မည်၏၊ ထို ကုသိုလ်မှာ ကံကိုငင်း, ကံ၏အကျိုးကိုငင်း ကောင်းစွာ အပြားအားဖြင့် မသိဘဲ အသိဉာဏ်မယှဉ် အသိဉာဏ်မပါဝင်ဘဲ ပြုလုပ်အပ်သော ဉာဏ ဝိပ္ပယုတ် ဒွိဟိတ်ကုသိုလ်မျိုးဖြစ်၏၊ လောကီကျိုးကိုသာ ပေးနိုင်၍ မဂ်,ဖိုလ်,နိဗ္ဗာန် လောကုတ္တရာကျိုးကို မပေးနိုင်၊ ထို ကုသိုလ်မျိုးမှာ မတတ်သော ပန်းပုဆရာ ထုထားသော မလှ မပ အရုပ်မျိုးနှင့်တူသည်ဟု ဆိုလို၏။

ထို့ကြောင့် ထို သက်န်းစသော ပစ္စည်းဝတ္ထုတို့ကို လှူဒါန်းလိုသော သူတော်စင် ကုသိုလ်ရှင် အမျိုးကောင်းသား အမျိုးကောင်းသမီးတို့သည် ကံ-ကံ၏ အကျိုးကို သက်ဝင်အသိဉာဏ်နှင့်ယှဉ်သော ဉာဏ သမ္ပယုတ် မြင့်မြတ်သောတိဟိတ်ကုသိုလ်မျိုး ဖြစ်ကြရအောင် လှူတတ်ဘို့နည်းကို ကျမ်းဂန်လာအတိုင်း မဟာဝိသုဒ္ဓါရာမ ဆရာတော်ဘုရားကြီး ရေးသားတော်မူသော အလှူဒါန၏ အကျိုးလက်ာ (၄၀)ကျော်နှင့်တကွ အကျိုးလက်ာ (၁၁၃)မျှတို့ကို ရှင်းရှင်း လင်းလင်း ပြဆိုပေအံ့။

**သတိပေးချက်။** ။ဆိုအပ်ပြီးသော စကားရပ်တို့ကို အထပ်ထပ် သတိပေးရေးသား အပ်သည်မှာ —

* "မသိလျှင်တွယ်၊ သိလျှင်ပြယ်၊ တွယ်လျှင်လည်းဘေး၊ ပြယ်လျှင်အေး၏။
* မသိ အဝိဇ္ဇာ၊ တွယ် တဏှာ၊ သိမှာ ဝိဇ္ဇာဉာဏ်ဖြစ်သည်" —

ဆိုတဲ့အရ အဝိဇ္ဇာတရားက ကံ-ကံ၏အကျိုး,အလှူဒါန၏ အကျိုးများကို မသိအောင် ကွယ်ကာ ဖုံးလွှမ်းထားတော့ တဏှာတရားက ထိုလှူဘွယ်ပစ္စည်းများ၌ အကျိုးကို မသိမှုကြောင့် လောဘ ရမက်ဖြင့် မလှူရက်အောင် နှစ်သက် တွယ်တာလေတော့သည်၊ ဤသို့ တွယ်တာလျှင် အပါယ်ဘေးနှင့် နီးလှ၏၊ဉာဏ်ဝိဇ္ဇာဖြင့် သိမှု ရှိမှ တွယ်တာမှုခါတ် ကင်းပြတ် ပျောက်ပြယ်လေတော့သည်။

ဤနေရာ၌ အသက်ရှည်မှု, အဆင်းလှမှု အစရှိသော လောကီကျိုး, မဂ်, ဖိုလ်, နိဗ္ဗာန် သုံးတန်သော လောကုတ္တရာအကျိုး နှစ်မျိုးလုံးတို့ကို သိမြင်အောင်ကား အထူးလေ့လာကြကုန်ပြီးလျှင် လူချမ်းသာ နတ်ချမ်းသာဟူသော လောကီစည်းစိမ်တို့ကား တိမ်တောင်လျှပ်ပန်းတခဲနက် ကြည့်ရင်းပျက်သည့်နှယ် အမြဲမတည်သောကြောင့် ခင် မင် တပ် မက် နှစ်သက်အားကိုး မြတ်နိုးဘွယ်မရှိချေ၊ မအို,မသေ အမြဲနေရသော လောကုတ္တရာ နိရောဓ သစ္စာ နိဗ္ဗာန်ချမ်းသာကိုသာ လွန်စွာစုံမက် နှစ်သက်ပန်ထွာ ပတ္ထနာဆု တောင့်တမှုကို ပြုနိုင်ကြပါစေကုန်သတည်း။

* ဗုဒ္ဓညွှန်းပြ၊ သံယုတ္တတွင်၊ စားသမျှ မစင်၊ ထားသမျှ မသေခင်၊ ပြုသမျှ ကုသိုလ်အပင်၊ စားလဲ စား၊ ထားလဲ ထား၊ ပြုလဲ ပြုမှ တော်မည်ပင်။

# အလှူဒါန အမျိုးမျိုးတို့၏ အကျိုးပြ လင်္ကာများ

ကျောင်းလှူရခြင်း၏ အကျိုးများကို ကျမ်းဂန်တို့၌ အသီးသီး ဖော်ပြထားသည့် အရ တူရာအကျိုးတို့ကို မပေါင်းစပ်ဘဲ အကျိုး (၄၀)ကျော်မျှတို့ကို ဖော်ပြအံ့။

## ၁။ ကျောင်းလှူကျိုးလင်္ကာများ

၁။ ဆောက်လုပ်လှူဒါန်း၊ကျောင်းသင်္ခမ်းသည်၊ပူချမ်းဖျက်ငြား၊ သားရဲတား၍၊ ဆီးတားကင်းမြေ့၊ ခြင်မှက်တွေ့တည်း၊ မိုးရေ လေပြင်း၊ နေပူပြင်းနှင့်၊ ဆီးနှင်းတားပေ၊ ကျောင်း၌နေသည့်၊ မထေရ်သခင်၊ မြတ်ဘုန်းရှင်တို့၊ စျာန်ယာဉ် ဝိပဿနာ၊ ရှုကာကိန်းအောင်း၊ ချမ်းသာကြောင်းတည်း၊ ထို ကျောင်းအလှူ၊ မြတ်၏ ဟူ၍၊ ဘုန်း လူမိန့် မှာ၊ သိ လိမ္မာ သော၊ ဒကာ ယောကျ်ား၊ မိန်းမ များသည်၊ သားနားတင့်ဆန်း၊ ကျောင်းသင်္ခမ်းကို၊ ရှုခန်းထိန်ဝေ၊ ဆောက်လုပ်စေ၍၊ စာပေ တတ်မြောက်၊ ကျင့်ခန်းပေါက်သည့်၊ မှန်သောက်မာတင်၊ ထေရ်အရှင်ကို၊ ကျောင်းတင် ကိုးကွယ်၊ စား သောက်ဘွယ်နှင့်၊ ဝတ်ဘွယ် ရုံဘွယ်၊ ခင်းနှီးဘွယ်ကို၊ ဘယ်ဝယ် မလပ်၊ အထပ်ထပ်လျှင်၊ ကောင်းမြတ်စေတနာ၊ လှူဒါန်းရာ၏၊ ပိဋကပါစည်း၊ ဆွမ်းတုံ့နည်းဖြင့်၊ကုန်းကြည်းညာခင်၊ နိဗ္ဗူတင်သည်၊ ကျောင်းရှင်ဟောမိန့် တရားတည်း။ (အဂ္ဂမဟာပဏ္ဍိတ စည်ရှင်ဆရာတော်)

၂။ သုံးတန်စေတနာ၊ ညီညွတ်စွာဖြင့်၊ မဟာ သံဃိက၊ ဝိဟာရကျောင်း၊ တန်ဆောင်းဆောက်ဦ၊ လှူသသူတို့၊ ကြီးထူ ကဲဝှန်၊ ကျိုးရ ဟန်ကို၊ ကျမ်း ဂန်ထောက်ချင့်၊ နိဒါန်းဖွင့်သော်—

၁။ နတ်နှင့်လူဝယ်၊ သန္ဓေ တွယ်၍၊ ၂။ လိုဘွယ် မတ၊ ဆောက်ဦ ရ၏၊ ၃။ မထ ကြက်သီး၊ကိုယ်လည်း မလှုပ်၊ ကြောက်ရုပ် မထင်၊ထိတ်လန့်စင်၏၊ ၄။ ခြင်္သေ့ သစ်ကျား၊ သားရဲများနှင့်၊ ဖမ်းစား ကလူ၊ နှိပ်စက် မှုသား၊ တောသူ ဖုတ်ပြိတ်၊ အဆိပ် ထန်ပြင်း၊ မြွေနှင့်ကင်းက၊ အဆင်းဖေါက်ပြန်၊ ကုမ္ဘဏ် ရက္ခိုသ်၊ နတ်မိုက် ရန်ပေါင်း၊ ဘေးလွတ် ရှောင်း၏၊ ၅။ မကောင်း အိပ်မက်၊ မမြင် မက်ဘူး၊ ၆။ ထင်လျက် သတိ၊ မြဲခိုင် ဘိ၍၊ ဝိပရိဏာ၊ ဖောက်ပြန် စိတ်ရင်း၊ ရှူးသွတ် ခြင်းမှ၊ ရှင်းရှင်းလွတ်ချောင်း၊ ကျိုးဆက် ကောင်း၏၊ ၇။ နောက်နှောင်းဘဝ၊ ပစ္ဆိမဝယ်၊ ဂုဏ ကဲပို၊ အရဟတ္တ ဖိုလ်ဟု၊ ထိုထို ကျေးဇူး၊ လွန်ပြန့်ပြူးသည်၊ ဆောက်ဦးလှူကျိုးခုနစ်တည်း။
(မင်းကွန်း အဂ္ဂမဟာပဏ္ဍိတ တိပိဋကဓရ ဆရာတော်)

၃။ ချမ်း, ပူကိုဖျက်၊ ခြင်,မှက်,လေ,နေ၊ ကင်း,မြွေ လွှဲမူ၊ ဥတုဘေးဘျမ်း၊ မသန်း ကင်းစင်၊ စိတ်ကြည်လင်ကြောင်း၊ နေရာကျောင်းကို၊ ကိန်းအောင်း ဘို့ရန်၊ သုတ္တန်ကိုး၀၊ ဟောညွှန် ပြသည်၊ မှတ်ကြ ကျောင်းလှူအကျိုးတည်း။

၄။ စူဠဝါခန္ဓက၊ တနည်းပြမူ၊ ချမ်း,ပူကိုဖျက်၊ နှင်း,မှက်, လေ,နေ၊ ကင်း,မြွေ, သားရဲ၊ မိုးလဲ ပယ်ဖျောက်၊ ချမ်းသာရောက်ကြောင်း၊ ကိန်းအောင်းစံဝင်၊ ပွါးမြင်ရှုပြား၊ တရားနာခြင်း၊ ထိုးထွင်းသိပြန်၊ နိဗ္ဗာန်စံပျော်၊ ကျောင်း, ဖျော်,အ၀တ်၊ မလွတ် ဆွမ်းရ၊ ဆယ့်ခုနစ်ဝသည်၊ မှတ်ကြ ကျောင်းလှူ အကျိုးတည်း။

၅။ တနည်းမဟုတ်၊ ပုပ်နံ့ကျဉ်းမြောင်း၊ မိ၀မ်းခေါင်း၌၊ ကိန်းအောင်းသန္ဓေ၊ တည်နေဆယ်လ၊ ကျောင်းအမ နှင့်၊ ကျောင်းဒကာများ၊ ကျောင်းလှူ ထားကြောင့်၊ ရှည်လျား ဆယ့်နှစ်တောင်၊ တိုက်ခန်းဆောင်၌၊ ချောင်ချို လှစွာ၊ ကမ္ဗလာအခင်း၊ မွေ့ရာခင်းပေါ်၊ အိမ်ခြင်းနှင့်တူ၊ ချမ်းသာဟူ၏၊ မှတ်ယူ အဋ္ဌကထာ၊ ကျမ်းဂန်လာသည်၊ မှတ်ပါ ကျောင်းလှူရကျိုးတည်း။

(သံ၊ ဋ္ဌ၊ ၃၊ ၉၃)

၆။ ရွှေဘုံပေါ်ပေါက်၊ ထိပ်ကြောက်လန့်ကင်း၊ ဘေးရှင်းရန်ပျောက်၊ မချောက် ယက္ခ၊ ပါပ မပက်၊ ဘဝ ဆက်သိ၊ မြဲ သတိသည်၊ မှတ်ဘိ ကျောင်းလှူ ရှစ်မျိုးတည်း။ (မဟာဝိသုဒ္ဓါရာမ ဆရာတော်)

## (၇) ဗုရားဂုဏ်တော် ပွါးကျိုးများ

၁။ စေတီအိမ်နှင့် တူသည်ဖြစ်၍ သူတပါးတို့ ရှိခိုးခံထိုက်ခြင်း၊

၂။ ရဲရင့် တည်ကြည်ခြင်း၊

၃။ သေသည်၏ အခြားမဲ့၌ သုဂတိဘ၀ကို ရရှိခြင်း၊

၄။ နောင်ဗုရားနှင့် တွေ့သောအခါ သစ္စာလေးပါးကို လွယ်ကူ စွာ သိရခြင်း။

၅။ မြင့်မြတ်သော အမျိုး၌ ဖြစ်ရခြင်း၊

၆။ သူတပါးတို့၏ အရိုအသေပြုမှုကို ခံရခြင်း၊

၇။ ချီးမွမ်းထိုက်သောကိုယ်အင်္ဂါနှင့် ပြည့်စုံခြင်း၊

၈။ အဆင်းလှခြင်း၊

၉။ ကိုယ်အနံ့ ပျံ့နှံ့မွှေးကြိုင်ခြင်း၊

၁၀။ ခံတွင်းအနံ့ ပျံ့နှံ့မွှေးကြိုင်ခြင်း၊

၁၁။ ကြီးကျယ်သော ဉာဏ်ပညာနှင့် ပြည့်စုံခြင်း၊

၁၂။ နက်နဲသော ဉာဏ်ပညာနှင့် ပြည့်စုံခြင်း၊

၁၃။ ထက်သော ဉာဏ်ပညာနှင့် ပြည့်စုံခြင်း၊

၁၄။ လျင်မြန်သော ဉာဏ်ပညာနှင့် ပြည့်စုံခြင်း၊

၁၅။ ရှင်သော ဉာဏ်ပညာနှင့် ပြည့်စုံခြင်း၊

၁၆။ ဆန်းကြယ်သော ဉာဏ်ပညာနှင့် ပြည့်စုံခြင်း၊

၁၇။ ကောင်းသော စကားကို ဆိုနိုင်ခြင်း —

ဤ(၁၇)မျိုးသော အကျိုးတို့ကို ရရှိနိုင်ပါသည်။

* ကျမ်းဂန်နှင့်ညီ၊ စေတီအတူ၊ စိတ်မူတည်ကြည်၊ ရောက်မည်နတ်ရွာ၊ တွေ့ခါသိလွယ်၊ မြတ်နွယ် အမျိုး၊ ရိုကျိုးခံရ၊ ပြည့်ဝအင်္ဂါ၊ ဆင်းလှစွာနှင့်၊ ကိုယ်မှာ အနံ့၊ ခံတွင်း နံ့တို့၊ သင်းပျံ့ မွှေးကြူ၊ ကြီးမူ ပညာ၊ နက်စွာ, ထက်, ရှင်၊ လျင်မြန်, ဆန်းကြယ်၊ ကောင်းကြွယ် စကား၊ ဆိုနိုင် ငြားသည်၊ ဗရားဂုဏ်တော် ပွါးကျိုးတည်း။

## (ဂ) တနည်း ဝိသုဒ္ဓိမဂ်လာ ဗရားဂုဏ်တော် ပွါးရကျိုးများ

၁။ တပ်မက်မှု ရာဂ နှိပ်စက်သော စိတ် မဖြစ်ခြင်း၊

၂။ အမျက်ထွက်မှု ဒေါသ နှိပ်စက်သော စိတ် မဖြစ်ခြင်း၊

၃။ တွေဝေမှု မောဟ နှိပ်စက်သော စိတ် မဖြစ်ခြင်း၊

၄။ နှစ်သက် ဝမ်းမြောက်မှု၊ (ပီတိ ပါမောဇ္ဇ)များစွာဖြစ်ခြင်း၊

၅။ ကာယ ဝက်, မာ ယာ စ သည် ကင်းပြတ် ဖြောင့်မတ် သော စိတ်ရှိခြင်း၊

၆။ မြတ်စွာဗရား၌ ရိုသေလေးစားခြင်း၊

၇။ မြတ်စွာ ဗရား ၌ ကြည် ညို စိတ် ညွတ်ခြင်း၊

၈။ စေတီတော်နှင့်တူ၍ အ ပူ ဇော် ခံထိုက်ခြင်း၊

၉။ မြတ်စွာဗရားနှင့် အတူနေရသည့် အသွင် မှတ်ထင်ခြင်း၊

၁၀။ ကိုယ်, စိတ် ဆင်းရဲမှုကို သည်းခံနိုင်ခြင်း၊

၁၁။ ကြောက်ဘွယ် မအေး ရန်ဘေး အမျိုးမျိုးကို သည်းခံ နိုင်ခြင်း၊

၁၂။ သဒ္ဓါ တ ရား စ သည့် သူတော်ကောင်းတရား ပြန့်ပြောခြင်း၊

၁၃။ သုဂတိဘဝမြတ်သို့ ကပ်ရောက်ရခြင်း —

ဟူသော အကျိုးတရား (၁၃)ပါး တို့ကိုလည်း ရရှိစေပါသည်။

* ဗုဒ္ဓါနုဿတိ၊ ဝိသုဒ္ဓိမဂ်၊ ကျမ်းထွက် အလို၊ ပွါးကျိုးဆိုအံ့၊ ထိုထို မျက်ဒေါသ၊ မိုက်မောဟနှင့်၊ ရာဂဆိုးညစ်၊ စိတ်မဖြစ်ဘူး၊ နှစ်သက် ဝမ်းသာ၊ များပြားစွာဖြင့်၊ မာယာ သာဌေယျ၊ ကာယ အကောက်၊ ကင်းစင်ပျောက်လတ်၊ ဖြောင့်မတ် စိတ်သား၊ မြတ်ဗုဒ္ဓါး၌၊ လေးစားရိုသေ၊ စိတ်ညွတ်လေ၍၊ စေတီ အိမ်တူ၊ ပူဇော် ခံထိုက်၊ ကိုယ်၌ ဆင်းရဲ၊ ထူးကဲ ဘေးရန်၊ သည်းခံနိုင်ရာ၊ သဒ္ဓါ,သတိ၊ စရိုပြန့်ပြော၊ ရှင်စောဗုဒ္ဓါး၊ တူနေလားသို့၊ မမှားထင်နေ၊ လေးထွေသစ္စာ၊ မှန်စွာတိတိ၊ မသိ ရှိလဲ၊ သုဂတိ ဘဝ၊ လားရောက်ရသည်၊ မှတ်ကြသိဘွယ်အကျိုးတည်း။

## (၉) တနည်း အင်္ဂုတ္တိုရ် ပါဠိတော်လာ ဂုဏ်တော်ပွါးရကျိုးများ

၁။ သံသရာဝဋ်ဆင်းရဲ၌ အမြဲ ငြိုးငွေ့ခြင်း၊

၂။ သံသရာဝဋ်ဆင်းရဲ၌ မတပ်မက်ခြင်း၊

၃။ တနည်း ရာဂစသော ကိလေသာတို့ကို ကင်းစေခြင်း၊

၄။ ရာဂ စသည်တို့၏ မဖြစ်ခြင်းကို ပြုခြင်း၊

၅။ တနည်း ဝဋ်ဆင်းရဲကို ချုပ်ငြိမ်းစေခြင်း၊

၆။ ကိလေသာတို့ကို ငြိမ်းအေးစေခြင်း၊

၇။ သင်္ခါရတရားတို့ကို အနိစ္စ စသည်ဖြင့် လက္ခဏာ ယာဉ် တင် ၍ အထူးသိခြင်း၊

၈။ ဒုက္ခ, သမုဒယ, နိရောဓ, မဂ္ဂ သစ္စာလေးပါးတို့ကိုကောင်းစွာသိခြင်း၊

၉။ တနည်း မဂ်ဉာဏ်လေးပါးတို့ကို ထိုးထွင်း၍ သိခြင်း၊

၁၀။ နိဗ္ဗာန်ကို မျက်မှောက်ပြုရခြင်း-

ဤသို့ ပါဠိတော်အလိုအားဖြင့် (၇)ပါး, အဋ္ဌကထာ အလိုအားဖြင့် (၁၀)ပါးသော အကျိုးတရားများကို ရရှိကုန်၏။

(ဤ၌ - ပါဠိတော်အလိုအားဖြင့် အကျိုး(၇)ပါး၊ အဋ္ဌကထာ အလို အားဖြင့် အကျိုးတရား(၁၀)ပါး ဖြစ်သည်ကို သတိပြုရာ၏)

* အင်္ဂုတ္တိုရ်လာ၊ ဗုဒ္ဓါနုဿတိ၊ ပွါးကျိုးမှုကို၊ သိဘို့ဆိုအံ့၊ ထိုထိုဆင်းရဲ၊ သံသာဝဲကို၊ အမြဲ ငြိုးငွေ့၊ ဓလေ့ ဆိုးလှ၊ ရာဂ စဖြာ၊ ကိလေသာတို့၊ ကင်းကွာပြတ်စဲ၊ ဝဋ်ဆင်းရဲကို၊ ပယ်ရှဲမတပ်၊ ကိလေခါတ်ကို၊ ပယ်သတ်ညှဉ်းဆဲ၊ ဝဋ်ဆင်းရဲကို၊ မလွဲချုပ်စေ၊ ကိလေ ညစ်ကြေး၊ အပြစ်ဘေးကို၊ ငြိမ်းအေး စွာလှ၊ သင်္ခတကို၊ အနိစ္စရှု၊ စပြု လက္ခဏာ၊ ပညာထူးသိ၊ မှတ်ဘိဒုက္ခ၊ သမုဒယ၊ နိရောဓနှင့်၊ မဂ္ဂတဖြာ၊ လေးသစ္စာကို၊ ကောင်းစွာ

သိမှန်၊ မင်္ဂလေးတန်ကို၊ တဖန် ထိုးထွင်း၊ သိမြင်ခြင်းလဘ်၊ အရဟတ္တဖိုလ်
ပေါက်၊ နိဗ္ဗာန်ရောက်သည်၊ကျမ်းထောက် ဂုဏ်တော်ပွါးကျိုးတည်း။
(အင်္ဂုတ္တိုရ် ပါဠိတော်၊ပ-တွဲ၊နှာ-၃၂၊ဇင်းအဋ္ဌကထာ၊ပ-တွဲ၊နှာ-၃၆၅)

## (၁၀) သင်္ကန်းပရိက္ခရာ ဒါနအကျိုးပြ လင်္ကာများ

* သကျပုတ္တ၊ သမဏဟု၊ သာကီယဇာတ်၊ ရဟန်းမြတ်အား၊ လျှောက်ပတ် တင့်ဆန်း၊ ဖန်သင်္ကန်းကို၊ လှူဒါန်းသည့်သူ၊ (ယောကျ်ားမူကား၊)ဘုန်းလူ ဇိနော်၊ ဟေိခေါ်၍၊ ဝါတော်သဋ္ဌိ၊ ခြောက်ဆယ်ရှိသည့်၊ ထေရ်ကြီး့ အလား၊ လွန်တည်ငြားလျက်၊ ရှစ်ပါးပရိက္ခရာ၊ လွယ်ပြီး ကာ လျှင်၊ မြတ် စွာ ရွှေ မှောက်၊ ရဟန်း မြောက် ၍၊ ခန်း ခြောက် အာ သ ဝေါ၊ သန့်စင်ချော၏။

* သဘောမှတ်ယူ၊ (မိန်းမမူကား၊) ရွှေဇမ္ဗူရာဇ်၊ ဦးသစ်သစ်၏၊ ချိန်လစ် တထောင်၊ နိက္ခဆောင်၍၊ ထိန်ပြောင်စိန်သား၊ လေးကွမ်းစားတည့်၊ မြကား တေတ္တိံ၊ ရဲထိန်သန္တာ၊ ဗာဝီသာနှင့်၊ ပုတ္တာသယ့်တစ်၊ ရေတွက် စစ်လော၊ ကြွင်းလစ်ရတနာ၊ သင့်သင့်ရာခြယ်၊ ကောင်းစွာငွေကြိုး၊ ချုပ်သီ ထိုးလျက်၊ အဖိုးကိုးကုဋေ၊ ထိုက်တန်ပေ၏၊ ရွှေပန်းထိမ် ငါးရာ၊ ချိန်ကြာ လေးလ၊ လက္ခ တသိန်း၊ တွက်ကိန်းချုပ်ပြီး၊ ဟန်းဆာကြီးကို၊ ငါးစီး ဆင်ပြောင်၊ အားကိုဆောင်သည့်၊ အခေါင်တုလွတ်၊ မိန်းမမြတ်တို့၊ ဆင်ဝတ်အပ်စွာ၊မဟာလတာ၊ ပသာဓန၊ နာမ ခပ်နှိပ်၊ အောင်ဘိသိက်ဖြင့်၊ သောင်နိဗ္ဗာန်နန်း၊ ဆင်တက်မြန်းသည်၊ သင်္ကန်းဒါန အကျိုးတည်း။

## (၁၁) ရိုးရိုးသင်္ကန်း လှူဒါန်းရကျိုး

* ရွှေသို့အဆင်း၊ ညစ်ကြေးကင်း၍၊ ရောင်ဝင်းထိန်ပ၊ နူးညံ့လှ၏၊ မက သိန်းဘိုး၊ ပုဆိုးရလေ၊ ညို ရွှေ ဖြူ နီ၊ ဤ ရှစ်လီနှင့်၊ ကြိုးလင့် ကံအား၊ ယောကျ်ားဖြစ်ဘိ၊ ဟေိဘိက္ခု၊ သမ္ဗုဒ္ဓကြ၊ ခေါ်ပြုမြွက်ဟ၊ မိန်းမဘာဝ၊ လက္ခတသိန်း၊ တွက်ကိန်းတန်ဘိုး၊ ကိုးကုဋေမျှ၊ လေးလအချိန်၊ ပန်းထိမ် ငါးရာ၊ မှန်စွာလုပ်ရ၊ မဟာလတာ၊ ခေါ်တန်းဆာကို၊ ဝတ်ကာ ဆင်မြန်း၊ မြတ်ရွှေကျမ်းဝယ်၊ ဤ တဆယ်သည်၊ မှတ်ဘွယ် သင်္ကန်းလှူကျိုးတည်း။

## (၁၂) ပံသုကူသင်္ကန်း လှူဒါန်းရကျိုး

* ပံသုကူသင်္ကန်း၊ လှူဒါန်းရကြောင့်၊ ဆင်းလှ့ခွန်အား၊ ကြီးမားပညာ၊ အင်္ဂါပြည့်ဝ၊ ကြီးလှတန်ခိုး၊ လုံးရပ်ပျိုးနှင့်၊ ပြည်ဖြိုးဘဏ္ဍာ၊ များစွာ

ကျွန်တော့၊ ရွှေ ငွေ ကျွဲ နွား၊ ဆင်မြင်းများနှင့်၊ သိကြားတထောင်၊ မြားမြောင်ပဒေသရာဇ်၊ စကြာရှစ်ဆယ်၊ အပါယ်စသား၊ မလားမရောက်၊ မြားမြောက်စည်းစိမ်၊ ဂုဏ်သိရ် ဖြိုးမောက်၊ နိဗ္ဗာန်ရောက်သည်၊ ကျမ်းထောက် ပံသုကူ လူ့ကျိုးတည်း။

## (၁၃) ကထိန်သင်္ကန်း လှူဒါန်းရအကျိုး

၁။ စကြာမင်းကြီး၊ ပုံမှီးတူစွာ၊ သွားရာဒေသ၊ အေးချမ်းလှ၍၊ ကြီးစွာ့ တန်ခိုး၊ လွန်ကျော်ဟိုးသည်၊ မှတ်ရိုး အနာမန္တ လှူကျိုးတည်း။

၂။ သူဌေးဇောတိက၊ ပုံမျှ တူစွာ၊ ဥစ္စာဓနာ၊ ပေါကြွယ်ဝလျက်၊ ကိုယ်မှတခြား၊ သူတပါးလက်၊ လုယက်မပါ၊ ဖြစ်ရရှာသည်၊ မှတ်ပါ အသမာဒါန လှူကျိုးတည်း။

၃။ ကျောင်းအမ ဝိသာခါ၊ ပမာ တူငြား၊ သားနှင့်သမီး၊ မြစ်မြေးတူစုံ၊ ဆွေပုံတသင်း၊ ကင်းရှင်းရောဂါ၊ နေထိုင်ကာဖြင့်၊ ဥစ္စာဓနာ၊ ပေါကြွယ်ဝသည်၊ မှတ်ကြ ဂဏဘောဇန လှူကျိုးတည်း။

၄။ နုရုဒ္ဓါလား၊ မင်းသားတူစွာ၊ ဥစ္စာဓနာ၊ လိုတိုင်းရလျက်၊ ကြွယ်ဝဥစ္စာ၊ လွန်ချမ်းသာသည်၊ မှတ်ပါ ယာဝဒတ္ထ လှူကျိုးတည်း။

၅။ သိရိဓမ္မ၊ သောကရာဇာ၊ ပမာပုံမျိုး၊ အုပ်စိုးခါခါ၊ သြဇာလွှမ်းမိုး၊ တန်ခိုးကြွယ်ဝ၊ ခံစားရသည်၊ မှတ်ကြ ယောစစိဝရပ္ပါ လှူကျိုးတည်း။

(က) ကထိန်ဒါန မြတ်လှပေဟာ၊ သုံးလူ့ထွဋ်မှူး ချီးကျူးခါခါ။
ဟောဘိကျွ ခေါ်ပြုလေရာ၊ မြတ်ရဟန်း ရှင်လန်းဖြစ်ရတာ။

(ခ) ကထိန်ဒါန ပြုကြသူမှာ၊ ဘဝါဘဝ မုချ ချမ်းသာ။
ခံစား စံစား ရှင်အားဖြာဖြာ၊ အဆုံးကျ ရောက်ရနိဗ္ဗူတာ။

## (၁၄) တနည်း=ကထိန်သင်္ကန်း လှူဒါန်းရကျိုး (၈) မျိုး

* လှပအဆင်း၊ ချမ်းသာခြင်းတည်း၊ ဘေးကင်းလီလီ၊ အသက်ရှည်၍၊ ပေါက်သည်ပဒေသာ၊ ကြီးဗလာနှင့်၊ ပညာပြည့်ဝ၊ နိဗ္ဗာန်ရသည်၊ အဋ္ဌကထိန်လှူကျိုးတည်း။

## (၁၅) ကထိန်သင်္ကန်း အလှူခံရကျိုး

၁။ ရဟန်းတို့အား မပန်မကြား သွားရခြင်း၊

၂။ တိစီဝရိတ်နှင့် ညစ္စကင်း၍ နေရခြင်း၊

၃။ ဂဏဘောဇဉ်ကို စားရခြင်း၊

၄။ သင်္ကန်းကို အဓိဋ္ဌာန် ဝိကပ္ပနာ မပြုဘဲ ငါးလထားရခြင်း၊

၅။ သံဃိက သင်္ကန်းများကို သုံးဆောင်ရခြင်း၊

* သွား, ကင်း, စား, ထား, ဃိကများ၊ ငါးပါး အာနိသင်။

## (၁၆) ဝါဆိုသင်္ကန်း လှူဒါန်းရကျိုး

* ဝါဆိုသင်္ကန်း၊ ပေးလှူဒါန်းက၊ ဂတိမြဲလှ၊ စူဋ္ဌသောတာ၊ တူလှစွာကြောင့်၊ ပါယ်ရွာမသိ၊သုဂတိမြဲ၊လွန်ထူးကဲသည်၊မှတ်စွဲဝါဆိုသင်္ကန်းလှူကျိုးတည်း။

## (၁၇) သင်္ကန်းကို ရှိခိုးရကျိုး

* အရိယာ့တံခွန်၊ မြတ်မွန်သင်္ကန်း၊ ရှင်လန်းရှိခိုး၊ ရအကျိုးကား၊ လေးမျိုးပါယ်ရွာ၊ မရောက်ပါဘဲ၊စကြာဝတေးစစ်၊ ကောန်ဖြစ်သည်၊ရလစ် အရဟတ္တဖိုလ် တိုင်အောင်တည်း။

## (၁၈) အဖျော်ယမကာ လှူဒါန်းရကျိုး (၁၁)မျိုး

၁။ အဆင်းလှခြင်း၊

၂။ အသက်ရှည်ခြင်း၊

၃။ ခွန်အားကြီးမားခြင်း၊

၄။ ပညာကြီးခြင်း၊

၅။ လုံ့လကြီးခြင်း၊

၆။ အခြွေအရံများခြင်း၊

၇။ သန့်ရှင်း စင်ကြယ်ခြင်း၊

၈။ များသော ထမင်း အဖျော် တို့ ကို ရခြင်း၊

၉။ ရဲရင့် ခိုင်ခံ့ခြင်း၊

၁၀။ တည်ကြည် ငြိမ်သက်ခြင်း၊

၁၁။ နတ်ပြည်၌ ကျင်လည်ရခြင်း။

* ဆင်းလှ,သက်ရှည်၊ ပွါးစည်ဗလ၊ ဉာဏ်ကြွယ်ဝ၏၊ လုံ့လကြီးထွေ၊ များလေခြံရံ၊ တဖန်သန့်ရှင်း၊ ဖျော်ထမင်းရ၊ ရဲတင်းခိုင်မာ၊ တည်လာငြိမ်သက်၊ အထက်နတ်ပြည်၊ ရောက်မည်အမှန်၊ ဆယ့်တစ်တန်သည်၊ မှတ်ရန် အဖျော်လှူကျိုးတည်း။

(၁၉) သပိတ် လှူဒါန်းရကျိုး (၁၀)မျိုး

၁။ ရွှေခွက်တို့ကို ရရှိခြင်း၊
၂။ ငွေခွက်တို့ကို ရရှိခြင်း၊
၃။ ပတ္တမြားခွက်တို့ကို ရရှိခြင်း၊
၄။ ဘေးဘယ ကင်းရှင်းရခြင်း၊
၅။ သူ များ ရို သေ သ မှု ခံရခြင်း၊
၆။ လာဘ်လာဘ ပေါများရခြင်း၊
၇။ စည်းစိမ်ဘောဂ မပျက်စီးခြင်း၊
၈။ စိတ်လက်တည်ကြည် ချမ်းသာရခြင်း၊
၉။ တရားကို လိုလားနှစ်သက်ခြင်း၊
၁၀။ ကိလေသာတို့ကို ခေါင်းပါးပယ်ရှား နိုင်ခြင်း။

* ရွှေငွေ ပတ္တမြား၊ သုံးပါးခွက်ရ၊ ဘယကင်းလေ၊ သူရိုသေ၏၊ များထွေ လာဘ၊ ဘောဂမပျက်၊ စိတ်လက်တည်ကြည်၊ လိုသည်တရား၊ ခေါင်းပါး ကိလေ၊ ဤဆယ်ထွေသည်၊ ပတ္တေ သပိတ်လှူကျိုးတည်း။

(၂၀) ဆွမ်းလှူဒါန်းရကျိုး (၁၀)မျိုး

၁။ အသက်ရှည်ခြင်း၊
၂။ အဆင်းလှခြင်း၊
၃။ ခွန်အားဗလ ကြီးမားခြင်း၊
၄။ ပစ္စည်းဥစ္စာ ချမ်းသာခြင်း၊
၅။ ဉာဏ်ပညာ ကြီးမားခြင်း၊
၆။ ဖြူစင်သန့်ရှင်းခြင်း၊
၇။ ထမင်းအဖျော်များ ပူဇော်လာရခြင်း၊
၈။ လုံ့လ ဝီရိယရှိခြင်း၊
၉။ အခြွေအရံ ပေါများခြင်း၊
၁၀။ ဣန္ဒြေများ ပြည့်စုံတင့်တယ်ခြင်း။

* ဒီဃာယုက၊ သုဝဏ္ဏနှင့်၊ ဗလကြီးမား၊ ချမ်းသာများလျက်၊ လျင်လျား ပညာ၊ ဖြူစွာသန့်ရှင်း၊ ထမင်းအဖျော်၊ ပူဇော်များလှ၊ လုံ့လ,ရံခြွေ၊ ဣန္ဒြေပြည့်ငြား၊ ဤဆယ်ပါးသည်၊ မှတ်သား ဆွမ်းလှူအကျိုးတည်း။

(၂၁) အဂ္ဂိတ္တိုရ်လာ ယာဂုလှူဒါန်းရကျိုး (၁၀)မျိုး

၁။ အသက်ရှည်ခြင်း၊
၂။ အဆင်းလှခြင်း၊
၃။ ခွန်အားဗလ ကြီးမားခြင်း၊
၄။ ပစ္စည်းဥစ္စာ ချမ်းသာခြင်း၊
၅။ ဉာဏ်ပညာ ကြီးမားခြင်း၊
၆။ ဆာလောင်မွတ်သိပ်ခြင်းမှ ကင်းခြင်း၊
၇။ ခန္ဓာကိုယ်တွင်း သန့်ရှင်း စင်ကြယ်ခြင်း၊
၈။ ခန္ဓာကိုယ်ပ သန့်ရှင်း စင်ကြယ် ခြင်း၊
၉။ လေများကို နှိမ်နိုင်ခြင်း၊
၁၀။ အစာကို ကြေညက်စေခြင်း၊

* ဒီဃာယုက၊ သုဝဏ္ဏနှင့်၊ ဗလကြီးမား၊ ချမ်းသာများလျက်၊ လျင်လျား ပညာ၊ မွတ်သိပ်ဆာကင်း၊ ပ,တွင်း သန့်စင်၊ လေလျင်နိမ်လေ၊ အစာကြေ သည်၊ ဆယ်ထွေ ယာဂု လှူကျိုးတည်း။

## (၂၂) ရေ လှူဒါန်းရကျိုး (၁၀)မျိုး

၁။ သန့်ရှင်းစင်ကြယ်ခြင်း၊
၂။ ကျော်စောထင်ရှားခြင်း၊
၃။ အခြွေအရံ ပေါများခြင်း၊
၄။ လျင်မြန်ဖျတ်လတ်ခြင်း၊
၅။ ရေငတ်ခြင်းမှ ကင်းခြင်း၊
၆။ အသက်ရှည်ခြင်း၊
၇။ ရုပ်ရည်အဆင်းလှပခြင်း၊
၈။ ဥစ္စာဓန ကြွယ်ဝခြင်း၊
၉။ ဉာဏ်ပညာ ကြီးမားခြင်း၊
၁၀။ ခွန်အားဗလ ကြီးမားခြင်း။

* သန့်ရှင်း ကျော်စော၊ လွန်ပေါခြွေရံ၊ လျင်မြန်ဖျတ်လတ်၊ ရေငတ်ကင်း သည်၊ သက်ရှည်,ဆင်းလှ၊ ဓန ချမ်းသာ၊ ပညာ, ခွန်အား၊ လွန်ကြီးမား သည်၊ ဆယ်ပါး ရေလှူ အကျိုးတည်း။

## (၂၃) ဆေး လှူဒါန်းရကျိုး (၁၀)မျိုး

၁။ ရုပ်ရည် အဆင်းလှပရခြင်း၊
၂။ အသက်ရှည်ရခြင်း၊
၃။ ချမ်းသာမှုရရှိခြင်း၊
၄။ ခွန်အားဗလကြီးမားသန်စွမ်း ရခြင်း၊
၅။ ဉာဏ်ပညာ ကြွယ်ဝရခြင်း၊
၆။ လုံ့လ ဝီရိယ ကြီးမားရခြင်း၊
၇။ သူတပါးတို့ ရိုသေလေးစားမှုကို ခံရခြင်း၊
၈။ ချစ်သူနှင့် မကွဲမကွာရခြင်း၊
၉။ ဘေးရန်ကင်းရှင်းရခြင်း၊
၁၀။ အခြွေအရံ ပေါများရခြင်း။

* ဆေးလှူပါရ၊ မြတ်ဒါနကြောင့်၊ ဆင်းလှသက်ရှည်၊ ချမ်း သာ တည် ၍၊ ပွါးစည်ဗလ၊ ဉာဏ်ကြွယ်ဝ၏၊ လုံ့လကြီးတွေ့၊ သူရိုသေလျက်၊ မကွေ ချစ်သူ၊ ဘေးမပြုဘဲ၊ ပြောထူခြွေရံ၊ ဤဆယ်တန်သည်၊ မှတ်ရန် ဆေးလှူ အကျိုးတည်း။

## (၂၄) အခိုး အထုံနှံ့ လူဒါန်းရကျိုး (၁၀)မျိုး

၁။ ထက်သော ဉာဏ်ပညာ ရှိရခြင်း၊
၂။ ရွှင်သော ဉာဏ်ပညာ ရှိရခြင်း၊
၃။ လျင်မြန်သောဉာဏ်ပညာ ရှိခြင်း၊
၄။ မြဲမြံသော ဉာဏ်ပညာရှိခြင်း၊
၅။ ကျယ်ပြန့်သော ဉာဏ်ပညာ ရှိခြင်း၊
၆။ နက်နဲသော ဉာဏ်ပညာရှိခြင်း၊
၇။ ကိုယ်နံ့ မွှေးကြိုင်ခြင်း၊
၈။ ဂုဏ်သတင်း ကျော်စောခြင်း၊
၉။ ကျယ်ပြန့်နှံ့စပ်သော ဂုဏ်ရှိခြင်း၊
၁၀။ အခြွေအရံ ပေါများခြင်း၊

* တိက္ခ,ဟာသ၊ ဇဝနနှင့်၊ဒဠ္ဌ,ဘူရိ၊ ဂမ္ဘီပညာ၊ ကောင်းစွာကိုယ်နံ့၊ ကျော်ပြန့်ထင်ရှား၊ ခြွေရံများသည်၊ ဆယ်ပါး ခိုးထုံ လှူကျိုးတည်း။

## (၂၅) ကရား ရေဗူး လှူဒါန်းရကျိုး (၁၀)မျိုး

၁။ အကြီးအကဲ ဖြစ်ရခြင်း၊
၂။ ချမ်းသာ တိုးပွါးရခြင်း၊
၃။ အခြွေအရံ ပေါများရခြင်း၊
၄။ နူးညံ့သောကိုယ်ရေ ရှိရခြင်း၊
၅။ ကြီးမြင့် ထင် ရှား သော ဂုဏ် ရရှိခြင်း၊
၆။ လက္ခဏာ ညီညွတ်လှပရခြင်း၊
၇။ ကြောက်ရွံ့ထိတ်လန့်မှု ကင်းရှင်းရခြင်း၊
၈။ ဘေးရန်ဥပဒ်များကို ပယ်ရှားတားမြစ်နိုင်ခြင်း၊
၉။ အဆင်းလေးမျိုးရှိသော ကရားရေဗူးတို့ကိုရရှိခြင်း၊
၁၀။ ဆင်မြင်းစသော ယာဉ်များကို တည်မြဲစွာ ရရှိခြင်း။

* ကြီးကဲဖြစ်ရ၊ သုခတိုးပွါး၊ ခြွေရံများလျက်၊ ညံ့ထွားကိုယ်လက်၊ ဂုဏ်နက်ပြန့်ပြော၊ ညီမောလက္ခဏာ၊ ကင်းကွာထိတ်လန့်၊ ပယ်ဟန့်ဥပဒ်၊ လေးမှတ်ဆင်းပြား၊ ဗူးကရားနှင့်၊ ယာဉ်များမြင်းဆင်၊ စုံလင်ရလာ၊ထိုရတနာလည်း၊ မကွာတည်ငြား၊ ဤဆယ်ပါးသည်၊ ကရားရေဗူး လှူကျိုးတည်း။

## (၂၆) ထီး လှူဒါန်းရသောအကျိုး (၈)မျိုး

၁။ အပူ အချမ်း အအေး များကို မသိရခြင်း၊

၂။ ခန္ဓာကိုယ်၌ ကြေးအညို များ မတင်ခြင်း၊

၃။ အနှောက် အယှက် ကင်းရှင်း ရခြင်း၊

၄။ ဘေးရန် ကင်းရှင်းရခြင်း၊

၅။ သူတပါး ရိုသေမှုကို ခံရခြင်း၊

၆။ အရေအဆင်း နူးညံ့ရခြင်း၊

၇။ စင်ကြယ်သော စိတ်နှလုံး ရှိခြင်း၊

၈။ သိန်း သန်း များ လှသော ထီး များကို ရရှိခြင်း။

* ပူချမ်း မသိ၊ ကြေးညို မတင်၊ ကင်းစင် ရန်ဘေး၊ ကင်းဝေး နှောက်ယှက်၊ မပျက် ရိုသေ၊ အရေ နုနယ်၊ စင်ကြယ် နှလုံး၊ ဆောင်သုံး ရိပ်ဖြူ၊ ဤရှစ်ဆူ၊ ထီးလှူအကျိုးမှတ်။

## (၂၇) ပဲကွပ် သင်ဝုန်း လှူဒါန်းရကျိုး (၈)မျိုး

၁။ ရဲရင့်သော သတ္တိရှိခြင်း၊

၂။ တွန့်တိုကြောက်လန့်မှု မရှိခြင်း၊

၃။ အလွန် အလွန် ရဲရင့်သော သူရ သတ္တိရှိခြင်း၊

၄။ တည်ကြည်သော သမာဓိ ရှိခြင်း၊

၅။ မပျက်သော လုံ့လဝီရိယရှိခြင်း၊

၆။ ချိုးမြှောက် တက်ကြွသော စိတ် ရှိခြင်း၊

၇။ ကျယ်ပြန့်သော ဉာဏ်ပညာ ရှိခြင်း၊

၈။ နက်နဲ စူးရှသော ဉာဏ်ပညာ ရှိခြင်း။

* သာမန်ရဲခြင်း၊ တွန့်တိုကင်း၏၊ ရဲခြင်းလွန်ထ၊ တည်ပငြိမ်သက်၊ မပျက် လုံ့လ၊ သစိတ္တကို၊ နိစ္စချိုးပြု၊ ပုထုဂမ္ဘီ၊ ဉာဏ်နှစ်လီထပ်၊ ဤရှစ်ရပ်သည်၊ ပဲကွပ် သင်ဝုန်း လှူကျိုးတည်း။

## (၂၇) ဓါး လှူဒါန်းရသောအကျိုး (၈)မျိုး

၁။ အဆွေခင်ပွန်းကို ရရှိခြင်း၊

၂။ လုံ့လ ဝီရိယရှိခြင်း၊

၃။ သည်းခံမှုတရားရှိခြင်း၊

၄။ စွဲမြဲသော မေတ္တာတရားရှိခြင်း၊

၅။ တဏှာကို ပယ်ဖြတ် တတ် သော သောတာပတ္တိမဂ်ဉာဏ်ကို ရရှိခြင်း၊

၆။ တဏှာကို ပယ်ဖြတ်တတ် သော သကဒါဂါမိမဂ်ဉာဏ်ကို ရရှိခြင်း၊

၇။ တဏှာကိုပယ်ဖြတ်တတ် သော အနာဂါမိမဂ်ဉာဏ်ကို ရရှိခြင်း၊

၈။ တဏှာကို ပယ်ဖြတ်တတ်သော အရဟတ္တမဂ်ဉာဏ်ကို ရရှိခြင်း။

* ခင်ပွန်းကောင်းရ၊ လုံ့လ ရှိပြန်၊ သည်းခံ အမြဲ၊ လက်စွဲ မေတ္တာ၊ တဏှာ ဖြတ်ရန်၊ မဂ်ဉာဏ်ရငြား၊ ဤ ရှစ်ပါးသည်၊ ဓါး လှူ ဒါန အကျိုးတည်း။

## (၂၈) ယပ်ခပ် လှူဒါန်းရကျိုး (၈)မျိုး

၁။ ချမ်းခြင်း ပူခြင်းမရှိခြင်း၊

၂။ ပူလောင် အိုက်စပ် မရှိခြင်း၊

၃။ စိတ်အေးမြ ချမ်းသာရခြင်း

၄။ ရာဂမီးတောက်လောင်မှု ကင်းရှင်းခြင်း၊

၅။ ဒေါသမီး တောက်လောင်မှု ကင်းခြင်း၊

၆။ မောဟမီး တောက်လောင်မှု ကင်းခြင်း၊

၇။ ဒိဋ္ဌိမီးပူ ကင်းရှင်းခြင်း၊

၈။ မာန အထင်ကြီးမှုမီးပူ ကင်းခြင်း။

* ချမ်းခြင်း,ပူခြင်း၊ အိုက်ခြင်းကင်းပ၊ စိတ်အေးမြ၏၊ ရာဂ,ဒေါသ၊ မောဟ, ဒိဋ္ဌိ၊ မာနဂ္ဂိကင်း၊ ဤ ရှစ်ခင်းသည်၊ လေညှင်း ယပ်ခပ် လှူကျိုးတည်း။

## (၃၀) မျက်စဉ်း လှူဒါန်းရကျိုး (၈)မျိုး

၁။ တော်သင့်ရာ အချိုးတကျ ဖြူသော မျက်စိများကို ရရှိခြင်း၊

၂။ သင့်သလို အချိုးတကျ နီတွေးသော မျက်စိများကို ရရှိခြင်း၊

၃။ အချိုးကျ သင့်သလို ဝါရွှေသော မျက်စိများကို ရရှိခြင်း၊

၄။ လှပကျယ်ဝန်းသော မျက်စိများကို ရရှိခြင်း၊

၅။ တောက်ပ ကြည်လင်သော မျက်စိများကို ရရှိခြင်း၊

၆။ မျက်စိ၏ နောက်ကျုမှုန်ခြင်း ရှုပ်ထွေးခြင်းမရှိခြင်း၊

၇။ နတ်မျက်စိပမာ ဝေးလံ့သေးငယ်သော အရာတို့ကို မြင်နိုင်ခြင်း၊

၈။ ရောဂါ အမျိုးမျိုးတို့မှ ကင်းလွတ်ရခြင်း။

* သင့်ရာသင့်ရာ၊ ဖြူနီဝါလျက်၊ ကျယ်စွာမျက်စိ၊ ကြည်လင်ဘိ၏၊ မရှိနောက် နက်၊ နတ် မျက် စိ သွင်၊ နှာ မျိုး စင် သည်၊ ရှစ် အင် မျက် စဉ်း လှူကျိုးတည်း။

## (၃၁) နှာနှပ်တံ လှူဒါန်း ရကျိုး (၈)မျိုး

၁။ ဉာဏ်ပညာ ကြီးမားခြင်း၊

၂။ သဒ္ဓါတရား ထက်မြက်ခြင်း၊

၃။ ဒုစရိုက်မှ ကြောက်ခြင်း= သြတ္တပ္ပ၊

၄။ ဒုစရိုက်မှ ရှက်ခြင်း=ဟိရီ၊

၅။ ကျမ်းဂန်တတ်ကျွမ်းသော= သုတရှိခြင်း၊

၆။ စွန့်ကြဲပေးကမ်းမှု=စာဂရှိခြင်း၊

၇။ အကျင့်သီလ ဖြူစင်ခြင်း၊

၈။ သည်းခံနိုင်ခြင်း၊

* ပညာကြီးလျက်၊ သဒ္ဓါထက်၏၊ ကြောက်,ရှက်ပါပ၊ကျနကျမ်းဂန်၊ စွန့်ဟန်တမူ၊ စင်ဖြူ သီလ၊ သည်းခံက၊ ရှစ်ဝ နှာနှပ် လှူကျိုးတည်း။

## (၃၂) ကောက်ဦး သစ်သီး လှူဒါန်း ရကျိုး (၈)မျိုး

၁။ စည်းစိမ်ချမ်းသာ ကြီးရခြင်း၊

၂။ အခြွေအရံများရခြင်း၊

၃။ ဘေးရန်ကို ပယ်ရှားနိုင်ခြင်း၊

၄။ ရုပ်ရည်လှပခြင်း၊

၅။ ပစ္စည်းဥစ္စာပေါများခြင်း၊

၆။ မြဲသော အခြွေအရံရှိခြင်း၊

၇။ ရိုသေဦးညွတ်မှုကို ခံရခြင်း၊

၈။ ဥစ္စာဂုဏ်ထူး လက်ဦးရရှိခြင်း၊

* စည်းစိမ် ကြီးမား၊ ခြွေရံများ၏၊ ပယ်ရှားရန်ဘေး၊ ရုပ်သွေးလှပ၊ ခနပြန့်ပြော၊ မြဲသောရံခြွေ၊ ရိုသေညွတ်ကြ၊ လက်ဦးရသည်၊ ရှစ်ဝ သစ်သီး ကောက်ဦး လှူကျိုးတည်း။

သဒ္ဓမင်္ဂလ 66-67

(၃၃) ဒိုင်းမြွေး အခြင်ယနယ် လူ့ဒါန်းရကျိုး (၈)မျိုး

၁။ အရပ်မျက်နှာတိုင်းက ပူဇော် ခံရသူဖြစ်ခြင်း၊

၂။ မနိုင်းယှဉ်နိုင်သောစည်းစိမ်ဥစ္စာ ရှိပြီး ခပ်သိမ်းသူတို့ တည်ရာ ဖြစ်ခြင်း၊

၃။ ထိတ်လန့်ခြင်း မရှိခြင်း၊

၄။ အနာရောဂါ မရှိခြင်း၊

၅။ ရှည်သော အသက်ကို စောင့် ရှောက်နိုင်ခြင်း၊

၆။ သိပ်မွေ့သော အရေအဆင်း ရှိခြင်း၊

၇။ တောင့်တအပ်သော နေရာ၌ နေနိုင်ခြင်း၊

၈။ ပဋိသမ္ဘိဒါပတ္တ ရဟန္တာ ဖြစ်နိုင်ခြင်း၊

* ပူဇော်ခံရ၊ နှိုင်း မရငြား၊ ပေါများ ဥစ္စာ၊ တည်ရာ ခပ်သိမ်း၊ ကင်းငြိမ်း ထိတ်လန့်၊ သန့်ပြန့် အနာ၊ ရောဂါ မရှိ၊ ရှည်ဘိ အသက်၊ စောင့်ဆောင် ရှက်၏၊ မွေ့ညက် ဆင်းဝါ၊ နေရာ လိုရှိ၊ နေရ ဘိလျှင်း၊ ဖြစ်ခြင်း ရဟန္တာ၊ ဤ ရှစ်ဖြာသည်၊ မှတ်ပါ အခြင်ယနယ် လှူကျိုးတည်း။

(၃၄) တနည်း ရေလှူဒါန်းရကျိုး (၇)မျိုး

၁။ သစ်ပင်ဖျား တောင်ထိပ်ဖျားမှာ နေသော် လည်း ရေမ ရှားဘဲ လိုတိုင်းရနိုင်ခြင်း၊

၂။ တောင့်တလျှင် မိုးရွာရခြင်း၊

၃။ ပူဆာခြင်း,အိုက်ခြင်းမှ ကင်းခြင်း၊

၄။ အနာရောဂါ ကင်းရှင်းခြင်း၊

၅။ ကိလေသာမှ လွတ်နိုင်ခြင်း၊

၆။ အညစ်အကြေးမတင် သန့်ရှင်း စင်ကြယ်ခြင်း၊

၇။ နံ့သာကဲ့သို့ မွှေးကြိုင်သော ကိုယ်ရှိရခြင်း။

* သစ်ပင်,တောင်ဖျား၊နေလေငြားလည်း၊ မရှားရေရ၊တောင့်တ မိုးရွာ၊ ပူဆာ အိုက်ကင်း၊ ရှင်းသည်အနာ၊ ကိလေသာဝေး၊ ညစ်ကြေးမရစ်၊ နံ့သာစစ်သို့၊ မလစ်မွှေးရ၊ ခုနစ်ဝသည်၊ မှတ်ကြ ရေလှူ အကျိုးတည်း။

## (၃၅) သားရေနယ်အခင်း လှူဒါန်းရကျိုး (၆)မျိုး

၁။ တင့်တယ်လျှောက်ပတ်သော လုံးရပ်သဏ္ဌာန်ရှိခြင်း၊

၂။ ကောင်းစွာ စေ့စပ်သော ကိုယ်ရှိခြင်း၊

၃။ ညဏ်တည်းဟူသော စိတ်၏ အခြံအရံရှိခြင်း၊

၄။ အဝတ်အရုံကောင်းကိုသာ ဝတ်ရုံ သုံးဆောင်ရခြင်း၊

၅။ အခင်းကောင်းကိုသာ သုံးဆောင်ရခြင်း၊

၆။ မြတ်သော ချန်သမာပတ် ချမ်းသာကို ခံစားရခြင်း၊

* သဏ္ဌာန်လုံးရပ်၊ စေ့စပ်သောကိုယ်၊ များထို ခြံရံ၊ ကောင်းလွန် ဝတ်ရုံ၊ ကောင်းတုံ ခင်းမွန်၊ ဈာန်သမာပတ်၊ မြတ်လှချမ်းသာ၊ ဤခြောက်ဖြာ၊ မှတ်ပါ သားရေနယ်အခင်း လှူကျိုးတည်း။

## (၃၆) ခါးပန်းကြိုး လှူဒါန်းရကျိုး (၆)မျိုး

၁။ မတုန်လှုပ်သော သမာဓိ ရှိခြင်း၊

၂။ ဈာန်သမာပတ်တို့၌ အလေ့ အလာများခြင်း၊

၃။ အခြွေအရံ စုံစေ့ပေါများ ခြင်း၊

၄။ ခိုင်မာတည်မြဲသော စကား ရှိခြင်း၊

၅။ ပေါ်လွင် ထင်ရှားသော သတိ ရှိခြင်း၊

၆။ မမေ့ပျောက်သော သတိ ရှိခြင်း။

* တုန်လှုပ်ကင်းကွာ၊ ဈာန်သမာလေ့၊ စုံစေ့ရံခြွေ၊ ဆိုလေခိုင်တည်၊ မေ့သည် မရှိ၊ ထင်ပေါ်ဘိသည့်၊ သတိဖြစ်ငြား၊ ဤခြောက်ပါး၊ ရငြားခါးပန်း လှူကျိုးတည်း။

## (၃၇) တောင်ဝှေး လှူဒါန်းရကျိုး (၆)မျိုး

၁။ ချွတ်ချော်တိမ်းပါးမှု မရှိခြင်း၊

၂။ ကြောက်ရွံ့ထိတ်လန့်မှု ကင်းခြင်း၊

၃။ လိုခြုံသော အစောင့်အရှောက် ရှိခြင်း၊

၄။ စိတ်အနှောက်အယှက် ကင်းကာ ကြည်လင်ခြင်း၊

၅။ ရန်သူများ ရှောင်ဖယ် ကင်းရှင်းခြင်း၊

၆။ သားသမီးကောင်း ပေါများခြင်း၊

* ချွတ်ချော်ပယ်ရှင်း၊ ကြောက်ခြင်းမရှိ၊ လုံဘိအစောင့်၊ မနှောက်စိတ်စက်၊ ရန်ဘက်ပယ်ရှား၊ သားကောင်းများသည်၊ ခြောက်ပါး တောင်ဝေး လူကျိုးတည်း။

## (၃၈) မွေးညှပ် လူ့ဒါန်းရကျိုး(၆)မျိုး

၁။ ဆင် မြင်း ကျွဲ နွား တို့ကို ရရှိခြင်း၊

၂။ ကျေးကျွန်များကို ရရှိခြင်း၊

၃။ အခိုင်းအစေခံများကို ရရှိခြင်း၊

၄။ တန်းဆာဆင်ပေးသူ၊ ပြုပြင်ပေးသူ ရရှိခြင်း၊

၅။ အစားအသောက် ချက်ပြုတ်သူကို ရရှိခြင်း၊

၆။ ကိလေသာကို ပယ်သတ်နိုင်ခြင်း၊

* ဆင် မြင်း ကျွဲ နွား၊ တခြား ကျေးကျွန်၊ တမန်စေပါ၊ တန်းဆာဆင်သူ၊ ချက်သူရလွယ်၊ ကိလေပယ်သည်၊ ခြောက်သွယ် မွေးညှပ်လှူကျိုးတည်း။

## (၃၉) ဘုံလျှိအခင်း လှူဒါန်းရကျိုး (၆)မျိုး

၁။ စေ့စပ်သောခန္ဓာကိုယ်ကို ရရှိခြင်း၊

၂။ နူးညံ့သော ကိုယ်ရှိခြင်း၊

၃။ လှပတင့်တယ်ခြင်း၊

၄။ အထူးထူးသော အခင်းတို့ကို ရခြင်း၊

၅။ လိမ္မာယဉ်ကျေးမှု ရှိခြင်း၊

၆။ ချာန်တည်း ဟူသော ညောင်စောင်းကို ရရှိခြင်း၊

* စေ့စပ်သောကိုယ်၊ နူးညံ့၊ လှဝါ၊ ခင်းထူးလာ၏၊ လိမ္မာညွှံ့ပျောင်း၊ ချာန်ညောင်စောင်းစက်၊ ဤခြောက်ချက်၊ ဟောမြွက် ဘုံလျှိလှူကျိုးတည်း။

## (၄၀) စောင်းတန်း လှူဒါန်းရကျိုး (၅)မျိုး

၁။ သစ်ပင်ကမ်းပါး တောင်ထိပ်က ကျသော်လည်း ဘေးရန်မရှိ မထိမပါး ကိုးကွယ်မှီခိုရာ ရခြင်း၊

၂။ ခိုးသူတို့ မနှိပ်စက်နိုင်ခြင်း၊

၃။ မင်းစိုးတို့ မနှိပ်စက်နိုင်ခြင်း၊

၄။ ရန်သူအပေါင်းကို လွှမ်းမိုးအောင်နိုင်ခြင်း၊

၅။ လေကဲ့သို့ လျင်မြန်သော ဆင်မြင်းယာဉ်တို့ကို ရနိုင်ခြင်း။

* ကမ်းပါးသစ်ပင်၊ တောင်တွင်ထိပ်က၊ လိမ့်ရှုကျလည်း၊ ဘေးမှ မထိ၊ မှီခိုရှိ၏၊ မှတ်သိတမျိုး၊ သူခိုး မင်းဘေး၊ နှိပ်စက်ဝေးပြီး၊ ရန်ဘေးတဖန်၊ အောင်နိုင်ပြန်၍၊ လျင်မြန် ဆင် မြင်း၊ ယာဉ်ရခြင်းပ၊ ဤငါးဝသည်၊ မှတ်ကြ စောင်းတန်း လှူကျိုးတည်း။

## (၄၁) အပ် လှူဒါန်းရကျိုး (၅)မျိုး

၁။ ထက်မြက်သော ဉာဏ်ပညာ ရှိခြင်း၊

၂။ ရုပ်အဆင်းအင်္ဂါ လှပတင့်တယ်ခြင်း၊

၃။ ဥစ္စာ ပစ္စည်း ပေါများ ကြွယ်ဝချမ်းသာခြင်း၊

၄။ ယုံမှား သံသယမရှိခြင်း၊

၅။ ယုံမှားခြင်းကို ဖြတ်တောက်နိုင်ခြင်း။

* ထက်မြက်ပညာ၊ ဆင်းဝါ တင့်တယ်၊ ပေါကြွယ်ဥစ္စာ၊ သင်္ကာမရှိ၊ ဖြတ်ဘိတမူ၊ ဤငါးဆူ၊ အပ်လှူ အကျိုးမှတ်ဘွယ်တည်း။

## (၄၂) မျက်နှာသုတ်ပုဝါ လှူဒါန်းရကျိုး (၅)မျိုး

၁။ အလုံးစုံ အင်္ဂါလက္ခဏာနှင့် ပြည့်စုံခြင်း၊

၂။ အသက်ရှည်ခြင်း၊

၃။ ပညာကြီးခြင်း၊

၄။ ငြိမ်သက်တည်ကြည်ခြင်း၊

၅။ ကိုယ်စိတ်တို့၏ ပူပန်နွမ်းနယ်ခြင်းမှ ကင်းခြင်း။

* အင်္ဂါပြည့်ဝ၊ သက်ရှည်ကြ၍၊ ကြီးထပညာ၊ ကြည်သာငြိမ်သက်၊ စိတ်လက်ကိုယ်ပန်း၊ မနွမ်းမနယ်၊ ကင်းလွတ်ကွယ်သည်၊ မှတ်ဘွယ် မျက်နှာသုတ်ပုဝါ လှူကျိုးတည်း။

## (၄၃) ဝါးငယ် လှူဒါန်းရကျိုး (၅)မျိုး

၁။ ဆင်မြင်း ကျွဲ နွားတို့ကို ရရှိခြင်း၊

၂။ ကျွန်မိန်းမ, ကျွန်ယောကျ်ားများကို ရရှိခြင်း၊

၃။ အခိုင်းအစေ အလုပ်အကျွေးများကို ရရှိခြင်း၊

၄။ တန်းဆာပေးသူကို ရရှိခြင်း၊

၅။ ထမင်း ဟင်းကောင်း ချက်ပေးတတ်သူကို ရရှိခြင်း။

* ဆင် မြင်း ကျွဲ နွား၊ တခြား ကျေးကျွန်၊ တမန်စေပါ၊ တန်းဆာဆင်သူ၊ ချက်သူရလွယ်၊ ဤငါးသွယ်၊ ဝါးငယ်လက်သည်း လှူကျိုးတည်း။

## (၄၄) သွားတိုက်တံ လှူဒါန်းရကျိုး (၅)မျိုး

၁။ လည်ချောင်းသန့်ရှင်း စင်ကြယ်ခြင်း၊
၂။ ချောင်းဆိုး ရောဂါကင်းခြင်း၊
၃။ ခံတွင်း မွှေးပျံ့ခြင်း၊
၄။ ကုတ်ဟီးနာ ကင်းရှင်းခြင်း၊
၅။ အသံ သာယာခြင်း။

* လည်ချောင်းသန့်ရှင်း၊ချောင်းဆိုးကင်း၍၊ခံတွင်းမွှေးစွာ၊ကုတ်ဟီးနာကင်း၊ သာခြင်းအသံ၊ ဤငါးတန်သည်၊ မှတ်ရန် သွားတိုက် လှူကျိုးတည်း။

## (၄၅) ရေစစ် လှူဒါန်းရကျိုး (၅)မျိုး

၁။ သူများထက် အသက်ရှည်ခြင်း၊
၂။ ရန်သူများ မဖျက်ဆီးနိုင်ခြင်း၊
၃။ လက်နက်များ မထိမရှနိုင်ခြင်း၊
၄။ အဆိပ်ဘေးမှ ကင်းလွတ်ရခြင်း၊
၅။ အများလက်ချက်ဖြင့် မသေနိုင်ခြင်း။

* သက်ရှည်သူ့ထက်၊ ရန်မဖျက်တည်း၊ လက်နက်မရှ၊ ဆိပ်ပျောက်ပလျက်၊ သူ့လက်မသေနိုင်၊ ဤငါးဆိုင်သည်၊ ကရိုဏ် ရေစစ် လှူကျိုးတည်း။

## (၄၆) ရေသနုပ်ပုဆိုး လှူဒါန်းရကျိုး (၅)မျိုး

၁။ ရွှေအဆင်းနှင့်တူသော အဆင်းရှိခြင်း၊
၂။ အညစ်အကြေးကင်းခြင်း၊
၃။ ထွန်းလင်းတောက်ပသော ကိုယ်ရောင်ကိုယ်ဝါရှိခြင်း၊
၄။ ကိုယ်သားကိုယ်ရေ ပြေပြစ် ချောမောခြင်း၊
၅။ အခါခပ်သိမ်း သူတပါးတို့ မနှိပ်စက်နိုင်ခြင်း။

* ရွှေဝါအဆင်း၊ ညစ်ကြေးကင်း၍၊ ထွန်းလင်းရောင်ဝါ၊ ကိုယ်မှာပြေပြစ်၊ ရလစ်ကျိုးပင်၊ များအင်လက်ချက်၊ မနှိပ်စက်ငြား၊ ဤငါးပါးကား၊ မှတ်သား ရေသနုပ်လှူကျိုးတည်း။

## (၄၇) သပိတ်ခြေ လူ့ဒါန်းရကျိုး (၅)မျိုး

၁။ အဓိပ္ပါယ်ကို ကျနစွာ သိရသော ဉာဏ်ရှိရခြင်း၊

၂။ ထင်ရှားသော ဉာဏ်ပညာ ရှိခြင်း၊

၃။ ကျမ်းဂန်၌ တတ်သိသော ဉာဏ်ရှိခြင်း၊

၄။ မပျက်သော သတိရှိခြင်း၊

၅။ နောက်ယှက် ဆိုးတားမှုမရှိခြင်း။

※ ဓိပ္ပါယ်ကျန၊ ထင်လှသည့်ဉာဏ်၊ ကျမ်းဂန်မြင်သိ၊ သတိမပျက်၊ နှောက်ယှက်သူကွေ၊ သပိတ်ခြေ၊ ငါးထွေလှူကျိုးတည်း။

## (၄၈) လှေကား လှူဒါန်းရကျိုး (၅)မျိုး

၁။ သစ်ပင်, ကမ်းပါး, တောင်ထိပ်က ကျသော်လည်း ဘေးရန်မရှိ, မထိမူ၍ ကိုးကွယ် မှီခိုရာရခြင်း၊

၂။ မင်းစိုး=ရာဇာတို့ မနှိပ်စက်နိုင်ခြင်း၊

၃။ ခိုးသူတို့ မနှိပ်စက်နိုင်ခြင်း၊

၄။ ရန်သူအပေါင်းကို လွှမ်းမိုးအောင်နိုင်ခြင်း၊

၅။ လေကဲ့သို့ လျင်မြန်သော ဆင်မြင်း ယာဉ်တို့ကို ရနိုင်ခြင်း၊

* ကမ်းပါး, သစ်ပင်၊ တောင်တွင်ထိပ်က၊ လိမ့်၍ကျလည်း၊ ဘေးမှလွတ်ဘိ၊ မှီခိုရှိ၏၊ မှတ်သိတမျိုး၊ သူခိုး, မင်းဘေး၊ နှိပ်စက်ဝေးပြီး၊ ရန်ဘေးတဖန်၊ အောင်နိုင်ပြန်၍၊ လျင်မြန်ဆင်မြင်း၊ ယာဉ်ရခြင်းပ၊ ဤငါးဝသည်၊ မှတ်ကြ လှေကားလှူကျိုးတည်း။

## (၄၉) ခြေသုတ် လှူဒါန်းရကျိုး (၅)မျိုး

၁။ မှုကြေး မတင် သန့်ရှင်း စင်ကြယ်သော ကိုယ်ကို ရရှိခြင်း၊

၂။ လဲဝါဂွမ်း ပမာ ချောမွေ့နူးညံ့သော အသားအရေရှိခြင်း၊

၃။ ရွှေအဆင်းကဲ့သို့ ဝါဝင်းသော အဆင်းရှိခြင်း၊

၄။ ထက် ဝန်းကျင်မှ ထွန်းလင်းတောက် ပသော အရောင်အလင်းကို ရရှိခြင်း၊

၅။ စိုပြေ တောက်ပသော ကိုယ်ရောင်အဆင်းရှိခြင်း၊

* မှုကြေးမတွေ့၊ ချောမွေ့သားရေ၊ အဆင်းရွှေတည်း၊ တွန်းလေဝန်းကျင်၊ ကိုယ်ရောင်ရှင်သည်၊ ငါးအင်ခြေသုတ်လှူကျိုးတည်း။

## (၅၀) အာယောဂပတ် လူ့ဒါန်းရကျိုး (၅)မျိုး

၁။ သမာဓိ စျာန်တို့၌ မတုန်လှုပ်ရခြင်း၊

၂။ သမာဓိစျာန်ရှစ်ပါးတို့၌ လေ့လာနိုင်ခြင်း၊

၃။ အခြေအရံများနှင့် မကွဲမကွာ မြဲစွာ နေထိုင်ရခြင်း၊

၄။ မိမိစကားကို သူတပါးတို့ လေးစားယုံကြည်ခြင်း၊

၅။ ဥစ္စာစည်းစိမ် တည်မြဲခြင်း၊

* သမာဓိစျာန်၊ ရှစ်တန်လေ့လာ၊ မကွာခြေများ၊ စကားယုံကြည်၊ စည်းစိမ် တည်မော၊ ငါးမည်ဟောသည်၊ အာယောဂပတ် လှူကျိုးတည်း။

## (၅၁) နားဖါကော် လှူဒါန်းရကျိုး (၅)မျိုး

၁။ လက္ခဏာအင်္ဂါ ပြည့်စုံရခြင်း၊

၂။ အသက်ရှည်ရခြင်း၊

၃။ ဉာဏ်ပညာ ကြီးမြင့်ရခြင်း၊

၄။ သမာဓိကြီးမြင့်ရခြင်း၊

၅။ ပူပန်မှု ကင်းရှင်းခြင်း။

* ပြည့်စုံလက္ခဏာ၊ သက်ရှည်ကြာ၍၊ ပညာသမာဓိ၊ ကြီးဘိ ထင်လင်း၊ ပူပန် ကင်း၊ ကျိုးရင်း နားဖါကော် အလှူတည်း။

## (၅၂) ပိဋ္ဌပလ္လင် လှူဒါန်းရကျိုး (၅)မျိုး

၁။ အမျိုး၏ မြင့်မြတ်ခြင်း၊

၂။ ကြွယ်ဝချမ်းသာရခြင်း၊

၃။ ကျော်စောထင်ရှားခြင်း၊

၄။ မြင်သမျှသူများ၏ ရိုသေမှုကို ခံယူရခြင်း၊

၅။ ဖြစ်လေရာ၌ ပလ္လင်တို့ကို ရရှိခြင်း။

* မြတ်သည့်မျိုးရိုး၊ ကြွယ်ဖွိုးဥစ္စာ၊ ကျော်ဇောပေါ်ထင်၊ မြင်က ရိုသေ၊ ဖြစ် လေသမျှ၊ ပလ္လင်ရသည်၊ ပိဋ္ဌ ပလ္လင် လှူကျိုးတည်း။

## (၅၃) ခေါင်းအုံး လှူဒါန်းရကျိုး (၅)မျိုး

၁။ သားမွေးဖြင့်ပြုသည့် နီသော ခေါင်းအုံးတို့ကို ရရှိခြင်း၊

၂။ မဂ်, ဖိုလ် ရခြင်း၊

၃။ ပေးကမ်းစောင့်စည်းမှု ဖြဟ္မစိုရ် စသော ထိုထိုကျင့်ဝတ်တို့၌ ဂုဏ်ထူးကဲခြင်း၊

၄။ အားမထုတ်ရဘဲနှင့် ဗောဓိပက္ခိယ. တရားများနှင့် ပြည့်စုံရခြင်း၊

၅။ သီလစင်ကြယ်ခြင်း သမာဓိ,မဂ်, ဖိုလ်,ဉာဏ်ပညာလေးပါးပြည့်စုံရခြင်း။

* သိုးမွေးအုံးနီ၊ သုံးရပြီတည့်၊ ရရှိ မိဂမ၊ ပေးနိစ္စဟု၊ စောင့် ထကိုယ်ကို၊ ဖြဟ္မစိုရ်နှင့်၊ ထိုထိုကျင့်ဝတ်၊ ဂုဏ်ထူးမြတ်သည့်၊ အပတ်တကုတ်၊ အားထုတ်မရှိ၊ ဗောဓိပက္ခိယ၊ ပြည့်စုံရ၏၊ သီလစင်ဘိ၊ သမာဓိနှင့်၊ ဝိမုတ္တိခန်၊ ပညာဉာဏ်သည်၊ ငါးတန် ခေါင်းအုံး လှူကျိုးတည်း။

## (၅၄) ခြေနယ်ဆီ လှူဒါန်းရကျိုး (၅)မျိုး

၁။ အသက်ရှည်ခြင်း၊

၂။ အဆင်းလှခြင်း၊

၃။ အနာရောဂါကင်းခြင်း၊

၄။ ဉာဏ်ပညာ လျင်မြန်ခြင်း၊

၅။ ထမင်း အဖျော်တို့ဖြင့် ပူဇော်ခံရခြင်း။

* အာယုဝဏ္ဏ၊ အာရောဂျနှင့်၊ ဉာဏလက်ငင်း၊ ထမင်း အဖျော်၊ ပူဇော်လည်းများ၊ ဤငါးပါးသည်၊ ဟောကြား နယ်ဆီလှူကျိုးတည်း။

## (၅၅) ဆီ လှူဒါန်းရကျိုး (၅)မျိုး

၁။ ခွန် အား ကြီး မား သန် စွမ်း ရခြင်း၊

၂။ အနာရောဂါ ကင်းရှင်းရခြင်း၊

၃။ ရုပ်အဆင်းလှပခြင်း၊

၄။ အမွေးတို့၏ ကြည်ရွှင်ခြင်း၊

၅။ သန့်ရှင်း စင်ကြယ်ခြင်း။

* ခွန်အားကြီးခြင်း၊ အနာကင်းလျက်၊ အဆင်းယဉ်ကျေး၊ အမွေးကြည်ရွှင်၊ သန့်ရှင်းစင်သည်၊ ငါးအင် ဆီလှူ အကျိုးတည်း။

(၅၆) ဒန်ပူ လူ့ဒါန်းရကျိုး (၅)မျိုး

၁။ လည်ချောင်း သန့်ရှင်း စင်ကြယ်ခြင်း၊

၂။ ချောင်းဆိုးရောဂါ ကင်းရှင်းခြင်း၊

၃။ ခံတွင်းမှာ မွှေးပျံ့သော အနံ့ရှိခြင်း၊

၄။ ကုတ်ဟီးနာမှ ကင်းခြင်း၊

၅။ သာယာသော အသံရှိခြင်း။

✻ လည်ချောင်းစင်သန့်၊ ချောင်းဆိုးဟန့်၏၊ မွှေးပျံ့ခံတွင်း၊ ကုတ်ဟီးကင်း၍၊ သံညှင်းရင့်ယူ၊ ဤငါးဆူ၊ ဒန်ပူလှူခြင်း အကျိုးတည်း။

(၅၇) တံတား လှူဒါန်းရကျိုး (၅)မျိုး

၁။ သစ်ပင်ကမ်းပါး တောင်ထိပ်က ကျသော်လည်း ဘေးရန်မရှိ မထိမပါး ကိုးကွယ်မှီခိုရာရခြင်း၊

၂။ ခိုးသူတို့ မနှိပ်စက်နိုင်ခြင်း၊

၃။ မင်းစိုးတို့ မနှိပ်စက်နိုင်ခြင်း၊

၄။ ရန်သူအပေါင်းကို လွှမ်းမိုး အောင်နိုင်ခြင်း၊

၅။ လေကဲ့သို့ လျင်မြန်သော ဆင်၊ မြင်း ယာဉ်တို့ကို ရရှိခြင်း။

✻ ကမ်းပါးသစ်ပင်၊ တောင်တွင်ထိပ်က၊ လိမ့်၍ကျလည်း၊ ဘေးမှလွတ်ဘိ၊ မှီခိုရှိ၏၊ မှတ်သိတမျိုး၊ သူခိုး,မင်းဘေး၊ နှိပ်စက်ဝေးပြီး၊ ရန်ဘေးတဖန်၊ အောင်နိုင်ပြန်၍၊ လျင်မြန်ဆင်မြင်း၊ ယာဉ်ရခြင်းပ၊ ဤငါးဝသည်၊ မှတ်ကြ တံတား လှူကျိုးတည်း။

(၅၈) အပဒါန်လာ ယာဂု လှူဒါန်းရကျိုး (၅)ကျိုး

၁။ ရောဂါကင်းခြင်း၊

၂။ ပစ္စည်း ဥစ္စာ ချမ်းသာခြင်း၊

၃။ ထမင်းအဖျော် ပူဇော်ခံရခြင်း၊

၄။ အဆင်းလှပခြင်း၊

၅။ တရားအဓိပ္ပါယ်ကို သိလွယ်ခြင်း။

✻ ရောဂါကင်းရှင်း၊ ချမ်းသာခြင်းနှင့်၊ ထမင်းအဖျော်၊ ပူဇော်လည်းများ၊ ဆင်းရောင်ပွါး၏၊ တရားဓိပ္ပါယ်၊ သိစွမ်းလွယ်ဟု၊ ဤငါးခု၊ ယာဂုလှူရ အကျိုးတည်း။

## (၅၉) အင်္ဂုတ္တိုရ်လာ ဆွမ်း လှူဒါန်းရကျိုး (၅)မျိုး

၁။ အသက်ရှည်ခြင်း၊

၂။ ရွှေအဆင်းကဲ့သို့ လှပခြင်း၊

၃။ အားခွန်ဗလ ကြီးမားခြင်း၊

၄။ ပစ္စည်းဥစ္စာ ချမ်းသာ ပေါများခြင်း၊

၅။ ဉာဏ်ပညာ ကြီးမား ထက်မြက်ခြင်း။

* ဒီဃာယုက၊ သုဝဏ္ဏနှင့်၊ ဗလကြီးမား၊ ချမ်းသာများလျက်၊ လျင်လျားပညာ၊ ဤငါးဖြာ၊ မှတ်ပါ ဆွမ်းလှူရကျိုးတည်း။

## (၆၀) လက်သုတ်ပုဝါ လှူဒါန်းရကျိုး (၅)မျိုး

၁။ ကိုယ် ခန္ဓာ ပူဆာခြင်းမှ ကင်းခြင်း၊

၂။ လက္ခဏာ စုံလင်ပြည့်ဖြိုးခြင်း၊

၃။ ဉာဏ်အမြင် ကြီးမြတ်ခြင်း၊

၄။ သမာဓိ ကြီးမြတ်ခြင်း၊

၅။ အသက်ရှည်ခြင်း။

* ကိုယ် မပူဆာ၊ လက္ခဏာစုံလင်၊ ဉာဏ်မြင်သမာဓိ၊ ဇီဝိမယုတ်၊ ငါး ချက်ထုတ်၊ လက်သုတ်ပုဝါ လှူကျိုးတည်း။

## (၆၁) အသက် သိက္ခာ ဂုဏ်ကြီးသူတို့အား ရိုသေရကျိုး (၅)မျိုး

၁။ အသက်ရှည်ခြင်း၊

၂။ အဆင်းလှခြင်း၊

၃။ ပစ္စည်းဥစ္စာချမ်းသာခြင်း၊

၄။ ဉာဏ်ပညာ ကြီးမားခြင်း၊

၅။ ခွန်အားဗလ ကြီးမားခြင်း၊

* သက်ရှည်ဆင်းလှ၊ ဓနချမ်းသာ၊ ပညာခွန်အား၊ လွန်ကြီးမား၊ ငါးပါး ရိုသေရကျိုးတည်း။

## (၆၂) တံမျက်လှည်းကျိုးတရား (၅)မျိုး

၁။ မိမိစိတ်ကို ကြည်လင်စေခြင်း၊

၂။ သူတပါး စိတ်ကို ကြည်လင်မှု ဖြစ်စေခြင်း၊

၃။ နတ်တို့ချစ်ခင်ဝမ်းမြောက်ခြင်း၊

၄။ ကြည်လင်ဘွယ်ကို ဖြစ်စေတတ်သောကြောင့်ကောင်းမှုကုသိုလ် ဆည်းပူးရခြင်း၊

၅။ သေသည်၏ အခြားမဲ့၌ သုဂတိ နတ်ရွာ လားရောက်ရခြင်း။

* တံမျက်လှည်းရ၊ ကျိုးဖလကား၊ အတ္တ, ပရ၊ နှစ်ဝသူငါ၊ စိတ်မှာကြည်လင်၊ နတ်ချစ်ခင်၍၊ ကြည်ရွှင်ကောင်းမှု၊ ဆည်းပူးပြုဘိ၊ သုဂတိ၊ ရောက်ရှိ ထက်နတ်ပြည်။

## (၆၃) ထောပတ် လှူဒါန်းရကျိုး (၅)မျိုး

၁။ ခွန်အား ကြီးမား သန်စွမ်း ရခြင်း၊

၂။ အနာရောဂါ ကင်းရှင်းရခြင်း၊

၃။ ရုပ်အဆင်း လှပခြင်း၊

၄။ အမွေးတို့၏ ကြည်ရွှင်ခြင်း၊

၅။ သန့်ရှင်း စင်ကြယ်ခြင်း။

* ခွန်အားကြီးခြင်း၊ အနာကင်းလျက်၊ အဆင်းယဉ်ကျေး၊ အမွေးကြည်ရွှင်၊ သန့်ရှင်းစင်သည်၊ ငါးအင် ထောပတ် လှူကျိုးတည်း။

## (၆၄) တိုင် လှူဒါန်းရကျိုး (၅)မျိုး

၁။ မယုတ်လျော့သော ကိုယ်အင်္ဂါ ရှိသူ ဖြစ်ရခြင်း၊

၂။ မေတ္တာကြောင့် ကိုယ်စိတ် တုန်လှုပ်မှု မရှိခြင်း၊

၃။ ယုံကြည်ထိုက်သော စကားရှိသူ ဖြစ်ရခြင်း၊

၄။ ပြောင့်တံသင်းမှ ကင်းသူဖြစ် ရခြင်း၊

၅။ ကိလေသာတို့မှ ကင်းနိုင်ခြင်း။

* အင်္ဂါမယုတ်၊ တုန်လှုပ်ကင်းပ၊ ပြောထစကား၊ ယုံကြည်ငြား၏၊ ပြောင့်များတံသင်း၊ ကင်းခြင်းမသွေ၊ ကိလေထို့တူ၊ ဤငါးဆူသည်၊ မှတ်ယူ တိုင်များ လှူကျိုးတည်း။

## (၆၅) သီလ စောင့်ထိန်းရကျိုး (၅)မျိုး

၁။ မမေ့မလျော့ခြင်းကြောင့် များစွာသော စည်းစိမ် ဥစ္စာ တို့ ကို ရရှိခြင်း၊

၂။ ကောင်းသော သိတင်း ကျော်စောခြင်းဂုဏ်ကို ရရှိခြင်း၊

၃။ ပရိသတ်အလယ်၌ ရဲရင့် တင့်တယ်စွာ နေရခြင်း၊

၄။ မတွေဝေ မမေ့မြောဘဲ သေရခြင်း၊

၅။ နတ်ရွာ၌ ဖြစ်ရခြင်း။

* များစွာစည်းစိမ်၊ ဂုဏ်ရှိန်သိတင်း၊ ကျော်စောခြင်းပ၊ ရခြင်းမသွေ၊ ရဲတင်းပေ၏၊ မတွေ သေရ၊ ရောက်ထ နတ်ရွာ၊ ဤငါးဖြာကို၊ မဟာပရိ၊ မြတ်ပါဠိ၌၊ ဟောရှိဗုဒ္ဓါ၊ မိန့်ခဲ့ပါသည်၊ မှတ်ပါ သူငါ သီလစောင့်ကျိုးတည်း။

## (၆၆) ပျားရည် လှူဒါန်းရကျိုး (၄)မျိုး

၁။ ရောက်ရာအရပ်၌ ထမင်း အဖျော်မိုး ရွာပေးနိုင်ခြင်း၊

၂။ ရောက်ရာအရပ်၌ ပျားရည်မိုး ရွာစေနိုင်ခြင်း၊

၃။ မဂ်တရားထူးများကို ရရှိနိုင်ခြင်း၊

၄။ ဖိုလ်တရားထူးများကို ရရှိနိုင်ခြင်း။

* ရောက်လေသမျှ၊ ဘတ္တပါနာ၊ ပျားမိုးရွာ၏၊ ရသာမဂ်ဖိုလ်၊ သုံးရဆိုသည်၊ ပျားချိုလှူကျိုး လေးပါးတည်း။

## (၆၇) တနည်း ပျားရည် လှူရကျိုး

* အတ္ထဒဿီ၊ မည်တော်ရှိလတ်၊ ဗုဒ္ဓမြတ်ကို၊ ပျားကပ်လှူရ၊ ကျိုးဖလဝယ်၊ အပါယ်ဘေးကင်း၊ နတ်မင်းဆယ့်လေး၊ ဖြစ်ရေးတခင်း၊ လူမင်းရှစ်ရာ၊ အကြိမ်လာ၏၊ စကြာဝါးရာ၊ ကေရာဇ်မှာကား၊ သချာမရှိ၊ ဖြစ်များဘိရှင့်၊ ပစ္စိဘဝ၊ အဆုံးကျလျှင်၊ ဂေါတမမြတ်၊ ထွတ်ဘုန်းနတ်က၊ မိန့်မှတ်မြတ်ထုံး၊ ခေါင်းပါးဆုံးခြင်း၊ ဝတ်သုံးသက်နှင်း၊ ထေရ်ဆင်မြန်းသည်၊ ခြောက်လီဘိညာ၊ သမ္ဘိဒါ လေးဝ၊ မောက္ခ ရှစ်ပါး၊ ပြည့်စုံပြားလျက်၊ ခံစားနိဗ္ဗာန်၊ ကောင်းဆုံးမှန်သည်၊ တဖန် ပျားရည် လှူကျိုးတည်း။

## (၆၈) ပွတ်လုံး ပွတ်တိုင် လှူဒါန်းရကျိုး (၄)မျိုး

၁။ မြတ်သော ဝတ်စားတန်းဆာ ရတနာမိုး ရွာနိုင်ခြင်း၊

၂။ လက်နက်ဘေး မထိနိုင်ခြင်း၊

၃။ ဘုံဗိမာန် ပြာသာဒ် မြေမှ ပေါ်ပေါက်ရခြင်း၊

၄။ မရေမတွက်နိုင် များသော အိပ်ယာ နေရာတို့ကို ရနိုင်ခြင်း။

* ဝတ်စားတန်းဆာ၊ ရတနာမိုး၊ ရွာသွန်းဖြိုးလျက်၊ လက်နက်ဘေးပ၊ မထိကြဘူး၊ မြေမှ ဗိမာန်၊ ပေါက်ပြန်ပြာသာဒ်၊ များလတ်အိပ်ယာ (နေရာ)၊ ဤလေးဖြာသည်၊ မှတ်ပါ ပွတ်လုံး ပွတ်တိုင် လှူကျိုးတည်း။

## (၆၉) အသားရည် လှူဒါန်းရကျိုး (၄)မျိုး

၁။ သောတာပတ္တိဖိုလ်၊

၂။ သကဒါဂါမိဖိုလ်၊

၃။ အနာဂါမိဖိုလ်၊

၄။ အရဟတ္တဖိုလ်တို့ကိုရရှိနိုင်ခြင်း။

* ဖိုလ်လေးပါးရ၊ ကျိုးလေးဝ၊ ရသ သားရည် လှူကျိုးတည်း။

(၇၀) ဆိမီးတိုင် လူ့ဒါန်းရကျိုး (၃)မျိုး

၁။ မြင့်မြတ်သော အမျိုးအနွယ်၌ ဖြစ်ရခြင်း၊
၂။ အင်္ဂါကြီးငယ်နှင့် ပြည့်စုံရခြင်း၊
၃။ ပညာဉာဏ်ကြီးမားရခြင်း။

* မြင့်မြတ် မျိုးနွယ်၊ ကြီးငယ်အင်္ဂါ၊ ပြည့်စုံပါ၍၊ ပညာကြီးမား၊ ဤသုံးပါး
သည်၊ မှတ်သား ဆီမီးတိုင် လှူကျိုးတည်း။

(၇၁) အပ်အိမ် လူ့ဒါန်းရကျိုး (၃)မျိုး

၁။ အညောင်းအညာ ကင်းရှင်းခြင်း၊
၂။ စိတ်အေးမြ ချမ်းသာရခြင်း၊
၃။ ဣရိယာပုထ် မျှတ ချမ်းသာ ရခြင်း၊

* ကင်းပ ညောင်းညာ၊ ချမ်းသာစိတ်အေး၊ လေးဣရိယာ၊ လွန်စွာမျှတ၊
ဤ သုံးဝသည်၊ မှတ်ကြ အပ်အိမ် လှူကျိုးတည်း။

(၇၂) အံသကိုဋ် လူ့ဒါန်းရကျိုး (၃)မျိုး

၁။ သူတော်ကောင်းတရား၌ ရှုစားတည်နေနိုင်ခြင်း၊
၂။ နှစ်ခုမြောက်ဘဝကို မြင်နိုင်ခြင်း၊
၃။ အရေ အသား လှပ တင့်တယ်ခြင်း။

* သူတော်တရား၊ ရှုစားသက်ဝင်၊ သိမြင် နှစ်ဘဝ၊ လှပ ရေးသား၊ ဤသုံးပါး၊
မှတ်သား အံသကိုဋ် လှူကျိုးတည်း။

(၇၃) အိုးခွက် လူ့ဒါန်းရကျိုး (၃)မျိုး

၁။ ရွှေခွက် ဖလ်ခွက် ပတ္တမြားခွက် များကို ရရှိနိုင်ခြင်း၊
၂။ အလုပ်အကျွေးများကို ရရှိနိုင်ခြင်း၊
၃။ ဗေဒင်ကျမ်းဂန်စသည်များ တတ်မြောက်ရခြင်း။

* ရွှေဖလ်ပတ္တမြား၊ ခွက်များမယုတ်၊ အလုပ်အကျွေး၊ မနှေးစုံလင်၊ ဗေဒင်
ကျမ်းဂန်၊ မကျန်တတ်လျက်၊ ဤ သုံးချက်၊ အိုးခွက် လှူကျိုးတည်း။

## (၇၄) ဆွမ်းစားခွက် လှူဒါန်းရကျိုး (၃)မျိုး

၁။ ရွှေခွက် ဖလ်ခွက် ပတ္တမြားခွက် တို့ကို ရရှိနိုင်ခြင်း၊

၂။ လိုလားသမျှသော ခရုသင်းခွက် စသည်များကို ရရှိခြင်း၊

၃။ ဖြူစင် သန့်ရှင်းသော ကျင့်ဝတ် တရားရှိခြင်း။

* ရွှေ, ဖလ်, ပတ္တမြား၊ သုံးပါးခွက်ရ၊ လိုတမကြွင်း၊ ခရုသင်းကြေးခွက်၊ မပျက်ဖြူဆွတ်၊ ကျင့်ဝတ်တရား၊ ဤသုံးပါးသည်၊ ဆွမ်းစားခွက်လှူ အကျိုးတည်း။

## (၇၅) ဘိနပ် လှူဒါန်းရကျိုး (၃)မျိုး

၁။ ထမ်းစင်,သန်လျင်း,ဆင်,မြင်း, စသော ယာဉ်များကို ရရှိခြင်း၊

၂။ ခြေလှမ်းတိုင်း ခြေနင်းခံ ပေါ် ပေါက်လာရခြင်း၊

၃။ သန့်ရှင်းသော စိတ်ရှိခြင်း။

* ထမ်းစင်, သန်လျင်း၊ ဆင်, မြင်း ယာဉ်ရ၊ ခြေလှမ်းကလည်း၊ ပေါ်ရခြေနင်း၊ သန့်ရှင်းစိတ်ဓာတ်၊ ဤသုံးရပ်၊ ဘိနပ်လှူကျိုးတည်း။

## (၇၆) အခိုးတံ လှူဒါန်းရကျိုး (၃)မျိုး

၁။ ဖြောင့်မတ်သော သတိရှိခြင်း၊

၂။ ကောင်း စွာ ဆက် စပ် သော အကြောများရှိခြင်း၊

၃။ နတ်မျက်စိကို ရရှိခြင်း။

* သတိဖြောင့်မတ်၊ ကောင်းမြတ်ကြောဆက်၊ နတ်မျက်စိရ၊ ဤသုံးဝ၊ လှူရ ခိုးတံအကျိုးတည်း။

## (၇၇) ဆီမီးခွက် လှူဒါန်းရကျိုး (၃)မျိုး

၁။ အမျိုးအနွယ် မြင့်မြတ်ရခြင်း၊

၂။ အင်္ဂါကြီးငယ် ပြည့်စုံလှပရခြင်း၊

၃။ ပညာဂုဏ်ကြီးမြင့်ရခြင်း။

* မျိုးနွယ် မြင့်မြတ်၊ အင်္ဂါရပ်ပြည့်စုံ၊ ပညာဂုဏ်ကြီးမား၊ ဤသုံးပါး၊ မှတ်သား ဆီမီးခွက် လှူကျိုးတည်း။

(၇၈) ဟင်းလျာ လူ့ဒါန်းရကျိုး (၃)မျိုး

၁။ မရှာကြံရဘဲ ရတနာ အမျိုးမျိုးတို့ အလိုလိုပြည့်စုံနိုင်ခြင်း၊

၂။ လူအများကို အုပ်စိုးကြီးမှူးသူဖြစ်ရခြင်း၊

၃။ အရေအသား နူးညံ့ရခြင်း။

* ရတနာထိုထို၊ လိုလိုပြည့်စုံ၊ များလူပုံကို၊ အုပ်ခြုံ စိုးငြား၊ ရေသားနုစွာ၊ ဤသုံးဖြာ၊ ဟင်းလျာမိသ လှူကျိုးတည်း။

(၇၉) မီးအုံး လှူဒါန်းရကျိုး (၃)မျိုး

၁။ အမျိုးအနွယ် မြင့်မြတ်ခြင်း၊

၂။ အင်္ဂါကြီးငယ်နှင့် ပြည့်စုံရခြင်း၊

၃။ ဉာဏ်ပညာ ကြီးမားခြင်း။

* မျိုးနွယ် မြတ်စွာ၊ အင်္ဂါပြည့်ညီ၊ ဉာဏ်ရှိပြီ၊ သုံးလီ မီးအုံးလှူကျိုးတည်း။

(၈၀) မြင်းခုံ ခွေးခြေ လှူဒါန်းရကျိုး (၂)မျိုး

၁။ ရွှေ ပတ္တမြားဖြင့်ပြီးသော ပလ္လင်ကို ရရှိခြင်း၊

၂။ ဆင်စွယ်ဖြင့်ပြီးသော ပလ္လင်များစွာတို့ကို ရရှိခြင်း။

* ရွှေစင်ပတ္တမြား၊ ဆင်စွယ်သားဖြင့်၊ ပြီးငြားပလ္လင်၊ များမြတ်ပင်ရ၊ ဤနှစ်ဝ၊ ပီဌမြင်းခုံ လှူကျိုးတည်း။

(၈၁) ခြေဆေးအင်းပျဉ် လှူဒါန်းရကျိုး (၂)မျိုး

၁။ မယားကျေးကျွန်းတို့ကို ရရှိခြင်း၊

၂။ ဆင်မြင်းစသော ယာဉ်တို့ကို ရရှိခြင်း။

* မ ယား ကျေး ကျွန်၊ ယာဉ် မွန် ရရေး၊ အ ကျိုး ဒွေး၊ ခြေ ဆေး အင်း ပျဉ် လှူကျိုးတည်း။

(၈၂) သော့ခလောက် လှူဒါန်းရကျိုး (၂)မျိုး

၁။ အမျက်နည်းပါးခြင်း၊

၂။ ပင်ပန်းမှု မရှိခြင်း။

* အမျက်နည်းခြင်း၊ ပင်ပန်းကင်း၊မှတ်လျှင်း သော့ခလောက် လှူကျိုးတည်း။

## (၁၃) သောတံ လှူဒါန်းရကျိုး (၁)မျိုး

၁။ သော (သံကောက်)တို့ကို ပေးလှူခဲ့ရသောကြောင့် နိဗ္ဗာန်တံခါးကို ပွင့်စေနိုင်သော ဉာဏ်တည်းဟူသော သော(သံကောက်)ကို ရရှိနိုင်၏။

* သောတံလှူရ' မြတ်ဒါနကြောင့်၊ အေးလှအမှန်၊ နိဗ္ဗာန်တံခါး၊ ပွင့်စေငြားသည့်၊ ဉာဏ်များသောတံ၊ မှန်စွာရကြ၊ ကျိုးဖလ၊ တဝ သောတံ လှူကျိုးတည်း။

## (၁၄) ခြေနင်း လှူဒါန်းရကျိုး (၁)မျိုး

၁။ တန်ခိုးဖြင့်ပြီးသော ခြေနင်းကို လိုရာသို့ စီးသွားနိုင်ခြင်း၊

* တန်ခိုးဖြင့်သာ၊ ပါဒုကာကို၊ လိုရာ စီးသွား၊ ဤတပါး၊ မှတ်သား ခြေနင်း လှူကျိုးတည်း။

## (၁၅) နို့ဓမ်း လှူဒါန်းရကျိုး (၁)မျိုး

၁။ ကာယဂတာသတိကိုရင်း, မြတ်သော အာဟာရကိုရင်း သုံးဆောင်ခံစားရရှိနိုင်ခြင်း။

* ကာယဂတာ၊ မြိုက်သုဓာ၊ သုံးရာ နို့ဓမ်း လှူကျိုးတည်း။

## (၁၆) နွားနို့ လှူဒါန်းရသောအကျိုး

* သူကြွယ်ဖြစ်စဉ်၊ ကိုယ့်ထေရ်ရှင်ကို၊ နေ့စဉ်နွားနို့၊ လှူဒါန်းပို့ကာ၊ မဟာသုဒဿန၊ ဗုဒ္ဓလောင်းလျာ၊ စကြာမင်းဖျား၊ ဖြစ်လာငြားလျက်၊ နို့စားနွားမ၊ များလှရှစ်သောင်း၊ လေးထောင်ပေါင်းတို့၊ ဖြစ်လာမှုသည်၊ နွားနို့လှူရ အကျိုးတည်း။

## (၁၇) ဆီမီး လှူဒါန်းရကျိုး

* ညစ်ကြေးကင်းထ၊ ဒိဗ္ဗစက္ခု၊ ရမှုမယွင်း၊ ဖောက်ထွင်းမြင်နိုင်၊ လုပ်ကိုင်ဘယ်ဟာ၊ ခက်စွာမရှိ၊ ဉာဏ်သိ ကြီးမား၊ ရငြားအလင်း၊ လိုက်ခြင်းအမှန်၊ မဂ်ဉာဏ် ဖိုလ်ပေါက်၊ နိဗ္ဗာန်ရောက်သည်၊ မှတ်လောက် ဆီမီးလှူကျိုးတည်း။

## (၁၈) ပန်းတပွင့်မျှ လှူဒါန်းရကျိုး

* တပွင့်မျှပန်း၊ လှူဒါန်းရလျှင်၊ လူတွင် နတ်ရပ်၊ ထပ်ထပ်ဖြစ်လာ၊ ကမ္ဘာကုဋေ၊ ထောင်ရှည်နေ၍၊ စံပေပျော်စွာ၊ ဆုံးဘဝ၌၊ ချမ်းသာမြတ်ထား၊ နိဗ္ဗာန်သွားသည်၊ မှတ်သား ပန်းတပွင့် လှူကျိုးတည်း။

သမ္မဂ်လ 68-69

(၇၉) တံခွန် လှူဒါန်းရကျိုး

* တံခွန်လှူလတ်၊ ကုသိုလ်မြတ်ကြောင့်၊ နတ်ပြည်ရောက်လစ်၊ သိကြားဖြစ်ပြန်၊ တဖန်လူ့ရွာ၊ စကြာမင်းဖျား၊ ပါယ်မလားဘဲ၊ ထွဋ်ဖျား အရဟတ္တဖိုလ်၊ ရကြောင်းဆိုသည်၊ မှတ်လို တံခွန်လှူကျိုးတည်း။

(၈၀) တံကဲ လှူဒါန်းရကျိုး

* တံကဲလှူရ၊ ကျိုးဖလမှာ၊ စကြာလေးကြိမ်၊ ထိန်ထိန်တောက်ပ၊ ဗိမာန်ရခြင်း၊ ဆင်မြင်း နတ်ယာဉ်၊ ထမ်းစင် ပြာသာဒ်၊ များလတ်ဥစ္စာ၊ ပါယ်ရွာမလား၊ လေးပါး ပဋိသမ်၊ ခြောက်တန်ဘိညာ၊ ရှစ်ဖြာသမာပတ်၊ ရလတ် အရဟတ္တဖိုလ်၊ ကျမ်း၌ဆိုသည်၊ များဖိုလ်လူတို့ မှတ်ဘို့တည်း။

(၈၁) စကြံ လှူဒါန်းရကျိုး

* ရတနာခြံရံ၊ ဗိမာန်ရငြား၊ သုံးပါးကမ္ဘာ၊ နတ်ရွာ၌ဖြစ်၊ ရလစ်စကြာ၊ ပါယ်ရွာ ကင်းလတ်၊ အရဟတ္တဖိုလ်၊ ရ ကြောင်း ဆို သည်၊ မှတ် လို စကြံ လှူကျိုးတည်း။

(၈၂) နိဗ္ဗာန်ကူးတို့ပို့ လှူဒါန်းရကျိုး

* နတ်သမီးခြံရံ၊ နတ်ပြည်စံ၍၊ တဖန်သိကြား၊ ခံစားခုနစ်ကြိမ်၊ သုံးကြိမ် စကြာ၊ ပါယ်ရွာမလား၊ ရငြားအရဟတ္တဖိုလ်၊ ကျမ်းမိန့်ဆိုသည်၊ မှတ်လို ကူးတို့ ပို့ကျိုးတည်း။

(၈၃) စာရေးရန် ပေရွက်(စာရွက်)လှူဒါန်းရကျိုး

* ခုခါစာရွက်၊ ပေရွက်ရှေးခါ၊ လှူရစ္စာကြောင့်၊ ချမ်းသာ ကင်းကွာ၊ ပါယ် လေးရွာသို့၊ တခါတခေါက်၊ မရောက်ရသည်၊ မှတ်ကြပေရွက် (စာရွက်) လှူကျိုးတည်း။

(၈၄) ပိဋကတ်ကို ရေးသားပြုစုရကျိုး

* အခြေမူလ၊ ပိဋကကို၊ ရေးသားစေမူ၊ ပြုစုကျိုးကား၊

သိကြားစကြာ၊ ဗြဟ္မာမိုးဖျား၊ ဖြစ်ငြားကြိမ်ဖန်၊ ပျော်စံကြည်ရှင်၊ ထို့ပြင်တဝ၊ ယုတ်စွာ့အဆုံး၊ တလုံးအကွဲရာ၊ ရေးသားပါမူ၊ စကြာမင်းမြတ်၊ ကြီးလတ် ချမ်းသာ၊ ကမ္ဘာရှစ်သောင်း၊ လေးထောင်ဆောင်း၍၊ ကိန်းအောင်းစံနေ၊ ဖြစ်ရပေ၏၊ ပဒေသရာဇ်၊ ဧကရာဇ်နှင့်၊ ရလစ်မမှား၊

ပုဏ္ဏားပညာရှိ၊ ကြီးဘိ သူကြွယ်၊ မိုးဝယ်အာကာ၊ ခြောက်ဖြာနတ်ပြည်၊ စည်တိုင်းမှီ၍၊ ကိုးလီ သင်္ချေ၊ စံလေပြီးမှ၊ စုတေကျသော်၊ ဘဝလူလာ၊ ဖြစ်ရပါလည်း၊ ငါးဖြာသီလ၊ ပြည့်စုံလှ၍၊ လေးဝအပါယ်၊ ကျဘွယ်ကင်းပ၊ ဗုဒ္ဓအလောင်း၊ ဖြစ်ရကြောင်းကို၊ ကျဉ်းမြောင်းမကျယ်၊ ပညာကြွယ်သား၊ ဂုဏ်ဝယ်ကြီးဘိ၊ သာရိပုတ္တရာကို၊ ဟောမိန့်ဆိုသည်၊ များဗိုလ်လူတို့ မှတ်ဘွယ်တည်း။

(အကျယ်တဝ၊ များလှကျိုးပေး၊ ရှိတုံသေး၏)

## (၉၅) ပိဋကတ်ကို လှူဒါန်းပူဇော်ရကျိုး

* ဘုရားရှင်၏၊ များဖြင်ဒေသနာ၊ ရွှေကျမ်းစာကို၊ သာသနာငါးထောင်၊ တည်အောင်ထားပြု၊ ပူဇော်မှုကား၊ ဓာတုစေတီ၊ မွေသရီဓာတ်၊ စိုက်ထူအပ်သို့၊ အမြတ်မှန်လှ၊ ဓမ္မစေတီ၊ တည်ကြပြန်ရာ၊ ကုသလာကား၊ သဒ္ဒါတရား၊ ရှိငြားဥစ္စာ၊ ကျမ်းစာပိဋကတ်၊ သုံးရပ်ထင်ရှား၊ ပြည့်စုံငြားမှ၊ တရားဒါယကာ၊ ဖြစ်လာနိုင်ကြ၊ ကြုံခဲလှသည့်၊ ဒုလ္လဘတည်း၊

နရထွင့်ထား၊မြတ်ဗရားသည်၊ဟောကြား မိန့်အပ်၊ ပိဋကတ်သုံးအင်၊ ကုသိုလ်ရှင်သည်၊ လူ့ခွင့်ရပ်ဌာန်၊ သက်တိုင်းစံလျက်၊ ရုပ်နာမ်ဇီဝိန်၊ ခန္ဓာမှိန်သော်၊ ဝတိံ ဘုံတွင်၊ နတ်ဘုရင်တည်း၊

ထို့ပြင်တပါး၊ သုံးပါးကျမ်းမြတ်၊ ပိဋကတ်စာ၊ ရတနာကြုပ်၊ သပြာထုပ်ကို၊ စာအုပ်ပူဇော်၊ အလှူတော်ကြောင့်၊ အံ့သော်မပြီး၊ ခြီးသော်မကုန်၊ လူ့ဘုံနတ်ထံ၊ လှည့်လည်စံ၍၊ နိဗ္ဗာန်သို့တိုင်၊ ရောက်စေနိုင်သည်၊ ကြံခိုင် မှတ်ကြစေကုန်သတည်း။

## (၉၆) ဗောဓိပင် ပူဇော်ရခြင်းအကျိုး

* ဗောဓိပူဇာ၊ အကျိုးမှာကား၊ ပါယ်ရွာမှ ကင်း၊ စကြာမင်းဖြစ်၊ လေးသင်းပဋိသမ်၊ ခြောက်တန် ဘိညာ၊ ရှစ်ဖြာ သမာပတ်၊ ရရှိလတ်၊ မှတ်ကြ ဗောဓိပင် ပူဇော်ကျိုး။

## (၉၇) ဗောဓိပင် စိုက်ပျိုး ပူဇော်ရခြင်းအကျိုး

၁။ ဗောဓိပင်ကို စိုက်ပျိုးပူဇော်သောသူသည် ဗရားကို ပူဇော်သည်မည်၏၊

၂။ ပူဇော်ရသည့်အတွက်ကြောင့် ကမ္ဘာသုံးဆယ်တိုင်အောင် နတ်ပြည်၌ နတ်မင်းဖြစ်ရ၏၊

၃။ စကြာဝတေးမင်းအဖြစ်က ခြောက်ဆယ့်လေးကြိမ် ခံစားရခြင်း၊

၄။ လူဖြစ်လိုက် နတ်ဖြစ်လိုက်နှင့် ကျင်လည်နေရခြင်း၊

၅။ အပါယ်လေးပါးကိုမျှ မသိရခြင်း၊

၆။ ဗောဓိရောပက မထေရ်ကဲ့သို့ ခုနစ်နှစ်အရွယ်ဖြင့် ရဟန္တာဖြစ်နိုင်ခြင်း-စသော အကျိုးများကို ခံစား စံစားရခြင်း။

* ဗောဓိပင်မျိုး၊ စိုက်ပျိုးကော်ရော်၊ ပူဇော်သူအား၊ မြတ်ဗရားကို၊ ညွတ်တွား ရိုကျိုး၊ ရှိခိုးပူဇော်၊ ဖူးမျှော်သည်ပ၊. တူညီကြ၏၊ ပူဇဖလာ၊ ကျိုးကျဉ်းစွာကား၊ ကမ္ဘာသုံးဆယ်၊ နတ်ဝယ်မင်းဖြစ်၊ စံလစ်စကြာဝတေး၊ ခြောက်ဆယ့်လေးကြိမ်၊ ဖြစ်ရေးတဖုံ၊ လူ့ဘုံဖြစ်လိုက်၊ နတ်ဘုံဆိုက်နှင့်၊ စုံလိုက်ကျင်လည်၊ လေးမည်ပါယ်ရွာ၊ မရောက်ပါဘဲ၊ ရဟန္တာစစ်၊ ခုနစ်နှစ်ဖြင့်၊ ရလစ်အကျိုး၊ အမျိုးမျိုးကို၊ မျိုးရိုးဖူးစင်၊ သူတော်စင်တို့၊ ကြည်လင် ရှင်ပြ မှတ်ဘွယ်တည်း။

## (၉၈) ဗောဓိပင် တံမြက်လှည်းရကျိုး

* ဗောဓိပင်ကို တံမြက်လှည်းမှု၊ ကျိုးအစုကား၊ နောက်ကျ စိတ်ကင်း၊ ဖြူခြင်း စင်ကြယ်၊ စိတ်ဝယ်ပူပန်၊ ညောင့်တံသောက၊ မသိရဘူး၊ ဖြစ်ကြနူနှာ၊ အိုင်းအမာနှင့်၊ ယားနာပွေးဝဲ၊ ကပ်စွဲဝက်ရူး၊ မကူးမရှိ၊ သမာဓိစျာန်၊ ရပြန်တည်ငြိမ်၊ စိုးရိမ်ငိုကြွေး၊ တန်လှုပ်ဘေးမှ၊ ကင်းဝေးဖြောင့်မတ်၊ တွေ့လတ်ဖုံဖုံ၊ ကောင်းအာရုံ၌၊ ဖြစ်ပုံမမက်၊ အမျက်ထွက်၌၊ ဖြစ်ချက်ကိုပယ်၊ တွေ့ဝေဘွယ်မှာ၊ကင်းမယ်မသွေ၊ ညာဏ်ရွှေလွှမ်းမိုး၊ ဤအကျိုးကား၊ လှည်းမျိုးတံမြက်၊ အကျိုးဆက်တည်း၊ တချက်တဝ၊ ထိုခါစ၍၊ ဖြစ်ရတွေ့ရှိ၊ ဒုဂ္ဂတိကို၊ မသိဘယ်ခါ၊ သုံးဖြာဝိဇ္ဇာ၊ လေးဝသမ္ဘိ၊ ရှစ်လီဝိမောက္ခ၊ခြောက်ဝဘိညာ၊ ရရှိလာသည်၊ မှတ်ပါ တံမြက်လှည်းကျိုးတည်း။

## (၉၉) ညောင်ရေသွန်းလောင်းရကျိုး

၁။ နတ်ပြည်ခြောက်ထပ်ဝယ် နတ်စည်းစိမ်ကို ကြိမ်ဖန်များစွာ ခံစားရခြင်း၊

၂။ သုံးဆယ့်သုံးကမ္ဘာအတွင်း စကြာဝတေးမင်းအဖြစ် ရှစ်ကြိမ်ဖြစ်ရခြင်း၊

၃။ လူဖြစ်သော်လည်း အပါယ်လေးပါး လားဘူးသည်ကိုမျှ မသိရခြင်း၊

၄။ ပဋိသမ္ဘိဒါ လေးပါး အဘိညာဉ်ခြောက်ပါး သမာပတ်ရှစ်ပါးတို့နှင့်တကွ ရဟန္တာဖြစ်ရခြင်းစသော အကျိုးများကို ခံစားရ၏။

* ညောင်ရေသွန်းရ၊ ကျိုးဖလကား၊ ဒေဝနတ်ပြည်၊ ကြိမ်ဖန်တည်၍၊ လူ့ပြည် သို့လာ၊ လူဖြစ်ပါလည်း၊ ပါယ်ရွာလေးဝ၊ မသိကြဘူး၊ တဝ စကြာ၊ မင်းချမ်းသာကား၊ ကမ္ဘာသုံးဆယ့်သုံး၊ ရှစ်ကြိမ်လုံးတည်း၊ အဆုံး ပဋိသမ်၊ ခြောက်တန် ဘီညာ၊ ရှစ်ဖြာ သမာပတ်၊ ရလတ်အရဟတ္တဖိုလ်၊ ကျမ်း၌ ဆို သည်၊ မျှားဗိုလ်လူတို့ မှတ်ဘို့တည်း။

## (၁၀၀) သရဏဂုံ ဆောက်တည်ကျိုး

* အရပ်တိုင်းက၊ ပူဇော်ကြ၍၊ ဉာဏ်ကထက်ငြား၊ နတ်အားလုံးက၊ လိုလိုက် ကြရှင့်၊ ဓနမောက်ဖွိုး၊ ဆင်းမျိုးရွှေမျှ၊ အလှန်လှ၍၊ မြင်သမျှချစ်၊ စင်စစ် မိတ်ဆွေ၊ မုန်လေသမျှ၊ ခိုင်မြဲကြငြား၊ ပေါများ ခြံရံ၊ ဖြစ်ရ ပြန် သည်၊ တဖန်မိုးဝယ်၊ ရှစ်ဆယ်သိကြား၊ စံစားရလစ်၊ မသေ့ဖြစ်၍၊ ခုနစ်ဆယ့်ငါး၊ မင်းဖျားစကြာ၊ ပါယ်ရွာမကျ၊ ဆုံးဘဝကား၊ ဖြစ်ငြားရဟန္တာ၊ ကျမ်း လာအရှိ၊ မိုငြမ်းဘိသည်၊ မှတ်သိ သရဏဂုံ အကျိုးတည်း။

## (၁၀၁) အသက်ရှည်ကြောင်း တရားခြောက်ပါး

၁။ ရေစစ်အလှူ၊

၂။ ကျောင်းအလှူ၊

၃။ ဂိလာန ပုဂ္ဂိုလ်အား လှူဒါန်းမှု၊

၄။ ကျောင်းအိုဗရားအိုစသည်များ ပြင်မှု၊

၅။ ငါးပါးသီလ လုံခြုံမှု၊

၆။ ရှစ်ပါးသီလ စောင့်သုံးမှု။

* ရေစစ် အာဝါသ၊ ဂိလာနဝတ်၊ ချွတ်ပျက်ကိုပြင်၊ ငါးအင်သီလ၊ ရှစ်ဝ အင်္ဂါ၊ ဥပေါသထ၊ ဤခြောက်ဝသည်၊ မှတ်ကြ အသက်ရှည်ကြောင်း တည်း။

## (၁၀၂) မျက်နှာသုတ်ပုဝါ လှူဒါန်းရကျိုး တနည်း (၅)မျိုး

၁။ မျှအညစ်အကြေးမှ ကင်းရှင်း ခြင်း၊

၂။ ရွှေအဆင်းနှင့်တူသော အဆင်း ရှိခြင်း၊

၃။ ကြီးမားသော တန်ခိုး ရှိရခြင်း၊

၄။ ပြိုးပြိုး ပြက်ပြက် အရောင်ထွက် ခြင်း၊

၅။ ကိုယ်ခန္ဓာ ပြေပြစ်ရခြင်း။

* မှုညစ်ကြေးကင်း၊ ရွှေဆင်းအလား၊ ကြီးမားတန်ခိုး၊ ပြိုးပြိုး ပြက်ပြက်၊ အရောင်ထွက်၍၊ ကိုယ်လက်ခန္ဓာ၊ ပြေပြစ်စွာသည်၊ မှတ်ပါ မျက်နှာသုတ် ပုဝါ လှူကျိုးတည်း။

## (၁၀၃) သီးသီး ဒူးရင်းသီး စသည် လှူဒါန်းရခြင်းအကျိုး

✻ ကျမ်းဆိုညွှန်းပြီး၊ သီးသီးလှူကျိုး၊ ကဗျည်းထိုးအံ့၊ ကိုးဆယ့် တကမ္ဘာ၊ ပါယ်ရှောလွတ်ကင်း၊ ဒူးရင်းငှက်ပျော၊ ထန်းသီးနှော၍၊ ပြန့်ပြောပိန္နဲ၊ သီးစုံစွဲလှူ၊ ကျိုးမူရရှိ၊ ၄,တိ,ပြိတ်,ကာယ်၊ လေးပါယ်မသိ၊ ခြောက်ရှိဘိညာ၊ သမ္ဘိဒါလေးဝ၊ မောက္ခရှစ်ပါး၊ ပြည့်စုံငြားမှန်၊ နိဗ္ဗာန်ပြည်ကြီး၊ရရှိပြီးသည်၊ သီးသီး စသည် လှူကျိုးတည်း။

## (၁၀၄) သီးမျိုးစုံ ပဒေသာပင် လှူဒါန်းရကျိုး

၁။ လူ့ပြည်, နတ်ပြည် ကျင်လည်ရာအရပ်၌ ပဒေသာပင် ပေါက်ရခြင်း၊

၂။ ခြောက်ကမ္ဘာထက်၌ သုဒေဝ စကြာမင်း ရှစ်ကြိမ်ဖြစ်ရခြင်း၊

၃။ ပဒေသရာဇ် ကောရာဇ်မင်းအဖြစ် မရေတွက်နိုင်ခြင်း၊

၄။ ကိုးဆယ့် လေးကမ္ဘာ အပါယ်မလားရခြင်း၊

၅။ နောက်ဆုံး ရဟန္တာဖြစ်နိုင်ခြင်း၊

✻ လူနတ်ကျင်လည်၊ ပေါက်ပြီပဒေသာ၊ ခြောက်ကမ္ဘာထက်၊ စကြာမင်းရှစ်၊ ကောရာဇ်စသား၊ အဖြစ်များကား၊ မရေထားနိုင်၊ ရှောင်ရှားအပါယ်၊ ကိုးဆယ်နှင့်လေး၊ ကမ္ဘာဝေးပြီး၊ ဖြစ်ရေးရဟန္တာ၊ ဤ ငါးဖြာသည်၊ မှတ်ပါ သီးမျိုးစုံ ပဒေသာ လှူကျိုးတည်း။

## (၁၀၅) ထိမ်းမီးတထောင် လှူဒါန်းပူဇော်ရကျိုး

၁။ နတ်ပြည်၌ ဖြစ်ရခြင်း၊

၂။ ယူဇနာ တရာတိုင်တိုင် ထွန်းလင်းစေနိုင်ခြင်း၊

၃။ အသက်အဆင်း စ သည် တို့ဖြင့် နတ်အားလုံးကို လွှမ်းမိုးစေ၏၊

၄။ အာ ယု ကပ် (၃၀)ပတ် လုံး သိကြားမင်း ဖြစ်နိုင်ခြင်း၊

၅။ နတ်တို့သည် မထေမဲ့မြင် မပြုကုန်၊

၆။ နှစ်ဆယ့်ရှစ်ကြိမ် စကြာဝတေးမင်း ဖြစ်နိုင်ခြင်း၊

၇။ ထိုအခါ ထက်ဝန်းကျင် တယူဇနာတိုင်တိုင် နေ့ ည မြင် စွမ်းနိုင်ခြင်း၊

၈။ တသောင်းသော စကြာဝဠာကို ဉာဏ် မျက် စိ ဖြင့် မြင် စွမ်း နိုင်ခြင်း၊

၉။ ဒိဗ္ဗစက္ခုကို ရနိုင်ခြင်း၊

၁၀။ ပဋိသမ္ဘိဒါလေးပါး၊ ဝိမောက္ခရှစ်ပါးအဘိဉာဏ်များကို ရရှိနိုင် မျက်မှောက်ပြုနိုင်ခြင်း၊

* နတ်ပြည်ဖြစ်ခြင်း၊ ထွန်းလင်းယူဇနာ၊ တရာတိုင်ပ၊ ဖြစ်နိုင်ကြသား၊ ဤမျှမက၊ ဆင်းလှ အသက်၊ နတ်ထက် အားလုံး၊ လွှမ်းမိုးချုံး၏၊ ပတ်လုံးအာယု၊ ဖြစ်မှု သုံးဆယ်၊ မိုးဝယ် သိကြား၊ ခံစံစားပြီး၊ နတ်များ ချစ်ကာ၊ ယူဇနာတစ်၊ မြင်လစ် နေ့ ည၊ စွမ်းနိုင် လှ၍၊ စကြ သောင်းခွင်၊ ဉာဏ်မြင် မျက်စိ၊ မြင်ရှိ စွမ်းကြ၊ ဒိဗ္ဗစက္ခု၊ ရမှု တဖန်၊ ခြောက်တန် ဘိညာ၊ လေဖြာ သမ္ဘိ၊ ရှစ်လီ ဝိမောက်၊ မျက်မှောက်ပြုကာ၊ ရရှိပါသည်၊ မှန်စွာ ဆိမီး တထောင် လှူကျိုးတည်း။

(၁၀၆) သူ့သက်သတ်ခြင်းမှ ရှောင်ကြဉ်မှုကြောင့် ရရှိသောအကျိုးများ

* သူ့သက် မသတ်၊ ရလတ်အကျိုး၊ အမျိုးမျိုးကား၊ အင်္ဂါလုံးရပ်၊ ဖျတ်လတ်လျင်စွာ၊ ကျင်နာသနား၊ ခြေများညီပေ့၊ သိမ်မွေ့သန့်ရှင်း၊ ရဲတင်းခွန်အား၊ စကားရွှံကြောက်၊ ကင်းပျောက် မကွဲ၊ မြဲ ပရိသတ်၊ ဆမ္ဘိတတ်ကင်း၊ လူခပင်းချစ်၊ များလစ်ခြံရံ၊ တဖန် မပျက်၊ များလက်ချက်ဖြင့်၊ သက် မသေရ၊ လှပအဆင်း၊ ကောင်းခြင်းသဏ္ဌာန်၊ နည်းပြန် အနာ၊ ကင်းကွာသောက၊ ချစ်ကြ ချင်းချင်း၊ ကွေကွင်းမဲ့ငြား၊ ရှည်လျားအသက်၊ အကျိုးဆက်သည်၊ သူ့သက် မသတ် ရှောင်ကျိုးတည်း။

(၁၀၇) သူ့ဥစ္စာခိုးခြင်းမှ ရှောင်ကြဉ်မှုကြောင့် ရရှိသောအကျိုးများ

* မခိုးသူ့ဟာ၊ ရလာအကျိုး၊ အမျိုးမျိုးမှာ၊ ဥစ္စာစပါး၊ များပြားစည်းစိမ်၊ ကောတိမ် မပြုန်း၊ မဆုံးနိုင်ပ၊ မဖြစ်ကြသေး၊ စည်းစိမ်လေးလဲ၊ ဖြစ်ရေး တဖြာ၊ ဖြစ်လာစည်းစိမ်၊ တည်ငြိမ်မြဲလှ၊ လိုတ ရလွယ်၊ ရန်ဝယ်ငါးမျိုး၊ ဘေးဆိုးများဘက်၊ မဆက်ဆံဘိ၊ စည်းစိမ်ရှိတည်း၊ တနည်းအများ၊ မတူငြားသည့်၊ များပြားဥစ္စာ၊ ရရှိလာသည်၊ များစွာလူထက်၊ မြတ်ထက်မြတ်၏၊ မရှိ မသိ၊ မကြားဘိပါ၊ ချမ်းသာစွာပ၊ နေရ တသက်၊ အကျိုးဆက်သည်၊ ခိုးဝှက် မပြု ရှောင်ကျိုးတည်း။

(၁၀၈) မမြတ်သော မေထုန်မှုကို ရှောင်ကြဉ်ခြင်းကြောင့် ရရှိသောအကျိုးများ

* မေထုန်ရှောင်လတ်၊ ရအပ်အကျိုး၊ အမျိုးမျိုးမူ၊ ရန်သူကင်းလတ်၊ သူခပ်သိမ်းချစ်၊ ရလစ် တမင်း၊ မယွင်းအဖျော်၊ အိပ်သော်နေရာ၊ ရလာဝတ်မျိုး၊ အိပ်နိုးချမ်းသာ၊ ပါယ်ရွာလွှတ်ကင်း၊ ဖြစ်ခြင်းပဏ္ဍုက်၊ အယုတ်မိန်းမ၊ မထိုက်ကြဘူး၊ ဒေါသ နည်းပျောက်၊ မျက်မှောက်ကောင်းမှု၊ ထင်ထင်ပြု၏၊ ကျမှု ပခုံး၊ ကျောက်ကုန်းမရှိ၊ ဣတ္ထိယောကျ်ား၊ များအချင်းချင်း၊ မယွင်း ချစ်ကြ၊ ပြည့်စွာဣန္ဒြေ၊ တူပေလက္ခဏာ၊ ရှုံရှာကင်းပ၊ ကြောင့်ကြ ကင်းကွာ၊ ဘယာ မတိုး၊ မရှိုးမကျ၊ မျက်နှာလှ၍၊ နေရချမ်းသာ၊ တူစွာချစ်လတ်၊ မကွေအပ်သည်၊ မမြတ် မေထုန်ရှောင်ကျိုးတည်း။

**(၁၀၉) မဟုတ်မမှန်သောစကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်းကြောင့် ရရှိသောအကျိုးများ**

* မပြောမုသား၊ ရငြားအကျိုး၊ အမျိုးမျိုးကား၊ ကြည်ငြားဣန္ဒြေ၊ ချိုလေစကား၊ သွားများညီဖြူ၊ မဆူ မကြုံ၊ တဖုံနိမ့်မြင့်၊ ဖြစ်လင့်ညီစွာ၊ ကိုယ်မှာအတွေ့၊ သိမ်မွေ့နူးညံ့၊ မွှေးပျံ့ ခံတွင်း၊ ပြောခြင်းစကား၊ မှတ်သားနာခံ၊ ခြွေရံကျေးကျွန်၊ အလွန်များလှ၊ ပြောထ စကား၊ ယုံကြည်များ၏၊ ကြာများပမာ၊ လျှာပါးမျက်စိ၊ သိမ်မွေ့ဘိ၏၊ သာသည့်နှလုံး၊ ဝမ်းသာဖုံးအုပ်၊ တုန်လှုပ်မရှိ၊ မပြန့်ဘိသည်၊ မှတ်သိ မုသားရှောင်ကျိုးတည်း။

**(၁၁၀) သူ့အိမ်ရာကို လွန်ကြူးခြင်း၌ ထည့်သွင်းသော သေအရက်ကို သောက်ခြင်းမှ ရှောင်ကြဉ်ခြင်းကြောင့် ရရှိသော အကျိုးများ**

* သေသောက်ကင်းလတ်၊ ရအပ်အကျိုး၊ အမျိုးမျိုးကား၊ သုံးပါးကာလ၊ ဟူသမျှ၌၊ ကိစ္စပြုဘွယ်၊ သိလွယ်လျင်မြန်၊ ထင်ပြန်သတိ၊ ခပ်သိမ်းရှိ၏၊ ရှူးဘိ ကင်းကွာ၊ ပညာဉာဏ်ရှိ၊ မပျင်းရိဘူး၊ ယိုဘိအရည်၊ မဖြစ်သည်သာ၊ တိုင်းရှည်ကို သိ၊ ဆမ္ဘိတတ်ကင်း၊ တွေဝေခြင်းနှင့်၊ ရုန့်ရင်းခက်ထန်၊ ညူစူပြန်ပေါ့၊ မေ့လျော့ မဖြစ်၊ စင်စစ် စကား၊ မဖောက်ပြားတည်း၊ စကားပြိန်ဖျင်း၊ ကြမ်းခြင်း မချော၊ မပြော မဆို၊ ထိုထိုနေ့ည၊ ပြင်းပြဆန့်ကျင်၊ ကင်းအင်တထူး၊ ကျေးဇူးသိလှ၊ သီလမြဲမြံ၊ သူ့ဝန်မတို၊ စွန့်ကြဲလိုသည်၊ ပင်ကိုယ်ဖြောင့်မတ်၊ နည်းလတ် အမျက်၊ အရှက်လန့်ကင်း၊ ဖြောင့်စင်းအယူ၊ မြတ်သူဖြစ်ဘိ၊ နှိုင်းရှိပညာ၊ တဖြာသိလွယ်၊ ပညာကြွယ်ဘိ၊ ကျိုးရှိ,မရှိ၊ မြင်သိ လိမ္မာ၊ ဖြစ်ရရှာသည်၊ သုရာအရက် ရှောင်ကျိုးတည်း။

**(၁၁၁) သေအရက်သောက်ခြင်းကြောင့် ယခုမျက်မှောက် ပစ္စုပ္ပန်ဘဝ၌ ရရှိသော အပြစ်ခြောက်ပါး**

၁။ မျက်မှောက်စီးပွါးဥစ္စာ ပျက်စီးခြင်း၊

၂။ ငြင်းခုံခိုက်ရန် ဖြစ်ပွါးကြခြင်း၊

၃။ အနာရောဂါတို့ ဖြစ်ပွါးခြင်း၏ အကြောင်းဖြစ်ခြင်း၊

၄။ အကျော်အစောမဲ့ဖြစ်ခြင်း၊

၅။ အရှက်အကြောက်မရှိခြင်း၊

၆။ အတတ်ပညာ ဆုတ်ယုတ် ပျက်စီးခြင်း။

* ယခုမျက်မှောက်၊ သေသောက်အပြစ်၊ ရလစ်အကျိုး၊ ထိုခြောက်မျိုးကား၊ စီးပွါးပျက်တုံ၊ ငြင်းခုံ ခိုက်ရန်၊ ဖြစ်ပြန် ရောဂါ၊ ပွါးလာ တည်လစ်၊ အကြောင်းဖြစ်၏၊ မဲ့ဘိကျော်စော၊ ရှက်သော ကြောက်ထ၊မရှိကြဘူး၊ သိပ္ပပညာ၊ ဆုတ်ယုတ်စွာသည်၊ မှတ်ပါအပြစ် မျက်မှောက်တည်း။

## (၁၁၂) သေရည်အရက် သောက်ခြင်းကြောင့် အနာဂတ်ဘဝ၌ ခံစားရသော အပြစ်များ

၁။ ငရဲကြီး ငရဲငယ် အသူယ်သူယ်တို့၌ ဖြစ်ရခြင်း၊

၂။ တိရစ္ဆာန်ဘုံ၌ ဖြစ်ရခြင်း၊

၃။ ပြိတ္တာဘုံ၌ ဖြစ်ရခြင်း၊

၄။ အလုံးစုံတို့အောက် ယုတ်ညံ့ရခြင်း၊

၅။ အယုတ်ဆုံးလူဖြစ်လျှင် ရူးသွတ်ရခြင်း၊

၆။ စကား မပီ မသ ဆွံ့အ အရည်ယိုခြင်း၊

၇။ ပြန့်လွင့်သော စိတ်ရှိခြင်း၊

၈။ ပဋိသန္ဓေအားဖြင့် ထိုင်းမှိုင်းတွေဝေရခြင်း စသည်တည်း။

* အနာဂတ်ရောက်၊ သေသောက်အပြစ်၊ ရလစ်အကျိုး၊ အမျိုးမျိုးကား၊ ငရဲကြီး ငယ်၊ အသွယ်သွယ်မှ၊ ခံရအစစ်၊ တိရစ် ပြိတ္တာ၊ ဖြစ်မှာတဖန်၊ ယုတ်ပြန် များအောက်၊ လူ့ဘုံရောက်လည်း၊ ရူးနောက်ပြန့်လွင့်၊ ဆွံ့အင့် မပီ၊ အရည်ယိုဘိ၊ ပဋိသန္ဓေ၊ တည်နေအစ၊ တွေဝေရသည်၊ မှတ်ကြ အပြစ် နာဂတ်တည်း။

## (၁၁၃) စကြံသွားရကျိုး (၅)မျိုး

၁။ ခရီးရှည်သွားနိုင်ခြင်း၊

၂။ ဝီရိယရှိခြင်း (ဝါ) ပေါ့ပါးလျင်မြန်ခြင်း၊

၃။ ရောဂါကင်းခြင်း၊

၄။ ဝမ်းမီးကျက်လွယ်, ဝမ်းမီးကောင်းလွယ်(အစာကြေလွယ်ခြင်း)၊

၅။ စင်္ကြံသွားစဉ်ရသော သမာဓိများ ခိုင်ခံ့တည်မြဲလှခြင်း၊

* ခရီးရှည်သွား၊ ပေါ့ပါး လျင်မြန်၊ ကင်းပြန်ရောဂါ၊ အစာကြေညက်၊ ဝမ်း မီး ကျက် ၏၊ တည် လျောက် သ မာ၊ ခိုင် ခံ့ စွာ သည်၊ မှတ် ပါ စင်္ကြံ သွားကျိုးတည်း။

# ဘုရားရှိခိုးနှင့် ဆုပေး ရေစက်ချများ

## ပထမ ရွှေကျင်သာသနာပိုင် မဟာဝိသုဒ္ဓါရာမ ဆရာတော်ဘုရားကြီး၏ ရေးသားဖွဲ့ဆိုတော် (၆)ပါး ဘုရားရှိခိုး

၁။ သတ္တသတ္တာဟမဇ္ဈမှို၊ နာထော ယော သတ္တ သမ္မသိ။
ပတွာ သမန္တပဋ္ဌာနံ၊ ဩကာသံ လဘတေ တဒါ။

၂။ ယောဇနာနံ သတာယာမော၊ ပဉ္စ တိမိရပိင်္ဂလော။
ကိဋ္ဌောကာသံ သမုဒ္ဒေဝ၊ ဂမ္ဘီရေ လဘတေ ယထာ။

၃။ သမ္မသန္တဿ တံ ဓမ္မံ၊ တဿ သတ္ထု သရီရတော။
တံ တံ ဓာဝန္တိ ဆဗ္ဗဏ္ဏာ၊ လောဟိတာဒိ ပသိဒနာ။

၄။ နီလာယော နီလဋ္ဌာနေဟိ၊ ပီတောဒါတာ စ လောဟိတာ။
တမှာ တမှာ တု မဉ္ဇိဋ္ဌာ၊ နိက္ခမိံသု ပဘဿရာ။

၅။ ဧဝံ ဆဗ္ဗဏ္ဏရံသိယော၊ တော ယာဝဇ္ဇ ဝါသရာ။
သဗ္ဗာ ဒိသာ ဝိဓာဝန္တိ၊ ပဘာ နဿန္တိ တတ္ထိကာ။

၆။ ဣတိ ဆဗ္ဗဏ္ဏရံသိတ္တာ၊ အင်္ဂီရသောတိ နာမတော။
လောကေ ပတ္ထဋ္ဌဂုဏံ တံ၊ ဝန္ဒေ ဗုဒ္ဓံ နမဿိယံ။

၁။ နာထော၊ ဗြဟ္မာနတ်လူ သုံးဘုံသူတို့၏ ကြည်ဖြူညွတ်ပျောင်း ကိုးကွယ် လည်းလျောင်းရာဖြစ်တော်မူသော။ ယော ဗုဒ္ဓေါ၊ သစ္စာလေးပါး မြတ်တရားကို ပိုင်းခြား သိမြင် သခင်စောထီး အကြင်ဘုရား ကိုယ်တော်မြတ်ကြီးသည်။ **သတ္တသတ္တာဟ မဇ္ဈမှို၊ ပလ္လင်, အနိမိ, စင်္ကမ, ရတနာဃရ, အဇပါလ, မုစလိန္ဒ, ရာဇာယတနဟု သတ္တဟာခုနစ်လီ နေ့စာလီရက် ဗွေလည်ချက်ချာ ရတနာဃရ သတ္တာဟ၌။ သတ္တ၊ ဓမ္မသင်္ဂဏီ, ဝိဘင်း, ဓါတုကထာ၊ ပုဂ္ဂလပညတ်, ကထာဝတ္ထု, ယမိုက်, ပဋ္ဌာန်း, အဘိဓမ္မာ ခုနစ် ကျမ်း တို့ ကို။** သမ္မသိ၊ ကပ်အလီလီ ဖြည့်ခဲ့ညီသည် ပါရမီဘုန်းတော် အာနုဘော်ကြောင့် ရတော်မူအပ် သဗ္ဗညုတ ရွှေဉာဏ်တော်မြတ်ဖြင့် သုံးသပ်ဆင်ခြင်တော်မူလေပြီ။ တဒါ၊ ထိုသို့ လေ့လာ ဆင်ခြင်တော်မူအပ်သောအခါ၌။ အဿ၊ ထို သုံးလူထွတ်ထား ရှင်တော်ဘုရား၏။ ဉာဏံ၊ မနိုင်းယှဉ်အပ် သဗ္ဗညုတ ရွှေဉာဏ်တော်မြတ်သည်။ သမန္တပဋ္ဌာနံ၊ ရှစ်သောင်းလေးထောင် နက်ဝှမ်းဆောင်သည့် ကျောက်တောင်ပတ်ခွေ သမုဒ်ရေထက် ရာကုဋေမက နက်နဲ ကျယ်ဝန်းလှသော သမန္တပဋ္ဌာန်းကျမ်းကြီးသို့။ ပတွာ၊ ကောင်းစွာထုတ်ချောက် အစဉ် ရောက်၍။ ဩကာသံ၊ မှူးတူးပျော်ပါး ကစားခွင့်ကို။ လဘတေ၊ ရတော်မူလေ၏။

၂။ ယထာ၊ ပမာပုံယူ အဘယ်လိုနည်းဟူမူကား။ ယောဇနာနံ၊ ခြောက်တိုင်နှင့် တာလေးရာ ယူဇနာတို့၏။ ပဉ္စ သတာယာမော၊ ကြီးမားစွာဘိ အလျားငါးရာရှိသော။ တိမိရပိင်္ဂလော၊ ထင်ပေါ်ကျော်ဟီး တိမိရပိင်္ဂလမည်သော ငါးကြီးသည်။ ဂမ္ဘီရေ၊ ရှစ်သောင်း လေးထောင် နက်ဝှမ်းဆောင်သော။ သမုဒ္ဒေ ဝေ၊ ကျောက်တောင်ပတ်ခွေ သမုဒ်ရေ၌သာလျှင်၊ ကိဋ္ဌေဝကာသံ၊ မြူးတူးပျော်ပါး ကစားခွင့်ကို။ လဘတေ ယထာ၊ ရသကဲ့သို့ပေတည်း။

၃။ တံ ဓမ္မံ၊ ထိုသို့ နက်နဲထူးဆန်း သံမန္တပဋ္ဌာန်းကျမ်းကို။ သမ္မသန္တဿ၊ သုံးသပ် မြော်မြင် ဆင်ခြင်တော်မူသော။ တဿ သတ္ထု၊ သုံးလူထွတ်တင် ထိုဗုဒ္ဓရှင်၏။ သရီရတော၊ မပြိုမကွဲ ခါတ်စုံတွဲသည့် တခဲနက်ထင်ပေါ် ရွှေကိုယ်တော်မှ။ လောဟိတာဒိပသီဒနာ၊ အသွေးတော်က စသည့်ခပင်း ကြည်လင်ခြင်းကြောင့်။ **ဆဗ္ဗဏ္ဏာ၊ ညို, ဝှေ, ဖြူ,နီ, မောင်းရီ, ပြိုးပြက် တခဲနက်အားဖြင့် ခြောက်ပါးသော အဆင်းရှိသော ရောင်ခြည်တော်တို့ သည်။** တံ တံ ဌာနံ၊ ဝဲ,ယာ,ရှေ့,နောက် အထက်,အောက်ဟု ဆိုအပ်သော ထိုထိုအရပ်သို့။ ဓာဝန္တိ၊ ထို ဤမားမား ထွက်ခွါပြေးသွားတော်မူကြလေကုန်၏။

၄။ နီလဋ္ဌာနေဟိ၊ ဆံ, မုတ်ဆိတ်တော်, မျက်နှာတော်ဟု ဆိုအပ်သော ညိုရာရာ အရပ်တော်တို့မှ။ နီလာယော၊ ဝန်းကျင် ပျံ့ဝဲ ဖြန့်မြှောက်ကြဲအပ်သော အော့င်မဲညို့,ကြာ ညို မျက်စဉ်း ညိုကဲ့သို့ (ဝါ-တလျှပ်လျှပ် တငြိမ့်ငြိမ့် တအိမ့်အိမ့် တန့်နဲ့ တလဲ့လဲ့ခပ်အပ် သော ပတ္တမြားယပ်ညို ပုဆိုးညိုကဲ့သို့) ထိုထို အရပ် ဝန်းကျင်ပတ်ခွေ မိုးမြေအလုံး လွှမ်း အုပ်ဖုံးသဖြင့် မဆုံးရှုမျှော် ညိုသော အဆင်းရှိသော ရောင်ခြည်တော်တို့သည်။ နိက္ခမိံသု၊ ပဋ္ဌာန်း ဒေသနာတော်မြတ်ကို သုံးသပ်ဆင်ခြင်တော်မူသည့် နေ့ကစ၍ ယခုည ယခုနေ့တိုင် အောင် အရောင်တကြွကြွ အိမ်လုံး တောင်လုံးခန့်ပမာဖြင့် ထွက်ခွါ ပြေးသွားတော်မူကြ လေကုန်ပြီ။

ပီတဋ္ဌာနေဟိ၊ မျက်စိကိုယ်ရေ ဝါရွှေသော အရပ်တော်တို့မှ။ ပီတာ၊ ပတ်လည် ဝန်းကျင် ရွှေရည်ယဉ်ဆန်း ရွှေပုဆိုး လွှမ်းသကဲ့သို့ (ဝါ-ကြီးကျူးမှုန့် ရွှေဝါ မြင်းသီလာ ဆေးဒါန်း မဟာလှေကား ပန်းတို့သည် ကောင်းကင်ပြည့် ပြွမ်းသကဲ့သို့) ဖုံးလွှမ်းမိုးကာ ဆယ်မျက်နှာအရပ် ဝါလွင်ထိန်လင်း စေတတ်သည့် ရွှေသော အဆင်းရှိသော ရောင်ခြည် တော်တို့သည်။ နိက္ခမိံသု၊ ထွက်ခွါပြေးသွားတော်မူကြလေကုန်ပြီ။

ဩဒါတဋ္ဌာနေဟိ၊ အရိုးတော်, သွားတော်, မျက်ဖြူတော်ဟု ဆိုအပ်သော ဖြူရာရာ အရပ်တော်တို့မှ။ ဩဒါတာ၊ ဝန်းကျင်ပတ်လည် ငွေအိုးမှ သွန်အပ်သော နို့ရည်အယဉ် ကောင်းကင်ပြည့် ငွေဗိတာန် ဝေဟာယံ တိမ်မြင့်က တဝင့်ဝင့် တန့်နဲ့ တလဲ့လဲ့ခပ်အပ်သော ငွေပြားယပ် ငွေစပယ် သင်းခွေနွယ် ကြာဖြူ မြတ်လေးဖြူ စပယ်ရုံတို့ အုပ်ဖုံးကာ ယှက်ထွေး သကဲ့သို့ ဖြူဖွေးသပ္ပါယ် သန့်ရှင်းစင်ကြယ်သော အဆင်းရှိသော ရောင်ခြည်တော်တို့သည်။ နိက္ခမိံသု၊ ထွက်ခွါပြေးသွားတော် မူကြလေကုန်ပြီ။

လောဟိတဌာနေဟိ၊ မျက်စိ,သား,သွေး နီထွေးရာရာ ကိုယ်အင်္ဂါ အရပ်တော်တို့မှ။ လောဟိတာ၊ ဆုန်းမှုန့်တပ်စွဲ တနဲချိပ်ရည် ကမ္ဗလာနီတခန်း ခေါင်ရမ်းမိုးစွေ ပန်းကသစ် အနေလို ရေ, မြေ, ကောင်းကင် ထက်ဝန်းကျင်မှာ တိမ်မိလ္လာရေး လျှပ်စစ်နွယ်ပြေးသကဲ့သို့ နီတွေးသော အဆင်းရှိသော ရောင်ခြည်တော်တို့သည်။ နိက္ခမိံသု၊ ထွက်ခွါပြေးသွားတော် မူကြလေကုန်ပြီ။

တု၊ ထိုမှတပါး–တင့်တယ် ထူးခြားကုန်သော။ မဉ္ဇိဋ္ဌာ၊ မည်း, နီ, ညို လောင်း ရောယှက်ပေါင်းသဖြင့် မဲမှောင်မှိုင်းအုံ ရီမှုန်သော အဆင်းရှိသော ရောင် ခြည် တော် တို့ သည်ဧင်း။ ပဘာဿရာ၊ ကဆုန်လအခါ အဇဋ္ဌာပြင်ကျယ် ကောင်းကင်လယ်က လျှပ်စစ် နွယ်ယှက်ကူး ပိုးရည်မြူးစံ မီးပေါက်လျှံကဲ့သို့ ဝံပျံသက်သက် ပြိုးပြိုးပြက်ပေါ် တခဲနက်သော ရောင်ခြည်တော်တို့သည်ဧင်း။ တမှာ တမှာ သရီရပ္ပဒေသာ၊ ရောင်ဝါလျှံဖိတ် ထိုထို ကိုယ် တော်၏ အစိတ်မှ။ နိက္ခမိံသု၊ ထွက်ခွါပြေးသွားတော် မူကြလေကုန်ပြီ။

၅။ ဝေံ၊ ဤသို့ ဤနယ် လွန်ဆန်းကျယ်ကုန်သော။ တော ဆဗ္ဗဏ္ဏရံသိယော၊ ညို, ရွှေ, ဖြူ, နီ မောင်းရီ, ပြိုးပြက် တခဲနက်အားဖြင့် ခြောက်ပါးသောအဆင်းရှိသော ထိုရောင် ခြည်တော်တို့သည်။ ယာဝဇ္ဇ ဝါသရာ၊ သာ သ နာ တော် ရောင် ထွန်း ပြောင် ထိန် လက် ယနေ့ထက်တိုင်အောင်။ သဗ္ဗာ ဒိသာ၊ ဝန်းကျင်ပတ်ချာ ရပ်ဆယ်မျက်နှာတို့သို့။ ဝိဓာဝန္တိ၊ ထို ဤ မားမား ထွက်ခွါပြေးသွားတော်မူကြလေကုန်ပြီ။

တတ္ထိကာ၊ ရောင်ခြည်တော်ခြောက် အစဉ်ရောက်ရာ ပဒေသာပင် ဥယျာဉ်ဗိမာန် နတ်တို့စံလစ် ထိုထို အရပ်၌ဖြစ်ကုန်သော။ပဘာ၊ထွန်းပြောင်ထိန်ပ အရောင်ဟူသမျှတို့သည်။ နဿန္တိ၊ မထင်ကွယ်ပ ညှိုးမှိန်ချုပ်ပျောက် ရလေကုန်၏။

၆။ ဣတိ၊ ဤသို့ ဤနယ် အသွယ်သွယ် အဝဝ ဆိုခဲ့ပြီးသော နည်းအကျဖြင့်။ ဆဗ္ဗဏ္ဏရံသိတ္တာ၊ အဆင်းတော်ခြောက် ထွန်းတောက်ပြည့်စုံ ခြောက်ပါးသောရောင်ဟုန်ရှိ သည့်အဖြစ်ကြောင့်။နာမတော၊အတ္ထာနုဂတ ဂုဏ်တော်ကိုစွဲ၍ရသော အမည်နာမအားဖြင့်။ အင်္ဂီရသောတိ၊ အင်္ဂီရသဟူ၍။လောကေ၊လောကသုံးခွင် ဘုံသုံးပြင်၌။ ပတ္ထဋဂုဏံ၊ ကြေညာ ပျံ့သင်း ထင်ရှားကျော်စောသော ဂုဏ်သီတင်းရှိတော်မူသော။ နမဿိယံ၊ တလောကလုံး ညွတ်ရိုးဦးခိုက် ရှိခိုးပူဇော်ခြင်းငှါ ထိုက်တော်မူသော။ တံ ဗုဒ္ဓံ၊ သစ္စာလေးပါး ညေယျငါးကို ပိုင်းခြားသိမြင် သခင်စောထီး ထို ဗရားကိုယ်တော်မြတ်ကြီးကို။ အဟံ၊ သံသရာ ဤဘက် ဘဝစက်မှ လွတ်ထွက်ဘို့ရာ ဆယ်ဖြာပုည ကုသလကို စွမ်းအားရှိသမျှကြိုးကုတ် အကျွန်ုပ် သည်။ ဝန္ဒေ–ဝန္ဒာမိ၊ ယုံကြည်လှစွာ မြတ်သဒ္ဓါဖြင့် ခါခါရိုကျိုး လက်စုံမိုး၍ ရှိခိုးပါ၏ ဗရား။

မန်လည်ဆရာတော်ဘုရားကြီး၏ အနန္တဒိသာဖရဏ ရောင်ခြည်တော်(၆)ပါး ဗုဒ္ဓရုပ်ပွားရှိခိုး

ဝဇီရသင်္ဃာတကာယဿ၊ အင်္ဂီရသဿ တာဒိနော။
ကေသမဿူဟိ အက္ခီနံ၊ နီလဋ္ဌာနေဟိ ရံသိယော။
နီလဝဏ္ဏာ နိစ္ဆရိံသု၊ အနန္တကာယ ပူရကေ။

**နီလ ရောင်ခြည်တော်ဖွဲ့။** ။ဝဇီရသင်္ဃာတကာယဿ၊ ဝရဇိန်တန်း စိန်တုံး စိန်ဆိုင် စိန်တိုင် စိန်ခဲနှင့်အတူ မကွဲမအက် မပျက်မကြေနိုင်သော ရူပကာယ ကိုယ်တော် ရှိတော်မူထသော။ အင်္ဂီရသဿ၊ ကိုယ်တော်မြတ်မှ မပြတ်ပြိုးပြက် တလက်လက် ဖြင့် ထွက်သောရောင်ခြည် ရှိတော်မူထသော။ တာဒိနော၊ လာဘာလာဘ စသည်ရှစ်တန် လောကဓံကြောင့် ဖောက်ပြန်မရှိ သည်းခံဘိသား တာဒိဂုဏ်နှင့် ပြည့်စုံတော်မူသော မြတ်စွာဗုဒ္ဓ၏။ ကေသမဿူဟိ၊ ဆံတော်၊ မုတ်ဆိတ်တို့မှုလည်း။ အက္ခီနံ၊ မျက်လုံးတော် အစုံ တို့၏။နီလဋ္ဌာနေဟိ၊ ညိုရာအချက် မျက်နှာတော်တို့မှုလည်း။နီလဝဏ္ဏာ၊ ကြာညိုပွင့်၊ ခွါညိုပွင့်၊ အောက်မဲ့ညိုပွင့်၊ ခရမ်းရောင် ငှက်ခါးတောင် တညင်မွေး ဥဒေါင်းမင်းလည်ရေးနှင့် ပြေး ပြေးလျှင် တောင်ပန်ဝန်း သဝန်ကြောင့်ကြ ဇောတိရ ဣန္ဒနီ ကတ္တီပါပတ္တမြား သိမ်းကြွယ် သိမ်း နဂါးသွဲ့ တိမ်မီးပန်းကြဲသကဲ့သို့ ပြာလဲ့စိမ်းစို ညိုသောအဆင်းရှိကုန်သော။ ရံသိယော၊ နီလတွင်ခေါ် ရောင်ခြည်တော်တို့သည်။ အနန္တကာယ ပူရကေ၊ အဆုံးမထင် ကောင်းကင် မြေထု ရေစုအပုံ အလုံးစုံသော အရပ်ဆယ်မျက်နှာတို့ကို။ ဝိနိဝိဇ္ဈိတွာ၊ ထိုးဖောက် ဖြစ်ထွန်း ကြကုန်၍။ နိစ္ဆရိံသု၊ ပြိုးပြိုး ပြက်ပြက် နှံ့ထွက်ကွန့်မြူးတော်မူကြလေကုန်ပြီ။ နိစ္ဆရိံသု၊ ဖူးမြင်ကုန်သူ နတ်၊ လူ၊ ဗြဟ္မာ သတ္တဝါတို့ သဒ္ဓါရွှေမိုး သွေကာဖြိုးအောင် ရိုးရိုး ရက်ရက် ပြိုးပြိုး ပြက်လျှင် နှံ့ထွက်ကွန့်မြူးတော်မူကြလေကုန်ပြီ။

ဝဇီရသင်္ဃာတကာယဿ၊ အင်္ဂီရသဿ တာဒိနော။
ဆဝိတော စေဝ အက္ခီနံ၊ ပီတဋ္ဌာနေဟိ ရသိယော။
ပီတဝဏ္ဏာ နိစ္ဆရိံသု၊ အနန္တကာယ ပူရကေ။

**ပီတရောင်ခြည်တော်ဖွဲ့။** ။ဝဇီရသင်္ဃာတကာယဿ၊ ဝရဇိန်တန်း စိန်တုံး စိန်ဆိုင် စိန်တိုင် စိန်ခဲနှင့်အတူ မကွဲမအက် မပျက်မကြေနိုင်သော ရူပကာယ ကိုယ်တော်ရှိတော်မူထသော။ အင်္ဂီရသဿ၊ ကိုယ်တော်မြတ်မှ မပြတ်ပြိုးပြက် တလက်လက် ဖြင့် ထွက်သောရောင်ခြည်တော် ရှိတော်မူထသော။ တာဒိနော၊ လာဘာ လာဘ စသည် ရှစ်တန် လောကဓံကြောင့် ဖောက်ပြန်မရှိ သည်းခံဘိသား တာဒိဂုဏ်နှင့် ပြည့်စုံတော်မူ သော မြတ်စွာဗုဒ္ဓ၏။ ဆဝိတော စေဝ၊ သိင်္ဂီရွှေသား အရေပါးတို့မှုလည်း၊ အက္ခီနံ၊ မျက်လုံးတော်အစုံတို့၏။ ပီတဋ္ဌာနေဟိ၊ ဝါဝင်းရာ,ဝါရွှေရာ အရပ်တော်တို့မှုလည်း။ ပီတ ဝဏ္ဏာ၊ ရောင်ရှိန်ဖဲဝါ မဟာလှေခါး ရွှေသားမဥ္ဇူ နီဖလံနှင့် ကုက်မံမှို့ညက် ဖြန့်ကျက် မြှောက်ကျဲ ရွှေမိုးပန်းဝဲသကဲ့သို့ ရဲရဲထိန်လင်း ဝါဝင်းရွှန်းဝေ ရွှေသော အဆင်းရှိကုန်

သော။ ရံသိယော၊ ပီတတွင်ခေါ် ရောင်ခြည်တော်တို့သည်။ အနန္တကာသ ပူရကေ၊ အဆုံးမထင် ကောင်းကင်မြေထု ရေစုအပုံ အလုံးစုံသော အရပ်ဆယ်မျက်နှာတို့ကို။ ဝိနိဝိဇ္ဈိတွာ၊ ထိုးဖောက်ဖြစ်ထွန်းကြကုန်၍။ နိစ္ဆရိံသု၊ ပြိုးပြိုး ပြက်ပြက် နှံ့ထွက်ကွန့်မြူးတော်မူကြလေကုန်ပြီ။ နိစ္ဆရိံသု၊ ဖူးမြင်ကုန်သူ နတ်,လူ,ဗြဟ္မာ သတ္တဝါတို့ သဒ္ဓါရွှေမိုး သွေ့ကာဖြိုးအောင် ရိုးရိုး ရက်ရက် ပြိုးပြိုး ပြက်လျှင် နှံ့ထွက်ကွန့်မြူးတော်မူကြလေကုန်ပြီ။

ဝဇိရသင်္ဃါတကာယဿ၊ အင်္ဂီရသဿ တာဒိနော။
မံသလောဟိတ အက္ခီနံ၊ ရတ္တဋ္ဌာနေဟိ ရံသိယော။
ရတ္တဝဏ္ဏာ နိစ္ဆရိံသု၊ အနန္တကာသ ပူရကေ။

**လောဟိတ ရောင်ခြည်တော်ဖွဲ့။** ။ဝဇိရသင်္ဃါတကာယဿ၊ ဝရဇိန်တန္နုံး စိန်တုံး စိန်ဆိုင် စိန်တိုင် စိန်ခဲနှင့်အတူ မကွဲ မအက် မပျက်မကြေနိုင်သော ရူပကာယ ကိုယ်တော် ရှိတော်မူထသော။ အင်္ဂီရသဿ၊ ကိုယ်တော်မြတ်မှ မပြတ် ပြိုးပြက် တလက်လက်ဖြင့် ထွက်သော ရောင်ခြည်တော် ရှိတော်မူထသော။ တာဒိနော၊ လာဘာ လာဘ စသည်ရှစ်တန် လောကဓံကြောင့် ဖောက်ပြန်မရှိ သည်းခံဘိသား တာဒိဂုဏ်နှင့် ပြည့်စုံတော်မူသော မြတ်စွာဗုဒ္ဓ၏။ မံသလောဟိတာ၊ အသားတော်,အသွေးတော် မှုင်း၊ အက္ခီနံ၊ မျက်လုံးတော်အစုံတို့၏။ ရတ္တဋ္ဌာနေဟိ၊ နီမြန်းရာ အရပ်တော်တို့မှုင်း။ ရတ္တဝဏ္ဏာ၊ ပဒုမ္မာနီပွင့် ယုံမင့်မျက်လုံး စိန်တုံး ဟင်္သပြဒါး ပတ္တမြားကျောက်နီ လောဟိ, ကြက်သွေး ရွှေကျေးနှုတ်သီး သန္တာသီး သန္တာခဲ သဘောက္ကက် ပန်းခြည်ရောင် ငှက်မင်း တောင် ကသစ်ပန်း လယ်ခေါင်းရမ်း မိုးစွေပွင့် ကုက်မံ ပန်းအရင့်တို့ကို မှုတ်လှုင့်ကြဲဖြန့် တမိုးလုံးနှံ့သကဲ့သို့ နီဖန့်ဖန့်တခန်း နီမြန်းမြန်းတစု နီတွတ်တွတ် နီမှုတ်ပြုအံ့မဆုံး နိုင်းနှုန်း မမှီ နီသောအရောင်,နီသောအဆင်းရှိကုန်သော။ ရံသိယော၊ လောဟိတတွင်ခေါ် ရောင်ခြည်တော်တို့သည်။ အနန္တကာသ ပူရကေ၊ အဆုံးမထင် ကောင်းကင်မြေထု ရေစု အပုံ အလုံးစုံသော အရပ်ဆယ်မျက်နှာတို့ကို။ ဝိနိဝိဇ္ဈိတွာ၊ ထိုးဖောက် ဖြစ်ထွန်းကြကုန်၍။ နိစ္ဆရိံသု၊ ပြိုးပြိုး ပြက်ပြက် နှံ့ထွက်ကွန့်မြူးတော်မူကြလေကုန်ပြီ။ နိစ္ဆရိံသု၊ ဖူးမြင်ကုန်သူ နတ်, လူ, ဗြဟ္မာ သတ္တဝါတို့ သဒ္ဓါရွှေမိုး သွေ့ကာဖြိုးအောင် ရိုးရိုး ရက်ရက် ပြိုးပြိုး ပြက်လျှင် နှံ့ထွက်ကွန့်မြူးတော်မူကြလေကုန်ပြီ။

ဝဇိရသင်္ဃါတကာယဿ၊ အင်္ဂီရသဿ တာဒိနော။
အဋ္ဌိတော စဝေ အက္ခီနံ၊ သေတဋ္ဌာနေဟိ ရံသိယော။
သေတဝဏ္ဏာ နိစ္ဆရိံသု၊ အနန္တကာသ ပူရကေ။

**ဩဒါတ ရောင်ခြည်တော်ဖွဲ့။** ။ဝဇိရသင်္ဃါတကာယဿ၊ ဝရဇိန်တန္နုန်း စိန်တုံး စိန်ဆိုင် စိန်တိုင် စိန်ခဲနှင့်အတူ မကွဲမအက် မပျက်မကြေနိုင်သော ရူပကာယကိုယ်တော် ရှိတော်မူထသော။ အင်္ဂီရသဿ၊ ကိုယ်တော်မြတ်မှ မပြတ် ပြိုးပြက်

တလက်လက်ဖြင့် ထွက်သော ရောင်ခြည်ရှိတော်မူထသော။ တာဒိနော၊ လာဘာ လာဘ စသည်ရှစ်တန် လောကဓံကြောင့် ဖောက်ပြန်မရှိ သည်းခံဘိသား တာဒိဂုဏ်နှင့် ပြည့်စုံတော်မူသော မြတ်စွာဗုဒ္ဓရှင်၏။ အင်္ဂီတော စေဝ၊ အရိုးတော်, သွားတော်, စွယ်တော်တို့မှ ဖြင်း။ အက္ခိနံ၊ မျက်လုံးတော် အစုံတို့၏။ သေတဋ္ဌာနေဟိ၊ ဖြူရာအရပ် မျက်ဖြူတော်မြတ် ဝဏ္ဏဓာတ်တို့မှဖြင်း။ သေတဝဏ္ဏာ၊ ကုမုဒြာကြာဖြူ မဉ္ဇူဇလပ် ငွေပွင့်ချပ်နှင့် ငွေယပ်ငွေသား ငွေပြား နက္ခတ္တ ငွေသားမျက်နှာကျက် တန်ဘိုးကျက်၍ ငွေယက် တခွန် မိုးစွန်လူလူ လွှားစိုက်ထူသကဲ့သို့ ဖြူသော အဆင်းရှိကုန်သော။ ရံသိယော၊ ဩဒါတတွင်ခေါ် ရောင်ခြည်တော်တို့သည်။ အနန္တကာသ ပူရကော၊ အဆုံးမထင် ကောင်းကင်မြေထု ရေစုအပုံ အလုံးစုံသော အရပ်ဆယ်မျက်နှာတို့ကို။ ဝိနိဝိဇ္ဈိတွာ၊ ထိုးဖောက် ဖြစ်ထွန်းကြကုန်၍။ နိစ္ဆရိံသု၊ ပြိုးပြိုး ပြက်ပြက် နှံ့ထွက်ကွန့်မြူးတော်မူကြလေကုန်ပြီ။ နိစ္ဆရိံသု၊ ဖူးမြင်ကုန်သူ နတ်, လူ, ဗြဟ္မာ သတ္တဝါတို့ သဒ္ဓါရွှေမိုး သွေ့ကာဖြိုးအောင် ရိုးရိုး ရက်ရက် ပြိုးပြိုး ပြက်လျှင် နှံ့ထွက်ကွန့်မြူးတော်မူကြလေကုန်ပြီ။

ဝဇိရသင်္ဃါတကာယဿ၊ အင်္ဂီရသဿ တာဒိနော။
တေသံ တေသံ သရီရာနံ၊ နာနာဌာနေဟိ ရံသိယော။
မဉ္ဇိဋ္ဌကာ နိစ္ဆရိံသု၊ အနန္တကာသ ပူရကော။

မဉ္ဇိဋ္ဌ ရောင်ခြည်တော်ဖွဲ့။ ။ဝဇိရသင်္ဃါတကာယဿ၊ ဝရဇိန်တန္နုန်း စိန်တုံး စိန်ဆိုင် စိန်တိုင် စိန်ခဲနှင့်အတူ မကွဲမအက် မပျက်မကြေနိုင်သော ရူပကာယကိုယ်တော် ရှိတော်မူထသော။ အင်္ဂီရသဿ၊ ကိုယ်တော်မြတ်မှ မပြတ်ပြိုးပြက် တလက်လက်ဖြင့် ထွက်သော ရောင်ခြည် ရှိတော်မူထသော။ တာဒိနော၊ လာဘာ လာဘ စသည်ရှစ်တန် လောကဓံကြောင့် ဖောက်ပြန်မရှိ သည်းခံဘိသား တာဒိဂုဏ်နှင့် ပြည့်စုံတော်မူသော မြတ်စွာဗုဒ္ဓရှင်၏။ တေသံ တေသံ သရီရာနံ၊ ဤသို့သောဓာတ် ဤအရပ်ဟု မသတ်မှတ်နိုင် ထွန်းပြိုင်ရှန်းစို ထိုထို ကိုယ်တော်တို့၏။ နာနာဌာနေဟိ၊ အထူးထူးသော အရပ်တော်တို့မှ။ မဉ္ဇိဋ္ဌကာ၊ ထန်းရိပ်ချိပ်ရေ စိမ်းနက်ရေနှင့် စက်စက်ရေကောင်း သွန်း၍လောင်းသကဲ့သို့ မောင်းမဲ့မှိုင်းအုံ မှုံရည်သော အဆင်းရှိကုန်သော။ ရံသိယော၊ မဉ္ဇိဋ္ဌတွင်ခေါ် ရောင်ခြည်တော်တို့သည်။ အနန္တကာသ ပူရကော၊ အဆုံးမထင် ကောင်းကင်မြေထု ရေစုအပုံ အလုံးစုံသော အရပ်ဆယ်မျက်နှာတို့ကို။ ဝိနိဝိဇ္ဈိတွာ၊ ထိုးဖောက်ဖြစ်ထွန်းကြကုန်၍။ နိစ္ဆရိံသု၊ ပြိုးပြိုး ပြက်ပြက် နှံ့ထွက်ကွန့်မြူးတော်မူကြလေကုန်ပြီ။ နိစ္ဆရိံသု၊ ဖူးမြင်ကုန်သူ နတ်, လူ, ဗြဟ္မာ သတ္တဝါတို့ သဒ္ဓါရွှေမိုး သွေ့ကာဖြိုးအောင် ရိုးရိုး ရက်ရက် ပြိုးပြိုး ပြက်လျှင် နှံ့ထွက်ကွန့်မြူးတော်မူကြလေကုန်ပြီ။

ဝဇိရသင်္ဃါတကာယဿ၊ အင်္ဂီရသဿ တာဒိနော။
တေသံ တေသံ သရီရာနံ၊ နာနာဌာနေဟိ ရံသိယော။
ပဘဿရာ နိစ္ဆရိံသု၊ အနန္တကာသ ပူရကော။

ပဘဿရ ရောင်ခြည်တော်ဖွဲ့။ ။ဝဇိရသင်္ဃါတကာယဿ၊ ဝရဇိန်တန္နန်း၊ စိန်တုံးစိန်ဆိုင် စိန်တိုင် စိန်ခဲနှင့်အတူ မကွဲမအက် မပျက်ကြွေနိုင်သော ရူပကာယ ကိုယ်တော် ရှိတော်မူထသော။ အင်္ဂီရသဿ၊ ကိုယ်တော်မြတ်မှ မပြတ်ပြိုးပြက် တလက်လက်ဖြင့် ထွက်သောရောင်ခြည် ရှိတော်မူထသော။ တာဒိနော၊ လာဘာ လာဘ စသည်ရှစ်တန် လောကဓံကြောင့် ဖောက်ပြန်မရှိ သည်းခံဘိသား တာဒိဂုဏ်နှင့် ပြည့်စုံတော်မူသော မြတ်စွာဗုဒ်ဓရား၏။ တေသံ တေသံ သရီရာနံ၊ ဤသို့သောခုတ် ဤအရပ်ဟု မသတ်မှတ်နိုင် ထွန်းပြိုင်ရှန်းစို ထိုထို ကိုယ်တော်အစိတ်တို့၏။ နာနာဌာနေဟိ၊ အထူးထူးသော အရပ်တော်တို့မှ။ ပဘဿရာ၊ ညိုရစ်ရွှေရစ် ဖြူနီရစ်တို့ သစ်သစ်ရောင်နွယ် လျှပ်စစ်နွယ်ကဲ့သို့ အံ့ဘွယ်လွန်ကဲ စိန်မီးပန်းကြဲသကဲ့သို့ ညိုနက်ပြိုးပြက် တခဲနက်သော အဆင်းရှိကုန်သော။ ရံသိယော၊ ပဘဿရတွင်ခေါ် ရောင်ခြည်တော်တို့သည်။ အနန္တကာသပူရကေ၊ အဆုံးမထင် ကောင်းကင် မြေထု ရေစုအပုံ အလုံးစုံသော အရပ်ဆယ်မျက်နှာတို့ကို။ ဝိနိဝိဇ္ဈိတွာ၊ ထိုး ဖောက်ဖြစ်ထွန်းကြကုန်၍။ နိစ္ဆရိံသု၊ ပြိုးပြိုးပြက်ပြက် နှံ့ထွက်ကွန့်မြူးတော်မူကြလေကုန်ပြီ။ နိစ္ဆရိံသု၊ ဖူးမြင်ကုန်သူ နတ်, လူ, ဗြဟ္မာ သတ္တဝါတို့ သဒ္ဓါရွှေမိုး စွေကာဖိုးအောင် ရိုးရိုး ရက်ရက် ပြိုးပြိုးပြက်လျှင် နှံ့ထွက် ကွန့်မြူးတော်မူကြလေကုန်ပြီ။

ဧဝံ ဆဗ္ဗဏ္ဏရသ္မီဟိ၊ နိစ္ဆရန္တံ ဒိသောဒိသံ။
အနန္တံ အမေ ဥဒ္ဓံ စ၊ အမတံ၀ မနောဟရံ။
ကာယေန ဝါစာ စိတ္တေန၊ အင်္ဂီရသံ နမာမဟံ။

ဧဝံ၊ ဤသို့။ ဆဗ္ဗဏ္ဏရသ္မီဟိ၊ စိမ်းလဲ့ညိုပြာ ရွှေဝါရောင်လင်း ချင်းချင်းနီမြန်း လျှမ်းလျှမ်းဖြူဖွေး သွေးသွေးမောင်းချိပ် ဖိတ်ဖိတ်ရိုးရက် ပြိုးပြိုးပြက်သား ခြောက်ပါးသောအဆင်းရှိသော ရောင်ခြည်တော်တို့ဖြင့်။ အနန္တံ၊ အဆုံး အပိုင်း အတိုင်းအရှည်မရှိသော။ ဒိသောဒိသံ၊ အရပ်ရှစ်မျက်နှာ စကြဝဠာပတ်ဝန်း လေးကျွန်းမြင်းမိုရ် ထိုထိုဝိသယ ရှိသမျှသို့ရင်း။ အမေ စ၊ မြေထု ရေထု လေထုထွင်းဖောက် အောက်အဇဋာ အာကာတခွင် ဟင်းလင်းအပြင်သို့ရင်း။ ဥဒ္ဓံ စ၊ နတ်ပြည်ခြောက်ရွာ ဗြဟ္မာနှစ်ဆယ် ဘဝဂ် ကယ်လျက် ထက်ဝယ်အာကာ အဇဋာပြင် မိုးကောင်းကင်သို့ရင်း။ နိစ္ဆရန္တံ၊ ချိုင့်ချိုင့် ပြေးလျက် ပွင့်ထွက်စေတော်မူတတ်ထသော။ အမတံ၀၊ မသေစေတတ် ဖြန့်ချီမြတ်က နတ်တို့သုဓာ မြိုက်သြဇာကဲ့သို့။ မနောဟရံ၊ ဖူးမြင်ကုန်သူ နတ်, လူ, ဗြဟ္မာ သတ္တဝါတို့ သဒ္ဓါပီတိ ဂွမ်းဆီထိသကဲ့သို့ မျက်စိအရသာ မင်္ဂလာစု တပေါင်းတည်းပြုသကဲ့သို့ လွတ်လွတ် စွန့်ကြုံး စိတ်နှလုံးကို ယူကြုံးဆွဲဆောင်နိုင်ပေထသော။ အင်္ဂီရသံ၊ ကိုယ်တော်မြတ်မှ မပြတ် ပြိုးပြက် တလက်လက်ဖြင့် ထွက်သောရောင်ခြည်ရှိတော်မူသော မြတ်စွာဗုဒ်ဓရားကို။ ကာယေန၊ ကိုယ်ဟုဆိုအပ်သော ကာယဒွါရဖြင့်။ နမာမိ၊ ပုဆစ်ညွှတ်တုပ် လက်အုပ်ချီမိုး ရိုညွှတ်ကျိုး၍ ရှိခိုးပူဇော်ပါ၏။ ဝါစာ ဝါစာယ၊ နှုတ်ဟုဆိုအပ်သော ဝစီဒွါရဖြင့်၊ နမာမိ၊ နှုတ်က တွတ်တွတ် ဆိုရွတ်သွန်းဖြိုး မြွက်ဖော်မိုး၍ ရှိခိုးပူဇော်ပါ၏။ စိတ္တေန၊ စိတ်ဟုဆိုအပ်သော

မနေဘဒ္ဒါရဖြင့်။ နမာမိ၊ အောက်မေ့ဆင်ခြင် ဂုဏ်တော်အစဉ်ကို ကြည်လင်မြတ်နိုး သဒ္ဓါ ပြိုးရှိ ရှိခိုးပူဇော်ပါ၏။ ကာယေန ဝါစာ စိတ္တေန နမာမိ၊ ကိုယ်, နှုတ်, နှလုံး သုံးပါး ပြောင်းပျော့ မာန်ကိုလျှော့၍ ကန်တော့မြတ်နိုး လက်အုပ်မိုး၍ ရှိခိုးဦးညွှတ်ပါ၏ မြတ်စွာ ဗုဒ္ဓ။

## ရေအစုံ-မီးအစုံ (ယမကပါဋိဟာရိယ) ဗုဒ္ဓရှိခိုး

ကဏ္ဍမ္ဗမူလေ ပရဟိတကရော ယော မုနိန္ဒော နိသိန္နော၊
အစ္ဆေရံ သီဃံ နယနသုဘဂံ အာကုလဏ္ဏဂ္ဂိဇာလံ။
ဒုဇ္ဇာလဒ္ဓံသံ မုနိဘိဇဟိတံ ပါဋိဟေရံ အကာသိ၊
ဝန္ဒေ တံ သေဋ္ဌံ ပရမရတိဇံ ဣဒ္ဓိဓမ္မေဟုပေတံ။

(၁၀-လုံးဖွဲ့ ကုသုမိတလတာ ဂါထာ)

ပရဟိတကရော၊ ဝေနေယျများ သူတပါးတို့ စီးပွါးချမ်းသာ ဖြစ်စိမ့်ငှာလျှင် ဝါလေးဆဲ့ငါး ကာလလျှားအောင် ဗုဒ္ဓတို့ပြမ်း ကိစ္စတော်ငါးခန်းကို ကြိုးပမ်းမယုတ် ပြုလုပ်ပြီးပြေတော်မူစေတတ်ထသော။ ယော မုနိန္ဒော၊ အာဂါရိက စသည်အပြား မုနိများ၏ ထွဋ်ဖျားပရမေ သုံးလူဆွေဖြစ်တော်မူသော အကြင်မြတ်စွာဗုဒ္ဓသည်။ ကဏ္ဍမ္ဗမူလေ၊ ကဏ္ဍဟူသည် လူအမည်ဖြင့် ဂုဏ်ရည်လျှံညီး သရက်ပင်၏အနီး၌။ နိသိန္နော၊ တိတ္ထိတဝေး ရန်အလေးကို ယဉ်ကျေးစိမ့်မည် ဆုံးမမည်ဟု မျှညီရာပိုထ နှစ်ခြိုက်ရှင်ပြုံး သီတင်းသုံး နေတော်မူလျက်။ အစ္ဆေရံ၊ မကြုံစဘူး မမြင်ဘူးကို အထူးတွေ့ကြုံ သို့ဖြစ်ပုံကြောင့် လူ့ဘုံ နတ်ရွာ ကောင်းတင်းငြာလျက် ဗြဟ္မာ မဟာဂ္ဂုတ် ဘဝဂ်လှုပ်အောင် လက်ခုပ်ငြာဟီး လက်ဖျစ်တီး၍ အံ့ချီးခြင်းငှာ ထိုက်တန်စွာထသော။ သီဃံ၊ ရေအလျဉ်ကို ဖန်ဆင်းသည်ကား တကာလ, မီးအလျှံကို ဖန်ဆင်းသည်ကား တကာလ ဤသို့လျှင် ကာလခြားကွာ ဖြစ်တုံ ပါလည်း ဗြဟ္မာ,နတ်,လူ ဖူးမြင်သူတို့ စွဲယူမှတ်သား တချိန်တည်း တခဏတည်းဖြစ်သည်ဟု အထင်မှားရအောင် လျှင်လျှားလည်း လျှင်လျှားစွာထသော။ နယနသုဘဂံ၊ နတ်လူရှိရှိ ဖူးကြသူ မျက်စိဝယ် ပီတိဟုန် ဆင့်လွှမ်းအောင် တင့်ဆန်းသော ကျက်သရေဂုဏ်နှင့်လည်း ပြည့်စုံတော်မူပေထသော။ ဒုဇ္ဇာလဒ္ဓံသံ၊ နိယျာနိက သာသနာမှလျှင် ပြင်ပဗါဟိ ဝိတဏ္ဍီတို့ ထို ဤမြေးယှက် မိစ္ဆာအယူတည်းဟူသော ကွန်ရက်ကို ဖျက်ဆီးပယ်ဖျောက်နိုင်ထသော။ မုနိဘိ၊ ကဿပမြတ်စွာ အစဖြာသား မဟာပရမေ ပွင့်တော်မူကြပြီးဖြစ်သော သုံးလူဆွေ တို့သည်။ အဇဟိတံ၊ ဤ နေရာ ဤ ဌာနဝယ် ပြမြဲ ပြုမြဲ မှန်မလွဲသဖြင့် မစွန့်ပဲအပ်သော တရားတမျိုးလည်း ဖြစ်ပေထသော။ အာကုလဏ္ဏဂ္ဂိဇာလံ ပါဋိဟေရံ–

၁။ အထက်ကိုယ်တော်မှ မီးအလျှံ၊ အောက်ကိုယ်တော်မှ ရေအလျဉ်၊
အောက်ကိုယ်တော်မှ မီးအလျှံ၊ အထက်ကိုယ်တော်မှ ရေအလျဉ်၊

၂။ ရှေ့ကိုယ်တော်မှ မီးအလျှံ၊ နောက်ကိုယ်တော်မှ ရေအလျဉ်၊
နောက်ကိုယ်တော်မှ မီးအလျှံ၊ ရှေ့ကိုယ်တော်မှ ရေအလျဉ်၊

၃။ လက်ျာမျက်လုံးတော်မှ မီးအလျှံ၊ လက်ဝဲမျက်လုံးတော်မှ ရေအလျဉ်၊
လက်ဝဲမျက်လုံးတော်မှ မီးအလျှံ၊ လက်ျာမျက်လုံးတော်မှ ရေအလျဉ်၊

၄။ လက်ျာနားတော်မှ မီးအလျှံ၊ လက်ဝဲနားတော်မှ ရေအလျဉ်၊
လက်ဝဲနားတော်မှ မီးအလျှံ၊ လက်ျာနားတော်မှ ရေအလျဉ်၊

၅။ လက်ျာနှာခေါင်းတော်မှ မီးအလျှံ၊ လက်ဝဲနှာခေါင်းတော်မှ ရေအလျဉ်၊
လက်ဝဲနှာခေါင်းတော်မှ မီးအလျှံ၊ လက်ျာနှာခေါင်းတော်မှ ရေအလျဉ်၊

၆။ လက်ျာပခုံးတော်မှ မီး အလျှံ၊ လက်ဝဲပခုံးတော်မှ ရေအလျဉ်၊
လက်ဝဲပခုံးတော်မှ မီး အလျှံ၊ လက်ျာပခုံးတော်မှ ရေအလျဉ်၊

၇။ လက်ျာ လက်တော်မှ မီး အလျှံ၊ လက်ဝဲလက်တော်မှ ရေအလျဉ်၊
လက်ဝဲ လက်တော်မှ မီး အလျှံ၊ လက်ျာလက်တော်မှ ရေအလျဉ်၊

၈။ လက်ျာနံပါးတော်မှ မီး အလျှံ၊ လက်ဝဲနံပါးတော်မှ ရေအလျဉ်၊
လက်ဝဲနံပါးတော်မှ မီး အလျှံ၊ လက်ျာနံပါးတော်မှ အရေအလျဉ်၊

၉။ လက်ျာခြေတော်မှ မီး အလျှံ၊ လက်ဝဲ ခြေတော်မှ ရေအလျဉ်၊
လက်ဝဲခြေတော်မှ မီး အလျှံ၊ လက်ျာခြေတော်မှ ရေအလျဉ်၊

၁၀။ လက်ချောင်းတော် ဆယ်ဆူ ဆယ်ဆူတော်တို့မှ မီး အလျှံ၊
လက်ချောင်းတော် ဆယ်ဆူ ဆယ်ဆူ အကြား အကြားတော်တို့မှ ရေအလျဉ်၊
လက်ချောင်းတော် ဆယ်ဆူ ဆယ်ဆူ အကြား အကြားတော်တို့မှ မီး အလျှံ၊
လက်ချောင်းတော် ဆယ်ဆူ ဆယ်ဆူတော်တို့မှ ရေအလျဉ်၊

၁၁။ မွေးညှင်းတော်တို့မှ မီး အလျှံ၊ မွေးညှင်းပေါက်တော်တို့မှ ရေအလျဉ်၊
မွေးညှင်းပေါက်တော်တို့မှ မီး အလျှံ၊ မွေးညှင်းတော်တို့မှ ရေအလျဉ်၊

တသွင်သွင်ပြောင်းလွဲ ဖူးလိုက်တိုင်း အဆင်ကွဲသဖြင့် အံ့အဲ၍မဝ ချီးပ၍မကုန် ရောင်ခြည်တော်ဂုဏ်တို့ဖြင့် အစုံစုံသော တန်ခိုးပြာဋိဟာကို။ အကာသိ၊ တိတ္ထိတဝှန်း တက္ကဒွန်းတို့ ဥူးစွန်းဗွေလျှောက် ခြေတော်နှင့် ပေါက်သကဲ့သို့ နောက်တဖန် မာန်မတင်းဝံ့အောင် ဖန်ဆင်းပြသတော်မူခဲ့လေပြီ။

သေဋ္ဌ၊ ချီးမွမ်းအပ်သူ နတ်, လူ, ဗြဟ္မာ သတ္တဝါဟူသမျှတို့ထက် ဆဆလွန်ကြူး အထူးသဖြင့် ချီးမွမ်းအပ်တော်မူထသော။ ပရမရတိဇံ၊ နှလုံးအာရုံ စွဲမြဲထုံက ဘုံနန်းသိဝ နိဗ္ဗာန်ကျအောင် ဖလကျေးဇူး လွန်ပြန့်ပြူး၍ အထူးနှစ်သက်စေတတ်သည့် အမြတ်ဥစ္စာ ရတနာတဆူလည်း ဖြစ်တော်မူပေထသော။ ဣဒ္ဓိမမ္ဗေဟိ၊ ဣဒ္ဓိအစိဋ္ဌေယျ မေ့ကျေးဇူး ဂုဏ်အထူးတို့နှင့်။ ဥပေတံ၊ ပါရမီတော်တန်ခိုး ဆော်ပင့်နှိုး၍ ပြည့်ဖြိုးလုံသောက်တော်မူပေ ထသော။ တံ မုနိန္ဒံ၊ အာဂါရိက စသည်အပြား မုနိမျှား၏ ထွဋ်ဖျားပရမေ သုံးလူ့ဆွေ ဖြစ်တော်မူသော ထိုမြတ်စွာဗုရားကို။ အဟံ၊ အကျွန်ုပ်သည်။ ဝန္ဒေ–ဝန္ဒာမိ၊ ယမကပါဠိ ဟာရိယာ ဗွဲ့မည်သာသား အသာခာရဏ် မဟာဂုဏ်ကို အာရုံရည်စူး သဒ္ဓါထူးဖြင့် ရှိဥုး ညွတ်ခိုက်ပါ၏ ဗုရား။

## မဟာဝိသုဒ္ဓါရာမ ဆရာတော်ဘုရားကြီး ရေးသားတော်မူသော ကာလသုံးပါး ဗုရားရှိခိုး

အတ္တီတာ စ သမ္ဗုဒ္ဓါ၊ ပစ္စုပ္ပန္နော စ, နာဂတာ။
ဝန္ဒေတေ ဗောဓိမဏ္ဍော၊ ဗုဒ္ဓေသချေ သသာဝကေ။

အတ္တီတာ စ၊ ဂင်္ဂါဝါလု သဲစုမသွေ ပွင့်တော်မူကြလေကုန်ပြီးသော။ ယေ စ သမ္ဗုဒ္ဓါ၊ အကြင်ကဿပ, ကောဏာဂုံ-စသော ဗုရားရှင်တို့သည်ရှင်း။ ပစ္စုပ္ပန္နော၊ ယခု ပွင့်တော်မူဆဲဖြစ်သော။ ယော စ သမ္ဗုဒ္ဓေါ၊ အကြင်ဂေါတမ ဗုရားရှင်သည်ရှင်း။အနာဂတာ၊ ဂင်္ဂါဝါလု သဲစုပမာ နောင်ခါ ပွင့်တော်မူလတ္တံ့ ဖြစ်ကုန်သော။ ယေ စ သမ္ဗုဒ္ဓါ၊ အကြင် မေတ္တေယျ-စသော ဗုရားရှင်တို့သည်ရှင်း။ အတ္ထိ၊ ရှိတော်မူကြလေကုန်၏။ ဗောဓိမဏ္ဍော၊ ပလ္လင်ဓမ္မစက် ဆင်းသက်ခြေချ ဌာနညောင်စောင်း လေးပါးအပေါင်း ခါညောင်းမစွန့်ရာ ဟူသော ဗုရားတကာ မစွန့်ရာသည့် အဝိဇဟိတ ဌာနလေးပါးတွင် ပါဝင်လေဘိ ယခုရှိသည့် ဗောဓိမဏ္ဍိုင်ရာ၌သာလျှင်။ ဗုဒ္ဓေ၊ ပွင့်တော်မူပြီး ပွင့်တော်မူဆဲ ပွင့်တော်မူလတ္တံ့ ဖြစ်ကုန် သော။ သသာဝကေ၊ နှစ်ဆယ့်လေးသင်္ချေနှင့် ကုဋေခြောက်ဆယ် ဗိုလ်ခြေတသိန်း တွက် ကိန်းမျှညီ သာဝက ကိုယ်စီနှင့်တကွ ဖြစ်ကုန်သော။ အသချေ၊ ဂင်္ဂါဝါလု သဲစုနှိုင်းပြိုင် မရေတွက်နိုင်ကုန်သော။ တေ သမ္ဗုဒ္ဓေ၊ ထိုဗုရားရှင်တို့ကို။ အဟံ၊ အကျွန်ုပ်သည်။ ဝန္ဒေ ဝန္ဒာမိ၊ အပဒါန်လာ စကြာမင်းလား စိတ်ကြံအားဖြင့် ထံပါးပင့်ဆောင် ဝင်းဝင်းပြောင် သည် အခေါင်ဖြင့်ပြီး ပစ္စည်းလေးသွယ် ပူဇော်ဘွယ်ကို ရှေ့ဝယ်ကျင်းပ သဒ္ဓါကြွ၍ ကြည်ဆွ ရွှင်ဖြိုး လက်စုံမိုး၍ ရှိခိုးပါ၏ ဗုရား။

## တိမူလဘဂ်ဝန္ဒနာ ဗုရားရှိခိုး

(၁) ပမာဒမူလကော လောဘော၊ လောဘော ဝိဝါဒကာရကော။
ဒါသဗျကာရကော လောဘော၊ လောဘော ပရမ္ပိ ပေတိကော။
တံ လောဘံ ပရိဇာနန္တံ၊ ဝန္ဒေဟံ ဝီတလောဘကံ။
တေေန ပုညကမ္မေန၊ ဝီတလောဘော ဘဝါမဟံ။

လောဘော၊ လောဘသည်။ ပမာဒမူလကော၊ မေ့လျော့ခြင်း၏ အကြောင်းရင်းသည်။ ဟောတိ၊ ဖြစ်၏။ လောဘော၊ လောဘသည်။ ဝိဝါဒကာရကော၊ ခိုက်ရန်ငြင်းခုံခြင်းကို ပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။ လောဘော၊ လောဘသည်။ ဒါသဗျကာရကော၊ သူ့ကျွန်အဖြစ်ကို ပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။ လောဘော၊ လောဘသည်။ ပရမှိ၊ တမလွန်လောက နောက်ဘဝ၌။ ပေတိကော၊ ပြိတ္တာဘုံ၌ ဖြစ်စေတတ်သည်။ ဟောတိ၊ ဖြစ်၏။

တံ လောဘံ၊ ထိုသို့ သဘောရှိသော ဒိဋ္ဌတမလွန် နှစ်တန်ယုတ်မာ မချမ်းသာသော အပြစ်ရှိသော လောဘကို။ ပရိဇာနန္တံ၊ ပရိညာသုံးတန် မြတ်သောဉာဏ်တို့ဖြင့် ကေန်ဆတ်ဆတ် ပိုင်းခြား၍ သိတော်မူတတ်သော။ ဝီတလောဘကံ၊ ကင်းပြီးသော လောဘရှိတော်မူသော မြတ်စွာဗရားကို။ အဟံ၊ တပည့်တော်သည်။ ဝန္ဒေ-ဝန္ဒာမိ၊ ရှိခိုးပါ၏။ တေန ပုညကမ္မေန၊ ဤသို့ ရှိခိုးရသော ကုသိုလ်ကံကြောင့်။ အဟံ၊ တပည့်တော်သည်။ ဝီတလောဘော၊ ကင်းပြီးသော လောဘရှိသည်။ ဘဝါမိ၊ ဖြစ်ရပါလို၏ ဗရား။

(၂) ဝိဟညမူလကော ဒေါသော၊ ဒေါသော ဝိရူပကာရကော။
ဝိနာသကာရကော ဒေါသော၊ ဒေါသော ပရမှိ နေရယော။

တံ ဒေါသံ ပရိဇာနန္တံ၊ ဝန္ဒေဟံ ဝီတဒေါသကံ။
တေန ပုညကမ္မေန၊ ဝီတဒေါသော ဘဝါမဟံ။

ဒေါသော၊ ဒေါသသည်။ ဝိဟညမူလကော၊ ဟိန်းဟီးညည်းညူ ပူလောင်ပင်ပန်းခြင်း၏ အကြောင်းရင်းသည်။ ဟောတိ၊ဖြစ်၏။ ဒေါသော၊ ဒေါသသည်။ ဝိရူပကာရကော၊ အဆင်းသဏ္ဌာန် ဖောက်ပြန်ချွတ်ယွင်း မလှခြင်းကို ပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။ ဒေါသော၊ ဒေါသသည်။ ဝိနာသကာရကော၊ စည်းစိမ်အသက် ခြေလက်အင်္ဂါစသည်တို့၏ ပျက်စီးခြင်းကို ပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။ ဒေါသော၊ ဒေါသသည်။ ပရမှိ၊ တမလွန်လောက နောက်ဘဝ၌။ နေရယော၊ ငရဲဘုံ၌ ဖြစ်စေတတ်သည်။ ဟောတိ၊ ဖြစ်၏။

တံ ဒေါသံ၊ ထိုသို့သဘောရှိသော ဒိဋ္ဌတမလွန် နှစ်တန်ယုတ်မာ မချမ်းသာသော အပြစ်ရှိသော ဒေါသကို။ ပရိဇာနန္တံ၊ ပရိညာသုံးတန် မြတ်သောဉာဏ်တို့ဖြင့် ကေန်ဆတ်ဆတ် ပိုင်းခြား၍ သိတော်မူတတ်သော။ ဝီတဒေါသကံ၊ ကင်းပြီးသော ဒေါသရှိတော်မူသော မြတ်စွာဗရားကို။ အဟံ၊ တပည့်တော်သည်။ ဝန္ဒေ-ဝန္ဒာမိ၊ ရှိခိုးပါ၏။ တေန ပုညကမ္မေန၊ ဤသို့ ရှိခိုးရသော ကုသိုလ်ကံကြောင့်။ အဟံ၊ တပည့်တော်သည်။ ဝီတဒေါသော၊ ကင်းပြီးသော ဒေါသရှိသည်။ ဘဝါမိ၊ ဖြစ်ရပါလို၏ ဗရား။

(၃) သဗ္ဗာသမူလကော မောဟော၊ မောဟော သဗ္ဗိတိကာရကော။
သဗ္ဗန္ဒကာရကော မောဟော၊ မောဟော ပရမှိ သာဒိကော။

တံ မောဟံ ပရိဇာနန္တံ၊ ဝန္ဒေဟံ ဝိတမောဟကံ။
ဧတေန ပုညကမ္မေန၊ ဝိတမောဟော ဘဝါမဟံ။

မောဟော၊ မောဟသည်။သဗ္ဗာသမူလကော၊ အလုံးစုံသော နှိပ်စက်ညှဉ်းဆဲခြင်း၏ အကြောင်းရင်းသည်။ ဟောတိ၊ ဖြစ်၏။ မောဟော၊ မောဟသည်။ သဗ္ဗိတိကာရကော၊ အလုံးစုံသော ဥပဒ်အန္တရာယ်ကိုပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။ မောဟော၊ မောဟသည်။ သဗ္ဗန္ဒကာရကော၊ အလုံးစုံသော အမိုက် အကန်းကို ပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။ မောဟော၊ မောဟသည်။ ပရမှိ၊ တမလွန်လောက နောက်ဘဝ၌။ သာဒိကော (သာ-အာဒိကော) ခွေးစသော တိရစ္ဆာန်ဘုံ၌ ဖြစ်စေတတ်သည်။ ဟောတိ၊ ဖြစ်၏။

တံ မောဟံ၊ ထိုသို့ သဘောရှိသော ဒိဋ္ဌတမလွန် နှစ်တန်ယုတ်မာ မချမ်းသာသော အပြစ်ရှိသော မောဟကို။ပရိဇာနန္တံ၊ပရိညာသုံးတန် မြတ်သောဉာဏ်တို့ဖြင့် ကေန်ဆတ်ဆတ် ပိုင်းခြား၍သိတော်မူတတ်သော။ ဝိတမောဟကံ၊ ကင်းပြီးသော မောဟရှိတော်မူသော မြတ်စွာဗုရားကို။ အဟံ၊ တပည့်တော်သည်။ ဝန္ဒေ-ဝန္ဒာမိ၊ ရှိခိုးပါ၏။ ဧတေန ပုညကမ္မေန၊ ဤသို့ရှိခိုးရသော ကုသိုလ်ကံကြောင့်။ အဟံ၊ တပည့်တော်သည်။ ဝိတမောဟော၊ ကင်းပြီးသော မောဟရှိသည်။ ဘဝါမိ၊ ဖြစ်ရပါလို၏ ဗုရား။

## အင်္ဂါတော်(၁၈)ပါး ဗုရားရှိခိုး

၁။ တိုရှည်မရှိ၊ နှစ်သစ်တိလတ်၊ ဆံတော်မြတ်၊ သိမှတ် အင်္ဂါတော်။

၂။ ရွှေကြာသက်နှံ၊ ဝတ်ရုံလွှမ်းလည်း၊ ညစ်နွမ်းမရှိ၊ ပကတိ၊ သိရှိ အင်္ဂါတော်။

၃။ မြတ်ဗုရားနှင့်၊ ရှစ်ပါးပရိက္ခရာ၊ ကင်းကွာလေးသစ်၊ မထိလစ်၊ စင်စစ် အင်္ဂါတော်။

၄။ အလိုရှိသော်၊ သပိတ်တော်သည်၊ လက်ပေါ်ချက်ခြင်း၊ ရောက်လာလျှင်း၊ ထင်လင်း အင်္ဂါတော်။

၅။ လက်တော်ဆေးလျှင်၊ သပိတ်စင်နှင့်၊ သပိတ်ဆေးလျှင်၊ လက်တော်စင်၊ မြတ်ရှင် အင်္ဂါတော်။

၆။ မုံညင်းစေ့တွင်း၊မြတ်ရှင်ရင်းသည်၊ ကြခြင်းဖန်ဖန်၊ မြတ်စကြာ၊ အမှန် အင်္ဂါတော်။

၇။ ဆယ်မျက်နှာဝယ်၊ ရောင်ခြောက်သွယ်တို့၊ ပြန့်ကျယ်လွှမ်းခြုံ၊ ထွန်းလင်းတုံ၊ မှတ်ယုံ အင်္ဂါတော်။

၈။ မြတ်ဗုဒ္ဓနှင့်၊ အလားနည်းတူ၊ ဆူဆူဗုဒ္ဓ၊ ဖန်ဆင်းပြား၊ များပြားအံ့ဘွယ်တော်။

၉။ ဇာတိအာဏာ၊ ဝိသယာကား၊ ခေတ်သုံးပါးမှာ၊ ရောင်ဝါလင်းမှု၊ မှောင်အောင်ပြု၍၊ မှောင်ထုအစု၊ လင်းအောင်ပြု၊ မှတ်ရှု အံ့ဘွယ်တော်။

၁၀။ တရားဒေသနာ၊ ဟောသောခါဝယ်၊ အင်္ဂါရှစ်ရပ်၊ သံတော်မြတ်ကို၊ ထက်ရပ်ဘဝဂ်၊ အောက်ဘက်ဝီစိ၊ ကြားစေဘိ၊ မှတ်သိ အံ့ဘွယ်တော်။

၁၁။ ဝတိန်နန်းမှ၊ ကြွမြန်းဆင်းရာ၊ ထိုအခါဝယ်၊ လူမှာနတ်မြင်၊ နတ်ပင် လူက၊ ချက်ခြင်းပ၊ မြင်ရ အံ့ဘွယ်တော်။

၁၂။ ပဋိသန္ဓေ၊ စံနေသောအခါ၊ ဘွားမြင်ခါနှင့်၊ ဖြစ်ခါဗုဒ္ဓ၊ ဟောကြားဓမ္မစက်၊ လွှတ်ချက်အာယု၊ စံမှုနိဗ္ဗာန်၊ ဤခြောက်တန်ဝယ်၊ အောက်ခံမြေကြီး၊ တုန်လှုပ်ပြီးကာ၊ နိမိတ်ဖြာ၊ ဖြစ်လာ အံ့ဘွယ်တော်။

၁၃။ မြင်းမိုရ်ထိပ်ပန်း၊ ဝတိန်နန်းဝယ်၊ နှစ်လုမ်းသုံးဘဝါး၊ နင်းကြွသွား၊ ဗုဒ္ဓ အံ့ဘွယ်တော်။

၁၄။ မြေ၌ကြွသော်၊ မြတ်ဇိနေ်မှာ၊ ခြေရာတော်ပင်၊ နင်းမထင်၊ ကြည်လင် အံ့ဘွယ်တော်။

၁၅။ ကျွတ်သင့်မကျွတ်သင့်၊ ပိုင်းဖြတ်လင့်၍၊ နုရင့်ဣန္ဒြေ၊ သိမြင်ပေ၊ မှတ်လေ အံ့ဘွယ်တော်။

၁၆။ မျက်လုံးနားတော်၊ စသော်များစွာ၊ ကိုယ်အင်္ဂါမှ၊ ရောင်ဝါထိန်ညီး၊ ရေမီးအစုံ၊ တန်ခိုးဂုဏ်၊ ကြည်ယုံ အံ့ဘွယ်တော်။

၁၇။ ပရမတ်ပညတ်၊ များလတ်ဖုံဖုံ၊ တရားစုံကို၊ အကုန်အစင်၊ မသိမြင်အောင်၊ ပိတ်ပင်ဆီးတား၊ မရှိငြား၊ ထင်ရှား အံ့ဘွယ်တော်။

၁၈။ ညေယျငါးခု၊ တရားစုကို၊ သဗ္ဗညုတ၊ မြတ်ရွှေဉာဏ်ဖြင့်၊ ကြွင်းကျန်မရှိ၊ အကုန်သိ၊ မုနိ အံ့ဘွယ်တော်။

အံ့ဘွယ်တော်ဖြစ်၊ တဆယ့်ရှစ်နှင့်၊ များလစ် ဂုဏ်တော်၊
တန်ခိုးတော်ဖြင့်၊ ထင်ပေါ်ကျော်ကြား၊ ရှင်တော်ဗုဒ္ဓကို၊
ဝပ်တွားရှိကျိုး၊ လက်အုပ်မိုး၍၊ ရှိခိုးကန်တော့ပါ၏ဗုဒ္ဓ။

## ဘုရားရှင်တို့၏ (၃၂)ပါးသော လက္ခဏာတော်

(၁) သုတ်ပါထေယျ၊ လက္ခဏာသုတ်၊ ဟောထုတ်ဘွင့်ချို၊ သုံးဆယ့်နှစ်ဖြာ၊ လက္ခဏာကို၊ စကြာမင်းဖျား၊ စောဗုရားတို့၊ ကံအားလျော်ညီ၊ ရကြောင်းသိပိမ့်၊ အတိရှေးက၊ ကုသလဥ္စ၊ မြဲစွာဆောက်တည်၊ ခွဲဘူးသည်ကြောင့်၊ သက်ရှည်ဆင်းဝါ၊ ချမ်းသာစိုးရ၊ ခြေရုံခလျက်၊ ရူပသဒ္ဒါ၊ ဂန္ဓာ ရသ၊ ဖောဋ္ဌဗ္ဗဖြင့်၊ လွန်ထဆယ်မည်၊ နတ်ဖြစ်သည်နောက်၊ လူ့ပြည်ရောက်လည်း၊ မမောက်မခွက်၊ မွတ်မွတ်ညက်သား၊ မြေထက်ဘဝါး၊ နင်းချေသွားသော်၊ ပြားပြားညီထိ၊ သုပ္ပတိဋ္ဌိတ၊ ပါဒလက္ခဏာ၊ ဖြစ်ပေါ်လာ၍၊ ကင်းကွာရန်သူ၊ တွင်းပဟူ၏။(၁)

(၂) ဗိုလ်လူအများ၊ ချမ်းသာပွါးဘို့၊ ဆီးတားဘေးဘျမ်း၊ ခြံရံပန်းလျက်၊ လှူဒါန်းသည့်တာ၊ နတ်ဖြစ်ရာမူ၊ ပုဒ်တိုင်းတူပြီး၊ ဤ လူတို့ဘောင်၊ ကန့်တထောင်နှင့်၊ ရုပ်ရောင်ပီပြင်၊ စက်ဝန်းထင်၍၊ စက္ကံကိတ၊ ပါဒလက္ခဏာ၊ ပြည့်စုံလာလျက်၊ ခြေရံတက်၏။(၁)

(၃) သူ့သက်မသတ်၊ ကောင်းမှုမြတ်ကြောင့်၊ ရှည်လတ်ပဏှိ၊ အင်္ဂုလိနှင့်၊ ဖြောင့်ဘိကိုယ်မှာ၊မိုးဗြဟ္မာသို့၊ လက္ခဏာသုံးပါး၊ ပေါ်ထင်ရှား၍၊ ရှည်လျားအသက်။(၃)

(၄) ရသာမြိုက်ကို၊ လှူဆက်ဘူးလေ၊ ကောင်းမှုတွေကြောင့်၊ လက်ခြေပခုံး၊ လည်လုံးဖွံ့တုတ်၊ သတ္တုဿဒါ၊ လက္ခဏာနှင့်၊ ရသာလာဘ်ရ။(၁)

(၅) သင်္ဂဟဝတ္ထု၊ ချီးမြှောက်မှုကြောင့်၊ မုဒုပျောင်းညက်၊ ကွန်ရက်ယှက်သို့၊ ခြေလက်ဘဝါး၊ နှစ်ပါးပြည့်လျှံ၊ ခြေရံမကွဲ၊ ထံပါးမြဲ၏။(၂)

(၆) ခပ်လူပေါင်း၊ ချမ်းသာကြောင်းကို၊ ကျိုးကြောင်းပြလျက်၊ ဟောဘော်မြွက်ကြောင့်၊ ဖမျက်မြင့်ခေါင်၊ သရေဆောင်သည်၊ ကော့ထောင်မွေးဖျား၊ နှစ်ပါးရလတ်၊ သူ့ထက်မြတ်၏။ (၂)

(၇) အတတ်ပညာ၊ ပြစ်မဲ့ရာကို၊ လျင်စွာတတ်စေ၊ ပို့ချပေလို့၊ ဏေဳဇယ်၊ သလုံးလှ၍၊ ဘောဂလျင်စွာ၊ ပြည့်စုံလာ၏။ (၁)

(၈) ပညာလို၍၊ မေးမြန်းလေ့ကြောင့်၊ သိမ်မွေ့ကိုယ်ရေ၊ ဉာဏ်မိုးစွေ၏။ (၁)

(၉) ချုပ်နေမာန်မျက်၊ သဒ္ဓါထက်၍၊ လှူဆက်ချောနု၊ ခင်းရုံမှုကြောင့်၊ ရွှေတုအဆင်း၊ ချောလွန်မင်းသည့်၊ အခင်း-ကိုယ်ရုံ၊ ပေါများတုံ၏။ (၁)

(၁၀) မဆုံကွဲနေ၊ မျိုးမိတ်ဆွေကို၊ ရှာဖွေစပ်ပေး၊ ကုသိုလ်ရေးကြောင့်၊ ဖုံးမြှေးအိမ်ရေ၊ သို့ရှိလေ၍၊ သားတွေပေါလှ၊ ထောင်မကတည်း။ (၁)

(၁၁) ဗလအလျောက်၊ ရွှေးနုတ်ကောက်၍၊ ချီးမြှောက်စိုးစံ၊ ကုသိုလ်ကံကြောင့်၊ အလံကိုယ်တူ၊ မညွတ်မူ၍၊ ကိုင်ယူဒူးဝန်း၊ နှစ်ပါးထွန်းလျက်၊ ပြည့်မွန်း ဥစ္စာ၊ ကောင်းကျိုးလာ၏။ (၂)

(၁၂) သတ္တဝါအများ၊ ကျိုးစီးပွါးကို၊ လိုလားမမေ့၊ ကုသိုလ်လေ့ကြောင့်၊ ခြသေ့်ရှေ့ကိုယ်၊ ကဲ့နှစ်ကိုယ်နှင့်၊ (**ခြသေ့်မင်း၏ ရှေ့ကိုယ်ကဲ့သို့ အထက်ကိုယ် အောက်ကိုယ်**) ပြည့်မိုကျောပြင်၊ လည်တွင်လုံးလှ၊ သုံးပါးရ၍၊ ဘောဂခြွေရွေ၊ မယုတ်လေတည်း။ (၃)

(၁၃) သဗ္ဗေသတ္တာ၊ ချစ်ကြင်နာ၍၊ ချမ်းသာစေလို၊ မဖျက်ဖြိုလို၊ လည်မျိုစုန္ဓောင်၊ ရသာဆောင်သည့်၊ ခုနစ်ထောင်ကြောဖျား၊ တည်ဆိုငြားရှိ၊ နာဖျားကင်းကွေ၊ အစာကြေ၏။ (၁)

(၁၄) မစွေဖြောင့်စွာ၊ ချစ်မေတ္တာဖြင့်၊ မျက်လွှာဘွင့်လျက်၊ ရှုကြည့်တွက်ကြောင့်၊ မည်းနက်ရှင်ပြုံး၊ မျက်လုံး မျက်မွေး၊ ဒွေးလက္ခဏာ၊ များချစ်ကြ၏။ (၂)

(၁၅) ပြုကြကုသိုလ်၊ ကံထိုထို၌၊ လူဗိုလ်ရှေ့ဦး၊ ဆောင်ခဲ့ဘူးလို့၊ နဖူးသင်းကျစ်၊ ပေါ်ဖြစ်လက္ခဏာ၊ ဟောတိုင်းပါ၍၊ သတ္တဝါအများ၊ ကျင့်လိုက်စား၏။ (၁)

(၁၆) မုသားရှောင်ကွင်း၊ ဆိုခဲ့ခြင်းကြောင့်၊ မွေးထွင်းတစ်တွင်၊ မွေးတပင်နှင့်၊ လဲသွင်ဖြူတုံ၊ မျက်မှောင်ဆုံမှာ၊ ဥဏ္ဏာလုံမွေး၊ အမှတ်ဒွေးတည်း၊ ကျွန်ကျေးဗိုလ်ထု၊ လိုတိုင်းပြု၏။ (၂)

(၁၇) ပိသုဏာပယ်၊ ကုသိုလ်ကယ်လို့၊ လေးဆယ်ပြည့်မြဲ၊ သွားမကျဲဟု၊ နှစ်ကွဲလက္ခဏာ၊ ခြွေရံမှာလည်း၊ ညီညာကြည်အေး၊ လုံးတထွေးတည့်။ (၂)

(၁၈) ဆဲရေးဆိုမည်၊ ရှောင်ခဲ့သည်ကြောင့်၊ ပါးရှည်ပြန့်လျာ၊ သံဗြဟ္မာသို့၊ လက္ခဏာနှစ်ပါး၊ ဆိုစကားကို၊ အများယူကြ။ (၂)

(၁၉) ထိုးဇာတ်ပြသို့၊ သမ္ဖပျင်းစွေ့၊ ရှောင်ကြဉ်လေ့ကြောင့်၊ ခြသေ့်မေးတူ၊ ပြည့်ဝန်းမူလျက်၊ ရန်သူဝေးကွာ၊ မဖျက်လာတည့်။ (၁)

(၂၀) မိစ္ဆာဇီဝ၊ ရှောင်ခဲ့ရလို့၊ ညီမျှသွားတော်၊ စွယ်တော်ဖြူလွင်၊ နှစ်ပါးအင်နှင့်၊ သန့်စင် ခြွေရွေ၊ ပြည့်စုံပေ၏။ (၂)

(၂၁) ဆိုလေသမျှ၊ ဒွတ္တိံသဟု၊ ကြီးလှလက္ခဏာ၊ ပြည့်စုံလာမူ၊ လူ့ရွာထင်ရှား၊ စကြာဘွားနှင့်၊ ဗုဒ္ဓသော်လျှင်၊ ဖြစ်မြဲပင်ဟု၊ ဗေဒင်တတ်များ၊ ဟောမြွက်ထားသည်၊ အများနည်းယူ ကျင့်ဘွယ်ကောင်းသတည်း။

ကမ္မ၊ ကမ္မသရိက္ခက၊ လက္ခဏာနိသံသ - လေးပါးစုံကိုပြသော ဗုဒ္ဓရှင်၏ (၃၂)ပါးသော လက္ခဏာတော် ပြီး၏။

## (၃၂)ပါးသော လက္ခဏာတော် ဘုရားရှိခိုး

(၁) ယော ပုဗ္ဗေ ကတပုညတ္တာ၊ သုပ္ပတိဋ္ဌိတပါဒကော။
စက္ကင်္ကိတပဒေါ ဒီဃ-ပဏှိအင်္ဂုလိဗြဟ္မုဇု။

(၂) သတ္တုဿဒေါ မုဒုတလု-ဏဇာလ ဟတ္ထပါဒကော။
ဥဿင်္ခုဒဂ္ဂလောမော ဧဏ-ဏီဇင်္ဃော သုခုမစ္ဆဝိ။

(၃) သုဝဏ္ဏဝဏ္ဏော ကောသမှိ၊ ဩဟိတဝတ္ထ ဂုယှကော။
နိဂြောဓပရိမဏ္ဍလ-ဋ္ဌိတဇာဏုပရာမသော။

(၄) သီဟကာယ စိတန္တရံ-သ သမဝဋ္ဋခန္ဓကော။
ရသဂ္ဂသဂ္ဂီ နီလနေတ္တ-ဂေါပခုမောဏှီသသီသကော။

(၅) ဧကေကလောမဥဏ္ဏီ စ၊ တာလီသာဝိရဠဒန္တကော။
ပဟူတ ဇိဝှ ဗြဟ္မဿရော၊ ဟောတိ သီဟဟနုပိ စ။

(၆) သမဒန္တသုက္ကဒါဌော၊ ဣတိ ဒွတ္တိံသလက္ခဏော။
တံ မုနိန္ဒံ မဟာပုညံ၊ ဝန္ဒာမိ ပုရိသုတ္တမံ။

(၁) ယော မုနိန္ဒော၊ အကြင်မြတ်စွာဘုရားသည်။ ပုဗ္ဗေ၊ သချေင်္နှစ်ဆယ် စွန်းကယ် တသိန်း ကပ်ကိန်းများလှ ရှေးကာလ၌။ ကတပုညတ္တာ အနန္တစက္ကဝါ သတ္တဝါတို့ တရာ တရာပြု ကံတခုကို အဆတရာ ပြုခဲ့သော ကောင်းမှုပါရမီတော်ကြောင့်။ သုပ္ပတိဋ္ဌိတပါဒကော၊ ညီညွတ်စွာ မြေဦးစိုက်၌ တပြိုင်နက် တည်နေသော ခြေဖဝါးရှိတော်မူ၏။ စက္ကင်္ကိတပဒေါ၊ အကန့်တထောင် ရုပ်ရောင်ပီပြင် စက်ဝန်းထင်သော ခြေဖဝါးရှိတော်မူ၏။ ဒီဃပဏှိအင်္ဂုလိဗြဟ္မုဇု၊ ရှည်လုံးသော ဖဝါးနောက်ဘယ်, ရှည်သွယ်သော လက်ဆံ ခြေဆံ, ဗြဟ္မာ့ဟန် ဖြောင့်မတ်သော ကိုယ်ရှိတော်မူ၏။ (၅)

(၂) သတ္တုဿဒေါ၊ လက် ခြေ ပခုံး လည်လုံးဖွံ့ထွား ခုနစ်ပါးဆူဖြိုးတော်မူ၏။ မုဒုတလုဏဇာလဟတ္ထပါဒကော၊ နူးညံ့ပျောင်းညက်, ကွန်ရက်ယှက်သို့သော လက်ဖဝါး ခြေဖဝါးရှိတော်မူ၏။ ဥဿင်္ခဥဒဂ္ဂလောမော စ၊ မြင့်တက်သော ဖမျက်, အဖျားကော့တက်သော အမွေးလည်းရှိတော်မူ၏။ ဧဏီဇင်္ဃော၊ ဧဏီသားသဘွယ် လုံးသွယ်သော မြင်းခေါင်းရှိတော်မူ၏။ သုခုမစ္ဆဝိ၊ သိမ်မွေ့ နုဖပ် မြူမကပ်သော အရေရှိတော်မူ၏။ (၇)

(၃) သုဝဏ္ဏဝဏ္ဏော၊ သိင်္ဂီရွှေစစ် ဇမ္ဗူရစ်ကဲ့သို့ ဝါနစ်သန့်စင်သော အဆင်းရှိတော်မူ၏။ ကောသမှိ၊ ရွှေရောင်မမှိန် အရေအိမ်တွင်း၌။ ဩဟိတဝတ္ထဂုယှကော၊ ထည့်သို အပ်သော ယောကျာ်ကိုယ် ရှိတော်မူ၏။ နိဂြောဓပရိမဏ္ဍလဋ္ဌိတဇာဏုပရာမသော၊ ပင်ညောင် တူပြီ မျှညီသော အလံ, အရပ်, မကိုင်းမတ်မတ် ဒူးကို သုံးသပ်နိုင်သော ကိုယ်ရှိတော်မူ၏။ (၄)

(၄) သီဟကာယ စိတန္တရံသ သမဝဋ္ဋခန္ဓကော၊ ခြင်္သေ့မင်း၏ ရှေ့ကိုယ်နှင့်တူသော အထက်ကိုယ် အောက်ကိုယ်, ပြည့်ဖြိုးသော လက်ပြင်ကြား ကျောပြင် ထက်ဝန်းကျင် လုံးသော လည်ပင်းရှိတော်မူ၏။ ရသဂ္ဂသဂ္ဂီ၊ လည်မျိုစုန့်ခေါင် ရသာဆောင်သည့် ခုနစ်ထောင်မျှ ရသဟရဏီ အကြောရှိတော်မူ၏။ နီလနေတ္တဂေါပခုမော၊ မည်းနက်သော မျက်လုံး, ရှင်ပြုံးတင့်တယ် နွားငယ်ကဲ့သို့သော မျက်မွေးရှိတော်မူ၏။ ဥဏှိသသီသကော၊ မင်းများဆောင်းသည့် ဥဿျှောင်သရဖူ ပုံတူအလား ဆံစနား၌ နဖူးသင်းကျစ်ရိုးပြား ရှိတော်မူ၏။ (၇)

(၅) ကေကလောမဥဏ္ဏာ စ၊ မွေးတွင်းတော် တပေါက်တွင် မွေးတော် တပင်, လက်ျာရစ်ခွေသော ဥဏ္ဏာလုံမွေးရှင်ရှိတော်မူ၏။ တာလီသ အဝိရဠဒန္တကော၊ လေးဆယ်သောသွား, မကျဲသောသွား ရှိတော်မူ၏။ ပဟူတဇိဝှါဗြဟ္မဿရော၊ နားပေါက်နဖူးတို့ကို သုံးသပ်နိုင်အောင် ပါးလျှပ် ရှည်ပြန့်သော လျှာ, အင်္ဂါရှစ်တန် ဗြဟ္မာအသံနှင့်တူသော အသံ ရှိတော်မူ၏။ သီဟ ဟနုပိ စ ခြင်္သေ့မင်း မေးကဲ့သို့ ဝန်းဝိုင်းသော မေးတော်ရှိသည်လည်း။ ဟောတိ၊ ဖြစ်တော်မူ၏။ (၇)

(၆) သမဒန္တသုက္ကဒါဌော၊ မဝင်မခေါ် ညီမျှသော သွားတော်, ဖိတ်ဖိတ်ရောင်ပြေး ဖြူဖွေးသော စွယ်တော် ရှိတော်မူ၏။ (၂)ဣတိ၊ ဤသို့။ ဒွတ္တိံသလက္ခဏော၊ သုံးဆယ့်နှစ်ပါးသော လက္ခဏာတော်နှင့် ပြည့်စုံတော်မူ၏။ မဟာပုညံ၊ ကြီးမြတ်ပြည့်လျှံသော ဘုန်းကံ ရှိတော်မူထသော။ ပုရိသုတ္တမံ၊ ယောကျ်ားတကာတို့ထက် လွန်မြတ်သော ယောကျ်ားမြတ် ဖြစ်တော်မူထသော။ တံ မုနိန္ဒံ၊ ထိုသုံးဆယ့်နှစ်ဖြာ လက္ခဏာတော်ကြီးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားကို။ ဝန္ဒာမိ၊ ရှိခိုးပါ၏ဘုရား။

သုံးဆယ့်နှစ်ပါးသော လက္ခဏာတော် ဘုရားရှိခိုးပြီး၏။

## မဟာဗောဓိပင် ဘုရားရှိခိုး

(ဘုရားပွင့်တော်မူရာ မဟာဗောဓိပင်သို့ ဆယ် ခေါက် မျှ ရောက် ရှိ၍ (၉၆)နှစ်မှ ပျံလွန်တော်မူသွားသော ကျေးဇူးရှင်-ဇလ္လာသယ ဆရာတော်ဘုရားကြီး အ မြဲ ရှိ ခိုး တော် မူသည်)

ဩကာသ၊ ဩကာသ၊ ဩကာသ၊ အစိန္တေယျ၊ အပ္ပမေယျ၊ နှိုးမတုအပ်၊ သုံးလူ့ နတ်သည်၊ ထွတ်မြတ်စာဂီ၊ ပါရမီကြောင့်၊ လေးလီသစ္စာ၊ ပု,ဒိ,အာဖြင့်၊ ငါးဖြာရန်နက်၊ မာရ်စနက်ကို၊ ညက်ညံသံလျှက်ထူ၊ အောင်တော်မူ၍၊ အောင်ဘုမိရပ်၊ ခေါ်ဆိုအပ်သော်၊ မြတ်ဥတ္တမေ၊ ပင်ရုက္ခေဟု၊ ဗုဒ္ဓဟေထွတ်ခေါင်၊ မြတ်ရွှေညောင်သည်၊ အတောင်တရာ၊ မြင့်ရှည်စွာဖြင့်၊ ငါးဖြာခက်မ၊ ဖြိုးဖြိုးကြွလျက်၊ နီလပီတံ၊ ပဘာဿံဟု၊ ရောင်လျှံခြောက်သွယ်၊ လွန်တင့်တယ်သား၊ ခက်ငယ်အပေါင်း၊ ရေတွက်လောင်းသော်၊ ငါးသောင်းသုံးထောင်၊

သုံးရာဆောင်လျက်၊ မြားမြောင်သချာ၊ သုံးဆယ်သာ၍၊ ဖြာဖြာဆိုင်ချက်၊ ခုနစ်ခက်တည်း၊ ချင့်တွက်မသွေ၊ ရှက်ပေါင်းရေမူ၊ ကုဋေတသန်း၊ မြရောင်လျှမ်းသား၊ ထူးဆန်းအံ့ဘွယ်၊ အသွယ်သွယ်တည်း၊ ခြောက်ဆယ်လေးရှက်၊ ပြိုးပြိုးပြက်သား၊ ကိုးမျက်သန္တာ၊ စံ-နီလာသို့၊ ပမာပုံဖွဲ့၊ ညွန့်ဖူးနွဲ့မှာ၊ တဆယ့်နှစ်ကုဋေ၊ တွက်ရေသချာ၊ စွန်းတရာတည်း၊ ရှက်ညာ လုံးပတ်၊ သုံးထွာမှတ်လော၊ ထွတ်မြပ် ကြီးမား၊ အရှက်အားမူ၊ အလျားငါးတောင်၊ ကျယ်ဝန်း ဆောင်၏၊ ညောင်ဗောဓိရပ်၊ ပင်လုံးပတ်မူ၊ နတ်ဝိသုဒ္ဓ၊ သုံးလူ့ဘ၏၊ မူလအတောင်၊ ဆယ့်ရှစ်တောင်တည်း၊ ရွှေညောင်ဗောဓိ၊ ပင်သိရိမှာ၊ ပကတိငွေသား၊ ထူးခြားမပျက်၊ အရွက်မြရောင်၊ သီးခေါင်သန္တာ၊ ရတနာညီးညီး၊ အသီးပတ္တမြားပြရိုးယားနှင့်၊ ခြောက်ပါး ရောင်ခြိန်၊ ဝင်းဝင်းထိန်မျှ၊ ဘူမိ ကျက်သရေ၊ ချွန်းချွန်းဝေသား၊ ဗုဒ္ဓဟေမည်ရှိ၊ ပင်သိရိဟု၊ ဗောဓိထွတ်ခေါင်၊ မြတ်ရွှေညောင်ကို၊ အဟံ-အကျွန်ုပ်သည်၊ ဝန္ဒေ-ဝန္ဒာမိ၊ ရိုသေမြတ်နိုး လက်စုံမိုး၍၊ ရှိခိုးကန်တော့လိုက်ပါ၏ အရှင်ဘုရား။

## ရွှေကျင်ဆရာတော်ဘုရားကြီး ရေးသားတော်မူအပ်သော ဝိဘင်းပါဠိတော်လာ သစ္စာလေးပါးဖွဲ့နည်း

(၁) ဤခန္ဓာကိုယ် အကောင်ပုပ်ကြီးသည် ကိုးဆယ့်ခြောက်ဖြာ ရောဂါထူထပ် ဥပဒ် များစွာ ရန်တကာရစ်ထွေး ဘေးတကာဝိုင်းအုံ အလုံးစုံ ဆင်းရဲအတိဖြစ်သော ကြောင့် ဒုက္ခသစ္စာမည်၏။

(၂) လောဘ, ဒေါသ, မောဟ, မာန, ကောဓ, ဥပနာဟ အစရှိသော အကုသိုလ်တရား အပေါင်းသည်ရင်း,နိဗ္ဗာန်ကိုမလို လူ့ပြည်,နတ်ပြည်ကိုသာ တောင့်တ၍ပြုအပ်သော လောကီကုသိုလ် တရားအပေါင်းသည်ရင်း ဤ ဒုက္ခအိုးကြီးကို ဖြစ်စေတတ်သော ကြောင့် သမုဒယသစ္စာမည်၏။

(၃) နိဗ္ဗာန်သည် ဘေးဒုက္ခအပေါင်းတို့၏ တပေါင်းတည်း ငြိမ်းရာ ချုပ်ရာဖြစ်သော ကြောင့် နိရောဓသစ္စာမည်၏။

(၄) နိဗ္ဗာန်ကို တောင့်တ၍ ပြုအပ်သော ဒါန, သီလ,ဘာဝနာ ကုသိုလ်တရားအပေါင်း သည် နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သောကြောင့် လောကိယ မဂ္ဂသစ္စာမည်၏။

(ကျင့်ထုံး-၁၂၄)

## မဟာဝိသုဒ္ဓါရာမ ဆရာတော်ဘုရားကြီး ရေးသားတော်မူအပ်သော သစ္စာလေးပါး သြကာသ ကန်တော့ခဏ်း

သြကာသ-သြကာသ ရှိခိုးခြင်း, မြတ်နိုးခြင်း, ပူဇော်ခြင်း, အရိုအသေပြုခြင်းတို့၏ တည်ရာ သြကာသ ဖြစ်တော်မူပေသော အရှင်မြတ်ဘုရား၊ အကျွန်ုပ်သန္တာန်တွင် ကမ္မဒွါရ သုံးပါး, ဝိထိဒွါရခြောက်ပါး, အသံဝရဒွါရရှစ်ပါးတို့၌ ဖြစ်ခဲ့ဘူး၍ ထင်ရှားရှိနေသော

ကာယကံ,ဝစီကံ=ဆယ်ပါးသော ဒုစရိုက်တရားတို့ကို ပယ်ရှားဖျောက်လွင့်ပါရခြင်း အကျိုးငှါ သဒ္ဓါကြည်ညို ရှိသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးပူဇော် ဖူးမျှော်မာန်လျော့ ကန်တော့ပါ၏ဘုရား။

ဤသို့ သဒ္ဓါကြည်ညို ရှိသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးပူဇော် ဖူးမျှော်မာန်လျော့ ကန်တော့ပါရသော **မဂ္ဂသစ္စာ** ပါရမီ ကုသိုလ်ကြောင့် အိုရခြင်း, နာရခြင်း, သေရခြင်းအစ ရှိသော ဘေး အနန္တ,ဆင်းရဲ အပ္ပမေယျတို့၏ တည်နေခိုအောင်းရာ **ဒုက္ခသစ္စာ** စင်စစ်မှန်သော ဤခန္ဓာအိမ်ကို အကြိမ်ကြိမ် အဖန်ဖန် ဘဝအပြန်ပြန် စီမံ ဖန်ဆင်းတတ်သော တဏှာလောဘ **သမုဒယသစ္စာ** ကို တဒင်္ဂ, ဝိက္ခမ္ဘန,သမုစ္ဆေဒ,ပဋိပဿဒ္ဓိ,နိဿရဏဟူသော ပဟာန် ငါးပါးတို့ဖြင့် တစတစ အကြွင်းအကျန်မထား ပယ်ရှားစွန့်ပစ်လျက် မကြာမတင် ရဟန္တာ အဖြစ်သို့ ရောက်ရ၍ သမုဒယသစ္စာ တဏှာလောဘ အကြီးအမှူး အဥုးရှေ့သွားရှိသော တထောင့်ငါးရာ ကိလေသာ အဖော်သဟဲကို မရသဖြင့် ဘဝအဆက်ဆက်က ပြုခဲ့သော ကုသိုလ်ကံ အကုသိုလ်ကံ အကျိုးပေးခွင့်ကို မရ ‌အစွမ်းသတ္တိဗလ ကုန်ခန်းသည်ဖြစ်၍ ရဟန္တာစုတိ၏ အခြားမဲ့၌ တဖန် ပဋိသန္ဓေ အသစ်မဖြစ်ရာ, မအိုရာ, မနာရာ, မသေရာ ခန္ဓာ ဝန် လက်စသိမ်း၍ ဘဝဇာတ်ငြိမ်းရာ ဆင်းရဲဒုက္ခ အမြွက်မျှမရှိ ချမ်းအေးခြင်းဟူသမျှတို့၏ အထွတ်အထိပ်ဖြစ်သော **နိရောဓသစ္စာ** အသခ်တဓာတ် မြတ်လှစွာသော နိဗ္ဗာန်ချမ်းသာကို လျင်မြန်စွာ ရလို ရောက်ပါလို၏ အရှင်ဘုရား။

အမျှားနှင့် ရော၍ ကန်တော့သည့်အခါ **ကန်တော့ပါ၏ဘုရား** တွင်ရှေ့ဆို၊ သို့မှ အမျှားတို့၏ သြကာသနှင့် အချည်ီမည်။

## စံကင်းဆရာတော်ဘုရားကြီး၏ ဆုပေး

၁၃၂၅-ခု၊ နတ္တော်လဆန်း(၅)ရက် အစည်းအဝေးကြီးအပြီးတွင် သံဃာတော် (၇၀၀) ကျော်တို့နှင့် လူပရိသတ်အပေါင်းတို့က အဘိဓဇမဟာရဋ္ဌဂုရု ရွှေကျင်သာသနာပိုင် စံကင်းဆရာတော်ဘုရားကြီးအား ပူဇော်ကန်တော့ရာ၌ ဆုပေးသည်မှာ—

အရိုအသေ အလေးအမြတ်ပြု၍ ရှိခိုးပူဇော် ကန်တော့ရသော ပူဇဝန္တ သက္ကစ္စ ဂါရဝ မင်္ဂလာ ကုသိုလ်စေတနာ လူ့ဘဝကိုရခြင်း, ဘုရားရှင်သာသနာတော်နှင့် တွေ့ကြုံရခြင်း, သာမဏေဘဝကိုရခြင်း, ရဟန်းဘဝကိုရခြင်း, သဒ္ဓါတရားနှင့် ပြည့်စုံရခြင်း, သူတော်ကောင်း တရားကို ကြားနာရခြင်း အစရှိသော အလွန်မြင့်မြတ်သော အခါကောင်း အခွင့်ကောင်း တို့ကို ရကြသည်အားလျော်စွာ နေ့စဉ်နှင့်အမျှ လေ့လာပွါးများအားထုတ်ရသော ပရိယတ်, ပဋိပတ်အစရှိသော ဒါန, သီလ, ဘာဝနာ အစရှိသော ကိုယ်စီ ကိုယ်စီ ရေတွက်ပိုင်းခြား၍ မကုန်နိုင် ကိုယ်ပိုင်ရရှိ၍ နေကြသော အလွန်များစွာသော ကုသိုလ်ကံ စေတနာတို့ကြောင့် ဒိဋ္ဌဓမ္မ ယခုဘဝ ယခုအချိန်အခါ၌ပင်လျှင် ဘေးဒဏ်ရန်မာရ် အန္တရာယ်ခပ်သိမ်း အလုံးစုံ

ကင်းငြိမ်း၍ အသက်ရှည်ခြင်း, အဆင်းလှခြင်း, ကိုယ်၏ ချမ်းသာခြင်း, စိတ်၏ချမ်းသာခြင်း, ခွန်အားကြီးမားခြင်း, ဘုန်းတန်ခိုးအာနုဘော်ကြီးခြင်း, မရဘူးသော ကျက်သရေဂုဏ်သိရီ စည်းစိမ်ဥစ္စာ ရတနာရွှေငွေ ဆန်ရေစပါး သူတော်ကောင်းတရားတို့ကို ရရှိခြင်း, ရရှိဘူး ရရှိပြီးသော ကျက်သရေဂုဏ်သိရီ စည်းစိမ်ဥစ္စာ ရတနာရွှေငွေ ဆန်ရေစပါး သူတော်ကောင်းတရားတို့ မပျက်မစီး တိုးပွါးခြင်း အစရှိသော အပြစ်ကင်းသော လောကီအကျိုး, မဂ်ဉာဏ် ဖိုလ်ဉာဏ်ဟု ဆိုအပ်သော အကောင်းဆုံးသော လောကုတ္တရာအကျိုး ဤနှစ်ပါးသော အကျိုးတို့ကို ရခြင်း၏အကြောင်း ကောင်းမြတ်သော ပါရမီ ကုသိုလ်တရားတို့ကို ပွါးများ အားထုတ်နိုင်ကြသည် ဖြစ်ပါစေ။

မှတ်ချက်။ ။အခြားတဦးခြင်း နှစ်ဦးခြင်း ကန်တော့သည့်အခါ၌လည်း ဤဆုပေးဖြင့်သာ လိုက်လှဲစွာ ပေးဆိုတော်မူလေ့ရှိပါသည်။

## ရက္ခမူဆရာတော်ဘုရားကြီးဆုပေး

စစ်ကိုင်းတောင်ရိုး ရက္ခမူလတိုက် နေခင်တော်ကြီး ဖြစ်တော်မူသော ရက္ခမူဆရာတော်ဘုရားကြီး၏ ဒကာ-ဒကာမတို့အား အမြဲချီးမြှောက်လေ့ရှိသော ဆုပေးမှာ—

ဣစ္ဆိတံ ပတ္ထိတံ တုယှံ၊ ခိပ္ပမေဝ သမိဇ္ဈတု။
သဗ္ဗေ ပူရေန္တု သင်္ကပ္ပါ၊ စန္ဒော ပန္နရသော ယထာ။

ဣစ္ဆိတံ၊ ဟိုဟို ဒီဒီ အလီလီဖြင့် ကြံစည်ရည်မှတ် အလိုရှိအပ်သော။ ပတ္ထိတံ၊ တကြောင့် ကြကြ အဖြောင့်လှအောင် တောင့်တရှယ်လတ် မျှော်လင့်အပ်သော။ တုယှံ၊ သင် သူတော်ကောင်း အပေါင်းအား။ ခိပ္ပမေဝ၊ မကြာမတင် ဆောလျင်စွာသာလျှင်။ သမိဇ္ဈတု၊ ကောင်းမှုထိုထို တောင်းဆုဆို၍ လိုရာတကာ တခဏမသွေ ပြီးပြည့်စုံကြပါစေ။ ယထာ၊ ပြည့်စုံရပုံ ဂုဏ်နှင့်ဂုဏေး ပမာပေး၍ နှိုင်းယှဉ်စရာမှာမူကား။ ပန္နရသော၊ တဆယ့်ငါးရက် ယုဂန်ထက်မှ မြူးလက်ပြောင်ရွှန်း ပေါ်ထွက်ထွန်းသော။ စန္ဒော၊ ကမ္ဘာ့တန်းဆာ လစန်းရတနာသည်။ ပူရတိ ယထာ၊ ဝင်းဝင်း ဝိုင်းဝိုင်း ရှုတိုင်းလှပ လွှန်ပြည့်ဝသကဲ့သို့။ ဧဝံ တထာ၊ ပမာထားယူ အလားတူသာလျှင်။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ သင်္ကပ္ပါ၊ လောကီ လောကုတ္တရာ အကြံအစည်ဟူသမျှတို့သည်။ ပူရေန္တု၊ တပ်ဇနာ မရှည်ကြာဘဲ ညီညာပေါင်းစု ကောင်းမှုအဟုန်ကြောင့် တောင်းဆုအစုံ ပြည့်စုံကြပါစေသတည်း။

## တနည်း ပြန်မာလို ဆရာတော်ဘုရားဆုပေး

ဤသို့ ဗုဒ္ဓဘုရားအစရှိသော ရတနာမြတ်သုံးပါးတို့အား ရိုသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးပူဇော် ဖူးမျှော်မာန်လျှော့ ကန်တော့ကြရသော ပဏာမကုသိုလ်ကံ စေတနာတို့ကြောင့် ယခုပစ္စက္ခ ဘဝမှစ၍ နိဗ္ဗာန်ကို ရသည်တိုင်အောင် အန္တရာယ်အပေါင်း မကောင်းသော

အနိဋ္ဌဟူသမျှတို့သည် ကင်းစင်လွင့်ပျောက် မရောက်ကြကုန်လျက် အသက်ရှည်ခြင်း, အဆင်းလှခြင်း, ချမ်းသာကြီးခြင်း, ခွန်အားကြီးခြင်း, ပညာကြီးခြင်း, ဘုန်းတန်ခိုးအာနုဘော်ကြီးခြင်း, အခြွေအရံ ပရိသတ်ပေါများခြင်း, သုံးဆောင်စရာ ရွှေ ငွေ ဘဏ္ဍာ ဥစ္စာရတနာနှင့် ပြည့်စုံခြင်း အစရှိသော ကောင်းကျိုးချမ်းသာ မင်္ဂလာအပေါင်းတို့နှင့် ပြည့်စုံကြကုန်သည် ဖြစ်၍ အဆုံးဘဝ နောက်ကာလ၌ ဗုဒ္ဓ ပစ္စေကဗုဒ္ဓါ အရိယာသာဝကတို့ မွေ့လျော် ပျော်ပိုက်ရာဖြစ်သော ပြည်နိဗ္ဗူခေမာသို့ လျင်မြန်စွာ ရလွယ် ရောက်လွယ်နိုင်ကြသည်ကိုယ် ဖြစ်ကြစေကုန်သတည်း။

## မန္တလေးမြို့၊ မဟာဝိသုဒ္ဓါရုံပါဠိတက္ကသိုလ်တိုက်
## (အဂ္ဂမဟာပဏ္ဍိတ) စည်ရှင် ဆရာတော်ဘုရားကြီး၏
## မြန်မာဘာသာ ကျောင်းရေစက်ချ

အရှင်ဘုရား တပည့်တော်တို့သည် ရတနာသုံးတန် ကံ, ကံ၏ အကျိုးကို အားကိုးယုံကြည်တတ်သော ကမ္မသကတဉာဏ်, ပုဂ္ဂိုလ်သတ္တဝါ ငါသူတပါး ယောကျ်ားမိန်းမ မရှိ အနိစ္စ ဒုက္ခ အနတ္တဖြစ်သော ရုပ်နာမ်ဓမ္မ သင်္ခါရတို့သာရှိ၍ ထိုရုပ်နာမ်သင်္ခါရတို့၏ ကင်းပျောက်ချုပ်ငြိမ်းရာ နိရောဓသစ္စာကို မျက်မှောက်ပြုလိုသော သစ္စာနုလောမိက, သမ္မာဒိဋ္ဌိဉာဏ်နှစ်ပါးကို ရှေ့သွားပြုလျက်—

ခဏမစဲ အသစ် အသစ် အမြဲဖြစ်ခြင်းဇာတိဒုက္ခ, ခဏချင်း ခဏချင်း အိုမင်းရင့်ရော်ခြင်း ဇရာဒုက္ခ, ခဏမစဲ အမြဲပျက်ခြင်း မရဏဒုက္ခ အစရှိသော ဘေးဒုက္ခအပေါင်းတို့၏ ခိုအောင်းတည်နေရာ သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်၍ နိဗ္ဗာန်ကို မျက်မှောက်ပြုပါရခြင်း အကျိုးငှါရင်း, အံ့ဘွယ်ရှစ်ဖြာ မြတ်စွာဘုရား သာသနာတော်မြတ်ကြီးသည် အဓွန့်ရှည်ကြာတည်ပါစေခြင်း အကျိုးငှါရင်း ရည်သန်တောင်းတ အာသိသ ထားကြကုန်သည်ဖြစ်၍ (အာသိသ)

သရဏဂုံသုံးပါးနှင့်တကွ အရိယာသခင် သူတော်စင်တို့သည် ခင်မင်စုံမက် နှစ်သက်မြတ်နိုးအပ်သော အရိယာကန္တ ငါးပါးသီလကို ကျင့်သုံးဆောက်တည်ကြကုန်ပြီး၍ (သီလ)

အထူး စိမံ ချက်ပြုအပ်သော မွန်မြတ်လှစွာ ဆွမ်းခဲဘွယ်ဘောဇဉ် ချိုချဉ်ရသာ အဖြာဖြာတို့ကို စေတနာသုံးတန် ထက်သန်ညီညွတ်စွာ လှူဒါန်းဆက်သ ကျွေးမွေးပူဇော်ကြပါကုန်၏ (ဆွမ်းဒါန)

(                    )ကျော်တန် အကုန်ခံ၍ စီမံဆောက်လုပ်အပ်သော ဤကျောင်းတော်ကို မဆေးရသေးသောခြေ, ဆေးပြီး၍ စိုစွတ်သောခြေ, ဘိနပ်နှင့်တကွသော ခြေတို့ဖြင့် နင်း၍ရင်း၊ ချွေးစသော အညစ်အကြေး လိမ်းကပ်သော ကိုယ်တို့ဖြင့် မှီတွယ်ပွတ်တိုက်၍ရင်း၊

အန္နောဝတ္ထ အန္နောပက္ကအဖြစ် ကင်းလွတ်သော အပ်သော ကပ္ပိယကုဋိ=ကျောင်းပြု၍ အလိုရှိတိုင်း သုံးဆောင်တော်မူရန် ဗုဒ္ဓအမူးရှိသော လက်ထက်တော်သာဝက သံဃာတော်အရှင်မြတ်များနှင့်တကွ ရောက်ပြီး ရောက်ဆဲ ရောက်လတ္တံ့ဖြစ်သော သံဃာတော်တို့အား လှူဒါန်းပါကုန်၏(ကျောင်းဒါန)

လှူဘွယ်ဝတ္ထု အလှူခံပုဂ္ဂိုလ်တို့ကို အာရုံပြု၍ တပည့်တော်တို့၏ သန္တာန်၌ ဖြစ်ပေါ်၍ နေသော သဒ္ဒါပညာပြဋ္ဌာန်းသော မဟာကုသိုလ် ဉာဏသမ္ပယုတ်စိတ္တုပ္ပါဒ် စိတ်စေတသိက်တရားတို့သည် အာရုံသို့ ညွတ်ခြင်း လက္ခဏာရှိသော **နာမ်တရား** တို့သာတည်း၊ ထိုနာမ်တရား၏ မှီရာ ဟဒယဝတ္ထု၊ ဟဒယဝတ္ထု၏ မှီရာ မဟာဘုတ်၊ မဟာဘုတ်၌ မှီသော ဥပါဒါရုပ်တို့သည် အချမ်း အပူအစရှိသော ဆန့်ကျင်ဘက်အကြောင်းတို့ကြောင့် ဖောက်ပြန်ခြင်း လက္ခဏာရှိသော **ရုပ်တရား** တို့သာတည်း။(နာမရူပ ပရိစ္ဆေဒ)

ထိုနာမ် ရုပ်တရား နှစ်ပါးတို့သည် အဝိဇ္ဇာ ဘဝတဏှာ ဥပါဒါန် ကံ အာဟာရ အာရမ္မဏ စသော အကြောင်းတို့ကြောင့် ခဏမစဲ တဖွဲဖွဲဖြစ်ပေါ်၍ ချုပ်ပျောက်ကြလေကုန်၏ (ပစ္စယပရိဂ္ဂဟ)

ထိုသို့ ခဏမစဲ တဖွဲဖွဲ ချုပ်ပျောက်ကြလေသောကြောင့် မခိုင်မြဲသော အနိစ္စ၊ ဆင်းရဲဘိတောင်း ကြောက်ဘွယ်ကောင်းသော ဒုက္ခ၊ အနှစ်ကင်းပ အစိုးမရသော အနတ္တတို့ပါတကား၊ ဤသို့ နာမ်ရုပ်ဓမ္မ သင်္ခါရတို့ကို ဝိပဿနာတင် ဆင်ခြင်ပွါးများကြပါကုန်၏။

(သမ္မသန ဘာဝနာ)

အရှင်ဗုရား တပည့်တော်တို့သည် ယနေ့ ယခု လှူဒါန်း ပူဇော်ရသော ဒါနကုသိုလ်၊ ဆောက်တည်ရသော သီလကုသိုလ်၊ နာမ်ရုပ်ဓမ္မ သင်္ခါရတို့ကို အနိစ္စ ဒုက္ခ အနတ္တဟု လက္ခဏာတင်၍ ဆင်ခြင်ပွါးများရသော ဘာဝနာကုသိုလ်၊ ပရိတ်တရားတော်ကို နာကြားရသော ဓမ္မဿဝနကုသိုလ်၊ သံဃာတော်တို့၏ အမှုကြီးငယ်ကို ရွက်ဆောင်ရသော ဝေယျာဝစ္စကုသိုလ်၊ သံဃာတော်တို့အား လက်အုပ်ချီမိုး ရှိခိုးပူဇော်ရသော အဘိဝါဒန အဉ္ဇလီကမ္မကုသိုလ် ဤသို့ ပေါင်းအပ် များမြတ်သော ကုသိုလ်စေတနာတို့ကြောင့် ခန္ဓာဝန် လက်စသိမ်း၍ ချုပ်ငြိမ်း မြေရာ အချမ်းသာတကာတို့၏ အထွတ်အထိပ်ဖြစ်သော နိရောဓသစ္စာ နိဗ္ဗာန်ချမ်းသာကို ဂေါတမနွယ်ဘွား မြတ်ဗုရားလက်ထက် အာဏာစက်၌ပင် တဘဝ, နှစ်ဘဝဖြင့်သာ မျက်မှောက်ပြုနိုင်သည်ကိုယ် ဖြစ်ရပါလိုကုန်၏ဗုရား။ (လောကုတ္တရာ)

နိဗ္ဗာန်မရခင် သံသရာတခွင်၌ ကျင်လည်ရသေးသည်ရှိသော် အပါယ်လေးပါး မလားမကပ်ရဘဲ လူ့ပြည် နတ်ရပ် မြင့်မြတ်သော ဘုံဌာနတို့၌ တိဟိတ်ဥက္ကဋ် ဉာဏသမ္ပယုတ်ပဋိသန္ဓေတည်နေသော အာဇာနည်လောင်း ပုဂ္ဂိုလ်ကောင်းတို့ဖြစ်၍, ကိုယ်နှုတ်စိတ်သုံးဖြင့် မပင်မပန်း ချမ်းချမ်းသာသာ တရားသဖြင့် လွယ်ကူစွာ ရရှိအပ်သော ရွှေ ငွေ စိန်ကျောက်

အစရှိသော လောကိယ သမ္မတ္တိ၊ သဒ္ဓါ သီလ စသော လောကုတ္တရာ သမ္ပတ္တိဖြင့် တင့်တင့် တယ်တယ် ထယ်ထယ် ဝါဝါ အပြစ်ကင်းသော ကိုယ်နှုတ် အမူအရာတို့ဖြင့် ကျင့်သုံးနေထိုင်လျက် မိမိတို့ကိုယ်တိုင် အယူဖြောင့်မှန် သမ္မာဉာဏ် ရှိကုန်သည်ဖြစ်၍, အယူ ဖြောင့် မှန် သမ္မာဉာဏ်ရှိကုန်သော အမိ အဘ ဆရာသမား ဆွေမျိုးဉာတကာ မိတ်ဆွေ သင်္ဂဟတို့နှင့် တွေ့ဆုံယှဉ်တွဲ မှီဝဲကြရကုန်သည်ဖြစ်၍, အပါယ်လားကြောင်း မကောင်းသော အကုသိုလ် ဒုစရိုက်တရားတို့ကို တရံတခါမျှ မပြုမိကြရဘဲ နတ်ရွာ မဂ်ဖိုလ် နိဗ္ဗာန်သို့ ရောက်ကြောင်း ကောင်းမှုထိုထို ဝိဝဋ္ဋနိဿိတကုသိုလ် တရားတို့ကိုသာ ကြိုးစား အားထုတ် နိုင်ရပါလိုကုန်၏ ဗရား။

တပည့်တော်တို့၏ ယနေ့ ယခု လှူဒါန်းပူဇော်ရသော ဒါနကုသိုလ်သည် မဆွေးရ အညစ်အကြေးမတင် မှုံစင်သန့်ရှင်းသကဲ့သို့ တပည့်တော်တို့၏ အခြေအရံ ပရိသတ်နှင့်တကွ တပည့်တော်တို့၏ လောကရိပ်ငြိမ် အသက် စည်းစိမ် အိုးအိမ်တို့သည် သူတပါးတို့၏ လုံ့လ ပယောဂကြောင့် အနည်းငယ်မျှ မပျက်စီးဘဲ သဘာဝအတိုင်းသာ အမြဲခိုင်ခံ့ တည်တံ့ နိုင်ပါစေကုန်သတည်း။

နိဗ္ဗာန်မရခင် သံသရာတခွင်၌ ငါးဖြာအာရုံ ကာမဂုဏ်အနှောင်အဖွဲ့တို့ကို မခင်မင် မစုံမက် မနှစ်သက် မတွယ်တာ ပယ်ခွါစွန့်ရှောင် တောတောင်ခိုအောင်း သူတော်ကောင်း တရား ပွါးများနှစ်ခြိုက် စိတ်၌ရှင်ပျော်မွေ့လျော်နိုင်သည်ကိုယ် ဖြစ်ရပါလိုကုန်၏။ (သံသရာ)

ဤကောင်းမှု၏ အဖို့ဘာဂကို အမိ အဘ ဆရာသမား အစထား၍ သုံးဆယ့်တဘုံ ကျင်လည်ကုန်သော ဝေနေယျများစွာ သတ္တဝါတို့အား အမျှပေးဝေပါကုန်၏၊ အလုံးစုံ သော သတ္တဝါတို့သည် အတူတကွ အဖို့ဘာဂ ရရှိကြ၍ ကိုယ်ရောစိတ်ပါ ချမ်းသာ မြေ ကြပါစေကုန်သော်။ (အမျှဝေ)

### မင်းကွန်းတောင်ရိုး ရတနာရွှေဂူချောင်
### အဂ္ဂမဟာပဏ္ဍိတ ဆရာတော်ဘုရားကြီး ၏
### ကျောင်းရေစက်ချ

ဘန္တေ၊ အရှင်ဘုရား။ မယံ၊ အကျွန်ုပ်တို့သည်။ သံသာရဝဋ္ဋဒုက္ခတော၊ ခန္ဓာ အာယတန, ဓာတ်တို့၏ အစဉ်မပြတ် ဖြစ်ရာဖြစ်သော သံသရာ ဝဋ်ဆင်းရဲမှ။ မောစနတ္ထာယ စ၊ လျင်မြန်စွာ လွတ်မြောက်ပါရခြင်း အကျိုးငှါလည်း။ နိဗ္ဗာနဿ၊ ဘယ်တော့မှ မအိုရာ, မနာရာ, မသေရာ, ပဋိသန္ဓေတဖန် မနေရရာဖြစ်သော နိဗ္ဗာန်ရွှေပြည်မြတ်ကို။ သစ္ဆိကရဏတ္ထာယ စ၊ မျက်မှောက်ပြုပါရခြင်းအကျိုးငှါလည်း။ ကမ္မဥ္စ၊ ကုသိုလ်ကံကိုလည်း။ ကမ္မဖလဥ္စ၊ ကုသိုလ်ကံ၏ အကျိုးကိုလည်း။ သဒ္ဒဟိတွာ၊ ယုံကြည်ပါကုန်သည်ဖြစ်၍။ ကမ္မဿကတဉာဏေ၊ ကျောင်းဆောက်၍ လှူဒါန်းရသော ကောင်းမှုကံ၏ အကျိုးကို မချွတ် ခံစားရကုန်လတ္တံ့,

ကံသာလျှင် မိမိတို့ဥစ္စာဖြစ်ကုန်၏--ဟု ယုံကြည်သော ကမ္မသကတာဉာဏ်၌။ ဌိတာ၊ တည်ကုန်၍။ အတိဒုလ္လဘံ၊ ကမ္ဘာသင်္ချေ လွန်လေငြားသော်လည်း အလွန်တရာ ရခဲလှစွာသော။ ဗုဒ္ဓုပ္ပါဒနဝမခဏတ္တံ၌။ ဗုရားပွင့်တော်မူရာ ဗုဒ္ဓုပ္ပါဒ နဝမခဏ်ကိုရင်း။ မနုဿတ္တဘာဝဥ္စ၊ လူ၏ အဖြစ်ကိုရင်း။ သဒ္ဓါသမ္ပတ္တိဘာဝဥ္စ၊ ရတနာသုံးတန်, ကံ, ကံ၏ အကျိုးကို ယုံကြည်တတ်သော သဒ္ဓါတရားနှင့် ပြည့်စုံသောအဖြစ်ကိုရင်း။လဘမာနာ၊ ရခြင်းကြီး ရကြပါကုန်လျက်၊ ဝိဟာရဒါနကုသလံ၊ ကျောင်းဆောက်၍ လှူဒါန်းခြင်းတည်းဟူသော ကုသိုလ်ကို။ အကရိယမာနာ၊ မပြုလိုက်ရကုန်သည်ရှိသော်။ကဒါ၊ ဘယ်နံရော အခါကာလ၌။ ကရိဿာမ၊ ပြုရကုန်တော့အံ့နည်း။ ဣတိ၊ ဤသို့။ ယောနိသော၊ အသင့်အတင့်အားဖြင့်။ မနသိကရိတွာ စ၊ နှလုံးသွင်းမိပါကုန်သည်ဖြစ်၍ရင်း။

သီလာဒိဂုဏယုတ္တာသ၊ သီလအစရှိသော ဂုဏ်ကျေးဇူးနှင့် ပြည့်စုံသောပုဂ္ဂိုလ်အား။ ကဋ္ဌစ္ဆုဘိက္ခာပိ၊ တယောက်ချို တယောက်မ မျှသော ဆွမ်းကိုရင်း။ ပဥ္စရတနမတ္တာယ၊ ငါးတောင်မျှ အတိုင်းအရှည်ရှိသော။ ဘူမိယာ၊ မြေ၌။ ပဏ္ဏသာလာပိ၊ သစ်ရွက်မိုးသော ဇရပ်ကိုရင်း။ ကတွာ၊ ဆောက်လုပ်၍။ ဒိန္နာ၊ လှူအပ်ကုန်သည်ရှိသော်။ အနေကာနိ ကပ္ပသဟဿာနိ၊ အထောင်မကသော ကပ်ကမ္ဘာတို့ကာလပတ်လုံး။ ဒုဂ္ဂတိ ဝိနိပါတတော၊ မကောင်းသောသူတို့၏ ကျရောက်ရာဖြစ်သော ငရဲသို့ ကျရောက်ခြင်းမှ။ ရက္ခတိ၊ စောင့်ရှောက်နိုင်၏။ ပရိယောသာနေ စ၊ အဆုံး၌လည်း။ အမတာယ ပရိနိဗ္ဗာနဓာတုယာ၊ အမြိုက်နိဗ္ဗာနဓာတ်၏။ ပစ္စယော၊ အထောက်အပံ့သည်။ ဟောတိ၊ ဖြစ်၏။ ဣတိ၊ ဤသို့။ မူလပဏ္ဏာသ အဋ္ဌကထာယံ၊ မူလပဏ္ဏာသ အဋ္ဌကထာ၌။ အာကင်္ခေယျသုတ္တေ၊ အာကင်္ခေယျသုတ်၌။ ဝုတ္တဂုဏာ၌၊ ဆိုအပ်ပြီးသော ကျောင်း၏ ဂုဏ်ကျေးဇူးကိုရင်း။

အထာပိ၊ ထိုမှတပါးလည်း။ ဟိ၊ မှန်၏။ အာဝါသဒါနသ္မိံ၊ ကျောင်းအလှူကို။ ဒိန္နေ၊ ပေးလှူအပ်သည်ရှိသော်။ သဗ္ဗဒါနံ၊ အလုံးစုံသော အလှူကို။ ဒိန္နမေဝ၊ ပေးလှူအပ်သည် မည်သည်သာလျှင်။ ဟောတိ၊ ဖြစ်၏။ ဘူမဋ္ဌကပဏ္ဏသာလာယ ဝါ၊ မြေ၌ တည်သော သစ်ရွက်မိုးသောဇရပ်၏ရင်း။ သာခါမဏ္ဍပဿ ဝါ၊ သစ်ခက်မဏ္ဍပ်၏ရင်း။ အာနိသံသော နာမ၊အကျိုးအာနိသင်မည်သည်ကို။ပရိစ္ဆိန္ဒိတုံ၊ တပါး နှစ်ပါး စဉ်ကာထား၍ ပိုင်းခြားခြင်းငှါ။ န သက္ကာ၊ မတတ်ကောင်း။ ဟိ၊ အကျိုးထူးကို ဆိုဦးအံ့။ အာဝါသဒါနာနုဘာဝေန၊ ကျောင်းဆောက်၍ လှူဒါန်းရသော အာနုဘော်ကြောင့်။ ဘဝေ ဘဝေ၊ ဘဝတိုင်း ဘဝတိုင်း။ နိဗ္ဗတ္တဿပိ၊ ဖြစ်ရငြားသော်လည်း။ သံပိဏ္ဍိတ ဂတ္တာဝါသော၊ ကျဉ်းမြောင်းစွာ အမိဝမ်းတိုက်၌ ပဋိသန္ဓေနေရခြင်းသည်။ ဟောတိ၊ ဖြစ်၏။

ကိမိဝ၊ ဥပမာပုံဆို ဘယ်လိုနည်းဟူမူကား။ ဒွါဒသဟတ္ထော၊ တဆယ့်နှစ်တောင်ရှိသော။ ဩဝရကော ဝိယ၊ တိုက်ခန်း၌ကဲ့သို့၊ မာတုကုစ္ဆိ၊ အမိဝမ်းတိုက်သည်။ အသမ္ဗာဓော၊ မကျဉ်းမြောင်းသည်သာလျှင်။ ဟောတိ၊ ဖြစ်၏။ ဣတိ၊ ဤသို့။ မဇ္ဈိမပဏ္ဏာသ အဋ္ဌကထာဒီသု၊မဇ္ဈိမပဏ္ဏာသအဋ္ဌကထာ စသည်တို့၌။ဝုတ္တဂုဏာ၌၊ဆိုအပ်ပြီးသောကျောင်း၏ ဂုဏ်ကျေးဇူးကိုရင်း။

စ၊ သည်သာ မကသေး။ သံဃဿ၊ စာတုဒ္ဒိသာသံဃာတော်မြတ်အား။ဒိန္နံ၊ လှူအပ်သော။ ဝိဟာရဒါနံ၊ ကျောင်းအလှူကို။ အဂ္ဂံ၊ မြတ်၏ဟူ၍။ ဗုဒ္ဓေန၊ မြတ်စွာဘုရားသည်။ ဝဏ္ဏိတံ၊ ချီးမွမ်းတော်မူအပ်၏။ ဣတိ၊ ဤသို့။ စူဠဝဂ္ဂပါဠိယံ၊ စူဠဝါပါဠိတော်၌။ ဝုတ္တဂုဏာနုရူပ၊ ဟောတော်မူအပ်သော ကျောင်း၏ဂုဏ်ကျေးဇူးကိုရင်း။

စ၊ သည်သာ မကသေး။ ယော၊ အကြင်သူသည်။ ဥပဿယံ၊ ဇရပ်-တန်ဆောင်း မှိုခိုရာကျောင်းကို။ ဒဒါတိ၊ ပေးလှူ၏။ သော စ၊ ထိုသူသည်လည်း။ သဗ္ဗဒဒေါ စ၊ အလုံးစုံကို ပေးလှူသည်မည်သည်။ ဟောတိ၊ ဖြစ်၏။ ဣတိ၊ ဤသို့။ သဂါထာဝဂ္ဂ သံယုတ္တပါဠိယံ၊ သဂါထာဝဂ္ဂ သံယုတ်ပါဠိတော်၌။ဝုတ္တဂုဏာနုရူပ၊ဟောတော်မူအပ်သောကျောင်း၏ ဂုဏ်ကျေးဇူးကိုရင်း။ မနသိ ကရိတွာ၊ နှလုံးသွင်းမိပါကုန်သည်ဖြစ်၍။ ဗဟူနိ၊ များစွာကုန်သော။ ကဟာပဏာနိ၊ ငွေအသပြာတို့ကို။ စဇိတွာ၊ ငဲ့ကွက်ခြင်းမရှိ ရက်ရက်ရောရော စွန့်လွှတ်ကုန်ပြီး၍။ ဝဍ္ဍကီယော၊ လက်သမားတို့ကို။ မနောရမံ၊ နှလုံးမွေ့လျော်ဘွယ်ရှိသော။ ဝိဟာရံ၊ ကျောင်းကို။ ကာရာပေတွာ ဆောက်လုပ်စေပြီး၍။

ဣဒါနိ ပန၊ ယခုအခါ ကာလ၌ကား။ သီလေ၊ သီလ၌။ ပတိဋ္ဌာယ၊ တည်၍။ ဒိန္နဒါနံ၊ လှူအပ်သော အလှူသည်။ မဟပ္ဖလံ၊ များမြတ်သော အကျိုးရှိသည်။ ဟောတိ၊ ဖြစ်၏။ ဣတိ၊ ဤသို့။ စတုက္ကနိပါတ ဇာတက အဋ္ဌကထာယံ၊ စတုက္ကနိပါတ် ဇာတ် အဋ္ဌကထာ၌။ သသပဏ္ဍိတဇာတကေ၊ သသပဏ္ဍိတဇာတ်၌။ ဝုတ္တံ၊ မိန့်ဆိုအပ်သည်ကို။ မနသိ ကရိတွာ၊ နှလုံးသွင်းမိပါကုန်သည်ဖြစ်၍။

တိသရဏေန၊ သရဏဂုံသုံးပါးနှင့်။ သဟ၊ တကွ။ နဝင်္ဂသမန္နာဂတံ၊ အင်္ဂါကိုးပါးနှင့် ပြည့်စုံသော။ ဥပေါသထသီလံ၊ ဥပုသ်သီလကို။ သမာဒိယိတွာ၊ ကောင်းစွာခံယူ ဆောက်တည်ပြီး၍။ ဝိဟာရဒါနံ၊ ကျောင်းအလှူကို။ ကရိဿာမ၊ ပြုပါကုန်အံ့။ တံ ကုသလံ၊ ထိုကျောင်းဆောက်၍ လှူဒါန်းသောကုသိုလ်ကို။ မူလံ ကတွာ၊ အကြောင်းရင်း မူလဘူတ ပြု၍။ အဇ္ဇ၊ ယနေ့။ အရုဏုဂ္ဂမနကာလတော၊ အရုဏ်တက်သော အခါကာလမှ။ ပဋ္ဌာယ၊ စ၍။ ယာဝ မဇ္ဈန္ဟိကကာလာ၊ မွန်းတည့်ကာလတိုင်အောင်။ ဗဟူနံ၊ များစွာကုန်သော။ ဘိက္ခုသံဃာနဉ္စ၊ ရဟန်းသံဃာတော်တို့အားရင်း။ မိတ္တာသင်္ဂဟာနံ၊ မိတ်ဆွေသင်္ဂဟ ဖြစ်ကုန်သော။ ဗဟူနံ၊ များစွာကုန်သော။ မနုဿာနဉ္စ၊ လူတို့အားရင်း။ ပဏီတေဟိ၊ မွန်မြတ်ကုန်သော။ ပိဏ္ဍပါတေဟိ စ၊ ဆွမ်းတို့ဖြင့်ရင်း။ ပဏီတေဟိ၊ မွန်မြတ်ကုန်သော။ ခါဒနီယ ဘောဇနီယေဟိ စ၊ မုန့်ခဲဘွယ် ချိုချဉ် ယမကာ ကွမ်းဆေး လဘက်တို့ဖြင့်ရင်း။ ယထိစ္ဆိတံ၊ အလိုရှိတိုင်း။ ပရိဝိသိမှ၊ လုပ်ကျွေး မွေးမြူပါကုန်ပြီ။

ဣဒါနိ ပန၊ ယခုအခါ ကာလ၌ကား။ ဣမံ ဝိဟာရံ၊ ဤကျောင်းကို။ ကပ္ပိယကုဋိံ၊ ရဟန်းတော်တို့အား အပ်စပ်သော ကပ္ပိယ ကုဋိကို။ ကရိတွာ၊ ပြု၍။ ပရိဘုဉ္ဇိတုံ စ၊ သုံးဆောင်ခြင်း အကျိုးငှါရင်း။

အခေါတေဟိ၊ မဆေးအပ်သေးကုန်သော။ ပါဒေဟိ စ၊ ခြေတို့ဖြင့်ငင်း။ ခေါဝိတွာ၊ ဆေးပြီး၍။ အလ္လေဟိ၊ စိုစွတ်ကုန်သော။ ပါဒေဟိ စ၊ ခြေတို့ဖြင့်ငင်း။ သဉပါဟနေဟိ၊ ဘိနပ်နှင့် တကွကုန်သော။ ပါဒေဟိ စ၊ ခြေတို့ဖြင့်ငင်း။ အက္ကမိတွာ စ၊ နင်းနယ်ကုန်၍ငင်း။ သေဒမလာဒီဟိ၊ ချွေးအညစ်အကြေး အစရှိကုန်သော။ ကာယင်္ဂေဟိ၊ ကိုယ်အင်္ဂါတို့ဖြင့် ငင်း။ ဖုသိတွာ စ၊ တွေ့ထိကုန်၍ငင်း။ အပဿယိတွာ စ၊ မှီတင်းကုန်၍ငင်း။ ယထာသုခံ၊ အလိုရှိတိုင်း ချမ်းသာစွာ။ ပရိဘုဥ္ဇိတုံ စ၊ သုံးဆောင်ခြင်း အကျိုးငှါငင်း။

အာဂတာ နာဂတဿ၊ လာရောက်ပြီး လာရောက်လတံ့သော။ စာတုဒ္ဒိသဿ၊ အရပ်လေးမျက်နှာ၌ သီတင်းသုံးတော်မူသော။ ဘဂဝတော၊ ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဗုဒ်ဓရား၏။ သာဝကသံဃဿ၊ တပည့်သား သံဃာတော်မြတ်အပေါင်းအား။ သက္ကစ္စံ၊ ရိုသေ လေးမြတ်စွာ။ ဒက္ခိဏောဒကံ၊ မြတ်သော အလှူရေစက်ကို။ ပါတေတွာ၊ သွန်ချ၍။ ဒေမ၊ လှူဒါန်းပါကုန်၏။ ပူဇေမ။ ပူဇော်ပါကုန်၏။

သံဃော၊ လာရောက်ပြီး လာရောက်လတံ့ ဖြစ်တော်မူသော အရပ်လေးမျက်နှာ၌ သီတင်းသုံးတော်မူကြပေသော ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဗုဒ်ဓရား၏ တပည့်သား သံဃာတော်မြတ် အပေါင်းသည်။ ဣမံ ဝိဟာရံ၊ ဤကျောင်းကို။ ကပ္ပိယ ကုဋိံ၊ ရဟန်းတော်တို့အား အပ်စပ်သော ကပ္ပိယကုဋိကို။ ကတွာ၊ ပြုလုပ်၍။ ပရိဘုဥ္ဇတု၊ သုံးဆောင်တော်မူပါစေသတည်း။

အခေါတေဟိ၊ မဆေးအပ်သေးကုန်သော။ ပါဒေဟိ စ၊ ခြေတို့ဖြင့်ငင်း။ ခေါဝိတွာ၊ ဆေးကုန်ပြီး၍။ အလ္လေဟိ၊ စိုစွတ်ကုန်သော။ ပါဒေဟိ စ၊ ခြေတို့ဖြင့်ငင်း။ သဉပါဟနေဟိ၊ ဘိနပ်နှင့် တကွကုန်သော။ ပါဒေဟိ စ၊ ခြေတို့ဖြင့်ငင်း။ အက္ကမိတွာ စ၊ နင်းနယ်ကုန်၍ငင်း။ သေဒမလာဒီဟိ၊ ချွေးအညစ်အကြေး အစရှိကုန်သော။ ကာယင်္ဂေဟိ၊ ကိုယ်အင်္ဂါတို့ဖြင့် ဖုသိတွာ စ၊ တွေ့ထိကုန်၍ငင်း။ အပဿယိတွာ စ၊ မှီတင်းနေထိုင်ကုန်၍ငင်း။ ယထာ သုခံ၊ အလိုရှိတိုင်း ချမ်းသာစွာ။ ပရိဘုဥ္ဇတု၊ သုံးဆောင် နေထိုင်တော်မူပါစေသတည်း။

ဣမသ္မိံ ဝိဟာရမဟေ၊ ဤသာခုခေါ် ကျောင်းပူဇော်ပွဲ၌။ နိမန္တိတဿ၊ ပင့်ဖိတ် အပ်သော။ အာယသ္မတော၊ အရှင်ဗုဒ်ဓရားအား။ ဣမာနိ ဒေယျဓမ္မ ဒါတဗ္ဗဝတ္ထူနိ၊ ဤ ပေး လှူအပ်ကုန်သော ဒါတဗ္ဗဝတ္ထု အစုစုတို့ကို။ ဒေမ၊ လှူဒါန်းပါကုန်၏။ ပူဇေမ။ ပူဇော်ပါ ကုန်၏။ ယထာသုခံ၊ အလိုရှိတိုင်း။ တွံ၊ အရှင်ဗုဒ်ဓရားသည်။ ပရိဘုဥ္ဇာဟိ၊ သုံးဆောင်တော် မူပါလော။

ဣမိနာ ပုညကမ္မေန၊ ဤသို့ သရဏဂုံသုံးပါးနှင့်တကွ အင်္ဂါကိုးပါးနှင့် ပြည့်စုံသော သီလကို ဆောက်တည်ရခြင်း, စာတုဒ္ဒိသာ သံဃာတော်အား ကျောင်းဆောက်၍ လှူဒါန်း ရခြင်း, အထူးထူးသော လှူဘွယ်ဝတ္ထုတို့ကို လှူဒါန်းရခြင်းကောင်းမှုကြောင့်။ အဇ္ဇာတိံ၊

နောင်တဖန် ပဋိသန္ဓေ မနေရရာဖြစ်သော။ အဇရံ၊ နောင်တဖန် မအိုရရာဖြစ်သော။ အဗျာဓိံ၊ နောင်တဖန် မနာရရာဖြစ်သော။ အမရဏံ၊ နောင်တဖန် မသေရရာဖြစ်သော။ သိဝံ၊ ဘေးခပ်သိမ်းတို့၏ ငြိမ်းရာဖြစ်သော။ ပဏီတံ၊ တောင့်တအပ်သော။ ဝရံ၊ မြတ်လှစွာထသော။ နိဗ္ဗာနပုရံ၊ နိဗ္ဗာန်ရွှေပြည်မြတ်သို့။ ခိပ္ပံ၊ ဆောလျင်စွာ။ ပါပုဏေယျာမ၊ ရောက်ရပါလိုကုန်၏။ ယာဝ၊ အကြင်ရွှေလောက် ကာလပတ်လုံး။ ဘဝါဘဝေသု၊ ဘဝကြီးငယ်တို့၌။ သံသရန္တာ၊ ကျင်လည်ရကုန်သည်ရှိသော်။ အနိဋ္ဌေဟိ၊ အလိုမရှိကုန်သော။ အပါယာဒိဟိ၊ အပါယ်အစရှိသည်တို့မှ။ မုစ္စိတွာ၊ လွတ်ရကုန်၍။ ဣဋ္ဌေဟိ၊ အလိုရှိအပ်ကုန်သော။ ပဉ္စပါကဝိသေသေဟိ၊ အသက်ရှည်ခြင်း, အဆင်းလှခြင်း, ချမ်းသာကြီးခြင်း, ခွန်အားကြီးခြင်း, ပညာကြီးခြင်း – ဟု ဆိုအပ်ကုန်သော အကျိုးထူးတရား ငါးပါးတို့နှင့်။ သမ္ပန္နာ၊ ပြည့်စုံကုန်သည်။ ဘဝေယျာမ၊ ဖြစ်ရပါလိုကုန်၏။

ဣဒံ ပုညဘာဂံ၊ ဤကောင်းမှု ကုသိုလ်အဖို့ကို။ ဂုဏဝိသိဋ္ဌာနံ၊ ဂုဏ်ကျေးဇူး အထူးရှိကြပေကုန်သော။ မာတာပိတု အာစရိယာနဉ္စ၊ မိခင် ဘခင် ဆရာသခင် ကျေးဇူးရှင်တို့အားရင်း။ ဉာတကာနဉ္စ၊ ဆွေမျိုးတို့အားရင်း။ ဣဓ၊ ဤအရပ်၌။ ဓမ္မသဝနတ္ထာယ၊ တရားနာအံ့သောငှါ။ အာဂတာနံ၊ လာရောက်ကြကုန်သော။ ပရိသာနဉ္စ၊ ပရိသတ်တို့အားရင်း။ ဣမသ္မိံ ဝိဟာရေ၊ ဤကျောင်း၌။ အာရက္ခဋ္ဌာနံ၊ အမြဲ စောင့်ရှောက်ကုန်သော။ ဒေဝတာနဉ္စ၊ ကျောင်းစောင့်နတ်တို့အားရင်း။ ဣမသ္မိံ သာသနေ၊ ဤသာသနာတော်၌။ အာရက္ခဋ္ဌာနံ၊ စောင့်ရှောက်ကြကုန်သော။ ဒေဝတာနဉ္စ၊ နတ်တို့အားရင်း။ အမှာကံ၊ အကျွန်ုပ်တို့၏။ နဂရေ၊ မြို့၌။ အာရက္ခဋ္ဌာနံ၊ စောင့်ရှောက်ကြကုန်သော။ ဒေဝတာနဉ္စ၊ မြို့စောင့်နတ်တို့အားရင်း။ အမှာကံ၊ အကျွန်ုပ်တို့၏။ ဂေဟေ၊ အိမ်၌။ အာရက္ခဋ္ဌာနံ၊ စောင့်ရှောက်ကြကုန်သော။ ဒေဝတာနဉ္စ၊ အိမ်စောင့်နတ်တို့အားရင်း။ ယမရာဇဿ စ၊ ငရဲသေဌ်နင်း ယမမင်းအားရင်း။ ဘုပါလဿ စ၊ ရေမြေသေဌ်နင်း ပြည့်ရှင်မင်းအားရင်း။ ဘာဇေယျာမ၊ အမျှပေးဝေပါကုန်၏။

ဝိသေသတော ပန၊ အထူးအားဖြင့်ကား။ အတိပိယေ၊ အလွန်ချစ်အပ်ကုန်သော။ အတိမနာပေ၊ အလွန်နှစ်သက်မြတ်နိုးအပ်ကုန်သော။ အမှေ၊ အကျွန်ုပ်တို့ကို။ ဆဋ္ဌေတွာ၊ ငဲ့ကွက်ခြင်းမရှိ စွန့်ပစ်ခဲ့၍။ မရဏဝသံ၊ သေမင်းနိုင်ငံသို့။ ဂတာယ၊ လိုက်ပါသွားလေသော။ မာတုယာ၊ မြင်းမိုရ်တောင်ဦး မကြူးသည့် ကျေးဇူးအရှင် မွေးသည့်မိခင်အား။ ဣဒံ ပုညဘာဂံ၊ ဤကောင်းမှု ကုသိုလ်အဖို့ကို။ ဘာဇေယျာမ၊ အမျှပေးဝေပါကုန်၏။ အမှာကံ၊ အကျွန်ုပ်တို့၏။ မာတာ၊ အမိသည်။ ကုသလဘာဂ ဒဒကာလေ၊ ကောင်းမှုကုသိုလ်အဖို့ကို ပေးဝေသောကာလ၌။ သာဓု သာဓူတိ၊ ကောင်းစွ ကောင်းစွဟု သာဓုအနုမောဒနာ ခေါ်လာနိုင်သည်။ ဟောတု၊ ဖြစ်ပါစေသတည်း။ အနုမောဒနကာလေ၊ ဝမ်းမြောက်ဝမ်းသာ-သာဓု အနုမောဒနာ ခေါ်လာနိုင်သော ခဏ၌။ ဒိဗ္ဗာနိ၊ နတ်၌ဖြစ်ကုန်သော။ ခါဒနီယ ဘောဇနီယာနိ စ၊ ခဲဘွယ် ဘောဇဉ်တို့ကိုရင်း။ ဒိဗ္ဗာနိ၊ နတ်၌ဖြစ်ကုန်သော။

ဝတ္ထုသယနာနိ စ၊ အဝတ်ပုဆိုး အိပ်ရာ နေရာတို့ကိုငင်း။ ဒိဗ္ဗာနိ၊ နတ်၌ဖြစ်ကုန်သော။ ဝိမာနဥယျာနပေါက္ခရ ကပ္ပရုက္ခာဒီနိ စ၊ ဗိမာန်, ဥယျာဉ်, ရေကန်,ပဒေသာပင် စသည်တို့ကိုငင်း။ လဘိတွာ၊ ရ၍။ သုခီ၊ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းရှိသည်။ ဟောတု၊ ဖြစ်ပါစေသတည်း။

ကေတိ°သ ဘဝေ၊ သုံးဆယ့်တဘုံ၌။ စရန္တာနံ၊ ကျင်လည်ကျက်စား သွားလာကုန်သော။ သဗ္ဗသတ္တာနဥ္စ၊ ကြွင်းမဲ့ဥဿုံ အလုံးစုံသော သတ္တဝါတို့အားငင်း။ ဘာဇေယျာမ၊ အမျှပေးဝေပါကုန်၏။ သဗ္ဗေ၊ အလုံးစုံကုန်သော။ တေ သတ္တာ၊ ထိုသတ္တဝါတို့သည်။ အမေ့ဟိ၊ အကျွန်ုပ်တို့နှင့်။ သမံ၊ ထပ်တူ ထပ်မျှ။ ပုညဘာဂံ၊ ကောင်းမှု ကုသိုလ် အဖို့ကို။ လဘန္တု၊ ရကြသည် ဖြစ်ပါစေကုန်သတည်း။

### မန္တလေးမြို့၊ မဟာဝိသုဒ္ဓါရုံ ရွှေကျောင်းနိကာယ ဥပဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ ပိုက်ကျုံးဆရာတော်ဘုရား ၏ ကထိန် ရေစက်ချ

အရှင်ဘုရား ဘုရားတပည့်တော်တို့ ဆည်းကပ်ကိုးကွယ်ရာ ဤ ဘုရားသာသနာတော်၌သာ ဘုရားစစ် ဘုရားမှန်,တရားစစ် တရားမှန်,သံဃာစစ် သံဃာမှန်ရှိသည်၊ ဤ ဘုရား သာသနာတော်မှတပါး အခြားနေရာတို့၌ ဘုရားစစ် ဘုရားမှန်, တရားစစ် တရားမှန်, သံဃာစစ် သံဃာမှန် မရှိ-ဟု ဘုရား, တရား, သံဃာ သုံးဖြာ ကိုးကွယ်ရာကို ဉာဏ်ဖြင့်ဆုံးဖြတ် သဒ္ဓါဓာတ်ဖြင့် လေးမြတ်ယုံကြည် သရဏဂုံ၌ တည်ကြကုန်လျက် —

အရိယာသခင် သူတော်စင်တို့သည် အသက်ပင်သေပါစေ သီလကိုမဖျက် အသက်နှင့်လဲလှယ်၍ တကယ်စုံမက် နှစ်သက်မြတ်နိုးအပ်သော အရိယာကန္တ ငါးပါးသီလကို ကျင့်သုံးဆောက်တည်ကြကုန်ပြီး၍ ငါးပါးသီလ၌တည်သဖြင့် သောတာပန်တမျှ သီလဝန္တဖြစ်ကြကုန်သော တပည့်တော်တို့သည် 'ကမ္ဘာအသင်္ချေ လွန်လေသော်လည်း တွေ့ခဲ ကြုံခဲ လွန်ကဲဖိုးထိုက် အမြိုက်ရောင်ဝါ ဘုရားရှင်သာသနာတော်သည် လူဒကာ ဒကာမတို့ဘက်က ပစ္စည်းလေးပါး ကူညီချက်ကိုရမှ အဆက်ဆက် အရှည်ခံ၍ တည်တံ့ခိုင်မြဲနိုင်မည်'ဟု နောင်အရှည် တည်တံ့ရေး မျှော်တွေးမြင်ကာ ဉာဏ်သဒ္ဓါယှဉ်တွဲ လွန်ကဲဝေဖြာ စေတနာဖြင့် သီတင်းကျွတ် လပြည့်ကျော် တရက်နေ့မှစ၍ တန်ဆောင်မုန်းလပြည့်နေ့အထိ ဤ လအတွင်းသာ လှူဒါန်းခွင့်ကိုရ၍ ရဟန်းတော်တို့အား ဝိနည်းဒေသနာတော်အရ လွတ်လပ်ချမ်းသာစွာ သွားနိုင်, ထားနိုင်, စားနိုင် ပိုင်ဆိုင်ခွင့်ကို ဖြစ်စေနိုင်သော ဤကထိန်လျာသင်္ကန်းကို( )တိုက်အတွင်း၌ ပုရိမ ဝါကပ်၍ ပထမ ပဝါရဏာနေ့၌ ချမ်းမြေ့သာယာ ပဝါရဏာပြုကြသော သံဃာတော်တို့အား ကထိန်ခင်းရန်အလို့ငှါ နိဗ္ဗာန်ကို ရည်မှန်း၍ လှူဒါန်းပူဇော်ကြပါကုန်၏၊ ထို့ပြင်တပါး ကထိန်၏ အခြံအရံဖြစ်သော လှူဒါန်းဘွယ်ရာ အဖြာဖြာတို့ကိုလည်း ရည်ရွယ်မှန်းထားသောအတိုင်း လှူဒါန်း ပူဇော်ကြပါကုန်၏။

ဤငါ၏ခန္ဓာကိုယ်သည် အရိုးစုတည်း၊ သူတပါးတို့သည်လည်း အရိုးစုတို့တည်း၊ ငါရော သူပါ တမြေပြင်လုံး ရှိသူတို့သည်လည်း အရိုးစုတို့ချည်းတည်း၊ (၃-ခေါက်) အရိုးစုကို အာရုံပြုသောစိတ်သည် ဝိညာဏက္ခန္ဓာ၊ ထိုစိတ်နှင့်ယှဉ်သော ဝေဒနာသည် ဝေဒနာက္ခန္ဓာ၊ သညာသည် သညာက္ခန္ဓာ၊ ဖဿစသည်တို့သည် သင်္ခါရက္ခန္ဓာ ဤလေးပါးတို့သည် နာမက္ခန္ဓာ၊ နာမက္ခန္ဓာသည် ဟဒယဝတ္ထု၌မှီ၏၊ ဟဒယဝတ္ထုသည် မဟာဘုတ်၌မှီ၏၊ မဟာဘုတ်၌ ဥပါဒါရုပ်မှီ၏၊ ဤဟဒယဝတ္ထု, မဟာဘုတ်, ဥပါဒါရုပ်တို့သည် ရူပက္ခန္ဓာ ဖောက်ပြန်ခြင်းလက္ခဏာရှိသောရုပ်တို့တည်း၊နာမက္ခန္ဓာတို့သည်အာရုံသို့ညွတ်ခြင်း လက္ခဏာရှိသော နာမ်တို့တည်း၊ ဤ ရုပ်, နာမ်တို့သည် အမြဲမရှိ အနိစ္စ၊ ဆင်းရဲအစု ဒုက္ခ၊ အစိုးမရ အနတ္တတို့သာတည်း။

ဤသို့ ယနေ့ ယခု လှူဒါန်းရသော ဒါနကုသိုလ်,ဆောက်တည်ရသော သီလကုသိုလ် ပွါးများရသော ဘာဝနာကုသိုလ်တို့ကြောင့် ဒုက္ခသစ္စာ ခန္ဓာအိမ်ကို အကြိမ်ကြိမ်အဖန်ဖန် ဘဝအပြန်ပြန် စီမံဖန်ဆင်းတတ်သော တဏှာလောဘ သမုဒယသစ္စာကို တဒင်္ဂ, ဝိက္ခမ္ဘန, သမုစ္ဆေဒ, ပဋိပ္ပဿဒ္ဓိ, နိဿရဏ-ဟူသော ပဟာန်ငါးပါးတို့ဖြင့် တစတစ အကြွင်းအကျန် မထား ပယ်ရှားစွန့်ပစ်လျက် မကြာမတင် ရဟန္တာအဖြစ်သို့ရောက်ရ၍ သမုဒယသစ္စာ တဏှာလောဘ အကြီးအမှူး အဥုံးရှေ့သွားရှိသော တထောင့်ငါးရာ ကိလေသာ အဖော် သဟဲကို မရသဖြင့် ဘဝအဆက်ဆက်က ပြုခဲ့သော ကုသိုလ်ကံ, အကုသိုလ်ကံ အကျိုးပေး ခွင့်ကိုမရ အစွမ်းသတ္တိဗလ ကုန်ခန်းသည်ဖြစ်၍ ရဟန္တာစုတိ အခြားမဲ့၌ တဖန် ပဋိသန္ဓေ အသစ်မဖြစ်ရာ မအိုရာ မနာရာ မသေရာ ခန္ဓာဝန် လက်စသိမ်း၍ ဘဝဇာတ်ငြိမ်းရာ ဆင်းရဲ ဒုက္ခ အမြွက်မျှမရှိ ချမ်းအေးခြင်းဟူသမျှတို့၏ အထွတ်အထိပ်ဖြစ်သော နိရောဓသစ္စာ နိဗ္ဗာန် ချမ်းသာကို တဘဝ နှစ်ဘဝ မလွန်ရစေ ရောက်ချင်လေ၏၊ဝေးလှချေက မေတ္တေဘုန်းမော် အထံတော်၌ ရှစ်ဖော်မဂ္ဂင် ဖောင်တော်ယာဉ်ကြီး ငြိမ့်ငြိမ့်စီးကာ ဆိုက်ရောက် ရပါလို၏ အရှင်ဘုရား။

နိဗ္ဗာန်မရခင် ပါရမီဖြည့်စဉ်ကာလ သံသရာဘုံဘဝတို့၌ အပါယ်မှ လွတ်ကြလျက် လူဖြစ်လျှင်လည်း အထက်တန်း, နတ်ဖြစ်လျှင်လည်း အထက်တန်းကချည်းဖြစ်ကြရ၍ နိဗ္ဗာန် ရောက်ကြောင်း သူတော်ကောင်းတရားတို့ကို ပွါးများ အားထုတ်နိုင်သည့်ကိုယ် ဖြစ်ရပါ လို၏ အရှင်ဘုရား၊ ယခု ပစ္စက္ခ ဤ ဘဝ၌လည်း ဘေးရန်အသွယ်သွယ် အန္တရာယ်ကင်းငြိမ်း သုခကိန်းကြုံ ဣဋ္ဌာရုံ အမျိုးမျိုး ပွါးတိုးစည်ပင် လိုအင်ပြည့်ဝ အခွင့်ကောင်းရ၍ ဒါန သီလ သမထနှင့် ဝိပဿနာအလုပ် ကုသိုလ်ထုပ်ကို နောက်မဆုတ်တမ်း လုံ့လစွမ်းဖြင့် ကြိုးပမ်းအားထုတ်နိုင်သည့်ကိုယ် ဖြစ်ရပါလို၏ အရှင်ဘုရား။

ဤကောင်းမှု၏ အဖို့ဘာဂကို အမိ အဘ ဆရာသမား အစထား၍ လူ နတ် ဗြဟ္မာ သတ္တဝါအားလုံးတို့အား အမျှ အမျှ ပေးဝေ ကြပါကုန်၏၊ လူ နတ် ဗြဟ္မာ သတ္တဝါ အားလုံးတို့သည် ဝမ်းမြောက်နုမော် သာဓုခေါ်ကြ ပတ္တာနုမောဒန ကုသိုလ်ဖြစ်ကြ၍ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ ချမ်းသာကြပါစေကုန်သတည်း။

## ညောင်တုန်းမြို့ ရွှေဟင်္သာတောရ ပါဠိတက္ကသိုလ် အဂ္ဂမဟာပဏ္ဍိတ မဟာနာယက ဆရာတော်ဘုရား၏ ဆုပေး ရေစက်ချ

**ဆုပေး။** ။ရှိခိုးခြင်း၏တည်ရာ, မြတ်နိုးခြင်း၏တည်ရာ, ပူဇော်ခြင်း၏တည်ရာ, အရိုအသေပြုခြင်း၏တည်ရာ=ဝန္ဒနာဘာဇန မာနန ဘာဇန ပူဇာဘာဇန သက္ကာရဘာဇန ဖြစ်တော်မူကုန်သော ဗုဒ္ဓ ဓမ္မ သံဃ သုံးဖြာ ရတနာတို့အား သဒ္ဓါရိုကျိုး လက်စုံမိုး၍ ရှိခိုးပူဇော် ဖူးမျှော်မာန်လျော့ ကန်တော့ကြောင်းအမှန် ကာမာဝစရ ကုသိုလ်ကံတို့ကြောင့် လေးတန်သောအပါယ် သုံးသွယ်သောကပ် ရပ်ပြစ်ရှစ်ပါး ရန်သူငါးနှင့် လေးပါးဝိပတ် ငါးရပ် ဗျသန ခြောက်ဝကိုးဆယ် အသွယ်သွယ်သော ရောဂါ အဖြာဖြာသော အနိဋ္ဌာရုံ ခပင်းတို့မှ အကြွင်းမဲ့ ကင်းလွတ်ငြိမ်းချမ်းကြကုန်သည်ဖြစ်၍ မရအပ်သေးသော သီလဂုဏ်, သမာဓိဂုဏ်, ပညာဂုဏ်တို့ကို ရခြင်း၊ ရအပ်ပြီးသော သီလ, သမာဓိ, ပညာ, လောကီ လောကုတ္တရာ ဂုဏ်တို့သည် အကြိတ်အခဲ အမြဲတည်ခြင်းစသော ကောင်းကျိုးချမ်းသာ ဠဋ္ဌမင်္ဂလာတို့နှင့်သာ အစဉ်မကွာ အခါခပ်သိမ်း ပြည့်စုံလျက် မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန် ရောက်ကြောင်း သူတော်ကောင်းတရားများကို မငြိုမငြင် တွင်တွင်ကျယ်ကျယ် လွယ်လွယ် ကူကူ အားထုတ်နိုင်ကြကာ မဟာနိဗ္ဗာန နိရောဓသစ္စာ နိဗ္ဗာန်ချမ်းသာကို လျင်မြန်စွာ မျက်မှောက်ပြုနိုင်ကြပါစေကုန်သတည်း။

**ရေစက်ချ။** ။အရိယာနွယ်ဝင် သူတော်စင်ဖြစ်ငြား အရှင်ကောင်း အရှင်မြတ်တို့ဘုရား၊ ယခုနေ့ သုံးပါးသော သရဏဂုံနှင့်တကွ အင်္ဂါငါးပါးနှင့် ပြည့်စုံသော သီလတော်မြတ်ကို ကျင့်သုံးဆောက်တည်ပြီး၍ ထိုသီလ၌တည်သဖြင့် သီလဝန္တအစစ်အမှန် ကေန်ဖြစ်ကြကုန်သော တပည့်တော်တို့သည် သံသရာဝဋ်ဒုက္ခမှ ကျွတ်လွတ် ထွက်မြောက် ရေးကိုရှေးရှုကာ သံဃာတော်အရှင်မြတ်တို့အား မွန်မြတ်သော ဆွမ်း ခဲဘွယ် ဘောဇဉ် ချိုချဉ်အရသာ အဖြာဖြာတို့ကို ဆက်ကပ်လှူဒါန်းပါကုန်၏ အရှင်မြတ်များဘုရား၊ ထိုသို့ လှူဒါန်းဆက်ကပ်ပြီး၍ (သက်နှီးစသော) ဒါနဝတ္ထု အစုစုတို့ကိုလည်း တပည့်တော်တို့ စိတ်က ရည်ညွှန်းပိုင်းခြား၍ ထားသည့်အတိုင်း လှူဒါန်းပါကုန်၏။

အကပ္ပိယ အနာမာသဖြစ်သော ဝတ္ထုငွေတို့ကိုလည်း သက်ဆိုင်ရာ ကပ္ပိယကာရက ပုဂ္ဂိုလ်များထံ အပ်နှံကာ ထိုဝတ္ထုတို့မှ ဖြစ်ပေါ်လာသော အရှင်မြတ်များ အလိုရှိရာ ဝိနည်းတော်အား လျော်သော ကပ္ပိယပစ္စည်းတို့ကိုလည်း လှူဒါန်းပူဇော်ပါကုန်၏ အရှင်မြတ်များ ဘုရား။

တပည့်တော်များ၏ ဤသည့်ကောင်းမှု အစုစုသည် ဇာတိစသော ဒုက္ခခပ်သိမ်းတို့၏ ကင်းငြိမ်းချုပ်ပျောက်ရာ ချမ်းသာအပေါင်းတို့၏ အဓိပတိ သန္တိသုခ နိရောဓသစ္စာ မဟာ အသင်္ခတဓာတ် နိဗ္ဗာန်မြတ်သို့ လျင်မြန်စွာ ဆိုက်ကပ်အောင် ရွက်ဆောင်နိုင်ပါစေသတည်း၊

သန္တိသုခ နိဗ္ဗာနဓာတ် ချမ်းသာမြတ်သို့ လျင်မြန်စွာ ဆိုက်ကပ်ကြောင်း အားကောင်းခိုင်မြဲ ပကတူပနိဿယ ပစ္စည်းဖြစ်ပါစေသား အရှင်မြတ်များ ဗရား။

အဝိဇ္ဇာ တဏှာမကင်းသေး၍ သံသရာ၌ အထိုက်အလျောက်ဖြစ်ရသေးသည်ရှိသော် သံသရာမှ မြန်စွာထွက်ကြောင်း အယူကောင်း အယူမှန်, အကျင့်ကောင်း အကျင့်မှန်တို့နှင့် ကိုယ်တိုင်ပြည့်စုံ၍ မိမိကဲ့သို့ ပြည့်စုံသူတို့နှင့်သာ အမြဲတမ်းတွေ့ကြုံ ပေါင်းသင်းဆက်ဆံနေထိုင်ရ၍ သမ္မာပယောဂ ဉာဏသတ္တိတို့ဖြင့် တရားသောနည်းလမ်းဖြင့် မပင်မပန်း ချမ်းချမ်းသာသာ လွယ်ကူစွာရအပ်သော လောကီ လောကုတ္တရာ သမ္ပတ္တိနှစ်ဖြာဖြင့် တင့်တယ်စွာ ကြီးပွါး အပ္ပမာဒဓလေ့ရှိသော တရားများနှင့် ပြည့်စုံကာ သံသရာမှထွက်ကြောင်း တရားကောင်းတို့ကို မငြိုမငြင် တွင်တွင်ကျယ်ကျယ် လွယ်လွယ်ကူကူ အားထုတ်ခြင်းငှါ စွမ်းနိုင်ရပါလိုကုန်၏ အရှင်မြတ်များ ဗရား။

တပည့်တော်တို့ လှူဒါန်းအပ်သော ဆွမ်းစသော ဒါနဝတ္ထုအစုစုတို့သည် အဖက်ဖက်မှ နှစ်သက်စဘွယ် တင့်တယ်ကောင်းမြတ်ကုန်သကဲ့သို့ တပည့်တော်တို့ ရရှိအပ်သော အသက်စည်းစိမ် အခြွေအရံ သမ္ပတ္တိတို့သည် ပရူပက္ကမ ပရပယောဂ ဘေးရန်တို့ကြောင့် မတင့်မတယ် မဖွယ်မရာ မပျက်စီးဘဲ သဘာဝအတိုင်းသာ တာရှည်စွာ တည်မြဲတင့်တယ်ကြသည် ဖြစ်ပါစေသား အရှင်မြတ်များ ဗရား။

ဤကောင်းမှု ကုသိုလ်စု၏ အဖို့ဘာဂကို အနန္တဂုဏ်အင် ကျေးဇူးရှင် ဖြစ်ကြကုန်သော မိခင် ဘခင် ဆရာသမား ဘိုးဘွားဉာတိ အစရှိသော ပုဂ္ဂိုလ်တို့အားရင်း၊ တပည့်တော်တို့၏ ကိုယ်စောင့်နတ် အိမ်စောင့်နတ် တို့ကိုအစပြု၍ အလုံးစုံ ရှိရှိသမျှ ဒေဝ, မနုဿ, အမနုဿ, ဝိနိပါတိက သတ္တဝါအနန္တတို့အားရင်း အမျှရစေ ပေးဝေကြပါကုန်၏။

ဤ ဆိုအပ်ခဲ့ပြီးသော အရပ်ရပ် အဖြာဖြာ သတ္တဝါအနန္တတို့သည် တပည့်တော်တို့နှင့် အတူအမျှ ဤကောင်းမှု၏ အဖို့ဘာဂကိုရကြ၍ ဝမ်းမြောက် ဝမ်းသာ သာဓုအနုမောဒနာ ခေါ်နိုင်ကြလျက် အထက်မက် အထက်ဖိုလ်တိုင်အောင်သော လောကုတ္တရာ သုခကို ရရှိကြကာ သံသာရဝဋ္ဋ ဒုက္ခမှ လျင်မြန်စွာ ကျွတ်လွတ်ကြပါစေကုန်သတည်း။

× × × ×

# ပဋ္ဌာန်းဆရာတော်ကြီး၏ ဩဝါဒကထာ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

ဩဝဒေယျာနုသာသေယျ၊ အသဗ္ဘာ စ နိဝါရယေ။
သတံ ဟိ သော ပိယော ဟောတိ၊ အသတံ ဟောတိ အပ္ပိယော [၁]။

ဆုံးမရာ၏၊ အဖန်ဖန် ဆုံးမရာ၏၊ မကောင်းသော အပြုအမူ သဘောမှလည်း တားမြစ်ရာ၏၊ ထိုပုဂ္ဂိုလ်သည် ဗုဒ္ဓဆာအရှိသော သူတော်ကောင်းတို့၏ ချစ်ခင်နှစ်သက်အပ်သူဖြစ်၏၊သူတော်မဟုတ် သူယုတ်တို့၏ ချစ်ခင်နှစ်သက်အပ်သူမဖြစ်-ဟု ဓမ္မပဒလာ ဒေသနာနှင့်အညီ ဩဝါဒစကား ရေးသားရန် လျှောက်ထားသောကြောင့် အသက်(၈၈)နှစ်၊သိက္ခာဝါ(၆၈)ရှိ ပဋ္ဌာန်းဆရာ မဟာထေရ်က ကဏှပက္ခ-သုက္ကပက္ခ-နှစ်ဝ ပါရှိသော ဩဝါဒ စကား ရေးသားပေအံ့။

ကဏှပက္ခ

၁။ 'စေတနာနှင့်တကွ သိလျက် အာပတ်သို့ ရောက်၏၊ အာပတ်ကို လျှို့ဝှက်၏၊ အဂတိလိုက်ခြင်းသို့လည်း ရောက်၏၊ ဤသို့သဘောရှိသော ပုဂ္ဂိုလ်ကို **အလဇ္ဇီ** ပုဂ္ဂိုလ်ဟု ဆိုအပ်၏' ဟု ,ပရိဝါ ပါဠိ၌ လာသည်နှင့်အညီ အလဇ္ဇီ ပုဂ္ဂိုလ်မဖြစ်အောင် နေထိုင်ကြရန်။

၂။ သာသနာတော်၌ ဂန္ထဓုရ, ဝိပဿနာဓုရ နှစ်ပါးတို့တွင် ကပိလ [၂] ရဟန်းသည် ဂန္ထဓုရကို ဖြစ်စေ၍ ပိဋကသုံးပုံကို သင်ယူ၏၊ ပရိယတ်ကို အမှီပြု၍ အခြံအရံပေါများ၏၊ အခြံအရံကို မှီ၍ သင်္ကန်း,ဆွမ်း,ကျောင်း,ဆေး ပစ္စည်းလေးပါး လာဘ်များ ဖြစ်ပေါ်၏၊ များသော အကြားအမြင်ရှိသော မာန်ဖြင့် ယစ်၍ လာဘ်၌ တပ်နှစ်သက်သော တဏှာဖြင့် အလွန်နှိပ်စက်သည်ဖြစ်၍ အလွန်ပညာရှိကြီး-ဟု မှတ်ထင် စိတ်ကြီးဝင်နေ၏၊ သူတပါးတို့ ဆိုအပ်သော အပ်သည်ကိုလည်း မအပ်ဟု ဆို၏၊ မအပ်သည်ကိုလည်း အပ်၏ဟု ဆို၏၊ အပြစ်ရှိသည်ကိုလည်း အပြစ်မရှိဟု ဆို၏၊ အပြစ်မရှိသည်ကိုလည်း အပြစ်ရှိ၏ဟု ဆို၏၊ ထိုအယူကို စွန့်လွှတ်ရန် သီလဝန္တရဟန်းများနှင့် နောင်တော်ကြီး ရဟန္တာ အရှင်သာဂတထေရ်တို့က ဆုံးမကြကုန်၏။

ဆုံးမစကားကို နားမထောင် အမောင်သည် ကိုယ့်အမူကံနှင့် ထင်ရှားလတ့်ဟုဆို၍ ပဲကြ၏၊ စွန့်ပစ်ကြကုန်၏၊ ကပိလသည် ကဿပမြတ်စွာဗုဒ္ဓ၏ ပရိယတ္တိ သာသနာကို ဆုတ်နစ်စေ၏၊ အသက်အဆုံး၌ အဝီစိငရဲ၌ ဖြစ်၏၊ အမိ သာဓိနီ, နှမ တာပနာတို့လဲ သီလ

---

၁။ ဓမ္မပဒ၊ ၂၄။ ထေရ၊ ၃၄၄။ ၂။ ဓမ္မပဒ-ဋ္ဌ၊ ၂၊ ၃၂၇။

ဝန္တရဟန်းတို့ကို ဆဲရေးသည့်အတွက် အဝီစိငရဲ၌ ဖြစ်ကြကုန်၏၊ ကပိလ သာသနာဖျက်ဝတ္ထုကို အကျဉ်းချုပ် ကြားကြပါလျက် ကြည့်ရှု၍ သိကြပါလျက် ပရိယတ္တိ သာသနာဖျက်မှု မပြုမိကြရန်။

ကပိလ ရဟန်းသည် ကဿပမြတ်စွာဗုဒ္ဓ၏ ပရိယတ္တိ သာသနာကို ဆုတ်နစ်စေသကဲ့သို့ ထို့အတူ ကပိလ ပြည့်စုံသည်ကို နည်းခိုးမှား၍ ရှင်တော်ဂေါတမ၏ ပရိယတ္တိ သာသနာကို မဆုတ်နစ်စေရန်, မဖျက်ဆီးကြရန်။

၃။ ပရိယတ္တိမည်သည်ကား ငါတို့အား မခဲယဉ်း၊ အပြုမခက်၊ ပရိယတ္တိကို လုံ့လပြုသောသူသည်ကား ဆင်းရဲမှုမလွတ်၊ ဤသို့ ဆင်းရဲမှု မလွတ်သောကြောင့် ငါတို့သည် ပရိယတ်ကို စွန့်လွှတ်ကြကုန်၏၊ ဤသို့အစရှိသော နည်းဖြင့် ဆိုသည်ဖြစ်၍ မိမိ၏ ပညာကြီးသည်၏ အဖြစ်ကို ပြ၏၊ ဤသို့ ဆိုသောရဟန်းသည်ကား မြတ်စွာဗုဒ္ဓ၏ သာသနာတော်၌ ပုတ်ခတ်ခြင်းကို ပေး၏၊ ဤရဟန်းနှင့် တူသော ခိုးသူကြီးမည်သည် မရှိ။ ထိုစကား ထင်ရှားစွာ ပြဦးအံ့။ ‘ပရိယတ်ကို ဆောင်သောသူသည် ဆင်းရဲမှု မလွတ်သည်ကား မဟုတ်၊ လွတ်သည်သာတည်း’ဟု သမ္မောဟဝိနောဒနီ အဋ္ဌကထာ၊ ခုဒ္ဒကဝိဘင်းအဖွင့်(နှာ-၄၅၇)၌ လာသည်နှင့် အညီ ပရိယတ်ကို လုံ့လပြုသောသူသည် ဆင်းရဲမှု မလွတ်ငှသေး-စသည်ဖြင့် ဆိုသော်သူသည် ပရိယတ္တိသာသနာကို ပုတ်ခတ်ခြင်း, ခိုးသူနှင့် တူစွာဖြစ်ခြင်း အပြစ်မှ ကင်းလွတ်အောင်ရှောင်သင့်သည်၊ ရှောင်ကြကုန်။ (ဤကား ကဏှပက္ခ)

## သုက္ကပက္ခ

၄။ စေတနာနှင့်တကွ သိလျက်အာပတ်သို့ မရောက်၊အာပတ်ကို မလျှို့ဝှက်၊အဂတိသို့လိုက်ခြင်းသို့ မရောက်၊ ဤသို့ သဘောရှိသော ပုဂ္ဂိုလ်ကို လဇ္ဇီပုဂ္ဂိုလ် ဆိုအပ်၏ဟု ပရိဝါပါဠိတော်၌ လာသည်နှင့်အညီ လဇ္ဇီပုဂ္ဂိုလ် ဖြစ်အောင် နေထိုင်ကြရန်။

၅။ လဇ္ဇီပုဂ္ဂိုလ်သည် မြတ်စွာဗုဒ္ဓသာသနာတော်ကို အလေးဂရု ပြု၍ထား၏၊ ထို့ကြောင့် ရှေး၌ ‘‘မဟာထေရ်တို့သည် ‘လဇ္ဇီပုဂ္ဂိုလ်သည် နောင်အခါ ဗုဒ္ဓသာသနာကို စောင့်ရှောက်လတ့်’-ဟု သုံးကြိမ်စကားကို မြွက်ကြားကြကုန်၏’’-ဟု ပါရာဇိကဏ် အဋ္ဌကထာ(ဝိ၊ ဋ္ဌ၊ ၁၊ ၁၉၉) ဝိသုဒ္ဓိမဂ် အဋ္ဌကထာတို့၌ လာသည်၊ ဝိနည်းမည်သည် မြတ်စွာဗုဒ္ဓ၏ အသက်သဖွယ်ဖြစ်၏၊ ဝိနည်းတည်သည်ရှိသော် သာသနာတည်သည်မည်တော့၏။ ဝိနည်းမိုရ်အကျိုး ၅-ပါး ၆-ပါး ၇-၈-၉-၁၀-၁၁-ပါးတို့ကို သိလိုလျှင် ပါစိတ် အဋ္ဌကထာ ဝိလေခနသိက္ခာပုဒ်အဖွင့် နှာ-၁၄၁-၌ ကြည့်ပါလေ။

၆။ ‘‘ရဟန်းတို့ တိရစ္ဆာနဝိဇ္ဇာကို မသင်အပ်၊ မပို့ချအပ်၊ အကြင်ရဟန်းတို့သည် သင်ကြားပို့ချငြားအံ့၊ ထိုရဟန်းဒုက္ကဋ်အာပတ် သင့်၏’’ဟု စူဠဝါပါဠိတော် ခုဒ္ဒကဝတ္ထုခန္ဓက၌ ဟောတော်မူသောကြောင့် တိရစ္ဆာနဝိဇ္ဇာကို မသင်မပို့ချကြရန်။

တိရစ္ဆာနကထာ ၂၇-ပါး။ ။တိရစ္ဆာနဝိဇ္ဇာ တိရစ္ဆာနကထာများကို သီလက္ခန်ပါဠိတော် ဆဋ္ဌမူ၊

၇။ မဟာဝဂ္ဂသံယုတ် ပါဠိတော်-ဆဋ္ဌမူ၊ ၃၆၈ တို့၌ အကျယ်ဟောတော်မူထားပေသည်။

၎င်းတို့မှာ—

(၁) မင်းနှင့်စပ်သော စကား၊ (၂) ခိုးသူနှင့်စပ်သော စကား၊ (၃) အမတ်ကြီးနှင့်စပ်သော စကား၊ (၄) စစ်သည်နှင့် စပ်သော စကား၊ (၅) ကြောက်ဖွယ်နှင့်စပ်သော စကား၊ (၆) စစ်ထိုးခြင်းနှင့် စပ်သော စကား၊ (၇) စားဖွယ်နှင့်စပ်သော စကား၊ (၈) သောက်ဖွယ်နှင့် စပ်သော စကား၊ (၉) အဝတ်နှင့် စပ်သော စကား၊ (၁၀) အိပ်ရာနှင့် စပ်သော စကား၊ (၁၁) ပန်းနှင့် စပ်သော စကား၊ (၁၂) နံ့သာနှင့် စပ်သော စကား၊ (၁၃) ဆွေမျိုးနှင့် စပ်သော စကား၊ (၁၄) ယာဉ်နှင့် စပ်သော စကား၊ (၁၅) ရွာနှင့် စပ်သောစကား၊ (၁၆) နိဂုံးနှင့် စပ်သောစကား၊ (၁၇) မြို့နှင့်စပ်သော စကား၊ (၁၈) နယ်နှင့် စပ်သော စကား၊ (၁၉) မိန်းမနှင့် စပ်သော စကား၊(၂၀) သူရဲကောင်းနှင့် စပ်သော စကား၊ (၂၁) လမ်းနှင့် စပ်သော စကား၊ (၂၂) ရေခပ်ဆိပ်နှင့် စပ်သော စကား၊ (၂၃) သေလွန်သူနှင့် စပ်သော စကား၊ (၂၄) အထွေထွေနှင့် စပ်သော စကား၊ (၂၅) လောကအကြောင်းနှင့် စပ်သော စကား၊ (၂၆) သမုဒ္ဒရာအကြောင်းနှင့် စပ်သော စကား၊ (၂၇) ကြီးပွါးခြင်း, ဆုတ်ယုတ်ခြင်းနှင့် စပ်သောစကားတို့တည်း။

သင်ကြား ပို့ချကောင်းသော တရား ၉-ပါး။ ။သင်ကောင်း, ပို့ချကောင်းသော တရားကား—

ဣဓ ဘိက္ခဝေ ဘိက္ခု ဓမ္မံ ပရိယာပုဏာတိ သုတ္တံ ဂေယျံ ဝေယျာကရဏံ
ဂါထံ ဥဒါနံ ဣတိဝုတ္တကံ ဇာတကံ အဗ္ဘုတဓမ္မံ ဝေဒလ္လံ။ (အံ၊ ၂၊ ၁၅၆)

ရဟန်းတို့ ဤ သာသနာတော်၌ ရဟန်းတို့သည် (၁) သုတ်၊ (၂) ဂေယျ၊ (၃) ဝေယျာကရိုဏ်း၊ (၄) ဂါထာ၊ (၅) ဥဒါန်း၊ (၆) ဣတိဝုတ်၊ (၇) ဇာတ်၊ (၈) အဗ္ဘုတဓမ္မ၊ (၉) ဝေဒလ္လ - ဟူသောတရားကို သင်ယူကုန်၏။

ထိုထိုသော ပိဋကသုံးပုံလာ ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်းလေးထောင်ဟု မှတ်ကြရမည်။ (ဤကား သုက္ကပက္ခ)

## ကြည့်ရှုမှတ်သားဘွယ်

ယေန အာရာမော တေန ပါယာသိ၊ ယာဝတိကာ ယာနဿဘူမိ၊
ယာနေန ဂန္တွာ ယာနာ ပစ္စောရောဟိတွာ ပတ္တိကောဝ အာရာမံ
ပါဝိသိ။ (မဇ္ဈိမပဏ္ဏာသပါဠိတော် ဓမ္မစေတိယသုတ်၊ ၃၂၁)

ယေန၊ အကြင်အရပ်၌။ အာရာမော၊ အရာမ်သည်။ အတ္ထိ၊ ရှိ၏။ တေန၊ ထို အရပ်သို့၊ ပါယာသိ၊ သွားလေ၏။ ယာဝတိကာ၊ အကြင်မျှလောက်။ ယာနဿ၊ ယာဉ်၏။ ဘူမိ၊ မြေသည်။ အတ္ထိ၊ ရှိ၏။ ယာနေန၊ တာဝတိကာ၊ ထိုမျှလောက်။ ယာဉ်ဖြင့်။ ဂန္တွာ၊ သွား၍။ ယာနာ၊ ယာဉ်မှ။ ပစ္စောရောဟိတွာ၊ သက်ဆင်း၍။ ပတ္တိကောဝ၊ ခြေကျင်သာ။ အာရာမံ၊ အရာမ်သို့။ ပါဝိသိ၊ ဝင်လေ၏။ (ဤကား သာဓကပါဌ် အနက်တည်း)

**ဘိနပ်မပါပဲ အရာမ်တွင်း ဝင်သူများ။** ။ဘိနပ်,ထီးကို ယာဉ်ဟုယူကြောင်း စတုကင်္ဂုတ္တရ ဋီကာ၊ ၃၆၉-လာသည်နှင့်အညီ ယာဉ်မစီး, ဘိနပ်မပါ, ထီးမဆောင်း အရာမ်တွင်းသို့ ဝင်ကြသူများမှာ —

(၁) ပသေနဒီ ကောသလမင်းကြီး (မဇ္ဈိမပဏ္ဏာသအဋ္ဌကထာ၊ ဓမ္မစေတိယ သုတ်၊ နှာ-၂၄၂)။

(၂) အဇာတသတ်မင်း (သီလက္ခန်ပါဠိတော်၊သာမညဖလသုတ်၊နှာ-၄၇)။

(၃) လိစ္ဆဝီမင်း (ဝိနည်းမဟာဝါ ပါဠိတော်၊ ဘေသဇ္ဇက္ခန္ဓက၊နှာ-၃၂၇)။

(၄) ဗြဟ္မဒတ်မင်းကြီး (သဋ္ဌိနိပါတ် ဇာတ်ပါဠိတော်၊ သံကိစ္စဇာတ်၊ နှာ-၅၉)။

(၅) ပေါက္ခရသာတိပုဏ္ဏား (သီလက္ခန်၊ အမ္ဗဋ္ဌသုတ်၊ နှာ-၁၀၁)။

(၆) ဖုဿတီ မိဖုရားကြီး (ဝေဿန္တရာဇာတ်ပါဠိတော်၊ နှာ-၃၇၃)။

(၇) အမ္ဗပါလီ ပြည်တန်ဆာမ (ဝိနည်း မဟာဝါ ပါဠိတော်၊ ဘေသဇ္ဇက္ခန္ဓက၊ နှာ-၃၂၆)။

(၈) ဘူရိဒတ်နဂါး (ဘူရိဒတ်ဇာတ် ပါဠိတော်၊ နှာ-၂၄၂)။

(၉) သိကြားမင်း (သဂါထာဝဂ္ဂသံယုတ်ပါဠိတော်၊ သက္ကသံယုတ်၊ အရညာယတနသုတ်၊ နှာ-၂၂၈)။

(၁၀) အမ္ဗဋ္ဌလုလင် (သီက္ခန်၊ အမ္ဗဋ္ဌသုတ်၊ နှာ-၈၄)။

ဤပုဂ္ဂိုလ် (၁၀)ယောက်တို့သည် ယာဉ်မစီး ထီးမဆောင်း, ဘိနပ်ချွတ်ခါ အရာမ် တွင်းသို့ ဝင်ကြသကဲ့သို့ ယခု ခေတ်အခါမှာ ဒါယကာ-ဒါယိကာမများ ကျောင်းတိုက်တံခါး မုခ်ရောက်လျှင် မော်တော်ကားယာဉ် ရထားယာဉ် လှည်းယာဉ် ဆိုက္ကားယာဉ်တို့မှ ဆင်း၍ သွားကြမှ ရတနာသုံးပါးကို ရိုသေရာရောက်ကြမည်၊ သတိကောင်းကောင်းကြီး ထားကြ ဘို့ရန်အကြောင်း ရေးသားလိုက်ရပေသည်၊ ဗုဒ္ဓဘာသာများ သတိထားဘို့ရန် ဖြစ်ပေသည်။

အထူးသတိ ကောင်းကောင်းရှိဘို့ရန်

အတ္တာပတ္တိ ပဝိသန္တော အာပဇ္ဇတိ၊ နော နိက္ခမန္တော။

(ပရိဝါ ဆဋ္ဌမူ၊ ၂၁၂။)

ကျောင်းတိုက်အတွင်းသို့ဝင်သော် အာပတ်သင့်၍ ကျောင်းမှထွက်သော် အာပတ် မသင့်၊ ဝါ-မသင့်သော အာပတ်ရှိ၏။

အာဂန္တုကော အာဂန္တုကဝတ္တံ အပူရေတွာ သဆတ္တုပါဟနော
ပဝိသန္တော ပဝိသန္တော အာပဇ္ဇတိ နာမ၊ နော နိက္ခမန္တော။

(ပရိဝါအဋ္ဌကထာ ဒုကဝါရ ဝဏ္ဏနာ၊ ၁၅၉။)

အာဂန္တုကော၊ အာဂန္တုကရဟန်းသည်။ အာဂန္တုကဝတ္တံ၊ အာဂန္တုကဝတ်ကို။ အပူရေတွာ၊ မဖြည့်ကျင့်မူ၍။ သဆတ္တုပါဟနော၊ ထီးဘိနပ်နှင့် တကွ။ (ဝါ) ထီးဆောင်း ဘိနပ်စီးလျက်၊ ပဝိသန္တော ပဝိသန္တော၊ ကျောင်းတွင်းသို့ ဝင်တိုင်း ဝင်တိုင်း။ အာပဇ္ဇတိ နာမ၊ အာပတ်သင့်သည်မည်၏။ နိက္ခမန္တော၊ ကျောင်းမှ ထွက်သည်ရှိသော်။ နော၊ အာပတ် မသင့် မရောက်။ (ဆဋ္ဌမူ၊ ၃၇၄။)

(အာဂန္တုကဝတ်အကျယ်မှာ စူဠဝါပါဠိတော်ဝတ္တခန္ဓကဉ် ရှိ၏။)

(က) အာဂန္တုကရဟန်းကို အာဝါသိကရဟန်းက အာဂန္တုကဝတ် ပြုသည့်အခါ ထီးဆောင်း ဘိနပ်စီးပါ-ဟု မတိုက်တွန်းသင့်၊ မတိုက်တွန်းကောင်း၊ တိုက် တွန်းလျှင် မြတ်စွာဗုရား၏ ဝတ်အကျင့်ကို ဖျက်ဆီးရာ ကျရောက်မည်ဖြစ်၍ မတိုက်တွန်းရန် သတိကောင်းကောင်းရှိဘို့ရန်။

(ခ) အဋ္ဌကထာ ဋီကာကျမ်းဂန်တို့၌ မြတ်စွာဗုရား၏ အရပ်ပမာဏ ဆိုရာ၌ ကြီးလွန်းသည်ထင်၍ ကျမ်းဂန်လာ ပမာဏ တဝက်မျှမရှိ သေးငယ်ထား ခြင်း, ရေးသား ပြောဆိုထားခြင်းသည် အဋ္ဌကထာ,ဋီကာ ပရိယတ္တိသာသနာ ကို ဖျက်ဆီးရာ ကျရောက်မည်ဖြစ်၍ ဖျက်ဆီးရာ မရောက်အောင် သတိ ကောင်းကောင်း ဆောင်ဘို့ရန်။

(ဂ) ဒုဂ္ဂတိအဟိတ် ဥပေက္ခာသဟဂုတ် ဝိပါက်နှင့် ပဋိသန္ဓေ နေသောပုဂ္ဂိုလ်ကို သုဂတိအဟိတ်,ဒွိဟိတ် တိဟိက် ပုဂ္ဂိုလ်ဟု ပြောဆိုရေးသားခြင်းပြုလျှင် အဘိဓမ္မာ ပိဋကတ် ပရိယတ်ကို ဖျက်ဆီးရာ ကျရောက်မည်ဖြစ်၍ ဖျက်ဆီးရာ မကျရောက်ရအောင် သတိကောင်းကောင်း ရှိဘို့ရန်။

(ဃ) ကပိလသည် ကဿပဗုဒ္ဓ၏ ပရိယတ္တိ သာသနာကို ဖျက်ဆီးဆုတ်နစ်စေ သကဲ့သို့ မျက်မှောက် ပရိယတ္တိ သာသနာကို မဖျက်ဆီးရာ မဆုတ်နစ်စေရာ၊ ဤအချက်ကို သတိအထူးဆောင်၍ လဇ္ဇီသူတော်ကောင်းအစစ် ဖြစ်ပြီးလျှင် သာသနာတော်၌ ပုဂ္ဂိုလ်တယောက် - ဟု ဆိုလောက်အောင် ကြီးပွါး မြင့်မြတ်ပါစေ၊ ကြီးပွါး မြင့်မြတ်တဲ့ ပုဂ္ဂိုလ် ဖြစ်ပါစေ-ဟု တောင့်တသည်။

င ) ရှေးအခါကာလ က အဇာတသတ်မင်း,ပသေနဒီ ကောသလ မင်းကြီးများ ယာဉ်စီးပြီး ဗုဒ္ဓရှင်ထံ လာကြရာ၌ ဗုဒ္ဓရှင်ကျောင်းတော် တံခါးမုခ်က ယာဉ်မှ သက်ဆင်းပြီးလျှင် ဘိနပ်မစီး, ထီးမဆောင်းဘဲ ဗုဒ္ဓရှင်ထံ ဝင် သကဲ့သို့ ထို့အတူ ယခုကာလ အစိုးရများ ဘုန်းတော်ကြီးကျောင်းတိုက် အရာမ်သို့ လာကြရာ၌ ကျောင်းတိုက်အပ တံခါးမုခ်က ယာဉ်မှ သက်ဆင်းပြီး ဘိနပ်မစီး, ထီးမဆောင်းဘဲ ကျောင်းတိုက်အရာမ်အတွင်းသို့ ဝင်သင့်သည်။

(စ) ရှေးအခါကာလက ပေါက္ခရသာတိပုဏ္ဏား အမ္ဗဋ္ဌလုလင်တို့ ယာဉ်စီးပြီး ဗုဒ္ဓရှင်ထံသို့ လာကြရာ၌ ဗုဒ္ဓရှင်ကျောင်းတော်အပ တံခါးမုခ်က ယာဉ်မှ သက်ဆင်းပြီး ဘိနပ်မစီး, ထီးမဆောင်းဘဲ ဗုဒ္ဓရှင် ထံတော်သို့ ဝင်သကဲ့သို့ ထို့အတူ ယခုကာလ ဒါယကာများ ဘုန်းကြီးကျောင်းတိုက် အရာမ်သို့ လာကြရာ၌ ကျောင်းတိုက်အပ တံခါးမုခ်က ယာဉ်မှ သက်ဆင်းပြီး ဘိနပ် မစီး, ထီးမဆောင်းဘဲ ကျောင်းတိုက်အရာမ်အတွင်းသို့ ဝင်သင့်သည်။

(ဆ) ရှေးအခါကာလက ဝေဿန္တရာမင်းကြီး၏ မယ်တော် ဖုဿတီမိဖုရားကြီး သည် ယာဉ်စီးပြီး သားတော်ရသေ့ထံသို့ လာရာ၌ တံခါးဝက ယာဉ်မှ သက်ဆင်းပြီး ဘိနပ်မပါ ခြေကျင်သာ လာသကဲ့သို့ရှင်း, ဝေသာလီပြည် အမ္ဗပါလီ ပြည်တန်းဆာမသည် ယာဉ်စီးပြီး ဗုဒ္ဓရှင်အထံသို့ ဗုဒ္ဓဖူး လာရာ၌ ဗုဒ္ဓကျောင်းအပ တံခါးမုခ်က ယာဉ်မှ သက်ဆင်းပြီး ဘိနပ်မပါ ခြေကျင်သာ လာသကဲ့သို့ရှင်း ထို့အတူ ယခုကာလ ဒါယိကာမများသည် ဘုန်းတော်ကြီးများ ကျောင်းတိုက်သို့ လာကြရာ၌ ကျောင်းတိုက်အပ တံခါးမုခ်က ယာဉ်အမျိုးမျိုးမှ သက်ဆင်းပြီး ဘိနပ်မစီး, ထီးမဆောင်းဘဲ ကျောင်းတိုက်သို့ ဝင်သင့်သည်။

၁။ သဒ္ဓါလွန်လျှင် တဏှာဖြစ်တတ်သည်။

၂။ ဝီရိယလွန်လျှင် ဥဒ္ဓစ္စဖြစ်တတ်သည်။

၃။ ပညာလွန်လျှင် ကေရာဋိကပက္ခ ရောက်တတ်သည်။

၄။ သတိလွန်သည်မရှိ၊ ထို့ကြောင့် သတိရှိကြပါစေသော်....။

ရွှေကျင်နိကာယ မဟာနာယက၊
အဂ္ဂမဟာပဏ္ဍိတ ပတ္တမြားဆရာတော်၊
ငွေတောရရွှေကျင်တိုက်၊ မင်းကွန်း။

[၁၃၃၂-ခုနှစ်၊တန်ဆောင်မုန်းလဆုတ် (၁) ရက်၊ ပဲခူးမြို့၊ ဝိနည်းပြန် သံဃာ တထောင်၏ အကျိုးဆောင် ပုဂ္ဂိုလ်က 'ဩဝါဒကထာ ရေးပေးပါဗျား'ဟု လျှောက်ထားသောကြောင့် ပတ္တမြား ဆရာ မဟာထေရ်က ဩဝါဒကထာ ရေးပေးလိုက်သည့် စာရွက်၏ စာမူဖြစ်သည်။]

× × × ×

ရန်ကုန်မြို့၊ ဗဟန်း၊ နန္ဒဝန်လမ်း
မဟာဝိသုဒ္ဓါရုံ (ပါဠိတက္ကသိုလ်) ကျောင်းတိုက်

# သာသနာရေး လုပ်ဆောင်ချက် မှတ်တမ်း

(ဤမှတ်တမ်းကို ၁၃၃၂-ခုနှစ်တွင် စာအုပ်ငယ်အဖြစ်ဖြင့် ပုံနှိပ်ပြီး)

## ခဲယဉ်းပင်ပန်းစွာ ထူထောင်ခဲ့ရသော သာသနာ

ဘုန်းကြီးတို့ ယုံကြည်လေးစား အားထားကိုးကွယ်ရာ ဗုဒ္ဓသာသနာတော်ကြီးသည် ကား လွယ်လွယ်ကလေးနှင့် ထူထောင်တော်မူခဲ့သည့် သာသနာတော် မဟုတ်ပါချေ၊ အလွန့်အလွန် ခဲယဉ်းပင်ပန်းစွာ ထူထောင်တော်မူခဲ့ရသည့် သာသနာတော်ကြီး ဖြစ်လေသည်။

ထိုသာသနာတော်ကြီးကို ထူထောင်နိုင်သည့် ပုဂ္ဂိုလ်မြတ်ကြီးအဖြစ်သို့လည်း ဝါ- အမှန်လေးချက် တရားနက်ကို ခွဲဝက်ဝေဘန် မကျန်ကုန်စင် သိမြင်တော်မူသည့် (သမ္မာ သမ္ဗုဒ္ဓ) ဘုရားအဖြစ်သို့လည်း လွယ်လွယ်ကလေးနှင့် ရောက်ခဲ့ရသည်မဟုတ်ပါချေ၊ အလွန့် အလွန် ခဲခဲယဉ်းယဉ်း ပင်ပင်ပန်းပန်း ကျင့်ကြံကြိုးကုတ် အားထုတ်တော်မူပြီးမှသာ ရောက်တော်မူခဲ့ရလေသည်။

ထိုဆိုခဲ့သည့်သဘောများ ပါဝင်သည့် အချက်အလက်များကို သမ္မာသမ္ဗုဒ္ဓ ဘုရား အဖြစ်သို့ ဆိုက်ရောက်တော်မူပြီးနောက် ဆိတ်ကျောင်း ညောင်ပင်စခန်း၌ သိတင်းသုံးတော် မူစဉ် ဘုရားရှင်ကိုယ်တိုင် —

> "ငါဘုရား ခဲခဲယဉ်းယဉ်း ပင်ပင်ပန်းပန်း ကျင့်ကြံအားထုတ်လို့ ရခဲ့ရ သိခဲ့ ရတဲ့ ဒီအမှန်တရားကို အခုအနေ ထင်ထင် ရှားရှား ဟောပြဖို့ မတော်ပါကလား၊ ဒီ(ငါသိတဲ့)အမှန်တရားကို ရာဂ, ဒေါသတွေ လွှမ်းမိုးနှိပ်စက်ခံပြီးနေရတဲ့ လူတွေ အလွယ်နှင့် သဘောပေါက်ကြမှာ မဟုတ်ပေဘူး"
>
> "အမှောင်ဖုံးပြီး အစွဲအလမ်းကြီးနေကြတဲ့ သတ္တဝါတွေဟာ သိမ်လဲသိမ်မွေ့, နက်လဲ နက်နဲ, မြင်လဲ မြင်နိုင်ခဲတဲ့ အပြင် အနုပြူလို သိမ်မွေ့လှတဲ့ ငါ့ရဲ့ အမှန်တရား ကို သိမြင်နိုင်ကြမယ် မဟုတ်ပေဘူး"ဟု စဉ်းစားဆင်ခြင်တော် မူမိလေသည်။

စင်စစ်ကား ဗုဒ္ဓရှင်တော်ဘုရားသည် အကြီးကျယ်ဆုံးသော ရည်ရွယ်ချက်ဖြင့် အကြီး ကျယ်ဆုံးသော ဆင်းရဲပင်ပန်းမှုကိုခံကာ အကြီးကျယ်ဆုံးဖြစ်သည့် အသိအမြင်ကို ရတော် မူပြီးနောက် အမြင့်မြတ်ဆုံးဖြစ်သော သာသနာတော်ကို ထူထောင်တော်မူခဲ့လေသည်။

သဒ္ဓမင်္ဂလ 74–75

## သာသနာသည် လူမျိုး တမျိုးအတွက်သာ မဟုတ် သက်ရှိသတ္တဝါ အားလုံးအတွက်ဖြစ်သည်

ထိုစကားကို အတန်ငယ် ထင်ရှားစေပါအံ့-ဗုဒ္ဓ ရှင်တော်ဗုရားအလောင်းတော်သည် ဤသာသနာတော်ကို လူမျိုး တမျိုးအတွက် ပင်ပန်းကြီးစွာ ကျင့်ဆောင်ကာ ထူထောင်တော်မူခဲ့ခြင်းလည်း မဟုတ်ချေ၊ နိုင်ငံ တနိုင်ငံအတွက် ပင်ပန်းကြီးစွာ ကျင့်ဆောင် ထူထောင်တော် မူခဲ့ခြင်းလည်း မဟုတ်ချေ၊ လူသားအားလုံးအတွက်သာ ပင်ပန်းကြီးစွာ ကျင့်ဆောင် ထူထောင်တော်မူခဲ့ခြင်းလည်း မဟုတ်ချေ၊ စင်စစ်ကား သက်ရှိ သတ္တဝါ အားလုံးအတွက် ပင်ပန်းကြီးစွာ ကျင့်ဆောင် ထူထောင်တော် မူခဲ့ခြင်းဖြစ်လေသည်။

## သက်ရှိသတ္တဝါအားလုံးအား ကယ်တင်လိုသော ဗုရားရှင်၏ ကရုဏာ

ထိုစကားကိုလည်း ထပ်မံထင်ရှားစေပါဦးအံ့-ဗုဒ္ဓရှင်တော်ဗုရား အလောင်းတော်၏ အမြင်၌ တလောကလုံးရှိ သတ္တဝါတို့တွင် 'ချမ်းသာသူ'ဟူ၍ တဦးတလေကိုမျှ မြင်တော်မမူချေ၊ သက်ရှိသတ္တဝါမှန်သမျှ ဝဋ်ဆင်းရဲခံနေရသူများ ဖြစ်သည်ဟုသာ မြင်တော်မူလေသည်၊ ထို့ကြောင့် ဆင်းရဲဒုက္ခရောက်နေသည့် သားသမီးအပေါ်၌ ချစ်လှစွာသော မိဘ၏ ကြင်နာမှုကဲ့သို့ သတ္တဝါအားလုံးတို့အပေါ်၌ အကြင်နာကြီး ကြင်နာတော်မူလေသည်၊ သတ္တဝါအားလုံးတို့၏ ဝဋ်ဆင်းရဲမှ လွတ်မြောက်ရေးအတွက် မိမိတာဝန်ဖြစ်သည်ဟု သဘောထားတော်မူလေသည်၊ ထို့ကြောင့်ပင် သက်ရှိသတ္တဝါအားလုံးတို့အား ဝဋ်ဆင်းရဲမှ ကယ်တင်ရေးဟူသော အကြီးအကျယ်ဆုံး ရည်ရွယ်ချက်ကြီးဖြင့် သို့ကလောက် ပင်ပန်းကြီးစွာ ကျင့်ဆောင် ထူထောင်တော်မူခဲ့ခြင်း ဖြစ်လေသည်။

## သာသနာ ၃-ရပ်

ယင်းသို့ ထူထောင်တော်မူခဲ့သည့် သာသနာဟူသည် အဘယ်နည်း—

၁။ ပရိယတ္တိ သာသနာ = စာပေပိဋကတ် သင်ကြားမှု၊

၂။ ပဋိပတ္တိ သာသနာ = ဘာဝနာ ၂-မျိုးတို့ကို အားထုတ် ပွါးများမှု၊

၃။ ပဋိဝေဓ သာသနာ=မဂ်, ဖိုလ်, နိဗ္ဗာန်ဟူသော တရားမှန်ကို သိမှု၊

ယင်း သာသနာ သုံးမျိုးတို့ကိုပင် သူတော်ကောင်းတရားဖြစ်သောကြောင့် (၁)ပရိယတ္တိသဒ္ဓမ္မ (၂) ပဋိပတ္တိသဒ္ဓမ္မ (၃) အဓိဂမ (ပဋိဝေဓ) သဒ္ဓမ္မ ဟူ၍လည်း (ပါရာဇိကဏ်၊ နှာ-၂၄၊ ရှင်း၊ ၄၁၊ ပ၊ နှာ-၁၈၉ စသည်တို့၌) လာလေသည်။

## သာသနာသုံးရပ် တည်ရှိမှ ဗုဒ္ဓသာသနာ ပွင့်လင်းခြင်း

ထိုသာသနာသုံးမျိုး တည်ရှိနေသရွေ့ ကာလပတ်လုံး ဗုဒ္ဓသာသနာတော် တည်ရှိနေသည်ဟု ဆိုရပေသည်၊ ထိုသာသနာတော် ၃-မျိုး ထွန်းကား ပွင့်လင်းနေသည်ကိုပင် ဗုဒ္ဓသာသနာတော် ထွန်းကားပွင့်လင်းသည်ဟု ဆိုရပေသည်၊ ထိုသာသနာတော်သုံးမျိုး ဆုတ်ယုတ် ပျက်ပြားနေသည်ကိုပင် ဗုဒ္ဓသာသနာတော် ဆုတ်ယုတ် ပျက်ပြားနေသည်ဟု ဆိုရပေသည်။

ဗုဒ္ဓဝါဒဆိုင်ရာ စာပေ ပိဋကတ် သင်ကြားသူတို့ ပေါများ ထွန်းကားနေလျှင် ပရိယတ္တိ သာသနာ ကြီးပွါးထွန်းကားနေသည်ဟု ဆိုရပေသည်၊ သမထဘာဝနာ, ဝိပဿနာ အားထုတ် ပွါးများသူတို့ ပေါများနေလျှင် ပဋိပတ္တိသာသနာ ကြီးပွါးထွန်းကားနေသည်ဟု ဆိုရပေသည်၊ မဂ်, ဖိုလ်, နိဗ္ဗာန် ဟူသော တရားမှန်ကို သိသူတို့ ပေါများ ထွန်းကားနေလျှင် ပဋိဝေဓ သာသနာ ထွန်းကားပွါးများနေသည်ဟု ဆိုရပေသည်။

ထို့ကြောင့် သာသနာဟူသည် လိုက်နာဆောင်ရွက်သူတို့၌ တည်နေကြောင်း အလွန်ပင် သိသာလှပါသည်၊ ပရိယတ္တိ သာသနာသည် ပရိယတ်အားထုတ်သူ၌ တည်နေလေသည်၊ ပဋိပတ်သာသနာသည် ပဋိပတ်အားထုတ်သူ၌ တည်နေလေသည်၊ ပဋိဝေဓ သာသနာသည် ပဋိဝေဓ ဉာဏ်ပေါက်သူ အပေါ်၌ တည်နေလေသည်။

## သာသနတာဝန် ထမ်းဆောင်သူ ၂-မျိုး

ယင်းသို့ ပရိယတ်စသော သာသနတာဝန်ကို ထမ်းဆောင်ကြသူများကို (၁) ရှင်, ရဟန်းပုဂ္ဂိုလ် (၂) လူပုဂ္ဂိုလ်ဟူ၍ အကြမ်းအားဖြင့် ၂-မျိုးခွဲဝေကြည့်သင့်ပေသည်။

## ရှင် ရဟန်းတို့က ပို၍ ထမ်းနိုင်ခြင်း

ရှင်, ရဟန်းဖြစ်သော ပုဂ္ဂိုလ်တို့သည် 'သမ္ဗာဓော ဃရာဝါသော ရဇာပထော' ဟုဆိုအပ်သော အိမ်ထောင်ညွှတ်ကွင်း သံချိုင့်တွင်း' မှ ရှင်းရှင်းလွတ်အောင် ခွါရှောင်တော်မူလာခဲ့ကြသည့်အတိုင်း လူပုဂ္ဂိုလ်တို့ကဲ့သို့ လောကကိစ္စ အများအပြား မရှိကြတော့ချေ၊ ထို့ကြောင့် အိမ်ရာထောင်သူ လောကီလူတို့ထက်ပို၍ ပရိယတ္တိလုပ်ငန်းစသော သာသနာရေးလုပ်ငန်းကြီးများကို ဆောင်ရွက် အားထုတ်မည် ဆိုပါက အားထုတ်နိုင်ခွင့်များ ရှိကြလေသည်။

တနည်းဆိုရလျှင် ရဟန်းတော်တို့သည် လူတို့ထက် သာသနာကြီးပွါးအောင် ဆောင်ရွက်နိုင်သူများဖြစ်ကြလေသည်၊ သာသနာတည်တံ့အောင် ဆောင်ရွက်နိုင်သူများ ဖြစ်ကြလေသည်၊ သာသနာစင်ကြယ်အောင် ဆောင်ရွက်နိုင်သူများလည်း ဖြစ်ကြလေသည်။

## ရှင် ရဟန်းဖြစ်လျက် တာဝန်မထမ်းက လူ့ထက် ထူးခြားစွာ သာသနာပြုသူ မဖြစ်နိုင်

သို့သော် ရှင်, ရဟန်းဟုဆိုရရုံ ခေါင်းတုံးရိတ်ခြင်း, ဖန်ရည်ဆိုး အဝတ်သင်္ကန်းကို ဝတ်ရုံခြင်း စသည်ကိုပြုကာ သာသနဝန်ကို ထမ်းဆောင်ခြင်းမပြုပါက လူတို့ထက် ထူးခြားစွာ သာသနာပြုသူဟု မဆိုနိုင်တော့ပါချေ။

'န မုဏ္ဍကေန သမဏော' ဟူသော ဓမ္မပဒ၊ နှာ-၅၁၊ ''ရဟန်း ရဟန်း မည်ပြာဌာန်း လျက် ရဟန်းဟူလစ် ခေါ်ရာဖြစ်ရုံ စနစ်ခေါက်ချိုး ချုပ်ရိုးခန်းခန်း ဖန်ရည်စွန်းသား သင်္ကန်း ဝါဝါ ဦးပြည်းကာဖြင့် ပညာကင်းပ သိလမဲ့မျိုး အတွင်းဆိုးကား အကျိုးတစိ ဘယ်မှာ ရှိလိမ့်'' ဟူသော မဃဒေဝ ၄၂၅-စသည်တို့နှင့်အညီ အကျိုးရှိသော ရှင်,ရဟန်းအဖြစ် မမြင်သာတော့ပါချေ။

ထို့ကြောင့် ရှင်,ရဟန်းဟူ၍ ဖြစ်လာသည်နှင့်တပြိုင်နက် နည်းများမဆို ပရိယတ်ဝန်, ပဋိပတ်ဝန်, ပဋိဝေဓဝန်များကို ထမ်းဆောင်ရန် တာဝန်ရှိလာလေတော့သည်။

## ရှင် ရဟန်းတို့၏ တာဝန်ကြီး ၂-ရပ်

တနည်းဆိုရလျှင် ရှင်,ရဟန်းဟူ၍ ဖြစ်လာသည်နှင့် တပြိုင်နက် တာဝန်ကြီး ၂-ရပ်ကို ထမ်းဆောင်ရန် လွှဲဖယ်၍ မရတော့ချေ၊ ယင်းတို့မှာ—

၁။ ဂန္ထဓုရ ပရိယတ် လေ့လာသင်ကြားမှုတာဝန်၊

၂။ ဝိပဿနာဓုရ-ဝိပဿနာ ပွါးများ အားထုတ်မှုတာဝန်၊

ဟူ၍ ဖြစ်လေသည်။ (ဓမ္မပဒ၊ ဋ္ဌ၊ ပ-၅။ ရင်းဒု၊ ၃၂၇။ အင်္ဂုတ္တရ၊ ဋ္ဌ၊ ပ၊ ၂၀။)

## သာသနာတည်တံ့ရေးအတွက် ပရိယတ်သည် အဓိက

ယင်းနှစ်မျိုးအနက် ဂန္ထဓုရ ဟူသော ပရိယတ်လုပ်ငန်း တာဝန်ကို ထမ်းဆောင်ခြင်းကား သာသနာတော်၏ အခြေခံလုပ်ငန်း, အစဦးလုပ်ငန်းကို ထမ်းဆောင်ခြင်းပင်ဖြစ်ပေသည်။

တနည်းဆိုရလျှင် ပရိယတ်လုပ်ငန်းဟူသော ဂန္ထဓုရတာဝန်ကို ထမ်းဆောင်ခြင်းသည် သာသနာတော်၏ ရေသောက်မြစ်ကြီးကို မပျက်မစီး ကြီးပွါးအောင် ပြုစုစောင့်ရှောက်ခြင်း ဖြစ်လေတော့သည်။

သာသနဋ္ဌိတိယာ ပန ပရိယတ္တိပမာဏံ။

(သုတ်ပါထေယျ၊ ဋ္ဌ၊ ၇၂၊ ဝိဘင်း၊ ဋ္ဌ၊ ၄၁၂)

သာသနာ တည်တံ့ရေးကား ပရိယတ်သည် ပမာဏဖြစ်သည်ဟု ဆိုလိုပေသည်။

## ပရိယတ် ပဋိပတ် ထို ၂-ရပ်တွင် ပရိယတ်သာ အရင်းမူလ

ဤ စကားကို အတန်ငယ် ချဲ့ထွင်ပြဆိုပါဦးအံ့-ဗုဒ္ဓရှင်တော်ဗုရား၏ သာသနာတော် ၃-ရပ်တို့တွင် ပရိယတ်သည် အရင်းမူလဖြစ်ပါသလော၊ ပဋိပတ်သည် အရင်းမူလ ဖြစ်ပါသလော-ဟူသော ပြဿနာသည် အလွန်ရှေးကျသည့် ကာလကပင် ဖြစ်ပေါ်ခဲ့သည့်ပြဿနာ ဖြစ်လေသည်၊ ပိဋကတ်သုံးပုံ နှုတ်ငုံဆောင်ထား အရှင်မြတ်များပင် တပါးနှင့် တပါး တဖက်နှင့် တဖက် အငြင်းအခုံ ဖြစ်ခဲ့ရသည့် ပြဿနာဖြစ်လေသည်။

ဗုဒ္ဓ ရှင်တော်ဗုရား ပရိနိဗ္ဗာန် ဝင်စံတော်မူပြီးနောက် စတုတ္ထ သံဂါယနာမတင်မီ ခေတ်လောက်တွင် သီဟိုဠ်ကျွန်း၌ ဗြာဟ္မဏတိဿစဏ္ဍာလ ခိုးသူဘေးကြီး ဖြစ်ပွါးခဲ့လေသည်၊ ထိုအခါ ပရိယတ္တိသာသနာတော် မပျောက် မပျက်စေရန် ပင်ပန်းကြီးစွာ စောင့်ရှောက် ဆောင်ရွက်တော် မူခဲ့ကြလေသည်၊ ခိုးသူဘေးကြီး အေးငြိမ်းပြီးနောက် သံဃာ့အစည်း အဝေးကြီးတွင် အဆိုပါ ပြဿနာ ၂-ရပ် ဖြစ်ပေါ်၍ လာခဲ့လေရာ ပံသုကူလိက (ပံသုကူ ဆောင်)အရှင်မြတ်များနှင့် ဓမ္မကထိက အရှင်မြတ်တို့သည် တဖက်နှင့် တဖက် အပြန်အလှန် ငြင်းခုံ ပြောဆိုတော်မူခဲ့ကြလေသည်၊ ပံသုကူဆောင် အရှင်မြတ်တို့က ပဋိပတ်သာ အရင်း မူလဖြစ်ကြောင်းကို ဗုရားရှင်၏ မိန့်တော်မူချက်များမှ ထုတ်နုတ်ကာ ကိုးကား ဖော်ပြကြ လေသည်၊ ဓမ္မကထိက အရှင်မြတ်များကလည်း အလားတူ ထုတ်နုတ် ဖော်ပြကြလေသည်၊ ဓမ္မကထိကအရှင်မြတ်တို့ ထုတ်နုတ်ဖော်ပြသည့် ပါဠိတော်မှာ အောက်ပါအတိုင်းပင်တည်း။

> ယာဝ တိဋ္ဌန္တိ သုတ္တန္တာ၊ ဝိနယော ယာဝ ဒိပ္ပတိ။
> တာဝ ဒက္ခန္တိ အာလောကံ၊ သူရိယေ အဗ္ဘုဋ္ဌိတေ ယထာ။
>
> သုတ္တန္တေသု အသန္တေသု၊ ပမုဋ္ဌေ ဝိနယမှိ စ။
> တမော ဘဝိဿတိ လောကေ၊ သူရိယေ အတ္ထင်္ဂတေ ယထာ။
>
> သုတ္တန္တေ ရက္ခိတေ သန္တေ၊ ပဋိပတ္တိ ဟောတိ ရက္ခိတာ။
> ပဋိပတ္တိယံ ဌိတော ဓီရော၊ ယောဂက္ခေမာ န ဓံသတိ[၁]။

သုတ္တန္တာ၊ ငါဗုရား၏စကားတော်ဖြစ်သော သုတ်တော်တို့သည်။ ယာဝ၊ အကြင် မျှလောက်။ တိဋ္ဌန္တိ၊ တည်ရှိနေကြကုန်၏။ ဝိနယော၊ ငါဗုရား၏ ပညတ်ချက်ဖြစ်သော ဝိနည်းတော်သည်။ ယာဝ၊ အကြင်မျှလောက်။ ဒိပ္ပတိ၊ ထွန်းလင်းတောက်ပ၍ နေပေ၏။ တာဝ၊ ထိုမျှလောက်ပင်။ သူရိယေ၊ နေသည်။ အဗ္ဘုဋ္ဌိတေ၊ တည်လေ တက်ထွန်းလေသော်။ အာလောကံ၊ အလင်းကို။ ဒက္ခန္တိ ယထာ၊ မြင်ကြရသလို။ တထာ၊ ထို့အတူ။ အာလောကံ၊ သာသနာ့ အရောင်အလင်းကို၊ ဒက္ခန္တိ၊ မြင်ရပေကုန်၏။

၁။ အံ၊ ဋ္ဌ၊ ၁၊ ၇၂။

သုတ္တဂေ့သု၊ သုတ္တန်တို့သည်။ အသဂေ့သု၊ ထင်ရှားမရှိကြလေကုန်သော်။ ဝိနယမ္ပိ စ၊ ဝိနည်းသည်လည်း။ (ဝိနည်း၌လည်း)။ ပမုဋ္ဌေ၊ မေ့လျော့လေခဲ့သော်။ သူရိယေ၊ နေသည်။ အတ္ထင်္ဂတေ၊ ဝင်ခဲ့လေသော်။ လောကေ၊ လောက၌။ တမော၊ အမိုက်မှောင်သည်။ ဘဝတိ ယထာ၊ ဖြစ်လေသကဲ့သို့။ လောကေ၊ လောက၌။ တမော၊ သာသနာကွယ်ပ မိုက်မှောင်ကျသည်။ ဘဝိဿတိ၊ ဖြစ်ရပေလိမ့်မည်။

သုတ္တဂေ့၊ သုတ္တန်သည်။ ရက္ခိတေ၊ စောင့်ရှောက်အပ်သည်။ သန္တေ၊ ထင်ရှားရှိလတ်သော်။ ပဋိပတ္တိ၊ ပဋိပတ်သည်။ ရက္ခိတာ၊ စောင့်ရှောက်အပ်သည်မည်သည်။ ဟောတိ၊ ဖြစ်လေတော့၏။ ပဋိပတ္တိယံ၊ ပဋိပတ်၌။ ဌိတော၊ တည်သော။ ဓိရော၊ ပညာရှိသည်။ ယောဂက္ခေမာ၊ ယောဂကုန်ရာ အရဟတ္တဖိုလ်မှ။ န ဓံသတိ၊ မပျက်စီး မလျော့ကျရတော့ပေ။

ဤသို့သော ဗုဒ္ဓဟောစကားတော်ကို ကိုးကားဖော်ပြကြသောအခါ ပံသုကူဆောင် အရှင်မြတ်များအပို့ နှုတ်တုန့်ပြန်လှန် မငြင်းဆန်နိုင်အောင်ပင်၍ သွားကြရလေတော့၏။

ထို့ကြောင့် ဗုဒ္ဓရှင်တော်ဗုဒ္ဓ၏ သာသနာတော် ကြာရှည်ကြီးပွါး တည်တံ့ရေး အတွက် ပရိယတ်သည်သာလျှင် အရင်းမူလဖြစ်ကြောင်း ထင်ရှားပေသည်၊ ပဋိဝေဓဖြစ်စေ၊ ပဋိပတ္တိဖြစ်စေ ထွန်းကားဖြစ်ပေါ်သောအခါလည်း ရှိဟတ်၏၊ မထွန်းကား မဖြစ်ပေါ်သော အခါလည်း ရှိဟတ်၏၊ တခါတရံ ပဋိဝေဓရောက် အရှင်မြတ်တို့ ထွန်းကားဖြစ်ပေါ်၍ နေသောခေတ်ကြီးနှင့် ကြုံရဟတ်ပေ၏၊ 'ကျွဲရဟန်းတော်ဟာ ပုထုဇဉ်ပါသဲ'ဟု လက်ညှိုး ထိုး၍ ပြရမလောက် ပဋိဝေဓရောက် အရှင်မြတ်တို့ ပေါများထွန်းကားသည့် ခေတ်များပင် ရှိခဲ့ဘူးလေသည်၊ တခါတရံ ပဋိပတ်ပုဂ္ဂိုလ်တို့ ပဋိပတ်တန်း ကြိုးစားတော်မူကြသည့် ခေတ်ကြီး ထွန်းကားဖြစ်ပေါ်ဟတ်၏၊ တခါတရံမူကား အလွန်ပင်နည်းပါး၍ သွားသည့် ခေတ်မျိုးနှင့် ကြုံရတတ်ပြန်သေး၏၊ ဤအချက်ကို ထောက်ပါက ပရိယတ်သည်သာလျှင် သာသနာတော် ကြာရှည်တည်တံ့ရေးအတွက် ပမာဏဖြစ်ကြောင်း ထင်ရှားလှပါပေသည်။

ယနေ့ပေသည်၊ ကြာမြင့်တည်မြဲမည့်ကတ်သုံးပုံဟူသော ဗုဒ္ဓရှင်စကားတော်ကို ကြားနာ ရသဖြင့် ပဋိပတ် ပဋိဝေဓ ၂-မျိုးလုံးကိုပင် ဖြည့်ကျင့်နိုင်စရာ အကြောင်းရှိနေလေသည်။

## နွားထိး နွားပ ဥပမာ

နွားထိးပေါင်း အရာအထောင်မျှစဉ်းတော့ အဆက်အနွယ်မပျက်စေရန် နွားမဟူ၍ မရှိခဲ့ပါလျှင် ဟိုအနွယ် ယိုအဆုံအဆက်သည် မစပ်မဆက်တော့သလို ဓုတင်ဆောင်ရဟန်း တော်ပေါင်း အရာအထောင်ပါစေဦးတော့ ပရိယတ်ကွယ်ပသွားမည် ဆိုခဲ့ပါလျှင် ပဋိ ဝေဓ (သစ္စာ ၄-ပါးကိုသိခြင်း) ဟူသော သာသနာတော် ဖြစ်ပေါ် ထွန်းကားနိုင်စရာ အကြောင်းမရှိတော့ပေ။ (အင်္ဂုတ္တရ-ဥပမာ)

## ရွှေအိုးကြီး ဥပမာ

တနည်း-ရွှေအိုးကြီးများ သိုမှီးမြှုပ်နှံရာ နေရာကို သိစေရန် ကျောက်ပြားပေါ်၌ အက္ခရာအညွှန်းများ ရေးတင်၍ ထားခဲ့သော် ထိုအညွှန်းအက္ခရာများ မပျောက်မပျက် တည်ရှိနေသမျှကာလပတ်လုံး ရွှေအိုးကြီးများ ပျောက်သွားပြီဟု မဆိုနိုင်သကဲ့သို့ ပရိယတ် တည်နေခဲ့လျှင် သာသနာတော် ကွယ်သည်ဟု ဆိုနိုင်စရာ အကြောင်းမရှိပေ။ (အဋ္ဌကထာ လာ ဥပမာ)

## ကန်ဘောင် ကန်သင်း ဥပမာ

ထို့အပြင် ကြီးမားသောကန်၏ ကန်ဘောင်-ကန်သင်း မြဲမြံခိုင်ခံ့ နေသမျှကာလ ပတ်လုံး 'ရေတည်နေခြင်း မရှိဘူး' ဟု ဆိုစရာအကြောင်းမရှိပေ၊ ရေတည်ရှိနေခဲ့လျှင် 'ပဒုမ္မာကြာပန်းတို့ ပွင့်မှာမဟုတ်ဘူး' ဟု ဆိုနိုင်စရာအကြောင်းမရှိသကဲ့သို့ ကန်သင်းနှင့်တူသော ပိဋကတ်သုံးပုံဟူသည့် ဗုဒ္ဓစကားတော်များ ရှိနေခဲ့ပါလျှင် ရေနှင့်တူကြသည့် ပဋိပတ်သမား အမျိုးကောင်းသားတို့ မရှိကြဘူးဟု ဆိုနိုင်စရာ အကြောင်းမရှိပေ။

(အင်္ဂုတ္တရ၊ ဋ္ဌ၊ ပ၊ ကေနိပါတ်၊ ဒုတိယပမာဒါဒိဝဂ်၊ နှာ-၇၁-စသည်၌ရှင်း သဒ္ဒနီတိ၊ သုတ္တမာလာ၊ နိဂုံး၊ နှာ-၄၃၀-၁-၌ရှင်း ရှုပါ)

ထိုဆိုခဲ့သည့် အကိုးသာဓကများ, ဥပမာများကိုပင် ပြသကာ ပုဂံခေတ်အရှင်အဂ္ဂဝံသ အရှင်မြတ်၏ သဒ္ဒနီတိကျမ်းကြီး၌ ပရိယတ်သာလျှင် အရင်းမူလဖြစ်ကြောင်း အကျယ် တဝင့် ဖော်ပြတော်မူခဲ့သည့်အပြင် အောက်ပါအဆုံးအဖြတ် ဂါထာကိုပါ စီကုံး ဖော်ပြ တော်မူခဲ့လေသည်။

> ပရိယတ္တိ နုခေါ မူလံ၊ သာသနဿ မဟေသိနော။
>
> ဥဒါဟု ပဋိပတ္တိတိ၊ ပရိယတ္တိတိ ဒီပယေ။

မဟေသိနော၊ သီလက္ခန္ဓ၊ စသည် ကျေးဇူး ဂုဏ်အထူးကို ဆည်းပူးရှာမှီး လေ့ကျက်ပြီး သည့် အရှင်မြတ်ကြီးဖြစ်တော်မူသော ဗုဒ္ဓရှင်၏။ သာသနဿ၊ သာသနာတော်၏။ မူလံ၊ အကြောင်းရင်းမူလသည်။ ပရိယတ္တိ နုခေါ၊ ပရိယတ်လေလော။ ဥဒါဟု၊ သို့မဟုတ်ပါက။ ပဋိပတ္တိ နုခေါ၊ ပဋိပတ်လေလော။ ဣတိ ပုစ္ဆာယံ၊ ဤသို့နှစ်တွေ ပေးခဲ့လေသော်။ ပရိယတ္တိ၊ ပရိယတ်သည်။ မူလံ၊ အကြောင်းရင်း မူလပါပေတည်း။ ဣတိ၊ ဤသို့။ ဒီပယေ၊ ပြသဖြေဆို ရာသတည်း။

## ဂန္ထဓုရလုပ်ငန်းသည် သိက္ခာသုံးပါး နားလည်ရေးအတွက် ဖြစ်ကြောင်း

ဤပြဆိုခဲ့သည့်အချက်များကို ထောက်သဖြင့် ပိဋကတ်ကို သင်ကြားသည့် ဂန္ထဓုရ လုပ်ငန်းဟူသည် သီလ, သမာဓိ, ပညာဟူသော သိက္ခာသုံးပါးကို နားလည်ရေး သဘော

ပေါက်ရေးအတွက် ဖြစ်ကြောင်း ထင်ရှားလှပါပေ၏၊ အဘယ့်ကြောင့်ဆိုသော် ဗုဒ္ဓရှင်တော်ဗုရား၏ အဆုံးသတ် ရည်ရွယ်ချက်ကြီးဖြစ်သည့် သံသရာမှ လွတ်မြောက်ရေး၊ ဝါ-နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ရေးဟူသည် သီလ, သမာဓိ, ပညာ ဟူသော သိက္ခာ ၃-ပါးနှင့် မကင်းနိုင်သောကြောင့်ပင်တည်း။

ထို့ကြောင့်ပင် ပိဋကတ်ကို သင်ကြားရာတွင်လည်း—

၁။ ဝိနည်း ပိဋကတ်ကို သင်ကြားခြင်းသည် အပြစ်ရှိသူကို အပြစ်အားလျော်စွာ ဆုံးမပညတ်ချက်များ (ယထာပရာဓသာသနာ သဘောများ)ကို သင်ကြားရခြင်းပင်ဖြစ်ပေသည်၊ ယင်းမှာ သီလသိက္ခာလုပ်ငန်းအတွက် (အဓိသီလသိက္ခာအတွက်) အခြေခံကြီးဖြစ်လေသည်။

၂။ သုတ္တန်ပိဋကတ်ကို သင်ကြားခြင်းသည် သတ္တဝါတို့၏အလို အဇ္ဈာသယအလျောက် ဟောကြားဆုံးမချက်များ (ယထာနုလောမသာသနာသဘောများ) ကို သင်ကြားရခြင်းပင် ဖြစ်ပေသည်၊ ယင်းမှာ သမာဓိလုပ်ငန်းအတွက် (အဓိစိတ္တသိက္ခာအတွက်) အခြေခံကြီး ဖြစ်လေသည်။

၃။ အဘိဓမ္မာပိဋကတ်ကို သင်ကြားခြင်းသည် ရုပ်နာမ်ဓမ္မသဘာဝဖြင့် ဟောကြားဆုံးမချက်များ(ယထာဓမ္မသာသနာ သဘောများ)ကို သင်ကြားရခြင်းပင် ဖြစ်ပေသည်၊ ယင်းမှာ ပညာလုပ်ငန်းအတွက် (အဓိပညာသိက္ခာအတွက်) အခြေခံကြီးဖြစ်လေသည်။

ယင်းသို့ သီလ, သမာဓိ, ပညာဟူသော သာမည သိက္ခာသုံးပါးထက် အဓိသီလ, အဓိစိတ္တ, အဓိပညာ ဟူသော အထက်တန်းစား သိက္ခာသုံးပါးနှင့် ပြည့်စုံသည့် ပုဂ္ဂိုလ်ဖြစ်နိုင်အောင် ပိဋကတ်စာပေ လေ့လာသင်ကြားရခြင်းဖြစ်ကြောင်း ထင်ရှားလှပါပေသည်။

## ပရိယတ်လုပ်ငန်း အားထုတ်နိုင်အောင် အားပေးထောက်ပံ့ပါက အထူးကျေးဇူးများကြောင်း

ယင်းသို့ ပရိယတ္တိလုပ်ငန်းဟူသော ဂန္ထဓုရလုပ်ငန်းကို လုပ်ဆောင်ရာဝယ် ထိထိရောက်ရောက်လုပ်ဆောင်နိုင်အောင် အားပေး ထောက်ပံ့မည့် ပုဂ္ဂိုလ်များရှိပါက အထူးပင် ကျေးဇူးများနိုင်ကြောင်း လျှော့ပါးဘွယ်လိုလှမည် မဟုတ်ပါချေ။

## အာမိသ, ဓမ္မဒါန ၂-မျိုး

သာသနာတော်၌ အာမိသဒါန(ပစ္စည်းအလှူ)ထက် ဓမ္မဒါန(တရားအလှူ)က အလွန်မြင့်မြတ်ကြောင်းကို ဟောတော်မူချက် အများပင် ရှိပေသည်။ (အင်္ဂုတ္တရ၊ ပ-တွဲ၊ နှာ-၉၀၊ ၎င်း ဋ၊ ဒု-တွဲ၊ နှာ-၆၀၊ စသည်)

## အာမိသ, ဓမ္မ အနုဂ္ဂဟ ၂-မျိုး

အာမိသာနုဂ္ဂဟ (ပစ္စည်းလေးပါးဖြင့်ချီးမြှောက်ခြင်း)ထက် ဓမ္မာနုဂ္ဂဟ (တရားဖြင့် ချီးမြှောက်ခြင်း)က ပိုမို မြင့်မြတ်ကြောင်း ဟောတော်မူချက် အများပင်ရှိလေသည်။

သို့သော်လည်း သာသနာတော်၌ ပစ္စယာနုဂ္ဂဟ, ဓမ္မာနုဂ္ဂဟနှစ်မျိုးလုံးဖြင့် ချီးမြှောက်မှု ကင်းလျှင် မကြီးပွါးနိုင်ကြောင်း မိန့်ဆိုထားသည့် ခန္ဓဝဂ္ဂသံယုတ်-အဋ္ဌကထာ ၂၇၄-စကားကိုလည်း သတိပြုသင့်လှပေသည်။

## ရဟန်းတော်တို့ သာသနာပြုရာတွင် ဒါယကာတို့၏ အထောက်အပံ့ရလေလေ အောင်မြင်လေလေဖြစ်ပုံ

မှန်ပေသည်၊ သက်တော်ထင်ရှား ဗုဒ္ဓရှင်တော်ဘုရား ရှေ့လက်ထက်တော်၌ပင် ဘုရားရှင်၏ သာသနာရေးလုပ်ငန်းတွင် ဗိမ္ဗိသာရ, ကောသလ စသောဘုရင်တို့၏ အထောက်အပံ့များ၊ အနာထပိဏ်, ဝိသာခါ, နန္ဒိယ စသော သူဌေးသူကြွယ်တို့၏ အထောက်အပံ့များ၊ အခြားလူထု လူတန်းစား အလွှာအသီးသီးတို့၏ အထောက်အပံ့များ အများအပြား ပါဝင်နေပုံကို တွေ့ရပေသည်။

## အသောကလက်ထက် ဗုဒ္ဓသာသနာ ကမ္ဘာအနှံ့ ပြန့်ခဲ့ခြင်းမှာလည်း ဒါယကာတို့ ချီးမြှောက်ခဲ့မှုကြောင့်ဖြစ်ပုံ

ကမ္ဘာကျော် အသောကမင်းတရားကြီး လက်ထက်တော်၌ ဗုဒ္ဓသာသနာတော်သည် အံ့ဩလောက်အောင်ပင် ကမ္ဘာအနှံ့ ပြန့်သွားခဲ့လေသည်၊ ယင်းသို့ ပျံ့နှံ့ခြင်းမှာ သာသနာပြု အရှင်မြတ်တို့၏ စွမ်းဆောင်မှု သက်သက်ကြောင့်သာ မဟုတ်ဘဲ သာသနာ့ဝန်ထမ်း အရှင်မြတ်တို့၏ စွမ်းဆောင်ချက်များကို အောင်မြင်စေရန် ဒါယကာတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ချီးမြှောက်ချက်တို့ကြောင့် ဖြစ်ကြောင်းကို အများအပြား တွေ့မြင်ရပေသည်။

မြန်မာနိုင်ငံ၌ ပုဂံပြည် ရှင်အရဟံ၏ သာသနာပြုလုပ်ငန်းမှစ၍ သာသနာ့ဝန်ဆောင် ရဟန်းတော် အဆက်ဆက်တို့၏ သာသနာပြုလုပ်ငန်းအားလုံးကို ဘုရင်များအနေဖြင့် ဖြစ်စေ, မှူးမတ် သူဌေးသူကြွယ်မှ စ၍ ဆင်းရဲသားများပါ မကျန် ပစ္စည်းလေးပါးဖြင့် လှူဒါန်းအားပေးခဲ့ကြပုံများကို တွေ့ရပေသည်။

## လှူဒါန်းအားပေး ချီးမြှောက်ရေးကား ဒကာ ဒကာမတို့တာဝန်

ယင်းသို့ ပစ္စယာနုဂ္ဂဟဖြင့် လှူဒါန်းအားပေး ချီးမြှောက်ထောက်ပံ့ရေးမှာ ဗုဒ္ဓသာသနာကို ကြည်ညိုသည့် ဗုဒ္ဓဝါဒီ ဒကာ ဒကာမတို့၏ တာဝန်ဖြစ်ကြောင်း ထင်ရှားပေသည်၊ ဗုဒ္ဓဝါဒီ ဒကာ ဒကာမများအနက် ပစ္စယာနုဂ္ဂဟဖြင့် စွမ်းအားအလျောက် တာဝန်ကျေအောင် ထောက်ပံ့သူများလည်း ရှိခဲ့ကြသည်၊ မထောက်ပံ့သူများလည်း ရှိခဲ့ကြသည်။

ယင်းသို့ ဒကာ ဒကာမတို့က တာဝန်ကျေအောင် ထောက်ပံ့ချီးမြှင့်စေမည့် နည်းလမ်းကား အဘယ်ပါနည်း၊ ဝါ-ယင်းသို့ ထောက်ပံ့ ချီးမြှောက်စေမည့် နည်းလမ်းတို့တွင် အကောင်းဆုံး နည်းလမ်းများကား အဘယ်နည်းလမ်းများ ဖြစ်ကြပါသနည်း။

အထက်ပါ ပြဿနာကား ဗုဒ္ဓသာသနာပြု လုပ်ငန်းများ အောင်မြင်ရေးအတွက် အရေးကြီးလှသော ပြဿနာပေတည်း။

ထို့ကြောင့် အမှန်ဆုံးအဖြေကို ဖြေနိုင်ရန် လိုအပ်လှပေသည်။

အဖြေမှန်ကို ရရေးအတွက် ဗုဒ္ဓရှင်တော်ဘုရား၏ အရေးကြီးဆုံးသော ရည်ရွယ်ချက်၊ ဗုဒ္ဓသာသနာတော်၏ ပန်းတိုင်သဘောများကို မျက်ခြေပြတ် မခံခဲ့ဘဲ အခြေခံထားကာ စဉ်းစားဆုံးဖြတ်သည့် အဖြေမျိုးသာလျှင် အဖြေမှန် ဖြစ်နိုင်ပေလိမ့်မည်။

## သံသရာမှ လွတ်မြောက်ရေး အဆုံးအမများသည် ဘုရားရှင်၏ အဓိက ရည်ရွယ်ချက်ဖြစ်ပုံ

ဗုဒ္ဓရှင်တော်ဘုရား၏ အရေးအကြီးဆုံး ရည်ရွယ်ချက်ကား ဆင်းရဲအတိပြီးသော သံသရာလောကမှ လွတ်မြောက်ရေးသာလျှင် ဖြစ်ပေသည်၊ ထို့ကြောင့် ဗုဒ္ဓရှင်တော်ဘုရား တည်ထောင်တော်မူသည့် သာသနာသုံးရပ်ဆိုသည်မှာလည်း ဆင်းရဲအတိပြီးသော သံသရာလောကမှ လွတ်မြောက်ရေး အဆုံးအမများသာလျှင် ဖြစ်ပုံကို တွေ့ရပေသည်။

ထို့ကြောင့် ဗုဒ္ဓသာသနာတော်ကို တည်ထောင်တော်မူခဲ့သည့် ဗုဒ္ဓရှင်တော်ဘုရား၏ အလိုတော်နှင့်ညီအောင် သံသရာလောကမှ လွတ်မြောက်ရေးလုပ်ငန်းတခုခုကို လိုက်နာဆောင်ရွက်တော်မူနေသည့် ရဟန်းသံဃာတို့အား ပစ္စယာနုဂ္ဂဟဖြင့် ချီးမြှောက်ခြင်းသည် အမှန်ကန်ဆုံးသော ချီးမြှောက်နည်း ဖြစ်ကြောင်း ထင်ရှားပေသည်။

ပရိယတ္တိကို အားထုတ်နေခြင်းသည် သံသရာလောကမှ လွတ်မြောက်ရေးလုပ်ငန်းအတွက် အခြေခံလုပ်ငန်းပင် မဟုတ်ပါလော။

ပဋိပတ္တိလုပ်ငန်းကို အားထုတ်နေခြင်းသည် သံသရာလောကမှ လွတ်မြောက်ရေးလုပ်ငန်းကို လက်တွေ့လုပ်ဆောင်နေခြင်းပင် မဟုတ်ပါလော။

## မှန်ကန် မြင့်မြတ်သော ချီးမြှောက်ခံရမှု

ယင်းသို့ ဂန္ထဓုရ(စာပေတာဝန်)ဝိပဿနာဓုရ(ဝိပဿနာပွါးများမှုတာဝန်)များကို အားထုတ်ခြင်းကြောင့် ရရှိသော ပစ္စည်းဖြင့် ချီးမြှောက်ခံရမှုသည် မှန်ကန် မြင့်မြတ်သော ချီးမြှောက်ခံရမှု အစစ် ဖြစ်လေတော့သည်။

ဗုဒ္ဓရှင်၏ အလိုတော်အတိုင်း သီလနှင့်ပြည့်စုံအောင် အားထုတ်လိုက်နာမှု, သမာဓိနှင့် ပြည့်စုံအောင် အားထုတ်လိုက်နာမှု, ပညာနှင့် ပြည့်စုံအောင် အားထုတ်လိုက်နာမှု များကြောင့် ပစ္စယာနုဂ္ဂဟဖြင့် ချီးမြှောက်ခံရမှုသည် မှန်ကန်မြင့်မြတ်သော ချီးမြှောက်ခံရမှုပင် ဖြစ်လေတော့သည်။

ယင်းသို့သော ချီးမြှောက်မှုမျိုးကို လက်ခံရရှိခြင်းကြောင့် လက်ခံရရှိသည့် သာသနာ့ဝန်ထမ်း ရဟန်းတော်များ အဖို့လည်း ကြီးပွါးချမ်းသာကြောင်း ဖြစ်လေတော့သည်၊ ချီးမြှောက်ရသည့် ဒကာ, ဒကာမများအဖို့လည်း အကျိုးထူးများကို ကြီးကျယ်စွာ ရရှိရန် အကြောင်း ဖြစ်လေတော့သည်၊ အချုပ်အားဖြင့် သာသနာကြီးပွါး တည်တံ့အောင် အချီးမြှောက်ခံနည်းနှင့် သာသနာကြီးပွါးတည်တံ့အောင် ချီးမြှောက်နည်းများဖြစ်သည်ဟု ဆိုရပေလိမ့်မည်။

## ရေသောက်မြစ်ပမာ ပရိယတ္တိသာသနာ

အဆီ အနှစ် အရသာတို့ကို သုံးဆောင်ခံစားလိုသော ဉယျာဉ်မှူးသည် သစ်ပင်၏ ခက်သေး ခက်မွှား အပွင့် အသီး ထင်ရှားမည့် အဖျားပိုင်း၌ ရေမလောင်း၊ ခိုင်မာသော ပင်စည်နှင့် အသွင်ညီညီ အဆက်လှနေသော ခက်မသွယ်ဆိုင်းသည့် အလယ်ပိုင်း၌လည်း ရေမလောင်း၊ သစ်ပင်၏ အခြေဖြစ်သည့် အမြစ်ကိုသာ ရေလောင်း၏၊ ထိုသို့လောင်းသဖြင့် ရေလုံလောက်၍ ရေသောက်မြစ် သန်မာထွားကြိုင်း၏၊ ရေသောက်မြစ် သန်မာထွားကြိုင်းလေလေ ပင်စည်ခက်မ သန်မာထွားကြိုင်းလေလေ ဖြစ်၏၊ ပင်စည်ခက်မ သန်မာထွားကြိုင်းသလောက် အပွင့်အသီးတို့ ကြီးထွားအောင်မြင် သုံးဆောင်ချင်စဖွယ် တင့်တယ်မှည့်ရွှမ်း အရည်ရွှမ်း၍ ပြည့်ဝန်းလှစွာ ဝေဝေဆာဆာရှိသဖြင့် ဉယျာဉ်မှူး သုံးဆောင်ခံစားရ၏။

ရေသောက်မြစ်နှင့်တူသော ပရိယတ္တိသာသနာ တိုးတက်စည်ကား ကြီးပွားလျှင် ပင်စည်ခက်မနှင့်တူသော ပဋိပတ္တိသာသနာသည်လည်း တိုးတက်စည်ကားကြီးပွါးလေ၏၊ ထိုပဋိပတ္တိသာသနာ တိုးတက်စည်ကား ကြီးပွါးသလောက် အညွန့်အဖူး အပွင့်အသီးနှင့်တူသော ပဋိဝေဓသာသနာလည်း စည်ပင်ပြန့်ပွါး ကြီးမားတိုးတက်လေ၏။

ထို့ကြောင့် သာရတ္ထဒီပနီဋီကာ၌ ''ပရိယတ္တိသဒ္ဓမ္မော နာမ တိပိဋကမ္ပိ သဒ္ဓမ္မံ ပတိဋ္ဌာပေတိ''ဟု ပြဆိုရာ ပရိယတ္တိသာသနာမည်သည် ယင်းပရိယတ္တိသာသနာကိုရင်း၊ ပဋိပတ္တိသာသနာကိုရင်း၊ ပဋိဝေဓသာသနာကိုရင်း၊ ဤသာသနာ သုံးရပ်လုံးကို မြဲမြံခိုင်ကြံ့တည်တံ့စေနိုင်၏၊ သို့ဖြစ်ပေရာ ပရိယတ္တိသာသနာကို အားပေးထောက်ပံ့ လှူဒါန်းမှုကို ပြုလုပ်အားထုတ်ကြလေ့၊သာသနာပြုဒါယကာ ဒါယိကာမအပေါင်းတို့သည် သစ်ပင်၏ ရေသောက်မြစ်ကို ရေလောင်းက သုံးဌာနလုံးကို ရေလောင်းရာရောက်သကဲ့သို့ ပရိယတ်, ပဋိပတ်, ပဋိဝေဓ သာသနာသုံးရပ်လုံးကို အားပေး ထောက်ပံ့ရာရောက်သဖြင့် အလွန်ဝမ်းမြောက်ဖွယ်ရာ ကောင်းလှပါ၏။

ပရိယတ္တိ နာမ အမ္ဟာကံ န ဒုက္ကရာ[၁]၊ ပရိယတ်ဆိုဒါ ငါတို့အား မခဲယဉ်း၊ ထိုပရိယတ်တရားသည် သံသရာဝဋ်ဆင်းရဲမှ ထွက်မြောက်ကြောင်း မဟုတ်ပါဟူ၍ မပြောဆိုကောင်းပါ၊ ပြောဆိုမိလျှင် ဗုဒ္ဓသာသနာကို ပုတ်ခတ်ရာရောက်၍ ထိုသူနှင့် တူသော ခိုးသူကြီးမည်သည် မရှိတော့ပါ၊ စင်စစ်မှာ ပရိယတ်အသင့်ပြုလျက် ပဋိပတ်ကျင့်မှုနှင့် ဆက်သွယ်၍ ပဋိဝေဓ နယ်သို့ရောက်နိုင်ပုံကို သမ္မောဟဝိနောဒနီ အဋ္ဌကထာကြီး၌ "န ဟိ ပရိယတ္တိဓရော ဒုက္ခတော န မုစ္စတိ"[၁] ပါဠိ, အဋ္ဌကထာ, ဋီကာစသော ပရိယတ်တရားကို သင်ကြားလေ့ကျက် ဆောင်ရွက်မှတ်သားအားထုတ်သော ပုဂ္ဂိုလ်သည် အပါယ်ငရဲမှ ကျွန်မသေ့ လွတ်မြောက်ရပေသည်-ဟု မိန့်ဆိုထားပါသည်၊ ထို့ကြောင့် ပရိယတ်တရား ပုတ်ခတ်သောစကားကို မပြောကြားမိအောင် အထူးပင် သတိပြုသင့်လှပါ၏။

ဤပရိယတ္တိသဒ္ဓမ္မ, ပဋိပတ္တိသဒ္ဓမ္မ, ပဋိဝေဓသဒ္ဓမ္မ သာသနာသုံးရပ် တည်တံ့ စည်ကားကြီးပွားတိုးတက်ရန်နှင့် နိဗ္ဗာန်ပန်းတိုင် လှမ်းကိုင် ဆွတ်ခူးနိုင်ဘို့အရေးမှာ အိမ်ထောင်ရှောင်ရှား ရဟန်းသံဃာတော်များနှင့် အိမ်ရာထောင်သူ လူပုဂ္ဂိုလ် ဤနှစ်ဦးသားတို့သည် ကျွန်းကိုင်းမှီ ကိုင်းကျွန်းမှီ ဆိုသကဲ့သို့ အချင်းချင်း မှီတင်းအားပြုခြင်းရှိမှသာ လွန်စွာ သင့်မြတ် လျောက်ပတ်မည် ဖြစ်ပါသည်။

ထို့ကြောင့် မြတ်စွာဗုဒ္ဓ ဆုံးမတော်မူချက်ကို ရိုသေစွာလိုက်နာ၍ သူ့ထက်ငါ ဆက်လက် ဆောင်ရွက်နိုင်ကြပါစေကုန်သတည်း။

## ကိုယ့်ဝမ်းပွေးမှု၊ လူ့နှယ်တုလျက်၊ လူပြု လူကျင့်၊ ရှင်နှင့်မတော်

မှန်ပေသည်၊ ချီးမြှောက်တိုင်း ချီးမြှောက်ခံရတိုင်း ကောင်းသည် မှန်သည်ဟု မဆိုသာချေ။

"ရဟန်းသည် မင်းကျင့် ကျင့်က ပျက်စီးသည်၊မင်းသည် ရဟန်းကျင့် ကျင့်က ပျက်စီးသည်"ဟု ရှေးကပင် အဆုံးအမ ပြုခဲ့ကြလေသည်။

တနည်း-ရဟန်းသည် လူမဟုတ်၊ လူသည် ရဟန်းမဟုတ်၊ လူသည် လောကကြီးကို လိုက်စားသကဲ့သို့ ရဟန်းသည် လောကကြီးကို မလိုက်စားသင့်၊ လိုက်စားပါက ပျက်စီးရာ ရောက်တော့သည်၊ ဤအချက်မျိုးကိုရည်၍—

> "ဂန္ထ, ဝိပဿနာ၊ နှစ်ဖြာဓုရ၊ မလို့လဘ်၊ ကိစ္စမနည်း၊ အလိုသည်း၍၊ အရည်းမပီ၊ အလဇ္ဇီဖြင့်၊ ဒုသီကျင့်ဆန်း၊ ရှင်ပေါက်ပန်းတို့၊ ရဟန်းတမင့်၊ မင်းကျင့် ကျင့်က၊ ပျောက်လွင့်သတင်း၊ သီလကင်း၏" ဟူ၍ရင်း၊

---

၁။ သမ္မောဟဝိနောဒနီအဋ္ဌကထာ၊ နှာ-၄၅၇။

"အဖျင်းအသွမ်း၊ ဂုဏ်မဲ့နွမ်းအောင်၊ ကိုယ်ဝမ်းမွေးမှု၊ လူ့နှယ်တုလျက်၊ လူပြုလူကျင့်၊ ရှင်နှင့်မတော်၊ ပစ္စည်းမျှော်၍၊ မလျော်လျောက်ပတ်၊ မြေကြန်တတ်က၊ နက္ခတ်ပညာ၊ စေပါဒူတ၊ အင်္ဂဝိဇ္ဇာ၊ တိရစ္ဆာဖြင့်၊ ယုတ်မာဝမ်းရေး၊ သက်မွေးကြွေး၊ လေ့ကျက်မှားသည့်၊ ငံ့စား မေ့စား၊ အမျှော်စားနှင့်၊ ထောင့်စား ခေါ်ရိုး၊ရဟန်းဆိုးတို့၊ စားမျိုးလေးဖြာ၊ မိစ္ဆာဇီဝ၊ နေသနလည်း" ဟူ၍ရှင်း၊ မဃဒေဝ ၄၂၅-၌ မာန်လည်ဆရာတော်ဘုရားကြီး စပ်ဆိုတော်မူခဲ့လေသည်။

## ရဟန်းသည် ရဟန်းပီသလေလေ ကြီးပွါးလေလေ

အထက်ပါစကားအရ ရဟန်းသည် ရဟန်းပီသလေ ကြီးပွါးလေလေ ဖြစ်ကြောင်း ထင်ရှားသည်၊ လူနှင့်တူသောရဟန်း လူကဲ့သို့ ကျင့်သောရဟန်း ရဟန်းနှင့် မတူသော ရဟန်းမျိုးကို တကယ့်သာသနာစိတ် သာသနာအမြင်ရှိသော အဘယ်ဒကာ ဒကာမကမှ လိုလားမည်မဟုတ်ချေ၊ ကြည်ညိုချင်မည်မဟုတ်ချေ၊ ချီးမြှောက်ချင်မည် မဟုတ်ချေ၊

တကယ့် သာသနာအမြင်ရှိသည့် ဒကာဒကာမများအဖို့ကား လူထက်သာသော လူ့ထက်များစွာ မြင့်မြတ်သော ရဟန်းတော်မျိုးကိုသာ ကြည်ညိုလိုကြသည်၊ လှူဒါန်းလိုကြသည်၊ ပူဇော်လိုကြသည်။

မြန်မာနိုင်ငံ သာသနာ့သမိုင်းတွင် ထိုကဲ့သို့ ရဟန်းပီသသည့် ရဟန်းတော်အရှင်မြတ်များကို သာသနာရေးအတွက်၊ ဝါ-လောကုတ္တရာရေးအတွက်၊ ဝါ-သံသရာရေးအတွက် အများဆုံး အားပေးကြလေသည်။

လောကီဆံသည့် ရဟန်းတော်များနှင့် ပွဲကျောင်း ရဟန်းတော်များအား လောကီရေးကို အများဆုံးငဲ့ကာ အကြောင်းအမျိုးမျိုးတို့ကြောင့်သာ ချီးမြှောက် အားပေးခဲ့ကြခြင်း ဖြစ်လေသည်။

## ရဟန်းပီသလှသည့် ပထမ ရွှေကျင်ဆရာတော်

အနီးကပ်ဆုံး သက်သေတရပ်အဖြစ်ပြရလျှင် ပထမရွှေကျင် သာသနာပိုင်ဆရာတော်ဘုရားကြီးပေတည်း၊ ပထမရွှေကျင်ဆရာတော် ဘုရားကြီးသည် ရဟန်းပီသလှသည့် ဗရာ့သားတော်ကြီးဖြစ်လေသည်၊ သာသနာကို ကြီးကျယ်စွာ အားအပေးဆုံး မြန်မာဘုရင်တို့တွင် အပါအဝင်ဖြစ်သည့် မင်းတုန်းမင်းတရားသည် အဘယ်ရဟန်းပုဂ္ဂိုလ်ကိုမှ ပေးတော်မမူသည့် အခွင့်အရေးမျိုး, အဘယ်ရဟန်းပုဂ္ဂိုလ်ကိုမှ ချီးမြှောက်တော်မမူသည့် ချီးမြှောက်နည်းမျိုးတို့ဖြင့် ချီးမြှောက်တော် မူခဲ့လေသည်။

စင်စစ်ကား ရွှေကျင်ဆရာတော်ဘုရားကြီးသည် မင်းကေရာဇ်၏ ကြည်ညိုလေးစားမှုကို ခံတော်မူခြင်းထက် သီလသိက္ခာ စောင့်ထိန်းရေးကိုသာ ပိုမို လေးစားတော်မူလေသည်၊ အကြည်ညိုခံရအောင်, အလေးစား ခံရအောင်ဟု တခါတရံမျှ ပြုတော်မမူချေ၊ ယင်းသို့

ပြုတော်မမူခြင်းသည်ပင် ပိုမို၍ ကြည်ညိုလေးစားစေမည့်အကြောင်းများတွင် အပါအဝင် ဖြစ်ခဲ့လေသည်။

မင်းတုန်းမင်းတရားကြီးသည် ရွှေဘိုသို့ထွက်တော်မူသည့် အရေးတော်ပုံအတွင်း ရွှေကျင်ဆရာတော်ကို ဖူးမျှော်ရစဉ်ကပင် ရဟန်းပီသလှသဖြင့် သာသနာပြုရေးအတွက် အလွန် အားထားတော်မူခဲ့လေသည်၊ ဘုရင်ဖြစ်လာသည့်အခါ မန္တလေး နေပြည်တော်သို့ ပင့်ဆောင်ကာ ပစ္စည်းလေးပါးတို့ဖြင့် အားရှိအင်ရှိ လှူဒါန်းပြုစုတော်မူသည်၊ သီးခြား သာသနာပိုင် တပါးကဲ့သို့ ခန့်ထားချီးမြှောက်တော်မူသည်၊ ရာဇဝတ်သင့်သည့်ပုဂ္ဂိုလ်များ အား ကယ်နုတ်တော်မူသည်ကို အကြိမ်များစွာ လိုက်လျောခွင့်ပြုတော်မူသည်၊ မင်းတုန်း မင်းတရားကြီးသည် ရွှေကျင်ဆရာတော်ဘုရားကြီး၌ မရက်မစက် နှစ်သက်ကြည်ညိုသည့် အပြုအမူ များစွာတို့ကို တွေ့ရလေသည်။

## ရွှေကျင်ဆရာတော်၏ ဥပဒေကျင့်ထုံးကြီး

ရွှေကျင်ဆရာတော်ဘုရားကြီးသည် မိမိ၏အဆုံးမအတိုင်း ဖြစ်ပေါ်လာသည့် ရွှေကျင် ဂိုဏ်းကြီးတခုလုံး လိုက်နာစေရန် ပြဋ္ဌာန်းတော်မူသည့် ဥပဒေကျင့်ထုံးကြီး၌လည်း ဗုဒ္ဓရှင် အလိုတော်နှင့် ကိုက်ညီသော ဝါ-သာသနာကြီးပွါး တည်တံ့ရေးအတွက် သက်သက်ဖြစ် သော စည်းကမ်းဥပဒေများသာ ပါဝင်စေတော်မူခဲ့လေသည်။

ယင်းသို့ ရွှေကျင်ဂိုဏ်းကြီးတခုလုံး လိုက်နာရန် ပြဋ္ဌာန်းတော်မူခဲ့သည့် ဥပဒေ စည်းကမ်းများကိုလည်း မြန်မာပြည်အတွင်းရှိ ရွှေကျင်ဂိုဏ်းဝင် ကျောင်းတိုက်ကြီး, ငယ် အသွယ်သွယ်တို့၌ရင်း, မြန်မာပြည်၏ ပြင်ပနိုင်ငံခြားများရှိ ကျောင်းတိုက်ကြီး, ငယ် အသွယ် သွယ်တို့၌ရင်း၊ လိုက်နာလျက်ရှိကြသဖြင့် ဗုဒ္ဓရှင်၏ ပရိယတ်, ပဋိပတ် သာသနာတော် မြတ် ထွန်းကားရန် အားထုတ်အောင်မြင်သည့် သံဃာအဖွဲ့အစည်း အပေါင်းတို့တွင် ရွှေကျင် ဂိုဏ်းအဖွဲ့အစည်းကြီးသည် အထင်အရှား ပါဝင်လျက်ရှိကြောင်း မည်သူမျှ ငြင်းဆိုနိုင်လိမ့် မည် မဟုတ်ပါချေ။

## ရွှေကျင်ဂိုဏ်း အုပ်ချုပ်ပုံ

ရွှေကျင်ဂိုဏ်းဝင် သံဃာတော် အရှင်မြတ်တို့သည် ရွှေကျင်တဂိုဏ်းလုံးနှင့်ဆိုင်သည့် သာသနာသန့်ရှင်းစွာ ကြီးပွါးတည်တံ့ရေး ဥပဒေစည်းကမ်းများကို တပါးစီအနေဖြင့် လိုက်နာတော်မူခြင်း၊ သီးခြားတိုက်တာအနေဖြင့် လိုက်နာတော်မူခြင်း ပြုကြရုံသာမက သာသနာတော်သန့်ရှင်းစွာ ကြီးပွါးတည်တံ့ရေးအတွက် ပဓာန နာယက ဆရာတော် အသီး သီးတို့၏ အသေးစိတ် စည်းကမ်း ဥပဒေများကိုလည်း ထုတ်ပြန်ကာ အုပ်ချုပ်တော်မူလေ့ ရှိကြသည်။

ယင်းသို့သော စည်းကမ်းဥပဒေတို့တွင် ရန်ကုန်မြို့၊ ဗဟန်းရပ်၊ နန္ဒဝန်လမ်း၊ မဟာဝိသုဒ္ဓါရုံ ရွှေကျောင်းတိုက်သစ်အတွက် ပဓာန နာယက ဖြစ်တော်မူသော အရှင်ဝါသဝါဘိဝံသ အရှင်မြတ် ထုတ်ပြန်တော်မူသည့် စည်းကမ်းဥပဒေများမှာ အောက်ပါအတိုင်း ဖြစ်လေသည်။

## ရန်ကုန်မြို့၊ ဗဟန်း၊ နန္ဒဝန်လမ်း
## မဟာဝိသုဒ္ဓါရုံ ရွှေကျောင်းတိုက်သစ် စည်းမျဉ်းဥပဒေ

ဤကျောင်းတိုက်၌ နေထိုင်လိုသော ပုဂ္ဂိုလ်သည် ဖော်ပြလတ္တံ့သော စည်းမျဉ်းဥပဒေကို တသွေမတိမ်း စောင့်ထိန်းလိုက်နာပါမည်ဟု ကိုယ်တိုင်လက်မှတ်ရေးထိုးပြီးမှသာ နေထိုင်ခွင့်ရပါမည်။

၁။ နာယကဆရာတော်နှင့် တိုက်အုပ်တိုက်ကြပ်, စာချဘုန်းကြီး, ဆွမ်းစားကျောင်းဘုန်းကြီးများ၏ သက်ဆိုင်ရာ ညွှန်ကြားချက်များကို လေးစားလိုက်နာရမည်။

၂။ ဆရာ,မိ-ဘ,ရဟန်း ဒကာ-ရဟန်း အမ, တဦးဦး ကိုယ်တိုင်သော်ရင်း၊ ယုံကြည်လောက်သော စာဖြင့်သော်ရင်း ပို့အပ်သူဖြစ်၍ အာမခံပုဂ္ဂိုလ်လည်း ထားရှိရမည်။

၃။ မြို့တွင်း,ရွာတွင်းသို့ ဝင်လျှင်သွား-ပြန် ပန်ကြား လျှောက်ထားပြီး၊ ဝိနည်းတော်နှင့်အညီ မချွတ်ကေန် သက်နိုးရုံရမည်။

၄။ ပြောပလောက်သော ဂိလာနဖြစ်သူကို ချန်လှပ်၍ ညဥ့်,နံနက် မပြက်ချိန်မှန် ဘုရားဝတ်တက်လိုက်ရမည်။

၅။ ဥပုသ်နေ့ ညစဉ်-ညတိုင်း၊ ရွှေကျောင်းဂိုဏ်း ကျင့်ထုံးကြီးစသော ဥပဒေများနှင့် နာယကဆရာတော်,တိုက်အုပ်, တိုက်ကြပ်တို့၏ အဆုံးအမကို ကျိုးနွံစွာ နာခံရမည်။

၆။ အံသကိုဋ္ဌ (အင်္ကျီလက်တို) ဝတ်ခြင်းမှ ရှောင်ကြဉ်၍ လပြည့်-လကွယ် သံဃဥပုသ်ပြုရာသို့ မချွတ်ကေန် လိုက်ရမည်။

၇။ ရုပ်ရှင်, ဘောလုံးပွဲ,အငြိမ့်ပွဲစသည် သွားရောက်ကြည့်ရှုခြင်းနှင့် မလျော်သော သက်နိုးရောင်များကို ဝတ်ခြင်းမှလည်း ရှောင်ကြဉ်ရမည်။

၈။ ဆေးလိပ်သောက်ခြင်း, နေ့လွဲကွမ်းစား, ဆေးဝါးခြင်း, လှည်း-မြင်းရထား-ဆိုက်ကား စီးခြင်းတို့မှလည်း လုံးဝ ရှောင်ကြဉ်ရမည်။

၉။ ကျန်းမာ၍ အကြောင်းထူးမရှိလျှင် ဆွမ်းခံဝတ်ကို မပျက်စေမူ၍ ဆွမ်းစားကျောင်း၌သာ အများနှင့်အတူ စားရမည်။

၁၀။ အဖိတ်နေ့ ပြုမြဲ ဝတ်နိဗဒ်ကို မပျက်စေမူ၍ မိမိတို့ အထူးသက်ဆိုင်ရာ သေနာသနဝတ်ကိုလည်း နေ့စဉ် မှန်မှန်ပြုရမည်။

၁၁။ ဤကျောင်းတိုက်၌ နေထိုင်ခွင့်ရသောပုဂ္ဂိုလ်သည် အနည်းဆုံး-တကြိမ် စာမေးပွဲ ဖြေဆိုပြီးမှသာ ပြောင်းရွှေ့ခွင့်ရပါမည်။

၁၂။ ဤကျောင်းတိုက်အတွင်း အချင်းချင်း သွေးကွဲကြောင်းဖြစ်သော (က) အသင်းအပင်းဖွဲ့ခြင်း၊ (ခ) တဦးနှင့်တဦး ကုန်းတိုက် ချောပစ်ခြင်း စသည်များမှ ရှောင်ရှားလျက် သံဃပရိသတ် ညီညွတ်မှုကို အမြဲလေးစား ရှေ့ရှု နေထိုင်ရမည်။

၁၃။ ဤကျောင်းတိုက်၌နေထိုင်သမျှ (က) နိုင်ငံရေး လိုက်စားခြင်း (ခ) ခေတ်ပညာသင်ကြားခြင်းတို့ကို လုံးဝ မပြုပါဟု တာဝန်ခံပြီးလျှင် ၎င်းတာဝန်ခံနှင့်လည်း အမှန် ညီညွတ်သူ ဖြစ်စေရမည်။

၁၄။ ကျောင်းတိုက်မှ အတန်းလိုက် သတ်မှတ်ပေးထားသော အာဂုံ ကျမ်းစာများကို ဝါဦး၌ ကောန်ပြန်ဆိုပြပြီး အနည်းဆုံး တနေ့လျှင် စာ နှစ်ဝါ ရှိရမည်။

၁၅။ မိမိတို့ တက်စာဝါများကို မပျက် မကွက်စေမူ၍ တပတ်အတွင်း ကျက်စာများကို ဆိုင်ရာ စာချဘုန်းကြီးများထံ အမှန်ပြန်ပြရမည်။

၁၆။ ဝါတွင်း ဝါပ ဥပုသ်နေ့တိုင်း ကျင်းပသော အစမ်းစာမေးပွဲများကို ကောန်ဖြေဆို၍၊ ညဉ့်အခါ သတ်မှတ်ပေးထားသော နေရာ၌သာ စုပေါင်း စာပြန်ရမည်။

၁၇။ ဤကျောင်းတိုက်၏ နောက်ဆုံး ဘာသာစုံလက်မှတ်နှင့် ဆုချီးမြှင့်သော အရည်အချင်းစစ် စာမေးပွဲ၌ အများနည်းတူ မဖြေစွမ်းနိုင်သူမှာ နာယကနှင့် စာချအဖွဲ့၏ ဆုံးဖြတ်ချက်ကို လိုက်နာရမည်။

၁၈။ ဤကျောင်းတိုက်၏ ဂုဏ်သိက္ခာကို ထိခိုက် ညှိုးနွမ်းစေမည့် အပြောအဆို အပြုအမူများမှလည်း အထူးရှောင်ကြဉ်၍ နေထိုင်ရမည်။

မှတ်ချက်။ ။၁၃၀၇-ခုနှစ်တွင် မန္တလေးမြို့၊ မဟာဝိသုဒ္ဓါရုံဆရာတော် ထုတ်ပြန်တော်မူသော စည်းမျဉ်းဥပဒေကိုသော်၎င်း၊ ဤ စည်းမျဉ်းဥပဒေကိုသော်၎င်း၊ ကျူးလွန်မိလျှင် နာယကဆရာတော်နှင့် တိုက်အုပ်တိုက်ကြပ်, စာချဘုန်းကြီးများက ပေးသောအပြစ်ကို မသွေ မဖီ လိုက်နာရမည်။

နာယကဆရာတော် အသျှင်ဝါသဝါဘိဝံသ
မဟာဝိသုဒ္ဓါရုံ ရွှေကျင်တိုက်သစ်
နန္ဒဝန်လမ်း၊ ဗဟန်း၊ ရန်ကုန်မြို့။

အထက်ပါစည်းမျဉ်း ဥပဒေများကို လေ့လာသုံးသပ်မည်ဆိုပါက ဂန္ထဓုရခေါ် ရဟန်းတို့၏တာဝန် အားသွန်ကြိုးပမ်းရေးအတွက် စည်းကမ်းချက်များကိုင်း၊ ဝိပဿနာဓုရခေါ် ရဟန်းတော်တို့၏ တာဝန်ကို အားသွန်ကြိုးပန်းရေးအတွက် စည်းကမ်းချက်များကိုင်း၊ ပါတိမောက္ခသံဝရသီလ လုံခြုံရေးအတွက် စည်းကမ်းချက်များကိုင်း၊ ဣန္ဒြိယသံဝရသီလ လုံခြုံရေးအတွက် စည်းကမ်းချက်များကိုင်း၊ ပစ္စယသန္နိဿိတသီလ လုံခြုံရေးအတွက် စည်းကမ်းချက်များကိုင်း၊ အာဇီဝပါရိသုဒ္ဓိသီလ လုံခြုံရေးအတွက် စည်းကမ်းချက်များကိုင်း၊ ရှင်ဝတ် ရဟန်းဝတ် တပည့်ဝတ် စသည်တို့နှင့်ပြည့်စုံရေးအတွက် စည်းကမ်းချက်များကိုင်း၊ ပါသာဒိကဂုဏ် (ကြည်ညိုဘွယ်ဂုဏ်) နှင့် ပြည့်စုံရေးအတွက် စည်းကမ်းချက်များကိုင်း တွေ့ရပေလိမ့်မည်။

တနည်းဆိုရပါမူ ထိုစည်းမျဉ်းဥပဒေများသည် "ရဟန်းကျင့်ဝတ်၊ တပါးတတ်က၊ လူနတ်ဦးခိုက်၊ ပူဇော်ထိုက်၏" ဟူသော စတုဓမ္မသာရ ကိုးခန်းပျို့လာ အချက်မျိုးနှင့် ကိုက်ညီစေသည့် စည်းမျဉ်း ဥပဒေများသာ ဖြစ်ပေသည်။

"ရဟန်းကျင့်ဝတ်၊ တပါးချွတ်က၊ လူနတ်မကြိုက်၊ ကဲ့ရဲ့ထိုက်၏" ဟူသော မဃဒေဝလင်္ကာလာ အချက်မျိုးနှင့် ကင်းဝေးစေသည့် စည်းမျဉ်း ဥပဒေများသာဖြစ်ပေသည်။

ထို စည်းမျဉ်း ဥပဒေများကို တူရာတူရာ အကျိုးသက်ရာ သက်ရာ စုပေါင်းဆင်ခြင်ခဲ့ပါလျှင် အမှတ် (၁၄၊ ၁၅၊ ၁၆၊ ၁၇) စည်းမျဉ်း ဥပဒေ အချက်များသည် ပရိယတ္တိသာသနာတော်ကြီးပွါးရေးဆိုင်ရာ ဂန္ထဓုရ လုပ်ငန်းရပ်များပေတည်း။

ကြွင်းကျန်သော အမှတ်-၁ မှ-၁၃ တိုင်အောင် စည်းမျဉ်းများသည်ငင်း၊ အမှတ် ၁၈-စည်းမျဉ်းသည်ငင်း စတုပါရိသုဒ္ဓိသီလနှင့်ပြည့်စုံရေး ပါသာဒိကဂုဏ်နှင့် ပြည့်စုံရေး စသည်တို့အတွက် မှတ်ချက်ဖြစ်သော ပဋိပတ္တိသာသနာတော်ကြီးပွါးရေးဆိုင်ရာ ဝိပဿနာဓုရလုပ်ငန်းအတွက် စည်းမျဉ်း ဥပဒေများဖြစ်ကြောင်း ထင်ရှားပေသည်။

## မဟာဝိသုဒ္ဓါရုံနှင့် ပဋိပတ္တိသာသနာ

ရန်ကုန်မြို့၊ ဗဟန်း၊ နန္ဒဝန်လမ်း၊ မဟာဝိသုဒ္ဓါရုံ ရွှေကျောင်တိုက်သစ်သည် ရွှေကျောင်ဝံသ သာသနပါလက အနွယ်မှ ဘင့်တယ်စွာ ဆင်းသက်လာသည် အားလျော်စွာ 'ဝိနယပိဋကံ ။ပ။ အာဏာဒေသနာတိ ဝုစ္စတိ' ဟု အဋ္ဌကထာများ [၁] မိန့်ဆိုချက်အရ အာဏာဒေသနာဖြစ်သော ဝိနည်း တရားတော်များနှင့်ငင်း, ရွှေကျောင်ဆရာတော်ဗရားကြီး အစရှိသော ရှေးရှေးသော ဆရာတော်ဗရားကြီးများ ထုတ်ပြန်တော်မူသော ဂိုဏ်းဂဏ,စည်းမျဉ်း ဥပဒေနှင့်ငင်း, ဤ တိုက်တာ၏ စည်းမျဉ်းဥပဒေနှင့်ငင်း ညီညွတ်စွာဖြင့်သာ နေထိုင်တော်မူကြရသည်။

---

၁။ ဝိ၊ ဋ္ဌ၊ ၁၊ ၁၇-စသည်။

## ဝတ်အကျင့် ပြုကြရပုံ

ဝတ္တံ အပရိပူရေန္တော၊ န သီလံ ပရိပူရတိ ¹။

ဝတ္တံ၊ ဝတ်ကြီး, ဝတ်ငယ်ကို။ အပရိပူရေန္တော၊ မဖြည့်ကျင့်သော ရဟန်းသာမဏေသည်။ သီလံ၊ သီလကို။ န ပရိပူရတိ၊ ဖြည့်ကျင့်သည်မမည်=ဟူသော မိန့်တော်မူချက်အရ သေနာသနဝတ် အစရှိသော အသီးသီးသော ဝတ်နိဗဒ်တို့ကို ယထာရဟ အမြဲမပြတ် အသီးသီးပင် ပြုတော်မူကြရသည်။

## ဆွမ်းခံ နှစ်ကြိမ်ကြွရခြင်း

မဟာဝိသုဒ္ဓါရုံ ရွှေကျောင်တိုက်၌ သီတင်းသုံး နေထိုင်တော်မူကြသော သံဃာတော်များသည် အင်္ဂါနေ့မှတပါး အခြားသောနေ့များ၌ ဆွမ်းခံနှစ်ကြိမ်စီ ကြွတော်မူကြရသည်၊ ဤသို့ နှစ်ကြိမ်ကြွကြရမှုကို သာမညအနေဖြင့် ကြည့်သော် ငြီးငွေ့ စက်ဆုပ်စရာဟု ထင်မှတ်ဖွယ်ရှိသော်လည်း အကျင့်ပဋိပတ်အနေအားဖြင့်ဆိုက အလွန်ပင် သာယာနှစ်သက် စိတ်အားတက်စွာ ပြုဘွယ်ရာ ကောင်းလှပါသည်။

ပိဏ္ဍိယာလောပဘောဇနံ နိဿာယ ²—အစရှိသော ပါဠိတော်အရ ဗုဒ္ဓ၏အလိုတော်ကျဖြစ်သည့်ပြင် (၁၄) ပါးသော ခန္ဓကဝတ်တွင် ပါဝင်လျက်ရှိသော ပိဏ္ဍစာရိက ဆွမ်းခံလှည့်လည်မှု ဝတ်အကျင့်ကို ဖြည့်ကျင့်ရာ ရောက်သဖြင့် သီလကို ကောန် ဖြည့်ကျင့်ရာပင် ရောက်ပါသည်၊ 'ဘိက္ခု ပိဏ္ဍာယ စရမာနာ ဩဝဒန္တိ နာမ' ဟူသော အဋ္ဌကထာ အမိန့် အဆိုထောက်ပြန်လျှင်လည်း ပို၍ဝမ်းမြောက်ဘို့ပင် ကောင်းလှပါသည်။

ဆိုလိုပုံမှာ=ရဟန်း သံဃာတော်များ မြို့တွင်း ရွာတွင်းသို့ကပ်ချဉ်း ဆွမ်းခံကြွဝင်တော်မူကြခြင်းသည် ဆွမ်းလောင်းလှူကြသူ အလှူရှင်တို့အား ဘဝနောင်ခါ သံသရာမှာ ချမ်းသာမှု ရဘို့အရေး ညွှန်ကြား ဆုံးမ ဩဝါဒ ပေးနေတော်မူကြသည် မည်ကြောင်းကို ဆိုလိုပေသည်။

ကျေးဇူးရှင် မဟာဝိသုဒ္ဓါရာမ ဆရာတော်ဘုရားကြီးသည် ဝဒညူ ပုဒ်ကို အနက်ပေးတော်မူရာတွင်—

> "ရသေ့၊ရဟန်း၊ လူ ဒွန်းစဏ်းတို့၊ တောင်းရမ်းရှေးရှု၊ ရပ်လာမှုကား၊ လှူလေ့နောင်ခါ၊ ချမ်းသာရာဘို့၊ ဩဝါဒ စကား၊ ဟောကြားလေလျှင်း၊ မည်လေခြင်းကြောင့်" —

ဟု အဋ္ဌကထာအတိုင်းပင် အနက်ပြန်တော်မူလေသည်။

---

၁။ ဝိ၊ ၄၊ ၄၁၆။ ၂။ ဝိ၊ ၃၊ ၁၃၃။

## ဆွမ်းခံတာလဲ သာသနာပြုတာပါဘဲ

ဆရာတော် အရှင်ဝါသဝါဘိဝံသသည် မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံတိုက်တွင် နေခဲ့စဉ်က စစ်ကိုင်းတောင်ရိုး (အဂ္ဂမဟာပဏ္ဍိတ) နိုင်ငံကျော် ဓမ္မကထိက အနီးစခန်း ဆရာတော်ဘုရား၏ တိုက်တွန်း နှိုးဆော်မှုနှင့် အထူးအားပေးတော်မူချက်အရ စာချဘုန်းကြီးကျောင်းဘုန်းကြီးဘဝမှာပင် နေ့စဉ်နေ့တိုင်း ဆွမ်းခံခဲ့လေသည်။

ထိုသို့ ဆွမ်းခံရာ၌ ဗျပ်ဆိုင်းထမ်း လိုက်ပါသဖြင့် အတော်အတန်လဲ ပြည့်စုံသည်ဖြစ်၍ ကျေးဇူးတော်ရှင် (ရွှေကျင်နိကာယ ဓမ္မသေနာပတိ သမ္မုတိသံဃရာဇာ အဘိဓဇ မဟာရဋ္ဌဂုရု)သက်တော်ရှည် စံကင်းဆရာတော်ဘုရားကြီးအားရင်း၊မိမိဉပဇ္ဈာယ်ဖြစ်သော သံတော်ဆင့် ဆရာတော်ဘုရားကြီးအားရင်း လှူသင့်ရာတို့ကို လှူပြီးလျှင် ကြွင်းကျန်သော ဆွမ်းဟင်းများကို သံဃာတော်များအတွက် ဆွမ်းစားကျောင်းသို့ ပို့လှူခဲ့လေသည်၊ ထိုစဉ်အခါ သက်တော်ရှည် စံကင်းဆရာတော်ဘုရားကြီးက"ဉးဝါသဝ-ဆွမ်းခံတာလဲ သာသနာပြုတာပါဘဲ" ဟု မိန့်တော်မူဘူးလေသည်၊ ဆရာတော်ဘုရားကြီး၏ မိန့်တော်မူချက်မှာ ဆိုခဲ့ပြီးသော ပါဠိအဋ္ဌကထာများအရ မိန့်တော်မူခြင်းဖြစ်၍ အလွန် မှန်ကန်ကောင်းမြတ်လှပေသည်။

ဆွမ်ခံရမှုသည် သပိတ်ကို ရေကျင်းခြင်း၊ ခါးပန်းဖွဲ့ခြင်း၊ သင်းပိုင်ကို ပြင်ဝတ်ခြင်း၊ ကိုယ်ရုံကို အဝန်းညီစွာဝတ်ရခြင်း၊ ဣန္ဒြေကို စောင့်ထိန်းရခြင်းစသော သီလအကျင့်မြတ်တွေကို ဖြည့်ကျင့်နေခြင်းပင် ဖြစ်လေသည်။

## ဗရားဝတ်တက်လည်း ၂-ကြိမ်ပင်

'ဘာဝေတိ ဗုဒ္ဓါနုဿတိံ၊ ဘာဝနာန မနုတ္တရံ' ဟူသော အပဒါန် ပါဠိတော်၊ ပ-တွဲ၊ နှာ-၇၆ အရ ကမ္မဋ္ဌာန်းဘာဝနာ အပေါင်းတို့တွင် အမြတ်ဆုံးဖြစ်၍ နိဗ္ဗာန်မတိုင်မီ စေတီအိမ်နှင့် တူခြင်းစသော(၁၇)ပါးသော အကျိုးတရားများနှင့် ပြည့်စုံသည်ဖြစ်သော ဂုဏ်တော်ထုံမွှန်း ပုံတော်မှန်း၍ ချီးမွမ်းရှိခိုးခြင်းစသော ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်းအလုပ်ကို အားထုတ်ထိုက်သောကြောင့် မဟာဝိသုဒ္ဓါရုံတိုက်ရှိ ကြီးကြီးငယ်ငယ် ရှယ်ရှယ် လတ်လတ် သံဃာတော်အရှင်မြတ်တို့သည် ညဉ့်ရော နံနက်ပါ တနေ့လျှင် ၂-ကြိမ် ဗရားရှိခိုး ဝတ်တက်ကြရပါသည်၊ ထို ၂-ကြိမ်လုံး၌ စာချဘုန်းကြီးများက အားလုံးပါ,မပါ သိရှိရန်အတွက် စာရင်းဖတ် စစ်ဆေးမှုကို ပြုလုပ်၍ မပါသော ပုဂ္ဂိုလ်များသည် သဲဒဏ် ရေဒဏ် ထမ်းဆောင်ကြရ၏။

## ရှင်အာနန္ဒာသည် တနေ့(၁ဂ)ကြိမ် ဗရားထံ ဆည်းကပ်ခြင်း

ရှင်အာနန္ဒာသည် ဗရားထံသို့ တနေ့လျှင် ၁ဂ-ကြိမ်မျှ ဆည်းကပ်တော်မူရာ ငါတို့ တနေ့ ၂-ကြိမ် ဆည်းကပ်ရန် ဝန်လေးနေပါက တွေ့ခဲသော သာသနာတော်နှင့် တွေ့ရကျိုးနပ်ကြပါမည်လားဟု သတိတရား ထားထိုက်လှပါသည်။

## သေလျှင် ပစ်ထားခဲ့ရမည့် ပါးစပ်ကို မသေမီ များများကြီး အသုံးချရမည်

ရွှေကျင် သာသနာပိုင်ဖြစ်တော်မူသော ဒီပဲရင်းဆရာတော်ဘုရားကြီး က ဗုဒ္ဓကို များများ ရှိခိုးစေလိုသော ရည်ရွယ်ချက်ဖြင့် "သေလျှင် ပစ်ထားခဲ့ရမည့် ပါးစပ်ကို မသေမီ များများကြီး အသုံးချရမည်" ဟု မိန့်တော်မူပါသည်။

ဂိုဏ်း, ဂဏမရွေး အလေးစားခံရသော အဘယာရာမ ရွှေဂူဆရာတော်ဘုရားကြီး က ဘုရားဝတ်မတက်လိုသော ဦးပဉ္စင်း ၂-ပါးကို ဩဝါဒပေးတော်မူရာ၌ "ဦးပဉ္စင်းတို့သည် ဘုရားကို ရှိမခိုးလိုက ဇရပ်ပေါ်မှာ သွားရှဲနေကြ၊ ဒီလိုတိုက်တာမျိုးနှင့် မတော်ဘူး" ဟုပင် မိန့်တော်မူဘူးပါသည်။

မဟာဝိသုဒ္ဓါရုံ ဆရာတော်ဘုရားကြီး သည် ကျောင်းသားကျင့်ဝတ် ၂၀-ပါး ရေးသားတော် မူခဲ့ရာ၌—

* ညဉ့်ရော နံနက်၊ ရက် မပျက်၊ ဝတ်တက်အမှန် လိုက်ရပါသည် ဘုရား။
* ညဉ့်နံ နက်ရွတ်၊ ရ နှုတ်လွတ်၊ မပြတ်နေ့တိုင်း ရွတ်ရပါသည် ဘုရား။

ဟူ၍ ပါရှိခဲ့ရာ ယခုအခါ မဟာဝိသုဒ္ဓါရုံတိုက်သား သံဃာတော်များ သည်လည်း ညဉ့် ဘုရားရှိခိုးအပြီးတွင် ပရိတ်ကြီး ၁၁-သုတ် စသော ညဉ့်ဝတ်စဉ်တို့ကို အလှည့်ကျ ရွတ်ဆိုပြီးနောက် သမထ ဘာဝနာဖြစ်သော မေတ္တာပို့ အမျိုးမျိုးတို့ကို တိုင်းပြည်ခေါင်းဆောင်ကြီးများနှင့်တကွ ဆွမ်းဒါယကာ ဆွမ်းဒါယိကာမ အစရှိသော များလှသောင်းပြောင်း ပုဂ္ဂိုလ်အပေါင်းတို့ ကျန်းမာ ချမ်းသာစေရန် စသည်ရည်မှန်း၍ စီးဖြန်းပွါးများ ပို့သတော်မူကြရသည်၊ နံနက်တိုင်း ၄-နာရီအချိန်တွင် သံဃာတော်အားလုံး အိပ်ရာမှ ထတော်မူကြပြီးလျှင်—

(က) ရှေးဦးစွာ ဘုရားရှိခိုးကြ၍

(ခ) ပစ္စဝေက္ခဏာပါဠိတော် ၄-ပုဒ်နှင့် မဟာဝိသုဒ္ဓါရာမ ဆရာတော်ဘုရားကြီး ရေးသားတော်မူအပ်သော "ဘိနပ် ဆီမီးကိုအစပြု၍ ဤ ယခုနေ့ ရှေ့နောက် အရက်နှစ်ခုတို့၏အကြား သုံးစား မှီဝဲအပ်သမျှ" ဤသို့ အစရှိသော သမထနှင့် ဝိပဿနာ ၂-ဖြာအစုံ ပါဝင်သော ပစ္စဝေက္ခဏာ လင်္ကာရှည်ကြီးကို ဖြေးညှင်းစွာ ဆင်ခြင်နှလုံးသွင်း ပွါးများရွတ်ဆိုတော်မူကြရသည်။

ထိုနည်းတူ ကျောင်းတိုက်ရှိ ကျောင်းသားကြီးငယ်တို့လည်း သံဃာတော်များနှင့် အတူတကွ အရုဏ်မတက်မီပင် အိပ်ရာမှ ထကြရ၍ ဘုရားရှိခိုးကြရ၊ မေတ္တာ ဘာဝနာ ပွါးများကြရသည်။

## ဣဏပရိဘောဂမှ လွတ်မြောက်ရေး

ဤသို့ အရဏ်မတက်မီ တကြိမ်မျှ မဆင်ခြင်မိက ဣဏပရိဘောဂ ကြွေးမြီတင်မှုမှ မလွတ်မြောက်နိုင်ကြပါ။ ပရိဘောဂတရားများကို အင်တိုက် အားတိုက် ကြိုးစားနေခိုက် ဖြစ်သော ရှင်ငယ် ရဟန်းငယ် စာသင်သားများမှာ ထိုအပြစ်မှလွတ်မြောက်ရန် မလွယ်ကူလှပါ၊ မလွတ်မြောက်က အပါယ်လေးပါးသို့ ရောက်ကြရလေတော့သည်။

'ပရပ္ပဋိဗဒ္ဓါ မေ ဇီဝိကာတိ အဘိဏှံ ပစ္စဝေက္ခိတဗ္ဗံ' —

ဤသို့ ဆင်ခြင်နိုင်သူအား ထိုအပြစ်မှ လွတ်မြောက်နိုင်၏၊ ထို့ကြောင့် **လယ်တီဆရာတော်ကြီး** က —

* မိုးရာလေးသင်း၊ မာရ်ကျော့ကွင်း၊ ဝတ်တွင်းနက်လေစွ။
* ရဟန်းပြီးရေး၊ အမိုလေး၊ မိုးရေး လိမ်မာမှ။

ဟူ၍ ဆုံးမတော်မူခဲ့ပါသည်။

ထို့ပြင် လူ့သာမဏေများနှင့် တမိုးတရာမ်တည်း အိပ်ကြရသော ရဟန်းသံဃာတော်များအတွက် **အာပတ် ဟင်းလေးအိုးကြီး** ဟူ၍ ပြောဆိုလေ့ရှိသော သဟသေယျ အာပတ် သင့်ခြင်းမှ ကင်းလွတ်ရန်အတွက်လဲ အရဏ်မတက်မီထလျက် နံနက်စောစော ဝတ်တက်ရခြင်းဖြစ်ပါသည်။

(ဂ) ဤသို့ ပစ္စဝေက္ခဏာများ ဆင်ခြင်ပြီးနောက် ဗုဒ္ဓ၏ သီးခြားဖြစ်သော အာဝေဏိက ဂုဏ်တော် ၁၈-ပါးစသည်တို့ကို ရွတ်ဆို ပူဇော်ကြရ၏၊ ထိုနောက် 'အဋ္ဌိပုဗ္ဗော အယံ ကာယော' အစရှိသည်ဖြင့် သင့်လျော်ရာ သမထဘာဝနာကမ္မဋ္ဌာန်း ပါဠိ,မြန်မာ ၂-ဘာသာဖြင့် စီးဖြန်းပွါးများတော်မူကြရသည်။

(ဃ) ထိုသို့ ပွါးများပြီးနောက် 'သဗ္ဗေ သင်္ခါရာ အနိစ္စာ၊ ယဒါ ပညာယ ပဿတိ'[၁] ဤသို့ အစရှိသည်ဖြင့် တေဘူမက ရုပ်နာမ်ဓမ္မ သင်္ခါရတို့သည် ဤယခု ပျက်စိတမှိတ်အတွင်း၌ပင်လျှင် အကြိမ်ပေါင်း အသောင်းမက ဖြစ်၍ဖြစ်၍ ပျက်စီး၍ ပျက်စီး၍ နေသောကြောင့် မမြဲရကား အနိစ္စ အနိစ္စ၊ ထိုသို့ ဖြစ်ချည် ပျက်ချည် အတည်မကျ နှိပ်စက်ခံနေရသောကြောင့် ဆင်းရဲရကား ဒုက္ခ ဒုက္ခ၊ ထိုသို့ မဖြစ် မပျက်ရလေအောင် တားမနိုင် ဆီးမရသည်ဖြစ်၍ အစိုးမရသောကြောင့် အနတ္တ အနတ္တ-ပါတကားယူ၍ ဝိပဿနာ ဘာဝနာကို ဆင်ခြင်သုံးသပ် ရွတ်ဆိုတော်မူကြရသည်။

---

၁။ ဓမ္မပဒ၊ ၅၃။ ထေရဂါထာ၊ ၃၁၇။

ဤသို့ ညာဏ်၌ ထင်မြင်အောင် ဆင်ခြင်ပွါးများပြီးလျှင် –

* ကျမ်းဂန်ရှုကြည့်၊ သီလဖြည့်၍၊ ဆင်လှည့်ဓုတင်၊ အလုပ်ဝင်နှင့်၊ သွန်သင်ဟောကြား၊ ဤငါးပါးသည်၊ တရားမဂ်ဖိုလ် ရကြောင်းတည်း —

ဟူ၍ မိန့်တော်မူသော မဟာဝိသုဒ္ဓါရုံဆရာတော်ဘုရားကြီး၏ အလိုတော်ကျ အရုဏ်မတက်မီ ဗုဒ္ဓဝတ်ပြု၍ အပြီးတွင် –

'သေယျံ ပဋိက္ခိပါမိ၊ နေသဇ္ဇိကင်္ဂံ သမာဒိယာမိ'

ဤသို့ နိသဇ် ဓုတင်ကို အားလုံးပင် ကျင့်သုံးဆောက်တည်ကြရသည်။

ဤ ဓုတင်၏ ဆိုလိုရင်းမှာ အရုဏ်မတက်မီ ပြန်၍မအိပ်ရဘဲ ထိုင်နေသူ၏ဖြစ်ကြောင်းဖြစ်ရာ သမာဒါန ကုသိုလ်စေတနာကို ဆောက်တည်၍ နေကြရခြင်းပင်ဖြစ်သည်ဟူလို။

## အဆုံးအမဩဝါဒကို လိုက်နာကြရပုံ

"နတ်တို့သခေ နတ်ဩဇာကို နတ်ဒေဝါအားလုံးတို့ မမုန်း"ဟူသကဲ့သို့ပင် ဆရာစဉ်ဆက်တို့၏ အဆုံးအမ ဩဝါဒကိုလည်း သိဿာနုသိဿ ဖြစ်ကြသော တပည့်စဉ်ဆက်တို့ နှစ်သက်ရှင်ပြုံး မမုန်းကြည်ဖြူ နာယူထိုက်သည်အားလျော်စွာ ဥပုသ်နေ့ ည အခါတွင် ရှေ့ကျောင်းဂိုဏ်း ကျင့်ထုံးကြီးမှလာသော ဥပဒေများကို ဖတ်ကြားသည်ကို နာယူကြရသည်။

လပြည့် လကွယ်နေ့တိုင်း၌ သိမ်အာလယ်တွင် ဘိက္ခုပါတိမောက် ပါဠိတော်တစောင်လုံးကို ရွတ်ဆိုပြရသော သံဃဥပုသ်အကျယ်ကိုသာ ပြုပြီးနောက် သက်တော် ၉၀-ကျော် သက်တော်ရှည် ဝုဍ္ဎာသယ ဆရာတော်ဘုရားကြီး၏ အဆုံးအမ ဩဝါဒကိုရင်း၊ ညစဉ်ညတိုင်း ဗုဒ္ဓဝတ်ပြုအပြီးတွင် ပဓာန နာယက ဆရာတော်ဘုရား၏ အဆုံးအမ ဩဝါဒကိုရင်း နာယူကြရသည်။

ဤကား မဟာဝိသုဒ္ဓါရုံတိုက်သစ်၏ ပဋိပတ္တိဆိုင်ရာ ဝိပဿနာဓုရ အားထုတ်ပုံကို ထင်ရှား သိသာရုံမျှ ဖော်ပြလိုက်ခြင်းပင် ဖြစ်ပါသည်။

## ရန်ကုန်မြို့၊ မဟာဝိသုဒ္ဓါရုံ ပါဠိတက္ကသိုလ်ကျောင်းတိုက် ပရိယတ္တိလုပ်ငန်း

ရန်ကုန်မြို့၊ ဗဟန်း၊ နန္ဒဝန်လမ်း၊ မဟာဝိသုဒ္ဓါရုံ ရှေ့ကျောင်းတိုက်သစ်၌ နေထိုင်ခွင့်ရထားပြီးဖြစ်သော စာသင်သားတိုင်းပင် ပေးထားသော ညွှန်ကြားချက်အရ ဤ ဆိုမည့်အတိုင်း မပျက်မကွက်သော လုံ့လဖြင့် မိမိတို့၏ ပရိယတ္တိ သာသနာ ဘာသာရပ်အလိုက် သင်ခန်းစာများကို အောက်ပါအတိုင်း သင်ကြားရသည်။

မူလတန်း, ပဌမငယ်တန်, ပဌမလတ်တန်း, ပဌမကြီးတန်းဆိုင်ရာ စာသင်သားတို့သည် မိမိတို့ဉာဏ်အလျောက် ရက်သတ္တပတ်အတွင်း အရကျက်ရန် လက်မှတ်ထိုးထားသော ကျမ်းစာများကို မိမိတို့အတန်းဆိုင်ရာ စာချဘုန်းကြီးများအထံ၌ ဥပုသ်နေ့ နံနက်တိုင်း ပြတ်သားပီသစွာ ပြန်ဆိုကြရသည်။

ဓမ္မာစရိယ စာချတန်း၌ လေ့လာသင်ကြား ဆည်းပူးဆဲဖြစ်သော အထက်တန်း စာသင်သားတို့မှာမူ အလားတူ လက်မှတ်ထိုးကာ အာမခံချက်ပေးထားသော ကျက်စာများကို နာယက ဆရာတော်ဗရား၏ ရှေ့တော်မှောက်၌ ပြန်ဆိုကြရသည်။

ထို့ပြင် ဥပုသ်နေ့ နေ့လည်ပိုင်းတွင်ကား စာသင်သားတိုင်းပင် အတန်းတိုင်းမှ သင်ကြားထားသော ကျမ်းစာအလိုက် ကျင်းပပေးသော အရည်းအချင်းစစ် ဉာဏ်စမ်း စာမေးပွဲများ၌ ဖြေဆိုကြရသည်၊ (အစိုးရ စာမေးပွဲ နီးကပ်လာချိန်၌ကား အတန်းစုံ ဘာသာစုံ အထူးနောက်ဆုံး ဉာဏ်စမ်း စာမေးပွဲကြီး ပြုလုပ်ပေးသေးသည်၊ မေးခွန်း ထုတ်ပုံ အမှတ်ပေးပုံ စသည်မှာလည်း အစိုးရစာမေးပွဲကြီးနှင့် အလားတူပင် ဖြစ်သည်။)

စာသင်သားတိုင်း နေ့စဉ် မပျက်မကွက် စာတက်မှန်ရေးကို အထူးကြောင့်ကြစိုက် လိုက်နာရန် ရည်ညွှန်းပြီးလျှင် စာတက် ဇယားကွက်များကို ပြုလုပ်၍ စာချဘုန်းကြီးများက ထို ဇယားကွက်တွင် နေ့စဉ်မှတ်သား ထားရလေသည်။

ထို စည်းမျဉ်း ဥပဒေအရ အကြောင်းမညီညွတ်၍ စာဝါများ ပျက်ကွက်သူတို့မှာ—

၁။ ဂိလာနအနေဖြင့် ပျက်ကွက်ရသော စာသင်သားအတွက် ''န''ဟူ၍ ၎င်း၊

၂။ အကြောင်းကိစ္စအလျောက် ကြိုတင်ခွင့်တိုင်ချက်ဖြင့် ပျက် ကွက် ရ သော စာသင်သားအတွက် ''ခ'' ဟူ၍ ၎င်း၊

၃။ အကြောင်းမဲ့ စာဝါပျက်ကွက်သော စာသင်သားအတွက် ''မ''ဟူ၍ ၎င်း၊

သက်ဆိုင်ရာ စာချဘုန်းကြီးများက အသီး အသီး မှတ်သားထားပြီးနောက် ယင်းမှတ်သားချက်ကို ပဓာန နာယကဆရာတော်ဗရားအထံသို့ တင်ပြရသည်၊ ထို တင်ပြချက် ဇယားကွက် အမှတ်အသား သင်္ကေတစာရင်းကို ဆရာတော်ဗရား ကိုယ်တော်တိုင် ဥပုသ်နေ့တိုင်း စစ်ဆေး ကြည့်ရှုပြီးလျှင် ဖော်ပြပါ သင်္ကေတများအရ အကြောင်းမဲ့ ပျက်ကွက်သော စာသင်သားတို့အား သဲဒဏ် ရေဒဏ် ထမ်းစေ၍ ဆုံးမတော်မူသည်။

## တိုက်မှုအပ နှင့်ထုတ်ခြင်း

အပြစ်မလာခင် ကြိုတင်ကာကွယ်သော အဆုံးအမ (ဩဝါဒ) ပေးရန် ဆရာသမားတိုင်း ဝန်လေးကြမည် မဟုတ်သော်လည်း အပြစ်ပေါ်ပြီးမှ ပြစ်မှုအလျောက် အပြစ်ပေးရ

သော နိဂ္ဂဟဆန်ဆန် (အနုသာသန) မျိုးကိုမူကား မည်သည့်ဆရာသမားမျှ မကျင့်သုံးလို သည်မှာ အမှန်ပေ။

သို့သော်လဲ 'သံဃသုဋ္ဌုတာယ သံဃဖာသုတာယ ဒုမင်္ကူနံ ပုဂ္ဂလာနံ နိဂ္ဂဟာယ ပေသလာနံ ဘိက္ခူနံ ဖာသုဝိဟာရာယ' စသော ဝိနည်းကျမ်းဂန် ထုံးတမ်းစဉ်လာ အတိုင်း မတတ်သာ၍ ထို အပြစ်ပေးနည်းမျိုးကိုပင် တပည့်ပရိသတ် သံဃာအားလုံးတို့၏ ကောင်း စားရေးအတွက် ကျင့်သုံးရမြဲ ဖြစ်၏။

ထို့ကြောင့် —

၁။ အပတ်စဉ် အရည်အချင်းစစ် စာမေးပွဲ၌ ၁-ကြိမ် မဖြေဆိုသူ၊

၂။ အာမခံချက် ပေးထားသော တပတ်အတွင်း ကျက်စာများကို ၂-ကြိမ် မပြန်ဆိုသူ၊

၃။ ရွှေကျင်ဂိုဏ်း စည်းမျဉ်း ဥပဒေကို ကျော်နင်း ကျူးလွန်သူတို့ကို မူကား ပဗ္ဗာဇနီယာရဟ အဖြစ်ဖြင့် ဤတိုက်မှ နှင်ထုတ်ရသည်။

ဤကား မဟာဝိသုဒ္ဓါရုံတိုက်သစ်၏ ပရိယတ္တိသာသနာတော် ကြီးပွါးရေးဆိုင်ရာ ဂန္ထဓုရ အားထုတ်ပုံကို ထင်ရှား သိသာရုံမျှ ဖော်ပြလိုက်ခြင်း ဖြစ်ပါသည်။

ပရိယတ္တိသာသနာတော်ကြီး စည်ပင်ပြန့်ပွါးရမည်။
ရဟန်းကောင်း ရှင်ကောင်းတွေ တိုးပွါး ရမည်။

× × × ×

ရန်ကုန်မြို့၊ ဗဟန်း၊ နန္ဒဝန်လမ်း
မဟာဝိသုဒ္ဓါရုံ (ပါဠိတက္ကသိုလ်) ရွှေကျင်ကျောင်းတိုက်

# ညဉ့်-နံနက် ဝတ်ရွတ်စဉ်များ

## ညဉ့်ရွတ်စဉ်

| | |
|---|---|
| သမန္တာ-မှစ၍ မင်္ဂလသုတ်အကုန်ထိ | တနင်္ဂနွေနေ့။ |
| ရတနသုတ် | တနင်္လာနေ့။ |
| မေတ္တသုတ် | အင်္ဂါနေ့။ |
| ခန္ဓ-မောရ-ဝဋ္ဋသုတ် | ဗုဒ္ဓဟူးနေ့။ |
| ဓဇဂ္ဂသုတ် | ကြာသပတေးနေ့။ |
| အာဋာနာဋိယသုတ် | သောကြာနေ့။ |
| အင်္ဂုလိမာလ, ဗောဇ္ဈင်္ဂ, ပုဗ္ဗဏှသုတ် | စနေနေ့။ |

**မေတ္တာပို့**

၁။ ဣမသ္မိံ ဝိဟာရေ သဗ္ဗေ သဗြဟ္မစာရိနော-သုခိနော ဟောန္တု၊ ခေမိနော ဟောန္တု၊ အဝေရာ ဟောန္တု၊ အဗျာပဇ္ဇာ ဟောန္တု၊ အနီဃာ ဟောန္တု၊ သုခီ အတ္တာနံ ပရိဟရန္တု။

၂။ ဣမသ္မိံ ဝိဟာရေ သဗ္ဗာ အာရက္ခဒေဝတာ သုခိနော ဟောန္တု၊ (လ) ပရိဟရန္တု။

၃။ အမှာကံ ရဋ္ဌေ သဗ္ဗေ ဣဿရမနုဿာ-သုခိနော ဟောန္တု၊ (လ) ပရိဟရန္တု။

၄။ အမှာကံ ဂေါစရဂါမေ သဗ္ဗေ ဇေဋ္ဌကမနုဿာ-သုခိနော ဟောန္တု၊ (လ) ပရိဟရန္တု။

၅။ အမှာကံ ဂေါစရဂါမေ သဗ္ဗေ မနုဿာ-သုခိနော ဟောန္တု၊ (လ) ပရိဟရန္တု။

၆။ အမှာကံ မာတာပိတုအာစရိယ ဉာတိမိတ္တသမူဟာ ဥပါသကာ ဥပါသိကာ စတုပစ္စယ ဒါယကာ သဗ္ဗဒေဝတာ-သုခိနော ဟောန္တု၊ (လ) ပရိဟရန္တု။

၇။ ဒသာသု ဒိသာသု သဗ္ဗေ သတ္တာ-သုခိနော ဟောန္တု၊ (လ) ပရိဟရန္တု။

၈။ သဗ္ဗေ သတ္တာ မရဏဓမ္မာ၊ သဗ္ဗေ သင်္ခါရာ ဘိဇ္ဇနဓမ္မာ၊ သဗ္ဗေ သင်္ခါရာ အနိစ္စာ ခယဝယ ဓမ္မိနော ဝါ၊ အပရိမာဏေသု စက္ကဝါဠေသု တီသု ဘဝေသု အမရဏဓမ္မော နာမ နတ္ထိ။

၉။ နာမရူပံ အနိစ္စံ ခယဋ္ဌေန, ဒုက္ခံ ဘယဋ္ဌေန, အနတ္တာ အသာရကဋ္ဌေန,ဝိပရိဏာမဓမ္မံ ပကတိဘာဝဝိဇဟနဋ္ဌေန၊ နေတံ မမံ၊ နေသောဟမသ္မိ န မေသော အတ္တာ။

၁၀။ အဒ္ဓါ ဣမာယ ပဋိပတ္တိယာ ဇာတိဇရာဗျာဓိမရဏမှာ ပရိမုစ္စိဿာမိ။

၁၁။ အဒ္ဓါ ဣမာယ ပဋိပတ္တိယာ သီဃံ နိဗ္ဗာနံ ပပ္ပေါမိ။

ညဥ့်ရွတ်စဉ်ပြီး၏။

---

## နံနက်ရွတ်စဉ်

(ဗရားဝတ်ပြုပြီးနောက် ပုတီးစိပ် ပါဋ္ဌိလေးပုဒ်တို့ ရွတ်ရန်)

ဘိနပ်,ဆီမီး၊ ထီး, တောင်ဝှေး စ၊ ဟူသမျှကို၊အေးမြချမ်း,ပူ၊ မြေငူ,သစ်ငုတ်၊ ခလုပ်, ဆူးငြောင့်၊ မနှောင့်ဘေးဘျမ်း၊ မသန်းကင်းစင်၊ စိတ်ကြည်လင်၍၊ အားအင် ပြည့်မာ၊ သာသနာကို၊ ကောင်းစွာကျင့်ဆောင်၊ ဖြည့်နိုင်အောင်ဟု၊ သုံးဆောင် မှီဝဲပါသတည်း။

ဘိနပ်,ဆီမီးကို၊ အစပြု၍၊ ဤယခုနေ့၊ ရှေ့နောက်အရှက်၊ နှစ်ခုအကြား၊ သုံးစား မှီဝဲအပ်သမျှ၊ သင်္ကန်း,ဆွမ်း,ကျောင်း,ဆေး၊ ပစ္စည်းလေးပါးတို့ကို၊ ကစားခံပယ်၊ မြူးရယ် မာန်ကြွ၊ လှပရေဆင်း၊ ပြည့်ဖြိုးခြင်းငှါ၊ သုံးဆောင်အပ်သည် မဟုတ်ပါ၊ နိဿတ္တာ-နိဇ္ဇီဝ၊ အဗျာကတ၊ သုည ဓာတ်ရုပ်အစစ်၊ အနိစ္စ, ဒုက္ခ, အနတ္တ, အသုဘ၊ အရိုးစုမျှ ဖြစ်သော၊ ဤကိုယ်ခန္ဓာ၊ အတွင်းအပြင်ရောဂါ၊ ဘေးဘယာကင်းကွာ၍၊ ကျန်းမာ ချမ်းသာ၊ အသက် ရှည်ကြာစွာ၊ တည်နေလျက်၊ စာပေကျန်းဂန်၊ သင်အံလေ့လာနိုင်ခြင်း၊ သီလ, သမာဓိ, ဝိပဿနာ၊ ရဟန်းတရားတို့ကို၊ ပွါးများအားထုတ်နိုင်ခြင်း အကျိုးငှါ၊ သုံးဆောင်မှီဝဲအပ်ပါသတည်း။

ဘိနပ်,ဆီမီး၊ ထီး, တောင်ဝှေး စ၊ အာဟာရနှင့်၊ သုံးသမျှပင်၊ ဇီဝကင်းလတ်၊ သုံးဆောင် တတ်ပါ၊ သတ္တဝါလည်း၊ သူ,ငါ မဟုတ်၊ ဘုတ်နှင့်ဘုတ်ချင်း၊ သုံးဆောင်လျှင်းသည်၊ ချင်းချင်း မသိလေဘူးတကား။

### နိသဇ် ဓုတင်

သေယျံ ပဋိက္ခိပါမိ၊ နေသဇ္ဇိကင်္ဂံ သမာဒိယာမိ။

### ဒွတ္တိံသာကာရပါဠိ

အတ္ထိ ဣမသ္မိံ ကာယေ—
ကေသာ လောမာ နခါ ဒန္တာ တစော၊
မံသံ နှာရု အဋ္ဌိ အဋ္ဌိမိဉ္ဇံ ဝက္ကံ၊
ဟဒယံ ယကနံ ကိလောမကံ ပိဟကံ ပပ္ဖါသံ၊

အန္တံ အန္တဂုဏံ ဥဒရိယံ ကရီသံ မတ္ထလုင်္ဂံ၊
ပိတ္တံ သေမှံ ပုဗ္ဗော လောဟိတံ သေဒေါ မေဒေါ၊
အဿု ဝသာ ခေဠော သိင်္ဃာဏိကာ လသိကာ မုတ္တံ။ (အနုလောမ)
မုတ္တံ လသိကာ သိင်္ဃာဏိကာ ခေဠော ဝသာ အဿု၊
မေဒေါ သေဒေါ လောဟိတံ ပုဗ္ဗော သေမှံ ပိတ္တံ၊
မတ္ထလုင်္ဂံ ကရီသံ ဥဒရိယံ အန္တဂုဏံ အန္တံ၊
ပပ္ဖါသံ ပိဟကံ ကိလောမကံ ယကနံ ဟဒယံ၊
ဝက္ကံ အဋ္ဌိမိဉ္ဇံ အဋ္ဌိ နှာရု မံသံ၊
တစော ဒန္တာ နခါ လောမာ ကေသာ။ (ပဋိလောမ)

## ဒွတ္တိံသာကာရ မြန်မာ

ဆံပင်၊ အမွေး၊ ခြေသည်း, လက်သည်း၊ သွား၊ အရေ။
အသား၊ အကြော၊ အရိုး၊ ခြင်ဆီ၊ အညှို။
နှလုံး၊ အသည်း၊ အမြှေး၊ အဖျဉ်း(အပြင်)၊ အဆုတ်၊
အူမ၊ အူသိမ်၊ အစာသစ်၊ အစာဟောင်း၊ ဦးနှောက်၊
သည်းခြေ၊ သလိပ်၊ ပြည်၊ သွေး၊ ချွေး၊ ‘အဆီခဲ၊
မျက်ရည်၊ ဆီကြည်၊ တံတွေး၊ နှပ်၊ အစေး၊ ကျင်ငယ်။ (အနုလုံ)
ကျင်ငယ်၊ အစေး၊ နှပ်၊ တံတွေး၊ ဆီကြည်၊ မျက်ရည်၊
အဆီခဲ၊ ချွေး၊ သွေး၊ ပြည်၊ သလိပ်၊ သည်းခြေ၊
ဦးနှောက်၊ အစာဟောင်း၊ အစာသစ်၊ အူသိမ်၊ အူမ၊
အဆုတ်၊ အဖျဉ်း (အပြင်)၊ အမြှေး၊ အသည်း၊ နှလုံး၊
အညှို၊ ခြင်ဆီ၊ အရိုး၊ အကြော၊ အသား၊
အရေ၊ သွား၊ ခြေသည်း, လက်သည်း၊ အမွေး၊ ဆံပင်။ (ပဋိလုံ)

ဒွတ္တိံသာကာရ အနုလုံ ပဋိလုံပြီး၏။

## ပဋိကူလ မနသိကာရ

### ၁။ တနင်္ဂနွေနေ့ အတွက်

ဣမသ္မိံ မေ ကာယေ ဣမေ ကေသာ နာမ ဝဏ္ဏတောပိ ဂန္ဓတောပိ သဏ္ဌာနတောပိ ဩကာသတောပိ အာသယတောပိ အသုဘာ ဇေဂုစ္ဆာ ပဋိကူလာ။

| | | | | | |
|---|---|---|---|---|---|
| ဣမသ္မိံ | မေ ကာယေ | ဣမေ | လောမာ နာမ | (လ) | ပဋိကူလာ |
| ॥ | ॥ | ॥ | နခါ နာမ | (လ) | ॥ |
| ॥ | ॥ | ॥ | ဒန္တာ နာမ | (လ) | ॥ |
| ॥ | ॥ | အယံ | တစော နာမ | (လ) | ပဋိကူလော |
| ॥ | ॥ | ဣဒံ | မံသံ နာမ | (လ) | ပဋိကူလံ |
| ॥ | ॥ | ॥ | နှာရု နာမ | (လ) | ॥ |
| ॥ | ॥ | ॥ | အဋ္ဌိ နာမ | (လ) | ॥ |
| ॥ | ॥ | ॥ | အဋ္ဌိမိဉ္ဇံ နာမ | (လ) | ॥ |
| ॥ | ॥ | ॥ | ဝက္ကံ နာမ | (လ) | ॥ |

(တစ ပဉ္စက နှင့် ဝက္က ပဉ္စက တရက်ရွတ်ပါ။)

### ၂။ တနင်္လာနေ့ အတွက်

| | | | | | |
|---|---|---|---|---|---|
| ဣမသ္မိံ | မေ ကာယေ | ဣဒံ | ဟဒယံ နာမ | (လ) | ပဋိကူလံ |
| ॥ | ॥ | ॥ | ယကနံ နာမ | (လ) | ॥ |
| ॥ | ॥ | ॥ | ကိလောမကံ နာမ | (လ) | ॥ |
| ॥ | ॥ | ॥ | ပိဟကံ နာမ | (လ) | ॥ |
| ॥ | ॥ | ॥ | ပပ္ဖါသံ နာမ | (လ) | ॥ |
| ॥ | ॥ | ॥ | အန္တံ နာမ | (လ) | ॥ |
| ॥ | ॥ | ॥ | အန္တဂုဏံ နာမ | (လ) | ॥ |
| ॥ | ॥ | ॥ | ဥဒရိယံ နာမ | (လ) | ॥ |
| ॥ | ॥ | ॥ | ကရီသံ နာမ | (လ) | ॥ |
| ဣမသ္မိံ | မေ ကာယေ | ဣဒံ | မတ္ထလုင်္ဂံ နာမ | (လ) | ပဋိကူလံ |

(ပပ္ဖါသ ပဉ္စက နှင့် မတ္ထလုင် ပဉ္စက တရက်ရွတ်ပါ။)

၃။ အင်္ဂါနေ့ အတွက်

ဣမသ္မိံ မေ ကာယေ ဣဒံ ပိတ္တံ နာမ (လ) ပဋိကူလံ
။ ။ ။ သေမှံ နာမ (လ) ။
။ ။ အယံ ပုဗ္ဗော နာမ (လ) ပဋိကူလော
။ ။ ဣဒံ လောဟိတံ နာမ (လ) ပဋိကူလံ
။ ။ အယံ သေဒေါ နာမ (လ) ပဋိကူလော
။ ။ ။ မေဒေါ နာမ (လ) ။
။ ။ ဣဒံ အဿု နာမ (လ) ပဋိကူလံ
။ ။ အယံ ဝသာ နာမ (လ) ပဋိကူလာ
။ ။ ။ ခေဠော နာမ (လ) ပဋိကူလော
။ ။ ။ သိင်္ဃာဏိကာ နာမ (လ) ပဋိကူလာ
။ ။ ။ လသိကာ နာမ (လ) ။
။ ။ ဣဒံ မုတ္တံ နာမ (လ) ပဋိကူလံ

(မေဒ ဆက္က နှင့် မုတ္တ ဆက္က တရက်ရွတ်ပါ။)

(ဤ ပဋိကူလ မနသိကာရဆိုင်ရာ သုံးရက်၌ လိင်,ဝုစ် ကွဲပြားရန် အားလုံးဖော်)

ဓာတု မနသိကာရ

၄။ ဗုဒ္ဓဟူးနေ့ အတွက်

ဣမသ္မိံ မေ ကာယေ ဣမေ ကေသာ နာမ (လ) ပဋိကူလာ
။ ။ ။ လောမာ နာမ (လ) ။
။ ။ ။ နခါ နာမ (လ) ။
။ ။ ။ ဒန္တာ နာမ (လ) ။
။ ။ အယံ တစော နာမ ပါဋိယေက္ကော ကောဋ္ဌာသော နိဿတ္တော နိဇ္ဇီဝေါ အဗျာကတော သုညော၊ ပထဝီ ဓာတုယေဝ။

ဣမသ္မိံ မေ ကာယေ ဣဒံ မံသံ နာမ (လ) ပဋိကူလံ
〃 〃 〃 နှာရု နာမ (လ) 〃
〃 〃 〃 အဋ္ဌိ နာမ (လ) 〃
〃 〃 〃 အဋ္ဌိမိဉ္ဇံ နာမ (လ) 〃
〃 〃 〃 ဝက္ကံ နာမ ပါဋိယေက္ကော ကောဋ္ဌာသော
နိဿတ္တော နိဇ္ဇီဝေါ အဗျာကတော သုညော၊
ပထဝီဓာတုယေဝ။

ဣမသ္မိံ မေ ကာယေ ဣဒံ ဟဒယံ နာမ (လ) ပဋိကူလံ
〃 〃 〃 ယကနံ နာမ (လ) 〃
〃 〃 〃 ကိလောမကံ နာမ (လ) 〃
〃 〃 〃 ပိဟကံ နာမ (လ) 〃
〃 〃 〃 ပပ္ဖာသံ နာမ ပါဋိယေက္ကော ကောဋ္ဌာသော
နိဿတ္တော နိဇ္ဇီဝေါ အဗျာကတော သုညော၊
ပထဝီဓာတုယေဝ။

ဣမသ္မိံ မေ ကာယေ ဣဒံ အန္တံ နာမ (လ) ပဋိကူလံ
〃 〃 〃 အန္တဂုဏံ နာမ (လ) 〃
〃 〃 〃 ဥဒရိယံ နာမ (လ) 〃
〃 〃 〃 ကရီသံ နာမ (လ) 〃
〃 〃 〃 မတ္ထလုင်္ဂံ နာမ ပါဋိယေက္ကော ကောဋ္ဌာသော
နိဿတ္တော နိဇ္ဇီဝေါ အဗျာကတော သုညော၊
ပထဝီဓာတုယေဝ။

(ပထဝီဓာတ် ၂၀-တရက် ရွတ်ပါ။)

## ၅။ ကြာသပတေးနေ့ အတွက်

ဣမသ္မိံ မေ ကာယေ ဣဒံ ပိတ္တံ နာမ (လ) ပဋိကူလံ
〃 〃 〃 သေမှံ နာမ (လ) 〃
〃 〃 အယံ ပုဗ္ဗော နာမ (လ) ပဋိကူလော
〃 〃 ဣဒံ လောဟိတံ နာမ (လ) ပဋိကူလံ
〃 〃 အယံ သေဒေါ နာမ (လ) ပဋိကူလော
〃 〃 〃 မေဒေါ နာမ ပါဋိယေက္ကော ကောဋ္ဌာသော
နိဿတ္တော နိဇ္ဇီဝေါ အဗျာကတော သုညော၊
အာပေါဓာတုယေဝ။

ဣမသ္မိံ မေ ကာယေ ဣဒံ အဿု နာမ (လ) ပဋိကူလံ
။ ။ အယံ ဝသာ နာမ (လ) ပဋိကူလာ
။ ။ ။ ခေဠော နာမ (လ) ပဋိကူလော
။ ။ ။ သိင်္ဃာဏိကာ နာမ (လ) ပဋိကူလာ
။ ။ ။ လသိကာ နာမ (လ) ။
။ ။ ဣဒံ မုတ္တံ နာမ ပါဋိယေက္ကော ကောဋ္ဌာသော နိဿတ္တော နိဇ္ဇီဝေါ အဗျာကတော သုညော၊ အာပေါဓာတုယေဝ။

(အာပေါဓာတ် ၁၂-တရက်ရွတ်ပါ။)

(ဤဓာတု မနသိကာရဥ္စကား အောက်ပဋိကူလမနသိကာရက လိင်၊ ဝစ် ကွဲခဲ့ပြီး၍ အန္တဒီပကနည်းအားဖြင့် ပဥ္စက, ဆက္ကအဆုံးမှာမှ အပြည့်အစုံ ဆင်ခြင်ရွတ်ပါ။)

## လက္ခဏာ နုပဿနာ

### ၆။ သောကြာနေ့ အတွက်

ဣမသ္မိံ မေ ကာယေ ဣမေ ကေသာ နာမ (လ) ပဋိကူလာ
။ ။ ။ လောမာ နာမ (လ) ။
။ ။ ။ နခါ နာမ (လ) ။
။ ။ ။ ဒန္တာ နာမ (လ) ။
။ ။ အယံ တစော နာမ ခယဋ္ဌေန အနိစ္စံ၊ ဘယဋ္ဌေန ဒုက္ခံ၊ အသာရကဋ္ဌေန အနတ္တာ။

ဣမသ္မိံ မေ ကာယေ ဣဒံ မံသံ နာမ (လ) ပဋိကူလံ
။ ။ ။ နှာရု နာမ (လ) ။
။ ။ ။ အဋ္ဌိ နာမ (လ) ။
။ ။ ။ အဋ္ဌိမိဉ္ဇံ နာမ (လ) ။
။ ။ ။ ဝက္ကံ နာမ ခယဋ္ဌေန အနိစ္စံ၊ ဘယဋ္ဌေန ဒုက္ခံ၊ အသာရကဋ္ဌေန အနတ္တာ။

ဣမသ္မိံ မေ ကာယေ ဣဒံ ဟဒယံ နာမ (လ) ပဋိကူလံ
။ ။ ။ ယကနံ နာမ (လ) ။
။ ။ ။ ကိလောမကံ နာမ (လ) ။
။ ။ ။ ပိဟကံ နာမ (လ) ။
။ ။ ။ ပပ္ဖါသံ နာမ ခယဋ္ဌေန အနိစ္စံ၊ ဘယဋ္ဌေန ဒုက္ခံ၊ အသာရကဋ္ဌေန အနတ္တာ။

ဣမသ္မိံ မေ ကာယေ ဣဒံ အန္တံ နာမ (လ) ပဋိကူလံ
။ ။ ။ အန္တဂုဏံ နာမ (လ) ။
။ ။ ။ ဥဒရိယံ နာမ (လ) ။
။ ။ ။ ကရီသံ နာမ (လ) ။
။ ။ ။ မတ္ထလုင်္ဂံ နာမ ခယဋ္ဌေန အနိစ္စံ၊ ဘယဋ္ဌေန ဒုက္ခံ၊ အသာရကဋ္ဌေန အနတ္တာ။

(ပထဝီဓာတ် ၂၀-တရက်ရွတ်ပါ။)

၃။ စနေနေ့ အတွက်

ဣမသ္မိံ မေ ကာယေ ဣဒံ ပိတ္တံ နာမ (လ) ပဋိကူလံ
။ ။ ။ သေမှံ နာမ (လ) ။
။ ။ အယံ ပုဗ္ဗော နာမ (လ) ပဋိကူလော
။ ။ ဣဒံ လောဟိတံ နာမ (လ) ပဋိကူလံ
။ ။ အယံ သေဒေါ နာမ (လ) ပဋိကူလော
။ ။ ။ မေဒေါ နာမ ခယဋ္ဌေန အနိစ္စံ၊ ဘယဋ္ဌေန ဒုက္ခံ၊ အသာရကဋ္ဌေန အနတ္တာ။

ဣမသ္မိံ မေ ကာယေ ဣဒံ အဿု နာမ (လ) ပဋိကူလံ
။ ။ အယံ ဝသာ နာမ (လ) ပဋိကူလာ
။ ။ ။ ခေဠော နာမ (လ) ပဋိကူလော
။ ။ ။ သိင်္ဃာဏိကာနာမ(လ) ပဋိကူလာ
။ ။ ။ လသိကာ နာမ (လ) ။
။ ။ ဣဒံ မုတ္တံ နာမ ခယဋ္ဌေန အနိစ္စံ၊ ဘယဋ္ဌေန ဒုက္ခံ၊ အသာရကဋ္ဌေန အနတ္တာ။

(အာပေါဓာတ် ၁၂-တရက်ရွတ်ပါ။)

(ဤ လက္ခဏာနုပဿနာ၌လည်း အောက်က လိင်,ဝုစ် ကွဲပြားပြီးဖြစ်၍ ပဉ္စက,ဆက္က အဆုံး အဆုံးမှာမှ အပြည့်အစုံ ရွတ်ပါ။)

## ပဗ္ဗဇိတ အဘိဏှသုတ် ပါဠိ

ဒသယိမေ ဘိက္ခဝေ ဓမ္မာ ပဗ္ဗဇိတေန အဘိဏှံ ပစ္စဝေက္ခိတဗ္ဗာ။ ကတမေ ဒသ၊

“ဝေဝဏ္ဏိယမှိ အဇ္ဈုပဂတော”တိ ပဗ္ဗဇိတေန အဘိဏှံ ပစ္စဝေက္ခိတဗ္ဗံ။

“ပရပဋိဗဒ္ဓါ မေ ဇီဝိကာ”တိ (ပ)တဗ္ဗံ။

“အညော မေ အာကပ္ပေါ ကရဏီယော”တိ (ပ)တဗ္ဗံ။

“ကစ္စိ နု ခေါ မေ အတ္တာ သီလတော န ဥပဝဒတီ”တိ (ပ)တဗ္ဗံ။

“ကစ္စိ နု ခေါ မံ အနုဝိစ္စ ဝိညူ သဗြဟ္မစာရီ သီလတော န ဥပဝဒန္တီ”တိ(ပ)တဗ္ဗံ။

“သဗ္ဗေဟိ မေ ပိယေဟိ မနာပေဟိ နာနာဘာဝေါ ဝိနာဘာဝေါ”တိ(လ)တဗ္ဗံ။

ကမ္မဿကောမှိ ကမ္မဒါယာဒေါ ကမ္မယောနိ ကမ္မဗန္ဓု ကမ္မပဋိသရဏော၊ ယံ ကမ္မံ ကရိဿာမိ ကလျာဏံ ဝါ ပါပကံ ဝါ၊ တဿ ဒါယာဒေါ ဘဝိဿာမီတိ (ပ)တဗ္ဗံ။

“ကထံဘူတဿ မေ ရတ္တိံန္ဒိဝါ ဝီတိဝတ္တန္တီ”တိ (ပ)တဗ္ဗံ။

“ကစ္စိ နု ခေါ အဟံ သုညာဂါရေ အဘိရမာမီ”တိ (ပ) တဗ္ဗံ။

“အတ္ထိ နု ခေါ မေ ဥတ္တရိ မနုဿဓမ္မော အလမရိယဉာဏဒဿန ဝိသေသော အဓိဂတော၊ ယောဟံ ပစ္ဆိမေ ကာလေ သဗြဟ္မစာရီဟိ ပုဋ္ဌော န မင်္ကု ဘဝိဿာမီ”တိ အဘိဏှံ ပဗ္ဗဇိတေန ပစ္စဝေက္ခိတဗ္ဗံ။

ဣမေ ခေါ ဘိက္ခဝေ ဒသ ဓမ္မာ ပဗ္ဗဇိတေန အဘိဏှံ ပစ္စဝေက္ခိတဗ္ဗာ [၁]။

(ပဗ္ဗဇိတ အဘိဏှသုတ် ပြီး၏။)

## အာဝေဏိကဂုဏ်တော် ပါဠိ

ဗုဒ္ဓါနံ ဇီဝိတဿ န သက္ကာ ကေနစိ အန္တရာယော ကာတုံ။

ဗုဒ္ဓါနံ သဗ္ဗညုတညာဏဿ န သက္ကာ ကေနစိ အန္တရာယော ကာတုံ။

ဗုဒ္ဓါနံ အသီတိဟတ္ထာနံ စတုန္နံ ပစ္စယာနံ န သက္ကာ ကေနစိ အန္တရာယော ကာတုံ။

ဗုဒ္ဓါနံ အသီတိယာ အနုဗျဉ္ဇနာနံ ဗျာမပ္ပဘာယ ဝါ န သက္ကာ ကေနစိ အန္တရာယော ကာတုံ။

---

၁။ အံ၊ ၃-၃၂၅။

ဣမေသံ စတုန္နံ န သက္ကာ ကေနစိ အန္တရာယော ကာတုံ၊ တထာ မေ ဟောဟု။

အတီတံသေ ဗုဒ္ဓဿ ဘဂဝတော အပ္ပဋိဟတ ဉာဏံ၊
အနာဂတံသေ ဗုဒ္ဓဿ ဘဂဝတော အပ္ပဋိဟတ ဉာဏံ၊
ပစ္စုပ္ပန္နံသေ ဗုဒ္ဓဿ ဘဂဝတော အပ္ပဋိဟတ ဉာဏံ၊

ဣမေဟိ တီဟိ ဓမ္မေဟိ သမန္နာဂတဿ ဗုဒ္ဓဿ ဘဂဝတော—
သဗ္ဗံ ကာယကမ္မံ ဉာဏပုဗ္ဗင်္ဂမံ ဉာဏာနုပရိဝတ္တံ၊
သဗ္ဗံ ဝစီကမ္မံ ဉာဏပုဗ္ဗင်္ဂမံ ဉာဏာနုပရိဝတ္တံ၊
သဗ္ဗံ မနောကမ္မံ ဉာဏပုဗ္ဗင်္ဂမံ ဉာဏာနုပရိဝတ္တံ၊

ဣမေဟိ ဆဟိ ဓမ္မေဟိ သမန္နာဂတဿ ဗုဒ္ဓဿ ဘဂဝတော—
နတ္ထိ ဆန္ဒဿ ဟာနိ၊ နတ္ထိ ဝီရိယဿ ဟာနိ၊
နတ္ထိ ဓမ္မဒေသနာယ ဟာနိ၊ နတ္ထိ သမာဓိဿ ဟာနိ၊
နတ္ထိ ပညာယ ဟာနိ၊ နတ္ထိ ဝိမုတ္တိယာ ဟာနိ၊

ဣမေဟိ ဒွါဒသဟိ ဓမ္မေဟိ သမန္နာဂတဿ ဗုဒ္ဓဿ ဘဂဝတော—
နတ္ထိ ဒဝါ၊ နတ္ထိ ရဝါ၊
နတ္ထိ အပ္ဖုဋံ၊ နတ္ထိ ဝေဂါယိတတ္တံ၊
နတ္ထိ အဗျာဝဋမနော၊ နတ္ထိ အပ္ပဋိသင်္ခါနုပေက္ခာ၊

ဣမေဟိ အဋ္ဌာရသဟိ ဓမ္မေဟိ သမန္နာဂတဿ ဗုဒ္ဓဿ ဘဂဝတော နမော။ သဿဒ္ဓမ္မဂဏုတ္တမော သမ္မာသမ္ဗုဒ္ဓေါ သပရိဝါရံ သဉာတိဂဏံ ရက္ခတု မံ စိရံ သဒါ၊ သဗ္ဗကာမဒဒေါ ဟောတု မယှမေဝ စိရံ သဒါ။

(အာဝေဏိကဂုဏ်တော် ပြီး၏။)

## ဥဒါနဂါထာ ပါဠိ

အနေကဇာတိသံသာရံ၊ သန္ဓာဝိဿံ အနိဗ္ဗိသံ။
ဂဟကာရံ ဂဝေသန္တော၊ ဒုက္ခာ ဇာတိ ပုနပ္ပုနံ။
ဂဟကာရက ဒိဋ္ဌောသိ၊ ပုန ဂေဟံ န ကာဟသိ။
သဗ္ဗာ တေ ဖာသုကာ ဘဂ္ဂါ၊ ဂဟကူဋံ ဝိသင်္ခတံ။
ဝိသင်္ခါရဂတံ စိတ္တံ၊ တဏှာနံ ခယမဇ္ဈဂါ[၁]။

---

၁။ ဓမ္မပဒ၊ ၄၊ ၂၊ ၀၄ စသည်။

## ပဋိစ္စသမုပ္ပါဒ် ပါဠိ

အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊ သင်္ခါရပစ္စယာ ဝိညာဏံ၊ ဝိညာဏပစ္စယာ နာမရူပံ၊ နာမရူပ ပစ္စယာ သဠာယတနံ၊ သဠာယတန ပစ္စယာ ဖဿော၊ ဖဿပစ္စယာ ဝေဒနာ၊ ဝေဒနာ ပစ္စယာ တဏှာ၊ တဏှာပစ္စယာ ဥပါဒါနံ၊ ဥပါဒါနပစ္စယာ ဘဝေါ၊ ဘဝပစ္စယာ ဇာတိ၊ ဇာတိပစ္စယာ ဇရာ မရဏ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿုပါယာသာ သမ္ဘဝန္တိ၊ ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ[၁]။

အဝိဇ္ဇာယတွေဝ အသေသဝိရာဂနိရောဓာ သင်္ခါရနိရောဓော၊ သင်္ခါရနိရောဓာ ဝိညာဏ နိရောဓော၊ ဝိညာဏနိရောဓာ နာမရူပနိရောဓော၊ နာမရူပနိရောဓာ သဠာယတန နိရောဓော၊သဠာယတနနိရောဓာ ဖဿနိရောဓော၊ဖဿနိရောဓာ ဝေဒနာနိရောဓော၊ဝေဒနာ နိရောဓာတဏှာ နိရောဓော၊ တဏှာ နိရောဓာ ဥပါဒါန နိရောဓော၊ ဥပါဒါန နိရောဓာ ဘဝ နိရောဓော၊ ဘဝ နိရောဓာ ဇာတိနိရောဓော၊ ဇာတိနိရောဓာ ဇရာ, မရဏ, သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿုပါယာသာ နိရုဇ္ဈန္တိ၊ ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ နိရောဓော ဟောတိ[၂]။

## ဥဒါန ပါဠိ

ယဒါ ဟဝေ ပါတုဘဝန္တိ ဓမ္မာ၊ အာတာပိနော ဈာယတော ဗြာဟ္မဏဿ။
အထဿ ကင်္ခါ ဝပယန္တိ သဗ္ဗာ၊ ယတော ပဇာနာတိ သဟေတုဓမ္မံ။

ယဒါ ဟဝေ ပါတုဘဝန္တိ ဓမ္မာ၊ အာတာပိနော ဈာယတော ဗြာဟ္မဏဿ။
အထဿ ကင်္ခါ ခပယန္တိ သဗ္ဗာ၊ ယတော ခယံ ပစ္စယာနံ အဝေဒိ။

ယဒါ ဟဝေ ပါတုဘဝန္တိ ဓမ္မာ၊ အာတာပိနော ဈာယတော ဗြာဟ္မဏဿ။
ဝိဓူပယံ တိဋ္ဌတိ မာရသေနံ၊ သူရိယောဝ ဩဘာသယမန္တလိက္ခံ[၃]။

## ပစ္စယုဒ္ဒေသ ပါဠိ

ဟေတုပစ္စယော၊ အာရမ္မဏပစ္စယော၊ အဓိပတိပစ္စယော၊ အနန္တရပစ္စယော၊ သမနန္တရပစ္စယော၊ သဟဇာတပစ္စယော၊ အညမညပစ္စယော၊ နိဿယပစ္စယော၊ ဥပနိဿယ ပစ္စယော၊ ပုရေဇာတပစ္စယော၊ ပစ္ဆာဇာတပစ္စယော၊ အာသေဝနပစ္စယော၊ ကမ္မပစ္စယော၊ ဝိပါကပစ္စယော၊ အာဟာရပစ္စယော၊ ဣန္ဒြိယပစ္စယော၊ ဈာနပစ္စယော၊ မဂ္ဂပစ္စယော၊ သမ္ပယုတ္တပစ္စယော၊ ဝိပ္ပယုတ္တပစ္စယော၊ အတ္ထိပစ္စယော၊ နတ္ထိပစ္စယော၊ ဝိဂတပစ္စယော၊ အဝိဂတပစ္စယော-တိ[၄]။

---

၁။ အဘိ၊ ၂၊ ၁၄၂။ ၃။ ဥ၊ ၃၊ ၂။
၂။ သံ၊ ၁၊ ၂၄၄။ ၄။ အဘိ၊ ဂ၊ ၁။

## နာညတြစသော (၆)ဂါထာ ပါဠိ

၁။ နာညတြ ဗောဇ္ဈာ တပသာ၊ နာညတြိန္ဒြိယသံဝရာ။
နာညတြ သဗ္ဗနိဿဂ္ဂါ၊ သောတ္ထိံ ပဿာမိ ပါဏိနံ [၁]။

၂။ နမော တေ ဗုဒ္ဓ ဝီရတ္ထု၊ ဝိပ္ပမုတ္တောသိ သဗ္ဗဓိ။
သမ္ဗာဓပဋိပန္နောသ္မိ၊ တဿ မေ သရဏံ ဘဝ [၂]။

၃။ တထာဂတံ အရဟန္တံ၊ စန္ဒိမာ သရဏံ ဂတော။
ရာဟု စန္ဒံ ပမုဉ္စဿု၊ ဗုဒ္ဓါ လောကာနုကမ္ပကာ [၂]။

၄။ ဩဇဒီပံ ဇိနော ဂန္တွာ၊ ကကုသန္ဓော မဟာဒယော။
ပဋ္ဌေရံ ရောဂံ သမေတွာ၊ ဓမ္မံ ဝရ မဒေသယိ။

၅။ သုဝဏ္ဏဘုမိံ ဂန္တွာန၊ သောဏုတ္တရာ မဟိဒ္ဓိကာ။
ပိသာစေ နိဒ္ဓမိတွာန၊ ဗြဟ္မဇာလ မဒေသိသုံ [၃]။

၆။ ဝိသုဒ္ဓေါ ဝတ မေ ဝါသော၊ နိမ္မလံ မံ န ပဿသိ။
မာ တွံ ဝိသုဒ္ဓံ ဒူသေဟိ၊ နိက္ခမာဟိ ဝနာ တုဝံ [၄]။

## ကဿပ ဗောဇ္ဈင်သုတ် ပါဠိ

သတ္တိမေ ကဿပ ဗောဇ္ဈင်္ဂါ မယာ သမ္မဒက္ခာတာ ဘာဝိတာ ဗဟုလီကတာ အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တန္တိ။

ကတမေ သတ္တ၊ သတိသမ္ဗောဇ္ဈင်္ဂေါ ခေါ ကဿပ၊ ဓမ္မဝိစယသမ္ဗောဇ္ဈင်္ဂေါ ခေါ ကဿပ၊ ဝီရိယသမ္ဗောဇ္ဈင်္ဂေါ ခေါ ကဿပ၊ ပီတိသမ္ဗောဇ္ဈင်္ဂေါ ခေါ ကဿပ၊ ပဿဒ္ဓိသမ္ဗောဇ္ဈင်္ဂေါ ခေါ ကဿပ၊ သမာဓိသမ္ဗောဇ္ဈင်္ဂေါ ခေါ ကဿပ၊ ဥပေက္ခာ သမ္ဗောဇ္ဈင်္ဂေါ ခေါ ကဿပ မယာ သမ္မဒက္ခာတော ဘာဝိတော ဗဟုလီကတော အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ။

ဣမေ ခေါ ကဿပ သတ္တ ဗောဇ္ဈင်္ဂါ မယာ သမ္မဒက္ခာတာ ဘာဝိတာ ဗဟုလီကတာ အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တန္တိ [၅]။

---

၁။ သံ၊ ၁၊ ၅၂။ ၂။ သံ၊ ၁၊ ၄၀။
၃။ ဝိ၊ ဋ္ဌ၊ ၁၊ ၅၂။ ၄။ အပ၊ ၁၊ ၇၄။ ၅။ သံ၊ ၃၊ ၇၁-၃။

## မောဂ္ဂလာန ဗောဇ္ဈင်သုတ် ပါဠိ

သတ္တိမေ မောဂ္ဂလ္လာန ဗောဇ္ဈင်္ဂါ မယာ သမ္မဒက္ခာတာ ဘာဝိတာ ဗဟုလီကတာ အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တန္တိ။

ကတမေ သတ္တ၊ သတိသမ္ဗောဇ္ဈင်္ဂေါ ခေါ မောဂ္ဂလာန၊ဓမ္မဝိစယ သမ္ဗောဇ္ဈင်္ဂေါ ခေါ မောဂ္ဂလ္လာန၊ ဝီရိယသမ္ဗောဇ္ဈင်္ဂေါ ခေါ မောဂ္ဂလ္လာန၊ ပီတိသမ္ဗောဇ္ဈင်္ဂေါ ခေါ မောဂ္ဂလ္လာန၊ ပဿဒ္ဓိသမ္ဗောဇ္ဈင်္ဂေါ ခေါ မောဂ္ဂလ္လာန၊ သမာဓိသမ္ဗောဇ္ဈင်္ဂေါ ခေါ မောဂ္ဂလ္လာန၊ ဥပေက္ခာ သမ္ဗောဇ္ဈင်္ဂေါ ခေါ မောဂ္ဂလ္လာန မယာ သမ္မဒက္ခာတော ဘာဝိတော ဗဟုလီကတော အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ။

ဣမေ ခေါ မောဂ္ဂလ္လာန သတ္တ ဗောဇ္ဈင်္ဂါ မယာ သမ္မဒက္ခာတာ ဘာဝိတာ ဗဟုလီကတာ အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တန္တိ [၁]။

## စုန္ဒဗောဇ္ဈင်သုတ် ပါဠိ

သတ္တိမေ ဘန္တေ ဗောဇ္ဈင်္ဂါ ဘဂဝတာ သမ္မဒက္ခာတာ ဘာဝိတာ ဗဟုလီကတာ အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တန္တိ။

ကတမေ သတ္တ၊ သတိသမ္ဗောဇ္ဈင်္ဂေါ ခေါ ဘန္တေ၊ ဓမ္မဝိစယ သမ္ဗောဇ္ဈင်္ဂေါ ခေါ ဘန္တေ၊ ဝီရိယ သမ္ဗောဇ္ဈင်္ဂေါ ခေါ ဘန္တေ၊ ပီတိ သမ္ဗောဇ္ဈင်္ဂေါ ခေါ ဘန္တေ၊ ပဿဒ္ဓိ သမ္ဗောဇ္ဈင်္ဂေါ ခေါ ဘန္တေ၊ သမာဓိ သမ္ဗောဇ္ဈင်္ဂေါ ခေါ ဘန္တေ၊ ဥပေက္ခာ သမ္ဗောဇ္ဈင်္ဂေါ ခေါ ဘန္တေ ဘဂဝတာ သမ္မဒက္ခာတော ဘာဝိတော ဗဟုလီကတော အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ။

ဣမေ ခေါ ဘန္တေ သတ္တ ဗောဇ္ဈင်္ဂါ ဘဂဝတာ သမ္မဒက္ခာတာ ဘာဝိတာ ဗဟုလီကတာ အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တန္တိ [၂]။

## မေတ္တာပို့ ပါဠိ

အဟံ အဝေရော ဟောမိ၊ အဗျာပဇ္ဇော ဟောမိ၊ အနီဃော ဟောမိ၊ သုခီ အတ္တာနံ ပရိဟရာမိ။

သီမဋ္ဌသံဃော အဝေရော ဟောတု၊ အဗျာပဇ္ဇော ဟောတု၊ အနီဃော ဟောတု၊ သုခီ အတ္တာနံ ပရိဟရတု။

---

၁-၂။ သံ၊ ၃၊ ၇၁-၃။

သီမဋ္ဌဒေဝတာ အဝေရာ ဟောန္တု (လ) အတ္တာနံ ပရိဟရန္တု။
ဒမှာကံ ဂေါစရဂါမေ သဗ္ဗေဇေဋ္ဌကမနုဿာ အဝေရာ ဟောန္တု (လ) ရန္တု။
အမှာကံ ဂေါစရဂါမေ သဗ္ဗမနုဿာ အဝေရာ ဟောန္တု (လ) ပရိဟရန္တု။

ပုရတ္ထိမာယ ဒိသာယ, ဒက္ခိဏာယ ဒိသာယ, ပစ္ဆိမာယ ဒိသာယ, ဥတ္တရာယ ဒိသာယ, ပုရတ္ထိမာယ အနုဒိသာယ, ဒက္ခိဏာယ အနုဒိသာယ, ပစ္ဆိမာယ အနုဒိသာယ, ဥတ္တရာယ အနုဒိသာယ, ဟေဋ္ဌိမာယ ဒိသာယ, ဥပရိမာယ ဒိသာယ သဗ္ဗေ သတ္တာ သဗ္ဗေ ပါဏာ သဗ္ဗေ ဘူတာ သဗ္ဗေ ပုဂ္ဂလာ သဗ္ဗေ အတ္တဘာဝပရိယာပန္နာ သဗ္ဗာ ဣတ္ထိယော သဗ္ဗေ ပုရိသာ သဗ္ဗေ အရိယာ သဗ္ဗေ အနရိယာ သဗ္ဗေ ဒေဝါ သဗ္ဗေ မနုဿာ သဗ္ဗေ ဝိနိပါတိကာ အဝေရာ ဟောန္တု (လ) သုခီ အတ္တာနံ ပရိဟရန္တု။

ဥဒ္ဓံ ယာဝ ဘဝဂ္ဂါ စ၊ အဓော ယာဝ အဝီစိတော။
သမန္တာ စက္ကဝါဠေသု၊ ယေ သတ္တာ **ပထဝီ** စရာ။
အဗျာပဇ္ဇာ နိဝေရာ စ၊ နိဒုက္ခာ စာနုပဒ္ဒဝါ။
(ပထဝီနေရာ၌ **ဥဒကေ, အာကာသေ** ပြောင်း၍ သုံးဂါထာဖြစ်အောင် ရွတ်ပါ။)

ယံ ပတ္တံ ကုသလံ တဿ၊ အာနုဘာဝေန ပါဏိနော။
သဗ္ဗေ သဒ္ဓမ္မရာဇဿ၊ ဉတွာ ဓမ္မံ သုခါဝဟံ။
ပါပုဏန္တု ဝိသုဒ္ဓါယ၊ သုခါယ ပဋိပတ္တိယာ။
အသောက မနုပါယာသံ၊ နိဗ္ဗာန သုခမုတ္တမံ။
စိရံ တိဋ္ဌတု သဒ္ဓမ္မော၊ ဓမ္မေ ဟောန္တု သဂါရဝါ။
သဗ္ဗေပိ သတ္တာ ကာလေန၊ သမ္မာ ဒေဝေါ ပဝဿတု။
ယထာ ရက္ခိံသု ပေါရာဏာ၊ သုရာဇာနော တထေဝိမံ။
ရာဇာ ရက္ခတု ဓမ္မေန၊ အတ္တနောဝ ပဇံ ပဇံ။

(မေတ္တာပို့ပြီး၏။)

## သမထဘာဝနာ ပွါးများနည်း ပါဠိ

အဋ္ဌိပုဉ္ဇော အယံ ကာယော၊ အဋ္ဌိပုဉ္ဇာ ပရေပိ စ။
သဗ္ဗေပိ အဋ္ဌိပုဉ္ဇာဝ၊ အနိစ္စာ ဒုက္ခ နတ္တကာ။
အရိုးစု-မှန်သမျှ၊ အနိစ္စ၊ ဒုက္ခ, အနတ္တာ။
ဘိဇ္ဇိံသု တီတခန္ဓာ စ၊ ပစ္စုပ္ပန္နာ စ ဘိဇ္ဇရေ။
အနာဂတာ ဘိဇ္ဇိဿန္တိ၊ အနိစ္စာ ဒုက္ခ နတ္တကာ။
ခန္ဓာဟူသမျှ၊ အနိစ္စ၊ ဒုက္ခ, အနတ္တာ။

## ဝိပဿနာဘာဝနာ ပွါးနည်း ပါဠိ

(၁) သဗ္ဗေ သင်္ခါရာ အနိစ္စာ၊ ယဒါ ပညာယ ပဿတိ။
အထ နိဗ္ဗိန္ဒတိ ဒုက္ခေ၊ ဧသ မဂ္ဂေါ ဝိသုဒ္ဓိယာ။

(၂) သဗ္ဗေ သင်္ခါရာ ဒုက္ခာတိ။ ပ။ ဝိသုဒ္ဓိယာ။

(၃) သဗ္ဗေ ဓမ္မာ အနတ္တာတိ။ ပ။ ဝိသုဒ္ဓိယာ[၁]။

(၄) အပ္ပမာဒေန ဘိက္ခဝေ သမ္ပာဒေထ၊ ဗုဒ္ဓုပ္ပါဒေါ ဒုလ္လဘော လောကသ္မိံ၊ မနုဿတ္တဘာဝေါ ဒုလ္လဘော၊ ဒုလ္လဘာ သဒ္ဓါသမ္ပတ္တိ၊ ပဗ္ဗဇိတဘာဝေါ ဒုလ္လဘော၊ သဒ္ဓမ္မဿဝနံ ဒုလ္လဘံ[၂]၊ ဧဝံ ဒိဝသေ ဒိဝသေ ဩဝဒိ။

(၅) ဟန္ဒ ဒါနိ ဘိက္ခဝေ အာမန္တယာမိ ဝေါ၊ ဝယဓမ္မာ သင်္ခါရာ အပ္ပမာဒေန သမ္ပာဒေထ[၃]။

(၆) ဧတ္တာဝတာ စ အမှေဟိ၊ သမ္ဘတံ ပုညသမ္ပဒံ။
သဗ္ဗေ ဒေဝါ နုမောဒန္တု၊ သဗ္ဗသမ္ပတ္တိသိဒ္ဓိယာ။

(၇) ဒါနံ ဒဒန္တု သဒ္ဓါယ၊ သီလံ ရက္ခန္တု သဗ္ဗဒါ။
ဘာဝနာဘိရတာ ဟောန္တု၊ ဂစ္ဆန္တု ဒေဝတာ ဂတာ။

(၈) သဗ္ဗေ ဗုဒ္ဓါ ဗလပ္ပတ္တာ၊ ပစ္စေကာနဉ္စ ယံ ဗလံ။
အရဟန္တာနဉ္စ တေဇေန၊ ရက္ခံ ဗန္ဓာမိ သဗ္ဗသော။

(ဤ ဂါထာကို တနင်္ဂနွေထောင့်ကစ၍ တနင်္ဂနွေထောင့်ကျအောင် ထပ်၍ရွတ်၊ ရေး၍လည်း ဆွဲထား၊ စည်းဖြစ်၍ ဘေးရန်ကင်းသည်ဟူ၏)

ဣမာယ ဓမ္မာနု ဓမ္မ ပဋိပတ္တိယာ ဗုဒ္ဓံ ပူဇေမိ၊
ဣမာယ ဓမ္မာနု ဓမ္မ ပဋိပတ္တိယာ ဓမ္မံ ပူဇေမိ၊
ဣမာယ ဓမ္မာနု ဓမ္မ ပဋိပတ္တိယာ သံဃံ ပူဇေမိ၊

အဒ္ဓါ ဣမာယ ပဋိပတ္တိယာ ဇာတိ ဇရာ ဗျာဓိ မရဏမှာ ပရိမုစ္စိဿာမိ။

(နံနက်ရွတ်စဉ်ပြီး၏။)

မှတ်ချက်။ ။ညဉ့်ရွတ်စဉ်မှတပါး နံနက်ရွတ်စဉ်များမှာ ရှေး မဟာဝိသုဒ္ဓါရုံ မူဟောင်းအတိုင်းဖြစ်သည်။

---

၁။ ဓမ္မပဒ၊ ၅၃။ ၂။ သံ၊ ဋ္ဌ၊ ၁၊ ၂၂၅။ သုတ္တနိ၊ ဋ၊ ၁၊ ၁၂၀။
၃။ ဒီ၊ ၂၊ ၁၂၈။ အံ-ဘိ၊ ဋ္ဌ၊ ၁၊ ၁၉။

# ပြဆိုအပ်ပြီးသော နံနက်ရွတ် ပါဠိတော်ဂါထာများ၏ ခက်ဆစ်အနက်များ

## အာဝေဏိက ဂုဏ်တော်အနက်

ဗုဒ္ဓါနံ၊ ဗုရားရှင်တို့၏။ ဇီဝိတဿ၊ အသက်တော်၏။ အန္တရာယော၊ အန္တရာယ်ကို။ ကေနစိ၊ တစုံတယောက်သောသူသည်။ ကာတုံ၊ ပြုခြင်းငှါ။ န သက္ကာ၊ မတတ်ကောင်း။ (၁)

ဗုဒ္ဓါနံ၊ ဗုရားရှင်တို့၏။ သဗ္ဗညုတညာဏဿ၊ သဗ္ဗညုတ ဉာဏ်တော်၏။ အန္တရာယော၊ အန္တရာယ်ကို။ ကေနစိ၊ တစုံတယောက်သောသူသည်။ ကာတုံ၊ ပြုခြင်းငှါ။ န သက္ကာ၊ မတတ်ကောင်း။ (၂)

ဗုဒ္ဓါနံ၊ ဗုရားရှင်တို့၏။ အသီတိဟင္ဗာနံ၊ ရွှေရှုဆောင်အပ်ကုန်သော။ စတုန္နံ၊ လေးပါးကုန်သော။ ပစ္စယာနံ၊ ပစ္စည်းတို့၏။ အန္တရာယော၊ အန္တရာယ်ကို။ ကေနစိ၊ တစုံတယောက်သောသူသည်။ ကာတုံ၊ ပြုခြင်းငှါ၊ န သက္ကာ၊ မတတ်ကောင်း။ (၃)

ဗုဒ္ဓါနံ၊ ဗုရားရှင်တို့၏။ အသီတိယာ၊ ရှစ်ဆယ်သော။ အနုဗျဉ္ဇနာနံ၊ လက္ခဏာတော်ငယ်တို့၏ငှင်း။ ဗျာမပ္ပဘာယ ဝါ၊ တလံမျှလောက်သော အမြဲထွက်သော အရောင်တော်၏ငှင်း။ အန္တရာယော၊ အန္တရာယ်ကို။ ကေနစိ၊ တစုံတယောက်သောသူသည်။ ကာတုံ၊ ပြုခြင်းငှါ။ န သက္ကာ၊ မတတ်သောင်း။ (၄)

ဗုဒ္ဓါနံ၊ ဗုရားရှင်တို့၏။ ဣမေသံ စတုန္နံ၊ ဤဆိုအပ်ပြီးသော လေးပါးတို့၏။ အန္တရာယော၊ အန္တရာယ်ကို။ ကေနစိ၊ တစုံတယောက်သောသူသည်။ ကာတုံ၊ ပြုခြင်းငှါ။ န သက္ကာ ယထာ၊ မတတ်ကောင်းသကဲ့သို့။ တထာ၊ ထို့အတူ၊ မေ၊ ငါ၏။ အန္တရာယော၊ အန္တရာယ်ကို။ ကေနစိ၊ တစုံတယောက်သောသူသည်။ ကာတုံ၊ ပြုခြင်းငှါ၊ န သက္ကာ၊ မတတ်ကောင်းသည်။ ဟောတု၊ ဖြစ်ပါစေသတည်း။

ဘဂဝတော၊ ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော။ ဗုဒ္ဓဿ၊ မြတ်စွာဗုရား၏။ အတီတံသေ၊ အတိတ်အဘို့၌။ အပ္ပဋိဟတဉာဏံ၊ ဆီးတားဆို့ပိတ် တွန့်လိပ်ခြင်းမရှိသော ဉာဏ်တော်ငှင်း။ (၁)

ဘဂဝတော၊ ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော။ ဗုဒ္ဓဿ၊ မြတ်စွာဗုရား၏။ အနာဂတံသေ၊ အနာဂတ်အဘို့၌။ (ပစ္စုပ္ပန္နံသေ၊ ပစ္စုပ္ပန်အဘို့၌) အပ္ပဋိဟတဉာဏံ၊ ဆီးတားဆို့ပိတ် တွန့်လိပ်ခြင်းမရှိသော ဉာဏ်တော်ငှင်း။ (၂-၃)

တီတိ၊ သုံးပါးကုန်သော။ ဣမေဟိ ဓမ္မေဟိ၊ ဤ ဂုဏ်ကျေးဇူးတော်တို့နှင့်။ သမန္နာဂတဿ၊ ပြည့်စုံတော်မူသော။ ဘဂဝတော၊ ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော။ ဗုဒ္ဓဿ၊ မြတ်စွာဘုရား၏။ ဉာဏပုဗ္ဗင်္ဂမံ၊ ဉာဏ်တော်လျှင် ရှေ့သွားရှိသော။ ဉာဏာနုပရိဝတ္တံ၊ ဉာဏ်တော်သို့ အစဉ်လိုက်သော။ သဗ္ဗံ၊ အလုံးစုံသော။ ကာယကမ္မံ၊ ကာယကံဒုင်း။ (၁)

ဉာဏပုဗ္ဗင်္ဂမံ၊ ဉာဏ်တော်လျှင် ရှေ့သွားရှိသော။ ဉာဏာနုပရိဝတ္တံ၊ ဉာဏ်တော်သို့ အစဉ်လိုက်သော။ သဗ္ဗံ၊ အလုံးစုံသော။ ဝစီကမ္မံ၊ ဝစီကံဒုင်း။ (၂)

ဉာဏပုဗ္ဗင်္ဂမံ၊ ဉာဏ်တော်လျှင် ရှေ့သွားရှိသော။ ဉာဏာနုပရိဝတ္တံ၊ ဉာဏ်တော်သို့ အစဉ်လိုက်သော။ သဗ္ဗံ၊ အလုံးစုံသော။ မနောကမ္မံ၊ မနောကံဒုင်း၊

ဆတိ၊ ခြောက်ပါးကုန်သော။ ဣမေဟိ ဓမ္မေဟိ၊ ဤ ဂုဏ်ကျေးဇူးတော်တို့နှင့်။ သမန္နာဂတဿ၊ ပြည့်စုံတော်မူသော။ ဘဂဝတော၊ ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော။ ဗုဒ္ဓဿ၊ မြတ်စွာဘုရားအား —

ဆန္ဒဿ၊ ဆန္ဒတော်၏။ ဟာနိ၊ ယုတ်လျော့ခြင်းသည်။ နတ္ထိ၊ မရှိ။ (၁)

ဝီရိယဿ၊ ဝီရိယတော်၏။ ဟာနိ၊ ယုတ်လျော့ခြင်းသည်။ နတ္ထိ၊ မရှိ။ (၂)

ဓမ္မဒေသနာယ၊ တရားဟောခြင်း၏။ ဟာနိ၊ ယုတ်လျော့ခြင်သည်။ နတ္ထိ၊ မရှိ။(၃)

သမာဓိဿ၊ သမာဓိတော်၏။ ဟာနိ၊ ယုတ်လျော့ခြင်းသည်၊ နတ္ထိ၊ မရှိ။ (၄)

ပညာယ၊ ပညာတော်၏၊ ဟာနိ၊ ယုတ်လျော့ခြင်းသည်။ နတ္ထိ၊ မရှိ။ (၅)

ဝိမုတ္တိယာ၊ အရဟတ္တဖိုလ် ချမ်းသာ၏။ ဟာနိ၊ယုတ်လျော့ခြင်းသည်။နတ္ထိ၊မရှိ။(၆)

ဒွါဒသဟိ၊ တဆယ့်နှစ်ပါးကုန်သော။ ဣမေဟိ ဓမ္မေဟိ၊ ဤ ဂုဏ်ကျေးဇူးတော်တို့နှင့်။ သမန္နာဂတဿ၊ ပြည့်စုံတော်မူသော။ ဘဂဝတော၊ ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော။ ဗုဒ္ဓဿ၊ မြတ်စွာဘုရားအား —

ဒဝါ၊ ရယ်မြူးခြင်းသည်။ နတ္ထိ၊ မရှိ။ (၁)

ရဝါ၊ အချွတ်အချော် ပြောဆိုခြင်းသည်။ နတ္ထိ၊ မရှိ။ (၂)

အဖုဋ္ဌံ၊ ဉာဏ်တော်ဖြင့် မတွေ့ထိအပ်သော တရားသည်။ နတ္ထိ၊ မရှိ။ (၃)

ဝေဂါယိတတ္တံ၊ ဉာဏ်နှင့် မဆင်ခြင်ဘဲ အဆောတလျင် ပြုမိသည်၏ အဖြစ်သည်။ နတ္ထိ၊ မရှိ။ (၄)

အဗျာဝဋ္ဌမနော၊ ကြောင့်ကြကင်းဘိ အကျိုးမရှိသော စိတ်တော်သည်။နတ္ထိ၊မရှိ။(၅)

အပ္ပဋိသင်္ခါနုပေက္ခာ၊ အဆင်ခြင်ကင်း၍ ဥပေက္ခာရှုခြင်းသည်။ နတ္ထိ၊ မရှိ။ (၆)

အဋ္ဌာရသဟိ၊ တဆယ့်ရှစ်ပါးကုန်သော။ ဝ္ဏမေဟိ ဓမ္မေဟိ၊ ဤ ဂုဏ်ကျေးဇူးတော်တို့နှင့်။ သမန္နာဂတဿ၊ ပြည့်စုံတော်မူသော။ ဘဂဝတော၊ ဘုန်းတော်ခြောက်ပါးနှင့်ပြည့်စုံတော်မူသော။ ဗုဒ္ဓဿ၊ မြတ်စွာဘုရားအား။ မေ၊ အကျွန်ုပ်၏။ နမော၊ ရှိခိုးခြင်းသည်။ အတ္ထု၊ ဖြစ်ပါစေသတည်း။

သာသဒ္ဓမ္မဂဏုတ္တမော၊ တရားတော် သံဃာတော်နှင့်တကွသော။ သမ္မာသမ္ဗုဒ္ဓေါ၊ မြတ်စွာဘုရားသည်။ သပရိဝါရံ၊ အခြံအရံနှင့်တကွသော။ သဉာတိဂဏံ၊ဆွေမျိုးအပေါင်းနှင့်တကွသော။ မံ၊ အကျွန်ုပ်ကို။ စိရံ၊ ရှည်မြင့်စွာ။ သဒါ၊ အခါခပ်သိမ်း။ ရက္ခတု၊ စောင့်ရှောက်ပါစေသတည်း။ မယှံ၊ အကျွန်ုပ်အား။ စိရံ၊ ရှည်မြင့်စွာ။ သဒါ၊ အခါခပ်သိမ်း။ သဗ္ဗကာမဒဒေါ၊ အလုံးစုံသော အလိုကိုပေးတော်မူသည်။ ဟောတု၊ ဖြစ်ပါစေသတည်း။

## ဥဒါန်းဂါထာ အနက်

ယဿာ၊ အကြင်ကြောင့်။ ဇာတိ၊ ပဋိသန္ဓေ တည်နေရခြင်းသည်။ ဇရာ ဗျာဓိ မရဏ ပိယဿတာယ၊ အို နာ သေရေး ဒုက္ခဘေးတို့နှင့် ရောထွေး၍ နေသည်၏ အဖြစ်ကြောင့်။ ပုနပ္ပုနံ၊ ထပ်ကာ ထပ်ကာ။ ဥပဂန္တုံ၊ ကပ်ရောက်ရခြင်းငှါ။ ဒုက္ခာ၊ ဆင်းရဲလှချေ၏။ တဿ စ၊ ထိုကြောင့်ရင်း။ တသ္မိံ၊ ထိုတဏှာယောကျ်ား လက်သမားကို။ အဒိဋ္ဌေ၊ ဉာဏ်ဖြင့်ထင်ထင် မတွေ့မြင်သေးသည်ဖြစ်သော်။ သာ ဇာတိ၊ ထို ဇာတိသည်။ နနိဝတ္တတိ၊ ဆုတ်နစ်မည်ပဟုတ်။ တဿ ဝ၊ ထိုကြောင့်ရင်း။ ဂဟကာရံ၊ ခန္ဓာအိမ်ကို ကြိမ်ကြိမ်ဖန်ဖန် စီမံတတ်သော တဏှာယောကျ်ား လက်သမားကို။ ဂဝေသန္တော၊ မရမနေ ရှာဖွေသော။ အဟံ၊ ငါသည်။ အနိဗ္ဗိသံ၊ တဏှာမြင်ရန် သဗ္ဗညုဉာဏ်ကို ကေန်ပိုင်ပိုင် မရနိုင်သေးသည်။ ဟုတ္ဝာ၊ဖြစ်၍။ ဝါ၊ ဖြစ်ခြင်းကြောင့်။ တွေကံ ကာလံ၊ ဤ ပျလောက်သော လေးသင်္ချေနှင့် ကမ္ဘာတသိန်း ကာလပတ်လုံး။ အနေကဇာတိ သံသာရံ၊ အသိန်းမက ဘဝများစွာ သံသရာစက်ဝိုင်းကို။ သန္ဓာဝိဿံ၊ ဆုံဝယ်တပ်၍ ရဟတ်ခြားသို့ အပ်နားမနေ ပြေးသွားကျင်လည်ခဲ့ရလေပြီ။

ဂဟကာရက၊ ခန္ဓာအိမ်ကို အကြိမ်ကြိမ် အဖန်ဖန် စီမံတတ်သော တဏှာယောကျ်ား ပဲ့–လက်သမား။ ဒါနိ၊ သဗ္ဗညုတဉာဏ်ကို ရပြီးရာ ယခုအခါ၌။ တွံ၊ သင်သည်။ ဝါ၊ သင့်ကို။ ဒိဋ္ဌော၊ ဉာဏ်ဖြင့်ထင်ထင် တွေ့မြင်အပ်ပြီးသည်။ အသိ၊ ဖြစ်၏။ ပုန၊ တဖန်။ ဂေဟံ၊ ခန္ဓာအိမ်ကို။ န ကာဟသိ၊ ပြုလုပ်ရတော့မည်မဟုတ်။ တေ၊ သင်၏။ သဗ္ဗာ၊ ကြွင်းမဲ့ဥဿုံ အလုံးစုံကုန်သော။ ဖာသုကာ၊ ကိလေသာ အခြင် ရနယ်တို့ကို။ ဘဂ္ဂါ၊ မှုန်မှုန်ညက်ညက် ဖြိုဖျက်အပ်ကုန်ပြီ။ ဂဟကူဋံ၊ ခန္ဓာအိမ်၏ အဝိဇ္ဇာ အထွဋ်ကို။ ဝိသင်္ခတံ၊ ဖျက်ဆီးအပ်ပြီ။ စိတ္တံ၊ ငါ၏စိတ်သည်။ ဝိသင်္ခါရဂတံ၊ သင်္ခါရကင်းမြဲ နိဗ္ဗာန်ဘုံသို့ အာရုံပြုသောအားဖြင့် ရောက်ပြီ။ အဟဥ္စ၊ ငါသည်လည်း။ တဏှာနံ၊ အသင်တဏှာတို့၏။ ခယံ၊ ကုန်းကြောင်းဖြစ်သော အရဟတ္တမဂ် အရဟတ္တဖိုလ်ကို။ အဇ္ဈဂါ၊ ရပြီ။ တနည်း–

ဝိသင်္ခါရဂတံ၊ သင်္ခါရကင်းမြဲ နိဗ္ဗာန်ဘုံသို့ အာရုံပြုသောအားဖြင့် ရောက်သော။ စိတ္တံ၊ စိတ်သည်။ တဏှာနံ၊ အသင်တဏှာတို့၏။ ခယံ၊ ကုန်းကြောင်းဖြစ်သော အရဟတ္တမဂ် အရဟတ္တဖိုလ်ကို။ အဇ္ဈဂါ၊ ရပြီ။

## ပဋိစ္စသမုပ္ပါဒ် ပါဠိအနက်

အဝိဇ္ဇာပစ္စယာ၊ အမှန်သဘာဝကို မသိရအောင် ဖုံးလွှမ်းတတ်သော မောဟနှ့်, အရာ ဌာနကိုမသိ မိုက်မဲတတ်သော မောဟကြမ်းဟူသော အဝိဇ္ဇာကြောင့်။ သင်္ခါရာ၊ ကုသိုလ် အကုသိုလ် စေတနာ သင်္ခါရဟူသော မျိုးစေ့တို့သည်။ သမ္ဘဝန္တိ၊ ဖြစ်ကုန်၏။ သင်္ခါရပစ္စယာ၊ ကုသိုလ် အကုသိုလ်စေတနာ သင်္ခါရဟူသော မျိုးစေ့ကြောင့်။ ဝိညာဏံ၊ ဤယခုဘဝ၌ အကျိုးဝိညာဉ် အသက်သည်။ သမ္ဘဝတိ၊ ဖြစ်ပေါ်လေ၏။ ဝိညာဏပစ္စယာ၊ ဝိညာဉ်ဖြစ် လိုက် ပေါ်လိုက်ခြင်းကြောင့်။ နာမရူပံ၊ နာမ်ဟူသော ရုပ်ဟူသော ရှက်ခွ နှစ်ခွသည်။ သမ္ဘဝတိ၊ ဖြစ်ပေါ်လေ၏။ နာမရူပ ပစ္စယာ၊ နာမ် ရုပ် ၂-ပါး ဖြစ်ပေါ်ခြင်းကြောင့်။ သဠာယတနံ၊ အကိုင်းအခက်နှင့်တူသော စက္ခာယတန,သောတာယတန,ဃာနာယတန,ဇိဝှါ ယတန, ကာယာယတန, မနာယတနဟူသော ၆-ပါးသော အာယတနသည်။ သမ္ဘဝတိ၊ ဖြစ်ပေါ်လေ၏။ သဠာယတနပစ္စယာ၊ ၆-ပါးသော အကိုင်းအခက်နှင့်တူသော အာယ တန ဖြစ်ပေါ်ခြင်းကြောင့်။ ဖဿော၊ အာရုံကို တွေ့ထိတတ်သော ဖဿဟူသော အငုံအဖူး သည်။ သမ္ဘဝတိ၊ ဖြစ်ပေါ်လေ၏။ ဖဿပစ္စယာ၊ ဖဿဟူသော အငုံအဖူးကြောင့်။ ဝေဒနာ၊ အပွင့်နှင့်တူသော ဝေဒနာသည်။ သမ္ဘဝတိ၊ ဖြစ်ပေါ်လေ၏။ ဝေဒနာပစ္စယာ၊ အပွင့်နှင့်တူသော ဝေဒနာဟူသော အကြောင်းကြောင့်။ တဏှာ၊ အကင်းနှင့် တူသော တဏှာသည်။ သမ္ဘဝတိ၊ ဖြစ်ပေါ်လေ၏။ တဏှာပစ္စယာ၊ တဏှာဟူသော အကင်းကြောင့်။ ဥပါဒါနံ၊ စွဲလမ်းခြင်း ဥပါဒါန်ဟူသော ရင့်ခြင်းသည်။ သမ္ဘဝတိ၊ ဖြစ်ပေါ်လေ၏။ ဥပါဒါနပစ္စယာ၊ ရင့်ခြင်း ဥပါဒါန်ဟူသော အကြောင်းကြောင့်။ ဘဝေါ၊ မျိုးနှင့်တူ သော ကုသိုလ် အကုသိုလ်ကမ္မဘဝသည်။ သမ္ဘဝတိ၊ ဖြစ်ပေါ်လေ၏။ ဘဝပစ္စယာ၊ ဤ ယခုဘဝ, နောက်နောက်ဘဝ, ကုသိုလ်အကုသိုလ် ကမ္မဘဝဟူသော မျိုးကြောင့်။ ဇာတိ၊ သေပြီးနောက် ထိုထိုဘဝ၌ ခန္ဓာပင်အသစ် ပေါ်ပေါက်ခြင်းသည်။ သမ္ဘဝတိ၊ ဖြစ်ပြန် သေး၏။ ဇာတိပစ္စယာ၊ ခန္ဓာပင် အသစ်ဖြစ်ခြင်း ပေါ်ခြင်း ပေါက်ခြင်းကြောင့်။ ဇရာ- အိုရခြင်း, မရဏ - သေရခြင်း, သောက - စိုးရိမ်ပူဆွေးရခြင်း, ပရိဒေဝ - ငိုကြွေးမြည်တမ်း ရခြင်း, ဒုက္ခ-ကိုယ်၏ ဆင်းရဲခြင်း, ဒေါမနဿ-စိတ်၏ ဆင်းရဲခြင်း, ဥပါယာသာ-သက်ကြီး ရှိုက်တငင် အပင်ကြီးအပန်းကြီး အပူမီးတို့သည်။ သမ္ဘဝန္တိ၊ ဖြစ်ပေါ် ကပ်စွဲလေကုန်၏။ ဧဝံ၊ ဤသို့။ ကေဝလဿ၊ သတ္တဝါ အကောင်မဖက် သက်သက်သော။ ဝါ၊ ချမ်းသာမဖက် သက်သက်သော။ ဧတဿ ဒုက္ခက္ခန္ဓဿ၊ ဤဆင်းရဲတုံး ဆင်းရဲခဲ၏။ သမုဒယော၊ ဖြစ်ခြင်း သည်။ ဟောတိ၊ ထင်ရှား၏။

## ဥဒါနကထာ အနက်

ယဒါ၊ အကြင်အခါ၌။ အာတာပိနော၊ ကိလေသာတို့ကို လောင်မြိုက်တတ်သော သမ္မပ္ပဓာန် လုံ့လဝီရိယရှိတော်မူထသော။ ဈာယတော၊ အာရမ္မဏူပနိဇ္ဈာန်, လက္ခဏူပနိဇ္ဈာန်တို့ဖြင့် ကသိုဏ်း အစရှိသော အာရုံ, အနိစ္စအစရှိသော လက္ခဏာ နိဗ္ဗာန်၏ တထလက္ခဏာကို စူးစိုက်စွာ ရှုတော်မူထသော။ ဗြာဟ္မဏဿ၊ မကောင်းမှုတို့ကို မြှောပြီးသော ရဟန္တာပုဂ္ဂိုလ်၏ သန္တာန်၌။ ဟ၊ ထင်ရှားစွာ။ ဝေ၊ စင်စစ်။ ဓမ္မာ၊ ၃၇-ပါးသော ဗောဓိပက္ခိယတရားတို့သည်။ ပါတုဘဝန္တိ၊ ဖြစ်ပေါ်လာကုန်၏။ တနည်း-ဟဝေ၊ စင်စစ်။ ဓမ္မာ၊ သစ္စာ ၄-ပါးတရားတို့သည်။ ပါတုဘဝန္တိ၊ ထိုးထွင်း၍ သိသောအားဖြင့် ထင်ရှားလာကုန်၏။ အထ၊ ၃၇-ပါးသော ဗောဓိပက္ခိယတရားတို့ဖြစ်ပေါ်လာရာ ထိုအခါ၌။ ဝါ၊ သစ္စာ ၄-ပါးတရားတို့ ထင်ရှားလာရာ ထိုအခါ၌။ အဿ၊ ထိုရဟန္တာပုဂ္ဂိုလ်၏။ သဗ္ဗာ၊ ကြွင်းမဲ့ဥဿုံ အလုံးစုံကုန်သော။ ကင်္ခါ၊ ယုံမှားခြင်း ဟူသမျှတို့သည်။ ဝပယန္တိ၊ ကင်းကုန်၏။ ဝါ၊ ကင်းပျောက်ချုပ်ငြိမ်းကုန်၏။ ကသ္မာ၊ အဘယ့်ကြောင့်နည်း။ ယတော၊ အကြင့်ကြောင့်။ သော၊ ထိုရဟန္တာပုဂ္ဂိုလ်သည်။ သဟေတုဓမ္မံ၊ အဝိဇ္ဇာအစရှိသော အကြောင်းတရားနှင့် တကွဖြစ်သော သင်္ခါရအစရှိသော အကျိုးတရားကို။ ပဇာနာတိ၊ အပြားအားဖြင့် သိတော်မူ၏။ တတော၊ ထို့ကြောင့်တည်း။

ယဒါ၊ အကြင်အခါ၌။ (လ) ဝပယန္တိ၊ ကုန်၏။ ကသ္မာ၊ အဘယ်ကြောင့်နည်း။ ယတော၊ အကြင်ကြောင့်။ သော၊ ထို ရဟန္တာပုဂ္ဂိုလ်သည်။ ပစ္စယာနံ၊ အဝိဇ္ဇာအစရှိသော အကြောင်းတရားတို့၏။ ခယံ၊ ကုန်ရာဖြစ်သော နိဗ္ဗာန်ကို။ အဝေဒိ၊ သိတော်မူပြီ။ တတော၊ ထိုကြောင့်တည်း။

ယဒါ၊ ၌။ (လ) ပါတုဘဝန္တိ၊ ကုန်၏။ အထ၊ ၃၇-ပါးသော ဗောဓိပက္ခိယတရားတို့ ဖြစ်ပေါ်လာရာ ထိုအခါ၌။ ဝါ၊ ၌။ သူရိယော၊ နေသည်။ အန္တလိက္ခံ၊ ကောင်းကင်ကို။ သြဘာသယံ၊ ပြောင်ပြောင်ဝင်းဝင်း ထွန်းလင်းစေလျက်။ ဝါ၊ ပြောင်ပြောင်ဝင်းဝင်း ထွန်းလင်းခစရင်းပင်။ အန္ဓကာရံ၊ အမိုက်မှောင်ကို။ ဝိဓူပယံ၊ ဖျက်ဆီးလျက်။ တိဋ္ဌတိ ဣဝ၊ တည်နိုင်သကဲ့သို့။ တထာ၊ ထို့အတူ။ သော၊ ထိုရဟန္တာပုဂ္ဂိုလ်သည်။ တေဟိ ဓမ္မေဟိ၊ ထို ၃၇-ပါးသော ဗောဓိပက္ခိယတရားတို့ဖြင့်။ တနည်း-တေန မဂ္ဂေန၊ ထိုအရိယာမဂ်ဖြင့်။ မာရသေနံ၊ 'ကာမာ တေ ပဌမာ သေနာ' အစရှိသော မာရ်စစ်တပ်ကို။ ဝိဓူပယံ၊ ဖျက်ဆီးလျက်။ တိဋ္ဌတိ၊ တည်နိုင်၏။

## သမထ ဘာဝနာ ပွါးများနည်း အနက်

အယံ ကာသော၊ အလျားတလံ, အနံတထွာ ၍ ငါ့ခန္ဓာကိုယ်သည်။ အဋ္ဌိပုဉ္ဇော၀၊ အရိုးစုချည်းသာတည်း။ ပရေပိ စ၊ ငါမှတပါးသော သူတို့သည်လည်း။ အဋ္ဌိပုဉ္ဇာ၀၊ စက်ဆုတ်ဘွယ်ရာ သုံးရာသော အရိုးစုတို့ချည်းသာတည်း။ သဗ္ဗေပိ၊ သူရောငါပါ များစွာဝေနေ

တမြေပြင်လုံးရှိသသူ အားလုံးတို့သည်လည်း။ အဋ္ဌိပုဉ္ဇာဝ၊ ပုဂ္ဂိုလ်, သတ္တဝါ, သူ, ငါမဟုတ် စက်ဆုတ်ဘွယ်ရာ သုံးရာသော အရိုးစုတို့ချည်းသာတည်း။တာနိ၊ ထို အရိုးစုဟူသမျှတို့သည်။ အနိစ္စာ၊ ဖြစ်ပျက်မစဲ အမြဲမရှိပါကုန်တကား။ ဒုက္ခာ၊ ဖြစ်ချည် ပျက်ချည် အတည်မကျ ခံနေရသဖြင့် ဆင်းရဲကုန်စွ့တကား။ အနတ္တကာ၊ နှစ်သာရကင်းပ အစိုးမရကုန်စွ့တကား။

## ဝိပဿနာ ဘာဝနာပွါးများနည်း ပါဠိအနက်

သဗ္ဗေ၊ ကြွင်းမဲ့ဥဿုံ အလုံးစုံကုန်သော။ သင်္ခါရာ၊ ခန္ဓာငါးတန် ရုပ်နှင့်နာမ်တို့သည်။ အနိစ္စာ၊ ခဏမစဲ အမြဲဘဲပျက်၍ နေကြကုန်၏။ ဣတိ၊ ဤသို့အမှန် ဖြစ်ပျက်ဟန်ကို။ ယဒါ၊ အကြင်ဝိပဿနာအလုပ် အားထုတ်သောအခါ၌။ ယော၊ အကြင် နေ့ညဉ့်ကြိုးကုတ် တရားကို အားထုတ်သော ယောဂီပုဂ္ဂိုလ်သည်။ ပညာယ၊ ဝိပဿနာလက်ရှိ ပညာမျက်စိဖြင့်။ ပဿတိ၊ ခန္ဓာငါးတန် ရုပ်နှင့်နာမ်တို့ ဖန်ဖန်ဖြစ်ပျက် အနိစ္စအချက်ကို မြင်၏။ အထ၊ ထိုသို့ ခန္ဓာငါးတန် ရုပ်နှင့်နာမ်တို့ ဖန်ဖန်ဖြစ်ပျက် အနိစ္စအချက်ကို မြင်သည်ရှိသော်။ သော၊ ထို နေ့ညဉ့်ကြိုးကုတ် တရားကို အားထုတ်သော ယောဂီပုဂ္ဂိုလ်သည်။ ဒုက္ခေ၊ ခန္ဓာငါးတန် ရုပ်နှင့်နာမ်တို့ ဖန်ဖန်ဖြစ်ရ ဝဋ္ဋဒုက္ခ၌။ နိဗ္ဗိန္ဒတိ။ တောင်ထိုင် မြောက်ထိုင် တမှိုင်မှိုင်နှင့် မကြည်မသာ ငြီးငွေ့ရှာ၏။ သေ ဧသော နိဗ္ဗိန္ဒော၊ ဤသို့ တောင်ထိုင် မြောက်ထိုင် တမှိုင်မှိုင်နှင့် မကြည်မသာ ငြီးငွေ့ရှာသော ယောဂီပုဂ္ဂိုလ်သည်။ ဝိသုဒ္ဓိယာ၊ စင်ကြယ်သန့်ရှင်း ရာဂကင်းသော နိဗ္ဗာန်ကို သွားခြင်း၏။ မဂ္ဂေါ၊ နိဗ္ဗာန်လမ်းကြောင်း ခရီးကောင်း ပေတည်း။

သဗ္ဗေ၊ ကြွင်းမဲ့ဥဿုံ အလုံးစုံကုန်သော။ သင်္ခါရာ၊ ခန္ဓာငါးတန် ရုပ်နှင့်နာမ်တို့သည်။ ဒုက္ခာ၊ ဖန်ဖန်ထပ်ထပ် မကြုံတတ်အောင် နှိပ်စက်ဖိစီးခြင်းကြောင့် ဆင်းရဲကုန်၏။ ဣတိ၊ ဤသို့အမှန် ဆင်းရဲဟန်ကို။ ယဒါ၊ အကြင်ဝိပဿနာအလုပ် အားအင်ထုတ်သော အခါ၌။ ယော၊ အကြင် နေ့ညဉ့် ကြိုးကုတ် တရားကိုလုပ်သော ယောဂီပုဂ္ဂိုလ်သည်။ ပညာယ၊ ဝိပဿနာလက်ရှိ ဉာဏ်မျက်စိဖြင့်။ ပဿတိ၊ ခန္ဓာငါးတန် ရုပ်နှင့်နာမ်ကို ဖန်ဖန်နှိပ်စက် ဒုက္ခအချက်ကို မြင်၏။ အထ၊ ထိုသို့ ခန္ဓာငါးတန် ရုပ်နှင့်နာမ်တို့ ဖန်ဖန်နှိပ်စက် ဒုက္ခအချက်ကို မြင်သည်ရှိသော်။ သော၊ ထို နေ့ညဉ့်ကြိုးကုတ် တရားကိုလုပ်သော ယောဂီပုဂ္ဂိုလ်သည်။ ဒုက္ခေ၊ ခန္ဓာငါးတန် ရုပ်နှင့်နာမ်တို့ ဖန်ဖန်ဖြစ်ရ ဝဋ္ဋဒုက္ခ၌။ နိဗ္ဗိန္ဒတိ၊ တောင်ထိုင် မြောက်ထိုင် တမှိုင်မှိုင်နှင့် မကြည်မသာ ငြီးငွေ့ရှာ၏။ သေ ဧသော နိဗ္ဗိန္ဒော၊ ဤသို့ တောင်ထိုင် မြောက်ထိုင် တမှိုင်မှိုင်နှင့် မကြည်မသာ ငြီးငွေ့ရှာသော ယောဂီပုဂ္ဂိုလ်သည်။ ဝိသုဒ္ဓိယာ၊ စင်ကြယ်သန့်ရှင်း ရာဂကင်းသော နိဗ္ဗာန်ကိုသွားခြင်း၏။ မဂ္ဂေါ၊ နိဗ္ဗာန်လမ်းကြောင်း ခရီးကောင်းပေတည်း။

သဗ္ဗေ၊ ကြွင်းမဲ့ဥဿုံ အလုံးစုံကုန်သော။ ဓမ္မာ၊ တရားတို့သည်။ အနတ္တာ၊ ကိုယ်မဟုတ်ကုန်။ ဣတိ၊ ဤသို့အမှန် အစိုးရခြင်း မရှိဟန်ကို။ ယဒါ၊ အကြင် ဝိပဿနာအလုပ်

အားထုတ်သောအခါ၌။ ယော၊ အကြင် နေ့ညဉ့်ကြိုးကုတ် တရားကိုလုပ်သော ယောဂီပုဂ္ဂိုလ်သည်။ ပညာယ၊ ဝိပဿနာလက်ရှိ ပညာမျက်စိဖြင့်။ ပဿတိ၊ ပိုင်သူအုပ်ချုပ် အစိုးတရ ပြုလုပ်၍ မဖြစ်နိုင်သည်ကို မြင်၏။ အထ၊ ထိုသို့ ပိုင်သူအုပ်ချုပ် အစိုးတရပြုလုပ်၍ မဖြစ်နိုင်သည်ကို မြင်သည်ရှိသော်။ သော၊ ထို နေ့ညဉ့်ကြိုးကုတ် တရားကိုအားထုတ်သော ယောဂီပုဂ္ဂိုလ်သည်။ ဒုက္ခေ၊ ခန္ဓာငါးတန် ရုပ်နှင့်နာမ်တို့ ဖန်ဖန်ဖြစ်ရ ဝဋ်ဒုက္ခ၌။ နိဗ္ဗိန္ဒတိ၊ တောင်ထိုင် မြောက်ထိုင် တမိုင်မိုင်နှင့် မကြည်မသာ ငြီးငွေ့ရှာ၏။ ဧသ ဧသော နိဗ္ဗိန္ဒော၊ ဤသို့ တောင်ထိုင် မြောက်ထိုင် တမိုင်မိုင်နှင့် မကြည်မသာ ငြီးငွေ့ရှာသော ယောဂီပုဂ္ဂိုလ်သည်။ ဝိသုဒ္ဓိယာ၊ စင်ကြယ်သန့်ရှင်း ရာဂကင်းသော နိဗ္ဗာန်ကို သွားခြင်း၏။ မဂ္ဂေါ၊ နိဗ္ဗာန်လမ်းကြောင်း ခရီးကောင်းပေတည်း။

× × × ×

# တရားနိဂုံး ဆုတောင်းမေတ္တာပို့ ဂါထာများ

၁။ ယံ ပတ္တံ ကုသလံ တဿ၊ အာနုဘာဝေန ပါဏိနော။
သဗ္ဗေ သဒ္ဓမ္မရာဇဿ၊ ဉတွာ ဓမ္မံ သုခါဝဟံ။

၂။ ပါပုဏန္တု ဝိသုဒ္ဓါယ၊ သုခါယ ပဋိပတ္တိယာ။
အ သောက မနုပါယာသံ၊ နိဗ္ဗာန သုခမုတ္တမံ။

၃။ စိရံ တိဋ္ဌတု သဒ္ဓမ္မော၊ ဓမ္မေ ဟောန္တု သဂါရဝါ။
သဗ္ဗေပိ သတ္တာ ကာလေန၊ သမ္မာ ဒေဝေါ ပဝဿတု။

၄။ ယထာ ရက္ခိံသု ပေါရာဏာ၊ သုရာဇာနော တထေဝိမံ။
ရာဇာ ရက္ခတု ဓမ္မေန၊ အတ္တနောဝ ပဇံ ပဇံ[၁]။

၁။ ယံ ကုသလံ၊ သဗ္ဗမင်္ဂလ ဓမ္မ ဒေသနာ ဤကျမ်းစာကို ဖွေရှာ ဆည်းစု ရေးသား ပြုရသော ဝိဝဋ္ဋနိဿိတ ဉာဏသမ္ပယုတ် တိဟိတ်ဥက္ကဋ္ဌ အကြင်ကုသိုလ်မြတ်ကို။ အမှေဟိ၊ ရေးသူ ဖတ်သူ နှစ်ဦးးကုန်သော ငါတို့သည်။ ပတ္တံ၊ ကောင်းစွာမသွေ ရအပ် ရောက်အပ် ပေပြီ။ တဿ ကုသလဿ၊ သဗ္ဗမင်္ဂလ ဓမ္မဒေသနာ ဤကျမ်းစာကို ဖွေရှာဆည်းစု ရေးသား ပြုရသော ဝိဝဋ္ဋနိဿိတ ဉာဏသမ္ပယုတ် တိဟိတ်ဥက္ကဋ္ဌ ထိုကုသိုလ်မြတ်၏။ အာနုဘာဝေန၊ ဘုန်းတန်ခိုးရှိန်စော် အာနုဘော်ကြောင့်။ သဗ္ဗေ၊ လူရှေနတ်ပါ ဗြဟ္မာမကြွင်း ခပင်းဥဿုံ အလုံးစုံကုန်သော။ ပါဏိနော၊ ထွက်သက် ဝင်သက် မပျက်မသွေ ရှိ၍ နေကြကုန်သော သတ္တဝါတို့သည်။ ဓမ္မရာဇဿ၊ တရားမင်းသခင် ဗုဒ္ဓရှင် ကိုယ်တော်မြတ်၏။ ဓမ္မံ၊ မဂ်,ဖိုလ်, နိဗ္ဗာန် ရောက်ကြောင်းမှန်သော သူတော်ကောင်းတရားကို။ ဉတွာ၊ ကိုယ်တိုင် ဒိဋ္ဌ သိမြင် ကြကုန်၍။ သုခါဝဟံ၊ လူ,နတ်,နိဗ္ဗာန် သုံးတန်သော ချမ်းသာကို ဆောင်ရွက်နိုင်ပေသော။

၂။ ဝိသုဒ္ဓါယ၊ လမ်းမှားကိုပယ် လမ်းမှန်ကိုတွယ်သဖြင့် စင်ကြယ်ကောင်းမြတ် လှစွာသော။ သုခါယ၊ ကိုယ်လည်းမပမ်း စိတ်မနွမ်းဘဲ ချမ်းသာလှစွာသော။ ပဋိပတ္တိယာ၊ အမျိုးသမီး အမျိုးသားတို့ ကြိုးစားကျင့်အပ် ပဋိပတ်ဖြင့်။ အ သောကံ၊ စိုးရိမ်သောက၏ မရှိရာဖြစ်သော။ အနုပါယာသံ၊ ပြင်းထန်လှစွာ ဥပါယာသ၏ မရှိရာလည်းဖြစ်သော။ ဥတ္တမံ၊ ချမ်းသာတကာတို့တွင် ယှဉ်ဘွယ်ကင်းလတ် အမြတ်ဆုံးဖြစ်ပေသော။ နိဗ္ဗာနသုခံ၊ တဏှာမှ ထွက်မြောက်ရာ နိဗ္ဗာန်ချမ်းသာသို့။ ပါပုဏန္တု၊ ကိုယ်စီ ကိုယ်ငှ ရောက်ကြပါစေ ကုန်သတည်း။

---

၁။ အဘိ၊ ဋ္ဌ၊ ၁၊ ၄၅၃။

၃။ သဒ္ဓမ္မော၊ သဒ္ဓမ္မသုံးဖြာ သာသနာတော်မြတ်ကြီးသည်။ စိရံ၊ ခေတ်အဆင့်ဆင့် ဆောင်ယူကျင့်၍ ကြာမြင့်လှစွာ ငါးထောင်သာအောင်။ တိဋ္ဌတု၊ ပါဠိ၊ အနက်မလျော့ပျက်ဘဲ ထွန်းတက်၍သာ တည်တံ့ပါစေသတည်း။ သဗ္ဗေပိ၊ ကြွင်းမဲ့ဥဿုံ အလုံးစုံလည်း ဖြစ်ကုန်သော။ သတ္တာ၊ လူရောနတ်ပါ သတ္တဝါမှန်သမျှတို့သည်။ ဓမ္မေ၊ ဆိုင်ရာဆိုင်ရာ မိမိတို့၏ စာရိတ္တမဏ္ဍိုင်ဆိုတဲ့ ကိုယ်ကျင့်တရား၌။ သဂါရဝါ၊ ရိုသေလေးမြတ်တုပ်ဝပ်ခြင်းရှိကြကုန်သည်။ ဟောန္တု၊ ကေန်မသွေ ဖြစ်ကြပါစေကုန်သတည်း။

ဒေဝေါ၊ ကောင်းကျိုး မကောင်းကျိုး နှစ်မျိုးစီမံတတ်တဲ့ မိုးနတ်သားသည်။ ကာလေန၊ ရွာသင့်ချိန်ခါ လျော်ကန်လျောက်ပတ် သင့်မြတ်သောအခါ ကာလမျိုး၌။ သမ္မာ၊ မိုးဦး မိုးလယ် တသွယ်မိုးနှောင်း ညီညွတ်ကောင်းစွာ။ ဝဿတု၊ ကောက်၊ ပဲ၊ သီးနှံအသီးသန်အောင် မှန်မှန်ကြီး ရွာသွန်းပါစေသတည်း။

၄။ ပေါရာဏာ၊ ရှေးအထက်က ဆင်းသက်များလှ ဖြစ်ပေါ်ကြကုန်သော။ သုရာဇာနော၊ ရေမြေထိန်းကျောင်း မတိမ်းစောင်းသည့် မင်းကောင်း မင်းမြတ်တို့သည်။ ဣမံ ပဇံ၊ တိုင်းနေ ပြည်သူ ရှင်၊ လူအားလုံးကို။ ရက္ခိံသု ယထာ၊ ခိုးသားဓားပြ မရှိရအောင် နေ့ညမပြတ် စောင့်ရှောက် အပ်ကုန်သကဲ့သို့။ တထေဝ၊ ရှေးမင်းတို့နှင့်မခြား အလားတူစွာသာလျှင်။ ရာဇာပိ၊ ငါတို့တိုင်းပြည်အုပ်ချုပ် မင်းလုပ်သော ပုဂ္ဂိုလ်သည်လည်း။ အတ္တနော၊ မိမိ၏။ ပဇံ၊ ရင်ဝယ်ဖြစ်ပွါး ချစ်လှစွာသော သားသမီးကို။ ဓမ္မေန၊ တရားတော်နှင့် ညီလျော်သဖြင့်။ ရက္ခတိ ဣဝ၊ ဘေးရန်ကင်းပျောက် ချမ်းသာရောက်အောင် စောင့်ရှောက်သကဲ့သို့။ ဣမံ ပဇံ၊ ဤ တိုင်းနေပြည်သူ လူအားလုံးကိုလည်း။ ဝါ၊ ဤနိုင်ငံတော်သူ နိုင်ငံတော်သား ရှင်၊ လူအများကိုလည်း။ ရက္ခတု၊ ကျေသား ရင်သား မခွဲခြားဘဲ အမြဲအားဖြင့် သနားစောင့်ရှောက်ပါစေသတည်း။ ဝါ၊ ဘေးရန်ကင်းပျောက် ချမ်းသာရောက်အောင် စောင့်ရှောက်ပါစေသတည်း။

မှတ်ချက်။ ။ဤဂါထာများသည် အရှင်မဟာဗုဒ္ဓဃောသ အဋ္ဌကထာ ဆရာ၏ ကျမ်းပြီး နိဂုံး မေတ္တာပို့ ဆုတောင်းဂါထာများဖြစ်သည်။

× × × ×

## ကျမ်းအပြီးဆုံး နိဂုံး(၂)ဂါထာ

၁။ မယာ ဝါသဝါဘိဝံသေန၊ ဝိသုဒ္ဓါရာမ သာမိနာ။
ပုရိမေ ကထိတာ သဗ္ဗ-မင်္ဂလာ ဒေသနာ ဣမာ။

၂။ တာဟိ မုဒ္ဒါယ ဓမ္မာပိ၊ မမ သတ္တတိမေ ဒိနေ။
ပုန ဝိတ္ထာရိတာ သဗ္ဗ-မင်္ဂလ ဝုဍ္ဎိယာ သတံ။

၁။ ဝိသုဒ္ဓါရာမ သာမိနာ၊ အောက်ပိုင်း ရန်ကုန် မဟာဝိသုဒ္ဓါရုံ တိုက်ရွှေဘုံကို လုံးစုံစိုးပိုင် ဘုန်းလျှံပမာန အရာမ်ပိုင် မဟာနာယကဖြစ်ပေသော။ ဝါသဝါဘိဝံသေန၊ ပရိယတ္တိ သာသနဟိတအသင်း ပင်ရင်းဓမ္မာစရိယ စာတော်ချအကျော် ဘွဲ့ထူးတော် အေတံဆိပ်ရ **အရှင်ဝါသဝါဘိဝံသ** မည်သော။ မယာ၊ ရန်ကုန်ပဝတ္တိ ဇာတိချင်းယား မွေးဖွားဖြစ်လာ မထေရ်ငါသည်။ ပုရိမေ၊ ရှေးရက် ရှေးလ ရှေးအခါကာလ၌။ ဣမာ သဗ္ဗမင်္ဂလာဒေသနာ၊ ဒါနရေးရာ မင်္ဂလာကိစ္စ ဟူသမျှ၌ မုချကြေငြာ ပြောဟောရာဖြစ်သော ဤ **သဗ္ဗမင်္ဂလ ဓမ္မဒေသနာ** ခေါ် တရားတော်တို့ကို။ ကထိတာ၊ ဒကာ ဒကာမတွေ အကျိုး များစေဘို့ တရားပွဲပေါင်းစုံ ဟောပြောအပ်ခဲ့ပါကုန်ပြီ။

၂။ တာဟိ၊ အကောင်းမျိုးစုံ စုပုံရောစပ် သဘောဟပ်၍ ဟောအပ်ခဲ့ပြီး ထိုအသီးသီးသော တရားတို့နှင့်တကွ။ ပုန၊ နောက်ထပ်တဖန်။ ဓမ္မာပိ၊ ဆေးရုံခြင်းရာ အကြောင်းပါလျက် မေတ္တာပို့အပ် အဆုံးအဖြတ် သုံးသပ်ပါဝင် နည်းစုံလင်အောင် လိုအင်ဖြည့်စွက် ရေးသားချက်များ မြတ်တရားတော်တို့ကိုလည်း။ သတံ၊ တရားလိုက်စား စိတ်ထားပျော့ပျောင်း သူတော်ကောင်းတို့၏။ သဗ္ဗမင်္ဂလဝုဍ္ဎိယာ၊ လုံးစုံများစွာ မင်္ဂလာဆင့်တိုး စည်ပင်ဖွံ့ဖြိုးခြင်း အကျိုးငှါ။ မုဒ္ဒါယ၊ စက်တင် ပုံနှိပ်စေပြီးလျှင်။ မမ၊ ရုပ်နာမ်နှစ်ဖြာ ငါးခန္ဓာကို မှီကာပြုဘို့ သမ္မုတိဖြင့် သုတိသာယာ ဝါသဝါဘိဝံသမည် ငါမထေရ်၏။ ဝါ-မမ၊ မန္တလေးမြို့တွင် နေခဲ့စဉ်က **တောင်ပြင် နဂါး၊ အနောက်ပြင် ကျား၊ မစိုးရိမ် အာ၊ ဝိ, သံ, ဝါ** ဟုပင် စာတော်သင်တို့ ဂုဏ်တင်မြှောက်စား ရှေ့တန်းထား၍ ကျော်ကြားခဲ့ရ ဝါသဝါဘိဝံသမည် ငါမထေရ်၏။ သတ္တတိမေ ဒိနေ၊ မွေးဖွားချိန်ထောက် သက်တော်(၇၀)မြောက် ပြည့်ရောက်လာရာ မွေးနေ့မင်္ဂလာ နေ့မြတ်ခါ၌။ ဝိတ္ထာရိတာ၊ အနယ်နယ်၌ တကယ်ခန့်ဘို့ ကျယ်ပြန့်စေတုံ ဖြန့်ချီအပ်ကြပေကုန်ပြီတကား။ ဣတိ၊ ဤတွင် နိဂုံးခါးပတ် အပြီးသတ်တည်း။

၁၃၄၀-ခုနှစ်၊ ပြာသိုလ်လဆုတ်(၈)ရက်၊ အသက်(၇၀)ပြည့်သည့်နေ့တွင် ဓမ္မဒါန ပြုရန် ရည်ရွယ်သော်လည်း အခြေအနေအရ မဖြစ်နိုင်ဘဲ ငရင်းလဆုတ် (၁၀) ရက်နေ့ ညဘက်တွင် ဤ ကျမ်းစာ ပြီးဆုံးခြင်းသို့ ရောက်ပါသတည်း။ ။

ပုံ၊ ဒိ၊ အာ – နှင့် ပြည့်စုံရပါလို၏။

နောက်ဆက်တွဲ

# ဆရာတော်ဗရားကြီးများနှင့် သီတင်းသုံးဖော် စသည်တို့၏ ချီးမြှောက်မှုကို ခံရခြင်း

အလှန်မကျန်းမာနေခိုက်တွင်-သက်တော်(၉၃)နှစ်၊ သိက္ခာတော်(၇၃)ဝါရှိတော်မူသော မန္တလေးမြို့၊ အရှေ့ပြင်၊ မဟာဝိသုဒ္ဓါရုံ ရွှေကျင်သာသနာပိုင် ဆရာတော်ဗရားကြီး၏ ကြွရောက်အားပေး ချီးမြှောက် မိန့်ကြား စကားများကို နာယူရခြင်း၊ တောင်ပုလု ဆရာတော်ဗရားကြီး၏ ကြွရောက် ပရိတ်တရားများ ရွတ်ဆို ချီးမြှောက်တော်မူခြင်းကို ခံယူရခြင်း၊ ဇာလီတောင် ဆရာတော်ဗရားကြီး၏ ချီးမြှောက်တော်မူသော ပရိတ်ဆီတော်များကို ရရှိအသုံးပြုရခြင်း၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ စစ်ကိုင်းတောင်ရိုး၊ ရွှေဟင်္သာတောရ ဆရာတော်ဗရားကြီး၏ အကြိမ်ကြိမ် အခေါက်ခေါက် ကြွရောက် ချီးမြှောက် အားပေးတော်မူခြင်း – ဤဆရာတော်ဗရားကြီးတို့၏ ချီးမြှောက်ခြင်းကို ခံယူရမှုတို့ကြောင့် ကိုယ်ရောစိတ်ပါ ချမ်းသာစွာဖြင့် အထူးအားရှိကာ ကျန်းမာရေး ကောင်းမွန်ခြင်းတရပ် ဖြစ်လာသည်ဟု ဆိုနိုင်ပါသည်။

ထို့မှတပါး စစ်ကိုင်း, မင်းကွန်း, မန္တလေးမှ သီတင်းသုံးဖော် ဆရာတော်များနှင့် တပည့်ကြီး,ငယ်များ လာရောက်ခြင်း။

ပဲခူးမြို့ ကြခတ်ဝိုင်းဆရာတော်, ပြည်မြို့ ဗာရာဏသီ ဆရာတော်ဗရားနှင့် တိုက်အုပ်ဘုန်းကြီး အရှင်ဝိစိတ္တစာရ, ညောင်တုန်းမြို့ ရွှေဟင်္သာတောရ-အဂ္ဂမဟာပဏ္ဍိတ ဆရာတော်ဗရား, မေမြို့ ဝိသုဒ္ဓါရုံ ဆရာတော်ဗရား, ကော့ကရိတ်မြို့မှ သတိပဋ္ဌာန်ကျောင်း ဆရာတော် အရှင်သုမန, မော်လမြိုင်-ကျိုက္ခမီ ဆရာတော်ဗရား, အမရပူရ - မဟာဂန္ဓာရုံတိုက် - အရှင်စန္ဒောဘာသ, အိမ်မဲတဘက် - ဝိသုဒ္ဓါရုံ ရိုးကြီးကျောင်း ဆရာတော်ဗရား, မြစ်သားမြို့ ခန္တီးလေးကျောင်း ဆရာတော် ဉူးနန္ဒောဘာသ, မုံရွာမြို့ အသောကာရုံ ဆရာတော်, သရက်ကုန်းကျောင်း ဆရာတော် အရှင်ပဏ္ဍဝံသ, တပ်ကုန်းမြို့ ရွာသစ် စန္ဒာရုံစာသင်တိုက် ဆရာတော် အရှင်စန္ဒာသိရီ, မော်ကျွန်းမြို့၊ ရွှေပြည်တန် စာသင်တိုက် ဆရာတော် အရှင်ရာဇိန္ဒ, တပ်ကုန်း တောရကျောင်း စာချဘုန်းကြီး - အရှင်သောပါက, မလှိုင်မြို့ ကြပ်ဖြူ ဆရာတော်, နွောကံ ဆရာတော် စသည်များနှင့်တကွ ဇလဲဆရာတော်,ရုံးစင်ကြီးမှ ရွာအရှေ့ကျောင်း ဆရာတော် အရှင်တိလောကတို့ အဝေးအရပ်မှ အထူးလာရောက်အားပေးခြင်း။

ရန်ကုန်မြို့မှ သီတင်းသုံးဖော်များကလည်း ကြွရောက် အားပေးခြင်းတို့ကြောင့် ကိုယ်စိတ်နှစ်ဖြာ ချမ်းသာမှုရရှိကာ အလားတူပင် ကျန်းမာရေး ကောင်းမွန်လာခြင်း တရပ်ပင် ဖြစ်သည်ဟုလည်း ဆိုနိုင်ပါသည်။

ထို့ပြင် ဘုန်းကြီး၏ ပြုဆိုအပ်ခဲ့ပြီးသော ဗရားဂုဏ်တော်များကို အထပ်ထပ် သုံးသပ်ဆင်ခြင်ပွါးများမှု စသည့် ကုသိုလ်တရားများကြောင့်ရင်း၊

မဟာဝိသုဒ္ဓါရုံ (ပါဠိတက္ကသိုလ်) ရွှေကျောင်တိုက်၏ ပစ္စည်းလေးပါးထောက်ပံ့ရေးအဖွဲ့ ဒကာ-ဒကာမအများနှင့် ပုဇွန်တောင် ဦးသန်း+ဒေါ်ရင်မေ မိသားစု အစရှိသော ဒကာ+ဒကာမ အများတို့၏ အံ့ဩဘွယ်ရာ ကောင်းလှစွာသော စေတနာ သဒ္ဓါ ထက်သန်ကြသည် အားလျော်စွာ ဆေးတလုံးလျှင် (၁၅၀၀) တထောင်ငါးရာကျပ် ပေးရသော ဆေးဝါး ကောင်းများကို လှူဒါန်းခြင်းကြောင့်ရင်း၊

အလွန်ခက်ခဲသော ထိုးဆေးများကို လွယ်ကူစွာဖြင့် အင်းယားလမ်း ကျောင်း ဒကာ ဦးကျော်သောင်း ကျောင်းအမ ဒေါ်မျိုးသိမ့် တို့၏ ထက်သန်သော စေတနာတို့ဖြင့် လှူဒါန်းခြင်းကြောင့်ရင်း။

ဆေးရုံတက်ခိုက် နေ့စဉ် နေ့တိုင်း နတ်မောက်လမ်း မဟာဝိသုဒ္ဓါရုံ ကျောင်းတိုက် အမကြီး ဒေါ်အုန်းစိန် မိသားစုတို့က နံနက် ကြက်သားဆန်ပြုတ် ဆွမ်း, ယောက်လမ်း ကျောင်းဒကာ ဗိုလ်ကြီး ဦးတင် ကျောင်းအမ ဒေါ်ဘေဘီ မိသားစုတို့က ဆရာတော်အား ဝတ်နိဗဒ် ပြုစုကြသော သံဃာတော်များအတွက် နံနက်ဆွမ်းနှင့် အချိုပွဲ,ဆရာတော်အတွက် လမ်း(၅၀) ဦးသိန်း-ဒေါ်တင် မိသားစု၊ (၅၁) လမ်း၊ ရုံးစင်ကြီး ဒေါ်စက်ရီ၏ မြေး ဖြစ်သူ ဦးစိန်ကြူ-ဆရာမ ဒေါ်အေးအေးခိုင်,ဗဟန်း(၂)လမ်း ကျောင်းအမ ဒေါ်အေးကျင် တူမ မတင်ကြည်တို့က နေ့ဆွမ်းနှင့် ခဲဘွယ်များ,(၆၄)လမ်း ဒေါ်မမကြီး နှင့် တူမများက နွားနို့, (၁၂)လမ်း ဒေါ်ခင်ကြည်က ဆိတ်နို့များကို လှူဒါန်းခြင်းကြောင့်ရင်း၊

ထိုမှတပါး - ဆေးပစ္စည်းများနှင့်တကွ ဟောလစ်၊ အိုဗာတင်း၊ နို့မှုံ့အစရှိသော မွန်မြတ်သော အမျိုးမျိုးသော ပစ္စည်းဝတ္ထုတို့ကို ပေးလှူကြသော မိုးကုတ် ကျောင်းအမ ကြီး ဒေါ်ဖုံနှင့် မိသားစု, ပတ္တမြား ကျောင်းအမကြီး ဒေါ်ဒေါ်ငြိမ်း မိသားစု, သံအမတ် ဟောင်း ဦးကျင်-ဒေါ်မြမေ မိသားစု, ရုံးစင် ကျောင်းအမကြီး ဒေါ်စက်ရီ နှင့် တကွ တခြား များပြားလှစွာသော ဒကာ+ဒကာမအပေါင်းတို့၏ အရပ်ရပ် လှူဒါန်းကြသော ကုသိုလ်စေတနာတို့ကြောင့်ရင်း၊

ချမ်းသာစွာ နေထိုင်ရန် ဆေးရုံ နေရာများနှင့်တကွ ယာဉ်ကားများကိစ္စကိုလည်း ချမ်းသာအောင် အမြဲဆောင်ရွက်ပေးသော အငြိမ်းစား ဒု-ဗိုလ်မှူးကြီး ဦးစိုးလှိုင်၏တပည့် ဖြစ်သူ ဦးဟန်ကြူ-ဦးစန်းလွင်ဦးတို့၏ ဝီရိယအစွမ်းဖြင့် စေတနာ ထက်သန်စွာ ဆောင်ရွက် မှုကြောင့်ရင်း၊

ဆရာတော်ကြီးအတွက် လုံ့လ ဝီရိယ စေတနာ ထက်သန်စွာဖြင့် ဆေးဝါးမှအစ ယာဉ်ကားပါ မကျန် အခြားလိုအပ်လျက်ရှိသော ပစ္စည်းများကို လိုလေသေး မရှိအောင် ဦးထိုက်စိန်၏ အထူးရှာဖွေ ဆောင်ရွက်ပေးမှုကြောင့်ရင်း။

မြန်မာဆေးနှင့်ပတ်သက်၍ ဗဟန်း၊ ရေတာရှည်လမ်းသစ်၊ သဘာဝဓမ္မ ဆရာသန်း, ရေတာရှည်လမ်းဟောင်း၊ သဘာဝဓမ္မ ဆရာစိန်၊ (၃၈) လမ်း၊ အလင်းရောင်ဆေးတိုက် ဦးသန်းဆွေတို့၏ ကုသိုလ်စေတနာကြောင့်ရင်း။

ဆေးပစ္စည်းများနှင့်တကွ ခဲဘွယ် စားဘွယ်များကို မကြာခဏ လှူဒါန်းသော ဗဟိုရ် အမျိုးသမီးဆေးရုံ - သူငယ်နာရောဂါကု ဆရာဝန်ကြီး ဒေါ်ခင်သန်းနု နှင့် အမျိုးမျိုး လှူဒါန်းပြုစုစောင့်ရှောက်သော ဗဟန်း ရေတာရှည်လမ်းသစ် ဆရာဝန် ဒေါ်မြင့်မြင့်လင်း, အထူး လေ့ကျင့်ခန်း ပြုလုပ်ပေးသော အကြော ကုသမှုတာဝန်ခံ ဦးအောင်ချိန်, အကြော အထူးကု ဒေါက်တာ ဦးသာမိုးတို့ ကုသိုလ်စေတနာကြောင့်ရှင်း။

အထူး အသက်ကယ်ဆယ်သော ကင်ဆာရောဂါ အထူးကု ဆရာဝန်ကြီး ဦးမျိုးတင့်, သမားတော် ဗိုလ်မှူးကြီး ကျော်ဝင်း - အမှူးထား၍ ကင်ဆာအထူးကု ဆရာဝန်ကြီး ဦးတင်အောင်, ဓာတ်ရောင်ခြည်ဖြင့် ရောဂါရှာဖွေရေး ဆရာဝန်ကြီး ဦးစိုးမြင့်, ဆရာဝန် ဗိုလ်မှူး အေးဖေ, ဓာတ်မှန်ဆိုင်ရာ ဆရာဝန်ကြီးများနှင့် ဆရာ ဦးကျော်သောင်း, ရောဂါ ဗေဒ ဆရာဝန်ကြီး ဒေါ်ခင်မာမာ, ဆရာဝန် ဒေါ်သန်းသန်းဦး, ဆရာဝန် ဦးတင်အောင်, ဆရာဝန် ဒေါ်သက်သက်ဇင်,(စစ်စတား)ဒေါ်စန်းရီ-အစရှိသော သက်ဆိုင်ရာ ဌာန ဆရာ၊ ဆရာမ ကြီး, ငယ်အားလုံးတို့၏ ထက်သန်သော စေတနာနှင့် အထူးအားဖြင့် စောင့်ရှောက် ကုသ ပေးမှုကြောင့်ရှင်း၊

ကိုယ်စိတ် ချမ်းသာမှုကို အထူးရရှိကာ ဤကျမ်းစာ ရေးသားနိုင်သည်အထိ ကျန်းမာရေး ရရှိကောင်းမွန်လာခြင်းဖြစ်ပါသည်။

ထို့ကြောင့် - အားလုံးသော ပစ္စည်းလေးပါး ဒကာ + ဒကာမများ, ဆရာဝန်ကြီး များနှင့်တကွ ဆရာ-ဆရာမကြီး-ငယ်များ, မကျန်းမာ၍ ဆေးရုံတက်သူ လူများနှင့်တကွ အားလုံးသော တရားလိုလား သူတော်စင်အများတို့သည် စီးပွါးတိုးတက်လျက် သက်ရှည် ကျန်းမာ ချမ်းသာစွာနှင့် လိုရာဆန္ဒ ပြည့်ဝကြပါစေကုန်သတည်း။

**မှတ်ချက်။** ။ဆေးရုံသို့-အကြိမ်ကြိမ် တက်/ဆင်း ရာ၌ရှင်း, ဓာတ်ကင်မှု ကိစ္စ အတွက် သွားလာရာ၌ရှင်း, ယောက်လမ်း ဗိုလ်ကြီး ဦးတင် + ဒေါ်ဘေဘီ တို့၏ ယာဉ်ကားဖြင့် အများဆုံး ပို့လှူသောကြောင့် ရှင်း၊ အနောက်ရွှေဂုံတိုင်၊ ဦးအောင်တင်-ဒေါ်ခတို့၏ ယာဉ်ကား ဖြင့်လည်း အကြိမ်များစွာ ပို့လှူခြင်းကြောင့်ရှင်း၊ ဘုန်းကြီး၏ သွား လာမှု၌ ကိုယ်စိတ်ချမ်းသာစွာ ဖြစ်ရသည်၊ ထိုယာဉ်အလှူဒါနမျိုး သည် ချမ်းသာသုခကိုလှူသည် မည်ကြောင်း သံယုတ်ပါဠိတော်၌ ဗုဒ္ဓ ဟောတော်မူသည့်အတိုင်း —

**အထူးအားဖြင့်** — နှစ်ဦးသော ဤကုသိုလ်ရှင်တို့နှင့် ယာဉ် လှူသူ ဟူသမျှ ဒကာ+ဒကာမ အပေါင်းတို့သည် ယနေ့ကစ နိဗ္ဗာန် ရသည်တိုင်အောင် လွယ်ကူစွာဖြင့် ချမ်းသာသုခ ဟူသမျှတို့ကို ရရှိပြီးလျှင် မဂ္ဂင်ရှစ်ဖော် ယာဉ်ပျံတော်ကြီးကို ပျော်ပျော်စီးပြီး ပြည်ကြီးနိဗ္ဗာန်သို့ လျင်မြန်စွာ ရောက်ကြပါစေကုန်သတည်း။ ။

**သဗ္ဗမင်္ဂလ ဓမ္မဒေသနာ ပြီးပြီ။**

ဝဋ္ဋာ ဘိင်္ဂန  မိတ် မသျှရသဖြင့်  အနိစ္စ သဘော တရား

ပြောင်းလဲသွားသော် ကိုယ်စားရည်မှတ် ကျင့်ကြံတတ်ဘို့

အပြတ်မှန်လှ  သဗ္ဗပဂ်လ ဝပ္ပဒေသနာ ဤကျမ်းစာကို—

ဟု-ကျမ်းစာအစ  သံဝေဇနိယနှင့် ဥပကာရ ဒေသနာ(ဘ)၌ ရေးသားထားတော်မူခဲ့သည့် အတိုင်းပင်....ဤကျမ်းပြုစု, ရေးသား စီရင်တော်မူသော မဟာထေရ် ဆရာတော်ဗရားကြီးသည် ကျမ်းစာအုပ် **စက်တင်ပုံနှိပ်၍ မပြီးသေးမီ** ၁၃၄၁-ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၅-ရက်(၁၀-၉-၇၉)တနင်းလာနေ့ ည ၈-နာရီ ၁၅-မိနစ်အချိန် သက်တော်(၇၁)နှစ်၊ ဝါတော်(၅၂)ဝါအရတွင် "နတ်တိုနန်းပြေ အပန်းဖြေ" သော အားဖြင့် ပြန်လွန်တော်မူသွားရာ—

ယခုအခါ ပုံနှိပ်ပြီးစီးပါသဖြင့် ရဟန်း, ရှင်, လူ အားလုံးသောသူတို့အတွက် လောကုတ်, လောကီ နှစ်ပါးလာ အကျိုးတရားများကို ပေးစွမ်းနိုင်သည့် ဟောရေ, ပြောရေ  ကျင့်ကြံရေးများအစုံအလင် ရေးသားထားတော်မူသော ဤ **သဗ္ဗမင်္ဂလ ဝပ္ပဒေသနာ** ကျမ်းစာအုပ်ကို  **ဆရာတော် ဗရားကြီး၏ ကိုယ်စား** ပူဇော်ပွဲတိုင် တွင် အမြဲဆောင်ထားရန် အလှူနှင့်သင့်လျော် လျောက်ပတ်ကောင်းမြတ်ကြောင်း သိစေအပ်ပါသတည်း။

**စာအုပ်ဖြစ်မြောက်ရေး**

**တာဝန်ခံများ။**

# ဓမ္မဒါန ကုသိုလ်ရှင်များ စာရင်း

| ဦးရေ | အမည် နှင့် နေရပ် လိပ်စာ | | အုပ်ရေ |
|---|---|---|---|
| | **တိပိဋကဓရ (ပိဋက သုံးပုံအောင်) ဆရာတော်များ** | | |
| ၁။ | ပခုက္ကူ၊ တိပိဋကဓရ၊ တိပိဋက ကောဝိဒ၊ ဓမ္မဘဏ္ဍာဂါရိက အရှင်နေမိန္ဒ မဟာထေရ် | .... | ၅၀ |
| ၂။ | ရန်ကုန်၊ တိပိဋကဓရ၊ တိပိဋက ကောဝိဒ၊ အရှင်သုမင်္ဂလာလင်္ကာရ မထေရ် | .... | ၁၀၀ |
| ၃။ | ရန်ကုန်၊ မဟာဝိသုဒ္ဓါရုံ၊ တိပိဋကဓရ၊ အရှင်သိရိန္ဒာဘိဝံသ မထေရ် | | ၅၀ |
| ၄။ | ရန်ကုန်၊ မဟာဝိသုဒ္ဓါရုံ (ပါဠိတက္ကသိုလ်) ရွှေကျောင်တိုက်၊ သံဃာတော်များ | .... | ၁၅၀ |
| | **ရန်ကုန်၊ မဟာဝိသုဒ္ဓါရုံ, ကျောင်းတိုက်ခွဲ ဆရာတော်များ** | | |
| ၅။ | ဆရာတော် ဦးတိလောက၊ သံတော်ဆင့်ကျောင်း၊ ဝိသုဒ္ဓါရုံတိုက်သစ်၊ အနောက်ပြင်၊ မန္တလေး | .... | ၅၀ |
| ၆။ | ဆရာတော် ဦးနန္ဒောဘာသ၊ ခန္တီးလေးကျောင်း၊ မြစ်သားမြို့နယ် | .... | ၅၀ |
| ၇။ | ဆရာတော် ဦးစန္ဒာသိရီ၊ စန္ဒာရုံစာသင်တိုက်၊ ရွာသစ်၊ တပ်ကုန်းမြို့ | .... | ၅၀ |
| ၈။ | ဆရာတော် ဦးရာဇိန္ဒ၊ ရွှေပြည်တန် စာသင်တိုက်၊ မော်ကျွန်းမြို့ | .... | ၃၀ |
| ၉။ | ဆရာတော် ဦးတိက္ခာစာရ၊ ရိုးကြီး ဝိသုဒ္ဓါရုံကျောင်း၊ အိမ်မဲမြို့ | .... | ၂၀ |
| ၁၀။ | ဆရာတော် ဦးပဏ္ဍဝံသ၊ သရက်ကုန်းကျောင်း၊ ပဲခူးမြို့နယ် | .... | ၁၀ |
| | **အခြား ဆရာတော်, သံဃာတော်များ** | | |
| ၁၁။ | ဆရာတော် ဦးဣန္ဒကဝရ၊ အောင်သပြေကျောင်း၊ မင်းကွန်းတိုက်၊ မန္တလေး | .... | ၂၅ |
| ၁၂။ | ဆရာတော် ဦးအာစိဏ္ဏ၊ ဒေါပုံကျောင်း၊ ငါးထပ်ကြီး၊ ရန်ကုန် | | ၂၀ |
| ၁၃။ | ဆရာတော် ဦးဝါယာမ၊ တိုက်တော်၊ အနောက်ပြင်၊ မန္တလေး | .... | ၁၅ |

| ဦးရေ | အမည် နှင့် နေရပ် လိပ်စာ | အုပ်ရေ |
|---|---|---|
| ၁၄။ | ဆရာတော် ဦးပညာသိရီ၊ မင်္ဂလာဗိမာန်ကျောင်း၊ ဝိသုဒ္ဓါရုံတိုက်သစ်၊ အနောက်ပြင်၊ မန္တလေး .... | ၁၀ |
| ၁၅။ | ဦးဇာဂရ၊ သံတော်ဆင့်ကျောင်း၊ ဝိသုဒ္ဓါရုံတိုက်သစ်၊ မန္တလေး .... | ၁၀ |
| ၁၆။ | ဦးကုဏ္ဍလ၊ သံတော်ဆင့်ကျောင်း၊ ဝိသုဒ္ဓါရုံတိုက်သစ်၊ မန္တလေး .... | ၁၀ |
| ၁၇။ | ဦးအရိယဉာဏာဘိဝံသ၊ စည်ရှင်ကျောင်း၊ ဝိသုဒ္ဓါရုံတိုက်သစ်၊ အနောက်ပြင်၊ မန္တလေး .... | ၁၀ |
| ၁၈။ | ဦးစန္ဒောဘာသာဘိဝံသ၊ စည်ရှင်ကျောင်း၊ ဝိသုဒ္ဓါရုံတိုက်သစ်၊ အနောက်ပြင်၊ မန္တလေး .... | ၁၀ |
| ၁၉။ | ဦးဝိဇ္ဇာနန္ဒာဘိဝံသ၊စည်ရှင်ကျောင်း၊ဝိသုဒ္ဓါရုံတိုက်သစ်၊မန္တလေး .... | ၁၀ |
| ၂၀။ | ဦးဝေဓဉာဏာဘိဝံသ၊ စည်ရှင်ကျောင်း၊ ဝိသုဒ္ဓါရုံတိုက်သစ်၊ အနောက်ပြင်၊ မန္တလေး .... | ၁၀ |
| ၂၁။ | ဦးခေမိန္ဒာဘိဝံသ၊ မဟာဗောဓိ စာသင်တိုက်၊ မန္တလေး .... | ၁၀ |
| ၂၂။ | ဦးရာဇိန္ဒ၊ မဟာပုန်ကင်းကျောင်း၊ သရက်တောတိုက်၊ ရန်ကုန် .... | ၁၀ |
| ၂၃။ | ဦးဝိစိတ္တ၊ တိုက်အုပ်ဘုန်းကြီး၊ ဝိသုဒ္ဓါရုံ ဗာရဏသီတိုက်၊ ပြည်မြို့ .... | ၁၀ |
| ၂၄။ | ဦးကုန္ဒက (ဒိဃနိကာယ ကောဝိဒ) မဟာဂန္ဓာရုံတိုက်၊ ကမ္ဘာအေး၊ ရန်ကုန် .... | ၁၀ |
| ၂၅။ | ဦးဗောဓက၊ ပတ္တပိုင်တိုက်၊ မြင်းခြံမြို့ .... | ၁၀ |
| ၂၆။ | ဦးဉာဏာလင်္ကာရ၊ တိပိဋကကျောင်းတိုက်၊ မင်းကွန်းတောင်ရိုး .... | ၁၀ |
| ၂၇။ | ဦးအရိယဝံသ၊ မြို့မကျောင်း၊ ပုသိမ်ကြီး .... | ၁၀ |
| ၂၈။ | ဦးသောဘန၊ မတ္တရာမြို့နယ် .... | ၁၀ |
| ၂၉။ | ကန်တောရကျောင်းတိုက်၊ သံဃာတော်များ၊ ဂန့်ဂေါမြို့ .... | ၁၀ |
| ၃၀။ | ဦးပဏ္ဍဝံသ၊ အုတ်သျှစ်ကုန်းကျောင်းတိုက် .... | ၇ |
| ၃၁။ | ဦးလာဘ၊ ဗောဓိကျောင်း၊ ပန်းတပွတ်ရွာအရှေ့၊ မအူပင်မြို့နယ် .... | ၆ |
| ၃၂။ | တပ်ရွာ၊ ဆရာတော်ကြီး .... | ၅ |
| ၃၃။ | ဦးနာယက၊ ရတနာပုံ တောရကျောင်း၊ လောမြို့ .... | ၅ |
| ၃၄။ | ဦးတေဇိန္ဒ၊ ကျဲပိုးတိုက်၊ မြင်းခြံမြို့ .... | ၅ |

| ဦးရေ | အမည် နှင့် နေရပ် လိပ်စာ | | အုပ်ရေ |
|---|---|---|---|
| ၃၅။ | ဦးဥတ္တရောဘာသ၊ တောင်သာရွာ၊ ဝမ်းတွင်းမြို့နယ် | .... | ၅ |
| ၃၆။ | ဦးအဂ္ဂဓမ္မ၊ ငွေတောင်တိုက်၊ မန္တလေး | .... | ၅ |
| ၃၇။ | ဦးကောဝိဒ (ဒီဃဘာဏက) သိမ်တောင်ကျောင်းတိုက်၊ တောင်ကြီးမြို့ | .... | ၅ |

## ရန်ကုန်မြို့ မှ

| ဦးရေ | အမည် နှင့် နေရပ် လိပ်စာ | | အုပ်ရေ |
|---|---|---|---|
| ၃၈။ | ဒေါ်ဖုံ၊ သား ကိုမြင့်-မသန်း မိသားစု၊ ၄၈၊ ဂွတ္တလစ် | .... | ၁၀၀ |
| ၃၉။ | ဦးအောင်တင်-ခေါ်ခ မိသားစု၊ အနောက်ရွှေဂုံတိုင် | .... | ၁၀၀ |
| ၄၀။ | ဦးသန်း-ဒေါ်ရင်မေ မိသားစု၊ အောက်ပုဇွန်တောင် | .... | ၁၀၀ |
| ၄၁။ | ရန်ကုန်၊ မဟာ ဝိသုဒ္ဓါရုံ ကျောင်းတိုက် အမကြီး ဒေါ်အုန်းစိန် မိသားစု၊ နတ်မောက်လမ်း | .... | ၅၀ |
| ၄၂။ | ကျောင်းအမ ဒေါ်ခင်ထွေး မိသားစု၊ အဒမ်မဆင်လမ်း၊ ဗိုလ်တထောင် | .... | ၅၀ |
| ၄၃။ | ကျောင်းအမ ဒေါ်အေးကျင်၊ ၂-လမ်း၊ ဗဟန်း | .... | ၅၀ |
| ၄၄။ | ကျောင်းဒကာ ဦးဘိုစိန်-ကျောင်းအမ ဒေါ်အုန်းတင် မိသားစု၊ အင်းယားလမ်း | .... | ၅၀ |
| ၄၅။ | ဦးညဏ်အား ရည်စူး၍ ဦးစံ-ဒေါ်စိန် မိသားစု၊ စမ်းချောင်း | .... | ၅၀ |
| ၄၆။ | အငြိမ်းစား သံအမတ်ကြီး သခင်ချန်ထွန်း နှင့် ဒေါ်အမာ၊ တာမွေ | .... | ၅၀ |
| ၄၇။ | ဒေါ်ခင်တင့်၊ ဒေါ်ခင်သန့်၊ ဒေါ်ခင်စော၊ ဦးဘကြည် မောင်နှမ တစု၊ အင်းယားလမ်း | .... | ၅၀ |
| ၄၈။ | ဦးစစ်နီ-ဒေါ်တင်လှ၊ မြေနီကုန်း | .... | ၃၀ |
| ၄၉။ | ဦးသိန်းအောင်-ဒေါ်နီ၊ လမ်း (၅၀) | .... | ၂၀ |
| ၅၀။ | ဦးစိန်ကြူ-ဆရာမ ဒေါ်အေးအေးခိုင်၊ (၅၁) လမ်း | .... | ၂၀ |
| ၅၁။ | ဒေါ်ပန်းရင်၊ ပြည်လမ်း၊ ကမာရွတ် | .... | ၂၀ |
| ၅၂။ | ကျောင်းဆရာ ဦးလှညွန့်-ဒေါ်သန်းမြင့်၊ နတ်မောက်လမ်း | .... | ၁၀ |
| ၅၃။ | မောင်ကြင်ဖေ-မတင်ကြည် မိသားစု၊ နတ်မောက်လမ်း | .... | ၁၀ |

| ဦးရေ | အမည် နှင့် နေရပ် လိပ်စာ | | ဘိုင်ရေ |
|---|---|---|---|
| ၅၄။ | လက္ခဏာ, ဗေဒ ကထိက ဆရာဦးထွန်းကြည်-ဒေါ်ခင်ကြူ မိသားစု၊ ကန်တော်လမ်း၊ လေးဒေါင့်ကန်ရပ်၊ သဃ်န်းကျွန်း | .... | ၁၀ |
| ၅၅။ | ဦးသိန်း-ဒေါ်တင်၊ လမ်း (၅၀) | .... | ၁၀ |
| ၅၆။ | ဦးအေးမောင်-ဒေါ်ထွေးရင်၊ လမ်း (၃၀) | .... | ၁၀ |
| ၅၇။ | ဦးခင်မောင်အေး-ဒေါ်ကြင်ငြိမ်း မိသားစု၊ အောင်စကြာပရိဘောဂ၊ တောင်ဥက္ကလာ | .... | ၁၀ |
| ၅၈။ | ဒေါ်တင်တင်လှ၊ နီလာဇော်ဝင်း၊ ဥမ္မာဇော်ဝင်း၊ မောင်မျိုးဇော်ဝင်း၊ ကမ္ဘာအေး | .... | ၁၀ |
| ၅၉။ | ကိုသန်းလှိုင်-မမြသန်း မိသားစု၊ ကြည့်မြင်တိုင် | .... | ၁၀ |
| ၆၀။ | ဦးစိုးတင်-ဒေါ်တင်ရွှေ၊ ကြည့်မြင်တိုင် | .... | ၁၀ |
| ၆၁။ | ဦးလှသန်း-ဒေါ်ခင်ရွှေ မိသားစု၊ အလုံ | .... | ၁၀ |
| ၆၂။ | သဘာဝဓမ္မ ဆရာသန်း မိသားစု၊ ရေတာရှည်လမ်းသစ်၊ ဗဟန်း | .... | ၁၀ |
| ၆၃။ | သဘာဝဓမ္မ ဆရာစိန်-ဒေါ်စိန်ရီ မိသားစု၊ ရေတာရှည် လမ်းဟောင်း၊ ဗဟန်း | .... | ၁၀ |
| ၆၄။ | ဒေါ်စိုးမေ နှင့် သမီး မြမြ၊ နန္ဒဝန်လမ်း၊ ဗဟန်း | .... | ၅ |
| ၆၅။ | ဒေါ်ထားရီ မိသားစု၊ နန္ဒဝန်လမ်း၊ ဗဟန်း | .... | ၅ |
| ၆၆။ | ဦးငြိမ်း-ဒေါ်သန်းတင်၊ (၁)လမ်း၊ ဗဟန်း | .... | ၅ |
| ၆၇။ | ဒေါ်မြရင်အား ရည်စူး၍ သမီးဒေါ်ရွှေ၊ (၂)လမ်း၊ ဗဟန်း | .... | ၅ |
| ၆၈။ | ဒေါ်အေးစု သား, သမီးတစု၊ ကြားတောရ၊ ဗဟန်း | .... | ၂. |
| ၆၉။ | ဒေါ်အေးအေး၊ ၁၃၀၊ ၃၄-လမ်း | .... | ၂ |


## မန္တလေးမြို့ မှ


| | | | |
|---|---|---|---|
| ၇၀။ | ဦးသြ၊ မလွန်၊ ထုံးတန်း | .... | ၃၀ |
| ၇၁။ | ဒေါ်မိမိ နှင့် မောင် ဦးတင်ဦး-ဒေါ်ဘင်အေး | .... | ၂၀ |
| ၇၂။ | ဦးစိုးမြင့်-ဒေါ်အမိ မိသားစု၊ (၃၂)လမ်း | .... | ၁၅ |
| ၇၃။ | ဒေါ်စိန်စိန် သား ကိုမောင်မောင် နှင့် တူမများ . | .... | ၁၅ |

| ဦးရေ | အမည် နှင့် နေရပ် လိပ်စာ | | အုပ်ရေ |
|---|---|---|---|
| ၇၄။ | ဒေါ်ရူပ နှင့် မောင်တင်အုန်း မောင်နှမ တစု | .... | ၁၂ |
| ၇၅။ | ဒေါ်သိန်းတင် | .... | ၁၀ |
| ၇၆။ | ဒေါ်စိတြာ, ဒေါ်သန်း နှင့် ညီမများ၊ မလွန်၊ ထုံးတန်း | .... | ၁၀ |
| ၇၇။ | ဦးလွင်၊ အရှင်ကေသဝ, မောင်လေးလွင်, ဒေါ်စောလှ, ဒေါ်တင်၊ မလွန် | .... | ၁၀ |
| ၇၈။ | ဒေါ်မြမြ မောင် ကိုထွန်းလှိုင် တူမ မတင်အောင် မိသားစု | .... | ၁၀ |
| ၇၉။ | ဦးစိန်ရ-ဒေါ်ရွှေ မိသားစု၊ ပဲလှော်ချောင်ရပ် | .... | ၁၀ |
| ၈၀။ | ဦးအောင်ကြည်-ဒေါ်သီ မိသားစု (ကြည် ပုံနှိပ်တိုက်) | .... | ၁၀ |
| ၈၁။ | ဦးဖိုးအောင်-ဒေါ်ရွှေဆက် မိသားစု | .... | ၅ |
| ၈၂။ | မောင်ထွန်းမွေး-မရဲ | .... | ၅ |
| ၈၃။ | မောင်ဖုံး, မောင်သောင်းကြည်, မောင်ကျော်သန်း, မောင်ကြယ်နီ | .... | ၅ |

## မြင်းခြံမြို့နယ် နှင့် မြို့မ

| ဦးရေ | အမည် နှင့် နေရပ် လိပ်စာ | | အုပ်ရေ |
|---|---|---|---|
| ၈၄။ | ဒေါ်စက်ရီ မိသားစု၊ ရုံးစင်ကြီး | .... | ၅၀ |
| ၈၅။ | ကျောင်းအမ ဒေါ်ပေါ် မိသားစု၊ တောင်သာမြို့ | .... | ၃၀ |
| ၈၆။ | ဒေါ်စက်ပွင့်၊ ရုံးစင်ကြီး | .... | ၁၀ |
| ၈၇။ | ဦးကြည်စိန်-ဒေါ်ပေါ်ပေါ် (၁၀)ရပ်ကွက်၊ မိတ္ထီလာလမ်း၊ မြင်းခြံ | | ၂၀ |
| ၈၈။ | ဦးပန်၊ ဇောတိက ပုံနှိပ်တိုက် (၈)ရပ်ကွက်၊ မြင်းခြံ | .... | ၁၀ |
| ၈၉။ | ဦးစံရင်-ဒေါ်ညိုဝိုင်း မိသားစု ဇမ္ဗူရာဇ်ရွှေဆိုင်၊ (၈)ရပ်ကွက်၊ မြင်းခြံ | .... | ၁၀ |
| ၉၀။ | ဦးဘသွေး-ဒေါ်သိန်းရှင်၊ (၈)ရပ်ကွက်၊ မြင်းခြံ | .... | ၁၀ |
| ၉၁။ | ဦးရီ-ဒေါ်သန်းအေး၊ ဆေးရိုးစက်ပိုင်ရှင်၊ (၉)ရပ်ကွက်၊ မြင်းခြံ | .... | ၁၀ |
| ၉၂။ | ဒေါ်ထားရှင် သား ဦးနေဝင်း-ဒေါ်ခင်ဝင်းမြင့် မိသားစု၊ မြင်းခြံ | | ၁၀ |
| ၉၃။ | ဦးရေ-ဒေါ်ညို မိသားစု၊ ဆေးရိုးစက်ပိုင်ရှင်၊ (၅)ရပ်ကွက်၊ မြင်းခြံ | | ၁၀ |
| ၉၄။ | ဒေါ်ကြည် သား ကိုဘဖေ-မအမာ၊ ကိုအေး-မစန်းရင်၊ မိသားစု (၈)ရပ်ကွက်၊ မြင်းခြံ | .... | ၁၀ |
| ၉၅။ | ဦးညီမောင် နှင့် သား သမီးများ | .... | ၂ |

| ဦးရေ | အမည် နှင့် နေရပ် လိပ်စာ | | အုပ်ရေ |
|---|---|---|---|
| | **မလှိုင်မြို့နယ်မှ** | | |
| ၉၆။ | ဥုးအာစရ၊ ချင်းယား, အနောက်ကျောင်း | .... | ၁၀ |
| ၉၇။ | ဥုးကုလိဿရ၊ ချင်းယား, ရွာသစ်ကျောင်း | .... | ၁၀ |
| ၉၈။ | ဦးညိုတုတ်-ဒေါ်သိန်းရင်၊ ချင်းယား, ရွာသစ်ကုန်း | .... | ၁၀ |
| ၉၉။ | ဦးစောမောင်-ဒေါ်ပြုံးကြည်၊ ချင်းယား, ရွာသစ်ကုန်း | .... | ၁၀ |
| ၁၀၀။ | ဦးဘိုးဟန်-ဒေါ်အေးကြည်၊ ချင်းယား, အနောက်ရွာ | .... | ၁၀ |
| | **အခြား မြို့နယ်များမှ** | | |
| ၁၀၁။ | ဆရာမကြီး ဒေါ်ခင်သိန်းအား ရည်စူး၍ ညီ, အကို မောင်,နှမ တစု၊ ပဲခူးမြို့ | .... | ၁၀၀ |
| ၁၀၂။ | ဒေါ်ကုလားမ၊ မြောင်းမြရွာ၊ သာဝတ္ထိမြို့ | .... | ၂၅ |
| ၁၀၃။ | ဦးလှဘော်-ဒေါ်မမလေး၊ ရေလယ်ရပ်၊ တံတားဦးမြို့ | .... | ၂၀ |
| ၁၀၄။ | ဒေါ်ငွေး မိသားစု၊ မဲဇလီ, အောက်စုရွာ၊ ညောင်တုန်းမြို့နယ် | .... | ၂၀ |
| ၁၀၅။ | ဦးရဲနိုင်-ဒေါ်တုတ်ခိုင်၊ လက်ပန်ရွာ၊ ဂန့်ဂေါမြို့နယ် | .... | ၂၀ |
| ၁၀၆။ | ဒေါ်ငယ် သား ဦးမောင်မောင်-ဒေါ်ခင်ညွန့် မိသားစု၊ မြို့မ၊ ပျော်ဘွယ်မြို့ | .... | ၁၀ |
| ၁၀၇။ | နိကာယ သမိတိအဖွဲ့၊ မော်လမြိုင်ကျွန်းမြို့ | .... | ၁၀ |
| ၁၀၈။ | ဒေါက်တာ ကျော်ငွေး နှင့် ဒေါက်တာ ဒေါ်ခင်ဆွေမြင့်၊ ရွှေဘိုမြို့ | | ၁၀ |
| ၁၀၉။ | ဒေါ်သောင်းကြည်၊ သဘော်လဲရပ်၊ မော်လမြိုင်မြို့ | .... | ၁၀ |
| ၁၁၀။ | ဦးစံမြင့်-ဒေါ်လှမေ မိသားစု၊ ညောင်ရွှေ | .... | ၁၀ |
| ၁၁၁။ | ဒေါ်သောင်းရီ၊ ပန်းဘဲတန်းရပ်၊ မော်လမြိုင်မြို့ | .... | ၅ |

# အမှားအမှန် ပြင်ဆင်ချက်

| မျက်နှာ | ကြောင်းရေ | အမှား | အမှန် |
|---|---|---|---|
| ၁၃ | ၁၂ | အာဏတ္တိက | အာဏတ္တိက |
| ၁၈ | ၁၃ | ပစ်ထားခဲ့ရမည် | ပစ်ထားခဲ့ရမည့် |
| ၁၉ | ၅ | သော ဂဝါ | သောဘဂဝါ |
| ၅၉ | ၁၈ | မင်းအာ | မင်းအား |
| ၈၁ | ၁၁ | နိဝရဏ | နီဝရဏ |
| ၈၃ | ၂၀ | ရှုပ တဆယ့်တဘုံ | ရှုပ တဆယ့်ခြောက်ဘုံ |
| ၈၅ | ၆ | ယာဉ်ပျံဟော်ကြီး | ယာဉ်ပျံတော်ကြီး |
| ၉၁ | ၉ | တိမတ္တိယသုတ် | ကိမတ္ထိယသုတ် |
| ၁၀၀ | ၁၅ | ထိန်ထိန်တောက်သည် | ထိန်ထိန်တောက်သည့် |
| ၁၀၉ | ၂၁ | ကတဉ္ဉုလိ | ကတဉ္စလိ |
| ၁၂၇ | ၉ | နို့နောက်ထပ် | ဒို့နောက်ထပ် |
| ၁၄၁ | ၆ | ဒါနံ | ဒါနာ |
| ၁၄၅ | ၂၇ | ယ ဆိုခဲ့ပြီး | ယခု ဆိုခဲ့ပြီး |
| ၁၄၇ | ၆ | ဆင်းရဲငယ်ထ | ဆင်းရဲတော်ထ |
| ၁၇၅ | ၉ | သကျမုနိ | သကျမုနိ |
| ၁၈၁ | ၁၆ | လေဋ္ဌိ | ကေဋ္ဌိ |
| ၁၉၂ | ၂၆ | ဥုးကေသရ | ဥုးကေတု |
| ၂၄၃ | ၁၂ | သာမည ဖသသုတ် | သာမည ဖလသုတ် |
| ၂၅၈ | ၃ | ဝိညာဉ်ကောင်း | ဝိညာဉ်ကောင် |
| ၂၆၀ | ၁၆ | ပြန့်ဆက်တို | ပြန်ဆက်လို |
| ၃၁၈ | ၁၀ | အပ်ပမာမျှ ရှိပါသည် | အပ်နီးပါး ရှိပါသည် |
| ၃၆၂ | ၂၁ | သမာဓိ | သမာဓိ |
| ၃၇၃ | ၇ | အထံယော်မှ | အထံတော်မှ |
| ၃၉၃ | ၂၃ | စပ်ဆုပ် | စက်ဆုပ် |
| ၃၉၃ | ၂၄ | သုံးဆဲ့တပါးသော | သုံးဆယ့်နှစ်ပါးသော |
| ၄၆၁ | ၁၄ | သံသုတ် ပါဋ္ဌိတော် | သံယုတ် ပါဋ္ဌိတော် |
| ၅၄၈ | ၃၀ | ဝဝိရ | ဝဇိရ |

## ကျမ်းစာဖြစ်မြောက်ရေး တာဝန်ခံများ၏ ပန်ကြားလွှာ

သဗ္ဗမင်္ဂလ ဓမ္မဒေသနာ၊ စာအုပ်ကောင်းရေး မျှော်တွေးကာသာ။

ပြုပြင်သော်ငြား လွဲမှားပါရာ၊ မေတ္တာပြု ကြည့်ရှုဖတ်ကြပါ။